ရန်ကုန်မြို့ စာအုပ်တိုက်

ဆန်းကြွန်း၊ မန်းတက္ကသိုလ်၊ ဂုဏ်ပြုဒေါက်တာဘွဲ့ ရရှိသူ

ဗော်လဂါမှ ဂင်္ဂါသို့

ဆန်းကြွန်း (မန်းတက္ကသိုလ်) နှင့် ပါရဂူ ပြန်ဆိုသည်
ဒေါက်တာအောင်ကြိုင်



From Volga To Ganges

Rahula Sankrityayana

တန်ဖိုး
၆၀၀၀ ကျပ်

အုပ်ရေ
၅၀၀ အုပ်

စတုတ္ထအကြိမ်
၂၀၁၅ ခုနှစ် ဖေဖြော်ဝါရီလ

မျက်နှာဖုံး
မျိုးမြင့်

အတွင်းပုံ
မောင်နိုး

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းထွန်း (၀၅၀၂၇)
သန်းထွန်းပုံနှိပ်တိုက်
အမှတ် ၁၀၁၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ်
ထိပ်တန်း-မင်းဇော်

စာအုပ်အကြောင်း
ပထမအကြိမ်-၁၉၄၉ ခု
လူထုသတင်းစာတိုက်
ဒုတိယအကြိမ်-၁၉၆၄ ခု ဒီဇင်ဘာလ
ချိုးဖြူစာပေ
တတိယအကြိမ်-၁၉၇၀ ခု နိုဝင်ဘာလ
သံလွင်စာပေ
စတုတ္ထအကြိမ်-၁၉၇၇ ခု သြဂုတ်လ
သိန်းထိုက်ရတနာစာပေ
ပဉ္စမအကြိမ်-၂၀၁၅ ခု ဖေဖြော်ဝါရီလ
ပန်းရွှေပြည်စာအုပ်တိုက်

* မျက်နှာဖုံးပြဿ 'စတုတ္ထအကြိမ်'ဟု
ဖော်ပြမိပါသည်။

ရာဟုလာသံကိစ္စည်း

ဗော်လဂါမှ ဂင်္ဂါသို့

ဆန်းထွန်း(မန်းတက္ကသိုလ်) နှင့်
ပါရဂူ-မြန်မာပြန်သည်။

FROM VOLGA TO GANGES
by
RAHULA SANKRITYAYANA

မာတိကာ

* မြန်မာပြန်-ဒုတိယအကြိမ် ထုတ်ဝေသူအမှာ ၅
* မြန်မာပြန်-တတိယအကြိမ် ထုတ်ဝေသူအမှာ ၇
* မြန်မာပြန်-စတုတ္ထအကြိမ် ထုတ်ဝေသူအမှာ ၈
* ရာဟုလာသံကိစ္စည်းအကြောင်း ၉
* ဆန်းထွန်း(မန်းတက္ကသိုလ်)အကြောင်း ၁၁
* ပါရဂူအကြောင်း ၁၃
* မူရင်း-အရှင်အာနန္ဒာကောသလ္လာယလန၏ထင်မြင်ချက် ၁၆
* မူရင်း-ပထမအကြိမ်ရိုက် နိဒါန်း ၂၀
* မူရင်း-ဒုတိယအကြိမ်ရိုက် နိဒါန်း ၂၁

မော်လဂါမှ ဂင်္ဂါသို့ ဝတ္ထုများ

၁။ နိသ္သာ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၂၃
၂။ ဒိဝါ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၃၉
၃။ အမတာသ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၅၇
၄။ ပုရဟူတ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၇၃
၅။ ပုရဓန - ဆန်းထွန်း(မန်းတက္ကသိုလ်) ၉၃
၆။ အံဂီရာ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၁၀၅
၇။ သုဒါသ် - ဆန်းထွန်း(မန်းတက္ကသိုလ်) ၁၂၃
၈။ ပဝါဟဏ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၁၄၃
၉။ ဗန္ဓုလမလ္လ - ပါရဂူ ၁၅၉
၁၀။ နာဂဒတ္တ - ပါရဂူ ၁၈၁
၁၁။ ပဘာ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၂၀၅
၁၂။ သုပဏ္ဏယောဓေယ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၂၃၇
၁၃။ ဒုမ္မုခ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၂၅၇
၁၄။ စက္ကပါဏိ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၂၇၅
၁၅။ ဇာဇာန္ဓရ်ဒီန် - ဆန်းထွန်း(မန်းတက္ကသိုလ်) ၂၉၃
၁၆။ ဆုယေယာ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၃၁၁
၁၇။ ရေခါဘဂတ် - ဆန်းထွန်း(မန်းတက္ကသိုလ်) ၃၂၉
၁၈။ မဂ်လသီဟ - ဆန်းထွန်း(မန်းတက္ကသိုလ်) ၃၄၉
၁၉။ ဆဖဒရ် - ဆန်းထွန်း(မန်းတက္ကသိုလ်) ၃၆၉
၂၀။ ဆုမေရ် - ဆန်းထွန်း(မန်းတက္ကသိုလ်) ၃၈၉

ပြန်မာပြန် ဒုတိယအကြိမ် ထုတ်ဝေသူ၏အမှာ

ကမ္ဘာက လေးစားရသည့် ပါရမီ အလွန်ထူးခြား ထက်မြက်လှသော အဘိဓမ္မာဆရာကြီး 'ရာဟုလာသံကိစ္စည်း'၏ 'ဗေါလဂါမ ဂင်္ဂါသို့' လှူသမိုင်း ဆိုင်ရာ ဝတ္ထုရှည်ကြီးကို ချိုးဖြူးမှ စ-ဆုံး ရိုက်နှိပ်ထုတ်ဝေလိုသည်မှာ အချိန်အတန်ပင် ကြာညောင်းခဲ့လေပြီ။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခဲ့ရပြီး၊ ယခုကဲ့သို့ ထုတ်ဝေလိုက်နိုင်ခြင်းအတွက် ဝမ်းမြောက်ပေသည်။

ယင်းသို့သော ကောင်းမြတ်လှသည့် ကမ္ဘာကျော်ဝတ္ထုကြီးကို ခေတ်သစ်သို့ ရှေးရှုလိုသူတိုင်း လေ့လာ ဖတ်ရှုအပ်လှပေသည်။

ယင်းဝတ္ထုရှည်ကြီးကို လွန်ခဲ့သော ၁၅ နှစ်လောက်က မန္တလေး 'လူထု' တိုက်မှ အရှင်ဉာဏိဿရ ယခု ဆန်းထွန်း(မန်းတက္ကသိုလ်) မြန်မာပြန်ဆို၍ ရိုက်နှိပ် ထုတ်ဝေဖူးခဲ့လေသည်။ သို့သော် ယင်းအချိန်က အခြေအနေ အရပ်ရပ်ကြောင့် စ-ဆုံး ပြန်ဆိုခြင်းမပြုဘဲ၊ ဝတ္ထုပါ အရေးကြီးသည့် ဝတ္ထု ၂ ပုဒ်ကို ထည့်သွင်းရိုက်နှိပ်ခြင်း မပြုဘဲ ချန်လှပ်ထားခဲ့၏။

ကျွန်တော်တို့ကဲ့သို့ ၁၉၄၇-၄၈ ခုလောက်က အင်္ဂလိပ်ဘာသာပြန် ယင်းဝတ္ထုရှည်ကြီးကို ဖတ်ရှုလေ့လာပြီး သဘောကျနေကြသူများအဖို့ အားမလို အားမရဖြစ်ပြီး စ-ဆုံး ရိုက်နှိပ်လိုသောဆန္ဒ အလွန် ပြင်းပြခဲ့ရလေသည်။ သို့သော် အခြေအနေအရပ်ရပ်ကို သုံးသပ်၍ ဤမျှ ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သော လူထုတိုက်ကိုပင် ကျေးဇူးအထူး တင်ခဲ့ကြရပေသည်။

ကျွန်တော်တို့၏ဆန္ဒကို မကြာမီ စာရေးဆရာ 'ပါရဂူ'က ကျွန်ုပ်နေသော 'ဗန္ဓုလမလ္လ'နှင့် 'နာဂဒတ္တ' ဝတ္ထု ၂ ပုဒ်*ကို မြန်မာပြန်၍ သီးခြားစာအုပ်ငယ်အဖြစ် ရိုက်နှိပ် ထုတ်ဝေဖြည့်စွက်ခဲ့ပါသည်။ သို့သော် တိုင်းပြည်စာရှုသူ အပေါင်းတို့လက်တွင်းသို့ အရောက်အပေါက် နည်းလှပါသည်။

ဤမျှ ကောင်းမွန်ထူးခြား ပြောင်မြောက်လှသောဝတ္ထုကြီးကို တိုင်းပြည် အနှံ့ မဖြန့်နိုင်ခဲ့ခြင်းကို 'ချိုးဖြူးမှ ပုံ့နှံ့အောင်လုပ်မည်။'-ဟု ရည်ရွယ် ဆန္ဒပြုခဲ့ကြပါသည်။

ယင်းရည်ရွယ်ချက်ကို စာရေးဆရာ ဆန်းထွန်း(မန်းတက္ကသိုလ်)နှင့် ပါရဂူတို့၏ ခွင့်ပြုချက်ယူ၍ ထုတ်ဝေ ဖြန့်ချိလိုက်နိုင်ပေပြီ။

* တတိယအကြိမ် ထုတ်ဝေသူအမှာ၌မူ 'ဝတ္ထု ၄ ပုဒ်'-ဟု ဆိုထားပါသည်။ ဝတ္ထုတစ်ပုဒ်ချင်း အမည်များ မပါပါ။

ဤမျှကောင်းမွန်လှသော လူသမိုင်းဆိုင်ရာ ဝတ္ထုရှည်ကောင်းကြီးမျိုးသည် 'ကမ္ဘာပေါ်၌ အလွန်ရှားပါးလှကြောင်း၊ ဂန္ဓဝင်မြောက်လှကြောင်း'ကို ကမ္ဘာ့ပညာကျော်များက ချီးကျူးကြရ၏။

ကားလ်မာ့က်စ်, အိန်ဂျယ်စသည့် ကမ္ဘာကျော် အလုပ်သမားလူတန်းစား ခေါင်းဆောင် အဘိဓမ္မာဆရာကြီးတို့သည် ကျော်ကြားလှသော နိုင်ငံရေးဓနဗေဒ, အရင်းကျမ်း, အိမ်ထောင်မှုမူလအစ-စသည့် နိုင်ငံရေးကျမ်းများကို ရေးသား၍ အထူးကျော်ကြားခဲ့ကြပါ၏။

ယင်းနိုင်ငံရေးကျမ်းများပါ အနှစ်သာရများကို လူသားဇာတ်ကောင်များဖြင့် ဇာတ်အိမ်ဖွဲ့ကာ ပြောင်မြောက်ကောင်းမွန်လှသော စာပေအရေးအသားဖြင့် သရုပ်ဖော်နိုင်စွမ်းသော ယင်းဝတ္ထုကြီး၏ မူရင်းစာရေးဆရာကြီး 'ဂဟုလာသံကိစ္စည်း'သည် သူမတူသည့် ပါရမီရှင်၊ ထူးခြားလှသောပုဂ္ဂိုလ်ကြီး ဖြစ်ကြောင်း စာရှုသူတို့ ယင်းစာအုပ်ကြီးကို လေ့လာဖတ်ရှုပြီး သိရှိကြမည်ဆိုလျှင် ချီးဖြူက ကျေနပ် နှစ်သိမ့်လှပါပေပြီ။ ။

ချီးဖြူ

မြန်မာပြန် တတိယအကြိမ် ထုတ်ဝေသူ၏အမှာ

ရာဟုလာသံကိစ္စည်း၏ 'ဗော်လဂါမှ ဂင်္ဂါသို့' သည် ရာဟုလာသံကိစ္စည်းရေးသားပြုစုခဲ့သည့် စာအုပ်များအနက် အကောင်းဆုံးလက်ရာ ဖြစ်သည်။ -ဟု စာပေပညာရှင်များက သတ်မှတ် ဆုံးဖြတ်ကြသည်။ ယင်းစာအုပ်သည် ကမ္ဘာ့ သမိုင်းကို ဆိုရှယ်လစ်အမြင်ဖြင့် ကြည့်ရှုသုံးသပ်ပြီးလျှင်၊ ရေးဟန်ရေးနည်း အသစ်ဖြစ်သည့် ဝတ္ထုတိုပုံစံဖြင့် ရေးသားတင်ပြထားသည့် 'ကမ္ဘာ့သမိုင်းသစ်' စာအုပ်ဖြစ်သည်။ 'ဗော်လဂါမှ ဂင်္ဂါသို့'၌ ပါရှိသည့် ဝတ္ထုတိုတစ်ပုဒ်စီ-တစ်ပုဒ်စီသည် ရသမြောက်သည့်ဝတ္ထုတစ်ပုဒ် ဖြစ်သကဲ့သို့ပင်၊ ခေတ်တစ်ခေတ်ကို ဖော်ပြထားသည့် ကမ္ဘာ့သမိုင်း၏ ကဏ္ဍတစ်ခုလည်း ဖြစ်သည်။ သို့ဖြစ်၍ 'ဗော်လဂါမှ ဂင်္ဂါသို့' တစ်အုပ်လုံးကို ဖတ်ရသည့်အခါ၌ ဝတ္ထုကောင်းတစ်ပုဒ် ဖတ်ရသကဲ့သို့ပင်၊ ကမ္ဘာ့သမိုင်းကျမ်းကောင်း တစ်ကျမ်းကို ဖတ်ရသည်နှင့်လည်း မခြားပေ။

သို့ဖြစ်၍ 'ဗော်လဂါမှ ဂင်္ဂါသို့'ထွက်လာသည်နှင့် တစ်ပြိုင်နက် ပညာရှင်များ၏ ချီးကျူးလေးစားခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ခံယူရရှိခဲ့ပေသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် 'ဘိက္ခုကောသလ္လာယန' ရေးသားထားသည့် နိဒါန်းအတိုင်း 'ဗော်လဂါမှ ဂင်္ဂါသို့'၏ ထက်မြက်ဆန်းသစ်သော အတွေးအခေါ်များကြောင့် ခေတ်နောက်ပြန် ဆွဲလိုသူတို့၏ ဝေဖန်ပြစ်တင်ခြင်းကိုလည်း ခံရပေသည်။ ယင်း ဝေဖန်ပြစ်တင်ချက်များသည် အမှန်စင်စစ် 'ဗော်လဂါမှ ဂင်္ဂါသို့'အတွက် သြဘာလက်ခုပ်သံများပင် ဖြစ်ပေသည်။

မူလ ဟိန္ဒီဘာသာဖြင့် ထုတ်ဝေပြီးနောက် 'ဗော်လဂါမှ ဂင်္ဂါသို့'သည် ထူးထူးခြားခြား အောင်မြင်မှု ရရှိခဲ့လေ၏။ သို့ဖြစ်၍ အင်္ဂလိပ်ဘာသာ စသော ဘာသာခြားစာပေများဖြင့်လည်း ဘာသာပြန်ဆို ထုတ်ဝေကြလေသည်။ မြန်မာဘာသာဖြင့် အရှင်ဉာဏိဿရ(ဦးဆန်းထွန်း)က ပြန်ဆိုပြီး လူထုသတင်းစာမှ ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

ထို့နောက်တွင် ပထမဘာသာပြန်ချက်တွင် ကြွင်းကျန်ခဲ့သည့် ဝတ္ထု ၄ ပုဒ်*ကို ပါရဂူက ဘာသာပြန်ပြီး ထပ်မံ ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ ယင်း ၂ ရပ်ကို ပေါင်းပြီးလျှင် ယခုစာအုပ်၌ အပြည့်အစုံ ပုံနှိပ်ထုတ်ဝေထားပါသည်။

ယခုအကြိမ် ပုံနှိပ်ထုတ်ဝေရာ၌ စာအုပ်ကို သေသေသပ်သပ် စိတ်တိုင်းကျ ပုံနှိပ် ထုတ်ဝေနိုင်ခဲ့ပါသည်။ 'ဗော်လဂါမှ ဂင်္ဂါသို့'ကဲ့သို့သော ကမ္ဘာ့စာဝင်ပေဝင် စာအုပ်မျိုးကို ယခုကဲ့သို့ စိတ်တိုင်းကျ သေသေသပ်သပ် ထုတ်ဝေနိုင်သဖြင့် 'သံလွင်စာပေ'အနေဖြင့် ဂုဏ်ယူကြောင်း ဖော်ပြပါသည်။

သံလွင်စာပေ

ပြန်မာပြန် စတုတ္ထအကြိမ် ထုတ်ဝေသူ၏အမှာ

'ဗော်လဂါမှ ဂင်္ဂါသို့' စာအုပ် တတိယအကြိမ်ထုတ်ကို ၁၉၇၀ ခုနှစ် ထုတ်ဝေစဉ်ကပင် ဝယ်ဖတ်ရှုခဲ့ပါသည်။ စာအုပ်အဖုံးပုံကို ပေါဦးသက် ရေးဆွဲထားသည်။ တစ်ခါဖတ်ပြီး စာအုပ်ပုံများကြား မေ့မေ့ပျောက်ပျောက် ထားခဲ့မိသည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က ပြန်ထုတ်ဝေချင်၍ ရှာကြည့်သောအခါ စာအုပ်ဗိုက်သား ကြွက်ကိုက်ခံထားရသည်။ အဖုံးလည်း စုတ်ပြဲပြုတ်သွားလေပြီ။ စာသားများကား မပါသေး၍ ကဲ့ကောင်းသည်။ ပလပ်စတစ်အိတ်ထဲ ထည့်ကာ ထားလိုက်ရသည်။

ထုတ်ဝေဖို့ရာ စာမူရှင် ဆရာ ဦးဆန်းထွန်းကိုလည်း အထူးအာရုံစိုက်ကာ အဆက်အသွယ် မရှာမိသေး။ လွန်ခဲ့သော ၁ နှစ်ကျော်ကမှ အဆက်အသွယ် ရှာကြည့်သည်။ ဟိုမေးသည်မေး မေးသမျှလည်း မသေချာ မရေရာခဲ့။

လွန်ခဲ့သော ၃ လခန့်ကမှ ဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်က ဖုန်းဆက်ပြီး၊ 'ဆရာဦးဆန်းထွန်းစာအုပ်များ ထုတ်ပေးနိုင်မလား။' -ဟု မေးလာသည်။ ဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်ကား အသက်အရွယ်ကြီးသော်လည်း စိတ်မြန်သူပီပီ ချက်ချင်းကြီးကို ရောက်ချလာပါတော့သည်။ ကျွန်တော်လည်း ဘာပြောကောင်းတော့မလဲ။ ချက်ချင်းပင် လိုလားစွာ သဘောတူခဲ့သည်ပါ့။

ရက်မကြာလှ ဆရာဦးဆန်းထွန်း၏သမက် ဦးမောင်မောင်အုန်းလည်း ရောက်လာ ပါသည်။ '၂၀၁၅ ခုတွင် ဆရာကြီးဦးဆန်းထွန်း ရာပြည့်ပွဲအမီ စာအုပ်များ ပြန်ထုတ်လိုက်ကြောင်း' ပြောရာ၊ ကျွန်တော် အာမဘန္တေ ခံလိုက်သည်။ သို့သော် ကျွန်တော့်တွင် ဗော်လဂါမှ ဂင်္ဂါသို့' တစ်အုပ်သာ ရှိသည်။ 'ရှာပေးမည်။' ဟု ဦးမောင်မောင်အုန်းက တာဝန်ယူသွားသည်။ ကျွန်တော်လည်း နောက်နေ့၌ 'ဗော်လဂါမှ ဂင်္ဂါသို့' ကို ကွန်ပျူတာစာစီဖို့ အပ်ရတော့သည်။

အတွင်းပုံများကို ပန်းချီဆရာ မောင်နိုးကို အပ်ရသည်။ မျက်နှာဖုံးကား ပန်းချီမျိုးမြင့်။ ဒုတိယအကြိမ်ထုတ် စာအုပ်ကိုလည်း ဦးအေးချို(မဟာဝိဇ္ဇာ)ထံမှ ငှားကာ တိုက်ဆိုင်ကြည့်ရဖြန်သည်။ ရာဟုလာသံကိစ္စညီးအကြောင်း၊ ဆရာဆန်းထွန်း(မန်းတက္ကသိုလ်)အကြောင်း၊ ဆရာပါရဂူအကြောင်းများကို စာဖတ်သူတို့အား မိတ်ဆက်တင်ပြလိုပါသဖြင့် မြင့်ဆွေဦး(တင်ဆွေမိုး)အား အကူအညီ တောင်းရပါသည်။ 'စာဆိုတော်များအတ္ထုပ္ပတ္တိ' -မောင်သုတ၊ မြန်မာ့စွယ်စုံကျမ်း၊ 'မြန်မာစာရေးဆရာ ၁၀၀' -ရာပြည့်ဦးစိုးညွှန့်၊ ဆရာပါရဂူ ဈာပနအခမ်းအနား၌ ဝေငှသော အတ္ထုပ္ပတ္တိစာ၊ အင်တာနက် စာမျက်နှာများ ပေါ်က စာများကို ကိုးကားမှီငြမ်းပြုကာ ဖြည့်စွက်ထားပါသည်။

ယခု စတုတ္ထအကြိမ် ထုတ်ဝေရာ၌ ရှေးရှေးက ထုတ်ဝေပြီးမူများနှင့် ညီကာ ယနေ့ မြန်မာစာ ရေးထုံးသတ်ပုံများနှင့် ပြင်သင့်သလောက် ဆိုရုံမျှ လေးများကိုသာ ပြင်ထားပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်း ကူညီပံ့ပိုးသူများအား အထူး ကျေးဇူးတင်ရှိပါသည်။

မူရင်းစာရေးသူနှင့်တကွ မြန်မာပြန်ဆိုကြသော ဆရာကြီးများသည်လည်း ကောင်းရာဘုံဌာနမှ သာဓု ခေါ်နိုင်ပါစေသော်။

အားလုံးသို့ ကောင်းသော ချစ်ခြင်းများနှင့်

ကိုရွှေသိမ်းမင်း
ပန်းရွေပြည်စာအုပ်တိုက်

ရာဟုလာသံကီစွည်း
ခရစ်နှစ် ၁၉ -၁၉၆၃

'ရာဟုလာသံကီစွည်း' အမည်ဖြင့် ထင်ရှားသူ 'လေဒရာနယ်ပင်ဒေ' အား ဥတ္တရာပရာဒ္ဒေရှ်-အဇာမာဂရာဂျ်တွင် ၁၈၉၃ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် မွေးဖွားခဲ့သည်။

ဗြဟ္မဏမျိုးနွယ်ဝင် ဖြစ်သည်။

ဖခင်ဖြစ်သူမှာ လယ်သမားတစ်ယောက်ဖြစ်သည်။

ရာဟုလာသံကီစွည်းသည် ၈ တန်းအထိသာ သင်ယူခဲ့ဖူးသည်။ ထိုမျှ အထိသာ ပုံမှန်ပညာရေးကို သင်ယူခဲ့ရသော်လည်း မိမိဘာသာ ဆက်လက် ပညာဆည်းပူးခဲ့သည်။ ခရီးအနှံ့အပြားသွားလာပြီး ပညာဗဟုသုတ ရှာမှီးခဲ့ဖူး သည်။

မိဘ ၂ ပါးကွယ်လွန်သည့်အခါ အဖွားဖြစ်သူနှင့် နေထိုင်ကြီးပြင်းလာခဲ့ ရသည်။ ထိုအချိန်တွင် ရာဟုလာသံကီစွည်းသည် အိမ်မှထွက်ပြေးပြီး၊ အပြင် လောကမှာ ပညာရှာမှီး လေ့လာခဲ့သည်။ အိန္ဒိယနိုင်ငံအနှံ့ သွားလာ၍ ဘုရားကျောင်းများ၌ အလှူခံကာ စားသောက်နေထိုင်ခဲ့လေသည်။

ဂျာလီယန်ဝါလာအရေးအခင်းကြောင့် ပျိုးချစ်စိတ်ဓာတ် ကိန်းကောင်း လာခဲ့ပြီး၊ အိန္ဒိယလွတ်လပ်ရေးလှုပ်ရှားမှုတွင် ပါဝင်လာခဲ့သည်။ ထို့ကြောင့် သူဘဝတွင် နိုင်ငံရေးကြောင့် ထောင် ၃ ကြိမ် ကျခဲ့သည်။

နီပေါလ်, သီရိလင်္ကာ, တိဘက်, တရုတ်, အီရန်, ဆိုဗီယက်ယူနီယံ တို့သို့ သွားရောက်ခဲ့လေသည်။ ရောက်ရှိခဲ့သော နေရာဒေသများမှ ရှေးဟောင်း ပစ္စည်းများကို ရှာဖွေစုဆောင်းခဲ့သည်။ သူ စုဆောင်းရှာဖွေခဲ့သော ရှေးဟောင်း ပစ္စည်းများကို ပတ္တနာပြတိုက်တွင် သီးသန့်ပြခန်းတစ်ခု စီစဉ်ပြသ ထားလေသည်။

ရာဟုလာသံကီစွည်းသည် အသက် ၂၀အရွယ်ကပင် စာ စတင်ရေးသား ခဲ့သည်။ စာအုပ်ပေါင်း ၁၅၀ ကျော် ရေးသားခဲ့ပြီး အကြောင်းအရာမျိုးစုံပါဝင် လေသည်။ လူမှုရေး, သမိုင်း, အယူဝါဒရေး, အတွေးအခေါ်, ဗုဒ္ဓဘာသာ, သိပ္ပံပညာရပ်များအကြောင်း ရေးသားခဲ့သည်။ နိုင်ငံရေး, တိဘက်နိုင်ငံ အကြောင်း, အဘိဓာန်, အတ္ထုပ္ပတ္တိ, ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများကို ဘာသာ စကား ၅ မျိုးဖြင့် ရေးသားခဲ့သည်။ ဟင်ဒီ, သက္ကတ, ဘိုရာပူရီ, ပါဠိ, တိဘက်ဘာသာတို့ဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။

'မေါလဂါမှ ဂင်္ဂါသို့' စာအုပ်မှာ ရာဟုလာသံကီစွည်း၏ အကျော်ကြား ဆုံးနှင့် အထင်ရှားဆုံးစာအုပ် ဖြစ်သည်။

၁၉၄၄ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပြီး ခေတ်သစ်အိန္ဒိယစာပေလောက တွင် 'အကောင်းဆုံး စာပေလက်ရာ' အဖြစ် အသိအမှတ်ပြုခံရသည်။ ကမ္ဘာ့ ဘာသာပေါင်းစုံဖြင့် ဘာသာပြန်ဆိုခဲ့သည်။ ယခုအခါ အိန္ဒိယစာပေလောက

တွင် ဂန္ဓဝင်စာအုပ်အဖြစ် ထင်ရှားလေသည်။ အင်ဒိုဥရောပလူမျိုးစုတို့အကြောင်းကို ဝတ္ထုတိုအပုဒ် ၂၀ ဖြင့် သရုပ် ဖော်ခဲ့ခြင်းဖြစ်သည်။ အချိန်ကာလအားဖြင့် ၆၀၀၀ ဘီစီကျော်မှ စတင်၍ တင်ဆက်ခဲ့ပြီး၊ ၁၉၄၂ ခုနှစ်တွင် အဆုံးသတ်ထားသည်။ နေရာဒေသအားဖြင့် မော်လဂါမြစ်ကမ်းမှ စတင်ခဲ့ကာ ဂင်္ဂါမြစ်တွင် ဇာတ်လမ်း အဆုံးသတ်ထားသည်။

ပထမဆုံးဝတ္ထုမှ 'နိဿာ'ဖြစ်ပြီး၊ ၆၀၀၀ ဘီစီကျော်က ကော့ကေးရှပ်မှ ဂူအောင်း လူသားတစ်ဦးအကြောင်း ဖြစ်သည်။ နောက်ဆုံးဝတ္ထုမှာ 'ဆုမေရ်' ဖြစ်သည်။ ၁၉၄၂ ခုနှစ် ဂျပန်ကို တိုက်ခိုက်တိုက်ပွဲဝင်ခဲ့သူတစ်ဦးဖြစ်သည်။ ဆိုဗီယက် ယူနီယံကို ထောက်ခံထားပြီး လူသားမျိုးနွယ်အတွက် တစ်ခုတည်း ထွက်မြောက်ရာလမ်းဟု ယုံကြည်သူတစ်ယောက်အကြောင်း ဖြစ်သည်။

ရာဟုလာသံကိစ္စည်းသည် ငယ်စဉ်ကပင် အိမ်ထောင်ပြုခဲ့သော်လည်း၊ နောက်ပိုင်းတွင် ငယ်စဉ်က အိမ်ထောင်ပြုခဲ့သူ ဇနီးသည်ကို သိပင် မသိတော့ပေ။

ဆိုဗီယက်ယူနီယံ လီနင်ဂရက်တက္ကသိုလ်တွင် ဗုဒ္ဓစာပေများ သင်ကြားရန် ရောက်ရှိသွားခဲ့ပြီး မွန်ဂိုလီယားစာပေပညာရှင် 'ကိုဇီဂိုဗာ စကာယာ' ခေါ် 'လိုလာ'နှင့် တွေ့ဆုံပြီး ဒုတိယအကြိမ် လက်ထပ်ပေါင်းသင်းခဲ့သည်။ 'အိုင်ဂေါ' အမည်ရှိ သားတစ်ယောက် ထွန်းကားခဲ့သည်။

လီနင်ဂရက်တက္ကသိုလ်တွင် ဗုဒ္ဓစာပေသင်ကြားမှုကို ပြီးဆုံးသွားသည့် အခါ အိန္ဒိယသို့ ပြန်လာခဲ့သည်။ သို့သော် ဇနီးသည်နှင့် ကလေးတို့မှာ အိန္ဒိယနိုင်ငံ သွားရောက်ခွင့်မရှိသဖြင့် လိုက်ပါလာခဲ့ခြင်း မရှိပေ။

ထို့ကြောင့် ရာဟုလာသံကိစ္စည်းသည် အိန္ဒိယတွင် နီပေါသူတစ်ဦးနှင့် လက်ထပ်ပေါင်းသင်းခဲ့ပြီး 'ဂျာရာ'အမည်ရှိ သမီးတစ်ယောက်, 'ဂျေတာ' အမည်ရှိ သားတစ်ယောက် ထွန်းကားခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ဆာဟိက အကယ်ဒမီဆုကို Madhya Asia Ka Itihaas ဖြင့် ရရှိခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် Padmabushan Award ကို ဆုချီးမြှင့်ခြင်း ခံရသည်။

သီရိလင်္ကာနိုင်ငံတက္ကသိုလ်တွင် စာပေသင်ကြားပေးနေစဉ် ဆီးချို, သွေးတိုးရောဂါများကြောင့် လေဖြတ်ရောဂါ ခံစားခဲ့ရသည်။ ထိုအချိန်မှစ၍ ကျန်းမာရေးချို့ယွင်းလာခဲ့ပြီး၊ ၁၉၆၃ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် ဒါဂျီလင်၌ ကွယ်လွန်ခဲ့သည်။

ရာဟုလာသံကိစ္စည်းအား ဂုဏ်ပြု၍ စာပေဆုများကို အိန္ဒိယအစိုးရက နှစ်စဉ် ချီးမြှင့်လေ့ရှိသည်။

တစ်ဆုမှာ 'ရာဟုလာသံကိစ္စည်း အမျိုးသားစာပေဆု'ဖြစ်သည်။ ခရီးသွားစာပေအမျိုးအစားထဲမှ ရွေးချယ်ချီးမြှင့်ခြင်း ဖြစ်သည်။

နောက်တစ်ဆုမှာ 'မဟာပန်ဒစ် ရာဟုလာသံကိစ္စည်းဆု'ဖြစ်သည်။ ခရီးသွားစာပေနှင့် သုတေသန ရှာဖွေဖော်ထုတ်ချက်များကို ဟင်ဒီဘာသာဖြင့် တင်ပြမှုများမှ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။

စုစည်းတင်ပြသူ-မြင့်ဆွေဦး

ဆန်းထွန်း-မန်းတက္ကသိုလ်
ဓရုစ်နှစ် ၁၉၁၅-၁၉၈၉

အမည်ရင်း 'ဦးဆန်းထွန်း' ဖြစ်သည်။

ဧရာဝတီတိုင်း ဟသံတမြို့နယ် သန်္ဃသနှော်ရွာအနီးရှိ ကျုံကဒူးရွာ၌ ၁၉၁၅ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် အဖ ဦးဘိုးထွန်း, အမိ ဒေါ်မြခင်တို့က မွေးဖွားသည်။ မွေးချင်း ၄ ယောက်တွင် အကြီးဆုံးဖြစ်ပြီး၊ ငယ်မည် 'မောင်ပုလေး'ဖြစ်သည်။

သန်္ဃသနှော်ရွာ မူလတန်းကျောင်း၌ ပညာစတင်သင်ကြားခဲ့ရာ၊ သတ္တမတန်းအရောက်တွင် ဘုန်းတော်ကြီးကျောင်းသို့ ပြောင်း၍ သဒ္ဒါ, သင်္ကြိယာ်စသော လောကုတ္တရာစာပေများကို သင်ကြားခဲ့သည်။

ထို့နောက် ၁၉၂၈ ခုနှစ်တွင် 'ရှင်ဇနိန္ဒ'ဟူသောဘွဲ့အမည်ဖြင့် ရွာဦးကျောင်းဆရာတော်ထံတွင် သာမဏေပြုသည်။

၁၉၃၅ ခုနှစ်တွင် အင်္ဂါပူမြို့ ရွှေဘုံသာကျောင်း၌ ပဉ္စင်းခံရာဘွဲ့မည် 'ရှင်ဉာဏိဿရ'ဖြစ်သည်။ ထို့နောက် ပထမပြန်ဆရာတော် ရှင်တေဇောသာရ (ဆရာကြီး ဒဂုန်ဦးထွန်းမြင့်-ကွယ်လွန်)ထံတွင် လောကုတ္တရာစာပေများကို ဆက်လက်သင်ကြားခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ပထမကြီးတန်းကို အောင်ခဲ့သည်။ ကြီးပွားရေး မဂ္ဂဇင်း၌ ကဗျာများ, စာများ စရေးသားခဲ့သည်။ 'သေချိန်တန်သေ'မှာ ပထမဆုံး ပုံနှိပ်စာဖြစ်သည်။

၁၉၃၇ ခုနှစ်တွင် မန္တလေးသို့ရောက်ရှိခဲ့ပြီး၊ ဟံသာဝတီဆရာတော်, ခင်မကန်တိုက်သူဌေးဆရာတော်, ဘုရားကြီးတိုက်ဆရာတော် ဦးဥေးယျ၊ ရွှေရေးဆောင်တိုက်နှင့် မိုးကောင်းကင်တိုက်စာချဆရာတော် ဦးပညာတို့ထံ ပါဠိဘာသာနှင့် ဗုဒ္ဓဘာသာစာပေများကို သင်ကြားဆည်းပူးခဲ့သည်။ မြန်မာစာပေကိုလည်း လေ့လာလိုက်စားခဲ့သည်။

ဦးဆန်းထွန်းသည် သန်လျင်ဘီအိုစီ ဓာတုဗေဒဆရာကြီး ဦးမောင်မောင်ထံတွင်လည်း အင်္ဂလိပ်စာ သင်ခဲ့သေးသည်။ ထို့ပြင် ဂျပန်ခေတ်တွင် ဦးသောမဒတ္တ (မြန်မာစာအဖွဲ့ဝင် စာရေးဆရာကြီး ဦးသော်ဇင်)ထံ၌လည်း ဟိန္ဒီ, ဘင်္ဂါလီနှင့် သက္ကတဘာသာတို့ကို လေ့လာဆည်းပူးခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် ရွှေပြည်တော်သတင်းစာ၌ အရှင်ဉာဏိဿရ (ကာဝိယဝါစီ)အမည်ဖြင့် ကဗျာများကို အပတ်စဉ်ရေးသားခဲ့သည်။ ထိုအချိန်တွင် ရန်ကုန်မြို့ မင်္ဂလာရာမတိုက်၌ စာချဘုန်းကြီးအဖြစ် ဆောင်ရွက်လျက်ရှိပြီး၊ အရှင်အာဒိစ္စဝံသ (ဦးအောင်မြတ်ထွတ်)ထံတွင် နိကာယ် ၅ ရပ်, ပိဋကတ် ၃ ပုံကို သင်ယူခဲ့ပြန်သည်။

၁၉၄၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ စန္ဒိန်ကေတန်သက္ကသိုလ်၌ ၂ နှစ် ပညာသင်သည်။ ထို့နောက် မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီး၊ ၁၉၅၁ ခုနှစ်တွင် လူဝတ်လဲသည်။

လူထုဂျာနယ်၌ အယ်ဒီတာ အဖြစ် ၂ နှစ်ခန့် လုပ်ကိုင်သည်။ ထိုဂျာနယ်တွင် နိုင်ငံရေးဆိုင်ရာ ဆောင်းပါး များ ရေးသားခဲ့သည်။

ဦးဆန်းထွန်းသည် ၁၉၅၃ ခုနှစ်တွင် ဒေါ်မမကြီးနှင့် အိမ်ထောင်ပြုခဲ့ သည်။ ထို့နောက် မန္တလေးတက္ကသိုလ် မြန်မာစာဌာန၌ နည်းပြဆရာအဖြစ် စတင်အမှုထမ်းသည်။ ထိုအချိန်တွင် ဆန်းထွန်း(မန်းတက္ကသိုလ်)အမည်နှင့် မဂ္ဂဇင်း, ဂျာနယ်များတွင် ကဗျာ,ဆောင်းပါးများကို ရေးသားသည်။

၁၉၅၇ ခုနှစ်တွင် ဦးဆန်းထွန်းသည် မြန်မာစာလက်ထောက်ကထိက ဖြစ်လာခဲ့ပြီး၊ ၁၉၇၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ် မြန်မာစာဌာန လက်ထောက် ကထိကအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

၁၉၈၃ ခုနှစ်တွင် မြန်မာစာအဖွဲ့တွင် အချိန်ပြည့် မြန်မာစာအဖွဲ့ဝင်ဖြစ် ခဲ့ပြီး၊ ကွယ်လွန်ချိန်ထိ တမ်းဆောင်ခဲ့သည်။

ပထမဆုံးလုံးချင်းစာအုပ်မှာ 'နွားနှင့် စပါး'ဖြစ်ပြီး၊ ၁၉၄၇ ခုနှစ်တွင် ရဟန်းဘွဲ့ဖြင့် ရေးသားခဲ့သော 'ဉာဏ်သရုပ်တံ'စာအုပ်ကိုလည်း 'မြင့်ဆွေနီတိ' နှင့်တွဲလျက် ထုတ်ဝေခဲ့သည်။

ရာဟုလာသံကိစ္စည်း၏ 'ဗော်လဂါမှ ဂင်္ဂါသို့'စာအုပ်မှ ဝတ္ထု ၁၈ ပုဒ်ကို ဘာသာပြန်၍ 'ဗော်လဂါမှ ဂင်္ဂါသို့'အမည်ဖြင့် ရေးသားထုတ်ဝေခဲ့ သေးသည်။

၁၉၅၈ ခုနှစ်တွင် ဗုဒ္ဓအမြင်, သီရိမင်္ဂလာစာတမ်း, ကဝိလက္ခဏ ဝိသောခနီ-စာအုပ်များကို ထုတ်ဝေခဲ့သည်။

၁၉၆၇ ခုနှစ်ထုတ် စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများကို စုပေါင်းကာ 'စာပေဘဏ်'စာအုပ်ကိုထုတ်သည်။

၁၉၆၈ ခုနှစ်အတွင်း ရှေ့သို့ ဂျာနယ်များတွင် ရေးသားခဲ့သောဝတ္ထုတို များမှ အချို့ကို စုပေါင်း၍ 'ရှေ့သို့' စာအုပ်ကို ထုတ်ခဲ့သည်။

လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် တနင်္ဂနွေနေ့တိုင်း ပါရှိသော ယဉ်ကျေးမှုအနုပညာကဏ္ဍ၌ မြန်မာစာပေဆိုင်ရာ ဆောင်းပါးများကို ရေးသား ခဲ့သည်။

ဦးဆန်းထွန်းသည် အင်္ဂလိပ်, ပါဠိ, သက္ကတ, ဟိန္ဒီ, ဘင်္ဂါလီဘာသာ များကို တတ်ကျွမ်းသူဖြစ်သည်။

လုံမလေးမဂ္ဂဇင်းတွင် သူဘဝသူအကြောင်း ကဏ္ဍဖွင့်၍ ပင်ကိုရေး အတ္ထုပ္ပတ္တိကို အခန်းဆက် ရေးသားခဲ့ရာ ကွယ်လွန်ချိန်အထိ ဖြစ်သည်။

ဦးဆန်းထွန်းသည် ၁၉၈၉ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ပါရဂူ
ခရစ်နှစ် ၁၉၂၁-၂၀၀၁

အမည်ရင်းမှာ 'ဦးလှကြိုင်' ဖြစ်သည်။

ဟင်္သာတခရိုင် သန်းသာကျေးရွာ၌ အဖ ဦးဘစော(စက်ချုပ်)၊ အမိ ဒေါ်ခင်မေတုတ်တို့မှ ၁၉၂၁ ခု နိုဝင်ဘာ ၁၀ ရက် ကြာသပတေးနေ့တွင် မွေးဖွားခဲ့သည်။ သန်းသာရွာ မူလတန်းကျောင်း၌ စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သည်။ သက်နိုင်းဝတ်ချင်လွန်း၍ စာမေးပွဲမဖြေခဲ့။ ၁၁ နှစ်သားတွင် ကိုရင် ဝတ်ခဲ့သည်။ ကိုရင်ဝတ်နှင့် လောကုတ္တရာစာပေကို စသင်ဖြစ်သည်။

ကိုရင်ဘွဲ့အမည်မှာ 'ရှင်ပုဏ္ဏရိက'ဖြစ်သည်။

၁၄ နှစ်အရွယ်တွင် ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းတိုက်၌ ပညာဆက်သင်သည်။ 'ရှင်ပုဏ္ဏရိက'ဘွဲ့အမည်မှ 'ရှင်ပါရဂူ'ဘွဲ့ပြောင်းသည်။

မြစ်ကွေ့ကျောင်းပဓာနဆရာတော် ဦးပညာဝံသသည် အမှတ်အသားအစုအဆောင်း အလွန်ကောင်းသည်။ ထိုဆရာတော်မျိုးထံတွင် ရှင်ပါရဂူသည် သဒ္ဒါ,သင်္ဂြိဟ်မှစ၍ သင်ကြားခဲ့သည်။ နောက် ရှင်တေဇောသာရ (ဒဂုန်ဦးထွန်းမြင့်)က စာချပေးခဲ့သည်။ နောက်ပိုင်း ရှင်တေဇောသာရက လဟာရက်ရွာသို့ ပြောင်းရာ၊ ရှင်ပါရဂူလည်း လိုက်ပြောင်းခဲ့သည်။ ရှင်ဉာဏီသာရ (ဦးဆန်းထွန်း၊ ဆန်းထွန်း-မန်းတက္ကသိုလ်)လည်း အတူပါသည်။

၁၅ နှစ်အရွယ်တွင် သန်လျင်မြို့နယ် လဟာရက်ရွာ ပထမပြန်စာသင်တိုက်မှ အိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း အောင်မြင်သည်။

၁၆ နှစ်တွင် ပထမလတ်တန်း၊ ၁၇ နှစ်ရွယ်တွင် ပထမကြီးတန်းတို့ကို အောင် မြင်သည်။ ထိုနှစ်က ဟံသာဝတီတစ်ခရိုင်လုံး ပထမကြီး ၂ ပါးတည်း အောင် မြင်ရာ၊ တစ်ပါးမှာ ရှင်ပါရဂူ ဖြစ်သည်။ ပထမပြန်စာမေးပွဲသမိုင်း၌ ၁၇ နှစ် နှင့် ပထမကြီးတန်းအောင်မြင်သူ ၂ ပါးသာ ရှိသည်။

အသက် ၁၉ နှစ်အရွယ်၌ အိုးရခမ္မာစရိယစာချတန်း ဂုဏ်ထူးကျမ်းအောင်မြင်သည်။ စာပို့ချပေးသူ ဆရာမှာ အရှင်တေဇောသာရ(ဒဂုန်ဦးထွန်းမြင့်) ဖြစ်သည်။

၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလထုတ် 'တိုးတက်ရေးမဂ္ဂဇင်း'တွင် 'မျိုးညွှန့်နွယ်'အမည်ဖြင့် 'လူငယ်ခေတ်'ဆောင်းပါးကို ပထမဆုံး စတင်ရေးခဲ့သည်။ ထို့နောက် 'ရှင်ပါရဂူကိုရင်'အမည်ဖြင့် တိုးတက်ရေးမဂ္ဂဇင်းနှင့် ဒဂုန်မဂ္ဂဇင်းတို့၌ ဆောင်းပါးများ ဆက်ရေးခဲ့သည်။

၁၉၄၀ ခုနှစ် ဩဂုတ်လထုတ် တိုးတက်ရေးမဂ္ဂဇင်း၌ 'ဘုန်းကြီးကျောင်းသား'အမည်ဖြင့် 'ရင်သွေး'ဝတ္ထုတိုကို ရေးခဲ့သည်။ ပါရဂူ၏ ပထမဆုံးဝတ္ထု ဖြစ်သည်။

၁၉၄၁ ခုနှစ် အသက် ၂၀ အရွယ်တွင် သန္ဓသနော့ရွာ၌ ရဟန်းခံခဲ့သည်။ ဂျပန်ခေတ်(၁၉၄၄ခုနှစ်)တွင် သန်လျင်မြို့ ဂျပန်စာသင်ကျောင်း၌ ဂျပန်စာ ၂ နှစ် သင်ခဲ့သည်။ ရန်ကုန်မှ တစ်ပြည်လုံးရှိ ဂျပန်စာသင်ကျောင်းများအတွက် ထုတ်ဝေသော ဂျပန်သတင်းစာ၌ 'အရှင်ပါရဂူ'အမည်ဖြင့် ဂျပန်ဘာသာ ဆောင်းပုဒ်တစ်ပုဒ်ရေးခဲ့သည်။

အိန္ဒိယသူ့ဌေးကြီး ဗီရလာ၏ အရိယမဂ္ဂ ပညာတော်သင်ဆုဖြင့် ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဗာရာဏသီ ဟိန္ဒူတက္ကသိုလ် အိုရီယန်တယ်ကောလိပ်၌ ဟိန္ဒီနှင့် သက္ကတ သင်သည်။ ထိုအချိန်တွင် မိဂဒါဝုန် မဟာဗောဓိအသင်းက ထုတ်ဝေသော ဟိန္ဒီဘာသာ ဓမ္မဒူတစာအုပ်၌ ဟိန္ဒီဘာသာ ဆောင်းပါး ရေးသည်။ ဂျာနယ်ကျော်၌လည်း ရေးသည်။

၁၉၅၂ ခုတွင် မြန်မာနိုင်ငံသို့ ပြန်လာသည်။ 'ဝိဇ္ဇာ'အမည်ဖြင့် ရာဟုလာ သံကိစ္စည်း၏ 'ဗေါလဂါမှ ဂင်္ဂါသို့'မှ ဝတ္ထု ၂ ပုဒ်ကို မြန်မာပြန်ခဲ့သည်။ (ရှင်ဉာဏီသရ(ဆန်းထွန်း-မန်းတက္ကသိုလ်)က ဘာသာပြန်ရာ၌ ကျန်နေသော ဝတ္ထု ၂ ပုဒ်ဖြစ်သည်။) နောက်ပိုင်း ပေါင်းထုတ်ဝေခဲ့သည်။

၁၉၅၄ ခုတွင် ပါရဂူအမည်ဖြင့် 'ဗုဒ္ဓစကား'ကို ရေးခဲ့သည်။

၁၉၅၅ ခုတွင် လူဝတ်လဲခဲ့သည်။

၁၉၅၇-၆၁ အထိ မြန်မာနိုင်ငံရှိ အိန္ဒိယသံရုံး ပြန်ကြားရေးဘာသာပြန် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၈ မှ ၆၁ အထိ မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် အမှုဆောင် တာဝန် ထမ်းဆောင်သည်။

၁၉၆၃ ခုနှစ်တွင် 'သုန္ဒရနန္ဒ' ခေါ် 'ညီတော်မင်းနန်'စာအုပ်ဖြင့် အနုပညာဆိုင်ရာ ဘာသာပြန်စာပေဆု ချီးမြှင့်ခြင်းခံရသည်။

၁၉၆၃ မှ ၁၉၆၅ အထိ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ အသင်းအမှုဆောင်၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေး အသင်းအမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၇ ခုနှစ်တွင် 'ဟိန္ဒီဆာဟိတျ ဆမ္မေလန်' ခေါ် မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်းမှ ချီးမြှင့်သော 'စာပေရွှေတံဆိပ်'ဆု ရရှိခဲ့သည်။

၁၉၇၁ မှ ၁၉၇၅ ခုနှစ်အထိ မြန်မာစာကော်မရှင်အဖွဲ့၊ အဖွဲ့ဝင်တာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၇၅ ခုနှစ်မှစ၍ ၄-၅ နှစ်တိတိ ဗာရာဏသီမြို့ ဟိန္ဒီနေ့စဉ်သတင်းစာ အာ့ချ်၌ 'ဦးပါရဂူ'အမည်ဖြင့် 'မြန်မာပြည်မှပေးစာ'ခေါင်းစဉ်တပ်လျက် ဟိန္ဒီ ဘာသာ သတင်းဆောင်းပါးများ ရေးခဲ့သည်။

၁၉၇၇ ခုနှစ်မှစ၍ ၃-၄ နှစ်အထိ ကရာချိမှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ယူနက်စကို၏ ၄လ-၁ ကြိမ်ထုတ် New Letter တွင် 'ဦးလှကြိုင်'အမည်ဖြင့် မြန်မာနိုင်ငံစာပေ ယဉ်ကျေးမှု လှုပ်ရှားမှုနှင့် ပတ်သက်၍ သတင်းဆောင်းပါး ရေးခဲ့သည်။

၁၉၈၅ ခုနှစ်တွင် မြန်မာနိုင်ငံ ကောလိပ်နှင့် တက္ကသိုလ်များ၏ အရှေ့တိုင်း စာပေသင်ကြားရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် စတင်ဆောင်ရွက်သည်။

၁၉၈၆ ခုနှစ်တွင် 'ဂေါရီ'ဝတ္ထုဖြင့် အမျိုးသားစာပေဆု ဘာသာပြန်ဆု ရရှိခဲ့သည်။

၁၉၉၀ တွင် 'ပါရဂူ'ကလောင်အမည်ဖြင့် ရေးသော ပင်ကိုရေ ပရိယ ဒရရှိ အရှိ(က်)(ဝိယဒဿီ အသောက)ဟိန္ဒီလုံးချင်းဝတ္ထုကို နယူးဒေလီမြို့ ရောဝတီ ပတ်ဘလစ်ကေးရှင်းမှ ထုတ်ဝေခဲ့သည်။ ထိုဝတ္ထုကို ဒေလီမြို့ရှိ အထက်တန်းကျောင်းများအတွက် ရည်ညွှန်းစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့။

၁၉၉၈ ခုနှစ် မြန်မာနိုင်ငံ ယဉ်ကျေးမှုတက္ကသိုလ် ပညာရေးအဖွဲ့ အဖွဲ့ဝင်၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့(ဓမ္မဇောတိ)အမှုဆောင်၊ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်သည်။

၂၀၀၁ ခုနှစ် ပခုက္ကူဦးဆုန်းဖေ၏ တစ်သက်တာစာပေဆု ချီးမြှင့်ခြင်း ခံရသည်။

၂၀၀၁ ခုနှစ်-အသက် ၈၀ ပြည့်ချိန်တွင် လုံးချင်းစာအုပ် ၁၀၀ အထိ ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

'ပါရဂူရှုန်တိန်ကေတန်'စာကြည့်တိုက်ကို ဦးပုညလမ်း ၁၆ ရပ်ကွက် ရွှေပေါက်ကွဲမြို့သစ်တွင် ထူထောင်ထားခဲ့သည်။

၁၉၈၆ ခုနှစ်တွင် 'ဂေါရီ'ဝတ္ထုဖြင့် အမျိုးသားစာပေဆု ဘာသာပြန်ဆု ရရှိခဲ့သည်။

၁၉၉၀ တွင် 'ပါရဂူ'ကလောင်အမည်ဖြင့် ရေးသော ပင်ကိုရေ ပရိယဒရှိ အရှိ(က်)(ဝိယဒဿီ အသောက)ဟိန္ဒီလုံးချင်းဝတ္ထုကို နယူးဒေလီမြို့ ဇရာဝတီ ပတ်ဘလစ်ကေးရှင်းမှ ထုတ်ဝေခဲ့သည်။ ထိုဝတ္ထုကို ဒေလီမြို့ရှိ အထက်တန်းကျောင်းများအတွက် ရည်ညွှန်းစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့။

၁၉၉၈ ခုနှစ် မြန်မာနိုင်ငံ ယဉ်ကျေးမှုတက္ကသိုလ် ပညာရေးအဖွဲ့ အဖွဲ့ဝင်၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့(ဓမ္မဇောတိ)အမှုဆောင်၊ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်သည်။

၂၀၀၁ ခုနှစ် ပခုက္ကူဦးအုန်းဖေ၏ တစ်သက်တာစာပေဆု ချီးမြှင့်ခြင်း ခံရသည်။

၂၀၀၁ ခုနှစ်-အသက် ၈၀ ပြည့်ချိန်တွင် လုံးချင်းစာအုပ် ၁၀၀ အထိ ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

'ပါရဂူရှုံ့တိမိုကေတန်'စာကြည့်တိုက်ကို ဦးပုညလမ်း ၁၆ ရပ်ကွက် ရွှေပေါက်ကံမြို့သစ်တွင် ထူထောင်ထားခဲ့သည်။

အရှင်အာနန္ဒာကောသလ္လာယနလန၏
ထင်မြင်ချက်

'ဗော်လဂါမှ ဂင်္ဂါသို့' စာအုပ်ပါ ပုံဝတ္ထုအချို့ကို ဟိန္ဒီသတင်းစာများတွင် ကျွန်ုပ် ဖတ်ခဲ့ပြီး ဖြစ်သည်။ စာအုပ်အဖြစ် ထုတ်ဝေသောအခါလည်း ပထမဆုံးကော်ပီကို ကျွန်ုပ်ပင် ရခဲ့သည်။-ဟု ဆိုသော် ဆိုနိုင်စရာ အကြောင်းရှိပါသည်။ ကျွန်ုပ်သည် စာတစ်အုပ်လုံးပေါက်အောင် တစ်ကြိမ်၊ ဝတ္ထု တစ်ပုဒ်စီ လီ၍ကား တစ်ကြိမ်မက ဖတ်ခဲ့ပေသည်။ ဖတ်ရှုပြီးသောအခါ နည်းအမျိုးမျိုးဖြင့် လူအမျိုးမျိုးအား ၄င်းပုံဝတ္ထုများအကြောင်းကို ပြောပြခဲ့ပေသည်။ ကျွန်ုပ်က ဝေဖန်သည်။

ပုံဝတ္ထုအများပင် 'ပုံဝတ္ထု' သဘောနည်းပါး၍ သမိုင်းသဘောက များနေသည်။

အမှန်အားဖြင့် အချို့ ပုံဝတ္ထုများမှာ ကျွန်ုပ်အား အသိဉာဏ်ဝန်ထုပ်ဖြင့် ခပ်အုပ်အုပ် ခပ်ဖိဖိ လုပ်သကဲ့သို့ပင် ဖြစ်သည်။ 'ဝတ္ထု' ဟူသည်မှာ ပေါ့ပေါ့ပါးပါး ပွင့်ပွင့်လန်းလန်း ဖြစ်သင့်သည်။

ကျွန်ုပ်၏ထင်မြင်ချက်ကို တစ်ခါက ရာဟုလာအား စာရေး ပို့ခဲ့သည်။ ရာဟုလာက ပြန်ကြားလိုက်သည်။

ဤပုံဝတ္ထုများကို 'ဖတ်ချင်စဖွယ် ရေးထားသော သမိုင်းကြောင်းမျှသာ' ဟု ဆိုလျှင်ပင် ကျွန်ုပ်က ကျေနပ်ပါပြီ။

'ဗော်လဂါမှ ဂင်္ဂါသို့' စာအုပ်ကို ကျွန်ုပ်ကိုယ်တိုင် ချီးကျူးသည်။ ချီးကျူးသံကိုလည်း ကြားရသည်။

ကမ္ဘာ့စာပေနှင့် ဆက်ဆံရင်းနှီးမှုရှိသော မဟာရထီ ပညာရှိတစ်ဦး၏

အိန္ဒိယပြည်ဘာသာအမျိုးမျိုးတွင် ဤ 'ဗော်လဂါမှ ဂင်္ဂါသို့' စာအုပ်နှင့် တန်းတူလိုက်နိုင်သော စာအုပ်တစ်အုပ်မျှ မရှိသေး။- ဟူသည့် ထင်မြင်ချက်ကို ဖတ်လိုက်ရသောနေ့၌ ကျွန်ုပ်၏ ဟိန္ဒူချစ်စိတ်ဓာတ်သည် တကယ်ကို ကွန့်ကွန့်မြူး သွားခဲ့လေသည်။

သို့သော် ဖြစ်ရပုံ၊ မနေ့က မိတ်တွေတစ်ဦးထံမှ စက်တင်ဘာလ ၂၀ ရက်နေ့စွဲနှင့် 'ဗိဆွ ဗန္ဓု' သတင်းစာ အပိုင်းကလေးတစ်ခု ပေးလိုက်သည်။ ၄င်းသတင်းစာ ဖြတ်စကလေးတွင် 'ကိုယ်တုံးလုံးသမား ဝေဒကျမ်းကြီးများကို ကဲ့ရဲ့သူ ရာဟုလာ' ဟု ဖတ်ရပေသည်။ 'ဆောင်းပါးရှင် ကိုယ်တော်ကြီး' ဟုလည်း ပါရှိလေသည်။ သို့သော် ၄င်းပုဂ္ဂိုလ်မှ 'နာမည်ဝှက်' နှင့် လုပ်နေစရာ ဘာအကြောင်း ရှိသနည်း။

တစ်ခုတော့ ရှိပါသည်။ ထိုပုဂ္ဂိုလ်၏ အမည်ကိုယ်တိုင်ကပင် ကိုယ်တော်ကြီး 'ဆွာမီဂျီး' ဟု ဖြစ်နေလျှင်ကား ပြောဖွယ်ရာ မရှိတော့ပါ။

စာအုပ်ကို ကြိုက်, မကြိုက် ကိစ္စမှာ ကိုယ့်အဖကြိုက်နှင့်ချည်း ဆိုသည် မဟုတ်သေး။ အရည်အချင်းနှင့်လည်း ဆိုင်သေးသည်။ စာတစ်အုပ်သည်

လူအားလုံးအတွက် တစ်မျိုးတည်းတစ်စားတည်း မဖြစ်နိုင်။ သို့ဖြစ်ရာ 'ဗော်လဂါမှ ဂင်္ဂါသို့' ကျမှ ခြွင်းချက် ဘယ်မှာရနိုင်ပါအံ့နည်း။

သို့သော် 'ကိုယ်တော်ကြီး' ဆိုသူက 'ဤကဲ့သို့ စက်ဆုပ်ဖွယ်စာအုပ်ကို တားဆီးပိတ်ပင်ထားရန် အစွမ်းကုန် ကြိုးစားရမည်။' ဟု ပြည်သူလူထုရှေ့တွင် သူ၏အလိုဆန္ဒကို ဖော်ပြလိုက်သည်။

သူ့အလိုဆန္ဒကို အကောင်အထည်ပေါ်အောင် ကြိုးစားလိုက်ခြင်းဖြင့် 'ကျွန်ုပ်တို့ ဂုဏ်ရှိအံ့လော။ ဂုဏ်ပျက်အံ့လော။' ဟူသော အချက်လောက်ကို သာ ကျွန်ုပ် သိလိုပေသည်။

ယနေ့တိုင်အောင် အရိယလူမျိုးများ၏ ထူးခြားချက်မှာ 'အမှားကို အမှန် ဖြစ်စေရန် ဉာဏ်စွမ်းဖြင့်သာ ကြိုးပမ်းခဲ့သည်။' ဟူသော အချက်ဖြစ်၍ ၄င်း ကောင်းသတင်းကို အရိယလူမျိုးတိုင်း အစဉ်သဖြင့် ကြားလာခဲ့ရသည်။ 'အငြင်းသန် အမှန်သိ' ဟူသည်မှာ လူမျိုးတို့၏ ကြွေးကြော်သံပင် မဟုတ်တုံလော။

ကျွန်ုပ်သည် ရာဟုလာကြီး၏ တော်လှန်ရေးလက်ရာ အဆိုပါစာအုပ်နှင့် ပူးပူးကပ်ကပ် ရင်းနှီးမှုရှိသူတစ်ဦး ဖြစ်သည်။ ထိုစာအုပ်တွင် 'ကျွန်ုပ်တို့နိုင်ငံ၏ အကြွေထူးဉာဏ်ထူး ပုဂ္ဂိုလ်ကြီးတစ်ဦး၏ တစ်သက်ပန် လေ့လာဆည်းပူးမှုအကျိုးတရားများ သက်ဝင်စုဝေးနေကြောင်း။' ကျွန်ုပ် သိရပေသည်။ ရာဟုလာ၏ သဘောများကို 'မှားသည်'- ဟုထင်လျှင် ကျွန်ုပ်တို့က မှန်အောင် ပြင်ပေးကြဖို့သာ ရှိပါသည်။ လွတ်လွတ်လပ်လပ် တွေးကြံလေ့ရှိသော ပုဂ္ဂိုလ်များကို ရိုးရိုးသားသားဖြစ်ရေး ရှေးရှုသူတိုင်း မှန်အောင်ပြင်ပေးဖို့ လမ်းမှတစ်ပါး အခြားနည်းပရိယာယ် မရှိပါ။

ရာဟုလာရေး 'ဗော်လဂါမှ ဂင်္ဂါသို့' တွင် ပထမ ပုံဝတ္ထု ၄ ပုဒ်အမည်မှာ 'နိဿာ', 'ဒီဝါ', 'အမရိတာရှု(အမတသ)', 'ပုရုဟူတ' ဖြစ်သည်။

အဆိုပါ ပုံဝတ္ထု ၄ ပုဒ်တွင် ခရစ်မပေါ်မီ နှစ် ၆၀၀၀ မှစ၍ ခရစ်မပေါ်မီ နှစ် ၂၅၀၀ အထိ လူ့အဖွဲ့အစည်းကို သရုပ်ဖော်ထားသည်။ အချိန်မှာ သမိုင်းကြောင်းမစမီဖြစ်၍ ၄င်းအချိန်ကာလအတွင်း ဝတ္ထုကြောင်းများ ဖြစ်သည်။ ထို့ကြောင့် အဆိုပါဝတ္ထုကြောင်းများ၌ စိတ်ကူးလက်ရာ များများပါသည်ကို ဝန်ခံရပေမည်။ သို့ရာတွင် စိတ်ကူးသက်သက်ချည်းလည်း မဟုတ်သေး။ အဆိုပါဝတ္ထုများတွင် ထူးထူးခြားခြား မှတ်သားလောက်သော အကြောင်းအရာများမှာ အင်ဒို-ဥရောပနှင့် အင်ဒို-ဤရာန် ဘာသာဗေဒ (Philology) ဆိုင်ရာ လေ့လာချက်များ၏ အကျိုးသက်ရောက်မှုများ ဖြစ်သည်။

'မိသားစု မူလ' (Origin of family by Angels) သည် အင်္ဂလိပ် ဘာသာနှင့်ရှိသော နာမည်ကျော်စာအုပ်တစ်အုပ် ဖြစ်သည်။ ရာဟုလာ၏ အဆိုပါပုံဝတ္ထုများကို မပိတ်ပင်မီ 'မိသားစုမူလ' စာအုပ်ကို ကျွန်ုပ်တို့ ပိတ်ပင်ကြရပေဦးမည်။

နောက်ထပ် ပုံဝတ္ထု ၄ ပုဒ်ကား 'ပုရုဓာန', 'အံဂိရာ', 'သုဒါသ်', 'ပဝါဟဏ' တို့ ဖြစ်သည်။

၄င်းဝတ္ထုများ၏ နောက်ခံလည်း စာပေဆိုင်ရာ အခိုင်အမာများ ရှိလေသည်။ ဝေဒကျမ်း, ဗြဟ္မဏကျမ်း, မဟာဘာရတ, ပုရာဏနှင့် ဗုဒ္ဓဘာသာ

ကျမ်းများ၏ 'အင်္ဂကထာ' အမည်ဖြင့် ထင်ရှားသော 'ဘဿ' များ ဖြစ်လေသည်။

- 'သုဒါသ်' ပုံဝတ္ထု၏အဓိမှာ ဣရုဗေဒ (ရိုဂ်ဝေဒ) မူရင်း ဖြစ်သည်။

- စာဖတ်ပရိသတ် ဗုဒ္ဓဘာသာဝင် ဟုတ်သူ, မဟုတ်သူအားလုံးကို လွှပ်လွှပ်ရွရွ ဖြစ်သွားအောင် လုပ်မည့် 'ပဝါဟဏဓေဝလိကာ' ပုံဝတ္ထု၏ အဓိမှာ ဆန္ဒောဂျနှင့် ဇြိဟဒါရညက ဥပနိသ္သဒ်များအပြင်၊ ဗုဒ္ဓဘာသာဆိုင်ရာ အဆိုပါ အင်္ဂကထာများ ဖြစ်သည်။

အဆိုပါ ပုံဝတ္ထု ၄ ပုဒ်၌ ခရစ်မပေါ်မီအနှစ် ၂၀၀၀ မှ ခရစ်မပေါ်မီ အနှစ် ၇၀၀ တိုင်အောင် လူ့အဖွဲ့အစည်းတိုးတက်ပုံကို ကြိုးသားပြဆိုထားသည်။

စာဖတ်သူ ရှလော့။ ယခုတိုင် ဗုဒ္ဓခေတ်သို့ မရောက်သေး။

နောက် ပုံဝတ္ထုကား 'ဗန္ဓုလမလ္လ' ဖြစ်၏။ ၄၀၉ ဘီစီ။ ဤပုံဝတ္ထုဆိုင်ရာ အချက်အလက်အားလုံးကို ဗုဒ္ဓဘာသာ ကျမ်းစာများမှ ယူသည်။ အချက်အလက် များလွန်း၍ ထိုခေတ်အခြေအနေကို သရုပ်ဖော်ရန် 'သီဟသေနာပတိ' ဟူသောအမည်ဖြင့် ဝတ္ထုတစ်အုပ် သီးသန့် ရာဟုလာ ရေးထားသည်။

၁၀ ခုမြောက် ပုံဝတ္ထုကား 'နာဂဒတ္တ' တည်း။ စာဖတ်သူ အကယ်၍ ကောင်္ဆိသျ၏ 'အတ္တသျတ္တရာ' ဂရိတ်ခရီးသည်တို့၏မှတ်တမ်းများ, ဂျယ်ဆဝါလ်၏ 'ဟိန္နုပါလိဋ္ဌိ' များကို ဖတ်ခဲ့လျှင်၊ အထက်တန်းကျောင်းများနှင့် ကောလိပ်များတွင်သင်ရသော 'ဗင်ဆင့်စမစ်'၏ ရာဇဝင် (သမိုင်း)သည် တစ်စုံတစ်ရာ အံ့သြဖွယ် မဟုတ်တော့ပါ။ စာဖတ်သူ၏လက်တွင် ရာဇဝင် အချက်အလက် အမှန်အကန်များ ရောက်နေပါသည်။ ၄င်းတို့ကား အခြားမဟုတ်။ 'နာဂဒတ္တ'၌ ရာဟုလာ ထုတ်ဖော်ပြောဆိုထားသော အချက်များ ဖြစ်လေသည်။

၁၁ ခုမြောက်သော ပုံဝတ္ထု 'ပဘာ' သည် ပုံဝတ္ထုသဘောအားဖြင့်လည်း ချီးကျူးခြင်း ခံရသည်။ ၄င်းပုံဝတ္ထု၏နောက်၌ အဿဃောသ၏ ဗုဒ္ဓစရိတနှင့် သုန္ဒရနန္ဒကဗျာကျမ်း ၂ ခု ရှိသည်။ အားလုံးသော သက္ကတဘာသာ ပြဇာတ်များ ရှိသည်။ ဝင်တာနစ်ဇ် ရေးသော 'အိန္ဒိယစာပေသမိုင်း' လည်း ရှိသည်။ အခြားတစ်ခုကား ရီဖ်ဒေဗဟ်ရေး 'ဗုဒ္ဓဆိုင်ရာ ဣန္ဒိယ' ဖြစ်သည်။ ဤပုံဝတ္ထု၏ အချိန်ကာလကား ခရစ်မပေါ်မီ အနှစ် ၅၀ ဖြစ်သည်။

၁၂ ခုမြောက် ပုံဝတ္ထု 'သုပဏ္ဏဇောဓေယ' ကား ဂုတ္တမင်းလက်ထက် ပုံဝတ္ထု ဖြစ်သည်။ ၄င်းပုံဝတ္ထု၏ အချို့သော အချက်အလက်များကို ဂုတ္တခေတ် လက်ရေးစာများမှ ရသည်။ ၄င်းနောက် ကျွန်ုပ်တို့ နေ့စဉ်ဖတ်နေရသော 'ရဃုဝံသ', 'ကုမာရသမ္ဘဝ', 'အဗိညာ နံ သကုန္တလ'တို့မှ ရသည်။ ၄င်းပုံဝတ္ထုတွင် 'ပါဏိနိ' ၏ကျေးဇူးလည်း မကင်း။ တရုတ်ခရီးသည် ဖာဟီယာန် (ဖ-ရှင်) ထံမှလည်း ရသေးသည်။

၁၃ ခုမြောက် ပုံဝတ္ထုကား 'ဒုမ္မုခ' ဖြစ်သည်။ အမှန်အားဖြင့် မြွားကဲ့သို့ ဇူးဝင်မည့် ပုံဝတ္ထုတစ်ခု ပါပေ။

အသို့ တတ်နိုင်အံ့နည်း။

၄င်းပုံဝတ္ထု၏နောက်၌ 'ဟဿစရိတ' ရှိသည်။ 'ကာဒမ္ဗရီ' ရှိသည်။ ၅င်-ချင်နှင့် ဣစင်၏ ခရီးစဉ်မှတ်တမ်းလည်း ရှိသည်။

၁၄ ခုမြောက် ဝတ္ထု၏ခေတ်ကား ခရစ်နှစ် ၁၂၀၀ ဖြစ်၍ အမည်မှာ 'စက္ကပါဏိ' ဖြစ်သည်။ ၄င်းပုံဝတ္ထု၏အခြေကို စာဖတ်သူသည် 'နေသဓ' ကျမ်း၌ ရှာရမည်။ 'ခဏ္ဍနံခဏ္ဍခဒ္ဒ'၌လည်း ရှာဖွေရမည်။ ၄င်းပြင် များစွာသော ကျောက်စာတို့နှင့် လက်ရေးစာအမှတ်အသားတို့၌ ရှာရမည်။

'ဗာဗာနူရဒိန်'နှင့် 'ဆုမေရ်' တိုင်အောင် အခြားပုံဝတ္ထု ၆ ပုဒ်၏ ခေတ်ကား ၁၂ ရာစုမှ ၂၁ ရာစုတိုင်အောင် ဖြစ်သည်။ အဆိုပါ ပုံဝတ္ထုများ၏ နောက်တွင်းလည်း ရာဇဝင် (သမိုင်း) ကြောင်းဆိုင်ရာ အခိုင်အမာပြုစရာများ ရှိသည်။

စင်စစ် ကျွန်ုပ်၏အမြင် ၄င်းပုံဝတ္ထုများနှင့် ပတ်သက်၍ မည်သူ့ကို မျှ ထူးထူးခြားခြား ထိခိုက်စရာအချက် မတွေ့ရပါ။

အကယ်၍ ထိခိုက်လျှင် ပုံဝတ္ထုအားလုံး ခေတ်မီသောဘက်သို့ အရောက်များနေသောကြောင့်သာ ဖြစ်ရပေမည်။ ကျွန်ုပ်တို့ကား တံ့ရပ်နေသော အတိတ်ကိုသာ ပူဇော်လေ့ရှိသူများ ဖြစ်နေကြပေသည်။

စာအုပ်ပါ ဝတ္ထုကြောင်းများတွင် ဖော်ပြထားသော အယူအဆအားလုံးကို လက်ခံနိုင်, မခံနိုင်မှာ ဤစာကြောင်းများကိုရေးသူ၏ စွမ်းရည်နှင့် အဓိကမသက်ဆိုင်လှပါ။ အကြောင်းသော်ကား အဆိုပါစွမ်းရည်မျိုးကို ရနိုင်ရန် ရာဟုလာကို မမီသည့်တိုင်အောင် သူ့အနီးအနားသို့ရောက်ရုံ လေ့လာမှု လိုအပ်ပါပေသည်။

ဤအကြောင်းများကိုကား 'ရှရီ ဆွာမီကျိုး'ကဲ့သို့သော ပုဂ္ဂိုလ်များ အားသိစေရန်သာ ရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

အဆိုပါ ပုံဝတ္ထုများတွင် ဖြစ်ကတတ်ဆန်းများ မပါ။ နှစ်ကာလရှည်စွာ လေ့လာမှုများသာ ပါသည်။

ရက်မကြာသေးမီကပင် အချို့သော စာမတတ်ပေမတတ် ဂျိန်းဘာသာဝင်များသည် ဓမ္မာနန္ဒကောသမွိဆရာတော် ထုတ်ဖော်လိုက်သော အယူအဆများနှင့် ဆန့်ကျင်၍ ဆူခဲ့ပွက်ခဲ့ကြသည်။

ဂျိန်းပညာရှိများကမူ ''ကျွန်ုပ်တို့ ကောသမွိကြီးဘက်မှ သက်သေခံပါမည်။'' ဟု ပြောကြသည်။ ၄င်းကို 'အရေးမပါ အရာမရောက်' ဟုထားဘိဦး။ ကျွန်ုပ်တို့ ရှေးဟောင်းကျမ်းများနှင့် ၄င်းတို့ကို စီရင်ကြသော ဂုဿိ, မဟာဂုဿိများက ရာဟုလာဘက်မှ သက်သေခံ ကြမည်ကိုသာ ကျွန်ုပ်ကြောက်လှပေသည်။

အမှန်အတိုင်း ပြောလိုက်မည်။

'သစ္စာထက် သာလွန်သော ဘာသာတရား မရှိပါ။'

ပထမအကြိမ်ရိုက် နိဒါန်း

လူသည် ယနေ့ရောက်ရှိသော အခြေအနေသို့ စကတည်းက ရောက်လာသည် မဟုတ်။ ဤအခြေသို့တိုင် ရောက်ရှိရန် အကြီးအကျယ်တိုက်ပွဲများ ဆင်နွှဲဖြတ်ကျော် တိုးတက်ခဲ့ရလေသည်။ လူအဖွဲ့အစည်း တိုးတက်လာပုံသဘောတရားကို 'လူအဖွဲ့အစည်း' ခေါ် ကျမ်း၌ ကျွန်ုပ်ကိုယ်တိုင် စိစစ်ခဲ့ဖူးသည်။ ၄င်းသဘောတရားကို လွယ်လွယ်လည်း သရုပ်ဖော်နိုင်သည်။ ဤသို့ သရုပ်ဖော်ခြင်းအားဖြင့် တိုးတက်မှုကို လွယ်လွယ်နှင့် သိနိုင်သည်။ ဤသို့ စဉ်းစားမိခြင်းသည် 'ဇော်လဂါမှ ဂင်္ဂါသို့' စာအုပ် မရေးဖြစ်ရေးဖြစ်အောင် ကျွန်ုပ်အား 'လှုံ့' လေတော့သည်။

ဤစာအုပ်တွင် ကျွန်ုပ်သည် အင်ဒို-ဥရောပလူမျိုးကို ထည့်သွင်းထားသည်။ သို့မှ အိန္ဒိယပြည်တွင် စာဖတ်ပရိသတ်များအတွက် လွယ်ကူပေမည်။ အီဂျစ်, အဆီးရီးယားနှင့် ဣန္ဒမြစ်ဝှမ်းနေ လူမျိုးများသည် အင်ဒို-ဥရောပလူမျိုးထက် နှစ်ပေါင်းထောင်ချီ၍ စောစီးစွာ တိုးတက်ခဲ့သည်ကား မှန်ပါ၏။ သို့သော် အဆိုပါ အီဂျစ် စသောလူမျိုးများကို ထည့်သွင်းလိုက်လျှင် စာရေးသူရော စာဖတ်သူပါ ၂ ဦး ၂ ဖက် အခက်အခဲများ ပိုလာပေလိမ့်မည်။

ကျွန်ုပ်သည် ခေတ်အလိုက် လူအဖွဲ့အစည်းတိုင်းကိုပင် အခိုင်အမာ အနေနှင့် သရုပ်ဖော်ရန် ကြိုးစားလိုက်သည်။ သို့သော် ဤကဲ့သို့ ပထမအကြိမ် ကြိုးပမ်းမှုတွင် 'အမှားများ ပါတော့မည်'မှာ မလွဲသာမရှောင်သာသော သဘောတစ်ရပ်ပင် ဖြစ်လေသည်။ ကျွန်ုပ်၏ ကြိုးပမ်းမှုသည် နောက်ထပ်ဆက်လက်ကြမည့် စာရေးဆရာများအား ပိုမိုသန့်ရှင်းစွာ သရုပ်ဖော်ရေးတွင် အကူအညီပေးပါက ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် 'အောင်မြင်သူ' ဟု ယူမှတ်ပါမည်။

'ဗန္ဓုလမလ္လ'၏ (ဗုဒ္ဓ) ခေတ်နှင့်ပတ်သက်၍ 'သီဟသေနာပတိ'* ဟူသော သီးသန့်ဝတ္ထုတစ်ပုဒ် ရေးသားထားပါသည်။

ရာဟုလာ သံကိစ္စာယန

ဗဟိုထောင်၊
ဟစာရီဗာဂ်
၂၃-၆-၄၂

* ပါရဂူ မြန်မာပြန်ပြီး။

ဒုတိယအကြိမ်ရိုက် နိဒါန်း

၇ လ-၈ လ အတွင်း ပထမအကြိမ်ရိုက် ကုန်သွားခြင်းသည် စာရေးသူ အတွက် နှစ်သက်ကျေနပ်ဖွယ် ဖြစ်သည်။ ထိုထက် ကျေနပ်ဖွယ်ကောင်း သောအချက်ကား ရိုးရာသမားများ ပွက်လောထကာ ထိန်းမနိုင်သိမ်းမရ ဆဲကြဆိုကြ, ရေရွတ်မောင်းမဲကြရလောက်အောင် ထိသွားခြင်းပင် ဖြစ်သည်။ သို့သော် ထိုမျှလောက်ဆဲခြင်းကို 'အလွန်နှည်းသေးသည်။' ဟု ကျွန်ုပ် ထင်သည်။ အချို့သော လူကြီးလူကောင်းများကို သူတို့သဘောထားကို ဖိ သော်လည်း ကြွထသဖြင့် ပညာရှိဝေဖန်နည်းမျိုးဖြင့် ဝေဖန်ရန် ကြိုးစားကြ သည်။ ၄င်းကို တုံ့ပြန်သောအနေနှင့် ကလောင်ကိုဝင့်ရန် စာရေးသူမှာ ဆန္ဒ ရှိပါသည်။ တစ်စုံတစ်ရာရေးရန် ဖြစ်စေ, တုံ့ပြန်ရန် ဖြစ်စေ စာရေးသူ၏ ကလောင်သည် မောရမန်းရမှန်းပင် မသိပါ။

စာရေးသူ၏ ပုံဝတ္ထုတစ်ပုဒ်တစ်ပုဒ်နောက်တိုင်း၌ ဆိုင်ရာခေတ်နှင့် ပတ်သက်သော အချက်အလက်များ ရှိပါသည်။ ၄င်းတို့တွင် ဘာသာစကား ပေါင်းများစွာကို နှိုင်းယှဉ်ချိန်ဆထားသော ဘာသာဗေဒ၊ မြေကြီး, ကျောက်, ကြေးနီ, ကြေးဝါ, သံများပေါ်တွင် မှတ်သားထားသော၊ သို့မဟုတ် ရေး သားထားသော စာပေ၊ ၄င်းပြင် စာလုံးအဖြစ် မရောက်သေးသော သီချင်း များ, ပုံဝတ္ထုများ, ဓလေ့ထုံးစံများ, မန္တန်များ ပါဝင်လေသည်။

စာအုပ်ရေးစဉ်က သာမက ယခုလည်း စာရေးသူ၏ အလိုဆန္ဒမှာ အဆိုပါအချက်အလက် တစ်သီတစ်တန်းကြီးသို့ နောက်ဆက်တွဲအနေ ညွှန်ပြ ပေးရန် ဖြစ်သည်။ သို့သော် လုပ်ငန်းသည် ကြီးလေး၍၊ ထိုလုပ်ငန်းကြီး လုပ်ခွင့်မရအောင်ပင် အချိန်မှာ နည်းပါးလှပေသည်။ မည်သို့ဆိုဆို၊ ယခု စာအုပ်တွင်လည်း နောက်ဆက်တွဲ မထည့်နိုင်သေး။ နောက်ဆက်တွဲသည် စာအုပ်ထက် ကြီးမည်ကိုလည်း စိုးရသေးသည်။ သို့သော်လည်း နောက် ဆက်တွဲ ထည့်ရန်ကား စိတ်မကုန်သေးပါ။

ရာဟုလာ သံကိစ္စာယန

ကိုတာဓိမဟာလ်
အလွှာဟာဗာဒ်
၄-၁၁-၄၃

၁

နိဿာ[1]

နေရပ်- ဗော်လဂါမြစ်ကမ်း အထက်ပိုင်း။
လူမျိုး- အင်ဒို-ဥရောပလူမျိုး။
ခေတ်- ခရစ်မပေါ်မီ နှစ်ပေါင်း ၆၀၀၀။

ယနေ့မှ အထက် ၃၆၁ ခုမြောက်သောလူ့အဆက်က ပုံဝတ္ထု ဖြစ်သည်။
ထိုစဉ် ဣန္ဒိယ, ဣရာန်နှင့် ဥရောပတိုက်ရှိ လူမျိုးအားလုံး 'လူတစ်မျိုးတည်း'အနေနှင့် ရှိခဲ့ကြသည်။ လူဘဝ စတင်သောခေတ် ဖြစ်သည်။

၁

မွန်းတည့်ချိန် ဖြစ်သည်။ ယနေ့မှ နေကို မြင်ရပြန်တော့သည်။ နေမမြင်ရသည်မှာ ရက်အတော်ကြာခဲ့ပါပြီ။ နေ့တာမှာ ၅ နာရီသာ ကြာသေးသော နေ့ခင်းဖြစ်၍ နေရောင်မှာ စူးရှထက်မြက်ခြင်း မရှိလှသော်လည်း မိုးသား, နှင်းခဲ, နှင်းမှုန်နှင့် မုန်တိုင်းများ ကင်းစင်နေချိန် ဖြစ်ရကား၊ ပတ်ဝန်းကျင် ထိန်ဖြာဝင်းလက်နေသော နေရောင်ခြည်များသို့ မြင်လိုက်ရသည်မှာ နှစ်လိုစရာ ကောင်းလှပေသည်။ အပူဓွေ့ကလေးများကို ထိတွေ့ခံစားလိုက်ရသည်မှာလည်း စိတ်လက်လွန်လူး ကွန့်မြူးပျော်မွေ့ဖွယ်ပင် ဖြစ်သည်။

၄ ရပ်နယ်တစ်ခွင် ပတ်ဝန်းကျင် ရှုခင်းကတော့ကော။ အရောင်ရင့် မိုးပြာအောက်ဝယ် မြေပြင်သို့ ပရုတ်အဆင်း နှင်းဖြူများက လွှမ်းအုပ်ထားသည်။ ၂၄ နာရီအတွင်း နောက်ထပ် နှင်းမကျဘဲ နေခဲ့သဖြင့် နှင်းဥကလေးများပင် မာကျောတောက်ပြောင်၍ နေကြလေပြီ။ နှင်းဝတ်လုံကို ခြုံရုံထားသော ပထဝီဒေဝီသည် ထောင့်တိုင်းစပ်အောင်ကား ခြုံမထားနိုင်ရှာပါ။

ဆီးနှင်းကြောင်းသည် မြောက်ဘက်မှ တောင်ဘက်သို့ မိုင်အနည်းငယ်ရှည်လျားအောင် ကွေ့ကောက်လိမ်တွန့်ကာ ဆက်လက်သွားသည်။ ၄င်းမှာ ရှုမဦးမျှ ဖြစ်တော့သည်။ ဆီးနှင်းကြောင်း၏ တစ်ဖက်တစ်ချက် တောင်ကုန်းများပေါ်တွင်ကား ညို့မှိုင်းသောတောတန်းများ အရေးသား ထင်းနေသည်။

''ဒီမှာ တောတန်းကို ခပ်နီးနီး ကပ်ကြည့်ရအောင်။''

တောတန်းတွင် သစ်ပင် ၂ မျိုးသာ များသည်။ တစ်မျိုးကား အခေါက်ဖြူဖြူနှင့် ယခုအတောအတွင်းမှ အရွက်ကြွေနေသော ဘုဇပတ်ပင်[2]။ အခြားတစ်မျိုးကား ထင်းရှူးပင် ဖြစ်လေသည်။ ထင်းရှူးပင်များမှာ ဖြောင့်ဖြူးမြင့်မားလှသည်။ ထောင့်မှန်ကျကျ အကိုင်းအခက်များ ထွက်နေသည်။ စိမ့်လဲ့ရောင်, စိမ်းပုပ်ရောင်အရွက်များကား အပ်ကဲ့သို့ ချွန်ထက်နေကြသည်။

၁။ နိဿာ-နိသာ (သက္ကတ-ပါဠိ) ဟူသည်မှာ 'ည၌' ဟု အနက်ရသည်။ ည၌နှင့် နေ့တွင် အဖယ်အရာက အစအဦး ဖြစ်မည်ကို ဆိုနိုင်ဆတွေးတော၍ 'နိဿာ' အမည်မှည့်ပုံကို သဘောပေါက်နိုင်ပေသည်။

၂။ ဘုဇပတ်ပင်၏အခေါက်ကို ရှေးသရော်အခါက စက္ကူအဖြစ် အသုံးပြုကြသည်။

သစ်ပင်အားလုံးလိုလိုပင် ကွက်လပ်မရှိအောင် နှင်းခဲများဖြင့်သာ အုပ်ဖုံးနေတော့သည်။ အကိုင်းအခက်များ, ပင့်စည်များပေါ်တွင် ဟိုတစ်ကွက်သည်တစ်ကွက် ကွက်တိကွက်ကြားစုခဲနေသော နှင်းခဲများသည် အံဖြုံ, အနက် ကွက်ကြားပုံဖော်ကာ သူတို့ဘက်သို့ မျက်နှာမမူဘဲ မနေနိုင်အောင် ဆွဲဆောင်နေကြလေသည်။

ပြီးတော့ကော။ ကြောက်မက်ဖွယ်တိတ်ဆိတ်ခြင်းက ပတ်ဝန်းကျင်တစ်ခုလုံးကို ချေမှုန်းဖြိုခွဲ မရအောင်ပင် မင်းမူနေသည်။ ပရစ်အော်သံကလေးများပင် ပေါ်မလာ။ ကျေးငှက်တွန်ကျူးသံကိုလည်း မကြားရ။ သားကောင်များကလည်း အသံမပေး။

''လာကြပေ့။ ထင်းရှူးပင်ပေါ် တက်ကြည့်ကြရအောင်။''

ထင်းရှူးပင်ကား တောင်ကုန်းအမြင့်ဆုံးနေရာတွင် ရှိသည်။ သူတို့ရည်ရွယ်ချက်မှာ ထင်းရှူးပင်ထိပ်ဖျားမှ ဟိုဟိုသည်သည် ကြည့်ရှုကြရန် ဖြစ်လေသည်။

''ထင်းရှူးပင်ပေါ်က ကြည့်ရင် တခြားဟာတစ်ခုခု မြင်ချင်မြင်ရမလား မသိဘူး။''

နှင်းခဲ, မြေပြင်, ထင်းရှူးပင်များကိုကား ကြည့်စရာ သိပ်မလိုတော့ပါ။

သည်နေရာတွင် ထီးထီးမားမားသစ်ပင်ကြီးများသာ ရှိသလော။ သစ်ပင်ကလေး, မြက်ပင်ကလေးများပေါက်ရန်နေရာကော မရှိလေသလော။

ဤအမေးနှင့် ပတ်သက်၍ ကျွန်ုပ်တို့က ထင်မြင်ချက် မပေးနိုင်ပါ။ ကျွန်ုပ်တို့ရောက်ချိန်မှာ ဆောင်းရာသီ ၂ပိုင်းကုန်မြောက်၍၊ တတိယပိုင်းနှင့် နောက်ဆုံးပိုင်း ဖြစ်နေပါပြီ။ နှင်းခဲများ အဖယ်မျှ ထူထပ်သနည်း။-ဆိုသော် ၄င်းနှင်းခဲများထဲတွင် လဲပြိုနေသောသစ်ပင်ကြီးများပင် နှစ်မြုပ်နေကြလေသည်။ ကျွန်ုပ်တို့တွင် တစ်စုံတစ်ခု တိုင်းတာစရာလည်း မပါ။ မှန်းခြေအားဖြင့် နှင်းခဲထုသည် ၈ တောင် (၁၂ ပေ) သို့မဟုတ် ၈ တောင်ကျော်ကျော်လောက် ရှိပေလိမ့်မည်။ ယခုနှစ်တွင် နှင်းခဲ အကျများလွန်းသည့် အတွက် သက်ရှိသတ္တဝါအားလုံး အတိဒုက္ခ ရောက်နေကြသည်။

ထင်းရှူးပင်ထိပ်ဖျားမှ ဘာများ မြင်ရသနည်း။ သည်နှင်းခဲ, သည်တောတန်း, နိမ့်ချည်မြင့်ချည် ဖြစ်နေသော သည်မြေပြင်သာပင် ဖြစ်သည်။ တစ်ခုတော့ ရှိသည်။ တောင်ကုန်းအခြားတစ်ဖက် တစ်နေရာတွင်ကား မီးခိုးများ အလိပ်လိပ်တက်နေသည်။ သက်ရှိသတ္တဝါသံ ဆိတ်သုဉ်းနေသော ဤတောကြီးထဲတွင် မီးခိုးတလိမ့်လိမ့် တက်နေသည်မှာလည်း ဆန်းလှသည်။

''ဒီမှာ လာ။ 'ဘာလဲ'လို့ သွားကြည့်ရအောင်။''

မီးခိုးမှာ အတော်ဝေးသော နေရာက ဖြစ်သည်။ သို့ရာတွင် မိုးသားကင်းစင်၍ ကြည်လင်နေသော ကောင်းကင်တွင် မီးခိုးမှာ 'အနီးကလေးက' ဟုပင် ထင်ရလေသည်။

ယခုအခါ အတော်နီးသောနေရာသို့ ကျွန်ုပ်တို့ ရောက်ကြပါပြီ။ ကျွန်ုပ်တို့ နှာခေါင်းတွင်းသို့ မီးထဲကျနေသော အဆီနံ့နှင့် အသားမီးမြိုက်နေသောအနံ့များ ဝင်လာသည်။

ယခုအခါ အသံကလေးများပင် ကြားလာရပြီး၊ အသံမှာ ကလေးငယ်များအသံပင် ဖြစ်သည်။

ခြေသံမထွက်၊ အသက်ရှူသံပင် မကြားရအောင် ကျွန်ုပ်တို့ တိတ်တိတ်ကလေးသွားမှ ဖြစ်မည်။ သို့မဟုတ်က သူတို့ သိသွားရော့မည်။ သူတို့ ကိုယ်တိုင်ဖြစ်စေ, သူတို့ခွေးများက ဖြစ်စေ ဘယ်ပုံဘယ်နည်း ဆီးကြိုနှုတ်ဆက်မည်ကို မည်သူမှ သိနိုင်မည် မဟုတ်ပေ။

အမှန်မှာတော့ တကယ့်ကလေးများသာ ဖြစ်သည်။ သူတို့အထဲတွင် အကြီးကလေးပင် ၈ နှစ်ထက် မကျော်သေးပေ။ အငယ်ကလေးမှာကား အခါလည်သားမျှသာ ဖြစ်သည်။

ကလေး ၆ ယောက်နှင့် အိမ်တစ်ဆောင်။ 'အိမ်' ဆိုရသော်လည်း အမှန်မှာ သဘာဝဂူတစ်ခုသာ ဖြစ်သည်။ မှောင်ထဲတွင် တောင်ဂူ၏ နံရံ ၂ ဖက်နှင့် နောက်ပိုင်း ဘယ်အထိ ဆက်သွားသည်ကို ကျွန်ုပ် တို့ မမြင်နိုင်ကြပေ။ မြင်ရအောင်လည်း မကြိုးစားသင့်ပါတကား။ အခြား အရွယ်ရောက်သောသူများ ကော။

ပိုက်ဆံလျှော်မျှင်ကဲ့သို့ ဖြူရော်ညစ်ထေး၍ ရှုပ်ထွေးကျပ်ခဲနေသော ဆံပင်များဖြင့် မျက်နှာတစ်ခု လုံး ဖုံးအုပ်မတတ်ရှိနေသော အမယ်အိုတစ်ယောက်။

ယခုပင် အမယ်အိုသည် သူမ၏ဆံပင်ကို နောက်ဘက်သို့ လက်နှင့် ဖယ်နေသည်။ သူမ၏ မျက်ခုံး မွေးများလည်း ဖြူနေသည်။ သူမ မျက်နှာတစ်ခုလုံးမှာပင် အရေများ တွန့်လိပ်နေသည်။ တွန့်လိပ်နေ သောအရေများမှာ မျက်နှာအတွင်းပိုင်းမှ တိုးထွက်လာနေကြဟန် ရှိသည်။

ဂူတွင်း၌ မီးခိုးများ, အပူငွေ့များ ရှိသည်။ အထူးကား ကလေးငယ်များနှင့် ကျွန်ုပ်တို့ အဖွားအိုလည်း ၄င်းဂူထဲမှာပင် ဖြစ်သည်။ အဖွားအိုကိုယ်တွင် အဝတ်ဗလာ။ အကာအကွယ် နတ္ထိ။ အဖွားအို၏ ပိန်ခြောက်နေသော လက် ၂ ဖက်သည် သူမ၏ ခြေထောက်များအနီး မြေကြီးပေါ်တွင် ကျနေသည်။ အဖွားအို၏မျက်လုံးများ အတွင်းသို့ ဟောက်ဝင်နေသည်။ ပြာဖျော့ဖျော့အရောင်ရှိသော သူငယ်အိမ်များ လည်း အရှိန်အစော်ကင်းသော 'သူည' ကဲ့သို့ ဖြစ်နေသည်။ သို့သော် တစ်ခါတစ်ခါ အရောင်ကလေး တောက်တောက် လာသေးသည်။ ၄င်းကိုထောက်၍ အမယ်အိုတွင် အရှိန်အစော် လုံး၁ မချုပ်ငြိမ်းသေး ကြောင်း သိရပေသည်။

သူတို့ လုံးလုံးပင် နားစွင့်နေကြပုံ ပေါ်သည်။ ကလေးငယ်များအသံကို အဖွားအို နားစွင့်နေကြောင်း လည်း သိရသည်။ ထိုအတောအတွင်းပင် ကလေးငယ်တစ်ယောက် ထအော်သည်။ အဖွားအို၏ မျက်လုံး သည် ကလေးငယ်၏အော်သံဘက်သို့ လှည့်သွားသည်။

ကလေး ၂ ယောက်။ တစ်ယောက်မှာ ယောကျ်ားကလေး။ တစ်ယောက်မှာ မိန်းကလေး။ ၂ ခါလည်သားနှင့် ၂ ခါလည်ကျော်ကျော် သမီးကလေးများ ဖြစ်သည်။ ၂ ယောက်မှာ အရပ်အမောင်း မတိမ်းမယိမ်း ဖြစ်သည်။ ကလေးအငယ်၏ဆံပင်မှာ ဝါယောင်ယောင်ဖြူတူတူ နေသည်။ အမယ်အို၏ ဆံပင်နှင့် တူသည်။ သို့သော် ကလေးများဆံပင်မှာ ပို၍ သန့်စွမ်းသည်။

သူတို့ကိုယ်လုံးကလေးများမှာ ဖွံ့ဖွံ့ဖြိုးဖြိုး တုတ်တုတ်ခဲခဲကလေးများ ဖြစ်သည်။ နှင်းဆီရောင် သန်းနေသည်။ မျက်လုံးပြူးကလေးများနှင့်။ သူငယ်အိမ်မှာ အပြာရင့်ရောင် ဖြစ်သည်။

ကောင်ကလေးက အော်ငိုနေသည်။ ကောင်မကလေးကတော့ မတ်တတ်ရပ်၍ အရိုးကလေးတစ်ခု ကို ပါးစပ်ထဲသွင်းကာ စုပ်နေသည်။

အဖွားအိုက အိုကြီးအိုမ တုန်တုန်ယင်ယင်အသံနှင့် ခေါ်လိုက်သည်။

'အဂိန်' လာ။ ဒီလာ အဂိန်။ အဖွား ဒီမှာ။''

အဂိန်က မထသေး။

ထိုအခါ ၈ နှစ်အရွယ် သူငယ်တစ်ယောက် လာ၍ အဂိန်ကိုပွေ့ချီကာ အဖွားဆီ ပို့လေသည်။

ပွေ့ချီသွားသော သူငယ်၏ဆံပင်မှာလည်း ကလေးငယ်ဆံပင်ကဲ့သို့ပင် ဝါကြွန်ကြွန်ဖြစ်သည်။ သို့သော် ပို၍ရှည်လျားသည်။ ပို၍ ကျပ်ခဲသည်။ သူငယ်၏ ခြေဆုံးခေါင်းဆုံး ကိုယ်တုံးလုံးအရောင်မှာလည်း ဆံပင်ကဲ့သို့ ဝါကြွန်ကြွန်ပင် ဖြစ်သည်။ ကလေးအကြီးသည် အငယ်လောက် မဖွံ့ဖြိုးလှပေ။ သူ့ကိုယ်တွင်

၁။ 'အဂိန်' ဟူသည်မှာ 'မီး' ဟု အနက်ရသည်။ လူပေါ်စတွင် 'မီး'မှာ ဘုရားတမျှ လေးမြတ်ခြင်း ခံရသည်။

ဟိုမှာကွက်သည်မှာကွက် မည်းနက်ပေကျံနေသည်။ ကလေးအကြီးက ကလေးအငယ်ကို အဖွားရှေ့တွင် မတ်တပ်ချထား၍ ပြောသည်။

''အဖွား။ ရောစနာ်က အရိုးကို လုတယ်။ အဂိန်က ငိုတယ်။''

ထို့နောက် ကလေးအကြီး ထွက်သွားသည်။ အဖွားသည် သူမ၏ ပိန်ခြောက်နေသောလက် ၂ ဖက်နှင့် အဂိန်ကို ပွေ့ချီသည်။ ယခုတိုင် အဂိန် ငိုတုန်း ရှိသေးသည်။ အဂိန်၏ မျက်ရည်စီးကြောင်းသည် သူ၏ မည်းညစ်ပေရေနေသော ပါးစောင် ၂ ဖက်တွင် အနီစင်းကြီး ဆွဲသားထားသကဲ့သို့ ဖြစ်နေသည်။ အဖွားသည် အဂိန်၏မျက်နှာမျက်ခွက်ကို စုပ်ယူနမ်းရှုပ်လျက် ပြောသည်။

''အဂိန်-မငိုနှင့်နော်။ ရောစနာကို ရိုက်မယ်။''

၄င်းနောက် တစ်စုံတစ်ရာ အခင်းမရှိ ပကတိမြေသားမျှသာ ဖြစ်သော်လည်း နှစ်ပေါင်းများစွာ သားဆီများ စွတ်စိုထူထဲနေသော ဂူကြမ်းပြင်ကို 'ဖျန်း'ခနဲ မြည်သွားအောင် လက်တစ်ဖက်နှင့် ချလိုက်သည်။

အဂိန်၏ 'အင်-အင်' သံ ယခုအထိ မတိတ်သေး။ မျက်ရည်အကျလည်း မရပ်သေး။

အဖွားသည် သူမ၏ မည်းညစ်နေသောလက်ဖဝါးဖြင့် မျက်ရည်များကိုသုတ်ကာ အဂိန့်ပါးစောင်ဟွင် ထင်နေသော အနီစင်းကြီးကို မည်းသွားအောင် လုပ်ဒေးလိုက်သည်။

အဖွားအိုသည် အဂိန်အား 'အို တိတ်မှတိတ်ပါစေတော့။' ဟု သူမ၏ အရေရော့ရဲ့ ပျဉ်းတွဲရုံတွင်နေသော နို့ပျဉ်းကျကြီးကို တိုက်ထားသည်။ အဖွားအို၏ နို့ပျဉ်းကျကြီးမှာ အရိုးစုပေါ်တွင် ခြောက်ကပ်နေသော အရေပြားမျှသာ ဖြစ်သည်။ မနုမရင့် ရွေဖရုံသီးအခြောက်နှင့်ပင် တူလှသည်။ အဂိန်သည် နို့ပိန့်ကို စုပ်နေသည်။ အငိုလည်း ရပ်လေတော့သည်။

ထိုအချိန်မှာပင် အပြင်ဘက်က စကားပြောသံ ကြားရသည်။ အဂိန်သည် နို့ပိန့်ကိုစို့ရင်း အသံလာရာဘက်သို့ တစ်ဖွေတစ်စောင်းကြည့်လိုက်သည်။ တစ်စုံတစ်ယောက်၏ ချိုသာကြည်နူးသောအသံ ရောက်လာသည်။

''အဂိန် ဝ ဝ နံ''

အဂိန် တစ်လော ငိုလိုက်ပြန်သည်။

မိန်းမ ၂ ယောက်သည် ခေါင်းပေါ်တွင်ရွက်လာသော ထင်းစည်းကို တစ်ထောင့်တွင် ပစ်ချလေသည်။ ထို့နောက် တစ်ယောက်က ရောစနာ, တစ်ယောက်က အဂိန်ဆီသို့ အပြေးကလေး သွားကြသည်။

အဂိန်သည် ပို၍ငိုကာ 'မာ မာ' ဟု အော်လေသည်။

အဂိန့်အမေသည် ဘယ်ဘက်လက်ကို အအားထား၍ ညာဘက်သားမြှောက်ပေါ်တွင် ဖြူဆူးနှင့်ချိတ်တွယ်ထားသော အမွေးနှင့်နွားသားရေဖြူကို လှပ်ကာ အောက်ဘက်သို့ လျှောချလိုက်သည်။

ဆောင်းရာသီတွင် အစားအစာ ခက်ခဲပင်ပန်းခြင်းကြောင့် သူမ၏ နုပျိုသောကိုယ်ကာယကလေးမှာ အသား လျော့ပါးနေရှာသည်။ သို့ရာတွင် သူမ၌ ထူးခြားသောအလှကား ရှိပါသည်။ သူမ၏ ပါးစောင်ကလေးများမှာ နီနီထွေးထွေး။ အညစ်ကြေးမသန်းဘဲ နှင်းဆီရောင် ဖျန်းနေသည်။ သူမ၏ ဆံပင်များကား နဖူးပေါ်တွင် ဖွာရရာ ကြဲနေသည်။ အကျပ်အခဲလည်း မရှိ။ ပိုက်ဆံလျော်ကဲ့သို့ ဝါကြောင်ကြောင်ဖြူရော်ရော် ဖြစ်သည်။ သူမ၏ အသားပါးပါးနှင့် ပြန့်ကားကျယ်ဝန်းသော ရင်ပတ်ပေါ်တွင် နီညိုညို့နို့အသီးကလေးနှင့်တကွ လုံးဝန်းဖြိုးကြွ ရွရွစုန့်စုန့်ရှိလှသော သားမြတ်အခုံမှာ အစုံလိုက် ဝင်းပနေသည်။ သူမ၏ခါးမှာကား လျလျသေးသွယ်သွယ် ဖြစ်သည်။ သူမ၏တင်သားမှာ အလွန်မကြီး အလွန်မငယ်

အလယ်အလတ်စားဖြစ်၍ ဖွံ့ထွားဖြိုးပြည့်သည်။ သူမမှာ အပြေးအလွှားအပင်ပန်းခံ၍ ကျင့်သားရနေသော တည်ကိုင်းပုံ ခြေသလုံးသားလည်း ရှိသည်။

၁၈ နှစ်ရွယ် သူငယ်ပျိုမသည် အဂိန်ကို လက် ၂ ဖက်နှင့်မြှောက်၍ အဂိန်၏မျက်ခွက်, မျက်လုံးနှင့် ပါးကလေးများကို နမ်းစုပ်လေသည်။

အဂိန် ငိုဖို့ မေ့သွားလေပြီ။ အဂိန်၏နှုတ်ခမ်းနီကလေးထဲမှာ ဖွေးဖြူသော သွားကလေးများမှာ တောက်ပြောင်၍ နေလေသည်။ အဂိန့်မျက်လုံးများ မပွင့်တပွင့် မှေးနေသည်။ ပါးတွင် ပါးခွက်ကလေးများ ပေါ်နေသည်။

သားရေပေါ်တွင် မိန်းမငယ် အသာထိုင်လေသည်။ သူမသည် အဂိန်၏ပါးစပ်တွင်းသို့ နူးညံ့သော သားမြတ်ကလေးကို ထည့်ပေးသည်။ အဂိန်သည် လက် ၂ ဖက်ဖြင့်ကိုင်ကာ နို့စို့လေသည်။

ထိုအချိန်မှာပင် အခြား ကိုယ်တုံးလုံးမကလေးတစ်ယောက်ကလည်း ရောစနာကို ပွေ့လျက် အနား လာထိုင်လေသည်။ သူတို့ ၂ ဦးကို ကြည့်ရုံနှင့်ပင် 'ညီအစ်မ'ဟု သိရပေသည်။

J

ဂူထဲတွင် အေးအေးဆေးဆေး စကားစမြည်ပြောနေသော သူတို့ကို ထားခဲ့၍ အပြင်ဘက်သို့ ကျွန်ုပ်တို့ ထွက်ကြည့်ကြသည်။

နှင်းခဲများအပေါ်တွင် သားရေပြားပတ်ထားသော ခြေများဖြင့် နင်းသွားသောခြေရာ အစဉ်အတန်းသည် တစ်နေရာဘက်ဆီသို့ သွားနေသည်။

''လာပါ။ သူတို့ကိုမီအောင် သုတ်သုတ်လှမ်းကြစို့။''

ယခုပင် ခြေရာအစဉ်အတန်းသည် ဖီလာဖြတ်သန်းနေသော တောင်ကုန်းပေါ် တောနက်ထဲသို့ ရောက်သွားလေပြီ။

ကျွန်ုပ်တို့သည် သုတ်သုတ်ပြေးလျက် ရှေ့သို့ ချီတက်နေကြသည်။ အသစ်စက်စက် ခြေရာအစဉ် အတန်းကား အဆုံးမသတ်သေးပေ။ ကျွန်ုပ်တို့သည် တစ်ခါတစ်ခါ ဖြူဖွေးသောနှင်းခဲပြင်ပေါ်မှာ လျှောက်သွားနေကြသည်။ တစ်ခါတစ်ခါ တောကြီးထဲတွင် တောင်ကုန်းမတ်စောက်ကြီးများကို ဖြတ်ကျော်လိုက်၊ အခြား နှင်းခဲပြင်, တောင်ကုန်း, တောနက်ကြီးများကို ဖြတ်ကျော်လိုက်နှင့် ရှေ့သို့ ချီတက်နေကြသည်။ နောက်ဆုံး၌ အနှိမ့်ပိုင်းမှနေ၍ သစ်ပင်မရှိသော တောင်ကုန်းမတ်စောက်တစ်ခုပေါ်သို့ ကျွန်ုပ်တို့မျက်လုံးများ ရောက်သွားသည်။ ထိုနေရာတွင် နိမ့်ရာမှ မြင့်တက်နေသော ဖြူဖြူဖွေးဖွေးဆီးနှင်းပုံကြီးသည် မိုးပြာသို့ ထိဆိုက်နေလေသည်။ အဆိုပါ မိုးပြာအခံတွင် အရိပ်ပြပြီးနောက် လူသားရုပ်ပုံများသည် တောင်ကုန်းဆင်ခြေလျှောတွင် ကွယ်ပျောက်သွားလေသည်။ သူတို့နောက်တွင် မိုးပြာအခံသာ အကယ်၍ မရှိခဲ့လျှင် အမှန်ပင် သူတို့ကို ကျွန်ုပ်တို့ မြင်နိုင်ကြမည် မဟုတ်ပေ။ သူတို့ကိုယ်ပေါ်တွင် နှင်းခဲကဲ့သို့ ဖွေးဖွေးဖြူနေသော နွားရေများ ပတ်ထားသည်။ သူတို့လက်ထဲတွင် စွဲကိုင်ထားသော လက်နက်များလည်း 'အဖြူရောင် ခြယ်ထားသည်။'ဟု ထင်ရလေသည်။ ဖြူဖွေးသော နှင်းခဲပြင်ကြီးပေါ်တွင် လူပ်လူပ်ရွရွ ဖြစ်နေသော သူတို့ရုပ်ပုံများကိုလည်း ဘယ်ပုံ အတိအကျခွဲခြား၍ သိနိုင်ပါမည်နည်း။

''ရှေ့တိုးပြီး နီးနီးကပ်ကပ် ကြည့်ရအောင်။''

ရှေ့ဆုံးမှ ကြံခိုင်လှသော ကိုယ်ကာယနှင့် မိန်းမကြီးတစ်ယောက်။ အသက် ၄၀ နှင့် ၅၀ အကြား ဖြစ်မည်။ သူမ၏ ပလာကျင်းထားသော လက်ရုံးကို ကြည့်ခြင်းအားဖြင့် 'အလွန် ခွန်အားပြည့်ဝသော မိန်းမတစ်ယောက်ဖြစ်ကြောင်း။' သိရသည်။ သူမ၏ ဆံပင်, မျက်နှာ, အင်္ကျီကြီးငယ်များသည် ဂူထဲတွင်ရှိ

သော အဆိုပါ မိန်းမငယ် ၂ ယောက်နှင့် တူသည်။ သို့သော် သူမက အလုံးအထည် ကြီးသည်။ သူမ၏ ဘယ်ဘက်လက်ထဲတွင် ၃ တောင်ခန့်ရှည်သော အဖျားချွန်ချွန် ဘုဇပတ်သားတုတ်ကြီးတစ်ချောင်း ရှိသည်။ ညာဘက်လက်ထဲတွင်ကား သားရေကြိုးတပ် သစ်သားလက်ကိုင်နှင့် မြမြထက်အောင်သွေးထားသော ကျောက်သားပုဆိန် ရှိသည်။

သူမ၏နောက်မှ ကပ်၍ ယောကျ်ား ၄ ယောက်နှင့် မိန်းမ ၂ ယောက် လိုက်လာကြသည်။ မိန်းမ ကြီးထက် အသက်ကြီးသူမှာ ယောကျ်ားကြီးတစ်ယောက်သာ ဖြစ်မည်။ ကျန်အားလုံး ၂၆ နှစ်, ၁၄ နှစ် ရွယ်များ ဖြစ်ကြသည်။

ယောကျ်ားကြီး၏ဆံပင်မှာလည်း အခြားသူများဆံပင်ကဲ့သို့ပင် ရှည်လျားး၍ ကောက်ရိုးရောင် ထနေသည်။ သူမျက်နှာကို ကောက်ရိုးရောင် ထူထပ်သောနှုတ်ခမ်းမွေး, မုတ်ဆိတ်မွေးများက လွှမ်းအုပ် ထားသည်။ သူ့ကိုယ်ကာယသည်လည်း မိန်းမကြီးကိုယ်ကာယကဲ့သို့ပင် ကြွံခိုင်တောင့်တင်းလေသည်။ သူ့လက်ထဲတွင် စွဲကိုင်ထားသောလက်နက်မှာလည်း မိန်းမကြီးလက်နက်မျိုးပင် ဖြစ်သည်။

ကျန်ယောကျ်ား ၃ ယောက်အနက် ၂ ယောက်ကား ယောကျ်ားကြီးကဲ့သို့ ထူထပ်သောနှုတ်ခမ်း မွေး, မုတ်ဆိတ်မွေးများ ရှိသည်။ သို့ရာတွင် အသက်အရွယ်မှာ ငယ်သည်။

မိန်းမများအနက် တစ်ယောက်မှာ ၂၁ နှစ်။ အခြားတစ်ယောက်မှာကား ၁၆နှစ် မရှိတရှိ ဖြစ်သည်။

ကျန်ပ်တို့သည် ဂူထဲမှမျက်နှာများကို မြင်ခဲ့ကြပြီး ဖြစ်သည်။ အဖွားအိုကိုလည်း မြင်ခဲ့ကြပြီး ဖြစ်သည်။ အကုန် ပေါင်းစပ်တိုက်ဆိုင်လိုက်လျှင် မိန်းမ, ယောကျ်ားအားလုံးကို ပုံသွင်းလိုက်သော ပုံစံခွက်မှာ အဖွားအို ဖြစ်ကြောင်း ကောင်းကောင်းကြီး ထင်ရှားပေသည်။

အဆိုပါ ယောကျ်ား, မိန်းမများ၏လက်တွင် သစ်သားအရိုး ကျောက်သားလက်နက်များနှင့် သူတို့၏ နိုးကြားလှုပ်ရှားနေပုံကို ကြည့်ရခြင်းအားဖြင့်၊ 'ရေးကြီးခွင်ကျယ်တိုက်ပွဲတစ်ခုဆီသို့ ရှေးရှု ချီတက်နေကြကြောင်း' သိရပေသည်။ တောင်ကုန်းကလေးပေါ်မှ အောက်ဘက်သို့ဆင်း၍ ခေါင်းဆောင် မိန်းမ ('အမိ' ခေါ်ကြပါစို့။) သည် လက်ဝဲဘက်သို့ ကွေ့သွားသည်။ အားလုံးပင် အသံမပေးဘဲ သူမနောက်မှ လိုက်နေကြသည်။ နှင်းခဲပေါ်တွင် လျှောက်သွားသောအခါ၊ သားရေနှင့်ပတ်ထားသော သူတို့၏ခြေများမှာ အသံ 'ရှပ် ရှပ်' ပင် မထွက်လာ။

တွေ့နေရသည်ကား သူတို့ရှေ့တွင် မြင့်မားသောကျောက်ဆောင်တစ်ခု ဖြစ်သည်။ ၄၀းကျောက် ဆောင်ကြီး၏ ဘေးတွင် ကျောက်ဆောင်ကလေးများစွာ ရှိနေသည်။ အမဲလိုက်သမားတစ်စုက ယခုအခါ အရှိန်ကို အစွမ်းကုန်သတ်၍ နေရာခွဲကာ အလစ်မပေးဘဲ တရွေ့ရွေ့ တိုးသွားနေကြသည်။ သူတို့အားလုံး ချွတ်နင်း၍ ခြေထောက်များကို တစ်လှမ်းကြွတစ်လှမ်းချ လုပ်နေကြသည်။ ကျောက်ဆောင်များကို လက်နှင့် မှေး၍ ရှေ့တိုး သွားနေကြသည်။

အမိသည် ဂူပေါက်သို့ ပထမဆုံး ရောက်သည်။ သူမသည်။ အပြင်ဘက်တွင်ရှိသော ဖြူဖြူဖွေးဖွေး နှင်းခဲများကို စူးစိုက်ကြည့်ရှုနေသည်။ ထိုနေရာတွင် တစ်စုံတစ်ခု ခြေရာအမှတ်အသား မတွေ့ရ။ ထို့နောက် သူမတစ်ကိုယ်တည်း ဂူတွင်းသို့ ဝင်သွားလေသည်။ ပေအနည်းငယ် ဝင်သွားမိသောအခါ ဂူမှာ တစ်ဖက်သို့ ကွေ့သွားလေသည်။ ဂူထဲတွင် အလင်းရောင် အတော်ပင် အားနည်းလှသည်။ အတန်ငယ် နား၍ မျက်စိကျင့်သားရအောင် သူမ လုပ်နေရသေးသည်။ ထို့နောက် ရှေ့သို့ တိုးသွားသည်။ ထိုနေရာတွင် မြင်လိုက်ရသည်မှာ အညိုရောင် ဝက်ဝံ ၃ ကောင်။ အမေ, အဖေ, သားကလေး။ နှုတ်သီးကိုချ၍ မြေ

ပေါ်မှာ အိပ်နေသည်။ သို့မဟုတ် သေနေသည်။ ၄င်းတို့တွင် အသက်ရှင်သေးသော အမှတ်အသား တစ်စုံတစ်ရာ မတွေ့ရပေ။

အမိ ဖြည်းဖြည်း ပြန်ဆုတ်လာသည်။ ပွင့်လန်းလာသော သူမမျက်နှာကို မြင်လိုက်ရလျှင်ပင်၊ 'လာဘ်တစ်ခု တိုက်လာပြီ။' ဟု အဖွဲ့သားများ သိကြလေသည်။

အမိသည် လက်မနှင့် လက်သန်းကို ဖြဲ၍ လက် ၃ ချောင်း ထောင်ပြလေသည်။ အမိ၏နောက်မှ ယောကျ်ား ၂ ယောက် လက်နက်များကို မြဲမြံကိုင်လျက် ရှေ့သို့ တိုးသွားလေသည်။ ကျန်လူများကား အသက် ခပ်ချုပ်ချုပ်ရှူ၍ ထိုနေရာမှာပင် မတ်တပ်ရပ်ကာ စောင့်နေကြသည်။

အတွင်းသို့ဝင်သွား၍ ဝက်ဝံအနီးမှာ အမိ ရပ်လေသည်။ ယောကျ်ားကြီးသည် ဝက်ဝံမကြီးအနားမှာ ရပ်၍၊ အခြားတစ်ယောက်က ဝက်ဝံကလေးအနားမှာ ရပ်လေသည်။ ထို့နောက် သူတို့လူစု တုတ်ချွန်ကြီးဖြင့် တစ်ပြိုင်နက် တစ်ချက်တည်း ဝမ်းဗိုက်ကိုဖောက်၍ အသည်းနှလုံးတို့ငရောက်အောင် ထိုးသွင်းကြလေသည်။ တစ်ကောင်မျှ မလှုပ်မယှက်တော့ပေ။

ဆောင်းရာသီ ၆ လတာ အိပ်စက်ရာမှ နိုးလာရန် တစ်လကျော်ကျော် လိုပါသေးသည်။ အမိနှင့် အဖွဲ့သားများ ထိုအကြောင်းကို အဘယ်မှာ သိပါအံ့နည်း။ သူတို့အဖို့မှာကား သတိဝီရိယ ကြပ်ကြပ်ထား၍ ဆောင်ရွက်ကြရပေမည်။

နောက်ထပ် ဝမ်းဗိုက်အတွင်းသို့ တုတ်ချွန်ဖြင့် ၃-၄ ကြိမ် ထိုးသွင်းကာ ဝက်ဝံကြီးကို သူတို့ လှန်လိုက်ကြလေသည်။ ထို့နောက် ကြောက်ရွံ့စရာမရှိတော့ဘဲ ဝက်ဝံများ၏ရှေ့ခြေထောက်နှင့် နှုတ်သီးကို ကိုင်၍ တရွတ်တိုက်ဆွဲကာ အပြင်သို့ ထုတ်ယူသွားကြလေသည်။ အားလုံးပင် ဝမ်းမြောက်ဝမ်းသာ ရယ်ရယ်မောမောဖြင့် အော်ကျယ်ဟစ်ကျယ် စကားပြောကြလေသည်။

ဝက်ဝံ အသေကောင်ကြီးကို လှန်လိုက်၍ အမိသည် သူသားရေအဝတ်ထဲမှ တောက်ပြောင်နေသော ကျောက်ဓားကို ထုတ်လိုက်သည်။ ထို့နောက် ဒဏ်ရာဒဏ်ချက်နေရာမှ စ၍ ဝမ်းဗိုက်ရေကို ခွဲချလေသည်။ ကျောက်ဓားနှင့် ဤမျှ သပ်သပ်ရပ်ရပ် သားရေကိုခွဲဖြတ်ခြင်းမှာ ကျင့်သားရပြီး အားကောင်းမောင်းသန် လက်များက အလုပ်သာ ဖြစ်သည်။

အမိသည် နူးညံ့သော ကလီစာ (နှလုံးသား)ကို တစ်လုတ်စာဖြတ်၍ သူပါးစပ်ထဲသို့ သွင်းလိုက်သည်။ နောက်တစ်လုတ်စာကို ၁၄ နှစ်သားကလေး၏ ပါးစပ်ထဲသို့ သွင်းလိုက်သည်။ ကြွင်းကျန်သောသူများ အားလုံး ဝက်ဝံကြီးကို ဝိုင်းထိုင်နေကြသည်။ အမိက အားလုံးကို ကလီစာအိုင်းကလေးများ ဝေပေးနေသည်။

ဝက်ဝံတစ်ကောင် ကိစ္စပြီး၍ ဒုတိယဝက်ဝံတစ်ကောင်ပေါ်သို့ အမိ လက်တင်လိုက်သော အချိန်မှာပင် ၁၆ နှစ်ရွယ်လုံမငယ် အပြင်သို့ ထွက်သွားလေသည်။

သူမကလေးသည် နှင်းခဲတစ်ခဲကို ပါးစပ်ထဲ သွင်းလေသည်။ ထိုအချိန်မှာပင် ယောကျ်ားကြီးလည်း အပြင်ဘက်သို့ ရောက်လာသည်။ သူလည်း ပါးစပ်ထဲသို့ နှင်းခဲတစ်ခဲ ထည့်လိုက်၍ ၁၆ နှစ်မကလေး၏လက်ကို ဆွဲယူလိုက်သည်။ သူမကလေးသည် အနည်းငယ် ဆုတ်ကန်ဆုတ်ကန်လုပ်ပြီးနောက် ငြိမ်သက်သွားသည်။ ယောကျ်ားကြီးသည် ကလေးမကိုပွေ့ဖက်ကာ တစ်နေရာသို့ ခေါ်ဆောင်သွားလေသည်။

၁၆ နှစ်မနှင့် ယောကျ်ားကြီးလက်ထဲတွင် နှင်းခဲကြီးတစ်ခဲကို ယူ၍ ဝက်ဝံရှိရာသို့ ပြန်လာသောအခါ ၂ ဦးသား၏ ပါးများ, မျက်လုံးများမှာ ခြင်းခြင်းနီမျှ အသွေးတက်နေကြလေသည်။ ယောကျ်ားကြီးက ပြောသည်။

''အမိ။ ငါ လှီးဦးမယ်။ နင် မောပြီ။''

အဓိသည် ဓားကို ယောက်ျားကြီးလက်ထဲသို့ ထည့်လိုက်သည်။ သူမ ပြန်ငုံ့ကာ ၂၄ နှစ်ရွယ် လုလင်ပျိုကလေးကို နမ်းစုပ်လိုက်သည်။ ထို့နောက် လုလင်ပျိုလက်ကို ဆွဲကာ အပြင်ဘက် ထွက်သွားလေသည်။

သူတို့ ဝက်ဝံ ၃ ကောင်၏ ကလီစာများ အားလုံးကို စားပြီးကြလေပြီ။ ၄ လတာ အစာမစားဘဲ အိပ်နေကြသော ဝက်ဝံများတွင် အဆီ ဘယ်မှာရှိပါအံ့နည်း။ ဝက်ဝံကလေးအသားမှာ နူးနူးညံ့ညံ့နှင့် အရသာ အနည်းငယ်ပိုသည်ကား မှန်ပါ၏။ ဝက်ဝံကလေးအသားကို စားလိုက်ကြသည်မှာပင် အတော်များသွားလေပြီ။ ထို့နောက် အတန်ငယ် အပန်းဖြေရန် အားလုံးပင် တစ်ယောက်အပေါ်တစ်ယောက် မှီ၍ လဲလျောင်းနေကြသည်။ ယခုအခါ သူတို့ အိမ်ပြန်ဖို့သာ ရှိတော့သည်။ ဝက်ဝံထီး, ဝက်ဝံမ ၂ ကောင်ကို ခြေထောက် ၄ ဘက် သားရေကြိုးနှင့် တုပ်၍ တုတ်လျှိုကာ လူ ၂ ယောက်က ထမ်းသည်။ ဝက်ဝံကလေးကိုကား လုံမပျိုတစ်ယောက်က ထမ်းသည်။ အဓိသည် သူမ၏ ကျောက်ပုဆိန်ကို ကိုင်လျက် ရှေ့မှ သွားလေသည်။ အဆိုပါ တောတွင်းသားများသည် နေ့အခါ အချိန်နာရီကိုကား မသိကြရာ။ သို့သော် 'ယနေ့ လထွက်မည့်ည' ဟုကား သိကြလေသည်။

အတန်ငယ် သွားကြပြီးနောက် နေသည် မိုးကုပ်စက်ဝိုင်းအောက်သို့ နိမ့်ဆင်းသွားဟန် ရှိလေသည်။ သို့သော်လည်း နေသည် နက်နက်ကြီး ဆင်းမသွားသေး။ ထို့ကြောင့် နာရီအတော်ကြာ ဆည်းဆာရောင် သန်းနေသေးသည်။

ဆည်းဆာရောင် ပျောက်သွားသောအခါ မြေပြင်, ကောင်းကင် ထက်ဝန်းကျင်၌ လရောင် မင်းမူလာသည်။ အိမ်ဂူမှာ ဝေးလှသေးသည်။ ထိုစဉ် လဟာပြင်တစ်နေရာ အဓိသည် ရုတ်တရက် တံ့ရပ်လိုက်၍ တစ်စုံတစ်ခုကို နားစွင့်ထောင်လေသည်။ အားလုံး လုလင်ပျိုအနီးသို့သွား၍ 'ဂုရ်ရ်-ဂုရ်ရ် ဗရိုက် (ဝံပုလွေ)' ဟု ပြောလေသည်။

အဓိသည် ခေါင်းကို နိမ့်ချည်မြင့်ချည်လှုပ်၍၊ 'ဂုရ်ရ် ဂုရ်ရ် ဗရိုက် ဝံပုလွေတွေ အများကြီး၊ ဝံပုလွေတွေ အများကြီး။'' ဟု ပြောလေသည်။ ထို့နောက် အရေးတကြီးအသံနှင့် 'အသင့်နော်' ဟု သတိပေးလေသည်။

ဝက်ဝံများကို မြေပေါ်သို့ ချထားကြလေသည်။ အားလုံးပင် ကိုယ်စီကိုယ်ငင လက်နက်များကို မြဲမြဲဆုပ်ကိုင်၍ တစ်ယောက်ကိုတစ်ယောက် ကျောချင်းအပ်ကာ အရပ် ၄မျက်နှာသို့ မျက်နှာမူလျက် ရပ်နေကြသည်။ ပြောတွင်းဆိုတွင်း လျှာတပျပ်ပျပ်လှုပ်နေသော ၇ ကောင်-၈ ကောင် ဝံပုလွေအုပ် ကို တွေ့ရလေသည်။ ဝံပုလွေများ 'ဂရူး-ဂရူး' သံပေးကာ အနားသို့လာ၍ အမဲလိုက်လူစုကို ၄ ဘက် ၄ တန် ဝိုင်းပတ်ထားသည်။ လူသားတို့လက်ထဲတွင်ကား သစ်သားလုံများနှင့် ကျောက်ပုဆိန်များကို မြင်ရ၍ တိုက်ခိုက်ထိုးသတ်ရန် သူတို့ ဆုတ်ဆိုင်းဆုတ်ဆိုင်း ဖြစ်နေကြသည်။

ထိုအချိန်မှာပင် လူဝိုင်းအလယ်ကောင်မှ လူငယ်သည် တုတ်ကြီးနှင့်ပူးချည်ထားသော တုတ်ရှည်ရှည်တစ်ချောင်းကို ဆွဲဖြုတ်သည်။ ထို့နောက် ခါးတွင်ပတ်ချည်ထားသော သားရေကြိုးတောင့်တောင့်ပါးပါးကလေးကို တုတ်တစ်ဖက်တစ်ချက်တွင်ချည်ကာ ချက်ချင်း လေး လုပ်လိုက်သည်။ ထို့နောက် ဘယ်နေရာတွင် ဝှက်ထားမှန်း မသိရသော ကျောက်သွားတပ်မြားချွန်ကို ထုတ်သည်။ လေး,မြားကို ၂၄ နှစ်သားလက်ထဲသို့ ထည့်၍ သူကို အလယ်ကောင်သို့ ပို့ကာ နေရာချင်း လဲလိုက်သည်။ ၂၄ နှစ်သားသည် လေးညှို့ကို နောက်ထပ် တင်းကျပ်ခိုင်မြဲအောင် တုပ်လိုက်သေးသည်။ ထို့နောက် လေးညှို့ကို ဆွဲ၍ 'ဒေါင်'ခနဲ မြည်သံနှင့်အတူ မြားကိုဖြုတ်ကာ ဝံပုလွေတစ်ကောင်၏ဝမ်းဗိုက်ကို ပစ်ဖောက်လိုက်လေသည်။

ဝံပုလွေ လိမ့်၍ သွားလေသည်။ သို့သော် ဝံပုလွေ အားယူ၍ တစ်ဟုန်ထိုးတိုက်ရန် အတင်းလာ ပြန်သည်။ ထိုအခိုက်မှာပင် လုလင်ယောကျ်ားသည် နောက်ထပ် မြားတစ်စင်း ဖြုတ်လိုက်ပြန်သည်။ ထို အချိတ်တွင်၊ ဝံပုလွေမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာ ရသွားလေသည်။ ထိုဝံပုလွေ မလှုပ်မယှက်ဖြစ်သွား သည်ကို မြင်၍ ကျန်ဝံပုလွေများ ၄င်းဝံပုလွေ၏အနီးသို့ ရောက်လာကြလေသည်။ ပထမသော် ဝံပုလွေ များသည် ဒဏ်ရာရနေသော ဝံပုလွေကိုယ်မှ ပူပူနွေးနွေးသွေးများကို လျက်ကြသည်။ ထို့နောက် အသားကို ကိုက်ဖဲ့စားကြသည်။

ဝံပုလွေများ အစာနှင့် အလုပ်ရှုပ်နေသည်ကို မြင်လတ်သော်၊ သူတို့လူစု အမဲကောင်များကို ထမ်း ကာ သတိကြီးစွာထား၍ ရှေ့သို့ အပြေးနှင်ကြလေသည်။ ဤအကြိမ်တွင် အမိက နောက်ဆုံးမှ ဖြစ်လေ သည်။ တစ်ချက်တစ်ချက် လှည့်လှည့်ကြည့်ရသေးသည်။

ယနေ့ နှင်းခဲ မကျ။ ထို့ကြောင့် လသာသောညတို့တွင် သူတို့ခြေရာများက လမ်းညွှန်နိုင်လေ သည်။

ဂူနှင့် မိုင်ဝက် မရှိတရှိ ဝေးသောနေရာသို့ ရောက်တော့မည်ရှိမှ ဝံပုလွေအုပ် ရောက်လာပြန်သည်။ သူတို့လူစု အမဲကောင်များကို တစ်ချီ မြေပေါ်တွင်ချ၍ လက်နက်များကို မြဲမြံကိုင်ထားကြသည်။ ယခု အချိတွင် လေးသည်ကျော်က မြားအချက်ချက် ပစ်လွှတ်လေသည်။ သို့သော် တစ်ခဏမျှ တစ်နေရာ တည်းတွင် တန့်ရပ်မနေသော ဝံပုလွေများကို ဘာတစ်ခုမျှ ဖြစ်အောင် မပြုလုပ်နိုင်ပေ။ အတော်ကြာ ရှေ့ တိုးနောက်ဆုတ် လုပ်ပြီးနောက် ဝံပုလွေ ၄ ကောင် တစ်ပြိုင်နက် ၁၆ နှစ်ရွယ်သူငယ်ပို့မအပေါ် ခုန်အုပ် လေသည်။ နံဘေးတွင်ရပ်နေသော အမိက သူမ၏လုံနှင့် ဝံပုလွေတစ်ကောင်၏ ဝမ်းဗိုက်တွင်းသို့ ထိုးသွင်းကာ မြေကြီးပေါ်သို့ ဖိချလိုက်သေည်။ သို့သော် ကျန် ဝံပုလွေ ၃ ကောက်က ၁၆ နှစ်မလေး၏ ပေါင်ကို ကုပ်ဖြဲ၍ လှဲချလိုက်ကြသည်။ ပြောတွင်းဆိုတွင်းမှာပင် ဝံပုလွေများသည် သူမကလေး၏ ဝမ်းဗိုက် ကိုဖောက်ခွဲ၍ အူများကို အပြင်သို့ ဆွဲထုတ်ကြလေသည်။

၁၆ နှစ်ရွယ်သူငယ်မလေးကို ကယ်ဆယ်ရန် အားလုံး စိတ်ဝင်စားနေခိုက် အခြားဝံပုလွေ ၃ ကောင်က နောက်ပိုင်းမှ အလစ်ချောင်းကာ ၂၄ နှစ်ရွယ်လုလင်ကို အုပ်လေတော့သည်။ ကူညီကယ်ဆယ်ရန် အခွင့် အနည်းငယ်မျှ မရမီ မြေပေါ်သို့လှဲချကာ လုလင်၏ဝမ်းဗိုက်ကိုလည်း ဖောက်လိုက်ကြပြန်သည်။

လုလင်ပို့ဘက်သို့ လူများစိတ်ဝင်စားနေခိုက် ၁၆ နှစ်မကလေးကို ၂၅ တောင်လောက်ဝေးသော နေရာသို့ ဝံပုလွေ ၃ ကောင် တရွတ်တိုက် ဆွဲသွားကြလေသည်။

သေလုသေခင်ဖြစ်နေသော ဝံပုလွေအနီး၌ ၂၄ နှစ်ရွယ်လုလင် အသက်ငင်နေသည်ကို အမိ ကြည့်နေသည်။ တစ်ယောက်က မသေတသေဖြစ်နေသော ဝံပုလွေပါးစပ်ထဲသို့ လုံကို ထိုးသွင်းလိုက်သည်။ တစ်ယောက်က ဝံပုလွေ၏ ရှေ့ခြေ ၂ ဖက်ကို ကိုင်လေသည်။ ထို့နောက် ကျန်လူများက စီးဆင်းနေသော ပူနွေးနွေးငန်ပျစ်ပျစ် ဝံပုလွေသွေးကို ပါးစပ်နှင့်တော့၍ စုပ်ယူကြလေသည်။ သွေးစုပ်သူများ ဝိုမိုလွယ်ကူစေရန် အမိက လည်ပင်းကြောကို ဖြတ်ပေးလိုက်သည်။ ဤအဖြစ်အပျက်အားလုံး မိနစ်အနည်းငယ်အတွင်းမှာ ဖြစ်ခဲ့လေသည်။

၁၆ နှစ်မကို စားပြီးလျှင်ပင်၊ 'ဝံပုလွေများ ငါတို့ကို တိုက်ခိုက်တော့မည်။' ဟု သူတို့သိကြလေသည်။

သူတို့သည် မသေတသေလုလင်ပို့ကို ထိုအရပ်မှာပင် စွန့်ထားခဲ့ကြ၍ ဝက်ဝံ ၃ ကောင်နှင့် ဝံပုလွေအသေကောင်းကို ထမ်းကာ ပြေးကြလေသည်။ ထို့နောက် သူတို့ ဂူသို့ ချောချောမောမော ဆိုက် ရောက်ကြလေသည်။

တခိုင်းခိုင်းမြည်ကာ မီးတောက်နေသည်။ မီးရောင်နီနီတွင် ကလေးအားလုံးနှင့် မိန်းမပျိုပျို ၂ ဦး အိပ်နေကြသည်။ အသံကြားလျှင်ပင် အမွှားက တုန်လှုပ်သော်လည်း လေးနက်သောအသံဖြင့် ပြောလိုက်သည်။

''နိသျှာ- လာပြီကိုး။''

''အိမ်း'' ဟုဆိုကာ အမိသည် လက်နက်များကို တစ်နေရာသို့ သွားထားလိုက်သေးသည်။ ထို့နောက် သားရေအဝတ်ကို ချွတ်ချကာ ဗလာကျင်းလိုက်လေသည်။

အမဲများကို ချပြီးနောက် ကျန်သူအားလုံးလည်း အလားတူပင် သားရေအဝတ်ကို ချွတ်ကာ အရသာရှိလှသော မီးအပူငွေ့ အတွေ့အထိကို မွေးတွင်းပေါက်များမှ သွင်းနေကြသည်။

ယခုအခါ အိပ်နေကြသောသူများအားလုံး နိုးထ ထကြလေပြီ။ သူတို့မှာ ငယ်စဉ်ကပင် 'ချွတ်' ခနဲ အသံကြားရုံနှင့် နိုးသောအလေ့ ရှိကြသည်။

အမိသည် များစွာ အပင်ပန်းအကုန်အကျခံ၍ မိသားစုကို ယခုတိုင် စောင့်ရှောက်မွေးမြူခဲ့လေသည်။

သမင်, ယုန်, တောဖွား, သိုး, ဆိတ်, မြင်း-အမဲများလိုက်သော အလုပ်ကို ဆောင်းဦးမပေါက်မီကပင် ရပ်ဆိုင်းခဲ့ရလေသည်။ အကြောင်းသော်ကား ထိုအချိန်ကပင် ၄င်းအမဲများ တောင်ဘက်အပူပိုင်း ဒေသသို့ ထွက်ခွာသွားကြလေသည်။ အမိ၏သင်းပင်းအုပ်စုသည်လည်း အနည်းငယ် တောင်ဘက်ကျသေဘအရပ်သို့ သွားခဲ့ရန် သင့်သည်။ သို့သော်လည်း ထိုစဉ်က ၁၆ နှစ်မကလေး မကျန်းမမာ ဖြစ်နေခဲ့သည်။ ထိုစဉ်အခါက လူသားဥပဒေအရ မိသားစုအရှင်မ အမိ၏တာဝန်မှာ 'တစ်ဦးတစ်ယောက်အတွက် မိသားစုတစ်ပြုလုံး အသက်အန္တရာယ် မကျရောက်စေရန် ဆောင်ရွက်ရမှု' ဖြစ်သည်။ သို့သော် အမိ စိတ်ပျော့ညံ့ခဲ့သည်။ ယခု အမိမှာ တစ်ယောက်အစား ၂ ယောက် ဆုံးရှုံးခဲ့ရလေသည်။ အမဲလိုက်ရာသို့ ပြန်သွားရန် ၂ လသာ ကျန်တော့သည်။ ဤအတောအတွင်း ကြည့်ရဦးမည်။ နောက်ထပ် လူဘယ်ယောက် ဆုံးဦးမည်နည်း။

ဝက်ဝံ ၃ ကောင်နှင့် ဝံပုလွေ ၁ ကောင်။ ဤမျှဖြင့် သူတို့ ဆောင်းတစ်လျှောက်လုံး လုံလောက်နိုင်မည် မဟုတ်ပေ။

ကလေးများ အတော် ဝမ်းသာရှာကြသည်။ ခမျာများမှာ ဝမ်းဟောင်းလောင်းနှင့် ခွေနေကြရရှာသည်။ အမိသည် ရှေးဦးစွာ ကလေးများအား ဝံပုလွေကလီစာကို အပိုင်းပိုင်းလှီး၍ ပေးသည်။ ကလေးများ ဟပ်၍ဟပ်၍ စားနေကြလေသည်။ သားရေကို အပျက်အစီးမရှိရအောင် ခွာလေသည်။ သားရေမှာ အလွန် အသုံးကျသော အရာဝတ္ထု ဖြစ်သည်။

အသားကို လှီးဖြတ်၍ ပေးလိုက်သောအခါ ဆာလွန်းအားကြီးနေသော သူများကား အချို့ကို အစိမ်းပင် စားလိုက်ကြလေသည်။ နောက်မှ အားလုံးသောသူများ မီးကျီးပေါ်တွင် ကင်ကာမြှိုက်ကာ စားကြလေတော့သည်။ ကိုယ်တွက် အသားကင်ကလေးများမှ 'တစ်ကိုက်ကိုက်ပါရန်' အားလုံးပင် အမိအား လောက္ခတ်ကောင်းနေကြသည်။

အမိက ပြောလိုက်သည်။

''ကောင်းပြီ။ ကနေ့ အဝစားထား။ နက်ဖြန်ခါကစပြီး ဒီလောက် မရတော့ဘူး။''

အမိ ထိုင်ရာမှထ၍ ထောင့်တစ်ထောင့်သို့ သွားသည်။ ထိုနေရာမှ သားရေစည်ဖောင်းဗူးတစ်လုံး ယူလာ၍ အမိက ပြောသည်။

''ဒီမယ်-ဒါပဲ ပျားရေအရက်။ ကနေ့ သောက်ကြ, ကကြ, ပျော်ကြပေတော့။''

ကလေးငယ်များ အရက်ဗူးထဲမှ အရက် တစ်ကျိုက်စာ တစ်ကျိုက်စာစီ သောက်ကြရသည်။ လူကြီးများမှာကား ပိုပိုမိုမို သောက်ကြရသည်။

မူးယစ်လာလေပြီ။ မျက်လုံးများ နီလာပြီ။ ထိုနောက် ကျယ်လောင်သောရယ်မောသံ ထွက်လာသည်။ အကြီးအကျယ်မျော်ကြသော ညတစ်ည ဖြစ်သည်။

အုပ်ချုပ်ရေးမှာ အဓိအုပ်ချုပ်ရေး ဖြစ်သည်။ သို့သော် ၄င်းအုပ်ချုပ်ရေးမှာ မတရား မမျှတသော အုပ်ချုပ်ရေး မဟုတ်။ အဖွားအိုနှင့် ယောကျ်ားကြီးမှတစ်ပါး အားလုံး အဓိ၏သား,မြေးများ ဖြစ်သည်။ ယောကျ်ားကြီးနှင့် အဓိမှာ အဖွားအို၏ သားနှင့်သမီး ဖြစ်သည်။ အမှန်အားဖြင့် 'ငါ့ဟာ-နှင့်ဟာ ခေတ်'ရောက်ဖို့ ဝေးလှပါသေးသည်။ သို့သော် တစ်ခုတော့ ရှိသည်။ အဓိက ယောကျ်ားအားလုံးအပေါ်တွင် ညီတူညီမျှ ပထမဆုံး အခွင့်အရေးများကို ယူထားသည်။

သူမ၏ ၂၄ နှစ်ရွယ် 'သား, လင်' သေဆုံးသွားသဖြင့် သူမ 'ဝမ်းမနည်း'ဟုဆိုသော် မဖြစ်နိုင်။ သို့သော် ထိုခေတ်ထိုအခါက ဘဝအခြေအနေများသည် အတိတ်ထက် ပို၍ ပစ္စုပ္ပန်တည်နိုင်ရေးကို မရှေးရှု မစဉ်းစားဘဲ မနေနိုင်အောင် ဖန်တီးနေကြလေသည်။ အဓိမှာ လင် ၂ ယောက် လက်ရှိ ဖြစ်သည်။ တတိယမြောက် ၁၄ နှစ်သားကလေးလည်း အသင့် ဖြစ်လာတော့မည်။ သူမ၏ အုပ်စိုးမှုတည်နေသမျှ ကလေးများထဲမှပင် ဘယ်လောက် လင်ဘဝရောက်ဦးမည် မသိနိုင်ပေ။

အဓိသည် ၂၆ နှစ်သားကို သဘောကျ၏။ ထို့ကြောင့် တစ်ဦးတည်းသော အဆိုပါ အသက် ၅၀ အရွယ်ယောကျ်ားကြီးသည် ကျန်မိန်းမပျို ၃ ယောက်အတွက် ဖြစ်နေလေတော့သည်။

ဆောင်းရာသီ ကုန်မြောက်လွန်မြောက်၍ တစ်ခုသောရက်သို့ ရောက်သောအခါ အဖွားအိုသည် ထာဝရ အိပ်ပျော်သွားခဲ့ရလေသည်။

ကလေးများအနက် ၃ ယောက် ဝံပုလွေ ဆောင်ကြဉ်းသွားသည်။ ယောကျ်ားကြီးကား နှင်းခဲပျော်၍ ဖောင်ဖောင်တိုးလာသော နဒီကြောဝယ် မျောပါခဲ့ရာလေပြီ။ ဤသို့လျှင် မိသားစု ၁၆ ယောက်နေရာတွင် ၉ ယောက်သာ ကျန်လေတော့သည်။

၃

နွေဦးလ၏ နေ့တစ်ည ဖြစ်သည်။ ကြာမြင့်စွာက အသက်မဝင်ဖြစ်လာခဲ့သော သဘာဝတွင် အသစ်တစ်ဖန် အသက်ပြန်ဝင်နေသည်။ လွန်ခဲ့သော ၆ လမှ စ၍ ခြောက်ကပ်နေသော ဘုဇပတ်ပင်များတွင် ရွက်တံများ ထွက်နေသည်။ နှင်းခဲများ အရည်ပျော်လေပြီ။ မြေပြင်ကို စိမ်းမြမြရောင် လွှမ်းခြုံနေသည်။ စိုထိုင်းထိုင်းနှင့် မွှေးဝေမှုးယစ်စေနိုင်သော သစ်ပင်နုံ့, မြေသင်းနုံ့မှာ လေပြည်တွင် ပျံ့ပျံ့သင်းနေသည်။ သက်မဲ့လောကသည် သက်ရှိလောကအဖြစ်သို့ ပြောင်းနေသည်။

တစ်နေရာတွင် သစ်ဘုံဆောင်အထက် ၄င်္ကသာင်က ချိုလွင်လွင်သံစုံတေးကို ရင့်ကြွေးသီကျူးနေသည်။ တစ်နေရာတွင်ကား ပုရစ်ကောင်သည် မနားတမ်း တကျည်ကျည်မြည်အော်နေသည်။ တစ်နေရာတွင်ကား ရေကျေးရေငှက်များသည် နှင်းခဲပျော်ရေစီးကြောင်း ဟိုဘက်သည်ဘက် ကမ်းစပ်မှနေ၍ ပိုးကောင်များကို စားသောက်နေကြသည်။ တစ်နေရာတွင် ဟသ်ာ, ဝမ်းဘဲတို့ အချစ်ပွဲ ကျင်းပနေကြသည်။ ယခုအခါ စိမ်းစိုလာသော တောင်ကုန်း, တောများ အလယ်တစ်နေရာတွင် ခုန်ပေါက်ပြေးလွှား ကျက်စားနေကြသော သမင်များကို အုပ်လိုက်အုပ်လိုက် တွေ့ရသည်။ သိုး, ဆိတ်, ဆတ်ဖို, နွားမများကိုလည်း အုပ်လိုက်အုပ်လိုက် ဟိုမှာသည်မှာ တွေ့ရလေသည်။ အခြားတစ်နေရာတွင်ကား ၄င်းတို့ကို ဖမ်းခုပ်သတ်ညှစ်ရန် ချောင်းမြောင်းစောင့်ဆိုင်းနေသော ကျားသစ်များကို တွေ့နေရသည်။ အခြားတစ်နေရာတွင်ကား ဝံပုလွေများကို တွေ့ရသည်။

ဆောင်းရာသီတွင် ပိတ်ဆို့စုခဲနေသော မြစ်ရေအလျဉ်ကဲ့သို့ တစ်နေရာတွင် တန့်ရပ်နေသော လူသားအုပ်စုလည်း ယခုအခါ ရွေ့လျားစ ပြုလာလေပြီ။ ကိုယ်စီကိုယ်ငင လက်နက်များ, သားရေများနှင့် ကလေးသူငယ်များကို ထမ်းပိုး၍ 'အိမ်ထောင်မီး'ကို ဆောင်ယူကာ လဟာပြင်ကျယ်ကြီးဘက် ထွက်ခွာခဲ့ကြသည်။ သားကောင်နှင့် သစ်ပင်များကဲ့သို့ပင် လူသားတို့၏ ခြောက်ကပ်နေသော အရေပြားအောက်မှ အသားလွှာ, အဆီလွှာများလည်း တစ်ရက်ပြီးတစ်ရက် တိုးတက် ဆူဖြိုးလာခဲ့လေသည်။

တစ်ရံတစ်ခါ သူတို့၏ အမွေးစုတ်ဖွားနှင့်ခွေးကြီးများက သိုးကို ဖြစ်စေ, ဆိတ်ကို ဖြစ်စေ ဖမ်းတတ်ကြလေသည်။ တစ်ရံတစ်ခါ သူတို့ကိုယ်တိုင် ပိုက်ကွန်, မြား, သစ်သားလှံများဖြင့် တိရစ္ဆာန်များကို သတ်ဖြတ်ကြသည်။ မြစ်များတွင်လည်း ငါးများ ရှိကြသည်။ ဗော်လဂါမြစ်အထက်ပိုင်းတွင် နေထိုင်ကြသူများသည် ထိုစဉ်အခါက ငါးမပါဘဲ ပိုက်ကွန်ချည်းသက်သက် ဆွဲတင်ရဖူးသည် မရှိပေ။

ညမှာ အေးတုန်းပင် ရှိသေးသည်။ သို့သော် နေ့မှာကား ပူလေသည်။

နိဿာမိသားစု (အမိအမည် နိဿာ) သည် ယခုအခါ အခြားမိသားစုများနှင့်အတူ ဗော်လဂါမြစ်ကမ်းပေါ်မှာ ရှိလေသည်။ နိဿာမိသားစုမှာကဲ့သို့ပင် အခြားမိသားစုများမှာလည်း သူတို့အဓိ၏ အုပ်ချုပ်ရေးသာ ရှိလေသည်။ အဖအုပ်ချုပ်ရေး မရှိပေ။ အမှန်အား ဖြင့် ထိုအရပ်တွင် 'မည်သူ့အဖ မည်သူ'ဟု ပြောရန် မဖြစ်နိုင်ပေ။ နိဿာမှာ သမီး ၈ ယောက်နှင့် သား ၆ ယောက် ဖွားမြောက်ခဲ့လေသည်။ ၄င်းတို့အနက် သမီး ၄ ယောက်နှင့် သား ၃ ယောက်မှာ ယခုတိုင် 'လူမမည်' အရွယ်တွင် ရှိကြသေးသည်။ ၄င်းတို့ နိဿာ၏သားသမီးဖြစ်မှုမှာ တစ်စုံတစ်ရာ သံသယရှိဖွယ် မလိုပေ။ အကြောင်းသော်ကား 'သားသမီးမှန်ကြောင်း' အခိုင်အမာပြုရန် မွေးထုတ်လိုက်မှု သက်သေခံ အထင်အရှားရှိသည်။ သို့သော် 'ကလေးများအဖ မည်သူ'ဟု ပြောရန်ကား မဖြစ်နိုင်ပေ။

နိဿာအရင် နိဿာ၏အမိ (အဖွားအို) အုပ်ချုပ်စဉ်က အဖွားအို (ထိုစဉ်ကမိန်းမကြီး) မှာ မောင်လင်, သားလင် အများအပြားရှိခဲ့သည်။ ၄င်းတို့သည် အကြိမ်ပေါင်းများစွာ နိဿာနှင့် အတူတွဲ၍ ကပွဲဆိုပွဲ ဆင်နွှဲခဲ့ကြရာ၊ သူမ ချစ်ဖန်းကို ဆွတ်လှမ်းနိုင်ခဲ့ကြသည်။ နောင် ကိုယ်တိုင် ဘုရင်မ ဖြစ်လာသောအခါ နိဿာ၏ အသစ်အသစ်ပြောင်း၍ ကောင်းနိုးရာရာလိုက်စားချင်သော ချစ်အာသာကို သူမ၏ မောင်များ, အရွယ်ရောက်သောသားများက ပယ်လှန်လိုက်ရန် မဝံ့ရဲကြပါ။ ထို့ကြောင့်ပင် နိဿာ၏ အသက်ထင်ရှားရှိသော သားသမီး ၇ ယောက်တွင် 'မည်သူ့အဖ မည်သူ'ဟု ပြောရန် မဖြစ်တော့ပေ။ နိဿာမိသားစုတွင် ယနေ့အဖို့ သူမ နိဿာသာလျှင် အသက်အကြီးဆုံး, ဩဇာအာဏာအလွှမ်းဆုံး ဖြစ်လေသည်။ သို့သော် ဩဇာအာဏာမှာ ကြာကြာခံတော့မည် မဟုတ်ပေ။ ၁ နှစ်-၂ နှစ်အတွင် နိဿာကိုယ်တိုင် အဖွားအိုမ ဖြစ်ရပေတော့မည်။

ထိုအခါ နိဿာ၏သမီး အားအကောင်းဆုံး လေခါ[1] အုပ်စိုးပေလိမ့်မည်။ ထိုအချိန်တွင် လေခါ၏ ညီမများနှင့် လေခါ မုချ ရန်ပွဲ ခင်းရပေလိမ့်မည်။ နှစ်စဉ်နှစ်တိုင်း မိသားစုမှလူတစ်ချို့ကို ဝံပုလွေသို့ မဟုတ် ကျားသစ်ပါးစောင်, ဝက်ဝံလက်သည်း, နွားဦးချို, ဗော်လဂါဒီရေများထဲသို့ ဆက်သွင်းနေရခြင်းဖြင့်၊ မိသားစု မျိုးပြုတ်မသွားရန် ကာကွယ်ရေးမှာ ဘုရင်မအမိတိုင်း၏ ကြီးလေသောလုပ်ငန်း ဖြစ်သည်။ သို့သော် ဖြစ်လာပုံကား လေခါ၏ညီမများအနက် ၁ ယောက်၊ သို့မဟုတ် ၂ ယောက်မှာ မုချသီးသန့်မိသားစု ထူထောင်နိုင်စွမ်းအလားအလာ ရှိလေသည်။ သုက်အမျိုးမျိုးတည်ရာ တစ်ခုတည်းဖြစ်သကဲ့သို့၊ သွေးအမျိုးမျိုးမှာလည်း သုက်တစ်မျိုးတည်း၏တည်ရာ ဖြစ်ခဲ့လျှင် မိသားစုတိုးတက်မှု ရပ်တန့်လေတော့သည်။ ('ယောကျ်ားအများ မိန်းမတစ်ယောက်'နှင့် 'မိန်းမအများ ယောကျ်ားတစ်ယောက်'ဟု ဆိုလိုသည်။)

၁။ 'လေခါ'ဟူသည်မှာ 'အရေးအကြောင်း' ဟု အနက်ရသည်။ ထိုအရေးအကြောင်းကို အခွဲပြု၍ 'လေခါ' ဟု မှည့်သည်။

မိသားစုအရှင်မ နိဿာသည် သူမ၏သမီး လေခါ အမဲလိုက် ၎တွင် အကြိမ်များစွာ အောင်အောင်မြင်မြင်ရှိသည်ကို တွေ့မြင်နေရလေသည်။ တောင်ကုန်များပေါ်သို့ တက်ရာ လေခါသည် သမင်ကဲ့သို့ မြန်လေသည်။

တစ်နေ့သောအခါ ကျောက်ဆောင်တစ်ခုပေါ်တွင် ပျားအုံတစ်ခုကို သူတို့ တွေ့မြင်ကြရလေ သည်။ ၄င်းပျားအုံမှာ 'ပျားစား'ခေါ် ဝက်ဝံများပင် မစားနိုင်အောင် မြင့်သောနေရာ၌ တည်ရှိလေသည်။ သို့သော် လေခါသည် ၀ါးလုံးပေါင်းများစွာ တစ်ခုပြီးတစ်ခု ဆက်သည်။ ထို့နောက် အိမ်မြှောင်ကဲ့သို့ တွားကာ ညဉ့်အချိန် မီးတုတ်ဖြင့် ပျားအုံရှိ အဆိပ်ထန်လှသောပျားကြီးများကို မီးမြှိုက်၍ ပျားအုံကို ထိုးဖောက်လိုက်သည်။ အောက်မှခံထားသော ပျားရေခွက်ထဲသို့ ၁၆ ပိဿာထက်မနည်း ပျားရည်များ ကျလာသည်။ လေခါ၏ ဤစွန့်စားမှုကို နိဿာမိသားစုအားလုံးကသာ မဟုတ်။ နီးစပ်သော မိသားစုများကပင် ချီးကျူးနေကြရလေသည်။

သို့သော် နိဿာက လေခါကို မကျေနပ်။ နိဿာ၏သား လုလင်ပျိုများ သည် လေခါအရိပ်ပြရုံနှင့် ကဆိုရန် အသင့်ရှိကြသလောက်၊ နိဿာ တောင်းဆိုချက်ကိုကား နားမထောင် လိုကြပေ။ သို့သော် နိဿာအား သူတို့ ပွင့်ပွင့်လင်းလင်း မခန့်လေးစားကား မလုပ်ဝံ့ကြသေးပေ။

ရက်ပေါင်း များစွာကပင် နည်းလမ်းတစ်ခုကို နိဿာ စဉ်းစားကြံစည်နေခဲ့သည်။ တစ်ရံတစ်ခါ လေခါကို အိပ်ပျော်နေစဉ် လည်ပင်းညှစ်သတ်ရန် စဉ်းစားမိသည်။ သို့သော် လေခါက သူ့ထက် အားကောင်းကြောင်းကိုလည်း နိဿာ နားလည်ထားလေသည်။ နိဿာတစ်ကိုယ်တည်း လေခါအား အနှည်းငယ်မျှ အနိုင်ကျင့်ရန် မတတ်နိုင်ပေ။ အကယ်၍ အခြားသူအကူအညီကို ယူလိုသော် မည်သူတစ်ဦးတစ်ယောက်က နိဿာအား ကူညီပါမည်နည်း။ မိသားစုမှ ယောကျ်ားအားလုံးကပင် လေခါ၏ ချစ်မေတ္တာနှင့် ကျေးဇူးပြုကို ခံယူချင်နေကြလေသည်။ နိဿာ၏သမီးများကလည်း အမိနိဿာ၏အလုပ်ကို တစ်ဖက်တစ်လမ်း ခွဲဝေယူရန် အသင့်မရှိကြပေ။ သမီးများကလည်း လေခါကို ကြောက်နေကြသည်။ 'မနိုင်လျှင် လေခါက သူတို့အား ရက်ရက်စက်စက် သတ်ပစ်လိမ့်မည်။'-ဟု သမီးများက နားလည်နေကြသည်။

နိဿာ တစ်နေ့ရာတွင်ထိုင်လျက် တစ်စုံတစ်ခုကို ကြံစည်နေသည်။ ရုတ်တရက် နိဿာ၏ မျက်နှာ ပွင့်လာသည်။ လေခါကို အဆုံးစီရင်ရန် အကြံတစ်ခု နိဿာမှာ ပေါ်လာသည်။

နေ့တာ ၃ နာရီ ကြာခဲ့လေပြီ။ မိသားစုအားလုံး အသီးသီး သူတို့၏ သားရေတဲများနောက်တွင် ကိုယ်တုံးလုံးနှင့် လဲလျောင်းလျက်တစ်မျိုး ထိုင်လျက်တစ်ဖုံ နေဆာလှံနေကြသည်။ သို့သော် နိဿာကား တဲရှေ့တွင် ထိုင်နေသည်။ နိဿာ၏အနီးတွင် လေခါ၏ ၃ ခါလည်သားကလေး ကစားနေသည်။ နိဿာ၏ လက်တွင် နီနီရဲရဲ စထရောဗာရီသီးများထည့်ထားသည့် ဖက်ခွက်ဟစ်ခု ရှိသည်။

ဗော်လဂါမြစ်ရေယဉ်ကား အနားမှကပ်၍ စီးဆင်းနေသည်။ နိဿာ၏ရှေ့တွင် မြေပြင်သည် ကမ်းပါးစောက်တိုင်အောင် ဆင်ခြေလျော နိမ့်ဆင်းသွားသည်။ နိဿာသည် စထရောဗာရီသီးတစ်လုံးကို လှိမ့်ချလိုက်သည်။ ကလေးသည် အပြေးလိုက်၍ စထရောဗာရီသီးကို ဖမ်းကာ စားလေသည်။ နောက်ထပ် တစ်လုံး လှိမ့်ပြန်သည်။ ကလေးသည် နောက်အလုံးကို အတန်ငယ် ရှေ့နားသို့ရောက်မှ ဖမ်းနိုင်လေသည်။ နိဿာသည် တစ်လုံးပြီးတစ်လုံး လောလောလာ လှိမ့်လေသည်။ ကလေးသည် ၄င်းတို့ကို ဖမ်းရန် အာယဉ်မျှသော 'လော' ကြီးလေသနည်း။-ဆိုသော် တစ်ကြိမ်တွင် ကမ်းပါးစောက်မှ ခြေချော်၍ 'ဝုန်း'ခနဲ အသံနှင့်အတူ ရေစီးသန်သော ဗော်လဂါမြစ်ထဲသို့ ကျသွားခဲ့လေသည်။

နိဿာသည် ဗော်လဂါမြစ်ဘက်သို့ ကြည့်၍ ကျယ်လောင်စွာ ထအော်လေသည်။ ခပ်လှမ်းလှမ်းတွင် ထိုင်နေသော လေခါက ကြည့်လိုက်သည်။ သားကို မမြင်ရသောအခါ မြစ်ကမ်းပါးဆီသို့ လေခါ တစ်အား

ကုန် ပြေးလေတော့သည်။ သူမ၏သားမှာ ရေစီးတွင် ငုပ်ချည်ပေါ်ချည် ဖြစ်နေသည်။ သူမ တစ်ဟုန်ထိုး ခုန်ဆင်း၍ သားကိုလိုက်ဖမ်းရာ အောင်မြင်ပေသည်။ ရေ ဝနေသဖြင့် ကလေးမှာ ပျော့ခွေနေခဲ့ပါပြီ။ ဗော်လဂါမြစ် နှင်းခဲရေများမှာ ကိုယ်တွင် အပ်ကဲ့သို့ စူးနေကြသည်။ ရေစီးကိုဖြတ်၍ ကမ်းဘက်သို့ ကူးခတ်ရန် မလွယ်ကူတော့ပါ။ သူမ၏ လက်တစ်ဖက်တွင် ကလေး ရှိသည်။ အခြားလက်တစ်ဖက်နှင့် ခြေထောက်များဖြင့် ကူးခတ်ရန် သူမ ကြိုးစားနေရရှာသည်။

ထိုအတောအတွင်း တစ်ခုံတစ်ယောက်၏ သန်မာသော လက် ၂ ဖက်တွင် မိမိလည်ပင်း မိနေသည်ကို သူမ တွေ့ရလေသည်။ ဘာဖြစ်နေသည်ကို လေခါ မသိစရာ အကြောင်းမရှိပါ။ ကြာမြင့်စွာကပင် မူပြောင်းလာခဲ့သော နိဿာ၏စိတ်ထားကို လေခါ သတိပြုမိခဲ့သည်။ ယနေ့ နိဿာသည် သူမ၏လမ်းတွင် ရှုပ်၍နေသော ဆူးငြောင့်လေခါကို ဖြုတ်ထွင်လိုသည်။ လေခါသည် မိမိအားစွမ်းကို ပြန်ိင်တုန်း ရှိသေးသည်။ သို့သော် သူမလက်တွင် ကလေးက ရှိသေးသည်။ နိဿာသည် လေခါ အားကုန်ရုန်းနေသည်ကို တွေ့ရ၍ သူမ၏ရင်ဘတ်နှင့် လေခါ့ခေါင်းပေါ်မှာ ဖိထားလေသည်။ ပထမသော် လေခါ မြုပ်သွားသည်။ ယက်ကန်ယက်ကန်ဖြစ်နေစဉ် ကလေး လက်မှ လွတ်ထွက်သွားသည်။ လေခါ မလှန်နိုင်အောင် နိဿာက ဖိထားတုန်းပင် ရှိသေးသည်။ ရုတ်တရက် လေခါ့လက် နိဿာလည်ပင်းသို့ ရောက်လာသည်။ လေခါ သတိလစ်သွားလေပြီ။ နိဿာသည် လေခါ၏ ဝန်အလေးနှင့်ဖြစ်၍ ကူးခတ်ရန် မတတ်နိုင်တော့ပေ။ နိဿာ အတန်ငယ် ကြိုးစားပါသေး၏။ သို့သော် အချည်းနှီး ဖြစ်ခဲ့လေပြီတကား။

နှစ်ဦးသား တပေါင်းတည်း ဗော်လဂါမြစ်အစာ ဖြစ်သွားလေပြီ။

ယခုအခါ မိသားစု၏ အားအကောင်းဆုံးမိန်းမ ရောစနာသည် နိဿာမိသားစု၏ အရှင်မ ဖြစ်လာလေတော့သတည်း။ ။

J

ဒိဝါ[၁]

အရပ်- ဇော်လဂါမြစ်ကမ်း အလယ်ပိုင်း။
လူမျိုး- အင်ဒို- ဆစ်။
အချိန်- ခရစ်မပေါ်မီ အနှစ် ၃၅၀၀။

ဤပုံဝတ္ထုသည် ယနေ့မှအထက် ၂၂၅ ဆက်မြောက်သောလူအဆက်က အရိယလူတစ်စု၏ အကြောင်းအရာ ဖြစ်သည်။

ထိုစဉ်အခါက ဣန္ဒိယ, ဤရာန်နှင့် ရုသျားပြည်များရှိ လူဖြူမျိုးတစ်မျိုးနှင့် ပတ်သက်သည်။

၄င်းလူမျိုးကို အင်ဒို-ဆလစ်၊ သို့မဟုတ် 'အရာသောမိသားစုများ (သတ်ဝံသ)' ဟု ခေါ်ကြလေသည်။

၁

''ဒိဝါ-သိပ်နေပူတာပဲ။ နှင့်ကိုယ်မှာ ချွေးတွေနှင့်။ လာလေ။ ဒီကျောက်တုံးပေါ်မှာ ထိုင်။''

''အေးပါ-သူရဿဝါ[၂] ရယ်။''

ဒိဝါ လာ၍ ထင်ရှူးပင်ကြီး တစ်ပင်ရိပ်အောက် ကျောက်ဖျာပေါ်တွင် သူရနှင့် အတူထိုင်လေသည်။ ဒိဝါ၏ နဖူးပေါ်ဝယ် 'နိုပြေပြေပုလဲဥကလေးများပမာ၊ ချွေးသီးချွေးပေါက် စီရရိုဝင်းနေသည်။' ဆိုသော် မဆန်းလှပါ။ ရာသီက နွေရာသီ။ အချိန်က မွန်းတည့်။ ပြီးတော့ သူတို့ ၂ ယောက် သမင်နောက်သို့ ပြေးလိုက်လာခဲ့ကြသည်။ သို့သော် ဤ သူတို့နေသောနေရာကား မကြာမီ အမောပြေသွားစေနိုင်သော ရှုမျှော်ခင်းတစ်ခု ဖြစ်လေသည်။

တောင်ကုန်းသည် အောက်နှင့်အထက် တစ်ဆက်တည်း စိမ်းမြမြ စိုလွင်နေလေသည်။ ထင်းရှူးပင်ကြီးကား ၄င်း၏အကိုင်းအခက်များနှင့် အပ်ကဲ့သို့ ချွန်ထက်နေသောအရွက်များကို ဖြန့်ကားလျက် နေရောင်ကို ကာကွယ်ထားပေ၏။ အောက်ခြေတွင် တစ်ပင်နှင့် တစ်ပင်အကြား၌ အမျိုးမျိုးသောပန်းပင်များ, နွယ်များနှင့် အပင်ငယ်ကလေးများ ပေါက်နေကြသည်။

၁။ ဒိဝါ = 'နေ့'-လုံမပို့၏ အမည်။
၂။ သူရဿဝါ = 'နေ့ကျွေ ရွှေကိုယ်'-လုလင်၏ အမည်။ ၄င်းမှာ 'မိုးကျွေရွှေကိုယ်' ထက် အဓိပ္ပာယ်လေးနက်သည်။

ထိုင်ပြီးနောက် အတန်ငယ်ကြာလျှင်ပင် လူရွယ်စုံတွဲသည် သူတို့အမောကို မေ့သွားကြလေ၏။ ထိုနောက် အနားတွင်ပေါက်နေသော အပင်ငယ်ကလေးများမှ ရောင်စုံပန်းပွင့်များနှင့် ၄င်းတို့၏ မွှေးကြိုင်သောရနံ့များက သူတို့စိတ်ကို ဆွဲဆောင်စ ပြုလာလေ၏။

လုလင်ပျိုသည် သူ၏ လေးမြွားနှင့် ကျောက်သားပုဆိန်ကို ကျောက်ဖျာပေါ်တွင် တင်ထားလိုက်သည်။ ထိုနောက် အနီးတွင် တသွင်သွင်စီးဆင်းကာ ဖန်သားကဲ့သို့လဲ့ကြည်သည့် ရေယဉ်၏ကမ်းပါးဌ စည်ကားပေါက်ရောက်နေကြသော သစ်ပင်ငယ်များမှ အဖြူရောင်, ခရမ်းရောင်, အနီရောင်ပန်းပွင့်များကို ဆွတ်ခူးစ ပြုလေ၏။

လုံမပျိုသည်လည်း လက်နက်များကို ထားလိုက်၍ သူမ၏ ရှည်လျားသော ရွှေရောင်ဆံပင်များထဲသို့ လက်သွင်းလိုက်၏။ ယခုတိုင်ပင် ဆံရင်းများ စိုထိုင်းနေတုန်း ရှိကြသေး၏။

လုံမပျိုသည် အနီမှဲပိုင်းဌ ငြိမ်သက်စွာစီးဆင်းနေသော ဓော်လဂါမြစ်ရေယဉ်ဘက်သို့ တစ်ချက်ကြည့်လိုက်သည်။ ထိုအခါ ၄က်များ ချိုအေးသော ရင့်ကျူးသံက လုံမပျိုး၏ စိတ်ဝင်စားချက်ကို ၄င်းဘက်သို့အပါ ခဏတာမျှ ဆွဲလိုက်လေသည်။ လုံမသည် ငုံ့၍ပန်းခူးသော လုလင်ပျိုကို ကြည့်မိ၏။ လုလင်ပျိုမှာလည်း လုံမပျိုကဲ့သို့ပင် ရွှေရောင်ဆံပင် ရှိလေသည်။ သို့သော် လုံမပျိုသည် မိမိ၏ဆံပင်နှင့် မနှိုင်းရက်ပေ။ လုံမပျိုသည် လုလင်ပျိုး၏ဆံပင်ကို 'သူ့ဆံပင်ထက် ပိုလှသည်။' ဟု ထင်မိလေသည်။

လုလင်၏ခံတွင်းကို ထူထပ်၍ ဝါကြောင်ကြောင်နေသော မုတ်ဆိတ်များ ဖုံးနေသည်။ ၄င်းအထက်တွင် လုလင်၏ နှာခေါင်း, ပါးစောင်နှင့် နဖူးပြင်ကား နီရောင်သန်းနေသည်။ လုံမမျက်စိသည် သူရ၏ပြည့်ဖြိုးဌ အမွေးထူလှသောလက်မောင်းများအပေါ်သို့ ရောက်သွားပြန်၏။ ထိုအခါ သူမ တွေးမိသည်။

'သူရဟာ ဟိုတစ်နေ့တုန်းက အစွယ်ငေါငေါ ဝက်ကြီးတစ်ကောင်ရဲ့ဗိုက်ကို ဒီလက်မောင်းကြီးတွေနဲ့ပဲ ကျောက်ပုဆိန်ကိုင်ပြီး တစ်ချက်တည်း ခွဲဖောက်လိုက်ခဲ့ဖူးတယ်။ ဟိုနေ့တုန်းက ဘယ်လောက်များကြမ်းသလဲ။ ကနေ့ ဒီပန်းတွေကို ခူးတဲ့နေရာမှာတော့ သူဟာ အားကြီးနူးညံ့ပုံ ပေါ်နေတယ်။ ဒါပေမယ့် သူ့လက်မောင်းကြွက်အိုးမှာ ရှိနေကြတဲ့ ကြွက်သားတွေနဲ့ သူ့လက်ကောက်ဝတ်က ကြွထနေတဲ့ အကြောတွေက သူ့လက်မောင်းကြီး တက်လိုက်ဆင်းလိုက်ဖြစ်အောင် လုပ်နေတာဟာ ခုအထိ 'အား ဘယ်လောက်ကောင်းတယ်။' ဆိုတာကို ပြနေတော့တာပဲ။'

တစ်ကြိမ်ဌ လုံမစိတ်ထဲတွင် 'တယ်. ထပြီး ဒီလက်မောင်းကြီး နမ်းလိုက်ရရင်တော့။'- ဟုပင် ဖြစ်ပေါ်မိသေး၏။ ဟုတ်ပါသည်။ ဤအချိန်ဌ် လုံမသည် လုလင်အား ဤမျှလောက်ပင် 'ချစ်စရာကြီး' ထင်နေပါသည်။

ထိုနောက် ဒိဝါမျက်စိသည် လုလင်၏ပေါင်များပေါ်သို့ ကျရောက်သွားပြန်သည်။ လှမ်းလိုက်တိုင်းလှမ်းလိုက်တိုင်း ပေါင်သားများ ရွှေလျားလှုပ်ကြွကြသည်။ အမှန်အားဖြင့် ပေါင်များမှာ အဆီမရှိဘဲ အသားချည်းဖြစ်နေ၏။ လုလင်၏ သန်မာသော ခြေသလုံးကြွက်သားနှင့် သေးသွယ်သောခြေချင်းဝတ်များကို ဒိဝါမှာ အထူးအဆန်းသဖွယ် မှတ်ထင်နေလေသည်။

သူရသည် ဒိဝါ၏ 'အချစ်'ကို ရဖို့ရန် အကြိမ်များစွာ တောင်းဆိုခဲ့ဖူး၏။ သို့သော် ပါးစပ်နှင့် တောင်းဆိုခြင်း မဟုတ်။ အမူအရာနှင့်သာ တောင်းဆိုခြင်း ဖြစ်သည်။ ကပွဲများဌ သူရသည် အကြိမ်များစွာ 'သူ အယန်းခံနိုင်ကြောင်း, ကျမ်းကျင်ကြောင်း' ကိုပြ၍ ဒိဝါ 'ကျ' အောင် လုပ်လိုပါ၏။ သို့သော်

ဒီဝါသည် 'လူစု'[၁] လုလင်ပျိုများအား သူနှင့် တွဲကရန် အကြိမ်များစွာ လက်ကမ်းခဲ့၏။ သူနှုတ်ခမ်းကို အကြိမ်များစွာ စုတ်ခွင့် ပေးခဲ့၏။ သူတို့ပေါင်ပေါ်တွင် အကြိမ်များစွာ အိပ်ခဲ့၏။

အခါ၌ သူရ ခမျာမှာကား တစ်ခါနမ်း, တစ်ခါပွေ့, ကုန်ကုန်ပြောရလျှင် တစ်ကြိမ်လက်တွဲက ရုံလောက်ပင် အခွင့်အရေး မရခဲ့ရှာပေ။ ယခုအခါ သူရသည် လက်ခုပ်ထဲ၌ ပန်းပွင့်အပြည့်နှင့် ဒီဝါဘက်သို့ လာနေ၏။

'သူ့ရဲ့ ဝတ်လစ်စလစ်အင်္ကျီကြီးငယ်တွေဟာ သိပ်ပြည့်ပြည့်ဖြိုးဖြိုး ရှိတာပဲ။ သူ့ရင်ဘတ်က ကားကားကြီး။ အဆီမရှိ အသားအပြည့်နှင့်။ ပါးရှပ်နေတဲ့ ဝမ်းဗိုက်ကလည်း အတော်ကို စိတ်ဝင်စားစရာကောင်းတယ်။'

ဤသို့ စဉ်းစားမိသည်နှင့်တစ်ပြိုင်နက်၊ 'သူ ဘာကြောင့် သူရအား အမှတ်မထင် လုပ်ထားခဲ့မိလေသနည်း။' ဟု ဒီဝါ စိတ်မကောင်းဖြစ်မိလေသည်။ သို့သော် အမှန်အားဖြင့် ဤကိစ္စ၌ ဒီဝါမှာ ထိုမျှလောက် အပြစ် မရှိလှပေ။ အပြစ်မှာ သူရ၏ပါးစပ်တွင် ခတ်ထားသော အရှက်သေခလောက်၏ အပြစ်သာ ဖြစ်သည်။ သူမမှာကား တံခါးကို မည်သူလာခေါက်ခေါက် ဖွင့်ပေးခဲ့ပါသည်။

သူရ အနားသို့ ရောက်လာသောအခါ ဒီဝါက အပြုံးနှင့် ပြောရှာသည်။

''ဒီဟန်းတွေက သိပ်လှ သိပ်မွေးတာပဲနော်။''

သူရသည် ပန်းများကို ကျောက်ဖျာပေါ်၌ တင်ထား၍ ပြောသည်။

''ငါ ဒီဟန်းတွေကို ရွှေရောင်တောက်နေတဲ့ နှင်ဆဲပင်ထဲမှာ ထည့်ထုံးပေးလိုက်ရင် ပိုပြီး လှလာမှာပဲ။''

''ဒါဖြင့် သူရ နင် ဒီဟန်းတွေ ငါ့ဖို့ ယူလာတာလား။''

''အေး-ဟုတ်တယ် ဒီဝါ။ ငါ ဒီဟန်းတွေကို မြင်တော့ နှင့်ကို မြင်မိတယ်။ ပြီးတော့ ရေနုတ်သမီးတွေကိုလည်း မြင်မိတယ်။''

''ရေနုတ်သမီးတွေ''

''အေး- သိပ်လှငဲ့ ရေနုတ်သမီးတွေ။ သူတို့ဟာ လိုရင် ကြိတိုင်းအောင် ဆောင်တိုင်းမြောက်အောင် လုပ်ပေးတတ်ကြတယ်။ မလိုရင်လည်း အသက်ကိုတောင် ချမ်းသာမပေးကြဘူး။''

''ဒါဖြင့် သူရ၊ နင် ငါ့ကို ဘယ်လို ရေနုတ်သမီးစားထဲက ထင်သလဲ။''

''မလိုတဲ့အစားထဲကတော့ မဟုတ်ပါဘူး။''

''ဒါပေမယ့် နှင့်အပေါ်မှာ ငါ လိုလားတဲ့အမူအရာ မပြမိခဲ့ဘူး။''

၁။ လူစု- တောနေလူတန်းစားခေတ်မှ တိုးတက်လာသော အခြေအနေကို အင်ဂယ် လစ်က 'Ganes' (လူစုအဖွဲ့အစည်း) ဟူသော စကားလုံးနှင့် ရေးသည်။ ဧန (လူစု)ဟူသည် အင်ဒို-ဥရောပလူမျိုးသုံး ဘာသာစကားလုံး ဖြစ်သည်။ ၄င်း၏ အနက်ရင်းမှာ 'လူ' သို့မဟုတ် 'လူသား' ဖြစ်သည်။ သို့သော် အင်ဂယ်လစ်က တစ်နွယ်တည်းဖြစ်သော လူစုအပေါင်း။ တစ်မျိုးတည်းဖြစ်သောလူ' ဟူသောအနက်နှင့် သုံးသည်။ ဤနှိုင်းယှဉ်ပြည့်၌လည်း 'ဧန' သဒ္ဒါကို 'တစ်နွယ်တည်း၌ ဖြစ်သောလူအပေါင်း' အနက်နှင့် သုံး၏။ သို့သော် တိုးတက်လာသောအခြေအနေကို ဖော်ပြသည့် သဒ္ဒါအနေနှင့် မသုံး။ အင်ဒို-အရီယန်းလူမျိုးများ အဖဂါနိစတာန်နှင့် သီရွှမြစ်ကမ်းသို့ ရောက်လာချိန်တွင် ၄င်းတို့ တသန့်စီ ဧန (လူစု) များအနေနှင့် ကွဲပြားခဲ့လေသည်။ ဧန များလာ၍ နေထိုင်ရာအရပ်သည် ထိုထို ဧနတို့၏ အမည်ဖြင့် ထင်ရှားခဲ့၏။ 'သိဝိဧန' များလာ၍ နေထိုင်ရာအရပ်သည် 'သိဝိဧနပဒ' အမည်ရ၍၊ 'ပဏ္ဍာဧနများ'လာ၍ နေထိုင်ရာအရပ်သည် 'ပဏ္ဍ(ပဋ္ဌာန်) ဧနပဒ' အမည်ရ၏။ 'မဒ္ဒ' တို့နေရာ 'မဒ္ဒဧနပဒ'၊ မလ္လတို့နေရာ 'မလ္လဧနပဒ' အမည်ရ၏။ သဏ္ဌာတဘာသာ၌ 'ဧန'နှင့် 'ဧနပဒ' သဒ္ဒါများစွာကို မကွဲမပြား အတူထား၍ သုံး၏။ 'မဒ္ဒ'လူစုများနှင့် ၄င်းတို့နေထိုင်ရာ 'ဧနပဒ'- ၂ မျိုးလုံးကိုပင် 'မဒ္ဒါ' ဟု ဗဟုဝုစ်နှင့် သုံးစွဲသကဲ့သို့တည်း။

ဧန (လူစု)ကို အင်္ဂလိပ်ဘာသာ၌ ဒယူညေဒ ဟု သုံးလေ့သုံးထ ပြုကြ၏။- မြန်မာပြန်သူ၏ မှတ်ချက်

ဒဝါ ပင့်သက်ရှူ၍ ဆိတ်ဆိတ်ဖြစ်သွားလေသည်။

သူရက တစ်ကျော့ ထပ်ပြန်သည်။

"မဟုတ်ဘူး ဒဝါ။ နင် ငါ့အပေါ်မှာ ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ပါဘူး။ တို့ ကလေးတုန်းက အကြောင်းကို နင် ပြန်သတိရသေးရဲ့လား။"

"ငယ်ငယ်ကလေးတည်းက နင် ရှက်တတ်ကြောက်တတ်တာပေါ့။"

"ဒါပေမယ့် နင် ငါ့ကို စိတ်မဆိုးခဲ့ဖူးနော်။"

"အဲဒီတုန်းက နင့်ကို ငါ့သဘောနဲ့ငါ နမ်းစုပ်ခဲ့ရတယ်။"

"ဟုတ်တယ်။ အဲဒီအနမ်းဟာ သိပ်ဆိမ့်တာပဲ။"

"ဒါပေမယ့် ဟောဒီ ငါ့ရဲ့ အလုံးအလုံးနို့သီးတွေ ဖောင်းကြွလာတဲ့အချိန်၊ ငါ့နှုတ်ခမ်းကို 'လူစု' လူပျိုတွေ အကုန်လုံးက မျှော်နေကြတဲ့အချိန်ကျတော့ ငါ နင့်ကို မေ့လိုက်မိတယ်။"

ဤကဲ့သို့ ပြောလိုက်ပြီးနောက် ဒဝါ အတန်ငယ် စိတ်နှမ်းသွားလေသည်။

"ဒါပေမယ့် ဒဝါရယ်။ ဒီကိစ္စမှာ နင့်အပြစ် မရှိပါဘူးဟယ်။"

"ဒါဖြင့် ဘယ့်သူ့အပြစ်လဲ။"

"ငါ့အပြစ်။ ဘာဖြစ်လို့လဲဆိုတော့ 'လူစု' လူပျိုတွေအားလုံးက နင့်ကို နမ်းစုပ်ဖို့ တောင်းခံကြတယ်။ နင်က သူတို့ကို နမ်းစုပ်တယ်။ 'လူစု' လူပျိုတွေအားလုံးက ဖက်ဖို့ တောင်းခံကြတယ်။ နင်က ဖက်တယ်။ အမဲလိုက်ရာမှာလည်း ကျင်လည်၊ ကရာမှာလည်း လိမ္မာ၊ ကိုယ်လုံးကိုယ်ထည်က လည်းဝေ့လှေ့ဆိုတဲ့ 'လူစု'လူပျိုတစ်ယောက်ယောက်က ချစ်ချင်တယ်ဆိုတော့ နင် မယယ်နိုင်ဘူးပေါ့ဟာ။"

"ဒါတော့ သူရရာ-နင်လည်း အဲဒီအကောင်တွေလိုပါပဲ။ အဲဒီအကောင်တွေထက်တောင် နင်က အလည်၊ အလိမ္မာ၊ အဝ၊ အလှ သာပါသေးတယ်။ ဒါနဲ့တောင် နင် ချစ်ချင်တာကိုတော့ ငါက ငြင်းပယ်မိခဲ့တယ်။"

"အမယ်-ဒဝါ။ ငါ ဘယ်တုန်းကမှ ချစ်နေပုံ မပြခဲ့ဖူးပါဘူး။"

"စကားလုံးနဲ့တော့ မဟုတ်ဘူး။ ငယ်ငယ်တုန်းက တို့ အတူတူကစားကြတယ်။ အဲဒီတုန်းကတော့ 'ချစ်တယ်'လို့ မပြောခဲ့ဘူး။ ဒါပေမယ့် ဟောဒီ ဒဝါကတော့ ရိပ်မိပါတယ်။ အဲဒီတုန်းက ဒဝါဟာ သူရကို မေ့ထားခဲ့မိတယ်။ ဟောဒီ ဒဝါ(နေ့)ဟာ ဟို တောက်ပနေတဲ့ သူရ(နေ)ကို ဘယ်တုန်းကများ မေ့ဖူးပါသလဲ။ မမေ့ဘူး သူရ။ ခုတော့ ဒဝါဟာ နင့်ကို မမေ့တော့ဘူး။"

"ဒါဖြင့် ငါက ဟိုတုန်းက သူရ။ နင်က ဟိုတုန်းကဒဝါ ပြန်လုပ်ကြအောင်နော်။"

"အေး- ဒါဖြင့် ငါ နင့်နှုတ်ခမ်းကို စုပ်မယ်။"

ကလေးများကဲ့သို့ ဗလာကျင်းထားသော ထို 'အလှကောင်'များသည် သူတို့၏ နှုတ်ခမ်းထွားထွား ၂ ခုကို တေ့ဆက်လိုက်ကြလေ၏။

ထိုနောက် ဒဝါသည် သူမ နှမ်းကြတ်ပွင့်ပမာ ညိုပြာသောမျက်လုံးများကို သူ၏ အလံားတူညိုပြာသော မျက်လုံးများအပေါ်သို့ စူးစိုက်ထား၍ ဖြေရှာသည်။

"ဒီမှာ-နင်ဟာ ငါ့အမိရဲ့သား။ ဒါနဲ့တောင် နင့်ကို ငါ မေ့ခဲ့တယ်။"

ဒဝါ၏မျက်လုံးများ စွတ်စိုလာလေပြီ။ သူရသည် သူ၏ပါးဖြင့် မျက်ရည်များသုတ်ပေးရင်း ဖြေစကား ပြောရှာသည်။

"မဟုတ်ပါဘူး ဒဝါရယ်။ နင်က မေ့လိုက်တာ မဟုတ်ပါဘူး။ နင်ကြီးလာတဲ့အခါ နင့်အသံတွေ မျက်လုံးတွေ အားလုံး ကိုယ်အင်္ဂါတွေ တစ်မျိုးတစ်မည် ထူးခြားတဲ့အခါကျတော့ ငါနှင့်နင် ခပ်ခွာခွာနေခဲ့တယ်။"

''နင့်စိတ်ထဲက ပါလို့တော့ မဟုတ်ဘူးနော် သူရ။''

''ဒီမှာ ဒိဝါ''

''ဟင့်အင်း-ပြောပြော။ နင် ငါ့ကို နောင်တစ်ခါ မရှက်တော့ဘူး မဟုတ်လား။''

''မရှက်တော့ဘူးဟယ်။ ကဲလာ ဒီပန်းတွေ သီရအောင်။''

သူရသည် တုတ်တစ်ချောင်းမှလျှော်မျှင်ကို ဆွဲထုတ်လိုက်၏။ ထိုနောက် လျှော်မျှင်နှင့် အနီ, အဖြူ, ခရမ်းရောင်ပန်းပွင့်များကို သီလေသည်။

သူရ ပန်းသီပုံမှာ အနုပညာမြောက်လှပေသည်။ ထို့နောက် သူရသည် ဒိဝါ၏ဆံပင်ကိုကိုင်၍ ကျောပေါ်မှာ ဖြန့်ပေးသည်။

နွေရာသီရက်များ၌ ဇော်လဂါမြစ်ကမ်းရှိ လုလင်, လုံမတို့သည် ရေချိုးခြင်း, ရေကူးခြင်းဖြင့် အရသာခံယူလေ့ ရှိကြ၏။ ထို့ကြောင့် ဒိဝါ၏ဆံပင်များမှာ သန့်စင်ပြီးသား ရှင်းပြီးသား ဖြစ်နေ၏။ သူရသည် ဆံပင်ပေါ်၌ သုံးမြိတ်ချစည်းကြိုးကဲ့သို့ ပန်းကုံးကို ဆွဲဆင်ပေးလေသည်။ ထိုနောက် အလယ်တွင် အဖြူ၊ ဘေးတစ်ချက်၌ ခရမ်းရောင်ပန်းခက်များကို နဖူးအထက်ဆံထဲသို့သွင်း၍ ပန်ပေးသည်။

ဒိဝါ ကျောက်ဖျာပေါ်၌ ထိုင်နေတုန်း ရှိသေး၏။ သူရသည် ခပ်လှမ်းလှမ်းမှခွာ၍ သူမမျက်နှာကို ကြည့်၏။ သူရသည် သူမအား 'လှလိုက်လေ'ဟု ထင်မိရှာ၏။ ပို၍ ခပ်လှမ်းလှမ်းမှ ကြည့်ပြန်၏။ သူမ 'ပို၍ လှလာသည်။'ဟုပင် ထင်ရပြန်၏။ သို့သော် ထိုနေရာတွင်ကား ပန်းပွင့်များ၏ သင်းပျံ့မွှေးထုံသောရနံ့ကို မရတော့ပေ။

သူရ ပြန်၍ အနီးတွင်ထိုင်ကာ သူ၏လည်ပင်းကို ဒိဝါလည်ပင်းနှင့် လည်ချင်းယှက်လိုက်၏။ ဒိဝါသည် သူ့အဖော် (ချစ်သူ)၏ မျက်လုံးများကို နမ်းစုပ်လိုက်၏။ ထိုနောက် ညဘက်လက်ကို ချစ်သူ၏ ပခုံးပေါ်တွင် တင်ထားလေသည်။ သူရသည် သူ့ဘယ်လက်ဖြင့် ဒိဝါ၏ခါးကို ရစ်ပတ်ရင်း ပြောလိုက်သည်။

''ဒိဝါ။ ဒီပန်းတွေ အရင်ကထက် ပိုလှလာတယ်။''

''ပန်းလား။ ငါလား။''

သူရ ဘာဖြေရမှန်း မသိ။

သူ အတန်ငယ်ဆိုင်း၍ ဖြေလိုက်ရသည်။

''ငါ ခမ်းလှမ်းလှမ်းကကြည့်တော့ နင် သိပ်လှတာကို တွေ့ရတယ်။ ဒီထက် လှမ်းလှမ်းကကြည့် တော့ ဒီထက် ပိုလှတာကို တွေ့ရတယ်။''

''ဒီထက်ဝေးဝေး ဇော်လဂါမြစ်ကမ်းက ကြည့်ရင်ကော။''

''ဟင့်အင်း- ဒီလောင်ဝေးတဲ့နေရာကတော့ မဟုတ်ဘူး။''

သူရ၏မျက်လုံးများတွင် စိတ်ပူခြင်းအရိပ်အရောင် သန်းသွားသည်။

''နင့်အမွေးအနှံတွေ ဝေးလွန်းအားကြီးသွားရင် နင့်မျက်နှာလည်း ပျောက်ကွယ်သွားမှာပေါ့။''

''ကဲ-သူရ။ နင် ငါ့ကို အဝေးကြီးက ကြည့်ချင်သလား။ ငါ့အနား ကပ်နေချင်သလား။''

''အနား ကပ်နေချင်တာပေါ့ ဒိဝါ။ နေ့အနားမှာ နေ တောက်နေသလိုပေါ့။''

''ကနေ့ ငါနှင့် တွဲကမလား။''

''တကယ်နော်။''

''ကနေ့ ငါနှင့် နေမလား။''

''နေမှာပေါ့။''

''ပြီးတော့ တစ်ညလုံးနော်။ ဟုတ်လား။''

''တစ်ညလုံးပေါ့။''

''ဒီလိုဆိုရင် ကနေ့ လူစုထဲက ဘယ်အကောင်နှင့်မှ မနေတော့ဘူး။''

သူရကို ဖက်လျက် ဒဝါက ပြောရှာသည်။

ထိုအခိုက် အမဲလိုက်လုလင် လုံမတစ်ဖွဲ့ ရောက်လာ၏။ ၄င်းတို့အသံကို ကြားသော်လည်း သူတို့စုံတွဲကား ကျစ်ကျစ်ပါအောင် ဖက်မြဲဖက်နေကြတုန်း ရှိသေးသည်။ ဧည့်သည်များ အနားသို့လာ၍ တစ်ယောက်က အော်လိုက်သည်။

''ဒဝါ။ နင် ဒီနေ့ သူရကို နှင့်အဖော်အဖြစ် ရွေးလိုက်ပြီလား။''

''အေး''

ထို့နောက် သူတို့ဘက် မျက်နှာလှည့်၍ ပြောလိုက်သည်။

''ကြည့်ကြစမ်းဟေ့။ ဒီပန်းတွေ သူရ သီထားတာကွ။''

လုံးမတစ်ဦး-

''သူရ။ နင် ပန်းသီ သိပ်ကောင်းတာပဲနော်။ ငါ့ဆံပင်မှာလည်း ပန်ပေးပါလားဟယ်။''

ဒဝါ- ''ဒီနေ့ မရဘူး။ ဒီနေ့ ငါ့သူရ။ နက်ဖြန်။''

လုံမပျို- ''နက်ဖြန် ငါ့သူရ။''

ဒဝါ- ''နက်ဖြန်လား။ နက်ဖြန်လဲ ငါ့သူရပဲ။''

လုံမပျို- ''နေ့တိုင်း နင့်သူရချည်းပဲလား ဒဝါရာ။ ဒီလိုဆို မကောင်းဘူးအေ။''

ဒဝါ သူ့အမှားကိုသိ၍ ပြောရှာသည်။

တစ်စတစ်စ နောက်ထပ် အမဲလိုက်သမားကြီး အတော်များများ ရောက်လာကြပြန်သည်။

ကြီးထွားသောအောင်နက်တစ်ကောင် လာ၍ သူရ၏ခြေထောက်များကို လျက်နေ၏။ ထိုအခါ သူရသည် သူသတ်ခဲ့ဖူးသော သိုးကို သတိရလေသည်။

ဒဝါ၏ နားနားသို့ကပ်၍ တစ်စုံတစ်ခုကိုပြောကာ သူရ ထွက်ပြေးသွားလေသည်။

၂

သစ်သားအကာ သက်ငယ်အမိုးနှင့် ကျယ်ပြန့်သောတဲကြီးတစ်တဲ ရှိ၏။ ကျောက်သားပုဆိန်များ ထက်ပါ၏။ သို့သော် ၄င်းပုဆိန်များဖြင့် ဤမျှလောက်သစ်သားများကို ခုတ်ဖြတ်ရန် မဖြစ်နိုင်သေးပေ။ သူတို့သည် သစ်သားကို ဖြတ်တောက်ရာ၌ မီးအကူအညီကိုလည်း ယူကြသည်။ သို့သော် ကျောက်သား ပုဆိန်များ အရေးပါအရာရောက်ခြင်းမှာ ယုံမှားစရာ မရှိပေ။

စကားမစပ်၊ တဲသည် ဤမျှလောက်ပင် ကြီးလေသလော။ ကြီးပါသည်။ ဤတဲကြီး၌ပင် နိဿာလူစု၊ 'နိဿာ' အမည်ရှိသော ရှေးခေတ်မိန်းမတစ်ဦး၏ အဆက်အနွယ်များ နေလေသည်။ အားလုံးလူစု အမိုးတစ်ခုအောက်တွင် နေသည်။ တစ်ပေါင်းတည်း အမဲလိုက်သည်။ သစ်သီးဖြစ်စေ, ပျားရည်ဖြစ်စေ တစ်စုတည်း တစ်ပေါင်းတည်း စုဆောင်းသည်။ အားလုံးလူစုမှာ ခေါင်းဆောင်မတစ်ဦး ရှိ၏။ အားလုံးလူစု၏ အရေးအရာများကို ခေါင်းဆောင်အဖွဲ့တစ်ဖွဲ့က အုပ်ချုပ်၏။

'အုပ်ချုပ်မှု'။ ဟုတ်ပါသည်။

ဤအုပ်ချုပ်ရေးကြောင့် လူစု၏ ပုဂ္ဂလိက အသက်ရှင်ရေး (ဘဝ)တွင် တစ်စုံတစ်ရာ အလစ်အလပ် မရှိခဲ့ပေ။ အမဲလိုက်ခြင်း, ကခုန်ခြင်း, ချစ်ရေးကြိုက်ရေး, အိမ်ဆောက်မှု, သားရေကို အဝတ်ဖြစ်အောင် လုပ်မှု, ကိစ္စရေးရာ အားလုံးကိုပင် လူစုအဖွဲ့ (ကော်မီတီ) က ခြယ်လှယ်အုပ်ချုပ်သည်။ ၄င်းအဖွဲ့၌

လူစု အမိများမှာ အချုပ်အချာဖြစ်၏။ ဤတဲကြီးခွံ နိသျှာလူစု ယောကျ်ား, မိန်းမ-၁၅၀ နေထိုင်လေသည်။ သို့ဖြစ်လျှင် ဤ ၁၅၀ လုံး မိသားစုတစ်စုတည်း ဖြစ်လေသလော။ ဖြစ်ဖို့ များပါသည်။ တစ်နည်း 'မိသားစုအများ' ဟုလည်း ခေါ်နိုင်ပါသေးသည်။ အကြောင်းသော်ကား အမိအသက်ရှင်စဉ် အမိ၏ သားသမီးများက မိသားစုအခွဲများသဖွယ် ဖြစ်နေကြသည်။ မိသားစုအခွဲတိုင်းရှိ လူအားလုံးကို ထိုမိသားစုအခွဲတိုင်းရှိ အမိ၏အမည်ဖြင့် ခေါ်ဆိုကြခြင်းမှာ ဝိ၍ အဓိပ္ပာယ်ရှိနေပေသည်။ ဥဒါဟရဏ်-ဆိုကြပါစို့။ ဒိဝါ၏ အမိ မရှိခဲ့လျှင်၊ ဒိဝါမှာလည်း သားသမီးအမြောက်အမြား ရှိလာခဲ့လျှင် ထိုသားသမီးများကို 'ဒိဝါသား', 'ဒိဝါသမီး' ဟူသောအမည်ဖြင့် ခေါ်ကြပေလိမ့်မည်။

ဤကဲ့သို့ မိသားစု အသီးသီးကွဲသော်လည်း ဒိဝါသားသမီးများ၌ ပုဂ္ဂလိကပစ္စည်း (အသား, သစ်သီး) ရှိမည် မဟုတ်ပေ။ အားလုံးလူစု မိန်းမ, ယောကျ်ား-၂ မျိုးစလုံး ပစ္စည်းကို အတူစုဆောင်း၍ အတူပင်သုံးကြ၏။ မရလျှင် အတူငတ်သေကြ၏။ ပုဂ္ဂိုလ်တစ်ဦးဦးမှာ လူစုမှ သီးသန့်ဖြစ်သော ကိုယ်ပိုင်အခွင့်အရေးတစ်စုံတစ်ရာ မရှိပေ။ လူစု၏ အာဏာ, လူစု၏ဝလေ့ကို စောင့်ရှောက်မှုမှာ သူတို့အတွက် ကိုယ်ကြိုက်ကျနေသကဲ့သို့ပင် လွယ်ကူဟန် ရှိနေပေသည်။

တဲကား အသို့နည်း။ ဤတဲကား ယာယီတဲ ဖြစ်ပါသည်။ အနီးအနားရှိ အမဲကောင်များ ထွက်ခွာသွားကြလျှင်၊ အနီးအနား၌ သစ်ဥ, သစ်ဖု, သစ်မြစ်, သစ်သီး မရှိခဲ့လျှင် အားလုံးလူစုများလည်း အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားပေလိမ့်မည်။

နှစ်ပေါင်းများစွာ အတွေ့အကြုံအားဖြင့် 'မည်သည့်နေရာပြီးလျှင် မည်သည့်နေရာသို့ အမဲကောင်များ ရောက်သွားကြောင်း' သူတို့သိကြ၏။ ၄င်းတဲနေရာမှ ထွက်ခွာသွားကြသောအခါ တဲတွင်ရှိသော မြက်, သက်ကယ်အမိုးများ ပြုတ်ကျပျက်စီးသွားပေလိမ့်မည်။ သို့သော် သစ်သား၊ သို့မဟုတ် ကျောက်နံရံများကား နှစ်ပေါင်းများစွာတိုင်အောင် ဆက်လက်သွားပေလိမ့်ဦးမည်။ နေရာအသစ်သို့ သွား၍ နံရံများကို သက်ကယ်မိုးလျက် အိမ်အသစ် ဆောက်ပေလိမ့်ဦးမည်။ ထိုအိမ်သစ်၌ တစ်နေရာကား ပစ္စည်းထားရန်၊ တစ်နေရာကား အစားအစာဖုတ်ရန် ဖြစ်ပေလိမ့်မည်။ လူစုသည် လက်ဖြင့် အိုးခွက်များကို လုပ်၏။ တိရစ္ဆာန်ခေါင်းခွံကိုလည်း အိုးခွက်အဖြစ် အသုံးပြု၏။

အသားကို ရံခါ အစိမ်းစား၏။ ရံခါ လတ်လတ်ဆတ်ဆတ်ကို ဖုတ်၏။ အခြောက်ကိုကား 'မဖုတ်ကောင်း' ဟု ထင်၏။ ဇော်လဂါမြစ်၏ ဤမှာဖက်ကမ်းတောများတွင် ပျားရည် အလွန်ပေါ၏။ ထို့ကြောင့် ပျားစားကောင် (ဝက်ဝံ)များလည်း ၄င်းနေရာတွင် အလွန်ပေါ၏။ နိသျှာလူစုကား ပျားရည်ကို ပျားရည်သဘောနှင့်လည်း ကြိုက်၏။ အရက်သဘောနှင့်လည်း ကြိုက်၏။

"ဒါထက် ဒီအသံ သီချင်းသံလား။"

ဟုတ်ပါသည်။ မိန်းမများနှင့် ယောကျ်ားများ ချိုမြိန်သောအသံနှင့် သီချင်းဆိုနေကြသည်။ အဝတ်အတွက် သားရေကို နယ်နေခြင်း မဟုတ်ပါလော။ လူစုတိုင်းပင် အလုပ်ကို စုပေါင်းနည်းနှင့် လုပ်ရုံသာမက ပျော်ပျော်ပါးပါးလည်း လုပ်သေးသည်။ ဂီတသည် စုပေါင်းလုပ်ငန်း၏ အဝိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဂီတအားဖြင့် အလုပ်ပင်ပန်းမှု မေ့ပျောက်သွား၏။ သို့ရာတွင် ဤသီချင်းကား အလုပ်ကိစ္စတစ်ဖက်နှင့် ဆိုသောသီချင်း ဟုတ်မည် မထင်။ သီချင်းသံကြားရာဆီမှ တစ်ချက်တစ်ချက် မိန်းမများ၏ သာယာချိုမြေ့သော လည်ချောင်းသံကလေးများ ထွက်ထွက်လာသည်။ တစ်ချက်တစ်ချက် ယောကျ်ားများ၏ နက်နက်အောအောလည်ချောင်းသံကြီးများ ထွက်ထွက်လာသည်။

''လာ။ သွားကြည့်ရအောင်။''

တဲကြီးထဲတွင် ပိုင်းကန့်ထားသော အခန်းတစ်ခန်း၌ လူစုယောက်ျား, မိန်းမ- ကလေး, လူကြီး, လူရွယ်. အများအပြား စုဝေးနေကြသည်။ အလယ်ခေါင်တွင် အမိုးကို ဖောက်ထားသည်။ ထိုအပေါက်အောက်ဝယ် ထင်းရှူးသားမီးသည် တောက်လောင်နေ၏။ မိန်းမ, ယောကျ်ားများသည် အလွန် ဆွဲဆွဲငင်ငင် သီချင်းတစ်ခုကို သီဆိုနေကြသည်။ ထိုသီချင်းထဲမှ ထူးထူးခြားခြားကြားရသော အသံများကား 'အိုဂနာ (မီး) လာပြီ။' ဟူ၍ ဖြစ်သည်။

လူစုသည် ထိုမီးကိုပင် ဆုတောင်းဆုယူ ပြုနေလေသလား။

ရှုပါဦး။ လူစုခေါင်းဆောင်မနှင့် လူစုအဖွဲ့ဝင်များ မီးထဲသို့ အသားအဆီနှင့် ပျားရည်များကို ထည့်နေကြသည်။ ထိုစဉ်အခါက လူစုမှာ အမဲကောင်းကောင်းရ၍ သစ်သီးနှင့် ပျားရည်များလည်း လိုင်နေသည်။ လူစုသားစဉ်မြေးဆက်မှာ သားကောင်များနှင့် လူသားရန်သူများမှာ တစ်စုံတစ်ရာ အန္တရာယ်မရှိခဲ့ပေ။ ထို့ကြောင့် ယခု လပြည့်နေ့တွင် လူစုသည် မီးနတ်ကို ကျေးဇူးတင်စွာ ပူဇော်ဖွယ်များ အပ်နှင်း တင်ဆက်နေသည်။

ယခုပင် လူစုခေါင်းဆောင်မသည် ပျားရည်အရက်ခွက်တစ်ခွက်ကို မီးထဲသို့ လောင်းထည့်လိုက်သည်။ ထိုအခါ လူအများ မတ်တတ်ရပ်လိုက်ကြ၏။ အားလုံးပင် ဗလာကိုယ်ထီး ဖြစ်၏။ မိမွေးတိုင်း,ဖမွေးတိုင်း ဖြစ်၏။

ဆောင်းရာသီတော့ မဟုတ်ပေ။ ဤ ပူအိုက်သောရာသီ၌ လူစုသည် သူတို့၏အရေကို အခြားသားရေတစ်ခုဖြင့် ဖုံးလွှမ်းထားရသည့်အတွက် 'အသက်ရှူကျပ်သည်။'ဟု ထင်လေသည်။ သို့သော် သူတို့ ကိုယ်ကာယကြီးများမှာ အရပ်အမောင်း ကောင်းလှပါဘိတော်း။ သူတို့အနက် တစ်ယောက်ယောက်မှာ ဗိုက်ရွဲကြီးနှင့် ဖြစ်လေသလော။ အဆီထည့်၍ အရေဖောင်းပွပွ နေလေသလော။ မဟုတ်ပါ။ ဗိုက်ရွဲနှင့် ပွဖောင်းဖောင်းမနေခြင်းကို 'အလှ'ခေါ်သည်။ 'ကျန်းမာခြင်း' ဟူသည်မှာလည်း ၄င်းအမည်ပင် ဖြစ်သည်။

သူတို့အားလုံး၏ မျက်နှာများမှာ လုံးဝ တစ်ဆင်တည်းဖြစ်သည်။ အဘယ်မှာ မဖြစ်ဘဲ ရှိအံ့နည်း။ အားလုံးပင် နိသျာ၏အဆက်အနွယ်များ ဖြစ်ကြသည်။ သည်အဖ, သည်မောင်, သည်သားများမှပင် ပေါက်ဖွားလာခဲ့ကြသည်။ အားလုံးပင် ကျန်းကျန်းမာမာနှင့် အင်အားတောင့်တင်းကြ၏။ မကျန်းမမာနှင့် အားအင်ချည့်နဲ့သူတစ်ယောက်သည် ဤကဲ့သို့သော ဘဝ၊ ဤကဲ့သို့သောသဘာဝနှင့် သားတိရစ္ဆာန် လောကကြီး၏ ရန်မူမှုအကြားတွင် အသက်ရှင်နိုင်မည် မဟုတ်ပေ။

လူစုခေါင်းဆောင်သည် ထ၍ ခန်းမကြီးတစ်ခုသို့ သွားလေ၏။ လူစုအဖွဲ့ဝင်များကား မြေညက်(ရွံ့)လိမ်းကျံထားသောနေရာ၌ ထိုင်နေကြလေသည်။ ပျားရည်အရက်ခွက်များ တစ်ခွက်ပြီးတစ်ခွက် ရောက်လာ၏။ အရက်ခွက်များမှာ အချို့သူတွင် ခေါင်းခွံရိုးခွက်, အချို့တွင် အရိုးခွက်, သားချိုခွက်, အချို့တွင် ဖက်ခွက်များ ဖြစ်ကြ၏။ လုလင်, လုံမ, ယောကျ်ားကြီး, မိန်းမကြီး, အဘိုးအို, အမယ်အို သူအကန့်နှင့်သူ အရက်ဝိုင်း ဖွဲ့ကြ၏။ သို့သော် ဤကိစ္စကား အစဉ်အလာကိစ္စ မဟုတ်ပေ။ အမယ်အိုများ ကပင် သူတို့ခေတ်ရှိစဉ် ဘဝအရသာကို အပြည့်အဝ ခံစားခဲ့ပြီးပြီ။ 'ယခုအခါ လူငယ်များအလှည့် ဖြစ်သည်။' ဟု သဘောပေါက်ကြပါသည်။ မိန်းမပျိုကလေးများကလည်း ဘဝတာတွင် နေဝင်ခါနီး အဘိုးကြီးအချို့အား အမြိုက်အရသာတစ်ကျိုက် ကိုယ်တိုင် လက်နှင့်ကိုင်၍ တိုက်လိုက်ချင်ကြသေး၏။

ဒိဝါကို ရှုပါဦးလော့။ သူမ၏အနီး လုလင်, လုံမအများပင် ထိုင်နေကြ၏။ သူမသည် 'ရိဘု'[၁] ပခုံးပေါ်တွင် လက်တင်ထား၏။

သူရကား 'ဒမာ'[၂] နှင့် တွဲထိုင်နေသည်။

စား, သောက်, ဆို,က ကိစ္စများ ပြီးသွားသောအခါ ဤတဲကြီးထဲ၌ပင် ယောကျ်ား, မိန်းမ, ချစ်သူအချင်းချင်း ရင်ငွေ့လှဲကြ၏။ နံနက်လင်းလျှင် ယောကျ်ား, မိန်းမအချို့ အိမ်မှကိစ္စများကို ဆောင်ရွက်ကြပေလိမ့်မည်။ အချို့က အမဲလိုက်သွားကြမည်။ အချို့က သစ်သီး စုဆောင်းကြပေလိမ့်မည်။ နှင်းဆီရောင်ပါးကလေးများနှင့် သူတို့၏ ငယ်ငယ်နှောင်းနှောင်း ကလေးများကကော။ အချို့ကား အိမ်ရင်ခွင်တွင်၊ အချို့က သစ်ပင်ရိပ်အောက် သားရေပေါ်တွင်၊ အချို့ အရွယ်ရောက်သောကလေးများ၏ ကျောပေါ်ခါးထစ်ပေါ်တွင် ရှိကြပေလိမ့်မည်။ များစွာသောကလေးတို့ကား ဇော်လဂါမြစ်ကမ်းခြေရှိ သဲပြင်ပေါ်တွင် ခုန်မြူးပျော်ပါး ကစားနေကြပေလိမ့်မည်။ အဘိုးအို, အမယ်အိုများကား နိဿာအုပ်စိုးစဉ်ကထက် ပို၍ ချမ်းသာကြ၏။ ပို၍ ကျေနပ်ကြ၏။

'လူစု' ဟူသည်မှာ သက်ရှိအမိတစ်ဦးတည်း၏ အုပ်ချုပ်မှု လက်အောက်ခံ မဟုတ်။ သက်ရှိအမိများစွာ၏ မိသားစုကြီးတစ်ခု၊ သို့မဟုတ် လူစုတစ်စု ဖြစ်သည်။ လူစု၌ အမိတစ်ဦးတည်း၏ တစ်ချက်လွတ် အုပ်ချုပ်ရေး မရှိ။ လူစုအဖွဲ့၏ အုပ်ချုပ်ရေးသာ ရှိ၏။ ထို့ကြောင့် လူစု၌ ဘယ်နိဿာကမှ ဘယ်သမီးလေခါကို ဇော်လဂါမြစ်ထဲတွင် နှစ်မြှုပ်နေဖို့ မလိုတော့ပေ။

၃

ဒိဝါသည် သား ၄ ယောက်နှင့် သမီး ၅ ယောက်ရှိသော အမိ ဖြစ်လာခဲ့လေပြီ။ ၄၅ နှစ်အရွယ် သို့ရောက်သောအခါ သူမသည် နိဿာလူစု၏ 'လူစုခေါင်းဆောင်မှုအဖြစ်' အရွေးခံရ၏။ လွန်ခဲ့သော ၂၅ နှစ်အတွင်း နိဿာလူစု၏ အရေအတွက် ၃ ဆ တိုးလာခဲ့၏။ ၄င်းကိုအကြောင်းပြု၍ ဒိဝါကို ချီးကျူးရန် သူမ နှုတ်ခမ်းကို သူရက စုပ်နမ်းသောအခါတိုင်း ဒိဝါက ပြောတတ်လေသည်။

''ဒါတွေအားလုံး မီးနတ်ရဲ့ သနားတော်မူချက်အရ ဖြစ်ပါတယ်။ နေမင်းကြီးရဲ့ တန်ခိုးတော်ပါပဲ။ ဘယ်သူမဆို မီးနတ်နှင့် နေမင်းကြီးကို ကိုးကွယ်ရင် အဲဒီလူရဲ့တစ်ဝိုက်မှာ ပျားရည်အယဉ်ဟာ ဟောဒီဇော်လဂါမြစ်လို စီးတော့တာပဲ။ ပြီးတော့ သူ့သစ်ပင်တွေ (တော)ထဲကိုလည်း သားကောင်အမျိုးမျိုး လာပြီး ကျက်စားတော့တာပဲ။''

သို့သော် နိဿာလူစုအတွက် အခက်အခဲ အများအပြားရှိလာ၏။ နိဿာလူစု ပြောင်းသွားသော အရပ်တိုင်းမှာပင် ပထမ တောမျှလောက်နှင့် ကျက်စား၍ မရနိုင်တော့ပေ။ ၄င်းလူစုမှာ 'လူစုအိမ်'ကို ၃ ဆ တိုးချဲ့ရရုံမက အမဲလိုက်ကွင်းကိုလည်း ၃ ဆ တိုးချဲ့လိုက်ရပေသည်။

ယခုအခါ နိဿာလူစု တဲဆောက်ထားရာ အမဲလိုက်ကွင်းမြောက်ဘက်တွင် 'ဥသျှာ'[၃] လူစု၏ အမဲလိုက်ကွင်း ရှိလေသည်။ အမဲလိုက်ကွင်း ၂ ခုအလယ်၌ ပိုင်ရှင်မဲ့ တောတစ်တော ရှိ၏။ နိဿာလူစု

၁။ ရိဘု - လူသားတစ်ယောက်၏အမည် ဖြစ်သည်။ သို့သော် နတ်အမျိုးမျိုးကို ယုံကြည်လာကြသောခေတ်၌ 'ရိဘု' ဟူသည် ခဏ ဒေဝတာ (အစုနှင့် နေသော နတ်) မျိုးမှ နတ်တစ်ဦးဟု အသိအမှတ်ပြုလာကြသည်။
'ရိ'ကား နတ်များ၏ မယ်တော်ကြီး။ ၄င်းမယ်တော်ကြီး၏ သားဖြစ်သောကြောင့် 'ရိဘု' ခေါ်ကြောင်း အနက်ဖော်ကြ၏။

၂။ ဒမာ - ယခင်ပူဇော်ရာအခန်းကို 'ဒမ' ဟု ခေါ်သည်။ ၄င်းကို အစွဲပြု၍ မိန်းကလေးတစ်ဦးကို 'ဒမာ' ဟု မှည့်ခေါ်သည်။

၃။ ဥသျှာ - နေမထွက်မီ ပေါ်လာသော အရုဏ်ရောင် အပူငွေ့ကို 'ဥသျှာ' ခေါ်သည်။ ၄င်းကိုစွဲ၍ 'ဥသျှာ' မှည့်ခေါ်သည်။- မြန်မာပြန်သူ၏ မှတ်ချက်။

သည် ဝိုင်ရှင်မဲ့တောကိုသာ မဟုတ်။ ဥသျှာလူစု၏ ကွင်းနယ်သို့ပင် အမဲလိုက်ရန် အကြိမ်များစွာ ကျူးကျော် သွားရောက်ခဲ့လေ၏။

လူစုအဖွဲ့သည် ဥသျှာလူစုနှင့် ရန်ပွဲခင်းရမည့် အလားအလာကို မြင်ပါ၏။ သို့သော် လူစုအဖွဲ့သည် တစ်ခုတစ်ခုသော ရှောင်လွှဲနည်းဥပါယ်ကို မသိပေ။

တစ်နေ့သ၌ လူစုအဖွဲ့တွင် ဒီဝါ ပြောခဲ့ဖူးသည်။

"နေမင်းကပေးလိုက်တဲ့ ပါးစပ်ပေါက်တွေထဲ ထည့်ဖို့ အစားအတွက်တော့ ဒီတောတွေပဲ။ ဒီတောတွေကို လက်လွှတ်လိုက်ရင် ဒီပါးစပ်ပေါက်တွေကို အစားအစာပေးနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ဒီတောတွေထဲက ဝက်ဝံတွေ, နွားတွေ, မြင်းတွေကို လက်မလွှတ်နိုင်ဘူး။ ဒီအတိုင်းပဲ ဇော်လဂါမြစ်ထဲက ငါးတွေကိုလည်း လက်မလွှတ်နိုင်ဘူး။"

ဥသျှာလူစုသည် နိုသျှာလူစု အထင်အရှား မတရားလုပ်နေသည်ကို တွေ့ရလေ၏။ ဥသျှာလူစုအဖွဲ့သည် နိုသျှာလူစုအဖွဲ့နှင့် ၁ ကြိမ်-၂ ကြိမ် စကားအချီအချ ပြောခဲ့ရ၏။

"ရှေးရှေးတုန်းကတည်းက တို့လူစု ဘယ်တော့မှ စစ်မဖြစ်ခဲ့ကြဘူး။"

ဤသို့ ပြန်ပြောင်းသိစေသည်။

"ငါတို့ ဆောင်းတွင်းကျတိုင်း ဒီနေရာကို လာလာနေခဲ့ကြတာပဲ။"

ဤသို့ စကားဆိုသည်။ သို့သော် ငတ်အသေခံ၍ တရားအတိုင်းပြုလုပ်ရန် နိုသျှာလူစု ဘယ်မှာ အသင့်ဖြစ်နိုင်ပါအုံးနည်း။ အားလုံး ဥပဒေများ ပျက်ပြားသွားသောအခါ တောဥပဒေ (စစ်တိုက်မှု) ကိုသာ ကိုးစားရလေတော့သည်။

လူစု ၂ စု အတွင်း အတွင်းကျိတ် ကျိတ်၍ တောဥပဒေအတွက် ပြင်ဆင်မှုများ စတင်ပြုလုပ်ခဲ့ကြလေသည်။ တစ်ဘက်သတင်းကို တစ်ဘက်က မရနိုင်ပေ။ လူစုတိုင်းမှာပင် အိမ်တောင်ပြုရေး, သေရေး, ရှင်ရေး အစစအရာရာ ကိုယ့်လူစုအတွင်းမှာသာ ပြုခဲ့ကြသောကြောင့် ဖြစ်သည်။

နိုသျှာလူစုမှာ လူတစ်အုပ်သည် အခြားအမဲလိုက်ကွင်းတစ်ခုသို့ အမဲလိုက်ရန် သွားရောက်လေ၏။ ဥသျှာ လူစုဝင်များ ပုန်းအောင်း၍ ထိုင်စောင့်နေကြကာ ဝင်ရောက်တိုက်ခိုက်ကြလေ၏။ နိုသျှာလူစုသားတို့ကလည်း ကြံ့ကြံ့ခံ၍ တိုက်ကြ၏။ သို့သော် နိုသျှာလူစုမှာ အသင့်ပြင်ဆင်၍ လူဦးရေများများနှင့် လာခဲ့ခြင်း မဟုတ်သောကြောင့် အကျအဆုံး ခံရသည်။ ကျဆုံးသွားသော အလောင်းတချို့ကို ထားခဲ့၍ ဒဏ်ရာရသောသူများကိုသာ ဆောင်ယူ ထွက်ပြေးခဲ့ရလေတော့သည်။ သူတို့အဖြစ်အပျက်ကို လူစုခေါင်းဆောင်မကြားလေပြီ။

လူစုအဖွဲ့သည် ဤကိစ္စနှင့်ပတ်သက်၍ စဉ်းစားခဲ့၏။ ထိုနောက် လူစုအဖွဲ့ ယောကျ်ား, မိန်းမ အားလုံးဆိုင်ရာ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့၏။ အကြောင်းစုံ အစည်းအဝေးကို တင်ပြ၏။ သေသူတို့၏ အမည်များကို ပြောပြ၏။ ဒဏ်ရာရသူများကို အစည်းအဝေးတွင် တင်ပြ၏။ ဆိုင်ရာအစ်ကိုများ, ညီများ, သားများနှင့် အမိများ, နှမများ, သမီးများက 'သွေးအစား သွေးကို ပြန်ယူရန်' (လက်စားချေရန်) လူစုကြီးတစ်ရပ်လုံးကို လှုံ့ဆော်ကြလေသည်။ လက်စားမချေခြင်းသည် လူစုတရားသဘောနှင့် အလွန်ဆန့်ကျင်ဘက်ကျသောအမှု ဖြစ်၏။ လူစုသည် လူစုတရားသဘောနှင့် ဆန့်ကျင်သော မည်သည့်အလုပ်ကို မျှ မလုပ်နိုင်။ လူစုသည် 'အသေခံရသူတို့အတွက် လက်စားချေသင့်သည်။' ဟု ဆုံးဖြတ်ချက် ချလိုက်လေ၏။

ကပ္ပတီးမူတ်သမ်များသည် တိုက်ပွဲတီးမှုတ်သမ်များအဖြစ် ပြောင်းလဲခဲ့လေပြီ။ ကလေးငယ်များနှင့် လူအိုများကို စောင့်ရှောက်ရန်အတွက် ယောကျ်ား,မိန်းမ အနည်းငယ်ကိုသာ ထားပစ်ခဲ့၍ ကျန်လူအားလုံး

ပင် ထွက်ချိုကြရ၏။ သူတို့၏လက်များတွင် လေး,မြား, ကျောက်သားပုဆိန်, သစ်သားလုံနှင့် သစ်သားတုံးကြီးများ ပါ၏။

သူတို့ကိုယ်တွင် အထူဆုံး သားရေကိုယ်ကျပ်အင်္ကျီများကို ဝတ်ဆင်ကြ၏။ ရှေ့မှ ရှေ့မှ တူရိယာများကို တီးမှုတ်လျက်သွား၏။ နောက်မှ လက်နက်ကိုင်ယောကျ်ား, မိန်းမများ။ လူစုခေါင်းဆောင်မဒိဝါကား ရှေ့မှရှေ့မှ ချီတက်၏။

အဝေးကြီးကပင်ကြားရသော တူရိယာသံများနှင့် အုတ်အုတ်ကျက်ကျက် လူသံများကြောင့် တောနက်ကြီးတစ်ခုလုံး ပွက်ပွက်ရိုက်လျက် ရှိလေသည်။ သားကောင်နှင့် ငှက်များလည်း ဟိုဟိုသည်သည် ပြေးလွှားပျံသန်းနေကြလေသည်။ လူစုသည် သူတို့ပိုင်နက်ကိုကျော်၍ ပိုင်ရှင်မရှိသောနယ်သို့ ဝင်ရောက်ခဲ့လေပြီ။ နယ်စပ်သတ်မှတ်ချက် မရှိသော်လည်း လူစုအမဲလိုက်သမားတိုင်း သူတို့နယ်အပိုင်းအခြား သိ၏။ ထိုထက် လူစုံသည် ထိုနယ်စပ်အပိုင်းအခြားအတွက် 'မုသား' မဆိုတတ်ကြ။ 'မုသားဆိုမှူ' ဟူသည် ထိုခေတ်အခါတိုင်အောင် ဘာမှန်းမသိရသေး၍ အလွန်ခက်ခဲသော အတတ်ပညာတစ်ရပ် ဖြစ်ပေသည်။ အမဲလိုက်သမားများက သူတို့လူစုထံသို့ အကြောင်းကြားလိုက်၏။ လူစုသည် လူစုပြည် (လူစုတဲများ)မှ လက်နက်စွဲကိုင်လျက် ထွက်လာ၏။

ဥသျှာလူစုသည် စင်စစ် တရားလမ်းမှန်ကို ကြိုက်၏။ သူတို့အမဲလိုက်ကွင်းကို ကာကွယ်ရန် သက်သက်သာ အလိုရှိ၏။ သို့သော်လည်း သူတို့၏ရန်သူများက တရားလမ်းမှန်အဝှက် အဆင်သင့် မရှိကြပေ။ ဥသျှာလူစု၏ အမဲလိုက်ကွင်း၌ လူစု ၂ စု၏ တိုက်ပွဲတစ်ခု ဖြစ်ခဲ့လေပြီ။ ထက်လှစွာသော မီးခတ်ကျောက်အသွားတပ်ထားသည့် မြားမိုး တရှိန်ရှိ ရွာကျနေပေသည်။ ကျောက်ပုဆိန်များ တချင်ချင် မြည်ကာ တစ်ဖက်နှင့်တစ်ဖက် ကူးယှက်နေသည်။ လုံများ, ဆောက်ပုတ်(လက်ကိုင်တုံး)များဖြင့် တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်နေကြသည်။ လက်နက်ကျီးသွားလျှင်၊ လွတ်ကျသွားလျှင် လက်များ, သွားများနှင့် ကိုက်ကြသည်။ ကျောက်ခဲများကိုကောက်၍ တိုက်ခိုက်ကြသည်။ စစ်တိုက်ရာတွင် ယောကျ်ား, မိန်းမ-၂ မျိုးစလုံး ပါဝင်တိုက်ခိုက်ကြသည်။

နိသျှာလူစုဦးရေသည် ဥသျှာလူစုဦးရေ ၂ ဆ ရှိသောကြောင့် ထိုတိုက်ပွဲ၌ ဥသျှာလူစု အနိုင်ရဖို့ မဖြစ်နိုင်ပေ။ သို့သော်လည်း ကလေးတစ်ယောက်ပင်ကျန်ကျန် တိုက်ဖို့ အရေးကြီးပေသည်။ နေ့တာ ၃ နာရီ ကြာပြီးသောအချိန်တွင် တိုက်ပွဲ စတင်ခဲ့လေသည်။ တောထဲ၌ ဥသျှာလူစု ၃ပုံ ၂ပုံ အသတ်ခံခဲ့ရလေသည်။ ဟုတ်ပါသည်။ ဒဏ်ရာရခြင်း မဟုတ်။ သေကို သေပါသည်။ လူစုတိုက်ပွဲများ၌ ဒဏ်ရာရသောရန်သူကို စွန့်ပစ်ခဲ့ခြင်းသည် ကြီးလေးသောမတရားမှုကြီး ဖြစ်ပေသည်။ ကျန် ၃ ပုံ ၁ ပုံကား ဇော်လဂါမြစ်ကမ်းခြေ၌ တိုက်ရင်းခိုက်ရင်း အသက်ပေးသွားလေသည်။ လူအိုများနှင့် သားသည်အမိများသည် အိမ်ကို စွန့်၍ ပြေးလိုက်၏။ သို့သော်လည်း အချိန်နှောင်းသွားခဲ့ပြီ။

နိသျှာလူစု၏ ယောကျ်ား, မိန်းမ အရိုင်းအကြမ်းသမားများက လူအိုများနှင့် သားသည်အမိများကို အတင်းလိုက်လံ ဖမ်းဆီးကြ၏။ နို့စို့ကလေးများကို ကျောက်တုံးတွင် ကိုင်ရိုက်ကြ၏။ အဘိုးအို, အမယ်အိုများကိုကား လည်ပင်းတွင် ကျောက်ခဲဆွဲ၍ ဇော်လဂါမြစ်ထဲ၌ နှစ်မြှုပ်ပစ်ကြ၏။

အိမ်တွင်း၌သိုလှောင်ထားသော အသား, သစ်သီး, ပျားရည်အရက်နှင့် အခြားပစ္စည်းများကို အပြင်သို့ထုတ်၍ ကျန်ရစ်သောကလေးငယ်များနှင့် မိန်းမများအား တဲထဲတွင်ပိတ်ထား၍ မီးတိုက်ပစ်ကြ၏။ လက်ခုပ်တစ်ဖောင်ကျော်အောင် မြင့်တက်လာသော မီးလျှံများအကြားမှ ထွက်ပေါ်လာသော သက်ရှိသတ္တဝါများ အော်ဟစ်ငိုကြွေးသံကို အရသာခံလျက် နိသျှာလူစုက 'မီးနတ်' ကို ကောင်းချီးပေးကြလေ

သည်။ ထို့နောက် ရန်သူများစုထားသော အသား, အရက်များဖြင့် သူတို့နှတ်များကို ဖြေဖျော်ပြီးနောက် သူတို့ကိုယ်ကို သူတို့ ဖြေဖျော်ကြလေသည်။

လူစုခေါင်းဆောင်မ ဒဝါသည် အလွန်ဝမ်းမြောက်ဝမ်းသာ ရှိနေလေသည်။ သူမသည် အမိ ၃ ဦး၏ ရင်ဘတ်ထဲမှ သားကလေး ၃ ယောက်ကို လုၡ် ကျောက်တုံးပေါ်တွင် ကိုင်ရိုက်ခဲ့၏။ ကလေးများ ဦးခွဲကွဲသံ ထွက်ပေါ်လာသောအခါ သူမသည် တခိခိ ရယ်မောလေသည်။

စားသောက်ကြပြီးနောက် ထိုမီးရောင်၌ပင် ကပွဲစကြ၏။ ဒဝါသည် သူ့သားပျိုး ဝသု[1]နှင့်အတူ တွဲက၏။ ကိုယ်တုံးလုံး ၂ ခုတို့သည် ကချင်းသံအကြားကပင် တစ်ခါတစ်ခါ တစ်ယောက် တစ်ယောက် နမ်းစုပ်ကြ၏။ တစ်ခါတစ်ခါ ဖက်ကြ၏။ တစ်ခါတစ်ခါ လှည့်ကာပတ်ကာ ကဟန်အမျိုးမျိုး ပြကြ၏။

ယနေ့ လူစုခေါင်းဆောင်မကြီး၏ချစ်သူ ဝသု ဖြစ်နေပေပြီ။ ဤအကြောင်းကို အားလုံးလူစု သိပါ၏။ ဝသုသည် အောင်ပွဲရူးရူးနေသောအမိ၏အချစ်ကို မငြင်းဆန်လိုတော့ပေ။

နိသျှာလူစု၏ အမဲလိုက်ကွင်းသည် ယခုအခါ ၄ ဆသာသာ ကျယ်ပြန့်သွားခဲ့လေပြီ။ ဆောင်းရာသီ နေရေးအတွက် နိသျှာလူစုမှာ လုံးလုံး စိုးရိမ်ဖွယ်မရှိတော့ပေ။ စိုးရိမ်စရာ အကြောင်းတစ်ခုသာ ရှိတော့သည်။ ဥသျှာလူစုမှာ အသတ်ခံသွားကြရသောသူများ အသက်ရှင်စဉ်က မလုပ်လိုက်ရသောအလုပ်များကို သေပြီးနောက် ပြိတ္တာ (သူရဲတစ္ဆေ) များအဖြစ် လုပ်ချင်လုပ်ကြလိမ့်မည်။ ထို မီးလောင်သွားသောအိမ်နေရာ၌ 'ပြိတ္တာပြည်ကြီး တည်ထောင်ကြပြီ။' ဟူသော အစွဲကြောင့် ၁ ယောက်ချင်း, ၂ ယောက်ချင်း သွားလာလှည့်ပတ်ရန် မည်သည့် နိသျှာလူစုသားတစ်ယောက်မျှ မဝံ့တော့ပေ။

အမဲလိုက်သမားများသည် မီးတောက်ကြီးများရှေ့တွင် ကိုယ်တုံးလုံးကောင်များ ကခုန်နေသည်ကို အကြိမ်များစွာ မြင်ခဲ့ရလေသည်။ အကူးအသန်းရှိသောအခါ လူစုသည် ထိုလမ်းကသာ သွားရ၏။ သို့သော် ထိုအခါများ၌ လူစုသည် လူများများနှင့် နေ့ခင်းကြောင်တောင်သာ သွားခဲ့၏။

ဒဝါကား မှောင်မိုက်ထဲ၌ နို့စို့ကလေးများ မြေကြီးပေါ်မှ ခုန်ခုန်တက်၍ သူလက်ကို ပတ်ရစ်ထားသည်ဟု ထင်မြင်ခဲ့၏။ ထိုအခါ ထထ အော်ခဲ့မိလေသည်။

၄

ယခုအခါ ဒဝါ အသက် ၇၁ ကျော်အရွယ်သို့ တိုင်ရောက်ခဲ့လေပြီ။ ထိုအချိန်၌ သူမသည် လူစုခေါင်းဆောင်မကြီး မဟုတ်တော့ပေ။ သို့သော် ယခုတိုင်အောင်ပင် သူမသည် နိသျှာလူစု၏ မြတ်နိုးခြင်းခံရသော အမယ်အိုတစ်ယောက် ဖြစ်ပေ၏။ အကြောင်းသော်ကား အနှစ် ၂၀ ပတ်လုံး လူစုခေါင်းဆောင်ဘဝနှင့် လူဦးရေတိုးတက်နေသော မိမိလူစု၏ ပြည့်စုံလုံလောက်ရေးအတွက် အလုပ်လုပ်ခဲ့သည်။ ထိုနှစ်များအတွင်း လူစုသည် အပြင်အပလူစုများနှင့် အကြိမ်များစွာ တိုက်ခိုက်ခဲ့ရ၏။ ထိုတိုက်ပွဲများ၌ လူစုမှာ အကြီးအကျယ် ထိခိုက်ခြင်းခံရသော်လည်း နိသျှာလူစုက အမြဲတမ်း အနိုင်ရခဲ့ပေသည်။ ယခုအခါ သူတို့တွင် လပေါင်းများစွာအတွက် အမဲလိုက်ကွင်းများ ပြည့်စုံခဲ့လေပြီ။ ဒဝါအလို- 'အရာအားလုံး အရှင်နေမင်း၏ ကျေးဇူးတော် ဖြစ်သည်။' သို့သော်လည်း လက်နှင့် ကိုင်ရိုက်ခဲ့သော ထိုကလေးများက ယခုတိုင်အောင်ပင် သူမ အိပ်မပျော်အောင် တစ်ခါတစ်ခါ အနှောင့်အယှက်ပေးနေကြတုန်း ရှိသေးသည်။

၁။ ဝသု - လူသားတစ်ယောက်၏ အမည် ဖြစ်၏။ သို့သော် နတ်အမျိုးမျိုးကို ယုံကြည်လာကြသော ခေတ်၌ 'ဝသုနတ်ဂ မျိုး ရှိသည်။' ဟုပင် မှတ်သားကြ၏။
အရှောင် သို့မဟုတ် ရေကို 'ဝသု' ဟု ခေါ်ကြသည်။ ၄င်းကို အကြောင်းဖြစ်၍ ယောကျ်ားတစ်ယောက်ကို 'ဝသု' မှည့်ခေါ်သည်။
ကျောက်သံပတ္တမြား ရတနာကိုကား ထိုစဉ်အခါက 'အဘိုးတန်'ဟု မသတ်မှတ်ကြသေးပေး။

ဆောင်းရာသီ၏ နေ့တစ်နေ့ ဖြစ်သည်။

ဇော်လဂါမြစ်ရေယဉ်ခဲသွား၍ လပေါင်းများစွာ ရွာချနေသော နှင်းများကြောင့် အဝေးကြည့်လျှင် ဇော်လဂါမြစ်သည် ငွေသလဲ၊ သို့မဟုတ် ဝါဂွမ်းပုံကြီးအဟန် ထင်နေ၏။ တစ်ဖက်၌ကား တောများတွင် ဆောင်းရာသီ၏ သက်ပျောက်သဘာဝနှင့် ခြောက်ကပ်သဘာဝက ဖုံးလွှမ်းလျက် ရှိလေ၏။

နိသျှာလူစု၏လူဦးရေမှာ ယခုအခါသာ၍ပင် များလာလေသည်။ ထို့ကြောင့် ထိုလူများအတွက် အစားအစာအတိုင်းအရှည်လည်း ပိုလာဖို့ အရေးကြီးပေသည်။ သို့သော် အရေးကြီးသည်နှင့်အမျှပင် သူတို့တွင် အလုပ်လုပ်သောလက်များလည်း ပိုလာလေသည်။ အလုပ်လုပ်သောရက်များ၌ သူတို့ ပိုပိုမိုမို စုဆောင်းကြ၏။ ဆောင်းရာသီများ၌လည်း အမဲလိုက်ခွေးများကို ခေါ်ဆောင်သွားတတ်သော နိသျှာ သားသမီးများလည်း အမဲလိုက်ရာ တစ်ခုမရ တစ်ခုရအောင် ယူတတ်ကြ၏။ အမဲလိုက်ခြင်းတစ်မျိုးအပြင် အစီအစဉ်သစ်တစ်ခု သူတို့ ထွင်ထားကြ၏။ စားကျက်မရှိသောကြောင့် သမင်, နွား, မြင်း အစရှိသော အမဲကောင်များ တစ်တောသို့ ရွှေ့ပြောင်းသွားတတ်ကြ၏။

နိသျှာလူစုသည် မြေပေါ်သို့ ကျသောအစေ့များ ပေါက်သည်ကို မြင်ဖူး၏။ ထို့ကြောင့် စွတ်စိုသော မြေပေါ်တွင် မြက်စေ့များကို သူတို့ ကြဲစမ်းကြည့်၏။ ထိုမြက်ပင်ပေါက်ကလေးများကြောင့် သားတိရစ္ဆာန်များ ရက်အနည်းငယ် နောက်ထပ် တန့်နေကြလေသည်။

တစ်နေ့သ၌ ဣကွသဝါ[1]၏ ခွေးက ယုန်ကို လိုက်လေသည်။ ဣကွလည်း ယုန်နောက်သို့ ပြေးလိုက်လေ၏။ ချွေးထွက်သောအခါ သားရေကိုယ်ကျပ်အင်္ကျီကိုချွတ်၍ ပခုံးပေါ်တင်ကာ တစ်ဖန် ပြေးလိုက်ပြန်၏။ သို့သော် ထိုအချိန်အထိ ခွေးကို မမြင်ရသေးပေ။ နှင်းခဲများပေါ်တွင်ကား ခွေးခြေရာများကို ပြတ်ပြတ်သားသား တွေ့မြင်နေရလေပြီ။ ဣကွ ဟောဟဲလိုက်နေ၏။ ထို့နောက် အမောဖြေရန် လဲကျနေသော သစ်ပင်တစ်ပင်၏ပင်စည်ပေါ်တွင် ထိုင်လိုက်၏။ သူ ကောင်းကောင်း အမောမပြေသေးမီပင် ခပ်လှမ်းလှမ်းမှ ခွေးဟောင်သံ ကြားရလေသည်။ ဣကွ ထ၍ တလောပြေးပြန်၏။ အသံကား နီးသထက်နီးလာ၏။ အနီးသို့ရောက်သောအခါ 'အလှမ'ကလေးတစ်ယောက် ထင်းရှူးပင်မှီ၍ ရပ်နေသည်ကို တွေ့ရလေသည်။

သူမသည် ဖြူဖြူ အမွေးဖွားဖွားနှင့် သားရေကိုယ်ကျပ်အင်္ကျီကို ဝတ်ထား၏။ ခေါင်းဆောင်းဖြူဖြူကလေးအောက်မှ သူမ၏ ရွှေရောင်ဆံပင်များ ဟိုတစ်စသည်တစ်စ ထွက်နေသည်ကိုလည်း တွေ့ရ၏။ သူမခြေထောက်နားမှ ယုန်သေတစ်ကောင် ရောက်နေသည်။ ဣကွကို မြင်၍ ခွေးသည် အနီးသို့ကပ်ကာ ကျယ်ကျယ်လောင်လောင် ဟောင်ပြန်လေသည်။ ဣကွမျက်လုံးများ အချောမကလေးမျက်နှာပေါ်သို့ ကျရောက်သွား၏။

သူမကလေးက အပြုံးနှင့် ပြောလိုက်သည်။

"အဆွေ။ ဒါ နင့်ခွေးလား။"

"အေး- ငါ့ခွေးပဲ။ ဒါထက် နင့်ကို ငါ မမြင်ဖူးဘူး။"

"ငါ ကုရုလူထဲက။ ဒါ ကုရုလူစုရဲ့ပိုင်နက်ပဲ။"

"ကုရုလူစုထဲက" ဟု ဆိုကာ ဣကွသည် အတွေးကြောသို့ မျောပါသွားလေသည်။

၁။ ဣကွသဝါ- 'ဣကွ' အနက် 'ကြယ်တာရာ'။ ၄င်း ကြယ်တာရာမှ ကျဆင်းသည့်အဟန် ယောကျ်ားတစ်ယောက်ကို 'ဣကွသဝါ' ဟု မှည့်ခေါ်သည်။ မြန်မာဘာသာ၌ 'ကြယ်တာရာမှ ကြွေကျသော သူ'- 'တာရာကြွေ' ဟု ခေါ်နိုင်သည်။ မြန်မာပြန်သူ၏ မှတ်ချက်

ဤနေရာရှိ ကုရသည် သူ၏ အိမ်နီးချင်းလူစု ဖြစ်၏။ နှစ်ပေါင်းများစွာကပင် လူစု ၂ စုအတွင်း၌ မကျေနပ်မှုများ ဖြစ်ပွားလာခဲ့ကြ၏။ ရံခါရံခါ တိုက်ပွဲများပင် ဖြစ်ရ၏။ သို့သော်လည်း ကုရလူစုသည် ဥသျှာလူစုထက် အလိမ္မာပိုး၏။ ထို့ကြောင့် တိုက်ပွဲ၌ အောင်မြင်ဖို့ မျှော်လင့်ချက်မရှိလျှင် သူတို့ ကိုယ်လွတ်ရန်း၍ ခြေကုန်သုတ်ကြ၏။

ဤနည်းအားဖြင့် လက်က အောင်ပွဲမပေးနိုင်သောနေရာ၌ ခြေထောက်များက အသက်ရှင်ရေး အတွက် အကျိုးဆောင်ကြ၏။ နိသျှာ သားသမီးများ မကြာမကြာပင် ကုရကို သိမ်းရန် ဆုံးဖြတ်ချက် ချခဲ့၏။ သို့သော် ယခုအထိ သူတို့ဆုံးဖြတ်ချက်ကို အလုပ်သဘောပေါ်လာအောင် မဆောင်ရွက်နိုင်ခဲ့ကြသေးပေ။

ဣကွ စကားဆိတ်နေသည်ကို မြင်၍ မိန်းကလေးက ပြောရှာသည်။

"ဒီယုန်ကို နင့်ခွေး ကိုက်သတ်တာပဲ။ ဒီယုန်ကို နင် ယူသွားတော့။"

"ငါ့ခွေးကိုက်ပေမယ့် ဒီယုန်ဟာ ကုရဝိုင်နက်ထဲက အမဲလိုက်ကွင်းထဲမှာ သေတာ။"

"ဟုတ်ပါတယ်။ ဒါပေမယ့် ငါ ခွေးရှင်ကို စောင့်နေတယ်။"

"စောင့်နေတယ်လား။"

"အေး-ခွေးရှင်လာရင် ဒီယုန်ကို ပေးမလို့။"

'ကုရ' ဟူသောအမည်ကို ကြားရ၍ ဣကွစိတ်တွင် အနည်းငယ် ဒေါသထသလိုလို ဖြစ်လာလိုက်သေး၏။ သို့သော်လည်း အလှမကလေး၏ ချစ်စရာအပြည့်ပါသော အသံကို ကြားရ၍ ဒေါသများ လွင့်စဉ်သွားခဲ့လေသည်။

ဣကွသည် ကျေးဇူးတုံ့ပြန်သော စိတ်တိုက်တွန်းချက်အရ ပြောလိုက်သည်။

"အမဲကောင်အပြင် ငါ့ခွေးကိုပါ နင် ပြန်ပေးတယ်နော်။ ဒီခွေးဟာ ငါ့ကို သိပ်ချစ်တာပဲ။"

"ခွေးချောပဲ။"

"အားလုံးလူစုကြားထဲကို ဘယ်လို ရောက်နေနေ၊ ငါ့အသံကြားတာနဲ့ တစ်ပြိုင်နက် ငါ့ဆီကို လာတာပဲ။"

"ဒီခွေးက နာမည်"

"သျှမ္ဘူ[၁]"

"နို့ အဆွေ- နင့် နာမည်ကကော။"

"ရောစနာသား ဣကွဿဝါ"

"ဣကွ- အရင်မလိုရင် ခဏထိုင်ပါဦး။"

ဣကွသည် လေးနှင့် အင်္ဂျီကို နှင်းခဲပေါ်တွင်တင်ထား၍ အချောမကလေး ခြေထောက်များအနီးတွင် ထိုင်လျက် စကားပြောလေသည်။

"ဒါထက် နင့်အမိ မရှိတော့ဘူးလား။"

"မရှိတော့ဘူး။ အမိဟာ နိသျှာလူစုရဲ့ တိုက်ပွဲမှာ အသတ်ခံရတယ်။ အမိဟာ ငါ့ကို သိပ်ချစ်တယ်။"

ပြောရင်းဆိုရင်း မိန်းမငယ်၏မျက်လုံးများ၌ မျက်ရည်ပြည့်လာလေ၏။

ဣကွသည် သူ့လက်ဖြင့် သူမ၏မျက်ရည်များကို သုတ်ပေးရင်း ပြောရှာသည်။

"ဒီစစ်ဟာ အားကြီးဆိုးပါကလား။"

"ဟုတ်တယ်။ စစ်ပွဲမှာ အဲဒီလောက် ချစ်တဲ့လူတွေနှင့်လည်း ကွဲရတာပဲ။"

၁။ သျှမ္ဘူ - လူသားတစ်ယောက်၏ အမည်။ နောင်သောအခါ 'သိဝ, ဗြဟ္မ, သိဒ္ဓိပေါက်ပုဂ္ဂိုလ်' စသော အနက်များဖြင့် အမှတ်အသား ပြုကြသည်။ အေးအေးဆေးဆေး ဘေးမဖြုံရန်မပြုနေတတ်သူ ဖြစ်၍ 'သျှမ္ဘူ' ခေါ်သည်။

''ဒါတောင် ခုထက်ထိ ဒီစစ်က မရပ်သေးဘူး။''

''တစ်ဖက်ဖက်က မိုးမပြုတ်ဘဲ ဒီစစ်ဟာ ဘယ်လိုလုပ် ရပ်ပါမလဲ။ ငါ ကြားနေရတယ်။ နိုဿာသားတွေက နောက်ထပ် တိုက်ဦးမလို့တဲ့။''

''ငါစဉ်းစားမိတယ် ဣကွ။ နိုဿာသားတွေဆိုတာ နှင့်လို လူပျိုကလေးတွေ နေမှာပဲနော်။''

''ဒါထက် နှင့်လို အပျိုကလေးတွေလည်း ကုရုတွေထဲမှာ ရှိမှာပေါ့နော်။''

''နောက်တစ်ခါ တို့ တစ်ဖက်နှင့်တစ်ဖက် သတ်ပွဲ ဖြစ်ဦးမှာလား။ ဣကွ-ဘယ်လိုလဲ။''

ဣကွ သတိရလာသည်။

'နောက် ၃ ရက်ကြာလျှင် နိုဿာလူစု ကုရုများအတွင်းသို့ ချင်းနှင်းဝင်ရောက်ကြလိမ့်ဦးမည်။'

ဣကွ ဘာတစ်ခုမျှ မပြောခင်ပင် မိန်းမပျိုကလေးက ဖွင့်ဟပြောလိုက်ရှာသည်။

''ဒါပေမယ့် ဒီတစ်ခါတော့ တို့ မတိုက်တော့ပါဘူး။''

''မတိုက်တော့ဘူး။ ကုရုတွေ မတိုက်တော့ဘူးလား။''

''အေး- တို့လူဦးရေက နိုင်ဖို့ မျှော်လင့်ချက် မရှိလောက်အောင် နည်းနေတယ်။''

''ဒါဖြင့် ကုရုတွေ ဘာလုပ်ကြမလဲ။''

''ဇော်လဂါမြစ်ကမ်းခြေကို စွန့်ခွာပြီး သွားကြတော့မယ်။''

''အမိ ဇော်လဂါမြစ်ရေယဉ်ဟာ ဘယ်လောက်များ ချစ်စရာ ကောင်းလိုက်သလဲလို့။ ဒီတစ်ခါဖြင့် ဒီအမိဇော်လဂါကို ပြန်ပြီး မြင်ရတော့မယ် မဟုတ်ပါဘူး။ ဒါကြောင့် ငါ ဒီမှာ အကြာကြီးထိုင်ပြီး ဒီဇော်လဂါမြစ်ရဲ့ အိပ်မျော်နေတဲ့ရေယဉ်ကို ကြည့်နေမိတယ်။''

''ဒါဖြင့် နင် ဇော်လဂါမြစ်ကို နောက်တစ်ခါ မတွေ့ရတော့ဘူးပေါ့။''

''ရေလည်း မကူးနိုင်တော့ဘူး။ ဒီရေနုက်ကြီးထဲမှာ ကူးရတာ သိပ်မျော်တာပဲ။''

အလှမကလေး၏ပါးပေါ်သို့ မျက်ရည်ပေါက်များ လိမ့်ဆင်းနေကြလေသည်။

''သိပ်ရက်စက် သိပ်ကြမ်းကြုတ်တာပဲ။''

ဣကွက ညှိုးနွမ်းစိတ်ပျက်စွာ ပြောလေသည်။

''ဒါပေမယ့် ဒီလိုစစ်တိုက်တာဟာ လူစုရဲ့ဥပဒေပါပဲ ရောစနာသားရယ်။''

''အို-လူရိုင်းလူကြမ်းဥပဒေပဲ။''

၃

အမတာသ[1]

အရပ်- အာရှတိုက် အလယ်ပိုင်း၊ ပါဓီရိကုန်းပြင် (ဥတ္တရကုရု)။
လူမျိုး- အင်ဒို- ဣရာနီယန်။
အချိန်- ခရစ်မပေါ်မီ အနှစ် ၃၀၀၀။

ဤပုံဝတ္ထုသည် ယနေ့မှအထက် ၂၀၀သော လူအဆက်က အရိယလူတစ်စု၏ အကြောင်း ဖြစ်သည်။

ထိုစဉ်အခါက ဣန္ဒိယနှင့် ဣရာန်ပြည်များ၌ လူဖြူမျိုးလူစုတစ်စု ရှိခဲ့၏။ ၄င်း ၂ မျိုးပေါင်းအမည်မှာ 'အရိယ' ဖြစ်သည်။ သားကောင်ကျောင်းခြင်းသည် သူတို့၏ အသက်မွေးဝမ်းကျောင်း ဖြစ်၏။

၁

ဖရဂါနာနယ်၏ စိမ်းလန်းစိုပြည်သော တောင်ကုန်းများ၊ ဟိုတစ်နေရာ သည်တစ်နေရာ စီးဆင်းနေသော စမ်းချောင်းများနှင့် ရေတံခွန်များမှာ သာယောင့်သာယာရှိလှပါပေသည်။ အဆိုပါသာယာပုံကို ကသျှမီရ်၏ရှုခင်းအလှကို မြင်ဖူးသူများသာ သဘောပေါက်နိုင်ကြပေသည်။

ဆောင်းရာသီကုန်မြောက်၍ နွေဦးရာသီသို့ တိုင်ရောက်ခဲ့ပေပြီ။ တောင်တစ်ဝိုက်ကို နွေဦးရာသီက 'မြေပေါ်နတ်ဘုံ' တစ်ခုအဖြစ် ဖန်တီးထားပေသည်။ သားကျောင်းသမားများ သူတို့၏ ဆောင်းရာသီ စခန်းများ, တောင်ဂူများ, ကျောက်ဂူများမှ ထွက်လာ၍ ကျယ်ပြန့်သောစားကျက်သို့ ရောက်ရှိလာကြ၏။ သူတို့၏ အနီရောင်ဖုံးနေသော မြင်းမွေးတဲများမှ မီးခိုးများ ထွက်နေ၏။

ထိုအချိန်၌ပင် တဲတစ်ခုမှ မိန်းမငယ်တစ်ဦး ရေအိတ်ကို ပခုံးနှင့်ပိုးကာ စမ်းချောင်းကမ်းပါးဆီသို့ ထွက်ခွာသွားလေ၏။

စမ်းရေယဉ်ကား အောက်ခြေတွင်ရှိသော ကျောက်စရစ်များပေါ်၌ တဟဲဟဲ ရယ်ကာမောကာ စီးသွားနေသည်။

တဲနှင့် မလှမ်းမကမ်းနေရာသို့ သူမ ရောက်ချိန်၌ပင် ရှေ့တွင် ယောကျ်ားတစ်ယောက် လာရပ်လေ၏။ မိန်းမငယ်ကဲ့သို့ပင် သူကိုယ်ပေါ်မှာလည်း ဖြူဖွေးပါးလွှာသော သားမွေးကမ္ဗလာအင်္ကျီနှစ် ၂ ခုကို ညာဘက်လက် ပခုံးနှင့် နံပါးတစ်ခြမ်း ဒူးဆစ်အောက်ပိုင်းများချန်၍ တစ်ကိုယ်လုံးကို ဖုံးအုပ်မိအောင်

၁။ အမတာသ - အမတ-အမြိုက်။ 'အရက်'ကို ဆိုလိုသည်။
အဿ- မြင်း။
ထိုစဉ်က ခေတ်စားလှသော အမြိုက် (အရက်) နှင့် မြင်း-၂ ခုစပ်၍ ယောကျ်ားကလေးတစ်ဦးကို 'အမတဿ' မှည့်ခေါ်သည်။ မြန်မာပြန်သူ၏ မှတ်ချက်

ညာဘက်ပခုံးပေါ်တွင် ချည်ထားသည်။ ယောကျ်ားပို့၏ ဝါကြောင်ကြောင် ဆံပင်များနှင့် မုတ်ဆိတ်မွေးများမှာ လှပသပ်ရပ်စွာ တန်ဆာဆင်နေပေသည်။

အလှမကလေးသည် ယောကျ်ားကလေးကို ကြည့်လျက် ရပ်နေမိ၏။ ယောကျ်ားကလေးက အပြုံးနှင့်ပြောသည်။

''ဒီနေ့ ရေခပ်သွားတာ နောက်ကျလှချေလား။''

''အေး-ဟုတ်တယ် ငှန်သ[1]။ ဒါထက် ဟယ်-နင် ဘယ်များသွားပြီး အမှေကြီး မှေနေတာလဲ။''

''မမှေပါလား သူငယ်ချင်းရာ။ ငါ နင့်ဆီကိုပဲ လာခဲ့တာဟာ။''

''ငါ့ဆီကို ကြာလှပါပကောဟယ်။''

''ကနေ့ ငါ သောမာ[2] ကို သတိရလိုက်တာဟာ။''

''ကဲ-ကောင်းပြီ။ ငါ့ကို ရေခပ်ပေး။ ပြီးတော့ အိမ် လိုက်ပို့ရမယ်နော်။ အမတသ ထမင်းစားဖို့ မျှော်နေရော့မယ်။''

စကားပြောရင်း ၂ ယောက်သား မြစ်သို့ ရောက်သွား၍ အိမ်သို့ ပြန်လာကြ၏။ ငှန်သ စကားစလိုက်သည်။

'အမတသ တော်တော်ကြီးသွားပြီနော်။''

''အေး- နင် မတွေ့ရတာ အတော်ကြာသွားပြီလား။''

''၄ နှစ် ရှိသွားပြီ။''

''အခုဆိုရင် သူ ၁၂ နှစ်သား ရှိသွားပြီ။ ငါ အမှန်အတိုင်း ပြောတော့မယ်ငှန်သ။ ကလေးဟာ နင်နှင့် တစ်ထေရာတည်းပဲ။''

''ဘယ်သူ သိမလဲဟယ်။ ဒီတုန်းက ငါလည်း နင့် 'အချစ်' ဖြစ်ခဲ့သေးတာပဲ။ ဒီရက်တွေအတော အတွင်း အမတသ ဘယ်မှာနေသလဲ။''

''ဝါလှိက (ဗလွိက)[3] တွေထဲက သူ့အဘိုး (ငါ့အဖေ) ဆီမှာ။''

အလှမလေးသည် ရေအပြည့်နှင့် သားရေအိတ်ကို တဲပေါ်တွင်ချ၍ သူမလင်ယောကျ်ားအား 'ငှန်သ လာကြောင်း' ပြောပြ၏။ ဓနိုးမောင်နှံ ၂ ယောက်နှင့် သူတို့နောက်မှ အမတသပါ တဲအပြင်သို့ ထွက်လာကြ၏။ ငှန်သက ပျူပျူငှာငှာအမူအရာနှင့် ပြောလိုက်သည်။

''ဆိုစမ်းပါဦး အဆွေကိစ္စသ (မြင်းငမွဲ)။ မင်း ဘယ်လို ဖြစ်နေတာလဲ။''

''မီးနတ်ရဲ့ ကျေးဇူးပေါ့ကွာ။ ဒါထက် ငှန်သ-လာ၊ လာ။ သွားစို့။ ငါ အခုပဲ သောမရေ (ဘင်းရည်)ကို ဖောက်ပြီးတော့ ပျားရည်နှင့်မြင်းနို့ပါ ရောစပ်ပစ်ခဲ့တယ်။''

''ပျားရည်အရက်။ ဒါပေမယ့် ဒီလောက်စောစောကြီး ဘာလုပ်မလို့လဲ။''

''ငါ မြင်းအုပ်ကို သွားမလို့။ အပြင်ဘက်မှာ မြင်း အသင့်ပြင်ထားတာ မမြင်ဘူးလား။''

''ဒါဖြင့် ကနေ့ည ပြန်မလာဘူးပေါ့။''

၁။ ငှန်သ- ငှန်-ခေါင်းဆောင်ရှေ့သွား၊ အသ-မြင်း။ ၂ စုစပ်၍ မှည့်ခေါ်ထားသောအမည် ဖြစ်သည်။

၂။ သောမာ- 'သောမ'ခေါ် နှယ်ပင်တစ်မျိုး ရှိသည်။ ၄င်းကို 'ဘင်း', 'ဂံဂျာ', 'ဆေးခြောက်' ဟုလည်း အမည်အမျိုးမျိုးဖြင့် ခေါ်ကြသေး၏။ ၄င်း၏အရည်ဖြင့် ဖြူလုပ်သောအရက်ကို 'သောမအရက်' ဟု ခေါ်သည်။ ထိုစဉ်က ယခင်ပူဇော်ပွဲများတွင် ခေတ်စားလှသော အဆိုပါ 'သောမအရက်' ကို စွဲ၍ မိန်းကလေးတစ်ဦးကို 'သောမာ' ဟု မှည့်ခေါ်သည်။

၃။ ဝါလှိက (ဗလွိက) အဖဂါနိစတာန်၏ အနောက်မြောက်ဘက်၌တည်ရှိသော မြင်းကောင်းထွက်ရာ အရပ်တစ်ခု၏ အမည်။ ၄င်းတွင် နေထိုင်ခဲ့သောလူစုကို 'ဝါလှိကလူစု' ဟု ခေါ်သည်။- မြန်မာပြန်သူ၏ မှတ်ချက်

"ပြန်ဖြစ်ချင်မှ ပြန်ဖြစ်မယ်။ ဒါကြောင့် သောမအရက်အိတ်နှင့် မြင်းသားချိုချိုကလေးကို အသင့် လုပ်ထားရတယ်။"

"မြင်းသား"

"အေး-တို့ပိုင်တဲ့သားကောင်တွေကို မီးနတ်က မစတယ်ကွ။"

"ငါတော့ မြင်းတွေ အားကြိုးမွေးတာပဲ။"

"အေး- ကိစ္စသေ။ မင်းနာမည် ပြောင်းပြန် ဖြစ်နေပြီ။"

"အမိ အဖလက်ထက်က ငါတို့အိမ်မှာ မြင်း ဆင်းရဲတယ်ကွ။ ဒါကြောင့် ဒီနာမည် မှည့်တာ။"

"ဒါပေမယ့် ခုတော့ ကျဒ္ဒသ[၁] (မြင်းသူဌေး) ဘွဲ့ ခံထိုက်ပြီ။"

"ကဲ-အထဲ သွားရအောင်။"

"ဒါထက် အဆွေ။ ဒီထင်ရှူးပင်အောက် စိမ်းနေတဲ့မြက်ခင်းပေါ်မှာကော မကောင်းဘူးလား။"

"အေး-ဟုတ်သားပဲ သောမာရေ။ ယူခဲ့ဟေ့။ သောမအရက်နှင့် မြင်းသားနှင့်-ဒီနေရာမှာပဲ အဆွေကို ဧည့်ခံရအောင်။"

သောမာ-

"ဒါထက် ကိစ္စ-နင် မြင်းနှင့်သွားဖို့ လုပ်ထားတယ်နော်။"

"သွားမှာပေါ့။ ကနေ့ မဟုတ်သေးဘူး နက်ဖြန်မှ။ ထိုင်ဟေ့ ကျဒ္ဒသ။"

သောမာသည် သောမအရက်အိတ်နှင့် အရက်ခွက်ကို ယူလာ၏။ မိတ်ဆွေ ၂ ဦးအလယ်၌ အမတသလည်း ထိုင်လေ၏။

သောမာသည် သောမအရက်အိတ်နှင့် အရက်ခွက်ကို မြေပေါ်တွင်ချထား၍ ပြောသည်။

"အခင်းယူပေးမယ်။ ခဏနေပါဦး။"

"နေပါစေသောမာ။ ဒီ နူးညံ့စိမ်းစိုတဲ့မြက်ခင်းဟာ အခင်းထက် ကောင်းပါတယ်။"

ကျဒ္ဒသက ပြောလိုက်၏။

"ကောင်းပြီ ကျဒ္ဒသ။ အဲဒါ ပြောစမ်းပါဦး။ ဆားနှင့်ချက်ထားတဲ့ အသားဟင်းကို စားမလား။ မီးပေါ်မှာ ကင်ထားတာကို စားမလား။ မြင်းကလေးက ၈ လသား ရှိသေးတယ်။ အသားက သိပ်နုတာပဲ။"

"ငါတော့ မြင်းကလေးသားအကင်ကို ကြိုက်တယ် သောမာရဲ့။ ငါလေ တစ်ခါတစ်ခါများ မြင်းကလေးသားဆိုရင် အကုန်ကင်ပစ်တာပဲ။ ကြာတော့ ကြာတယ်။ ဒါပေမယ့် အသား သိပ်ချိုသွားတယ်။ ဒါထက် သောမာ ငါ့အရက်ခွက်ကို နှင့်နှုတ်ခမ်းနှင့် ချိုသွားအောင် လုပ်ပေးစမ်းဟယ်။"

"ဟုတ်တယ် ဟုတ်တယ် သောမာ။ ကျဒ္ဒမရောက်တာ ကြာလှပြီ။ ခုမှ ရောက်လာရှာတာကွာ။"

ကိစ္စက ထောက်ခံ ပြောလိုက်၏။

"ငါ မကြာခင် လာခဲ့မယ်။ မီးအား ကောင်းပါတယ်။ အသားကင်တာ မကြာပါဘူး။"

တစ်ခွက်ပြီးတစ်ခွက်ငဲ့နေသော ကိစ္စသကို ကြည့်၍ ကျဒ္ဒသက ပြောလိုက်သည်။

"သောမအရသာဟာ အချိုဆုံး, အကောင်းဆုံးပဲကွာ။ သောမာရဲ့လက်ထဲက သောမအရက်ဟာ 'သောမအမြိုက်' ပေါ့ကွ။ သောမအမြိုက်ရေဟာ သူ့ကိုသောက်တဲ့လူတွေကို မသေအောင် လုပ်ပေးတယ်ကွ။ သောမကို သောက်။ ပြီးတော့ မသေအောင် လုပ်ပေတော့ကွာ။"

"မင်း မသေအောင် ဘယ်လိုလုပ်မလဲ။ တစ်ခွက်ပြီးတစ်ခွက် ငဲ့နေတာ မကြာခင် အသေလို ဖြစ်သွားမှာပေါ့။"

၁။ ကျဒ္ဒ = ကြွယ်ဝခြင်း။ အသ = မြင်း။

"ဒါတော့ မင်းအသိသား မဟုတ်လား ဣန္ဒရာ။ ငါ သောမအရက်ကို ဘယ်လောက် ကြိုက်တယ် ဆိုတာ။"

ထိုအခိုက် အသားကင် ၃ တုံးကို သားရေခွက်ပေါ်တင်၍ သောမာ ရောက်လာကာ ပြောလိုက်သည်။

"ဒါဖြင့် နင် သောမာကို မကြိုက်တော့ဘူးလား။"

"သောမာကိုလည်း ကြိုက်တယ်။ သောမကိုလည်း ကြိုက်တယ်။"

မူမမှန်သောအသံဖြင့် ကိစ္စဿက ပြန်ပြောလေသည်။ ကိစ္စဿ၏မျက်လုံးများ နီနေလေပြီ။

"ဟေ့-သောမာ။ ကနေ့ နင့်ကို ဘာအရေးစိုက်စရာ ရှိသလဲဟာ။"

"ဟုတ်ပါတယ်။ ကနေ့တော့ ငါက ဧည့်သည်အတွက်ပဲ။"

"ဧည့်သည်။ ပြီးတော့ 'မိတ်ဟောင်းဆွေဟောင်း' ဆိုပါတော့ဟာ။"

ကိစ္စဿက ကြိုးကြိုးစားစား ပြက်လုံးထုတ်လိုက်သည်။

ဣန္ဒဿက လက်ကိုကိုင်ဆွဲလျက် သောမာအား သူ့ဘေးနားတွင် ကပ်ထား၏။ ထိုနောက် အရက်အပြည့်ခွက်ကို သူမပါးစပ်တွင် တေ့ပေးလေသည်။ ၂ ကျိုက် ကျိုက်ပြီးနောက် သောမာက ပြောရှာသည်။

"ဣန္ဒ-နင် သောက်ဦး။ ဒီနေ့မျိုး သိပ်တွေ့ရခဲတယ်။"

ဣန္ဒဿ တစ်ခွက်လုံးကို အသက်တရှူတည်းနှင့် အပြောင်မော့၍ အောက်သို့ချလိုက်ကာ ပြောလေသည်။

"နင့်နှုတ်ခမ်းတွေနှင့် ထိလိုက်တယ်ဆိုရင် ဒီသောမအရက်ဟာ သိပ်ချိုသွားတာပဲ သောမာ။"

ကိစ္စဿ၌ အရက်တန်ခိုး လွှမ်းမိုးခဲ့လေပြီ။ သူသည် ခပ်သုတ်သုတ် သူ့အရက်ခွက်ကို ထပ်ဖြည့်၍ သောမာဘက်သို့ တိုးပေးကာ ထစ်ထစ်ငေါ့ငေါ့အသံဖြင့် ပြောလေသည်။

"ဒ-ဒီ-မှာ-သ-သောမာ၊ ဒ-ဒါ-ကို-လည်း-ချ-ချီ-အောင်-လ-လုပ် ပ ပေး ပါ နော်။"

သောမာသည် ကိစ္စဿပေးသောအရက်ခွက်ကို နှုတ်ခမ်းများနှင့်ထိတို့၍ ပြန်ပေးလိုက်၏။

အမတဿကား လူကြီးများ၏ ချစ်ရေးကြိုက်ရေးစကားများတွင် အရသာမတွေ့လှပေ။

ထိုကြောင့် ရွယ်တူတန်းတူယောကျ်ားကလေး, မိန်းကလေးများနှင့် အတူကစားရန် အမတဿ ထွက်ပြေးသွားလေသည်။

ကိစ္စဿသည် မျက်ခွံများမှေး၍ ခေါင်းငိုက်ဆိုက်၍ ပြောလိုက်သည်။

"သ သောမာ သ သချင်း ဆ ဆို ရရ မမလား။"

"အေး- နင့်လို အဆိုကောင်းတဲ့လူ ကုရုထဲမှာ ဘယ်မှ မရှိဘူး မဟုတ်လား။"

"ဟ-ဟုတ်တယ်။ ငါ-ငလို သ သီချင်းဆို က ကောင်းတဲ့ လူ မရှိဘူး။ ဒ ဒါဖြင့် နှ နှားထောင် နော်။"

"တော်ပါတော့ ကိစ္စဿရယ်။ ကြည့်စမ်းပါဦး။ နင့်သီချင်းသံ ကြားလို့ အားလုံး သားကောင်ငှက်တွေ တောပစ်ပြီး ပြေးနေကြတယ်။"

"ဟ ဟုတ် ပြီ။"

ဤအချိန်ကား သောမအရက်ကိုသောက်၍ အမြိုက်အရသာ ခံစားနေကျအချိန် မဟုတ်။ အများအားဖြင့် အမြိုက်အရသာခံချိန်မှာ နေဝင်ပြီးနောက်သာ ဖြစ်သည်။ သို့သော် ကိစ္စဿကို ချော့မော့ဖြားယောင်းရန် ကိစ္စတစ်ခု လိုအပ်နေပေသည်။ ကိစ္စဿသတိလစ်၍ ပကတိစိတ် ပျောက်သွားသောအခါ

သောမာနှင့် ဣန္ဒသေလည်း အရက်ခွက်များကိုထားခဲ့၍ ၂ ဦးသား ၁မ်းချောင်းနဖူး ကျောက်ဆောင်တစ်ခုပေါ် သွားထိုင်နေလေသည်။

. . တောင်ကြားရှိစမ်းယဉ်သည် ခပ်ပြန့်ပြန့်မြေတွင် စီးဆင်းသွားနေသည်။ စမ်းချောင်းတွင် အကြီးအသေးကျောက်တုံးကျောက်ခဲများ တင်းကျမ်းပြည့်နေသည်။ ကျောက်တုံးကျောက်ခဲများကို ရေတိုး၍ တသဲသဲ အသံထွက်နေသည်။ ကျောက်ကြိုကျောက်ကြား ဟိုမှာသည်မှာ သူတို့ ရေယက်တောင်ကလေးများ ခတ်ကာခတ်ကာ လွန်လှုံးကူးသန်းနေသောငါးများကိုလည်း တွေ့မြင်နိုင်လေသည်။

ကမ်းတစ်လျှောက် ခြောက်သွေ့သောမြေပေါ်တွင် အင်ကြင်းပင်ကြီးများ, ထင်းရှူးပင်ကြီးများနှင့် အခြားသစ်ပင်များ ရှိလေသည်။ ကျေးငှက်တို့၏ ငြိမ့်ငြောင်းသောဂီတသံနှင့်အတူ ပန်းရနံ့သင်းသောညင်းလေပြည်ကို ရှူလိုက်ရှိုက်လိုက် ထိတွေ့လိုက်ရခြင်းမှာ ဝမ်းပါးကြည်နူး အထူးပျော်မွေ့ဖွယ်ကြီးပင် ဖြစ်ပေသည်။ နှစ်ပေါင်းများစွာ ကွဲကွာခဲ့ပြီးနောက် စုံတွဲသည် နတ်ဘုံအသွင် ဤမြေပြင်၌ သူတို့၏ လွန်လေပြီးသောအချစ်ဟောင်းကို တစ်လောတစ်ဖန် ပြန်၍ ဆန်းသစ်နေကြလေသည်။

ထိုစဉ်အခါ စုံတွဲမှာ အမှတ်တရရက်များ အမှတ်တရပြန်ပေါ်လာသည်။ ထိုရက်များက သောမာ ရွှေရောင်ဆံပင်ကလေးနှင့် ၁၆ နှစ်သမီး ရှိသေးသည်။ နွေဦးလပွဲတော်ခါ ဣန္ဒသေလည်း ဗလွိကတို့ လူစုထဲရှိ သူဦးလေးအိမ်သို့ သွားလေသည်။

သောမာကား သူဦးလေး၏သမီး ဖြစ်သည်။ ကိစ္စသေလည်း သူမ၏ချစ်သူများအနက် တစ်ယောက် ဖြစ်သည်။ ထိုစဉ်အခါ သောမာကို လိုချင်သူများကို အလုအယက် သူ့ထက်ငါကောင်း ဖြစ်နေသည်။ သို့သော် ကိစ္စသက အောင်ပန်း ဆွတ်လှမ်းခဲ့လေသည်။ အခြားလူများနှင့်အတူ ဣန္ဒသေ အရှုံးပေးလိုက်ရလေသည်။

ယခုအခါ သောမာသည် ဣန္ဒသေ၏မယား ဖြစ်၏။ သို့သော် ဤကဲ့သို့ အချူပ်အချယ် ကင်းလွတ်သောခေတ်၌ မိန်းမများက သူတို့ကိုယ်ကို ယောကျ်ား၏ 'ရွှေပြောင်းနိုင်သော (ဓင်္ဂမ)ပစ္စည်း'အဖြစ် အရောက်မခံကြသေးပေ။

ထို့ကြောင့် သူမမှာ ယာယီအချစ်ကိစ္စ၌ လွတ်လွတ်လပ်လပ်အခွင့်အရေး ပိုင်ပါသည်။

ဧည့်သည်များနှင့် မိတ်ဆွေများထံ ဧည့်ခံသောသဘောနှင့် ကိုယ့်မိန်းမကို ပေးပို့ခြင်းသည် ထိုစဉ်အခါက လူတကာလက်သင့်ခံသော ဂုဏ်ရှိသရေရှိ ကိုယ်ကျင့်တရားကောင်း ဖြစ်ခဲ့ပေသည်။

ယနေ့ သောမာသည် တရားကိုယ်အားဖြင့် ဣန္ဒသေ၏သောမာသာ ဖြစ်လေပြီ။

ညနေချမ်းတွင် ရွာသူရွာသားများ 'အဖကြီး' (လူစုခေါင်းဆောင် သို့မဟုတ် အအုပ်အချူပ်)၏ ကျယ်ပြန့်သော မြေဝိုင်းကြီး တွင် စုဝေးကြလေသည်။ သောမအရက်, ပျားရည်အရက်နှင့် ချိုလှသော နွားသား, မြင်းသားများ ဆောင် ယူကာ ဥဒဟိုသွားနေကြသည်။ အဖကြီးကား သားယောကျ်ားမွေးမှုကို ဂုဏ်ပြုသောပွဲ ဆင်နွှဲကျင်းပသည်။ ကိစ္စသည် သူ့ကိုယ်သူ ယိမ်းယိုင်မသွားအောင် ထိန်းမထားနိုင်သေးပေ။ ကိစ္စနေရာ ဣန္ဒရောက်၍ သောမာနှင့် ဣန္ဒသေ အဆိုပါပွဲ ဆင်နွှဲနေရာသို့ ရောက်နေကြသည်။

ညဉ့်နက်သည့်တိုင်အောင် အရက်သောက်, သီချင်းဆို, ကခုန်မြူးပျော်ကာ ပွဲတော်ကြီးကို ကျင်းပကြသည်။ သောမာ၏အဆိုနှင့် ဣန္ဒသေ၏အကကို ကုရသားများက အမြဲတမ်းပင် နှစ်သက်ခဲ့ကြလေသည်။

၂

"မဓုရာ[၁]။ နင် မမောသေးဘူးလား။"

"ဟင့်အင်း-ငါ မြင်းစီးရရင် သိပ်ပျော်တာပဲ။"

"ဒါပေမယ့် ဟို ဓားပြတွေက နင့်ကို ရက်ရက်စက်စက်ဖမ်းသွားတယ် မဟုတ်လား။"

"အေး-ဝါလိုကသားတွေဟာ ပတ္ထလူစုသားတွေဆီက နွားများ, မြင်းများ သာမက မိန်းကလေးများကိုတောင် ခိုးဖို့ လာကြတယ်။"

"သားကောင်လုမှုကပဲ ၂ဦး ၂ဖက်လူစုများမှာ နှစ်ရှည်လများ ရန်စပွားအောင် လုပ်နေတယ်။ ဒါပေမယ့် မိန်းကလေးတွေကို လုတာကတော့ ခဏပဲ ရန်ပွားစေနိုင်တယ်။ နောက်ဆုံးတော့ ယောကျ်မက သမက်ကို ကျေနပ်လိုက်ရတော့တာပဲ။"

"ဒါထက် ပြောစမ်းပါဦး။ နင့်နာမည် ငါ မသိရသေးပါလား။"

"အမတသာ။ ကိစ္စသရဲ့သား ကုရုလူစုထဲက။"

"ကုရုလူစုထဲက။ ကုရုဆိုတာ ငါဦးလေးရဲ့လူစုပဲ။"

"မဓုရာ-အခု နင် ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး။ ပြောစမ်း။ နင် ဘယ်သွားချင်သလဲ။"

မဓုရာ၏မျက်နှာပေါ်တွင် အတော်အတန်ကြည်ရွှင်သော အရိပ်အရောင်များ သန်းသွားသည်။ သို့သော် ချက်ချင်းပင် ပျောက်ကွယ်သွားပြန်သည်။ အမတသာ ရိပ်မိလိုက်ပါသည်။ စကားလက်စကို ဖြတ်၍ တစ်ဘက်သို့ မျက်နှာလှည့်ကာ ပြောလိုက်သည်။

"ပတ္ထတွေထဲက မိန်းကလေးတွေ တို့ရွာထဲကိုလည်း ရောက်နေကြတယ်။"

"အားလုံး လုထားတာတွေလား။"

"မဟုတ်ပါဘူး။ အဲဒီအထဲမှာ အဓိရဲ့ မောင့်သမီးတွေကပဲ များတယ်။"

"ဒီလိုကိုး။ ဒါပေမယ့် မိန်းကလေးများအတွက် လုယက်သတ်ဖြတ်တဲ့ အလေ့အကျင့်ဟာတော့ အတော်ဆိုးတယ်လို့ ငါ ထင်တယ်။"

"မဓုရာ-ငါလည်း ဒီလိုပဲထင်တယ်။"

"ယောကျ်ားကလေးနှင့် မိန်းကလေး သူတို့အချင်းချင်း ချစ်မှန်းမသိ, မချစ်မှန်း မသိနှင့်။"

"ဒီလို လုယူတာထက်တော့ အဓိမောင့်သမီးနှင့် လက်ဆက်တာက ကောင်းတာပေါ့။ စောစောစီးစီး ရင်းနှီးခွင့်ရလို့။"

"မဓုရာ-နင့်မှာ အဲဒီလို ချစ်သူ ရှိပြီလား။"

"ဟင့်အင်း- ငါ့မှာ အဒေါ်မှ မရှိဘဲ။"

"ဒါဖြင့် ဒီပြင့် ချစ်သူတစ်ယောက်ယောက်ကော။"

"သတ်သတ်မှတ်မှတ်ချစ်သူရယ်လို့ မရှိပါဘူး။"

"နင် ငါ့ကို ပျော်သွားအောင် လုပ်ပေးနိုင်ပါ့မလား။"

မဓုရာသည် ရုက်ရုက်နှင့် မျက်နှာ အောက်ချလိုက်သည်။

အမတသာ စကားဆက်ပြောသည်။

"မဓုရာ- အခြားလူစုနှင့်မဆိုင်။ ကိုယ့်လူစုပိုင်မိန်းမနှင့် နေတဲ့အရပ်လည်း ရှိပါသေးတယ်။"

"ငါနားမလည်ဘူး အမတသာ။"

"သူတို့ဆီမှာ လုယက်မယ့်သူလည်း မရှိဘူး။ ဘယ်သူမှ အမြဲတမ်း ကိုယ်ပိုင်မယားလည်း မထားရဘူး။ အဲဒီအရပ်မှာ မိန်းမနှင့် ယောကျ်ား တန်းတူပဲ။"

၁။ ဟုးရည်ကို အကြောင်းပြု၍ မှည့်သောအမည်။

"ဒီအရပ်မှာတော့ ယောကျ်ားက
စစ်တိုက်ဖို့တာဝန်ကို ယူမယ်။
မြင်း, နွား, သိုး, ဆိတ်ကို
ယောကျ်ားက ကျောင်းတယ်။
မိန်းမကို ယောကျ်ားက
'သားကောင်ရှင်မ' လုပ်ခွင့်မပေးဘဲ
'အိမ်ရှင်မ' လုပ်ထားတယ်။

"လက်နက်တွေကိုလည်း တန်းတူ ကိုင်နိုင်တယ်ပေါ့။"

"ဟုတ်တယ်။ မိန်းမတွေ လွတ်လပ်ကြတယ်။"

"ဘယ်မှာလဲ အဲဒီဇနပုဒ် အမတ။ ညော်- ယောင်လို့ အမတသ။"

"အို- ကိစ္စမရှိပါဘူး။ အမတပဲခေါ်ပါ မဒုရာ။ အဲဒီဇနပုဒ်ဟာ ဒီနေရာဟာ အနောက်ဘက် အတော်ဝေးတဲ့နေရာမှာ ရှိတယ်။"

"နင် အဲဒီဇနပုဒ်ကို ရောက်ဖူးသလားအမတ။"

"ရောက်ဖူးပါတယ်။ အဲဒီအရပ်က ဘယ်မိန်းမမဆို တစ်သက်လုံး လွတ်လွတ်လပ်လပ် နေရတယ်။ တောထဲမှာ လွတ်လွတ်လပ်လပ်ကျက်စားနေတဲ့ သမင်တွေလို၊ သစ်ပင်ထိပ်ဖျားမှာ လွတ်လွတ် ပျံလွှားနေကြတဲ့ ငှက်တွေလိုပါပဲ။"

"အဲဒီဇနပုဒ်ဟာ သိပ်ကောင်းတဲ့ဇနပုဒ် ဖြစ်မှာပဲ။ အဲဒီအရပ်မှာ မိန်းမကို ဘယ်သူမှ မလုဘူး မဟုတ်လား။"

"လွတ်လပ်နေတဲ့ ;ကျားမတစ်ကောင်ကို အရှင်လတ်လတ် ဘယ်သူက လုယူနိုင်မလဲ။"

"နို့-ယောကျ်ားတွေကကော အမတ။"

"ယောကျ်ားတွေလည်း လွတ်လပ်ကြတာပဲ။"

"ကလေးတွေကော"

"မဒုရာ- အဲဒီအရပ်က အိမ်ထောင်ရေးဟာ တို့နှင့် တခြားစီပဲ။ ရွာတစ်ရွာမှာရှိတဲ့ လူအားလုံး မိသားတစ်စုတည်းရယ်။"

"အဲဒီ မိသားစုမှာ အဖရဲ့ အလုပ်တာဝန်ကကော။"

""အဖ'လို့ မခေါ်နိုင်ဘူး မဒုရာ။ အဲဒီအရပ်မှာရှိတဲ့ မိန်းမ တစ်ယောက်ယောက်ဟာ ဘယ်သူမဟုတ်မှ မဟုတ်ဘူး။ သူအချစ်ဟာ သူဆန္ဒအတိုင်းပဲ။"

"ဒီလိုဆိုရင် အဲဒီအရပ်မှာ 'ကိုယ့်အဖ ဘယ်သူ'ဆိုတာ မသိနိုင်တော့ဘူးပေါ့။"

"တစ်အိမ်လုံးမှာရှိတဲ့ ယောကျ်ားတွေအားလုံး အဖချည်းပဲ။"

"ဘယ်လို ဓလေ့ထုံးစံလဲ။"

"အဲဒီဓလေ့ထုံးစံကြောင့် အဲဒီအရပ်ကမိန်းမဟာ လွတ်လပ်တယ်။ စစ်တိုက်လည်း ထွက်တယ်။ အမဲလိုက်လည်း ထွက်တယ်။"

"နွားမွေး, မြင်းမွေးတဲ့ အလုပ်ကတော့ကော။"

"အဲဒီအရပ်မှာရှိတဲ့ နွားတွေ,မြင်းတွေဟာလည်း ဒီအရပ်က သမင်တွေလိုပဲ တောထဲမှာ ကျက်စားကြတယ်။"

"ဪ- သိုးတွေ, ဆိတ်တွေကော။"

"အဲဒီအရပ်မှာနေတဲ့ လူတွေဟာ သားကောင်မွေးဖို့ နားမလည်ကြဘူး။ အမဲလိုက်, ငါးဖမ်း, တောသစ်သီးရှာပြီး အသက်မွေးကြတယ်။"

"အမဲလိုက်တာ သက်သက်ပဲ။ ဒီလိုဆိုရင် ဦးတော့ မရဘူးပေါ့။"

"သူငယ်ဘဝမှာတော့ အမိန့် သက်သက်ပါပဲ။"

"သူတို့ မြင်းမစီးကြဘူးလား။"

"ဟင့်အင်း။ ပြီးတော့ သူတို့ သားရေအပြင် ဘာမှ ဝတ်ရမှန်းလည်း မသိဘူး။"

"သူတို့မိန်းမတွေ သိပ်ခုက္ခကြီးမှာပေါ့။"

"ဒါပေမယ့် အဲဒီအရပ်က မိန်းမတွေဟာ လွတ်လပ်ကြတယ်။ ယောကျ်ားတွေနှင့် တန်းတူပဲ လွတ်လပ်ကြတယ်။ မိန်းမတွေ သစ်သီးရှာကြတယ်။ အမဲလိုက်ကြတယ်။ စစ်ပွဲမှာ ရန်သူကို ကျောက်ပုဆိန်, လေးမြားနှင့် ပစ်တယ်။"

"ငါလည်း အဲဒီအလေ့အထ သဘောကျတယ်။ ငါ လက်နက်ကိုင်နည်း သင်ဖူးတယ်။ ဒါပေမယ့် စစ်ထွက်ရာမှာတော့ ယောကျ်ားလို ဘယ်လွယ်လွယ်ကူကူ ရှိပါ့မလဲ။"

"ဒီအရပ်မှာတော့ ယောကျ်ားက စစ်တိုက်ဖို့တာဝန်ကို ယူမယ်။ မြင်း, နွား, သိုး, ဆိတ်ကို ယောကျ်ားက ကျောင်းတယ်။ မိန်းမကို ယောကျ်ားက 'သားကောင်ရှင်မ' လုပ်ခွင့်မပေးဘဲ 'အိမ်ရှင်မ' လုပ်ထားတယ်။

"ပြီးတော့ ဒီအရပ်မှာ မိန်းမကလေးတွေကို လုယူရအောင် လုပ်ထားခဲ့တယ်။ အဲဒီအရပ်မှာတော့ မိန်းကလေးတွေကို လုမယူရဘူး။ ဟုတ်စ အမတ။"

"လူစုထဲက ယောကျ်ား, မိန်းမ-ကလေးတွေဟာ အမြဲတမ်းကိုယ့်လူစုမှာပဲ နေကြတယ်။ အပြင်ဘက်ကို 'အပေး'လည်း မလုပ်ဘူး။ အပြင်ဘက်က 'အယူ'လည်း မလုပ်ဘူး။"

"ကောင်းတဲ့ ဓလေ့ထုံးစံပဲ။"

"ဒီမှာတော့ ဒီထုံးစံ ဖြစ်နိုင်မယ်မဟုတ်ဘူး။"

"ဒါကြောင့် မိန်းကလေးတွေ အလုခံနေရတာ ဖြစ်မှာပေါ့နော်။"

"ဟုတ်ပါတယ်။ ဒါထက် မခုရာ ဘာပြောမလဲ။"

"ဘာကိစ္စလဲ။"

"ငါ့ အချစ်ကိစ္စပေါ့။"

"ငါ နင့်အလိုလိုက်မှာပါပဲ အမတ။"

"ဒါပေမယ့် ငါ နင့်ကို လုလို့တော့ ယူမသွားချင်ဘူး။"

"ငါ့ကို စစ်တိုက်ခွင့် ပေးမလား။"

"ငါတတ်နိုင်သလောက် ဖြစ်ရမှာပေါ့။"

"အမဲကော လိုက်ရမလား'။'

"ငါတတ်နိုင်သလောက် ဖြစ်ရမှာပေါ့။"

"ကောင်းပြီနော်။"

"စကားကုန် မပြောနိုင်တဲ့အကြောင်းကတော့ ငါကိုယ်တိုင် အဖကြီးရဲ့အမိန့်အတိုင်း လိုက်လုပ်နေရတယ်။ ဒါကြောင့်ပဲ မခုရာ။ ငါ့အဖို့ဆိုရင်တော့ နင့်ကို လွတ်လပ်တဲ့ မိန်းမတစ်ယောက်အဖြစ်နှင့် ထားမယ်။"

"ချစ်,မချစ်ကိစ္စမှာလည်း လွတ်လပ်ခွင့် ရှိသလား။"

"အချစ်ကိစ္စကတော့ တို့ ၂ ယောက်နှင့် ဆိုင်တဲ့ကိစ္စပဲ။ ဒါပေမယ့် အဟုတ်ပါ။ ချစ်,မချစ်ကိစ္စမှာတောင် လွတ်လပ်ပါတယ်။"

"ဒါဖြင့် ငါ နင့်ကို ချစ်ဖို့ အသင့်ပါပဲအမတ။"

"ဒီလိုဆိုရင် တို့ ၂ ယောက် ကုရုတွေထဲ သွားမလား။ ပတ္တတွေထဲ သွားမလား။"

"နင် ကြိုက်ရာပေါ့။"

အမတ မြင်းကို လှည့်သည်။

ထိုနောက် မခုရာ ညွှန်ကြားသောလမ်းအတိုင်း ပတ္တတို့နေရာရွာသို့ ရောက်ကြလေသည်။

ရွာတွင် တဲအိမ်အချို့၌ သေသူသေ၊ အချို့အိမ်တွင် ဒဏ်ရာ ရသူရဖြစ်၍၊ လူတစ်ယောက်၏သမီးမှာ အလုခံရသည်။ ထက်ဝန်းကျင် ပွက်ပွက်ရိုက် အော်ဟစ်မြည်တမ်းနေကြသည်။

မခုရာ၏အမိမှာ ငိုကြွေးနေသည်။ သူမအဖကား အမိကို ချော့မော့နေသည်။ ထိုအချိန်မှာပင် သူတို့၏ မြင်းမွေးတဲအပြင်ဘက်တွင် မြင်း ရပ်လာသည်။

အမတသဆင်းပြီးနောက် မခုရာ ခုန်ချလိုက်သည်။ ထိုနောက် အမတသကို 'အပြင်တွင် ရပ်နေခဲ့ရန်' ပြော၍ တဲတွင်းသို့ မခုရာ ဝင်သွားသည်။ ရုတ်တရက် ရှေ့မှောက်ရောက်လာသော သမီးကိုမြင်၍ အမိနှင့်အဖမှာ ပထမသော် မယုံနိုင်အောင် ရှိနေသေးသည်။

နောက်မှ အမိက ရင်ခွင်တွင်းသို့ ဆွဲသွင်းကာ မျက်ရည်ဖြိုင်ဖြိုင် သွန်ချရှာလေသည်။ သူတို့ ငြိမ်သက်သွားသောအခါ၊ အဖကမေး၍ မခုရာ အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြလေသည်။

"ဝါလိုကသားတွေက ပတ္တသူမိန်းမကလေးတွေကို အတင်းဆွဲပြီး ယူပြေးကြတယ်။ ငါ့ကို လုပြေးတဲ့အကောင်ဟာ နောက်ကျန်နေရစ်တယ်။ လစ်တာနှင့်တစ်ပြိုင်နက် ငါ ခုန်ချလိုက်တယ်။ အဲဒီအတော အတွင်း လူပျိုကလေးတစ်ယောက် မြင်းစီးလာတယ်။ အဲဒီလူပျိုကလေးဟာ ဝါလိုကသားနှင့် အပြန်အလှန် လက်သီးလက်မောင်းတန်းပြီး ဝါလိုကသားကို ပေါက်ပြဲသွားအောင် ထိုးတယ်။ ပတ္တသားဟာ မြေပေါ် ကျနေရစ်တယ်။ အဲဒီ ကုရုသားလူပျိုကလေးဟာ ငါ့ကို ဒီနေရာအရောက် ပြန်ပို့တယ်။"

"ဒါဖြင့် လူပျိုကလေးက နင့်ကိုခေါ်သွားဖို့ မလုပ်ဘူးလား။"

သူမကို အဖက မေးသည်။

"အတင်းအကျပ် မလုပ်ပါဘူး။"

"ဒါဖြင့် တို့ဇနပုဒ်ထုံးစံအရ နင် အဲဒီလူပျိုကလေးဝိုင် ဖြစ်သွားပြီ။"

"ပြီးတော့ အဖ။ ငါကလည်း သူ့ကို ချစ်တယ်။"

မခုရာ၏အဖသည် တဲပြင်သို့ ထွက်လာ၍ အမတသအား ကြိုဆိုစည်ခံလေသည်။ ထို့နောက် အမတသအား တဲအတွင်း ခေါ်ဆောင်သွားလေသည်။

ရွာသူရွာသားများမှာ ထိုအဖြစ်အပျက်ကို 'မဖြစ်နိုင်သောအရာ တစ်ခု'ဟု မှတ်ထင်ကြလေသည်။ သို့သော်လည်း အားလုံးပင် မြတ်မြတ်နိုးနိုး ကျေကျေနပ်နပ်ရှိကြ၍ အမတသသည် မခုရာသို့ သူယောကျ်ားအဖြစ် ခေါ်ဆောင်သွားလေတော့သည်။

၃

ယခုအခါ အမတသသည် သူကုရုရွာ (လူအုပ်စု၏) အဖကြီး ဖြစ်နေလေပြီ။ သူမှာ မြင်းအကောင် ၅၀ ကျော်နှင့် နွားမများအပြင်၊ သိုး, ဆိတ် အမြောက်အမြားရှိသည်။ သူ၏သား ၄ ယောက်နှင့် မခုရာက သားကောင်မွေးခြင်းနှင့် အိမ်မှုကိစ္စများကို ကြည့်ရှုစီမံကြလေသည်။ ရွာတွင်ရှိသော လူဆင်းရဲမျိုးမှ အချို့သောသူများလည်း အမတသထံမှာ အလုပ်လုပ်ကြသည်။ သို့သော် အစေခံအနေနှင့် မဟုတ်။ အိမ်သားတစ်ယောက်အနေနှင့်သာ လုပ်သည်။ ကုရုသားတစ်ယောက်သည် အခြားကုရုသားတစ်ယောက်နှင့် တန်းတူဆက်ဆံရသည်။

အမတသ၏ 'နယ်လှည့်ရွာ'တွင် မိသားစု ၅၀ ကျော် ပါဝင်လေသည်။ အချင်းချင်းခိုက်ရန်ဖြစ်ခြင်းနှင့် အမှုခင်းများကို အဖကြီးက တာဝန်ယူ၍ ကြည့်ရှုဆုံးဖြတ်ရလေသည်။ ခေါင်းပေါ်တွင် အမြဲရွက်ထားရသော စစ်ရေးစစ်ရာတွင် စစ်တပ်ခေါင်းဆောင် လုပ်ဖို့ရာမှာကား အဖကြီး၏ အကြီးဆုံးသော လုပ်ငန်းကြီးတစ်ရပ် ဖြစ်လေသည်။ အမှန်အားဖြင့် စစ်ပွဲများ၌ အောင်မြင်မှသာ မည်သူမဆို အဖကြီးအရာကို ရနိုင်လေသည်။

အမတသသည် ရဲရင့်သောစစ်သားတစ်ဦး ဖြစ်သည်။ ပတ္ထ, ဝါလှိကနှင့် အခြားလူစုများအား တိုက်ရသော တိုက်ပွဲပေါင်းများစွာ၌ အမတသသည် သူ၏ရဲစွမ်းသတ္တိကို ပြခဲ့ဖူးလေပြီ။

မခုရာအား သူ ဝန်ခံထားသောစကားကိုလည်း စောင့်ရှောက်ခဲ့သည်။ မခုရာသည် အမတသနှင့်အတူ ဝက်ဝံ, ဝံပုလွေနှင့် ကျားကောင်များ လိုက်ရာတွင်သာမက စစ်တိုက်ရာတွင်လည်း ပါဝင်ခဲ့လေသည်။ သို့သော် လူစုသားထဲမှ အချို့သူများကမူ မခုရာလုပ်ပုံကို သဘောမကျကြချေ။ သူတို့အပြောကား 'မိန်းကလေးအလုပ် အိမ်တွင်းမှာ ရှိသည်။' ဟူသတည်း။

အမတသအား 'ပထမ အဖကြီး'အဖြစ် ရွေးကောက်တင်မြှောက်သောနေ့က ကုရုပြည်တွင် ပွဲကြီးကျင်းပခဲ့လေသည်။ ယောကျ်ားပို့, မိန်းမပို့ကလေးများ ထိုနေ့က ယာယီ ချစ်ကြိုးနှောင်ကြလေသည်။

နွေရာသီရက်များတွင် မြစ်ကမ်းခြေနှင့် တောင်ကုန်းများပေါ်တွင် မင်းအုပ်များ လွတ်လွတ်လပ်လပ် ကျက်စားနေကြ၏။ ရွာသားများသည် သူတို့မှာ ရန်သူရှိနေသည်ကိုပင် မေ့လျော့နေကြလေသည်။ သားကောင်ဥစ္စာ များလေလေ သူတို့မှာ ရန်သူများလေလေ ဖြစ်တော့သည်။

ကုရုလူစု ဗော်လဂါမြစ်ကမ်းခြေတွင် နေစဉ်က သူတို့မှာ သားကောင်ဥစ္စာ မရှိသေးချေ။ ထိုစဉ်အခါက သူတို့အစားအစာကို တောမှ ဆောင်ယူရလေသည်။ ရံခါရံခါ အမဲများ၊ သို့မဟုတ် သစ်သီးများ မရသောကြောင့် အငတ်ခံနေရလေသည်။ ယခုအခါကား ကုရုသားတို့သည် အမဲသားကောင်၊ အချို့ နွား, မြင်း, သိုး, ဆိတ်, လားကို အိမ်မှာ မွေးမြူထားကြသည်။ ထိုသားကောင်များက သူတို့အား အသား, နို့, သားရေများသာမက အဝတ်များကိုလည်း ပေးကြသည်။

ကုရုသူများသည် ဗိုင်းငင့်ခြင်း, ကမ္ဘလာရက်လုပ်ခြင်း အတတ်တွင် လိမ္မာကျွမ်းကျင်လှပေသည်။ သို့သော်လည်း ဤလိမ္မာမှုက လူ့အဖွဲ့အစည်း၌ သူတို့ (မိန်းမများ)၏ ပထမရရှိခဲ့သော အဆင့်အတန်းမှ လျှော့မကျအောင် ထိန်းမထားနိုင်ပေ။

ယခုအခါ မိန်းမအုပ်ချုပ်ရေး မရှိတော့။ ယောကျ်ားအုပ်ချုပ်ရေးသာ ဖြစ်သည်။ လူစုခေါင်းဆောင်မ လူစုအဖွဲ့၏အုပ်ချုပ်ရေး မဟုတ်တော့။ စစ်သမား အဖကြီး၏အုပ်ချုပ်ရေးသာ ဖြစ်သည်။ အများသဘောတူချက်ကို အလေးပြုသော်လည်း၊ အခါများစွာ သူစိတ်နှင့်သူ ဆုံးဖြတ်ချက်ချလေ့ ရှိသည်။

ပစ္စည်းရေးကကော။ မိန်းမအုပ်ချုပ်ရေးတွင် မိသားစုအားလုံး တစ်နေရာတည်း အတူနေသည်။ တစ်ပေါင်းတည်း အလုပ်လုပ်သည်။ ယခု အဖအုပ်ချုပ်ရေးတွင်ကား ကိုယ့်မိသားစုနှင့်ကိုယ် မိသားစုတစ်ကွဲစီ ဖြစ်သည်။ ကိုယ့်ဟာနှင့်ကိုယ် သားကောင်ဥစ္စာ ပိုင်ဆိုင်လာသည်။ ၄င်းမှ အရှုံး,အမြတ် ကိုယ့်ဟာနှင့်ကိုယ် ဖြစ်ကြသည်။ တစ်ခုတော့ ရှိသည်။ အားလုံး ဘေးသင့်လာသောအချိန်၌ လူစုသည် တစ်ဖန် ပြန်လည်စည်းရုံး၍ ရှေးဟောင်းလူစုသဘောမျိုး ပြန်ဖြစ်ချင်သည်။

အမတဿအဖကြီး၏ ပွဲတော်ကြီးတွင် အပျော်ကြူးနေကြသောလူစုမှာ သူတို့၏ သားကောင်ဥစ္စာတွင် စိတ်ဝင်စားခြင်း မရှိတော့ပေ။ စည်းချက်ကျကျ ကခုန်နေသော လူပျိုကလေးများမှာ သောမအရက်နှင့် အလှမကလေးများဆီလောက်သာ စိတ်ရောက်နိုင်လေတော့သည်။

ညတာ၏ ၄ပုံ ၁ပုံ ကုန်သွားလေပြီ။ သို့သော်လည်း အကကိုကား မရပ်ချင်ကြသေးပေ။ ထိုအခိုက် ရွာတစ်ဝိုက်မှာ ကျယ်ကျယ်လောင်လောင် ခွေးဟောင်သံများကြား၍ မြစ်ကမ်းအထက်ပိုင်းဘက်သို့ ပြေးသွားသံလိုလို ထင်ကြရလေသည်။

အမတဿကား အသောက်သမားများထဲတွင် ရှိနေသည်။ အသောက်သမားတစ်စုကား မျက်လုံးများ ခြင်းခြင်းနီ၍ ကိုယ့်ကိုယ်ကိုမဟန်နိုင်အောင် သတိလစ်လျက် ရှိကြသည်။ ထိုမျှအထိ အသောက်ကြူး၍ ပျော်မြူးနေကြလေသည်။

အမတဿသည် ခွေးသံများကြား၍ တိတ်တဆိတ်ထကာ သစ်သားလက်ကိုင်တပ်ထားသော သူကျောက်သားတုတ်ကြီးကို မြဲမြဲဆုပ်လျက် မြစ်ကမ်းနားအလိုက် အသံကြားရာဆီသို့ သွားခဲ့လေသည်။ အတန်ငယ် ဝေးဝေးသွားမိလျှင်ပင် အတွေတောင်စွယ်ပေါ်သို့ ရောက်နေသော လမင်း၏အရောင်အောက်တွင် မိန်းမတစ်ယောက် လျှောက်လာနေသည်ကို မြင်ရ၏။ အမတဿ တန့်လိုက်၏။

အနီးသို့ ရောက်သောအခါ ထိုမိန်းမမှာ မခုရာဖြစ်ကြောင်း သိရလေသည်။ မခုရာ ယခုအထိ မြန်မြန်ကြီး အသက်ရှူနေတုန်း ရှိသေး၏။ မခုရာက ထက်ကြွလှုပ်ရှားသောအသံနှင့် ပြောလေသည်။

"ပုရလူစုတို့ သားကောင်တွေကို မောင်းထုတ်သွားကြတယ်။"

"မောင်းထုတ်သွားကြတယ်။ အင်း-တို့လူပျိုတွေ အကုန်လုံးကလည်း အပျော်ကြူး မူးနေကြတယ်။ နှင် ဘယ်အထိ လိုက်သွားသလဲ မခုရာ။"

"ငါ လမ်းသိသလောက် ဝေးအောင် လိုက်သွားတာပဲ။"

"အားလုံးသားကောင်တွေ ယူသွားကြသလား။"

"သူတို့ အကွဲကွဲဖြစ်နေတဲ့ သားကောင်တွေ စုမိအောင် အချိန်တော်တော်ကြာကြာ လုပ်နေရတာ ဆော့ ကျိန်းသေပဲ။"

"နှင် ဘယ်လိုသဘောရသလဲ မခုရာ။"

"အချိန်ဆွဲနေဖို့ အခါ မဟုတ်ဘူး။"

"ဒါထက် တို့လူငယ်အကုန်လုံးကလည်း မထနိုင်အောင် အမူးလွန်နေကြတယ်။"

"လိုက်နိုင်တဲ့လူလောက် ခေါ်ပြီး ဓားပြတွေကို နှင် တိုက်ပစ်ရမှာပဲ။"

"အေး-ဒါ ဟုတ်တယ်။ ဒါပေမယ့် တစ်ခုက ရှိသေးတယ်။ နှင်တော့ ငါနှင့်လိုက်လို့ မဖြစ်သေးဘူး။ လူငယ်တွေရဲ့ တစ်ဝက်တဖျက်အမူးရှိနိုးဟာ အဲဒီသတင်းကို ကြားလိုက်ရရင် ပြေကျသွားမှာပဲ။ ခပြေဘဲ ကျန်နေတဲ့သူတွေကိုတော့ 'ဒိန်' တိုက်ပေးရမယ်။ အမူးပြေသလောက်ပြေသလောက် ပို့ပို့ပေးရမယ်။"

"နောက် ကုရုပို့မတွေကော။"

"ငါ ကုရုတွေရဲ့အဖကြီးအနေဖြင့် ကုရုပို့မတွေ ဒီစစ်ပွဲမှာ ပါဝင်တိုက်ခိုက်ဖို့ အမိန့်ပေးနိုင်တယ်။ မေပျောက်နေတဲ့ စနစ်ဟောင်းကို ပြန်အသက်သွင်းရမယ်။"

"စစ်မျက်နှာကိုလာဖို့ ငါ မကြိုးစားပါဘူး။ ကဲ- သုတ်သုတ်။"

အဖကြီး အမိန့်ပြန်လိုက်သောအခါ အတီး, အမှုတ်များ လုံးလုံး ရပ်တန့်သွားလေသည်။ ယောကျ်ားများ, မိန်းမများ အဖကြီးပတ်ဝန်းကျင်သို့ ဝိုင်းဝန်းစုဝေးလာကြသည်။

အဟုတ်တကယ် နွား, မြင်းများကို ခိုးဆောင်သွားကြောင်း ကြားလိုက်ရလျှင်ပင် အမူးသမားများထဲမှ အချို့ အမူးပြေသွားလေတော့သည်။ သူတို့မျက်နှာများတွင် ချစ်မှုချစ်ဟန်နေရာ၌ ရဲရုပ်ရဲရည် လွှမ်းမိုးလာလေသည်။

အဖကြီးက မိုးခြိမ်းသကဲ့သို့ နက်နဲသောအသံဖြင့် ကြွေးကြော်လေသည်။

"အို-ကုရုပို့-ကုရုပို့မတို့။ ပုရသားတွေဆီက ငါတို့ပစ္စည်းကို ပြန်ယူကြရမယ်။ တိုက်ရလိမ့်မယ်။ နင်တို့အထဲက သတိရလာတဲ့လူတိုင်း လက်နက်စွဲကိုင်ကြ။ မြင်းနှင်ကြ။ ငါ့နောက်ကို လိုက်ခဲ့ကြ။ အမူးမပြေသေးတဲ့သူတွေ မနုရာဆီက ဒိန်ကိုယူပြီး သောက်ကြ။ အမူးပြေပြေချင်း အပြေးလိုက်ခဲ့ကြ။ ကုရုပို့မတို့- ကနေ့ နင်တို့ကိုလည်း စစ်ပွဲမှာပါဖို့ ငါက အမိန့်ပေးလိုက်တယ်။ ဟိုရှေးတုန်းက ကုရုမတွေ စစ်ပွဲမှာ ယောကျ်ားတွေနှင့်တန်းတူ ပါဝင်ခဲ့ကြတယ်။ အဲဒီအကြောင်းကို လူကြီးသူမများဆီက ငါတို့ ကြားခဲ့ရဖူးတယ်။ ကနေ့ နင်တို့အဖကြီး အမတသက နင်တို့ကို စစ်ထဲဝင်ဖို့ အမိန့်ပေးလိုက်တယ်။"

တစ်ခဏချင်းမှာပင် မြင်း ၄၀ စုမိလေသည်။

ပုရများကား စုဆောင်းရသမျှ သားကောင်များကို မြစ်ဝှမ်းအထက်ဘက်သို့ အပြေးမောင်းနှင် ဆောင်ယူသွားကြလေသည်။ သို့သော် သုတ်ခြေတင်၍ ၂ နာရီ အပြေးနှင်ပြီးနောက် အရဏ်တက်လာသော အခါ ကုရုများက ပုရများကို တွေ့မြင်ကြရလေသည်။ ဤမျှ များပြားသော မြင်းအုပ်, နွားအုပ်များကို စုပေါင်း၍ တောင်ကုန်းတောင်စောင်းတွင် မောင်းနှင်ပြေးသွားမှုမှာ လွယ်ကူလှသောအလုပ် မဟုတ်ပေ။

ပုရတို့သည် သားကောင်များကိုစီး၍ သူတို့၏ သားရေနှင်တံများကို လေထဲတွင် ဝင့်လျက်ဝင့်လျက် ကျောက်ဆောင်များကို ရိုက်ကာရိုက်ကာ သားကောင်များကို ခြောက်လှန့် မောင်းနှင်ကြလေသည်။

'ပုရတို့လူအား ၁၀၀ ခန့်မျှ ရှိကြောင်း' အမတသ တွေ့ရလေသည်။ သူ၏ ၄၀ တပ်နှင့် တိုက်ပွဲစသင့်,မစသင့် ပြဿနာအတွက် ဦးနှောက်အခန်းခဲ၍ အကြံ ယူမနေလိုတော့ပေ။ အမတသသည် ဦးချိုအများတပ် လုံရှည်ကြီးကို စွဲယူကာ နှိုးကိုတိုက်ရန် အမိန့်ပေးလေသည်။

ကုရုလူစွမ်းကောင်းများနှင့် တစ်ဝက်နီးနီးရှိသော ကုရုလူစွမ်းကောင်းမများသည် အကြောက်အရွံ့မရှိ မြင်းများကို ရှေ့သို့ အတင်းနှင်ကြလေသည်။ ကုရုတို့ကို မြင်လျှင်မြင်ချင်း ပုရတို့သည် သားကောင်များကို ဆီးဆို့ထားရန်အတွက် လူအချို့ချန်ခဲ့၍ တောင်ကုန်းအောက်သို့ ပြေးဆင်းသွားကြလေသည်။ ပုရတို့သည် မြင်းများဖြင့် အပြတ်အသတ်အနိုင်ယူရန် မြစ်ကမ်းခြေရှိ ကွင်းတစ်ခုတွင် ကြံကြံခံ၍ ကုရုများကို စောင့်နေကြလေသည်။

ထိုစဉ်အခါက အမတသ၏ပုံပန်းမှာ ရူဘနန်းမျှ ဖြစ်လေသည်။ သူ၏မြင်းအမတနှင့် သူ့ကိုယ်မှာ ၂ကိုယ် ၁ကိုယ် ဖြစ်နေဟန် ရှိလေသည်။ မြဖြထက်သော ဆတ်ချိုအများတပ်လုံနှင့် ကိုယ်ပေါ်မှ တစ်ချက် အမိခံလိုက်ရသော ရန်သူမှန်က နောက်ထပ် တစ်ချက်ထိုးရန် သူမြင်းဇက်ကို သူ ကိုင်မထားနိုင်တော့ပေ။

ပုရုတို့သည် လေး,မြားနှင့် ကျောက်သားပုဆိန်များကို အားကိုးလွန်း၍ အများ နာကြလေသည်။ အကယ်၍ ပုရုတို့မှာ ဆတ်ခိုအဖျားတပ်လှံများ ကုရုတို့မှာရှိသလောက် ရှိခဲ့လျှင် အမှန်ပင် ကုရုတို့သည် ပုရုတို့ကို အကျိတ်အနယ်ရင်ဆိုင်နိုင်မည် မဟုတ်ပေ။

တိုက်ပွဲဖြစ်ပွားသည်မှာ တစ်နာရီ ကြာသွားလေပြီ။ ကုရုတို့ကား ယခုတိုင်အောင် ကြံ့ကြံ့ခံနေတုန်း ရှိကြသေး၏။ သို့သော် ကုရု တပ်သား ၃၀၀ ၁၀၀မှာ ထိခိုက်ကျဆုံးခဲ့လေပြီ။ ကြောက်ခမန်းလန့်ခမန်း ဖြစ်တော့သည်။ ထိုအချိန်မှာပင် ကုရုမြင်းစီး စစ်သား ၃၀ ငြာသံပေး၍ စစ်မြေပြင်သို့ အပြေးနှင်လာကြသည်။ ကုရုများမှာ စိတ်အား အတော်တက်သွားလေပြီ။

ပုရုတို့အခြေအနေ ပျော့ညံ့နေသည်ကိုမြင်၍ သားကောင်များကို ဆီးဆို့ထားရန် ချန်ပစ်ခဲ့သော မြင်းစီးသူရဲများလည်း ရောက်လာကြသည်။ သို့သော်လည်း ထိုအချိန်မှာပင် ကုရုယောဂျာ, မိန်းမ ၄၀ ရှိ အုပ်စုတစ်စုကို မခုရာခေါင်းဆောင်လျက် ရောက်လာသည်။

တစ်နာရီခွဲမျှ အသေအကျေ တိုက်ပွဲ ဆက်လက်ဖြစ်ပွားသည်။ ပုရုအများအပြား ကျဆုံးသည်။ အချို့ ထွက်ပြေးကြသည်။ ဒဏ်ရာရသောသူများကို အဆုံးတိုင်စီရင်၍ ကုရုစစ်တပ်သည် ပုရုရွာဘက်ဆီသို့ ချီတက်ခဲ့လေသည်။

ပုရုရွာမှာ ၄ ကောသ (၈ မိုင်အထက်) တွင် ရှိသည်။ တစ်ရွာလုံးမှာပင် ဆိတ်သုဉ်းလျက်ရှိသည်။ တဲများကိုစွန့်၍ လူများ ထွက်ပြေးကြလေပြီ။ သူတို့၏သားကောင်များကား ရွာတစ်ဝိုက်တွင် ကျက်စား နေကြသည်။ သို့သော်လည်း ကုရုတို့သည် ပုရုများကိုတွေ့သောအခါ ပထမ တန့်သွားလိုက်ကြသေး၏။ ပုရုတို့ကား အစီအစဉ်မရှိ လုံးထွေးပြေးလွှားနေကြသည်။ အထက်ဘက်သို့ ပြေးကြရန်လည်း လွယ်ကူလှသည် မဟုတ်ပေ။

မြစ်ကမ်ပါးမှ ကျဉ်းမြောင်း၍ အတက် ခက်လှပေသည်။ သို့သော်လည်း အသက်ဘေးမှ လွတ်ကင်းရန် ယောဂျာ,မိန်းမများ မြင်းနှင့်၍ ပြေးကြရှာသည်။ နောက်ဆုံးတွင် မြင်းများ ရှေ့သို့တိုး၍ မတက်နိုင်တော့သောနေရာသို့ ဆိုက်ရောက်ကြလေသည်။

သူတို့ ခြေလျင် သွားကြရလေတော့သည်။ ကုရုများကလည်း သူတို့အနီးသို့ ဆိုက်ရောက်လာကြသည်။ ကလေး, လူအို, မိန်းမများ သွက်သွက် မလှမ်းနိုင်ကြတော့ပေ။ ထို့ကြောင့် သူတို့အား ထွက်ခွင့်ပေးရန် အချို့သောကုရုစစ်သားများက ကျဉ်းမြောင်းသောနေရာတစ်ခုတွင် ရပ်ခံထားကြလေသည်။

ကုရုတို့သည် သူတို့လူဦးရေရှိသမျှ အကုန် အသုံးမချနိုင်ကြပေ။ ထို့ကြောင့် ကုရုများသည် လမ်းရှင်းနေရသော အလုပ်နှင့်ပင် နာရီ အတော်ကြာသွားခဲ့လေသည်။

ပုရုနှင့် ကုရု ၂ ဘက်စလုံးပင် ယခုအခါ ခြေလျင်သမားချင်း ဖြစ်ကြသည်။ သို့သော် ပုရုတို့တွင် ကတ်ကတ်သတ်သတ် ယောဂျာ ၁၂ ယောက် ကျန်နေသေးသည်။ ထို့ကြောင့် ၁၂ ယောက်က ရက်အတန်ကြာ ပုရုလူစုတစ်လုံးကို စောင့်ရှောက်သွားနိုင်သေးသည်။

ပုရုလူစုသည် တစ်နေ့သောအခါ ရဲစွမ်းသတ္တိရှိသောမိန်းမအချို့ကို ဆောင်ကြဉ်း၍ ခက်ခဲရှုပ်ထွေးသော လမ်းတစ်ခုအတိုင်း လိုက်ကြရလေတော့သည်။ သူတို့သည် မြစ်ဝှမ်းကိုစွန့်ကာ တောင်ကုန်းများကို ဖြတ်ကျော်လျက် တောင်ဘက်ဆီသို့ ဆက်လက်သွားကြလေသည်။

ကုရုများကလည်း ဟိုဟိုသည်သည်ပုန်းအောင်း၍ 'အသက်ဘေးမှလွတ်ပါစေကြောင်း' ဆုတောင်း နေကြရှာသော ပုရုလူစု၏ကလေးများ, လူအိုများ, မိန်းမများကို လိုက်လံဖမ်းဆီးကြလေသည်။

သုံ့ပန်းအဖြစ်ထားခြင်းမှာ ဤ အဖအာဏာခေတ် (ဝိတုယုဂ်)၏ စည်းကမ်းနှင့် ဆန့်ကျင်သည်။ ထို့ကြောင့် ကလေးမှ လူအိုများတိုင်အောင် ပုရုယောဂျာအားလုံးကို ကုရုများက သတ်ပစ်ကြလေသည်။

မိန်းမများကိုကား သူတို့နှင့်အတူ ဆောင်ယူသွားကြလေသည်။ ပုရွတို့၏ သားကောင်များအားလုံးသည် ကုရွတို့ပိုင် ဖြစ်လေတော့သည်။

ယခုအခါ စိမ်းညို့နေသော မြစ်၏အောက်ပိုင်းမှ အထက်ပိုင်းအထိ မြစ်ဝှမ်းသည် ကုရွတို့ပိုင် သားကောင်စားကျက် ဖြစ်လေတော့သည်။

'လူတစ်ဆက်တိုင်အောင် ယောကျ်ားတိုင်း မယားတစ်ယောက်ထက် အပိုထားရမည်။' ဟု အဖကြီးက အမိန့်ထုတ်ထားလေသည်၊

ထိုအချိန်မှစ၍ ကုရွလူစုတွင် 'မယားအများ ထားသည်။'ကို တွေ့ရှိရလေသတည်း။ ■

၄

ပုရပ္ဖုတ[၁]

အရပ်- ဝက္ခု မြစ်ဝှမ်း[၂] တာဂျိကစ္စတန်၊
လူမျိုး- အင်ဒို-ဣရန်နီယန်။
အချိန်- ခရစ်မပေါ်မီ နှစ်ပေါင်း ၂၅၀၀။

ဤပုံဝတ္ထုသည် ယနေ့မှအထက် ၁၈၀ မြောက်သော လူအဆက်က အရိယလူမျိုးတို့၏ အကြောင်းအရာ ဖြစ်သည်။

ဤလူမျိုးများအနက် အချို့သောအနွယ်များမှာ ယခုအခါ ဣန္ဒိယပြည်ဘက်သို့ ထွက်ခွာလာခဲ့ကြသည်။

ထိုစဉ်က လယ်လုပ်ခြင်းနှင့် ကြေးနီကို အသုံးပြုခြင်း စခဲ့သည်။

အရိယလူမျိုးများသည် ကျေးကျွန်ထားခြင်းကို လက်ခံခဲ့သော်လည်း ၄င်းအကျင့်ကို တစ်ဖန် မေ့ပျောက်ပစ်ချင်နေကြသည်။

၁

ဝက္ခုမြစ်၏ တဟဲပဲ့မြည်နေသောရေကြောင်းမှာ မြစ်လယ်ခေါင်တွင် စီးဆင်းနေသည်။ မြစ်၏ လက်ယာဘက်ကမ်း၌ တောင်ကုန်းသည် ရေစီးကြောင်းမှစ၍ ထောင်တက်နေသည်။ သို့သော် လက်ဝဲဘက်၌ကား ဆင်ခြေလျှောများ၍ မြစ်ဝှမ်းမှာ ကျယ်ပြန့်နေဟန် ရှိလေသည်။ အဝေးမှကြည့်လျှင် အစိမ်းရင့်ရောင် မြင့်မားသောထင်ရှူးပင်များ၏ မှင်ခဲရောင်မှအပ အခြားဘာတစ်ခုမျှ မမြင်ရပေ။ အနီးသို့ရောက်လာသောအခါ အောက်ပိုင်းတွင် ပိုမိုရှည်လျားး၍ အထက်ပိုင်းတွင် တိုတိုသွားသောအလက်များနှင့်တကွ၊ ၄င်းအလက်များ၏ မြားကဲ့သို့ အများချွန်ထက်သောအတက်များကို မြင်ရပေသည်။ ထင်ရှူးပင်များအောက် တွင်ကား အမျိုးမျိုးသောအပင်ငယ်ကလေးများနှင့် သစ်ပင်ကလေးများ ရှိလေသည်။

နွေရာသီအဆုံး ဖြစ်သည်။ ယခုတိုင် မိုးမကျသေးပေ။ ဣန္ဒိယမြောက်ပိုင်း ကွင်းပြင်ကြီးများရှိ လူများ အပူဒဏ်ကို အပြင်းအထန်ခံနေရသော လ ဖြစ်သည်။ သို့သော်လည်း ဤ ပေပေါင်း ၇၀၀၀ မြင့်သော တောင်ဝှမ်းများတွင် အပူ ဝင်ကိုမဝင်သေးသကဲ့သို့ ဖြစ်နေသည်။

ဝက္ခုမြစ်လက်ဝဲဖက်ကမ်းတစ်လျှောက် လှလင်ပျိုတစ်ယောက် လျှောက်သွားနေသည်။ သူ သားမွေးအင်္ကျီရှည်ကို ဝတ်ထားသည်။ ထိုအင်္ကျီပေါ်မှ အထပ်ထပ်ကျစ်လိမ်ထားသော ခါးပတ် ရှိသည်။

၁။ ပုရပ္ဖုတ- လူသားတစ်ယောက်၏အမည်။ နောင်သောအခါ 'ဣန္ဒနတ်'ဟော သဒ္ဒါ ဖြစ်လာသည်။
ပုရ-အများက။ ဟုတ- ပူဇော်အပ်သူ။ ထို့ကြောင့် 'ပုရပ္ဖုတ' ခေါ်သည်။-ဟု အနက်ဖော်ကြ၏။

၂။ ဝက္ခုမြစ်- ယခုအခါ ရှေးမြေပုံတွင် 'Oxus' ဖြစ် ဟု ထင်ရှားလှစွာ၏။ မြန်မာပြန်သူ၏ မှတ်ချက်

အောက်ပိုင်း၌ သားမွေးဘောင်းဘီဝတ်၍ ခြေတွင် ကြိုးထိုးဖိနပ်ကို စီးထားသည်။ သူသည် ခေါင်းဆောင်းဦးထုပ်ကိုချွတ်၍ သူ့ကျောမှာလွယ်ထားသော ပလိုင်းပေါ်တွင် တင်ထားလေသည်။ သူ၏ တောက်ပြောင်သော ဓရုရောင်ဆံပင်မှာ ကျောပေါ်တွင် ပြန့်ကြဲလျက် လေလိုင်းလှုပ်ဆော့သဖြင့် ဟိုရွေ့သည်ရွေ့ လိုင်းထနေသည်။ လုလင်ပျိုး၏ခါးမှ သားရေကြိုးနှင့်ချည်ထားသော သန်လျက် (ဓားလွယ်)မှာ တွဲလျားကျနေသည်။

သူ့ကျောပေါ်တွင် ပျော့ပျောင်းသေးမျှင်သော သစ်ခက်ကလေးများဖြင့် ရက်လုပ်ထားသည့် အဝလန်လန်ပလိုင်းတစ်ခု ရှိသည်။ လုလင်ပျိုသည် ပလိုင်းတွင် အညှို့ဖြုတ်ထားသော လေးမြားအပြည့်ထည့်ထားသော မြားကျည်တောက်နှင့် အခြားပစ္စည်းအများ သိပ်ထည့်ထားသည်။ လုလင်၏လက်တွင် တုတ်တစ်ချောင်းရှိသည်။ လုလင်သည် ၄င်းတုတ်ကို ပလိုင်း၏ဖင်တွင်ထောက်၍ မတ်တတ်ရပ်ကာ တစ်ခါတစ်ခါ အပန်းဖြေရလေသည်။ အကြောင်းကား ယခုအခါ တောင်ကုန်းအတက် ကြမ်းလှပေသည်။

လုလင်၏ရှေ့တွင် ဝဝဖြိုးဖြိုး သိုး ၆ ကောင် သွားနေကြသည်။ သိုးများ၏ကျောပေါ်တွင် 'ဆတ္တူး' ခေါ် မုယောဆန်မှုန့်များသွတ်ထားသော မြင်းမွေးအိတ်ကြီးများ ရှိသည်။ လုလင်၏နောက်မှ ခွေးနီစုတ်ဖွာတစ်ကောင် လိုက်လာသည်။ စာကလေးများ၏ ချိုအေးလေးပင်သောအော်မြည်သံကြောင့် တောင်တစ်တောင်လုံး ပဲ့တင်ထပ်နေသည်။ စာကလေးများ၏အသံက သူ့ကိုကူးစက်သဖြင့် လုလင်သည် လေ ကလေးတချွန်ချွန်နှင့် သွားလေသည်။

ကျောက်ဆောင်တစ်ခုထက်မှ သေးသွယ်လှပစွာ ရေကြောင်းကလေးတစ်ခု ဖြစ်၍ ကျဆင်းနေသော စမ်းယဉ်တစ်ခုဆီ ရောက်လာသည်။ ကျောက်တောင်ကိုဖောက်၍ ရေစီးကြောင်း ကျဆင်းလာစေရန် တစ်စုံတစ်ယောက်က သစ်သားရေတံလျှောက် တပ်ထားသည်။ မောဟိုက်နေသောသိုးများ ကျောက်ဆောင်အောက်တွင် ရေများ သောက်ကြလေ၏။

လုလင်ပျိုသည် ကျောက်ဆောင်အနီး၌ ပြန့်ကြဲနေသောစပျစ်နွယ်များမှာ စပျစ်သီးခိုင်ကလေး များတွဲလျားကျနေသည်ကို သတိထားမိလေသည်။ လုလင်သည် ထိုင်၍ ပလိုင်းကို မြေပေါ်သို့ချကာ စပျစ်သီးများကို ခူး၍စားလေသည်။ စပျစ်သီးများမှာ ခပ်ဖန်ဖန်ရှိ၍ ချဉ်လှလေသည်။ ၄င်းစပျစ်သီးများမှည့်ဖို့ရန် တစ်လတင်းတင်း လိုသေးသည်။ သို့သော်လည်း လုလင်ယောကျ်ား ခရီးသွားအတွက် စပျစ်သီးများမှာ အကောင်းအမွန်ဖြစ်နေသည်။ ထို့ကြောင့် လုလင်သည် တစ်လုံးပြီးတစ်လုံး ပါးစပ်ထဲသို့ တဖြည်းဖြည်း ပစ်သွင်းနေလေသည်။

လုလင် ရေငတ်လွန်းအားကြီးနေသည်။ ခရီးပြင်းသွားပြီးနောက် ရေအေးကို ရုတ်တရက် သောက်လိုက်လျှင် ဥပဒ်ရောက်တတ်သည်။ ထို့ကြောင့် လုလင် ခေတ္တဆိုင်းနေဟန် ရှိသည်။ ရေသောက်ပြီးနောက် သိုးများ အနီးတစ်ဝိုက်တွင် ပေါက်နေသော စိမ်းစိမ်းစိုစိုမြက်များကို စားနေကြလေသည်။ ခွေးစုတ်ဖွားကား အပူဒဏ်ကို အပြင်းအထန်ခံနေရလေသည်။ ထို့ကြောင့် စုတ်ဖွားသည် သူ့သခင်နောက်သို့လည်း မလိုက်။ သိုးများနောက်သို့လည်း မလိုက်။ စမ်းချောင်း အနိမ့်ပိုင်း ပြန့်နေသော ရေထဲတွင် ထိုင်လေတော့သည်။ သူ၏ဝမ်းဗိုက်မှာ ယခုတိုင် ဖားကဲ့သို့ ဖောင်းချည်ပိန်ချည်ဖြစ်နေတုန်း ရှိသေးသည်။ သူ၏ ရှည်လျားသောလျှာနီကြီးကို ထုတ်၍ တလှပ်လှပ်လုပ်နေသည်။ လုလင်သည် ရေတံခွန်အောက်မှ ပါးစပ်ကို ဖွင့်သည်။ ကျဆင်းလာသောစမ်းယဉ်ဖြင့် အသက်တရှူအတွင်း ရေတိုက်ပြေလေတော့သည်။ ကျိန်းစပ်နေသော မျက်စိထဲသို့ ရေသွင်း၍ ရှေ့ဘက်ပိုင်းရှိ ဆံပင်အရင်းများကို ရေဆွတ်ကာ မျက်နှာသစ်လေသည်။ လုလင်၏ နီပြေပြေနေသောပါးများနှင့် နှုတ်ခမ်းနီများကို ဖုံးလွှမ်းရန် အဝါရောင်မုတ်ဆိတ်များ ပေါက်စပြုလာလေပြီ။

သိုးများ စိတ်ဝင်စားစွာ ကျက်စားနေသည်ကို မြင်ရ၍ လုလင်သည် ပလိုင်းအနီးတွင် ရပ်လိုက်လေသည်။ ထို့နောက် နားရွက်စောက်စောက်နှင့် သွဘက်သို့စိုက်နေသော စုတ်ဖွားဇာ၏မျက်လုံးအဓိပ္ပာယ်ကို ကောက်၍၊ ပလိုင်းထဲသို့ လက်တစ်ဖက်ဖြင့် နှိုက်ပြီးနောက် သိုးပေါင်ခြောက်တစ်ပိုင်းကို ခါးပတ်မှကျနေသော သားရေကြိုးတွင်ချည်ထားသည့် ကြေးနီစားမြွောင်ထက်ထက်ဖြင့် လှီးကာလှီးကာ အချို့ကို ကိုယ်တိုင်စား၊ အချို့ကို စုတ်ဖွားအား ကျွေးလေသည်။

ထိုအခိုက်တွင် သစ်သားခေါင်းလောင်း ခေါင်-ခေါင် ခေါက်သံ ကြားရလေသည်။ လုလင်ပျိုသည် အတန်ငယ်ဝေးသောနေရာမှ ချုပုတ်နှင့်တစ်ပိုင်းအုပ်ထားသော 'မြည်း'တစ်ကောင် လာနေသည်ကို မြင်ရလေ၏။ နောက်ထပ်တစ်ကောင် နောက်ဆုံးမှ ၁၆ နှစ်အရွယ် သူငယ်မတစ်ယောက် သူကဲ့သို့ပင် ဝတ်ဆင်လျက် ကျောပေါ်တွင် ပလိုင်းလွယ်ကာလာနေသည်ကို မြင်ရလေ၏။ ပါးစပ်မှ အေးအေးဆေးဆေး လေကလေးတချွန်ချွန် လုပ်နေသည်။

တစ်ခုံတစ်ခုကို စဉ်းစားမိသောအခါ လုလင်ပျိုဇ၏ပါးစပ်မှ လေချွန်သံမှာ အသက်ရှူသကဲ့သို့ 'ချက်' မှန်သွားလေသည်။ ၁၆ နှစ်မဇ၏နားတွင် လေချွန်သံ တစ်ချက်တစ်ချက် မုချ ကြားပေလိမ့်မည်။ သူမသည် လေချွန်သံဆီသို့သာ နားစွင့်မိလေသည်။ သို့သော်လည်း လုလင်ပျိုဇ၏ကိုယ်ကို ချုပုတ်ဖြင့် ဖုံးထားသည်။ လုလင်ပျိုသည် အတောင် ၅၀ ဝေးသောနေရာမှ မြင်ရစေကာ၊ ၁၆ နှစ်မဇ၏ ရေးရေးပင် ဖြစ်သော်လည်း လှပသောပုံဟန်သည် သူဇ၏နှလုံးသားတွင် လာ၍စွဲထင်လေသည်။ လုလင်သည် စိတ် တစောစောနှင့်၊ 'သူမ ဘယ်ကိုများ သွားပါလိမ့်။'ဟု စောင့်မျော်နေမိသည်။ 'ဝက္ခမြစ်အထက်ဂိုင်း ဤ နေရာတွင် ရွာစရွာန မရှိကြောင်း'ကိုလည်း လုလင် သိပါသည်။ ထို့ကြောင့် 'သူမလည်း ခရီးသွားတစ်ယောက် ဖြစ်ကြောင်း' လုလင် နားလည်နိုင်ပေသည်။

၁၆ နှစ်မဇ၏ လှပါသော်လည်း မမြင်ဖူးသောမျက်နှာကို မြင်ရသည့်အတွက် စုတ်ဖွားက ဟောင်လေတော့သည်။ လုလင်က 'စုတ်ဖွား တိတ်နော်' ဟု ဆိုလိုက်သောအခါ ထိုနေရာမှာပင် စုတ်ဖွားအဟောင်ရပ်၍ ထိုင်နေလေတော့သည်။ ၁၆ နှစ်မဇ၏ မြည်းလည်း ရေသောက်လေသည်။ ၁၆ နှစ်မ သူပလိုင်းကို အောက်သို့ ချလိုက်သောအခါ၊ လုလင်က သူ၏ သန်မာတောင့်တင်းသောလက်မောင်းကြီးများဖြင့် ပွေ့ချီ၍ သူမကို အောက်သို့ ချပေးလေသည်။

၁၆ နှစ်မသည် ပြုံးပြုံးကလေး ကျေးဇူးတင်သောအမူအရာနှင့် ပြောလေသည်။

"သိပ်ပူတာပဲ။"

"ပူလို့ မဟုတ်ပါဘူး။ အမြင့်ကိုတက်လာလို့ ပူသလို ထင်ရတာပါ။ မကြာခင် အမောပြေသွားရင် ချွေးတိတ်သွားမှာပါ။"

"ဒီနေ့ သိပ်သာယာတယ်။"

"၁၀ ရက်-၁၅ ရက်အတွင်း နောက်ထပ် မိုးရွာမှာ မစိုးရသေးပါဘူး။"

"ငါတော့ မိုးရွာမှာ သိပ်စိုးတာပဲ။ မြောင်းတွေ, ချောကျိကျိဖြစ်နေတဲ့ရွံ့တွေ ထလာရင် လမ်းသိပ်ဆိုးသွားတာပဲ။"

"မြည်းနှင့်သွားရရင် သာပြီးခက်သေးတယ်။"

"အိမ်မှာ သိုးတွေမရှိလို့ မြည်းတွေကိုပဲ ယူလာခဲ့ရတယ်။ ကဲ-ဒါထက် အဆွေ ဘယ်သွားမလို့လဲ။"

"ဒဏ္ဍာကို၊ ခုအတောအတွင်း ငါတို့ မြင်းတွေ, နွားတွေ, သိုးတွေ အဲဒီဒဏ္ဍာမှာပဲ ရှိနေတယ်။"

"ငါလည်း အဲဒီကို သွားရမယ်။ ခတ္တူး, စပါး, အသီးအနှံနှင့် ဆား သွားဝို့မလို့။"

ငါ့ဆီမှာ အထွတ်အမြတ်ထားတဲ့
မီးပွတ်ခုံတစ်ခု ပါလာတယ်။
မီးပွတ်ခုံဟာ ငါတို့အိမ်မှာ
အဘိုးလက်ထက်က ဆင်းသက်လာခဲ့တာ။
ဒီမီးပွတ်ခုံက ပေါ်လာတဲ့မီးနှင့်
ယခုပူစော်တာ, နတ်ပူစော်တာ များလှပြီ။
ငါ မီးနတ်မန္တရားကိုလည်း ရတယ်။
ဒါကြောင့် မန္တရားနှင့်မန်းလိုက်ရင်
မီးနတ်များ ဘွားခနဲ ပေါ်လာကြရတယ်။

"နင့်သားကောင်တွေကို ဘယ်သူ ကြည့်သလဲ။"

"ငါ့အဘေး။ ပြီးတော့ အစ်ကိုနှင့် ညီမများလည်း ကြည့်ကြတယ်။"

"အဘေး အိုလှရောပေါ့။"

"အိုလှပြီ။ ဒီလောက်အိုတဲ့လူ ဘယ်မှတွေ့ဖူးမယ် မဟုတ်ပါဘူး။"

"ဒါဖြင့် သူ ဘယ်လိုလုပ်ပြီး သားကောင်တွေကို ကြည့်သလဲ။"

"အခုထိ အဘေးဟာ အားကြီး တောင့်တင်းသန်မာတယ်။ သူ့ဆံပင်တွေ, မျက်ခုံးမွေးတွေ အားလုံး ဖွေးဖွေးဖြူကုန်ပြီ။ ဒါပေမယ့် သူမှာ သူငယ်ပြန်တဲ့သွားသစ်တွေ ပေါက်နေတယ်။ သူ့ကိုကြည့်လိုက်ရင် အသက် ၅၀-၅၅ နှစ်ကျော်မယ်လို့ မထင်ရဘူး။"

"ဒီလိုဆိုရင် သူ့ကို အိမ်မှာထားဖို့ ကောင်းတာပေါ့။"

"သူက သဘောကို မကျဘူး။ ငါမမွေးခင်ကတည်းက သူ ရွာကို မသွားတော့ဘူး။"

"ရွာကို မသွားတော့ဘူး။"

"မသွားချင်ဘူး။ ရွာဆိုရင် သူ မုန်းတယ်။ သူအပြောက 'လူဆိုတာ တစ်နေရာတည်း စုခဲနေဖို့ မွေးလာတာ မဟုတ်ဘူး။' တဲ့။ တို့ကို ဟိုးရှေးတုန်းကအကြောင်းတွေ ပြောပြတယ်။ ဒါထက် အဆွေ နှင့်နာမည် ဘယ်လိုခေါ်သလဲ။"

"ပုရုဒ်အန္ဒယ် မဒ္ဒီသား ပုရုဟူတ။"

"ဦ-နင့်နာမည်ကကော နှမ။"

"ရောစနာမဒ္ဒီ။"

"ဒီလိုဆိုရင် နင် ငါ့ဦးလေးအမျိုးထဲကပေါ့ နှမ။ အထက်ပိုင်းမဒ္ဒလား။"

"အထက်ပိုင်းမဒ္ဒ။"

ဝက္ခုမြစ်၏လက်ဝဲဘက်မြစ်ကမ်းနှံ့ ပုရုတို့ရွာ ရှိသည်။ သို့သော် အိမ်မှိပိုင်းလွင်ပြင်နှင့် စပ်နေသော ၄င်းရွာ၏အောက်ပိုင်းသည် မဒ္ဒတို့လက်ထဲတွင် ရှိ၍ လက်ယာဘက်ကမ်း အထက်ပိုင်းကား 'ပရုသု' တို့လက်ထဲတွင် ရှိလေသည်။

မြေပြင်အကျယ်အဝန်းနှင့် လူဦးရေအမြင်ဖြင့် ကြည့်လျှင် ပုရုဒ္ဓိသည် မဒ္ဒတို့အောက် မနိမ့်ကျပေ။ ပုရုတို့အထဲမှ အောက်ပိုင်းနေမဒ္ဒများကို 'အောက်ပိုင်းသားမဒ္ဒ' ဟု ခေါ်ကြလေသည်။ ပုရုတ၏ ဦးလေး နေသောရွာလည်း အထက်ပိုင်းမဒ္ဒတွင် ရှိလေသည်။

ဤအကြောင်းကို ကြားသိလိုက်ရသောအခါ ၂ ဦးမှာ အတန်ငယ် ပို၍ရင်းနှီးသွားလေသည်။

''ဒီမှာ ရောစနာ။ ဒဏ္ဍာကို သွားမယ်ဆိုပေမယ့် ကနေ့ ဒဏ္ဍာကို ရောက်နိုင်မယ် မဟုတ်ဘူး။ နှင် တစ်ယောက်တည်း ဘယ်လိုလုပ်ပြီး စွန့်လာသလဲ။''

''ဟုတ်ပါတယ်။ ညကျရင် ကျားသစ်ရန်က လွတ်အောင်ရှောင်ဖို့ ခက်တယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် စားစရာသောက်စရာပစ္စည်းများ ပို့ဖို့ရာက အရေးကြီးနေတယ် ပုရုဟူတ။ အားဟာ ငါ့ကို သိပ်အရေးပေးတယ်။ 'လမ်းမှာ အဖော်တော့ တွေ့မှာပဲ'လို့ တွေးမိတယ်။ ခုရက်အတောအတွင်း ဒဏ္ဍာကိုသွားတဲ့လူ တော်တော်များတယ်။ ပြီးတော့ 'မီးပူဖော်လိုက်ရင် ကြိတိုင်းအောင်မှာပဲ။' လို့ တွေးမိတယ်။''

''လမ်းသွားတုန်းမတ်တတ် မီး ဘယ်လိုလုပ်ညှိမလဲ။ နှင့်မှာ မီးပွတ်ခုံပါရဲ့လား ရောစနာ။''

''ပါတယ်။''

''ပါပေမယ့် မီးပွတ်ခုံပွတ်ပြီး မီးနတ်ပေါ်လာအောင် လုပ်ဖို့က လွယ်တာ မဟုတ်ဘူး။ ကဲ-မပူနှင့်။ ငါ့ဆီမှာ အထွတ်အမြတ်ထားတဲ့ မီးပွတ်ခုံတစ်ခု ပါလာတယ်။ မီးပွတ်ခုံဟာ ငါတို့အိမ်မှာ အဘိုးလက်ထက်က ဆင်းသက်လာခဲ့တာ။ ဒီမီးပွတ်ခုံက ပေါ်လာတဲ့မီးနှင့် ယဇ်ပူဇော်တာ, နတ်ပူဇော်တာ များလှပြီ။ ငါ မီးနတ်မန္တရားကိုလည်း ရတယ်။ ဒါကြောင့် မန္တရားနှင့်မန်းလိုက်ရင် မီးနတ်များ ဘွားခနဲ ပေါ်လာကြရတယ်။''

''ဒါထက် ပုရုဟူတ။ အခု တို့ ၂ယောက်နော်။ ဒါကြောင့် ကျားသစ် လာဝံ့မယ်မဟုတ်ပါဘူး။''

''ပြီးတော့ တို့စုတ်ဖွားလည်း ရှိသေးတာပဲ ရောစနာ။''

''စုတ်ဖွား''

''ဟုတ်တယ်။ ဒီခွေးနီပဲ။''

''စုတ်ဖွား, စုတ်ဖွား''

ခေါ်လိုက်လျှင်ပင် မတ်တတ်ရပ်၍ သခင်လက်ကို လျက်လေသည်။

ရောစနာကလည်း ''စုတ်ဖွား, စုတ်ဖွား'' ဟု ခေါ်လေသည်။

စုတ်ဖွား လာ၍ ရောစနာ၏ခြေထောက်ကို နမ်းလေသည်။ ရောစနာက သူ၏ကျောပေါ် လက်တင်လိုက်သောအခါ စုတ်ဖွားသည် အမြီးနှန့်၍ ရောစနာ၏ခြေထောက်နားတွင် ထိုင်လေသည်။

''စုတ်ဖွားဟာ သိပ်လိမ္မာတဲ့ခွေးပဲ ရောစနာ။''

ပုရုဟူတက မှတ်ချက်ချလေသည်။

''ပြီးတော့ တောင့်လည်းတောင့်တယ်။''

''ဟုတ်တယ်။ ဝံပုလွေ, ဝက်ဝံ, ကျားသစ် ဘာကောင်မှ မကြောက်ဘူး။''

သိုးများနှင့် မြည်းများ ယခုအခါ မြက်စား၍ ဝကြလေပြီ။ အမောလည်း ပြေလေပြီ။ ထို့ကြောင့် လူငယ်ခရီးသည် ၂ဦး ခရီးဆက်လက် ထွက်ကြသည်။ စုတ်ဖွားသည် သူတို့နောက်မှ အစဉ်တစိုက် အပြေးလိုက်လေသည်။

သူတို့ ခြေသွားလမ်းကလေးမှာ ဟိုကွေ့သည်ကွေ့ ကွေ့ပတ်တက်သော်လည်း အတက်က ကြမ်းလှသည်။ ထို့ကြောင့် ခြေလှမ်းမှန်မှန်နှင့် ဖြည်းဖြည်းသာ သွားနိုင်ကြသည်။

ပုရပ်ဟူတသည် တစ်ခါတစ်ခါ မြေကြီးတွင်းကပ်နေသော စထရောဗာရီသီးများကို ခူးစား။ တစ်ခါတစ်ခါ ခံသီးများကို ခူးလေသည်။ ထို့နောက် ရောစနာကိုလည်း ပေးလေသည်။ ယခုအခါ သစ်သီးကောင်းကောင်းများ သိပ် မမှည့်လှသေးပေ။ ပုရပ်ဟူတ စိတ်အပျက်ကြီးပျက်နေသည်။ ညနေချမ်းတိုင်အောင် သူတို့ ဤနည်းအတိုင်း စကား တပြောပြောနှင့် တက်သွားကြလေသည်။

ထူထပ်သော ချုပုတ်တစ်ခုစီအောက်မှ တသွင်သွင်စီးဆင်းနေသော ရေတံခွန်ကို မြင်ရသောအခါ အချိန်မှာ နေဝင်ဖျိုးဖျ ဖြစ်နေလေပြီ။ အနီးမှာပင် အတန်ငယ်လွင်ပြင်ကျသော နေရာတစ်ခု ရှိသည်။ ထို နေရာတွင် တစ်ဝက်တပျက်မီးလောင်ထားသော ထင်းစများ၊ ပြာများနှင့် မြင်းချေးတုံးများ ရှိနေသည်။ ပုရပ်ဟူတသည် ငုံ၍ ပြာကိုဖယ်လိုက်သည်။ ပြာထဲတွင် မီးရှိသေးသည်။

ပုရပ်ဟူတက ဝမ်းမြောက်ဝမ်းသာ အကြေးပေးလေသည်။

"ရောစနာ။ ညစခန်းချဖို့ ဒီထက်ကောင်းတဲ့နေရာ ရှေ့မှာ တွေ့တော့မှာမဟုတ်ဘူး။ အနားမှာ ရေရှိတယ်။ မြက်ပေါတယ်။ ထင်းခြောက်တွေလည်း ရှိတယ်။ ပြီးတော့ ကနေ့မနက် ဒီကထွက်သွားတဲ့ ခရီးသည်ဟာ မီးကို ပြာအောက်မှာ ဖုံးထားပစ်ခဲ့တယ်။"

"ဟုတ်တယ် ပုရပ်ဟူတ။ ဒီထက်ကောင်းတဲ့နေရာ တွေ့တော့မှာ မဟုတ်ဘူး။ ကနေ့ ဒီမှာပဲ နားရအောင်။ ရှေ့မှာ ရေတံခွန်အထိ ရောက်အောင်ဆိုရင် မှောင်သွားလိမ့်မယ်။"

ပုရပ်ဟူတသည် ထိုင်၍၊ မြန်မြန်ဆန်ဆန် သူ၏ပလိုင်းကို ကျောက်တုံးတွင်မှီ၍ မြေပေါ်၌ တည်ထားလေသည်။ နောက် ရောစနာ၏ပလိုင်းကို ဖြုတ်ပေးလေသည်။ ၂ ဦးအတူ မြည်းပေါ်ရှိဝန်စည်များကို ရွှေ့ပြောင်း၍ ကုန်းနိုးကို ဖြုတ်လေသည်။ မြည်းများ ၂ပတ်-၃ပတ် ပတ်လိုက်သေးသည်။ ထို့နောက် မြက်ခင်းသို့ သွားလေသည်။ သိုးပေါ်ရှိ ဝန်စည်များကို အောက်သို့ချရာ အတန်ငယ် ကြန့်ကြာနေပေသည်။ အကြောင်းသော်ကား သိုးများကို အတင်းလိုက်ဖမ်းနေရသေးသည်။

ရောစနာသည် ရေအိတ်ကိုယူ၍ ရေတံခွန်ရှိရာသို့ ရေခပ်ရန် သွားလေသည်။ ပုရပ်ဟူတသည် သစ်ရွက်များနှင့် သစ်ကိုင်းခြောက်ကလေးများ ထည့်၍ မီးမွှေးလေသည်။ ထို့နောက် ထင်းတုံးကြီးများကို မီးတောက်ကြီးစွာဖြစ်အောင် ဖိထားလေသည်။

ရောစနာ ရေခပ်ပြီး၍ ပြန်လာသောအခါ ပုရပ်ဟူတသည် ကြေးနီအိုးကို ရှေ့တွင်ချ၍ နွားမပေါင် ၄ ပုံ-၁ပုံကို ဓားကလေးဖြင့် ဖြတ်တောက်ရင်း ရောစနာကို ကြည့်၍ ပြောလိုက်သည်။

"မနက်ဖြန် ညနေစောင်းလောက် တို့ အထက်ပိုင်း ရောက်ကြမှာပဲရောစနာ။ နင့်နွားခြံ သိပ်မဝေးတော့ဘူးနော်။"

"ဒဏ္ဍာကိုရောက်ပြီးရင် အဲဒီဒဏ္ဍာက အရှေ့ဘက် ၃ ကောသ (၆ မိုင်) ကွာမှာ။"

"ငါနေတဲ့နေရာက အရှေ့ဘက် ၆ ကောသ (၁၂ မိုင်) ကွာမှာ။ ဒီလိုဆိုရင် နင့်အဘေးရဲ့ နွားခြံဟာ ငါတို့သွားရာလမ်းမှာ ရှိမှာပေါ့ရောစနာ။"

"ဒီလိုဆိုရင် နင့်အဘေးကို တွေ့ရဦးမှာပေါ့။ ငါ တွေးနေတယ်။ ငါ့အဘေးနှင့် နင် ဘယ်လိုလုပ် တွေ့သလဲလို့။"

"သွားဖို့ရာ ၁ ရက်ပဲ ကျန်တော့တယ်။ ဒါကြောင့် ပေါင်ခြောက် ၄ပုံ ၁ပုံဆိုရင် လောက်ပြီ။ ဒါ နောက်ဆုံး နွားကလေးပေါင်ခြောက် ၄ပုံ ၁ပုံ ပါပဲ။"

"ငါ့ဆီမှာ မြင်းကလေးပေါင်ခြောက် တစ်ဝက် ရှိသေးတယ်။ ခုရက်အတောအတွင်း အသားကို ကြာကြာထားရင် အနံ့ထွက်လာရော။ ဟုတ်တယ် မဟုတ်လား။"

"ဆားထည့်ပြီးချက်ထားရင် ဒီလိုဖြစ်ပါ့မလား။"

''သိပ်ကောင်းသွားမှာပေါ့။ ပြီးတော့ ငါ့ဆီမှာ စဖျစ်သီးရည်အရက်လည်း ပါတယ် ပုရဟူတ။ အသားရယ်, စဖျစ်သီးရည်အရက်ရယ်၊ နောက်ထပ် ဆတ္တူးနှင့် ရောထည့်လိုက်ရင် ဟင်းချိုကောင်းဖြစ်သွားနိုင်တယ်။ အိပ်ခါနီးရင် ဟင်းချို အဆင်သင့်ဖြစ်မှာပဲ။''

''ငါတစ်ယောက်တည်းဆိုရင် ဟင်းချိုမချက်ဘူး ရောစနာ။ ကြာလွန်းလို့။ ဒါပေမယ့် သားကောင် ချက်ရင်း စကားစမြည်ပြောရင်းတော့ အချိန်ဖြုန်းနိုင်တာပဲ။''

''အဘေးကြီးဟာ ငါ့ဟင်းချိုကို သိပ်ကြိုက်တယ် ပုရဟူတ။ ဒါထက် ဒါ ကြေးနီအိုးနော်။''

''ဟုတ်တယ်။ ကြေးနီဟာ သိပ်အဖိုးတန်တယ် ရောစနာ။ ဒီကြေးနီအိုးပြားကလေးတစ်လုံး မြင်းတစ်ကောင် တန်တယ်။ ဒါပေမယ့် ခရီးသွားတဲ့နေရာမှာ ကြေးနီအိုးဟာ အင်မတန်အသုံးကျတယ်။''

''ဒီလိုဆိုရင် နှင့်အိမ်မှာ သားကောင်တွေ အများကြီးရှိမှာပေါ့နော် ပုရဟူတ။''

''စပါးတွေလည်း အများကြီးရှိသေးတယ် ရောစနာ။ ဒါကြောင့် မြင်းတစ်ကောင်တန်ဖိုးရှိတဲ့ ဒယ်အိုးကလေးကို သုံးနိုင်တာပေါ့။ ကဲ-ဒီအသား ယူသွား။ ငါ လိုးပြီးပြီ။ ရေနှင့် ဆားထည့်ပြီး၊ အသားကို မီးပေါ်မှာ နှင့်ပဲ,တင်ပြီး ကျိုလိုက်။ ငါ ဟိုဘက်ကထင်းမှာ တောက်နေတဲ့မီးကို ပြင်ပေးလိုက်ဦးမယ်။ ပြီးတော့ မြက်နည်းနည်း ရိတ်ရဦးမယ်။ မြည်းနှင့် သိုးတွေကိုလည်း ဒီနေရာ အလယ်ကောင်မှာ ချည်ထားရဦးမယ်။ နွားကလေးသားကို တို့ကြိုက်တာထက် ကျားသစ်က မြည်းသားကို ကြိုက်တယ်ဆိုတာ နှင် အသိသား မဟုတ်လား။ ဟော-စုတ်ဖွား။ နင်လည်း ဒီအတောအတွင်း လျှာတပြင်ပြင်နှင့်ပါလား။''

ပုရဟူတသည် အသားအနည်းငယ်ကပ်နေသော အရိုးတစ်ချောင်းကို စုတ်ဖွားရှေ့သို့ ပစ်ပေးလိုက်သည်။ စုတ်ဖွားသည် အမြီးနှန့်၍ အရိုးကို ခြေထောက်နှင့်ဖိကာ သွားနှင့်ကိုက်ဖဲ့ရန် ကြိုးစားနေလေသည်။

ပုရဟူတသည် အပေါ်တွင်ဝတ်ထားသော အင်္ကျီရှည်ကြီးကို ချွတ်၍ ခါးပတ်ကို ဖြုတ်လိုက်လေသည်။ လက်မပါသောရှပ်အင်္ကျီအောက်ဝယ် သူ၏ ၄ ထောင့်ရင်ဘတ်ကြီးနှင့် တောင့်တင်းသန်မာသော လက်မောင်းကြီးများက 'အသက် ၂၀ရွယ်ရှိ ဤလူလင်ပျိုု၏ကိုယ်ခန္ဓာတွင် အင်အား မည်မျှရှိကြောင်း။' ထုတ်ဖော်ပြောနေကြလေသည်။

အလုပ်လုပ်နေစဉ် ပုဟူတ၏ အမွေးအမှင်ရှိသမျှ တဖားဖား လူပ်ဆော့နေလေသည်။ ပုရဟူတသည် ပလိုင်းထဲမှ တံစဉ်ကိုထုတ်၍ ပြောတွင်းဆိုတွင်းမှာပင် မြက်တစ်ပုံရအောင် ရိတ်လေသည်။ ထို့နောက် နားရွက်ကိုကိုင်၍ မြည်းများကို ဆွဲလာသည်။ ၎တ်စိုက် ချည်နှောင်ကာ ရှေ့မှာ မြက်များချသည်။ သိုးများကိုလည်း မြည်းအတိုင်းပင် ပြုသည်။

အလုပ် အားသွားသောအခါ ပုရဟူတလည်း မီးနား လာထိုင်လေသည်။ ရောစနာသည် ဒယ်အိုးကလေးထဲမှ ကျိုထားသောအသားတုံးများကို ဆယ်၍ ၄ ထောင့်သားရေပြားကလေးပေါ်တွင် တင်နေသေည်။ ပုရဟူတက ပလိုင်းထဲမှ သားရေနယ်ကလေးကို ထုတ်၍ ဖြန့်ခင်းပေးသည်။ ထို့နောက် သပ်သပ်ရပ်ရပ် သစ်သားခွက်တစ်လုံးနှင့် အရက်ဘူးတွင်ထည့်ထားသော အရက်ကို အပြင်ဘက် ထုတ်သည်။ ၄င်းတို့နှင့် အတူ ပလွေတစ်စင်း မြေပေါ်သို့ ကျသွားသည်။ ကလေး နှနှငယ်ငယ်တစ်ယောက် လဲသွား၍ ထိခိုက်မည်စိုးသဖြင့် အမိ ထိတ်ထိတ်ပျာပျာဖြစ်သွားသကဲ့သို့ ပုရဟူတုသည် သုတ်သီးသုတ်ပျာကောက်ယူ၍ အဝတ်ဖြင့် သုတ်၊ နမ်းစုပ်လိုက်ပြီးနောက် ပလိုင်းထဲသို့ ထည့်လိုက်လေသည်။ ပုရဟူတကို ကြည့်နေသော ရောစနာက စကား ဖောက်ပြောလိုက်သည်။

''ပုရဟူတ။ နင် ပလွေ မွှတ်တတ်သလား။''

''ဒီပလွေကို ငါ သိပ်ချစ်တာပဲရောစနာ။ ငါ့အသက်ဟာ ဒီပလွေထဲမှာ ရောက်နေတယ် ထင်ရတယ်။''

ပလွေကို နှုတ်ခမ်းမှာ
တပ်လိုက်တာနှင့်တစ်ပြိုင်နက်
ငါ အားလုံး မေ့သွားတော့တာပဲ။
ဒီပလွေ ငါ့ဆီမှာရှိနေရင်
နောက်ထပ် ကမ္ဘာပေါ်က
ဘယ်ပစ္စည်းမှ ငါ မလိုချင်ဘူး။"

"ငါ ပလွေ နားထောင်ပါရစေ။"
"ခုလား။ စားပြီးမှလား။"
"ခုလည်း နည်းနည်းမူတ်ပါဦး။"
"ကောင်းပြီ။"

ပုရဟူတသည် ပလွေကို နှုတ်ခမ်းတွင်တပ်၍ ပလွေပေါက်များပေါ်တွင် လက် ၈ ချောင်းနှင့် ဖွင့်ချည့်,ပိတ်ချည် လုပ်လိုက်သောအခါ၊ သစ်ပင်ကြီးများ၏အရိပ်အောက်မှ ထွက်မြန်း၍ ညချမ်းဆည်းဆာ၏ ရီတမှောင်ဆိတ်ငြိမ်ခြင်းအကြားဝယ် မိုးကုတ်စက်ဝိုင်းဆီသို့ ပဲ့တင်ခတ်သွားသော ပလွေသံမျိုးစုံလေးမှာ ရပ်ထက်ဝန်းကျင်တွင် မျက်လှည့်ပြလိုက်သည့်အလား ပျံ့နှံ့၍သွားလေသည်။

ရောစနာသည် အားလုံးကိုပင်မေ့လျော့ကာ ပလွေသံကိုသာ တစိမ့်စိမ့်နားစိုက်နေလေသည်။

ပုရဟူတသည် 'ဥရဝသီ' (အသည်းစွဲချစ်သူ) တစ်ယောက်နှင့် ကွေကွင်းရခြင်းကြောင့် လွမ်းဆွတ်ပူလောင်နေသော 'ပုရုရဝါ' (အဆွေးသမား) တစ်ယောက်၏ ချစ်ဒုက္ခအပြည့်ပါသော ရှာပုံတော်သီချင်းအလိုက် ပလွေကို မှုတ်နေသည်။

သီချင်းဆုံးသွားသောအခါ ရောစနာသည် နှတ်ပြည်မှ ရုတ်တရက် မြေပြင်သို့ ကျရောက်လာသည်။-ဟုပင် ထင်လေသည်။ ရောစနာက မျက်လုံးများတွင် ဝမ်းမြောက်လွန်း၍ ထွက်လာသော မျက်ရည်အပြည့်နှင့် ပြောလေသည်။

"ပုရဟူတ။ နင့်ပလွေသီချင်းဟာ သိပ် သာယာချိုအေးတာပဲ။ အားကြိုးကို သာယာချိုအေးတာပဲ။ ငါ ဒီလိုပလွေသံမျိုး မကြားဖူးသေးဘူး။ ဘယ်လောက်များ ချစ်စရာကောင်းလိုက်တဲ့ အသွားလေးလဲလို့။"

"အားလုံးလူတွေကလည်း ဒီအတိုင်းပဲ ပြောကြတယ်။ ဒါပေမယ့် ငါတော့ ကောင်းမှန်း မသိပါဘူး။ ပလွေကို နှုတ်ခမ်းမှာ တပ်လိုက်တာနှင့်တစ်ပြိုင်နက် ငါ အားလုံး မေ့သွားတော့တာပဲ။ ဒီပလွေ ငါ့ဆီမှာရှိနေရင် နောက်ထပ် ကမ္ဘာပေါ်က ဘယ်ပစ္စည်းမှ ငါ မလိုချင်ဘူး။"

"ကောင်းပြီ။ လာ-ပုရု။ နို့မဟုတ် အသား အေးသွားလိမ့်မယ်။"

"ဒါထက် ရောစနာ။ ငါထွက်လာတုန်းက အမိက စဖျစ်ရည်အရက် ပေးလိုက်တယ်။ နည်းနည်းပဲ ရှိတော့တယ်။ ဒါပေမယ့် အသားနှင့် ရောသောက်ရရင် အကောင်းပေါ့။"

"ပုရု။ နင် အရက်ကြိုက်သလား။"

"ကြိုက်တယ်လို့တော့ မဆိုနိုင်ပါဘူး။ 'အကြိုက်'ဆိုရင် 'အီသွားတယ်'လို့ မရှိဘူး။ ဒါပေမယ့် ခုတော့ မျက်လုံး နည်းနည်းရဲတက်လာပြီးတဲ့နောက် တစ်ကျိုက်မှ မသောက်နိုင်တော့ဘူး။"

"ငါလည်း ဒီလိုပါပဲ ပုရု။ အရက်သောက်ကြူးတဲ့လူကို မြင်ရရင် ငါ သိပ်မုန်းတာပဲ။"

ရောစနာသည် သူ၏သစ်သားခွက်ကို ထုတ်၍ အောက်တွင် ချလေသည်။ ၃ဖို့ ၁ဖို့ အသားကို စုတ်ဖွားအား ဝေစု ပေးလေသည်။ ခဲတွဲသည် စားရေးသောက်ရေးအချိန် အတန်ကြာပြီးနောက် ရုပ်သိမ်းလိုက်သည်။

ထက်ဝန်းကျင်တွင် အမှောင်ခြုံထည် ထူထူလွှမ်း၍ အုပ်ဖုံးယှက်သန်းနေလေပြီ။ သစ်သားတုံးကြီးများတွင် စွဲလောင်နေသော မီးရောင်နှင့် ၄င်းအနီးအပါးနေရာမှ လွဲ၍ ထိုနေရာတွင် အခြား ဘာတစ်ခုမျှ မမြင်ရပေ။ တစ်ခုတော့ ရှိသည်။ ထိုအချိန်တွင် အသံများကိုကား ကြားနေရသည်။ ၄င်းအသံများကား 'ပိုးကောင်ကလေးများနှင့် အခြားတိရစ္ဆာန်ကလေးများ၏ အသံ' ဟု ထင်ရပေသည်။

စကားပြောလိုက်, ကြိုကြားကြိုကြား ပလွေမှုတ်သံကလေး ပေးလိုက် လုပ်နေသည်။ နောက်ဆုံး ဆတ္တူးထည့်၍ နာရီများစွာချက်ကျိုနေသော ဟင်းချိုလည်း ကျက်သွားလေပြီ။ ၂ ဦးသား သူတို့ခွက်များနှင့် ပူပူနွေးနွေးဟင်းချို သောက်ကြသည်။

ညဉ့်နက်သောအခါ အိပ်ရန် ဆုံးဖြတ်လိုက်ကြသည်။ ရောစနာသည် သားရေအိပ်ရာအခင်းကို အသင့်ပြင်၍ သူ၏အင်္ကျီများကို ချွတ်လေသည်။

ပုရဟူတကား မီးထဲသို့ နောက်ထပ် ထင်းများ ထည့်နေသည်။ သားကောင်များရှေ့တွင် မြက်ချပေး သည်။ ထို့နောက် တောစောင့်နတ်များကိုဆုတောင်း၍ အင်္ကျီများချွတ်ကာ အိပ်လေတော့သည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ၂ ယောက်သား အတွေးပေါက်နေကြသည်။

'ညလုံးပေါက်ပင် တို့ ၂ ယောက် မောင်နှမအရင်းကဲ့သို့ ပါတကား။'

ရောစနာ ထလာသောအခါ ပုရတူတက သူ့ကိုသူ မချုပ်တည်းနိုင်တော့ဘဲ ပြောမိလေသည်။

''ငါ့စိတ်က နင့်မျက်နှာကို နမ်းမလိုလုပ်မိတယ် နှမရောစနာ။''

''ငါ့စိတ်ကလည်း ဒီလိုပဲ ပုရ။ ဒီကမ္ဘာမှာ တို့ ၂ ယောက် မောင်နှမတော်ရပြီ။''

ပုရဟူတသည် သူမ၏ ပြန့်ကျဲနေသောဆံပင်များကို နောက်ဘက်သို့သိမ်း၍ ရောစနာ၏ ပါး ၂ ဖက်ကို နမ်းစုပ်လိုက်သည်။ ၂ ဦးစလုံး၏မျက်နှာမှာ ရွှင်လန်းဝမ်းမြောက်နေပုံ ရသည်။ သို့သော် မျက်ရည်ကလေးများ စွတ်စိုနေသည်။

မျက်နှာသစ်ပြီးနောက် သူတို့ ၂ ဦး ဆတ္တူးနှင့် အသားကို စား၍ သားကောင်များပေါ် ဝန်စည်တင်ကာ ထွက်ခွာကြလေသည်။ သူတို့ လမ်းခုလတ်တွင် ၂ နေရာ-၃ နေရာ ထိုင်ကြရသေးသည်။ သို့သော်လည်း စကားတပြောပြော အချိန်ကုန်မှန်းမသိ ကုန်သွားရာ၊ ဘယ်အခါ ဒဏ္ဍာသို့ရောက်၍ ဘယ်အခါ မဒ္ဒနေအားထဲသို့ ရောက်မှန်းကိုပင် မသိလိုက်ကြပေ။

ရောစနာက မိတ်ဆက်ပြီးနောက် အားေက ပုရတို့၏စွမ်းရည်သတ္တိကို ချီးကျူးကာ ပုရဟူတအား ဧည့်ခံလေသည်။

၂

ဒဏ္ဍာတွင် မဒ္ဒတို့၏ ရွာကလေးတစ်ခု ရှိသည်။ ၄င်းရွာရှိ အိမ်များအားလုံး တဲကလေး၊ သို့မဟုတ် သက်ကယ်မိုးအိမ်ပုတ်ကလေးများ ဖြစ်သည်။ ထိုနေရာတွင် အောက်ဘက်သို့နိမ့်ဆင်းသွားသော ဆင်ခြေလျှော၊ သို့မဟုတ် မတ်စောက်သောတောင်ကုန်းမြေပေါ်တွင် ထူထပ်သောထင်းရှူးပင်များ တောအတိလွှမ်းနေသည်။ ထိုမှ ဆက်လက်သည်ရှိသော် ဒဏ္ဍာအထက်ပိုင်းတွင် သစ်ပင်တစ်ပင်မျှ မတွေ့ရပေ။ မြေပြင်ကား ပို၍ ပြန့်လေသည်။ ထိုမြေပြင်တွင် စိမ်းစိုသော မြက်ရှည်အခင်းကြီးများ လွှမ်းအုပ်နေသည်။

ဤ စိမ်းစိုသောကွင်းပြင်၌ သိုးများ, နွားများနှင့် မြင်းများ ဟိုဟိုသည်သည် သွားလာနေကြသည်။ အလယ်ကောင်တွင်ကား နွားကလေးများ, မြင်းကလေးများ ခုန်ပေါက်ပြေးလွှား ကစားနေကြသည်။ ဤမြေပြင်ကို မြင်၍ မဒ္ဒနေအဘေးကြီးက ''လူဆိုတာ တစ်နေရာတည်းမှာ စုခဲနေဖို့ မွေးလာခဲ့တာ မဟုတ်ဘူး။'' ဟူသောစကားကို ပြောခဲ့ခြင်း ဖြစ်သည်။

မဒ္ဒအဘေးကြီး၏တဲသည် ယခုလ ဤနေရာတွင် ရှိသည်။ မြက်ပါးသွားသောအခါ တစ်နေရာသို့ ပြောင်းသွားပေလိမ့်ဦးမည်။ ဤနေရာတွင် နို့, ဒိန်, မကွန်း (ထောပတ်စိမ်း)နှင့် အသား ပေါသည်။ တဲအတွင်း၌ အဆိုပါပစ္စည်းများဖြင့်သာ ပြည့်ကျပ်နေတော့သည်။ ၁၅ ရက်-အရက်၂၀ တစ်ကြိမ်တစ်ကြိမ် ရွာနေလူများလာ၍ ထိုအရပ်မှ မကွန်းနှင့် အသားများကို ဆောင်ယူသွားကြသည်။

ဆောင်းရက်များတွင် ဒဏ္ဍာ၌ နှင်းခဲများပင် ကျလေသည်။ ထိုအချိန်မှာပင် အဘေးကြီးက သူနေမြဲ တိုင်းနေရာတွင် နေသည်။ သို့သော် သားကောင်များကား နှင်းခဲဒဏ်သင့်၍ မနေနိုင်ကြပေ။ ထို့ကြောင့် သားကောင်များသည် ကွေ့ကောက်ရှပ်ထွေးသောလမ်းအတိုင်း အတန်ငယ်အနိမ့်ပိုင်းကျသော တောများ ရှိရာအရပ်သို့ ထွက်ခွာသွား ကြလေသည်။ ကျန်သော တိရစ္ဆာန်များအားလုံးကား ရွာရှိရာသို့ ဆင်းသွားကြ လေသည်။ အဘေးကား ရွာသို့သွားရန် အကြံပေးရုံနှင့်ပင်၊ သူ့ကို သတ်တော့မည်လောက် အထင်ရောက် လေသည်။

ခရီးသည် ၂ဦး အဘေး၏တဲကလေးသို့ ရောက်ချိန်မှာ နေ့ခင်းပင် ရှိသေးသည်။ ထို့ကြောင့် ဝန်စည်များကို ချပြီးနောက်၊ အဘေးသည် ပြုံးရယ်လျက် မြင်းနို့အရက်ထည့်သော သစ်သားခွက်နှင့် အရက်သောက်ခွက်ကို ရှေ့တွင်လာ၍ တည်ထားလေသည်။ ၃-၄ ခွက် သောက်လိုက်လျှင်ပင် တစ်လမ်းလုံး မောလာခဲ့သမျှ ပြေသွားလေတော့သည်။

ညနေချမ်းအချိန် ရောက်သောအခါ နွားကလေးများ, မြင်းကလေးများနှင့်အတူ ရောစနှာ၏ မောင်များ, ညီမများအပြင်၊ ရွာရှိ အခြား လှလင်ပျိုသားကျောင်းသမားလည်း ရောက်လာကြသည်။ ဤအချိန်တွင် ရောစနှာက အဘေးအား 'ပုရပ္ဖာတ၏ ပလွေကောင်းလှကြောင်း' ဂုဏ်ဖော်နေလေသည်။ သို့ဖြစ်ရာ အဘေးကဲ့သို့ ပျော်ပျော်နေတတ်သော ပုဂ္ဂိုလ်တစ်ယောက်သည် ပုရပ္ဖာတကို အဘယ်မှာ လက်လွတ်ချင်ပါတော့အံ့နည်း။ အဘေးကြီးနှင့် နွားခြံသားလှလင်ပျိုအားလုံး ပလွေကို ကြိုက်ကြသည်။ ညဉ့်အချိန် ကပွဲကျင်းပသောအခါ ထိုနေရာတွင်လည်း ပုရပ္ဖာတက ပလွေစွမ်း ပြလိုက်ပြန်သည်။

နံနက်လင်းသောအခါ ပုရပ္ဖာတက 'သွားတော့မည်အကြောင်း' ပြောပြသည်။ သို့သော် အဘေးကြီးက ဤမျှမြန်မြန် သွားခွင့် ဘယ်မှာ ပေးပါအံ့နည်း။

မွန်းတည့်အချိန် အစာစားပြီးနောက် အဘေးက စကား စလေသည်။ ပလိုင်းအနီးတွင်ရှိသော ကြေးနီဒယ်အိုးကို ကြည့်၍ စကားစလေသည်။

''ဒီကြေးနီအိုးနှင့် လယ်တွေကို မြင်ရရင် ငါ့စိတ်ထဲမှာ မီးထတောက်သွားတာပဲ။ ဝက္ခမြစ်ရိုးမှာ ဒီပစ္စည်းတွေ ရောက်လာကတည်းက နေရာတိုင်း မကောင်းမှုအကုသိုလ်တရား, အဓမ္မတရားတွေ များလာတာပဲ။ နတ်တွေလည်း စိတ်ဆိုးကုန်ပြီ။ ရောဂါဆိုးတွေလည်း ကျရောက်ခဲ့တယ်။ အသတ်အဖြတ်တွေလည်း များလာတယ်။''

''ဒါဖြင့် ဒီပစ္စည်းတွေ ရှေးတုန်းက မရှိခဲ့ဘူးပေါ့အဘေး။''

ပုရပ္ဖာတက မေးသည်။

"ခုကာလ လုပ်နေကြပုံတွေက
စား‌ရင် ၂ လ၊ စီး‌ရင်
သက်တမ်းတစ်ဝက်လောက် စား‌ရ၊
စီး‌ရမယ့် မြင်းတစ်ကောင်နှင့်
ကြေး‌နီပုဆိန်တစ်လက်ကို ဝယ်ယူကြတယ်။
ပြီး‌တော့ တောတကာလည်ပြီး ခုတ်လို ခုတ်၊
ရွာတကာလည်ပြီး သတ်လိုသတ်။

"မရှိခဲ့ဘူး ကလေး။ ငါ ငယ်ငယ်တုန်းကမှ ဒီပစ္စည်းတွေ နည်းနည်း ရောက်လာတယ်။ ငါ့အဘိုး ဆိုရင် ဒီပစ္စည်းတွေရဲ့ နာမည်ကိုတောင် မကြားဖူးဘူး။ ဟိုတုန်းက ကျောက်, အရိုး, ဥးချို, သစ်သား နှံတွေကိုပဲ လက်နက်လုပ် သုံးကြတယ်။"

"ဒီလိုဆိုရင် သစ်သားကို ဘယ်လိုလုပ်ဖြတ်သလဲ အဘေး။"

"ကျောက်သားပုဆိန်နှင့်"

"သိပ်ကြာမှာပေါ့။ ပြီးတော့ ဒီလောက် သပ်သပ်ရပ်ရပ်လည်း ပြတ်မယ် မဟုတ်ပါဘူး။"

"အဲဒီလိုမြန်လို့ အားလုံးကိစ္စတွေ ကပြက်ကချော် ဖြစ်ကုန်တာပေါ့။"

"ခုကာလ လုပ်နေကြပုံတွေက စား‌ရင် ၂ လ၊ စီး‌ရင် သက်တမ်းတစ်ဝက်လောက် စား‌ရ၊ ဦး‌ရမယ့် မြင်းတစ်ကောင်နှင့် ကြေး‌နီပုဆိန်တစ်လက်ကို ဝယ်ယူကြတယ်။ ပြီး‌တော့ တောတကာလည်ပြီး ခုတ်လို ခုတ်၊ ရွာတကာလည်ပြီး သတ်လိုသတ်။ ဒါပေမယ့် ရွာတွေကျတော့ တောထဲကသစ်ပင်တွေလို လက်မဲ့ မဟုတ်ဘူး။ သူတို့ဆီမှာလည်း အလားတူ ထက်တဲ့ပုဆိန်တွေ ရှိတယ်။ ဒီကြေးနီပုဆိန်ကြောင့် ဒစ်တိုက်ရာမှာ ပိုပြီး ရက်စက်ကြမ်းကြုတ် လာတယ်။ ကြေးနီပုဆိန်ဒဏ်ရာက အဆိပ် ဖြစ်လာတယ်။ ခရူးတုန်းက မြားသွားတွေကို ကျောက်သားနှင့် လုပ်ကြတယ်။ အဲဒီမြားသွားတွေဟာ ဒီလောက် မထက်ဘူး။ အဟုတ်ဘဲ။ ဒါပေမယ့် နှိုင်နင်းတဲ့ လက်ထဲမှာဆိုရင် ပိုပြီး ခရီးရောက်တယ်။ ခုတော့ ဒီကြေးနီအသွားတွေ ဘပ်တပ် ပြီး နို့နံ့ မပျောက်သေးတဲ့ ကလေးတွေကတောင် ကျားလိုက်ချင်နေကြတယ်။ ခုနေအခါ ဘယ်သူ 'လေးသည် ကျော်' တစ်ယောက် ဖြစ်နိုင်ဦးမှာလဲ။"

"အဘေး။ 'လူဆိုတာ တစ်နေရာတည်းမှာ စုခဲနေဖို့ မွေးလာခဲ့တာ မဟုတ်ဘူး။' ဆိုတဲ့ အဘေးစကား ကို ငါ သဘောကျတယ်။"

"ဟုတ်တယ်ကလေး။ ပထမနေ့တစ်နေ့ ယိုထားတဲ့ချေးပေါ်မှာ နေ့တိုင်းနေ့တိုင်း ထပ်ထပ်ပြီး ချေးယိုချတာ ဘယ်လောက် ညစ်ပတ်စုတ်ပဲ့သလဲ။ ငါတို့တဲတွေဟာ ကနေ့ ဒီမှာ ရှိတယ်။ သားကောင်တွေ ဒီအရပ်က မြက်ကို စားကြလိမ့်မယ်။ အနီးအနားမှာ လူတွေ, သားကောင်တွေရဲ့ သေးတွေ, ချေးတွေကို မြင်နေရမယ်။ အဲဒီအခါ ငါတို့ ဒီအရပ်ကိုစွန့်ပြီး တခြားတစ်နေရာကို ပြောင်းသွားမှာပဲ။ အဲဒီအရပ်ကျ တော့ အသစ်ဖြစ်တဲ့ စိမ်းစိမ်းစိုစိုမြက်တွေ သိပ်ပေါနေမှာပေါ့။ မြေ, ရေ, လေတွေဟာလည်း ပိုပြီး သန့် ရှင်းမှာပေါ့။"

"ဟုတ်တယ် အဘေး။ ငါလည်း ဒီလို မြေမျိုးကိုပဲ သဘောကျတယ်။ အဲဒီလိုနေရာမျိုးမှာ ငါ့ပ ဿ ဘာ ပိုပြီး အသံသာသာယာယာ ထွက်တယ်။"

''အမှန်ပဲကလေး။ ရှေးတုန်းက ဒီတဲတွေ စုနေတာကိုပဲ 'ဂါမ(ရွာ)'လို့ ခေါ်တယ်။ အဲဒီ စုနေတဲ့ တဲတွေဟာ တစ်နေရာတည်းမှာ ၁ နှစ်မပြောနဲ့၊ ၃ လတောင် မနေဘူး။ ဒါပေမယ့် ခုကာလ ရွာတွေကျတော့ သားပြီးမြေးရောက် လူအဆက် ၁၀၀ လောက်ပေမယ့် မပြောင်းမရွေ့နေကြတာပဲ။ ကျောက်, သစ်သား, မြေသားတွေနဲ့ တံတိုင်းကြီးများတောင် ကာရံထားကြတယ်။ အဲဒီတံတိုင်းကြီးတွေ ရှိနေတော့ အထဲကိုလေ မဝင်နိုင်တော့ဘူး။ ကျောက်, သစ်သား, သက်ကယ်တွေနဲ့ မိုးထားကြတယ်။ အထဲကလေ အပြင်ဘယ်လိုလုပ် ထွက်မှာလဲ။ ကနေ့အခေါ်ကတော့ မီးကို 'နတ်', လေကို 'နတ်' ခေါ်ကြတယ်။ ဒါပေမယ့် ကနေ့ တို့တစ်တွေစိတ်ထဲမှာ အဲဒီ မီးအပေါ်, လေအပေါ်မှာ နတ်ကိုမြတ်နိုးတဲ့ မြတ်နိုးမှု မရှိ ကြတော့ဘူး။ ဒါကြောင့် ကနေ့ အသစ်အသစ်တိုးပြီး အမျိုးမျိုးရောဂါတွေ ကျရောက်နေရတယ်။ အိုး-မိတ္တ, အိုး-နာသစ္စ, အိုး-အင်္ဂ လူသားများအပေါ်တွင် သင်တို့ အမျက်ထွက်ကြသည်မှာ ထွက်ထိုက်၍ ထွက်ခြင်း မှန်ပါပေတကား။''

''ဒါပေမယ့် အဘေး။ ဒီကြေးနီပုဆိန်, ကြေးနီဓားလွယ်, ကြေးနီမြားတွေကို မသုံးရင် ငါတို့ ဘယ်လိုလုပ်ပြီး အသက်ရှင်နေနိုင်မှာလဲ။ အဲဒီလက်နက်တွေကို စွန့်ပစ်လိုက်ရင် ရန်သူတွေက ငါတို့ကို တစ်ရက်တည်း စားပစ်လိုက်မှာပေါ့။''

''ငါ သဘောကျပါတယ် ကလေး။ စားရင် ၂ လ, စီးရင်သက်တမ်း တစ်ဝက် စားရ, စီးရမယ့် မြင်းကို ကျေကျေနပ်နပ်ကြီးရောင်းပြီး လူတွေဟာ ကြေးနီဓားလွယ်ကိုကျတော့ မဝယ်ကြဘူး။ အောက်ပိုင်း မဒ္ဒသားတွေနဲ့ ပရသုတွေပေါ့။ ဝက္ခမြစ်ဟာ ဘယ်အထိ စီးသွားတယ်ဆိုတာကို ငါ မသိဘူး။ ဘယ်သူမှ လည်း မသိပါဘူး။ မဟုတ်မဟတ်ပြောတတ်တဲ့ အကောင်တွေကတော့ 'ကမ္ဘာ့အဆုံးက အပိုင်းအခြားမရှိ ရေပြင်ကြီးရှိတဲ့ဆီ စီးဆင်းသွားတယ်။'လို့ပဲ ပြောနေကြတယ်။ တို့ သိရတာကတော့ မဒ္ဒတွေနဲ့ ပရသုတွေ နေရာအလွန် ရောက်ရင်ပဲ ဝက္ခမြစ်ဟာ တောင်တွေကွေ့ပြီး မြေပြင်ကြီးကို ဖြတ်စီးသွားတယ်။ ရှေ့ဘက်ဆက်တော့ ဒေဝ (နတ်)ရန်သူ မဟုတ်မဟတ်ပြောတတ်တဲ့အကောင်တွေရဲ့ နေရာပဲ။ အဲဒီအရပ်မှာ 'ခြေထောက် ရှည်ရှည်ကြီးတွေနဲ့ တောင်ကုန်းအသေးစား၊ တချို့ အကြီးစားလောက်ရှိတဲ့ တိရစ္ဆာန်တွေ ရှိတယ်လို့ ပြောကြတယ်။ ဘာခေါ်တယ် ကလေး။ သတိများလည်း လစ်ပြုကုန်ပါပြီ။''

'' 'ကုလားအုတ်' ခေါ်တယ် အဘေး။ ဒါပေမယ့် 'တောင်ကုန်းလောက်' ဆိုတာတော့ မဟုတ်ပါဘူး။ တစ်နေ့တုန်းက အောက်ပိုင်းမဒ္ဒသားတစ်ယောက် ကုလားအုတ်ကလေးတစ်ကောင် ယူလာတယ်။ '၆ လသား ရှိသေးတယ်။'လို့ ပြောတယ်။ အဲဒါတောင်မှ တို့မြင်းတွေလောက်ကို ရှိတယ်။''

''ဟုတ်တယ်ကလေး။ တစ်ရပ်တစ်နယ် ထွက်ထွက်သွားတဲ့အကောင်တွေဟာ မဟုတ်မဟတ် အင်မတန် ပြောတတ်လာကြတယ်။ သူတို့အခေါ် ဘာတဲ့။''

''ကုလားအုတ်''

''အင်း-ဟုတ်ပြီ။ ကုလားအုတ်လည်ပင်းဟာ ဘယ်လောက်များ ရှည်သလဲဆိုရင် ဝက္ခမြစ် ဒီဘက်ကနေရပ်ပြီး ဘိုဘက်ကမ်းက မြင်းကိုတောင် စားနိုင်သတဲ့။ ဒါလည်း မဟုတ်မဟတ်ပဲ မဟုတ်လား ကလေး။''

'မဟုတ်မဟတ်ပေါ့ အဘေး။ ကုလားအုတ်ကလေးလည်ပင်းဟာ မြင်းလည်ပင်းထက် ရှည်တာ ဟုတ် မှန်ပါတယ်။ ဒါပေမယ့် မြက်စားတဲ့အကြောင်းတော့ လုံးဝ မဟုတ်မဟတ်ပါပဲ။''

''အဲဒီ မဟုတ်မဟတ်သမား မဒ္ဒနဲ့ ပရသုသားတွေပေါ့။ ကြေးနီပုဆိန်, ကြေးနီဓားလွယ်ရောဂါ ဆေး ကုးစက်အောင် လုပ်နေကြတာ။ ပရသုတွေဟာ တို့မြောက်ပိုင်းမဒ္ဒတွေကို အဲဒီလက်နက်တွေနဲ့

တိုက်ကြတယ်။ ဒါ တို့အဖလက်ထက်က အဖြစ်အပျက်။ တို့ဘက်ကလူတွေက အောက်ပိုင်းသား မဒ္ဒတွေ ဆီမှာ မြင်း ၂ ကောင်-၂ ကောင် ပေးပေးပြီး ကြေးနီပုဆိန် ၁ လက်-၁ လက် ဝယ်ဝယ်ယူကြတယ်။"

"ကြေးနီပုဆိန်နှင့်ယှဉ်လိုက်ရင် ကျောက်သားပုဆိန်ဟာ အလကားဖြစ်သွားရော မဟုတ်လား အဘေး။"

"ဟုတ်တယ်။ အလကား ဖြစ်သွားတာပေါ့ကလေး။ ဒါကြောင့် မကိုင်မဖြစ်လို့ ကြေးနီပုဆိန်ကို ကိုင်ရတာပဲ။ ပုရတွေကို အောက်ပိုင်းမဒ္ဒသားတွေက ကျူးကျော်ရန်စတုန်းက နှင်တို့ဘက်ကလူတွေ တို့ မဒ္ဒသားတွေဆီက ကြေးနီလက်နက်တွေ ဝယ်ကြတယ်။ မြောက်ပိုင်းမဒ္ဒနှင့် ပုရတို့တော့ တစ်ခါမှ ရန်ဖြစ်တယ် မကြားဖူးပါဘူးကလေး။ ပရသုနှင့် အောက်ပိုင်းမဒ္ဒသားတွေကတော့ အမြဲတမ်း စားပြအလုပ် လုပ်လာခဲ့ကြတယ်။ အမြဲတမ်း ရိုးရာဓလေ့ကို စွန့်စွန့်ပြီး အသစ်အသစ် ထွင်လာကြတယ်။ သူတို့ကြောင့် တို့လူတွေမှာလည်း အသက်အန္တရာယ်ကာကွယ်ဖို့ သူတို့လိုပဲ လိုက်လုပ်နေကြရတယ်။ ငါ့အထင် အောက်ပိုင်းသားမဒ္ဒတွေရော ပရသုတွေပါ ကြေးနီလက်နက်တွေကို လက်မလွတ်ကြသေးသမျှ၊ ငါတို့အထက်ပိုင်းသားတွေ ကြေးနီလက်နက် လက်လွတ်ကြမယ်ဆိုရင် ကိုယ့်ကိုယ်ကို သတ်တာပဲ။ ဒါပေမယ့် ကြေးနီဒီလောက်ထွန်းကားနေတာတော့ ဆိုးတာပဲ။ ဒါ ဘာမှ ယုံမှားနေစရာ မလိုဘူးကလေး။ ဒီမကောင်းမှုတွေ ဖြန့်ဖြူးနေတာဟာ အဲဒီအောက်ပိုင်း မဒ္ဒ, ပရသု-လူ ၂ မျိုးပဲ။ သူတို့ ဘယ်တော့မှ နတ်များရဲ့ ကောင်းချီးပေးခြင်း ခံရမှာ မဟုတ်တော့ဘူး။ ကြောက်စရာမှောင်ထုထဲက ငရဲပြည် သွားရမှာပဲ။ ကျိန်းသေသွားရမယ်။ သူတို့တစ်တွေကို မြင်နေလို့, သူတို့တွေကို ကြောက်လို့ မြေကြီး,ကျောက်သားနှင့် ရွာများ တည်ကြရတယ်။ ရှေးတုန်းကဆိုရင် 'ကနေ့ ဒီမှာ၊ မနက်ဖြန် ဟိုရောက်' အဲဒီလောက် တဲကလေးတွေနှင့်သာ ဝက္ကမြစ်ဝှမ်းမှာ ရွာတည်ခဲ့ကြတယ်။ ဒါပေမယ့် အဲဒီမဒ္ဒတွေ, အဲဒီပရသုတွေပဲ ဒီအစဉ်အလာကို ချိုးဖျက်ပစ်ကြတယ်။ ဒီကြေးနီလက်နက်တကိုင်ကိုင်နှင့် အကောင်တွေဟာ ဘယ်ဆီကများ 'ပထဝီမာတာ'ရဲ့ရင်ဘတ်ကို ခွဲဖြတ်ဖို့ တတ်လာကြတယ် မပြောတတ်တော့ပါဘူး။ ဒီလိုအကုသိုလ်မျိုး ဘယ်တုန်းကမှ လုပ်ခဲ့ဖူးတဲ့သူ မရှိပါဘူး။ မြေကြီးကို 'အမိ' ခေါ်တယ် မဟုတ်လားကလေး။"

"ဟုတ်တယ် အဘေး။ မြေကို 'အမေ' ခေါ်တယ်။ 'ဒေဝီ'လို့လည်း ခေါ်တယ်။ မြေကို ပူဇော်ကြတယ်။"

"ဒါနှင့်တောင် အဲဒီပထဝီမာတာရဲ့ရင်ဘတ်ကို လူယုတ်မာတွေက သူတို့လက်နက်နှင့် ခွဲဖောက်နေကြတယ်။ ပြီးတော့ သူတို့လုပ်တာ ဘာလဲ။ နာမည်တောင် မမှေးပါတယ်ကလေးရယ်။ သတိများသစ်လိုက်တာ"

"ထွန်ရက်ခြင်း၊ လယ်လုပ်ခြင်း။"

"အေး-ဟုတ်တယ်။ သူတို့ လယ်များ လုပ်ကြတယ်။ ဂျုံစပါးနှင့် မုယော (ဗာလီ)များ စိုက်ဘယ်လို့ ကနေ့အထိ ဘယ်တုန်းကမှ မကြားခဲ့ဖူးဘူး။ ငါတို့ရဲ့ ရှေးလူကြီးသူမတွေဟာ ဘယ်တုန်းကမှ ပထဝီမာတာရဲ့ရင်ဘတ်ကို မဖောက်ဖူးဘူး။ ဒေဝီကို မရိုမသေ မလုပ်ခဲ့ဖူးဘူး။ ပထဝီမာတာဟာ တို့သားကောင်တွေအတွက် မြက်ပေးတယ်။ သူတောတွေထဲမှာ ချိုတဲ့သစ်သီးတွေ အမျိုးမျိုး ရှိတယ်။ အဲဒီသစ်သီးတွေဟာ တို့စားပေမယ့်လည်း မကုန်နိုင်ဘူး။ ဒါပေမယ့် သင်းတို့မဒ္ဒတွေရဲ့ အကုသိုလ်၊ သူတို့နှင့် အပြိုင်အဆိုင် လုပ်ခဲ့ကြတဲ့ တို့အကုသိုလ်တွေကြောင့် လက်ခုပ်တစ်ဖောင်လောက်မြင့်တဲ့ မြက်တွေ ဘယ်မှာ ရှိတော့သလဲ။ မဒ္ဒလူစုတစ်ခုလုံး တစ်နေ့စာလုံလောက်တဲ့ နွားမဝကြီးတွေ ရှေးတုန်းကလို ခု ဘယ်မှာ ရှိတော့သလဲ။ အဲဒီ မျိုးစားနွားမတွေ, မြင်းတွေ, သိုးတွေ မရှိကြတော့ဘူး။ တောထဲကသမင်တွေ, ဝက်ဝံတွေတောင်

အခု အရင်လောက် မကြီးတော့ဘူး။ လူတွေလည်း အရင်လောက် အသက် မရှည်တော့ဘူး။ ဒါတွေ အား လုံး ပထဝီဒေဝီ အမျက်ထွက်လို့ပဲ လူကလေး။ တခြား ဘာမှမဟုတ်ဘူး။''

''အဘေး။ အဘေးဟာ ဆောင်းတွင်း ဘယ်လောက်များများ ကြဲဖူးသလဲ။''

''၁၀၀ ကျော်လောက် ကြဲဖူးတယ် လူကလေး။ ဟိုတုန်းက တို့ရွာမှာ တဲ ၁၀ တဲ ရှိခဲ့တယ်။ အခုတော့ မြေညက်နံ့ရဲ့, ကျောက်နံ့ရဲတွေနဲ့ အိမ် ၁၀၀ ရှိနေပြီ။ လယ်မလုပ်ခင်တုန်းက တို့အိမ်တွေအားလုံး ရွှေလိုက် ပြောင်းလိုက်ပဲ။ ရွာလည်း ရွှေပြောင်းနေတာပဲ။ လယ်လုပ်ကတည်းက သမင်မစားရအောင် ဂျုံ ကို စောင့်ရတယ်။ တခြားသားကောင်တွေ မစားအောင် စောင့်ရတယ်။ 'လယ်'ဆိုတာ လူတွေကို တုပ် နှောင်ထားဖို့ ငုတ်တွေပဲ ဖြစ်နေတယ်။ ဒါပေမယ့် လူကလေး-လူဆိုတာ တစ်နေရာတည်း တုပ်နှောင်ထား ဖို့မွေးလာတာ မဟုတ်ဘူး။ လူတွေအတွက် နတ်တွေမလုပ်တာကို သင်းတို့ မဒ္ဒနှင့် ပရသုတွေက လုပ် ပြနေကြတယ်။''

''ဒါပေမယ့် အဘေး- ယခု ငါတို့က လယ်အလုပ်ကို စွန့်ချင်လို့တောင် စွန့်နိုင်ပါ့မလား။ ကနေ့ ငါတို့ အစာတစ်ဝက်က စပါး ဖြစ်နေတယ်။''

''ဟုတ်ပါတယ်။ ဒါကို သဘောကျပါတယ် လူကလေး။ ဒါပေမယ့် စပါးကို တို့ရဲ့ ရှေးလူကြီး သူမတွေက မစားကြဘူး။ ဒီကနေ့ ကောသ ၂၅ (မိုင် ၅၀) အကွာမှာ ဂျုံတော ရှိတယ်။ အဲဒီဂျုံတောက ဂျုံဟာ သူ့အလိုလို ပေါက်တယ်။ သူ့အလိုလို မှည့်တယ်။ သူ့အလိုလို ကြွေကျတယ်။ အဲဒီဂျုံကို နွားမတွေ က စားတယ်။ နွားမတွေ နို့ပိုထွက်ကြတယ်။ မြင်းတွေ စားကြတယ်။ အားကြီးဝ ကြတယ်။ နှစ်စဉ်နှစ်တိုင်း တို့သားကောင်တွေ အဲဒီဂျုံတောကို သွားကြတယ်။ ပထဝီမာတာက စပါးတွေကို လူတွေအတွက် သီးပေး တာ မဟုတ်ဘူး။ စပါးစေ့ကလေးတွေဟာ ငါတို့ ယာတဲမှာရှိတဲ့ ဂျုံစေ့နှင့်စာရင် ငယ်ငယ်ကလေးတွေ ပဲ။ ပထဝီမာတာက စပါးတွေကို သားကောင်အတွက် လုပ်ပေးတာ။ တစ်နည်းနည်းနှင့်တော့ ဂျုံ(ဂျုံရိုင်း) တွေ ပျက်စီးပြုန်းတီးသွားမှာ ငါ စိုးရိမ်မိတယ် လူကလေး။

''ဒီနွားမတွေ, မြင်းတွေ, သိုးတွေ, ဆိတ်တွေဟာ ငါတို့ စားဖို့ပဲ။ တောထဲမှာ ဝက်ဝံ, သမင်, ဝက် အမျိုးမျိုးပါပဲ။ အမဲကောင်တွေ ရှိတယ်။ စပျစ်သီးနှင့် တခြားအသီးအမျိုးမျိုး ရှိတယ်။ အဲဒီအစာ တွေအားလုံး ပထဝီမာတာက ငါတို့ကို ဝမ်းမြောက်ဝမ်းသာ ပေးတယ်။ ဒါပေမယ့် အဆိုးနှင့်ကြဲတော့ ဒီမဒ္ဒတွေ, ပရသုတွေဟာ လမ်း(တံတား) ဟောင်းကို ချိုးဖျက်ပြီး လမ်းသစ် ဖောက်နေကြတယ်။ ဒါကြောင့် လူသားတွေအပေါ်မှာ နတ်များက အငြိုးထားကြတာ။ အခုလည်း လူကလေး၊ ဝက္ခမြစ်ရိုးကလူတွေ ကံကြမ္မာ ဘယ်လိုဖန်လာဦးမယ် မသိသေးဘူး။ ငါတော့ ၂၅ နှစ်လုံးလုံး ဒဏ္ဍာကိုစွန့်ပြီး ရွာကို မသွားတော့ဘူး။ ဆောင်းတွင်းမှာ နည်းနည်း အောက်ပိုင်းကျတဲ့နေရာက တဲကလေးကို သွားတယ်။

''ရှေးလူကြီးသူမတွေရဲ့ ဖောက်ပစ်ခဲ့တဲ့လမ်းဟောင်းကို ဖျက်ပြီး လွှင့်ပစ်ချင်နေတဲ့လူတွေ အားလုံး ကြားထဲကို ဘာလို့ သွားတော့မှာလဲ။ ငါတော့ လူကြီးသူမတွေပါးစပ်က ထွက်တဲ့စကားကိုလည်း ဒီလောက် ကာလတောင်တာကြာအောင် (နှလုံးသားမှာ) ထိန်းသိမ်းစောင့်ရှောက်ထားလျက်ပဲ။ အခုတောင် ဘယ်သူက သင်ချင်တယ်ဆိုဆို ငါ့ဆီကိုပဲ လာရတယ်။ ဒါပေမယ့် အဲဒီစကားကို မလိုလားတဲ့လူတွေ များများလာတယ်။ အခု ကြားနေရတယ်။ 'မဒ္ဒတွေ, ပရသုတွေဟာ လယ်လုပ်တာနှင့်တောင် ဗိုက်မပြည့် ဖြစ်နေကြတယ်။' တဲ့။ အခုလည်း အဲဒီအကောင်တွေဟာ ဝက္ခမြစ်ရိုးမှာနေတဲ့ လူတွေဆီက အစာတွေ, အဝတ်တွေကို ထမ်းထမ်းပြီး ဘယ်များသွားပေးဖို့ လာလာနေကြတာလဲ။ သူတို့ဆီမှာ ဘာများ ရစရာရှိလို့လဲ။ ကြည့်စမ်း။ ဒီမြင်းတစ်ကောင်ကို ပေးပြီးတော့ ကြေးနီဒယ်အိုးတစ်လုံး ဝယ်တယ်။ ငတ်တော့ ဒီဒယ်အိုး စားလို့ ဗိုက်ပြည့်မလား။ အခု ပုရတွေ ဗိုက်အတွက်အစား အစာ, ကျောအတွက် မပြည့်မစုံ မလုံမလဲဖြစ်နေတာကို

တွေ့ရလိမ့်မယ်။ သူတို့အိမ်တွေမှာ အစား၊အဝတ် ရှိရမယ့်အစား ဒယ်အိုးတွေပဲ ရှိနေတာကို တွေ့ရလိမ့်မယ်။''

-''ဒါထက် အဘေး။ နောက်ထပ်တစ်ခု ကြားသေးတယ်။ အောက်ပိုင်းမဒ္ဒဆဲက မိန်းမတွေ နားနှင့်လည်ပင်းမှာ အဝါ၊အဖြူတန်ဆာတွေကို ဝတ်ဆင်စ ပြုနေကြပြီဆိုပဲ။ နားတစ်ဖက်က တန်ဆာဟာ မြင်းတစ်ကောင် တန်သတဲ့ အဘေး။ အဲဒါကို 'ကြေးနီ' မခေါ်ဘူး။ 'ရွှေ' ခေါ်သတဲ့။ အဖြူကိုတော့ 'ငွေ' ခေါ်သတဲ့။''

''ဒီအစမ္မသမား တရားပျက်တဲ့ဟာတွေကို ဘယ်သူမှ ရိုက်နှက် မပေးတော့ဘူးနော်။ ဒီဟာတွေဟာ ဝက္ကမြစ်ကမ်းက လူတွေအားလုံးကို ဖျက်ဆီးပစ်ပြီးမှ သွားကြမှာပဲ။ သင်းတို့ဟာ တို့အဝတ်, အစားအတွက် ကျန်သမျှကလေးကိုတောင် ချန်တော့မှာ မဟုတ်တော့ဘူး။ တို့ဆီက မိန်းမတွေလည်း သူတို့နှင့်အပြိုင် အဆိုင် မြင်း ၂ ကောင်တန်ဖိုးရှိတဲ့ နားတောင်း ပန်ကြဦးမှာပဲ။ အို-ကရဏာတော်သခင် မီးနတ်ရှင်၊ ဒီလိုလူတွေကြားမှာ ရက်ကြာကြာ ထားတော်မမူပါနှင့်။ ငါ့အား အဖတို့စံရာ လောကသို့ ဆောင်ယူသွားပါလေ။''

''နောက်ထပ် ကြီးလေးတဲ့ အပြစ်တစ်ခု ရှိသေးတယ် အဘေး။ မဒ္ဒနှင့် ပရသုတွေဟာ တစ်နေရာက လူတွေကို ဖမ်းယူလာကြတယ်။ အဲဒီလူတွေကို ကြေးနီစားလွယ်, ကြေးနီပုဆိန်တွေ အလုပ်ခိုင်းကြတယ်။ သူတို့ဟာ အင်မတန်လက်မြောက်တဲ့ လက်မှုပညာသည်တွေပဲ အဘေး။ ဒါပေမယ့် အဲဒီပညာသည်တွေကို မဒ္ဒနှင့် ပရသုသားတွေက သားကောင်တွေလို ထားချင်တုန်းထားပြီး မထားချင်ရင် ရောင်းစားကြတယ်။ လယ်အလုပ်, ကမ္မလာရက်တဲ့အလုပ်နှင့် တခြားအလုပ်အမျိုးမျိုး သူတို့ဖမ်းထားတဲ့ လူတွေကို အလုပ်ခိုင်းကြတယ်။ အဲဒီအလုပ်သမားတွေကို 'ကျွန်' လို့ ခေါ်ကြတယ်။''

''လူကို ဝယ်တယ်, ရောင်းတယ်။ ငါတို့တော့ အစားအဝတ် ဝယ်တာ, ရောင်းတာတောင် 'ဆိုးဝါးယုတ်မာလှပြီ။' လို့ မှတ်နေတယ်။ ဒါပေမယ့် ငါတို့ ရှေးလူကြီးသူမတွေက 'မဒ္ဒလူညံ့တွေ ဒီလောက် မိုက်တွင်း နက်ကြလိမ့်မယ်။' လို့ မမျှော်လင့်ခဲ့ကြဘူး။ လက်တစ်ချောင်းပုပ်ရင် သူဆေးက လက်ကို ဖြတ်ပေးရမယ်။ မဖြတ်ရင် တစ်ကိုယ်လုံး ပုပ်သွားမှာပဲ။ ဒီမဒ္ဒသားတွေ, ပရသုသားတွေကို ဝက္ကမြစ်ကမ်းပေါ်မှာ နေခွင့်ပေးတာ အံ့စ်ကြီးတစ်ခုပဲ လူကလေး။ အခု ငါတော့ ရက်ကြာကြာ ကြည့်ပြီး မနေတော့ဘူး။''

မဒ္ဒအဘေး၏ရှေးစကားမှာ အတော် စိတ်ဝင်စားစရာကောင်းလှပေသည်။ သို့သော် ပုရပ္ဖူတကား 'ပေါ်လာသောလက်နက်ကို စွန့်၍ လူနှင့် သားကောင်ရန်သူများ အကြားဝယ် အသက်မရှင်နိုင်။' ဟူသော သဘောလောက်ကိုသာ ယုံကြည်တတ်လေသည်။

၃ ရက်မြောက်သောနေ့တွင် ပုရပ္ဖူတ ထွက်ခွာတော့မည် ပြုသောအခါ၊ အဘေးသည် ပုရပ္ဖူတဒနပူးနှင့် မျက်မှောင်များကို နမ်းစုပ်၍ ကောင်းချီးပေးလေသည်။

ရောစနာကား ပုရပ္ဖူတကို ဝေးကွာသောနေရာအထိ လိုက်ပို့လေသည်။ ခွဲခွာခါနီးတွင် ၂ ဦးသား တစ်ယောက်ပါးကို တစ်ယောက် မျက်ရည်ပေါက်များဖြင့် ဆေးကြောကြလေသည်။

၃

၂၅ နှစ် ကြာပြီးနောက်လည်း မဒ္ဒအဘေး ပြောသောစကားမှာ မှန်နေလေသည်။ အောက်ပိုင်းမဒ္ဒနှင့် ပရသုများသည် တစ်နေ့ထက်တစ်နေ့ အထက်ပိုင်းပုရပ္ဖူများနှင့် မဒ္ဒများကို နှိပ်စက်ညှဉ်းပန်းလာကြလေသည်။

အထက်ပိုင်းမဒ္ဒလူမျိုးများတွင် အဝတ်ကမ္မလာရက်လုပ်တတ်သော လွတ်လွတ်လပ်လပ်မိန်းမ, ယောကျ်ားများ ရှိသည်။ ၄င်းတို့၏ အဝတ်အစားများအတွက် အကုန်အကျများသည်။ သူတို့လက်လုပ် ပစ္စည်းများမှာ. ကောင်းမွန်သော်လည်း ဈေးကြီးလွန်းသည်။ အောက်ပိုင်းမဒ္ဒနှင့် ပရသုတို့တွင် ကျွန်များရှိ၍ ၄င်းတို့လုပ်ကိုင်သော ပစ္စည်းများမှာ အထက်ပိုင်းမဒ္ဒပစ္စည်းလောက် မကောင်းသော်လည်း ဈေးသက်သာသည်။

အောက်ပိုင်းမဒ္ဒနှင့် ပရသုအရပ်ရှိ ကုန်သည်များသည် အဆိုပါပစ္စည်းအားလုံးကို ပြင်ပအရပ်များသို့ ကုလားအုတ်နှင့် ဖြစ်စေ, မြင်းနှင့်ဖြစ်စေ တင်ဆောင်သွားကြသောအခါ အရောင်းရ သွက်လှပေသည်။ အထက်ပိုင်းသားများကလည်း ယခုအခါ ကြေးနီပစ္စည်းအမြောက်အမြား မသုံးမဖြစ် အလိုရှိနေကြသည်။ ကြေးနီပစ္စည်းများ ၁ နှစ်ထက် ၁ နှစ် ဈေးသက်သာလာသည်ကား အကြောင်းတစ်ခု။ တခြားအကြောင်းတစ်ခုသော်ကား မြေပစ္စည်း, သစ်သားပစ္စည်းများထက် ပိုမိုခိုင်ခံ့သည်။

လွန်ခဲ့သော ၂၅ နှစ်က ကြေးနီဒယ်အိုးကို အိမ်အနည်းငယ်မှာသာ တွေ့ရသည်။ ယနေ့သော်ကား ကြေးနီဒယ်အိုးနှင့်ကင်းသောအိမ် မရှိသလောက် ရှားလှပေသည်။ ရွှေ, ငွေ အသုံးအစွဲမှာလည်း တိုးတက်များပြားလာလေသည်။ ရွှေ, ငွေများနှင့် လဲလှယ်ရန်အတွက် အစားအစာ, ကမ္မလာ, သားရေ, မြင်းနှင့် နွားများကို သူတို့ ရောင်းချနေရသည်။ ဤသို့အားဖြင့် သူတို့အခြေအနေမှာ နိမ့်ဆင်းလျှောကျနေလေသည်။ အထက်ပိုင်းလူမျိုးများမှ အချို့သူများကလည်း တိုက်ရိုက်ဆက်သွယ်၍ ကူးသန်းလာကြလေသည်။ အကြောင်းသော်ကား 'အောက်ပိုင်းသားသူစိမ်းများက သူတို့အား လိမ်လည်လှည့်ပတ်နေကြသည်။' ဟု ယုံမှားသံသယရှိစ ပြုလာသည်။ သို့သော် ဝက္ခုမြစ်အောက်ပိုင်းသို့ သွားသောလမ်းမှာ အောက်ပိုင်းသား၏နယ်ကို ဖြတ်ကျော်သွားရမည် ဖြစ်လေသည်။ ထိုနယ်ကိုလည်း အောက်ပိုင်းမဒ္ဒသားများက ဖွင့်မပေးလိုကြပေ။ ၄င်းကို အကြောင်းပြု၍ အနည်းနှင့်အများ တိုက်ပွဲအကြိမ်ကြိမ် ဖြစ်ခဲ့ရလေသည်။ အကြိမ်များစွာ မြောက်ပိုင်းမဒ္ဒနှင့် ပုရုသားတို့က အပြင်အပဒေသများသို့သွားဖို့ အခြားတစ်လမ်းကိုရရန် ကြိုးစားကြ၏။ သို့သော်လည်း အကျိုးမထင် မအောင်မြင်နိုင်ဘဲ ရှိနေကြလေသည်။

အောက်ပိုင်းနှင့် အထက်ပိုင်း-လူမျိုး ၂မျိုးတိုက်ပွဲတွင် ထူးခြားသော အကြောင်းတစ်ခုကား အောက်ပိုင်းသားများအချင်းချင်း မညီညွတ်ကြခြင်းပင် ဖြစ်သည်။ အထက်ပိုင်းသားများ ညီညွတ်စုပေါင်း၍ ထိုးစစ်နှင့် တန်ပြန်ထိုးစစ်များကို ဆင်နွှဲနိုင်ကြသည်။

အဆိုပါစစ်ပွဲများတွင် ပုရုဟူတသည် သူ၏ စွမ်းရည်သတ္တိနှင့် ဉာဏ်ရည်ဉာဏ်သွားကြောင့် သူလူစု၏ အချစ်တော်တစ်ယောက် ဖြစ်သွားလေပြီ။ အသက် ၃၀အရွယ် ငယ်စဉ်ကပင် သူ့အား ပုရုလူစုက သူတို့၏ အဖကြီး(ခေါင်းဆောင်)အဖြစ် ရွေးချယ်လိုက်ကြသည်။ ပုရုဟူတ ရှင်းလင်းပြတ်သားစွာ မြင်နေရသော အချက်ကား 'မဒ္ဒတို့၏ အဆိုပါ ကုန်ကူးသန်းရောင်းဝယ်ရေးတွင် မတရားမှုများ ရှိနေသည်ကို တားဆီးမပေးနိုင်ပါက အထက်ပိုင်းသားများအတွက် တစ်စုံတစ်ရာ မျှော်လင့်ချက် မရှိနိုင်။' ဟူသောအချက်ပင် ဖြစ်လေသည်။

ကြေးနီအသုံးအစွဲမှာ 'လျော့ပါးသွားမည်' ဝေးစွ။ တစ်နေ့ထက်တစ်နေ့ တိုး၍တိုး၍ပင် လာလေသည်။ လက်နက်, အိုးခွက်နှင့် အဆင်တန်ဆာများအတွက်သာမကဘဲ၊ ယခုအခါ လူများသည် ရောင်းချရန်အတွက် ပိဿာပေါင်းများစွာ အသားများ၊ သို့မဟုတ် ကမ္မလာများကို ယူသွားမည့်အစား ကြေးနီဓားလွယ်များကို ဖြစ်စေ, ဓားမြှောင်များကိုဖြစ်စေ ယူဆောင်သွားရမှ ကျေနပ်ကြလေသည်။

ပုရုဟူတသည် သူလူစု၏အစည်းအဝေးတွင် 'သူတို့ဆင်းရဲရခြင်းမှာ အောက်ပိုင်းသားများ၏ ကူးသန်းရောင်းဝယ်ရေးတွင် မတရားမှုများ ပြုလုပ်နေသောကြောင့် ဖြစ်သည်။' ဟု ဖွင့်ဟ ပြောကြားလေသည်။

'သူတို့၏လမ်းတွင် ဝင်ရွှပ်နေသော ဆူးငြောင့်ခလုတ် မဒ္ဒလူမျိုးများကို မဖြုတ်မထွင် မသုတ်သင်ဘဲ ထားပါက သူတို့လူမျိုးတစ်မျိုးလုံး မဒ္ဒတို့လက်ထဲတွင် သစ်သားရုပ်မျှ ဖြစ်နေတော့မည်။'ဟု အားလုံး သဘောပေါက်ကြလေသည်။ တစ်နေ့နေ့တွင် သူတို့၏ 'ကျွန်' ဘဝသို့ပင် ဆိုက်ရောက်ကောင်း ဆိုက်ရောက်သွားပေလိမ့်မည်။

ပုရုန့် မြောက်ပိုင်းမဒ္ဒတို့၏ အဖကြီးများစုပေါင်း၍ စည်းဝေးရာတွင်လည်း လူအများက ယခင်အတိုင်းပင် ဆုံးဖြတ်ချက် ချလိုက်ကြလေသည်။ လူစု ၂ ခုပေါင်း၍ စစ်ဆင်ရန် ပုရုဟူတအား သူတို့၏ တပ်ပေါင်းစုသေနာပတိအဖြစ် ရွေးချယ်ကြလေသည်။ ထို့နောက် ပုရုဟူတအား 'ဣန္ဒ' ဟူသောဘွဲ့ထူးကို ပေးအပ်ကြလေသည်။ ဤသို့အားဖြင့် ပုရုဟူတသည် ပထမဆုံး 'ဣန္ဒ' ဖြစ်ခဲ့လေသည်။

ပုရုဟူတသည် စစ်တပ်များကို အပြင်းအထန် စတင်ပြင်ဆင်လေသည်။ 'ဣန္ဒ' ဖြစ်လျှင်ဖြစ်ချင်း ပုရုဟူတသည် လက်နက်လုပ်ကိုင်ရာတွင် စီမံခန့်ခွဲရန်အတွက် ပန်းပဲသမား ကျွန် ၂ ဦးကို သူ့ထံတွင် ခစားခွင့် ပေးလေသည်။ အထက်ပိုင်းသားများသည် အဆိုပါပန်းပဲသမားကျွန် ၂ ဦးကို ကောင်းမွန်စွာ ဆက်ဆံကြလေသည်။ ပန်းပဲသမားများ၏အကူအညီဖြင့် အထက်ပိုင်းသားများ 'လောဟ (နီသောဓာတ်ကြေးနီ) သိပ္ပ' အရာတွင် ကျွမ်းကျင်အောင်မြင်ကြလေသည်။ ဤသို့အားဖြင့် မဒ္ဒနှင့်ပုရုများတွင် လောဟသိပ္ပသမားအမြောက်အမြား အဆင်သင့်ဖြစ်လာလေသည်။

အိမ်နီးနားချင်းလူမျိုးများသည် 'သူတို့၏ ပန်းပဲသမားကျွန် ၂ ဦးကို ပြန်ပို့ပေးရန်' စကားသာမက လက်နက်ကိုပါ သုံးရန် ပြင်ဆင်လာကြလေသည်။ သို့သော်လည်း အောက်ပိုင်းလူမျိုးများတွင် အရောင်းအဝယ် တစ်ဖက်တစ်လမ်းနှင့်ဖြစ်၍ စစ်သားတို့၏ စွမ်းပကားများ ယုတ်လျော့ကျဆင်းခဲ့လေသည်။ တိုက်ပွဲများတွင် ရှုံးနိမ့်ခဲ့ရသောကြောင့် အောက်ပိုင်းမဒ္ဒသားများက (သူတို့ရန်သူများအား နောက်ထပ်) 'ကြေးနီမရောင်းရန်' ဝိတ်လိုက်လေသည်။ သို့သော်လည်း ဤကဲ့သို့ ကြေးနီအရောင်း ဝိတ်လိုက်သဖြင့် သူတို့၏ကုန်ရောင်းကုန်ဝယ်လုပ်ငန်းသာ ထိခိုက်သွားလေတော့မည်။-ဟု အောက်ပိုင်းသားမဒ္ဒများ ချက်ချင်း သဘောပေါက်လာကြသည်။ အထက်ပိုင်းမဒ္ဒနှင့် ပုရုတို့ကား စောစောကဝယ်ယူထားသော ကြေးနီဒယ်အိုးများနှင့် အခြားအိုးခွက်များကို လက်နက်အဖြစ် ပြန်လည်သုံးစွဲခြင်းဖြင့် သူတို့၏လူတစ်ဆက်တွင် ပြည့်ဝလုံလောက်နိုင်သည်။

နောက်ဆုံး၌ ဣန္ဒနှင့် သူ၏လူမျိုးက မဒ္ဒ(အောက်ပိုင်း)နှင့် ပရသုများကို ချေမှုန်းသုတ်သင်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

ပုရုဟူတသည် ကိုယ်တိုင်လည်း ပန်းပဲအတတ်ကို သင်ယူသည်။ သူ့အကြံပေးချက်အရ ဓားလွယ်, လှံနှင့် မြားသွားများကို အမျိုးမျိုး တိုးတက်ပြုပြင်လေသည်။ ပုရုဟူတသည် ကျွမ်းကျင်လိမ္မာ၍ ရဲစွမ်းသတ္တိအရှိဆုံး စစ်သားများ၏ရင်ဘတ်ကို မြားမထိစေရန် 'ကြေးနီကာ' (ရင်ဘတ်ကာ) အမြောက်အမြား ဖြူလုပ်သည်။

ဣန္ဒသည် ပထမ ရန်သူတစ်ဦးတည်းကိုသာ နိုင်နိုင်နင်းနင်း 'ကိုင်'ရန် ဆုံးဖြတ်လေသည်။ သူသည် ပရသုတို့ကို တိုက်ရန် ရွေးချယ်လိုက်သည်။ ဆောင်းရာသီရက်များတွင် ပရသုအများစုက အရောင်းအဝယ်ကိစ္စနှင့် အပြင်အပဒေသများသို့ ထွက်သွားနေကြသည်။ ဣန္ဒသည် ဤအခွင့်မျိုးကို 'အကောင်းဆုံးအခွင့်အရေး'ဟု နားလည်သည်။ မြောက်ပိုင်းမဒ္ဒနှင့် ပုရုနယ်သားများကို ဣန္ဒက စစ်အတတ် သင်ပေးသည်။

ပရသုနှင့် မဒ္ဒတို့ ရန်မကင်းဖြစ်နေသည်မှာ ကြာပါပြီ။ သို့သော် ဤကဲ့သို့ ရုတ်တရက် သူတို့အပေါ် ရန်သူများ ဤမျှ အသေအကျေ လာရောက်တိုက်ခိုက်ကြလိမ့်မည်။ ထိုတိုက်ပွဲကြောင့် ဝက္ခမြစ်ဝှမ်းမှ သူတို့၏ အမည်ပါမကျန်အောင် ပျောက်ကွယ်သွားလိမ့်မည်။-ဟု ပရသုတို့က အာဃာတမှာ သိပါအံ့နည်း။

ဣန္ဒစစ်တပ်သည် တစ်ရွာပြီးတစ်ရွာ ပရသုတို့ရွာများကို သိမ်းယူ၍ ထောင်ပေါင်းများစွာသော ပရသုတို့အား ချေမှုန်းသတ်ဖြတ်ပစ်လေသည်။ သုံ့ပန်းအဖြစ် မည်သူကိုမျှ ချန်မထား။

တစ်ဖက်ကမ်းတွင်ရှိသော အောက်ပိုင်းမဒ္ဒတို့လည်း 'ဘေးဆိုက်လာကြောင်း' သိရသောအခါ အချိန်နှောင်းခဲ့လေပြီ။ အစွန်အဖျားရွာအနည်းငယ်သာ ကျန်လေတော့သည်။ ထိုနေရာများအတွက် စစ်သားအလုံအလောက်ထားခဲ့၍ ပုရုဟူတသည် ကုရုနယ်ဘက်သို့ ဆက်လက်ချီတက်လေသည်။ အောက်ပိုင်းမဒ္ဒသားတို့က တိုက်ခိုက်ပါသော်လည်း ပရသုတို့ဖြစ်နည်းမျိုးပင် ဖြစ်ရလေတော့သည်။ အောက်ပိုင်းမဒ္ဒနှင့် ပရသုလူမျိုးများမှ ကလေး၊ လူရွယ်၊ လူအို ယောကျ်ားမှန်လျှင် ဖမ်းဆီးရမိသမျှ ဣန္ဒစစ်တပ်များက အရှင်မထား အားလုံးသတ်၍၊ မိန်းမများကိုကား သူတို့မိန်းမများနှင့် စုပေါင်းထားလိုက်သည်။ ရမိသော ကျွန်များမှ ကိုယ့်ဒေသသို့ ပြန်လိုသောသူများအား ပြန်ခွင့်ပေးလေသည်။

အောက်ပိုင်းမဒ္ဒနှင့် ပရသု ယောကျ်ား၊ မိန်းမအချို့ အသက်မသေကျန်ရှိ၍ ဝက္ခမြစ်ဝှမ်းကိုစွန့်ကာ အနောက်ဘက်သို့ ရွှေ့ပြောင်းသွားကြလေသည်။ ၄င်းတို့အခေါက်အနွယ်များပင် နောင်သောအခါ ဤရာန်ပြည်ရှိ ပရသု (ပါရ္ဂင်း)နှင့် မဒ္ဒ (မိဒိယန်) ဟူသောအမည်ဖြင့် ထင်ရှားခဲ့လေသည်။ ၄င်းတို့၏ အစဉ်အဆက် လူကြီးသူမများအပေါ်တွင် ဣန္ဒခေါင်းဆောင်၍ ကျူးကျော်တိုက်ခိုက်ခဲ့ခြင်းကို အဆက်အနွယ်များက မမေ့နိုင်ကြပေ။ ထို့ကြောင့် ဤရာန်လူမျိုးများက ဣန္ဒကို 'သူတို့၏ အကြီးဆုံးရန်သူ'ဟု အသိအမှတ်ပြုလေသည်။ ဝက္ခမြစ်ဝှမ်းတစ်ခုလုံး မဒ္ဒနှင့် ပုရုတို့ဘက်သို့ ရောက်လေသည်။ သူတို့ ၂ ဦး အချင်းချင်း လက်ယာဖက်ကမ်း၊ လက်ဝဲဘက်ကမ်း-၂ ဘက် ဝေခြမ်းယူလိုက်ကြလေသည်။

ဝက္ခမြစ်ဝှမ်းနေ လူမျိုးများသည် အသစ်ကိုဖျောက်၍ အဟောင်းပြန်ရောက်ရန် အစွမ်းရှိသမျှ ကြိုးစားအားထုတ်ကြလေသည်။ သို့သော်လည်း သူတို့သည် ကြေးနီကိုစွန့်၍ ကျောက်သားလက်နက်ဆီသို့ ပြန်မတုံ့နိုင်တော့ပေ။ ကြေးနီအတွက် ဝက္ခဒေသတောင်ကုန်း၊တောင်ဝှမ်းမှ အပြင်အပဖြစ်သော အရပ်များနှင့် အရောင်းအဝယ်အဆက်အသွယ်မှာ မလုပ် မဖြစ်တော့ပေ။

တစ်ခုတော့ ရှိသည်။ ကျွန်စနစ်ကိုကား သူတို့ ဘယ်အခါမှ ခွင့်မပြုခဲ့။ အပြင်အပမှလာကြသော သူများကိုလည်း ဝက္ခမြစ်ဝှမ်းတွင် အစဉ်ထာဝရနေထိုင်ခွင့် မပေး။

ရာစုနှစ်ပေါင်းများစွာ ကြာပြီးနောက် လူများသည် 'ပုရုဟူတ-ဣန္ဒ'ကို မေ့လျော့ခဲ့ပြီဖြစ်၍၊ ၄င်းကို 'နတ်' အဖြစ် အသိအမှတ် ပြုလိုက်ကြလေသည်။ ထိုအခါ အမျိုးအနွယ်မှာ ဝက္ခမြစ်ဝှမ်းက မကျွေးမမွေးနိုင်လောက်အောင် တိုးတက်ပွားများလာခဲ့လေသည်။ ထို့ကြောင့် ၄င်းတို့၏ သားစဉ်မြေးဆက်များစွာမှ တောင်ပိုင်းဘက်သို့ မလွဲမရှောင်သာ ပြောင်းရွှေ့လာခဲ့ကြလေသည်။

ဣန္ဒခေတ်မတိုင်မီက လူတစ်စုသည် တခြားလူတစ်စုနှင့် ကင်းလွတ်စွာနေခဲ့၏။ အဖကြီးရှိသော်လည်း ကိစ္စရေးရာအားလုံး 'လူစု' အပေါ်တွင် တည်ရှိလေသည်။ သို့သော် ဝက္ခမြစ်ဝှမ်း၏ နောက်ဆုံးတိုက်ပွဲက· လူစုပေါင်းများ၏ တစ်ဦးတည်းသေနာပတိ ဣန္ဒကို မွေးဖွားပေးလိုက်လေသတည်း။ ။

ပုဂံခေတ်

၅

ပုရုဓာန်[၁]

အရပ်- ဆွာတ်မြစ် အထက်ဝိုင်း။
လူမျိုး- အင်ဒို-အရိယန်း။
အချိန်- ခရစ်မပေါ်မီ နှစ်ပေါင်း ၂၀၀၀။

ဤပုံဝတ္ထုသည် ယနေ့မှအထက် လူအသက် ၁၆၀ မြောက်သောအချိန်၌ အရိယ (ဒေဝ)နှင့် အသုရလူမျိုးတို့ တိုက်ပွဲဖြစ်ပွားခဲ့သော အကြောင်းအရာ ဖြစ်သည်။

အရိယလူမျိုးတို့ တောင်များပေါ်တွင်နေစဉ်က ကျွန်စနစ်ကို လက်မခံကြသေးပေ။ ထိုအချိန်တွင် ကြေးနီ, ကြေးဝါလက်နက်များကို သုံးစွဲ၍ အရောင်းအဝယ် အပြင်းအထန် တိုးတက်ခဲ့လေသည်။

၁

သုဝတ္ထုမြစ်၏ လက်ဝဲဘက်ကမ်းသည် စိမ်းရောင်ဖုံးသော တောင်ကုန်းများ၊ စီးသွန်နေသော ရေတံခွန်များ၊ တမျှော်တခေါ်ကျယ်ပြန့်သော ယာခင်းများတွင် လှိုင်းထနေသော ဂျုံပင်ပေါက်ကလေးများကြောင့် လှမဆုံးအောင် ဖြစ်နေသည်။ သို့သော် အားလုံးသောဝတ္ထုများထက် ပို၍ စိတ်ကြီးဝင်စရာ အရာဝတ္ထုကား သူတို့၏ ကျောက်သားနံရံများနှင့် ထင်းရှူးခက်များဖြင့် မိုးထားသောအိမ်များ ဖြစ်လေသည်။ လှပသော အိမ်များကို အကြောင်းပြု၍ သူတို့နေသောအရပ်ကို 'သုဝတ္ထု'[၁] (သု-ကောင်းသော၊ ဝတ္ထု-အိမ်၊ သုဝတ္ထု-ဆွာတ်) ဟု မှည့်ခေါ်ကြသည်။ ဝက္ခမြစ်ကို စွန့်ခွာလာကြသော အရိယလူမျိုးတို့ သည် ပါမိရိကုန်းပြင်နှင့် ဟိန္ဒူကုသ္ဌတောင်တန်းမှ ခဲခဲယဉ်းယဉ်း လမ်းကျဉ်းလမ်းကျပ်ကလေးများနှင့် ကုန်ခရီး, ပန်း(ဂျ)ကိုရာ မြစ်ကဲ့သို့သော မြစ်များကို ပင်ပန်းကြီးစွာ ခက်ခက်ခဲခဲ ဖြတ်ကျော်ကူးမြောက်လာခဲ့ရလေသည်။

ဤအကြောင်းများကို သူတို့ ကြာရှည်လေးမြင့် အမှတ်ရကောင်း ရနေပေလိမ့်မည်။ ယနေ့ မင်္ဂလာပုရ် (မရ်လိုရ်) နယ်တွင် ကုန္ဒပူဇော်ပွဲကြီးကို အကြီးအကျယ်ဆင်နွှဲနေကြခြင်းမှာ အဆိုပါခရီးမှ ဘေးမသီ ရန်မခ ထုတ်ဆောင်လာပေသော သူတို့၏ကုန္ဒအပေါ်တွင် ကျေးဇူးတင်ကြောင်း ဖော်ပြရန်အတွက် အထိမ်းအမှတ်ပြုခြင်း ဖြစ်ပေလိမ့်မည်။ ယနေ့ မင်္ဂလာပုရ်နယ်ရှိပုရုတို့သည် သူတို့၏ လှပသောအိမ်များကို စိမ်းစိုသောထင်းရှူးခက်များ, ရောင်မျိုးစုံအလံကလေးများနှင့် အိမ်တိုင်းစေ့ ခြယ်လှယ်ထားကြသည်။

ပုရုဓာနကို ထူးထူးခြားခြား အနီရောင်အလံများ ကိုင်ထားသည်ကို တွေ့ရ၍၊ အလံတစ်ခုကို လက်တွင် ကိုင်ထားသော သူ၏ အရပ်နီချင်းသားဖြစ်သူ သုမေဓာက ပြောလေသည်။

၁။ ပုရုဓာန-ပုရုလူမျိုးတို့၏ အညွှန့်အညောက်ဖြစ်သောကြောင်း 'ပုရုဓာန'ခေါ်သည်။ 'ဓာန'သဒ္ဒါ 'အညွှန့်အဖူး၊ အညွှန့်အညောက်' ဟောသည်။ 'ပုရုမျိုးညွှန့်'ဟု ခေါ်နိုင်သည်။ - မြန်မာပြန်သူ၏မှတ်ချက်

အဲဒီအရောင်းအဝယ်ခံရတဲ့ လူတွေကို
'ကျွန်' လို့ ခေါ်တယ်။
ကျွန်နှင့် ကျွန်ပိုင်တဲ့လူတွေ
ပုံပန်းဟန်ပန် ထူးသေးသလား။
မထူးပါဘူး။ ကျွန်တွေက သိပ်ဆင်းရဲတာနှင့်
မလွတ်လပ်တာပဲ ထူးတယ်။
ကျွန်တွေရဲ့ ကိုယ်နှင့်အသက်ဟာ
ကျွန်ပိုင်တဲ့လူတွေရဲ့ လက်ထဲမှာ ရှိနေတယ်။
ဒီလိုလူမျိုးတွေ မျက်နှာမမြင်ရအောင်
ဣန္ဒ (သိကြား) ကယ်ပါ။

''အဆွေပုရ- နင်တို့အလံတွေက သိပ် ပါးသိပ်ပျော့တာပဲ။ တို့ဆီမှာတော့ ဒီလိုအဝတ်တွေ မရှိဘူး။ ဒီအလံတွေဟာ သိုးတစ်မျိုးရဲ့အမွေးနှင့် လုပ်ထားတာ ဖြစ်မှာပဲ။''

''ဒါ သိုးမွေးမဟုတ်ဘူး သုမေဓာ။''

''ဒါဖြင့် ဘာလဲ။''

''သစ်ပင်ကထွက်တဲ့ အမွေးတစ်မျိုးပဲ။ ဒီလို ကြားရတာပဲ အဆွေ။ ငါကိုယ်တိုင်တော့ ဒီသစ်ပင်မျိုးကို မမြင်ရဖူးသေးဘူး''

သုမေဓာသည် ရက်ဖောက်ကို ပေါင်ဖြင့်ပွတ်တိုက်၍ ချည်ရစ်ရန် ချည်ခင်အသစ်များကို ကိုင်ကာကိုင်ကာ ပြောလေသည်။

''တောသစ်ပင်တွေက အမွေးပေါက်ပေးရတဲ့ လူတွေဟာ သိပ်ကံကောင်းတာပဲ။ တို့ဆီမှာ ဒီသစ်ပင်မျိုး စိုက်လို့ မဖြစ်နိုင်ဘူးလား။''

''မပြောတတ်ဘူး။ 'ဘယ်လောက်အပူ,အအေးရှိမှ ပေါက်တယ်။'ဆိုတာ ငါမသိဘူး။''

''ဒါထက် သုမေဓာအသားတော့ သစ်ပင်က ထွက်မပေးဘူးလား။''

''ဘယ်အရပ်မဆို သစ်ပင်က အမွေးပေါက်ပေးရင် အသားလည်း ရနိုင်မှာပေါ့။''

''ဒါထက် တန်ဖိုးကကော။''

''သားမွေးအဝတ်အောက် တန်ဖိုး အများကြီးလျော့ပါတယ်။ ဒါပေမယ့် သားမွေးနှင့် တန်းတူတော့ မခိုင်ဘူး။''

''ဘယ်က ဝယ်တာလဲ။''

''အသုရလူမျိုးများဆီက။ ဒီကနေ ကောသ ၅၀ (မိုင် ၁၀၀) အကွာမှာ သူတို့အရပ် ရှိတယ်။ အသုရလူမျိုးတွေဟာ ဒီအဝတ်မျိုးကိုပဲ ဝတ်ကြတယ်။''

''ဒီလောက် ဈေးသက်သာရင် ဒီအဝတ်မျိုးတို့ကော ဘာလို့ မဝတ်ရမှာလဲ။''

''ဒါပေမယ့် ဆောင်းရာသီနှင့် မကိုက်ဘူး။''

''ဒါဖြင့် အသုရတွေတော့ ဘယ်လိုလုပ် ဝတ်သလဲ။''

''သူတို့ဆီမှာ အအေးသက်သာတယ်။ 'နှင်းခဲ'ဆိုလို့ မြင်ကို မြင်ရဘူး။''

"နင်တို့ ကုန်ကူးရအောင် အရှေ့ဘက်, မြောက်ဘက်, အနောက်ဘက်ကိုမသွားဘဲ တောင်ဘက်ကိုသာ ဘာလို့ သွားကြသလဲ။"

"အနောက်ဘက်မှာ အမြတ် များများရတယ်။ ပြီးတော့ ပစ္စည်းတွေလည်း အမျိုးမျိုးရတယ်။ ဒါပေမယ့် အကြီးအကျယ်ခက်နေတာ တစ်ခုကတော့ အသုရာတို့ဆီမှာ သိပ်ပူတာပဲ။ ချိုချိုအေးအေး ရေကလေးတစ်ကျိုက်အတွက် စိတ်စောနေရတယ်။"

"လူတွေ ဘယ်လိုလဲ ပုရစာန။"

"လူတွေက ပုပုချည်းပဲ။ အရောင်ကတော့ ကြေးနီရောင်။ သိပ်အရပ်ဆိုးတာပဲ။ 'နာခေါင်း' ဆိုတာကတော့ 'ရှိကို မရှိဘူး'လို့ ထင်ရတယ်။ ဝိပြားပြားနှင့် အကြည့်ရဆိုးပါတယ်။ ပြီးတော့ သူတို့ဆီမှာ ဆိုးတဲ့အလေ့အထတစ်ခုက လူကို အရောင်းအဝယ်လုပ်ကြတယ်။"

"အရောင်းအဝယ်"

"အဲဒီအရောင်းအဝယ်ခံရတဲ့ လူတွေကို 'ကျွန်'လို့ ခေါ်တယ်။"

"ကျွန်နှင့် ကျွန်ပိုင်တဲ့လူတွေ ပုံမန်းဟန်ယန် ထူးသေးသလား။"

"မထူးပါဘူး။ ကျွန်တွေက သိပ်ဆင်းရဲတာနှင့် မလွတ်လပ်တာပဲ ထူးတယ်။ ကျွန်တွေရဲ့ ကိုယ်နှင့်အသက်ဟာ ကျွန်ပိုင်တဲ့လူတွေရဲ့ လက်ထဲမှာ ရှိနေတယ်။"

"ဒီလိုလူမျိုးတွေ မျက်နှာမြင်ရအောင် ကျွန္ဒ (သိကြား) ကယ်ပါ။"

"ဒါထက် သုမေဓာ-နင့်ရက်ဖောက်က ခုထက်ထိ အလုပ်မရပ်သေးဘူး။ ယင်္ကာပူဇော်သွားဖို့ အချိန်ကျပြီ မဟုတ်လား။"

"ဘာလို့ မသွားရမှာလဲ။ သားကောင်ဝတွေနှင့် သောမအရက်ချိုချိုကို ကျွန္ဒ သနားတော်မူလို့ ရတာပဲ။ အဲဒီကျွန္ဒပူဇော်ပွဲမှာ မပါတဲ့လူက နည်းမှာပေါ့။"

"ဒါထက် နင့်အိမ်ရှင်မအခြေအနေက ဘယ်လိုလဲ။ ခုအတောအတွင်း လူစည်တဲ့နေရာတွေမှာ နင့်အိမ်ရှင်မတစ်ယောက် မမြင်ရပါလား- ဟေ။ သိပ် စိတ်ပျက်နေသလား ပုရစာန။"

"သိပ်စိတ်ပျက်သလား။- မေးနေဖို့ မလိုတော့ပါဘူး သုမေဓာ။ နင်ဟာ သိတတ်တဲ့လူအိုဘဝ ရောက်နေတာတောင် မိန်းမငယ်ငယ်ကလေးနှင့် ချစ်ရေးကြိုက်ရေး လိုက်ချင်နေသေးတယ်။"

"အသက် ၅၀ ရှိသေးတာ။ မအိုသေးပါဘူး။"

"ဒါပေမယ့် အသက် ၅၀ နှင့် အသက် ၂၀။ အရွယ်ချင်း ဘယ်လောက်ကွာသလဲ။"

"ကောင်မလေးဟာ သူ 'မလိုချင်ဘူး'ဆိုတဲ့အချိန်မှာ 'မလိုချင်ဘူး'လို့ ငြင်းနိုင်တာပဲ။"

"ဟိုတုန်းက နင့်နှုတ်ခမ်းမွေး, မုတ်ဆိတ်မွေးတွေ ကော့ပြီး ၁၈ နှစ်သားလောက် ထင်ရတယ်။ ပြီးတော့ ဥသျှာရဲ့အမိအဖများက နင့်သားကောင်တွေကို မျက်စိကျတာ။ အသက် ၅၀အရွယ်ပေါ်မှာ မျက်စိကျတာ မဟုတ်ဘူး။"

"တော်တော့ ပုရ။ နင်တို့လူငယ်တွေ အမြဲတမ်း-"

"ကောင်းပါပြီ။ နောက်ထပ် မပြောတော့ပါဘူးသုမေဓာ။ နားထောင်စမ်း။ တီးသံ,မှုတ်သံ ကြားရတယ်။ ယဖ်ပွဲ စရော့မယ်။"

"နင်ပဲ နောက်ကျအောင် လုပ်နေတာ။ ငါ့တော့ အဆဲခံရတော့မှာပဲ။"

"ကဲ- သွားကြစို့။ ဥသျှာလည်း ခေါ်သွားကြရအောင်။"

"သူ ခုချိန်အထိ အိမ်မှာ ထိုင်နေပါ့မလား။"

"လာ-ဒီချည်နှင့် ရက်ဖောက်ကို ချထားလိုက်တော့။ သွားကြစို့။"

''ဒီချည်နှင့် ရက်ဖောက်ကြောင့် ယဖ်ပွဲမှာ အနောင့်အယှက်မရှိပါဘူး။''

''ဒါကြောင့် ဥသျှာက နင့်ကို သဘောမကျတာ။''

''ကျပါတယ်။ ဒါပေမယ့် နင်တို့ မင်္ဂလာပုရိကလူငယ်တွေ ခွင့်ပြုမှု သဘောကျမှာ။''

စကားတပြောပြောနှင့် မိတ်ဆွေ ၂ ဦး မြို့ပြင်ဘက် ယဖ်ခုံရှိရာသို့ ထွက်လာခဲ့ကြလေသည်။ ယောကျ်ားပျိုကလေးဖြစ်စေ, မိန်းမပျိုကလေးဖြစ်စေ ပုရွက်နှင့် မျက်စိချင်းဆုံမိကြသောအခါ ပြုံးပြုံးသွားကြသည်။ ပုရွက်သည် သူတို့ဘက်သို့ မျက်နှာလှည့်လှည့်ပေးလေသည်။

တစ်ကြိမ်တွင် သုမေဓာ သည် ပြုံးနေသောလုလင်ပျိုတစ်ယောက်နှင့် မျက်စိချင်း ဆုံမိသွားသောအခါ စူးစူးဝါးဝါးအသံကြီးနှင့် ပြောလေသည်။

''ဒီကောင်လေးတွေဟာ မင်္ဂလာပုရိကို နာမည်ဖျက်တဲ့ ကောင်လေးတွေပဲ။''

''ဘာလဲ အဆွေ။''

''အလကားပါကွာ။ ငါ့ ကြည့်ကြည့်ပြီး ပြုံးနေကြတာ။''

''လူရွှင်တွေပဲ အဆွေ။ နင် သိပြီးသားပဲ။ ဘာလို့ သူတို့ကို ဂရုစိုက်နေရသလဲ။''

''မင်္ဂလာပုရိမှာ လူကောင်းတစ်ယောက်မှ ငါ မတွေ့ရဘူး။''

ယဖ်ခုံအနီးတွင် ကျယ်ပြန့်သောကွင်းကြီး ရှိ၏။ ထိုကွင်းကြီးထဲတွင် ဟိုမှာသည်မှာ ခုံများနှင့်, ထင်းရှူးရွက်များဖြင့် ဆင်ယင်ထားသောတိုင်များတွင် ပန်းကုံး, ပန်းဆိုင်းများ ဆွဲထားသည်။ ရွာသူရွာသား မိန်းမ, ယောကျ်ားအများပင် ယဖ်ခုံ၏ အနီးအပါးတွင် စုဝေးနေကြ၏။ သို့သော် တကယ့်တကယ် အကြီးအကျယ် လူစုလူဝေးကြီးကား ညနေချမ်းအခါမှ စ၍ ကျရောက်လာပေလိမ့်မည်။ ပုရွလူမျိုး မိန်းမ, ယောကျ်ားမှန်သမျှ မင်္ဂလာပုရိပွဲကြီးကို တက်ရောက်ဆင်နွှဲကြလိမ့်မည်။ 'ဆွာတ်' မြစ်တစ်ဖက်ကမ်းမှ မဒ္ဒလူမျိုးများလည်း ပါဝင်ကြပေလိမ့်မည်။

ဥသျှာသည် မိတ်ဆွေစုံတွဲ လာနေသည်ကို မြင်ရလေ၏။ ထိုအခါ သုမေဓာ၏အပါးသို့ ကပ်၍ သုမေဓာလက်ကိုဆွဲကာ သူ့လက်နှင့်တွဲလျက် လူပျို,အပျိုများကဲ့သို့ ချစ်မှုချစ်ဟန်နှင့် ပြောလေသည်။

''အချစ်သုမေဓာ။ မနက်ခင်းကတည်းက တရှာတည်းရှာနေရတာ။ အသက်ထွက်နေပြီ။ ဘယ်နေရာမှ ငါ နင့်ကို ရှာမတွေ့ဘူး။''

''ဘယ်နေရာများ ငါက သွားသေနေလို့လဲ။''

''သုမေဓာ-ဒီစကားမျိုး ပါးစပ်က မထွက်စမ်းပါနှင့်။ အရှင်လတ်လတ် ငါ့ကို မုဆိုးမဖြစ်အောင် မလုပ်ပါနှင့်။''

''မုဆိုးမတွေအတွက် ပုရွတွေထဲမှာ 'မတ်'တွေ ပေါပါတယ်။''

''လင်ရှိနေတဲ့ မိန်းမတွအတွက်တော့ မတ်က အဆိပ်သင့်တတ် (ခါး) သလား။''

ပုရွဓနက မေးလိုက်သည်။

''အေး-ဟုတ်တယ်။ ငါလည်း ဒါပဲ စိတ်ရောက်နေတာ။ မနက်ကတည်းက အိမ်က ထွက်သွားတယ်ကွ။ အိမ်ပေါင်းဘယ်လောက် ဝင်ထွက်နေမယ် မသိဘူး။ ညနေခင်းကျတော့ တစ်ယောက်ကလည်း ငါနှင့်တွဲကပါ။ နောက်တစ်ယောက်ကလည်း 'ငါနှင့်တွဲကပါ။' ဒီလိုနှင့် ရန်ပွား စကားများ သွေးထွက်သံယိုဖြစ်။ မိန်းမအတွက် နာမည်ပျက်စရာရှိတော့ သုမေဓာ။''

ဥသျှာသည် လက်ကိုဖြုတ်၍ မျက်လုံးနှင့် အသံအဓိပ္ပာယ်ကို တစ်မျိုးပြောင်းကာ ပြောလေသည်။

''ဒီလောက်တောင်ဖြစ်နေရင် ဥသျှာကို သေတ္တာထဲ ထည့်ပိတ်ထားချင်သလား။ ကဲ-နင် မီးဖိုကို သွားပေတော့။ ငါလည် ငါ့လမ်း ငါသွားမယ်။''

ဥသျှာသည် အလစ်တွင် ပုရွာနကိုကြည့်ပြီး ပြုံးပြလိုက်သည်။ ထို့နောက် ဥသျှာသည် ယဓံခုံတစ်ဝိုက်လူအုပ်ကြီးထဲတွင် ပျောက်သွားလေသည်။

၁ နှစ်လုံးတွင် ယနေ့တစ်နေ့သာ ကြုံသည်။ ထိုတစ်နေ့တွင် ဆွာတ်မြစ်ဝှမ်း၌ ရှေးသရောအခါ ဝက္ခမြစ်ဝှမ်းတွင် နေစဉ်သကဲ့သို့ အဝဆုံးမြင်းဖြင့် ဣန္ဒကို ပူဇော်ကြလေသည်။ ပူဇော်ဖို့ရန်မြင်းကို လူစုတစ်စုလုံးအတွင်းမှ ရွေးကောက်သည်။ ဆွာတ်မြစ်ဝှမ်း၌ မြင်းသားကို စားလေ့စားထ မရှိကြ။ သို့သော်လည်း ဤနှစ်ပတ်လည် ဣန္ဒပူဇော်ပွဲမှ ယဓံကြွင်းယဓံကျန်ကို အလေးအမြတ်ပြုသောသဘောဖြင့် အားလုံးပင် ခံယူကြလေသည်။

ဤအရပ်တွင် 'လူစုအရှင်' ဟု ခေါ်နေကြပြီဖြစ်သော လူစုအဖေကြီးသည် ယနေ့ သူ၏လူစုပရိသတ်နှင့်တကွ အဆိုပါရွေးကောက်ထားသော 'ဗလီ' ကို 'ဣန္ဒ'အား ပေးရန်အတွက် ရောက်ရှိနေသည်။ လူစုအရှင်သည် ဗလီပေးခြင်းနှင့် ဆိုင်ရာအစီအစဉ်များကို အလွတ်မှတ်မိ၏။ ဝက္ခမြစ်ဝှမ်းသားများ ဣန္ဒကို ဗလီပေးသောအခါ ၄င်းတို့ဖြင့်ချီးကျူးရသော မန္တရားအားလုံးကိုလည်း ရသည်။

အတီးအမှုတ်နှင့်တကွ မန္တရားကျူးကာ မြင်းကို အစပထမကိုင်ခြင်း၊ ရေစင်ဖျန်းခြင်းမှစ၍ သေသည်တိုင်အောင် ဗလိကိစ္စ အားလုံး ပြီးစီးသွားခဲ့လေပြီ။ ထို့နောက် မြင်းသားရေကို ခွာ၍ မြင်းတစ်ကိုယ်သုံးအိုင်းဝိုင်းဖြတ်တောက်ကာ အချို့ကို အစိမ်း၊ အချို့ကို အချဉ်ထည့်၍ မီးထဲတွင် ပူဇော်လေသည်။

ယဓံကြွင်းကို ဝေခြမ်းနေစဉ်တွင် နေဝင်ဖျိုးဖျ ဖြစ်လာလေတော့သည်။

ထိုအချိန်တွင် ကွင်းပြင်တစ်ခုလုံးပင် သူတို့၏ အလှဆုံးအဝတ်တန်ဆာများနှင့် ဖြဲစ်ကြသည်။ မိန်းမများသည် ဆေးဆိုးပါးလွှာသော ကမ္မလာများကိုဝတ်ကာ အလှအပချုပ်ထားသော ရောင်မျိုးစုံခါးစည်းများ စည်းနှောင်ထားသည်။ ၄င်းအတွင်းဘက်မှာကား လှပသောကိုယ်ကျပ်အင်္ကျီ ရှိသည်။ နားများတွင် များသောအားဖြင့် ရွှေနားတောင်းများ ပန်ဆင်ထားကြသည်။

အခါကား နွေရာသီကုန်လုဆဲ ဖြစ်သည်။ မြစ်ဝှမ်းတစ်လျှောက် ပန်းမျိုးစုံ ဖူးပွင့်နေကြသည်မှာ ယနေ့ပွဲတော်အတွက် ဖူးပွင့်ပေးနေဘိသကဲ့သို့ပင် ဖြစ်လေသည်။ ယောကျ်ားပို့၊ မိန်းမပို့ကလေးများကား သူတို့၏ ရှည်လျားသောဆံပင်များတွင် ပန်းများဖြင့် အလှအပပန်ဆင်နေကြသည်။

ယနေ့ ဣန္ဒပွဲတော်ဘွင် လူငယ်များ သဘောရှိ ချစ်ခွင့်ရကြလေသည်။

ညအချိန်တွင် ကြော့နေသောဥသျှာသည် ပုရွာနနှင့်လက်တွဲ၍ လှည့်ပတ်နေသည်။ ထိုအခိုက် သုမေဓက မြင်လိုက်သည်။ သုမေဓ မျက်နှာလွဲလိုက်သည်။ ခမျာ ဘာတတ်နိုင်တော့မှာနည်း။ ဣန္ဒပွဲတော်ရက်များတွင် စိတ်လည်းမဆိုးနိုင်။ လွန်ခဲ့သောနှစ်ကပင် စိတ်ဆိုးမိခြင်းကြောင့် လူစုအရှင်က သူ့အား ဆိုမြည်ခဲ့သေးသည်။

ယနေ့သည် ပျားရည်နှင့် နို့ရည် ရောစပ်ထားသော သောမအရက်မှာ တကယ်ကို ဒလဟောစီးဆင်းနေလေသည်။ ရွာပေါင်းများစွာမှ လူများသည် ချိုလှစွာသော မြင်းသား၊ နွားသားများကို ယူလာ၍ စုပုံထားကြသည်။ အသစ်အသစ် အချစ်ရူးရူးနေကြသော လူလင်၊ လုံမတို့အား နေရာတကာကပင် ဧည့်ခံကြိုဆိုကြလေသည်။ လူလင်၊ လုံမတို့သည် အသားတုံးများကို ကိုက်လိုက်၊ သောမအရက်ကို ကျိုက်လိုက်၊ အချို့ကား အမြဲတမ်းတီးမှုတ်နေသော တူရိယာများနှင့်တီးမှုတ်ရန် ဟန်တပြင်ပြင်လုပ်နေသော တူရိယာသံများကို ကြား၍ ကချင်လျှင်လည်း ကလိုက် လုပ်ကာ၊ အခြားရွာတစ်ရွာမှာ ဧည့်ခံရာသို့ ထွက်ခွာသွားကြလေသည်။

၂

ဤ ဆွာတ်မြစ်အထက်ပိုင်းကား သားကောင်များ, စပါးများဖြင့် ပြည့်စုံ လုံလောက်လှပေသည်။ ထို့ကြောင့် ၄င်းအရပ်သားများမှာ ချမ်းချမ်းသာသာ ကြွယ်ကြွယ်ဝဝဖြစ်ကြသည်။ သူတို့တွင် လိုနေသောပစ္စည်းများကား ကြေးနီဖြစ်၍၊ အလှသုံးပစ္စည်းများအနက် ရွှေနှင့် ငွေအပြင် အချို့သောရတနာများကို လိုလားတောင့်တမှုမှာလည်း တစ်နေ့တခြား တိုးပွားလာခဲ့လေသည်။ အဆိုပါပစ္စည်းများ ရောင်းရန် နှစ်စဉ် ဆွာတ်မြစ်နှင့် ကုဘာ (ကာဗုတ်) မြစ်အဆုံးတွင် ယာယီအသုဂမြို့များ ပေါ်ပေါက်လာတတ်သည်။

နောင်သောအခါ အရိယလူမျိုးများက အဆိုပါ အသုဂမြို့ကိုပင် 'ပုက္ခလာဝတီ (Charsadda) ဟူသောအမည်ဖြင့် ခေါ်ဆိုကြလေသည်။ ယခုအခါ၌ ကျွန်ုပ်တို့လည်း အဆိုပါအမည်ကိုပင် အသုံးပြုနေကြပေသည်။

ဆောင်းရာသီအလယ်တွင် ဆွာတ်, ပန်း(ဂျ)ကိုရာနှင့် အခြား မြစ်ဝှမ်းနေ တောင်ကုန်းဓာတီသား ပုရ, ကုရ, ဂန္ဓာရ, မဒ္ဒ, မလ္လ, သိဝိ, ဥသိနရ အစရှိသောလူမျိုးတို့သည် သူတို့၏ မြင်းများ, ကမ္မလာများနှင့် အခြားရောင်းကုန်များကို ဆောင်ယူ၍ ပုက္ခလာဝတီတစ်ဝိုက် ကွင်းပြင်ကြီးတွင် စတည်းချကြလေသ၌။ ထိုအရပ်၌ပင် အသုရကုန်သည်များသည် တောင်ပေါ်သားတို့၏ပစ္စည်းများကို ယူ၍၊ ၄င်းအစား သူတို့အလိုရှိသော ပစ္စည်းများကို ပေးကြလေသည်။ ရာစုနှစ်ပေါင်းများစွာ ဤအစဉ်အလာသည် ကောင်းမွန်စွာ ဆက်လက်လာခဲ့လေသည်။

ယခုနှစ် ပုရလူမျိုးကုန်သည်တစ်အုပ် ပုရဓာနခေါင်းဆောင်၍ ပုက္ခလာဝတီသို့ သွားလေသည်။ ထိုစဉ်အခါ တောင်ပေါ်သားများအထဲတွင် နှစ်ပေါင်းများစွာပင် ဖြစ်လာခဲ့လေသော 'အသုရများ တောင်ပေါ်သားများကို လိမ်ကောက်ညစ်ပတ်နေကြသည်။' ဆိုသည့် ရှုတ်ချသံတစ်ခု ရှိလေသည်။ အသုရမြို့သားကုန်သည်များသည် အဆိုပါတောင်ပေါ်သားတို့ထက် အပါးအနပ်အလိမ္မာ ပိုကြလေသည်။ ဤအချက်မှာ တစ်စုံတစ်ရာ ယုံမှားဖွယ်ရာ မရှိပေ။ အသုရလူမျိုးများက တောင်ပေါ်သားများကို 'ပေါက်လွတ်ပဲစား လူရိုင်းသက်သက်'ဟု အထင်သေးကြလေသည်။ အထင်သေးမှုမှာ မှန်သလောက်လည်း မှန်ပေသည်။ သို့သော် ဆံပင်ဝါဝါ, မျက်လုံးပြာပြာနှင့် အရိယလူမျိုးနှင့် မြင်းစီးသမားများက သူတို့ကိုယ်ကို 'အသုရမြို့သားများအောက် နိမ့်ကျသည်။'ဟု ဘယ်အခါမှ အမှတ်မထားကြပေ။

တဖြည်းဖြည်း အရိယလူမျိုးများမှ ပုရဓာနကဲ့သို့ အသုရစကားတတ်သောသူ အမြောက်အမြားထွက်ပေါ်လာလေသည်။ အရိယများ အသုရတို့အတွင်း လှည့်ပတ်သွားလာခွင့် ရသောအခါ အသုရများက အရိယတို့ကို 'လူတိရစ္ဆာန် အမှတ်ထားကြောင်း' သိစပြုလာလေသည်။ ဤသည်လျှင် လူမျိုး ၂ မျိုးအတွင်း မကျေနပ်မှုကြီးပေါက်ကွဲ ထွက်လာရခြင်း အကြောင်းရင်း ဖြစ်လေသည်။

အသုရတို့၏မြို့များမှာ လှပတင့်တယ်လှပေသည်။ အသုရမြို့တွင် အုတ်တိုက်များ, ရေစီးသွားရန်မြောင်းများ, ရေချိုးအိမ်များ, လမ်းများနှင့် ရေကန်စသည် ရှိလေသည်။ အရိယလူမျိုးများကပင် ပုက္ခလာဝတီ၏အလှကို မငြင်းဆိုကြပေ။ အသုရပျိုမအချို့၏ အလှကို နှာခေါင်း, ဆံပင်, အရပ်အမောင်းကဲ့ရဲ့စဖွယ်ဖြစ်သော်လည်း အရိယလူမျိုးများ ကျေနပ်နိုင်ကြလေသည်။ သို့သော် ထင်းရှူးပင်များအုပ်ဖုံး၍ တောင်ခါးပန်းအတွင်း ဆန်းဆန်းကြယ်ကြယ် ရောင်မျိုးစုံခြယ်ထားသည့် သစ်သားလသာဆောင်များနှင့် ရှင်းရှင်းလင်းအိမ်တန်းရှိသော မင်္ဂလာပုရိုက်ကို ဘယ်နည်းနှင့်မျှ 'ပုက္ခလာဝတီအောက် နိမ့်ကျသည်။' ဟု ဝန်ခံရန် အထင် မရှိခဲ့ဖူးပေ။

ပုဂ္ဂလာဝတီတွင် တစ်လပြည့်အောင် နေဖို့ပင် အရိယလူမျိုးမှ ;အင်္ဂါက် အခက်အခဲရှိ၍၊ မကြာ မကြာ သူတို့ဇာတိချက်ကြွေ နေရင်းအရပ်ကို သတိ ရရလာတတ်လေသည်။ ဆွာတ်မြစ်တစ်စင်းတည်းကပင် ပုဂ္ဂလာဝတီအနီးတွင် စီးဆင်းနေသည် ဖြစ်ပါလျက်၊ အရိယများက 'ဆွာတ်မြစ်ရေ အချိုပေါ့သည်။' ဟု ထင်နေကြလေသည်။ 'အသုရများလက်နှင့် ထိရုံမျှဖြင့် စင်ကြယ်သောဆွာတ်မြစ်ရေ နောက်ကျိည်စပတ် သွားသည်။' ဟုပင် အရိယများက ပြောကြသေးသည်။ ဘာပဲဖြစ်ဖြစ် အရိယများက အသုရတို့အား မည်သည့်နည်းနှင့်မျှ မိမိတို့နှင့် တန်းတူ အမှတ်အသားမပြုနိုင် ဖြစ်ကြလေသည်။ သို့သော်လည်း တစ်ဦးချင်း အနေအားဖြင့် လူမျိုး ၂ မျိုးတွင် ချစ်ကြည်ရင်းနှီးမှု များစွာ ဖြစ်ပေါ်တိုးတက်ခဲ့လေသည်။

အသုရလူမျိုးတို့၏ဘုရင်မှာ ပုဂ္ဂလာဝတီနှင့်ကွာလှမ်းသော သိန္ဓုမြစ်ကမ်းမြို့တစ်မြို့တွင် စံနေလေသည်။ ထို့ကြောင့် ပုရဓာနသည် အသုရဘုရင်ကို မမြင်ဖူးပေ။ ဘုရင်၏နယ်စားကြီးကိုကား မြင်ဖူးပေသည်။ ၄င်းနယ်စားကြီးကား ပုဂ္ဂက္ခ ဝတ္ထတ်တုတ်နှင့် အပျင်းကြီးလှပေသည်။ အရက်ဖော ဖောနေသော သူ၏မျက်ခွံများမှာ အမြဲမို့နေလေ့ ရှိသည်။ သူ့တစ်ကိုယ်လုံးတွင် ရွှေ, ငွေတန်ဆာများ သီးနေသည်။ နားရွက်များကိုဖောက်၍ ပခုံးအထိ နားဆွဲများ ဆွဲထားသည်။

ပုရဓာနဓ၏အမြင်တွင် နယ်စားကြီးသည် အကျည်းတန်ခြင်း, မိုက်မဲခြင်း၏ ရုပ်လုံးတစ်ခု ဖြစ်လေသည်။ ဤကိုယ်စားလှယ်မျိုးကို ခန့်ထားသော ဘုရင်တစ်ပါးအပေါ်တွင် ပုရဓာနကဲ့သို့သော ပုဂ္ဂိုလ်တစ်ယောက်က အထင်ကြီးခြင်း ဖြစ်နိုင်မည်မဟုတ်ပေ။

ပုရဓာနကြားရသည်ကား နယ်စားကြီးသည် အသုရဘုရင်၏ယောက်ဖ (နှမပေး) တစ်ယောက် ဖြစ်၍၊ ဤ 'နှမပေး' အရည်အချင်းတစ်ခုတည်းနှင့် နယ်စားရာထူး ချီးမြှင့်မွှောက်စားခြင်း ခံရလေသည်။

နှစ်ပေါင်းများစွာ သွားချည်လာလှည့် အတူနေဖန်များသောကြောင့် အသုရအဖွဲ့အစည်းတွင် များစွာ သောချွတ်ယွင်းချက်များကို ပုရဓာန သိရှိလာလေသည်။ အထက်တန်းစားအသုရများတွင် အပါးအနပ် မည်မျှပင် ရှိစေကာမူ ရက်စက်ကြမ်းကြုတ်မှုများကိုလည်း တွေ့ရလေသည်။

အသုရတို့သည် သူတို့ကို မှီခိုကပ်ရပ်နေရသော လက်နက်ကိုင်များနှင့် ကျွန်များ၏အင်အားဖြင့် ရန်သူများကို ဆိုင်ပြိုင် တိုက်ခိုက်ချင်နေကြလေသည်။ အင်အားမရှိသော ရန်သူများအပေါ် အနိုင်တိုက်က လွယ်လွယ်နှင့် အောင်နိုင်မည် ဖြစ်သော်လည်း၊ အင်အားရှိသောရန်သူကို ရင်ဆိုင်ရာဝယ် ဤစစ်တပ် လောက်နှင့် ခံနိုင်မည်မဟုတ်ပေ။

အသုရတို့၏အာဏာပိုင်များ, ဘုရင်, ပဒေသရာဇ်များကား သူတို့ဘဝ၏ တစ်ခုတည်းသော ရည်ရွယ်ချက်ကို 'ဖိမ်ခံမှု' ဟု အသိအမှတ်ပြုထားကြသည်။ ပဒေသရာဇ်တစ်ဦးဦးတွင် မယားနှင့် ကျွန်မ ကလေးများ ရာပေါင်းများစွာ ရှိလေသည်။ မယားများကိုလည်း ကျွန်မကဲ့သို့ ထားကြလေသည်။

မကြာမီကပင် အသုရဘုရင်သည် တောင်ပေါ်သို့ အရိယအမျိုးသမီးအချို့ကို အတင်းဗလက္ကာရ ဆောင်ယူ၍ သူ၏မိန်းမဆောင်တွင် ထည့်သွင်းထားခဲ့လေသည်။ ဤကဲ့သို့ စော်ကားခြင်းကြောင့် အရိယ လူမျိုးတို့ ဒေါသ အပြင်းအထန်ထွက်ကြလေသည်။

ကံကောင်းသည်ကား အသုရမင်းနေပြည်တော်သည် နယ်စပ်နှင့် အလွန်ဝေးကွာခြင်း ဖြစ်သည်။ ထိုနေရာအထိ အရိယများ ရောက်ဖူးခြင်းမရှိသေး။ ထို့ကြောင့် အသုရတို့က အရိယလူမျိုးမိန်းမများ စကားကို 'ဒဏ္ဍာရီ' ဟု ထင်ကြလေသည်။

ပုဂ္ဂလာဝတီမြို့ ဈေးဆိုင်များမှ အမျိုးမျိုးသောအဆင်တန်ဆာ, ဝါဂွမ်း အဝတ်အထည်, လက်နက် များနှင့် အခြားသောပစ္စည်းများသည် သုဝဏ္ဏဘူမိသာမက ကုန်သရမြစ်အထက်ပိုင်းရှိ ခြေသလုံးအိမ်တိုင်

သမားများ၏ ဆူးခက်တဲများသို့တိုင်အောင် ရောက်လေသည်။ သုဝဏ္ဏဖြစ်ကမ်းရှိ ရွှေရောင်ဆံပင်နှင့် အလှမကလေးများသည် လက်မြောက်သော အသုရလက်မှုပညာသည်တို့ပြုလုပ်သော အဆင်တန်ဆာများကို အလွန်မက်မောကြွေးကြော်လေသည်။ ထို့ကြောင့် ကုန်သည်အုပ်နှင့်အတူ နှစ်စဉ်နှစ်တိုင်း အရိယအမျိုးသမီးများ ပုက္ခလာဝတီသို့ ရောက်ရောက်လာကြသည်။

ကဲဆိုးရှာသောသုမေဓကား ဥသျှာကို မုဆိုးမအဖြစ်ထား၍ အစွန့်ခွာကြီး စွန့်ခွာသွားရှာလေပြီ။ ယခုအခါ ဥသျှာသည် သူယောကျ်ား၏ ဝမ်းကွဲညီဖြစ်သော မတ်တော်သူပုရဓနု၏မယား ဖြစ်ခဲ့လေပြီ။ ယခုနှစ် ဥသျှာလည်း ပုက္ခလာဝတီသို့ ရောက်လာသည်။

ပုက္ခလာဝတီမြို့စား၏လူများက လူစိမ်းများနေထိုင်ရာ တဲများအတွင်း၌ ရွှေဝါရောင်ဆံပင်နှင့် အလှမကလေးအမြောက်အမြားကို တွေ့၍၊ ထိုသတင်းကို သူတို့၏အရှင်အား သံတော်ဦး တင်ကြလေသည်။

မြို့စားသည် 'အရိယလူမျိုးကုန်သည်အုပ်အပြန် တောင်ကုန်းများသို့ ဝင်လျှင်ဝင်ချင်း တိုက်ခိုက်၍ မိန်းမများကို လုယူမည်။' ဟု အမိန့်ချလိုက်လေသည်။

၇ ဤအစီအစဉ်မှာ အဆင်ခြင်ကင်းမဲ့သော လုပ်ငန်းတစ်ခု ဖြစ်သည်။ အကြောင်းသော်ကား ရွှေဝါရောင်ဆံပင်နှင့် အတိုက်အခိုက်သမားယောကျ်ား အမြောက်အမြားပါသောကြောင့် ဖြစ်သည်။ 'ယောကျ်ားများပါကြောင်း' မြို့စားကြီးလူများ သိကြသည်။ သို့သော် မြို့စားကြီးမှာ 'အသိဉာဏ်' ဟူက အစော်မျှပင် မနံပေ။ မြို့ပေါ်ရှိ သူဌေးကြီး၊ ကုန်သည်ကြီးများက မြို့စားကြီးအား ကဲ့ရဲ့ရှုတ်ချကြလေသည်။ ပုရဓနုနှင့်မိတ်ဖြစ်နေသော ကုန်သည်တစ်ယောက်၏သမီးချောကို မကြာမီကပင် မြို့စားကြီးက အတင်း သိမ်းပိုက်ခဲ့လေသည်။ ထိုကိစ္စအတွက် အဆိုပါကုန်သည် မြို့စားကြီး၏ တစ်သက်ယန္တရားသူ ဖြစ်ခဲ့လေသည်။

ဥသျှာလည်း အသုရကုန်သည်များအိမ်သို့ အကြိမ်များစွာ သွားခဲ့၏။ ဥသျှာကား ကုန်သည်မယား၏စကားကို တစ်လုံးမျှ နားမလည်ပေ။ သို့သော်လည်း ပုရဓနုက စကားပြန်လုပ်၍ ပြောပေးခြင်း၊ သူဌေးကတော်၏ ချစ်ခင်ယုယခြင်းများကြောင့် အရိယနှင့် အသုရ-အမျိုးသမီး ၂ ဦး မိတ်ဆွေဖြစ်ခဲ့ရလေသည်။

ခရီးမထွက်ခွာမီ ၂ ရက်ကပင် ကုန်သည်က သူ၏ဖောက်သည်ကြီးပုရဓနုအား မြို့စားကြီး၏ ယုတ်ညံ့သောအကြံအစည်များနှင့် ပတ်သက်၍ တိုးတိုးပြောပြလေသည်။

ညတွင်းချင်းပင် ပုရဓနုသည် အားလုံးသော အရိယလူမျိုးကုန်သည်အုပ် အကြီးအမှူးများကို ခေါ်၍ တိုင်ပင်ဆွေးနွေးလေသည်။ လက်နက်ကောင်းကောင်း နည်းပါးနေသောသူများ လက်နက်အသစ်များ ဝယ်ကြသည်။ ရောင်းရန်ယူလာသော မြင်းများနှင့် သူတို့၏ အခြားဝန်လေးသောအထုပ်များကို ရောင်းပစ်ကြလေပြီ။ သူတို့စီးရန်မြင်းများနှင့် ဝယ်ထားသော ပစ္စည်းအဆင်တန်ဆာ၊ ရွှေတို့ငွေစ ဝန်ပေါ်များသာ ချန်ထားလေသည်။ ထို့ကြောင့် အဆိုပါပစ္စည်းများနှင့်ပတ်သက်၍ အရိယတို့မှာ စိုးရိမ်စရာ ပေါ်သွားလေသည်။

ဆွာတ်မြစ်ကမ်းနေ အရိယအမျိုးများမှာ အဆင်တန်ဆာလိုက်စားမှု တိုးပွားလာခဲ့သော်လည်း၊ ယခုတိုင်အောင်ပင် သူတို့၏ ငယ်ရွယ်စဉ် သင်ကြားရသော အတတ်ပညာများတွင် အဆိုအကနှင့် လက်နက်ကိုင်အတတ်ပညာများ ပါဝင်လေသည်။ ထို့ကြောင့် 'ဘေးအန္တရာယ် ကြုံလာပြီ။' ဟူသောသတင်းကို ကြားလျှင်ကြားချင်း အမျိုးသမီးများကလည်း ကိုယ်စီကိုယ်ငမားလွယ်နှင့် သားရေဒိုင်း(ဓားလ်)ကို ကိုင်စွဲကြလေသည်။

'အသုရလက်နက်ကိုင်များ နယ်စပ်ရှိ တောင်ကုန်း၊ ချောက်မြောင်များအကြား ရှေ့မှ လမ်းပိတ်၍ တိုက်လိမ့်မည်။ တစ်ချိန်တည်းမှာပင် အသုရတပ်ကြီးက နောက်ဝိုင်းမှ ပုံးထားကြလိမ့်မည်။' ဟု ပုရဓနက သတင်းရထားသည်။ ထိုကိစ္စအတွက် ပုရဓနကလည်း အပြည့်အစုံ ပြင်ဆင်ထားခဲ့လေသည်။ ထိုပြင်ဆင်မှုမျိုးကား ပထမသတင်း ရထားနှင့်မှသာ ဖြစ်နိုင်လေသည်။

ထိုကဲ့သို့ အသင့်ပြင်ဆင်ပြီးဖြစ်သော ပန်းဂျကိုရာ၊ ကုနာရဲနှင့် ဆွာတ်မြစ်ဝှမ်းနေ ကုန်သည်အုပ်စုများ တစ်ကွဲစီ အချင်းချင်း အမှတ်အသားထား၍ ထွက်ခွာကြလေသည်။ သို့သော် ပြင်ဆင်မှုကား တပေါင်းတည်းဖြစ်သည်။

အရိယတို့သည် ရန်သူများမရိပ်မိစေရန် ပုက္ခလာဝတီမှ ၁ ရက်ခြား-၂ ရက်ခြား ရှေ့စဉ်နောက်လိုက် တစ်သိုက်စီ ထွက်ကြသည်။ သို့သော် 'တောင်ကြားလမ်းပေါက်သို့ အားလုံး တစ်ပြိုင်နက် ရောက်ကြရမည်။' ဟု စီစဉ်ထားပြီး ဖြစ်သည်။

တောင်ကြားလမ်းပေါက်သို့ ရောက်ရန် ၁ ကောသ- ၂ ကောသလောက် လိုသေးသောအချိန်တွင် ပုရဓနသည် မြင်းစီးသမား ၂၅ ယောက်ကို စေလွှတ်လိုက်သည်။ မြင်းစီးသမားများ တောင်ကြားလမ်းပေါက်အတွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် အသုရတို့က မြင်းစီးသမားများအား မြားနှင့် စပစ်လေတော့သည်။

'တိုက်လိမ့်မည်။' ဟူသောသတင်းမှာ အမှန်ဖြစ်လေပြီ။

မြင်းစီးသမားများ နောက်ပြန်ဆုတ်လာကြသည်။ မြင်းစီးသမားများသည် သူတို့ကုန်သည်သင်းမှူးကြီးအား အကြောင်းကြားလေသည်။ ပုရဓနသည် နောက်မှလိုက်လာသော ရန်သူများနှင့် ပထမဆုံးရင်ဆိုင်လိုသည်။ လွယ်လည်း လွယ်ကူပါသည်။ အကြောင်းမူကား အသုရတို့သည် နှစ်စဉ် အရိယာများထံမှ မြင်း ထောင်ပေါင်းများစွာ ချီ၍ ဝယ်ယူထားသော်လည်း အလေ့အကျင့်ရပြီးစစ်သားများ မဖြစ်ကြသေးပေ။

ကုန်သည်အုပ်စု တံခံနေလေသည်။ အကာအကွယ်အတွက် လက်နက်ကိုင်များကို ထိုနေရာတွင် ထားပစ်ခဲ့၍ ကျန်သောမြင်းစီးသူရဲများနှင့်အတူ ပုရဓန အပြင်းနှင်၍ ချီတက်လေသည်။

'အရိယာများ ရုတ်တရက် သူတို့အထဲသို့ ရောက်လာလိမ့်မည်။' ဟု အသုရစစ်သားများက မမျှော်လင့်ခဲ့ကြပေ။ အရိယများ၏လုံ့ရှည်ကြီးများနှင့် ဓားလွယ်ဒဏ်ကို အသုရများ ကြာရှည်မခံနိုင်ကြပေ။

သို့သော်လည်း အရိယစစ်သားများက အသုရာတို့အား 'အနိုင်တိုက်' တိုက်၍ မလွတ်လိုက်ချင်သေးပေ။ နှာခေါင်းပိတ်ပြား အသားမည်းနက်လှသော အသုရတို့အား ဆံပင်ရွှေဝါမကလေးများအပေါ် မျက်စိကျခြင်းကြောင့် ဘယ်အထိ ဒုက္ခရောက်သည်။' ဟူ၍လည်း အရိယများက အကြောင်းပြလိုက်ချင်ကြသေးသည်။

အသုရစစ်တပ် ကစဉ့်ကလျားထွက်ပြေးသည်ကို မြင်၍ ပုရဓနက ကုန်သည်အုပ်ကို အကြောင်းကြားလိုက်သည်။ ထို့နောက် သူ၏မြင်းစီးစစ်သားများကို ဆောင်ကြဉ်းကာ ပုက္ခလာဝတီသို့ အရောက် ချီတက်ကြလေသည်။ အသုရစစ်သားများနည်းတူ သူတို့၏မြို့စားကြီး (ဘုရင်ခံ)လည်း 'ဤကဲ့သို့ ဖြစ်လိမ့်မည်။' ဟု မမျှော်လင့်ခဲ့မိပေ။

အသုရတို့သည် သူတို့သတ္တိကို အစွမ်းကုန် အသုံးပြုခွင့် မရနိုင်ကြတော့ပေ။ အလွယ်တကူနှင့်ပင် အသုရတို့ခံတပ်နှင့် အသုရမြို့စားကြီးသည် 'ဆံပင်ရွှေဝါ' (အရိယ) တို့၏ လက်တွင်းသို့ ကျရောက်ရလေတော့သည်။ ဆံပင်ရွှေဝါ (အရိယ)တို့သည် အသုရတို့၏ 'လူယုံသတ်' လုပ်ခြင်းကို အပြင်းအထန် ဒေါသထွက်နေကြလေသည်။ အရိယများသည် အသုရယောကျ်ားများအား ရက်ရက်စက်စက်သတ်ဖြတ်

ပစ်ကြလေသည်။ မြို့စားကြီးကိုကား မြို့လယ်လမ်းဆုံသို့ဆောင်ယူကာ အသုရပြည်သူပြည်သားများ ရှေ့တွင် အပိုင်းပိုင်းခုတ်ဖြတ်၍ သတ်ကြလေသည်။

အရိယများသည် မိန်းကလေးနှင့် ကုန်သည်များကို သတ်မပစ်ကြပေ။ ထိုအခါ 'ကျွန်' လုပ်ထားချင်ပါမူကား အရိယများက ထိုမျှအများအပြား သတ်ပစ်မည်မဟုတ်ပေ။ ပုက္ခလာဝတီ၏အစိတ်အပိုင်းများစွာကို အရိယများက မီးတင်ရှို့ပစ်လိုက်ကြလေသည်။

ဤသို့လျှင် အသုရတို့နှင့် ဆံပင်ရွှေဝါ (အရိယ) တို့၏တိုက်ပွဲကြီး 'ဒေဝါသုရသင်္ဂါမ' သည် ဤသို့အားဖြင့် စတင်ခဲ့လေသည်။

ပုရဓာနသည် နောက်ပြန်တံ့၍ တောင်ကြားတွင်စုနေသော အသုရစစ်သားများကို အစတုံး သုတ်သင်ချေမှုန်းလေသည်။ ထို့နောက် ဆံပင်ရွှေဝါလူမျိုး ကုန်သည်အုပ်များ အသီးသီး ဇာတိနေရပ်သို့ ထွက်ခွာကြလေသည်။

နှစ်ပေါင်းအတော်ကြာ ပုက္ခလာဝတီနှင့် ကုန်ကူးသန်းရောင်းဝယ်မှုကို သတ်ပစ်လိုက်လေသည်။ ဆံပင်ရွှေဝါတို့က အသုရရောင်းကုန်များကို မဝယ်တော့ဘဲ ငြင်းဆိုခဲ့ကြလေသည်။ သို့သော် အရိယလူမျိုးများသည် ကြေးနီနှင့် ကြေးဝါကို အဘယ်မျှကြာအောင် ငြင်းဆိုနေနိုင်ကြမည်နည်း။ ။

၆

အင်ဂီထာ

အရပ်- ဂန္ဓာရ (တက္ကသိလာ)။
လူမျိုး- အင်ဒို-အရိယန်း။
အချိန်- ခရစ်မပေါ်မီ နှစ်ပေါင်း ၁၈၀၀။

ဤပုံဝတ္ထုသည် ယနေ့မှ အဆက် ၁၅၂၃မြောက်သော လူအဆက်က အကြောင်းအရာ ဖြစ်သည်။ ဤနိယပြည် အနောက်မြောက်ဝိုင်းတွင်နေထိုင်ကြသော အရိယများနှင့် အသုရများအတွင်း ဖြစ်ပွားခဲ့သော ပထမဝိုင်းစစ်ပွဲများကို သရုပ်ဖော်ထားသည်။

၁

"ဒီဝါဂွမ်းအဝတ်ဟာ အလကားပဲ။ ဒီအဝတ်နှင့် အအေး မလုံပါဘူး။ မိုးလည်း မလုံဘူး။"

လုလင်တစ်ဦးသည် သူ၏ စွတ်စိုနေသောကိုယ်ကျပ်အင်္ကျီကို ချွတ်၍ ကမ္မလာကိုခြုံရင်း ပြောလေသည်။

"ဒါပေမယ့် နွေရာသီမှာတော့ ကောင်းပါတယ်။"

အခြားလုလင်တစ်ဦးကလည်း ကိုယ်ကျပ်အင်္ကျီကို တံခါးရွက်ပေါ်တွင် ဖြန့်လှန်းရင်း ပြောလေသည်။

ညနေစောင်းရန် အချိန်အတော်ကြာ လိုသေးသော်လည်း၊ လူများ ဧရပ်တစ်ခုအတွင်း မီးနားတွင် ယခုအချိန်မှစ၍ စုဝေးကြလေသည်။ လုလင် ၂ ဦး မီးခိုးထဲတွင် ထိုင်နေမည့်အစား လေရရန် ရည်ရွယ်ကာ ကမ္မလာများခြုံကာ ပြူတင်းပေါက်တွင် ထိုင်နေကြသည်။

ပထမလုလင်-

"တို့ နောက်ထပ် ၁ ယူဇနာ (၈ မိုင်) သွားမယ်ဆို သွားနိုင်သေးတယ်။ မနက်ဖြန် မနက်ခင်း ဂန္ဓာရမြို့ (တက္ကသိလာ) ရောက်ကြတော့မယ်။ ဒါပေမယ့် ဒီမိုးဒီလေတွေနှင့် ဘယ့်နယ်လုပ်မလဲ။"

ဒုတိယလုလင်-

"ဆောင်းတွင်း မိုးအံ့တော့ ဝိုဆိုးတာပေါ့။ ဒါပေမယ့် မိုးမအံ့ရင်လည်း တို့လယ် သမားတွေ မိုးရွာစေချင်လွန်းလို့ ဣန္ဒကို ဆုတောင်းကြတယ်။ သားကျောင်းသမားတွေက ဝိုပြိုး မိုးခေါ် ကြသေးတယ်။"

ပထမ-

''အဆွေ။ ဒီလိုဆိုရင် မိုးမရွာစေချင်တာ ခရီးသည်ဘပ ရှိမှာပေါ့။ ဒါထက် ဘယ်သူမှလည်း အမြဲတမ်း ခရီးသည်လုပ်နေမှာ မဟုတ်ဘူး။''

ထို့နောက် လည်ကုပ်တွင် အမာရွတ်ကြီးကိုမြင်၍ မေးလိုက်သည်။

''အဆွေ-နှင့်နာမည်''

''မဒ္ဒအန္တယ် ပါလ။ ဒါထက် နှင့်နာမည်ကော။''

''သုရအန္တယ် ဝရဏ။ ဒါထက် နင် အရှေ့ဘက်က လာခဲ့တာလား။''

''ဟုတ်တယ်။ မဒ္ဒတွေထဲက လာခဲ့တာပဲ။ အန့်-နင်ကတော့ တောင်ဘက်က လာခဲ့တာလား။ ပြောစမ်းပါဦး အဆွေ။''

''တောင်ဝိုင်းမှာ အသုရာတွေဟာ ခုထက်ထိ 'အရိယတွေနှင့် တိုက်နေကြတယ်။' လို့ တို့ကြားတာ အမှန်ပဲလား။''

''သမုဒ္ဒရာကမ်းခြေမှာ သူတို့ရဲ့ မြို့တစ်မြို့ပဲ ကျန်တော့တယ်။ တို့ မဃဝါဣန္ဒဟာ ဘယ်လိုလုပ်ပြီး အသုရာတွေရဲ့ ခံတပ်မြို့ ၁၀၀ ကို ထိုးဖောက် ဖျက်ဆီးပစ်ငယ်ဆိုတာ သဘောမပေါက်နိုင်ဘူးအဆွေ။''

''အသုရာတွေရဲ့ခံတပ်မြို့တွေကို 'ကြေးနီနှင့် ဝါညဆောက်ထားတယ်။' လို့ ကြားရတယ်။ ဟုတ်သလား။''

''အသုရာတွေဆီမှာ ကြေးနီတွေ အများကြီး ရှိပါတယ်။ ဒါပေမယ့် ခံတပ်မြို့တွေ ဆောက်နိုင်လောက် အောင်တော့ မရှိပါဘူး။ စကား ဘယ်လို ကားသွားတယ်။-ဆိုတာ မတွေးတတ်အောင်ပဲ။ အသုတွေရဲ့ အိမ်ကို မီးထဲမှာဖုတ်ထားတဲ့ ၄ ထောင့် အလျားရှည်ရှည်အုတ်နှင့် ဆောက်ကြတယ်။ မြို့တွေကို ဝိုင်းရံထားတဲ့ နံရံကြီးများကိုလည်း အုတ်နှင့်ပဲ တည်ဆောက်ထားကြတယ်။ အဲဒီအုတ်တွေဟာ ကြေးနီရောင်, အနီရောင် ထွက်နေတယ်။ ဒါပေမယ့် အုတ်ကို 'ကြေးနီ'လို့ မခေါ်နိုင်လောက်အောင် ကြေးနီနှင့် အုတ်ဟာ တခြား စီပဲ။''

''ဒါနှင့်များ ဝရဏ- တို့ကြားတော့ 'အသုရာတွေရဲ့ခံတပ်မြို့ကို ကြေးနီနှင့် ဆောက်ထားတယ်။' တဲ့။''

''ငါတို့ ဣန္ဒ အသုရာတွေရဲ့ ခံတပ်ကို ဖောက်တုန်းက ကြေးနီတပ်ကို ဖောက်ရသလောက် အားစိုက် ရလို့ 'ကြေးနီခံတပ်မြို့'ဆိုတဲ့နာမည် ရလာတာ ဖြစ်ချင်ဖြစ်မယ်။''

''ဒါထက် သမ္မရရဲ့ ရဲစွမ်းသတ္တိနှင့်ပတ်သက်လို့ အကြီးအကျယ်ပုံဝတ္ထုတွေ ကြားရဖူးတယ်။ သူအိမ်က သမုဒ္ဒရာထဲမှာ။ သူ့ရထားက ကောင်းကင် ပျံတက်နိုင်သတဲ့။''

''ရထားအကြောင်းကတော့ လုံးဝ အမှားပဲ။ အသုရာတွေဟာ စစ်အတတ်ပညာတစ်ခုမှာ အညံ့ဆုံး ဖြစ်နေတယ်ဆိုရင်၊ အဲဒီအတတ်ပညာဟာ မြင်းရထားသုံးမယ့်အစား နွားလှည်းကို သုံးကြတယ်။ ငါတော့ နားလည်ပါတယ် ပါလ။ ငါတို့ဆီမှာ မြင်းရှိလို့သာ အနိုင်ရကြတာပဲ။ မြင်းသာ မရှိဘူးဆိုရင် အသုရာတွေကို နိုင်မှာမဟုတ်ဘူး။ သမ္မရသေတာ အခု နှစ် ၂၀၀ ရှိသွားပြီ။ ဒါပေမယ့် ငါ ယုံကြည်တာကတော့ သမ္မရမှာ မြင်းရထားတောင် ရှိမယ်မဟုတ်ဘူး။ 'ကောင်းကင်ပျံတယ်။'ဆိုတာတော့ ပြောစရာတောင် မလိုတော့ဘူး။''

''သမ္မရဟာ ဒီလောက်တောင် သာမန်လူတစ်ယောက်ဖြစ်ခဲ့ရင်၊ သူ့ကိုအောင်လိုက်တဲ့အတွက် တို့ဣန္ဒဟာ ဘာလို့ ဒီလောက်ကြီးကျယ်နေရတာလဲ။''

''အကြောင်းကတော့ သမ္မရဟာ တကယ့်သူရဲကောင်းကြီးတစ်ယောက် ဖြစ်တယ်။ သူ့ရဲ့ ရွှေစီထားတဲ့ ကြေးနီချပ်မိန့်ညိုကို သောဝီရမြို့မှာ တွေ့ဖူးတယ်။ ချပ်မိန့်ညံ့ဟာ သိပ်ခိုင်ပြီး သိပ်လေးတာပဲ။ များသောအားဖြင့် အသုရာတွေဟာ ခပ်ပုပုတွေချည်းပဲ။ ဒါပေမယ့် သမ္မရကျတော့ အင်မတန်ကြီးတယ်။ အရပ်လည်း ရှည်တယ်။ အလုံးလည်း ထွက်တယ်။ အဝတော့ နှည်းနှည်းတောင် များကောင်းများလိမ့်မယ်။ တို့ မလဝါကျန္ဒကတော့ ပိန်ပိန်ပါးပါး ခပ်သွက်သွက် လှလင်ပိုက်တစ်ယောက်ပဲ။ သိန္ဓမြစ်ကမ်းမှာ ခုထက်ထိ အသုရာမြို့ခံတပ်ကို တွေ့ရသေးတယ်။ ခံတပ်ထဲ ဝင်နေရင် လေးသည်ကျော် ၁၀၀-၂၀၀ က စစ်သားထောင်ပေါင်းများစွာကို အနားကပ်မလာအောင် ခံပစ်နိုင်တယ်။ အမှန်ကတော့ ဒီအသုရာတွေရဲ့ မြို့တွေဟာ 'အယုဇ္ဈ' (မအောင်နိုင်သောမြို့) တွေပဲ။ အဲဒီလောက် ခိုင်ခံ့တဲ့ အယုဇ္ဈပုရီတွေကို ချိုးဖောက်ဖျက်ဆီးလိုက်တာဟာ ငါတို့ရဲ့မယဝါကျန္ဒ စွမ်းပကားကြီးလှစွာသော အရိယစစ်ဗိုလ်ကြီးပဲ ဖြစ်တယ်။''

''တောင်ဘက်မှာ ခုထိ အသုရတွေရဲ့အင်အား ရှိသေးသလား ဝရဏ။''

''ရှိသေးတယ် မပြောပါဘူး။ ပင်လယ်ကမ်းခြေမှာ သူတို့ရဲ့ နောက်ဆုံးခံတပ် အကျိုးအပဲ့တွေတော့ ရှိသေးတယ်။ အဲဒီစစ်ပွဲတုန်းက ငါလည်း ပါဝင်ခဲ့တယ်။''

ဤစကားကိုပြောစဉ် ဝရဏ၏ နီရောင်သန်းနေသောမျက်နှာတွင် ပို၍ နီရောင်သန်းလာလေသည်။ ထို့နောက် ဝရဏသည် သူ၏ ရှည်လျားတောက်ပြောင် ရွှေဝါရောင်ရှိသောဆံပင်များကို နောက်ဘက်သို့ သပ်ရင်း ပြောလေသည်။

''အသုရတွေရဲ့ နောက်ဆုံးခံတပ်ဟာ ကျိုးသွားပြီ။''

''နင်တို့ရဲ့ ကျန္ဒ(မင်းသား) ဘယ်သူလဲ။''

''ကျန္ဒဘွဲ့ထူးကို တို့ ရုပ်သိမ်းလိုက်ကြပြီ။''

''ရုပ်သိမ်းလိုက်ပြီလား။''

''အေး-ငါတို့ ကျန္ဒဘွဲ့ကို ခံထားရင် တောင်ပိုင်းအရိယတွေ ကြောက်ရတယ်။''

''ဘာလို့ ကြောက်ရတာလဲ။''

'''ကျန္ဒ'ဆိုတာ 'စစ်ဗိုလ်ချုပ်'လို့ နားလည်ထားကြတယ် မဟုတ်လား။''

''ဟုတ်တယ်။''

''အရိယတွေက 'သူတို့စစ်ရေးစစ်ရာမှာ စစ်ဗိုလ်ချုပ်ကသာ အချုပ်အချာဖြစ်တယ်။'လို့ အမှတ်အသားမထားကြဘူး။ တိုက်ပွဲဆင်တဲ့အခါမှာ ကျန္ဒရဲ့အမိန့်ကို ဦးလည်မသုန်နာခံပေမယ့်၊ သူတို့ရဲ့ 'လူထုအစည်းအဝေးကသာ အချုပ်အခြာအာဏာ ပိုင်တယ်။'လို့ ယူဆကြတယ်။ အစည်းအဝေးမှာပါဝင်တဲ့ အရိယတိုင်း သူတို့ရဲ့ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ထုတ်နိုင်ခွင့် ရှိကြတယ်။''

''ဟုတ်တယ်။ ဒီအတိုင်းပဲ။''

''ဒါပေမယ့် အဲဒါနှင့် ဆန့်ကျင်ဘက် အသုရာတွေရဲ့ ကျန္ဒ၊ သို့မဟုတ် ဘုရင်ကတော့ နေရာတကာသူအာဏာချည်းပဲ။ အသုရာဘုရင်ဟာ လူစုပရိသတ်ထဲက ဘယ်သူ့ကိုမှ 'သူထက်သာတယ်'လို့ မအောက်မေ့ဘူး။ အသုရာဘုရင်ရဲ့ပါးစပ်က ထွက်သမျှ အသုရာတိုင်း လုပ်ရမယ်။ မလုပ်ရင် သေဒဏ်ပဲ။''

''ဒီလိုကျန္ဒမျိုးကို ငါ ဘယ်တော့မှ မနှစ်သက်နိုင်ဘူး။''

''ဒါပေမယ့် အသုရာတွေကတော့ ဒီလိုကျန္ဒမျိုးကိုပဲ နှစ်သက်နေကြတယ်။ အသုရာတွေဟာ သူတို့ဘုရင်ကို 'လူသား'မထင်ဘဲ၊ 'နတ်' ထင်နေကြတယ်။ အသုရာဘုရင် အသက်ရှင်နေတုန်းတောင် ပူဇော်ဖို့ သူတို့လုပ်ပုံတွေ ကြားရရင် နင်တော့ ယုံမှာ မဟုတ်ပါဘူးအဆွေ။''

''ဟုတ်တယ်။ ငါလည်း မြင်တယ်။ အသုရာပုရောဟိတ် (ယဇ်ဆရာကြီး) တွေဟာ သူတို့လူတွေကို မြည်းတိရစ္ဆာန်တွေဖြစ်အောင် လုပ်ပစ်နေကြတယ်။''

''ဟုတ်တယ်။ မြည်းထက်တောင် ပိုပါသေးတယ်။ ကြားတယ် မဟုတ်လား။ အသုရာတွေဟာ ယောကျ်ားအင်္ဂါတွေ ပူဇော်ကြသတဲ့။ မိန်းမ,ယောကျ်ားပျော်ပါးဖို့ရာ ကိရိယာတန်ဆာပလာအဖြစ် အင်္ဂါဇာတ်များက အသုံးတော်ခံတယ်။ ဒီအင်္ဂါဇာတ်တွေနှင့် ငါတို့သားစဉ်မြေးဆက် ပွားများအောင် ဆောင်ရွက်ရတယ်။-ဆိုတာ ငါ ဝန်ခံပါတယ်။ ဒါပေမယ့် ဒီအင်္ဂါဇာတ်တွေကို မျက်မြင်လက်တွေ့ဖြစ်ဖြစ်၊ မြေကြီး, ကျောက်သားအရုပ်ထုလိုပဲ ဖြစ်ဖြစ် ပူဇော်ကြတာ မိုက်တွင်း ဘယ်လောက်နက်သလဲ။''

''ဟုတ်တာပေါ့။''

''ပြီးတော့ အသုရာဘုရင်ဟာ လိင်နတ်ကို အကြီးအကျယ် ကိုးကွယ်တယ်။ ဒါပေမယ့် ဒီကိစ္စမှာတော့ ငါ့အထင် 'လူနပ်'လုပ်တာ သက်သက်ပဲ။ နောက်ဆုံးမှာ အသုရာဘုရင်နှင့် သူပုရောဟိတ်တွေဟာ 'လူအတွေ' မဟုတ်ဘူး။ သူတို့အရိယတွေထက်တောင် ပိုပြီး ပါးသေးနပ်သေးတယ်။ သူတို့မြို့ကြီးလို မြို့တည်ဖို့ သူတို့ဆီက ငါတို့ အများကြီး နည်းယူရမယ်။ သူတို့ရဲ့ ဈေးတွေ, ကြာမျိုးစုံတင့်တယ်တဲ့ ရေကန်တွေ, မြင့်မားတဲ့အဆောက်အဦတွေ, မင်းလမ်းတွေ၊ ဒီလိုအသုံးအဆောင်တွေကို ရှေးဟောင်းအရိယတွေရဲ့အရပ်မှာ မတွေ့နိုင်ဘူး။ ငါ မြောက်ပိုင်းသောဝိရုနယ်ထဲက အသုရတွေစွန့်သွားတဲ့ မြို့တွေကို မြင်ဖူးတယ်။ ပြီးတော့ ဒီအောင်မြင်ပြီးခါစ မြို့ကိုလည်း မြင်ရတယ်။ ငါတို့အရိယတွေ သူတို့ မြို့ဟောင်းတွေ ပြုပြင်ပြီးတည်တောင် အသုရမြို့တွေလို ဖြစ်မှာမဟုတ်ဘူး။ 'သမ္မရကိုယ်တိုင်တည်တာ'လို့ ပြောကြတဲ့ မြို့သစ်ကတော့ နတ်ပြည်လိုပါပဲ။''

''နတ်ပြည်''

''နတ်ပြည်။ မြေကြီးပေါ်မှ နတ်ပြည်ကို ဘာနှင့်မှ ဥပမာပေးလို့ မဖြစ်နိုင်ဘူးအဆွေ။ တစ်အိမ်ထောင်နေတဲ့ အိမ်ကိုပဲ ကြည့်ပါဦး။ အဲဒီအိမ်မှာ ပြင်ဆင်ထားတဲ့ ၁ ခန်းဖြစ်စေ, ၂ ခန်းဖြစ်စေ လူနေအခန်းတွေ ရှိတယ်။ ခေါင်းတိုင်တပ်ထားတဲ့ သီးသန့်စားဖိုဆောင်, အိမ်ဝင်းခြံထဲမှာ အုတ်စီရေတွင်း, ရေချိုးခန်း, အိပ်ခန်းတွေ ရှိတယ်။ သာမန်ကုန်သည်တစ်ယောက်ရဲ့ အိမ်ကိုတောင် ၂ထပ်-၃ထပ် ဆောက်ထားတာ တွေ့ရတယ်။ ပြောမဆုံးအောင် ဖြစ်နေတော့တယ်။ ငါတော့ အသုရာပြည်ကို နတ်ပြည်နှင့်ပဲ ပုံကပ်နိုင်တော့တယ်။''

''အရှေ့ဘက်မှာလည်း အသုရာတို့မြို့တွေ ရှိတယ်။ ဒါပေမယ့် ငါတို့ မဒ္ဒများ (ဆယားလ်ကုဋ်သားများ) နေရာက ရှေ့ဘက် အတော်ကျသေးတယ်။''

''ငါ မြင်ဖူးပါတယ်အဆွေ။ ဒီလို မြို့တွေတည်တဲ့လူတွေကို 'ငါတို့ထက် လိမ္မာတတ်ကျွမ်းတယ်။' ဆိုတာ ငါတို့ ဝန်ခံရမှာပဲ။ ဒါထက် နင် ပင်လယ်အကြောင်းတော့ ကြားဖူးမယ် မဟုတ်ပါဘူး။''

''နာမည်တော့ ကြားဖူးပါရဲ့။''

''နာမည်ကြားဖူးရုံ၊ ပြောပြရုံနှင့် ခန့်မှန်းနိုင်မယ် မဟုတ်ဘူး။ ပင်လယ်ကမ်းခြေက ရပ်ပြီးကြည့်မှ အတော်အတန် နားလည်နိုင်မယ်။ နှင့်ရှေ့တစ်ခွင်တစ်ပြင်မှာ ရေပြာနှင့် မိုးပြာဟာ တစ်ဆက်တည်း ဖြစ်နေတယ်။''

''မိုးနှင့် တစ်ဆက်တည်းနော် ဝရဏ။''

''ဟုတ်တယ်။ ရှေ့ကို တစ်ဆက်ကြီးမျှော်ကြည့်လိုက်ရင် ထန်းပင်အဆင့်ဆင့်လောက် ရေဟာ မြင့်မြင့်တက်သွားတယ်။ နောက်ဆုံး ကောင်းကင်နှင့် သွားထိဆက်နေတယ်။ မိုးနှင့် ရေဟာလည်း တစ်ရောင်တည်း ဖြစ်သွားတယ်။ ဟုတ်တယ်။ ပင်လယ်ရေဟာ ရိုးရိုးရေထက် ပိုပြာတယ်။ အဲဒီ အတောမသတ်တဲ့

တို့ ၂ နာရီလောက်
စကားနှင့်ပြောလို့ မပြီးတဲ့အကြောင်းကို
သူတို့က အမှတ်အသား ၄-၅-၁၀ ခု နှင့်
အပြီးပြောနိုင်တယ်။
အဲဒီအတတ်ပညာကို အရိယတွေ
ဘယ်တုန်းကမှ မတတ်ခဲ့သေးဘူး။
အခု တို့ အရိယတွေ အဲဒီအမှတ်အသားတွေကို
သင်နေကြတုန်း ရှိသေးတယ်။

ပင်လယ်ပြာမှာ အသုရာတွေဟာ သူတို့လှေကြီးတွေနှင့် မကြောက်မလန့် သွားလာနေကြတယ်။ နှစ်ပေါင်း, လပေါင်းများစွာ သွားရတဲ့ခရီးကို သွားနေကြတယ်။ ပင်လယ်လှိုင်းလုံးတွေအောက်က ရတနာအမျိုးမျိုးကိုလည်း ထုတ်ယူကြတယ်။ အဲဒါတွေဟာ အသုရာတွေရဲ့ ရဲစွမ်းသတ္တိနှင့် ကျင်လည်မှုရဲ့ စံနမူနာတစ်ခုပဲ။ ဒါတင်မကသေးဘူး အဆွေ။ အသုရာတွေဟာ ပါးစပ်ကိုအသုံးမပြုဘဲ စကားပြောနိုင်ကြတယ်။''

''စကားလုံးမပါဘဲ ဘာပြောတာလဲ အဆွေ။''

''ဟုတ်တယ်။ စကားလုံး မပါဘူး။''

''မြေကြီး, ကျောက်, သားရေ တစ်ခုခုကို ပေးလိုက်။ အသုရာတစ်ယောက်ဟာ အဲဒီအပေါ်မှာ အမှတ်အသားလေးတွေ ရေးဆွဲလိမ့်မယ်။ တခြားအသုရာတစ်ယောက်က အားလုံးအဓိပ္ပာယ်ကို သိလိမ့်မယ်။ တို့ ၂ နာရီလောက် စကားနှင့်ပြောလို့ မပြီးတဲ့အကြောင်းကို သူတို့က အမှတ်အသား ၄-၅-၁၀ ခု နှင့် အပြီးပြောနိုင်တယ်။ အဲဒီအတတ်ပညာကို အရိယတွေ ဘယ်တုန်းကမှ မတတ်ခဲ့သေးဘူး။ အခု တို့ အရိယတွေ အဲဒီအမှတ်အသားတွေကို သင်နေကြတုန်း ရှိသေးတယ်။ ဒါပေမယ့် နှစ်ပေါင်းများစွာကြာလည်း အမှတ်အသားတွေကို သင်လို့ မကုန်နိုင်ဘူး။''

''ဒါဖြင့် အသုရာတွေ တို့ထက် ပညာပိုတတ်တာ အမှန်ပဲ။''

''ပြီးတော့ အသုရာ လက်မှုပညာသည်တွေ, အိုးလုပ်သမား, ရထားလုပ်သမား, ဓားလွယ်အလုပ်သမား, ပန်းပဲသမား, ရက်ကန်းသမားတွေ လက်နှင့်ဆိုင်ရာ အလုပ်တွေကို လုပ်နေကြတာ တို့တွေ မြင်နေကြတယ် မဟုတ်လား။ ဒါနှင့်များ အသုရာတွေက ပိုပြီးပညာတတ်တာ ဘာများ ယုံမှားနေစရာ လိုသေးသလဲ။''

''ပြီးတော့ နင်ပြောတဲ့အတိုင်း အသုရာတွေဟာ ရဲလည်း ရဲရင့်ကြတယ်။''

''ဟုတ်တယ်။ ဒါတောင် အသုရာလူဦးရေက သိပ်နည်းတယ်။ အရိယတွေရဲ့သားသမီးတွေကို အသုရာသားသမီးတွေက နို့ခွဲကတည်းက ဓားလွယ်နှင့် မကစားကြဘူး။ အသုရာတွေဆီမှာ စစ်သားက တစ်သီးတသန့် ဖြစ်နေတယ်။ လက်မှုပညာသည်, ကုန်သည်, ကျွန်-တစ်သီးတသန့်စီ ဖြစ်နေတယ်။ စစ်သားတွေကလွဲလို့ ဘယ်သူမှ စစ်ပညာကို မသင်ယူကြဘူး။ အသုရာတွေဟာ စစ်သားတွေကို အင်မတန် နှိမ့်ချတဲ့အကြည့်မျိုးနှင့် ကြည့်ကြတယ်။ ကျွန်ယောကျ်ား, ကျွန်မိန်းမတွေရဲ့ အခြေအနေကတော့ တိရစ္ဆာန်ထက်တောင် ဆိုးဝါးသေးတယ်။ ကျွန်တွေကို ရောင်းရုံဝယ်ရုံတင် ဘယ်ကမလဲ။ အသုရာတွေကဟာ သူတို့ ကျွန်တွေ တစ်ကိုယ်လုံးကိုတောင် ထင်သလို ခြယ်လှယ်ကြတယ်။''

''အသုရာတွေမှာ စစ်သား ဘယ်လောက်ရှိမလဲ။''

''၁၀၀ မှာ ၁ ယောက်တောင် မရှိဘူး။ ကျွန်ုပ်တော့ လူ ၁၀၀ မှာ ၄၀ လောက်။ ကျွန်တစ်ပိုင်းတွေကလည်း ၁၀၀ မှာ ၄၀ လောက်။ 'ကျွန်တစ်ပိုင်း' ဆိုတာ လက်မှုပညာသည်တွေနှင့် လယ်သမားတွေပဲ။ ၁၀၀ မှာ ၁၀ ယောက်က ကုန်သည်။ ကျွန်တာတွေကတော့ တခြားအလုပ် လုပ်တဲ့လူတွေပဲ။''

''ဒါကြောင့် အရိယတွေက အသုရာတွေကို နိုင်တာပဲ။''

''ဟုတ်တယ်။ အသုရာတွေရှုံးတာ ဒါ အရင်းခံအကြောင်းပဲ။ ပြီးတော့ ကြီးကျယ်တဲ့အကြောင်းကတော့ အသုရာဘုရင်ကို အသုရာလူစုတစ်စုလုံးရဲ့ အထက်က 'နတ်' လို့ အသိအမှတ်ပြုထားခြင်းပဲ။''

''တို့အရိယတွေကတော့ ဘယ်အခါမှ ဒီလို အသိအမှတ်မပြုနိုင်ဘူး''

''ဒါကြောင့် တို့ ဣန္ဒဘွဲ့ထူးကို ဖြုတ်ပစ်လိုက်တာပေါ့။ မဃဝါဣန္ဒနောက် အသုရာဘုရင်လို လုပ်ချင်တဲ့ ဣန္ဒတစ်ဦးကြောင့် ဒီလို လုပ်ပစ်လိုက်တာပဲ။''

''အသုရာဘုရင်လို အရိယတွေပေါ်မှာ ထင်တိုင်းကျင့်တယ်။''

''ဟုတ်တယ်။ သူတစ်ဦးတည်း မဟုတ်ဘူး။ သူနောက်ရောက်လာတဲ့ တစ်ယောက်ကလည်း ဒီအတိုင်းပဲ။ ဒါတင် မကသေးဘူး။ အဲဒီ ထင်တိုင်းကျင့်တဲ့ကိစ္စမှာ တချို့အရိယတွေကလည်း အဲဒီဣန္ဒဆိုးတွေကို အားပေးကူညီလုပ်နေတာ တွေ့ရသေးတယ်။''

''အကုအညီ ပေးကြတယ်လား။''

''သူတို့အမျိုး, သူတို့တစ်အိမ်ထောင်အကျိုး ကြည့်ပြီးတော့ပေါ့။ ဒါကြောင့် သောဝီရလူစုက 'နောက်ကို ဘယ်သူမှ ဣန္ဒ မခန့်တော့ဘူး။' လို့ ဆုံးဖြတ်လိုက်ကြတယ်။''

'''ဣန္ဒ' ဆိုတာ မိုးကြိုးစက်ကို လက်စွဲတဲ့ နတ်ရဲ့အမည်လည်း ဖြစ်နေသေးတယ်။ ဒါကိုအကြောင်းပြုပြီး လူတွေစိတ်မှာ ထင်ယောင်ထင်မှား ကျယ်ပွားသွားမှာ စိုးရတယ်။''

''သောဝီရတွေလုပ်ပုံ ကောင်းပါတယ် အဆွေ။''

''ဒါပေမယ့် 'အရိယ' အမည်ခံရမှာတောင် ရုက်တဲ့လူတွေ အများကြီး ပေါ်လာကုန်ပြီ။ သူတို့က အသုရာတွေကို မမောနိုင်မပန်းနိုင် ချီးကျူးနေကြတယ်။ အသုရာတွေမှာ ချီးကျူးစရာတွေ အများကြီး ရှိပါတယ်။ အဲဒီအချက်တွေကို ငါကိုယ်တိုင် ချီးကျူးပါတယ်။ အဲဒီအချက်တွေကို တို့ ယူရမှာပဲ။ သူတို့ရဲ့ လက်နက်တွေကို တို့ သိမ်းပိုက်တာပဲ။ သူတို့ နွားလှည်းတွေနှင့် အပြိုင်အဆိုင် မဃဝါဣန္ဒက မြင်းရထားတွေ လုပ်တယ်။ လေးသမားအတွက် မြင်းပေါ်ကပစ်တာထက် ရထားပေါ်ကပစ်တာက ပိုလွယ်တယ်။ ရထားပေါ်မှာဆိုရင် လေးသမားဟာ သဘောအတိုင်း လေးကို ချိန်နိုင်တယ်။ ရန်သူမြားကိုလည်း ကာကွယ်ဖို့ အကာအကွယ်လည်း လုပ်နိုင်တယ်။ အသုရာတွေရဲ့ ချပ်မိန်ညို, လုံ, လက်ကိုင်တုတ်နှင့် တခြားလက်နက်တွေက တို့ အများကြီး နည်းယူရတယ်။ သူတို့မြို့တွေက တို့ အများကြီး နည်းယူရတယ်။ သူတို့ရဲ့ ပင်လယ်ခရီးသွားမှုကိုလည်း တို့ အတုယူသင့်တယ်။ 'ဘာကြောင့်လဲ' ဆိုတော့ ကြေးနီနှင့် တခြားဓာတ်သတ္တုတွေ, ရတနာတွေ၊ ပြီးတော့ ပစ္စည်းအမျိုးမျိုးဟာ ပင်လယ်ကမ်းခြေက လာတာချည်းပဲ။

''အခုလည်း အားလုံး ကူးသန်းရောင်းဝယ်ရေးတွေဟာ အသုရာကုန်သည်တွေ လက်ထဲမှာပဲ ရှိနေတယ်။ တကယ်လို့ ငါတို့ အသုရာတွေနှင့် လွတ်လွတ်ကင်းကင်းဖြစ်ချင်ရင် ပင်လယ်ကြောမှာ လှေသင်္ဘောလွှင့်နည်းကို သင်ရမှာပဲ။ ဒါပေမယ့် အသုရာတွေဆီက တို့အတွက် ဘေးအန္တရာယ်ဖြစ်စေမယ့် အချက်တွေတော့ နားလည်ထားသင့်တယ်။ ဥပမာ အင်္ဂါဇာတ်ကို ရှိခိုးပူဇော်တာမျိုးတွေပေါ့။''

''ဒါပေမယ့် ဘယ်အရိယက လိင်ပူဇော်တာကို ကြိုက်မှာလဲ။''

''မပြောပါနှင့်ဦး အဆွေ။ အရိယတချို့ကပဲ အသုရာတွေလို တို့လည်း ကိုယ်ပိုင်ပုရောဟိတ် ခန့်ထားသင့်တယ်။'လို့ ပြောနေကြတယ်။ တို့ဆီမှာ စစ်သား, ပုရောဟိတ်, ကုန်သည်, လယ်သမား, လက်မှု ပုဉ္စာသည် မကွဲမပြား အားလုံး ဘယ်သူကဘယ်အလုပ်မဆို သဘောအတိုင်းလုပ်နိုင်နေကြတယ်။ အသုရာတွေကတော့ တသန့်စီ-တသန့်စီ အတန်းအစား ခွဲထားကြတယ်။ ကနေ့ အရိယတွေထဲမှာ ပုရောဟိတ်ခန့်လိုက်ရင် မြင်ရလိမ့်မယ်။ နှစ်အနည်းငယ်အတွင်း လိင်ပူဇော်မှုလည်း စလာလိမ့်မယ်။ အသုရာ ပုရောဟိတ်တွေဟာ သိပ်ဉာဏ်များတာပဲ။ လာဘ်လာဘအတွက် လောဘထွက်လာရင် အရိယပုရောဟိတ်တွေလည်း အသုရပုရောဟိတ်တွေလို ဉာဏ်များလာကြမှာပဲ။''

''ဒီလိုဆိုရင် ဆိုးမှာပေါ့ဝရုဏ။''

''လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ လောက်ကတည်းက အသုရာတွေနှင့် ပေါင်းသင်းလာခဲ့တဲ့အတွက် အရိယတွေထဲမှာ အသုရတွေရဲ့အဆိုးတွေ အမျိုးမျိုး စွဲကပ်လာခဲ့တယ်။ ဒါတွေကို မြင်ရပြီး လူအိုလူမင်း အရိယကြီးတွေဟာ စိတ်ပျက်နေကြတယ်။ ငါတော့ စိတ်မပျက်ပါဘူး။ အရိယလူမျိုးတွေကို သူတို့ရဲ့ ရှေးဟောင်းအကြောင်းအရာတွေကို အမှန်အတိုင်းသိအောင် သင်ကြားပေးလိမ့်မယ်ဆိုရင် 'မျက်စိ လင်္ဂ မသွားနိုင်ဘူး။'လို့ ငါတော့ ယုံကြည်ထားတယ်။ သတင်းတစ်ခု ကြားရတာကတော့ အရိယလူမျိုး ဣသိတစ်ယောက် ရှိသတဲ့။ သူနာမည်တွေကတော့ 'အံဂီရာ'တဲ့။ အရိယလူမျိုးတွေရဲ့ ရှေးဟောင်း အတတ်ပညာတွေကို အင်မတန်တတ် ဆိုပဲ။ ဂန္ဓာရမြို့ (တက္ခသိလာ) မှာ နေသတဲ့။ သူဟာ အရိယများကို အရိယလူမျိုးတွေရဲ့ လမ်းဟောင်းပေါ်တင်ပေးဖို့ အတတ်ပညာတွေ သင်ပေးနေတယ်။ ငါ အရိယတွေ အောင်ပွဲဆင်ဖို့အတွက် ဓားလွယ်တဝင့်ဝင့် လုပ်ခဲ့တယ်။ ခုတော့ 'အရိယဇာတ်ကို စောင့်ရှောက်ဖို့အတွက်လည်း တစ်ခုခုတော့လုပ်ရရင် ကောင်းမှာပဲ။'လို့ အတွေးတစ်ခု ပေါ်လာတယ်။''

''ဘယ်လိုများ ဆုံစည်းမိသလဲ မပြောတတ်ဘူး။ ငါလည်း ဣသိအံဂီရာဆီကိုပဲ သွားမလို့။ စစ်အတတ်သင်ဖို့ ရည်ရွယ်တာပဲ။''

''အို-ဒါထက် ပါလ။ အရှေ့ဘက်က အရိယတွေအကြောင်းတော့ မပြောသေးပါလား။''

''အရှေ့ဘက်က အရိယလူမျိုးတွေကတော့ တောမီးလို အနှံ့ ပုံ့နေကြတယ်။ ဒီဂန္ဓာရ ရှေ့ဘက်ကြော မြေတွေကို မဒ္ဒလူမျိုးတွေက သိမ်းပိုက်ထားကြတယ်။ မဒ္ဒတွေရဲ့ ရှေ့ဘက်တစ်ကြောကိုတော့ မလ္လတွေက သူတို့ပိုင် ဇနပုဒ် (လူစုနယ်မြေ) လုပ်ထားကြတယ်။ ဒီအတိုင်းပဲ ကုရု, ပဉ္စာလနှင့် တခြားလူမျိုးတွေကလည်း နေရာကောင်းကြီးတွေကို ကိုယ်စီကိုယ်ငင အပိုင် သိမ်းပိုက်ထားကြတယ်။''

''ဒီလိုဆိုရင် အဲဒီနေရာတွေမှာလည်း အရိယလူမျိုးတွေ အများကြီးဖြစ်နေမှာပေါ့။''

''သိပ်အများကြီးတော့ မဟုတ်ပါဘူး။ ရှေ့ဘက် ကျသွားလေလေ အသုရာတွေနှင့် တခြားလူမျိုးတွေကို ပိုတွေ့ရလေလေပဲ။''

''တခြား ဘာလူမျိုးတွေ ရှိသေးသလဲ''

''အသုရာတွေဟာ ငါးခုရောင် ဖြစ်စေ, ကြေးနီရောင်ဖြစ်စေ အရောင်ရှိကြတယ်။ အရှေ့ဘက်မှာ တခြားလူတစ်မျိုး ရှိသေးတယ်။ အဲဒီလူမျိုးတွေကို 'ကောလ' လို့ ခေါ်တယ်။ သူတို့ကတော့ ဥသြဌ်လို လုံးလုံးအနက်ရောင် ရှိတယ်။ ကောလလူမျိုးတွေဟာ ကောလရွာတွေမှာလည်း နေကြတယ်။ ပြီးတော့ တောများမှာလည်း သမင်တွေလိုပဲ နေကြတယ်။ တောနေ ကောလလူမျိုးတွေရဲ့ လက်နက်တွေဟာ ကျောက်သားနှင့် လုပ်ထားတာတွေ။''

''ဒါဖြင့် အရိယတွေဟာ အနာရိယ (အရိယမှတစ်ပါးသောလူမျိုး) တွေနှင့် တိုက်ပွဲ အကြီးအကျယ် ဆင်နွှဲနေရမှာပေါ။''

''အကျိတ်အနယ်တိုက်ရတဲ့တိုက်ပွဲတွေ အခု အတော်နည်းသွားပါပြီ။ အရိယတွေရဲ့ မြင်းတွေကို မြင်ရုံနှင့် အနရိယတွေ ထွက်ပြေးကုန်ကြရော။ ဒါပေမယ့် အနရိယတွေဟာ ညညကျမှ တို့ရွာတွေ ထဲကို ပြုတ်ကျား ဝင်ဝင်တိုက်ကြတယ်။ ဒါကြောင့် ငါတို့ဟာ အနရိယတွေကို ရက်ရက်စက်စက် လုပ်လုပ်ပေးရတယ်။ ငါတို့ဒဏ်ကို မခံနိုင်ကြလို့ အသုရာ (သဝရလူမျိုး)တွေ, ကောလလူမျိုးတွေရဲ့ ရွာပေါင်းများစွာ ဟင်းလင်းဖြစ်ကုန်ပြီ။ သူတို့တစ်တွေ အရှေ့ဘက်ကို ပြေးနေကြရတယ်။''

''အန္ဒို- နင့်အရပ်မှာကော ပါလ။ အသုရာတွေရဲ့ ဓလေ့ထုံးစံတွေဝင်မှာ မစိုးရဘူးလား။''

''မဒ္ဒတွေထဲတော့ ဝင်မှာ မစိုးရပါဘူး။ မလွှတွေထဲလည်း ဝင်ဖို့ အကြောင်းမရှိလှဘူး။ ဒီထက် အရှေ့ဘက်ကျနေတဲ့ နေရာတော့ မပြောတတ်ဘူး။ အမှန်ကတော့ ငါတို့ဆီမှက အနရိယတွေ တောထဲမှာ ချည်း နေကြတယ်။''

မိတ်ဆွေ ၂ ဦး စကားတပြောပြောနှင့်လာကြရာ မှောင်သည့်တိုင်အောင် စကားအဆက်မပြတ် သေးပေ။ အကယ်၍ ဇရပ်စောင့်မကသာ စားရေးသောက်ရေး လာ၍ မမေးပါမူ ယခုအထိ စကားလက်စ ပြတ်ချင်မှ ပြတ်ပေဦးမယ်။

ဇရပ်မှာ ရွာကဆောက်လုပ်ထားသော ဇရပ် ဖြစ်သည်။ ၄င်းဇရပ်တွင် အားလုံးခရီးသည်များ တည်းခို ရန် အစီအစဉ်များ ပြုလုပ်ထားသည်။ 'အားလုံးခရီးသည်'ဆိုရာ၌ 'ဆံပင်ရွှေဝါ အရိယလူမျိုးအားလုံး' ဟူ၍ ပြောဖွယ်ပင် မလိုတော့ပေ။

အစားအသောက်မပါသော ခရီးသည်များ ဇရပ်မှ ဆတ္တူးနှင့် နွားသားပြုတ်ရည်ကို ရနိုင်သည်။ အကယ်၍ ခရီးသည်က ချက်ပြုတ်စရာများကို ဖြစ်စေ, ဖလှယ်စရာပစ္စည်းများကိုဖြစ်စေ ပေးပါမူ၊ ဇရပ်စောင့်မက စားဖွယ်သောက်ဖွယ်များ ပြုပြင်ပေးသည်။ သောမအရက်, ဘင်းရည်နှင့် သုရာအရက် (ဝိုင်အရက်) များကြောင့် ဇရပ်မှာ နာမည်ကြီးလှသည်။ ဝရဏနှင့်ပါလာသည့် နွားသားကင်နှင့် သုရာ အရက်ကို မြည်းရင်း ချစ်ကြည်ရင်းနှီးမှုခိုင်မြဲအောင် ပြုလုပ်ကြသည်။

၂

ဣသိအင်္ဂါရာသည် သိန္ဓုမြစ်အရှေ့ဘက်ကမ်း ဂန္ဓာရလူစုတွင် အမြင့်ဆုံးအတန်းရှိသော လူစုအရှင် အာဏာပိုင်ဘဝသို့တိုင်အောင် ရောက်ခဲ့ဖူး၏။

ပထမလူတစ်ဆက် လွန်ပြီးနောက် အသုရာလူမျိုးများ ပုက္ခလာဝတီမှ ဖယ်ခွာခဲ့ကြသည်။ ဒုတိယ တစ်ဆက်တွင် ကုနာရမြစ်ကမ်းမှလာ၍ ဂန္ဓာရလူစုလက်ခွဲတစ်ခုက ဂန္ဓာရတိုင်းအနောက်ပိုင်းကို တိုက် ခိုက်သိမ်းယူလိုက်သောအခါ၊ အသုရာလူမျိုးတို့သည် သေဘေးမှကာကွယ်ရန် အဆောတလျင် အနောက် ပိုင်းဂန္ဓာရကို အပြောင်ရှင်းလင်းသွားကြလေသည်။

အနှစ် ၃၀ ကျော်လွန်သောအခါကျမှ သိန္ဓုမြစ်ကမ်း အရှေ့ဘက်နယ်မြေများကို ဂန္ဓာရနှင့် မဒ္ဒလူမျိုး များက ဝင်ရောက်တိုက်ခိုက်ကြလေသည်။ ထို့နောက် ဝိတတ္တာ (ဂျေလမ်)နှင့် သိန္ဓုမြစ်အကြားရှိ နယ်မြေ ကို ဂန္ဓာရများက၊ ၄င်းပြင် ဝိတတ္တာနှင့် ဣရာဝတီ (ရာဝီ) မြစ်အကြားရှိ နယ်မြေကို မဒ္ဒများက အချင်းချင်း ဝေယူကြလေသည်။

နောင်သောအခါ ၄င်းအရပ်များသည် အစဉ်အတိုင်း 'အရှေ့ဝိုင်းဂန္ဓာရ', 'မဒ္ဒဇနပုဒ်'ဟူသော အမည်များဖြင့် ထင်ရှားကျော်ကြားလေသည်။

အဆိုပါ ဒေဝအရိယ, အသုရစစ်ပွဲတွင် လူမျိုး ၂ မျိုးသည် လူစိတ်ပျောက်သော ရက်စက်ကြမ်း ကြုတ်မှုများကိုပြရန် နှင်လား, ငါလား အပြိုင်အဆိုင် ဖြစ်ခဲ့ကြသည်။ ၄င်း၏အကျိုးကား ဂန္ဓာရနယ်တွင် အသုရာ လုံးလုံးပျောက်သွားရုံမက၊ မဒ္ဒနယ်တွင်လည်း အတော် ခေါင်းပါးသွားလေတော့သည်။

သို့သော် ကာလ ကြာညောင်းသွားသည်နှင့်အမျှ နောင်သောအခါ အသုရာဆန့်ကျင်သူများ လျော့ပါးသွားလေတော့သည်။ ဆံပင်ရွှေဝါများလည်း သူတို့၏ ရက်စက်ကြမ်းကြုတ်မှုများကို လျှော့ပစ်လိုက်ကြမ်လဲသည်။

ထိုမျှသာ မကသေး။ သောဝီရ ဝရဏာပြောသောအတိုင်း 'ဆံပင်ရွှေဝါများ'အပေါ် အသုရာများက အတော်ပင် လွမ်းမိုးလာခဲ့လေသည်။

ဣသိအံဂီရာသည် ဝက္ခမြစ်ကမ်းမှရွှေပြောင်းလာသော အရိယအစဉ်အဆက်၏ ပညာရှိကြီးတစ်ယောက်ဖြစ်ရုံသာမက အရိယလူမျိုးများ၏ သွေးစင်ကြယ်မှုနှင့် အခြားသောယုံကြည်ချက် အလေ့အထ သန့်ရှင်းမှုကို မစွန့်လွှတ်ရန်လည်း များစွာစိတ်စောလေသည်။

ထို့ကြောင့် အရှေ့ပိုင်းဂန္ဓာရတွင် အကြောင်းတစ်ခုခုရှိ၍ တိမ်ကောခဲ့ပြီဖြစ်သော မြင်းသားစားမှုကို မြင်းများအမွေးခိုင်း၍ တစ်ဖန် ပြန်ဖော်ခဲ့လေသည်။

အံဂီရာ၏ အရိယဇာတ်ကို ချစ်မှု, ပညာစုံမှု, စစ်အတတ်တွင် ဆရာမြောက်မှု ဂုဏ်သတင်းအာယ်မျှ ကျော်ကြားလေသနည်း။-ဆိုသော်၊ အဝေးဆုံး အရိယဇနပုဒ်မှပင် အရိယလူမျိုးလူငယ်များ သူ၏ ထံမှောက်သို့ ပညာသင်ကြားရန် ရောက်ရှိလာကြသည်။

သို့သော် နောက်သောအခါ ဂန္ဓာရမြို့တွင် အံဂီရာစိုက်ပျိုးခဲ့သော အတတ်ပညာအညောက်သည် 'တက္ခသိလာ' အဖြစ် ခမ်းနားသော သစ်ပင်ကြီးတစ်ပင်ဘဝသို့ ရောက်၍၊ ၄င်းအပင်ကြီး၏ အရိပ်နှင့် ချိုမြိန်သောအသီးများမှ အကျိုးအမြတ်ရယူရန် ယူဇနာ ရာပေါင်းများစွာ ဝေးကွာသောအရပ်မှ ထွက်ခွာ၍ အရိယအတတ်ပညာကို ချစ်ခင်သူများ လာရောက်ကြလိမ့်မည်။-ဟုကား ထိုစဉ်က မည်သူတစ်ဦးတစ်ယောက် သိနိုင်ပါအံ့နည်း။

ဣသိအံဂီရာ အသက် ၆၅ နှစ် ရှိခဲ့လေပြီ။ သူ၏ ဖြူသောဆံပင်များ, ချက်တိုင်အောင် ဆင်းနေသောတောက်ပြောင်သည့် အဖြူရောင်မုတ်ဆိတ်မွေးများမှာ သူ၏ ငြိမ်သက်တည်ကြည်သော မျက်နှာပေါ်တွင် လေးစားစရာကြီး ဖြစ်နေပေသည်။

ယခုခေတ်အထိ ကဇလာင်, မင်နှင့် ဘုဇပတ်ရွက်များ အသုံးပြုဖို့ရန် ရာစုနှစ်ပေါင်းများစွာ လိုနေပေသည်။

သူ၏ သင်ကြားမှုအားလုံး နှုတ်တိုက် ဖြစ်လေသည်။ သင်ယူကြရာဝယ် ရှေးဟောင်းသိချင်း (ခြင်း)များနှင့် ဂါထာများကို စာသင်သားများက အပြန်ပြန်အလှန်လှန် ရွတ်ဆို၍ နှုတ်ငုံဆောင်ကြလေသည်။

ရပ်ဝေးမှ စာသင်သားတို့သည် စားဖွယ်သောက်ဖွယ်များကို မဆောင်ကြဉ်းနိုင်ခဲ့ကြပေ။ ထို့ကြောင့် ဣသိအံဂီရာက စာသင်သားများ၏ အဝတ်,အစားအတွက် စီစဉ်ပေးရလေသည်။

အံဂီရာသည် သူ၏ ဘိုးဘွားပိုင်လယ်မြေများအပြင် စာသင်သားတို့၏အကူအညီဖြင့် တောခုတ်၍ လယ်အသစ် တိုထွင်လေသည်။ ၄င်းလယ်ယာများမှ ၁နှစ်စာ ဂျုံများ ထွက်လေသည်။ ထိုအချိန်တိုင်အောင် ဥယျာဉ်ချသော အလေ့ မရှိခဲ့သေးပေ။ သို့သော် တောတွင် သစ်သီးမှည့်ချိန်ရောက်သောအခါ သစ်သီးရှာမှီးရန် တပည့်များနှင့်အတူ အံဂီရာရသေ့ ထွက်ခွာသွားလေ့ရှိ၏။

လယ်ထွန်ချိန်၊ ပန်း, သစ်သီး, ထင်းများ ရှာဖွေစုဆောင်းချိန်များ၌ ဣသိနှင့် ၄င်း၏စာသင်သားများသည် ဝက္ခမြစ်နှင့် သုဝဏ္ဏမြစ်ကမ်းတွင်နေစဉ်၊ဂ သီဆိုခဲ့သောသီချင်းများကို အသံလွှင့်၍ သီဆိုကြ၏။

ဂန္ဓာရနယ်အလုံးတွင် အကြီးဆုံး 'မြင်းခြံ'-မြင်းမွေးရာကွင်းမှာ အံဂီရာပိုင် ဖြစ်သည်။ ဝေးလံလှသောအရပ်များသို့တိုင်အောင်ပင် သူ၏တပည့်များနှင့် အသိမိတ်ဆွေများကို အစုံစမ်းခိုင်း၍၊ မြင်းထီး,

မြင်းမ မျိုးကောင်းကောင်းများကို စုဆောင်း၍ မြင်းမျိုးများထွန်းကားအောင် ပြုလုပ်သည်။ နောင်သောအခါ နေရာတကာတွင် 'သိန္ဓဝ (သိန္ဓော)' ဟူသော အမည်ဖြင့် ထင်ရှားကျော်ကြားသော မြင်း၏ အမှန်မူလမှာ ဤသိအင်္ဂီရာ၏မြင်းခြံမှပင် စတင်ခဲ့လေသည်။ မြင်းများအပြင် ဤသိအင်္ဂီရာတွင် ထောင်ပေါင်းများစွာသော နွားမများနှင့် သိုးများ ရှိလေသည်။

သူ၏တပည့်များမှာ ပညာသင်ကြားမှုနှင့်တွဲဖက်၍ လက်မှုကိစ္စများကိုလည်း လုပ်ကိုင်ကြရလေသည်။ ထိုအလုပ်ကိစ္စများတွင် တစ်ရံတစ်ခါ ဤသိကိုယ်တိုင်လည်း ပါဝင်လုပ်ကိုင်လေသည်။ အဆိုပါ အလုပ်ကိစ္စများ လုပ်မှ ဖြစ်မည်။ ထိုသို့ အလုပ်ရှိကြသဖြင့် တပည့်များ စားရေး,ဝတ်ရေး အခက်အခဲ မတွေ့ရတော့ပေ။

တက္ကသိလာ၏ အရှေ့ဘက်ရှိ တောင်ကုန်းအားလုံး ရေမိုးလုံလောက်၍ အသီးနှံ ပေါများသည့်အပြင် စိမ်းစိမ်းစိုစို ရှိလှပေသည်။

ယနေ့ အင်္ဂီရာနှင့်အတူ ဝရဏနှင့် ပါလတို့ စာသင်သားတစ်စု နွားစားကျက်ကို ကြည့်ရှုနေကြသည်။ တဲများအပြင်ဘက် အတန်ငယ်ဝေးကွာသောနေရာတွင် နီရောင်ပြေးသောနွားကလေးများ ခုန်ပေါက်မြူးထူးနေကြသည်။

ဤသိသည် သူ၏တပည့်များနှင့်အတူ အပြင်ဘက် စိမ်းစိုသောမြက်ခင်းပေါ်တွင် ထိုင်နေသည်။ ဤသိ၏လက် ဘယ်လက်ထဲတွင် နူးညံ့သောသားမွေးချည်ခင် ရှိသည်။ လက်ယာဖက်လက်ဖြင့် သစ်သားရက်ဖောက်ကြိုးကို 'ယောက်'[၁] နေသည်။ တပည့်အချို့လည်း ရက်ဖောက် ယောက်နေကြသည်။ အချို့က သားမွေးကို ရှင်းနေကြသည်။ အချို့ကား သားမွေးများကို ရှည်လျားစွာ ဆွဲငင်နေကြသည်။ ယနေ့ ဤသိသည် 'ခေတ်ဟောင်းနှင့် ခေတ်သစ်, အရိယနှင့် အနာရိယတို့ လုပ်နည်းလုပ်ထုံးများ, လက်မှုပညာ အမျိုးမျိုးတွင် အဘယ်ကိုယူ၍ အဘယ်ကိုစွန့်ရမည်။' ဟူသောအကြောင်းကို ရှင်းလင်းပြောနေသည်။

"ချစ်သားတို့။ 'အသစ်'ဟူသမျှ စွန့်ရမည်။ 'အဟောင်း'ဟူသမျှ ယူရမည်။-ဆိုသော စကားကား လုံးဝ မှားသည်။ လိုက်နာလုပ်ကိုင်ရန်မှာကား ပို၍ ခဲယဉ်းသေးသည်။ ဝက္ခမြစ်ကမ်းနေ အရိယများတွင် ပထမဦးစွာ ကျောက်သွားလက်နက်များအစား ကြေးနီလက်နက်များ ပြန့်ပွားလာသောအခါ အရိယပေါင်းများစွာကပင် ထိုပစ္စည်းအသစ်ကို ဆန့်ကျင်ဘက် လုပ်ခဲ့ကြသည်။"

ဤသိ၏တပည့်ချစ် ဝရဏက မေးသည်။

"ကျောက်သားလက်နက်ကို ဘယ်လိုလုပ် အသုံးပြုမှာလဲ။"

"ချစ်သား။ ယနေ့ ကြေးနီလက်နက်များကို အသုံးပြုနေကြသည်။ မနက်ဖြန် ဤကြေးနီလက်နက်ထက် ပို၍ထက်မြက်သော လက်နက်များ ပေါ်လာလိမ့်ဦးမည်။ ထိုအခါ လူများက 'ကြေးနီလက်နက်ကို ဘယ်ပုံ အသုံးပြုမည်။' ဟု မေးကြလိမ့်မည်။ လူသည် သူ့ခေတ်တွင်ရနိုင်တဲ့ လက်နက်ကိုသာ အသုံးပြုသည်။ ကျောက်သားပုဆိန်များဖြင့် စစ်တိုက်သောအခါ ၂ ဘက်စစ်သားများတွင် ကျောက်သားပုဆိန်များသာ ရှိကြသည်။ တစ်ဘက်တွင် ကြေးနီပုဆိန် ရှိလာသည့်နည်းတူ အခြားတစ်ဖက်မှာလည်း ကျောက်သားကိုစွန့်၍ ကြေးနီပုဆိန်ကိုသာ လက်ခွဲရလေတော့သည်။

"အကယ်၍ အခြားတစ်ဘက်က လက်နက်တူမပြုလုပ်ဘဲ နေခဲ့သော် မပြုလုပ်သောဘက်သားများက ကမ္ဘာပေါ်တွင် အသက်ရှင်ရန် နေရာရှိတော့မည် မဟုတ်ပေ။ ထို့ကြောင့် 'အသက်အားလုံး စွန့်ရမည်။' ဟူသောစကားကို 'အမှား'ဟု ဆိုသည်။ အကယ်၍ ငါသည် အသစ်ကို ဆန့်ကျင်သောသူဖြစ်ဘိမူ၊ ဤမျှလှပသော မြင်းမများ, ဤမျှလှပသောနွားများ ပေါက်ပွားအောင် မပြုလုပ်နိုင်ပေရာ။

၁။ ယောက် = ရက်ဖောက်တွင် ချည်ရစ်သွင်းခြင်းကို ခေါ်သည်။ ကြိုယာအဖြစ် သုံးသည်။

ငါသည် မြင်းထီးလှလှ, မြင်းမချောချောများကို ရွေးချယ်ခဲ့သည်။ ၃၅ နှစ်လွန်မြောက်၍ ယခုအချိန်သို့ ရောက် သောအခါ အင်ဂရာ၏မြင်းများ ဤကဲ့သို့ တိုးတက်နေပုံကို ယင်တို့ တွေ့မြင်ကြရသည်။

''အသုရာများသည် လယ်များကို မြေဩဇာကောင်းအောင် စီမံကြသည်။ သူတို့သည် တောင်ကျ ချောင်းများမှ မြောင်းများဖောက်သွယ်၍ ရေသွင်းကြသည်။ ငါတို့သည် ဂန္ဓာရ၌ ဤလုပ်ငန်းများကို လိုက်နာလုပ်ကိုင်ခဲ့ကြသည်။ သူတို့၏ မြို့တည်နည်း, ဆေးဝါးကုသနည်း အမျိုးမျိုး အလွန်ကောင်းသည်။ ငါတို့ ၄င်းနည်းများကို ယူကြရသည်။ အစားအစာ, အဝတ်အထည်, အသက် ကာကွယ်ရန် အသုံးဝင်သော ပစ္စည်းများ ရသလောက် လက်ခံသင့်သည်။

''ဤအရာသည် အဟောင်းဖြစ်သည်။ အသစ်ဖြစ်သည်။ အရိယထံမှ လာသည်။ အနရိယများထံမှ လာသည်။- ဟူသောအချက်များကို နှလုံးပြု မနေသင့်။ သုဝတ္ထုမြစ်ဝှမ်းတွင် နေစဉ်နှင့် ၄င်းခေတ်မတိုင်မီကပင် အရိယများသည် ဝါဂွမ်းအဝတ်ကို အမည်မျှပင် မကြားဖူးသေးပေ။ သို့သော် ယခုအခါ ငါတို့ ဝါဂွမ်းအဝတ်ကို ဝတ်နေကြသည်။ နွေရာသီတွင် ဝါဂွမ်းအဝတ်သည် ချမ်းသာသုခကို ပေးပေသည်။

''သို့သော် အဆိပ်အတောက်ကဲ့သို့ ငါတို့ နားလည်သင့်သော ဝတ္ထုလည်း အများအပြားပင် ရှိသည်။ အသုရာတို့၏ 'လိင်္ဂပူဇာ'အကျင့်မှာ ငါတို့အတွက် ကဲ့ရဲ့ဖွယ်ဖြစ်သည်။ သူတို့၏ ပြင်းထန်သော လူအတန်းအစား ခွဲခြားမှုသည် ငါတို့အတွက် ပယ်စွန့်ရမည့်အရာ ဖြစ်သည်။ အကြောင်းသော်ကား အတန်းအစား ခွဲခြားခြင်းကြောင့် လူအားလုံး သူတို့လူစု၏လုံခြုံရေးအတွက် လက်နက်ကို မထမ်းချိနိုင်။ အချင်းချင်း အမြင့်, အနိမ့် စိတ်ထားသာ တိုးပွားနေတော့သည်။ အသုရာတို့နှင့် သွေးမရောစပ်သင့်။ အကြောင်းသော်ကား သွေးရောစပ်မှုသည် အသုရာဖြစ်ရေးအတွက် တံခါးဖွင့်ပေးလိမ့်မည်။ (အစဖြစ်လိမ့်မည်)။ ထို့နောက် လက်မှုပညာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့်အတန်း အနိမ့်,အမြင့်အမျိုးမျိုး ကွဲပြားသွားလိမ့်မည်။'' **မိန့်ခွန်းအနေခံခံစားသံနှင့် မြန်ဆိုထားသည်။**

ပါလ-

''သွေး ရောစပ်တာကိုတော့ အားလုံးအရိယတွေက 'သိပ်ဆိုးတယ်'လို့ အသိအမှတ် ပြုကြတယ်။''

ဣသိ-

''ဟုတ်တယ်။ ဒါပေမယ့် ဒီသွေးရောစပ်တာကို ဒီလောက် အရေးမလုပ်ကြပါဘူး။ အသုရာမတွေ, ကောလမတွေနှင့် အရိယတွေ အစပ်အယှက် မရှိဘူးလား။''

ဝရဏ-

''ဟုတ်ပါတယ်။ 'နယ်စပ်မှာတော့ စပ်ယှက်ကြတယ်။'လို့ ပြောကြတယ်။ အသုရာပြည့်တန်ဆာမတွေကိုတော့ ငါတို့စစ်သားတွေ များသောအားဖြင့် သွားကြတာပဲ။''

ဣသိ-

''ဒီလိုသွားတော့ ဘာဖြစ်မလဲ။ အရောင်,မျိုး အရောအစပ်တွေ များလာမှာပေါ့။ အသုရာတွေထဲမှာလည်း ဆံပင်ရွှေဝါယောကျ်ားကလေး မိန်းမကလေးတွေ ပေါက်ဖွားလာကြလိမ့်မယ်။ ဒီကလေးတွေကို အထင်လွဲလို့ပဲ ဖြစ်ဖြစ်, အလိမ်မိလို့ပဲ ဖြစ်ဖြစ်၊ အရိယတွေက သူတို့အထဲ လက်ခံထားမယ်။ ဒီအခါ သွေးသန့်ရှင်းမှု ဘယ်ကလာ ဖြစ်နိုင်တော့မှာလဲ။ ဒါကြောင့် သွေးသန့်ရှင်းရေးအတွက် ငါတို့ ယောကျ်ား, မိန်းမ-၂ ဘက်စလုံးက အရေးတကြီး သတိထားကြရမယ်။ ဒါတင် မကသေးဘူး။ ငါတို့ အရိယဇနပုဒ်တွေမှာ ကျွန်စနစ်ကိုလည်း လက်မခံမိအောင် သတိထားကြရမယ်။ အကြောင်းကတော့ သွေးသန့်ရှင်းရေးအတွက် ကျွန်စနစ်ထက် ပိုအန္တရာယ်များတာ ဘာတစ်ခုမှ မရှိဘူး။ ငါ ပြောလိုက်မယ်။ အရိယတွေနေတဲ့ နေရာမှာ အနရိယတွေ နေကိုမနေနိုင်အောင် လုပ်ပစ်ရမယ်။

‘ဣန္ဒ’ ဟူသည်မှာ
လူအများတ ရွေးကောက်ထားသော
စစ်ဗိုလ်ကြီးတစ်ယောက်မျှ ဖြစ်သည်။
ဣန္ဒသည် လူထုအပေါ်တွင်
တစ်စုံတစ်ရာအုပ်ချုပ်ရန် အခွင့်အာဏာ မရှိ။

‘‘ချစ်သားတို့။ အသုရာတို့၏ ဘုရင်စနစ်၊ ထိုဘုရင်စနစ် အစိတ်အပိုင်းတစ်ခု မှုချဖြစ်သော ပုရောဟိတ်စနစ်များကား ဘေးအန္တရာယ်အများဆုံးနှင့် မကောင်းမှုအားလုံးတို့၏ အရင်းအမြစ် ဖြစ်သည်။

‘‘အသုရာလူမျိုးများမှာ တစ်စုံတစ်ရာ အခွင့်အရေး မရှိ။ အသုရာဘုရင်ပြောသမျှ လိုက်နာခြင်းကိုသာလျှင် အသုရာတိုင်းက သူတို့၏ ‘ဘာသာရေးတာဝန်’ ဟု မှတ်ထင်နေကြသည်။ ပြည်သူပြည်သားများ၏ ကိစ္စရေးရာအားလုံး ‘အထက်ပိုင်းမှနတ်များနှင့် အောက်ပိုင်းမှဘုရင်က တာဝန်ခံထားသည်။’-ဟု အသုရာပုရောဟိတ်များက သင်ကြားပေးနေသည်။ လူထုမှာ တစ်စုံတစ်ရာ ပြောပိုင်ခွင့်, လွတ်လပ်မှု မရှိ။ ဘုရင်ကိုယ်တိုင် မြေပေါ်တွင် ‘နတ်’ ဖြစ်နေသည်။

‘‘သိဝိနှင့် သောဝီရလူမျိုးများ ‘ဣန္ဒရာထူးကို ဖြုတ်ပစ်လိုက်ကြကြောင်း’ ကြားသောအခါ ငါ အလွန်ဝမ်းသာခြင်း ဖြစ်ခဲ့သည်။ ‘ဣန္ဒ’ ဟူသည်မှာ လူအများက ရွေးကောက်ထားသော စစ်ဗိုလ်ကြီးတစ်ယောက်မျှ ဖြစ်သည်။ ဣန္ဒသည် လူထုအပေါ်တွင် တစ်စုံတစ်ရာအုပ်ချုပ်ရန် အခွင့်အာဏာ မရှိ။ အရိယလူမျိုးများတွင်း၌ ဣန္ဒသည် အသုရာဘုရင်ရှိသော အဆင့်အတန်းမျိုး ဘယ်သောအခါကမှ မရခဲ့ဖူးသည်ကား မှန်၏။ သို့သော်လည်း ဤဣန္ဒဘွဲ့ထူးကြောင့် အန္တရာယ်များသည်။ အချို့သော အရိယများသည် ဣန္ဒဘွဲ့ထူးကို အကာအကွယ်ယူ၍ အရိယလူမျိုးများအတွင်း ဘုရင်စနစ်ကို ထူထောင်ရန်ပင် ကြိုးစားကြသည်။ အကယ်၍ အရိယများသည် အရိယဓာတ်ကို ထိန်းသိမ်းထားလိုကြပါမူ မည်သူတစ်စုံတစ်ယောက်အားမျှ ဘုရင်ကဲ့သို့ အံ့ခွင့်အာဏာများ ပေးမထားသင့်ပေ။

‘‘အရိယများသည် အသုရာတို့၏ဘာသာရေးကို အပြင်းအထန်ရှုတ်ချကြသည်မှာ ယုံမှားဖွယ် ရာ မရှိပေ။ သို့သော် အရိယများကိုယ်တိုင် ဘုရင်ဖြစ်သောအခါ ထိုနေ့တွင်ပင် အသုရာတို့ကဲ့သို့ အရိယပုရောဟိတ်များလည်း ရောက်လာကြလိမ့်မည်။ ထိုအခါ အရိယလမ်းကြောင်း ကောင်းကောင်းကြီး ပျောက်ကွယ်လေပြီ။’ဟု မှတ်ကြ။ လူထု၏ ချွေးနဲစာအပေါ်တွင် ဘုရင်က အမြိုင့်သား တက်နေလိမ့်မည်။

‘‘ဘုရင် ဆိုသောသူသည် နတ်များ၏ အကူအညီကိုရရန် ပုရောဟိတ်များကို တံစိုးပေး၍ သူဘက်သို့ အပါဆွဲလိမ့်မည်။ ဤသို့အားဖြင့် ဘုရင်နှင့် ပုရောဟိတ် ပူးပေါင်း၍ ပြည်သူပြည်သားတို့အား သူတို့ ကျွန်များ လုပ်ပစ်ကြလိမ့်မည်။

‘‘ငါတို့အရိယများ၏ ရှေးဟောင်းစနစ်ကို ခိုင်ခိုင်မာမာကြီး ဆုပ်ကိုင်ထားကြရမည်။ ဘယ်အရပ်မှာမဆို တစ်စုံတစ်ယောက် အရိယသည် ရှေးဟောင်းစနစ်များကို စွန့်လွှတ်ငြားအံ့ အရိယတို့အား အရိယလူမျိုးအစုအပေါင်းမှ ထုတ်ပစ်ကြရမည်။’’ **မိန့်ခွန်းအနေ နံခုံစာသံနှင့် ပြန်ဆိုထားသည်။**

၃

သောဝီရ တောင်ဘက်ပိုင်း (ကရာကျီကစ်ပိုက်)မှ အမျိုးမျိုးစိုးရိမ်ဖွယ်သတင်းများ ဝရုဏ ရခဲ့လေသည်။ ထိုသတင်းများအရ သိရသည်ကား 'နောက်ဆုံးပိတ်အသုရာခံတပ် ကျဆုံးခြင်းနှင့်အတူ၊ အရိယတို့၏အတွင်း အကြီးအကျယ်စိတ်ဝမ်းကွဲမှုများ ဖြစ်ချင်နေသည်။' ဟူသတည်း။

ဝရုဏသည် သူ၏ဆရာနှင့်အတူ သောဝီရပြဿနာများနှင့် ပတ်သက်၍ အကြိမ်ပေါင်းများစွာ အဖက်ဖက်မှစဉ်းစားခဲ့သည်။

ဣသိအံဂိရာ အမြဲပြောဖူးသည်။

"ဤစိတ်ဝမ်းကွဲမှုသည် ပထမ သောဝီရလူမျိုးတို့အထဲတွင် ပေါ်ပေါက်သော်လည်း၊ သောဝီရများသည် အစဉ်အတိုင်း ပုဂ္ဂိုလ်တစ်ဦး၏အပေါ်တွင် လူစု၏အုပ်ချုပ်မှုကို လက်ခံလာခဲ့ကြလေသည်။ သို့သော်လည်း အသုရာများ၏ အသက်ဦးဆံပိုင်ဘုရင့်အာဏာကို မြင်တွေ့ရ၍ များစွာသော အရိယခေါင်းဆောင်တို့ကို အခွင့်အာဏာနှင့် စည်းစိမ်ဥစ္စာများက ဖြားယောင်းသွေးဆောင်နိုင်လေသည်။

"ဤကဲ့သို့ ကွဲပြားသော သဘောထား ၂ မျိုး၏ တိုက်ပွဲတစ်ပွဲမှာ အပြင်းအထန် အမှန်ဖြစ်ပေရာသည်။ ထို့နောက် အသုရာလူဦးရေ ပိုမိုများပြားသောဇနပုဒ်တွင် ၄င်းတိုက်ပွဲမျိုး ပိုမိုပြင်းထန်ဖွယ်ရာ ရှိပေသည်။ အကြောင်းသော်ကား စစ်ရှုံးအသုရာများက အရိယတို့အတွင်းဖြစ်ပွားနေသော ကွဲပြားမှုမှ 'အမြတ်ထုတ်ကြမည်။' ဖြစ်သောကြောင့်ပေတည်း။"

စနှစ် နေထိုင်ပြီးနောက် သောဝီရမြို့ (ရောရုက-ရိဋ္ဌ)မှ လာသောသတင်းများကို ကြားရ၍ ဂန္ဓာပုရ်ကို ဝရုဏ စွန့်ခွာရလေတော့သည်။ ဇရပ်တွင် ပထမဆုံးမိတ်ဆွေဖြစ်ခဲ့သော မဒ္ဒလူမျိုးပါလ သူနှင့်အတူ ပါလေသည်။

ဂန္ဓာရနယ်စပ်ကို ဖြတ်ကျော်၍ သူတို့ ၂ ဦး ဆားတောင်များရှိသော သိန္ဓုမြစ်ကမ်း ဇနပုဒ်တစ်ခုသို့ ဝင်ရောက်ကြလေသည်။ ဆားကျင်းများတွင် အလုပ်လုပ်ကိုင်ကြသောသူများ ယခုတိုင်အောင် အသုရာကုန်သည်နှင့် အလုပ်သမားချည်းလိုလို ဖြစ်နေသေးသည်။

ဤအခြေအနေများက ဆံပင်ရွှေဝါ (အရိယ) တို့အပေါ် ဆိုးဆိုးဝါးဝါးလွှမ်းမိုးနေသည်။ အရိယများကား လူဖျင်း၊ အလွယ်ကြိုက်သမားများ ဖြစ်နေကြသည်။ ၄င်းတို့သည် ကိုယ့်အလုပ်ကို အနရိယအခိုင်းအစေများအား အလုပ်ခိုင်းဖို့လောက် စိတ်သန်နေကြသည်။ ၄င်းပြင် 'ငါတို့အလုပ်ကား မြင်းစီးခြင်း၊ ဓားကစားခြင်းသာ ဖြစ်သည်။'ဟု အထင်ရောက်နေကြသည်။

အနရိယတို့နယ်မြေများသည် အသုရာဘုရင်ကဲ့သို့ အကြမ်းဖက်လိုသော အရိယအသက်ဦးဆံပိုင် စနှစ်အညောက်ပေါက်ရန် လယ်ယာမြေကောင်းများ ဖြစ်သည်။ သို့သော် ဆားတောင်များကို ဖြတ်ကျော်ပြီးနောက် သောဝီရ၏ ပထမဌာန (မူလဌာန မုလ်တန်) သို့ ရောက်သောအခါ အခြေအနေ အတန်ငယ် ကောင်းမွန်သည်ကို တွေ့ရလေသည်။

မုလ်တန်တွင် နေထိုင်ကြသောသူများမှာ အားလုံး အရိယချည်းသာ ဖြစ်ကြသည်။ ဤအရပ်တွင် ကြောက်မက်ဖွယ် ပြင်းထန်သောအပူဒဏ်ကို သည်းခံ၍ ဇနပုဒ်တည်ဆောက်နေကြသော အရိယာများအား ချီးမွမ်းဖွယ်ရာ ကောင်းလှပေသည်။ သိန္ဓုမြစ်ရိုးအတိုင်း လှေနှင့်သွားသဖြင့် လမ်းပန်းအခက်အခဲနည်းပါးသော်လည်း ဝရုဏနှင့် ပါလတို့သည် ပူပြင်းသောရာသီဥတုတွင် သွားနေရခြင်း ဖြစ်လေသည်။

သောဝီရမြို့ (ရောရုက-ရိဋ္ဌ) ၌ အပူမှာ မေးဖွယ်ပင် မလိုတော့ပေ။ သောဝီရမြို့အပူရှိန်ကို သူတို့ ပို၍ ထိတ်လန့်နေကြလေသည်။

အရိယလူမျိုးတို့တွင် ယခုအချိန်တိုင်အောင် အကျွေရာသင်္ကေတများ မထွန်းကားသေး။ ထို့ကြောင့် အခါအခွင့်သင့်၍ သောဝိရကုန်သည်အုပ်စု (ခရီးသည်များ)မှတစ်ဆင့် ဝရဏက သူ၏မိတ်ဆွေများထံသို့ ပေးပို့လိုက်သောသတင်းများ အပြည့်အစုံမရောက်နိုင် ဖြစ်ပေသည်။ ထိုအခါမျိုးတွင် ဝရဏသည် အသုရာတို့အကျွေရာများကို သတိရတတ်သေးသည်။

သောဝိရမြို့သို့ ရောက်သောအခါ မှုခင်းကိစ္စများ အတော်အလှမ်းကွာ၍ ခေတ်ပြောင်းနေကြောင်း ဝရဏ သိရလေသည်။

သောဝိရမြို့မှာပင် သုမိတ္တအား ထောက်ခံမည့်သူ အလွန်နည်းပါးလျက် ရှိလေသည်။ သို့သော်လည်း တောင်ပိုင်းသောဝိရဌာန်းကား နောက်ဆုံးပိတ် အသုရခံတပ်မြို့ကိုဖြိုချခဲ့သော သုမိတ္တဘက်တော် သားအရိယလူမျိုးအမြောက်အမြား ရှိလေသည်။ အဆိုပါ နောက်ဆုံးခံတပ် ကျိုးပေါက်သောအခါက သေနာပတိသုမိတ္တသည် အသူရာမြို့သူမြို့သားအပေါ်တွင် လိုအပ်သည်ထက်ပင် ပို၍ 'ကြင်နာသနားကြောင်း' ဖော်ပြလေသည်။

ထိုစဉ်အခါ ဝရဏသည် ဤကြင်နာမှုများအတွက် သုမိတ္တအား အကြီးအကျယ် ချီးမွမ်းထောမနာပြုခဲ့သည်။ သို့သော် ယခုအခါကျမှ၊ 'ထိုစဉ်က သုမိတ္တ၏အပြုအမူအားလုံး ကောက်ကျစ်စဉ်းလဲမှု ဖြစ်ကြောင်း။' သိရလေတော့သည်။

သုမိတ္တက ဤသို့ နားလည်ထားနှင့်လေသည်။

'ဤရုံးပွဲနောက်တွင် အသုရာတို့ တစ်ဖန်ပြန်၍ အရိယတို့အား ဆန့်ကျင် ခုခံနိုင်တော့မည် မဟုတ်။ ဤကဲ့သို့ ကြင်နာပုံကို ပြလိုက်ခြင်းအားဖြင့် ပင်လယ်ကမ်းခြေရှိ အသုရကုန်သည်များ၏ ပစ္စည်းဥစ္စာများနှင့် အင်အားကို ပုဂ္ဂလိကအကျိုးစီးပွားအတွက် ငါတို့ အသုံးချနိုင်ပေလိမ့်မည်။''

သုမိတ္တသည် ယခုအချိန်အထိ စစ်တပ်ကိုခေါ်ယူ၍ ပင်လယ်ကမ်းခြေအသုရာမြို့တွင် ချထားသည်။ ထို့နောက် တမင်ဆင်ထားသော စိတ်ကူးစစ်ပွဲများကို ရမယ်ရှာ၍၊ 'အသုရာမြို့မှ တပ်ပြန်ခေါက်ရန်' လေသံပင် မဟတော့ပေ။

ဝရဏသည် ပထမဆုံး လူစုခေါင်းဆောင်သာမန်များနှင့် တွေ့ဆုံသည်။ သုမိတ္တအကြောင်းများကို ၄င်းတို့ ရှင်းရှင်းမသိရသေး။ ပုဂ္ဂိုလ်ချင်းမုန်းထား၍ အချို့ခေါင်းဆောင်များက သုမိတ္တအား ဆန့်ကျင်နေကြသည်။-ဟု သူတို့က ထင်လေသည်။ ထို့နောက် လူစု၏အုပ်ချုပ်ရေးတာဝန်ခံ အထက်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံသောအခါ အကြောင်းစုံ ဖွင့်ချလေတော့သည်။

၄င်းပြင် 'သုမိတ္တ၏ ယုတ်မာသောအကြံအစည်ကို သူတို့က ရှင်းရှင်းလင်းလင်း သဘောပေါက်သော်လည်း၊ လူထုက အမြင်တစ်မျိုးမြင်၍ သဘောမပေါက်ဖြစ်နေကြောင်း။'ကိုလည်း ဆက်လက်ပြောဆိုလေသည်။

အသုရာမြို့အောင်ပွဲ၌ ဝရဏသည် သုမိတ္တ၏လက်အောက် ဒုတိယစစ်သေနာပတိ ဖြစ်သည်။ ထို့ကြောင့် အဆိုပါတိုက်ပွဲ ၉ နှစ် ကျော်လွန်သွားပြီးဖြစ်သော်လည်း၊ 'ဝရဏဓားလွယ်အကြောင်း' လူထု၏ ချီးမွမ်းသံမှာ မတိတ်သေးပေ။

ဝရဏသည် လူထုကိုအသိမပေးဘဲ သုမိတ္တနှင့်ပတ်သက်၍ ကိုယ်တိုင် သွားရောက်စုံစမ်းချင်လေသည်။

ဤရည်ရွယ်ချက်ဖြင့်ပင် တစ်နေ့သ၌ မိတ်ဆွေ ၂ ဦးသည် တောင်ပိုင်း 'သောဝိရ' သို့ လှေစီး၍ ထွက်ခွာသွားကြလေသည်။ သူတို့ ၂ ယောက် ဂန္ဓာရကုန်သည်များအယောင်ဆောင် သွားကြသည်။

အသုရာမြို့ကိုမြင်လျှင်၊ 'ဤမြို့ကား တကယ်ကို အရိယာတို့မြို့ မဟုတ်။ အသုရာတို့မြို့'ဟု သိရပေသည်။ အသုရာမြို့စေ့းတန်းများ၌ အသုရာကုန်သည်များ၏ ကြီးကျယ်သောအဆောက်အဦများနှင့် တိုင်းရင်းဖြစ်, တိုင်းတစ်ပါးဖြစ် ရောင်းကုန်ပစ္စည်းများ ရှိသည်။

အသုရာပဒေသရာဇဓိသားစုများလည်း သူတို့ပိုင်မြို့ကွက်များတွင် နေထိုင်ကြသည်။ သူတို့တစ်ဝိုက်တွင် ကျွန်ယောကျ်ား, ကျွန်မိန်းမများကိုလည်း ရှေးအခါကဲ့သို့ပင် ရောင်းချရန် လက်တွင် ကြိုးများတုပ်နှောင်၍ ထားသည်ကို တွေ့ရပေသည်။

သူတို့စိတ်ထဲတွင် 'နောက်ဆုံးအောင်ပွဲခံလိုက်သော အရိယများ ဤအရပ်တွင် ဘယ်ဆီမှာများ နေကြလေသနည်း။'ဟု တောင့်တရှာဖွေနေကြရှာသည်။

သုမိတ္တကား အသုရာဘုရင်၏ နန်းတော်ဟောင်းတွင် နေထိုင်လေသည်။

တစ်နေ့သ၌ ဝရဏသည် ဂန္ဓာရကုန်သည်တစ်ယောက်အသွင်ဖြင့် လက်ဆောင်များကို ဆောင်ယူစေ၍ ပါလကို သုမိတ္တထံသို့ စေလွှတ်လိုက်၏။

ပါလပြန်လာ၍ ပြောသည်မှာ ''ရွှေဝါသောဆံပင်များနှင့် ဖြူဖွေးသောမျက်နှာကို ချန်၍ကြည့်လိုက်လျှင် သုမိတ္တသည် လုံးဝ အသုရာဘုရင် ဖြစ်နေပြီ။''- ဟူသတည်း။

သုမိတ္တ၏နေအိမ်မှာ အရိယလူမျိုးသေနာပတိတစ်ယောက်၏ ရိုးရိုးအိမ်တစ်ဆောင် မဟုတ်တော့ဘဲ၊ ရွှေအရောင်, ငွေအရောင်တောက်ပြောင်နေသော အသုရာနန်းတော်ဆောင်တစ်ခု ဖြစ်နေလေတော့သည်။

သူ၏ ဝဲ,ယာ ၂ ဘက်တွင်ရှိသော စစ်တပ်များမှာလည်း အဆိုပါအရိယတို့၏ ရိုးသားမှုများ မရှိတော့ပေ။

သီတင်းပတ်များ တစ်ပတ်ပြီးတစ်ပတ် ကုန်ဆုံးသွားသောအခါ အရိယများသည် အသုရာမကလေးများနှင့်သာ စုံတွဲ က, အရက် စုံတွဲသောက်၊ ဤအလုပ်များနှင့်သာ အချိန်ကုန်နေကြကြောင်းကို သိရလေတော့သည်။

အချို့သော အရိယကမျိုးသမီးများ သူတို့၏လင်ယောကျ်ားများထံသို့ လိုက်လာလိုကြ၏။ သို့သော်လည်း ရမယ်ရှာ၍ သူတို့၏ဇနီးများမလာအောင် တားမြစ်ကြလေသည်။ သုမိတ္တသည် အကြိမ်များစွာ အကြောင်းကြားပါသော်လည်း သူဇနီး လိုက်မလာဖြစ်အောင် ပိတ်ပင်ထားခဲ့လေသည်။ သူကိုယ်တိုင်ကား အသုရာပုရောဟိတ်၏သမီး၏ ချစ်ကျေကွင်း မိနေလေသည်။ ထိုမျှမကသေး။ မြို့ပေါ်ရှိ အသုရာမအချောကလေးများ သူ၏နန်းတွင်းသူများ ဖြစ်နေကြသည်။ သူ၏ အရိယာစစ်သားများကိုလည်း သဘောအတိုင်း လွှတ်ထားလေသည်။ အခြားအရိယလူမျိုးများ လာသောအခါ ကျွန်များကို အတိုက်ခိုင်းလေသည်။ ထိုကဲ့သို့ပြုလုပ်သဖြင့် အချို့ သွေးထွက်သံယို အနာတရ ဖြစ်ကြလေသည်။ ထိုအခါ အရိယများ အလာရပ်သွားလေတော့သည်။

ဝရဏသည် အကြောင်းစုံကိုသိရသောအခါ သူ၏မိတ်ဆွေနှင့်အတူ တိတ်တဆိတ် သောဝရမြို့သို့ ထွက်ခွာသွားလေသည်။

သောဝရမြို့သို့ရောက်သောအခါ ဝရဏသည် လူစုခေါင်းဆောင်များအား ပြောကြားလေသည်။

''သုမိတ္တသည် သူ၏သတ္တိကို အဘယ်မျှခိုင်မာအောင် ပြုလုပ်ပြီးသား ဖြစ်နေသနည်း။- ဆိုသော်ယခုအခါ ငါတို့သည် အရိယစစ်သားများနှင့်သာမက အသုရာတို့၏အင်အားများနှင့်ပါ ယှဉ်ပြိုင်တိုက်

ခိုက်ရပေတော့သည်။ ထို့ကြောင့် အသင့်ပြင်ဆင်၍ အကြောင်းမှန်ကို ပြည်သူပြည်သားများအား ငါတို့ ပြောကြားမှ ဖြစ်တော့မည်။''

ဝရုဏသည် ကချေသည်တစ်ဦးအဖြစ် လူချစ်လူခင်များသောသူ ဖြစ်သည်။ နှစ်ပေါင်းများစွာ လင်ယောကျ်ားများ၏ မျက်နှာကို မမြင်ရသော အရိယအမျိုးသမီးများက 'ကွယ်ရာတွင် သူတို့လင်ယောကျ်ား များ ဖောက်ပြားနေကြကြောင်း။' သတင်းကို အချောအလှကချေသည်တစ်ဦး၏နှုတ်မှ ကြားလိုက်ရသော အခါ အကြွင်းမဲ့ယုံကြည်လေသည်။

ထို့နောက် တစ်ယောက်နှားမှ တစ်ယောက်နှားသို့ ပြန့်ပွားကူးစက်၍ အပြေးအလွှား သတင်းပျံနှံ့ သွားလေသည်။

ဝရုဏကား စာဆိုတစ်ဦးလည်း ဖြစ်သည်။ သူသည် လင်ကွဲလင်ကွာ အရိယမများက အသုရာ ပို့မလေးများအား ကိုန်ဆဲသောကိုန်စာများနှင့် သုမိတ္တ၏ ကာမဂုဏ်နောက်လိုက် ကိုယ်ကျိုးရှာဘဝနှင့် ပတ်သက်သော သီချင်းကောင်းကောင်းများ စပ်ဆိုသီကုံးသည်။ ၄င်းသီချင်းများသည် တောမီးကဲ့သို့ သောဝီရုနယ် အရိယရွာများတွင် ပျံနှံ့သွားလေသည်။

နောက်ဆုံး၌ ဝရုဏသည် အရိယမိန်းမများကို ဒေနည်းငယ်စီ လှီ၍ သူတို့၏ယောကျ်ားများထံသို့ ပို့လေသည်။ မိန်းမများကို ကဲ့ရဲ့ရွတ်ချ၍ ပြန်ပြန်လွှတ်သောအကျိုးကား 'ပို၍ဆိုးဝါးကြောင်း' အခိုင်အမာ ဖြစ်လေတော့သည်။

သုမိတ္တကို 'ပြန်ရန်' ပြောပါသော်လည်း ပြန်မလာလိုသောအခါ၊ သူနေရာတွင် ဝရုဏအား စစ်ဗိုလ်ချုပ် ခန့်၍ အရိယစစ်တပ်ကြီးချီကာ အသုရာမြို့သို့ ထွက်ခွာကြသည်။

'ဝရုဏချီတက်လာကြောင်း' ကြားသောအခါ သုမိတ္တ၏တပ်များ ပြိုကွဲလေတော့သည်။ အရိယ လူမျိုး စိတ်ရင်းကောင်းသောသူအများပင် အနာရိယဆန်ဆန်လုပ်မိခြင်းကို အမှန်အတိုင်း နောင်တ ရကြလေ သည်။

ကြွင်းကျန်သော စစ်တပ်အကူအညီနှင့် တိုက်ရာဝယ် 'အောင်မြင်လိမ့်မည်။'-ဟု သုမိတ္တမှာ မျှော်လင့်ချက် မရှိတော့ပေ။ ထို့ကြောင့် နောက်ဆုံး၌ သုမိတ္တသည် 'ဝရုဏအား မြို့အပ်၍ သောဝီရမြို့သို့ ပြန်လိုကြောင်း။' ဖော်ပြလေသည်။

ဤနည်းအားဖြင့် အရိယလူမျိုးတို့၏ ကြောက်မက်ဖွယ်စမ်းသပ်ခြင်းမှာ အောင်မြင်ခဲ့လေသည်။ ဝရုဏသည် အသုရာများအား မတိုက်ခိုက်ပေ။ အကြောင်းသော်ကား ထိုစဉ်အခါ အသုရာများက လက်နက် များဖြင့် မတိုက်ခိုက်ကြပေ။ သို့သော် အရိယများအပေါ် အသုရာတို့ မလွမ်းမိုးစေရန် ဝရုဏသည် သီး ခြား အသုရာမြို့တစ်ခု တည်ထောင်ပေးလေသည်။ ထို့နောက် ဣသိ(ရသေ့) အင်ဂီရာ၏ ဟောပြောပြသ ချက်များကို အသုံးချရန် စတင်ခဲ့လေသတည်း။ ။

သဒါယ်

၇

သုဒါသ်

အရပ်- ကုရု-ပဉ္စာလ (ယူဝီနယ်အနောက်ပိုင်း)။
လူမျိုး- ဝေဒဧတော်-အရိယ။
အချိန်- ခရစ်မပေါ်မီ နှစ်ပေါင်း ၁၅၀၀။

ဤပုံဝတ္ထုသည် ယနေ့မှအထက် လူအဆက် ၁၄၄ ခုမြောက်သော အချိန်က အရိယလူမျိုးများ၏ အကြောင်းအရာ ဖြစ်သည်။

ထိုစဉ်အခါကပင် အစောဆုံး (ဣသိ) ရသေ့များဖြစ်ကြသော ဝသိဋ္ဌ, ဝိဿာမိတ္တ, ဘာရဒ္ဝါဇတို့ ဣရု, ရိဂ်ဝေဒလာ မန္တရားများကို စီရင်ခဲ့ကြသည်။

ထိုစဉ်အခါကပင် အရိယပုရောဟိတ်များ အကူအညီဖြင့် အရိယလူမျိုးပဒေသရာဇ်တို့သည် ပြည်သူအခွင့်အရေးများကို နောက်ဆုံးနှင့် အပြင်းထန်ဆုံး ချေမှုန်းပစ်ကြလေသည်။

၁

နွေရာသီ ကုန်လုဆဲ ဖြစ်သည်။

ကျနော်ဗ် (စန္ဒဘာဂါ) မြစ်ကမ်း ချိုင့်ဝှမ်းမြေများတွင် တမျော်တခေါ်မှည့်ဝင်းနေသော ရွှေဝါရောင် ဂျုပင်များသည် လေပြည်အသိမ်းတွင် ယိမ်းနွဲ့လှုပ်ဆော့နေကြသည်။

ဂျုပင်များအကြားတွင် ဟိုမှာသည်မှာ မိန်းမ,ယောကျ်ားများ သီချင်းတကြော်ကြော်နှင့် ဂျုများ ရိတ်သိမ်းနေကြသည်။ ရိတ်သိမ်းပြီးဂျုခင်းများတွင် ပေါက်နေသော စိမ်းစိမ်းစိုစိုမြက်များကို ကျက်စားရန် သားသည်အမေမြင်းမများကို လွှတ်ထားကြသည်။

နေပူကျက်ကျက်ဝယ် ခရီးရှည်လာခဲ့ရသူတစ်ယောက်သည် နေးကွေးသောခြေလှမ်းဖြင့် ရှေ့သို့ ခရီးဆက်နေသည်။

ခရီးသွားသည် ကျပ်ခဲနေသော အညိုရောင်ဆံပင်များကိုဖော်လျက် အဝတ်စုတ်တစ်ခုနှင့် ခေါင်းပေါင်းထားသည်။ ကိုယ်ပေါ်တွင် ခြုံထည်အနွမ်းတစ်ခု ပတ်ထားသည်။ ဒူးခေါင်းထိနေသော ခါးဝတ်ပုဆိုး (ဒိုတီ) ကို ဝတ်ထားသည်။ လက်တွင်ကား တုတ်ချောင်း ကိုင်ထားသည်။

ရေငတ်သဖြင့် သူ့အာစောက်မှာ ခြောက်သွေ့နေသည်။ ခရီးသွားသည် ရှေ့တစ်ရွာအရောက် သွားရန် အားခဲပါ၏။ သို့သော်လည်း လမ်းဘေးတွင် မသပ်မရပ်ရေတွင်းတစ်ခုနှင့် 'သျှမီ' ခေါ် အပင်ငယ်ကလေးများကို မြင်၍ သူ၏ တင်းထားသောအားမှာ ပျော့ကျသွားလေတော့သည်။

ခရီးသွားသည် ပထမ ခေါင်းပေါင်းအဝတ်ကို ချွတ်သည်။ ထို့နောက် ကိုယ်တုံးလုံးနှင့် ခါးဝတ်ပုဆိုးကို ချွတ်သည်။ နောက်ထပ် ခေါင်းပေါင်း, ပုဆိုး-၂ ခုကိုဆက်၍ အစတစ်စကို ရေထဲသို့မြုပ်ရန် ကြိုးစားသည်။ .သို့သော် မအောင်မြင်ရှာပေ။ နောက်ဆုံးတွင် အားလျော့၍ အနီးရှိ သစ်ပင်တစ်ပင်ကို မှီကာထိုင်နေသည်။ ထိုင်နေပုံမှာ သူ ဤနေရာမှ တစ်ဖန် ထတော့မည် မဟုတ်သကဲ့သို့ပင် ဖြစ်သည်။

ထိုအချိန်တွင်ပင် ပခုံးတစ်ဖက်တွင် ရေအိတ်, အခြားတစ်ဖက်တွင် ကြိုးနှင့် လက်တွင် သားရေပုံးကိုဆွဲလာသော မိန်းမပျိုတခဲယောက် ပေါက်လာသည်။

ခရီးသည်၏ ကုန်ခန်းနေသောမျှော်လင့်ချက် ပြန်ပေါ်လာသည်။ မိန်းမပျိုသည် ရေတွင်းသို့ ရောက်လာ၍ ရေအိတ်ကို ချထားလေသည်။ ထို့နောက် မိန်းမပျိုသည် ရေပုံးကို ရေတွင်းထဲသို့ချရန် သွားနေစဉ် ခရီးသည်၏မျက်နှာကို ကြည့်မိသည်။ ခရီးသည်၏မျက်နှာမှာ ညှိုးနွမ်းနေသည်။ နှုတ်ခမ်းများ ဟနေသည်။ ပါးများမှာ ပိန်ခွက်နေသည်။ မျက်တွင်းမှာ ဟောက်နေသည်။ ခြေထောက်များမှာ ဖိနပ်မပါဘဲ ဖုန်အလူးလူး ဖြစ်သည်။ သို့သော် ထိုအခြင်းအရာအားလုံးနောက်မှ ခရီးသည်၏ နုပျိုပုံမှာလည်း ပေါ်လွင်နေသည်။

ခရီးသွားသည် သူမ၏ ရွှေရောင်ဆံပင်များအပေါ်အတွင် မိန်းမပျိုများဆောင်းလေ့ရှိသော ဦးထုပ်နှင့် ကိုယ်ရုံခြုံထည်, ကိုယ်ကျပ်အင်္ကျီ, ခါးဝတ်(လုံချည်)များကို ရိုးရိုးသားသား ဝတ်ဆင်ထားသော်လည်း သိမ်မွေ့သောအသွင်အပြင်ကို တွေ့မြင်ရလေသည်။

နေပူထဲတွင် လာခဲ့ရခြင်းကြောင့် လုလင်ပျိုဓ၏မျက်နှာမှာ ပို၍ နီမြန်းနေလေသည်။ ထို့နောက် နဖူးနှင့် အထက်နှုတ်ခမ်းပေါ်တွင် ပန်းချေးအစက်အပေါက်များ ပြောင်လက်နေသည်။

မိန်းမပျိုသည် မသိကျမ်းသေးသော ယောကျ်ားတစ်ယောက်ကို အတန်ငယ်ကြာအောင် အကဲခတ်၍၊ မဒ္ဒသူတို့၏ လွယ်ကူသောအပြုံးကို သူမ၏လှပသောနှုတ်ခမ်းပေါ်တွင် ဖော်ပြ၍ ယောကျ်ားပျိုဓ၏ ရေငတ်ခြင်းကို တစ်ဝက်ပြေသွားအောင် ချိုသာသောအသံဖြင့် ပြောလေသည်။

"အစ်ကို- နင် ရေငတ်နေတယ် ထင်တယ်။"

ခရီးသွားသည် အရဲစွန့်၍ သူ၏စိတ်ငယ်နေမှုကို မတင်းနိုင်တော့ဘဲ ပြောရှာသည်။

"ဟုတ်တယ်။ ငါ သိပ်ရေငတ်တယ်။"

"ဒါဖြင့် ငါ ရေပေးမယ်။"

မိန်းမပျိုသည် ရေပုံးထဲသို့ ရေထည့်လေသည်။ ရေထည့်နေခိုက် လုလင်ပျိုလည်း မိန်းမပျိုဓ၏အနီးသို့ ချဉ်းကပ်၍ ရပ်လာလေသည်။ သူ၏ ရှည်လျားသောကိုယ်လုံးကိုယ်ပေါက်နှင့် ကြီးမားသောအရိုးများက ယခုတိုင် သူ၏အတွင်းဘက်မှ ထူးခြားသောယောကျ်ားပီသမှု မပျောက်သေးကြောင်း။' ဖော်ပြနေကြသည်။ ရေအိတ်နှင့်တွဲနေသော သားရေခွက်ကို ခရီးသည်လက်သို့ပေး၍ မိန်းမပျိုက ရေပုံးထဲမှ ရေကို ထည့်ပေးလေသည်။

ခရီးသွားသည် ရေကို ပါးစပ်အပြည့် အကျိုက်ကြိုးကျိုက်လိုက်၍ လည်ချောင်းအောက် ရေကျသွားပြီးနောက်၊ ခေါင်းငုံ့၍ ထိုင်လေသည်။

ထို့နောက် အသက်တစ်ရှူအတွင်း ရေခွက်အတွင်းရှိရေများကို ကျိုက်ချလိုက်လေသည်။ ရေခွက်သူလက်ထဲမှ လွတ်ကျသွားလေသည်။ သူကိုယ်သူ ဖေးဖေးမမ ထိန်းထားပါသော်လည်း နောက်ဘက်သို့လဲကျသွားလေသည်။ မိန်းမပျိုသည် အတန်ငယ်စကားပြောနိုင်ဘဲ ကြောင်နေမိသေးသည်။

ထို့နောက် လုလင်ပျိုမျက်ဖြူလန်၍ သတိလစ်သွားလေသည်။ မိန်းမပျိုသည် လျင်မြန်စွာ သူ့ခေါင်းတွင် ပတ်ထားသာ တဘက်ကို ရေဆွတ်၍ လုလင်ပျိုဓ၏မျက်နှာ နှင့် နဖူးကို သုတ်ပေးလေသည်။ ထို့

နောက် လုလင်ပျို မျက်စိပွင့်လာသည်။ ထို့နောက် လုလင်ပျိုသည် အတန်ငယ် ရှက်သယောင် အသံတိမ်တိမ်နှင့် ပြောရှာသည်။

"မိန်းကလေး- နင့်ကို ငါ ဒုက္ခပေးမိတာ စိတ်မကောင်းဘူး။"

"ငါ ဒုက္ခမဖြစ်ပါဘူး။ ဒါပေမယ့် 'ဘာလို့ ဒီလိုဖြစ်ပါလိမ့်။'လို့ ငါ ကြောက်တော့သွားတယ်။"

"ကိစ္စမရှိပါဘူး။ ဗိုက်ထဲမှာ ဘာမှမရှိဘူး။ ရေတိုင်တိုရှိတာနှင့် ရေအသောက် လွန်သွားတယ်။ အခုတော့ ကောင်းသွားပါပြီ။"

"ဗိုက်ထဲမှ ဘာမှမရှိဘူး။"

ခရီးသည်ကို ပြန်ပြောခွင့်မပေးတော့ဘဲ မိန်းမပျိုသည် ထိုအရပ်မှပြေးသွား၍ မကြာမီ ပန်းကန် တစ်ခုတွင် ဒိန်, ဆတ္တူး, ဆန်မုန့်နှင့် ဟူးရည်များကိုယူကာ ပြန်ရောက်လာသည်။ လုလင်ပျို၏မျက်နှာတွင် အားနာပုံနှင့် ရှက်ရွံ့ပုံများပေါ်နေသည်ကို တွေ့ရပြန်၍ မိန်းမပျိုက ပြောလေသည်။

"ခရီးသည်။ နင် အားမနာနှင့်။ ငါ့အစ်ကိုတစ်ယောက်လည်း အိမ်ကထွက်သွားတာ နှစ်ပေါင်းအတော်ကြာပြီ။ ဒီလို နည်းနည်းပါးပါး နင့်ကို အကူအညီပေးတဲ့အခါ ငါ့အစ်ကိုကို ငါ သတိရတယ်။"

ခရီးသွားသည် ပန်းကန်ကို ယူလိုက်၏။ မိန်းမပျိုသည် ရေပုံးဖြင့် ရေလောင်းပေးသည်။ လုလင်သည် ဆတ္တူးကိုဖျော်၍ တဖြည်းဖြည်းသောက်လေသည်။

သောက်ပြီးနောက် ခရီးသည်၏မျက်နှာ ညှိုးနွမ်းခြင်းက တစ်ဝက် လျော့သွားသည်။ သူ၏ စောင့်စည်းသောပါးစပ်မှ အ-နေသောအမူအရာက 'ကျေးဇူးတင်ကြောင်း'ဖော်ပြလျက်၊ တစ်စုံတစ်ရာပြောရန် စဉ်းစားနေစဉ်ပင် မိန်းမပျိုက လုလင်ပြောချင်သောစကားကို သိဘိသကဲ့သို့ ပြောလိုက်သည်။

"အားနာစရာ မလိုပါဘူးအစ်ကို။ နင် အဝေးကြီးက လာခဲ့တယ်ထင်တယ်။"

"ဟုတ်တယ်။ သိပ်ဝေးတဲ့ အရှေ့ပဋ္ဌာလက။"

"ဘယ်သွားမလဲ။"

"ဒီ ဟို တစ်နေရာကို။"

"ခုလား။"

"ခုတော့ စားဖို့, ဝတ်ဖို့ရနိုင်အောင် အလုပ်တစ်ခုခု လုပ်ချင်သေးတယ်။"

"လယ်ထဲမှာ အလုပ် လုပ်မလား။"

"မလုပ်စရာ ဘာရှိသလဲ။ ငါ ကောက်ရိတ်, ကောက်စိုက်, လယ်ထွန် လုပ်နိုင်သားပဲ။ တလင်းနယ်တတ်တယ်။ မြင်းကျောင်း, နွားကျောင်း တတ်တယ်။ ငါ့ကိုယ့်မှာ အားရှိတယ်။ အခု ပိန်ခြောက်နေလို့။ ဒါပေမယ့် မကြာခင်အတောအတွင်း အားကောင်းကောင်းနှင့် လုပ်ရမယ့်အလုပ်ကိုလည်း လုပ်မှာပဲ မိန်းကလေး။ ငါ 'ကိုယ့်သခင်'ဆိုရင် ဘယ်သူ့ကိုမှ စိတ်မဆိုးခဲ့ဖူးဘူး။"

"အဖေက နင့်ကို 'အလုပ်ထဲမှာ ထားလိမ့်မယ်။'လို့ ငါ ထင်တယ်။ ရေခပ်လိုက်ဦးမယ်။ ငါနှင့် အတူ သွားတာပေါ့။"

လုလင်ပျိုသည် ရေအိတ်ကို ယူဆောင်သွားရန် အကြိမ်ကြိမ် ကြိုးစားပါသေး၏။ သို့သော် လုံမပျိုက သဘောမတူ။

လယ်ထဲတွင် တဲနီတစ်ခု ထိုးထား၏။ တဲပြင်ဘက်တွင် ယောက်ျား, မိန်းမ-၄၀လောက် ထိုင်နေကြ၏။ ၄င်းတို့အထဲတွင် 'မိန်းမပျို၏အဖ မည်သူ'ဟု ယောက်ျားပျို မမှန်းနိုင်ပေ။ အားလုံးပင် တစ်ဆင်တည်း ရိုးရိုးအဝတ်များ။ အရောင်လည်း ရွှေဝါရောင်ဆံပင်, ဖြူဖွေးသောကိုယ်, မည်ဦးမနွမ်းသောမျက်နှာနှင့် ဖြစ်လေသည်။

မိန်းမပျိုသည် ရေအိတ်နှင့် ရေပုံးကိုချ၍ အလယ်ကောင်တွင်ဖြန့်ထားသော သားရေပြားပေါ်တွင် တင်လေသည်။ ထို့နောက် အိုမင်းသော်လည်း ကျန်းမာတောင့်တင်းသော အသက် ၆၀ရွယ် လူကြီး တစ်ယောက်ထံသို့ သွား၍ပြောသည်။

''အဖ။ ဒီလူလင် တစ်နယ်သားဟာ အလုပ်လုပ်ချင်လို့တဲ့။''

''လယ်ထဲမှာ လုပ်ချင်တာလား။''

''ဟုတ်တယ်။ ဘယ်မှာ လုပ်ရလုပ်ရ။''

''ဒါဖြင့် ဒီမှာ အလုပ်လုပ်ပေါ့။ 'အခ' ဆိုတာကတော့ သူများရတဲ့အခ သူလည်း ရမှာပေါ့။''

လူလင်ပျို နားထောင်နေသည်။

လူကြီးသည် 'လက်ခံလိုက်ပြီ။' ဆိုသော ဤစကားကိုပင် လူလင်ပျိုအား ထပ်ပြောသည်။ ထို့နောက် လူကြီးက ဆက်ပြောသည်။

''လာ-လူလင်။ သွားစို့။ တို့အားလုံး နေ့လယ်စာ စားကြမလို့။''

''အခုပဲ ငါ ဆတ္တူး သောက်ပြီးပြီ။ နှင့်သမီးပေးတာပဲ အရိယ။''

''အရိယတွေ, ဝရိယတွေ လုပ်မနေပါနှင့်ကွာ။ ငါက မဒ္ဒလူမျိုး ရိဘုရဲ့သား 'ဇေတာ' တဲ့ကွ။ နှင်တတ်နိုင်သလောက် စားဦးသောက်ဦးပေါ့။ အပါလာ (ရေခပ်သူ) မြင်းနို့နှင့်ဖောက်ထားတဲ့ မေရယ (အရက်စိမ်း) .ပေးဟေ့။ နေပြင်းတဲ့ရာသီမှာ တယ်ကောင်း လူကလေး။ ညနေကျတော့ စကားပြောတာပေါ့။ ခုတော့ နာမည်အပြည့်အစုံပဲ သိချင်တယ်။''

''သုဒါသ် ပဋ္ဌာလ''

''သုဒါသ် မဟုတ်ပါဘူး။ သုဒါ။ ဆန်ကောင်းကောင်းကို ပေးတဲ့သူ။ နှင်တို့အရှေ့ဘက်သားတွေ စကားပီပီ မပြောတတ်ကြဘူး။ ပဋ္ဌာလဇနပုဒ်ကလား။ ကဲ- အပါလာ ဒီအရှေ့ဘက်သားတွေဟာ အရှက်ကြီးကြတယ်။ ညနေကျရင် အလုပ်တစ်ခုလုပ်နိုင်အောင် သူ့ကို ကျွေးမွေးပါဟော့။''

သုဒါသ်သည် အပါလာ တိုက်တွန်းလွန်းသဖြင့် မေရယ ၁ ခွက်-၂ ခွက် သောက်လိုက်ပြီးနောက် မုန့် ၁ ကိုက်-၂ ကိုက် လည်ချောင်းအောက်သို့ ရောက်အောင် အတင်းမျိုချလိုက်သည်။ ၂ ရက်လုံးလုံး အငတ်နေခဲ့ရသဖြင့် သူမှာ အဆာလွန်နေပြီ။

နေစွယ်ကျိုး၍ ညိုးဖျော့သွားလေလေ သူ့ကိုယ်တွင် အားသစ်ပြည့်လာလေလေ ဖြစ်ကြောင်း သုဒါသ်တွေ့ရလေသည်။ ညနေချမ်း အလုပ်မဖြုတ်မီ ဂျူရိတ်ရာဝယ် သုဒါသ်သည် မည်သူနှင့်စာစာ အောက်မကျပေ။

ညအခါ လူများ ထိုအရပ်မှဝေးကွာသော ကောက်နယ်တလင်းတဲများရှိရာသို့ သွားကြလေသည်။

ဇေတာ၏လယ်အလုပ်မှာ ကြီးကျယ်လှသည်။ ကြီးကျယ်ကြောင်းကို တလင်း၌ ညအခါ စုဝေးလာသော ၂၀၀ ကျော်လုပ်သားများက သက်သေခံနေကြသည်။ တလင်းတဲများတွင် ထမင်းချက်သူများ ကိုယ်စီကိုယ်ငအလုပ်များနေသည်။ နွားထီးတစ်ကောင်ကို သတ်ထားကြသည်။ ၄င်း၏အရိုးများ, အူများနှင့် အချို့ကို အိုးကြီးများတွင် နေမဝင်မီ ၃ နာရီလောက်ကပင် ထည့်ထားပြီးခဲ့လေပြီ။

ကြွင်းကျန်သောအသားများကို အစိတ်သား-အစိတ်သားခန့် အတုံးများတုံး၍ ဆားနယ်ကာ ချက်ကျိုနေကြသည်။ တဲများအပြင်တွင် ချောညက်သောကွင်းပြင်ကြီးတစ်ခု ရှိသည်။ ၄င်းကို တလင်းလုပ်ထားသည်။ တလင်း၏တစ်ဖက်တွင် ရေတွင်းကောင်းကောင်းတစ်လုံးနှင့် ရေပြည့်ကန်တစ်ကန် ရှိသည်။ မိန်းမ,ယောကျ်ားများသည် ရေကန်သို့သွား၍ လက်ဆေး, မျက်နှာသစ် လုပ်ကြသည်။ တစ်ကိုယ်လုံး ဆေးကြောချင်သူများ တစ်ကိုယ်လုံး ဆေးကြောကြသည်။

မှောင်လာသည်နှင့်တစ်ပြိုင်နက် စီတန်းထိုင်နေသော မိန်းမ, ယောကျ်ားများရှေ့တွင် မုန့်, အမဲသား တုံးနှင့် အရက်ခွက်များ ချထားလေသည်။ သုဒါသ် ရှက်မည်စိုး၍ အပါလာက သုဒါသ်ကို အနားတွင် အထိုင်ခိုင်းသည်။ သို့သော်လည်း သုဒါသ်၏အရှက်ကို သတိရခြင်းမှာ အရပ်တစ်ပါးသို့ သွားနေသော အစ်ကိုအား သတိရသည်ထက် မပိုလှပေ။

စားသောက်ပြီးကြသောအခါ အဆို,အက စလေတော့သည်။ ဤပွဲတွင် ယနေ့အဖို့ သုဒါသ် မပါဝင်နိုင်သော်လည်း နောင်သောအခါ သူသည် အများ၏အချစ်တော် အဆိုကျော်နှင့် အကကောင်း ဖြစ်လာလေသည်။

ကောက်ရိတ်ခြင်း, ကောက်လှိုင်းသိမ်းခြင်းနှင့် တလင်းနယ်ခြင်းကိစ္စများ တစ်လခွဲကြာသွားလေပြီ။ သို့သော် ၂ သီတင်း လွန်ကတည်းကပင် သုဒါသ်ကို မမှတ်မိတော့ပေ။ သူ၏ ညီပြာသောမျက်လုံးကြီးများ မှိတ်ခဲ့သည်။ သူ၏ပါးပေါ်တွင် သဘာဝအနီရောင်များ သန်းခဲ့သည်။ သူ့ကိုယ်ရှိ အကြောများ, အရိုးများကို အသားစိုင်များ ဖုံးခဲ့သည်။ ဇောတာက သီတင်း ၁ ပတ် ကျော်လွန်ပြီးနောက် ဝတ်ဆင်စတစ်စုံ ပေးခဲ့သည်။

တလင်းနယ်ခြင်းကိစ္စ ပြီးသလောက် ဖြစ်သွားလေပြီ။ ဇောတာ, သူ့သမီးနှင့် သုဒါသ်ပါဝင်သော လူ ၆ ယောက်-၇ ယောက်မှတစ်ပါး ကျန်လူများ သူတို့၏ကောက်ပဲသီးနှံများကို ဆောင်ယူ၍ ထွက်ခွာသွားကြလေပြီ။ ထိုသူများတွင် လယ်ယာအနည်းငယ်သာ ရှိသည်။ ထို့ကြောင့် သူတို့၏လယ်များကို ရိတ်သိမ်း၍ ဇောတာ၏လယ်တွင် အလုပ်လုပ်ရန် လာကြခြင်း ဖြစ်လေသည်။

ဤဒလခွဲအတွင်း ဇောတာနှင့် သူ၏သမီးသည် သူတို့လုလင်ပျိုလုပ်သား၏ ရိုးသားမှု, ပြုးရွှင်သော မျက်နှာထား ရှိမှုများကို အတော်ပင် သိရှိခဲ့ကြလေသည်။

တစ်နေ့သ၌ ညနေချမ်း အရက်သောက်ပြီးနောက် ဇောတာသည် သုဒါသ်နှင့် အရှေ့ဘက်သားများအကြောင်း စကားပြောနေသည်။ အပါလာလည်း အနားတွင်ထိုင်၍ နားထောင်နေသည်။ ဇောတာက ပြောသည်။

''သုဒါ။ အရှေ့ဘက်ကို သိပ်ဝေးဝေးကြီးတော့ မရောက်ဖူးဘူး။ ဒါပေမယ့် ပဋ္ဌာလမြို့ (အဟိစိတ္တ)ကို ငါ မြင်ဖူးတယ်။ ငါ့မြင်းတွေ ရောင်းဖို့ ဆောင်းတွင်းမှာ သွားလေ့ရှိတယ်။''

''ပဋ္ဌာလတိုင်း (ရဟေလ်ဏ္ဍော)ကို ဘယ်လိုထင်သလဲ အရီယကြီး။''

''ဇနပုဒ်မှာတော့ အပြစ်တစ်စုံတစ်ရာ မရှိ။ ပဋ္ဌာလဟာ မဒ္ဒလိုပဲ အနေအထား ကောင်းကောင်းနှင့် ကြွယ်ကြွယ်ဝဝပါပဲ။ ပြီးတော့ ပဋ္ဌာလက လယ်များယာများဟာ ဒီနယ်ကလယ်ယာများထက် ပိုမြေ ဩဇာကောင်းသေးတယ်။ ဒါပေမယ့်''

''ဒါပေမယ့် ဘာဖြစ်သလဲ။''

''သည်းခံနော် သုဒါ။ ပဋ္ဌာလမှာ လူတွေ မနေကြဘူး။''

''ပဋ္ဌာလမှာ လူတွေ မနေကြဘူး။ ဒါဖြင့် နတ်တွေ, ဒါနောတွေ နေကြသလား။''

''ပဋ္ဌာလမှာ လူတွေ မနေကြဘူးလောက်သာ ငါ ပြောတာ။''

''ငါ စိတ်မဆိုးပါဘူးအရီယကြီး။ နင် ဘာကြောင့် ဒီလို ထင်တာလဲ။''

''သုဒါ။ ငါ့လယ်မှာ အလုပ်သမား ယောကျ်ား,မိန်းမ ၂၀၀ ကျော်ကို နင် မြင်တယ်မဟုတ်လား။''

''မြင်တယ်။''

''ငါ့လယ်မှာ အလုပ်လုပ်ရတဲ့အတွက် ငါ့ဆီမှာ အခစားရတဲ့အတွက် သူတို့ နည်းနည်းပါးပါး စိတ်ငယ်ညှိုးနွမ်းတဲ့အမူအရာ ပြတာများ မြင်ဖူးသလား။''

''မမြင်ဖူးဘူး။ အားလုံး 'နှင့်မိသားစုထဲက လူတွေ'လို့ ထင်ရတယ်။''

''ဟုတ်တယ်။ အဲဒီလူတွေကို 'လူသားအစစ်တွေ'လို့ ခေါ်တယ်။ ဒီလူတွေအားလုံး ငါ့မိသားစုတွေလိုပဲ။''

''ငါတို့ မဒ္ဒသူ-မဒ္ဒသားအားလုံး တပေါင်းတည်းပဲ။ အရှေ့ဘက်မှာတော့ ဒီလိုဟာမျိုး မြင်ရတာတောင် စိတ်ပျက်စရာတစ်ခု ဖြစ်နေတယ်။ အရှေ့ဘက်မှာ ကျွန်နှင့် သခင်ကို တွေ့ရတယ်။ လူသားတွေတော့ မတွေ့ရဘူး။ ညီရင်းအစ်ကိုသဘောမျိုး မတွေ့ရဘူး။''

''အရိယကြီးပြောသမျှ မှန်ပါတယ်။ လူသားတွေရဲ့တန်ဖိုးကို သတဒ္ဒု (ဆတလဂ်) မြစ်ကို ကူးဖြတ်ပြီးတဲ့နောက် အထူးအားဖြင့် မဒ္ဒနယ်မြေရောက်မှ ငါ မြင်ရတာပဲ။ လူသားတွေထဲမှာ နေရတာ ပျော်စရာ, စိတ်တက်ကြွစရာ, ကံကောင်းတယ်လို့ ထင်စရာပဲ။''

''ငါ့သား။ နင် ငါ့စကားကို 'အဆိုး'အထင်တဲ့အတွင် ငါ ဝမ်းသာမိတယ်။ ဘယ်သူမဆို ကိုယ့်ဒေသကိုယ် ချစ်တတ်တယ်။''

''ချစ်တယ် ဆိုပေမယ့် အကျိုးအပြစ်မကြည့် မျက်စိစုံမှိတ်ချစ်တာမျိုးတော့ မဖြစ်သင့်ဘူးပေါ့။''

''ငါ ကုရုပဉ္စာလကို ခရီးထွက်တုန်းက အကြိမ်ကြိမ် စဉ်းစားတယ်။ ပညာရှိတွေနှင့်လည်း ဆွေးနွေးတယ်။ ငါ 'ဒီအပြစ်တွေ ဘယ်လိုကြောင့် ဖြစ်လာတယ်။'ဆိုတာကိုတော့ တွေးမိတယ်။ 'ဘယ်လို ကုစားရမယ်။'ဆိုတဲ့ ဆေးနည်းကိုတော့ မစဉ်းစားမိဘူး။''

''ဘယ်လိုကြောင့် ဖြစ်လာတာလဲ။''

''ပဉ္စာလဇပုဒ်ဟာ 'ပဉ္စာလတွေနေထိုင်ရာ' ဆိုကြပေမယ့် နေကြတဲ့လူတွေမှာ တစ်ဝက်လောက်က ပဉ္စလလူမျိုးတွေ မဟုတ်ဘူး။''

''ဟုတ်တယ်။ အာဂန္တုက (ဧည့်သည်)တွေ များနေတယ်။''

''အာဂန္တုက မများဘူး ငါ့သား။ မူလနေထိုင်တဲ့သူသာ များတယ်။ ပဉ္စာလမှာရှိတဲ့ လက်မှုပညာသည်မျိုးတွေ, ပဉ္စာလသားကုန်သည်, ပဉ္စာလသားကျွန်တွေဟာ ပဉ္စာလလူမျိုးများ ပဉ္စာလနယ်မြေပေါ်မှာ ခြေမချခင် အတော်ကြာကြာကပဲ ရှိခဲ့ကြတယ်။ သူတို့အရောင် မြင်တယ်မဟုတ်လား။''

''ဟုတ်တယ်။ ပဉ္စာလသားတွေနှင့် လုံးလုံးကွဲပြားတဲ့ အနက်ရောင်, ကြေးနီရောင် ရှိကြတယ်။''

''ပဉ္စလသားတွေရဲ့အရောင်ကတော့ မဒ္ဒလူမျိုးတွေရဲ့အရောင်လို အဖြူပဲ မဟုတ်လား။''

''အနည်းနှင့် အများပဲ။''

''အနည်းနှင့်အများ-ဆိုတာ ဟုတ်တာပေါ့။ 'ဘာကြောင့်လဲ'ဆိုတော့ အခြားအရောင်ရှိတဲ့ လူမျိုးတွေနှင့် ရောစပ်လိုက်ရင် အရောင်လည်း ဖောက်ပြန်သွားရတော့တာပဲ။ မဒ္ဒလူမျိုးတွေလို ပဉ္စာလမှာလည်း ဆံပင်ရွှေဝါရှိတဲ့ အရိယလူမျိုးတွေချည်း နေကြမယ်ဆိုရင်၊ 'အဲဒီအရပ်မှာ လူသားတွေကို တွေ့ရမှာပဲ။'လို့ ထင်တယ်။ အရိယနှင့် အနိုရိယလူမျိုးတွေရဲ့ အနိမ့်,အမြင့်ခွဲတဲ့စိတ်ထားမှာ အရောင် ကွဲပြားခြားနားတာဟာ အကြောင်း ဖြစ်ရမယ်။''

''ပြီးတော့ အရိယကြီး သိပြီးသား ဖြစ်ကောင်းဖြစ်လိမ့်မယ်။ အဲဒီ 'အသုရာ သူဟောင်းကြီးများ'လို့ ခေါ်ကြတဲ့ အနိုရိယတွေမှာ ရှေးသရောအခါကစပြီး 'အမြင့်,အနိမ့်'နှင့် 'ကျွန်,သခင်' ကွဲပြားလာခဲ့ကြတယ်။''

ဒါထက် အဲဒီအရပ်မှာ
ပဋ္ဌာလလူမျိုးတွေဟာ
သူ့ရွှေမှာ ဒူးတုပ်ပြီး ရှိခိုးကြတယ်။
ပြားပြားဝပ် ဆုတောင်းကြတယ်။
အဲဒါတွေမြင်ရတော့
ငါ အဖျားတက်သလို ဖြစ်လာတယ်။
သေသွားပေစေ။ မဒ္ဒလူမျိုးတစ်ယောက်ဟာ
ဒီလိုမလုပ်နိုင်ဘူး ငါ့သား။''

''ဟုတ်တယ်။ ဒါပေမယ့် ပဋ္ဌာလလူမျိုးတွေဟာ သွေးတူသားတူကပေါက်ဖွားလာတဲ့ အရိယလူမျိုးတွေပဲ။ ဒါပေမယ့် ပဋ္ဌာလလူမျိုးတွေမှာ 'အမြင့်,အနိမ့်'စိတ်ထားတွေကို အသုရာတွေရဲ့နည်းတူတွေ့နေရတယ်။ ပဋ္ဌာလဘုရင် ဒီဝေါဒါသဟာ ငါ့မြင်းတချို့ကို ဝယ်ယူဖူးတယ်။ အဲဒီ မြင်းရောင်းဖို့ ကိစ္စနှင့် တစ်ခါက ငါ သူ့ရွှေ ရောက်ဖူးတယ်။ သူ့ရဲ့ကိုယ်ဟာ ဖြူဖြူ ကြီးကြီး ခိုင်ခိုင်နှင့် လှပါတယ်။ ဒါပေမယ့် သူ့ခေါင်းပေါ်မှာ နိနီဝါဝါ အင်မတန်လေးမယ့်ဟာကြီး (မကိုင့်)တစ်ခု၊ ဖောက်ထားတဲ့ နား ၂ ဖက်မှာ 'ကြီးပေ့'ဆိုတဲ့ အလုံးကြီးတွေ၊ လက်နှင့် လည်ပင်းမှာလည်း အမျိုးမျိုး အဆင်တန်ဆာတွေတွေ့ရတယ်။ အဲဒါတွေအားလုံးကို မြင်ရတော့ သူအပေါ်မှာ သနားပဲ သနားမိသေးတယ်။ လက်ို ငပုပ် ဖမ်းနေသလိုပဲ စိတ်ထဲမှာ ထင်တယ်။ သူနှင့်အတူ သူမိန်းမကိုလည်း တွေ့ရတယ်။ သူမိန်းမဟာ ရုပ်အဆင်းအားဖြင့် မဒ္ဒသူ အချောအလှမတွေအောက် မနိမ့်ကျပါဘူး။ ဒါပေမယ့် အဲဒီ နိနီဝါဝါဝန်ထုပ်ဝန်ပိုးတွေနှင့် သနားစရာ ညှတ်ကိုင်းနေရှာတယ်။''

သုဒါသ်၏ နှလုံးသားမှာ တဒိတ်ဒိတ်တိုးလျက် ရှိသည်။-ဟု ထင်ရလေသည်။ သူသည် သူ့အရိပ်အကဲ မျက်နှာတွင် ပေါ်မလာစေရန် အတော်ပင်ကြိုးစားပါ၏။ သို့သော်လည်း အချည်းနှီးသာဖြစ်၍ စကားပြောင်းသွားစေရန် ပြောလိုက်ရသည်။

''ပဋ္ဌာလဘုရင်က မြင်းတွေဝယ်တယ် မဟုတ်လား အရိယကြီး။''

''ဝယ်ပါတယ်။ ဈေးလည်း ကောင်းကောင်း ပေးပါတယ်။ ရွှေဘယ်လောက် ဆိုတာတော့ မမှတ်မိဘူး။ ဒါထက် အဲဒီအရပ်မှာ ပဋ္ဌာလလူမျိုးတွေဟာ သူ့ရွှေမှာ ဒူးတုပ်ပြီး ရှိခိုးကြတယ်။ ပြားပြားဝပ် ဆုတောင်းကြတယ်။ အဲဒါတွေမြင်ရတော့ ငါ အဖျားတက်သလို ဖြစ်လာတယ်။ သေသွားပေစေ။ မဒ္ဒလူမျိုးတစ်ယောက်ဟာ ဒီလိုမလုပ်နိုင်ဘူး ငါ့သား။''

''အရိယကြီးတော့ အဲဒီလို မလုပ်ရဘူးလား။''

''ငါ့ကို လုပ်ဖို့ပြောရင် ငါတော့ ငြင်းမှာပဲ။ အရှေ့ဘက်သားဘုရင်တွေဟာ ငါတို့ကို ဒီလိုလုပ်ဖို့ မပြောကြပါဘူး။ ဒါက အစဉ်အလာတစ်ခုပဲ။''

''ဘာကြောင့်လဲ။''

''ငါ့သားက အကြောင်းကို သိချင်တယ်ပေါ့။ ဇာတ်လမ်းက အရှည်ကြီး ရှိတယ်။ အနောက်ဝိုင်းက ရှေ့ဘက် တဖြည်းဖြည်း တိုးတိုးသွားကြတဲ့ ပဋ္ဌာလသားတွေဟာ ယမုနာ, ဂင်္ဂါ, ဟိဝန္တာတောင်တို့ရဲ့ အကြား (ပဋ္ဌာလမြောက်ဝိုင်း, တောင်ဝိုင်း) မှာရှိတဲ့ အရပ်ကို ရောက်သွားကြတဲ့အခါ လုံးလုံးလျားလျား

မဒ္ဒတွေလိုပဲ မိသားစုတစ်ခုအနေနဲ့ နေထိုင်ခဲ့ကြတယ်။ နောက် အသုရာတွေနဲ့ အရောအနှောများလာကြတယ်။ အသုရာတွေနဲ့ အပြိုင်အဆိုင် အဲဒီအရိယတွေ, ပဋ္ဌာလတွေမှာ တချို့က မှူးကြီး, မတ်ကြီး, ဘုရင်, ပုရောဟိတ်လုပ်ဖို့ သွားရည်ယိုလာကြတယ်။''

''ဘာကြောင့် သွားရည်ယိုလာရတာလဲ။''

''လောဘအတွက်ကြောင့်ပေါ့။ အပင်ပန်းမခံဘဲ သူများ ရှာဖွေစုဆောင်းထားတာ စားချင်လို့ပေါ့။ အဲဒီဘုရင်တွေနဲ့ ပုရောဟိတ်တွေကပဲ ပဋ္ဌာလမှာ ကွဲပြားမှုဖြစ်အောင် လုပ်ပစ်ကြတယ်။ လူသားဘဝ ပျောက်အောင် လုပ်ပစ်ကြတယ်။''

ပြောရင်းဆိုရင်းပင် ဇေတာ ကိစ္စတစ်ခုနှင့် ထသွားလေသည်။

၂

မဒ္ဒပုရ် (သာကလာ၊ သို့မဟုတ် ဆယာလ်ကုဋ္ဌ) တွင် သုဒါသ်နေခဲ့သည်မှာ ၄ နှစ် ကျော်လွန်ခဲ့လေပြီ။ ဇေတာ၏မယား ကွယ်လွန်ပြီ။ ဇေတာ၏ အိမ်ထောင်ကျပြီးနှမများနှင့် သမီးများအထဲမှာ ၁ ဦး-၂ ဦး သူ့အိမ်တွင် အတူနေထိုင်သည်။ သို့သော် အိမ်ဇာင် အမြဲနေသူများကား ဇေတာ, သုဒါသ်နှင့် ဒေါ်လာတို့ ဖြစ်သည်။ အပါလာ ယခုအခါ အသက် ၂၀ ရှိလေပြီ။ သူတို့၏အပြုအမူကို ကြည့်ရှုရခြင်းအားဖြင့် 'အပါလာနှင့် သုဒါသ် တစ်ယောက်နှင့်တစ်ယောက် ချစ်နေကြောင်း' သိရ၏။ အပါလာသည် မဒ္ဒပုရ်အလှမကလေးများအနက် တစ်ယောက်အပါအဝင် ဖြစ်သည်။ အပါလာအတွက် မဒ္ဒပုရ်တွင် ယောကျ်ားလှလှ မရှားပေ။ ထိုနည်းတူစွာ သုဒါသ်ကဲ့သို့သော ယောကျ်ားလှလှကလေး တစ်ယောက်အတွက်လည်း ထိုအရပ်တွင် မိန်းမလှလှ မရှားပေ။ သို့သော် ကပွဲတိုင်း အပါလာနှင့် တွဲကနေသော သုဒါသ်, သုဒါသ်နှင့် တွဲကနေသော အပါလာကိုသာ လူအများ တွေ့ကြရသည်။

ဇေတာလည်း ဤအကြောင်းကို သိ၏။ သုဒါသ်သာ အကယ်၍ မဒ္ဒပုရ်တွင်နေထိုင်ရန် အသင့်ဖြစ်ပါက ဇေတာ်က သဘောကျပေလိမ့်မည်။ သို့သော် သုဒါသ်သည် မကြာမကြာ သူ့မိဘများကို လွမ်းဆွတ်အောက်မေ့နေသည်။ သုဒါသ်သည် သူ့မိဘ ၂ပါး၏ 'တစ်ဦးတည်းသော သားဖြစ်ကြောင်း' ဇေတာသိသည်။

တစ်နေ့သ၌ အပါလာနှင့် သုဒါသ်-ချစ်သူမောင်မယ်တို့ ပျော်ရာဖြစ်သော 'စန္ဒဘာဂါ (ကျနော်) သို့ ရေချိုးသွားကြသည်။ ရေချိုးနေစဉ် နေအရောင်ရောင် အသွေးကြွနေသော အပါလာ၏ကိုယ်တုံးလုံးကလေးကို သုဒါသ် အကြိမ်ကြိမ် မြင်ခဲ့ဖူးပါ၏။ သို့သော် ယနေ့ ကိုယ်တုံးလုံးအလှမကလေး ၅၀ အကြားတွင် အပါလာ၏အလှကို နှိုင်းယှဉ်ကြည့်မိလေသည်။ ယနေ့မှပင် အပါလာ၏ လှပုံချောပုံများကို အပြည့်အစုံ သိရှိသကဲ့သို့ ရှိလေသည်။

အိမ်သို့ ပြန်လာကြသောအခါ လမ်းတွင် သုဒါသ် စကားမပြောဖြစ်နေသည်ကို တွေ့ရ၍ အပါလာက စကားစသည်။

''သုဒါသ်။ ကနေ့ နင် စကား မပြောပါလား။ မောသွားသလား။ စန္ဒဘာဂါမြစ်ရေစီးကို ၂ ခေါက် ပြန်ကူးတယ်ဆိုတာ နည်းနည်းနောနော ပင်ပန်းတဲ့အလုပ် မဟုတ်ဘူး။''

''အန်ဒီ- နင်လည်း အသွားအပြန်ကူးတာပဲ အပါလာ။ ငါတော့ ၂ ခေါက် မပြောနှင့်။ အချိန်ရရင် စန္ဒဘာဂါမြစ်ကို ၁၀ ခေါက် ကူးနိုင်ရဲ့။''

ဒါပေမယ့်
တို့ကတိ ၂ ခုတော့ မဖျက်ကြစတမ်း။
နင်က နင့်အမိဆီမှာ ထားခဲ့တဲ့ကတိ၊
ငါကတော့ ငါ့အသည်းထဲက ကတိကို။

''တို့ ထွက်လာချိန်က ငါ ကြည့်မိတယ်။ နင့်ရင်ဘတ်သားတွေ ဘယ်လောက်များ မောက်ကြွနေသလဲလို့။ နင့်လက်မောင်းကြီးတွေ, ပေါင်ကြီးတွေက အသားစိုင်တွေဟာလည်း အလေးချိန် ၂ ဆ လောက်စီးအောင် ပြည့်ဝ ဖောင်းမို့နေကြတယ်။''

''ရေကူးတာဟာ ကောင်းတဲ့ အလေ့အကျင့်တစ်ခုပဲ။ ရေကူးရင် အားကောင်းလာတယ်။ လူပုံ ချောလာတယ်။ ဒါပေမယ့် နင့်အလှထက်တော့ ဘယ်လိုလုပ် ပို့လှနိုင်ပါတော့မှာလဲ အပါလာ။ နင်တော့ ခုကတည်းက လောကကြီးမှာ ပြိုင်ဖက်မရှိတဲ့အလှမကလေး ဖြစ်နေပြီ။''

''နင့်မျက်စိနှင့် ကြည့်ပြောတာမဟုတ်လား သုဒါသ်။''

''ဒါပေမယ့် အချစ်မှိုင်းမိလို့ပြောတာ မဟုတ်ဘူး။ 'ဆိုတာ နင် သိပါတယ်။''

''ဟုတ်ပါတယ်။ နင် နမ်းစုပ်ဖို့လောက်တောင် ငါ့ကို မတောင်းခဲ့ဖူးဘူး။ ဒါပေမယ့် မဒ္ဒသူ အလှမကလေးတွေက ဒီလိုဒါနဘက်မှာ ရက်ရောကြပါတယ်။''

''မတောင်းပေမယ့်လည်း နင်တော့ နမ်းစုပ်ခွင့်ပေးဖို့ ရက်ရောတယ်နော်။''

''ဒါပေမယ့် အဲဒီတုန်းဟာက ငါ နင့်ကို အစ်ကို 'သေတဿဝါ' လို အောက်မေ့လို့ ပေးတာ။''

''အခုတော့ မပေးတော့ဘူးလား။''

''တောင်းရင်တော့ ဘာလို့ မပေးစရာ ရှိသလဲ။''

''ဒါဖြင့် တောင်းရင် နင် ငါ့''

''တော်တော်။ ဒါမပြောနဲ့ သုဒါသ်။ 'မဖြစ်နိုင်ဘူး' လို့ ငြင်းရရင် ငါ စိတ်ဆင်းရဲရတော့မှာပဲ။''

''ဒါတော့ စိတ်ဆင်းရဲမှုမလာအောင် ကာကွယ်နိုင်တဲ့သတ္တိ နင့်လက်ထဲမှာ ရှိတာပဲ။''

''ငါ့လက်ထဲမှာ မရှိဘူး။ နင့်လက်ထဲမှာ။''

''ဘယ်လိုရှိပုံလဲ။''

''နင် အမြဲ ငါ့အဖအိမ်မှာနေမယ် စိတ်ကူးရဲ့လား။''

သုဒါသ်သည် ထို နူးညံ့သောနှုတ်ခမ်းကလေးများမှ ဤကဲ့သို့ ကြမ်းတမ်းသောစကားလုံးများ ထွက်လာမည်ကို မကြာမကြာ စိုးရိမ်ကြောက်ရွံ့နေသည်။ ယနေ့ ထိုစကားသည် မိုးကြိုးကျသကဲ့သို့ တစ်ချက်တည်း သူ၏နှားများကို ဖောက်၍ အသည်းနှလုံးသို့တိုင် ရောက်ခဲ့လေသည်။ အတန်ငယ်ကြာသည်တိုင်အောင် သူ့စိတ်မှာ တုန်လှုပ်ချောက်ချားနေသည်။

သို့သော်လည်း သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသော အကြောင်းအရာကို အပါလာ မသိစေချင်။ အတန်ငယ်ကြာပြီးနောက် သုဒါသ်သည် အသံကိုချုပ်ထိန်း၍ ပြောလေသည်။

''ငါ နင့်အပေါ် ဘယ်လောက်များချစ်သလဲ အပါလာ။''

''ဒါ ငါသိပါတယ်။ ပြီးတော့ ငါ့အကြောင်းကို နင် သိပါတယ်။ ငါ အမြဲတမ်း နင့်ချစ်သူဖြစ်နေချင်တာပဲ။ အဖေကလည်း သဘောတူမှာပဲ။ ဒါပေမယ့် နောက်ထပ် ပဉ္စာလဘက်တော့ မျက်နှာမူရမှာ မဟုတ်တော့ဘူး။''

"ပဥ္စာလကို မျက်နှာလွှဲရတာ မခက်ပါဘူး။ ဒါပေမယ့် ဟိုမှာ ငါ့မိအိုဖအိုများ ရှိကြသေးတယ်။ ငါ့အပြင် အမိမှာ တခြားသားသမီး မရှိတော့ဘူး။ မသေခင် အမိကို တစ်ကြိမ်တော့ တွေ့ဖြစ်အောင် တွေ့မယ်။-လို့ ငါ ဝန်ခံမယ်။"

"ငါ နှင်ဝန်ခံထားတဲ့စကားကို ပျက်အောင် မဖျက်ချင်ဘူး။ နှင် ထွက်သွားပေမယ့်လည်း ငါ နှင့်ကို အမြဲချစ်နေမှာပဲ။"

"ငါတော့ တစ်သက်လုံး နှင့်အတွက် 'အမြဲ ငိုငိုနေရတော့မယ်။'ထင်တယ်။ ဒါပေမယ့် တို့ကတိ ၂ ခုတော့ မဖျက်ကြစတမ်း။ နင်က နှင့်အမိဆီမှာ ထားခဲ့တဲ့ကတိ၊ ငါကတော့ ငါ့အသည်းထဲက ကတိကို။"

"နှင့်အသည်းထဲက ကတိထားတာ ဘာလဲ အပါလာ။"

"လူသားတွေနေတဲ့ နေရာက လူသားမဟုတ်တဲ့လူတွေ နေတဲ့နေရာကို ဘယ်တော့မှ မသွားပါအံ့ ဆိုတာပေါ့။",

"လူသားမဟုတ်တဲ့လူတွေ နေရာ။ ပဥ္စာလဇနပုဒ်လား။"

"ဟုတ်တယ်။ လူသားတန်ဖိုး မရှိတဲ့နေရာ။ မိန်းမများလွတ်လပ်ခွင့် မရှိတဲ့နေရာ။"

"ငါ နင်နှင့် သဘောတူပါတယ်။"

"ဒါဖြင့် သဘောတူတဲ့အတွက် ငါ နှင့်ကို နမ်းစုပ်ခွင့် ပေးတယ်။"

ပြောပြောဆိုဆို အပါလာသည် မျက်ရည်များဖြင့်စွတ်စိုနေသော သူမပါးကလေးကို သုဒါသ်၏ နူတ်ခမ်းတွင် သွားကပ်ပေးသည်။

သုဒါသ်သည် နမ်းစုပ်ပြီးသောအခါ အပါလာက ဆက်၍ပြောသည်။

"ကဲ-သွားပေတော့။ တစ်ခါတစ်ခေါက် အမိနှင့်တွေ့ပြီးရင်တော့ ပြန်ခဲ့နော်။ ငါ နှင့်ကို မဒ္ဒပုရ်က မျှော်နေမယ်။"

အပါလာ၏ ရိုးရိုးသားသားရှိလှသော စကားများကို ကြားရ၍ သုဒါသ်သည် မိမိကိုယ်ကို မိမိ အတိုင်းမသိ ရွှတ်ချကဲ့ရဲ့မိလေသည်။ ထိုရွှတ်ချကဲ့ရဲ့မှုကို နောက်ထပ်တစ်ဖန် ဘယ်သောအခါမှ နှလုံးသားမှ ထုတ်မပစ်နိုင်တော့ပေ။

'အမိ,အဖ -၂ ပါးကို တွေ့ပြီး ပြန်လာဖို့' ဝန်ခံ၍သာ ဇောတက သုဒါသ်အား အိမ်ပြန်ခွင့် ပြုလေသည်။ ဇောတနှင့် အပါလာ-၂ ဦးက သူ့ဆန္ဒကို လိုက်လျောကြလေသည်။

မထွက်ခွာမီ တစ်ရက်တွင် အပါလာသည် အခြားရက်များထက် အချိန်ပိုကာ သုဒါသ်နှင့်အတူ တွဲနေသည်။ ၂ ဦးသား၏ ကြာညိုပွင့်အဆင်းရှိသော မျက်လုံးပြာကလေးများတွင် မျက်ရည်တွေတွေ စီးစိမ့်နေသည်။ ဟန်လုပ်ရန်လည်း မကြိုးစားကြတော့ပေ။ ၂ ဦးသား နာရီပေါင်းများစွာ တစ်ယောက်နှုတ်ခမ်းကို တစ်ယောက် စုပ်နေကြရှာသည်။ တစ်ခါတစ်ခါ သူတို့ကိုယ်ကိုပင် သူတို့မေ့ကာ လည်ချင်းယှက်၍ ဖက်ထားကြသည်။ တစ်ခါတစ်ခါ အသံမထွက် မျက်ရည်ပြည့်နေသော မျက်လုံးများဖြင့် တစ်ယောက်ကို တစ်ယောက် စူးစိုက်ကြည့်ရှုနေကြရှာသည်။

ထွက်ခွာတော့မည် ရှိသောအခါ အပါလာက တစ်ကြိမ်ပွေ့ဖက်လျက် မှာလိုက်သည်။

"သုဒါသ်။ ငါ နှင့်ကို မဒ္ဒပုရ်က မျှော်နေမယ်။"

အပါလာ၏စကားလုံးကလေးများသည် သုဒါသ်၏အသည်းနှလုံးတွင် တစ်သက်လုံးအတွက် စွဲဝင်၍ သွားလေတော့သည်။

၇

သုဒါသ်သည် သူမိခင်အား အလွန်ချစ်ခင်လေသည်။ သုဒါသ်အဖ ဒီဝေါဒါသကား တန်ခိုးကြီး သောဘုရင်တစ်ပါး ဖြစ်သည်။ ဝသိဋ္ဌ, ဝိသာမိတ္တနှင့် ဘာရဒွါဇကဲ့သို့သော မဟာဂုသိ (ရသေ့ကြီး) များက ဒီဝေါဒါသဘုရင်နှင့်ပတ်သက်၍ မန္တရားအမျိုးမျိုး တစ်ခုပြီးတစ်ခု ရေးသားစီကုံးကြသည်။ သို့သော် ကုရု(ရိုဂ်) ဒေသတွင် စုပေါင်းထားကာမျှဖြင့် ရသေ့ကြီးများ၏မျက်နှာလိုမျက်နှာရလုပ်မှုများ မပေါ်ဘဲ မနေ။

သုဒါသ်သည် သူမယ်တော်ကိုသာ ချစ်ခင်လေသည်။ ဒီဝေါဒါသတွင် သူမယ်တော်ကဲ့သို့သော ကတော်မယားပေါင်း မြောက်မြားစွာ, ကျွန်မပေါင်း မြောက်မြားစွာရှိ၍၊ သူမယ်တော်သည် ဒါဝေါဒါသ ၏သားကြီး (ပဋ္ဌာလထီးနန်းကို သိမ်းမြန်းဆက်ခံမည့်သူ)၏မယ်တော် ဖြစ်သည်။ ထို့ကြောင့် အနည်း ငယ်ဖြစ်မချည်း[၁] အရေးပေးခြင်းခံရဖို့ ရှိသည်။ သို့သော် အချောအလှအနုအထွတ်မကလေးများနှင့် ပြည့်နေသော နန်းတွင်းဆောင်တွင် သူခမည်းတော်သည် သွားကျိုးပါးကျိုးဖြစ်နေသော သူမယ်တော်အား အဘယ်မှာ အချစ်မွှားတော့အံ့နည်း။ သူကား မယ်တော်၏ တစ်ဦးတည်းသောသား ဖြစ်သော်လည်း ခမည်းတော်၏ တစ်ဦးတည်းသောသား မဟုတ်ခဲ့။ သူ မရှိလျှင် သူညီတော် ပတဒ္ဒနသည် ထီးနန်းရိုက်ရာ ကို ဆက်ခံမည့်သူ ဖြစ်သည်။-ဟူသောအကြောင်းများကို သုဒါသ် သိ၏။

နှစ်ပေါင်းများစွာ ကြာလွန်ပြီးနောက် မယ်တော်သည် သားတော်အပေါ် မျှော်လင့်ချက် ကုန်ရှာ လေတော့သည်။ တဝိုတယိုယိုနှင့်ပင် မယ်တော်မှာ မျက်စိများ မှုန်ရှာလေတော့သည်။

တစ်နေ့သ၌ သုဒါသ်သည် တိတ်တဆိတ် မည်သူ့ကိုမျှ သတင်းမပေးဘဲ၊ ခမည်းတော်နှင့်လည်း မတွေ့ဘဲ မယ်တော်ရှေ့မှောက်သို့ ဆိုက်ရောက်လာသည်။ အရောင်မထွက်သော မျက်လုံးများဖြင့် သူ့အား ရှာနေသော မယ်တော်အား ကြည့်၍ သုဒါသ်က ပြောလေသည်။

"အမိ။ ငါ ဒီမှာရှိတယ်။ နင့်သား သုဒါသ်လေ။"

မယ်တော်၏မျက်လုံးများ အရောင်ထွက်လာသည်။ သို့သော်လည်း ညောင်စောင်းပေါ်မှ မလှုပ် မယှက် ပြောနိုင်ရှာတော့သည်။

"နင် ငါ့သားသုဒါသ် တကယ်ဟုတ်ရင် ဘာကြောင့် တခြားမှာ သွားပြီး မြုပ်ပျောက်နေရသလဲ။ ဘာကြောင့် နင် ငါ့လည်ပင်းကို မဖက်သလဲ။ ဘာကြောင့် နင့်ခေါင်းကို ငါ့ရင်ခွင်ထဲမှာ မထားသလဲ။"

သုဒါသ်သည် မယ်တော့်ရင်ခွင်တွင် သူ့ခေါင်းကို သွင်းထားလေသည်။ အမိသည် လက်နှင့် စမ်း၍ကြည့်သည်။ တကယ့်ဦးခေါင်းပင် ဖြစ်သည်။ လေထဲတွင် လွင့်ပျောက်၍ မသွားသေးပေ။

မယ်တော်သည် သား၏မျက်နှာ, လည်ပင်း, နဖူးနှင့် ဆံပင်များကို အကြိမ်ကြိမ်နမ်းစုပ်၍ မျက်ရည်များ ဖြိုင်ဖြိုင်သွန်ချနေရှာသည်။ လည်ပင်းကို အကြိမ်များစွာ ဖက်ထားသည်။

မယ်တော် မျက်ရည်မဆည်နိုင် ဖြစ်နေသည်ကို မြင်၍ သုဒါသ်က ပြောလေသည်။

"အမိ။ ငါ နင့်အနား ရောက်နေမှပဲ။ ဘာကြောင့် ငိုနေရသလဲ။"

"ဒီတစ်နေ့တည်းပါ လူကလေး။ ဒီတစ်နာရီတည်းပါ ငါ့သား။ ဒါ နောက်ဆုံးမျက်ရည်ပဲ သုဒါသ်။ ငါ့မျက်လုံးထဲက အချစ်ဆုံး သူငယ်အိမ်လေးရယ်။"

နန်းတွင်းဆောင်မှသတင်းသည် မင်းကြီးထံသို့ ရောက်လေသည်။

မင်းကြီး အပြေးအလွှားရောက် လာ၍ သုဒါသ်ကိုပွေ့ဖက်ကာ ဝမ်းမြောက်လွန်းသဖြင့် မျက်ရည်များ ပင် ကျရှာသည်။

၁။ 'အနည်းငယ်ဖြစ်စေ'-ဟုယူ။

တစ်နေ့တစ်နေ့နှင့် တရွေ့ရွေ့ ၁လ ဖြစ်ခဲ့ပြီ။ ၁လ-၁လနှင့် ယခုအခါ နှစ်ရာသီသို့ပင် တိုင်ခဲ့ပြီ။

မယ်တော်, ခမည်းတော်-၂ ပါး၏ရှေ့တွင် မျက်နှာကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျဖြစ်ရန် ကြိုးစားပါ၏။ သို့သော်လည်း သူတစ်ဦးတည်း နေခွင့်ရလျှင်ရချင်း သူနှားတွင်းသို့ စူးရှထက်မြက်လှသော အသံတစ်ခု ဝင်လာသည်။

'ငါ နင့်ကို မဒ္ဒပုရိက မျှော်နေမယ်။'

ထို့နောက် သူ့ရှေ့တွင် နှုတ်ခမ်းနီကလေး တလှုပ်လှုပ်ပေါ်လာသည်။ ထိုနှုတ်ခမ်းနီကလေးမှာ သူ့မျက်လုံးတွင် မျက်ရည်အပြည့်မဖုံးသမျှ ပေါ်နေသည်။ သုဒါသ်မှာ အချစ် ၂ဖက်ညှပ် နေသည်။ တစ်ဖက်တွင် အပါလာ၏ တကယ့်အချစ်။ တစ်ဖက်တွင်ကား အမယ်အိုကြီး၏ အမြစ်တွယ်နေသော သားချစ်။ သူမှတစ်ပါး အစားထိုးစရာမရှိသော အမိ၏နှလုံးသားကို ဖောက်ခွဲပစ်ရမည်မှာလည်း အယုတ်မာ အနိမ့်ကျဆုံး မိုက်မိုက်မဲမဲ ကိုယ်ကျိုးရှာမှုသက်သက်မျှသာ ဖြစ်သည်။ ထို့ကြောင့် သုဒါသ်သည် 'သူမယ် တော်ကြီးတစ်သက်တွင် ပဉ္စာလကို စွန့်ခွာမသွားဖို့' ဆုံးဖြတ်လိုက်လေသည်။ သို့သော် မင်းသားတစ်ဦး၏ အပျော်အပါးများလှသော ဘဝကို လက်ခံရန်ကား သူ မစွမ်းနိုင်သောကိစ္စတစ်ခုကဲ့သို့ ဖြစ်နေပေသည်။ သုဒါသ်သည် ခမည်းတော်အပေါ်တွင် မြတ်နိုးသည့်အမူအရာကို ပြသည်။ ခမည်းတော်၏အမိန့်ကိုလည်း ဦးလည်မသုန်. နာခံသည်။

အိုမင်းရင့်ရော်ခဲ့ပြီဖြစ်သော ဒိဝေါဒါသဘုရင်က တစ်နေ့သ၌ သားတော်အား မိန့်သည်။

''ချစ်သား သုဒါသ်။ ငါ့ဘဝ အဆုံးစွန်ရောက်ပြီ။ ပဉ္စာလတိုင်းပြည်ဝန်ကို ထမ်းဆောင်ဖို့ ယခုအခါ မတတ်နိုင်တော့ဘူး။''

''ဒါဖြင့် အရှင်- ဘာကြောင့် တိုင်းပြည်ဝန်ကို ပဉ္စာလပြည်သူပြည်သားများလက် မအပ်နှင်းပါသလဲ။''

''အို-ငါ့သား။ 'ပဉ္စာလပြည်သူပြည်သားများလက်ကို'။ နင်ဆိုလိုရင်းကို ငါ နားမလည်။''

''အရှင်။ နောက်ဆုံးမှာ ဒီတိုင်းပြည်ဟာ ပဉ္စာလပြည်သူပြည်သားများရဲ့ တိုင်းပြည်ပဲ။ ငါတို့ ရှေးသူဟောင်းများဟာ ပဉ္စာလလူမျိုး သာမန်ယောကျ်ားကြီးတွေပဲ။ အဲဒီခေတ်တုန်းက ပဉ္စာလဘုရင်ရယ်လို့ တစ်ယောက်မှ မရှိဘူး။ ပဉ္စာလပြည်သူပြည်သားများကဘဲ အုပ်ချုပ်ရေးတာဝန်တွေကို ထမ်းဆောင်ထားကြတယ်။ မလွှ, မဒ္ဒ, ဂန္ဓာရတိုင်းမှာ အဲဒီတိုင်းသား ပြည်သူများကပဲ အုပ်ချုပ်သလိုပေါ့။

''ဒီနောက် ငါ့အဘိုး 'ဝဒ္ဓဿ'ရဲ့အဆက် ရှေးသူဟောင်းတစ်ယောက်မှာ စည်းစိမ်မက်မောတဲ့ လောဘ၊ တခြားသူလုပ်စာကို သိမ်းယူချင်တဲ့ လောဘတွေ ဖြစ်လာတယ်။ သူဟာ လူစုအရှင်ရာထူး, သေနာပတိရာထူး တစ်ခုရှိတဲ့လူ ဖြစ်ရမယ်။ လူများအတွက် စစ်ပွဲတစ်ခုကို အနိုင်တိုက်နိုင်လို့ လူထုရဲ့ချစ်ခင်မှု, ယုံကြည်မှုနှင့် ပစ္စည်းဥစ္စာတွေကို ရတဲ့သူ ဖြစ်ရမယ်။ အဲဒီအင်အားတွေနှင့် လူထုကို 'လူယုံသတ်' လုပ်တာ ဖြစ်ရမယ်။ သူဟာ ပြည်သူ့အာဏာကို လုယူပြီး အသုရာတွေကို ဘုရင်အုပ်ချုပ်ရေးစနစ်ကို တည်ထောင်ခဲ့တယ်။

''အသုရာတွေလို ဝသိဋ္ဌ, ဝိဿာမိတ္တတို့ရဲ့ မေ့ပျောက်နေတဲ့ ရှေးသူဟောင်းတစ်ယောက်ကို ပုရောဟိတ်ရာထူးနှင့် တံစိုးထိုးပြီး အတုခိုးလုပ်တာ ဖြစ်မယ်။ ပုရောဟိတ်က ပြည်သူပြည်သားများရဲ့ မျက်စိထဲ စပျစ်ပြီးတော့ ပြောစဖြလာတယ်။ 'ဣန္ဒ, အဂ္နိ, သောမ, ဝရုဏ, ဝိဿယ, ဒေဝတို့က ဒီဘုရင်ကို နှင်တို့အပေါ် အုပ်ချုပ်ဖို့ လွှတ်လိုက်တာ။ သူ့အမိန့် နာခံကြ။ သူ့ကို အခွန် ထုတ်ပေးကြ။'- တဲ့။ ဒီစကားတွေအားလုံး ယုံကြည်စရာ ဘာမှမရှိဘူး အဖ။ အားလုံးကိစ္စ ခိုးမှုချည်းပဲ။ အခွင့်အရေးပေးတဲ့

လူစုခေါင်းဆောင်များဟာ
သူခိုးတွေ, ဓားပြတွေ မဟုတ်ဘူး။
အမှန်မှာ လူစုခေါင်းဆောင်များဟာ
သူတို့ကိုယ်ကို 'ပြည်သူလူထုရဲ့ သားသမီး'လို
အောက်မေ့ကြတယ်။
သားသမီးလိုပဲ ဆက်ဆံကြတယ်။

ပုရောဟိတ်ကို နာမည်ကအစ မေ့ဖျောက်ပစ်ရမယ်။ သူ့ကို ကျေးဇူးတင်တဲ့အကြောင်း လျှာပေါ် စကားလုံး တစ်လုံးမျှ မပြောတာ ကောင်းတယ်။''

''မဟုတ်ဘူးငါ့သား။ လူအများက ငါတို့ မင်းပြုတာကို လက်ခံကြတယ်။ အဘိသိက်[1]-ကျမ်း သစ္စာကျိန်ဆိုတဲ့အခါ ပြည်သူပြည်သားများကပဲ ငါတို့ကို ပလာသ(ပေါက်)ပင်အကိုင်းကို မင်းသုံးမင်း ဆောင်အမှတ်နှင့် ပေးဆပ်ကြတယ်။''

''အဘိသိက်-ကျမ်းကျိန်ပွဲဟာ ခုအခါ ပြပွဲသက်သက်ပါပဲ။ ဒါပေမယ့် အမှန်စင်စစ်တော့ ပြည်သူ ပြည်သားများက 'ဘုရင်ရဲ့အရှင်' ဖြစ်ပါရဲ့လား။ မဖြစ်ပါဘူး။ ဒါ ထင်ရှားပါတယ်။ ငါတို့ မြင်အနေရသားပဲ။ ဘုရင်ဟာ သူ့ပြည်သူပြည်သားများအလယ်မှာ တန်းတူ မထိုင်နိုင်ဘူး။ အတူ မစားနိုင်ဘူး။ အတူ မလုပ်နိုင်ဘူး။ မဒ္ဒကဖြစ်စေ, ဂန္ဓာရကဖြစ်စေ လူစုခေါင်းဆောင်တစ်ဦးဟာ ဒီဘုရင်တွေလုပ်တာမျိုး လုပ်နိုင်ရဲ့လား။''

''ငါတို့ ဒီမှာ သူတို့လုပ်သလို လုပ်ရင် တစ်နေ့နေ့ ရန်သူက သတ်ပစ်မှာပေါ့။ ဒါမှမဟုတ် အဆိပ်ခတ်မယ်။''

''ဒီကြောက်နည်းမျိုးကိုလည်း သူခိုးဓားပြမှ ကြောက်ရတာပဲ။ လူစုခေါင်းဆောင်များဟာ သူခိုးတွေ, ဓားပြတွေ မဟုတ်ဘူး။ အမှန်မှာ လူစုခေါင်းဆောင်များဟာ သူတို့ကိုယ်ကို 'ပြည်သူလူထုရဲ့ သားသမီး' လို အောက်မေ့ကြတယ်။ သားသမီးလိုပဲ ဆက်ဆံကြတယ်။ ဒါကြောင့် သူတို့ အကြောက်အလန့် မရှိကြဘူး။ 'ဘုရင်'ဆိုတာ ကွကတော့ သူခိုးတွေပဲ။ ပြည်သူ့အခွင့်အရေးကို လုယူတဲ့ ဓားပြတွေပဲ။ [illegible]ကို အချိန်ရှိသမျှ ကြောက်လန့်နေကြရတယ်။ ဘုရင်တွေရဲ့ မိန်းမဆောင်၊ ဘုရင်တွေရဲ့ ရွှေငွေရတနာ [illegible]ရင်တွေရဲ့ ကျွန်ယောကျ်ား, ကျွန်မိန်းမတွေ၊ ဘုရင်ရဲ့ပစ္စည်း အားလုံး ကိုယ်တိုင်စုဆောင်းရှာဖွေထားတာတွေ မဟုတ်ဘူး။ ခိုးတိုက်ပြီး ရထားတာတွေပဲ။''

''ငါ့သား။ မင်းပြုတဲ့အတွက် နင် ငါ့ကို 'ပြစ်မှုကျူးလွန်သူ'လို့ ဆိုလိုပါသလား။''

''လုံးဝ မဆိုလိုပါ အရှင် (အရီယ)။ နင့်နေရာရောက်ရင် စိတ်ပါပါ မပါပါ ငါလည်း ဒီအတိုင်းပဲ လုပ်ရမှာပဲ။ မင်းပြုတဲ့အတွက် ငါ့အဖဒီဝေါဒါသကို အပြစ်မတင်ပါ။''

''တိုင်းပြည်ကို ပြည်သူ့လက်အပ်ဖို့ နင် ပြောတယ်။ ဖြစ်နိုင်ပါ့မလား ငါ့သား။ စဉ်းစားကြည့်လေ။ ပြည်သူဥစ္စာကို လုယက်သူမှာ ပဥ္စာလဘုရင်ဒီဝေါဒါသတစ်ဦးတည်း မဟုတ်ဘူး။ ဒီဝေါဒါသဟာ သူခိုးဓားပြပဒေသရာဇဓံတွေ အများထဲက တစ်ဦးသာဖြစ်တယ်။ ဘုရင်ဟာ ကြီးကျယ်နိုင်ပါတယ်။ ဒါပေမယ့် ပြည်သူပြည်သားတွေစုစည်းထားတဲ့ အင်အားနှင့်ပြိုင်ရင် ဘုရင်ဟာ အဆွဲ့(ခြေမသန်သူ) ဖြစ်သွားမှာပေါ့။ ဘုရင့်နယ်စားပယ်စား, မင်းဆွေမင်းမျိုးနှင့် စစ်ဗိုလ်ချုပ်အပြင် အကြီးဆုံးပဒေသရာဇဓံကတော့ ပုရောဟိတ်ပဲ။''

''ဟုတ်တယ်။ ပုရောဟိတ်သတ္တိကို ငါ သိတယ်။ ဘုရင့်သားငယ်များဟာ မင်းအဖြစ်ကို မဆက်ခံနိုင်ကြဘူး။ ဒါကြောင့် ဘုရင့်သားငယ်များဟာ ပုရောဟိတ် (ဗြဟ္မဏ) လုပ်ကြတယ်။ ငါ့ညီငယ် 'ပကဒ္ဒန'

၁။ 'အဘိသိက်'-ကို ယနေ့သတ်ပုံအရဖြင်။

လည်း ဒီအတိုင်းပဲ လုပ်လိမ့်မယ် ထင်တယ်။ ဘုရင်နှင့် ပုရောဟိတ် (အစိုးရနှင့် ဘာသာရေး)မှာ သီဟာသနပလ္လင်နှင့် ယဖ်ပလ္လင်ပဲ ထူးသေးတယ်။''

''ဒါပေမယ့် နောင်အခါ ခတ္တိယ, ဗြာဟ္မဏ-အင်အား ၂ မျိုးကွဲပြီး အဆင့်အတန်း ၂ မျိုး ကွဲပြားမလာဘူးလို့ ဘဲယ်သူပြောနိုင်မလဲ။''

''မဒ္ဒ, ဂန္ဓာရတိုင်းများမှာ ဓားလွယ်နှင့် သစ်သားဖွန်း[1] ၂ မျိုးကို လက်တစ်ဖက်တည်း ကိုင်နိုင်တယ်။ ဒါပေမယ့် ပဥ္စာလမှတော့ သစ်သားဖွန်းဟာ ဝိဿမိတ္တရဲ့လက်ထဲမှာ။ သန့်ကျက်ကတော့ ဝဒ္ဓဿရဲ့သား ဒိဝေါဒါသရဲ့လက်ထဲမှာ ရှိနေရမယ်။ ဒီအရပ်က ပြည်သူပြည်သားများမှာတော့ ၃ စု ကွဲသွားပြီ။ ပဒေသရာဇ်အုပ်စု, ပြည်သူ့ဘဏ္ဍာကို လုယူတဲ့အုပ်စု, သမီးယူ သမီးပေးအားဖြင့် ဆွေမျိုး တော်ကြတဲ့ အုပ်စုရယ်လို့ ၃ စု ကွဲသွားပြီ။ အမိအဖဘက်က စပ်လို့ ဘုရင်နှင့် ပုရောဟိတ်ဟာ တစ်မျိုးဖြစ်ပေမယ့်၊ 'ခတ္တိယ, ဗြဟ္မဏ'ရယ်လို့ အခေါ် ၂ မျိုး ကွဲပြားပြီး တခြားစီ ရေတွက်နေကြတယ်။ ၂ ပက္ခရဲ့ အသီးသီး ကိုယ်ကျိုးကိုယ်စီးပွားချင်းလည်း အတိုက်အခံ ဖြစ်လာခဲ့ပြီ။ ဒါကြောင့် ဗြဟ္မဏ, ခတ္တိယ-၂ မျိုး ချစ်ကြည်ရင်းနှီးမှုဖြစ်အောင် အကြိုးအကျယ် ကြိုးပမ်းနေကြရတယ်။ တစ်မျိုးတစ်နွယ်တည်းက ကွဲပြားနေတဲ့ ၂စုအပြင်ဘက်မှာ ပြည်သူလူထုက လူဦးရေအမြောက်အမြား ရှိနေတယ်။ ပြည်သူအမြောက်အမြားက တတိယအုပ်စုပဲ။ ကနေ့ အဲဒီလူထုကြီးကိုတော့ နာမည်ပြောင်းပြီး 'ဝိသ္ဒ(အုပ်စုကြီး)' လို့ နာမည်ပေးထားကြတယ်။ 'ပဇာ (သား,သမီး)'လို့လည်း နာမည် ပေးထားကြတယ်။ ဘယ်လောက် ယုတ်ယုတ်မာမာ ဗဇ္ဈောင်းဗလဲ လုပ်ပစ်လိုက်သလဲ။ 'ဇန' (အဖ)ကို 'ပဇာ' (သား) လုပ် ခေါ်ကြရတယ် အရှင် (အရိယ)။ ဒီကိစ္စအားလုံး စဉ်းလဲမှုကြီး မဟုတ်လား။''

''ဒါထက် ငါ့သား။ နင် အရေအတွက်များတာကိုတော့ အမှတ်အသား မပြုဘဲကိုး။''

''မှန်ပါတယ်။ အရိယလူမျိုးမဟုတ်တဲ့ အနရိယ လက်မှုပညာသည်, ကုန်သည်, ကျွန်ယောကျ်ား, ကျွန်မိန်းမတွေ ရှိတာပေါ့။ သူတို့တွေကြောင့်ပဲ အာဏာပိုင်တွေဟာ လူထုဆီကအခွင့်အရေးကို လုယူတဲ့ ကိစ္စမှာ အောင်မြင်ကြတာပေါ့။ သူတို့ကိုအုပ်ချုပ်နေတဲ့ လူမျိုးတစ်မျိုးကို သူတို့နှင့်တန်းတူအောင် တစ်ယောက်ယောက်က နှိမ့်ပစ်လို့ မလွတ်လပ်တာမြင်ရတော့ အနရိယတွေက ကျေနပ်ကြတယ်။ အဲဒီကျေနပ်တာကို အကြောင်းပြုပြီး ဘုရင်များက 'သူတို့အလုပ် တရားတယ်။' လို့ ပြောနေကြတာပဲ။''

''ငါ့သား။ နင်ပြောတာ 'မှားမယ်' မဟုတ်ဘူး။ ဒါပေမယ့် ပြောစရာတစ်ခု ရှိတယ်။ တိုင်းပြည်ကို ဘယ်သူ အပ်ရမလဲ။ သူခိုးဓားပြတွေ, ပဒေသရာဇ်တွေနှင့် ကုန်သည်တွေ ဆိုကြပါစို့။ သူတို့ကို ချုပ်ထားလိုက်ရင် အရိယလူမျိုးနှင့် အနရိယလူမျိုးတွေ အများကြီး။ သူတို့ကော တိုင်းပြည်ကို အုပ်ချုပ်နိုင်ပါ့မလား။ ပြီးတော့ အခုအခါ ငါသာ လက်လွတ်လိုက်ရင် ဘာသာရေးနှင့် စစ်ရေးဆိုင်ရာမှာ အုပ်စိုးနေတဲ့ ပဒေသရာဇ် ၂ မျိုးစလုံးကပဲ ပြည်သူပြည်သားများကို လင်းတဆွဲသလိုဆွဲဖို့ ပြင်နေကြတယ်။ ကုရုပဉ္စာလမှာ ပြည်သူ့လက်ထဲက အာဏာလက်လွတ်တာ လူ့အဆက်အားဖြင့် ၆ ဆက်-၇ ဆက် ကျော်လွန်ရုံ ရှိသေးတယ်။ ဒါကြောင့် ငါတို့ ပြည်သူ့ခေတ်ကို မမေ့ကြသေးဘူး။ ဟိုစဉ်အခါက ဒီတိုင်းပြည်ကို 'ဒိဝေါဒါသရဲ့တိုင်းပြည်'လို့ မခေါ်ဘူး။ 'ပဉ္စာလာ (ပဉ္စာလလူမျိုးအားလုံး)' လို့ ခေါ်ခဲ့ကြတယ်။ အသိအမှတ် ပြုခဲ့ကြတယ်။ ဒါပေမယ့် ကနေ့ကျတော့ အဲဒီခေတ်ပြန်သွားဖို့ လမ်း မမြင်တော့ဘူး။''

''ဟုတ်တယ်။ လမ်းမှာ ကန့်လန့်ဖြတ်နေတာတွေဟာ ဝသိဋ္ဌ, ဝိဿာမိတ္တလို မိကျောင်းတွေပဲ။''

၁။ သစ်သားဖွန်း - ယဖ်ပူခော်လာသောအခါ ယဖ်ခပ်သော ဖွန်း။ 'စစ်ရေးနှင့် ဘာသာရေး တစ်ယောက်တည်းက ဆောင်ရွက်နိုင်သည်။'ဟု ဆိုလိုသည်။-မြန်မာပြန်သူ၏မှတ်ချက်

'သူတို့၏ ခိုင်ခံ့သောထောင်ချောက်တွင်
သူကိုယ်တိုင် မိနေကြောင်း။'-သုဒါသ် သိသည်။
သူတို့အပေါ် တစ်စုံတစ်ရာပြုလုပ်ရန်
အလိုရှိနေသော သုဒါသ်၏အယူအဆကို
ပြောင်းလဲသွားစေရန်နှင့်၊
'သုဒါသ်သည် မတရားမင်း'ဟု ကြေညာရန်
ရသေ့ကြီးများက ပြင်နေကြသည်။

''ငါတို့ ကျွန်ဖြစ်အောင်လုပ်တာ သူတို့ပဲ။-လို့ သိပြီးပေမယ့်၊ ငါတို့ မနေ့ကခေတ်ကိုလည်း ပြန်မသွားနိုင်ဘူး။ မနက်ဖြန် ဘယ်တော့ရောက်မယ်။'ဆိုတာလည်း မခန့်မှန်းနိုင်ဘူး။ ငါ နှင့်လိုသားကို ရတဲ့အတွက် ဝမ်းသာမိတယ်။ ငါလည်း တစ်ခါတုန်းက လူငယ် ဖြစ်ခဲ့ဖူးတာပဲ။ အဲဒီစဉ်ခေတ်အထိ ဝသိဋ္ဌနှင့် ဝိဿာမိတ္တတို့ရဲ့ လင်္ကာတွေ (ဒဏ္ဍာရီတွေ)၊ ပြည်သူ့အသိဉာဏ်ကိုလှုယူတဲ့ 'ဘာသာရေး၊ ကုသိုလ်ရေး' အမည်ခံ မာယာဝိုက်ကွန်ကြီးတွေဟာ အခုလောက် မပြန့်ကျယ်ကြသေးဘူး။ ဘုရင်ကိုယ်တိုင် တိုက်နေတဲ့ စားပြမှုတွေ လျော့နည်းသွားအောင် လုပ်မယ်။'လို့ ငါ ကြံခဲ့ဖူးတယ်။ ဒါပေမယ့် ဒီလိုလုပ်လို့ ကိုယ်ကိုယ်တိုင် မစွမ်းနိုင်ဖြစ်နေတာကို တွေ့နေရတယ်။ ဟိုစဉ်အခါက ငါ့အတွက် လုံးဝဥဿုံ နှင့် အမိတစ်ခုပဲ။ ဒါပေမယ့် နောက် စိတ်အပျက်ကြီးပျက်သွားတဲ့အခါ အဲဒီပုရောဟိတ်တွေက သူတို့ရဲ့ ဘုန်းတော်ဘွဲ့လင်္ကာတွေနှင့် သာမက၊ သမီးကလေးတွေနှင့် ငါ့ကို ထောင်ဖမ်းခဲ့ကြတယ်။

''ဣန္ဒာနီ (သိကြားမင်းဖိဖုရား)ရဲ့ ကျွန်မတွေနှင့် ဥပမာနွဲ့ငြီးလောက်တဲ့ ကျွန်မပေါင်း ရာ၊ထောင်များစွာနှင့် နန်းတွင်းဆောင်၎ိ အပြည့် သွင်းပေးထားကြတယ်။ ဒီဝေါဒါသလျှောကျမှုက သင်ခန်းစာယူ။ နင်တော့ သတိနှင့် နေပေရော့။ ကြိုးပမ်းပါလေ။ လမ်းပွင့်ကောင်း ပွင့်မယ်။ စားပြမှုများ လျော့ပါးကောင်း လျော့ပါးသွားမယ်။ သို့သော် သုဒါသ်ကို စိတ်ကောင်းသဘောကောင်းရှိ ဒဿု[၁] (အရှင်)ကို ဖယ်ပြီး ပကဒ္ဒနလို စိတ်ထားသဘောထားမပြည့်ဝတဲ့ ကောက်ကောက်ကျစ်ကျစ် ဒဿု(အရှင်) လက်ထဲ ထည့်ရင်တော့ ကောင်းတော့မှာ မဟုတ်ဘူး။ ငါတော့ ဝိတုလောက (ဝိညာဉ်လောက) ကနေပြီး နှင့်ကြိုးပမ်းမှုကို ကျေကျေနပ်နပ်ကြီး စောင့်ကြည့်တော့မယ်ငါ့သား။''

၄

ဒီဝေါဒါသဘုရင် နတ်ရွာ လားခဲ့လေပြီ။

သုဒါသ်သည် ယခုအခါ ပဥ္စာလပြည့်ရှင်ဘုရင် ဖြစ်ခဲ့လေပြီ။

ရသေ့အဖွဲ့ ယခုအခါ ဒီဝေါဒါသတစ်ဝိုက် ဝိုင်းရံလှည့်ပတ်နေကြသည်။ 'ဣန္ဒသောမ, အဂ္ဂိသောမ အမည်များဖြင့် အဆိုပါမုတ်ဆိတ်ဖြူများ လူအပေါင်းကို မည်မျှမှိုင်းတိုက်နေကြောင်း။' ယခုအခါ သုဒါသ် သိရလေပြီ။ 'သူတို့၏ ခိုင်ခံ့သောထောင်ချောက်တွင် သူကိုယ်တိုင် မိနေကြောင်း။'- သုဒါသ် သိသည်။

သူတို့အပေါ် တစ်စုံတစ်ရာပြုလုပ်ရန် အလိုရှိနေသော သုဒါသ်၏အယူအဆကို ပြောင်းလဲသွားစေရန်နှင့်၊ 'သုဒါသ်သည် မတရားမင်း'ဟု ကြေညာရန် ရသေ့ကြီးများက ပြင်နေကြသည်။

၁။ ဒဿု- ယခုအခါ 'ဒဿု'-သဒ္ဒါ 'သူခိုး, စားပြ'ဟော။ ထိုစဉ်အခါက 'အရှင်သခင်, ဘုရင်'ဟော ဖြစ်သည်။ သို့သော် ထိုစဉ်ကပင် အချို့သူများက ၄င်းသဒ္ဒါ၏အနက်ကို 'သူခိုးစားပြဘုရင်' ဟူသော အနက် ၂ မျိုးစလုံး အသိအမှတ်ပြုကြသည်။ -မြန်မာပြန်သူ၏ မှတ်ချက်

သုဒါသ်သည် ခြေထောက်ချည်းသက်သက် စုတ်စုတ်ပြတ်ပြတ်အဝတ်များနှင့် အသိအကျွမ်းမရှိသော အရပ်များသို့ လှည့်ပတ်နေခဲ့သောရက်များကို ပြန်ပြောင်း အောက်မေ့နေမိလေသည်။

ပုရောဟိတ်ရသေ့များသည် သူ့ထံသို့ သူတို့၏သမီးငယ်များကို ပို့ဆက်ကြလေသည်။ ရာဇာည စော်ဘွားများကလည်း သူတို့အထဲမှ မိန်းမပျိုများကို ပို့ဆက်ကြလေသည်။ သို့သော် သုဒါသ်သည် မိမိကိုယ်ကို မီးလောင်အိမ်တွင် နေရသည်။'ဟု ထင်လေသည်။

သုဒါသ်သည် အားလုံး ပြည်သူပြည်သားများ (အရိယ, အနရိယ-၂ မျိုးစလုံး)အား ပြုစုစောင့်ရှောက်၍ နေရသည်။ သို့သော် ထိုအုပ်ချုပ်မှုအတွက် နတ်တို့၏ညှဉ်ပျောင်းတွင် ခြေဆုံးခေါင်းဆုံးမြုပ်နှစ်နေကြသော လူအများအား ပထမဆုံး ယုံကြည်သက်ဝင်စေလိုသောအချက်ကား 'သုဒါသ်ကို နတ်များ စောင့်ရှောက်နေကြသည်။' ဟူသောအချက် ဖြစ်လေသည်။ ထိုကဲ့သို့ 'နတ်များ စောင့်ရှောက်နေကြောင်း' ခိုင်မာစေရန်မှာလည်း ရသေ့ဗြာဟ္မဏများ ချီးကျူးထောပနာပြုမှုမှတစ်ပါး အခြားအကြောင်း မရှိပေ။

နောက်ဆုံး၌ ရသေ့များ ချီးကျူးခံရစေရန် ရသေ့ကြီးများအား ရွှေ, ငွေ, ကျဲ, နွား, ဆန်စပါး, ကျွန်ယောကျ်ား, ကျွန်မိန်းမများ လှူဒါန်းခြင်းမှတစ်ပါး အခြားနည်းလမ်း မမြင်ပေ။ နွားကလေးဆူဆူအသားနှင့် သောမအရက်ချိုချိုကလေး စားသောက်ထား၍ ဗိုက်ရွဲကြီးများနှင့်ဖြစ်နေသော အဆိုပါရသေ့ဂြိုးများ၏ အလိုအားဖြင့် ဘုရင်ကလေးမှာ ယခုအခါ 'သုဒါသ် (အလှူရဲ)'အမည် ရလေတော့သည်။

ထို မျက်နှာလိုမျက်နှာရ အမြောက်သမားရသေ့ကြီးများ ရေးသားစီကုံးသော 'အလှူတော်မင်္ဂလာ ဩဘာစာ' များကို 'ရိပ်ဝေဒ'တွင် ယခုတိုင် တွေ့ရသေးသည်။

သုဒါသ်သည် အဆိုပါ 'ဒါနဖွဲ့များ'ကို ကြားရ၍ ၄င်းအဖွဲ့များကို ဖွဲ့ဆိုသီကုံးကြသော စာဆိုတော်ကြီးများအား အဘယ်မျှ ရွှတ်ချက်ရဲ့သောအကြည့်မျိုးဖြင့် ကြည့်နေမည်ကို အဘယ်သူတစ်စုံတစ်ယောက် သိနိုင်ပါမည်နည်း။

သုဒါသ်၏ ကောင်းသောသတင်းသည် ပဉ္စာလမြောက်ပိုင်း (ရုဟေလ်ခဏ္ဍ) သာမက၊ ဝေးလံလှစွာသော အရပ်များသို့တိုင်အောင် ရောက်ပေါက်ခဲ့လေသည်။ သုဒါသ် အပျော်အပါးမလိုက်စားတော့ဘဲ တတ်နိုင်သမျှ လောကသူ, လောကသားကောင်းကျိုးကို ဆောင်ရွက်လေသည်။

ခမည်းတော် နတ်ရွာစံပြီးနောက် နှစ်အနည်းငယ်အတွင်းမှာပင် မယ်တော်လည်း နတ်ရွာ လားတော်မူခဲ့လေသည်။

နှစ်ပေါင်းများစွာ အမှတ်မထင်နေခဲ့ခြင်းကြောင့် 'ကျက်နေပြီ'ဟုထင်ရသော အနာဟောင်းမှာ ယခုအခါ 'အပြင်းအထန် ပေါက်ကွဲထွက်လာသည်။'-ဟု ထင်ရတော့သည်။ အပါလာသည် သူ့ရှေ့တွင် အမြဲတမ်း ပေါ်ပေါ်နေနေသည်။ မျက်ရည်နှင့် မျက်ခွက် နှုတ်ခမ်းကလေးတလှုပ်လှုပ်နှင့် ပြောရှာသည်။

''ငါ နှင့်ကို မဒ္ဒပုရ်က မျှော်နေမယ်။''

သုဒါသ်သည် ထို လွမ်းဆွတ်ကြေကွဲမှုမီးတောက်ကို မျက်ရည်များဖြင့် ငြိမ်းသတ်ခြင်းငှာ မတတ်နိုင်ရှာပေ။

တစ်နေ့သ၌ ဘုရင်သုဒါသ်သည် 'ဟိမဝန္တာသို့ တောလိုက်သွားမည်။'ဟု ရမယ်ရှာ၍ ပဉ္စာလပုရ်အဟိစ္ဆတ္တမှ ထွက်ခွင့် ရခဲ့လေသည်။

မဒ္ဒပုရ် (ဆာယာလ်ကုဒ်)တွင် အပါလာ၏အချစ်ကို သူရခဲ့ရာ အိမ်ကား ယခုတိုင် ရှိပါသေးသည်။ သို့သော် ထိုအိမ်ကွင် ဇေတာလည်း မရှိတော့။ သူချစ်သမီးကလေး အပါလာလည်း မရှိရှာတော့။ သား အဖ-၂ ယောက်စလုံး ဆုံးရှာကြပါပြီ။ အပါလာဆုံးရှာခဲ့သည်မှာ ၁ နှစ်တာမျှ ရှိသေးသည်။

အဆိုပါအိမ်တွင် အပါလာ၏ ပျောက်နေပြီးမှပြန်ရောက်လာသော မောင်နှင့် သူ့မိသားစု နေထိုင်သည်။

သုဒါသ်သည် ထိုအိမ်ကို တွယ်တာရုံထက်ပို၍ အခြား ဘာကိုမျှ မတွယ်တာနိုင်တော့ပေ။

အပါလာ၏ ချစ်ဆွေမတစ်ယောက်နှင့် သုဒါသ် တွေ့ရသည်။ ချစ်ဆွေမသည် အပါလာ၏ ခါးဝတ်အပေါ်ရုံ အတွင်းခံနှင့် ဦးထုပ်အသစ်ကလေးများကို ရှေ့တွင်ချ၍ မျက်ရည်စမ်းစိမ့်၍ ပြောရှာသည်။

"ငါ့ချစ်ဆွေမဟာ ဒီအဝတ်တွေ နောက်ဆုံးနေ့မှာ ဝတ်သွားရှာတယ်။ သူနှုတ်ခမ်းကလေးများက ထွက်လာတဲ့ နောက်ဆုံးစကားကတော့- 'ညီမလေးရယ်။ ငါ သုဒါသ်ကို ဝန်ခံလိုက်တယ်။ ငါ နှင့်ကို မဒ္ဒပုရိက မျှော်နေမယ်။'-လို့။"

သုဒါသ်သည် ထိုအဝတ်အစားများကို မြှောက်၍ သူ၏ရင်ဘတ်နှင့် မျက်လုံးများတွင် ကပ်ကြည့်သည်။ အဝတ်အစားများမှ အပါလာကိုယ်နံ့ကလေးမှာ သင်းနေတုန်း ရှိပါသေးသတည်း။ ။

ဂ

ပဝါဟာရ

အရပ်- ပဋ္ဌာန (ယူပီနယ်)။
အချိန်- ခရစ်မပေါ်မီ နှစ် ၇၀၀။

ဤပုံဝတ္ထုသည် ယနေ့မှ အထက် ၁၀၈ ဓမ္မောက်သော လူအဆက်က အကြောင်းအရာ ဖြစ်သည်။

ထိုစဉ်အခါက အထက်ပိုင်းဒေသများတွင် ဥပနိသျှဒ်၏ 'ဗြဟ္မာဉာဏ်'ကို စတင် စီရင်ခဲ့ကြသည်။

ထိုအချိန်တွင် ဣန္ဒိယပြည်၌ ဥယျာဉ်ချခြင်း, သံကို အသုံးပြုခြင်းများ တွင်ကျယ်ထွန်းကားခဲ့ပြီ ဖြစ်သည်။

၁

''တစ်ဘက်က စိမ်းစိမ်းစိုနေတဲ့တော။ အဲဒီတောထဲက ခံသီးများရဲ့ သင်းပျံ့တဲ့ရနံ့။ ကျေးငှက်တွေရဲ့ ငြိမ့်ညောင်းတဲ့တွန်ကျူးသံ။

''အခြားတစ်ဘက်ကတော့ စီးဆင်းနေတဲ့ဂင်္ဂါမြစ်ရဲ့ ကြည်လင်တဲ့ရေယဉ်။ ဂင်္ဂါမြစ်ကမ်း ချိုင့်ဝှမ်းမြေမှာကျက်စားနေကြတဲ့ တိုပိုင် ထောင်ပေါင်းများစွာ နွားပြာ, နွားဝါမတွေ။ နွားမတွေအလယ်မှာ တွန်မြူးနေတဲ့ နွားလားဥသဘ ဝဝလှလှကြီးတွေ။ တစ်ခါတလေများ အဲဒီလို ကြည့်စရာရှစရာတွေဘက် လှည့်ပြီး မျက်စိကို ဖြေဖျော်ပါဦးတော့လား ပဝါဟာ။ နင့်မှာဖြင့် တစ်ခါလာ ဥဂ္ဂိထသီချင်း (သာမ) တွေကို ဆိုလိုက်၊ တစ်ခါလာ ဝသိဋ္ဌ, ဝိဿာမိတ္တတို့ရဲ့မန္တရားတွေ ကျူးလိုက်နှင့်ချည်းပဲ။''

''လောပါ။ နင့်မျက်လုံးတွေက အဲဒီရှုခင်းတွေကို ကြည့်ထားတယ်။ ငါက နင့်မျက်လုံးတွေ ကြည့်ပြီးတော့ ကျေနပ်နေတယ်။''

''အံမာ-နင် စကားအတတ်ပဲ။ ဒါပေမယ့် ရှေးသီချင်းဟောင်းတွေကို နင့်အဖော်တွေနှင့် တွဲပြီး ခွေးဆူသံကြီးနှင့် ထပ်ပြန်တလဲလဲအော်နေတာ တွေ့ရတော့၊ 'ငါ့ပဝါဟာတစ်ယောက်တော့ တစ်သက်လုံး နို့စို့ကလေးဘဝက တက်တော့မယ် မဟုတ်တော့ဘူး။'-လို့ ထင်မိတယ်။''

''တကယ့်ကို ပဝါဟာနှင့်ပတ်သက်ပြီး နင် ဒီအတိုင်းပဲ ထင်တယ်ပေါ့လောပါ။''

''ဘယ်လို ထင်ထင်လေ။ ပဝါဟာနှင့် ပတ်သက်ပြီး တကယ်ခိုင်မာတဲ့ ထင်မြင်ချက်တစ်ခုကတော့ 'ပဝါဟာဟာ အမြဲတမ်း ငါ့ပိုင်' ဆိုတာပဲ။''

''အဲဒီမျှော်လင့်ချက်, အဲဒီယုံကြည်ချက်ကြောင့် ပင်ပင်ပန်းပန်း အလုပ်လုပ်ရာမှာ၊ ပညာသင်ရာမှာ အားပြည့်နေတာပေါ့။ ငါ ကိုယ့်စိတ်ကို အတင်းအကျပ်ချုပ်တဲ့နေရာမှာ အကျင့် ရနေပေလို့သာပေါ့။ ဒါမှမဟုတ်ရင် အဲဒီရှေးဟောင်းဂါထာတွေ, မန္တရားတွေ, ဥဂ္ဂီထတွေကို သင်အံကျက်မှတ်နေရာက မကြာမကြာ စိတ်ဟာ အပြင်ဘက် ထွက်ထွက်သွားချင်တယ်။ ပင်ပန်းလွန်းအားကြီးလို့ မောသွားရင် အကုန်လုံးစွန့်ပြီး ထိုင်နေချင်တော့တာပဲ။ အဲဒီလိုအခါမျိုးမှာ 'လောပါနှင့် ခဏတစ်ဖြုတ် တွေ့လိုက်ရရင် ကောင်းမှာပဲ။' လို့ တွေးမိတော့တာပဲ။ တခြားဆေးနည်းတော့ ရှာမတွေ့တော့ဘူး။''

''ငါကလည်း နင့်ဂုဏ် အမြဲမျှော်နေတာပဲ။''

လောပါ၏ ဝါကြောင်သောမျက်လုံးအစုံသည် ဝေးကွာသောအရပ်တစ်နေရာသို့ မျှော်ကြည့်နေသည်။ သူမ၏ ဝါကြောင်သောဆံနုကလေးများကို နံနက်ခင်း ညင်းလေပြည်က လှုပ်ဆော်နေသည်။ သူမ အရပ်တစ်ပါးသို့ ထွက်သွားနေဟန် ရှိလေသည်။ ပဝါဟဏာသည် လောပါ၏ဆံပင်များကို လက်ချောင်းများဖြင့်ပွတ်သပ်ရင်း ပြောသည်။

''လောပါ။ နှင့်ရှေ့ရောက်ရင် ငါ ကိုယ့်ကိုယ်ကို ခါးကုန်းတစ်ယောက်လို ထင်မိတယ်။''

''ခါးကုန်း-မဟုတ်ပါဘူး အချစ်ပဝါဟဏာရယ်။''

ပဝါဟဏာပါးနှင့် သူပါးကိုအပ်၍ လောပါက သံထပ်ဆို၍ ဆက်လက်ပြောရှာသည်။

''ငါ နှင့်အတွက် ဂုဏ်ယူပါတယ်။ ငါ သတိရမိသေးတယ်။ အဲဒီစဉ်အခါတုန်းက အခေါ်နှင့် လာတဲ့ ၈ နှစ်သားကလေးကို ငါကလည်း ကလေးမျက်စိနှင့် ကြည့်ခဲ့တယ်။ ဒီတုန်းက ငါ ၃ နှစ်-၄ နှစ်သမီးပဲ ရှိဦးမယ်။ ဒါပေမယ့် ငါ ကလေးဘဝကမှတ်ထားတဲ့ အမှတ်အသားဟာ 'မှားမယ်' မဟုတ်ဘူး။ ငါ မြင်နေသေးတယ်။ ဆံပင်က ဝါဝါကောက်ကောက်ကလေး။ နှာခေါင်းက ကြက်တူရွေးနှာခေါင်းလိုပဲ။ နှုတ်ခမ်းကလေးက ပါးပါးနိုနိုကလေး။ မျက်လုံးက ပြူးပြူးနှင့် ညိုပြာပြာအရောင် တောက်နေတယ်။ ကိုယ်ကလေးက 'ဦး'ထားတဲ့ရွှေရောင်။ ပြီးတော့ တစ်ခုလည်း သတိရနေသေးတယ်။ အမိက ငါ့ကို ပြောတယ်။ 'သမီးလောပါ။ ဒီကလေးဟာ နှင့်မောင် တော်သတဲ့။'

''ငါကုတော့ ရှက်နေတယ်။ ဒါပေမယ့် အမိကတော့ နှင့်မျက်နှာကို နမ်းစုပ်ပြီးတော့ ပြောတယ်။ 'ချစ်သားပဝါဟဏာ။ နှင့်ဦးလေးရဲ့သမီး ဟောဒီလောပါကလေးက ရှက်နေတယ်။ သူ့ကို ခေါ်လိုက်ပါ။' ''

''ဒီတော့ ငါက နှင့်အနား သွားတယ်။ နင်က ငါ့အခေါ်ရဲ့ဆံပင်နောက်ကွယ်မှာ ပုန်းနေတယ်။ ဆံပင်တွေကလည်း မွေးမွေးကလေးနှင့် နုစိုနေကြတယ်။''

''ဒါပေမယ့် ပုန်းနေတဲ့အခါ ငါက ချောင်းကြည့်ဖို့ အပေါက်ကလေးလုပ်ထားတယ်။ နင် ဘာလုပ်သလဲလို့ ငါက ကြည့်နေတယ်။ ငါတို့အိမ်မှာ အမိရင်ခွင်နှင့် ကျွန်မတွေ, ကျွန်မသားသမီးကလေးတွေက လွဲလို့ ဘယ်သူမှ မရှိဘူး။ အဖရဲ့ ပညာသင်ကျောင်းကလည်း မဖွင့်သေးဘူး။ ငါ အိမ်မှာ တစ်ယောက်တည်း နေရသလိုပဲ ထင်နေတယ်။ ဒါကြောင့် နှင့်ကိုတွေ့တဲ့အခါ လှိုက်လှိုက်လဲလဲဝမ်းသာမိတယ်။''

''ဟုတ်တာပေါ့။ ကစားဖော်တစ်ယောက် ရလာတာကိုး။ ဒါနှင့်တောင် နင်က မမြင်အောင် ပုန်းနေရသေးတယ်။ ငါကြည့်လိုက်တော့ ဖြူဖြူဖွေးဖွေးကိုယ်တုံးလုံးကလေးနှင့် ဝိုင်းစက်စက် နှင့်မျက်နှာကလေးကို မြင်ရတယ်။ ငါ့မျက်စိထဲမှာ နှင့်ကိုကြည့်ရတာ သိပ်လှတာပဲ။ ငါက အနားကပ်ပြီးတော့ နှင့်ပခုံးပေါ် လက်တင်ထားတယ်။ အမိနှင့် အခေါ်က 'ဘာလုပ်တယ်'ဆိုတာ မှတ်မိသေးလား။ ၂ ဦးသား ပြိုးပြီး ဆိုလိုက်ကြတယ်။ 'ဗြဟ္မာသည် ငါတို့အလိုကို ဖြည့်ပါစေသတည်း။'တဲ့။ အဲဒီတုန်းက 'အလို' ဆိုတာရဲ့ အဓိပ္ပာယ်ကို ငါ မသိခဲ့ဘူး။''

"ငါတော့ သတိမရတော့ဘူး ပဝါဟဏ။ ငါ့အတွက်ကတော့ နင့်ရဲ့ လက်ပျော့ပျော့ကလေးနဲ့ ငါ့ဝန်းပေါ် လာတင်တာတောင် မနည်း စဉ်းစားယူရတယ်။"

"နင်က ရွံပြီး မျက်နှာငယ်ကလေး ဖြစ်သွားတယ်။"

"နင်က ငါ့လက်ကို နင့်လက်ထဲ ထည့်ထားတယ်။ ဒါပေမယ့် နင့်နှတ်ခမ်းကတော့ အပ်နှင့်ချုပ်ထားသလိုပဲ။ ဒီတုန်းက အဓိက ဘာပြောသလဲ။"

"အဒေါ်ပြောတဲ့စကားကို တစ်လုံးမကျန် မှတ်မိသေးတယ်။ အဒေါ်ကိုတော့ ငါ ဘယ်မေ့နိုင်ပါ့မလဲ။ အမိဟာ ငါ့ကို 'ဂဂ' ဦးလေးဆီမှာ ထားပြီး အိမ်ပြန်သွားတယ်။ ဒါပေမယ့် အဒေါ်က ငါ့အပေါ် အမိကို မေ့သွားလောက်အောင် ချစ်တယ်။ အဒေါ်ကို ငါ ဘယ်လိုမေ့နိုင်ပါ့မလဲ။"

ပဝါဟဏ၏မျက်လုံးတွင် မျက်ရည်များ ပြည့်လာသည်။ သူသည် လောပါ၏နှုတ်ခမ်းများကို စုပ်၍ ပြောသည်။

"အဒေါ်ရဲ့မျက်နှာဟာ နင့်မျက်နှာလိုပဲ လောပါ။ တို့ ၂ ယောက်က အတူတူအိပ်နေတယ်။ နင်က အိပ်ပျော်နေတယ်။ ဒါပေမယ့် ငါတော့ မျက်လုံးကျယ်ကျယ်ပြီး မကြာမကြာနိုးနေတယ်။ ဒါပေမယ့် အဒေါ်လာတာမြင်တော့ ငါ မျက်စိမှိတ်ထားတယ်။ ဒီနောက် အဒေါ်ဟာ အသာကလေး ငါ့ပါးကို လာစုပ်တယ်။ ငါက မျက်စိဖွင့်လိုက်တယ်။ ဒီတော့ အဒေါ်က ပြောတယ်။ 'လူကလေး ထလေ။' တဲ့။ ပြီးတော့ အဒေါ်ဟာ နင့်မျက်နှာကို နမ်းစုပ်တယ်။ ဒါပေမယ့် နင် မနိုးဘူး။ အိပ်မြဲ အိပ်နေတယ်။"

လောပါ၏မျက်လုံးတွင်လည်း မျက်ရည်စိမ့်နေသည်။ လောပါက စိတ်ပျက်စွာပြောသည်။

"ငါတော့ အမိကို မြင်ခွင့်ကြုံဖို့ ဒီလောက်ပဲ နည်းရတယ်နော်။"

"ဟုတ်ပါရဲ့။ အဲဒီတုန်းက ငါက နင့်အနားမှာ စကားမပြောတတ် အတတဖြစ်နေတာ မြင်တော့ အဒေါ်က ပြောတယ်။"

" 'ဒါ နင့်နှမပေါ့ လူကလေး။ သူ့နှုတ်ခမ်းကို စုပ်လိုက်။ လာ။ မြင်းစီးတမ်း ကစားရအောင်' လို့ ခေါ်လိုက်။' -တဲ့။"

"ဟုတ်တယ်။ အဲဒီတော့ နင် ငါ့နှုတ်ခမ်းကို စုတ်တယ်။ ပြီးတော့ မြင်းစီးတမ်းကစားရအောင် ပြောတယ်။ ငါက အမိဆံပင်တွေနှင့် ငါ့မျက်နှာကို ကွယ်ထားတယ်။ အဲဒီတုန်းက နင် မြင်းလုပ်တယ်။ ငါက နင့်ကျောပေါ် တက်စီးတယ်။"

"အဲဒီတုန်းက ငါ နင့်ကို အပြင်ဘက် ကုန်းပိုးသွားတယ်။"

"ငါ သိပ်အရှက်မရှိရာ ကျတာပဲ။"

"နင် ဘယ်တော့မှ အကြောက်အလန့် မရှိဘူး။ ငါ့အတွက်ဆိုရင် နင် သာပြီး မကြောက်သေးတယ်။ ဦးလေးကိုကြောက်လို့ ငါ စာသင်နေရတယ်။ မောမောရှိရင် နင့်ဆီ ရောက်တော့တာပဲ။"

"နင်နှင့်တွေ့ရအောင် ငါလည်း နင့်အနား လာထိုင်တာပဲ။"

"လောပါ။ နင် တကယ်လို့ ငါ့တစ်ဝက်ကြိုးစားရင် ဦးလေးရဲ့တပည့်တွေထဲမှာ ထိပ်ဆုံးက နေမှာပဲ"

"နင့်ထက်တော့ မသာပါဘူး။"

လောပါသည် ပဝါဟဏမျက်လုံးများကို တစ်ချက် စူးစူးစိုက်စိုက်ကြည့်၍ ပြောသည်။

"ငါက ကျေနပ်ပါတယ်။"

"တို့ ၂ ယောက် တစ်ယောက်နှင့်တစ်ယောက် တစ်ကွဲစီ မဟုတ်လို့ပေါ့။"

''လောပါ။ နင်ဟာ ငါ့ကို ကိုယ်ရောစိတ်ရော အားရှိအောင် လုပ်ပေးတယ်နော်။ ငါ ညညကျရင် ဘယ်လောက် အအိပ်နည်းသလဲ။ ပြီးတော့ စားရမှန်းသောက်ရမှန်း မသိအောင် ကိုယ်တိုင်လည်း စာပြန်၊ သူများကိုလည်း ပို့ချပေးတယ်။ နှင် ငါ့ကို မှောင်နေတဲ့စာသင်ခန်းထဲက အပြင်ဘက်ကို အတင်းဆွဲထုတ်ပြီး တစ်ခါတစ်ခါ တောထဲ၊ တစ်ခါတစ်လေ ဥယျာဉ်ထဲ၊ တစ်ခါတလေ ဂင်္ဂါမြစ်ကမ်းဆီကို ခေါ်ဆောင်သွားတယ်။ အဲဒီနေရာတွေ သိပ် ပျော်စရာကောင်းတာပဲနော် လောပါ။ ဒါပေမယ့် တစ်ဘက်က 'ဝေဒ ၃ ကျမ်းရဲ့ ဗြာဟ္မဏအတတ်ပညာတွေအားလုံး အမြန်ဆုံး ဘယ်လို အပြီးတိုင်ပါ့မလဲ။' လို့လည်း တွေးနေမိတယ်။''

''ဒါထက် နင် အခု အပြီးတိုင် နေပြီဟာပဲ။ အဖက ပြောတယ်။ 'ပဝါဟဏဟာ ငါနှင့်တန်းတူတတ်သတဲ့။' ''

''ငါလည်း သိပါတယ်။ ဗြာဟ္မဏတွေရဲ့ အတတ်ပညာကို သင်ကြားဖို့ နည်းနည်းပဲ ကျန်တော့မယ်။ ဒါပေမယ့် အတတ်ပညာတွေက ဗြာဟ္မဏတွေကိုယ်တိုင် အဆုံး မတတ်ကြဘူး။''

''ငါလည်း နင့်ကို ဒါပဲ အမြဲပြောခဲ့တာပဲ။ ဒါထက် နင့် ပေါက်သားတုတ်နှင့် ဖွာစုတ်စုတ် ဆံပင်တွေ ဆက်ထားဦးမလား။''

''မထားပါဘူး။ ဒါတွေ ပူမနေပါနှင့်။ အခု ပေါက်သားတုတ်ကို စွန့်တော့မှာပဲ။ ပြီးတော့ ၁၆ နှစ်လုံးလုံး ခြောက်သွေ့နေတဲ့ဆံပင်တွေကို ဆီမွေးထည့်ဖို့လည်း နင့်မှာ အခွင့်အရေးပေါ်တော့မယ်။''

''ပဝါဟဏ။ ဆံပင်တွေ ခြောက်သွေ့အောင်ထားဖို့ ဘာကြောင့် ဒီလောက်ပဲ အရေးကြီးနေတယ်ဆိုတာ ငါ နားမလည်ဘူး။ နင် ငါ့ နှုတ်ခမ်းကိုတော့လည်း တစ်ခါမှမလပ်အောင် အစုပ်သားပဲ။''

''နမ်းစုပ်တာကတော့ ငယ်ငယ်ကတည်းကပါလာတဲ့ အကျင့်ပဲ။''

''တခြားဆရာများရဲ့ တပည့်တွေဟာလည်း ဒီလို ပြင်းထန်တဲ့စည်းမျဉ်းတွေကို လိုက်နာကြရတာပဲလား။''

''မလိုက်နာ မနေရအောင်လုပ်တော့ လိုက်နာရတာပေါ့။ ဒါမှ မဟုတ်ရင်လည်း အရှိအသေခံရအောင် လုပ်ကြရတာပေါ့။ လူတွေက ဒါတွေကို 'ဗြာဟ္မဏလုလင်ပျိုများရဲ့ ပြင်းထန်တဲ့အကျင့်' လို့ အမှတ်အသားပြုကြတယ်။''

''ပြီးတော့ ကုရုဘုရင်က အဖကို ရွာ၊ ရွှေ၊ ငွေ၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမနှင့် မြင်းရထားအများကြီး ပေးတယ်။ ငါ့အိမ်မှာ ပထမကတည်းက ကျွန်မတွေ အပြည့်အစုံ ရှိခဲ့တယ်။ အခု ရှင်ဘုရင်က နောက်ထပ် ၃ ဦး ပို့လိုက်သေးတယ်။ သူတို့အတွက် လုပ်စရာအလုပ်တောင် မရှိတောဘူး။''

''သူတို့ ငယ်ငယ်ကလေးတွေ ရှိသေးတာပဲ။ ရောင်းပစ်ပါလား လောပါ။ ၁ ယောက်- ၁ ယောက် ရွှေပြား ၃၀ စီ ရမှာပေါ့။''

''အို-မတော်တာ။ တို့က ဗြဟ္မဏတွေပဲ။ တို့က သူများတွေထက် ပညာတွေသင်ထားပြီး အသိဉာဏ်လည်း ရှိနေတဲ့ဟာ။ ပညာသင်ဖို့ အချိန်ရတော့ တို့က တတ်တာပေါ။ ဒါပေမယ့် ငါ ဒီကျွန်မကလေးတွေရဲ့ဘဝကို မြင်လိုက်ရင် ဗြဟ္မာ၊ ဣန္ဒ၊ ဝရုဏနှင့် ကျွန်အားလုံး နတ်တွေ၊ ဝသိဋ္ဌ၊ ဘာရဒ္ဝါဇ၊ ဘဂု၊ အံဂီရာနှင့် အားလုံးသောရသေ့ကြီးတွေ၊ ပြီးတော့ ငါ့အဖလို ကနေ့ရှိနေကြတဲ့ ဗြာဟ္မဏမဟာသာလသူဋ္ဌေးတွေကို ကဲ့ရဲ့ရွှတ်ချမိတယ်။ နေရာတကာမှာ ကုန်ကူးသန်းမှုတွေ၊ အရောင်းအဝယ်တွေ၊ အမြတ်ထုတ်မှုတွေ၊ လိုချင်မျက်စိ ရှိနေကြတာတွေကိုသာ တွေ့နေရတယ်။''

''တစ်နေ့တုန်းက ကာလီ(မိနက်)ခေါ်တဲ့ ကျွန်မတစ်ယောက်ရဲ့လင်ကို ကောသလကကုန်သည်တစ်ယောက်လက်ထဲ ရွှေပြား ၅၀ နှင့် အဖက ရောင်းလိုက်တယ်။ ကာလီဟာ ငါ့အနား တဝိုက်တယိုယို လာလုပ်နေတယ်။ ငါ အဖကို အတန်တန်ပြောပါတယ်။ ဒါပေမယ့် အဖက 'အားလုံးကျွန်တွေ အိမ်မှာ

သူတို့ ၂ နှစ် သမီးကလေးဟာ
မနက်အစောကြီးထပြီး
ဘယ်လောက်များ အော်ငိုနေမလဲ။
လူတိုင်းပဲ ပြောကြတယ်။
အဲဒီကလေးမလေး မျက်နှာပေါက်ဟာ
အဖနှင့် ဆင်သတဲ့။
ဒါပေမယ့် ကာလီရဲ့လင်ကို ရောင်းပစ်လိုက်ပြီ။
ကျွန်ကို လူလို သဘောမထားဘဲ
တိရစ္ဆာန်လို သဘောထားကြတယ်။

ချည်းထားရင် နေစရာတောင် မရှိတော့ဘူး။ ပြီးတော့ ဒီလိုချည်းထားရင် ပစ္စည်းဥစ္စာ ဘယ်ဖြစ်ထွန်းပါတော့မလဲ။' လို့ ပြောတယ်။ မခွဲခင်ညက သူတို့ ၂ နှစ် သမီးကလေးဟာ မနက်အစောကြီးထပြီး ဘယ်လောက်များ အော်ငိုနေမလဲ။ လူတိုင်းပဲ ပြောကြတယ်။ အဲဒီကလေးမလေး မျက်နှာပေါက်ဟာ အဖနှင့် ဆင်သတဲ့။ ဒါပေမယ့် ကာလီရဲ့လင်ကို ရောင်းပစ်လိုက်ပြီ။ ကျွန်ကို လူလို သဘောမထားဘဲ တိရစ္ဆာန်လို သဘောထားကြတယ်။ ဗြာဟ္မဏကလည်း အဲဒီကျွန်နှင့် ကျွန်အစဉ်အဆက်အားလုံးကို ဒီလိုလုပ်ဖို့အတွက် ဖန်ဆင်းတာလို ဖြစ်နေတာပဲ။ ဒါတွေ ငါ သဘောမကျနိုင်ဘူးပဝါဟဏ။ နှင့်လို ငါ ဝေဒ ၃ပုံကို အာဂုံမဆောင်ဘူး။ ဒါပေမယ့် ငါ ကြားဖူးတယ်။ သဘောလည်း ပေါက်တယ်။ အဲဒီ ဝေဒ ၃ပုံမှာ မျက်စိနှင့်မမြင်ရတဲ့ အရာဝတ္ထုတွေ, လောကတွေနှင့် အစွမ်းတန်ခိုးတွေရဲ့ မြောက်တာခြောက်တာ သက်သက်ကိုသာ ဖော်ပြထားတာပဲ။''

ပဝါဟဏသည် လောပါ၏ နီရောင်သမ်းနေသောပါးကလေးကို သူ့မျက်လုံးတွင်အပ်၍ ပြောလေသည်။

''ငါတို့အချစ်ဟာ အယူအဆကွဲအောင် ဖြစ်နေတော့တာပဲ။''

''အယူအဆကွဲတာဟာ ငါတို့အချစ်ကို ပိတိုးအောင် လုပ်ပေးတာပဲ။''

''လောပါ။ နင်ပြောတာ မှန်တာပဲ။ ဒီအကြောင်းတွေကို အခြားသူတစ်ယောက်ကများ ပြောရင် ငါ ဘယ်လောက် စိတ်ဆိုးမလဲလို့။ ဒါပေမယ့် ခုတော့ နှင့်ရဲ့ ဒီနှုတ်ခမ်းကလေးတွေက ငါ့နှုတ်ခမ်းတွေ, ရသေ့တွေ, ဆရာတွေ အကုန်လုံးအပေါ် ရက်ရက်စက်စက် မြားနှင့်ပစ်သလိုပြောလိုက်တော့ မကြာမကြာ အဲဒီနှုတ်ခမ်းကလေးတွေကိုပဲ နမ်းချင်စုပ်ချင်ဖြစ်လာတယ်။ ဘာကြောင့်လဲ။''

''အကြောင်းကတော့ ငါတို့ အတွင်းမှာလည်း ဆန့်ကျင်ဘက် အယူအဆ ၂ မျိုးဟာ အပြိုင်အဆိုင် အမြဲလိုလို လှည့်ပတ်စိုင်းနှင်နေကြတယ်။ ငါတို့ဟာ အဲဒီအယူအဆတွေကို သည်းခံနေကြရတာပဲ။။ ဘာကြောင့်လဲဆိုတော့ အဲဒီ အယူအဆ ၂ မျိုးဟာ ငါတို့ကိုယ်ကာယကြီးရဲ့ ခွဲမထုတ်နိုင်တဲ့ အစိတ်အပိုင်းများဖြစ်နေလို့ပဲ။''

''လောပါ။ နင်လည်း ငါနှင့်ခွဲမရတဲ့ အစိတ်အပိုင်းတစ်ခုပဲ။''

ကျွန်မဟုတ်တဲ့ လူ ၂ ယောက်ကြောင့်
ကျွန်တွေအပြည့်ဖြစ်နေတဲ့
အဆောက်အဦတစ်ခုဟာ
'သခင့်စံအိမ်' တစ်ခု မဖြစ်နိုင်ဘူး။

၂

''နင် ဘယ်တော့မှ သိဝိတိုင်းဖြစ်ပုဝါတွေကို မခြုံ၊ ကာသိတိုင်းက စန္ဒကူးတွေကိုလည်း မသုံး၊ သမုဒ္ဒရာထဲကထွက်တဲ့ ပုလဲတွေကိုလည်း မသုံးပါကလား။ ဘာကြောင့် ဒီပစ္စည်းတွေကို ဒီလောက် စိတ်ကုန်နေရတာလဲ အချစ်ရယ်။''

''ငါ ဒါတွေနှင့်ဆင်ထားမှ ပိုလှလာမှာလား။''

''ငါ့အတွက်တော့ နင်ဟာ အမြဲတမ်း လှနေတာပါပဲ။''

''ဒါဖြင့် ဒီဝန်ထုပ်ဝန်းပိုးတွေကို ထမ်းရွက်ပြီး ကုဲယ့်ကိုယ်ကို ဒုက္ခပေးလို့ ဘာအကျိုး ရှိမှာလဲ။ အဟုတ်ပြောတာ အချစ်။ နင် ဒီလို လေးလံတဲ့ဝန်ကြီးကို ခေါင်းပေါ်တင်ပြီး 'မကိုင့်' ဆိုတဲ့ အခေါ်ကလေး နှင့်ရွက်နေတာ သိပ်ဆိုးတာပဲ။''

''ဒါပေမယ့် တခြားမိန်းမတွေတော့ အဝတ်အထည်, အဆင်တန်ဆာအတွက် အလှအယက်ဖြစ်နေကြတယ်။''

''ငါက အဲဒီမိန်းမတွေမျိုးစားမှ မဟုတ်ဘဲ။''

''နင်ကတော့ ပဉ္စာလဘုရင်ရဲ့ အသည်းနှလုံးကိုအုပ်ချုပ်နေတဲ့ မိန်းမကိုး။''

''ပဝါဟဏရဲ့မိန်းမပါ။ ပဉ္စာလဘုရင်ရဲ့မိဖုရား မဟုတ်ပါဘူး။''

''ဟုတ်လိုက်တာ အချစ်ရယ်။ ငါ 'ပဉ္စာလဘုရင်ရဲ့ သားတစ်ယောက် ဖြစ်ကြောင်း' ဦးလေးက စာတ်မြုပ်လိုက်တဲ့နေ့တစ်နေ့ကို ဘယ်လိုလုပ် မျှော်မှန်းရမယ် မသိအောင် ဖြစ်နေတယ်။''

''ဟိုစဉ်တုန်းက အဖကလည်း တခြားဟာတစ်ခုလွဲပြီး ဘာလုပ်တတ်မှာလဲ။ ပဉ္စာလဘုရင်ရဲ့ ရာပေါင်းများစွာ ကတော်မယားတွေထဲမှာ ငါ့အခေါ် (နှင့်အမိ) ဟာလည်း တစ်ယောက်အပါအဝင်ပဲ။ ပဉ္စာလဘုရင်မှာ နှင့်ထက်ကြီးတဲ့ သား ၁၀ ယောက် ရှိသေးတယ်။ ဒါကြောင့် 'တစ်နေ့မှာ နင် ပဉ္စာလထီးနန်းကို သိမ်းမြန်းစိုးပိုင်လာလိမ့်မယ်။' လို့ ဘယ်သူက မျှော်လင့်နိုင်မှာလဲ။''

''ကဲ-ဒါထက် နင် ထီးနန်းကို ဘာကြောင့် စိတ်မဝင်စားတာလဲ လောပါ။''

''ငါက ဂဂ္ဂ ဗြာဟ္မဏမဟာသာလရဲ့ ပြာသာဒ် (ငါ့အဖရဲ့စာသင်ကျောင်း) လောက်ကိုတောင် 'ကျဉ်းကျပ်တယ်' အောက်မေ့နေတာ။ အဲဒီပြာသာဒ်ဟာ တို့အတွက်တော့ ဟုတ်တယ်။ ပြာသာဒ်မှာ ရှိနေ ကြတဲ့ ကျွန်တွေအတွက် ဟုတ်ရဲ့လား။ ဒီပြာသာဒ်ကတော့ အဲဒီမဟာသာလပြာသာဒ်ထက် အဆ ၁၀၀၀ လောက် သာတယ်။ ဒီနန်းပြာသာဒ်မှာ နှင်နှင့် ငါ-၂ယောက်ကလွဲလို့ ကျွန်တာတွေဟာ ကျွန်တွေချည်းပဲ။ ကျွန်မဟုတ်တဲ့ လူ ၂ ယောက်ကြောင့် ကျွန်တွေအပြည့်ဖြစ်နေတဲ့ အဆောက်အဦတစ်ခုဟာ 'သခင့်စံအိမ်' တစ်ခု မဖြစ်နိုင်ဘူး။ ဒါနှင့်တောင် နှင့်စိတ်ဟာ ဘယ်လိုလုပ် ခိုင်မာနေတယ်ဆိုတာ ငါ အံ့မိတယ်။''

''ဒီလို အသည်းခိုင်လို ပြင်းထန်တဲ့စကားလုံးမြားဒဏ် ခံနိုင်တာပေါ့။''

"မဟုတ်ပါဘူး။ လူသားတစ်ယောက်ဟာ ဒီလို မဖြစ်သင့်ဘူး။"

"ငါတော့ လူသားတစ်ယောက်ဖြစ်ရုံသာ မဟုတ်ဘူး။ အရည်အချင်းရှိတဲ့ လူတစ်ယောက်ဖြစ်အောင်လည်း ကြိုးစားနေတာပဲ အချစ်ရယ်။ ဒါပေမယ့် အဲဒီအရည်အချင်းတွေကို စုဆောင်းနေတဲ့အချိန်ကတော့ 'တစ်နေ့မှာ ဒီထီးနန်းအပေါ် ရောက်လာရလိမ့်မယ်။' လို့ မစဉ်းစားမိပါဘူး။"

"ပဝါဟဏ။ နင် ငါနှင့်ချစ်မိတဲ့အတွက် နောင်တ မရဘူးလား။"

"ငါဟာ အမိန့်ကို စိုးသလို လွယ်လွယ်ကူကူသဘာဝအတိုင်း နှင့်ကို ချစ်တာပဲ။ ဒါကြောင့် နှင့်အပေါ်မှာ ချစ်တဲ့အချစ်ဟာ ကိုယ်ထဲမှာ ပျံ့နေပြီ။ ငါဟာ လောကသားတစ်ယောက်ပဲ လောပါ။ ဒါပေမယ့် ငါ နှင့်အချစ်တန်ဖိုးကို သိပါတယ်။ 'စိတ်အစဉ်' ဆိုတာ တစ်မျိုးတည်း မသွားဘူး။ စိတ်ထဲမှာ ဆုတ်နစ်ပင်ပန်းလာတဲ့အခါ ငါ့အတွက် ဘဝဟာ သည်းမခံနိုင်အောင် ဖြစ်လာတယ်။ အဲဒီအခါမျိုးမှာ နှင့်အချစ်နှင့် နှင့်အကြဲသစ်ဉာဏ်သစ်ကလေးတွေက ငါ့ကို ထိန်းပေးတယ်။"

"ဒါပေမယ့် ငါ ထိန်းပေးချင်သလောက် ထိန်းမပေးနိုင်ဘူးပဝါဟဏ။ ဒါပဲ ဝမ်းနည်းမိတယ်။"

"ဘုရင်လုပ်ရအောင် ငါမွေးလာမိလို့ ဒီလို ဖြစ်ရတာပဲ။"

"ဒါနှင့်တောင် တစ်ခါက မဟာဗြာဟ္မဏ (ဆရာကြီး) လုပ်ဖို့ စိတ်ကူးခဲ့သေးတယ်။"

"ဟိုတုန်းက ပဋ္ဌာလမြို့ (ကန်နောက်ဂျ) ထီးနန်းကို သိမ်းမြန်းစိုးအုပ်ရမယ်။' လို့မှ ငါ မသိသေးဘဲ။"

"မသိပေမယ့် မင်းမှုရေးရာအပြင် ဘာများ တခြားကိစ္စတွေလုပ်နေဖို့ လိုသေးသလဲ။"

"အဖန်ဆင်းခံရတဲ့ဝတ္ထုက ဖန်ဆင်းတဲ့ပုဂ္ဂိုလ်ဆီအထိ ပျံတက်တယ်။-လို့ ဆိုလိုသလား။ ဒါပေမယ့် လောပါ။ ဒီကိစ္စဟာလည်း မင်းမှုရေးရာက သီးခြားဖြစ်တဲ့ဟာ မဟုတ်ပါဘူး။ သူတို့ရဲ့အာဏာကို အထောက်အခံပေးအောင် ရည်ရွယ်ချက်နှင့် ငါတို့ရဲ့ရှေးအစဉ်အဆက်က မင်းများဟာ ဝသိဋ္ဌနှင့် ဝိဿမိတ္တကို ဒီလောက် မြတ်နိုးတနာပြုနေကြတာ။ အဲဒီ ဣသိတွေက ဣန္ဒ, အဂ္ဂိနှင့် ဝရုဏတို့ရဲ့အမည်နှင့် လူအများကို ဘုရင်အာဏာတော်အတိုင်းတည်အောင် သွန်သင်ပေးကြတယ်။

"အဲဒီခေတ် ဘုရင်တွေကလည်း 'ပြည်သူပြည်သားများ ယုံကြည်အောင်' ဆိုပြီး နတ်တွေအမည်နှင့် အကြီးအကျယ် အကုန်ကျခံပြီး ယဇ်ပူဇော်ကြတယ်။ ကနေ့လည်း ငါတို့ ယဇ်ပူဇော်ကြတယ်။ ဗြာဟ္မဏတွေကို လှူဖွယ်ဝတ္ထုတွေ လှူနေကြတယ်။ ဒီလိုလှူတာဟာ 'ပြည်သူပြည်သားတွေက နတ်များရဲ့ တန်ခိုးကို ယုံကြည်လာအောင်' ဆိုတဲ့ ရည်ရွယ်ချက်နှင့် လုပ်တာပဲ။ ပြီးတော့ သလေးဆန်မွေး ထမင်း, နွားငယ်သားပြုတ်ရည်ချိုချို, ချောမွေ့တဲ့အဝတ်နှင့် ပတ္တမြား, ပုလဲ အဆင်တန်ဆာတွေအားလုံးကို ငါတို့ သုံးဆောင်နေရတာဟာ 'နတ်များကျေးဇူးကြောင့်ပဲ' ဆိုတာကိုလည်း သိစေချင်ကြတယ်။"

"ဒီလိုဆိုရင် အဟောင်းဖြစ်နေတဲ့ နတ်တွေနှင့် လုံလောက်နေမှပဲ။ ဒီအသစ် 'ဗြဟ္မပေါ်လာဖို့ ဘာလိုတော့သလဲ။"

"လူအဆက်ဆက်က ဘယ်သူမှ ဣန္ဒ, ဝရုဏ, ဗြဟ္မာကို မမြင်ခဲ့ရဘူး။ ဒါကြောင့် အခု လူတွေစိတ်ထဲမှာ ယုံမှားသံသယဖြစ်လာကြပြီ။"

"'ဗြဟ္မ' ခေါ်တဲ့ 'အသိဉာဏ်' ကိုတော့ ယုံမှားသံသယ မဖြစ်ပေဘူးလား။"

"ဗြဟ္မ သဘောသရုပ်ကို ငါ ပြောခဲ့ဖူးတဲ့အတိုင်းပေါ့။ 'ဗြဟ္မကို မြင်ရလိမ့်မယ်။' လို့ ဘယ်သူကမှ မမျှော်လင့်ကြဘူး။ ကောင်းကင်ကို မမြင်, မကြားရတဲ့အရာ၊ ဟိုမှာဒီမှာ အရပ်ထက်ဝန်းကျင် အနံ့ရှိတဲ့အရာ အဲဒီဟာအမျိုးကို မြင်ရ,မမြင်ရ မေးနေစရာ မလိုတော့ပါဘူး။ မြင်,မမြင်ပြဿနာဟာ အကောင်အထည်ရှိတဲ့နတ်များနှင့် ပတ်သက်လို့သာ ဖြစ်လာနိုင်တယ်။"

''နင် 'ကောင်းကင်ဘုံ-ကောင်းကင်ဘုံ' ဆိုတဲ့အလုံးနှင့် လူပြိန်းတွေသာမက ဥဒ္ဒါလက, အာရဏိလို ဗြာဟ္မဏတွေကိုတောင် မျက်စိလည်အောင် လုပ်နေတယ်။ ဒါ တိုင်းသူပြည်သားတွေ မျက်စိလည်အောင် လုပ်တာဘဲသက်သက်ပဲ မဟုတ်လား။''

''လော့ပါ။ နင်ကတော့ ငါ့အကြောင်း သိနေပြီဟာ။ နင့်ကို ငါ ဖုံးထားလို့ ဘယ်ရတော့မလဲ။ ဒီထီးနန်းစည်းစိမ် လက်မလွတ်အောင် ယုံမှားသံသယဖြစ်တတ်တဲ့လူတွေ အသိဉာဏ်ကို တုံးသွားအောင် လုပ်ပေးဖို့ အရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ကနေ့ နတ်နှင့် နတ်ကိုယဖန်ပူဇော်တာတွေ အပေါ် သံသယဖြစ်လာကြတဲ့သူတွေဟာ တို့ရဲ့ အကြီးဆုံးရန်သူတွေပဲ။''

''ဒါပေမယ့် နင်ကတော့ ဗြဟ္မရှိကြောင်းနှင့် အဲဒီဗြဟ္မကို မြင်ရတဲ့အကြောင်းတွေ ပြောတုန်းပဲ မဟုတ်လား။''

''ရှိရင်တော့ မြင်ရဖို့လည်း သင့်တာပဲ။ တစ်ခုတော့ ရှိတယ်။ ဣန္ဒြေမျက်စိနှင့်တော့ မမြင်ရဘူး။ မျက်စိနှင့် မြင်ရတယ်ဆိုရင် သံသယဝါဒီတွေက 'ဒါဖြင့် ဗြဟ္မကို ပြပါ။' လို့ ဆိုကြဦးမယ်။ ဒါကြောင့် 'ဗြဟ္မကိုမြင်ဖို့အတွက် သိမ်မွေ့တဲ့ အဝိဣန္ဒြေတစ်မျိုး လိုအပ်တယ်။' လို့ ငါ ပြောတာပဲ။ အဲဒီဣန္ဒြေမျိုး ရလာအောင် လူတွေဟာ လူ့အဆက်ပေါင်း ၅၆ ဆက်အထိ တဝဲလည်လည် ရှာဖွေရမယ့်နည်းတွေကို ငါ ဖော်ပြထားတယ်။ အဲဒီနည်းတွေကို ရလာရင် လူတွေဟာ သူတို့ယုံကြည်မှုလည်း မစွန့်နိုင်တော့ဘူး။ ပုရောဟိတ်တွေရဲ့ အကြမ်းစားလက်နက်တွေကို 'အသုံးမတည့်တော့ဘူး' ဆိုတာ သိလို့ အနုစားလက်နက်ကို ငါ ထုတ်ဖော်ခဲ့တာပဲ။ နင် လူရိုင်းတွေရဲ့ ကျောက်သားနှင့် ကြေးနီလက်နက်တွေကို မြင်ဖူးတယ် မဟုတ်လား လောပါ။''

''အေး-ဟုတ်တယ်။ ယမုနာမြစ် ဟိမှာဘက်ကမ်းမှာ လူရိုင်းတွေရဲ့ အဲဒီကျောက်သားနှင့် ကြေးနီလက်နက်တွေဟာ တို့ကိုင်တဲ့သံလက်နက်တွေနှင့် ယှဉ်နိုင်သေးရဲ့လား။''

''မယှဉ်နိုင်တော့ဘူး။''

''ဒီအတိုင်းပဲ ဝသိဋ္ဌနှင့် ဝိဿာမိတ္တတို့ရဲ့ အဲဒီရှေးဟောင်းနတ်တွေရဲ့ ယဖ်ပူဇော်တာတွေဟာ လူရိုင်းတွေလောက် အသိရှိတဲ့သူတွေကိုတော့ ကျေနပ်စေနိုင်တာပေါ့။ အသိဉာဏ်ရှိတဲ့ သံသယဝါဒီတွေနှင့်ကျတော့ အဲဒီနတ်တို့, ယဖ်တို့ဟာ အလကားဖြစ်နေတော့တာပဲ။''

''ဉာဏ်ရှိတဲ့လူတွေအတွက်တော့ နှင့်ဗြဟ္မဟာလည်း ဘာမှ အသုံးမကျတော့ပါဘူး။ နင်ဟာ ဗြာဟ္မဏပညာရှင်တွေကို နှင့်တပည့် လုပ်ခိုင်းပြီး၊ ဗြဟ္မဉာဏ်တွေ သင်ကြားပေးနေတယ်။ ငါကတော့ နှင့်အိမ်ထဲက နေပြီး နှင့်စကားတွေက 'လိမ်တာညာတာတွေ သက်သက်ပဲ။' လို့ ယုံကြည်နေတယ်။''

''ဒါကတော့က နင် တကယ့်လျှို့ဝှက်ချက် (ဥပနိသ္သဒ်)တွေကို သိနေတာကိုး။''

''ဗြဟ္မဏတွေလည်း နားလည်ပါးလည် ရှိကြရင် နှင့်လျှို့ဝှက်ချက်တွေ မသိဘဲ ဘယ်နေမလဲ။''

''ဒါကိုလည်း နင် မြင်နေတာပဲနော်။ တချို့တချို့ဗြာဟ္မဏတွေဟာ လျှို့ဝှက်ချက်ကို စိစစ်နိုင်ကြတယ်။ ဒါပေမယ့် အဲဒီဗြာဟ္မဏတွေက ငါ့လျှို့ဝှက်ချက် ဥပနိသ္သဒ်လက်နက်ကို 'သူတို့အတွက် အများကြီး အသုံးဝင်တယ်။' ဆိုတာကို နားလည်ထားကြတယ်။

''သူတို့ရဲ့ ပုရောဟိတ်လုပ်ငန်းတွေ, ဆရာလုပ်စားတာတွေကို လူများက အယုံအကြည် မရှိကြတော့ဘူး။ အယုံအကြည်မရှိတော့ စီးဖို့ မြင်းရထားတွေ, စားသောက်ဖို့ အစားအသောက် ကောင်းကောင်းတွေ, နေဖို့ ပြာသာဒ်ကောင်းကောင်းတွေ, စည်းစိမ်ယစ်ဖို့ ကျွန်မလှလှကလေးတွေကို ဖြည့်တင်းပေးနိုင်တဲ့ အလှူအတန်းတွေ မလိုက်ရတော့ဘူး။''

''ဒါဖြင့် ကုန်ကူးနေကြတာတွေပေါ့။ ဟုတ်လား။''

"ကုန်ကူးတာပဲ။ ဒါပေမယ့် ရှုံးမှာမစိုးရိမ်ရတဲ့ ကုန်ကူးမှုပဲ။ ဒါကြောင့် ဥဒ္ဒါလကလို ဗြာဟ္မဏတွေက သမိဓာ (ယဇ်ပူဇော်ခြင်းနှင့်ဆိုင်သော ထင်းစ) ကို လက်ခွဲပြီး ငါဆီမှာ တပည့် လာခံကြတာပေါ့။ ဗြာဟ္မဏမျိုးကို ရိသေပုံပြုပြီးတော့ ထုံးထမ်းစဉ်လာရှိတဲ့အတိုင်း ဆရာ မမြွောက်ဘဲ သူတို့ကို ငါက ဗြဟ္မဉာဏ်ကို ပေးတယ်။"

"ဒါ သိပ်ယုတ်ညံ့တဲ့ သဘောထားပဲ ပဝါဟဏ။"

"ဝန်ခံပါတယ်။ ဒါပေမယ့် ငါ့ရည်ရွယ်ချက်အတွက် အဲဒီဗြာဟ္မဏတွေဟာ အများဆုံး အသုံးဝင်တဲ့လက်နက်တွေပဲ။ ဝသိဋ္ဌနှင့် ဝိဿမိတ္တရဲ့လေ့ဟာ အနှစ် ၁၀၀၀ တောင် မသုံးလိုက်ရဘူး။ ဒါပေမယ့် ပဝါဟဏ 'ထွင်း'လိုက်တဲ့လေ့ကတော့ အနှစ် ၂၀၀၀ ကျော်လွန်သွားအောင် ဘုရင်နှင့် ပဒေသရာဇ် (သူတစ်ပါးစည်းစိမ်ကို စားသုံးသူများ)ကို လိုရာ ပို့ဆောင်သွားလိမ့်မယ်။ 'ယဇ်'ဆိုတဲ့လေ့ကို 'မခိုင်ခဲ့ဘူး'လို့ ငါထင်တယ် လောပါ။ ဒါကြောင့် ဒီ ခိုင်ခဲ့တဲ့လေ့ကို ထွင်းတာပဲ။ ဒီလေ့ကို ဗြာဟ္မဏနှင့် ခတ္တိယတွေက စုပေါင်းပြီး မှန်မှန်သုံးစွဲမယ်ဆိုရင် အာဏာကို ပိုင်ပိုင်နိုင်နိုင် သုံးစွဲသွားရမှာပဲ။ ဒါပေမယ့် လောပါ။ ဒီကောင်းကင်ဘုံ၊ တစ်နည်း ဗြဟ္မဆိုတာထက် ပိုကောင်းတဲ့ တခြားဟာတစ်ခုကိုလည်း ထွင်းထားသေးတယ်။"

"ဘာလဲ"

"သေပြီးရင် နောက်ထပ် ဒီလူ လောကကို ပြန်လာရသေးတယ်။-ဆိုတဲ့ 'လူဝင်စား' သဘောတရားပေါ့။"

"ဒါကတော့ အကြီးအကျယ်ဆုံး ပိုက်ကွန်ပဲ။"

"ကြီးကျယ်ရဲ့ ဘယ်ကမလဲ။ အလုပ်သဘော အပါဆုံးပေါ့။ ငါတို့ ပဒေသရာဇ်တွေ, ဗြာဟ္မဏတွေနှင့် ကုန်သည်တွေဆီမှာ သုံးမကုန်စွဲမကုန် ပစ္စည်းတွေ စုပုံလာသလောက်၊ တိုင်းသူပြည်သား လူသာမန်တွေမှာတော့ ပစ္စည်းမဲ့ ဖြစ်ကုန်ကြပြီ။ အဲဒီ ပစ္စည်းမဲ့ဖြစ်ကြတဲ့ လက်မှုပညာသည်တွေ, လယ်သမားတွေနှင့် ကျွန်တွေမှာ 'နင်တို့ကိုယ်တိုင် စုဆောင်းရှာဖွေထားတဲ့ပစ္စည်းတွေကို သူများပေးပြီး ဒုက္ခခံနေသလို။ အလိမ်မိအောင် လုပ်ချင်တဲ့အတွက် နင်တို့ ဒီလို ဒုက္ခခံတာတွေ, အသက်စွန့်တာတွေ, လှူတာတွေကြောင့် 'နတ်ပြည်မှ စံစားရလိမ့်မယ်လို့ မဟုတ်မတရား အယုံသွင်းတာ။ 'ဘယ်သူများ နတ်ပြည်မှာ သေသွားတဲ့လူတစ်ယောက်ရဲ့စည်းစိမ်ဥစ္စာကို မြင်ဖူးလို့လဲ။' ဆိုတဲ့ ခြိမ်းခြောက်မှုတွေ ပေါ်လာတယ်။

"အဲဒီ ခြိမ်းခြောက်မှုရဲ့အဖြေကတော့ လူ့လောကမှာ အနိမ့်,အမြင့်သဘောထား ဇာတ်နိမ့်,ဇာတ်မြင့်၊ ပစ္စည်းရှင်, ပစ္စည်းမဲ့ ကွဲပြားမှုတွေကို တွေ့ကြုံနေကြရတဲ့ သူတွေအားလုံး 'ရှေးဘဝက ကံကြောင့်ပဲ။ ငါတို့ ရှေးဘဝက ကုသိုလ်, အကုသိုလ်ရဲ့အကျိုးကို စံစားခံစားနေကြရတာပဲ။'ဆိုတဲ့ အဖြေပေါ့။"

"ဒီလိုဆိုရင် သူခိုးတွေရဲ့ သူတို့ ခိုးရာပါပစ္စည်းတွေဟာလည်း 'ရှေးဘဝကံရဲ့အကျိုး'လို့ ဆိုနိုင်သလား။"

"ဒါပေမယ့် အဲဒီသူခိုးအတွက်ကတော့ စောစောကတည်းက နတ်တွေ, ရသေ့တွေနှင့် လူအများယုံကြည်ချက် အကူအညီတွေကို ရထားပြီးသားပဲ။ အဲဒီအကူအညီကြောင့် ခိုးရာပါပစ္စည်းကိုတော့ 'ရှေးကံရဲ့အကျိုး'လို့ ယူဆကြမှာ မဟုတ်ဘူး။ ဒီဘဝမှာ အပင်ပန်းမခံဘဲ စုဗိနေတဲ့ပစ္စည်းတွေကိုတော့ 'နတ်များကျေးဇူးကြောင့် ရတာ'လို့ စောစောတုန်းက ပြောခဲ့ကြတယ်။ ဒါပေမယ့် နတ်တွေနှင့် နပမည်များ မိုင်းမမူအပေါ်မှာ သံသယရှိလာကြတဲ့အခါကျတော့ တခြားနည်းတစ်နည်း ငါတို့စဉ်းစားဖို့ မလွဲမရှောင်သာဖြစ်လာတယ်။ ဗြာဟ္မဏတွေမှာ အဲဒီနည်းကို စဉ်းစားနိုင်တဲ့စွမ်းရည်သတ္တိ မရှိခဲ့ဘူး။ ရှေးဟောင်း ရသေကြီးတွေရဲ့ မန္တရားတွေ,စကားတွေကို ပြန်လှန်ရွတ်အံနေရတာနှင့် အနှစ် ၄၀-၄၅ နှစ် ကြာလွန်ခဲ့ကြတယ်။

'ဗြာဟ္မဏာတွေ ထွင်းပစ်ခဲ့တဲ့လေ့ဟာ
ကနေ့အတွက် မခိုင်တော့ဘူး။' ဆိုတာကို
မြင်လာတယ်။''
''ဒါကြောင့် နင်က လေ့ခိုင်ခိုင်တစ်စင်း
ထွင်းလိုက်တယ်ပေါ့လေ။''
''မှန်တာ, မှားတာ ငါ့အတွက်
အဓိပ္ပာယ် မရှိပါဘူး။
အသုံးကျဖို့ပဲ ငါကတော့ ရည်ရွယ်တယ်။

အဲဒီဗြာဟ္မဏာတွေဟာ တခြား နက်နဲတဲ့အကြောင်းအရာ တစ်ခုခုကို ဘယ်ကနေ စဉ်းစား ထုတ်ဖော်နိုင်တော့မှာလဲ။''

''အန္ဒို-ပဝါဟဏ။ နင်လည်း ပြန်လှန်ရွတ်ဆဲတာနဲ့ အချိန်ကြာခဲ့တယ် မဟုတ်လား။''

''၁၆ နှစ်တည်းပဲ။ အသက် ၂၄ နှစ်ဘက်မှာ ဗြာဟ္မဏအတတ်ပညာတွေကို ကူးမြောက်ကမ်းခတ်ပြီး အပြင်လောကထဲကို ရောက်လာတယ်။ အပြင်လောဂမှာ ပိုပြီး အသိဉာဏ် ကျယ်ဝန်းလာတယ်။ ငါဟာ မင်းမှုရေးရာအရှုပ်အထွေးထဲ ဝင်ပြီးမှ၊ 'ဗြာဟ္မဏာတွေ ထွင်းပစ်ခဲ့တဲ့လေ့ဟာ ကနေ့အတွက် မခိုင်တော့ဘူး။' ဆိုတာကို မြင်လာတယ်။''

''ဒါကြောင့် နင်က လေ့ခိုင်ခိုင်တစ်စင်း ထွင်းလိုက်တယ်ပေါ့လေ။''

''မှန်တာ, မှားတာ ငါ့အတွက် အဓိပ္ပာယ် မရှိပါဘူး။ အသုံးကျဖို့ပဲ ငါကတော့ ရည်ရွယ်တယ် လောပါ။ လူလောကမှာ ပြန်ပြီးဝင်စားတဲ့ အကြောင်းဟာ ကနေ့တော့ 'အသစ်အဆန်း' လို့ ထင်နေတာပဲ။ ပြီးတော့ လူဝင်စားသဘောတရားထဲက ပုန်းကွယ်နေတဲ့ ကိုယ့်ကို။ ကိုယ့်စီးပွားကိုလည်း နင်တော့ သိတာပေါ့။ ဒါပေမယ့် ငါ့တပည့်ဗြာဟ္မဏတွေကတော့ ခုကတည်းက အဲဒီသဘောတရားလက်ကိုင်နှင့် တကြွကြွဖြစ်နေကြပြီ။ 'ဝိညာဉ်လမ်းစဉ်နှင့် နတ်လမ်းစဉ်' (ဝိတုယာနှင့် ဝေဒယာန)ကို သဘောပေါက်ဖို့ ခုကာလလူများတောင် ၁၂ နှစ်တိုင် နှားကျောင်းပေးဖို့ အသင့်ရှိကြတယ်။ နင်နှင့် ငါတော့ ရှိကြတော့ မှာ မဟုတ်ဘူး။ ဒါပေမယ့် ဆင်းရဲသူ, ဆင်းရဲသား ပြည်သူပြည်သားအများက ဒီလူဝင်စားသဘောတရားအားကိုးနှင့် တစ်ဘဝလုံးရဲ့ အခက်အခဲတွေ, ဆင်းရဲမှုတွေ, မတရားမှုတွေကို ကုန်းခံသွားဖို့ အသင့်ရှိကြတဲ့ ခေတ်တစ်ခေတ်ကို ရောက်လာလိမ့်မယ်။ နတ်ပြည်နှင့်ငရဲပြည်ကို သဘောပေါက်အောင် ပြောဖို့ အတိုဆုံးဖြတ်လမ်းနည်းကို ရရောမဟုတ်လား လောပါ။''

''ဟုတ်ပါရဲ့။ ဒါပေမယ့် ကိုယ့်တစ်ဝမ်းစာအတွက် လူအဆက်ဆက်ကို ဖျက်ဆီးပစ်ခဲ့တာပေါ့။''

''ဝသိဋ္ဌနှင့် ဝိဿမိတ္တတို့လည်း ဝမ်းစာအတွက် ဝေဒတွေကို စီရင်ခဲ့ကြတာပဲ။ ဥတ္တရပဥပဏ္ဍယလတိုင်း (ရဟေလ်ခဏ္ဍ) ဘုရင် ဒီဝေါဒါသက လူရိုင်းခံတပ် မဆိုစလောက်ကလေးနိုင်တာကို ကဗျာတွေ တစ်ပိုဒ်ပြီးတစ်ပိုဒ် ရေးလိုက်ကြတာ။ ဝမ်းစာအတွက်စီမံတာက မဆိုးပါဘူး။ ငါတို့ဟာ ကိုယ့်ဝမ်းစာအပြင် အနှစ် ၁၀၀၀စာလောက် သားစဉ်မြေးဆက်, ဆွေစဉ်မျိုးဆက်ဝမ်းစာအတွက် စီမံထားခဲ့ရင် ငါတို့ကောင်းသတင်းတွေ အရှည် တည်တံ့သွားစရာအကြောင်း ရှိတာပေါ့။ ရှေးက ရသေ့များတောင် မလုပ်ခဲ့တဲ့၊ ဘာသာရေးဝမ်းစာရှာသမား ဗြာဟ္မဏများတောင် မလုပ်နိုင်တဲ့ အလုပ်ကြီးကို ပဝါဟဏ လုပ်နေတာပဲ။''

"ပဝါဟဏ။ နင် တော်တော် ရက်စက်တာပဲနော်။"
"ငါတော့ ငါ့အလုပ်ကို လက်စွမ်းပြလုပ်လိုက်တာပဲ။"

၃

ပဝါဟဏ ကွယ်လွန်ခဲ့လေပြီ။

သူ၏ ဗြဟ္မဝါဒ, လူဝင်စားဝါဒ၊ သို့မဟုတ် ဝိတုယာနဝါဒများ၏ အောင်စည်မောင်းသံမှာ သိန္ဓုမြစ်မှ သဒါနီရာ (ဂင်္ဂာက်)မြစ်ကမ်းတိုင်အောင် မြည်ဟိန်းလျက် ရှိနေပေသည်။ ယဇ်ပူဇော်မှုမှာလည်း ထိုစဉ်အခါ အထိ အထွန်းကား မလျော့သေးပေ။ အကြောင်းသော်ကား ဗြဟ္မဉာဏ်များက ထိုယဇ်ပူဇော် ပွဲများ ပြုလုပ်ကျင်းပရာဝယ် အထူးအားထုတ် ကြိုးပမ်းမှုများ ပြသလျက် ရှိကြသေးသောကြောင့်ပင် ဖြစ်လေသည်။

ခတ္တိယတစ်ဦးဖြစ်သော ပဝါဟဏထုတ်ဖော်ထားသော ဗြဟ္မဝါဒ၌ ဗြာဟ္မဏများ အလွန်လိမ္မာနေကြလေပြီ။ ဗြဟ္မဝါဒနှင့်ပတ်သက်၍ ကုရုတိုင်းသား ယညဝက္ကသည် အထင်ရှားဆုံး, အကျော်ကြားဆုံး ဖြစ်သည်။ တစ်ခေတ်က မန္တရားကို ပြုစီရင်ကြသောပုဂ္ဂိုလ်များ, ယဇ်ကို ထူထောင်ခဲ့သောပုဂ္ဂိုလ်များ ဖြစ်ကြသည့် ဝသိဋ္ဌ, ဝိဿမိတ္တနှင့် ဘာရဒ္ဝါဇတို့ကို ပေါက်ဖွားပေးလိုက်သော ကုရုပဉ္စာလတိုင်း၌ ယညဝက္ကနှင့် သူ့အဖော်ဗြဟ္မဝါဒသမား ယောက်ျား, မိန်းမများ ခေတ်စားလှပေသည်။

ဗြဟ္မဝါဒသမားအစည်းအဝေး ကျင်းပခြင်းအားဖြင့် ယဇ်ပူဇော်ခြင်းထက် ပို၍ ကျော်ကြားလေ သည်။ ထို့ကြောင့် ဘုရင်များသည် ရာဇသူယယဇ် (နိုင်ငံတော် ယဇ်ပူဇော်ပွဲ) အစရှိသော ယဇ်နှင့်တွဲ၍တစ်မျိုး, မတွဲဘဲတစ်မျိုး ပရိသတ်အစည်းအဝေးများ ကျင်းပကြလေသည်။ ထိုအစည်းအဝေးများတွင် ဝါဒပြိုင်ရာ အနိုင်ရရှိသူများသည် နွားနွား, မြင်း, ကျွန်ယောကျ်ား, ကျွန်မိန်းမ ထောင်ပေါင်းများစွာ ဆုအဖြစ် ရရှိလေသည်။ အထူးအားဖြင့် ကျွန်မိန်းမများကို ဆုချလေသည်။ အကြောင်းသော်ကား ဘုရင့်နန်းတွင်းဆောင်များ၌ မွေးမြူထားသော ကျွန်မိန်းမများကို ဗြဟ္မဝါဒသမားများက ပို၍ နှစ်သက်ကြလေသည်။

ယညဝက္ကသည် အစည်းအဝေးပေါင်းများစွာ ဝါဒ အနိုင် ရရှိခဲ့ဖူးလေသည်။ ယခုအကြိမ် ယညဝက္က သည် ဝိဒေဟ (တိရ်ဟုတ်) ဘုရင်ဇနကဓ၏အစည်းအဝေး၌ အကြီးအကျယ် အောင်ပွဲ ဆင်နွှဲခဲ့လေသည်။

သူ၏တပည့် သောမသဝါသည် နွားမ ၁၀၀၀ ကို မောင်းနှင်ထိန်းကျောင်း ထားရလေသည်။ ယညဝကသည် ဝိဒေဟမှ ကုရုတိုင်အောင် ထိုနွားများကို မောင်းနှင်ဆောင်ကြဉ်းရမည့်ဒုက္ခကို အဘယ်ကြောင့်အဘယ်ကြောင့် ခံပါအံ့နည်း။

ယညဝက္ကသည် နွားမများကို ဝိဒေဟတိုင်းမှာပင် ဗြာဟ္မဏများအား ဝေခြမ်းပေးလိုက်လေသည်။ ဗြဟ္မဝါဒသမား ယညဝက္ကလည်း အလွန် ကျော်ကြားထင်ရှားလေသည်။ သို့သော် ရွှေ, ငွေ, ကျွန်ယောကျ်ား, ကျွန်မိန်းမနှင့် အဿတိရ်မြင်း (လား)ကသော ရထားများကိုကား လှေပေါင်းများစွာပေါ်တွင် တင်၍ သူနှင့် တစ်ပါတည်း ကုရုတိုင်းသို့ ဆောင်ကြဉ်းသွားလေသည်။

ပဝါဟဏကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကြာခဲ့လေပြီ။

ပဝါဟဏ ကွယ်လွန်စဉ်က ယညဝက္ကမှာ မွေးပင် မမွေးသေးပေ။ သို့သော် အသက် ၁၀၀ ကျော်နေ ပြီဖြစ်သော လောပါသည် ပဉ္စာလပုရိ (ကန္နောက်ဂျ်) အပြင်ဘက် မင်းဥယျာဉ်တွင် ယခုတိုင် နေထိုင်လျက် ရှိသေးသည်။ ဥယျာဉ်တော်တွင်းရှိ သရက်, ငှက်ပျော, သပြေပင်ရိပ်များတွင် ထိုင်ရခြင်းကို လောပါ အလွန်နှစ်သက်လေသည်။ အသက်ရှင်စဉ်အခါက ပဝါဟဏ၏စကားများကို အမြဲတမ်းလိုလို

လောပါက ဆန့်ကျင်ခဲ့လေသည်။ သို့သော် ယခုအခါ အဆိုပါ အနှစ်ဖဝအတွင်း၌ ပဝါဟာဏ၏အပြစ်များကို မေ့လျော့ခဲ့လေပြီ။ ပဝါဟာဏ၏ ရာသက်ပန် အချစ်မျှလောက်ကိုသာ လောပါ သတိရလေတော့သည်။ အမယ်အိုလောပါ၏ မျက်လုံးများတွင် ယခုတိုင်အောင် တောက်နေတုန်း ရှိသေးသည်။ သူ၏အသိဉာဏ်လည်း ယခုတိုင် အလွန် မမှုန်မှိုင်းလှသေးပေ။ သို့သော် ဗြဟ္မဝါဒသမားကိုကား ယခုတိုင် ဒေါသဖြစ်လျက် ရှိသေးသည်။

တစ်နေ့သ၌ ပဋ္ဌာလမြို့တွင် ဗြဟ္မဝါဒရှိသူ အမျိုးသမီး 'ဂဂ္ဂီ'သည် ဘာသာရေးဆွေးနွေးပွဲသို့ တက်ရောက်လေသည်။ မင်းဥယျာဉ်၏အနီး၌ပင် တည်ရှိသော ဥယျာဉ်တစ်ခု၌ ဂဂ္ဂီကို ကောင်းမွန်စွာ ပြုစုစောင့်ရှောက်လျက် နေရာချထား ပေးကြလေသည်။ ဇနကဘုရင်၏ ဝါဒဆွေးနွေးပွဲပရိသတ်၌ ယညဝက္က သည် ဂဂ္ဂီအား ကောက်ကျစ်စဉ်းလဲ၍ အနိုင်ယူလိုက်သည်။ ၄င်းကို ဂဂ္ဂီ ဘယ်တော့မှ မမေ့နိုင်။

''ဂဂ္ဂီ ရှေ့ဆက် မေးကြည့်စမ်း။ နင့်ခေါင်း ပြတ်ကျသွားစေမယ်။'' ၄င်းမှာ ဝါဒဆွေးနွေး နည်းမကျသော ခြိမ်းခြောက်မှုတစ်ခု ဖြစ်သည်။ ဤကဲ့သို့ ဥဂ္ဂလောဟိတပါဏိ (လက်တွင်သွေးစွန်းနေသော သူကြမ်းများ) သာလျှင် ပြုနိုင်သည်။-ဟု ဂဂ္ဂီ တွေးတောမိသည်။

ဂဂ္ဂီသည် လောပါအဖဘက်မှ တော်စပ်သူတစ်ဦး၏သမီး ဖြစ်သည်။ လောပါသည် ဂဂ္ဂီကို ကောင်းကောင်းကြီး သိသည်။ သို့သော် ဗြဟ္မဝါဒနှင့် ပတ်သက်၍ကား သူတို့ ၂ ဦး သဘောချင်း မတိုက်ဆိုင်ကြပေ။ ယခုအထိ ယညဝက္ကက အတုအယောင်လုပ်ထားသော လက်နက်ကိုသုံး၍ သူ့အား ဆန့်ကျင်လိုက်ဖူးသဖြင့် ဂဂ္ဂီမှာ မီးလောင်သကဲ့သို့ စိတ်မကောင်း ဖြစ်ခဲ့ရလေသည်။ ထို့ကြောင့် သူ၏ဘေးမ အဒေါ်ကြီးထံသို့ သွားသောအခါ သူ၏သဘောအယူအဆများ အမှန်ပင် အတန်ငယ် ပြောင်းလဲသွားခဲ့သည်။

လောပါသည် အနှားသို့ကပ်လာသော ဂဂ္ဂီ၏နဖူးနှင့် မျက်လုံးများကို နမ်းစုပ်၍ ရင်ဘတ်တွင် ပွေ့ထားသည်။ ထို့နောက် ကျန်းမာပျော်ရွှင်မှုနှင့်ပတ်သက်၍ မေးသည်။ ဂဂ္ဂီက ဖြေသည်။

''ငါ ဝိဒေဟက လာခဲ့တယ်အဒေါ်။''

''လက်ဝှေ့သတ်ရအောင် လာတာပေါ့ သမီးဂဂ္ဂီ။''

''ဟုတ်ပါတယ်။ လက်ဝှေ့ပွဲပဲ ဖြစ်နေတာပေါ့အဒေါ်။ ဗြဟ္မဝါဒသမားတွေရဲ့ ဆွေးနွေးပွဲဟာ လက်ဝှေ့ပွဲထက် ဘာမှ မပိုပါဘူး။ လက်ဝှေ့သမားတွေအတိုင်းပဲ ယှဉ်ပြိုင်သူက ကောက်ကျစ်စဉ်းလဲပြီး အနိုင်ယူလေ့ရှိတယ်။''

''ဒါဖြင့် ကုရုပဋ္ဌာလက ဗြဟ္မဝါဒသမားတွေအကုန်လိုလို စစ်မြေပြင် ဆင်းနေကြမှာပေါ့။''

''ကုရုပဋ္ဌာလဟာ ခုအခါ ဗြဟ္မဝါဒသမားတွေရဲ့ ခံတပ်ကြီးပေါ့။''

''ငါ့မျက်စိအောက်က တောက်လာတဲ့ ဒီဗြဟ္မဝါဒမီးတောက်ကလေးဟာ တောမီးလို ကုရုပဋ္ဌာလ တစ်တိုင်းလုံးကိုလောင်ပြီး ခုတော့ ဝိဒေဟတိုင်အောင် ရောက်နေပြီ။''

''အဒေါ်။ ဥဒ္ဒံစကား 'မှန်တယ်'ဆိုတာ ငါ အခု နည်းနည်းနည်းနည်း သဘောပေါက်လာပြီ။ အမှန်ကတော့ ဒါ စီးပွားရှာတဲ့ နည်းလမ်းကြီးတစ်ခုပဲ။ ဝိဒေဟမှာ ယညဝက္ကဟာ သိန်းပေါင်းများစွာ ပစ္စည်းတွေ ပိုင်နေပြီ။ တခြားဗြာဟ္မဏတွေလည်း ပစ္စည်းအလုံအလောက် ရနေကြပြီ။''

''ဒီဝါဒပြိုင်တဲ့အလုပ်ဟာ ယဇ်ပူဇော်တာထက် ပိုပြီးအမြတ်ပေါ်တဲ့ ကုန်ကူးမှုပဲ သမီး။ ငါ့ယောကျ်ားက ဒီလုပ်ငန်းကို 'ဘုရင်များနှင့် ဗြာဟ္မဏများအတွက် ပစ္စည်းဥစ္စာရကြောင်း ခိုင်ခံ့တဲ့လေ့' လို့ ခေါ်လေ့ခေါ်ထ ရှိတယ်။ ဒါထက် ယညဝက္ကက ဇနကဘုရင်ပရိသတ်မှာ အနိုင်ရနေတယ်။ နင်ကော ဝင်မပြောဘူးလား။''

ဒီဗြဟ္မဝါဒ စိတ်ကူးယဉ်သက်သက်၊
စိတ်ဂူးဉာဏ်ကစားတာသက်သက်လို့
နင်က ထင်နေတယ်။ မဟုတ်ဘူး ဂဂ်ီ။
ဗြဟ္မဝါဒနောက်မှာ ဘုရင်နှင့် ဗြာဟ္မဏတွေရဲ့
ကိုယ်ကျိုးကိုယ့်စီးပွားတွေ အကြီးအကျယ်
ပုန်းအောင်းချောင်းမြောင်းနေကြတယ်။
ဒီဗြဟ္မဝါဒ မွေးဖွားလာချိန်က
ဝါဒကို မွေးထုတ်လိုက်တဲ့လူဟာ
ငါ့ဘေးနားမှာ ကပ်အိပ်နေတယ်။

''မပြောရဘူးဆိုရင် ဒီလောက်ဝေးဝေး ဂင်ါမြစ်ထဲမှာ လှေနှင့် အပြေးခတ်လာဖို့ ဘာလိုသေးသလဲ။''

''နှင့်လှေကို ဓားပြ မတိုက်ဘူးလား။''

''မတိုက်ပါဘူး အခေါ်။ ကုန်သည်တွေရဲ့ အုပ်စုကြီးတိုင်းမှာ စစ်သားတွေနှင့် စီစဉ်ထားတယ်။ ငါတို့ ဗြဟ္မဝါဒသမားတွေဟာ ၁ ယောက်ချင်း, ၂ ယောက်ချင်းနှင့် ကိုယ့်အသက်အန္တရာယ် အဖြစ်ခံရ လောက်အောင် မမိုက်မဲသေးပါဘူး။''

''ဒါထက် ယညဝက္ကက အကုန်လုံးကို အနိုင်ယူတာပေါ့။''

''သူ အနိုင်ရတယ်လို့ မဆိုနိုင်ဘူး။''

''ဘာကြောင့်လဲ။''

''အကြောင်းကတော့ မေးတဲ့သူက ယညဝက္ကရဲ့အဖြေကို ကြားတော့ နှုတ်ပိတ်သွားတာမှ မဟုတ်ဘဲ။''

''နင်ကော''

''ငါလည်း နှုတ်ပိတ်မသွားဘူး။ ဒါပေမယ့် ယညဝက္ကက ဝါဒနှင့်အနိုင်ယူတာမှ မဟုတ်ဘဲ။ ဗလစ်ဗလစ်လုပ်ပြီး နှုတ်ပိတ်အောင် လုပ်တာပဲ။''

''ဗလစ်ဗလစ်လုပ်ပြီးတော့။''

''ဟုတ်တယ်။ ငါက ဗြဟ္မနှင့်ပတ်သက်ပြီး မေးခွန်းတွေ အများကြီး မေးမြန်းနေတယ်။ ယညဝက္ကမှာ ထွက်ပေါက်မရှိလောက်အောင် ဝိုင်းမိနေတယ်။ အဲဒီတော့ ကြားရလိမ့်မယ်လို့ ငါမျှော်လင့်တဲ့ စကားမျိုးကို ပြောလိုက်တယ်။''

''ဘာပြောသလဲ သမီး။''

''ယညဝက္ကက 'ဂဂ်ီ။ ရှေ့ဆက်မေးရင် နှင့်ခေါင်း ပြတ်ကျသွားစေမယ်။' လို့ ခြိမ်းခြောက်ပြီး မေးခွန်းရဲ့အဖြေ မတောင်းနိုင်အောင် ဟန့်တားတယ်။''

''နင် မမျှော်လင့်ဘူးလား 'သမီး။ ငါတော့ အားလုံးမျှော်လင့်နိုင်တာပဲ ဂဂ်ီ။ ယညဝက္ကဟာ ပဝါဟဏရဲ့ တပည့်အမာခံတစ်ယောက် 'လို့ ကျော်ကြားတာပဲ။ ပဝါဟဏရဲ့မိစ္ဆာဝါဒကို ယညဝက္ကက ပြည့်စုံသွားအောင် လုပ်ပေးတယ်။ နင် ရှေ့ဆက်မမေးတာပဲ ကောင်းတယ်ဂဂ်ီ။''

''အခေါ်။ နင် ဘယ်လိုထင်သလဲ။''

''ငါ 'နှင့်ခေါင်းကို နှင့်ပခုံးပေါ်မှာ မြင်နေရသေးတယ်။' လို့ ထင်တာပေါ့။''

''ဒါဖြင့် အခေါ်။ တကယ်လို့ 'ငါ ရှေ့ဆက်မေးရင် ငါ့ခေါင်း ပြတ်ကျသွားမယ်။' ဆိုတာ နင်ယုံသလား။''

''တကယ် ပြတ်ကျတာပေါ့။ ဒါပေမယ့် ယညဝက္ကရဲ့ ဇြဟ္မတန်ခိုးတော်ကြောင့်တော့ မဟုတ်ဘူး။ အခြားသူများ ခေါင်းပြတ်နည်းမျိုးနှင့်ပဲ ပြတ်ကျမှာပဲ။''

''မဟုတ်ပါဘူး။ အဒေါ်။''

''နင် ငယ်ငယ်ကလေးရှိသေးတယ် ဂဂ္ဂိ။ ဒီဇြဟ္မဝါဒ စိတ်ကူးယဉ်သက်သက်, စိတ်ကူးဉာဏ်ကစားတာသက်သက်လို့ နင်က ထင်နေတယ်။ မဟုတ်ဘူး ဂဂ္ဂိ။ ဇြဟ္မဝါဒနောက်မှာ ဘုရင်နှင့် ဗြာဟ္မဏတွေရဲ့ ကိုယ်ကျိုးကိုယ့်စီးပွားတွေ အကြီးအကျယ် ပုန်းအောင်းချောင်းမြောင်းနေကြတယ်။ ဒီဇြဟ္မဝါဒမွေးဖွားလာချိန်က ဝါဒကို မွေးထုတ်လိုက်တဲ့လူဟာ ငါ့ဘေးနားမှာ ကပ်အိပ်နေတယ်။ သံဓားလွယ်နှင့် သွေးစွန်းတဲ့ စစ်သားကြမ်းတွေလို၊ ဒီဇြဟ္မဝါဒဟာလည်း ဘုရင်နှင့် ဗြာဟ္မဏတွေရဲ့အာဏာကို ခိုင်မြဲအောင် လုပ်ဖို့နေရာမှာ ကြီးကျယ်တဲ့ လက်နက်ကောင်းပေါ့။''

''အဒေါ်။ ငါ ဒီလို မသိခဲ့ပါကလား။''

''မသိတဲ့လူတွေ အများကြီးပေါ့။ ဝိဒေဟဘုရင် ဇနကဟာလည်း ဒီလျှို့ဝှက်ချက် (ဥပနိသ္သဒ်)ကို သိရှာမယ်'လို့ ငါ မထင်ဘူး။ ဒါပေမယ့် ငါ့ယောက်ျား ပဝါဟဏသိသလို ယညဝက္ကတော့ သိတယ်။ ပဝါဟဏဟာ နတ်, နတ်ပြည်, ဝိညာဉ်လောက, ယက္ခနှင့် ဇြဟ္မဝါဒတွေ ဘာတစ်ခုမှ မယုံဘူး။ သူ ယုံကြည်တာက စည်းစိမ်ခံဖို့ သက်သက်ပဲ။ သူဟာ တစ်သက်လုံး ခဏမလပ် စည်းစိမ်ခံစားဖို့လောက်ပဲ စိတ်ကူးတယ်။ မသေခင် ဥရက်က ဝိဿမိတ္တအန္ဓယ်ပုရောဟိတ်ရဲ့ ဆံပင်ရွှေဝါရောင်ရှိတဲ့သမီးကလေး သူနန်းတွင်းဆောင်ထဲကို လာတယ်။ သူလည်း အသက်မသေနေရဖို့ မျှော်လင့်ချက် မရှိတော့ဘူး။ ဒါတောင် ပဝါဟဏဟာ အသက် ၂၀ရွယ်အလှမကလေးနှင့် ချစ်ခန်းဖွင့်လိုက်သေးတယ်။''

''နွားမတွေကို ပေးပစ်လိုက်ပြီ။ ဝိဒေဟဘုရင်လှူတဲ့ ကျွန်မချောချောကလေးတွေကိုတော့ ယညဝက္ကဟာ သူနှင့်အတူ ဆောင်ယူသွားတယ်အဒေါ်။''

''ငါ အခုပြောတဲ့ အတိုင်းပေါ့။ ယညဝက္ကဟာ ပဝါဟဏရဲ့ အမာခံတပည့်ကြီးပေါ့။ သူဇြဟ္မဝါဒကို မြင်ပြီမဟုတ်လား။ ဒါတောင် နင်က ဝေးဝေးက လှစ်ခနဲမြင်ရတာ။ ကပ်ကြည့်ရရင် သေသေချာချာ နင်လည်း မြင်မှာပဲသမီး။''

''ဒီလိုဆိုရင် တကယ်လို့ ငါရှေ့ဆက်မေးရင် 'ငါ့ခေါင်း ပြတ်ကျသွားမယ်။'လို့ နင်ထင်တာ အမှန်ပဲပေါ့အဒေါ်။''

''တစ်ထစ်ချပေါ့။ ဒါပေမယ့် ဇြဟ္မတန်ခိုးတော်ကြောင့် မဟုတ်ဘူးသမီး။ ကမ္ဘာပေါ်မှာ လူပေါင်းများစွာရဲ့ ဦးခေါင်းတွေဟာ အသံမထွက်တော့ဘဲ ပြုတ်ကျကုန်ပြီ။''

''ခေါင်းမူလိုက်တာ အဒေါ်ရယ်။''

''ကနေ့မှ မူးသလား။ ငါတော့ သိတတ်တဲ့နေ့ကစပြီး မူးလာတာပဲ။''

''တိုင်းသူပြည်သားတွေ အပင်ပန်းခံပြီးစုထားတဲ့ ပစ္စည်းတွေကို အလကားစားနေတဲ့ စနစ်ဟာ ဘုရင်ဝါဒ, ဗြာဟ္မဏဝါဒ, ယဇ်ဝါဒပဲ။ ဒါတွေအားလုံး ညစ်ပတ်မှုတွေကြီးပဲ။ ကောက်ကျစ်မှုတွေ အပြည့်အနှက်ပဲ။ ကိုယ်တိုင်ကိုယ်ကျ အသိ မရကြသေးသမျှ တိုင်းသူပြည်သားတွေမှာ အဲဒီပိုက်ကွန်က လွတ်မြောက်နိုင်မှာ မဟုတ်ကြဘူး။ တိုင်းသူပြည်သားတွေ အသိဉာဏ်ရအောင် လုပ်ပေးလိုက်ရင်လည်း ကိုယ်ကျိုးရှာသမားတွေက ကျေနပ်မှာ မဟုတ်ဘူး။''

''လူသားတစ်ယောက်ရဲ့အသည်းနှလုံးက ဒီလောက်ကောက်ကျစ်မှုကို စက်ဆုပ်ရွံမုန်းလာအောင် အသည်းနှလုံးပိုင်ရှင်ကို သင်ကြား မပေးတော့ဘူးလား။''

''ပေးပါလိမ့်မယ်သမီး။ ငါတော့ ဒီတစ်ချက်ပဲ မျှော်လင့်မိတော့တာပဲ။''

ဝန်ခံလာတယ်

၉

ပန္ထုလမလ္လ

နေရာ- ကုသိနာရုံနှင့် မလ္လဂါမ၊ ဥတ္တရာပရဒေဂ္ဂိ။
အချိန်- ခရစ်မပေါ်မီ အနှစ် ၄၉၀။

ဤဝတ္ထုသည် ယနေ့မှအထက် လွန်ခဲ့သည့် လူအဆက် ၁၀၀ မြောက်က သမိုင်းဆိုင်ရာ အကြောင်းအရာ ဖြစ်သည်။

ထိုအချိန်ကာလ၌ လူလောကဆိုင်ရာ မမျှတမှုများ အလွန်တရာ တိုးပွားများပြား ခဲ့ကြီးလေပြီ။ ပရလောက (တမလွန်ဘဝ)၏ လမ်းကြောင်းကို ညွှန်ပြသူ, ငရဲမှ ထုတ်ဆယ်ကယ်တင်သူ လမ်းပြ ပုဂ္ဂိုလ်များ အမြောက်အမြား ပေါက်ဖွားဖြစ်ထွန်းခဲ့လေပြီ။ သို့ရာတွင် ရွာတကာ၌ 'ကျေးကျွန်စနစ်တည်း' ဟူသော ငရဲမီးလျှံ လောင်ကျွမ်းလျက်ရှိသည်ကို တွေ့ရခြင်းလည်း၊ လူတကာ၏မျက်စိသည် ထိုငရဲမီးလျှံကို မကြည့်ဘဲ ခုံမှိတ်ထားကြသည်။

၁

နွေဦး၏ ပျိုမျစ်နုနယ်ရွယ် ဖြစ်သည်။

သစ်ပင်များ၌ ရွက်ဟောင်းများကြွေ၍ ရွက်သစ်တွေဝေပြီးလျှင် သစ်ဆန်းစိမ်းစိုလျက် ရှိသည်။ အင်ကြင်းပင်တို့သည် ဖြူဖွေးသောပန်းပွင့်များဖြင့် တောတစ်ခွင်ကို ပြုမူဖန်တီးထားကြသည်။ နေရောင်များ ပူပြင်းစူးရှဖို့ရန် အချိန်စောသေးသည်။ နှက်ရှိုင်းထူထပ်သော အင်ကြင်းတောထဲ၌ သစ်ရွက်ခြောက်များ ပေါ်တွင် လူသားများ၏ လှုပ်ရှားလျှောက်သွားသံ ပေါ်လာသည်။

ခြံတောင်ပို့ကြီးတစ်ခုခု၏ အနီး၌ရပ်လျက် လုလင်နှင့် လုံမ-၂ ဦးသည် ထိုတောင်ပို့ကို စူးစိုက်ကြည့်ရှုနေသည်။ လုံမပျို၏ ပန်းရောင်မျက်နှာဝန်းပေါ်၌ ကွေ့ကောက်တွန့်လျက်ရှိသော ညှို့ဖြာသည့်ဆံစများသည် ဖရိဖရဲပြန့်ကျဲကျဲပြီးလျှင် လုံမပျို၏အလှကို ဆထက်ထမ်းပိုးတိုးတက်အောင် ပြုမူနေသည်။ လုလင်သည် သူ၏ အားကောင်းမောင်းသန်လှသည့် လက်မောင်းကြီးကို လုံမပျို၏ပခုံးပေါ်တွင် ဝင်လျက် ပြောလေသည်။

''မလ္လိကာ။ ဒီတောင်ပို့ကို ဘာဖြစ်လို့ သည်လောက် စိတ်ပါလက်ပါ ကြည့်ရှုနေသလဲ။''

''ကြည့်စမ်း။ ဒီတောင်ပို့ဟာ လက်ခုပ် ၂ ဖောင်လောက်တောင် ရှိတယ်။''

''အင်း- ဟုတ်တယ်။ ရိုးရိုးတောင်ပို့ထက်တော့ ကြီးပါတယ်။ သို့ပေမယ့် ဒီတောင်ပို့ထက်ကြီးတဲ့ တောင်ပို့တွေလည်း ရှိတာပါပဲ။ သြော်-မင်း သတိထားမိမလား မသိဘူး။ မိုးရွာရင် ဒီတောင်ပို့က မီးနှင့် မီးခိုး ထွက်တယ်။' ဆိုတာ အမှန်တကယ်ပဲလား။''

''ကုသိနာရုံက မလ္လတွေ
ရှင့်ဂုဏ်အရည်အချင်းကို
မသီဘူးဆိုတာတော့
ကျွန်မ မယုံကြည်ဘူး။
မဟာလိစ္ဆဝီ ဒီကိုလာပြီး
ရှင့်ဆီမှာ တည်းခိုနေစဉ်က
သူပါးစပ်ကထုတ်ဖော်ပြောပြတဲ့
ရှင့်ဂုဏ်အရည်အချင်းများကို
ကုသိနာရုံသားပေါင်းများစွာ
ကြားထားဖူးတယ်။''

''ဟင့်အင်း- အဲဒါ အလကား ဒဏ္ဍာရီစကား ဖြစ်ပါလိမ့်မယ်။ သို့ပေမယ့် ဒီခြုပုန်းလို သေးကွေးတဲ့၊ ပြီးတော့ သေးတာထက်ပိုပြီး အင်မတန်မှန်းညံ့တဲ့ နှုတ်သီးနှိပ်းကောင်ငယ်ကလေးများဟာ ဘယ်လို လုပ်ပြီး သည်လောက်ကြီးကျယ်ဝဲ့ တောင်ပို့ကို ပြုလုပ်ကြတယ်မသိဘူး။''

''လူတို့ ပြုလုပ်တည်ဆောက်တဲ့ အိမ်ကြီးများကို လူရဲ့ကိုယ်ကာယနှင့် တိုင်းထွာကြည့်မယ်ဆိုရင် အဲဒီအိမ်ကြီးများဟာလည်း ဒီလိုပဲ 'အဆပေါင်းစွာကြီးတယ်'လို့ သိရမှာပဲ။ ဒီတောင်ပို့ဟာ ခြတစ်ကောင်တည်းရဲ့အလုပ်မှ မဟုတ်ဘဲ။ ခြအရာ, ခြအထောင် စုပေါင်းပြီးပြုလုပ်ထားတာ ဖြစ်တယ်။ လူသားများဟာလည်း သည်နည်းအတိုင်းစုပေါင်းပြီးတော့ ကိုယ့်အလုပ်ကို လုပ်ကြတယ်။''

''ဒါကြောင့်မို့ ကျွန်မလည်းပဲ စိတ်ပါလက်ပါနှင့် ဒီတောင်ပို့ကို ကြည့်နေမိတယ်။ သူတို့အချင်းချင်း ဘယ်လောက်ညီညွတ်မှု ရှိကြသလဲ။ ဒီခြုပုန်းများဟာ 'အင်မတန်မှသေးငယ်တဲ့ သတ္တဝါ'လို့ ယူဆရတယ်။ သို့ပေမယ့် အရာ,အထောင်စုပေါင်းပြီး စည်းလုံးညီညွတ်စွာနှင့် သည်လောက်ကြီးကျယ်တဲ့ ပြာသာဒ်များကို ပြုလုပ်ဖန်တီးကြတယ်။ ကျွန်မတို့ မလ္လတွေ ဒီခြုပုန်းများဆီက သင်ခန်းစာအနည်းအကျဉ်းမျှ မယူတတ်ကြတာဖြင့် အလွန်ဝမ်းနည်းမိတာပဲ။''

''လူသားတွေလည်း စည်းလုံးညီညွတ်စွာ နေတဲ့နေရာမှာ ဘယ်သူ့အောက်မှ မယုတ်ပါဘူး။ စင်စစ်ကတော့ အခုကာလလူသားများ အမြင့်မြတ်ဆုံးသတ္တဝါ ဖြစ်ရခြင်းမှာ စည်းလုံးညီညွတ်မှု အကြောင်းကြောင့်ပေပဲ။ အဲဒါကြောင့်သာ လူတွေဟာ ကြီးကျယ်ခမ်းနားတဲ့ မြို့ပြများ, နိဂုံးများ, ကျေးရွာများကို တည်ဆောက်ဖန်တီးတဲ့နေရာမှာ အောင်မြင်ပြီးမြောက်ကြတာပေါ့။ အဲဒါကြောင့်သာ လူသားများရဲ့ လေ့သင်္ခေါများဟာ ကူးနိုင်ခဲတဲ့ ပင်လယ်သမုဒ္ဒရာကို ဖြတ်ကူးပြီး၊ ကျွန်းတကာ့ကျွန်းက ရတနာများကို သယ်ပိုးဆောင်ယူနိုင်တာပေါ့။ အဲဒါကြောင့်သာ လူသားရဲ့ရှေ့မှောက်မှာ ဆင်များ, ကြိုများ, ခြင်္သေ့များ ဦးညွတ်ရတာပေါ့။''

''သို့ပေမယ့် လူတွေရဲ့ ကျဿာမစ္ဆရိယတရားကတော့၊ တကယ်လို့များ ဒီကျဿမစ္ဆရိယတရားများ မရှိဘူးဆိုရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။''

''မင်းက မလ္လတို့ရဲ့ ကျဿာမစ္ဆရိယတရားကို သတိရလာလို့လား။''

''ဟုတ်တယ်။ သူတို့ ဘာကြောင့် ရှင့်ကို ကူသာမဏ္ဍရိယ ထားကြသလဲ။ ကျွန်မ ရှင့်ကို ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ ကဲ့ရဲ့ရွှတ်ချတာမျိုး, အကျိုးမဲ့ပြုမျိုး မတွေ့ခဲ့မိဘူး။ ရှင်ရဲ့ ချိုသာပြေပြစ်တဲ့ အပြုအမူများကြောင့် ကျေးကျွန်လုပ်သားက စပြီး ဘယ်လောက် နှစ်သက်ကျေနပ်နေကြတယ်ဆိုတာ အားလုံးအသိပဲ။ ဒါနှင့်တောင်မှ ဂုဏ်ကြီးရှင် မလွတ္တေထဲကအမြောက်အမြား ရှင့်ကို သည်လောက် ရန်ငြိုးထားနေကြတယ်နော်။''

''ဘာကြောင့်လဲဆိုတော့ သူတို့က ကျုပ်ကို လူချစ်လူခင်များနေတာ တွေ့ကြရတယ်။ ဂဏ (ဒီမိုကရေစီနိုင်ငံ) မှာ လူချစ်လူခင်များတဲ့သူဟာ ရန်ငြိုးထားတဲ့သူအမြောက်အမြား တွေ့ရတတ်တယ်။ လူချစ်လူခင်ပေါများမှုဖြင့်သာလျှင် ဂဏနိုင်ငံမှာ လူများဟာ ဂဏရဲ့အမှုးအချုပ် ဖြစ်လာရတာကိုး။''

''သို့ပေမယ့် သူတို့ဟာ ရှင့်ဂုဏ်အရည်အချင်းကို သိရှိကြရင် ကျေနပ်နှစ်သက်ဖို့ သင့်တာပဲ။ မလွတ္တေဖို့က 'တစ်ခုံတစ်ဦးဟာ တကွသိလာမှာ အခုလောက် ဂုဏ်သရေကို ရရှိတယ်။' လို့ ယနေ့အထိ ဘယ်မှာကြားဖူးလို့လဲ။ ဘုရင်ပသေနဒီကောသလရဲ့ သဝဏ်လွှာများဟာ ရှင့်ကို ခေါ်ဖို့ရန်အတွက် တရောက်တည်းရောက်နေတယ်ဆိုတာ သူတို့ မသိကြဘူး။''

''ကျုပ်တို့ဟာ တကွသိလာမှာ ၁၀ နှစ်တိုင်တိုင် အတူတကွ ပညာသင်ကြားလာခဲ့တယ်။ သူက တော့ ကျုပ်ရဲ့အရည်အချင်းကို သိတယ်။''

''ကုသိနာရုံက မလွတ္တေ ရှင့်ဂုဏ်အရည်အချင်းကို 'မသိဘူး' ဆိုတာတော့ ကျွန်မ မယုံကြည်ဘူး။ မဟာလိစ္ဆဝီ ဒီကိုလာပြီး ရှင့်ဆီမှာ တည်းခိုနေစဉ်က သူပါးစပ်က ထုတ်ဖော်ပြောပြတဲ့ ရှင့်ဂုဏ်အရည်အချင်းများကို ကုသိနာရုံသားပေါင်းများစွာ ကြားထားဖူးတယ်။''

''သို့ပေမယ့် မလွှိကာ-ကျုပ်အပေါ်မှာ ကူသာမဏ္ဍရိယထားကြတဲ့ လူတွေဟာ ကျုပ်ဂုဏ်အရည်အချင်းကို သိလျက်နှင့်ပဲ အဲဒီလို ထားနေကြတာပဲ။ ဂုဏ်အရည်အချင်းရှိမှုနှင့် လူချစ်လူခင်ပေါများမှုဟာ ဂဏနိုင်ငံများမှာ ကူသာမဏ္ဍရိယတရားဟူးများခြင်းရဲ့ ကြီးကျယ်ခိုင်မြဲတဲ့ အခြေခံအကြောင်းများ ဖြစ်ကြတယ်။ ကျုပ်ဟာ ကျုပ်အရေးကို အလေးမထားပါဘူး။ ကျုပ်ဟာ ကိုယ့်မလွတ္တေရဲ့အကျိုး သယ်ပိုးလိုတဲ့အတွက် တကွသိလာမှာ ယခုလောက်အပင်ပန်းခံပြီး စစ်ပညာကို သင်ကြားဆည်းပူးလာခဲ့ပေမယ့် 'အချည်းနှီးဖြစ်သွားရမယ်။' ဆိုတဲ့ အကြောင်းအတွက်သာ ကျုပ် စိတ်မကောင်းဖြစ်နေတယ်။ အခုအချိန်မှာဆိုရင် ဝေသာလီကလိစ္ဆဝီတွေကို ကောသလနှင့် မဂဓဟာ 'ကိုယ်နှင့်တန်းတူလို့ပဲ' သဘောထားကြတယ်။ သို့သော်လည်း ကုသိနာရုံကတော့ ကောသလဘုရင်ကို 'ကိုယ့်ထက်သာလွန်တယ်' လို့ ယူဆနေတယ်။ ကျုပ်တို့ဟာ ပါဝါ, အနုပယာ, ကုသိနာရုံစတဲ့ မလ္လဂဏ ၉ခုလုံးကို ချစ်ခင်ခြင်းနှောင်ကြိုးနှင့် တည်းပြီး၊ လိစ္ဆဝီတွေလို 'မလ္လ ၉ မျိုးတို့ရဲ့ မြဲမြံခိုင်ခံ့တဲ့ ဂဏကြီးတစ်ခု တည်ထောင်ရမယ်။' လို့ ကျုပ်ဖြင့် အကြံပေါနေတာပဲ။ မလ္လ ၉ မျိုး စုပေါင်းမိသွားလို့ရှိရင် ပသေနဒီ (ပရသေနဇိ) ဟာ ကျုပ်တို့ရဲ့ဘက်ကို လှည့်လို့တောင် ကြည့်ရဲမှာ မဟုတ်ဘူး။ အဲဒီအတွက် စိတ်မကောင်းဖြစ်မိတာ တစ်ခုပါပဲ။''

ဗန္ဓုလ၏ ဖြူဖွေးတင့်တယ်သောမျက်နှာ၏ အသရေဉီးမှိန်နေသည်ကို တွေ့ရ၍ မလ္လိကာသည် စိတ်ထိခိုက်၍. သွားသည်။ သူသည် တခြားအာရုံသို့ လွှဲပြောင်းပြီးလျှင် ပြောသည်။

''ရှင့်အဖော်တွေ အမဲလိုက်ဖို့ အသင့်စောင့်နေကြရော့မယ် အချစ်။ ကျွန်မလည်း လိုက်ချင်တယ်။ မြင်းနှင့် သွားမလား။ ခြေကျင်သွားမလား။''

''နွားနောက်ကို အမဲလိုက်တာဟာ မြင်းကျောပေါ်ကစီးပြီး လိုက်လို့ မဖြစ်နိုင်ဘူး မလ္လိကာ။ ပြီးတော့ ဘာလဲ၊ ဒီခြေမျက်စိအထိလွှမ်းနေတဲ့ ခါးဝတ်လုံချည်နှင့် ၃တောင်လောက်လွှင့်နေတဲ့ ကိုယ်ရုံခြုံထည်ကို ဝတ်ပြီး၊ ပြီးတော့ ဒီ ဖရိဖရဲပြန့်ကျဲနေတဲ့ ဆံပင်တွေကို နဂါးနက်မလို လေထဲမှာလွှင့်ပြီး အမဲလိုက်လိုက်ဦးမလို့လား။''

''ဒါတွေကို ရှင် မနှစ်သက်ဘူးလား။''

''မနှစ်သက်ဘူး။ ဟုတ်လား။''

မလ္လိကာ၏ နီထွေးသောနှုတ်ခမ်းများကို နမ်းစုပ်လိုက်လျက်။

''မလ္လိကာဆိုတဲ့ အမည်နာမကလေးပဲဖြစ်ဖြစ်၊ ပတ်သက်ဆက်သွယ်သမျှ အရာဝတ္ထုဟာ ကျွေပ် အတွက် မနှစ်သက်စရာ မဖြစ်နိုင်ပါဘူး။ သို့ပေမယ့် 'အမဲလိုက်တဲ့အခါ'ဆိုတာ တောထဲက သစ်ပင်ခွေ ကြားထဲမှာ ပြေးလွှားသွားရတယ်။''

''ဒါဖြင့် ဒါတွေကို ကျွန်မ ရှင့်ရှေ့မှာပဲ အချိုးကျအောင်လုပ်လိုက်မယ်။''

ဤသို့ပြော၍ မလ္လိကာသည် ခါးဝတ်လုံချည်ကို တိုတိုပြင်ဝတ်လိုက်၍ ဆံပင်များကို သိမ်းပြီးလျှင် ခေါင်းပေါ်၌ စုထုံးလျက် ပြောသည်။

''ကျွန်မကိုယ်ရုံခြုံထည် ခေါင်းမှာ ပေါင်းပေးစမ်းပါဗန္ဓုလ။''

ခေါင်းပေါင်း ပေါင်းပေးလျက် ဗန္ဓုလသည် ကိုယ်ကျပ်အင်္ကျီအတွင်း ဖောင်းကြွလျက်ရှိသော ရင်သား အစုံကို ကိုင်တွယ်၍ပြောသည်။

''ပြီးတော့ မင့်း ဟောဒီဟာကကော။''

''ဒီဟာက မလွှအမျိုးသမီးအားလုံးမှာ ရှိတဲ့ဟာပဲ။''

''သို့ပေမယ့် ဟောဒီဟာက ပိုလှတယ်။''

''ဘာလဲ။ တစ်စုံတစ်ဦးက ဒီဟာကို လုယူသွားဦးမှာတဲ့လား။''

''လုလင်တွေ မျက်စိ ကစားကြလိမ့်မယ်။''

''ဒီဟာ 'ဗန္ဓုလရဲ့ဥစ္စာ'ဆိုတာ သူတို့ သိကြပါတယ်။''

''ဟင့်အင်း-မလ္လိကာ။ မင်း 'မတားမြစ်ဘူး'ဆိုရင် ကျွေပ် ကျွေပ်ရဲ့မျက်နှာသုတ်ပုဝါနှင့် အတွင်းက နေပြီး စည်းပေးမယ်။''

''အဝတ်အပြင်ဘက်နေပြီး ကြည့်ရတာ ရှင် အားမရဘူးထင်တယ်။''

မလ္လိကာသည် ပြုံးလျက် ဗန္ဓုလပါးစပ်ကို နမ်းစုပ်ရင်း ပြောလိုက်သည်။

ဗန္ဓုလသည် ကိုယ်ကျပ်အင်္ကျီကိုဖယ်လျက် တင့်တယ်လှပသည့် ကျောက်သလင်းအသွင်ကဲ့သို့သော ရင်သားပေါ်၌ မို့ရှိနေသည့် ထိုနှင်းဆီသွေးရင်သားအစိုင် ၂ ခုကို မျက်သုတ်ပုဝါနှင့် စည်းနှောင်ပေးလေသည်။ မလ္လိကာသည် တစ်ဖန် ကိုယ်ကျပ်အင်္ကျီကို ဝတ်လျက် ပြောလေသည်။

''ကဲ-အခု ရှင် ဘေးရန်အေးသွားပြီ မဟုတ်လား ဗန္ဓုလ။''

''ဗန္ဓုလဟာ ကိုယ့်ပစ္စည်းအတွက် ဘေးရန် မရှိပါဘူးအချစ်။ အခုဆိုရင် ဟောဒီဟာက ပြေးလွှား တဲ့အခါ သိပ်လှုပ်တော့မယ်မဟုတ်ဘူး မဟုတ်လား။''

မလ္လလုလင်, လုံမပျိုအားလုံးသည် တောလိုက်အဝတ်အစားနှင့် အသင့်ပြင်ဆင်ပြီးလျှင် ဤစုံတွဲ အလာကို ငုံမျှော်နေကြသည်။ သူတို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် လေး, ဓား, လုံများကို စွဲကိုင်ကြ ပြီးလျှင် ထွက်ကြလေတော့သည်။

နေ့လယ် မွန်းတည့်ချိန်၌ နွားနောက်များ ဝပ်လျောင်းနားနေသည့်နေရာကို သိသူ၏ လမ်းညွှန်ရာသို့ အားလုံးလိုက်ကြလေသည်။ မြက်ပင်များ ပါးရွားစွာပေါက်လျက်ရှိသော သစ်ပင်ကြီးများ၏အရိပ်အောက်၌ နွားနောက်တစ်အုပ်သည် စားမြုံ့ပြန်နေကြသည်။ နွားနောက်အုပ်မ ခေါင်းဆောင်ဖြစ်သူ ညှိုပြာသောနွားနောက် တစ်ကောင်သည် ရပ်လျက် နားကို ရှေ့,နောက် ၂ဖက်စွင့်ပြီးလျှင် အစောင့်တာဝန်ကို ထမ်းရွက်လျက်ရှိသည်။

မလွတ်တို့သည် ၂ အုပ် ခွဲလိုက်ကြသည်။ တစ်အုပ်မှာ လက်နက်များကို အသင့်ကိုင်ဆောင်လျက် တစ်ဘက်မှ သစ်ပင်အကွယ်ကို ယူပြီးလျှင် ထိုင်ချလိုက်ကြသည်။ တစ်အုပ်မှာကား နောက်ဘက်မှ ဝိုင်းရန် အတွက် ၂ စုခွဲ၍ သွားကြသည်။ ထို ၂ စု တွေ့ဆုံရန် သွားနေသည့်ဘက်မှ လေတိုက်လျက် ရှိနေသည်။ ညီပြာသောနွားနောက်သည် ယခုထက်တိုင် သူ၏ သမင်မြီးကဲ့သို့ သေးငယ်သောအမြီးကို လှုပ်ရှားလျက် ရှိနေသည်။ အုပ်စု ၂ စု မတွေ့ဆုံမီပင် ကြွင်းကျန်သည့် အခြားနွားနောက်များသည် နှာခေါင်းကို ပွစိပွစိ လုပ်လျက် လည်းကောင်း၊ နားကို ရှေ့ဘက်သို့ ဟိုယမ်းသည်ယမ်းလုပ်လျက် လည်းကောင်း ထိုတစ်ဘက်သို့ မလှုပ်မယှက်သော ကိုယ်ကာယဖြင့် ကြည့်နေကြသည်။ တစ်ခဏအတောအတွင်း၌ပင် သူတို့သည် ဘေးရန် အကြောင်းကို သိရှိသွားကြသည်။-ဟု ထင်ရသည်။

ညီပြာသောနွားနောက်၏ နောက်ဘက်ရှိ ထိုနွားနောက်များသည် လေလာရာဘက်သို့ ပြေးသွားကြသည်။ သူတို့သည် ဘေးရန်ကို မျက်စိနှင့် တပ်အပ်မတွေ့ရသေးပေ။ သို့အတွက် ခုလတ်ခုလပ်တွင် ရပ်လျက် နောက်ဘက်သို့ ကြည့်နေကြသည်။ ပုန်းကွယ်၍နေသောအမဲလိုက်များ၏ အနီးသို့ကပ်လာ၍ တစ်ဖန်ပြန်လှည့် ကြည့်ကြသည်တွင် လေးပေါင်းများစွာမှ လေးညှို့ဖြုတ်သံ ပေါ်ထွက်လာလေသည်။

ညီပြာသောနွားနောက်၏ အသည်းနှလုံးကို မျှော်မှန်း၍ ဗန္ဓုလသည် သူ၏ မလွတ်တမ်းသောမြားကို ချိန်ပစ်လိုက်သည်။ ထို ညီပြာသောနွားနောက်ကိုပင် မလွဲကာနှင့် အခြားလူအပေါင်းများစွာလည်း ချိန်ပစ်ကြသည်။ သို့ရာတွင် အကယ်၍ ဗန္ဓုလ၏မြားသာ လွဲသွားခဲ့ပါမူ ထိုနွားနောက်ကို ရရှိဖို့ ခဲယဉ်းသည်မှာ မုချဖြစ်သည်။ ညီပြာသောနွားနောက်များသည် ကစဉ့်ကလျား ပြေးထွက်သွားကြ၏။

အနီးသို့ရောက်သောအခါ ဗန္ဓုလသည် နွားနောက် အသက် ဆန့်ငင်ဆန့်ငင်ဖြစ်နေသည်ကို တွေ့ရသည်။

နွားနောက် ၂ ကောင်၏ သွေးစက်များကို ခြေရာခံလိုက်လျက် အမဲလိုက်များသည် ၁ ကောသ အကွာအဝေးသို့ရောက်မှ နောက်တစ်ကောင်ကို မြေပေါ်၌ကျနေသည်ကို တွေ့ကြရသည်။

ဤအောင်မြင်မှုကြောင့် ယနေ့ ဥယျာဉ်ပျော်ပွဲစား၌ အလွန်အကြူး ပျော်မြူးဝမ်းမြောက်ကြသည်။ အချို့သောသူများသည် ထင်းမီးဖိုကြီးများကို ဖိုနေကြသည်။ မလွလုံမပျို့တို့သည် သစ်ရွက်ပန်းကန်များကို အသင့်ပြုလုပ်နေကြသည်။ အချို့သောယောကျ်ားများသည် နွားနောက်အရေကို ခွာလျက် အသားကို ဖြတ်တောက်ခုတ်လှီးနေကြသည်။ ပထမဦးစွာ မီးတွင်းကင်ထားသည့် အသည်းနှင့် သေရည်ခွက်များလူအများ၏ရှေ့မှောက်သို့ ရောက်လာ၏။

ဗန္ဓုလသည် လက် ၂ ဖက်စလုံးဖြင့် ကိုင်တွယ်လျက် အသားများကို ခုတ်ထစ်နေရသည်။ သို့အတွက် မလွိကာက သူ့လက်ဖြင့် ဗန္ဓုလ၏ပါးစပ်ထဲသို့ အသည်းကင်ကိုခွံ့လျက် သေရည်ကိုတိုက်ပေးရသည်။

အသားများကျက်၍ အဆင်သင့်ဖြစ်သောအခါ၌ အချိန်မှာလည်း နေဝင်ဆည်းဆာ ဖြစ်လာလေသည်။ ထင်းမီးဖိုများမှာ တောက်ပလျက်ရှိသော နီရဲသည့်မီးလျှံများသည် အလင်းရောင်အတွက် လုံလောက်နေသည်။ ထိုအလင်းရောင်တွင် မလွတို့၏ ကပွဲဆိုပွဲ စလေတော့သည်။

ကုသိနာရုံ၏ အလှမယ်လုံမပျို့ မလွိကာသည် တောလိုက် အချို့အစားနှင့် သူ၏ အနုပညာမြောက်လှသည့်အကကို ပြသရင်း လူအများကို ငေးမောအံ့ဩစေလျက် ရှိသည်။ ဗန္ဓုလ၏ အဖော် ရောင်းရင်းများသည် ဓမ္မဒိပ်ကျန်းအလုံး၏ အဖိုးမဖြတ်နိုင်သည့်အရေးအတွက် ဗန္ဓုလ၏ကံကုသိုလ်ကို ချီးမွမ်းမဆုံးဖြစ်နေကြသည်။

၂

ကုသိနာရုံ၏ 'သန္တာဂါရ' (ပြည်သူ့လွှတ်တော်ဆောင်)၌ ယနေ့ပရိသတ်များ ကြိတ်ကြိတ်တိုးလျက် ရှိကြသည်။ 'ဂဏသန္တာ' (ပြည်သူ့လွှတ်တော်)၏အဖွဲ့ဝင် ကိုယ်စားလှယ်အမတ်များသည် ခန်းမ၏အတွင်း၌ ထိုင်လျက်ရှိကြသည်။ ဧည့်သည် မိန်းမ, ယောကျ်ားပေါင်း များစွာသည် ခန်းမဆောင်၏အပြင်ဘက်ရှိ ကွက်လပ်၌ ရပ်လျက်နေကြသည်။ ခန်းမဆောင်၏ တစ်ဘက်ထိပ်ရှိ သီးသန့်နေရာ၌ ဂဏပတိ (သမ္မတ) သည် ထိုင်လျက်ရှိသည်၊

ဂဏပတိသည် ပြည်သူ့ကိုယ်စားလှယ် အမတ်များဘက်သို့ စူးစိုက်ကြည့်ရှုလျက် မတ်တတ်ရပ်လိုက်ပြီးလျှင် ပြောဆိုလေသည်။

''ရှိသေလေးစားအပ်သည့် ပြည်သူ့ကိုယ်စားလှယ်အပေါင်းတို့။ ကျွန်ုပ်၏စကားကို နာကြားကြကုန်လော့။ ယနေ့ ယခု ကျွန်ုပ်တို့ စည်းဝေးပေါင်းဆုံရခြင်း၏ အကြောင်းကိစ္စကို အသင်တို့အား ပြောကြားပါမည်။ ဗန္ဓုလသည် တကွသိလာမှ စစ်ပညာကို သင်ကြားတတ်မြောက်ခဲ့ပြီးနောက် မလ္လတို့၏ ဂုဏ်သရေကို တိုးမြှင့်ဖို့ရန်အတွက် ပြန်ရောက်လာပါသည်။ သူ၏ သေနင်္ဂဗျူဟာ လိမ္မာကျွမ်းကျင်သည့်အကြောင်းကို ကုသိနာရုံအပြင်အပက ပုဂ္ဂိုလ်များပင် သိရှိနားလည်နေကြပါသည်။

''သူ၏ ကုသိနာရုံသို့ ပြန်ရောက်သည်မှာ ၄ နှစ် ၄ မိုး ရှိသွားပါပြီ။ ကျွန်ုပ်သည် ဂဏ၏လုပ်ငန်းကိစ္စအချို့ကို ကျွန်ုပ်၏သဘောနှင့် သူ့ကို တာဝန် လွှဲအပ်ခဲ့ဖူးပါသည်။ ဗန္ဓုလသည် ထိုလုပ်ငန်းကိစ္စတို့ကို အာရုံစူးစိုက်စွာ ထမြောက်အောင်မြင်စွာနှင့် ဆောင်ရွက်လုပ်ကိုင်ခဲ့ပါသည်။ ယခုအခါတွင် ဂဏသည် ဗန္ဓုလအား အမြဲတမ်းရာထူးတစ်ခုဖြစ်သည့် ဥပသေနာပတိ (ဒုတိယဗိုလ်ချုပ်) ရာထူးသို့ အပ်နှင်းရမည်။-ဖြစ်သည်။ ယခု တင်သွင်းပြောပြရမည့်အချက်မှာ ဥတ္တိ(အဆို)ပင် ဖြစ်ပါ၏။

''ရှိသေလေးစားအပ်သည့် ပြည်သူ့ကိုယ်စားလှယ်အပေါင်းတို့။ ကျွန်ုပ်၏စကားကို နာကြားကြကုန်လော့။ ဂဏသည် ဗန္ဓုလကို ဥပဒေနာပတိရာထူး အပ်နှင်းပါသည်။ ဤအဆိုကို နှစ်သက်လက်ခံသည့် ပုဂ္ဂိုလ်များသည် ဆိတ်ဆိတ်နေ၍၊ ဤအဆိုကို မနှစ်သက်သည့်ပုဂ္ဂိုလ်များက 'တစ်စုံတစ်ခု ပြောကြားပါမည့်အကြောင်း' တောင်းပန်ပါသည်။

''ရှိသေလေးစားအပ်သည့် ပြည်သူ့ကိုယ်စားလှယ်အပေါင်းတို့။ တတိယအကြိမ်မြောက် ကျွန်ုပ်၏စကားကို နာကြားကြကုန်လော့။ ဂဏသည် ဗန္ဓုလကို ဥပသေနာပတိရာထူး အပ်နှင်းပါသည်။ ဤအဆိုကို နှစ်သက်လက်ခံသည့် ပုဂ္ဂိုလ်များသည် ဆိတ်ဆိတ်နေ၍၊ ဤအဆိုကို မနှစ်သက်သည့် ပုဂ္ဂိုလ်များက 'တစ်စုံတစ်ခု ပြောကြားပါမည့်အကြောင်း' တောင်းပန်ပါသည်။''

ထိုအခိုက် ပြည်သူ့ကိုယ်စားလှယ် အမတ်တစ်ဦးဖြစ်သူ ရောဇမလ္လက ကိုယ်ရုံခြုံထည်ကို ပြင်ယမ်း၍ လက်ယာဘက်ပခုံးကို လှစ်ထားပြီးလျှင် မတ်တတ်ရပ်လိုက်လေ၏။

ဂဏပတိက ပြောသည်။

''အသင် တစ်စုံတစ်ခုပြောကြားလိုက ပြောကြားပါလော့။''

ရောဇမလ္လက ပြောလေသည်။

''ရှိသေလေးစားအပ်သည့် ပြည်သူ့ကိုယ်စားလှယ်အပေါင်းတို့။ ကျွန်ုပ်၏စကားကို နာကြားကြကုန်လော့။ ကျွန်ုပ်သည် ဗန္ဓုလ၏အရည်အချင်းနှင့် စပ်လျဉ်း၍ သံသယ စိုးစဉ်းမျှမရှိပါ။ ကျွန်ုပ်သည် ဗန္ဓုလကို ဥပသေနာပတိရာထူး အပ်နှင်းခြင်းကိစ္စ၌ အကြောင်းထူးတစ်ခုကြောင့် ကန့်ကွက်လိုပါသည်။ ကျွန်ုပတို့ ဂဏ၏စည်ကမ်းမှာ ဘယ်သူ့ကိုဖြစ်ဖြစ် ကြိုးမြှင့်သည့် ရာထူးဌာနန္တရပေးအပ်သည့် ခဏ၌

ထိုသူကို စမ်းသပ်ရပါသည်။ ဗန္ဓုလနှင့် စပ်လျဉ်း၍လည်း ထိုစည်းကမ်းအတိုင်း လိုက်နာပြုလုပ်သင့်သည်ဟု ကျွန်ုပ် ထင်မြင်ယူဆပါ၏။''

ရောဇမလ္လ ထိုင်လိုက်သည့်အခါ၌ ဂဏအဖွဲ့ဝင် ပြည်သူကိုယ်စားလှယ် ၂၃း-၃၃း တို့သည်လည်း ထိုအတိုင်းကိုသာလျှင် ပြောပြကြသည်။

အချို့ ပြည်သူကိုယ်စားလှယ်တို့ကား 'စမ်းသပ်နေဖို့ရန် မလို' ဟု အကြိတ်အနယ် ကန့်ကွက်ပြောဆိုကြလေသည်။

ဤတွင် ဂဏာပတိက ပြောလေသည်။

''ရိုသေလေးစားအပ်သည့် ပြည်သူကိုယ်စားလှယ်အပေါင်းတို့။ ကျွန်ုပ်၏စကားကို နာကြားကြကုန်လော့။ ဂဏာသန္တာ (ပြည်သူလွှတ်တော်က) ဗန္ဓုလကို ဥပသေနာပတိရာထူး အပ်နှင်းသည့်ကိစ္စ၌ အနည်း ငယ် 'သဘောကွဲလွဲနေကြပါသည်။ သို့အတွက် ဆန္ဒ(မဲ)ယူဖို့ရန် လိုအပ်လာပါသည်။ သလာကာဂဟာ ပက (မဲဝေသူ)သည် ဆန္ဒမဲများကို ယူ၍ အသင်တို့၏အထံသို့ ရောက်လာပါလိမ့်မည်။ သူလက်တစ်ဖက် တွင်ရှိသော ခွက်ထဲ၌ အနီရောင်ဆန္ဒမဲများ ရှိပါသည်။ နောက်တစ်ဖက် ခွက်ထဲ၌ကား အနက်ရောင် ဆန္ဒမဲများ ရှိပါသည်။ အနီရောင်ဆန္ဒမဲသည် 'သဘောတူ၏' ဟူသော အမှတ်အသားအတွက် ဖြစ်၍၊ အနက်ရောင်ဆန္ဒမဲသည် 'သဘောမတူ' ဟူသော အမှတ်အသားအတွက် ဖြစ်ပါသည်။ ရောဇ၏အယူအဆကို သဘောကျနှစ်သက်၍ မူလအဆိုကို လက်မခံသည့်ပုဂ္ဂိုလ်များသည် အနက်ရောင်ကတ်ပြားများကို နှိုက်ယူကြ၍၊ မူလအဆိုကို လက်ခံသဘောကျသူများက အနီရောင်ကတ်ပြားများကို နှိုက်ယူကြရန် တောင်းပန်ပါသည်။''

သလာကာဂဟာပက(မဲဝေသူ)သည် ဆန္ဒမဲများကိုယူ၍ ပြည်သူကိုယ်စားလှယ် တစ်ယောက်စီ တစ်ယောက်စီ၏ အထံသို့ သွားလေသည်။ အားလုံးသည် မိမိတို့၏ အလိုဆန္ဒအားလျော်စွာ ဆန္ဒမဲတစ်ခုခုကို နှိုက်ယူကြသည်။

ပြန်ရောက်သည့်အခါ၌ ဂဏာပတိက ကြွင်းကျန်နေသည့်ဆန္ဒမဲများကို ရေတွက်၍ ကြည့်သည်။ အနီရောင်ဆန္ဒမဲများက များများကျန်၍ အနက်ရောင်ဆန္ဒမဲများကို ကိုယ်စားလှယ်အမတ်များ အများအပြား နှိုက်ယူကြပါသည်။

ဂဏာပတိက ကြေညာသည်။

''ရိုသေလေးစားအပ်သည့် ပြည်သူကိုယ်စားလှယ်အပေါင်းတို့။ ကျွန်ုပ်၏စကားကို နာကြားကြကုန်လော့။ အနက်ရောင် ဆန္ဒမဲများကို အများအပြား နှိုက်ယူကြပါသည်။ သို့အတွက် ကျွန်ုပ်သည် 'ဂဏာက ရောဇမလ္လ၏ အယူအဆကို နှစ်သက်သဘောကျသည်။'-ဟု မှတ်ယူလိုက်ပါသည်။ ယခုအခါတွင် ဗန္ဓုလကို တစ်နည်းနည်းဖြင့် စမ်းသပ်ဖို့ရန် ဂဏာက ဆုံးဖြတ် အတည်ပြုလိုက်ပါသည်။''

အချို့ကြွာမြင့်စွာ အချေအတင် ငြင်းခုံခြင်းနှင့် ဆန္ဒမဲယူခြင်း ပြုလုပ်ကြပြီးသည့်နောက်၌ 'ဗန္ဓုလ မလ္လသည် သစ်ငုတ် ၇ ငုတ်ကို အသက်တရှူအတွင်း ဓားဖြင့် ခုတ်ဖြတ်ပြရမည်။'ဟု ဆုံးဖြတ်ချက် ချမှတ်လိုက်ကြ၏။ ထိုကိစ္စအတွက် ၇ ရက်မြောက်နေ့တွင် ပြုလုပ်ရန် နေ့ကို သတ်မှတ်ကြပြီးလျှင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြသည်။

၇ ရက်မြောက်သောနေ့၌ ကုသိနာရုံကွင်းပြင်ထဲတွင် ယောက်ျား, မိန်းမများ ကြက်ပျံမကျ စည်ကားပြည့်ကျပ်နေကြသည်။ မလ္လိကာလည်း ထိုနေရာ၌ ရောက်ရှိနေသည်။ အနည်းငယ်စီ ခွာပြီးနောက် မာကျောလှသည့် သစ်ငုတ် ၇ ငုတ်ကို မြေ၌ စိုက်ထားသည်။

ဂဏပတိ အမိန့်ပေးလိုက်သည့်ခဏ၌ ဗန္ဓုလသည် ဓားရှည်ကို ကိုင်လိုက်လေသည်။ ပရိသတ်လူထုတစ်ရပ်လုံးသည် ရင်ကိုမကာ ကြည့်ရှုနေကြသည်။ ဗန္ဓုလမလ္လ၏ တောင့်တင်းခိုင်မာလှသည့် လက်ရုံး၌ထို ရှည်လျားဖြောင့်တန်း၍နေသော ဓားလွတ်ကို တွေ့မြင်လိုက်ရသည်တွင် ပရိသတ်သည် ဗန္ဓုလ၏ အောင်မြင်မှုအတွက် ဆုံးဖြတ်ချက် ကျသွားလေ၏။ ဗန္ဓုလ၏ လျှပ်စစ်ကဲ့သို့ ပြိုးပြက်ဝင်းလက်သွားသော ဓားသွားကို ပရိသတ်သည် မြင်လိုက်ရသည်။ ပထမသစ်ငုတ် ပြတ်သွားသည်။ ဒုတိယသစ်ငုတ်, တတိယသစ်ငုတ်, ဆဋ္ဌမသစ်ငုတ် ပြတ်သည့်ခဏ၌ ဗန္ဓုလဓားသည် သတ္တမမြောက် သစ်ငုတ်အဖျား မရောက်ခင် ကလေးပင် ကပ်၍ ရပ်တန့်သွား၏။ ဗန္ဓုလသည် သစ်ငုတ်အား လုံး၏ ထိပ်ဖျားများကို ရိပ်ခနဲ ကြည့်လိုက်သည်။ သူ၏ကိုယ်သည် တုန်၍နေသည်။ မျက်နှာကား ဒေါသကြောင့် နီရဲနေသည်။ သို့ရာတွင် သူသည် နှုတ်ဆိတ်၍နေ၏။

ဂဏပတိက ''သတ္တမမြောက် သစ်ငုတ်ဖျား မပြတ်။'' ဟု ကြေညာလိုက်လေ၏။

ပရိသတ်အားလုံးကား ဗန္ဓုလမလ္လကို မေတ္တာကရုဏာ သက်နေကြသည်။

အိမ်ရောက်သောအခါ မလ္လိကာသည် ဗန္ဓုလ၏ နီရဲ၍ တည်ကြည်ရင့်ကျက်နေသည့် မျက်နှာအမူအရာကို တွေ့ရ၍၊ မိမိ စိတ်မချမ်းသာဖြစ်နေမှုကိုပင် မေ့လျော့ပြီးလျှင် ဗန္ဓုလကို အားပေးရှာလေသည်။

ဗန္ဓုလက ပြောသည်။

''မလ္လိကာ။ ကျုပ်တော့ တစ်ပတ်ရိုက် ခံရပြီ။ ကျုပ် ဒီလိုလုပ်လိမ့်မယ်လို့ လုံးဝ မမျှော်လင့်ခဲ့ဘူး။''

''ဘာဖြစ်လို့လဲ အချစ်ရဲ့။''

''သစ်ငုတ်တိုင်း သစ်ငုတ်တိုင်းမှာ သံမှိများ မြှုပ်ထားကြတယ်။ ပဋ္ဌမမြောက်သစ်ငုတ်အထိ ကျုပ် ဘာကိုမှ မရိပ်မိသေးဘူး။ ဆဋ္ဌမမြောက် သစ်ငုတ်ပြတ်တော့မှ 'ချွင်'ခနဲ ဆိုတဲ့အသံကို ကျုပ် ကြားလိုက်ရတယ်။ အဲဒီတော့မှ ကျုပ်ကို တစ်ပတ်ရိုက်တယ်ဆိုတာ နားလည်တော့တယ်။ အကယ်၍ အဲဒီအသံကိုသာ ကျုပ် မကြားရဘူးဆိုရင် သတ္တမမြောက်သစ်ငုတ်လည်းပဲ ရှောရှောရှူရှူပြတ်သွားမှာပဲ။ သို့ပေမယ့် အခုတော့ ကျုပ်စိတ်က ဆုတ်နစ်သွားတယ်။''

''အို-ဒီလိုတစ်ပတ်ရိုက်ကြတယ်။ ဟုတ်လား။ ဒီလိုလုပ်တာမျိုးကတော့ လုပ်တဲ့လူတွေရဲ့ ကြိုးကျယ်တဲ့ ယုတ်မာမှုပဲ အချစ်။''

''ဘယ်သူလုပ်တယ်-ဆိုတာတော့ ကျုပ် မသိနိုင်ဘူး။ ရောဇအပေါ်ကို ကျုပ် စိုးစဉ်းမျှ စိတ်မဟုတ်ဘူး။ အမှန်ကတော့ သူပြောတာဟာ သင့်လျော် နည်းလမ်းကျတယ်။ စင်စစ်ကတော့ ကုသိနာရုံမှာ ကျုပ်ကို မေတ္တာထားတဲ့လူ သည်လောက်ပါးရှားတာကိုပဲ ကျုပ် ဝမ်းလည်းနည်း စိတ်လည်း ဆိုးမိတာပါပဲ။''

''ဒါဖြင့် မလ္လက ဗန္ဓကုသိနာရုံကို စိတ်နာတယ်ပေါ့။''

''ကုသိနာရုံဟာ ကျုပ်ကို မွေးမြူစောင့်ရှောက်ပြီး ကြီးပွားအောင်လုပ်ပေးတဲ့ ကျုပ်မိခင်ပါ။ သို့ပေမယ့် ကျုပ် အခု ကုသိနာရုံမှာ မနေတော့ဘူး။''

''ကုသိနာရုံကို စွန့်ပြီး သွားချင်တယ်ပေါ့။''

''ကုသိနာရုံကမှ ဗန္ဓုလမလ္လကို အလိုမရှိတော့ဘဲကိုး။''

''ဒါဖြင့် ဘယ်ကို သွားမလဲ။''

'မလ္လိကာ။ မင်း ကျုပ်နှင့်အတူ လိုက်မလား။''

တက်ကြွသောမျက်နှာထားဖြင့် ဗန္ဓုလက မေးလိုက်သည်။

"ကုသိနာရုံက
ကျွပ်နှင့်ပတ်သက်လို့ သူ့အလိုဆန္ဒကို
ထုတ်ပြပြီးပါပြီမလို့ကား။
အခုအချိန်မှာဆိုရင် ကျွပ်အတွက်
ဒီကုသိနာရုံမှာ လုပ်စရာအလုပ် မရှိပါဘူး။
ကုသိနာရုံက ဗန္ဓုလကို အလိုရှိတဲ့တစ်နေ့မှာ
ဗန္ဓုလဟာ ဒီကို အဆင်သင့်ရောက်ရှိလာမှာပါပဲ။"

"အရိပ်သဖွယ် တွယ်ကပ်လိုက်မှာပေါ့ ကျွန်မရဲ့ဗန္ဓုလရဲ့။"

မလ္လိကာသည် ဗန္ဓုလ၏ နီရဲသောမျက်လုံးကို နမ်းစုပ်လိုက်သည်။ ဗန္ဓုလ၏ ကြမ်းတမ်းခက်ထန်ရော်ဖြစ်နေခြင်းသည် ခဏချင်းပင် အဝေးသို့ လွင့်စဉ်ပျောက်ကွယ်သွားလေသည်။

"မလ္လိကာ။ ပေးစမ်း မင်းလက်တွေ။"

တစ်ဖန် မလ္လိကာ၏လက်များကို မိမိလက်ဖြင့် ဆွဲကိုင်ပြီးလျှင် ဗန္ဓုလက ပြောသည်။

"ဒီ မင့်းလက်များဟာ ကျွပ်အတွက် သတ္တိအားဆေးပဲ။ ဒီလက်များကို ရရင် ဗန္ဓုလဟာ ဘယ်နေရာမဆို မကြောက်မရွံ့ လှည့်လည်သွားရောက် နိုင်တော့တာပဲ။"

"ဒါဖြင့် အချစ် ပြောပါဦး။ 'ဘယ်ကိုသွားမယ်'လို့ ဆုံးဖြတ်ချက် ချထားသလဲ။ ပြီးတော့ ဘယ်တော့သွားမှာလဲ။"

"ကြန့်ကြာနေလို့ မဖြစ်ဘူး။ 'ဘာကြောင့်လဲ'ဆိုတော့ 'သစ်ငုတ်တွေထဲမှာ သံငုတ်ထည့်ထားတယ်။'ဆိုတဲ့အကြောင်းကို ဂဏပတိ သိတော့မှာပဲ။ အဲဒီလိုသိသွားရင် တစ်ဖန်ပြန်ပြီး စမ်းသပ်တဲ့နေ့ရက်ကို သတ်မှတ်လိမ့်မယ်။ လူတွေ အုတ်အုတ်ကျက်ကျက်မဖြစ်မီ ကျွပ်တို့ ထွက်ခွာမှဖြစ်မယ်။"

"မတရားတဲ့အလုပ်ကို လူသိရှင်ကြားဖြစ်သွားအောင် ဘာဖြစ်လို့ မလုပ်ချင်ရတာလဲ။"

"ကုသိနာရုံက ကျွပ်နှင့်ပတ်သက်လို့ သူ့အလိုဆန္ဒကို ထုတ်ပြပြီးပါပြီမလို့ကား။ အခုအချိန်မှာဆိုရင် ကျွပ်အတွက် ဒီကုသိနာရုံမှာ လုပ်စရာအလုပ် မရှိပါဘူး။ ကုသိနာရုံက ဗန္ဓုလကို အလိုရှိတဲ့တစ်နေ့မှာ ဗန္ဓုလဟာ ဒီကို အဆင်သင့်ရောက်ရှိလာမှာပါပဲ။"

ထိုညဉ့်၌ ယူသွားသင့်, ယူသွားထိုက်သည့် ပစ္စည်းအသုံးအဆောင်များကို ယူငင်၍ မလ္လိကာတို့သည် ကုသိနာရုံမှ ထွက်ခွာသွားကြသည်။

နောက်တစ်နေ့၌ ၄င်းတို့သည် အစိရဝတီ(ရာဝတီ) မြစ်ကမ်းပါး၌တည်ရှိသော ဗြဟ္မဏတို့၏ရွာ မလ္လဂါမ (မလ်ဗဂေါရွှေပူ)သို့ ရောက်သွားကြသည်။

မလ္လတို့၏ဓနုပဒ်၌ မလ္လဂါမရွာသား သံကိစ္စဗြာဟ္မဏများသည် စစ်ပွဲ၌ လိမ္မာရဲရင့်သည့်အတွက် နာမည်ထင်ပေါ်လျက် ရှိကြသည်။ ထိုရွာ၌ ဗန္ဓုလ၏ရောင်းရင်းဖက်များလည်း ရှိသည်။ သို့သော်လည်း ဗန္ဓုလသည် မိမိမိတ်ဆွေများကို တွေ့ဆုံရန် မသွား။ ထိုနေရာမှ လေဖြင့် သာဝတ္ထိ (ဆဟေတ်မဟေတ်) သို့သာလျှင် ထွက်သွားသည်။ မလ္လဂါမ၌ သူကြွယ်သုဒတ္တ (အနာထပိဏ်)၏လူများ ရှိကြသည်။ ထိုလူများ၏အကူအညီဖြင့် လှေကြဲကို ရဖို့ရန်မှာ မခဲယဉ်းပေ။

သံကိစ္စဗြာဟ္မဏများသည် မိမိတို့၏ မျိုးရိုးဓလေ့အတိုင်း တံခါးဝ၌ ပြည့်ဖြိုးသော ဝက်ကောင်ပေါက်တစ်ကောင်ကိုသတ်၍ ကိုယ်တိုင်ချက်ပြုတ်ပြီးလျှင်၊ ဗန္ဓုလမလ္လနှင့် မလ္လိကာကို ထိုဝက်ပျိုသားဖြင့် ဧည့်ခံကျွေးမွေးလိုက်ကြလေသည်။

၃

သာဝတ္ထိနေပြည်တော်၌ ကောသလဘုရင် ပသေနဒီ (ပရသေနဒိ)သည် မိမိ၏ ကျောင်းနေဖက် သူငယ်ချင်းဗန္ဓုလကို လှိုက်လှိုက်လဲ့လဲ့ ဧည့်ခံပြုစုလေသည်။ တကွသိလာတွင် နေစဉ်ကပင် ပသေနဒီသည် 'ကျေပ် ဘုရင်ဖြစ်လျှင် သင့်ကို သေနာပတိအဖြစ် ခန့်အပ်မည်။ ဟု မိမိဆန္ဒကို ထုတ်ပြောပူးလေသည်။ ဘုရင်အဖြစ်သို့ ရောက်သည့်နောက်၌လည်း ထိုအကြောင်းနှင့်စပ်လျဉ်း၍ အကြိမ်များစွာ သဝဏ်လွှာ ပါးခဲ့ပူးလေသည်။ သို့သော် ကောသလ-ကာသီကဲ့သို့သော မိမိခေတ်တွင် စည်ပင်ဝပြော၍ ကြီးကျယ်ခမ်းနားဆုံးသော တိုင်းပြည်နိုင်ငံ၏ သေနာပတိအဖြစ်နှင့် နေခြင်းထက် ဗန္ဓုလသည် မိမိ၏ ကုသိနာရုံကဲ့သို့သော သာမန်ဂဏ၏ ဥပသေနာပတိရာထူးနှင့် နေရခြင်းကို ပိုမိုပြီး နှစ်သက်သဘောကျသည်။ သို့ရာတွင် ယခုမူ ကုသိနာရုံက သူ့ကို ဝိုင်းပယ်လိုက်ပြီ။ သို့အတွက် ပသေနဒီ၏ တိုက်တွန်းပြောဆိုချက်ကို သူသည် ခြွင်းချက်နှင့် ပြန်ပြောသည်။

''ကျွန်ုပ် သင့်စကားကို လက်ခံနာယူပါတယ် အဆွေ။ သို့ပေမယ့် ခြွင်းချက်ကတော့ အနည်းငယ် ထားရလိမ့်မယ်။''

''ကိစ္စမရှိပါဘူး။ ဝမ်းပန်းတသာနှင့်သာ ပြောပြပါ အဆွေဗန္ဓုလ။''

''ကျွန်ုပ်ဟာ မလ္လအမျိုးသားတစ်ဦး ဖြစ်တယ်။''

''ဟုတ်ကဲ့။ ကျွန်ုပ် နားလည်ပါတယ်။ မလ္လတို့နှင့် ဆန့်ကျင်ဘက်လုပ်ဖို့ ကျွန်ုပ် သင့်ကို ဘယ်တော့မှ အမိန့်မပေးပါဘူး။''

''ဒါတင်ပဲလား။''

''အဆွေ။ မလ္လတို့နှင့် ကျွန်ုပ်တို့ရဲ့ ဆက်သွယ်ရေးကိုပဲ ခိုင်မြဲအောင် ကျွန်ုပ်လုပ်လိုပါတယ်။ ကျွန်ုပ် 'နိုင်ငံပြည်နယ် ချဲ့ထွင်လိုစိတ် မရှိဘူး။' ဆိုတာ အဆွေလည်း သိပါတယ်။ အကယ်၍ တစ်စုံတစ်ခုသော အကြောင်းကြောင့် ကျွန်ုပ် မလ္လတို့ကို ဆန့်ကျင်ဘက် မလုပ်မနေရတဲ့အခြေမျိုး ရောက်လို့ရှိရင် အသင်ကိုယ့်စိတ်သဘောအတိုင်း လိုက်ချင်ရာဘက်ကို လွတ်လပ်စွာ လိုက်နိုင်ပါတယ်။ ကဲ-ကျွန်ုပ် ကိုယ့်ချစ်ဆွေ သဟာယအတွက်သည့်အပြင် အခြား ဘာကိုများ လုပ်နိုင်ဦးမလဲ။''

''လုပ်စရာ မရှိတော့ပါဘူးဘုရင်မင်းမြတ်။ သည်လောက်ပဲ ကျေနပ်ပါပြီ။''

၄

ဗန္ဓုလမလ္လသည် ကောသလသေနာပတိ ဖြစ်သည်။

ပသေနဒီ (ပရသေနဒိ) ကဲ့သို့သော နူးညံ့ပျော့ပျောင်း၍ လုံ့လဥဿဟမဲ့သည့် ဘုရင်မျိုးအတွက် ဤကဲ့သို့သော အရည်အချင်းပြည့်ဝသည့် သေနာပတိမျိုးတစ်ဦး အလွန်လိုအပ်သည်။ စင်စစ်သော်ကား ပသေနဒီသည် အကယ်၍ ဗန္ဓုလကို မရခဲ့လို့ရှိလျှင် သူတိုင်းပြည်နိုင်ငံ၏ အစိတ်အပိုင်းများစွာတို့သည် မဂဓနှင့် ဝဿတို့၏လက်အောက်သို့ ရောက်ခဲ့ရာသည်။

သာဝတ္ထိသို့ရောက်ပြီးနောက် မကြာမီပင် မလ္လိကာတွင် ကိုယ်ဝန်အရိပ်အရောင် ပေါ်ပေါက်လာခဲ့၏။ တစ်နေ့သ၌ ဗန္ဓုလမလ္လက မေးသည်။

''အချစ်။ တစ်စုံတစ်ခုကို ချင်ခြင်းဖြစ်ရင် ပြောနော်။''

''ကျွန်မ ချင်ခြင်းတစ်ခုတော့ ဖြစ်နေပါတယ်။ သို့ပေမယ့် လုပ်ဖို့ အင်မတန်ခဲယဉ်းလိမ့်မယ်။''

''ဗန္ဓုလမလ္လအတွက် 'လုပ်ဖို့ခဲယဉ်းတဲ့ဟာ'လို့ မရှိနိုင်ဘူး မလ္လိကာ။ ပြောသာပြောပါ။ ဘာချင်ခြင်းလဲ။''

''အဘိသေက ပေါက္ခရဏီမင်္ဂလာကန်တော်မှာ ရေချိုးချင်ဘယ်။''

''မလွှတ်ရဲ့ ကန်တော်မှာလား။''

''ဟင့်အင်း- ဝေသာလီလို့ခေါ်တဲ့ ကန်တော်မှာ။''

''မင်းပြောတာ မှန်တယ် မလွှကာ။ မင်းချင်ခြင်းဟာ အင်မတန်မှ ခဲယဉ်းတယ်။ သို့ပေမယ့် ဗန္ဓုလမလွှက အောင်မြင်အောင် ဆောင်ရွက်ပေးပါ့မယ်။ နက်ဖြန်မိုးသောက်ကျရင် အဆင်သင့်သာ ရှိနေပါ။ ရထားနှင့် ကျွဲပ်တို့ ၂ ဦး သွားကြမယ်။''

နောက်တစ်နေ့၌ ရိက္ခာအလုံအလောက်ယူပြီးလျှင် ဓား, လေး စသောလက်နက်များနှင့်တကွ ၂ ဦးသားသည် ရထားစီးလျက် ထွက်ခွာလာခဲ့ကြ၏။

အဝေးဌ၌ရှိသော ခရီးစခန်းပေါင်း မြောက်မြားစွာကို ကျော်လွန်သွားပြီးသည့် နောက်တစ်နေ့၌ ဗန္ဓုလ၏ရထားသည် ဝေသာလီမြို့တံခါးသို့ ဝင်လာခဲ့လေ၏။

ထိုတံခါး၌ အချို့သောလိစ္ဆဝီတို့၏ ဣသာမစ္ဆရိယတရားကြောင့် မျက်စိကန်း၍နေရှာသည့် ဗန္ဓုလ၏ ကျောင်းနေဖက်သူငယ်ချင်း မဟာလိလာကို တွေ့ဖို့ရန် ဗန္ဓုလစိတ်တွင် ဆန္ဒတစ်ကြိမ် ဖြစ်ပေါ်လာလိုက်သည်။ သို့ရာတွင် 'ချင်ခြင်းအတွက် အောင်မြင်ရေး၌ အနှောင့်အယှက်တွေ့နေမည်။'-စိုးရိမ်၍ ဗန္ဓုလသည် မိမိ၏အာသာဆန္ဒကို ဖျောက်ဖျက်ပစ်လိုက်လေ၏။

အဘိသေကပေါက္ခရဏီမင်္ဂလာကန်တော်၏ ရေချိုးဆိပ်များ၌ အစောင့်များ စောင့်ကြပ်လျက် ရှိသည်။

လိစ္ဆဝီဂဏာ၏ အဖွဲ့ဝင်ကိုယ်စားလှယ်အမတ် ၉၉၉ ဦးတွင် တစ်ဦး၏နေရာ လစ်လပ်ခဲ့သော်၊ ထိုလစ်လပ်သည့်နေရာအတွက် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လိစ္ဆဝီအမျိုးသားသည် ထိုမင်္ဂလာကန်တော်၌ တစ်သက်တာတွင် တစ်ကြိမ်သာလျှင် ရေချိုးခွင့် (အဘိသိက်သွန်းခွင့်) ရရှိလေသည်။

အစောင့်များက တားမြစ်ပိတ်ပင်သည့်ခဏ၌ ဗန္ဓုလသည် ၄င်းတို့အား ကြိမ်လုံးဖြင့် ရိုက်နှက်ခြောက်ထုတ်လိုက်ပြီးလျှင် မလွှကာကို ရေချိုးစေပြီးနောက်၊ ရထားပေါ်သို့ တက်၍ အလျင်အမြန် ဝေသာလီမှ ထွက်လာခဲ့လေ၏။

အစောင့်များထံမှ သတင်းရရှိ၍ ၅၀၀ သောလိစ္ဆဝီတို့သည် ဗန္ဓုလ၏နောက်သို့ ခဏချင်းပင် လိုက်ကြလေသည်။ မဟာလိက ကြားသိသောအခါတွင် ထိုလိစ္ဆဝီတို့အား တားမြစ်လေသည်။ သို့ရာတွင် မာန်မာနတက်ကြွလျက်ရှိသော လိစ္ဆဝီတို့သည် အဘယ်မှာလျှင် နာယူကြမည်နည်း။

အဝေးမှ ရထားများ၏ လှည်းဘီးသံများကို ကြားရ၍ နောက်ဘက်သို့လှည့်ကြည့်ပြီးလျှင် မလွှကာက ပြောသည်။

''အချစ်။ ရထားတွေ အများကြီး လိုက်လာကြတယ်။''

''ဒါဖြင့် မလွှကာ။ ရထားတွေအကုန်လုံး တစ်တန်းတည်း စီနေကြတဲ့အခါ ကျွဲပ်ကို ပြောပေတော့။''

မလွှကာသည် ယင်းသို့ ရထားများ တစ်တန်းတည်း စီနေသည့်အခိုက်တွင် ဗန္ဓုလကို အကြောင်းကြားလိုက်သည်။

(ရှေးဟောင်းရာဇဝင်ဆရာများ၏အဆိုမှာ)

ဗန္ဓုလသည် မြားတစ်ချက် ဆွဲ၍ပစ်လိုက်သည်။ ထိုမြားသည် လိစ္ဆဝီ ၅၀၀ ၏ ခါးစည်းကြိုးအထဲမှ ထွင်းဖောက်ထွက်သွားလေသည်။ လိစ္ဆာဝီတို့သည် အနီးသို့ ချဉ်းကပ်လာမိသည့်အခါ၌ တိုက်ခိုက်ဖို့ရန် ဟစ်အော်ကြွေးကြော်ကြလေ၏။ ဗန္ဓုလက အေးအေးသာသာနှင့်ပင် ပြောသည်။

"ကျွန်ုပ် အသင်တို့ကဲ့သော သေနေသူများနှင့် စစ် မပြိုင်လိုဘူး။"

"အို-အသင်။ မမြင်ဘူးလား။ ကျွန်ုပ်တို့ ဘယ်မှာ သေလို့လဲ။"

"ကျွန်ုပ် နောက်ထပ် မြားတစ်စင်းကို အဝို မသုံးဘူး။ အသင်တို့ အိမ်ကိုပြန်သွားပြီး ချစ်သူတွေ, ဆွေမျိုးညာတိတွေနှင့် ပထမတွေ့ဆုံကြပြီးမှ ခါးစည်းကို ဖြုတ်ကြ။"

ဤသို့ပြော၍၊ မလိုကာလက်ထဲမှ မြင်းဇက်ကြိုးကို လှမ်းဆွဲ၍ ရထားကို အဟုန်ပြင်းစွာမောင်းပြီးလျှင် အားလုံး၏မျက်စိရှေ့မှောက်မှ ကွယ်ပျောက်သွားလေ၏။

ခါးစည်းကို ဖြုတ်လိုက်သည့်အခါတွင် လိစ္ဆဝီ ၅၀၀ သည် အမှန်တကယ်ပင် အသက် ပျောက်နေကြသည်ကို တွေ့ရသည်။

၅

သာဝတ္ထိ (ယနေ့ တိမ်ကောသွားပြီဖြစ်သော ဆဟေတ်မဟေတ်)သည် ထိုအချိန်က ဓမ္မဒိပ်တစ်ကျွန်းလုံး၏ အကြီးကျယ်ဆုံးမြို့ကြီး ဖြစ်သည်။

ပသေနဒိ၏နိုင်ငံ၌ သာဝတ္ထိအပြင် သာကေတ (အယုဒ္ဓယာ)နှင့် ဗာရာဏသီ (ဗာရာနဆီ) သည် အခြား ကြီးကျယ်သောမြို့ကြီး ၂ မြို့ ဖြစ်သည်။

သာဝတ္ထိမှ သုဒတ္တ (အနာထပိဏ္ဍက)နှင့် မိဂါရ၊ ၄င်းပြင် သာကေတမှ အန္ဓန တို့ကဲ့သို့သော ကုဋေများစွာ ကြွယ်ဝချမ်းသာသောသူသူဌေး,သူကြွယ်ပေါင်းများစွာသည် ကာသိ-ကောသလပြည်ထောင်စု၌ နေထိုင်လျက်ရှိကြ၏။ သူတို့၏ နယ်လှည့်ကုန်သည်များသည် ဓမ္မဒိပ်ကျွန်း၌သာလျှင် မကဘဲ၊ တမရလိတ္တိမှ ဖြတ်၍ အရှေ့သမုဒ္ဒရာ (ဘင်္ဂလားအော်)နှင့် ဘရုကစ္ဆ (ဘရောက်ကျ)သို့ လည်းကောင်း၊ သုပ္ပါရက (ဆောပါရာ) မှဖြတ်၍ အနောက်သမုဒ္ဒရာ (အာရဗီပင်လယ်) လမ်းအတိုင်း ဝေးကွာသီခေါင်သည့် ကျွန်းများသို့ လည်းကောင်း ကုန်ရောင်းကုန်ဝယ် လှည့်လည်သွားရောက်ကြသည်။ သူတို့၏အခြေအနေသည် ဗြာဟ္မဏ ပဒေသရာဇ် (မဟာသာလ)များ, ခတ္တိယပဒေသရာဇ်များနှင့် တန်းတူကား မဟုတ်ပေ။ သို့ပင်ဖြစ်သော်လည်း သူတို့သည် လူလောက, လူအဖွဲ့အစည်း၌ အဆင့်အတန်း အလွန်မြင့်ကြသူများ ဖြစ်ကြ၏။ ပစ္စည်းရေးရာနှင့် ပတ်သက်လျှင်ကား သူတို့နှင့် နှိုင်းစာလိုက်လျှင် ပဒေသရာဇ်များသည် ဘာမျှ မပြောပလောက်တော့ပေ။

သုဒတ္တသည် ဇေတမင်းသား၏ ဇေတဝန်ဥယျာဉ်ကို အသပြာ ကျပ်ပေါင်းများစွာခင်း၍ ဝယ်လိုက်ပြီးလျှင် ထိုဥယျာဉ်၌ ဗုဒ္ဓအတွက် ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်လေ၏။

မိဂါရ၏သား ပုဏ္ဏဝဒ္ဓန၏ လက်ထပ်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန် ဘုရင်ပသေနဒိ ကိုယ်တိုင် ဗိုလ်ပါအခြံအရံနှင့် သာကေတသို့ ရောက်လာပြီးလျှင်၊ သတို့သမီးဖခင် သူကြွယ်အန္ဓပုန၏ အထူးဧည့်သည်အဖြစ်နှင့် တည်းခိုလျက် ရှိနေ၏။

အန္ဓပုန၏သမီး-မိဂါရ၏ချွေးမဖြစ်သူ ဝိသာခါသည် မိမိ၏ လည်ဆွဲတန်ဆာ (မဟလ္လတာတန်ဆာ)၏အဖိုးဖြင့် အခန်းပေါင်း ၁၀၀၀ ရှိသော အလွန်ကြီးကျယ်သည့် ၇ ထပ်ကျောင်းတော်ကြီးတစ်ခုကို ဆောက်လုပ်လေသည်။ ထိုကျောင်းကား 'ပုဗ္ဗာရာမ မိဂါရမာတာ ပြာသာဒ်'ဟု ခေါ်တွင်လေသည်။

အရပ်ဒေသတကာမှ ပစ္စည်းဥစ္စာများ ဤသူဌေးသူကြွယ်များဆီသို့ စုပေါင်း ရောက်ရှိလာကြသဖြင့်၊ ၄င်းတို့၏ အပိုင်းအခြားမဲ့စည်းစိမ်ရတနာများနှင့် ပတ်သက်၍ ပြောပြဖို့ရန် မလိုတော့ပေ။

ဇေဝါလ ဥဒ္ဒါလက၊ ယညဝက္ကတို့သည် ယဇ်ဝါဒကို တစ်ပတ်ရစ်စာရင်းတွင် သွတ်သွင်း၍ အမှန်တကယ်လွတ်မြောက်ရေးအတွက် ဗြဟ္မဝါဒ၏ မြဲမြံခိုင်ခဲ့သောလှေနာဝါကို တည်ဆောက်ကြသည်။

· · · · ဇနကကဲ့သို့သော ဘုရင်တို့သည် ဆုထူးလာဘ်ထူးကြီးများကို သတ်မှတ်လျက် ဗြဟ္မနှင့် စပ်လျဉ်းသော ဝါဒဆိုင်ရာ စည်းဝေးငြင်းခုံပွဲများကို ဖိတ်ခေါ်ကျင်းပကြလေသည်။ ထိုမှအစပြု၍ ဝေဒ၏အပြင်အပသို့ ထွက်၍ တွေးခေါ်စဉ်းစားသည့်လမ်းစလည်း ပွင့်၍လာ၏။

ယခုအချိန်ကား တိုင်းပြည်နိုင်ငံတွင် လွတ်လပ်စွာ တွေးခေါ်ယူဆသည့် ဒီရေလိုင်းသည် တလိမ့်လိမ့် တက်လာချိန်ဖြစ်သည်။ ဆင်ခြင်တုံသမား ဘာသာခေါင်းဆောင်များသည် မိမိတို့၏အယူအဆများကို လူထု၏ရှေ့မှောက်၌ စည်းဝေးဟောပြောပွဲများတွင် တင်ပြကြလေသည်။ အချို့နေရာ၌ ထိုအယူအဆများ၏ အသွင်အပြင်သည် အဆုံးအမ (ဩဝါဒသုတ္တ)၏ အဖြစ်ဖြင့် ထင်ရှားလျက်၊ အချို့နေရာ၌မူ ဝါဒတစ်ခုခုကို အနှံတဖိတ်ခေါ် (ခဲ့လင်း) ကြွေးကြော်သည့် အဖြစ်အားဖြင့် ဓမ္မာသပြေကိုင်းကို ထိုးစိုက်ကာ လှည့်လည်လျက်ရှိသည်။

ပဝါဟာရသည် လူအဆက် ၅၆ ဆက်ကို လှည့်စားဖို့ရန်အတွက် ဗြဟ္မ၏ မျက်မှောက်အသွင်အပြင်၏ ဥပါယ်ပေါင်းများစွာကို ပြောပြခဲ့သည်။ ထိုဥပါယ်များထဲ၌ ရသေ့ရဟန်းအသွင်, ဘာဝနာအကျင့် စသည်များလည်း အပါအဝင်ဖြစ်ကြသည်။ ယခုအချိန်၌ ဥပနိသ္သဒ်၏တရားအပြင်ဘက်မှ ဆရာကြီးများသည်ပင် မိမိတို့၏ လွတ်လပ်သောအတွေးအခေါ် အယူအဆများနှင့်တကွ ပဗ္ဗဇ္ဇနှင့် ဗြဟ္မစရိယ အဖြစ်မျိုးကို လေးစားအသားပေးနေရ၏။

အဇိတကေသကမ္ဗလသည် ဘူတိကဝါဒ (ရုပ်ဝါဒ)ကို အကြွင်းမဲ့ယုံကြည်သူ ဖြစ်သည်။ သူသည် ရုပ်ဝတ္ထုများမှတစ်ပါး၊ မည်သည့် အတ္တ, ထာဝရ, နိစ္စ, ဇရဲ, နတ်ပြည်, တမလွန်ဘဝကိုမျှ မယုံကြည်ပေ။ သို့ပင်ဖြစ်သော်လည်း လူသည် အိမ်ရာတည်ထောင် လူဘောင်မှခွာရှောင်ခဲ့သူ ဂေဟစာဂီဗြဟ္မစာရီ ဖြစ်သည်။ ထိုအချိန်၌ လွမ်းမိုးအုပ်စိုးလျက်ရှိသော ပဒေသရာဇ်များ၏မေတ္တာကို ရယူဖို့ရန် အတွက်သာလျှင် မဟုတ်။ ၄င်းတို့၏အမျက်မှ လွတ်မြောက်ဖို့ရန်အတွက်လည်း မိမိ၏ ဘူတိကဝါဒ (ရုပ်ဝါဒ)ကို ဘာသာတရား၏ အသွင်အပြင်အဖြစ် ပြောင်းလဲထားရန် လိုအပ်လေသည်။

လောဟိစ္စကဲ့သို့သော ဗြာဟ္မဏပဒေသရာဇ်နှင့် ပါယာသိကဲ့သို့သော ရာဇညပဒေသရာဇ်များသည် ဘူတိကဝါဒီ (ရုပ်ဝါဒီ) ဖြစ်ကြသည်။ သူတို့၏အယူအဆ ဝါဒများနှင့်စပ်လျဉ်း၍ 'ဘူတိကဝါဒကို စွန့်ရုံစွန့်ခြင်းကိုပင် သူတို့သည် လူပုံအလယ် ရှက်ဖွယ် မှတ်ထင်နေကြ၏။' ဟု လူအပေါင်းတွင် ထင်ပေါ်ကျော်ကြားနေလေသည်။ သို့သော်လည်း သူတို့၏ ဘူတိကဝါဒသည် လူလောကအတွက် အန္တရာယ်ဖြစ်စရာ မရှိပေ။ ဘူတိကဝါဒ (ရုပ်ဝါဒ) ပျံ့နှံ့နေသည်ကို တွေ့ရသည်။

သို့ရာတွင် ဗြာဟ္မဏ, ခတ္တိယပဒေသရာဇ်များနှင့် စည်းစိမ်သခင် ကုန်သည်ပေါင်းများစွာသည် ဂေါတမဗုဒ္ဓ၏ အနတ္တဝါဒကို ပိုမို၍ အညွှတ်များနေကြသည်။ အထူးအားဖြင့် ကောသလတွင် ထိုသို့တွေ့မြင်ရသည်။ ကောသလ၌ ထိုကဲ့သို့ ပဒေသရာဇ်ကုန်သည်များသည် အထူးအားဖြင့် အနတ္တဝါဒကို အညွှတ်များနေခြင်း၏ အကြောင်းတစ်ခုမှာလည်း ဂေါတမကိုယ်တိုင်က ကောသလတိုင်း အပါအဝင်ဖြစ်သော သက္ကဂဏတိုင်းသားတစ်ဦး ဖြစ်နေသည်။

ဂေါတမသည် ဘူတိကဝါဒီ (ရုပ်ဝါဒီ) တို့ကဲ့သို့ပင်၊ 'ကမ္မာလောကၥ် အတ္တ, ဣသရ (ထာဝရ) စသော မည်သည့် မြဲမြံတည်တံ့သည့် အရာဝတ္ထုမျှ မရှိ။ ဖြစ်သမျှအရာဝတ္ထုအားလုံးသည် အလျင်အမြန်သာလျှင်

ချုပ်ငြိမ်းပျက်စီးရမည် ဖြစ်သည်။ ကမ္ဘာလောကသည် အရာဝတ္ထုများ၏ အစုအပေါင်း မဟုတ်။ အဖြစ်အပျက်များ၏ အလျဉ်သာလျှင် ဖြစ်သည်။-' ဟူ၍ ဟောပြောတော်မူသည်။

ဉာဏ်ပဋိဘာန်ရှိသူများက 'ဤယူဆချက်, ဤဝါဒများသည် အလွန်ယုတ္တိရှိသည်။ အလွန် နှစ်လိုအပ်သည်။'ဟု ယူဆကြ၏။

သို့သော်လည်း ဤကဲ့သို့သော အနိစ္စဝါဒအားဖြင့် လူလောကစည်းရိုး ဆင်းရဲ, ချမ်းသာ၊ ကျွန်, သခင် ကွဲပြားခြားနားမှုကို ထိခိုက်နစ်နာနိုင်စေသည်။ သို့အတွက်ကြောင့်သာလျှင် အဓိတ၏ ဘူတိကဝါဒ သည် ပဒေသရာဓိနှင့် ကုန်သည်အတန်းအစား ပုဂ္ဂိုလ်များတွင် ခေတ်မစားနိုင်၊ လူကြိုက်မများနိုင်ခြင်း ဖြစ်ခဲ့သည်။

ဂေါတမဗုဒ္ဓသည် မိမိ၏အနတ္တဝါဒ၌ အခြား အချို့သောအချက်များကို ရောနှော၍ ထိုရင့်သီးမှုကို ဖယ်ထုတ်ထားလေသည်။ ဗုဒ္ဓ၏ဟောပြောချက်မှာ 'မြဲမြံတည်တံ့သော အတ္တတစ်ခုခု' ဟူ၍ မရှိသော်လည်း စိတ်အလျဉ်သည် နှတ်ပြည် သို့မဟုတ် ငရဲပြည်စသော သံသရာလောက၏အတွင်း၌ ကိုယ်ကာယတစ်ခုမှ အခြား ကိုယ်ကာယတစ်ခုကို ပြောင်းလဲ၍နေသည်။ ဤဝါဒ ပဝါဟဏဘုရင် တီထွင်ခဲ့သည့်လက်နက် တမလွန်ဘဝသည် ဝင်ရောက်လာနိုင်ခွင့် ရှိသည်။ အကယ်၍ ဂေါတမဗုဒ္ဓသည် ရုပ်ဝါဒလုံးလုံးကို ဖြုန်ဖြုန်းလျှင် အမှန်တကယ်ပင် သာဝတ္ထိ, သာကေတ, ကောသမ္ဗီ, ရာဇဂြိုဟ်, ဘဒ္ဒိကာမှ သူဌေးသူကြွယ်များသည် မိမိတို့၏အိတ်ကို ဖွင့်ကြမည် မဟုတ်ပေ။ ဗြာဟ္မဏ, ခတ္တိယပဒေသရာဓိများနှင့် ဘုရင်တို့သည် ဗုဒ္ဓ၏ ခြေရင်းတွင် အပြိုင်အဆိုင် ဝပ်စင်းကြမည် မဟုတ်ပေ။

သာဝတ္ထိမှ အမြင့်တန်းစားအမျိုးသမီးများသည် ဂေါတမဗုဒ္ဓ၏အယူဝါဒကို အထူးသဖြင့် သက်ဝင် ယုံကြည်ကြသည်။ ပသေနဒီ (ပရသနဒိ)၏မိဖုရားကြီး မလ္လိကာဒေဝီသည် ဗုဒ္ဓတရားတော်ကို အလွန် ခွဲလမ်းနှစ်သက်၍နေသည်။ သူ၏ မြို့မှ သူ၏အဆွေဖြစ်သူသူဋ္ဌေး၏ ချွေးမဝိသာခါသည် သဒ္ဓါတရား ထက်သန်စွာနှင့် ပုဗ္ဗာရာမ (ပုဗ္ဗာရုံ)ကဲ့သို့သော ကျောင်းတော်ကြီးတစ်ဆောင်ကို ဆောက်လုပ်၍ ဗုဒ္ဓအား လှူဒါန်းလေသည်။

သေနာပတိဗန္ဓုလမလ္လ၏ကြင်ဖက် မလ္လိကာသည် မိဖုရားမလ္လိကာ၏ အလွန် ချစ်ခင်ရင်းနှီးသော အဆွေခင်ပွန်း ဖြစ်၏။ မိဖုရားမလ္လိကာလည်း ဗုဒ္ဓ၏တရားကို နာယူရန် သွားရောက်ခဲ့သည်။ အချိန် အနည်းငယ် ကြာပြီးနောက်တွင်ကား မလ္လိကာလည်း ဗုဒ္ဓ၏ဥပသိကာ လုံးလုံးဖြစ်သွားလေတော့သည်။

မလ္လိကာ၏အိမ်သည် ယခုအခါတွင် အလွန် စည်ပင်သာယာ၍ နေသည်။ ကောသလကဲ့သို့သော နိုင်ငံကြီးမှ သေနာပတိ၏အိမ်သည် စည်ပင်သာယာရမည်သာ ဖြစ်သည်။ မလ္လိကာသည် သူရဲကောင်း သား ၁၀ ယောက်ကို ဖွားမြင်လေ၏။ ၄င်းတို့ကား ဘုရင့်စစ်တပ်၌ အဆင့်အတန်းမြင့်သော ရာထူးကြီး များဖြင့် ထမ်းရွက်လျက်ရှိကြသည်။

ဗန္ဓုလမလ္လသည် ခေတ်တစ်ခေတ်အထိ ဘုရင့်အပေါ်၌ သြဇာညောင်းခဲ့သည်။ ထိုအတောအတွင်း ဗန္ဓုလမလ္လ၏ ရန်သူပေါင်းများစွာ ပေါ်ပေါက်လာခဲ့၏။ အခြားဇနပုဒ်မှ လူတစ်ယောက်အား ဤမျှလောက် ကြီးမြင့်သည့်ရာထူးနှင့် တွေ့မြင်နေရခြင်းကို သူတို့သည် နှစ်သက်ကျေနပ်ခြင်း မရှိကြပေ။ မနာလိုဝန် တိုသည့်ပုဂ္ဂိုလ်များက ဘုရင်အား ကုန်းချောစကား ပြောကြားစ ပြုလာကြလေသည်။

ဘုရင်သည် အသိဉာဏ် အနည်းငယ် ပါးရှားနေရသည့်အထဲ၊ 'ဗန္ဓုလမလ္လက ဘုရင်မင်းမြတ်ကို 'အသိဉာဏ်မဲ့သူ'ဟု ပြောသည်။' ဟု ကုန်းတိုက်၍ ဘုရင်ကို လှုံ့ဆော် မီးထိုးပေးလိုက်ကြသည်။ နောက်ဆုံး၌ 'သေနာပတိသည် နိုင်ငံကို ပုန်ကန်ဖို့ရန် ကြံနေသည်။'ဟုပင် ဘုရင့်နားတော်သို့ တင်လျှောက်ကြလေ၏။

ပသေနဒီသည် သူတို့၏ကုန်းချောစကားကို နားယောင်သွား၏။ ရန်သူများ၏ လက်ခုပ်တွင်းသို့ ကျရောက်သွား၏။

ဗန္ဓုလမလ္လ မှိုင်နေသည်ကိုတွေ့ရ၍ တစ်နေ့သ၌ မလ္လိကာက ပြောသည်။

''အချစ်။ အဘယ်ကြောင့် တွေဝေငေးမှိုင်နေပါသလဲ။''

''ဘုရင်က ကျွပ်အပေါ် မသက်ာ ဖြစ်နေပြီ။''

''ဒါဖြင့် သေနာပတိရာထူးကိုစွန့်ပြီး ကုသိနာရုံပြန်လိုက်ရုံ ရှိတာပေါ့။ ဟိုမှာ တစ်ဝမ်းတစ်ခါး စားလောက်ရုံအတွက်တော့ ကျွန်မတို့မှာ လယ်ယာများ လုံလုံလောက်လောက်ရှိပါတယ်။''

''မင်းပြောတဲ့အဓိပ္ပာယ်က 'ဘုရင်ကို သူ့ရန်သူများရဲ့လက်ထဲ ထားခဲ့ရမယ်။'လို့ ဆိုလိုတာလား။ မမြင်ဘူးလား မလ္လိကာ။ မဂဓဘုရင် အဇာတသတ်ဟာ ကာသိကို အကြိမ်များစွာ ကျူးကျော်တိုက်ခိုက်ပြီးပြီ။ တစ်ခါတုန်းက ကျွပ် သူ့ကို လက်ရတောင် ဖမ်းဆီးခဲ့တယ်။ ဘုရင်မင်းမြတ်က ကရုဏာသက်ပြီး၊ သမီးတော်ဝဇီရာနှင့် စုလျားရစ်ပတ် လက်ထပ်ပြီးတော့ သူ့ကို လွှတ်လိုက်တယ်။ သို့ပေမယ့်လို့ အဇာတသတ်ဟာ ဇမ္ဗူဒီပ်တစ်ကျွန်းလုံးရဲ့ စကြဝတေးမင်း လုပ်ချင်နေတယ် မလ္လိကာ။ သူဟာ ဒီလို စုလျားရစ်နှောင်လိုက်ရုံနှင့် တိတ်နေမှာ မဟုတ်ဘူး။ သူ့ရဲ့သူလျှိုများဟာ နေပြည်တော်မှာ အနှံ့အပြားရှိနေကြတယ်။ ကျွပ်တို့ရဲ့ အိမ်နီးနားချင်းတစ်နိုင်ငံဖြစ်တဲ့ အင်္ဂါဘုရင်ရဲ့သမက်တော်ဖြစ်တဲ့ ဝဿဘုရင် ဥဒယန (ဥတေန) ရဲ့ ခြေလှမ်းကလည်း မမှန်ဘူး။ သူလည်းပဲ နယ်စပ်မှာ ဟန်တပြင်ပြင်လုပ်နေတယ်။ အဲဒီလို အခြေအနေမျိုးမှာ သာဝတ္ထိကိုစွန့်ပြီး ထွက်သွားမယ်ဆိုရင် ယောကျ်ားမပီသရာ ကျနေမှာပေါ့ မလ္လိကာ။''

''နို့- အဆွေခင်ပွန်းချင်း သစ္စာဖောက်တာကကော။''

''ကျွပ် ကိုယ့်ကိုယ်အတွက် ဘာမျှမကြောင့်ကြဘူး မလ္လိကာ။ တိုက်ပွဲတွေမှာ အကြိမ်များစွာပဲ ကျွပ်ဟာ သေမင်းခံတွင်းဝက ထွက်လာခဲ့ဖူးတယ်။ သို့အတွက် တစ်ချိန်ချိန်မှာ အကယ်၍ သေမင်းက သူ့ခံတွင်းထဲမှာထည့်ပြီး ပိတ်ထားလိုက်မယ်ဆိုရင်လည်း ကျွပ်အတွက်ကတော့ ဘာမှမထူးဆန်းပါဘူး။''

သာမည အလုပ်သမားတစ်ဦး၏သမီးဖြစ်သော်လည်း မိမိဂုဏ်အရည်အချင်းတို့ကြောင့် ပသေနဒီဘုရင်၏မိဖုရားကြီး ဖြစ်လာသော 'မာလီ'၏သမီး မလ္လိကာသည် ယခုအခါတွင် မရှိတော့ချေ။ သူသာ ရှိပါမူ ဘုရင့်နားတော်သို့ပေါက်အောင် လူအများ ယခုလောက် တိုက်ခွင့်ရမည် မဟုတ်ပေ။

တစ်နေ့သ၌ ဘုရင်သည် နယ်စပ်မှ ပုန်ကန်သောင်းကျန်းသူများ၏ အကြောင်းကို ပြောပြ၍ တစ်နေရာသို့ ဗန္ဓုလမလ္လ၏သားများကို လွှတ်လိုက်လေ၏။ ၄င်းတို့ အောင်မြင်စွာ နှိမ်နင်းတိုက်ခိုက်ပြီး ပြန်လာနေသည့်အခါ၌ ဗန္ဓုလမလ္လကို လှည့်စားပြီးလျှင် သူသားများနှင့် ဆန့်ကျင်ဘက် တိုက်ခိုက်ရန် လွှတ်လိုက်ပြန်သည်။ ဤနည်းအားဖြင့် အဖနှင့် သား ၁၀ ယောက်သည် တစ်နေရာတည်း၌ပင် ကိစ္စတုံးသွားလေတော့၏။

ထိုအဖြစ်အပျက်နှင့် စပ်လျဉ်းသောစာ မလ္လိကာအထံသို့ ရောက်လာသောအချိန်မှာ မလ္လိကာသည် ဗုဒ္ဓနှင့် သံဃာတော်တို့ကို ဆွမ်းလုပ်ကျွေးရန် ပြင်ဆင်နေခိုက် ဖြစ်သည်။ မလ္လိကာ၏ချွေးမပျို ၁၀ ဦးတို့

အမှန်ပဲ ကာက။
ကျုပ်တို့ကျွန်တွေမှာ
ဘာအသက်မှ မရှိဘူး။
ဒါတင်မကသေးဘူး။
ကျုပ်တို့ရဲ့ အညာတာကင်းမဲ့တဲ့သခင်က
ပြောနေပြန်တယ်။ ဒီပျော်ပွဲပြီးဆုံးသွားရင်
ကျုပ်မိန်းမကို သူ ရောင်းပစ်မယ်တဲ့။''

သည်လည်း စေတနာထက်သန်စွာနှင့် ဆွမ်းဘောဇဉ်အမျိုးမျိုးကို ချက်ပြုတ်စီမံနေကြသည်။ မလွိကာသည် စာကို ဖတ်ကြည့်လိုက်သည့်ခဏ၌ အသည်းနှလုံးတွင် မီးစွဲသွားလေ၏။ သို့ရာတွင် သူသည် ထိုခဏ၌ ဣန္ဒြေဆည်ပစ်လိုက်သည်။ မျက်စိမှ မျက်ရည်ပေါက်ကျဖို့ ဝေးစွ။ မျက်နှာတွင် ညှိုးသွားသည့် အမူအရာပင် ထင်မလာအောင် ချုပ်တည်းထားလေသည်။ စာကို အင်္ကျီစနှင့် ထုပ်ထားပြီးလျှင် မလွိကာသည် သံဃာအားလုံးကို ဆွမ်းလုပ်ကျွေးလေသည်။

ဆွမ်းစားပြီးသည့်အခါ၌ ဗုဒ္ဓ၏အဆုံးအမတရားတော်ကို သဒ္ဓါတရားထက်လွန်စွာဖြင့် နာကြားလေသည်။ ထိုနောက် အဆုံးတွင်မှ စာကို ဖတ်ပြလေသည်။ ဗန္ဓုလအိမ်ထောင်၌ လောင်မီးကျတော့သည်။ မလွိကာကမူ ဖြေဆည်နိုင်သည်။ သို့ရာတွင် ထိုမုဆိုးမပျိုတို့ကို တရားပြဖို့ရန်အတွက် ဗုဒ္ဓသော်မှ ခဲယဉ်းလျက် ရှိနေသည်။

အချိန် ကြာမြင့်သွားသည့်အခါ၌ကား ပသေနဒိသည် အကြောင်းမှန်ကို သိရှိသွားတော့၏။ သို့ရာတွင် မည်သို့မျှ မတတ်နိုင်တော့ပေ။ ပသေနဒိသည် စိတ်သက်သာရာရလိုရင်း ဗန္ဓုလ၏တူ ဒီဃကာရာယဏကို သေနာပတိအဖြစ် တင်မြှောက်ထားလေသည်။

* * *

ဆောင်းဥတု အချိန်သမယ ဖြစ်သည်။

ကပိလဝတ် အနီးအနားတစ်ဝိုက်ရှိ လယ်ယာများ၌ စိမ်းလန်းလျက်ရှိသော ဂျုပင်, မုယောပင်များနှင့် ပွင့်အာလျက်ရှိသော အဝါရောင်မုန်ညင်းပင်များ ပေါက်ရောက်နေကြသည်။ ယနေ့ မြို့ကို အထူးသဖြင့် တန်ဆာဆင်ယင်ထားကြသည်။ နေရာအနှံ့အပြားတွင် တံခါးမုခ်များကို ခင်းကျင်းပြင်ဆင်ထားကြသည်။ သန္ဓာဂါရ (လွှတ်တော်ဆောင်)ကို ပိုမိုး၍ မွမ်းမံခြယ်လှယ် ထားလေသည်။ ၃ ရက်တိုင်တိုင် ပင်ပန်းကြီးစွာ အလုပ် လုပ်လိုက်ရပြီးနောက်၊ ယနေ့ အနည်းငယ် ရပ်နားခွင့်ရ၍ ကျွန်အချို့သည် အိမ်တစ်အိမ်၏ထောင့်၌ ထိုင်နေကြလေ၏။

ကာလက ပြောသည်။

''ကျုပ်တို့မှာလည်း အသက် ရှိတာပဲ။ လူရဲ့နေရာမှာ နွား မွေးမွားလာခဲ့ရင် အကောင်းလေသား။ အဲဒီလိုဆိုရင် ကျုပ်တို့ လူလို တွေးတတ်တောတတ်ရှိတော့မှာ မဟုတ်ဘူး။''

''ကာကပြောတာ မှန်တယ်။ မနေ့က ကျုပ်သခင်ဒဏ္ဍပါဏိက ကျုပ်မိန်းမကို သံပူနှင့် အပ်တယ်။''

''ဘာဖြစ်လို့ သံပူနှင့် အပ်တာလဲ။''

''ဘာဖြစ်လို့ သံပူနှင့်အပ်တာလဲ။-လို့ သူ့ ဘယ်သူ မေးရဲမှာလဲ။ သူကတော့ ကျေးကျွန်တွေရဲ့ လှုပ်မယားဆက်ဆံမှုကိုတောင် ဂရုမစိုက်ပါဘူး။ ဒါပေမယ့် ဒီဒဏ္ဍာပါဏိက သူ့ကိုယ်သူ 'နိဂဏ္ဌသာဝက' (ဂျိန်း)လို့ ပြောသေးတယ်။ အပြစ်က တခြား မဟုတ်ပါဘူး။ ကျွဲပိန်းမက နေ့ရက်ပေါင်းများစွာက မမာမကျန်းဖြစ်နေတဲ့ 'ကျွဲတို့သမီးကလေး အသည်းအသန် ဖြစ်နေတယ်။' ဆိုတဲ့အကြောင်း ကျွဲပိုက်ကို ပြောရအောင် လာတာပါ။ သမီးခမျာလည်း အသက် မရှင်ရှာပါဘူး။ သေဆုံးသွားတာ အင်မတန်မှ ကောင်း တာပဲ။ နို့မဟုတ်ရင် သူလည်း လောကထဲမှာ ကျွဲပိတ်လိုပဲ အသက်ရှင်နေရမှာပဲ။ အမှန်ပဲ ကာက။ ကျွဲပိတ်ကျွန်တွေမှာ ဘာအသက်မှ မရှိဘူး။ ဒါတင်မကသေးဘူး။ ကျွဲပိတ်ရဲ့ အညာတာကင်းမဲ့တဲ့ သခင်က ပြောနေပြန်တယ်။ ဒီမျော်ပွဲပြီးဆုံးသွားရင် ကျွဲပိန်းမကို သူ ရောင်းပစ်မယ်တဲ့။''

''ဒါဖြင့် အညာတာမဲ့တဲ့ဒဏ္ဍာပါဏိဟာ သံပူနှင့် အပ်တာတောင်မှ မကျေနပ်သေးဘူးပေါ့။''

''မကျေနပ်သေးဘူး မိတ်ဆွေ။ သူက ပြောတယ်။ ၁၂ နှစ် ကျော်သွားတဲ့အခါ ဒီကလေးမကလေး ကိုရောင်းရင် သူ နိက္ခ(ရွှေပြား) ၅၀ ရမှာတဲ့။ ကျွဲပိတ်ကို တမင်သက်သက် သူနိက္ခ (ရွှေပြား) ၅၀ ကို ဖျက်ဆီးလိုက်တဲ့ အဓိပ္ပာယ်ပေါ့။''

''ကျွဲပိတ်ကျွန်တွေမှာ မိဘမေတ္တာ, မိဘနှလုံး မရှိသလို ကျနေပြီ။''

တတိယကျွန်အဘိုးကြီးတစ်ယောက်သည် ကြားဝင်၍ ပြောသည်။

''အဘိုး တစ်ခုပြောချင်တယ်။ အခု ကြုံဆိုမလို့ ပြင်ဆင်နေရတဲ့ပုဂ္ဂိုလ်ဟာလည်း ကျွန်မရဲ့ သားသမီးပါပဲ။''

''ဘယ်သူလဲ အဘိုး''

''ဒီကောသလမင်းသား ဝိဒူဎဘ (ဝိဋူဋဘ) ပေါ့။''

''ကျွန်မရဲ့သား။ ဟုတ်လား။''

''ဟုတ်တယ်။ သာကျအမျိုးသား မဟာနာမရဲ့ ဟို ကျွန်မအမယ်ကြီးကို မသိဘူးလား။ တို့လို မမည်းဘူး။ သကျတစ်ဦးဦးရဲ့သွေးနှင့် စပ်လို့ ထင်တယ်။''

''ကျွန်မတွေအဖို့မှာ ဒီလို ဖြစ်တတ်တာမျိုးပဲ။''

''အင်း အဲဒီကျွန်မနှင့် မဟာနာမဟာ သမီးတစ်ယောက် ဖွားမြင်တယ်။ သိပ်ဖြူ သိပ်လှ။ ကြည့်လိုက်လို့ရှိရင် 'သကျအမျိုးသမီးတစ်ဦး'လို့ ထင်ရတယ်။''

''သကျအမျိုးသမီးတစ်ဦး-လို့ မထင်ရဘဲ ဘယ်နေမလဲ။ ရုပ်ချောတဲ့ ကလေးမကလေးများဆိုရင် ကျွန်မရဲ့သားသမီးပဲဖြစ်ဖြစ် သခင်များဟာ အင်မတန်မှ အရေးတယူ ကြည့်ရှုမွေးမြူကြတယ်။''

''ကောသလဘုရင်ပသေနဒီက သကျအမျိုးသမီးတစ်ယောက်ယောက်နှင့် စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ချင်တယ်။ သို့ပေမယ့် ဘယ်သူကမှ ကိုယ့်သမီးကို မပေးချင်ကြဘူး။ သကျတွေဟာ သူတို့ကိုယ်ကို သူတို့ 'လောက ၃ ပါးမှာ အမျိုးအမြတ်ဆုံး'လို့ မှတ်ထင်ကြတယ် ကာကရဲ့။ သို့ပေမယ့် ပွင့်ပွင့်လင်းလင်း ငြင်းဆိုလိုက်မယ်ဆိုရင် ကောသလဘုရင်က သကျတွေရဲ့ဂဏအပေါ်မှာ အမျက်တော်ရှုမှာကိုး။ ဒါကြောင့်မို့ မဟာနာမက သူ့ အဲဒီကျွန်မသမီးကို 'သကျကုမာရီ'လို့ဆိုပြီး ပသေနဒီကို ဆက်လိုက်တာပေါ့။ အခု ဝိဒူဎဘ (ဝိဋူဋဘ) မင်းသားဟာ အဲဒီကျွန်မသမီး ဝသာဘကွတ္တိယာရဲ့ သားပေါ့။''

''သို့ပေမယ့် အခုတော့ သူလည်းပဲ သကျတွေလို ကျွဲပိုရဲ့သွေးကို ငတ်မွတ်တဲ့လူ ဖြစ်နေမှာပါပဲ။''

တူရိယာများ တီးမှုတ်လျက်ရှိကြသည်။

သက္ကတိုသည် ကောသလမင်းသားကို ကြိုဆို၍ သန္ဓာဂါရ (လွတ်တော်ဆောင်)၌ ခမ်းနားသိုက်မြိုက် စွာ ဧည့်ခံကြလေသည်။ သို့ရာတွင် အတွင်းမှမူကား 'ကျွန်မသား'ဟု အမှတ်ထားလျက် အားလုံးပင် မင်းသားကို အော့နှလုံးနာနေကြသည်။

ဝိဒူဍဘ (ဝိဍူဍဘ) သည် မိမိအဓိမျိုး၏ သောင်းသောင်းဖြဖြကြိုဆိုကြသည်ကို ခံယူ၍ မဟာ နာမ၏ ကောင်းချီးမင်္ဂလာ မေတ္တာစကားများကို ရယူပြီးလျှင် ဝမ်းပန်းတသာဖြင့် ကပိလဝတ္ထုမှ ပြန်လာ ခဲ့သည်။

ကျွန်မသား ခြေကျသွားသည့်အတွက် သန္ဓာဂါရကို ညစ်ညမ်းသွားသည်။ သို့အတွက် သန္ဓာဂါရ ကို သန့်စင်အောင် ပြုလုပ်ရမည် ဖြစ်သည်။ ကျွန်နှင့် ကျွန်မပေါင်းများစွာတို့သည် နေရာများကို ဖုန်အညစ် အကြေးဆေးကြော၍ သန့်စင်အောင် ပြုလုပ်နေကြရလေသည်။ နှုတ်သီးကောင်းကျွန်မတစ်ဦးသည် ဆေးကြော နေစဉ် ကျွန်မသားဝိဒူဍဘကို အကြိမ်ပေါင်းရာ,ထောင် မြည်တွန်ကျိန်ဆဲ၍ နေလေသည်။

ဝိဒူဍဘ၏ စစ်သားတစ်ဦးသည် သူ၏လုံကို ယူသောအခါ သူသည် ကျွန်မ ဆဲရေးတိုင်းထွာနေ သည်ကို သေသေချာချာကြားခဲ့ရလေ၏။

တဖြည်းဖြည်း အကြောင်းအလုံးစုံသည် ဝိဒူဍဘ၏နားသို့ ပေါက်ကြားသွားလေ၏။ ဝိဒူဍဘသည် 'ကပိလဝတ္ထုကို သက္ကသုဉ်းသွားအောင် ပြုလုပ်မည်။'ဂု ဝိုင်းဖြတ်လိုက်လေသည်။ နောင်သောအခါ ဆုံးဖြတ်သည့်အတိုင်းလည်း လုပ်ပြလိုက်သည်။ သူအမျက်ဒေါသ၏ ဒုတိယလက်သည်မှာ သူအား ကျွန်မ သား ဖြစ်အောင်ပြုလုပ်သူ 'ပသေနဒီဘုရင်' ဖြစ်လေသည်။

ဒီဃကာရာယဏသည် မိမိ၏ဦးရီးတော်နှင့် ညီအစ်ကိုတော်ဝမ်းကွဲများ၏ သွေးကို မမှေရက်နိုင် ပေ။ ပသေနဒီဘုရင်ကလည်း ဇရာဝိုင်းသို့ ရောက်လာသည်ဖြစ်၍ သူ၏ ကျူးလွန်ချက်များအတွက် နောင်တပူပန်ပြီးလျှင်၊ ယုံကြည်ကိုးစားမှု, ထောက်ထားငဲ့ညှာမှုများကို အပြကြီး ပြချင်နေပေသည်။

တစ်နေ့သ၌ နေ့လယ်စာ ပွဲတော်တည်ပြီးသည့်နောက် ဘုရင်သည် ဗုဒ္ဓကို သတိ ရရှိလာလေ၏။ 'ယူဇနာအနည်းငယ် အကွာအဝေးရှိ သက္ကတို့၏ရွာတစ်ရွာ၌ သီတင်းသုံး နေထိုင်တော်မူသည်။'ဟု ကြားသိရသောကြောင့် ကာရာယဏနှင့် စစ်သည်အချို့ကို ခေါ်ပြီးလျှင် ဗုဒ္ဓသီတင်းသုံးရာသို့ ထွက်ခွာလာ ခဲ့လေ၏။

ဘုရင်သည် ဗုဒ္ဓ၏ကျောင်းတော်သို့ ဝင်ရောက်စဉ်ခဏ၌ မကိုင်ရ, သန့်လျက် စသော မင်းမြောက် တန်ဆာများကို ကာရာယဏ၏လက်ထဲတွင် အပ်နှံထားခဲ့သည်။

ကာရာယဏသည် ဝိဒူဍဘနှင့်ပေါင်းဆုံ၍ မိဖုရားကိုစွန့်ထားပြီးလျှင်၊ ဝိဒူဍဘကို ဘုရင်အဖြစ် ကြွေးကြော်တင်မြှောက်ကာ သာဝတ္ထိဘက်သို့ ထွက်ခွာလာခဲ့ကြသည်။

အချိန်ကြာမြင့်စွာ သြဝါဒဒေသနာတော်ကို နာကြားကြပြီးနောက် ပသေနဒီဘုရင်သည် အပြင်ဘက် သို့ ထွက်လာသည့်အခါ မိဖုရားကြီးက ရှိုက်ကြီးတငင်နှင့် ဖြစ်ကြောင်းကုန်စင်ကို ငိုကြွေးလျှောက်တင် လေ၏။

ထိုနေရာမှ ပသေနဒီသည် သူ၏သမက်တော် မဂဓဘုရင်ဆီက အကူအညီရယူဖို့ရန် ရာဇဂြိုဟ်ဘက်သို့ ထွက်လာခဲ့သည်။ ဇရာဒုဗ္ဗလအရွယ်၌ ရက်သတ္တပတ်ပေါင်းများစွာ ခရီးဆက်လိုက်သည်ဖြစ်သောကြောင့် ဘုရင်၏ကိုယ်ခန္ဓာသည် လမ်းခရီး၌ပင် အဖြေပေါ်ပြီး ဖြစ်နေပေပြီ။ ညနေချမ်း ရာဇဂြိုဟ်မြို့သို့ ချဉ်းကပ် မိသောအခါ၌ မြို့တံခါး ပိတ်ထားနှင့်ပြီ ဖြစ်နေတော့သည်။ ထိုညဉ့် တံခါးအပြင်ဘက်ရှိ တဲတစ်ခုအတွင်း၌ပင် ပသေနဒီသည် အသက် ပျောက်သွားရရှာတော့သည်။

နံနက်မိုးသောက်၌ မိဖုရား၏ငိုကြွေးသံကို ကြားရသောကြောင့် အဇာတသတ်နှင့် ဝဒီရာသည် ပြေးထွက်လာကြသည်။ သို့ရာတွင် အလောင်းကို ခမ်းနားကြီးကျယ်စွာ ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းမှတစ်ပါး သူတို့သည် အဘယ်အရာကို ပြုလုပ်နိုင်ကြအံ့နည်း။

ဤကား ဗန္ဓုလသွေး၏ တန်ပြန်ခြင်း ဖြစ်သည်။

ဤကား ကျွန်အဖြစ်,ကျွန်ဘဝကို စော်ကားမှု၏ အကျိုးဆက် ဖြစ်သည်။ ။

၁၀

နာဂဒတ္တ

နေရာ- အိန္ဒိယမြောက်ပိုင်း။
အချိန်- ခရစ်မပေါ်မီ ၃၃၅ နှစ်။

၁

"ကျွပ်တို့ဟာ သင့်လျော်မှုကို ဂရုပြုရမယ် ဝိဏ္ဍဂုတ္တ။ လူအဖြစ်နှင့် ကျွပ်တို့မှာ တာဝန်ဝတ္တရားများ ရှိကြတယ်။ သို့အတွက် ကျွပ်တို့ဟာ သင့်လျော်မှုကို သတိပြုရမယ်။"

"တာဝန်ဝတ္တရား-ဆိုတာ ဘာသာတရား မဟုတ်လား။"

"ကျွပ်က ဘာသာတရားကို 'အလိမ်အညာ'လို့ပဲ အောက်မေ့တယ်။ 'ဘာသာတရား'ဆိုတာ သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူစားသုံးနေကြတဲ့ လူတွေကို စိတ်ချလက်ချစားသုံးခွင့်ကို ပေးဖို့ရန်အတွက်သာ ဖြစ်တယ်။ ဘာသာတရားဟာ ဆင်းရဲသားကျောမွဲများနှင့် အားမဲ့သူတွေကို ဘယ်တုန်းကများ အမှတ်ရဖူးလို့လဲ။ ဘာသာတရားကို မယုံကြည် မကိုးကွယ်တဲ့ အမျိုးဇာတ်ရယ်လို့ ကမ္ဘာပေါ်မှာ မရှိဘူး။ ဒါပေမယ့် 'ကျေးကျွန်တွေဟာလည်း လူပဲ။'-ဆိုတဲ့အကြောင်းကို ဘာသာတရားက သတိရဖူးလို့လား။ ကျေးကျွန်တွေကို ထားလိုက်ပါဦး။ ကျေးကျွန်မဟုတ်တဲ့ မိန်းမသားများကို ကြည့်ပါဦး။ ဘာသာတရားဟာ အဲဒီမိန်းမသားတွေအပေါ်မှာ ဘယ်တုန်းကများ တရားမှု ပြုခဲ့ဖူးသလဲ။ ဥစ္စာပစ္စည်းရှိဖို့ပဲ လိုတယ်။ သင် မိန်းမ ၂ ယောက်, ၄ ယောက်, ၁၀ ယောက်, အယောက် ၁၀၀ ကို လက်ထပ်ယူနိုင်တယ်။ မိန်းမသားတွေဟာ ကျေးကျွန်တွေထက် ဘာမှ မပိုဘူး။ ဘာသာတရားက အဲဒါကို 'မှန်ကန်တယ်'လို့ ယူဆတယ်။ ကျွပ် 'သင့်လျော်မှု'လို့ ဆိုလိုတာက 'ဘာသာတရားနှင့် သင့်လျော်မှု'ကို ဆိုလိုတာ မဟုတ်ဘူး။ 'သင့်လျော်တယ်'လို့ ယူဆအပ်တဲ့ စင်ကြယ်သန့်ရှင်းတဲ့ 'လူ့စိတ်သဘော'ကို ဆိုလိုတာ။"

"ဒါဖြင့် 'လိုအပ်တဲ့အရာဟာ သင့်လျော်မှု ဖြစ်တယ်။'-လို့ ကျွပ်က ဆိုချင်တယ်။"

"အဲဒီလိုဆိုရင် 'သင့်လျော်မှု, မသင့်လျော်မှု' ဆိုတဲ့ ကွဲပြားခြားနားမှုလည်း ရှိတော့မှာ မဟုတ်ဘူး။"

"ကွဲပြားခြားနားမှု ရှိမှာပေါ့! မိတ်ဆွေ။ 'လိုအပ်တဲ့အရာ'လို့ ကျွပ်ဆိုလိုတာက တစ်ဦးတစ်ယောက်အတွက်သက်သက် လိုအပ်တဲ့အရာကို ဆိုလိုတာမဟုတ်ဘူး။"

"နည်းနည်းရှင်းပြီး ပြောပါဦး ဝိဏ္ဍဂုတ္တ။"

"ဒီ ကျွပ်တို့ တက္ကသိလာ ဂန္ဓာရကိုပဲ ကြည့်စမ်းပါဦး။ ကျွပ်တို့အတွက် ကျွပ်တို့ရဲ့လွတ်လပ်ရေးဟာ ဘယ်လောက်ချစ်မြတ်နိုးအပ်တဲ့ သင့်လျော်တဲ့အရာ ဖြစ်သလဲ။ သို့ပေမယ့် ကျွပ်တို့နိုင်ငံဟာ ရန်သူကြီးများကို ယှဉ်ပြိုင် ရင်မဆိုင်နိုင်လောက်အောင်ပဲ သေးငယ်နေတယ်။ ဘဒ္ဒ, အနောက်ဂန္ဓာရတို့လို ဂဏနိုင်ငံငယ်ကလေးများ ကျွပ်တို့ရဲ့အိမ်နီးချင်း ဖြစ်နေသေးသမျှ ကာလပတ်လုံး ကျွပ်တို့တစ်တွေ

ဟာ တော်တော်ကြာ ရန်ထဖြစ်လိုက်ကြ၊ တော်တော်ကြာ တည့်လိုက်ကြ ဖြစ်နေကြမှာပဲ။ သို့ပေမယ့် အကျိုးကျေးဇူးကတော့ လူအချို့ရဲ့ အသက် ပျောက်ပျက်ဆုံးရှုံးသွားတာပဲ အဖတ်တင်တယ်။ ကျုပ်တို့ရဲ့ လွတ်လပ်ရေးကို ယူငင်သိမ်းပိုက်ခြင်းတော့ မလုပ်ကြပါဘူး။ 'ဘာကြောင့်လဲ' ဆိုတော့ ဆူးများတဲ့အစာကို ကျေညက်အောင် ပြုလုပ်ဖို့ရန်ဟာ ဘယ်သူ့အတွက်မှ လွယ်ကူတဲ့ကိစ္စ မဟုတ်ဘူး။ သို့သော်လည်း ပါရသဝ (အိရန်)က အနောက်ဘက် အိမ်နီးချင်းလုပ်နေတော့ ကျုပ်တို့ရဲ့လွတ်လပ်ရေးဟာ သူတို့ရဲ့ ကရဏာပေါ်မှာပဲ မှီနေရတယ်။ ကျုပ်တို့ရဲ့လွတ်လပ်ရေးအတွက် 'ဘာလိုအပ်တယ်' မှတ်သလဲ။ ကျုပ်တို့လည်း ပါရသဝ (အိရန်)တွေလို အင်အားတောင့်တင်းအောင် လုပ်ရမယ်။''

''နောက်ထပ် အင်အားတောင့်တင်းအောင် ဘယ်လို လုပ်ရမလဲ။''

''ဂဏာဒီမိုကရေစီ နိုင်ငံငယ်ကလေးတွေဟာ ခရီးမရောက်ဘူး။ ကျုပ်တို့ဟာ သေးငယ်တဲ့ဇနပုဒ်များရဲ့ နေရာမှာ ကျယ်ပြန့်တဲ့နိုင်ငံကြီးကို တည်ထောင်ရမယ်။''

''အဲဒီ ကျယ်ပြန့်တဲ့နိုင်ငံကြီးမှာ သေးငယ်တဲ့ဇနပုဒ်များအတွက် ဘယ်လိုနေရာမျိုး ရပါ့မလဲ။''

''မိသားစုဆက်သွယ်ရေး သဘောထားမျိုးပေါ့။''

''ဒီဟာ မဖြစ်နိုင်တဲ့စကားပဲ ဝိဏ္ဍဂုတ္တ။ ကျွန်က သခင့်အပေါ်မှာ ဘယ်တုန်းက မိသားစုဆက်သွယ်ရေးသဘောမျိုးကို ထားဖူးလို့လဲ။''

''ဒါဖြင့် မိတ်ဆွေနာဒတ္တ။ နေရာရဖို့ရန်ဟာ အလိုဆန္ဒနှင့် သဘောထားပေါ်မှာ တည်တာ မဟုတ်ဘူး။ အရည်အချင်းပေါ်မှာ တည်တယ်။ အကယ်၍ တကွသိလာ-ဂန္ဓာရမှာ အရည်အချင်းရှိခဲ့လို့ရှိရင် အဲဒီကျယ်ပြန့်တဲ့နိုင်ငံကြီးမှာ ကြီးမြင့်တဲ့နေရာကို ရမယ်။ အရည်အချင်း မရှိရင်တော့ သာမညနေရာ။''

''ကျွန်နေရာပေါ့။''

''သို့ပေမယ့် မိတ်ဆွေ။ ဒါရယောရှိနိုင်ငံကြီးမှာ အနောက်ဂန္ဓာရ ရတဲ့နေရာမျိုးထက်တော့ ကျွန်နေရာက ဝိကောင်းပါလိမ့်ဦးမယ်။ ကဲ-ဒါဖြင့် ကျုပ်ဆေးကို ထားလိုက်ပါဦး။ ကျုပ်တို့တစ်တွေဟာ 'သေးငယ်တဲ့ ဇနပုဒ်ကလေးများအဖြစ်နှင့် မိမိတို့တည်တဲ့မှုကို ခိုင်မြဲအောင် မစွမ်းဆောင်နိုင်ဘူး။' ဆိုတာ သေချာနေတဲ့ အခုလိုအခါမျိုးမှာ ကျုပ်တို့ဟာ 'ကိုယ့်လွတ်လပ်ရေး တည်တဲ့ခိုင်မြဲမှုအတွက် ဘယ်လိုလုပ်ရမယ်။' ဆိုတာ မိတ်ဆွေကပဲ ပြောပါဦး။''

''ကျုပ်ပြောပြမယ် ဝိဏ္ဍဂုတ္တ။ ကျုပ်တို့ဟာ ကျုပ်တို့ရဲ့ ဂဏာလွတ်လပ်ရေးကို မြဲမြံတည်တဲ့ အောင်ပြုလုပ်ရမယ်။ ဘုရင်တစ်ဦးရဲ့လက်အောက်ခံ မပြုလုပ်ရဘူး။ ကျုပ်တို့ဟာ 'ဂဏာငယ်များအဖြစ်နှင့် ကိုယ့်လွတ်လပ်ရေးကို တည်တဲ့ခိုင်မြဲအောင် မထားနိုင်ဘူး။' ဆိုတာ ကျုပ်ယုံကြည်ပါတယ်။ သို့အတွက် ကျုပ်တို့ဟာ ဥတ္တရပထ (ပဲဂျတ်)မှာရှိတဲ့ ဂဏာအားလုံးရဲ့ သံဃ (ပြည်ထောင်စု)တစ်ခုကို ဖွဲ့စည်းတည်ထောင်ရမယ်။''

''အဲဒီ သံဃမှာ ဂဏာတိုင်း ဂဏာတိုင်းဟာ လွတ်လပ်မှု ရှိနေမှာလား။ သို့မဟုတ် အားလုံးရဲ့အပေါ်မှာ သံဃရဲ့အုပ်စိုးမှု ရှိနေမှာလား။''

''ကျုပ်အထင်တော့ ကျုပ်တို့ပုဂ္ဂိုလ်အားလုံးတွေရဲ့အပေါ်မှာ ဂဏ ရှိနေသလိုပဲ၊ ဂန္ဓာရ၊ ဘဒ္ဒ၊ မလ္လ၊ သိဝိ စတဲ့ ဂဏအားလုံးရဲ့အပေါ်မှာလည်း သံဃကို အသိအမှတ်ပြုထားရမယ်။''

''ဘယ့်နယ်လုပ် အသိအမှတ်ပြုအောင် လုပ်ရမလဲ။ ဂဏအပြင်ဘက် ရန်သူများကို ကာကွယ်ဖို့ရန်အတွက် ကျုပ်တို့ဟာ စစ်တပ်ကို ထားရမယ်။ အခွန်အတုတ်ကို ကောက်ရမယ်။''

''ကျုပ်တို့ ဂဏအတွင်းမှာရှိတဲ့လူတွေကို ပြုလုပ်ခိုင်းတဲ့နည်းအတိုင်း သံဃအတွင်းမှာရှိတဲ့ ဂဏများကိုလည်း ပြုလုပ်ခိုင်းနိုင်ပါတယ်။''

''ဂဏာအတွင်းမှာရှိတဲ့ ကျူပ်တို့ရဲ့ ရှေးယခင်အခါက စလာတဲ့ ဇနေ (လူစု) တစ်ခုဟာ သွေးတစ်သွေးတည်းရဲ့မိသားစု ဖြစ်တယ်။ အစမရှိတဲ့ကာလက စတင်ပြီး အဲဒီမိသားစုဟာ ဂဏာရဲ့ ထုံးတမ်းစဉ်းကမ်းတို့ကို ကျင့်သုံးလိုက်နာခဲ့တာဟာ ကျင့်သားရနေပြီ။ အခု 'ဂဏာရဲ့ သံဃ'ဆိုတာကတော့ ခုမှပေါ်တဲ့ ရွှေကြာပင် ဖြစ်လိမ့်မယ်။ သံဃမှာ သွေးစပ်မှုမရှိတဲ့အပြင်၊ သွေးပဋိပက္ခဖြစ်မှုဟာ အစမထင်တဲ့ကာလက စလာတာ ဖြစ်တော့၊ ကျူပ်တို့ဟာ သံဃစည်းကမ်းဥပဒေများကို ဘယ်လိုလုပ်ပြီး လိုက်နာအောင် ပြုလုပ်နိုင်ပါ့မလဲ မိတ်ဆွေ။ အကယ်၍ မိတ်ဆွေဟာ ဒီကိစ္စကို လက်တွေ့သဘောအားဖြင့် စဉ်းစားဆင်ခြင် ကြည့်မယ်ဆိုရင် မိတ်ဆွေ ဒီလို ဘယ်တော့မှ ပြောမှာမဟုတ်ဘူး။ သံဃရဲ့အကြောင်း၊ သံဃရဲ့ဥပဒေကို ဂဏာက မလိုက်နာ မနေရအောင် အတင်းပြုလုပ်ခံရတဲ့ အခါမျိုးကျမှ လိုက်နာမှာပဲ။ အဲဒီ မလိုက်နာမနေရအောင် အတင်းပြုလုပ်ရမယ့် သတ္တိစွမ်းအားမျိုး ဘယ်က လာပါ့မလဲ။''

''ကျူပ်သဘော ပြောရရင်တော့ အဲဒီသတ္တိစွမ်းအင်မျိုးကို အတွင်းကပဲ ဖြစ်ပေါ်လာအောင် လုပ်ရမယ်။''

''ကျူပ်ပြောမယ်။ 'အတွင်းက ဖြစ်ပေါ်လာမယ်။'ဆိုရင်တော့ ကောင်းခြင်းပေါ့။ သို့ပေမယ့် ပါရသဝ (အိရန်) တွေရဲ့ဒဏ်ကို အကြိမ်များစွာ ခံနေရပြီဖြစ်လို့ အဲဒီလိုသတ္တိစွမ်းအားမျိုး 'အတွင်းကတင် ဖြစ်ပေါ်လာအောင် မလုပ်နိုင်ဘူး။'ဆိုတာ ကျူပ် မြင်တွေ့ရပြီ။ သို့အတွက် ကျူပ်တို့ဟာ ဖြစ်တဲ့နည်းနှင့် အဲဒီလိုသတ္တိစွမ်းအားကို ဖြစ်ပေါ်လာအောင် ပြုလုပ်ရမယ်။''

''ဘုရင်ကို လက်ခံပြီးတော့လား။''

''တကွသိလာ တစ်ခုတည်းတွင်မဟုတ်ဘဲ တကွသိလာ၊ ဂန္ဓာရတို့လို ဇနပုဒ်ပေါင်းများစွာရဲ့ ဇကရာဇ် စကြဝတေးကို လက်ခံလိုက်မယ်ဆိုရင် အကျိုးယုတ်မှာ မဟုတ်ပါဘူး။''

''ဒါဖြင့် ပါရသဝ ဒါရယောရှ်ကိုပဲ ဘုရင်အဖြစ် အသိအမှတ်ပြုလိုက်ပါလား။''

''ပါရသဝ ဒါရယောရှ်က ကျူပ်တို့ဘုရင် မဟုတ်ဘူး။ ကျူပ်တို့က 'ဇမ္မူဒိပ်သား'ဆိုတာ မိတ်ဆွေကိုယ်တိုင် သိတယ်။''

''ဒါဖြင့် နန္ဒကိုကော။''

''အကယ်၍ ကျူပ်တို့ ဥတ္တရပထ (ပဲဂျတ်) မှာရှိတဲ့ ဂဏာအားလုံးရဲ့သံဃကို မတည်ထောင်နိုင်ဘူးဆိုရင် ကျူပ်တို့ဟာ နန္ဒကို လက်ခံရေးမှာလည်း ဝိတ်ပင်တားမြစ် မနေသင့်ဘူး။ အနောက်ဂန္ဓာရလို ဒါရယောရှ်ရဲ့ကျွန် ဖြစ်နေတာက ကောင်းသလား။ သို့မဟုတ် ကိုယ့်ဇမ္မူဒိပ်ကျွန်းသား စကြဝတေးရဲ့ လက်အောက်ခံအဖြစ်နှင့် နေရတာကပဲ ကောင်းသလား။''

''ဝိဏှုဂုတ္တ။ မိတ်တွေက ဘုရင်အုပ်ချုပ်တဲ့နိုင်ငံကို မတွေ့ဖူးသေးဘူး။ တွေ့ဖူးရင်လည်း အဲဒီနိုင်ငံတွေမှာ လူများစုဟာ 'ကျေးကျွန်ထက်ပိုပြီး အခြေအနေမသာဘူး။'ဆိုတာ သိရမှာပဲ။''

''ကျူပ် ဝန်ခံပါတယ်။ ကျူပ် အနောက်ဂန္ဓာရကလွဲပြီး ဘယ်ဘုရင်ရဲ့နိုင်ငံမှာမှ ခြေမချဖူးဘူး။ နိုင်ငံတကာ လှည့်လည်လိုတဲ့ စိတ်ဆန္ဒကတော့ ကျူပ်မှာ ရှိပါတယ်။ ကျူပ်က မိတ်ဆွေလို ကြိုကြားကြိုကြားမှာ ဖြတ်ဖြတ်ပြီး ဟိုစပ်စပ်သည်စပ်စပ် လှည့်လည်မယ့်အစား ပညာသင်ကြားမှုကို အဆုံးသတ်ပြီး တော့မှ တစ်ခါတည်း လှည့်လည်လိုစိတ် ရှိတယ်။ သို့ပေမယ့် အဲဒီလို လှည့်လည်လိုက်တဲ့အတွက် နိုင်ငံခြားသားများရဲ့ စက်ဆုပ်ဖွယ်ကျွန်အဖြစ်မှ ရှောင်ဖယ်လိုလို့ရှိရင် ကျူပ်တို့ဟာ 'ကျဉ်းမြောင်းသေးငယ်တဲ့ နှယ်ခြားသတ်မှတ်ချက်ကို ချိုးဖောက်ပစ်ရမယ်။'ဆိုတဲ့ ကျူပ်ရဲ့ထင်မြင်ချက်မှာတော့ ဘယ်လို ထူးခြားပြောင်းလဲချက်မှ ပေါ်မလာနိုင်ပါဘူး။ ကိုရေရှ်နှင့် ဒါရယောရှ်တို့ရဲ့ အောင်မြင်မှုသော့ချက်ဟာ အဲဒီဟာပဲ။''

တစ်ကြိမ်တစ်ခါလောက်
မိမိကိုယ်ကို ကြီးကျယ်တဲ့နိုင်ငံရဲ့လက်ထဲကို
အပ်လိုက်လို့ရှိရင် အဲဒီလက်ထဲက
တစ်ဖန် ပြန်ပြီးလွတ်မြောက်ဖို့ဟာ
အင်မတန်မှ ခဲယဉ်းတော့တာပဲ။''

''သူတို့ ဘယ်လောက် အောင်မြင်မှုရတယ်ဆိုတာ ကျွပ် အနီးက ကပ်ကြည့်ချင်တယ်။''

''အနီးက။ ဟုတ်လား။''

''ဟုတ်တယ်။ ကျွပ်ဟာ အရှေ့ဘက်မှာ မဂဓအထိ တွေ့မြင်ပြီးပြီ။ ကျွပ်တို့ရဲ့အရှေ့ ဂန္ဓာရ (တက္ခသိလာ)နှင့် နွိုင်းစာရင် နရက် ငရဲသက်သက်ဖြစ်နေတဲ့ နန္ဒရဲ့နိုင်ငံကို မြင်ပြီးပြီ။ ဆင်းရဲသားငမဲတွေကို နှိပ်စက်ဖို့ရန်အတွက် အင်အားတောင့်တင်းတာကတော့ အမှန်ပါပဲ။ သို့ပေမယ့် ပင်ပင်ပန်းပန်း အလုပ် လုပ်ရတဲ့လူများ, လယ်သမား, အလုပ်သမား, ကျေးကျွန်များဟာ ဘယ်လောက် အတိဒုက္ခရောက်နေကြတယ် ဆိုတာတော့ ပြောကို ပြောမပြနိုင်ပါဘူး။''

''အဲဒီလိုဖြစ်တာဟာ နန္ဒရဲ့နိုင်ငံမှာ တက္ခသိလာတို့လို ဇာတိမာန်ရှိတဲ့လွတ်လပ်ရေးကို ချစ်မြတ်နိုးတဲ့ ဂဏတစ်ခုခု မပေါင်းဆုံမသေးလို့ပါ။''

''ပေါင်းဆုံမိပြီကော ဝိဏှုဂုတ္တ။ လိစ္ဆဝီတို့ရဲ့ဂဏဟာ ကျွပ်တို့ဂန္ဓာရထက်တောင် အင်အားတောင့်သေးတယ်။ သို့ပေမယ့် အခုတော့ ဝေသာလီဟာ မဂဓရဲ့ကျွန်သပေါက် ဖြစ်နေပြီ။ လိစ္ဆဝီလူမျိုးဟာ မဂဓအမဲလိုက်မုဆိုးရဲ့ အားကောင်းမောင်းသန်တဲ့ခွေး ဖြစ်နေပြီ။ အဲဒီအဆင့်အတန်းထက် ဘာမှ မပိုတော့ဘူး။ ဝေသာလီကို သွားပြီး ကြည့်စမ်းပါ။ တိမ်ကောစ ပြုနေပြီ။ လွန်ခဲ့တဲ့ နှစ် ၁၅၀ အတွင်းမှာ ဝေသာလီလူဦးရေဟာ ၃ ပုံ ၁ ပုံတောင် မကျန်တော့ဘူး။ ရာစုနှစ်ပေါင်း မြောက်မြားစွာက သိမ့်မိုးစုဆောင်းလာခဲ့တဲ့ လွတ်လပ်ရေးစိတ်ဓာတ်တို့, ဇာတိမာန်စိတ်ဓာတ်တို့ဟာ ယခုအချိန်အခါမှာဆိုရင် မဂဓဘုရင်ရဲ့ သတ္တိကောင်း စစ်သားလုပ်ဖို့ရာအတွက် သိပ် အသုံးကျနေကြတယ်။ တစ်ကြိမ်တစ်ခါလောက် မိမိကိုယ်ကို ကြီးကျယ်တဲ့နိုင်ငံရဲ့လက်ထဲကို အပ်လိုက်လို့ရှိရင် အဲဒီလက်ထဲက တစ်ဖန် ပြန်ပြီးလွတ်မြောက်ဖို့ဟာ အင်မတန်မှ ခဲယဉ်းတော့တာပဲ။''

''မိတ်ဆွေ နာဂဒတ္တ။ ကျွပ်လည်းပဲ တစ်ခါတုန်းက မိတ်ဆွေလိုပဲ ကြံစည်စဉ်းစားခဲ့ဖူးတာပဲ။ သို့ေမယ့် အခုတော့ 'သေးတဲ့ဂဏများရဲ့ခေတ်ဟာ ကုန်သွားပြီ။' လို့ ကျွပ် ထင်တယ်။ ပြီးတော့ ကြီးကျယ်တဲ့ဂဏ၊ သို့မဟုတ် သံဃကို တည်ထောင်ဖို့ရာ ဆိုတာကလည်း အိပ်မက်သက်သက်ပဲ။ ဒါကြောင့်မို့ ကျွပ်က အချိန်သမယရဲ့လိုအပ်ခြင်းကို 'သင့်လျော်မှု' လို့ ဆိုတာ။ ကဲ-အခု 'အနောက်ဘက်မှာ ဘယ်လို အသင့်ပြင်ဆင်မှုရှိတယ်။' ဆိုတာ ပြောပါဦး။''

''ဟုတ်တယ်။ ပထမဦးစွာ ပါရသဝ(အိရန်) တွေရဲ့ဒေသကို ကြည့်ချင်တယ်။ ပြီးတော့ ဖြစ်နိုင်ခဲ့လို့ရှိရင် ယဝန (ဂရိစ်)တို့ကိုလည်း ကြည့်ချင်တယ်။ ကျွပ်တို့လိုပဲ သူတို့မှာလည်း ဂဏများ ရှိကြတယ်။ သူတို့ဟာ ဘယ်လိုလုပ်ပြီး ဒါရယောရှ်နှင့် သူ့အဆက်အနွယ်တွေကို 'အကြိုအစည်ထမြောက်အောင် မြင်ခွင့် မပေးကြသလဲ။' ဆိုတာကို မျက်စိနှင့် ကြည့်ရမယ်။ အဲဒါကို ကျွပ်ကိုယ်တိုင် မျက်စိနှင့် ကြည့်ချင်တယ်။''

''ကျွပ်လည်းပဲ အရှေ့ဘက်ကိုထွက်မယ် မိတ်ဆွေ။ မဂဓမှာ ဇမ္မူဒိပ်တစ်ကျွန်းလုံးကို တစ်ခုတည်းလုပ်ဖို့ 'ဗွမ်းရည်သတ္တိ ရှိသလား, မရှိဘူးလား။' ဆိုတာ သွားကြည့်မယ်။ ကဲ-ကျွပ်တို့ သွားကြမယ်။

ပညာသင်ကြားမှုကို အဆုံးသတ်ပြီးတော့ စီးပွားရှာမှု, အိမ်ထောင်လုပ်ကျွေးမွေးမှုကို ပြုလုပ်မယ့်အစား ဒီအလုပ်ကိုပဲ လုပ်ကြစို့။ သို့ပေမယ့် မိတ်ဆွေ ဆေးပညာကို သင်ကြားထားတာ သိပ်နေရာကျတာပဲ။ ကျွန်တော့် နောင်တ ရနေတယ်။ ခရီးလှည့်လည်မယ့် လူများအတွက် ဒီအတတ်ပညာဟာ အလွန်တရာ ကျေးဇူးများတဲ့ အတတ်ပညာပဲ။"

"မိတ်ဆွေကလည်း အဲဒီပညာထက် ကျေးဇူးများတဲ့ နက္ခတ်ဗေဒင်ပညာတို့, လက္ခဏာပညာတို့, အင်းအိုင်မန္တရားပညာတို့ တတ်ထားတဲ့ဟာပဲ။"

"အဲဒီအတတ်ပညာတွေဟာ 'အညာပညာတွေ' ဆိုတာ မိတ်ဆွေလည်း အသိသားပဲ။"

"ဝိဇ္ဇာဂုဂ္ဂတ္တစာဇာကျအတွက်ကတော့ အလိမ်အညာပညာ ဖြစ်ဖြစ်, မလိမ်မညာတဲ့ပညာ ဖြစ်ဖြစ် အဝိုပါပဲ။ သူ့အတွက်က လိုအပ်တဲ့အရာဟာ သင့်လျော်တာပါပဲ။"

ဤကား ငယ်စဉ်တောင်ကျေး ကလေးဘဝကပင်စတင်၍ ကစားဖက်ဖြစ်လာကြသော တက္ကသိလာသား နာဂဒတ္တကာဟျန့် ဝိဇ္ဇာဂုဂ္ဂတ္တစာဇာကျတို့၏ ကျောင်းသားဘဝနှင့် နောက်ဆုံးပိတ် တွေ့ဆုံခြင်းပင် ဖြစ်သည်။ တစ်ကြိမ်မက ပါရသဝတို့၏လက်တွင်းသို့ သက်ဆင်းကျရောက်သွားသော တက္ကသိလာ၏ လွတ်လပ်ရေးကို ကယ်တင်ဖို့ရန်အတွက် ၂ ဦးသားသည် ကိုယ့်အယူအဆ, ကိုယ့်အကြံအစည်အားလျော်စွာ နည်းလမ်းတစ်ခုကို ရှာဖွေနေကြသည်။

၂

၄ ဘက် ၄ တန့်၌ သစ်ပင်ဝါးပင် ဆိတ်သုဉ်းလျက်ရှိသော တောင်ကတုံးများ ရှိကြသည်။ ထို တောင်ကတုံးများတွင် စိမ်းစိမ်းစိုစိုတွေ့လိုတွေ့ငြား မျက်စိပေါင်းများစွာသည် ငေးမျော်ကြည့်ရှုနေကြသည်။ တောင်များ၏အကြား၌ ရေနှင့် သစ်ပင်၏အရိပ်အရောင် တစ်နေရာရာတွင် တွေ့ဖို့ရန် ခဲယဉ်းသည့် ကျယ်ပြန့်သော်လျှိုမြောင် ရှိလေသည်။ ထိုလျှိုမြောင်၏ဘေးနား၌ ခရီးသွားကုန်သည်အုပ်စုများ၏ လမ်းဖောက်ထားသည်။ ထိုလမ်း၌ ခရီးသည်များ အစဉ်မပြတ် အသွားအလာရှိနေ၍ ခရီးသွားကုန်သည်များနှင့် ၄င်းတို့၏ ကျဲ, နွားတိရစ္ဆာန်များ တည်းခိုနားနေရန်အတွက် ခရီးသည်ရိပ်သာများကို ဆောက်လုပ်ထားကြသည်။ အနီးအနားပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်လျှင်၊ 'ဤခရီးသည်ရိပ်သာများ၌ စိတ်နှစ်သိမ့်ဖွယ်ရာ အမျိုးမျိုးရှိလိမ့်မည်။' ဟု မမျှော်လင့်ရပေ။ ဘယ်ဆီဘယ်ဒေသက ဤမျှလောက်သော ပစ္စည်းများသည် ဤသဲကန္တာရ၌ လာ၍ ပေါ်ပေါက်နေကြသည် မသိပေ။

ခရီးနားသည့်စခန်းများ၌ ခရီးသည်ရိပ်သာများ တစ်ခုမက ရှိကြသည်။ ၄င်းတို့အနက် အချို့သည် သာမန်မင်းမှထမ်းနှင့် စစ်သားများအတွက် ဖြစ်၍၊ အချို့မှာ ကုန်သည်များအတွက် ဖြစ်သည်။ ထိုမှတစ်ပါး ဘုရင့်အတွက် အနည်းဆုံး ပြာသာဒ်ဆောင်တစ်ခုလည်း ရှိသည်။ ထိုပြာသာဒ်ဆောင်၌ ဘုရင်နှင့် မဟာသေးမဟာနွယ်များ တည်းခိုနေကြသည်။

ယနေ့ ဤစခန်းရှိ ခရီးသည်ပြာသာဒ်၌ တစ်စုံတစ်ဦးသည် စတည်းချနေသည်။ ပြာသာဒ်ဆောင်၏ မြင်းစောင်း၌ မြင်းများ ချည်နှောင်ထား၍၊ ပြာသာဒ်ဝင်းထဲ၌ အစေအပါး မင်းခစားများကို အများအပြား တွေ့ရသည်။ သို့ရာတွင် အားလုံး၏မျက်နှာကား မကြည်မသာ ဖြစ်နေကြသည်။ ဤမျှလောက် လူများများပြားနေသော်လည်း ခရီးသည်ပြာသာဒ်ဆောင်၌ ထူးခြားဆန်းကြယ်သည့် တိတ်ဆိတ်ငြိမ်သက်မှု လွှမ်းမိုး၍ နေသည်။

ထိုအခိုက် ဝင်းတံခါးဝ၌ မျက်နှာညိုးငယ်လျက် ရှိကြသော မင်းချင်းယောကျ်ား ၃ ဦးသည် ထွက်လာခဲ့ပြီးလျှင် သာမန်အရပ်သားများ၏ ခရီးသည်ရိပ်သာများထဲသို့ ဝင်သွားကြလေ၏။

၄င်းတို့၏ အဖိုးထိုက်တန်လှသည့် ဝတ်ကောင်းစားကောင်းများနှင့် တည်ကြည်ရင့်ကျက်သည့် မျက်နှာထားများကို တွေ့ရ၍၊ သူတို့သည် ကြောက်ရွံ့ခြင်း, လေးစားခြင်းနှင့်တကွ တစ်ဘက်သို့ ရှဲ၍ ရပ်နေကြသည်။

''သည်မှာ ဆေးဆရာ ရှိသလား။'' ဟု သူတို့က မေးကြသည်။ နောက်ဆုံး၌ 'သာမန် အရပ်သား များ၏ ခရီးသည်ရိပ်သာ၌ ဟိန္နူဆေးဆရာတစ်ဦး တည်းခိုနေသည်။' ဟု သတင်းထောက်လှမ်း ရရှိလေ၏။

ထိုအရပ်ဒေသ၌ မိုး အလွန်ပါးလေသည်။ မိုးပါးရသည့်အထဲ မိုးဥတု လွန်လာခဲ့သည်မှာလည်း အချိန်ကြာမြင့်ခဲ့ပြီ။ သစ်သော့, စပျစ်, ဖရဲ စသောသစ်သီးများကို ဤခရီးသည်ရိပ်သာ၌ ဈေးပေါပေါနှင့် ရောင်းချလျက် ရှိကြသည်။

မင်းချင်းယောကျ်ား ဆေးဆရာ၏ရှေ့မှောက်သို့ ရောက်သွားသောခဏ၌ ဆေးဆရာသည် ဖရဲသီး ကြီးတစ်လုံးကို ခွဲ၍ စားနေလေ၏။ သူ့အနား၌ သူ့လိပင် သူတောင်းစားအသွင်ပေါက်နေသော အိရုန် များလည်း အများအပြားပင် ထိုင်နေကြသည်။ ၄င်းတို့၏ရှေ့တွင်လည်း ဖရဲသီးများကို ချထားကြလေသည်။

မင်းချင်းယောကျ်ား လာသည်ကိုတွေ့ရ၍၊ သူတောင်းစားများသည် ထိတ်ထိတ်ပျာပျာနှင့် ခြေဦး တည့်ရာ ပြေးကပ်၍ ရပ်နေကြလေ၏။ လူတစ်ယောက်က ထိုနေရာ၌ရပ်နေသည့် လူတစ်ဦးဘက်သို့ သက်ညှိုးညွှန်၍ ပြောပြသည်။

''သခင်။ 'ဟိန္နူဆေးဆရာ' ဆိုတာ သူပါ။''

ဆေးဆရာ၏ ညစ်နွမ်းသောအဝတ်အစားများကို တွေ့ရ၍ မင်းချင်းယောကျ်ားသည် ပထမသော် မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် မင်းချင်းယောကျ်ားသည် ဆေးဆရာ၏မျက်နှာကို လှမ်းကြည့် လိုက်သည်။ မျက်နှာကား ထို ညစ်နွမ်းသောအဝတ်အစားများနှင့် မလျောက်ပတ်ပေ။ မျက်နှာ၌ ကြောက် လန့်ခြင်း, ရိုကျိုးခြင်းအမူအရာလည်း ပေါ်မနေရပေ။ ထို ညှိုးငယ်သောမျက်လုံးများမှ ထိုးထွက်လျက်ရှိ သောအရောင်များသည် မင်းချင်းယောကျ်ား၏အပေါ်၌ ထိခိုက်စူးရှသွား၏။ မင်းချင်းယောကျ်ား၏ တွန့် လျက်နေသောနဖူးသည် ပြေပျောက်သွားပြီးနောက် သိမ်မွေ့ယဉ်ကျေးသည့်အသံမျိုးဖြင့် မေးလိုက်သည်။

''အသင် ဆေးဆရာလား။''

''ဟုတ်ပါတယ်။''

''ဘယ်ကလဲ။''

''တက္ကသိုလ်က''

'တက္ကသိုလ်' ဟူသောအသံကို ကြားလိုက်ရ၍ မင်းချင်းယောကျ်ားသည် သာ၍ ပျော့ပျောင်း သွားပြီးလျှင် ဆက်၍ ပြောပြန်သည်။

''ကျုပ်တို့နယ်စားကြီး။ ဝက္ခသောဒနယ်စားကြီးရဲ့ ကြင်ရာ, ဘုရင်မင်းတရားကြီးနှင့် နှမတော် မမာမကျန်း ဖြစ်နေပါတယ်။ အသင် ကုသနိုင်ပါ့မလား။''

''ဘာဖြစ်လို့ မကုသနိုင်ရမှာလဲ။ ကျုပ် သမားပဲဟာ။''

''သို့ပေမယ့် သင့်ဒီအဝတ်တွေ။''

''အဝတ်က ဆေးကုတာမှ မဟုတ်ဘဲ။ ကျုပ်ကသာ ဆေးကုမှာ။''

''သို့ပေမယ့် သင့်အဝတ်တွေက သိပ်ညစ်နွမ်းနေတယ်။''

''ဒီနေ့ ဒီအဝတ်ကို လဲမလို့ပါပဲ။ ခဏလောက် ဆိုင်းပါဦး။''

ဤသို့ပြော၍ ဆေးဆရာသည် ဖွပ်လျှော်ထားသော ယခင်အဝတ်ထက် အနည်းငယ်သာလျှင် ပို၍ ဖြူသည့် သိုးမွေးအင်္ကျီရှည်ကြီးကို ဝတ်ပြီးလျှင်၊ လက်ထဲတွင် ဆေးထုပ်များ ပြည့်နှက်လျက်ရှိသော သားရေ အိတ်တစ်ခုကို ဆွဲ၍ မင်းချင်းယောကျ်ားနှင့် အတူလိုက်လာခဲ့လေ၏။

'ခရီးသည်ရိပ်သာ'ဟု ဆိုရင်ငြားလည်း ထိုဝင်းထဲ၌ မြင်းချေးလည်း မရှိပေ။ သူတောင်းစားတို့၏ အိပ်ရာအစုတ်အပဲ့များကိုလည်း မတွေ့ရပေ။ ထိုအဆောက်အဦ၌ နေရာတကာတွင် သန့်ပြန့်စင်ကြယ်၍ နေသည်။ အပေါ်သို့တက်သည့် လှေကား၌ ရောင်စုံကော်ဇောများကို ခင်းထားသည်။ လှေကားလက်ရန်းတွင် ခြူးပန်းခြူးနွယ်များ ထွင်းထုပြုလုပ်ထားသည်။

အိမ်ထဲတွင်လည်း ထိုနည်းအတူပင် ကြမ်းပြင်၌ အဖိုးထိုက်တန်သည့် ကမ္မလာကော်ဇောကြီးများကို ခင်းထား၍ တံခါးများတွင်ကား နူးညံ့ပျော့ပျောင်းသည့် ခါသာခန်းဆီးများကို ကာရံထားသည်။ ထိုတံခါးများအနီး၌ ကျောက်ဖြူရုပ်ကဲ့သို့ လူပ်ရှားခြင်းမရှိသော အလှမယ်များသည် ငြိမ်သက်စွာ ရပ်၍နေကြသည်။

တံခါးတစ်ခုသို့ ရောက်သွားသောအခါ မင်းချင်းယောကျ်ားသည် ဆေးဆရာအား ရပ်တဲ့နေရန် ညွှန်ကြား၍၊ အလှမယ်တစ်ဦး၏အနားသို့ ကပ်၍ ပြောလိုက်လေ၏။ အလှမယ်က တံခါးကို အလွန်ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ အထဲ၌ကာရံထားသော တင်းထိမ်များကြောင့် အခန်းထဲတွင် ဘာကိုမျှ မမြင်မတွေ့ရပေ။ တစ်ခဏအတွင်းမှာပင် အလှမယ်သည် ပြန်ထွက်လာပြီးလျှင် ဆေးဆရာကို သူနှင့်အတူ လိုက်ခဲ့ရန် ပြောလေ၏။

အခန်းတွင်းသို့ ဝင်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ဆေးဆရာသည် သင်းပျံ့သောရနံ့ဖြင့် တစ်ခန်းလုံးထုံသင်းကြိုင်လှိုင်နေသည်ကို တွေ့ရသည်။ ထို့နောက် သူသည် ပတ်ဝန်းကျင်ကို ရုတ်တရက် မျက်စိကစားကြည့်လိုက်၏။ ထိုအခန်း၌ ခင်းကျင်းပြင်းဆင်ထားသည်မှာ အံ့သြဖွယ်ရာကောင်းလှသည်။ ကော်ဇော, ကန့်လန်းကာ, မှိအုံး, မီးတိုင်, အရုပ်ကား, ရုပ်တု အားလုံးပင် ဆေးဆရာ ယနေ့အထိ တစ်ခါဖူးမျှ မတွေ့မမြင်ဖူးသောအရာများ ဖြစ်ကြသည်။ ရှေ့ဘက်၌ နူးညံ့ပျော့ပျောင်းသောဗုံတစ်ခု ခင်းထားသည်။ ထိုဗုံထက်၌ နံရံကိုကပ်၍ မှိအုံး ၂ ခု-၃ ခု ချထားသည်။

ထိုမှိအုံးများအနက် မှိအုံးတစ်ခုကိုမှီ၍ အသက်အရွယ်အလယ်အလတ် လူဝဝတစ်ဦး ထိုင်နေလေသည်။ နားသို့အထိ ပြန့်၍နေသော ရှည်လျားသည့် သူ၏ ဇော်ဂျီရောင်ပါးသိုင်းမွေးများ၌ အချို့မှာ ဖြူစစဖြစ်နေကြလေပြီ။ သူ၏ ဗျော့တော့သောမျက်လုံးကြီးများထဲ၌ အလွန်အရှိန်ပြင်းပြသည့် စိတ်သောကဓ၏ အရိပ်သည် ပေါ်ထင်လျက် ရှိနေသည်။

ထိုအလှမယ်၏ အဆင်းသည်သာလျှင် ထောပတ်ဖြူနှင့်တူသည် မဟုတ်ပေ။ သူ၏ ဟန်အမူအရာမှာလည်း ထောပတ်မသာအောင်ပင် ပျော့ပျောင်းနူးညံ့လှသည်။ သူ၏ ဖြူဖွေးသောပါးပြင်၌ ထင်နေသည့် နီကျင်ကျင် အရောင်အသွေးကလေးမှာ ယခုအခါတွင် ခပ်မှိန်မှိန်ဖြစ်နေရှာသည်။ သူ၏ ပါးလွှာသော နှုတ်ခမ်းများမှ တောက်ပြောင်၍နေသော အနီရောင်ကလေးများသည် ကျေးနှုတ်သီးနှင့် ဥပမာ မပေးအပ်ပေ။ သူ၏ လေးကိုင်း သဏ္ဌာန်ရှိ မျက်ခုံးများ၌ ဝါဖျော့ဖျော့မျက်ခုံးမွေးများ ရှိကြသည်။ အောက်ဘက်၌ကား နားများအနီးသို့ အထိ ရောက်၍နေသော ရှည်လျားသွယ်လျသည့် မျက်တောင်များ ရှိသည့် ညိုပြာသော မျက်လုံးများမှာ နီရဲမို့မောက်၍ နေကြသည်။ သူ၏ဦးခေါင်း၌ကား သေးသွယ်သည့် ရွှေချည်မျှင်များကို စုစည်း၍ ဆင်ယင် ထားသလား။-ဟု အောက်မေ့ရသည်။ သူ၏ကိုယ်ပေါ်၌ လက်မောင်းတစ်ခုလုံးဖုံးလွှမ်းသော အစိမ်းရောင် ခါသာအင်္ကျီကို ဝတ်ထား၍ အောက်ပိုင်းတွင်ကား အနီရောင် ခါသာဘောင်းဘီပွကို ဝတ်ထားလေသည်။ ထိုပျော့ပျောင်းလှပသည့် ကိုယ်ကာယပေါ်၌ရှိသော ပတ္တမြား, ပုလဲတန်ဆာများမှာ 'အလေးဝန်ထုပ်သက်သာ ဖြစ်၏။'-ဟု ထင်မှတ်ရသည်။

၄င်းတို့ ၂ ဦးအပြင် အခန်းတွင်း၌ အခြား မြောက်မြားစွာသောအလှယမင်းများလည်း ရပ်နေကြသည်။ သူတို့၏မျက်နှာနှင့် ညွှတ်ပျောင်းသည့် အမူအရာကို ကြည့်ရခြင်းအားဖြင့်၊ 'သူတို့သည် နယ်စားကြီး၏ နန်းတွင်းဆောင်မှ ကိုယ်လုပ်တော်များ ဖြစ်ကြ၏။'ဟု ဆေးဆရာသည် တစ်မုဟုတ်ချင်း ရိပ်မိသွားသည်။

နယ်စားဖြစ်သူယောကျ်ားသည် ဆေးဆရာကို ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်လိုက်၏။ သို့ရာတွင် ဆေးဆရာ၏ ညိုပြာသောမျက်လုံးများသည် နယ်စားအကြည့်ကို မိမိဘက်သို့ ဆွဲညှိုထားလိုက်သည်။

'အကယ်၍ ငါသည် ငါ့အဝတ်အစားများကို အခု ဝတ်ဆင်ပေးလိုက်လို့ရှိလျှင် သူဟာ ပရသုပူရီ (ပရီဆေ ဝိလီ)က အလှဆုံးအချောဆုံးလူလင်များတွင် တစ်ဦးအပါအဝင် ဖြစ်မှာပဲ။' ဟု နယ်စားသည် မှန်းကြည့်လိုက်သည်။ ပြေပြစ်သောအသံဖြင့် နယ်စားက မေးလိုက်သည်။

''အသင် တက္ကသို လ်က ဆေးဆရာလား။''

''မှန်ပါတယ် အရှင်။''

''ကျွန်ုပ်ရဲ့ကြင်ရာ မမာမကျန်းဖြစ်နေပါတယ်။ မနေ့ကစပြီး သူ့အခြေအနေဟာ အတော်ပဲ စိုးရိမ်နေရပါတယ်။ ကျွန်ုပ်သမားတော် ၂ ဦးရဲ့ ဆေးစွမ်းကလည်း ဘာမျှမပြဘဲ ဖြစ်နေပါတယ်။''

''ကျွန်ုပ် အရှင်ရဲ့ကြင်ရာတော်ကို တွေ့မြင်ပြီးတဲ့အခါ အရှင်ရဲ့သမားတော်များနှင့် တွေ့ဆုံစကား ပြောလိုပါတယ်။''

''သူတို့ ဒီကို လာကြပါလိမ့်မယ်။ ကဲ-အထဲကို သွားကြစို့။''

ဖြူဖွေးနေသောအခန်းတွင်းမှ ဖြူဖွေးနေသည့်တင်းထိမ်ကို လှစ်လိုက်ရာ အတွင်းဘက်ကို သွားသည့် တံခါးကို တွေ့ရသည်။ နယ်စားကြီးနှင့် ၁၆ နှစ်ရွယ်အလှမယ်သည် ရှေ့မှ သွားကြသည်။ သူတို့၏နောက်မှ ဆေးဆရာက လိုက်သည်။

အတွင်းဘက်၌ ဆင်စွယ်ခြေထောက်နှင့် သလွန်တစ်ခုခင်းထားသည်။ ထိုသလွန်ထက်၌ ရေမြှုပ်ရောင် အိပ်ရာထက်ဝယ် လူမမာသည် အိပ်စက်၍နေသည်။ သူ၏ကိုယ်ပေါ်တွင်ကား ဒရယ်ခြုံထည်ဖြင့် လွှမ်းခြုံထားသည်။ မေးစေ့ အထက်ဘက်ဝိုင်းလောက်ကိုသာလျှင် လှစ် ထားလေသည်။

နယ်စားကြီး ဝင်လာသည်ကို တွေ့ရသောကြောင့် ရဲရွေတော်များသည် တစ်ဘက်သို့ ရှဲပေးကြလေ၏။

ဆေးဆရာသည် အနီးသို့ကပ်သွားသည်အခါ ကြင်ရာဒေဝီ၏မျက်နှာသည် ထို ၁၆ နှစ်ရွယ် အလှမယ်မျက်နှာနှင့် ချွတ်စွပ် တူနေသည်ကို တွေ့ရလေ၏။ သို့ရာတွင် ၁၆ နှစ်မယ်၏ ပို့ုနသည့်အလှ ကျက်သရေအစား၊ ဤဒေဝီ၌မူ အရွယ်ရင့်ခြင်း၏ အရိပ်အရောင်နှင့် နာတာရှည်ရောဂါ၏ ဒဏ်ချက်သည် ပေါ်လွင်၍နေလေသည်။ ထို နီထွေးသောနှုတ်ခမ်းများသည် ယခုအခါ ဝါရော်၍နေပြီ။ သူ၏ မို့မောက် ပြည့်ဖြိုးသော ပါးအိုများသည် နွမ်းခြောက်လျက် အောက်ဘက်သို့ ရှော့ရည်းကျနေကြသည်။ ဟောက်လျက် ရှိသောမျက်လုံးများကို မှိတ်၍ထားသည်။ ဝါရွေသော လေးကိုင်းမျက်ခုံးများကား ယခုထက်တိုင် ကွေးညွတ်လျက်ရှိသည်။ နဖူးပြင်မှ စိုပြည်လျက်ရှိသောအဖြူရောင်သည် ခြောက်သွေ့ရင့်ရော်လျက် အရိုန်အစော်မဲ့ ဖြစ်၍နေလေပြီ။

နယ်စားကြီးသည် မျက်နှာအနီးသို့ကပ်၍ ခေါ်လိုက်သည်။

''အဖရာ''

လူမမာသည် မျက်လုံးများကို အနည်းငယ်ဖွင့်လိုက်ပြီးနောက် ပြန်ပိတ်လိုက်လေ၏။

''မြောနေတယ်။ နည်းနည်း မြောနေတယ်။''

ဤသို့ပြော၍ ဆေးဆရာသည် လက်များကိုထုတ်၍ သွေးစမ်းကြည့်သည်။ ခဲခဲယဉ်းယဉ်ပင် စမ်းကြည့်နေရသည်။ ကိုယ်မှာ သွေးဆုတ်လုနီးပါး ဖြစ်နေပြီ။ နယ်စားကြီးသည် ဆေးဆရာ၏မျက်နှာ ငြိမ်သက် တည်ကြည်နေသည်ကို တွေ့မြင်ရသည်။

အနည်းငယ်စဉ်းစားပြီးနောက် ဆေးဆရာက ပြောလေသည်။

''စပျစ်ရည် နည်းနည်းလောက် ဟောင်းနိုင်သမျှ ဟောင်းပေစေ။ နှစ်ချို့နိုင်သမျှ ချို့ပေစေ။''

နယ်စားကြီးအထံတွင် လမ်းခရီးဦးပင် ဖြစ်ငြားသော်လည်း ဤပစ္စည်းမျိုးကား မရှားလှပေ။ အနီရောင် စပျစ်ရည်အရက်ထည့်ထားသော ဖန်ဖြူပုလင်းတစ်ခုနှင့် ပတ္တမြားခြယ်စီထားသော ရွှေခွက်တစ်ခု ရောက်လာသည်။

ဆေးဆရာသည် ဆေးထုပ်တစ်ခုကို ဖြည်၍ လက်ယာဘက် လက်ညိုးမှ လက်သည်းရှည်ကြီးနှင့် ဆေးနီမှုန့်နီနီတစ်ခုကို ကော်ယူလိုက်ပြီးလျှင်၊ 'လူမမာ၏ပါးစပ်ကို ဖွင့်ရန်' ပြောလိုက်လေ၏။ နယ်စားကြီးသည် သူ့ကြင်ရာ၏ပါးစပ်ကို ဖွင့်ဖို့ရန် နှောင့်နှေးမနေပေ။

ဆေးဆရာသည် ဆေးကို ပါးစပ်တွင် ထည့်လိုက်ပြီးနောက် သေရည်တစ်ကျိုက်စာကိုပါ ပါးစပ်တွင်းလောင်းထည့်ပေးလိုက်၏။ လူမမာ ကျိုက်ချလိုက်သည်ကို တွေ့ရ၍ ဆေးဆရာသည် နှစ်သိမ့်သွားလေသည်။

ဆေးဆရာသည် နယ်စားကြီးကို ပြောလေသည်။

''အခု အကျွန်ုပ် အပြင်ဘက်ထွက်ပြီး နယ်စားကြီးရဲ့သမားတော်များနှင့် တွေ့ဆုံ စကားပြောဆို လိုပါတယ်။ မကြာခင် သခင်မ မျက်လုံး ဖွင့်ပါလိမ့်မယ်။ သူ မျက်လုံးဖွင့်တော့မှ အကျွန်ုပ်လာဖို့ လိုပါလိမ့်မယ်။''

အခန်းတစ်ခုထဲသို့ ဆေးဆရာသည် ပါရဏဝဆေးသမားများနှင့် တိုင်ပင်ဆွေးနွေးကြည့်သည်။ ပါရဏဝဆေးဆရာများက သောဂဒမှ စ၍ထွက်ခွာလာခဲ့စဉ်ကပင် စတင်၍ အာဂန္တုကအဖျား ဖျားပုံ၊ ထိုအချိန်မှစ၍ ယနေ့အထိ ဖြစ်ပေါ်နေပုံ အခြေအနေအလုံးစုံကို ခရေစေ့တွင်းကျ ပြောပြလေ၏။

ထိုအခိုက်၌ ရံရွေတော်တစ်ဦးသည် 'သခင်မက ကိုယ်တော်သခင်ကို ခေါ်နေသည်။' ဆိုသည့် အကြောင်းကို လာရောက်လျှောက်တင်လေ၏။

နယ်စားကြီး၏ မျက်နှာပေါ်၌ ရောင်ခြည်သစ် ပြက်သကဲ့သို့ လက်သွားသည် ထင်လိုက်ရ၏။ သူသည် ဆေးဆရာကိုပါ အပါခေါ်ပြီး အထဲသို့ ဝင်သွားသည်။

ကြင်ရာဒေဝီ၏မျက်လုံးများသည် အားရပါးရပွင့်နေကြသည်။ သူ၏မျက်နှာ၌ အသက်၏အရိပ် အရောင် သန်းလျက်ရှိသည်။ ကြင်ရာဒေဝီသည် ညင်သာသော်လည်း ပြတ်သားသောအသံဖြင့် ပြောလိုက်သည်။

''မောင်တော် သိပ် စိတ်မချမ်းမသာ ဖြစ်နေတယ်။-ဆိုတာ နှမတော် သိပါတယ်။ 'နှမတော် နေကောင်းပါတော့မယ်။'- ဆိုတဲ့အကြောင်း လျှောက်ထားချင်လို့ မောင်တော်ကို အခေါ်ခိုင်းတာပါ။ နှမတော်မှာ အားသစ် ဝင်လာပြီလို့ နှမတော် ထင်ပါတယ်။''

နယ်စားကြီးက ပြောလေသည်။

''ဒီအကြောင်းကိုပဲ မောင်တော်ကို ဟောဒီဟိန္နူသမားက ပြောပြနေတယ်။''

မျက်နှာအမူအရာကို ပို၍ဝင်းတောက်အောင်ပြုလျက် ကြင်ရာဒေဝီက ပြောပြန်သည်။

''ဟိန္နူသမားက နှမတော်ရဲ့ရောဂါကို နားလည်တယ်။ ကျွန်မရောဂါ 'ပျောက်သွားပြီ' မဟုတ်လား ဟင် ဟိန္နူသမား။''

''ဟုတ်ပါတယ်။ ရောဂါ မရှိတော့ပါဘူး။ သို့ပေမယ့် သခင်မ အနားယူရလိမ့်မယ်။ သခင်မကို မြန်နိုင်သမျှမြန်မြန် ပရသုပူရီကို သွားနိုင်အောင် လုပ်ပေးဖို့ အကျွန်ုပ် စဉ်းစားနေပါတယ်။ အကျွန်ုပ်ဆီမှာ ဆေးစွမ်းထက်မြက်တဲ့ဆေးဝါး ရှိပါတယ်။ အကျွန်ုပ် ဟိန္နူဆေးကို ပေးပါ့မယ်။ စပျစ်ရည်နှင့် သလဲသီးရည်ကို နဲ့ည်းနည်း နည်းနည်း သောက်ပေးရမယ်။''

"သမားတော်။ ရှင်က ရောဂါအကြောင်းကို သိတယ်။ တခြားလူတွေကတော့ မြည်း၊ မြည်းတွေပဲ။ ရှင်ပြောတဲ့အတိုင်း လုပ်ပါ့မယ်။ ရောရှနာ"

ဒဖနှစ်မယ်သည် ရှေ့နား၌ လာရပ်၍ ထူးလိုက်သည်။

"အမေ"

"သမီး။ သမီးမျက်လုံးတွေကလည်း မျက်ရည် ဥလို့ပါလား။ အခု စိုးရိမ်စရာ မလိုတော့ပါဘူးကွယ်။ ဟိန္နူသမားကို ဘုရားသခင်က ပို့လိုက်တာ။ သူကို ဒုက္ခမဖြစ်စေနဲ့။ သိလား။ သမားက အမေ့အတွက် ညွှန်ကြားပြောပြတဲ့ အစားအစာများကို သမီးကိုယ်တိုင် လက်နှင့်ပေးနော်။"

ဆေးဆရာသည် ရောရှနာကို စကားအနည်းငယ်ပြော၍ အပြင်သို့ ထွက်သွားလေ၏။

နယ်စားကြီးမျက်နှာသည် ပွင့်လန်း၍နေသည်။ ဆေးဆရာသည် ဆေးအချို့ကို ဘုဇပတ်ရွက် အိုင်းများနှင့် ထုပ်၍ နယ်စားကြီးကို ပေးအပ်ပြီးနောက်၊ မိမိတည်းခိုသည့် ဧည့်ရိပ်သာသို့ ပြန်သွားရန် ပြုလိုက်သောအခါ နယ်စားကြီးက မိန့်လိုက်သည်။

"အသင်။ ကျွန်ုပ်တို့နှင့်ပဲ အတူနေရမယ်။"

"အကျွန်ုပ် နန်းတော်မှာနေထိုင်နည်းကို မသိပါ အရှင်။"

"လူရဲ့နေထိုင်နည်း ကိုတော့ အသင် သိတယ်မဟုတ်လား။ 'နေနည်းထိုင်နည်း'ဆိုတာ လူမျိုးအလိုက် အသီးသီးရှိကြတာပဲ။"

"အကျွန်ုပ်ရဲ့အနေအထိုင်ကြောင့် အရှင်ရဲ့ ရဲရွေတော်များ အနှောင့်အယှက် တွေ့နေကြပါဦးမယ်။"

"ကျုပ် အသင့်ကို အခန်းသီးသန့်တစ်ခု ပေးမယ်။ အသင် အပါးမှာနေမှသာ ကျွန်ုပ် ကျေနပ်နိုင်မယ်။"

"သခင်မအတွက် အခု စိတ်မချစရာ မရှိတော့ပါဘူး။ သမားတော်များက ရောဂါအကြောင်းကို ကောင်းကောင်း မရိပ်မိကြလို့ပါ။ အကျွန်ုပ်သာ ၂ နာရီလောက် နောက်ကျသွားရင် မျှော်လင့်စရာ ရှိတော့မှာ မဟုတ်ဘူး။ သို့ပေမယ့် အခုတော့ သူ့ရောဂါ 'လွှင့်စဉ်ပျောက်သွားပြီ'လို့သာ အမှတ်ထားတော်မူပါတော့။"

နယ်စားကြီး၏တောင်းပန်ချက်ကြောင့် ဆေးဆရာသည် ထိုနှန်းဆောင်၌သာလျှင် အခန်းတစ်ခန်း၌ နေထိုင်ဖို့ရန် သဘောတူလိုက်ရ၏။

ကြင်ရာဒေဝီသည် စတုတ္ထနေ့ည ထ၍ထိုင်သည်။ သူ၏မျက်နှာမှ အရောတွန့်ကြောင်းများသည် ကွယ်ပျောက်သွားခဲ့ပြီ။ အရွှင်လန်းဆုံးပုဂ္ဂိုလ်ကား ရောရှနာ ဖြစ်၏။

၂ ရက်မြောက်နေ့၌ပင် ရောရှနာသည် နယ်စားကြီးက ချီးမြှင့်လိုက်သည့် အဖိုးထိုက်တန်လှသော ခါသာအင်္ကျီရှည်ကြီးကို သူကိုယ်တိုင် ဆေးဆရာကို လာပေးသည်။ ထိုအင်္ကျီရှည်၊ ထိုရွှေရောင်ခါးစည်းကြိုး၊ ထိုရွှေခြယ်ဖိနပ်နှင့်တကွ ဆေးဆရာကား ယခုအခါတွင် သူတောင်းစားများ၏အကြား၌ ထိုင်၍ ဖရဲသီးကို လွှေးနေသည့်လူ မဟုတ်တော့ပေ။

ကြင်ရာဒေဝီသည် ယခုအခါ၌ ကြေလွယ်သည့် အစာအာဟာရမျိုးကိုပင် တစ်စတစ်စ မှီဝဲစပြုနေလေပြီ။

၆ ရက်မြောက်နေ့၌ ညနေချမ်းအချိန်တွင် ကြင်ရာဒေဝီသည် ဆေးဆရာကို အခေါ်ခိုင်းလေ၏။ သူသည် ဆေးဆရာကို 'လူသစ်တစ်ဦး'ဟုပင် မှတ်ထင်နေ၏။ သူတို့၏ တူသားနောင်မယ်ထဲမှ တစ်ဦးဦး

ပေါက်လာသည်။-ဟုပင် အထင်ရှိနေသည်။ အနားကပ်လာမှ 'ထိုင်ဖို့ရန်' ပြောပြီးနောက် ကြင်ရာဒေဝီက စကားစလိုက်၏။

''သမားတော်။ ရှင်ဟာ ကျွန်မရဲ့ကျေးဇူးရှင်ပါပဲ။ ဒီ လူသူမနီးတဲ့ တောကြီးမျက်မည်းထဲမှာ ဘုရားသခင်က ကျွန်မကိုကယ်ဆယ်ဖို့ ရှင့်ကို လွှတ်လိုက်တယ်။ ရှင့်ဇာတိရပ်ရွာက ဘယ်ကလဲ။''

''တက္ကသိုလ်ကပါ။''

''တက္ကသိုလ်လား။ သိပ်ကျေနပ်ကြားတဲ့ မြို့ဘဲနော်။ အတတ်ပညာနှင့် ပတ်သက်လို့တော့ တကယ် နာမည်ကြီးတဲ့ မြို့ပဲ။ ရှင် တက္ကသိုလ်ရဲ့ရတနာပေါ့။''

''မဟုတ်ပါဘူး။ အကျွန်ုပ် တက္ကသိုလ်ရဲ့ သာမန်ဆေးဆရာအသစ်ကလေးမျှ ဖြစ်ပါတယ်။''

''ရှင် လုလင်ရွယ် ရှိသေးတယ်ဆိုတာတော့ ယုံမှားစရာ မရှိပါဘူး။ သို့ပေမယ့် အရွယ်ငယ်တာနှင့် ဂုဏ်အရည်အချင်းဟာ ရန်ဖက် မဟုတ်ပါဘူး။ ရှင့်နာမည်က ဘယ်လို ခေါ်သတဲ့တုံး သမားတော်။''

''နာဂဒတ္တကာပျ လို့ ခေါ်ပါတယ်။''

''နာမည် အပြည့်အစုံကို ခေါ်ဖို့အတွက် ခက်လှပါတယ်။ 'နာဂ'လို့ ခေါ်ရင် လုံလောက်ရော မဟုတ်လား။''

''လုံလောက်ပါတယ် သခင်မ။''

''ရှင် ဘယ်ကို သွားမလို့လဲ။''

''အခုတော့ ပရသုပူရီ (ပရဆော့ဝိလီ)ကို။''

''နောက်ပြီးတော့ကော။''

''ခရီးလှည့်လည် သွားလာလိုတဲ့ဆန္ဒနှင့်ပဲ အကျွန်ုပ် အိမ်က ထွက်လာခဲ့ပါတယ်။''

''ကျွန်မတို့လည်း ပရသုပူရီကို သွားမလို့ပဲ။ ရှင် ကျွန်မတို့နှင့် အတူလိုက်ခဲ့ပါလား။ ကျွန်မတို့ ရှင့်ကို အစစအရာရာ ကြည့်ရှုစောင့်ရှောက်ပါမယ်။ ရောရှနှာ။ နင် သမားတော် ချမ်းချမ်းသာသာနေရ အောင် ကိုယ်တိုင် ကြည့်ရှုစောင့်ရှောက်နော်။ ကျွန်တွေ, ကျွန်မတွေက ဂရုမစိုက်ဘဲ နေကြလိမ့်ဦးမယ်။''

''သမီးကိုယ်တိုင် ကြည့်ရှုစောင့်ရှောက်နေပါတယ်။ သမီး ဆိုဖီယာကို ဒီအလုပ်အတွက် တာဝန်လွှဲအပ်ထားပါတယ်။''

''အမေ့မောင်တော်က အမေ့အတွက် ဒီကိုပို့ထားတဲ့ ယဝန(ဂရိစ်)သူ ဆိုဖီယာလား။''

''ဟုတ်ပါတယ် အမေ။ အမေ့အတွက် လုပ်ကိုင်ဆောင်ရွက်စရာ ဘာမှမရှိဘူး မဟုတ်လား။ ဆိုဖီယာက ဖျတ်ဖျတ်လတ်လတ်လည်း ရှိတာနှင့် သမီး သူ့ကိုပဲ သမားတော်ကိုပြုစုဖို့ တာဝန်ပေးထားတယ်။''

''ဒါဖြင့် သမားတော်- ရှင် ကျွန်မတို့နှင့်ပဲ ပရသုပူရီကို လိုက်ခဲ့ရမယ်။ ကျွန်မ ရှင် အလိုမကျတဲ့ အလုပ်ကို ဘာမှမလုပ်ပါဘူး။ ကျွန်မတောင်းပန်ချင်တာကတော့ ရှင်ဟာ ကျွန်မတို့ အိမ်ထောင်မိသားစုရဲ့ သမားတော်အဖြစ်နှင့်ပဲ နေစေချင်တယ်။''

နာဂဒတ္တသည် အချိန်အနည်းငယ် ဆက်လက်ထိုင်ပြီးနောက် မိမိအခန်းရှိရာသို့ ပြန်လာခဲ့လေ၏။

၃

ကမ္ဘာလောကရှိ ဤမျှလောက် ကြီးကျယ်ခမ်းနားသောတိုင်းနိုင်ငံ၏ နေပြည်တော်သည် သစ်ပင် ဝါးပင်ကဲ့သို့ မဲ့သည့် တောင်ကုန်းများ၌ ဤမျှလောက် သဘာဝပစ္စည်း ချို့တဲ့ခေါင်းပါးစွာနှင့် တည်ရှိနေလိမ့်မည်။- ဟူသည့်အချက်ကို နာဂဒတ္တသည် ရှေးယခင်က ကြံပင် မကြံဆခဲ့ဖူးပေ။

ပရသုပူရီသည် ကြီးကျယ်သောမြို့ကြီးတစ်မြို့ ဖြစ်သည်။ ဘုရင့်နန်းပြာသာဒ်၏ အရောင်တလက်လက် ထွက်လျက်ရှိသော အလွန်ကြီးမားသည့် ကျောက်တိုင်ကြီးများနှင့် မိုးစွန်တဖျား မြင့်မားထိုး ထွက်လျက်ရှိသော စုလစ်မွမ်းချွန်တို့ကို အဝေးမှမြင်ရရုံနှင့်ပင် ဘုရင်မင်းတရား၏ ကြီးမားလှသောစည်းစိမ်တော်ကို သိရှိရိပ်မိနိုင်လောက်သည်။ မြို့၏အခြေအနေလည်း ထိုနန်းပြာသာဒ်နှင့် လိုက်လျောအောင်ပင် ခမ်းနားစည်ပင်လှသေးသည်။ သို့ရာတွင် ဤအရာအားလုံးကား လူ့လက်ဖြင့် တည်ဆောက်ဖန်ဆင်းထားသော အရာများသာလျှင် ဖြစ်ကြသည်။ သဘာဝသည်ကား အမှန်တကယ်ပင် ထိုမြို့တော်အား ဆင်းရဲနွမ်းပါးအောင် ပြုလုပ်ထားသည်။

ပရသုပူရီနေပြည်တော်နှင့် ဘုရင်မင်းတရားကြီး၏ စည်းစိမ်ရိပ်ငြိမ်ကို ကြည့်ရှုဖို့ရန်အတွက် ဘုရင်မင်းတရား၏နှမတော် အဖရာ၏ ကူညီမစမှုထက် ပိုမို၍ကောင်းမွန်သော အခွင့်အရေးမျိုးကို ရရှိလိမ့် မည်မဟုတ်ပေ။ ဒေဝီသည် ပရသုပူရီသို့ ရောက်လာသောအခါ နာဂဒတ္တ၏ ချမ်းသာရေးအတွက် အထူးပင် ကြောင့်ကြစိုက်လေ၏။

ဒေဝီက ဆေးဆရာအား 'ပူဇော်ခအဖြစ်နှင့် အလိုရှိသည့်အရာကို တောင်းရန်' အဖန်ဖန်ပြောကြားသည့် အတွက်၊ ဆေးဆရာက ဆိုဖီယာကို တောင်းထားလေသည်။ ဆိုဖီယာ၏ မပီတပီ ပါရဆီစကားကို သိနားလည်ဖို့ရန် ခဲယဉ်းစဉ်အခါကပင် နာရဒတ္တသည် 'ဆိုဖီယာ၏တောက်ပြောင်သည့် မျက်လုံးများအတွင်း၌ ထက်မြက်စူးရှသည့် တန်ခိုးသတ္တိ ကွယ်ဝှက်ပုန်းအောင်းလျက် ရှိသည်။' ဆိုသည့် အကြောင်းကို သိရှိရိပ်မိခဲ့ပြီး ဖြစ်လေသည်။

ကျွန်အစေခံသဘောနှင့် သူ့ကိုယ်ပိုင် ဖြစ်လာသည့်အခါတွင်မူလည်း နာဂဒတ္တသည် ဆိုဖီယာအား မည်သည့်အခါမျှ ကျွန်အဖြစ် သဘောမထားပေ။ ၄င်းပြင် ထိုအချိန်၌ တဖြည်းဖြည်း ဘာသာစကား ရိပ်စားနားလည်မှုလည်း ပိုမို၍ တိုးတက်လာလေ၏။ နာဂဒတ္တကိုယ်တိုင် ယနေ့ ယဝန (ဂရိစ်) လိပိအက္ခရာကို သင်ယူလေသည်။ ဆိုဖီယာသည် နာဂဒတ္တအား အထူးကြိုးစား၍ အေသင်စ်၏ ဘာသာစကားကို သင်ကြားပြသပေးလေသည်။ ရက်, လ, နှစ်အထိ လွန်မြောက်ကြာမြင့်လာသည့်အခါတွင်ကား နာဂဒတ္တသည် အေသင်ဘာသာစကားကို တတိယမြောက် ကျွမ်းကျင်သွားတော့၏။

တစ်နေ့သ၌ ဆိုဖီယာသည် လှလင်ဆေးဆရာအား ကျေးဇူးတင်စကား ပြောကြားလေ၏။

''ကဲ ဆိုတာ ဘယ်လိုပါလိမ့်။ ကျွန်မဟာ သခင်လို စိတ်သဘောနူးညံ့သိမ်မွေ့တဲ့ သခင်တစ်ယောက်ရဲ့ ကျွန်မ ဖြစ်ရလိမ့်မယ်လို့ ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့ဘူး။''

''မဟုတ်ဘူးဆိုဖီယာ။ နင် ဒေဝီနှင့် အတူနေရင် ပိုပြီးတော့တောင် ချမ်းချမ်းသာသာ နေရလိမ့်ဦးမယ် ဆိုဖီယာ။ ငါ့ကို 'သခင်'လို့ မခေါ်ပါနှင့်။ 'ကျွန်'စနစ် ဆိုရင် အသံကိုကြားရရုံနှင့် ငါ့အသည်းခိုက်သွားတယ်။''

''ကျွန်မက သခင်ရဲ့ကျွန်မပဲ မဟုတ်လား။''

''နင် ငါ့ကျွန်မ မဟုတ်ဘူး။ 'ဆိုဖီယာကို ကျွန်ဘဝက ချွတ်ပေးလိုက်ပြီ။'လို့ ငါ ဒေဝီတို့ကြင်ရာမောင်နှံကို အကြောင်းကြားပြီးပြီ။''

''ဒါဖြင့် ကျွန်မ အခု 'ကျွန်မ' မဟုတ်တော့ဘူးပေါ့။''

''အင်း-'ကျွန်မ' မဟုတ်တော့ဘူး။ အခု နင် ငါလိုပဲ လွတ်လပ်တဲ့လူ ဖြစ်ပြီ။ နင်သွားချင်တဲ့ နေရာကို ငါ လိုက်ပို့ပါ့မယ်။''

''အကယ်၍ ကျွန်မ 'သခင့်ဆီမှာ ထပ်နေချင်တယ်။' ဆိုရင်ကော။ သခင် ကျွန်မကို နှင်မပစ်ဘူး မဟုတ်လား။''

''ဒါကတော့ နင့်သဘောတစ်ခုပါပဲ။''

''ကျွန်ဘဝ, ကျွန်အဖြစ်ဟာ လူကို ဘယ်လောက် ဖိစီးနှိပ်စက်ထားသလဲ။ အဖေအိမ်မှာ ကျွန်မ ကျွန်မတို့ရဲ့ကျွန်တွေကို တွေ့ဖူးတယ်။ သူတို့ဟာ ပြုံးကြရယ်ကြတယ်။ ပျော်ပါးမြူးတူးကြတယ်။ သို့ပေမယ့် သူတို့ရဲ့ အဲဒီအပြုံးထဲမှာ အမဲတွေ အဘယ်မျှလောက် ကွယ်ဝှက် ကိန်းအောင်းနေတယ် ဆိုတာကို ကျွန်မ နားမလည်ခဲ့ဘူး။ ကိုယ်ကိုယ်တိုင် 'ကျွန်မ' ဖြစ်လာတဲ့အခါကျတော့မှ ကျွန်ဘဝ, ကျွန်အဖြစ်ဟာ ဘယ်လောက် 'နရက်ငရဲနှင့် အသွင်တူတယ်။' ဆိုတာ သိရတယ်။''

''နင် ဘယ်လို 'ကျွန်မ' ဖြစ်လာရတာလဲ ဆိုဖီ။ ဝန်မလေးလို့ရှိရင် ပြောပြစမ်းပါ။''

''ကျွန်မအဖေဟာ အေသင်စ်မြို့သား လူကြီးလူကောင်းတစ်ဦးပါ။ မကာခုနိယာက ဘုရင်ဖီလစ် ကျွန်မတို့ရဲ့မြို့ကို အောင်မြင်သိမ်းပိုက်တဲ့အခါမှာ အဖေဟာ သားသမီး, မိသားစုများကိုခေါ်ပြီး လှေနှင့် အေဆီယာကို ထွက်ပြေးတယ်။ အဲဒီနေရာမှာ ကျွန်မတို့ 'ခိုကိုးရာ ရလိမ့်မယ်။' လို့ အထင်ရှိခဲ့တယ်။ သို့ပေမယ့် ကျွန်မတို့ဆင်းတဲ့မြို့ကို လများမကြာခင်ပဲ ပါရသ(အီရန်)တွေ ကျူးကျော်သိမ်းပိုက်လိုက်တာပဲ။ မြို့လည်း ကျဆုံးသွားတယ်။ အဲဒီ ဗရတ်ဗရက်ထဲမှာ လူတွေဟာ ခြေဦးတည့်ရာ ပြေးမိပြေးရာ ပြေးကြတယ်။ လူပေါင်းများစွာကိုလည်း ပါရသဝတွေက သုံ့ပန်းအဖြစ်နှင့် ဖမ်းဆီးလိုက်ကြတယ်။ အဲဒီ သုံ့ပန်းတွေထဲမှာ ကျွန်မလည်း တစ်ဦးအပါအဝင်ပေါ့။ ရုပ်ရည်နှင့် ပို့ရွယ်မှုကြောင့် ကျွန်မကို သေနာပတိဆီ ပို့ကြတယ်။ သေနာပတိဆီကမှတစ်ဆင့် ဘုရင်မင်းတရားဆီကို ရောက်လာရတာ။ ဘုရင်မင်းတရားဆီမှာ ကျွန်မလို ယဝနလုံမပို့ ရာပေါင်းများစွာ ရှိတယ်။ ဘုရင်မင်းတရားက 'သူ့နှမတော် လာတယ်။' ဆိုတဲ့သတင်း ကြားတာနဲ့ ကျွန်မကို သူ့နှမတော်ကို ပို့လိုက်တယ်။ ကျွန်မဟာ 'ကျွန်' ဆိုပေမယ့် ကျွန်မရုပ်ရည်ကြောင့် အထူးသီးသန့်နေရာက နေရတယ်။ ဒါကြောင့်မို့ ကျွန်မရဲ့အတွေ့အကြုံဟာ ကျွန်မများရဲ့အတွေ့အကြုံလိုတော့ ဟုတ်နိုင်မှာ မဟုတ်ဘူး။ သို့ပေမယ့် ကျွန်မလည်း ကျွန်မရဲ့ဒုက္ခကို သိပါတယ်။ 'ကျွန်မဟာ လူသား မဟုတ်ဘူး။' လို့ပဲ ကိုယ့်ကိုယ်ကို ထင်နေမိတယ်။''

''ဒါဖြင့် ဆိုဖီ- နင့်အဖေနှင့် ပြန်ပြီးမတွေ့ရတော့ဘူးပေါ့။''

''အဖေ 'အသက်ရှင်လျက် ရှိနေမယ်။' လို့လည်း ကျွန်မ မထင်ဘူး။ အခုတော့ ကျွန်မက လေထဲမှာ လွင့်နေတဲ့ သစ်ရွက်ခြောက် ဖြစ်နေပြီ။ အချစ်အေသင်စ် မြို့လည်း ပျက်စီးဆုံးပါးသွားပြီ။ အခုနေအခါဆိုရင် 'အသက်ရှင်လျက် ရှိတယ်ပဲ။' ထားဦးတော့ ဘယ်မှာ တွေ့နိုင်တော့မလဲ။''

''အေသင်စ်ဟာ ကြီးကျယ်တဲ့မြို့ကြီးတစ်မြို့ပဲနော် ဆိုဖီ။''

''ကြီးကျယ်တဲ့မြို့ကြီး ဖြစ်ခဲ့ဖူးပါတယ် သခင်။''

''သခင် လို့ မခေါ်နှင့်။ 'နာဂ' လို့ ခေါ် ဆိုဖီ။''

''ကြီးကျယ်တဲ့မြို့ကြီး ဖြစ်ခဲ့ဖူးပါတယ် နာဂ။ သို့ပေမယ့် အခုတော့ ပျက်စီးတိမ်ကောသွားပြီ။ ဒါရယောရိုကို တိုက်ခိုက်နှိမ်နင်းခဲ့တဲ့ ကျွန်မတို့ရဲ့ဂဏာကို အခုတော့ ဖိလစ်အယုတ်တမာက သိမ်းပိုက်ဖျက်ဆီးလိုက်ပါပြီ။''

''ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ ဆိုဖို့။''

''ပါရသဝတ္ထေရဲ့ အကြွေမ်ပေါင်းများစွာ ကျူးကျော်စော်ကားချက်ကို ပြန်လှန်တိုက်ခိုက်ခဲ့တာတောင်မှ အေသင်စ်က ဆင်ခြင်တုံသမားပေါင်းများစွာရဲ့ ဦးနှောက်ထဲမှာ 'ပါရသဝတ္ထေနှင့် ယှဉ်ပြိုင်ပြီး ငါတို့လည်း ကြီးကျယ်တဲ့နိုင်ငံကြီးတစ်ခုကို မတည်ထောင်နိုင်သေးသမျှ တည်တဲ့ခိုင်မြဲရေးလမ်း မရှိဘူး။' လို့ အတွေး ပေါ်ပေါက်လာကြသေးတယ်။ အကယ်၍ အေသင်စ်ကသာ အကူအညီ မရလို့ရှိရင် ဖိလစ်ဟာ ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူး။''

''အင်း-တက္ကသိုလ်။ အသင်တက္ကသိုလ်လည်းပဲ ဝိဏှုဂုတ္တကို ဖွားမြင်လိုက်ပါသလား။''

''တက္ကသိုလ်။ ဝိဏှုဂုတ္တ။ ဘာပြောတာလဲ နာဂ။''

''ဂုဏ်မောက်ကြွားတဲ့ တက္ကသိုလ်။ ငါ့ဇာတိရပ်ဌာန် အရှေ့ဘက်က အေသင်စ်။ ငါတို့ရဲ့ ဂဏာလည်းပဲ ဒါရယောရှ်နှင့် သူ့အဆက်အနွယ် အရိုက်အရာခံများကို အကြွေမ်များစွာ မောင်းနှင်တိုက်ထုတ်ခဲ့တယ်။ သို့ပေမယ့် ငါ့ကျောင်းနေဖက် သူငယ်ချင်းဝိဏှုဂုတ္တက အခု ဖိလစ်ကို အကူအညီပေးခဲ့တဲ့ အေသင်စ် မြို့သားများပြောတဲ့စကားများကို ပြောနေတယ်။''

''တက္ကသိုလ်လည်း ကျွန်မတို့အေသင်စ်လို ဂဏ (ဒီမိုကရေစီအုပ်ချုပ်ရေး) နိုင်ငံပဲလား နာဂ။''

''ဟုတ်တယ်။ ဂဏနိုင်ငံပဲ။ ပြီးတော့ ငါတို့တက္ကသိုလ်မှာ ဘယ်သူမှ ကျွန်ရယ်လို့ မရှိဘူး။ တက္ကသိုလ်နယ်မြေကို ခြေချမိတာနှင့် ကျွန်ဟာ ကျွန်ဘဝက ကျတ်သွားတာပဲ။''

''အို-ကရုဏာပြည့်ဝနေတဲ့ တက္ကသိုလ်။ ဒါကြောင့်မို့သာ နာဂ ကနဦးနေ့ကစပြီး ကျွန်မ ရှင့် ကို ကျေးကျွန်တွေနှင့် ပြုမူဆက်ဆံနည်းမသိတာကို တွေ့ရတာပဲ။''

''ငါ ဘယ်တော့မှ သိအောင်လည်း မလုပ်ဘူး။ ငါ ဝိဏှုဂုတ္တကို ပြောဖူးတယ်။ အကယ်၍ 'မင်း မဂဓတွေကို ခေါ်လာလို့ရှိရင်တော့ တက္ကသိုလ်ရဲ့ မြင့်မြတ်စင်ကြယ်တဲ့မြေပေါ်မှာ ကျေးကျွန်စနစ် အညစ်အကြေး မစွန်းမထင်းဘဲ နေတော့မှာမဟုတ်ဘူး။'-လို့။''

''မဂဓ ဆိုတာ ဘယ်သူလဲ နာဂ။''

''ဟိန္ဒူရဲ့ ဖိလစ်။ တက္ကသိုလ်ရဲ့အရှေ့ဘက်မှာရှိတဲ့ ကြီးကျယ်တဲ့ ဟိန္ဒူနိုင်ငံတစ်ခု။ ပါရသဝတ္ထေရဲ့ ကျူးကျော်တိုက်ခိုက်ချက်များကြောင့် ငါတို့ဟာ ခြေကုန်လက်ပန်းကျနေပြီ။ နိုင်ရင်းနိုင်ရင်းနှင့်ပဲ ငါတို့ဟာ အင်အားဆုတ်ယုတ်ပြီး ရှုံးသလို ဖြစ်နေပြီ။ စင်စစ်မှာတော့ တက္ကသိုလ်တစ်ဦးတည်းနှင့် ပါရသဝဘုရင်ကို ယှဉ်ပြိုင်နိုင်ဖို့ မဖြစ်နိုင်ဘူး။ ငါကတော့ 'အဲဒီပြဿနာရဲ့ဆေးဟာ ငါတို့ရဲ့ ဂဏာပေါင်းများစွာဖွဲ့စည်းထားတဲ့ ဂဏသံဃ' လို့ ပြောတာပဲ။''

''သို့ပေမယ့် နာဂ။ ကျွန်မတို့နိုင်ငံမှာ အဲဒီနည်းကိုလည်း လုပ်ကြည့်ပြီးပြီ။ ကျွန်မတို့ ဟေလ္လာအမျိုးဇာတ်ဝင် ဂဏာပေါင်းများစွာ သံဃဖွဲ့စည်းပြီး ပါရသဝတ္ထေရကို ရင်ဆိုင်ခဲ့တယ်။ သို့ပေမယ့် အဲဒီသံဃဟာ ရေရှည်မခံခဲ့ဘူး။ ဂဏာတွေဟာ မိမိတို့ရဲ့လွတ်လပ်ရေးကို အလွန် အရေးထားကြတဲ့အတွက် သံဃကို အဲဒီနေရာပေးဖို့ အသင့်မရှိကြဘူး။''

''ဒါဖြင့် ငါက မှားပြီး၊ ဝိဏှုဂုတ္တက မှန်နေတာပေါ့။''

''ဝိဏှုဂုတ္တက 'သံဃတည်ထောင်လို့ အောင်မြင်မှာ မဟုတ်ဘူး။' လို့ အမြင်ရှိလို့လား။''

''ဟုတ်တယ် သူက ပြောတယ်။ ငါတို့ရဲ့ ရန်သူအင်အားကို ဂဏများရဲ့သံဃက ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူး။ ဂဏများစွာရဲ့ နယ်ပယ်စည်ရိုးကိုပယ်ဖျက်ပြီး အကယ်၍ ကြီးကျယ်တဲ့ ဂဏကြီးတစ်ခု တည်ထောင်နိုင်ရင်တော့ ယှဉ်နိုင်လိမ့်မယ်။ ဒါပေမယ့် ဂဏာတွေက အဲဒီအချက် လက်ခံသဘောတူမှာ မဟုတ်ဘူး။-တဲ့။''

"မြေကြီးက ရွှေကို
ထုတ်လုပ်ကြတဲ့လူတွေ
အဝတ်မဲ့အစားမဲ့ဖြစ်ပြီး
သေကျေပျက်စီးကြရတယ်။
ရွှေကို မြေကြီးလုပ်ကြတဲ့
လူတွေကတော့
စည်းစိမ်ယစ်မူးနေကြတယ်။

"နာဂ။ သင့်မိတ်ဆွေပြောတာ မှန်ကောင်းမှန်လိမ့်မယ်။ သို့ပေမယ့် ကျွန်မတို့ဟာ အဆုံးအထိ အေသင်စ်ကို ဝမ်းပန်းတသာနှင့် လွတ်လပ်ခွင့်ပေးဖို့ ဆိုတဲ့အတွေးကို စိတ်ထဲမှာပေါ်လာခွင့် မပေးကြဘူး။"

"ဒါဖြင့် ဆိုဖီ။ ဂဏာ ဖြစ်ပါလျက်သားနှင့် အေသင်စ်ဟာ ဒီကျေးကျွန်စနစ်ကို ဘာဖြစ်လို့ လက်ခံရသလဲ။"

"ကိုယ့်ဆုတ်ယုတ်လျော့ကျမှုကို ခပ်မြန်မြန် ခေါ်ဖို့ရန်အတွက်ပေါ့။ နေရှင်များရဲ့လောဘက ကျေးကျွန်စနစ်ကို တည်မြဲအောင်လုပ်တယ်။ အဲဒီနောက် တဖြည်းဖြည်း ကျေးကျွန်များဟာ အရှင်သခင်ထက် အရေအတွက် တိုးပွားလာတာပဲ။"

"ဒီပါရသဝတွေထဲမှာ အဆိုးသွမ်းဆုံးအချက်ဟာ ဘယ်အချက်လို့ ဆိုဖီ ထင်သလဲ။"

"ကျွန်မတို့ဆီမှာလိုရှိတဲ့ ကျေးကျွန်စနစ်ရယ်။ ပြီးတော့ ဘုရင်မင်းတရားနှင့် သူ့ဌေးသူကြွယ်များရဲ့ နန်းတွင်းဆောင်။"

"ဆိုဖီတို့ဆီမှာတော့ ဒီလို မဟုတ်ဘူးလား။"

"ကျွန်မတို့ဆီမှာ မကဒူနိယာက ဘုရင်ဖိလစ်တောင်မှ တစ်ဦးထက်ပိုပြီး လက်ထပ်မင်္ဂလာ မပြုရဘူး။ ဒီမှာတော့ ရာထူးသေးငယ်တဲ့ မင်းမူထမ်း မင်းချင်းယောကျ်ားများကအစ အကြိမ်များစွာ လက်ထပ်မင်္ဂလာပြုကြတယ်။"

"ငါတို့ဆီမှာလည်း တစ်ခါတစ်ရံ တစ်ဦးထက်ပိုပြီး လက်ထပ်မင်္ဂလာပြုတာကို တွေ့ရတယ်။ သို့ပေမယ့် အဲသည်လိုလူတွေရဲ့ ဦးရေဟာ မများပါဘူး။ အဲသည်လိုပြုလုပ်တာဟာ 'မိန်းမများရဲ့ ကျွန်ဘဝ, ကျွန်အဖြစ်ရဲ့ အမှတ်လက္ခဏာ'လို့ ငါတော့ သဘောပေါက်တာပဲ။ အကယ်၍ အေသင်စ်က ကျေးကျွန်စနစ်ကို လက်ခံသိမ်းဆည်းထားတာ ဖြစ်လျှင်၊ တက္ကသိုလ်က တစ်ဦးမကတဲ့ မိန်းမများနှင့် လက်ထပ်မှုကို တွင်တွင်ပြုပြီး အဲဒီကျေးကျွန်စနစ်ကို တည်တံ့ခိုင်မြဲအောင် ကျားကန်ပေးတယ်လို့ ဆိုရမှာပဲ။"

"ပြီးတော့ တစ်ခုက ပစ္စည်းဥစ္စာများ အိမ်အနည်းငယ်မှာပဲ စုပုံနေတဲ့အချက်။"

"ငါ ဝိဏ္ဏုဂုတ္တကို ပြောဖူးတယ်။ ဂဏနိုင်ငံမှာဆိုရင် လူတစ်စုံတစ်ယောက်ရဲ့လက်ထဲမှာ ပစ္စည်းဥစ္စာများ ဘယ်လောက် စုပုံနေစုပုံနေ၊ အဲဒီပစ္စည်းဥစ္စာများကို ဘုရင်ကေရာဖ်များရဲ့ ဥစ္စာဓနများပမာ ရေလိုသုံးဖြုန်းမပစ်ရဘူး။ ဒီမှာတော့ အဖိုးအလွန်ထိုက်တန်တဲ့ သားသမင်ရေတို့, ခါသာအဝတ်တို့, ပတ္တမြား, ပုလဲစတဲ့ ပစ္စည်းဝတ္ထုတို့ကို ဘယ်လိုသုံးစွဲနေတယ်ဆိုတာ နှင်မြင်တဲ့အတိုင်းပဲ ဆိုဖီ။ ဒီ နှင်းဆီသွေးပါးအို့များနှင့် ဒီသန္တာသွေးနှုတ်ခမ်းများဟာ ဒီပစ္စည်းဝတ္ထုများကို ဖြစ်မြောက်ပေါ်ထွက်လာဖို့ လူပေါင်းဘယ်နှကုဋေကုဋာ အစာရေစာငတ်ပြီး အသက်ခန္ဓာ ဆုံးရှုံးကြရတယ်ဆိုတာ သတိတောင်မှ မပြုမိကြဘူး။"

''ကျွန်မတို့ရဲ့အိမ်ပေါ်မှာ ကျတဲ့ရေကို လုယက်ပြီးတော့ သမုဒ္ဒရာက ရေပြင်ကျယ်ကြီးကို ရနေတယ်။''

''မြေကြီးက ရွှေကို ထုတ်လုပ်ကြတဲ့လူတွေ အဝတ်မဲ့အစားမဲ့ဖြစ်ပြီး သေကျေပျက်စီးကြရတယ်။ ရွှေကို မြေကြီးလုပ်ကြတဲ့ လူတွေကတော့ စည်းစိမ်ယစ်မူးနေကြတယ်။ ငါ ၃ ကြိမ်တိတိ ဘုရင်မင်းတရားရဲ့အပါးကို ရောက်သွားတယ်။ ရောက်သွားတဲ့အခါတိုင်းပဲ ပြန်လာလို့ရှိရင် ငါ့ခေါင်းထဲမှာ ဝေဒနာဝင်စွဲလာတော့တာပဲ။ ငါ သူ့ရဲ့ရိပ်ငြိမ်စည်းစိမ်ထဲက ဆောင်းဥတုမှာ ခိုက်ခိုက်တုန်ချမ်းပြီး၊ နွေဥတုမှာ ထွန့်ထွန့်လူးပူပြီး သေကျေဆုံးပါးကုန်ကြတဲ့ 'အလုပ်သမားများရဲ့ ညည်းညူမြည်တမ်းသံ' ထွက်ပေါ်နေတာကို ကြားရတယ်။ သူ့ရဲ့အနီရောင်အရက်ဟာ ငါ့အဖို့မှာတော့ အနှိပ်စက်အညှဉ်းပန်းခံနေကြရတဲ့ ပြည်သူလူထုရဲ့ သွေးအသွင် ထင်နေမြင်နေတာပဲ။ ငါ ပရသုပ္ပရီကို စိတ်နာလာပြီး ခပ်မြန်မြန်ထွက်ပြေးချင်တဲ့စိတ်ပဲ ပေါက်နေတယ်။''

''ဘယ်ကိုသွားချင်တာလဲ နာဂ။''

''နှင် 'ဘယ်ကို သွားချင်တယ်။' ဆိုတာ ပထမပြောပါဦး။''

''ကျွန်မ ဘယ့်နယ်လုပ် ပြောတတ်မလဲ။''

''ယဝနလောက (ဂရိစ်) ကိုကော။''

''အကောင်းသားပဲ။''

''ဒါဖြင့် အဲဒီ သွားကြစို့။''

''လမ်းခရီးမှာ တစ်စုံတစ်ဦးက ကျွန်မကို တစ်ခါ လုယူသွားပါဦးမယ်။ ဒီတစ်ခါတော့ နာဂလို ခိုကိုးရာကို ရနိုင်တော့မှာမဟုတ်ဘူး။''

ဆိုဖီယာ၏အသံမှာ ထူးထူးခြားခြား ပျော့ပျောင်းနူးညံ့သွားသည်။ သူ၏ လှပဝိုင်းစက်သည့် မျက်လုံးတွင် ကြောက်ရွံ့သည့်အသွင် ထင်ပေါ်၍လာသည်။

နာဂဒတ္တသည် ဆိုဖီယာ၏နားအထက်မှ ဖရိဖရဲ ပြန့်ကျဲလွင့်ကျလျက်ရှိသော ရွှေဝါရောင်ဆံပင်များကို အသာ ပွတ်သပ်ကိုင်တွယ်ရင်း ပြောလေသည်။

''ငါ ဒီကိစ္စအတွက် နည်းလမ်းကို ကြံစည်စိတ်ကူး ထားပါတယ်။ သို့ပေမယ့် နင့်သဘောတူညီချက်လည်း လိုလိမ့်မယ်။''

''ဘယ်ဟာလဲ လို့။''

''နယ်စားကြီးနှင့် နယ်စားကတော်ဆီကရယ်၊ ပြီးတော့ ဘုရင်မင်းတရားကြီးဆီကရယ်။ 'ဤပုဂ္ဂိုလ်ဟာ ဘုရင်မင်းတရားကြီးက လေးစားဂုဏ်ပြုအပ်တဲ့ ဟိန္နူသမားဖြစ်တယ်။' ဆိုတဲ့အကြောင်း သက်သေခံစာကို ယူမယ်။''

''ဒီလိုဆိုရင် ရှင့်ကို ဘယ်သူမှ ရန်ပြုရဲမှာ မဟုတ်တော့ဘူး။''

''ပြီးတော့ နင် ကမ္ဘာကို အသိပေးဖို့ရန်အတွက် သမားရဲ့မယားလုပ်ချင်ရင် စာထဲမှာ နင့်နာမည်ကိုလည်း အရေးခိုင်းလိုက်မယ်။''

ဆိုဖီယာ၏မျက်လုံးများ၌ မျက်ရည်များ ဥပြီးလျှင် တစ်ပေါက်ပေါက် စီးကျလာသည်။ သူသည် နာဂဒတ္တ၏လက်ကို ကိုင်ပြီးလျှင် ပြောသည်။

''နာဂ။ ရှင်ဟာ ဘယ်လောက် ကြင်နာတဲ့စိတ်နှလုံး ရှိပေမယ့်၊ ကြင်နာတဲ့စိတ်နှလုံးကိုတော့ သိပ်အောင် မကြိုးစားချင်ဘူး။ ရှင်ဟာ ဘယ်လောက်လှပသူဖြစ်ပေမယ့်၊ ကိုယ့်ကိုအာရုံစိုက်တဲ့ ဥဿဖယားနှင့် နီလာမျက်လုံးများကိုတော့ မမြင်ဘူး နာဂ။ ရောရှနာဟာ အကြိမ်များစွာပဲ ကျွန်မရှေ့မှာ ရှင့်ကို ချစ်လို

ဖိလစ်၏သား အလိကဆုန္ဒရ (အလက်ဇန္ဒား)၏ ဆရာဂုရု အရစ္စတိတယ်ကို တွေ့ရသည်။ နာဂဒတ္တကိုယ်တိုင်က ဒဿန(အဘိဓမ္မာ)သမားတစ်ဦး။ အရစ္စတိတယ်၏ 'ဘုရင်ကို နှစ်သက်လိုလားခြင်း' အယူအဆနှင့် သူသည် ဝါဒကွဲပြားသည်။ သို့ရာတွင် အရစ္စတိတယ်ကို ချီးကျူးလေးစားလျက်ပင် မကဒူနိယာမှ ခွဲခွာခဲ့သည်။

တဲ့အမူအရာ ပြခဲ့တယ်။ ပိန်ပိန်သေးသေး သူမောင်တစ်ယောက် ရှိတယ်။ သူမိဘတွေက သူ့ကို အဲဒီလူနှင့် လက်ဆက်ပေးလိုကြတယ်။ သို့ပေမယ့် သူက ရှင့်ကို ချစ်နေတယ်။''

''ငါမသိတာ အင်မတန်ကောင်းတာပဲ။ နို့မဟုတ်ရင် ငြင်းပယ်ပစ်ရမှာ အမှန်ပဲ ဆိုဖီယာ။ ငါဟာ ဒီနှန်းတွင်းသူတွေအတွက် မဟုတ်ဘူး။ ငါဟာ ဘယ်သူအတွက်မှလည်း ဟုတ်မှာ မဟုတ်ဘူး။ 'ဘာကြောင့်လဲ'ဆိုတော့ ငါ့ကိုချစ်တဲ့လူဟာ ဘယ်တော့မှ သုခအိပ်ရာကို အိပ်စက်ခွင့်ရမှာ မဟုတ်ဘူး။ သို့ပေမယ့် အကယ်၍ နင် သဘောတူလို့ရှိရင် ဘုရင်မင်းတရားရဲ့စာထဲမှာ (စာထဲမှာ ပါရုံလောက်ပဲ) 'ငါ့နှီး'လို့ အရေးခိုင်းလိုက်မယ်။ ယဝနဒေသမှာ နင် ချစ်သူတစ်စုံတစ်ဦးကို တွေ့ချင်တွေ့လိမ့်မယ်။ အဲဒီတော့ နင် ကိုယ့်လမ်း ကိုယ်သွားနိုင်တယ်။''

၄

သမားနာဂဒတ္တကို အရပ်တကာတွင် ကြုံဆိုဇည့်ခံကြသည်။ သူကား ဟိန္နူသမား ဖြစ်သည်။ ပါရသဝဘုရင်မင်းတရား ဒါရယောရ်၏သမားတော်လည်း ဖြစ်ခဲ့ဖူးသည်။ ၄င်းပြင် အနာရောဂါကုစားသည့်နေရာ၌လည်း အံ့ဖွယ်သရဲ နိုင်နင်းကျွမ်းကျင်လှသည်။

ပရသုပူရိတွင် နေစဉ်ကပင် သူသည် ယဝနဘာသာကို သင်ကြားဆည်းပူးခဲ့လေသည်။ ဆိုဖီယာကလည်း သူ၏အလုပ်အကျွေး ဖြစ်နေပြန်သည်။

သူသည် မကဒူနိယာကို မြင်ရသည်။ ဖိလစ်၏သား အလိကဆုန္ဒရ (အလက်ဇန္ဒား)၏ ဆရာဂုရု အရစ္စတိတယ်ကို တွေ့ရသည်။ နာဂဒတ္တကိုယ်တိုင်က ဒဿန(အဘိဓမ္မာ) သမားတစ်ဦး ဖြစ်သည်။ အရစ္စတိတယ်၏ 'ဘုရင်ကို နှစ်သက်လိုလားခြင်း' အယူအဆနှင့် သူသည် ဝါဒ ကွဲပြားသည်။ သို့ရာတွင် အရစ္စတိတယ်ကို ချီးကျူးလေးစားလျက်ပင် မကဒူနိယာမှ ခွဲခွာခဲ့သည်။

'သစ္စာတရား၏ မှတ်ကျောက်သည် ဦးနှောက် မဟုတ်။ ကမ္ဘာလောက၏ဝတ္ထုပစ္စည်း သဘာဝဖြစ်၏။' ဟူသော အရစ္စတိတယ်၏ အယူအဆကို သူ နှစ်သက်သဘောအကျဆုံး ဖြစ်သည်။ အရစ္စတိတယ်သည် လက်တွေ့ကိုယ်တွေ့သဘောကို အလွန်အဆင့်အတန်းမြင့်သည့်နေရာ၌ ပေးထားသည်။ အိန္ဒိယ ဒဿန (အဘိဓမ္မာ) ဆရာများ သစ္စာတရားကို စိတ်နလုံးဖြင့် ပြုလုပ်ဖန်တီးလိုကြသည့် အချက်ကို နာဂဒတ္တသည် စိတ်မကောင်းဖြစ်နေမိသည်။

နာဂဒတ္တသည် အရစ္စတိတယ်၏ ဉာဏ်ပညာထက်မြက်သည့်တပည့်နှင့် စပ်လျဉ်း၍ သူ့ဆရာကိုယ်တိုင်၏ပါးစပ်မှ ထုတ်ဖော်ချီးကျူးချက်ကို ကြားခဲ့ရသည်။ သူကိုယ်တိုင်လည်း ထိုပညာရှင်တပည့်နှင့် အကြိမ်များစွာ စကားဆွေးနွေးပြောကြားခဲ့ရသည်။

နာဂဒတ္တသည် အရစ္ဆတိုတယ်အား 'အေသင်စ်သို့ သွား၍ နောက်တစ်ဖန် ပြန်လာခွင့်ပြုရန်' ခွင့်ပန်ကြား၏။ သို့ရာတွင် သူသည် ဤအကြိမ်ကား ယဝနဒဿန (အဘိဓမ္မာ) ဆရာနှင့် သူ၏ နောက်ဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်လိမ့်မည်။- ဟူ၍ သိလေသည်။

သူရဲကောင်းများ၏မိခင် ဂဏာ (ပြည်သူ) အုပ်ချုပ်ရေး၏ အောင်တံခွန်ကိုင် အေသင်စ်မြို့တွင်းသို့ နာဂဒတ္တသည် တက္ကသိုလ်မြို့ကို ချစ်ခင်လေးစားခြင်းမျိုးထက်မလျော့သော ချစ်ခင်လေးစားခြင်းမျိုးဖြင့် ဝင်ရောက်လာခဲ့သည်။ မြို့သည်ကား တစ်ဖန်ပြန်၍ လူစည်ကားနေပြန်သည်။ သို့ရာတွင် ဆိုဖီယာက ''အခု အရင်က အေသင်စ် မရှိတော့ဘူး။''ဟု ပြောလေသည်။

ဗေနဆ်ဂျူပိတာ ဘုရားကျောင်းသည် ယခုလည်း အသက်ဝင်လျက် ရှိသည်။ သုခုမပညာသည်များ၏ လှပသောလက်ရာများဖြင့် တန်ဆာဆင်ထားလျက်ပင် ရှိသည်။ သို့ရာတွင် အေသင်မြို့သူမြို့သားများတို့တွင်ကား ဆိုဖီယာ တွေ့မြင်ခဲ့ဖူးသည့် ယခင် လုံလဉ္ဇာဟမျိုး၊ ယခင် အသက်ဝိညာဉ်မျိုး မရှိတော့ပေ။

ဆိုဖီယာ၏ အဖေ့အိမ်မြေရာဌာဆောက်ထားသော အိမ်၏ပိုင်ရှင်သည် မကဒူနိယာမှ ကုန်သည်တစ်ဦးဖြစ်သည်။ ကိုယ့်အိမ်ကို တွေ့မြင်ရသောဆိုဖီယာသည် 'အဘယ်မျှလောက် စိတ်နှလုံးထိခိုက်သွားသနည်း။' ဆိုလျှင် တစ်နေ့နှင့်တစ်ည သူ၏အပြုအမူများသည် သူ၏ပင်ကိုသဘာဝဖြစ်သော တည်ငြိမ်ဣန္ဒြေရမှုနှင့် ဆန့်ကျင်၍ နေသည်။ သို့သော် သူသည် စကားကိုကား မေးတစ်ခွန်း၊ ခေါ်တစ်ခွန်လောက်သာ ပြောသည်။ တစ်ခါတစ်ရံတွင် သူ၏မျက်လုံးများမှ မျက်ရည်ပေါက်ကြီးများ စီးကျနေလျက်။ တစ်ခါတစ်ရံတွင်မူကား သူသည် ကျောက်ရုပ်အသွင်ကဲ့သို့ မတုန်မလှုပ် ဖြစ်နေရှာသည်။

'မိမိ ငယ်စဉ်တောင်ကျေး ကလေးဘဝက ခင်တွယ်ခဲ့သည့်နေရာကို ယခုလိုအခြေအနေနှင့် ပြန်တွေ့ရ၍ သူ ဤအခြေမျိုး ဆိုက်သည်။'- ဆိုသည့်အချက်ကို နာဂဒတ္တသည် သိနားလည်သည်။ သို့ရာတွင် ခက်ခဲသည့်အချက်မှာ ဆိုဖီယာကို ဖျောင်းဖျပြောဖို့ရန် အခွင့်မရှိခြင်း ဖြစ်ပေ၏။ နောက်ဆုံး၌ ဆိုဖီယာ၏ ဤသောကဒဏ်ချက်သည် နာဂဒတ္တအပေါ်၌ပင် စက်လာလေ၏။

ဆိုဖီယာ နဂိုအတိုင်း ပြန်ဖြစ်လာသည့်အခါတွင်ကား သူသည် အမူပြောင်းသွား၏။ သူသည် ကိုယ်ကို ဆင်သဖို့ရန် မည်သည့်အခါကမှ သတိမရခဲ့ဖူးပေ။ သို့ရာတွင် ယခုအခါတွင်မူကား သူသည် ဂဏာနိုင်ငံ အေသင်သူလုံမပို့များကဲ့သို့ သူ၏ရွှေဝါရောင်ဆံပင်များကို လတ်ဆတ်သည့်ပန်းကုံးများဖြင့် စည်းနှောင်၍ ထားလေသည်။ ကိုယ်တွင်ကား ယဝနအလှမယ်များ၏ ခြေထောက်အထိကျလျက်ရှိသော ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသည်။ ခြေထောက်၌ကား ကြိုးသိုင်းဖိနပ်ကို စီးထားသည်။ သူ၏ လှပဖြူနုသော နဖူး, နှင်းဆီရောင်ပါးဝို့, ကြက်သွေးရောင်နှုတ်ခမ်းများ၌ နုပျိုခြင်း, လှပခြင်း, လတ်ဆတ်ခြင်းများသည် ထူးခြားစွာ ရောနှောပေါင်းစု၍ နေကြသည်။ အရွှင်နှင့်အပြုံးကား သူ၏မျက်နှာနှင့် နှုတ်ခမ်းများ၌ အစဉ်သဖြင့် ကဟန်ချီနေကြသည်။

နာဂဒတ္တသည် ထိုသို့တွေ့ရသဖြင့် အံ့သြရုံသာလျှင် မဟုတ်။ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ရသည်။ သူ မေးမြန်းသည့်အတွက် ဆိုဖီယာက ပြောသည်။

''အချစ်နာဂ။ ကျွန်မဟာ ဘဝကို အခုအထိ 'တစ်ခုတည်းသော ပူပန်ကြောင့်ကြစရာ, သောကဖြစ်စရာ အရာဝတ္ထု'လို့ နှလုံးပိုက်လာခဲ့မိတယ်။ သို့ပေမယ့် အခုတော့ အဲဒီအမြင်, အဲဒီအယူအဆဟာ 'တက်တက်စင် လွဲတယ်'ဆိုတာ သိရပြီ။ ဘဝအပေါ်မှာထားရှိတဲ့ အဲဒီလို တစ်ဖက်သတ်အမြင်, တစ်ဖက်သတ်အယူအဆဟာ ဘဝရဲ့တန်ဖိုးကို ယုတ်လျော့အောင် လုပ်ပစ်တာပဲ။ ပြီးတော့ ဘဝရဲ့လုပ်ငန်းတာဝန်

ကို, ပြုလုပ်ရမယ့် စွမ်းရည်သတ္တိကိုလည်း အားနည်းအောင် လုပ်ပစ်တာပဲ။ စင်စစ်မှာတော့ နာဂ- ရှင်လည်း ပဲ တက္ကသိုလ်ရဲ့အနာဂတ်အတွက် တော်တော်ပဲ ကြောင့်ကြဖြစ်နေတယ် မဟုတ်လား။ သို့ပေမယ့် ရှင်က ကြောင့်ကြစိတ်ကို အေးအောင်ထားပြီး၊ နည်းလမ်းဥပါယ်ကို ကြံစည်စိတ်ကူးတဲ့နေရာမှာ အစွမ်းသတ္တိ ရှိသမျှကို အသုံးပြုတယ်။''

''ဆိုဖီ- နင် ဒါလောက်ပျော်ရွှင်လာတာ တွေ့ရတော့ ငါ သိပ်ဝမ်းမြောက်မိတယ်။''

''ကျွန်မ ဘာဖြစ်လို့ မပျော်ရွှင်ဘဲနေရမှာလဲ။ ကျွန်မ အေသင်စ်ပြန်ရောက်လာလို့ ကျွန်မ ချစ်သူကို တွေ့ရပြီ။''

နာဂဒတ္တသည် သာ၍ ရွှင်လန်းဝမ်းမြောက်သည့်အမူအရာနှင့် ပြောသည်။

''နင် ဒီလောက် အချိန်ကြာပြီးနောက်မှ 'ကိုယ့်ချစ်သူကို ပြန်ပြီးတွေ့ရတယ်' ဆိုတာ သာပြီး ဝမ်းသာ စရာကောင်းတဲ့ အချက်ပါလား။''

''နာဂ- ရှင်ဟာ လူသား မဟုတ်လား။ 'နှတ်ဒေဝတာထက်တောင် သာလွန်သေးတယ်။' ဆိုတာ ကျွန်မ တွေ့ရတယ်။ ရှင့်မှာ ဣသာတရား စိုးစဉ်းမျှ မရှိပါကလား။''

''ဣသာ-ဣသာဟာ ဒီမှာ ဘာအသုံးကျမှာလဲ ဆိုဖီ။ နင့်ကို 'ယဝနပြည်ကိုရောက်အောင် ပို့မယ်။' လို့ ငါ တာဝန်ယူခဲ့တယ် မဟုတ်လား။ 'နင် ဟိုရောက်ရင် ကိုယ့်ချစ်သူကို ရှာယူ။' လို့ ငါ ပြောခဲ့တယ် မဟုတ်ဘူးလား။''

''ဟုတ်ကဲ့။ ပြောခဲ့ပါတယ်။''

''အခု နင့်ရဲ့ ထူးခြားတဲ့ပျော်ရွှင်နေပုံကို တွေ့ရတော့ 'နင်ဟာ ထူးခြားတဲ့ ချစ်စရာတစ်ခုခုကို ရပြီ။' လို့ ငါတော့ တွေးမိတာပဲ။''

''ရှင်တွေးတာ မှန်တာပေါ့ နာဂ။''

''ဒါဖြင့် နင့်ချစ်သူကို ဒီကိုဖိတ်ခေါ်ဖို့၊ သို့မဟုတ် သူ အခု ဒီကို မလာနိုင်လို့ရှိရင်လည်း သူ့ဆီ ကို သွားကြည့်ဖို့ ငါ့ကို အမိန့်ပေးပေတော့။''

''ရှင် ဘာဖြစ်လို့ ဒါလောက် လောကြီးနေရတာလဲ။ နာဂ။''

''ငါ လောကြီးတာ အမှန်ပါပဲ။ နင်ပြောတာ မမှားပါဘူး။''

နာဂဒတ္တသည် ကိုယ့်ကိုယ်ကို ကြိုးစား၍ မဲတင်းလိုက်သည်။

ဆိုဖီယာသည် 'သူမျက်ရည်ကို ချုပ်တည်းနိုင်တော့မှာ မဟုတ်တော့။' ဟု စိုးရိမ်လျက် မျက်နှာကို တစ်ဘက်သို့ လှည့်၍ပြောသည်။

''ကြည့်နိုင်ပါတယ်။ သို့ပေမယ့် ရှင် အေသင်စ်လုလင်ရဲ့အသွင်လို ဝတ်စားဆင်ယင်ရလိမ့်မယ်။ အဲဒီလိုလုပ်မှ ကောင်းမှာ။''

''နင် မနေ့ကဝယ်လာတဲ့ အင်္ကျီရှည်အသစ်နှင့် သားရေဖိနပ်အသစ်ကို ဝတ်မယ်လေ။''

''သွားဝတ်ခေျ။ ကျွန်မလည်း ကိုယ့်ချစ်သူအတွက် ပန်းကုံးကို ယူရဦးမယ်။ လိဒီယာ သိနေ တယ်။''

''ကောင်းပြီ''- ဟုပြော၍ နာဂဒတ္တသည် တစ်ဘက်ခန်းထဲသို့ ထွက်သွားလေ၏။

ဆိုဖီယာသည် ဧည့်ခန်းရှိ မှန်ရှည်ကြီး၏ရှေ့၌ရပ်လျက် သူ၏အဝတ်အစားများနှင့် ပန်းတန်ဆာ များကို လက်ဖြင့် တစ်ကြိမ်သပ်လိုက်၏။ ထို့နောက် ပန်းကုံးတစ်ခုကို မှန်၏နောက်၌ထားခဲ့လျက် တိတ်တဆိတ် အခန်းဝသို့သွား၍ ပြောလေသည်။

"နာဂ- သိပ် နောက်ကျနေပြီ။ ကျွန်မချစ်သူ ပွဲသဘင်တစ်ခုကို ထွက်သွားမှာ စိုးရိမ်ရတယ်။"

"မြန်မြန်လုပ်နေတာပဲ ဆိုဖီ။ နင် ဘယ်လိုအင်္ကျီရှည်ကြီးကို ဝယ်လာရတာလဲ။ စည်းကြိုးကလည်း ရှုပ်ထွေးနေတယ်။"

"ကျွန်မ ကူလုပ်ပေးမယ်။"

"ဒီလိုဆိုရင် ကျေးဇူးပေါ့။"

ရှုပ်ထွေး၍နေသည့် စည်းကြိုးကို ရှင်းပေးဖို့ရန်ကား လွယ်ကူလှသည်။

ထို့နောက် နာဂဒတ္တသည် သားရေဖိနပ်အသစ်ကို ဝတ်လိုက်သည်။ နာဂဒတ္တ၏ ရှင်ပျနေသည့် မျက်နှာကို ဆိုဖီသည် မကြည့်ရဲပေ။ ဆိုဖီသည် နာဂဒတ္တ၏လက်ကို ကိုင်၍ပြောသည်။

"မှန်ရှေ့ကို အရင်သွားပါ။ ကိုယ့်အချိုးသစ်အစားသစ်ကို ကြည့်စမ်းပါဦး။"

"နင် ကြည့်ပြီးပြီ မဟုတ်လား။ တော်ရောပေါ့။ ရိုးရိုးပဲ ဝတ်စားဆင်ယင်သင့်ပါတယ်။"

"ကျွန်မကတော့ 'ရိုးရိုးပဲ ဝတ်စားဆင်ယင်ထားတယ်။' လို့ ထင်တာပါပဲ။ သို့ပေမယ့် တစ်ကြိမ်လောက် ကိုယ့်ကိုယ်ကို ပြန်ကြည့်တာ အဆိုးမဟုတ်ပါဘူး။"

ဆိုဖီသည် နာဂဒတ္တကို မှန်ရှေ့သို့ တွန်းပို့လိုက်သည်ဖြစ်၍ နာဂဒတ္တသည် သူ့အဝတ်အစားကို ကြုံ၍နေသည်။

ထိုအခိုက် ဆိုဖီသည် ပန်းကုံးကို ထုတ်လိုက်ပြီးလျှင် ပြောသည်။

"ဒီပန်းကုံးပေါ့။ ကျွန်မ ကိုယ့်ချစ်သူအတွက် လုပ်ထားတာ။"

"သိပ်ကောင်းတဲ့ ပန်းကုံးပါလား ဆိုဖီ။"

"သို့ပေမယ့် သူနှင့် တော်မလား မပြောတတ်ဘူး။"

"ဘာဖြစ်လို့လဲ။ သိပ်လိုက် သိပ်တော်မှာပါပဲ။"

"သူဆံပင်က ရွှေဝါရောင်။ ဒီပန်းကုံးက ကြက်သွေးရောင်နှင်းဆီပွင့်တွေနှင့် လုပ်ထားတာ။"

"လှမှာပါပဲ။"

"ရှင့်ခေါင်းကို ခဏ စွပ်ကြည့်စမ်းမယ်။"

"နှင့်သဘောအတိုင်းပဲ။ ငါ့ဆံပင်ကလည်း ရွှေဝါရောင်ပဲ။"

"ဒါကြောင့်မို့ စွပ်စမ်းကြည့်ချင်တာပေါ့။"

ဤသို့ပြောရင် ပန်းကုံးကို ခေါင်းတွင် စွပ်လိုက်ပြီးလျှင် ရှေ့ဘက်မှ ကြည့်လိုက်သည်။ ထို့နောက် မှန်ဘက်မှမျက်နှာကို တစ်ဘက်သို့လှည့်ရန် ပြောလိုက်သည်။

"ရှင် ဒီနေ့ ကျွန်မချစ်သူကို 'ကြည့်မယ်' မဟုတ်လား နာဂ။ ကဲ-ဒါဖြင့် အခု ကြည့်လေ။"

နာဂသည် မျက်နှာလှည့်လိုက်သည်။ ဆိုဖီယာ၏လက်ညှိုးသည် မှန်ထဲရှိ နာဂဒတ္တ၏ရုပ်ပုံကို ထိုးပြနေသည်။ သူသည် ပီတိမျက်ရည်များစို့လာလျက် ပြောသည်။

"သူ ကျွန်မချစ်သူပေါ့။"

ထို့နောက်တွင် သူသည် လက်မောင်းနှင့် နာဂဒတ္တကို ဖက်လိုက်သည်။ နာဂဒတ္တ၏ နှုတ်ခမ်းပေါ်၌ သူ၏နှုတ်ခမ်းကို တင်ထားလိုက်သည်။ နာဂဒတ္တသည် အချိန်အတန်ကြာမြင့်စွာ မိန်း၍နေသည်။ ထို့နောက်မှ ဆိုဖီယာသည် နှုတ်ခမ်းကိုခွာလိုက်ပြီးလျှင် သူ၏ပါးကို နာဂ၏ပါးနှင့်ကပ်ပြီးလျှင် ပြောလေသည်။

"ကျွန်မချစ်သူဟာ ဘယ်လောက်တော်သလဲ နာဂ။"

"ဆိုဖီ- ငါ့ကိုယ်ကို 'နင်နှင့်တန်တယ်' လို့ မယူဆဘူး။"

သူဆရာ ပလေတိုဟာ
စံပြဂဏာတစ်ခုကို ကြံစည်ကူးခဲ့တယ်။
သို့ပေမယ့် သူလည်းပဲ အဲဒီဂဏာမှာ ပြည်သူလူထုလို
လယ်လုပ်, ကျွဲကျောင်းလောက်ပဲ ထားချင်တယ်။
အရစ္စတိုတယ်က စံပြဂဏာရဲ့နေရာမှာ
စံပြစကြဝဠာဘုရင်ကို ကြံစည်စိတ်ကူးထားတယ်။

''ကျွန်မကတော့ ကိုယ့်ကိုယ်ကို 'ရှင်နှင့် တန်တယ်'လို့ ယူဆတယ် ကျွန်မချစ်တဲ့ နာဂ။ ကျွန်မတို့ အခုကစပြီး သက်ဆုံးတိုင် အတူမခွဲဘဲ နေသွားကြမယ်။''

နာဂဒတ္တ၏ မျက်ရည်တာတမံသည် ယခုအခါ ကျိုးပေါက်သွားပြီ။ နာဂက ပြောသည်။

''သက်ဆုံးတိုင်။ ဟုတ်လား။''

၅

နာဂဒတ္တသည် ယဝန (ဂရိစ်) ရေတပ်က ပါရသဝ (အိရန်)များကို ချေမှုန်းပစ်လိုက်ရာ ဖြစ်သော ဆာလာမီပင်လယ်အော်ကို ကြည့်ချင်သည့် အာသာဆန္ဒ ပြင်းစွာပေါ်ပေါက်လာသည်။ ၂ ဦးသားသည် ကုန်းကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

နာဂဒတ္တသည် မိမိကိုယ်တွင် သစ်သောအား, သစ်သောလုံ့လများ တဖွားဖွားပေါ်ပေါက်လာသည်ကို တွေ့နေရသည်။ သူသည် မကြာခဏ တက္ကသိုလ်ကို သတိရနေသည်။

သူတို့ ၂ ဦးသည် လမ်းခရီး၌ သစ်ပင်တစ်ပင်အောက်တွင် အပန်းဖြေနေကြသည်။ ထိုအခိုက်၌ ဆိုဖီယာက ပြောသည်။

''ကြားရဲ့မဟုတ်ဟား နာဂ။ ဖိလစ် သေပြီ။ အလီကဆန္ဒရက မကဒုနိယာရဲ့ဘုရင် ဖြစ်လာပြီ။ သူ အပူတပြင်း စစ်တပ်အင်အား စုဆောင်းပြင်ဆင်နေတယ်။''

''ဟုတ်တယ်။ သူက ယဝန (မြေထဲ) ပင်လယ်တစ်ခုလုံးရဲ့ကမ်းပြင်ကို စိုးမိုးအုပ်ချုပ်ချင်နေ တယ်။ သို့ပေမယ့် ယဝနပင်လယ်ရဲ့ အရှေ့ဘက်နှင့် တောင်ဘက်(အိဂျစ်) ကမ်းပြင်ကတော့ ပါရသဝတွေ ရဲ့လက်ထဲမှာ ရောက်နေတယ်။''

''အဓိပ္ပာယ်က သူ ပါရသဝတွေနှင့် စစ်ခင်းလိုတယ်ပေါ့။''

''ပြီးတော့ သူ နိုင်ငံချဲ့ထွင် တည်ထောင်တဲ့နေရာမှာ ဂဏနိုင်ငံသား ယဝနတွေဆီက အကူအညီ ကို ယူချင်နေတယ်။ လောက်စာလုံးတစ်လုံးတည်းနှင့် ၄က် ၂ ကောင်ကို ပစ်သတ်နေချင်တယ် ဆိုဖီ။ ဘုရင်မင်းတရားကို ယဝနပင်လယ်က နှင်ထုတ်ဖို့နှင့် အကယ်၍ နောက်ထပ် ရှေ့ကို မတိုးနိုင်ဘူးဆိုရင် ဇာတိမာန်တက်ကြွနေတဲ့ ယဝန ဂဏနိုင်ငံသားတွေဆီက ဘုရင်ချစ်စိတ်, ဘုရင်မြတ်နိုးစိတ်, ဝပ်တွားစိတ် ကို ရဖို့ပေါ့။''

''အရစ္စတိုတယ်က သူ့ကို နည်းလမ်းညွှန်ပြတယ်။ အရစ္စတိုတယ်က သူ့ကို အားပေးတယ်။''

''ဒဿန (အဘိဓမ္မာ) ဆရာ အရစ္စတိုတယ်လား။''

''ဟုတ်တယ်။ သူ့ဆရာ ပလေတိုဟာ စံပြဂဏာတစ်ခုကို ကြံစည်ကူးခဲ့တယ်။ သို့ပေမယ့် သူလည်းပဲ အဲဒီဂဏာမှာ ပြည်သူလူထုလို လယ်လုပ်, ကျွဲကျောင်းလောက်ပဲ ထားချင်တယ်။ အရစ္စတိုတယ်က

စံပြဂဏာရဲ့နေရာမှာ စံပြစကြဝဠာဘုရင်ကို ကြဲစည်စိတ်ကူးထားတယ်။ ဒီယဝန စကြဝဠာဟာ ပါရသဝ ဘုရင်မင်းတစ်ပါးကို ဘယ်အထိနိုင်အောင် တိုက်နိုင်မယ် မသိဘူး။''

''ရှေ့တစ်ကြိမ် ခြေလှမ်းမိရင် အဲဒီခြေကို ပြန်ရုပ်ဖို့ရာ မလွယ်တော့ဘူး ဆိုဖီ။ ပြီးတော့ ဟိုမှာ လည်းပဲ ငါ့ကျောင်းနေဖက်သူငယ်ချင်း ဝိဏှုဂုတ္တစာဏကျကလည်းပဲ မဂဓကို စကြဝဠာအရှာထွက်သွားတယ်။''

''ယဝနစကြဝဠာနှင့် ဟိန္နူစကြဝဠာတို့ သိန္နမြင်းဂုမ်းမှာ ဆုံများ ဆုံနေဦးမှာလား။''

''ပထမလူအဆက်မှာ မဆုံတောင် နောက်လူတစ်ဆက်မှာတော့ ဆုံလိမ့်မယ် ဆိုဖီ။ အဲဒီအခါမှာ ပထဝီမြေကြီးတော့ သိပ်ကျဉ်းသွားမှာပဲ။''

၆

သူတို့သည် ပင်လယ်မြစ်ကမ်းပါးမှ ဆလာမီကို လှေဖြင့် ထွက်ခွာလာခဲ့ကြသည်။ ပင်လယ်ကား ငြိမ်သက်၍နေသည်။ လုံးဝ ရပ်တန့်၍နေသည်။

ဆိုဖီနှင့် နာဂဒတ္တသည် နှစ်ရာစုအလွန်က ဤပင်လယ်သမုဒ္ဒရာကို အလွန်ကျေးဇူးတင်သည့် နှလုံးသားဖြင့် ကြည့်ရှုနေကြသည်။ ဤပင်လယ် သမုဒ္ဒရာသည်ပင် ပါရသဝရေတပ်ကို ချေမှုန်းဖျက်ဆီးရာ၌ အကူအညီကို ပေးခဲ့လေသည်။

သမုဒ္ဒရာထဲတွင် အတော်ဝေးဝေးလံလံသို့ ရောက်သွားသည့်အခါ၌ ပြင်းထန်သော လေမုန်တိုင်းကြီး ကျလာလေ၏။ ဤမုန်တိုင်းသည် 'အနှစ် ၁၀၀ အလွန်က လေမုန်တိုင်း'ဟု သူတို့ ၂ ဦး တွေးတောမိကြသည်။ ထိုအခိုက် သူတို့ ၂ ဦး၏ မျက်လုံးသည် လှေထိုးသားများ၏ တုန်လှုပ်ကြောက်ရွံ့နေသည့်မျက်နှာများဆီသို့ ရောက်သွား၏။ ထို့နောက်တွင် ရွက်တိုင်ကျိုးသွားသည်ကို လည်းကောင်း၊ လှေ တိမ်းစောင်းသွားသည်ကို လည်းကောင်း တွေ့ကြရသည်။ အခြေအနေမှာ အထင်းသား ဖြစ်နေသည်။

ဆိုဖီသည် ထိုအခိုက်၌ နာဂဒတ္တကို လက်မောင်းဖြင့်ဖက်ပြီးလျှင် ရင်ချင်း အပ်လိုက်သည်။

''သက်ဆုံးတိုင်''

ဤသို့ သူကပြောလိုက်သည့်ခဏ၌ သူ၏မျက်နှာတွင် ပြုံးရောင်သန်းနေသည်။

''ဟုတ်တယ်။ သက်ဆုံးတိုင်။''

ဤသို့ ပြန်ပြော၍ နာဂဒတ္တသည် ဆိုဖီယာ၏နှုတ်ခမ်းပေါ်၌ သူ၏နှုတ်ခမ်းကို အပ်လိုက်လေသည်။ ၄င်းပြင် ၂ ဦးသားသည် လက်မောင်းဖက်ဖြင့် မြဲမြံစွာစည်းနှောင်မိသွားကြသည်။

ထို့နောက်တွင် လှေ မှောက်သွားလေတော့၏။ အမှန်တကယ်ပင် သူတို့ ၂ ဦးသည် သက်ဆုံးတိုင် ကြင်ဖော်ကြင်ဖက်ဖြစ်သွားကြသည်။ ။

ပဌာ

၁၁

ပဘာ

နေရာ- မြောက်ပိုင်း ဣန္ဒိယ။
အချိန်- ခရစ်နှစ် ၅၀။

ဤပုံဝတ္ထုဖြင့် ကျွန်ုပ်တို့သည် ဣန္ဒိယသမိုင်းကြောင်းတွင် ပိုမိုလူပ်ရှားလာသော ခေတ် အတွင်းသို့ ပြောင်းကူးဝင်ရောက်ကြသည်။

၁

သာကေတ (အယိုချာ)သည် ဘယ်သောအခါကမှ ဘုရင်တစ်ဦးဦး၏မင်းနေပြည်တော် မဖြစ်ခဲ့ဖူးပေ။ ဗုဒ္ဓနှင့် တစ်ခေတ်တည်းဖြစ်သော ကောသလပြည့်ရှင် ပသေနဒိ(ဒီ)၏နန်းတော် ရှိသည်ကား အမှန်ပင် ဖြစ်၏။ သို့သော်လည်း သာကေတမှ ၆ ယူဇနာ (မိုင် ၅၀ ခန့်) ဝေးကွာသော သာဝတ္ထိ (ဆာဟေ့ဋ် မဟေဋ်) သာ မင်းနေပြည်တော် ဖြစ်သည်။

ပသေနဒိ(ဒီ)၏ သမက်တော်အဓာတသတ်မင်းက ကောသလတိုင်း၏ လွတ်လပ်မှုကို လုယူလိုက်သောအချိန်ကပင် သာဝတ္ထိ၏ကံကြမ္မာလည်း အလုယူခံခဲ့ရလေသည်။

သရယူ (ဂူ) မြစ်ကမ်းပါး၌ တည်ထောင်ထားသော သာကေတသည် စောစောကပင် ရေလမ်းကူးသန်းရောင်းဝယ်မှု၏ ဗဟိုဌာနကြီးတစ်ခု ဖြစ်ရုံသာမက၊ အရှေ့ပိုင်းမှ ဥတ္တရာပထ (ပဲဂျပ်) တိုင်အောင် ကုန်သည်များ သွားရာလမ်းကြောင်းကျသောကြောင့် ကုန်လမ်းကူးသန်းရောင်းဝယ်မှု၏ ဗဟိုဌာနကြီးလည်း ဖြစ်ခဲ့သည်။ သာကေတသည် ရေကြောင်း, ကုန်းကြောင်း ဗဟိုဌာနကြီးအဖြစ် ကာလတောင်တာ ကြာမြင့်စွာပင် တည်ရှိနေခဲ့လေသည်။

ဝိဏှုဂုတ္တစာဏက္ကျ၏တပည့် မောရိယမင်းဆက် စန္ဒဂုတ်သည် မဂဓတိုင်းကို ပထမတက္ကသိလာအထိ၊ ထို့နောက် ယဝန ဂရိတ်ဘုရင် သေလကွ(ဆေလျူကဆ်)ကို တိုက်ခိုက်နှိမ်နင်း၍ ဟိန္ဒူကုသ္ဘ-တောင်တန်း (အဖဂါနိစတန်)မှ အနောက်ပိုင်း အတော်ကျသော ဟိရာတ်နှင့် အာမူဒရိယာအထိ ချဲ့ဖြန့်ခဲ့လေသည်။

စန္ဒဂုတ်နှင့် သူ၏ မောရိယမင်းဆက်များ အုပ်စိုးစဉ်အခါကလည်း သာကေတသည် ကူးသန်းရောင်းဝယ်မှု ဗဟိုဌာနအဖြစ်မှ တိုးတက်ပြောင်းလဲခြင်း မဖြစ်နိုင်ခဲ့သေးပေ။ မောရိယမင်းဆက်ကို ဖျက်ဆီးသော သေနာပတိ ပုပ္ပမိတ္တသည် ပထမဆုံး သာကေတကို ရာဇဌာနီအဖြစ် မြှင့်တင်ပေးခဲ့သည်။ သို့သော် ပါဋလိပုတ် သူဆရာ ပလေတိုဟာ စံပြဂဏာတစ်ခုကို ကြံစည်ကူးခဲ့တယ်။ သို့ပေမယ့် သူလည်းပဲ အဲဒီဂဏာမှာ ပြည်သူလူထုလို လယ်လုပ်, ကျွဲကျောင်းလောက်ပဲ ထားချင်တယ်။ အရစ္စတိုတယ်က စံပြဂဏာရဲ့နေရာမှာ ခံပြစကြဝတေးဘုရင်ကို ကြံစည်စိတ်ကူးထားတယ်။ (ပဋနာ)၏ အရေးပါအရာရောက်မှုကို မထခိုက်စေဘဲ

မြင့်တင်ပေးခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဝမ္မီကီ (ဗာလ်မိကီ)သည် 'အယိုရာ'ဟူသော အမည်သစ်ကို လူအများသိအောင်ပြုလုပ်ခဲ့သည်။ ထိုသရောအခါ ဓမ္မီကီသည် သူ၏ ရာမာယဏကို ပုပ္ပမိတ္တ၊ သို့မဟုတ် သုဂ်မင်းဆက် ဘုရင်တစ်ပါးတစ်ပါး အုပ်စိုးသောခေတ်တွင် ရေးသားခဲ့သည်။

အဿဃောသသည် ဝမ္မီကီ၏ ချိုမြိန်သောကဗျာအရသာကို ခံစားဖူးမည်မှာ ယုံမှားဖွယ်ရာ မရှိပေ။ .... ဝမ္မီကီသည် 'သုဂ်မင်းဆက်ကို မှီတင်းနေရသော စာဆိုတော်တစ်ဦး'ဟုဆိုလျှင် တစ်စုံတစ်ရာ အံ့အားသင့်ဖွယ် မရှိပေ။ ဥပမာသော်ကား စန္ဒဂုတ္တ ဝိက္ကမာဒိစ္စမင်းကို မှီတင်းနေသော ကာလိဒါသ ကဲ့သို့ပင်တည်း။

ဝမ္မီကီသည် သုဂ်မင်းဆက်မင်းနေပြည်တော်၏ ကြီးကျယ်ခမ်းနားမှုကို ပိုမိုတိုးတက်စေရန် ဇာတက များတွင်ပါသော ဒသရထမင်း၏ဇာရာသီအစား သာကေတ၊ သို့မဟုတ် အယိုရာကို ထည့်သွင်း၍ 'ရာမ' အနေအားဖြင့် သုဂ်ဧကရာဇ် ပုပ္ပမိတ္တ, အင်္ဂိမိတ္တကို ချီးကျူးခဲ့လေသည်။ ဥပမာသော်ကား ကာလိဒါသသည် 'ရာဃုဝံသ' တွင်ပါသော 'ရတု'နှင့် 'ကုမာရသမ္ဘဝ' တွင်ပါသော 'ကုမာရ' အမည်များတပ်ကာ 'သား, အဖ' ဖြစ်ကြသော 'စန္ဒဂုတ္တ-ဝိက္ကမာဒိစ္စ'နှင့် 'ကုမာရဂုတ္တ'တို့ကို ချီးကျူး သကဲ့သို့တည်း။

သေနာပတိ ပုပ္ပမိတ္တသည် သူ၏အရှင်ကို သတ်ပြီးသောအခါ မောရိယနိုင်ငံတော်ကြီးကို မသိမ်း ပိုက်နိုင်တော့ပေ။ ပဲဂျမ် တစ်နယ်လုံး ဂရိတ်ဘုရင် မနာန္ဒရ် (မိလိန္ဒ)လက်သို့ ကျရောက်ခဲ့လေသည်။ ပုပ္ပမိတ္တ၏ပုရောဟိတ် ဗြာဟ္မဏတစ်ဦးဖြစ်သော ပတဉ္စလိ ရေးသားချက်အရဆိုလျှင် မိလိန္ဒသည် သာကေတ ကိုပင် တစ်ကြိမ်က ဝိုင်းပတ်ထားခဲ့ဖူးသေးသည်။

ထိုအချက်ကို ထောက်ထား၍ ပုပ္ပမိတ္တတို့ခေတ် ပထမပိုင်းက 'အယိုရာ' ဟူသောအမည် မရသေး။ မြို့အမည် 'သာကေတ'ပင် ရှိသေးကြောင်းကိုလည်း သိရပေသည်။

ပုပ္ပမိတ္တ, ပတဉ္စလိနှင့် မိလိန္ဒတို့ခေတ်မှ အနှစ် ၂၀၀ ကျော်လွန်သွားသောအခါ၌လည်း 'သာကေတ တွင် သူဌေးကြီးများ နေထိုင်ကြောင်း' ကျန်ပ်တို့ တွေ့ရပေသေးသည်။ လက္ခိနတ်သမီး (စည်းစိမ်ဥစ္စာ)၏ နေရာဖြစ်သောကြောင့် သရဿတီနတ်သမီး (အတတ်ပညာ)၏ အဆင့်အတန်းလည်း အနည်းနှင့်အများ 'ညံ့ဖျင်းမည်' မဟုတ်သည်မှာ သေချာသည်။ ထို့နောက် ဘာသာရေးနှင့် ဗြာဟ္မဏများလည်း ထန်းလျက် ရှိရာ ပုရွတ်ဆိတ်လာသကဲ့သို့ ရောက်လာကြမည်မှာလည်း သဘာဝအတိုင်းပင် ဖြစ်သည်။

အဆိုပါ ဗြာဟ္မဏများတွင် ပစ္စည်းရှိ ပညာတတ်အမျိုးတစ်မျိုး ရှိခဲ့ဖူးသည်။ ၄င်းအမျိုးတွင် အိမ့်ရှင်ယောကျ်ားအမည်ကို ကာလကြာညောင်းခြင်းက မေ့ပျောက်ပစ်လိုက်သော်လည်း အိမ့်ရှင်မ၏အမည် ကိုကား သူ၏သားက အသက်သွင်းထားခဲ့သည်။ ဗြာဟ္မဏ၏အမည် 'သုဝဏ္ဏာ'ကို ဖြစ်သည်။ သူမ၏ မျက်လုံးများမှာ ရွှေကဲ့သို့ ဝါရောင်ရှိသည်။ ထိုစဉ်အခါက ဝါရောင်ရှိသောမျက်လုံးများက ဗြာဟ္မဏလူမျိုးများနှင့် ခတ္တိယလူမျိုးများတွင် အများအပြား တွေ့ရလေသည်။ မျက်လုံးဝါနေခြင်းကိုလည်း 'အပြစ်တစ်ခု'ဟု အမှတ်အသား မထားကြပေ။ ဗြာဟ္မဏမ သုဝဏ္ဏာတို့၏ သားတစ်ယောက်ကား အဓိကဲ့သို့ပင် ရွှေဝါရောင် မျက်လုံး, ဝါကြန့်ကြန့်ဆံပင်နှင့် ဖြူဖြူဖွေးဖွေး သွေးရောင်သန်းသောကိုယ်ကာယ ရှိလေသည်။

၂

အခါကား နွေဦးရာသီ ဖြစ်သည်။

သံရဲက်ခိုင်များသည် ပတ်ဝန်းကျင်တွင် သူတို့၏ မြွေကြိုင်သင်းပုံသောရုန့်ကို ဖြန့်ဖြူးနေကြသည်။ သစ်ပင်များကား ရွက်ဟောင်းများကိုခြွေ၍ ရွက်သစ်များဝေနေအောင် ဝတ်ဆင်ထားကြသည်။

ယနေ့ တန်ခူးလဆန်း ၉ ရက်နေ့ ဖြစ်သည်။

သာကေတ မြို့သူမြို့သားများသည် ရေကူးရန် သရယူ (ဇူ)မြစ်ကမ်းပါးတွင် ရုံးဝေးနေကြသည်။ ရေကူးကစားခြင်းအားဖြင့် သာကေတသူ, သာကေတသားများ ဝသန္တပွဲတော်ကို ဆင်နွှဲကြသည်။ ရေကူးရာတွင် ယောကျ်ား,မိန်းမ-၂ မျိုးစလုံး ပါဝင်ကြသည်။ ကိုယ်တုံးလုံးအတိုင်း ရေဆိပ်တံစ်ခုတည်းတွင် ရေချိုးကြသည်။ မိန်းမပျိုများတွင် ပရုတ်အသွေး ဖွေးဖွေးဖြူနေသော ဂရိတ်သူအမြောက်အမြား ပါဝင်လေသည်။ သူတို့၏ကိုယ်အလှမှာ ဂရိတ်ပန်းပုဆရာကြီးများ ထုလုပ်ထားခဲ့သော ကျောက်ဖြူရုပ်များကဲ့သို့ ရှုမငြီးမျှ ဖြစ်တော့သည်။

အညိုရောင်ဆံပင်များနှင့် တစ်မျိုး, အဝါရောင်ဆံပင်များနှင့် တစ်ဖုံ၊ မျက်လုံးဝါဝါနှင့် ဗြာဟ္မဏအမျိုးသမီးကဲ့သို့ များလည်း ပါဝင်လေသည်။ သူတို့၏အလှမှာ ဂရိတ်သူများ အလှအောက် မလျော့ညဲ့ပေ။ မည်းနက်သောဆံပင်များနှင့် ဂျုံရောင် ရှိသော၊ ကုန်သည်မျိုးမှမိန်းမပျိုများလည်း ပါဝင်သည်။ တာရှည်မဟုတ်စေကာ ခဏတာ မွှိုင်းမိသွားစေနိုင်သော သူတို့၏နုပျိုမှုမှာလည်း ဆွဲဆောင်မှုအင်အား မသေးလှပေ။

ယနေ့ သရယူမြစ်ကမ်းခြေ၌ သာကေတမြို့ထောင့်တိုင်းမှ ယောကျ်ား,မိန်းမ ပျိုရွယ်သူများ၏ အလှမှာ တစ်စုတစေးတည်း ဖြစ်နေကြသည်။ မိန်းမပျိုများကဲ့သို့ပင် လူမျိုးအသီးသီးမှ ယောကျ်ားပျိုကလေးများကလည်း အဝတ်များကို ချွတ်၍ မြစ်ထဲတွင်ကူးကြရန် ပြင်ဆင်နေကြသည်။ သူတို့၏ ကျင့်သားရပြီး၍ အလုံးအရပ်မျှမျှနှင့် လှပသောကိုယ်ကာယများမှာ ပရုတ်ရောင်မှ ဂျုံရောင်အထိ အရောင်အမျိုးမျိုးထွက်နေသည်။ သူတို့၏ ဆံပင်, မျက်နှာ, နှာခေါင်းများက လူမျိုးအသီးသီးကို ထူးထူးခြားခြား ဖော်ပြနေသည်။ အလှပြိုင်ရန်အတွက် ယနေ့ရေကူးပွဲထက် ကောင်းသောအခွင့်အရေးကို မည်သည့်ယောကျ်ားပျို, မိန်းမပျိုကလေးမျှ မရနိုင်ပေ။

နှစ်စဉ်နှစ်တိုင်း ဤဒေသခွင့်အရေးမှာပင် ခင်ပွန်းရွေးပွဲများ အထမြောက်ကြလေသည်။ အမိအဖများကလည်း လူငယ်များကို ထိုကိစ္စအတွက် အားပေးအားမြှောက် လုပ်တတ်ကြလေသည်။ အဆိုပါ အလှေအထမှာ ထိုစဉ်အခါကာလက ယဉ်ကျေးမှုတစ်ရပ် ဖြစ်ခဲ့ပေသည်။

လှေဖြင့် သရယူမြစ်ကိုဖြတ်၍၊ ရေကူးပြိုင်မည့် ယောကျ်ားပျို, မိန်းမပျိုများ ခုန်ချ၍ ပြန်ကူးလာကြသည်။ သရယူမြစ်၏ စိမ်းညိုနေသောရေထဲတွင် အချို့ကား သူတို့၏ ရွှေရောင်, ညိုရွှေရောင်, ငွေရောင်, နီကြောင်ကြောင်အရောင် ရှည်လျားသောဆံပင်များကို ဖော်ပြကြသည်။ အချို့ကား မည်းနက်သောဆံပင်များကို စိမ်းညိုရောင်ရေနှင့် တစ်သားတည်းဖြစ်စေလျက် လက်ရုံး ၂ ဖက်ဖြင့် ရေကို ခွဲကာ ခွဲကာ ရှေ့သို့ ထိုးတက်လာကြသည်။

ပြိုင်ပွဲဝင်သူတို့၏အနားမှ လှေကလေးများ ကပ်လိုက်လာကြသည်။ လှေစီးသမားက ယောကျ်ားပျို, မိန်းမပျိုကလေးများကို အားပေးကြလေသည်။ ခြေကုန်လက်ပန်းကျသွားသောအခါ ဆွဲတင်ကြသည်။ ထောင်ပေါင်းများစွာသော ပြိုင်ပွဲဝင်များအနက် အချို့ 'အရှုံးပေးလိုက်ရမည်'မှာလည်း သဘာဝပင် ဖြစ်လေသည်။ ရေကူးသမားအားလုံးပင် အလျင်အမြန် ရှေ့သို့ရောက်ရန် အားကုန်ကြိုးစားနေကြသည်။ ကမ်းပါးသို့ရောက်ရန် ၃ပုံ ၁ပုံ ကျန်သောအခါ ရေကူးသမားအမြောက်အမြားပင် အားကုန်လာကြလေတော့သည်။

ထိုအခါ ရေကူးသမား ၂ ဦး အခြားသူများရှေ့ဘက်သို့ ထိုးတက်လာသည်ကို တွေ့မြင်ရလေသည်။ ကမ်းစပ်သို့ ရောက်လုနီးသည်နှင့်တစ်ပြိုင်နက် သူတို့၏အရှိန်အဟုန်မှာ ပို၍ လျင်မြန်လာလေသည်။ လှေပေါ်မှလိုက်ပါလာကြသော သူများသည် အသက်အောင့်၍ ကြည့်နေကြသည်။

လှေစီးသမားများ မြင်ရသည်ကား ရွှေဝါရောင်နှင့် ညိုရွှေရောင်ဆံပင်များနှင့် လူ ၂ ယောက် အားလုံး၏ရှေ့ဆုံးမှ တစ်တန်းတည်း ကူးသွားကြသည်။ ကမ်းပါးဘက်သို့လည်း ပို၍ နီးသွားကြလေပြီ။ လူအများကပင် 'တစ်ယောက်ယောက် ကျော်တက်သွားလိမ့်မည်။' ဟု မျှော်လင့်နေကြသည်။ သို့သော် မြင် ရသည်ကား ၂ ယောက်စလုံး တစ်တန်းတည်း ကူးသွားနေကြသည်။

လှေစီးသမားများထဲမှ တစ်ယောက်ယောက်က သူတို့ ၂ ဦး တစ်ယောက်ကို တစ်ယောက် ကျော် တက်သွားစေရန် အားပေးနေကောင်း နေပေလိမ့်မည်။

၂ ဦးစလုံး တစ်ပြိုင်နက်အတူပင် ကမ်းပါးသို့ ဆိုက်ရောက်ကြလေသည်။ ၂ ယောက်အနက် တစ်ယောက်မှာ ယောကျ်ားပျိုကလေးဖြစ်၍ အခြားတစ်ယောက်မှာ မိန်းမပျိုကလေး ဖြစ်သည်။ လူများက ကောင်းချီးသြဘာပေးကြလေသည်။ ၂ ယောက်စလုံး အဝတ်များကို ဝတ်ကြသည်။ ဗလာကျင်းထားသော ထမ်းစင်များနှင့် သူတို့ ၂ ယောက်ကို ထမ်းဆောင်ထုတ်ယူသွားကြလေသည်။ ကြည့်ရှုသူများက ပန်းမိုး များ ရွာချကြသည်။

ယောကျ်ားပျိုနှင့် မိန်းမပျိုသည် တစ်ယောက်ကိုတစ်ယောက် နီးနီးကပ်၍ ကြည့်နိုင်ကြလေသည်။ လူအများကပင် သူတို့ ၂ ယောက်၏ ရေကူးကျင်လည်ပုံကိုသာမက အလှကိုပါ ချီးကျူးထောမနာ ပြု နေကြသည်။ တစ်ယောက်သောသူက မေးသည်။

"အဆွေ။ မိန်းကလေးကိုတော့ ငါ သိပါတယ်။ ယောကျ်ားကလေးက ဘယ်သူလဲ။"

"သုဝဏ္ဏကွီသား 'အဿဃောသ' ဆိုတဲ့အမည်ကို မကြားဖူးဘူးလား။"

"မကြားဖူးဘူး။ ငါက ငါ့ပုရောဟိတ်ရဲ့အမျိုးအနွယ်ကိုသာ သိတယ်။ ငါတို့ကုန်သည်တွေဟာ ဒီလောက်သိနေဖို့ အခွင့်အခါ ဘယ်မှာရှိမှာလဲ။"

တတိယလူ- "အို-အဿဃောသရဲ့ ပညာဂုဏ်သတင်းဟာ သာကေတက အဝေးကြီးအထိ ရောက်နေ တယ်။ သူဟာ ဝေဒအကုန်လုံးနှင့် အတတ်ပညာအကုန်လုံးမှာ တစ်ဖက်ကမ်းခတ်နေ တယ်။"

ပထမလူ- "ဒါပေမယ့် သူအသက်ကတော့ ၂၄ နှစ်ထက် လွန်မှာ မဟုတ်သေးဘူး။"

ဒုတိယလူ- "ဟုတ်တယ်။ အသက် ဒီလောက်ပဲ ရှိဦးမယ်။ သူကဗျာတွေကို လူတွေက တမျော် တပါးကြီး ဖတ်ကြဆိုကြတယ်။"

ဒုတိယလူ- "အဲဒီ အဿဃောသပေါ့ကွာ။ သူရဲ့ မယ်ဖွဲ့မောင်ဖွဲ့တွေဟာ တို့လုလင်, လုံမတွေ လျှာများ မှာ သီးနေတာပဲ။"

တတိယလူ- "ဟုတ်တယ်။ အဲဒီအဿဃောသပဲ။ ဒါထက် အဆွေ မိန်းကလေးနာမည်ကတော့ ဘယ်လိုခေါ်သလဲ။"

ပထမလူ- "ပဘာတဲ့။ သာကေတမှာ ငါတို့ ယဝန (ဂရိတ်) လူမျိုးအကြီးအချုပ် ကောသလ တိုင်းမှာ ကျော်စောထင်ရှားတဲ့ ကုန်သည်ကြီး 'ဒတ္တမိတ္တ' ဆိုတာ သူ့အဖေပေါ့။"

ဒုတိယလူ- "အို-ဒီလိုဆိုရင် ဒီလိုအလှမျိုး တခြားအမျိုးအနွယ်မှာ တွေ့ခဲရဘိတောင်းပေါ့။ ကြည့် လိုက်ရင် သူကိုယ်ကလေးဟာ အင်မတန် နူးညံ့ပုံရတယ်။ ဒါပေမယ့် ရေကူးတော့ ဘယ်လောက် သန်မာသလဲ။"

ပထမလူ- ''ပဘာရဲ့ အမိအဖ ၂ ဦးစလုံး အင်မတန် ကျန်းမာတောင့်တင်းကြတယ်။

.. မြို့ဥယျာဉ်သို့သွား၍ အထူးတလည် မြတ်နိုးတနာပြုကြလျက် ရေကူးပြိုင်ပွဲ အောင်မြင်သူ ၂ ဦးကို လူထုပရိသတ်ကြီးနှင့် မိတ်ဆက်ပေးကြလေသည်။ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ပေးသောအခါ ၂ ဦးစလုံး ရှက်စနိုးနှင့် ခေါင်းငုံ့ထားကြသည်။

၃

သာကေတမြို့ ပန်းဥယျာဉ်သည် ဗိုလ်ချုပ်ပုပ္ပမိတ္တာ၏ အုပ်ချုပ်ရေးအထိမ်းအမှတ် ဖြစ်၏။ ဗိုလ်ချုပ်သည် ပန်းဥယျာဉ်တည်ဆောက်ရာဝယ် ပစ္စည်းကုန်လူပန်း အတော်ပင် ခံခဲ့ရလေသည်။ သို့သော် ယခုအခါ ပုပ္ပမိတ္တာ၏အစဉ်အဆက်များ အုပ်ချုပ်လျက် မရှိတော့ပေ။ သာကေတသည် ယခုအခါ အခြားမင်းဆွေမင်းမျိုးတစ်မျိုးမျိုး၏ နေပြည်တော်လည်း မဟုတ်တော့။ သို့သော် မြို့သူမြို့သားများက အဆိုပါ ပန်းဥယျာဉ်ကို သာကေတမြို့၏ လေးစားအပ်သောဌာနတစ်ခုအဖြစ် အသိအမှတ်ပြု၍ လွန်ခဲ့သော အနှစ် ၂၀၀ က ပုပ္ပမိတ္တာအုပ်စိုးစဉ်ကဲ့သို့ပင် ကောင်းမွန်စွာ စောင့်ရှောက်ထားကြသည်။

ဥယျာဉ်၏အလယ်တွင် လှပသောရေကန်တစ်ခု ရှိသည်။ ရေကန်၏စိမ်းညိုကြည်လင်သော ရေထဲတွင် ကြာမျိုးစုံပွင့်ဖူး၍ ဟင်္သာမောင်နှံများ ကူးသန်းနေကြသည်။

ရေကန်တစ်ဝိုက် ရေဆိပ်များကို ကျောက်ဖြူ ခင်းထားသည်။ ရေဆိပ်ရှိလှေကားများမှာ ဖန်ရောင်တောက်နေကြသည်။ ရေကန်၏ဘေးပတ်လည်တွင် စိမ်းစိုသော သမန်းမြက်များ ကျယ်ပြန့်စွာဖုံးအုပ် နေသည်။ ဟိုမှာသည်မှာ သူနေရာနှင့် သူနေရာ နှင်းဆီ, ဇွန်, ကြက်ရုံး အစရှိသော ပန်းခင်းအမျိုးမျိုး၊ ပန်းညို, ချရား, သော်က ပင်စဉ်ပင်တန်းများ၏အေးရိပ်သာ၊ နွယ်ချုံများဖြင့် ဝန်းရံ၍ ကျောက်ပြား ခင်းထားသော ကြီးကြီးငယ်ငယ် အရွယ်အမျိုးမျိုးရှိ နွယ်အိမ်များ၊ လှလင်လုံမတို့ 'ဗော' ကစားရာကွင်းများ ရှိကြသည်။

ဥယျာဉ်တွင်ကျောက်သား, မြေကြီးနှင့် စိမ်းစိုသောသစ်ပင်များ ဖုံးအုပ်ထားသည်။ ပျော်မွေ့ဖွယ်ကောင်းသော ကစားစရာတောင်ကုန်းကလေးများ ရှိသည်။ ဟိုမှာသည်မှာ ရေတံခွန်များသည် ရေမှုန်ကလေးများကို ဖျန်း၍ မိုးရွာသည့်အဟန် ပြုနေကြသည်။

မွန်းလွဲအချိန်တွင် သာကေတမြို့မှ လှလင်လုံမများ နွယ်အိမ်တစ်ခုအနီးတွင် ကျိတ်ကျိတ်တိုးဖြစ်နေသည်ကို တွေ့ရတတ်လေသည်။ အပြင်ဘက်တွင် တိုးနေကြသောလူများကား အတွင်းဘက်သို့ ဝင်ခွင့်မရသောသူများ ဖြစ်သည်။ ယနေ့လည်း ထိုနေရာတွင် လူများ ပြည့်ကျပ်နေသည်။ သို့သော် လူများတစ်ဝိုက်တွင် အသံတိတ်ဆိတ်နေသည်။ လူအားလုံး၏နှာများ နွယ်အိမ်ဘက်သို့ စွင့်နေကြသည်။

အတွင်းဘက်တွင်ကား အဘယ်နည်း။

ကျောက်ပြားအခင်းပေါ်၌ လွန်ခဲ့သောတစ်လက ရေကူးပြိုင်ပွဲတွင် ရည်ရွယ်ချက်နှင့် အလျှော့ပေးသွားသော လှလင်ပင် ဖြစ်သည်။ လှလင်သည် ချောမွတ်သောဝိုးအင်္ကျီကို ဝတ်ထားသည်။ သူ၏ရွေဝါရောင်ရှည်လျားသောဆံပင်များကို ခေါင်းပေါင်းတွင် စု၍ ထုံးထားသည်။ သူ၏လက်တွင် မျက်နှာဝပါသော စောင်းတစ်ခု ရှိသည်။ စောင်းပေါ်တွင် လှလင်၏ လက်ချောင်းများမှာ ပေါ့ပေါ့ပါးပါးပြေးလွှားလျက် ငြိမ့်ညောင်းသောအသံ ထွက်နေသည်။ လှလင်သည် မျက်စိကိုမှေး၍ စောင်းသံတွင်နစ်မြုပ်လျက် သီဆိုနေသည်။ သီချင်းမှာ အခြားစာဆိုတော်တစ်ဦး၏လက်ရာ မဟုတ်။ သူကိုယ်တိုင်ရေးသော သီချင်း ဖြစ်သည်။ 'နွေဦးဥဩ' ခေါ် သီချင်းမှာ သက္ကတဘာသာဖြင့် ရေးသားပြီးခါစ ရှိသေးသည်။ သက္ကတဘာသာသီချင်းကို ဆိုပြီးနောက် ပါကတဘာသာသီချင်းကို မုချ ဆိုရပေမည်။ အကြောင်းသော်ကား

အဆိုတော် ကဗျာဆရာက သူ၏ သောတရှင်ပရိသတ်များတွင် ပါကတဘာသာကို ကြိုက်သူ ပိုမို များပြားကြောင်း သိထားသောကြောင့်ပေတည်း။

စာဆိုတော်သည် သူ၏ ရေးပြီးစ 'ဥဗ္ဗသီဝိယောဂ' (ရှာပုံတော်သီချင်း)ကို ဆိုလေသည်။

'ဥဗ္ဗသီ' ပျောက်သွားသောအခါ 'ပုရုရဝါ' က 'အစ္ဆရာ (ရေနတ်သမီး)'ဟု အမည်ပေး၍ 'ဥဗ္ဗသီ'ကို ခေါ်ကာ တောင်ကုန်း, စမ်းချောင်း, ရေအိုင်, တောချုံ အစရှိသော နေရာများတွင် လှည့်ပတ်ရှာဖွေလေသည်။ ပုရုရောဝါသည် ရေနတ်သမီးကို မတွေ့ရ။ သို့သော် ရေနတ်သမီး၏အသံကို လေထဲမှ ကြားနေရသည်။ ပုရုရဝါသည် မျက်ရည်ကျသောအခန်းတွင် အဆိုတော်၏မျက်လုံးများမှ မျက်ရည်များ ကျလာလေသည်။ နားထောင်သူအားလုံးလည်း အဆိုတော်နှင့်အတူ မျက်ရည်များ ကျဆင်းကြလေသည်။

သီချင်းဆုံးသွားသောအခါ နားထောင်သူများ တစ်ယောက်တစ်ကွဲစီ ထွက်ခွာသွားကြသည်။

အဿဃောသ အပြင်ဘက်သို့ ထွက်လာသောအခါ လုလင်, လုံမပျိုအချို့ ၄င်းအားဝိုင်းရံ၍ ရပ်ထားသည်။ ၄င်းတို့အနက် မျက်လုံးနီနီနှင့် မျက်ခွံမို့နေသော ပဘာလည်း ပါဝင်လေသည်။

လုလင်ပျိုတစ်ဦးက ရှေ့သို့တိုး၍ ပြောလိုက်သည်။

''စာဆိုတော်ကြီးပါလား။''

''စာဆိုတော်ကြီး။ 'စာဆို'တောင် မဟုတ်သေးပါဘူး အဆွေ။''

''ကိုယ့်သဒ္ဒာနှင့် ကိုယ်ခေါ်တာ ခေါ်ပါရစေ စာဆိုတော်။ သာကေတမှာ ငါတို့ ယွန်း (ဂရိက်) လူမျိုးများရဲ့ ကပွဲရုံကလေးတစ်ခု ရှိပါတယ်။''

.''က ဖို့လား။ ငါလည်း အက ဝါသနာပါတယ်။''

''က ရုံတင် မဟုတ်သေးဘူး။ အဲဒီကပွဲရုံမှာ ဇာတ်ဟန်လည်း ပြကြသေးတယ်။''

''ဇာတ်ဟန်။''

''ဟုတ်တယ်။ ယွန်းတို့ ဓလေ့ထုံးစံကိုပြတဲ့ ဇာတ်ဟန်ဟာ တစ်မျိုးထူးခြားတယ် စာဆိုတော်။ ဇာတ်ခုံမှာ ကာလ, ဒေသကွဲပြားတဲ့ အလိုက်အမျိုးမျိုး အတွေ့အကြုံရှိအောင် ပန်းချီကားကြီးတွေလည်း ရေးဆွဲထားကြတယ်။ အားလုံးအကြောင်းအရာတွေကို တကယ့်သရုပ်ပေါ်လာအောင် ကြိုးစားကြတယ်။''

''ငါ .သိပ်ဝမ်းနည်းတာပဲအဆွေ။ သာကေတမှာ မွေးရက်နှင့် ဒီလိုဇာတ်ဟန်မျိုးကို မမြင်ရဖူးဘူး။''

''ငါတို့ ဇာတ်ဟန်တွေကို ကြည့်ရတဲ့သူတွေဟာ ဒီသာကေတက ယွန်းမိသားစုများနှင့် ရင်းနှီးတဲ့ မိတ်ဆွေတချို့ပဲ သတ်သတ်မှတ်မှတ် ဖြစ်နေတယ်။ ဒါကြောင့် သာကေတသူ, သာကေတသားအများက ယွန်းဇာတ်ဟန်။''

''ပြဇာတ်-လို့ခေါ်ရင် မကောင်းဘူးလား အဆွေ။''

''ဟုတ်တယ်။ ယွန်းပြဇာတ်ကို ကနေ့ ငါတို့ ပြဇာတ်တစ်ခု စီစဉ်ကြမလို့။ နှင်တို့လည်း တို့ ပြဇာတ်ကို ကြည့်စေချင်တယ်။''

''ဝမ်းမြောက်ဝမ်းသာနှင့်ပေါ့။ ဒီလိုကြည့်ခွင့်ပေးတာ သင်နှင့် သင့်မိတ်ဆွေများရဲ့ ချီးမြှောက်ထောက်ပံ့ခြင်းကြီး တစ်ခုပါပဲ။''

အဿဃောသသည် ယွန်းတို့နှင့်အတူ ထွက်ခွာသွားလေသည်။

ကပွဲရုံတွင် ဇာတ်ခုံအနီး၌ သူအား နေရာချထားပေးလေသည်။ ဇာတ်ဟန်ကား လွမ်းခန်းနှင့် အဆုံးသတ်ထားသော ယွန်းပြဇာတ်တစ်ခု ဖြစ်သည်။ ပါကတဘာသာဖြင့် ဘာသာပြန်ထားသည်။

ယွန်းအမျိုးသား၊ အမျိုးသမီးများ သူ့အခန်းနှင့်သူ ပါဝင်၍ ဇာတ်ဟန် ပြကြသည်။ ဇာတ်သူဇာတ်သား အားလုံး ယွန်းတို့မူအတိုင်း ဝတ်ဆင်ထားကြသည်။ အမျိုးမျိုးသော ရှုခင်းပန်းချီကားများကိုလည်း ယွန်းတို့မူအတိုင်း ရေးဆွဲထားကြသည်။

ဇာတ်လိုက်မကား အဃဃောသ၏အသိ ပဘာ ဖြစ်သည်။ ပဘာ၏ ကျွမ်းကျင်လှသောဇာတ်ဟန်ကို မြင်ရ၍ အဃဃောသ အစွဲကြီးစွဲမိလေတော့သည်။

ပြဇာတ်နားချိန်တွင် သိဟောင်းကျွမ်းဟောင်းဖြစ်သော ယွန်းလုလင်တစ်ယောက်က 'ဥဇ္ဇသီဝိယောဂ' (ရှာပုံတော်သီချင်း) ကိုဆိုရန် တောင်းပန်လေသည်။

အဃဃောသသည် မတွန့်မဆုတ် စောင်းကိုကိုင်ကာ ဇာတ်ခုံပေါ်သို့ ရောက်သွားတော့သည်။ ထို့နောက် သူသည် သီချင်းဆိုရင်း ကိုယ်တိုင်လည်းငို၊ အခြားသူများကိုလည်း အငိုတိုက်လေတော့သည်။ ထိုအချိန်တွင် သူ၏မျက်လုံးသည် ပဘာ၏ ဝမ်းနည်းနေသောမျက်လုံးပေါ်သို့ လှစ်ခနဲ တစ်ချက် ရောက်သွားသည်။

ပြဇာတ်ပြီးဆုံးသွားသောအခါ ဇာတ်ဝတ်ဇာတ်စား ပြင်ဆင်သောအခန်း၌ အားလုံးသော ဇာတ်သူ ဇာတ်သား လုလင်၊ လုံမများသည် စာဆိုတော်နှင့် မိတ်ဆက်ကြလေသည်။ အဃဃောသက ပြောသည်။

"သာကေတမှာနေရက်နှင့် ဒီလောက်လှတဲ့အနုပညာတွေကို ငါ လုံးလုံးမသိ ဖြစ်နေတယ်။ 'မသိရသေးတဲ့ အလင်းရောင်ကမ္ဘာတစ်ခုကို ပြဖော်ရပေတယ်။' ဆိုပြီး သင်တို့မိတ်ဆွေများကို ငါ အများကြီး ကျေးဇူးတင်ပါတယ်။"

'အလင်းရောင်ကမ္ဘာ' ဟု ပြောလိုက်လျှင်ပင် မိန်းမပျိုအချို့က ပဘာဘက်သို့ကြည့်၍ ပြုံးလိုက်ကြသည်။ ဃောသက ဆက်ပြောသည်။

"ငါ စိတ်ကူးတစ်ခု ရတယ်။ သင်တို့ ယွန်းပြဇာတ်ကို ပါကတဘာသာပြန်ပြီး ဇာတ်ဟန်ပြတာလို အဲဒီနည်းအတိုင်း ငါတို့အရပ်က ပုံဝတ္ထုတွေကို ပြဇာတ်ကောင်းကောင်း လုပ်နိုင်လိမ့်မယ်လို့ ငါ ထင်တယ်။"

"စာဆို။ သင်လို စာဆိုတစ်ယောက်ကသာ လုပ်မယ်ဆိုရင် မူလ ယွန်းပြဇာတ်ထက်တောင် ကောင်းအောင်လုပ်နိုင်မယ်ဆိုတာ လုံးဝ ယုံကြည်တယ်။"

"ဒီလောက် မပြောပါနှင့်အဆွေ။ ယွန်းပြဇာတ်ဆရာရဲ့ တပည့်လောက်ပဲ ဖြစ်သင့်ပါသေးတယ်။ ကဲ- ငါ ဥဇ္ဇသီဝိယောဂပုံဝတ္ထုကို မှီးပြီး ပြဇာတ်တစ်ခုကို ရေးရမလား။"

"ငါတို့ အဲဒီပြဇာတ်ရဲ့ ဇာတ်ဟန်ပြဖို့အတွက်လည်း အသင့်ပဲ။ ဒါပေမယ့် ပုရုရဝါအခန်းမှာတော့ သင် ပါဝင်ရလိမ့်မယ်။"

"ငါ မပါနိုင်စရာအကြောင်း မရှိပါဘူး။ နည်းနည်းပါးပါး အလေ့အကျင့်လုပ်ပြီးရင် သိပ် ဆိုးဆိုးဝါးဝါးကြီးဖြစ်မယ် မထင်ဘူး။"

"ငါတို့ ပန်းချီကားတွေလည်း အသင့် လုပ်ထားကြရလိမ့်မယ်။"

"ပန်းချီကားပေါ်မှာ ပုရုရဝါရဲ့အရပ်ကို ရှုခင်းပေါ်အောင် ဖော်ရလိမ့်မယ်။ ငါလည်း အတော်အသင့် ပန်းချီဆွဲတတ်ပါတယ်။ အခွင့်ရရင် ပန်းချီဆွဲတဲ့နေရာမှာလည်း ငါ နည်းနည်းပါးပါး ကူညီပါ့မယ်။"

"သင်တို့ ညွှန်ကြားချက်အတိုင်း ရှုခင်းတွေကို ရေးဆွဲမှ ကောင်းမှာပဲ။ ဇာတ်သူဇာတ်သားများရဲ့ အသွင်အပြင်၊ အဝတ်အစားနှင့် ပတ်သက်လို့လည်း သင်တို့ ညွှန်ကြားရမှာပဲ။ ဒါထက် ဇာတ်သား ဘယ်လောက်ထားမလဲ။"

''ဇာတ်သားကတော့ အခု အားလုံး မပြောနိုင်သေးဘူးအဆွေ။ ဒါပေမယ့် ဇာတ်သားဦးရေတော့ နှည်းနည်းထားရမှာပဲ။ ဘယ်လောက် ထားသင့်သလဲ။''

''၁၆ ယောက်က ၂၀ အထိဆိုရင် ငါတို့ လွယ်လွယ်ကူကူ ပြင်ဆင်နိုင်တာပဲ။''

''၁၆ ယောက်နှင့် ပြီးနိုင်အောင် ငါ ကြိုးစားမယ်။''

''ပုရုရဝါတော့ သင်ပဲ လုပ်ရမှာပဲ အဆွေ။ ဥဗ္ဗသီအတွက်တော့ ငါတို့ ပဘာဟာ ဘယ့်နယ်နေမလဲ။ ကနေ့ သူဟန်ကို မြင်ရပြီနော်။''

''အလှေအကျင့်မရသေးတဲ့ ငါမျက်စိအတွက် ပဘာဟာ အပြစ်မရှိဘူး ထင်တာပဲ။''

''ဒီလိုဆိုရင် ပဘာကိုပဲ ဥဗ္ဗသီအတွက် ဆုံးဖြတ်ကြမယ်။ ငါတို့အဖွဲ့မှာ ဘယ်သူကိုမဆို တာဝန်ပေးရင် ပေးတဲ့တာဝန်ကို မငြင်းဆန်နိုင်ဘူး။''

ပဘာ၏မျက်လုံးများ အတန်ငယ် မှောင်ကုပ်သွားသည်။ သို့သော် ခေါင်းဆောင်လုလင်က ''ဘလို့လဲ ပဘာ။'' ဟု မေးလိုက်သောအခါ၊ ပဘာသည် အတန်ငယ်တန့်၍ ''ဟုတ်ကဲ့'' ဟု ဝန်ခံလိုက်လေသည်။

၄

အဿယောသသည် ခေါင်းဆောင်ယွန်းလုလင် ဗုဒ္ဓဝိယနှင့်အတူ အချို့သော ပါကတဘာပြန်ယွန်းပြဇာတ်များကို ဖတ်သည်။ နောက်ခံကား စသည်နှင့်ပတ်သက်သော အချက်အလက်များကို ဗုဒ္ဓဝိယနှင့် ဆွေးနွေးသည်။

အဿယောသသည် ယဝန(ဂရိက်) အနုပညာကို အထိမ်းအမှတ်ပြုသောအားဖြင့် ပြဇာတ်ပန်းချီကားများကို 'ယဝနိကာ တင်းထိမ်နောက်ခံကား'ဟု အမည် မှည့်ခဲ့လေသည်။ ပြဇာတ်များကို သက္ကတဘာသာ, ပါကတဘာသာများဖြင့် လက်ာ, စကားပြေ-၂ မျိုးစလုံး ရေးသားသည်။ ထိုခေတ်က ပါကတဘာသာသည် အထက်တန်းစားမိသားစုများ လွယ်လွယ်ကူကူနှင့် နားလည်နိုင်လောက်အောင် သက္ကတဘာသာနှင့် နီးစပ်လေသည်။

'ဥဗ္ဗသီ-ဝိယောဂ'ပြဇာတ်ပင် အိန္ဒိယပြည်၏ ပထမဆုံးပြဇာတ် ဖြစ်သည်။ အဿယောသသည် ပထမဆုံး ပြဇာတ်ရေးဆရာ ဖြစ်သည်။ အဆိုပါပြဇာတ်သည်။ စာဆိုတော်၏ ပထဆုံးကြိုးပမ်းမှုဖြစ်သော်လည်း၊ ၄င်းပြဇာတ်သည် သူ၏ 'ရုဒ္ဓပါလ', 'သာရိပုတ္တ' အစရှိသော ပြဇာတ်များလောက် အကောင်း, အလှမလျော့ပေ။

ဇာတ်ခုံပြင်ဆင်ရခြင်း, ဇာတ်ဟန်များ လေ့ကျင့်ရခြင်းဖြင့် လုလင်စာဆိုသည် အစားအသောက်ကိုပင် သတိမရတော့ပေ။ စာဆိုသည် ထိုအချိန်များကို 'သူ၏တစ်သက်တွင် အကောင်းဆုံးသော နာရီများ'ဟု မှတ်ထင်လေသည်။

နေ့စဉ် နာရီပေါင်းများစွာ စာဆိုနှင့် ပဘာ ဇာတ်တိုက်ကြရလေသည်။ ရေကူးပြိုင်သောနေ့က သူတို့၏အသည်းနှလုံးတွင် ကျရောက်ခဲ့သော အချစ်ဒဏ ယခုအခါ အညောင့်ထိုးစ ပြုလာလေတော့သည်။ ယွန်းလူမျိုးလုလင်,လုံမတို့သည် အဿယောသအား သွေးသားအရင်းအချာကဲ့သို့ တွေ့လိုကြသည်။ ထို့ကြောင့် ယွန်းလုလင်လုံမများက ပြဇာတ်တွင် ပါဝင်ကူညီရခြင်းကို 'သူတို့၏အခွင့်ကောင်း' ဟု မှတ်ထင်ကြလေသည်။

တစ်နေ့သဋ္ဌ နာရီပေါင်းများစွာ ယန်းချီရေးခြယ်ပြီးနောက် အဿဃောသသည် ဇာတ်ပွဲရုံအပြင် ဘက် ယန်းခြံကလေးတစ်ခုတွင် ချထားသော ထိုင်ခုံတစ်ခုပေါ်သို့ သွားထိုင်လေသည်။ ထိုအချိန်မှာပင် ပဘာလည်း အဿဃောသရှိရာသို့ ရောက်လာလေသည်။ ပဘာသည် သူ၏ ပင်ကိုချိုမြိန်သော အသံ ဖြင့် မေးလေသည်။

"စာဆို။ သင် ဥဗွသီဝယောဂသီချင်းကို ဆိုနေတုန်းက သင့်စိတ်ထဲမှာ ဘာများပေါ်နေသလဲ။"

"ဥဗွသီနှင့် ပုရုရဝါရဲ့ ဒဏ္ဍာရီကလေး ပေါ်နေတယ်။"

"ဒဏ္ဍာရီကိုတော့ ငါလည်း သိပါတယ်။ ဥဗွသီကို 'ရေနုတ်သမီး' လုပ်ပြီးတော့ သင် မကြာမကြာ ခေါ်ခေါ်နေတယ် မဟုတ်လား။"

"ဥဗွသီဟာ ရေနုတ်သမီးပဲ။"

"ပြီးတော့ အဲဒီသီချင်းထဲမှာ ပုရုရဝါကို ဥဗွသီနှင့် ကွဲကွာသွားပြီး စမ်းချောင်း, ရေအိုင်, တောင်ကုန်း, တောမြိုင် နေရာတကာရှာရတာနှင့် စိတ်မောနေပုံ သရုပ်ဖော်ထားတယ်။"

"အဲဒီအခြေအနေမျိုးမှာ ပုရုရဝါဟာ ဒီအတိုင်းဖြစ်ရမှာပဲ။"

"ပြီးတော့ 'ဥဗွသီ-ဝိယောဂ' သီချင်းကိုဆိုတဲ့ အဆိုတော်ဟာ နှယ်အိမ်ထဲမှာ မျက်ရည်ပေါက်တွေကို စောင်းနှင့် မိတ်ဖွဲ့ပေးသလို သီချင်းနှင့်လည်း မိတ်ဖွဲ့ပေးခဲ့တယ်။"

"အဆိုတော်တို့, ဇာတ်သမားတို့ဆိုတာ ကိုယ့်အလုပ်ထဲမှာ စိတ်ပါသွားဖို့ လိုအပ်တယ် ပဘာ။"

"မဟုတ်ပါဘူး။ သင် ငါ့ကို ပွင့်ပွင့်လင်းလင်း မပြောချင်ဘူး။"

"သင် ဘယ်လို ထင်သလဲ။"

"သင် ရှေးတုန်းက ဥဗွသီတစ်ယောက်နှင့် ကွဲကွာသွားတဲ့အကြောင်းဆိုနေတာ မဟုတ်ဘူး။-လို့ ထင်တယ်။"

"ပြီးတော့ကော။"

"သင့်ရဲ့ ဥဗွသီဟာ ဥရုဝသီ (အသည်းစွဲနေတဲ့သူ) ပဲ။ ဟို အစ္ဆရာကလည်း အပ်-သရသူမြစ်ရေထဲမှာ၊ သရာ-ကူးတဲ့သူပဲ။"

"ပြီးတော့ကော။"

"အဲဒီ ဥဗွသီရဲ့ ပုရုရဝါဟာ ဟိမဝန္တာလိုတောင်တွေနှင့် တောမြိုင်ခြေစခန်း, စမ်းချောင်း, ရေအိုင်, တောချုံတွေ တစ်ခုခုမှာ ရှာတာမဟုတ်ပါဘူး။ သာကေတမြို့က သရယူမြစ်, ယန်းဥယျာဉ်, ရေကန်, အပျော်အပါးကစားဖို့လုပ်ထားတဲ့ တောင်ကုန်းတွေ, တောမြိုင်တွေ, ချုံပိတ်ပေါင်းတွေထဲ လှည့်ရှာနေတာပဲ။"

"ပြီးတော့ကော။"

"အဲဒီအဆိုတော်ရဲ့ မျက်ရည်ဟာလည်း ရှေးက ပုရုရဝါကိုသနားလို့ မဟုတ်ဘူး။ သူဟာသူ အပူမီးငြိမ်းအောင်လို့ လုပ်နေတာပဲ။"

"ပဘာ။ ငါလည်း စကားတစ်ခွန်း ပြောဦးမယ်။"

"ပြောပါ။ ခုအထိ ငါချည်းပြောတာ များနေတယ်။"

"ဟိုနေ့ နှယ်အိမ်ကထွက်လာတော့ ငါ သင့်ရဲ့ ဒီမျက်လုံးလှလှကလေးတွေ နီမြန်းပြီး မျက်ခွံတွေ တော်တော်မို့နေတာ တွေ့ရတယ်။"

"သင်က သင့်သီချင်းနှင့် ငိုအောင်လုပ်တာကိုး။"

"သင်က ကိုယ့်ကိုယ်တိုင်ချစ်သူနှင့် ဝေးနေတုန်း အဲဒီသီချင်းနှင့် သွားတွေ့တာကိုး။"

''ဒါပေမယ့် သင့်သီချင်းထဲက ဥဇ္ဇသီဟာ နှလုံးသား ကျောက်တုံး,ကျောက်ခဲဖြစ်နေတဲ့ ဟာ ကလေးပဲ။ သင် သရုပ်ဖော်ထားတဲ့အတိုင်းဆိုရင် 'ကျောက်တုံး,ကျောက်သား'ဆိုတာ အနည်းဆုံးပဲ ရှိသေးတယ်။''

''တခြားကြောင့် မဟုတ်ဘူး။ ငါ စိတ်ပျက်ပျက်နှင့် မျှော်လင့်ချက်ကုန်လို့ပဲ။''

''ဘာတွေ ပြောနေတာလဲ။''

''ငါတော့် လျှပ်စစ်လက်တာကို မြင်ရဖို့ ကံကြမ္မာ မပါလာတော့ဘူး။ ငါ သူ့ကို မေ့ပစ်လိုက်ရပြီ။''

''သင် ဒီလောက်တောင် ပျော့ညံ့တဲ့လူတစ်ယောက်ပဲ။ သင် စာဆိုတစ်ယောက် မဟုတ်လား။''

''ကိုယ့်အား ကိုယ်ယုံကြည်ဖို့ အကြောင်းမပြည့်စုံသေးသမျှ လူဟာ ပျော့ညံ့တဲ့လူတစ်ယောက်ပဲ ဆိုတာကလွဲလို့ တခြားဘာမှ ကိုယ့်ကိုယ်ကို မထင်စားနိုင်ဘူးပေါ့။''

''သင်ဟာ ဒီ သာကေတမှာသာ မဟုတ်ပါဘူး။ ငါတို့ရဲ့ ဒီကျယ်ပြန့်တဲ့မြေပြင်ကြီးမှာ ကြီးကျယ်တဲ့ စာဆိုတော်ကြီးတစ်ယောက်ပဲ။ သင်ဟာ သာကေတရေကူးပြိုင်ပွဲမှာလည်း အနိုင်ရတဲ့ သူတစ်ယောက်ပဲ။ သင့်ပညာဂုဏ်ကို သာကေတသူ သာကေတသားအားလုံး လျှာပေါ်ကတောင် မကျဘူး။ ချီးမွမ်းလိုက်ကြတာ။ ပြီးတော့ မိန်းကလေးတွေရဲ့မျက်စိထဲ ကြည့်လိုက်ဦး။ သာကေတသူ အချောအလှကလေးတွေဟာ သင့်ကို သူတို့ရဲ့သူငယ်အိမ်ကလေးလို လုပ်ထားဖို့ တပြင်ပြင်ဖြစ်နေကြတယ်။''

''ဒါပေမယ့် ဒါတွေ ဘာလုပ်ဖို့လဲ။ ငါ့အတွက်ကတော့ ငါ့ဥဇ္ဇသီကလေးပဲ အရေးကြီးတယ်။ ငါ ၂ သီတင်းလောက် သူ့ကို မမြင်ရဘူး။ အဲဒီအချိန်မှာ 'ငါ့ဘဝဟာ အချည်းနှီးပဲ။'လို့ ထင်လာတယ်။ အမှန်အတိုင်း ပြောတော့မယ် ပဘာ။ ငါ ဘယ်တော့မှ ဒီလောက် စိတ်အားမလျော့ခဲ့ဖူးဘူး။ တကယ်လို့ နောက်ထပ် ၁ သီတင်းလောက် ဆက်ပြီးမမြင်ရရင် ငါ့ကိုယ်ငါ ဘာလုပ်မိမယ်မသိအောင် ဖြစ်နေတယ်။''

''စာဆို။ သင် ဒီလောက် ကိုယ်ကောင်း မလုပ်ပါနှင့်။ သင်ဟာ ကိုယ့်နယ်ရဲ့ ထာဝရအဆိုတော်တစ်ယောက်ပဲ။ သင့်ကိုအကြောင်းပြုပြီး သူကလေးဟာ ဘယ်လောက် မျှော်လင့်ချက်ရှိနေသလဲ။ သင့် ဥဇ္ဇသီဝယောဂပြဇာတ်ကိုလည်း ဘယ်လောက် ချီးကျူးနေကြတယ်ဆိုတာ သင်အသိသားပဲ မဟုတ်လား။''

''ငါ မကြားဘူး။''

''လွန်ခဲ့တဲ့သီတင်းက ငါ့ဆွေမျိုး ယွန်းဂရိုက်ကုန်သည်တစ်ယောက် ဘရုကစ္ဆ (ဘရိုးချ်)က ဒီအရပ်ကို ရောက်လာတယ်။ ဘရုကစ္ဆမှာ ယွန်းလူမျိုးအမြောက်အမြား နေထိုင်ကြတယ်။ ငါတို့ သာကေတနေ ယွန်းတွေကတော့ ဟိန္နူတွေ ဖြစ်ကုန်ပြီ။ ဒါပေမယ့် ဘရုကစ္ဆမှာနေတဲ့ ယွန်းလူမျိုးတွေကတော့ သူတို့ဘာသာစံကားကို မမေ့ကြသေးဘူး။ ဘရုကစ္ဆကို ယွန်းနိုင်ငံက ကုန်သည်တွေ, ပညာရှိတွေ လာလေ့ရှိကြတယ်။ ငါတို့ရဲ့ အဲဒီဆွေမျိုးဟာ ယွန်းစာပေကို နက်နက်နဲနဲတတ်တယ်။ သူက သင့်ပြဇာတ်ကို ယွန်းပြဇာတ်ဆရာကြီးများ ဖြစ်ကြတဲ့ 'ဓမ်ဝီဒိုကလ်' နှင့် 'ယုရီပိဒ်'တို့ရဲ့ လက်ရာတွေနှင့် ဥပမာပေးတယ်။ သင့်ပြဇာတ်ကို သူကူးပြီး ယူသွားတယ်။ 'မိဆရ' အိုဂျစ်ဘုရင် တုရမာယ (ကာလိမိ-ပတိုလိမိ)ဟာ အကအခုန် အင်မတန်ဝါသနာပါတယ်။ အဲဒီဘုရင်ဆီကို ယွန်းဘာသာပြန်ပြီး ပို့ပေးမယ်။'-လို့လည်း ပြောသွားတယ်။''

''ဘရုကစ္ဆက 'မိဆရ' ကို သဘော်အသွားအလာ မပြတ်ရှိတယ်။ သူတို့ပြောဆိုနေတာတွေ ငါကြားတော့ ငါ့နှလုံးသားဟာ စိတ်ကြီးဝင်ပြီး တက်ကြွမြင့်မောက်နေမိတယ်။''

''ငါကတော့ သင့်နှလုံးသား တက်ကြွမြင့်မောက်သွားတယ်ဆိုရင် ပြီးတာပါပဲပဘာ။''

''စာဆို။ သင်ဟာ သင့်တန်ဖိုးကို မသိဘူး။''

''အခု ငါသိပြီ။ သင်ဟာ ငါ့တန်ဖိုးကိုဖြတ်တဲ့ မှတ်ကျောက်ပဲ။''

. . . ''မဟုတ်ပါဘူး။ သင် ဒီလိုမထင်ပါနဲ့။ ပဘာရဲ့ချစ်သူ အဿယောသနဲ့ ခေတ်ရဲ့စာဆိုတော်ကြီးအဿယောသကို တခြားစီ ခွဲထားရမယ်။ ပဘာရဲ့ချစ်သူ အဿယောသဟာတော့ သူကြိုက်သလို ပြောနိုင်တယ်။ လုပ်နိုင်တယ်။ ဒါပေမယ့် စာဆိုတော်ကြီးကတော့ ဝိုအရေးကြီးတယ်။ သူ့ကို 'တစ်ကမ္ဘာလုံးနဲ့ဆိုင်တယ်။' လို့ အသိအမှတ်ပြုရမယ်။''

''သင်ပြောတာ ဘာမဆို ငါလုပ်ပါ့မယ်။''

''ငါဟာ ဒီလောက် ကံကောင်းတဲ့ဟာမကလေးတစ်ယောက် ဖြစ်လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ဖူးဘူး။''

''ဘာဖြစ်လို့လဲ။''

''ငါ ထင်ခဲ့တယ်။ သင် ငါ့ကို မေ့သွားရော့မယ်လို့။''

''သင် ဒီလောက် ရိုးရှာသနော်။''

''ဒါတော့ သင့်ရှေ့မှာ မြင်ရတဲ့အတိုင်းပေါ့။''

''သင့်ဆီက ငါ ကဗျာဆုအသစ်တစ်ခု ရတယ်။ အခု ငါ့ကဗျာတွေမှာ ရည်ရွယ်ချက်အသစ်, စိတ်အားထက်သန်မှုအသစ်တွေ တွေ့ရတယ်။ 'ဥဇွသီ-ကိယောဂ'သီချင်းနဲ့ ပြဇာတ်ဟာ သင့်လှုံ့ဆော်ချက်အရ ပေါ်လာတာပဲ။ ပြဇာတ်ကို ငါတို့တိုင်းပြည် သဘာဝနဲ့ ဟပ်အောင် လုပ်နေတယ်။ ဒါနဲ့တောင် သင်က ဘယ်လိုလုပ် ထင်နေရတာလဲ။ ငါ သင့်ကို 'မေ့သွားမှာပဲ'လို့။''

''ငါ သင့်ဆီရောက်ဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ သင့်ရဲ့ဂုဏ်သတင်းတွေကို တစ်ခုပြီးတစ်ခု အသေးစိတ် သိရတဲ့အခါ၊ 'လက်လျှော့လိုက်ရုံအပြင် တခြား ဘာမှမရှိတော့ဘူး။' ဆိုတာပဲ နားလည်ရတော့တယ်။ သင့်နာမည် ကြားလိုက်ရင် မနေတတ်မထိုင်တတ်ဖြစ်သွားတဲ့ သာကေတသူအလှမကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် တွေ့တွေ့နေရတယ်။ ဒါကြောင့်လည်း စိတ်ပျက်လက်လျှော့မိတာပဲ။ ပြီးတော့ ကြားရသေးတယ်။ သင်ဟာ 'ဇထက်တန်းစား ဗြာဟ္မဏအမျိုးအနွယ်ဝင်တစ်ယောက်'တဲ့။ ငါဟာ ဗြာဟ္မဏအမျိုးပြီးတဲ့နောက် အထက်တန်းကထားတဲ့ ဇရာပုတ် (ခတ္တိယ) အမျိုးအနွယ်ဝင် ယွန်းလူမျိုးတစ်ဦးရဲ့သမီးဖြစ်သော်လည်း၊ သင်က ဆွေ ၇ဆက် မျိုး ၇ဆက်အထိ အမိအဖ ၂ ဘက်စလုံးက အာဝါဟ ဝိဝါဟအခန်းမှာ သန့်သန့်ရှင်းရှင်းကြီးဖြစ်လာတဲ့ အထက်တန်းစားဗြာဟ္မဏလူမျိုး တစ်ယောက်ဆိုတော့ ဘယ်လိုလုပ်ပြီး ငါ့အချစ်ကို လက်ခံနိုင်ပါ့မလဲ။''

''ငါဟာ သင့်စိတ်ကို 'ဆင်းရဲအောင် လုပ်သလို ဖြစ်နေပြီ'ဆိုတာ တွေးပြီး ဝမ်းနည်းမိတယ် ပဘာ။''

''ဒီလိုဆိုရင် သင်က ပဘာကို ...''

ပဘာသည် စကားမဆက်နိုင်တော့ပေ။

အဿယောသသည် ပဘာ၏ မျက်ရည်စမ်းစိမ့်နေသော မျက်လုံးများကို နမ်းစုပ်၍ လည်ချင်းယှက်လျက်ပြောလေသည်။

''ပဘာ။ အဿယောသဟာ အမြဲတမ်း သင်ပိုင်ဆိုင်တဲ့သူတစ်ယောက် ဖြစ်မှာပဲ။ သေမင်းတောင်မှ အဿယောသကို သင့်လက်ထဲက ယူဆောင်မသွားနိုင်ပါဘူး။''

ပဘာ၏ မျက်လုံးများမှ မျက်ရည်များ ပေါက်ပေါက် ပေါက်ပေါက် စီးကျနေသည်။ အဿယောသသည် လည်ချင်းယှက်၍ ပဘာ၏မျက်ရည်များကို သုတ်ပေးနေသည်။

ဥဇ္ဇသီ-ဝိယောဂ ပြဇာတ်ကို ပြဇာတ်ကောင်းတစ်ခုအဖြစ် အကြိမ်များစွာ ကပြခဲ့လေသည်။ သာကေတ မြို့သူမြို့သား လူကြီးလူကောင်းများ အဆိုပါပြဇာတ်ကို ကြည့်ရှုခဲ့ကြလေသည်။

'ပြဇာတ်အတတ်ပညာ ဤမျှပြည့်စုံ၍ အထက်တန်းကျနိုင်သည်။' ဟု သူတို့ ဘယ်အခါကမှ မထင်ခဲ့ဖူးပေ။

အဿယောသသည် ဇာတ်သိမ်းကား ချသောအခါ၊ သူသည် အစစအရာရာ ယွန်းဇာတ်ခုံမှသာ အတုယူ၍ ပြဇာတ်ကိုကပြကြောင်း။ သို့သော် သူ၏ပြဇာတ်ကို နိုင်ငံခြားအငွေ့အသက်များ တစ်နည်း နည်းအားဖြင့် ပါဝင်သည်။' ဟု မည်သူမှ မထင်နိုင်အောင် ကိုယ့်တိုင်းပြည်ဇာတ် သွင်းထားကြောင်းများကို အကြိမ်ကြိမ် ထုတ်ဖော်ကြေညာလေသည်။

အဿယောသ၏ သက္ကတ၊ ပါကတဘာသာ သီချင်းများနှင့် ကဗျာများ သာကေတနှင့် ကောသလ နယ်စပ်ကို ဖြတ်ကျော်သည့်နည်းတူ၊ သူ၏ပြဇာတ်မှာ သီချင်း,ကဗျာများထက်ပင် ဝေးလံသောအရပ်သို့ တိုင်အောင် ပုံ့နှံ့ခဲ့လေသည်။ ဥဇ္ဇေနီ, ဒသပုရ, သုပ္ပပါရက, ဘရုကစ္ဆ, သကလာ (ဆာယာလ်ကုဋ္ဌ), တက္ခသိလာ, ပါဋလိပုတ်ကဲ့သို့သော မြို့ကြီးများ၌လည်း အဿယောသ၏ ပြဇာတ်များသည် ဇာတ်ခုံများပေါ်ဘို့ အလျင်အမြန် ရောက်ရှိသွားကြလေသည်။ အဆိုပါမြို့ကြီးများတွင် ယွန်းလူမျိုးအမြောက်အမြားရှိ၍ ယွန်းလူမျိုးတို့၏ ဇာတ်ခုံများလည်း ရှိကြသည်။ ပဒေသရာဇ်နှင့် ကုန်သည်များသည် အဿယောသ၏ ပြဇာတ်များကို အလွန် ကြိုက်နှစ်သက်ကြလေသည်။

၅

'အဿယောသ ဇာတ်ခုံပေါ်တက်ကကြောင်း၊ ယွန်းသူမကလေးနှင့် ချစ်ကြိုက်နေကြောင်း' ကို အဿယောသ၏မိဘများနားသို့ မပေါက်ကြားအောင် ဖုံးအုပ်၍ မထားနိုင်တော့ပေ။

ထိုသတင်းကို ကြားရသောအခါ အဖသည် အထူးသဖြင့် ပူပန်မိလေသည်။ ဗြာဟ္မဏသည် သုဝဏ္ဏကွ အား ပထမ နားလည်အောင် ပြောသေးသည်။

အမိက ''ငါတို့ ဗြာဟ္မဏအမျိုးအနွယ်အတွက် ဤကဲ့သို့ ဆက်ဆံထိမ်းမြားခြင်းသည် ဘာသာရေးနှင့် ဆန့်ကျင်သည်။'' ဟု ပြောသောအခါ၊ ဗြာဟ္မဏတို့၏ ဝေဒအတတ်ပညာအားလုံး တတ်သိသော အဿ ယောသက အမိအား ရှေးဟောင်းဣသိကြီးများ၏ အကျင့်အကြံများနှင့်ပတ်သက်၍ သက်သေသာဓက များစွာ ပေးခဲ့လေသည်။

(၄င်းတို့အနက် အချို့ကို နောင်သောအခါ အဿယောသသည် သူ၏ 'ဝဇိရဆ္ဆေဒိကာ' ကျမ်း၌ စုထားခဲ့လေသည်။ ယနေ့တိုင်အောင် 'ဝဇိရဆ္ဆေဒိကော ပနိသ္သဒ်' ဟူသော အမည်ဖြင့် ဥပနိသ္သဒ် အတွဲများ တွင် တွေ့ရှိရလေသည်။)

သို့သော် အမိက ဆိုသည်။

''ဒါတွေ အကုန်လုံး မှန်ပါတယ် ငါ့သား။ ဒါပေမယ့် ခုကာလ ဗြာဟ္မဏတွေက အဲဒီရှေးဟောင်း ဣသိကြီးတွေရဲ့အကျင့်ကို မလိုက်နာကြဘူး။''

''ဒါဖြင့် ငါက ဗြာဟ္မဏတွေအတွက် ကျင့်ဝတ်အသစ်တစ်ခု စထွင်မယ်။''

အမိသည် အဿယောသပေးသော ယုတ္တိများကို မကျေနပ်နိုင်။ သို့သော် 'ပဘာ၏အသက်နှင့် သူ အသက် တခြားစီ မဖြစ်နိုင်ကြောင်း၊' - အဿယောသကပြောပြသောအခါ၊ အမိသည် သား၏ဘက်သို့ လိုက်၍ ပြောရှာသည်။

''ငါ့သား။ ငါ့အတွက်တော့ နင့်သဘောအတိုင်းပဲ။''

အဿယောသသည် တစ်နေ့သ၌ ပဘာကို အမိထံသို့ ပို့လိုက်သည်။ အမိသည် အဆင်းနှင့်အချင်း လိုက်လျော၍ သဘောကောင်းလှသောပဘာကို တွေ့သောအခါ ကောင်းချီးပေးလေသည်။

သို့သော် ဗြာဟ္မဏက သဘောမတူနိုင်ပေ။

ဗြာဟ္မဏသည် တစ်နေ့သ၌ အဿယောသအား ရှင်းရှင်း ပြောလေသည်။

"ငါ့သား။ ငါတို့အမျိုးဟာ မြင့်မြတ်တဲ့ဗြာဟ္မဏမျိုး ဖြစ်တယ်။ ငါတို့ရဲ့ အဆက်ပေါင်း ၅၀ ကစပြီး ဗြာဟ္မဏဇာတ်မြင့် အမျိုးသမီးများကိုသာ ငါတို့ အိမ်ရာဆောက်နှင်းခဲ့တဲ့ ထုံးစံ ရှိတယ်။ တစ်နေ့ ကျမှ သင်က ဒီလိုထိမ်းမြားနည်းမျိုးနှင့် ထိမ်းမြားလိုက်ရင် ငါတို့ရော, ငါတို့ရဲ့အစဉ်အဆက်တွေ ရော အမြဲတမ်း 'ဇာတ်ပျက်တွေ' ဖြစ်ကုန်ကြတော့မှာပဲ။ ငါတို့ရဲ့အဆင့်အတန်းတွေ, ဂုဏ်သရေတွေ အကုန်လုံး ပျောက်ဆုံးကြရတော့မှာပဲ။"

အဿယောသအတွက်သော်ကား ပဘာကို စွန့်လွှတ်လိုက်ရန်မှာ မစဉ်းစားနိုင်သောကိစ္စတစ်ရပ် ဖြစ်လေသည်။

ထိုအခါ ဗြာဟ္မဏသည် ပဘာ၏အမိအဖများအား ချော့မော့တောင်းပန်လေသည်။ သို့သော် မဖြစ်နိုင်ပေ။

နောက်ဆုံး၌ ဗြာဟ္မဏသည် ပဘာ၏ရှေ့တွင် တောင်းပန်သောအနေအားဖြင့် ခေါင်းထုပ် အဝတ်ကို ချလေသည်။

ပဘာက ဤမျှသာ ပြောလိုက်သည်။

"ငါ အဿယောသကို သင် ပြောပြသောစကားများနှင့် ပတ်သက်ပြီး ပြောလိုက်ပါမယ်။"

၆

ပဘာနှင့် အဿယောသကား ခွဲမရသော သွားတူလာဖက်ဖြစ်နေသည်။ သရယူ မြစ်ကမ်း, ပန်း ဥယျာဉ်, ခရီးထွက်ရာ, ကပွဲရုံ, ပြာဇတ်ရုံနှင့် အခြားနေရာများတွင် ဘယ်နေရာမဆို 'တစ်ဦးရှိလျှင် တစ်ဦးရှိမည်။' မှာ ကိုန်းသေပင် ဖြစ်သည်။ ပဘာသည် နေရောင်ကဲ့သို့ အဿယောသ၏ နှလုံးသားကြာပဒုံကို ပွင့်ကားအောင် ပြုနေသည်။ နို့ရောင်ကဲ့သို့ဖြူဖွေးသော လရောင်အောက်တွင် ၂ ဦးသား သရယူမြစ်ကမ်းပါး သဲသောင်မြေသို့ သွားတတ်ကြသည်။ ထိုနေရာတွင် ချစ်ပွဲကျင်း၍ အချိန်ဖြုန်းရုံသာမက အကြိမ်များစွာ ဘဝ၏လေးနက်သောအကြောင်းအရာများကိုလည်း ဆွေးနွေးနေတတ်ကြလေသည်။

တစ်နေ့သ၌ အဿယောသသည် လရောင်အောက်တွင် မည်းနက်သောရေစီးကြောင်း၏ နံပါး ဖြူဖွေးသော သဲသောင်တွင်ထိုင်လျက် ပဘာ၏အလှကို စိတ်ထဲတွင် ပန်းချီရေးဆွဲနေလေသည်။ ရုတ်တရက် သူ၏ ပါးစပ်မှ အသံတစ်ခု ထိုးထွက်လာသည်။

"ပဘာ။ သင်ဟာ ငါ့ရဲ့ ကဗျာလက်ာပဲ။ သင့်တိုက်တွန်းချက်ကြောင့်ပဲ ငါဟာ 'ဥဗ္ဗသိ-ဝိယောဂ'ကို ရေးခဲ့တယ်။ သင့်ရဲ့ အလှတွေကပဲ ငါ့ကဗျာလက်ာတွေကို လှအောင် ဖန်တီးနေမှာပဲ။ 'ကဗျာ'ဆိုတာ အတွင်းဘက်ကအတွေ့အထိ အပြင်ဘက် ထွက်လာတာမဟုတ်ဘူး။ အပြင်ဘက် အရာဝတ္ထုတွေက အတွင်းဘက်ကို ဝင်လာတာပဲ။ ဒီသဘောမှန်ကို သင်က ငါ့ကို သင်ကြားပေးတာပဲ အချစ်ရယ်"

ပဘာသည် အဿယောသ၏စကားကို နားထောင်ကာ အေးမြသော သဲသောင်ပြင်ပေါ်တွင် လျောင်း နေလေသည်။

'ကဗျာ'ဆိုတာ အမှန်အားဖြင့်
အကြောင်းအထည်ရှိတဲ့ အလှရဲ့လှုံ့ဆွမှုမပါဘဲ
ပြည့်စုံနိုင်မှာ မဟုတ်ဘူး။
ငါလည်း သင့်ရဲ့ ကဗျာစကားလုံးတွေထဲမှာ
ရုပ်ပုံကလေးတစ်ခု လုပ်နေမှာပဲ။
အသံမထွက်ဘဲ အရုပ်ကားတစ်ခုလည်း လုပ်နေမှာပဲ။
ဒါပေမယ့် ကဗျာဟာ ငါဝိုင်တာတော့ မဟုတ်ဘူး။

အဿယောသသည် သဲပေါ်တွင်ဖြန့်ထားသော ပဘာ၏ ရှည်လျားစိုပြေသော ဆံပင်များကို ကြည့်လျက် ပဘာ၏ဦးခေါင်းကို သူ၏ရင်ခွင်ထဲသို့ ဆွဲသွင်းထားသည်။ ပဘာသည် မော့၍ အဿယောသ၏မျက်နှာရိပ်ကို ကြည့်နေသည်။ အဿယောသ၏စကား ဆုံးသွားသောအခါ ပဘာက ပြောလေသည်။

''ငါ သင့်စကားအားလုံးကို လက်ခံရန် အသင့်ပါပဲ။ 'ကဗျာ'ဆိုတာ အမှန်အားဖြင့် အကြောင်းအထည် ရှိတဲ့ အလှရဲ့လှုံ့ဆွမှုမပါဘဲ ပြည့်စုံနိုင်မှာ မဟုတ်ဘူး။ ငါလည်း သင့်ရဲ့ 'ကဗျာ'စကားလုံးတွေထဲမှာ ရုပ်ပုံကလေးတစ်ခု လုပ်နေမှာပဲ။ အသံမထွက်ဘဲ အရုပ်ကားတစ်ခုလည်း လုပ်နေမှာပဲ။ ဒါပေမယ့် ကဗျာဟာ ငါဝိုင်တာတော့ မဟုတ်ဘူး။ သင်ဟာ သင့်ကိုယ်ကို 'အဿယောသ ၂ ယောက်လို သဘောထားရမယ့် နေ့တစ်နေ့ ရောက်မယ်။'လို့ ငါ ပြောခဲ့ဖူးတယ်နော်။ အဲဒီ အဿယောသ ၂ ယောက်မှာ ခေတ်စာဆိုတော် တစ်ဦးအနေနှင့် 'ထာဝရ အဿယောသ' ဖြစ်ဖို့က အရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ထာဝရ အဿယောသဟာ လူတစ်ဦးတည်းပိုင် မဟုတ်ဘူး။ ကမ္ဘာကြီးတစ်ခုလုံးရဲ့ ရွှေအိုးကြီး ဖြစ်တယ်။ ကာလကာရဲ့ကျောင်းတိုက်က ပညာရှိရဟန်းတော်ရဲ့စကားကို သတိရသေးတယ် မဟုတ်လား။ တမြန်နေ့က ဖူးလိုက်ရတဲ့ ရဟန်းတော်လေ။''

''အဲဒီကိုယ်တော်ဟာ အံ့သြလောက်တဲ့ ပညာရှိတစ်ပါး ဖြစ်လိမ့်မယ်ထင်တယ်။''

''ဟုတ်တယ်။ တော်တော် ဝေးဝေးလံလံ အရပ်တွေကို လှည့်ပတ်နေတဲ့ ကိုယ်တော်ပဲ။ အဲဒီကိုယ်တော်ရဲ့ ဇာတိက မိဆရနိုင်ငံ အလသန္ဒာ (ဆီကန္ဒရီယာ-အလက္ဇန္ဒရီယာ) မြို့ပဲ။''

''အေး-ငါ ကြားဖူးတယ်။ ဒါထက် ယွန်းလူမျိုးအားလုံးဟာ ဗုဒ္ဓဘာသာကို ဘာကြောင့် လက်ခံကြတယ်ဆိုတာကို ငါ နားမလည်ဘူးအချစ်ရယ်။''

''ဗုဒ္ဓဘာသာဟာ သူတို့ရဲ့ စိတ်နေသဘောထား, လွတ်လပ်တဲ့သဘာဝနှင့် ဆီလျော်လိုက်လျောလို့ပဲ ထင်တယ်။''

''ဒါပေမယ့် ဗုဒ္ဓဘာသာဟာ အားလုံးကို စိတ်ကုန်အောင်, ယောဂီဖြစ်အောင်, ရဟန်းဖြစ်အောင် ကြိုးစားတယ် မဟုတ်လား။''

''ဗုဒ္ဓဘာသာဝင်တွေထဲမှာ 'ဝတ်ကြောင်'နှင့် 'ရဟန်း'ဆိုရင် ရဟန်းက အင်မတန်နည်းပါတယ်။ ဗုဒ္ဓဘာသာဝင်တွေလည်း လူဘောင်လောကရဲ့ ဘဝအရသာ ခံစားတဲ့နေရာမှာ ဘယ်သူနောက်ကမှ မနေပါဘူး။''

''ဒီအရုပ်မှာ အခြားဘာသာတွေလည်း အမြောက်အမြားရှိပါရက်နှင့် ယွန်းလူမျိုးတွေဟာ ဗုဒ္ဓဘာသာဘက် ဘာကြောင့် ပါသွားကြတာလဲ။ အဲဒါလည်း ငါ နားမလည်ဘူး။''

''ဘာသာတွေအားလုံးထဲမှာ ဗုဒ္ဓဘာသာဟာ အရက်ရောဆုံး ဘာသာတစ်ခု ဖြစ်တယ်။ ငါတို့ရဲ့ ယွန်းလူမျိုး ရှေးလူကြီးသူမများ ဘာရတ (ဣန္ဒိယ)နိုင်ငံ ရောက်လာခါစက ဘာရတနိုင်ငံသားတိုင်းက လူမျိုးတွေကို 'မိလက္ခ (လူရိုင်း)တွေ' ဆိုပြီး ကဲ့ရဲ့ရှုတ်ချကြတယ်။ ဒီအရပ်ကို လာရောက်နေထိုင်တဲ့ ယွန်းတွေအပေါ်မှာလည်း ဒီလိုပဲ ဆက်ဆံကြတယ်။ ဗုဒ္ဓဘာသာဝင်တွေကတော့ ယွန်းတွေကို မကဲ့ရဲ့ မရှုတ်ချကြဘူး။ အမှန်ကတော့ ယွန်းတွေဟာ သူတို့ယွန်းပြည်မှာကတည်းက ဗုဒ္ဓဘာသာအကြောင်းကို သိခဲ့ကြတယ်။''

''ယွန်းပြည်မှာ ကတည်းက။''

''ဟုတ်တယ်။ မောရိယမင်းဆက် စန္ဒဂုတမင်းရဲ့မြေး အသောက လက်ထက်က ဗုဒ္ဓဘာသာဝင် ရဟန်းတော်အမြောက်အမြား ယဝနလောက (ယွန်းလူမျိုးများနေရာ)ကို ဆိုက်ရောက်ခဲ့ကြတယ်။ ငါတို့ ရဲ့ ဓမ္မရက္ခိတထေရ်ဟာ ဘာရတနိုင်ငံကိုလာပြီး ရဟန်းပြုတာ မဟုတ်ဘူး။ မိဆရ(အီဂျစ်)နိုင်ငံ ကလသန္နာမြို့ကကျောင်းမှာ ရဟန်းဖြစ်တာပဲ။''

''ငါ အဲဒီကိုယ်တော်နှင့် ထပ်တွေ့ချင်သေးတယ် ပဘာ။''

''ဆက်ဆက် တွေ့ဖို့ ကောင်းတာပဲ။ အဲဒီကိုယ်တော်ဟာ သင့်ကို နောက်ထပ် နက်နဲတဲ့အကြောင်း အရာတွေကို ပြောပြဦးမှာပဲ။ ဗုဒ္ဓဘာသာနှင့် ပတ်သက်လို့တင် မဟုတ်သေးဘူး။ ယွန်းဒဿန (အဘိဓမ္မာ) တွေနှင့် ပတ်သက်ပြီးတော့လည်း ပြောပြလိမ့်မယ်။''

''ယွန်းလူမျိုးအဘိဓမ္မာဆရာတွေလည်း ရှိသလား။''

''အဘိဓမ္မာဆရာကြီးတွေ အများကြီး ရှိတာပေါ့။ အဲဒီဆရာကြီးတွေအကြောင်းကို အသရှင် ဓမ္မရက္ခိတ ထေရ်က ပြောပြပါလိမ့်မယ်။ ဒါပေမယ့် အချစ်ရယ်- ဗုဒ္ဓဘာသာအဘိဓမ္မာတရားတွေကို နာရလို့ ပဘာ ကိုတော့ အချစ် ပြယ်မသွားလိုက်ပါနှင့်နော်။''

ပဘာသည် ပြောရင်းဆိုရင်း တစ်စုံတစ်ယောက်က အသယောသအား လုယူရန်လာနေဘိသကဲ့သို့ အသယောသကို ပွေ့ဖက်ထားလေသည်။

''ကာလကာရုံ ကျောင်းတော်နှင့် ပတ်သက်တဲ့ အချို့အကြောင်းအရာတွေ ငါတောင် အတော် စိတ်ဝင်စားမိတယ်။ ငါတို့ တစ်တိုင်းပြည်လုံး ကာလကာရုံကျောင်းလို ဖြစ်သွားနိုင်မလားဆိုတာ စိတ်ကူး ပေါက်လာမိတယ်။''

ပဘာက ထထိုင်၍ ကန့်ကွက်လေသေည်။

''ဟင့်အင်း-အချစ်။ သင် ငါ့ကိုစွန့်ပြီး ကာလကာရုံကို ဘယ်နည်းနှင့်မှ မသွားရဘူး။''

''အသက်ရှင်နေတုန်းကတော့ သင့်ကိုစွန့်ပြီး သွားဖို့ မဖြစ်နိုင်ပါဘူး အချစ်ရယ်။ ငါက ကာလကာရုံ ကျောင်းတော်က အတန်းအစား မခွဲခြားတာနှင့်ပတ်သက်ပြီးတော့ ပြောနေတောပါ။ ကြည့်စမ်းပါဦး။ အဲဒီကျောင်းတော်မှာ ယွန်းလူမျိုး ဓမ္မရက္ခိတထေရ်, ပါရှင်းလူမျိုး သုမနထေရ်များလို နိုင်ငံအသီးသီးရှိ ရဟန်းတော်တွေ နေထိုင်ကြတယ်။ ပြီးတော့ ငါတို့နိုင်ငံထဲကလည်း ဗြာဟ္မဏလူမျိုး, ဝေဿာလလူမျိုး အထိ လူမျိုးပေါင်းစုံရဟန်းတော်တွေ တစ်စုတဝေးတည်း နေထိုင်ကြတယ်။ အတူစား, အတူသောက်, အတူတူပဲ ပညာလည်း ဆည်းပူးကြတယ်။ ဒါထက် ကာလကာရုံကျောင်းတော်က အသားမည်းမည်း ရဟန်းတော်အိုကြီးရဲ့ နာမည် ဘာတဲ့။''

''ဓမ္မသေန မဟာထေရ်။ အဲဒီမဟာထေရ်ဟာ သာကေတမြို့ ကျောင်းသားအားလုံးမှာရှိတဲ့ ရဟန်း တော်များရဲ့ အကြီးအချုပ်ပဲ။''

''သူ့အမျိုးက စက္ကာလမျိုးလို့ ကြားဖူးတယ်။ အဲဒီ မဟာထေရ်ရဲ့ရှေ့မှာ ငါ့ဘကြီး တော်တဲ့ ရဟန်းတော် သုဘဂုတ္တဟာ ဆောင့်ကြောင့်ထိုင်ပြီး ရှိခိုးတယ်။ စဉ်းစားကြည့်စမ်း။ တစ်နေရာက ပစ္စည်းရှိ ပညာတတ် ဇာတ်မြင့်သုဘဂုတ္တ။ တစ်နေရာက စက္ကာလသား ခမ္မသေန။''

''ဒါပေမယ့် မဟာထေရ်ခမ္မသေနကလည်း ပညာရှိကြီးပါပဲ။''

''ငါက ဗြာဟ္မဏတွေရဲ့ ဘာသာရေးအမြင်နှင့် ပြောနေတာပါ ဗဘာ။ သူတို့ကျေနပ်ရင် လူသား ခမ္မသေနလို ပုဂ္ဂိုလ်ဟာလည်း အပူဇော်ခံနိုင်တာပဲ မဟုတ်လား။ ဒီတော့ နတ်လုပ်ပြီးမှ အပူဇော်ခံစရာ ဘာလိုတော့သလဲ။''

''ဗုဒ္ဓက သူ့ရဲ့ ဘိက္ခု 'သံဃ'ကို 'သမုဒ္ဒရာ'လို့ ဟောခဲ့တယ်။ အဲဒီ 'သံဃ'ထဲကို ရောက်လာရင် ဘယ်သူမဆို သမုဒ္ဒရာထဲရောက်လာတဲ့ မြစ်တွေလို သူတို့အမျိုးအမည်တွေ အကုန်ပျောက်သွားတော့ တာပဲ။''

''အင့်-အချစ်ရယ်။ ဗုဒ္ဓဘာသာဝင်တွေကလည်း ဘာကြောင့် သံဃနည်းအတိုင်း မလုပ်ကြတာ လဲ။''

''ဗုဒ္ဓဘာသာဝင် လူဝတ်ကြောင်တွေလည်း ကိုယ့်တိုင်းပြည်ထဲက တခြားလူတွေနှင့် မဆက်သွယ် ဘဲ မနေနိုင်ကြပါဘူး။ နောက်ဆုံးတော့ တစ်အိမ်ထောင်စီကွဲနေတဲ့ ဝန်ထုပ်ကြီးသာ သူတို့အပေါ် စီးပိုး နေတော့တာပါပဲ။''

''ကာလကာရံကျောင်းတော်က ရဟန်းတော်များလို မြို့တွေအားလုံး၊ ဇနပုဒ်တွေအားလုံးက လူတွေ ဟာ ဇာတ်မခွဲ အရောင်မခွဲ တပေါင်းတည်း တစ်တန်းတစ်စားတည်း နေထိုင်သွားကြမယ်ဆိုရင် သိပ် ကောင်းမှာပဲလို့ ငါတော့ ထင်မိတာပဲ။''

''ဩော်-ဒါထက် အချစ်ရယ်။ ငါ သင့်ကို စကားတစ်ခု မပြောရသေးဘူး။ သင့်အဖက တစ်နေ့ တုန်းက ငါ့ရှေ့မှာ ခေါင်းထုပ်လာချပြီး ပြောလာတယ်။ 'ပဘာရယ်။ အဿဃောသကို နင် လက်လွှတ် လိုက်ပါတော့။'-တဲ့။''

''အဖဟာ သင်က လက်လွှတ်လိုက်ရင် သူသားကို ပြန်ရတော့မယ့်အတိုင်းပဲ။ သင်က ဘာပြော လိုက်သလဲ ပဘာ။''

''ငါကတော့ 'သင်တို့ ပြောတဲ့အတိုင်း အဿဃောသကို ပြောပြပါ့မယ်။'-လို့သာ ပြောလိုက်တာပဲ။''

''ကောင်းပြီ။ သင် ငါ့ကို ပြောပြီးပြီ။ ငါဟာ ဗြာဟ္မဏတွေရဲ့ ကောက်ကျစ်ယုတ်မာမှုကို ကဲ့ရဲ့ လို့ ဆုံးတော့မှာ မဟုတ်တော့ဘူး။ ကဲ့ရဲ့ရွှတ်ချတဲ့စိတ်နှင့် ငါ့တစ်ကိုယ်လုံးလည်း မီးလောင်နေပြီ။ ငါဟာ ပင်ပန်းကြီးစွာ ယုံယုံကြည်ကြည်နှင့် သူတို့ရဲ့အတတ်ပညာတွေကို သင်ကြားခဲ့တယ်။ ဒါပေမယ့် သူတို့ က 'ငါဟာ ဘာမှ နားမလည်ဘူး။'-လို့ ယုံကြည် ယူဆထားကြတယ်။ သူတို့ဟာ သူတို့ရဲ့ ကိုယ်ကျိုးကိုယ် စီးပွားကိုသာ ယုံကြည်ကြမှာပဲ။ အကြောင်းတရားတစ်ခုခုကို သူတို့ရဲ့ ရှေးဟောင်းဂျာသိကြီးတွေ ပြောတဲ့ စကားတွေထဲက ထုတ်နုတ်ပြောရင်၊ 'အဲဒါက ခုကာလ ဓလေ့ထုံးစံ မဟုတ်ဘူး။'လို့ ပြောကြပြန်တယ်။ ဓလေ့ထုံးစံကိုပဲ လိုက်ရမလား။ ဂျာသိတွေရဲ့စကားကိုပဲ လိုက်ရမလား။ ရှေးဟောင်းဝေဒတွေရဲ့ စည်းကမ်း တွေကို တစ်ယောက်ယောက်က ချိုးဖောက်လိုက်မှသာ ဓလေ့ထုံးစံ အသစ်တစ်ခု ပေါ်လာနိုင်မယ် မဟုတ်လား။ သူရဲဘောကြောင်တဲ့လူတွေ, ကိုယ်ကျိုးသက်သက် ကြည့်တဲ့လူတွေဟာ ဒီလိုချည်း ပြောကြ တာပဲ။ ဟင်း- ဒီလူတွေဟာ နွားသားဆူဆူနှင့် အလှူဝတ္ထုများများ လိုချင်တတ်တာပဲ ရှိတယ်။ ဒီဗြာဟ္မဏ တွေဟာ သူတို့ကို အထောက်အပံ့ပေးနေတဲ့ ဘုရင်နှင့် ပဒေသရာဇ်တွေ ကျေနပ်မယ့် အလုပ်ဆိုရင် ဘာမဆို လုပ်ဖို့အသင့်ပဲ။''

လူသားရဲ့စိတ်ထားကို
မြှင့်တင်မပေးနိုင်တဲ့ ဘာသာ၊
လူအဆင့်အတန်းကို
ငွေအိတ်နှင့်ဖြစ်စေ
လက်ကိုင်တုတ်နှင့်ဖြစ်စေ
သတ်မှတ်တဲ့ဘာသာ၊ အဲဒီဘာသာမျိုးကို
လူသားလောကအတွက် အစွန်းအထင်း
အညစ်အကြေးတစ်ခုပဲလို့ ငါ ထင်တယ်။

''လူဆင်းရဲတွေဖြစ်နေတဲ့ ဇာတ်နိမ့်တွေကို ဘာသာရေးဆိုင်ရာမှာ နေရာ မပေးဘူး။ လူဆင်းရဲတွေက လည်း သူတို့အခေါ်အတိုင်း အမြဲ ဆင်းရဲနေတော့တာပဲ။''

''ဟုတ်တယ်။ ယွန်း, သက, အာဘီရလို တခြားနိုင်ငံကလာတဲ့ လူမျိုးတွေကို ဗြာဟ္မဏတွေက 'ရာဇပုဒ်လူမျိုး'လို့ အသိအမှတ် ပြုကြတယ်။ အကြောင်းကတော့ အဲဒီလူမျိုးတွေမှာ အင်အား ရှိတယ်။ ပစ္စည်းရှိတယ်။ အဲဒီလူမျိုးတွေဆီက အလှူဝတ္ထု အကြီးအကျယ်ရနိုင်တယ်။''

''ဒါပေမယ့် ကိုယ့်နိုင်ငံ သုဒ္ဒ, စဏ္ဍာလ, ဒါသတွေကိုတော့ ဗြာဟ္မဏတွေက အမြဲတမ်း နှိမ်ထားကြတယ်။ လူသားရဲ့စိတ်ထားကို မြှင့်တင်မပေးနိုင်တဲ့ ဘာသာ၊ လူအဆင့်အတန်းကို သူတို့ရဲ့ငွေအိတ်နှင့် ဖြစ်စေ, လက်ကိုင်တုတ်နှင့် ဖြစ်စေ သတ်မှတ်တဲ့ဘာသာ၊ အဲဒီဘာသာမျိုးကို လူသားလောကအတွက် 'အစွန်းအထင်း အညစ်အကြေးတစ်ခုပဲ။'လို့ ငါ ထင်တယ်။ ကမ္ဘာကြီးဟာ ပြောင်းလဲနေတယ်။ ငါဟာ ရှေးဟောင်းခေတ်က ယနေ့ခေတ်အထိ ကျမ်းတွေထဲမှာ ဗြာဟ္မဏတွေရဲ့အလေ့အကျင့်တွေကို ဖတ်ကြည့်လို့ သိသိသာသာကြီး ပြောင်းလဲသွားတာကို တွေ့နေရတယ်။ ဒါပေမယ့် ကနေ့ ဗြာဟ္မဏတွေကို ပြောလိုက်ရင် သူတို့က အကြောင်းအရာအားလုံးကို 'နိစ္စ ထာဝရချည်းပဲ။'လို့ သတ်မှတ်ထားချင်ကြတယ်။ ဒါဟာ မိုက်မဲမှုသက်သက်ပဲ အချစ်ရယ်။''

''ဟောသရယ်။ အဲဒီ နှက်နဲတဲ့ အယူအဆတွေအတွက်တော့ ငါဟာ အကြောင်းမဲ့ မခံခဲ့ပါဘူး။''

''အေး- သင် အကြောင်းမဲ့ မခံခဲ့သလောက်ကို ငါ ကျေးဇူးတင်ပါတယ် ပဘာ။ ငါ့ရဲ့ကဗျာတွေထဲမှာ အသက်သစ်, အားသစ် သွင်းပေးခဲ့တယ်။ သင်ဟာ ငါ့ရဲ့ အတွင်းကျကျ အမြင်မှန်ကို အသက်သစ်, အားသစ် ထပ်လောင်းပြီး ငါ့အကျိုးကို အကြီးအကျယ်ဆောင်ရွက်ခဲ့တယ်။ တစ်ခါတုန်းက ငါ ထင်ခဲ့မိတယ်။ 'ငါဟာ ဉာဏ် အထွတ်တိုင်အောင် ရောက်နေပြီ။'-လို့။ ဗြာဟ္မဏများဟာ အဲဒီလို အခြောက်တိုက် အထင်ကြီးတာနှင့် ပျက်စီးကြရတယ်။ ဒါပေမယ့် အခုတော့ 'ဉာဏ်'ဆိုတာ ဗြာဟ္မဏတွေရဲ့ ဝေဒတွေ, သူတို့ရဲ့ ပေရွက်, ဘုစပတ်ရွက်တွေကိုတွဲထားတဲ့ အုပ်တွဲတွေလောက်မှာသာ သတ်မှတ်ပိုင်းခြားတာ မဟုတ်ဘူးဆိုတာ ငါ သိရပါပြီ။ ဉာဏ်အရာဟာ ပေထုပ်, ဘုဇပတ်ထုပ် အားလုံးထက် ပိုပြီး ကျယ်ဝန်းတယ်။''

''ငါကတော့ မိန်းမသားတစ်ဦးလောက်ပါပဲ။''

''မိန်းမသားတစ်ဦး ဖြစ်တာနှင့် 'နိမ့်ကျတယ်'လို့ ပြောတဲ့သူမှန်သမျှ ငါက ရွှတ်ချတဲ့အကြည့်နှင့် ကြည့်တယ်။''

''ယွန်းလူမျိုးများမှာတော့ မိန်းသားကို အရေးပေးမှုမှာ ခုအထိ တခြားလူမျိုးများထက် သာပါတယ်။ ယွန်းလူမျိုးများမှာ ကနေ့အထိ သားသမီး မရလို့ သေချင်စော် နံနေပါလေစေ၊ မိန်းမတစ်ဦး ရှိရက်သားနှင့် တခြားမိန်းမတစ်ယောက်ကို ဘယ်လင်ယောကျ်ားမှ လက်မထပ်နိုင်ဘူး။''

''ဒီက ဗြာဟ္မဏတွေကတော့ မိန်းမတွေ ရာလိုက် ရာလိုက်ကို လက်ထပ်နေကြတာပဲ။ ထွီ (ရုက်ဖွယ်) ယွန်းလူမျိုးများ ဗြာဟ္မဏဘာသာနောက်မလိုက်တာ ငါ ဝမ်းသာတယ်။''

''ငါတို့ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပေမယ့် ဘာသာရေးအခမ်းအနားတွေအတွက်တော့ ဗြာဟ္မဏတွေ ငါတို့ဆီ အလာသားပဲ။''

''သူတို့ကိုယ်ကျိုး ကိုယ့်စီးပွားအတွက် ယွန်းလူမျိုးတွေကို 'ခတ္တိယ'လို့ ဝန်ခံပြီးမှ ဒီလောက် ကိစ္စ ဘာ မလုပ်လည်း ရှိမလဲ။ လျှုဖွယ်ဝတ္ထု ရမယ့်ဟာပဲ။''

''ဒီလိုဆိုရင် သင့်ဗြာဟ္မဏဇာတ်နှင့် ပတ်သက်ပြီး တက်ကြွတဲ့မာန်မာနကို ပျောက်အောင် ဖျောက်တာ မဟုတ်ဘူးနော်။''

''ဖျောက်လည်း ဘာမှ မလွန်ပါဘူး။ ဗြာဟ္မဏမာန်က ငါနှင့် သင့်အကြားမှာ ကြားဝင်ရှုပ်ရင် အဲဒီမာန်ကို 'အလကားမာန်၊ ရှဲ့စရာမာန်'လို့ ငါက အမှတ်အသားပြုမယ်။''

''ယောသရယ်။ သင် ငါ့ကို 'ချစ်တယ်'ဆိုတာ သိရလို့ ငါ သိပ်ဝမ်းသာတာပဲ။''

''အချစ်ဆုံးပါကွယ်။ သင့်အချစ်ကိုသာ မရတော့ဘူးဆိုရင် ငါဟာ သက်မဲ့အရာဝတ္ထု ဖြစ်သွားရတော့မှာပဲ။''

''ဒီလိုဆိုရင် ငါ့ကို အချစ်လက်ဆောင်။ ပြီးတော့ အချစ်ဆု မပေးချင်ဘူးလား။''

''အဲဒီအချစ်တစ်ခုကို ချမ်းထားပြီး ဘယ်ဆုမဆို ပေးပါ့မယ်။''

''ငါ့ရဲ့အချစ်ဟာ တကယ်လို့ ငါ့ရဲ့ မသေနိုင်နိုင်တဲ့ အဿယောသ, ခေတ်စာဆိုတော်ကြီး အဿယောသကို နည်းနည်းကလေး ထိခိုက်မယ်ဆိုရင် အဲဒီအချစ်ဟာ ကဲ့ရဲ့ရွှတ်ချထိုက်ပါတယ်။''

''ရှင်းရှင်းပြောစမ်းပါ အချစ်ရယ်။''

''အချစ်ရေးမှာတော့ အနှောင့်အယှက် မပေးလိုပါဘူး။ ဒါပေမယ့် ငါက သင့်ကို ထာဝရတည်သွားအောင် လုပ်တဲ့နေရာမှာ အဲဒီအချစ်ကို အကူအညီအဖြစ် မြင်ချင်တယ်။ ပြီးတော့ တကယ်လို့ ငါ မရှိတော့ဘူး ဆိုပါတော့။''

အဿယောသသည် စိတ်ချောက်ချားသူကဲ့သို့ မတ်တတ်ထကာ ပဘာအား ဆွဲထူ၍၊ တင်းတင်းကျပ်ကျပ် ရင်ချင်းအပ်၍ လည်ချင်း ယှက်ထားသောအခါ အဿယောသ၏မျက်လုံးတွင် စွတ်စိုနေသည်ကို ပဘာ မြင်ရလေသည်။ ပဘာသည် အဿယောသအား အကြိမ်ကြိမ်နမ်းစုပ်၍ အထပ်ထပ် ခေါ်နေရှာသည်။

''ယောသ-ယောသ''

ထို့နောက် အတန်ငယ် ငြိမ်သက်သွားပြီးနောက် ပဘာက ပြောပြန်သည်။

''နားထောင်စမ်းပါအချစ်ရယ်။ ငါ့အချစ်ဟာ သင့်ဆီက တော်တော်ပဲကြီးကျယ်တဲ့ အရာဝတ္ထု တစ်ခုကို တောင်းနေပါတယ်။ အဲဒီအရာဝတ္ထုကို သင် ပေးသင့်ပါတယ်။''

''သင့်အတွက်ဆိုရင် 'မပေးနိုင်တာ'ရယ်လို့ မရှိပါဘူး အချစ်ရယ်။''

''ဒါထက် သင်ဟာ ငါ့ကို စကားဆုံးအောင် ပြောခွင့်မပေးဘူးမဟုတ်လား။''

''ဒါတော့ သင်က မိုးကြိုးသံစကားလုံးတွေ ပါးစပ်က ထုတ်မှာကိုး။''

''ဒါပေမယ့် အဲဒီ မိုးကြိုးသံစကားလုံးတွေကို ထာဝရတည်မဲ့ အသယ်ဖောသရဲ့ အကျိုးစီးပွားအတွက် မရှောင်မလွဲ ပြောရတော့မှာပဲ။''

''ငါ့ချစ်ခြင်းက လိုချင်နေတာဟာ စာဆိုတော်ကြီးအသယ်ဖောသက သူ့ရဲ့ထာဝရတည်မယ့် ကဗျာများလို ပဘာရဲ့ချစ်ခြင်းကိုလည်း ထာဝရတည်မယ်လို့ အမှတ်အသားပြုဖို့။ အဲဒီချစ်ခြင်းမျိုးကို ရှေ့နှားမှာထိုင်နေတဲ့ ပဘာရဲ့ကိုယ်ကာယနှင့် မတိုင်းတာဖို့ပါပဲ။ ထာဝရအသယ်ဖောသရဲ့ ပဘာဟာ ထာဝရပိုပိုကလေး, ထာဝရလှလှကလေး။ သင့်စိတ်ထဲက အဲဒီလောက်ပဲ အသိအမှတ် ပြုစေချင်ပါတယ်။''

''ဒီလိုဆိုရင် ဝါကယ်ပဘာအစား စိတ်ကူးပဘာကို ငါ့အနားမှာ ထားချင်တယ်လေ့။''

''ငါကတော့ ၂ မျိုးစလုံးကိုပဲ 'တကယ်'လို့ ထင်တယ် ယောသရယ်။ ပဘာတစ်ယောက်ကတော့ အနှစ် ၅၀-၁၀၀ လောက်ပဲ နေရမယ်။ တခြား ပဘာတစ်ယောက်ကတော့ ထာဝရတည်မယ်။ သင့်ရဲ့ ပဘာဟာ သင့် 'ဥဗ္ဗသီ ဝိယောဂ'မှာ မသေဘဲ နေသွားလိမ့်မယ်။ ငါ့အချစ် သေမသွားအောင် သင်ကိုယ်တိုင် မသေတဲ့အသယ်ဖောသဖြစ်ဖို့ဘက်ကို စိတ် စူးစိုက်သင့်ပါတယ်။ ကဲ-ဒါထက် ညဉ့်လည်း နက်လှပြီ။ သရယူမြစ်ကမ်းလည်း အိပ်မောကျသွားပြီ ထင်တယ်။ ငါတို့လည်း အိမ်ပြန်ကြမှပဲ။''

''ကြော့-ဒါထက် မသေနိုင်တဲ့ပဘာပုံကို ငါ စိတ်ထဲမှာ ရေးဆွဲထားတယ်။''

''အချစ်ဆုံးရယ်- ဒီလောက်ပဲ တော်ပါပြီ။''

ပဘာသည် အသယ်ဖောသ၏ပါးကို သူ၏ ပိုးသားကဲ့သို့ချောနုသော ဆံပင်များဖြင့် ပွတ်တိုက်၍ စကားမဆက်တော့ဘဲ ရပ်နေရှာသည်။

၇

ကျယ်ပြန့်သောဝင်းကြီးတစ်ခု ရှိသည်။ ထိုဝင်း၏ ပတ်ဝန်းကျင်၌ မျဉ်းတားများရှိ၍ နောက်ပိုင်းတွင် ၃ ထပ်တိုက်တစ်တိုက် အခန်းပေါင်းများစွာနှင့် တည်ရှိသည်။ မျဉ်းတားများအတွင်း အဝတ်တန်းများအပေါ် အဝတ်ဝါဝါများကို လှမ်းထားသည်။

ဝင်း၏ ထောင့်တစ်ထောင့်တွင် ရေတွင်းတစ်ခု ရှိ၍ အနီးမှာပင် ရေချိုးအိမ်တစ်ခု ရှိသည်။ ဝင်းထဲရှိ အခြားနေရာများတွင်ကား သစ်ပင်အမြောက်အမြား ရှိသည်။ ၄င်းသစ်ပင်များတွင် ညောင်ဗုဒ္ဓဟေတစ်ပင် ပါဝင်သည်။ ညောင်ဗုဒ္ဓဟေပင်ကို ဝိုင်း၍ ခုံတစ်ခုံ ဆောက်ထားသည်။ ခုံနှင့်ခွာ၍ ကျောက်သားလက်ရန်း ခတ်ထားသည်။ ၄င်းလက်ရန်းပေါ်တွင် ဆီမီးခွက်ထွန်းစရာများ ရှိသည်။

ပဘာသည် လှပသောထိုဗုဒ္ဓဟေပင်ကို ဒူးတုပ်၍ရှိခိုးလျက် ပြောလေသည်။

''အချစ်။ ဟောဒီညောင်ပင်မျိုးစား ညောင်ပင်တစ်ပင်အောက်မှာထိုင်ပြီး ဂေါတမနွယ် သိဒ္ဓတ္ထမင်းသားဟာ သူလုံ့လ, သူတွေးခေါ် စဉ်းစားမှုတွေနှင့် စိတ်ရဲ့ လှည့်ပတ်ချက်တွေကို ပယ်ဖျောက်ပြီး အသိဉာဏ်ကို ရခဲ့တယ်။ အသိဉာဏ်ကို ရတဲ့အချိန်က စပြီး၊ 'ဗုဒ္ဓ' ဆိုတဲ့အမည်နှင့် ထင်ရှားလာခဲ့တယ်။ ဒီသဘောကို သဒ္ဓာယိဖိတ် စိတ်ထဲမှာ ပြန်ပေါ်လာရုံအတွက်ပါပဲ။ ဒီ ညောင်ဗုဒ္ဓဟေမျိုး သစ်ပင်ရှေ့မှာ ငါတို့ ဦးညွှတ်ကြတယ်။''

''ကြိုးကြိုးပမ်းပမ်း တွေးခေါ်စဉ်းစားမှုနှင့် စိတ်ရဲ့ လှည့်ပတ်ချက်တွေကို ပယ်ဖျောက်ပြီး အသိဉာဏ် ရတဲ့ အမှတ်အသားပေါ့။ ဒီလို အမှတ်အသားမျိုးကို ပူဇော်သင့်တာပေါ့ အချစ်ရယ်။ ဒီလို အမှတ်အသားမျိုးကို ပူဇော်တာဟာ ကိုယ့်ကြိုးပမ်းမှု, ကိုယ့်အောင်မြင်မှုကို ပူဇော်ရာ ကျတာပဲ။''

ထို့နောက် ၂ ဦးသားသည် အရှင်ဓမ္မရက္ခိတ၏ထံသို့ ချဉ်းကပ်ကြလေသည်။

ထိုအချိန်တွင် ဓမ္မရက္ခိတထေရ်သည် ဝင်းအတွင်း ချရားပင်တစ်ပင်အောက်တွင် ထိုင်နေသည်။ ထိုနေရာတွင် ပွင့်သစ်ဦး ပန်းကလေးများ၏ရနံ့မှာ သင်းပျံ့နေသည်။

ပဘာသည် ဗုဒ္ဓဘာသာဝင် ဥပါသိကာမတစ်ဦးကဲ့သို့ ထိခြင်း ၅ ပါးဖြင့် ရှိခိုးလေသည်။ အဿယောသကား မတ်တတ်ရပ်လျက်ပင် မြတ်နိုးသောအမူအရာကို ပြလေသည်။ ထို့နောက် ၂ ယောက် စလုံး မြေပေါ်တွင်ရှိသာ သားရေနယ်ကိုယူ၍ ထိုင်ကြလေသည်။

အရှင်ဓမ္မရက္ခိတ၏တပည့်များသည် 'အဿယောသ စကားစမြည်ပြောချင်၍ လာသည်။'-ဟု အလိုက်သိကာ ထိုနေရာမှာ ထွက်ခွာသွားကြသည်။

သာမန်ကျင့်ဝတ်တရားများနှင့် ပတ်သက်သောစကားများကို ပြောဆိုပြီးနောက်၊ အဿယောသက အဘိဓမ္မာစကား စလေသည်။

ဓမ္မရက္ခိတထေရ်က ပြောသည်။

''ဗြာဟ္မဏလုလင်ကလေး။ ဗုဒ္ဓဘာသာဝင်များရဲ့ ဘာသာတရားမှာ အဘိဓမ္မာ (အမြင့်) ကိုတောင် 'အနောင်အဖွဲ့နှင့် ကြီးလေးသောအနောင်အဖွဲ့ (ဒိဋ္ဌိသံယောဇဉ်)'လို့ ခေါ်ကြတယ်။''

''ဒီလိုဆိုရင် ဗုဒ္ဓဘာသာမှာ အဘိဓမ္မာ မပါဘူးလား၊အရှင်။''

''ဘာကြောင့် မပါရမှာလဲ။ ဗုဒ္ဓဘာသာဟာ အဘိဓမ္မာတုံးကြီးပဲ။ ဒါပေမယ့် ဗုဒ္ဓအဘိဓမ္မာကို ဖောင်လို ကူးခတ်လွန်မြောက်ဖို့ပဲ ညွှန်ကြားတော်မူတယ်။ ခေါင်းပေါ်တင်ပြီး ရွက်သွားဖို့ မညွှန်ကြားဘူး။''

''ဘယ်လို ဆိုလိုပါသလဲ။ ဖောင်နှင့် တူတယ်။''

''ဟုတ်တယ်။ လှေမပါတဲ့ လူများဟာ မြစ်ထဲမှာ ဖောင်ဖွဲ့ပြီး ဖောင်နှင့် ကူးခတ်ရတယ်။ ဒါပေမယ့် ဖောင်ဖွဲ့ရာမှာပါတဲ့ သစ်သားတွေကို ကျေးဇူးတင်တဲ့အနေနှင့် ခေါင်းပေါ်တင်ပြီး ရွက်မသွားကြဘူး။''

''ကိုယ့်ဘာသာအတွက်ကိုတောင် ဒီလောက်ပြောင့်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဇာတ်ရှ သစ္စာနှင့် သူအားကို မြင်ထားလို့ ဖြစ်မှာပဲ။ အရှင်-လွယ်လွယ်ကူကူနှင့် ငါ့ကို သဘောပေါက်နိုင်လောက်တဲ့ ဗုဒ္ဓအဘိဓမ္မာအချက်အလက်များကို ပြောပြစေချင်ပါတယ်။''

''အနတ္တဝါဒပဲ လုလင်။ ဗြာဟ္မဏများက အတ္တကို နိစ္စ, ဓ္ရုဝ, သဿတ အနှစ်အသားလို့ ယုံကြည်ကြတယ်။ ဗုဒ္ဓဘာသာဝင်လောကထဲမှာ အတ္တင်း,အပ-၂ ဌာနလုံး အဲဒီအတ္တလို နိစ္စ, ဓ္ရုဝ, သဿတ အနှစ်အသားတစ်ခုလို့ မယုံကြည်ကြဘူး။ ဒါကြောင့် ဗုဒ္ဓအဘိဓမ္မာကို အနတ္တဝါဒ-အနိစ္စတာ၊ ခဏတိုင်းဖြစ်ပျက်နှင့်ဆိုင်တဲ့ အဘိဓမ္မာ'လို့ ခေါ်ကြတယ်။''

''ငါ့အတွက်တော့ စကားတစ်လုံးတည်းနှင့် ထိသွားပြီ အရှင်။ ဖောင်နှင့်တူတဲ့ 'ဓမ္မ'နှင့် အနတ္တဝါဒကိုကြွေးကြော်တဲ့ ဗုဒ္ဓကို အဿယောသက အကြိမ်ကြိမ် ဦးနှိမ်ပါတယ်။ အဿယောသရှာနေတာကို ဗုဒ္ဓက တွေ့ရှိခဲ့တယ်။ ငါ့စိတ်ထဲမှာ အဲဒီသဘောမျိုး လှိုင်းတွေ ရိုက်ခတ်နေတယ်။ ဒါပေမယ့် အမည်တပ်မပေးနိုင်ဘဲ ဖြစ်နေခဲ့တယ်။ ကနေ့ ဗုဒ္ဓရဲ့အဆုံးအမတော်ကို တစ်လောကလုံးက မှန်မှန်လိုက်နာသွားကြရင် ကမ္ဘာကြီးတစ်ခုလုံး တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာပဲ။''

''အမှန်ပဲ လုလင်။ ငါတို့ ယွန်းပြည်မှာလည်း အဘိဓမ္မာဆရာကြီးတွေ ပေါ်ပေါက်ခဲ့ဖူးတယ်။ ဝိထာဂေါရ, ဟေရာကလိတုတို့ဟာ ဘုန်းတော်ကြီးသခင် ဘုရားရှင်လက်ထက်က အသက်ထင်ရှား ရှိခဲ့တယ်။''

ဝတ်ဖို့ သက်နှံး ၃ ထည်,
မြေသပိတ်, အပ်, ရေစစ်,
သင်ခုန်းနှင့် ခါးပန်းကြိုးကလွဲရင်
ငါတို့ရဲ့ပစ္စည်းအားလုံး
'သံဃဝိုင်ပစ္စည်းများ'ဖြစ်တယ်။
ဒီကျောင်းမြေ, ညောင်စောင်း,
အင်းပျဉ်လိုပစ္စည်းအားလုံး
'သံဃဝိုင်'ချည်းပဲ။

''ဆိုကရက်တိ, ဒေမိုကရိတ္, ပလေတို, အရစ္စတိုတယ်တို့ဟာ ဗုဒ္ဓခေတ်ရဲ့ နောက်နည်းနည်း ကျတယ်။ အဲဒီယွန်းအဘိဓမ္မာဆရာကြီးတွေဟာ နက်နက်နဲနဲ ကြံစည်ခဲ့ကြတယ်။ ဒါပေမယ့် ဟေရာကလိတုကလွဲရင် အားလုံး အဘိဓမ္မာဆရာတွေဟာ သဿတဝါဒ-နိစ္စဝါဒက မလွန်နိုင်ကြဘူး။ လက်ရှိလောကနှင့်ပတ်သက်လို့ သူတို့တွေဝေပုံဟာ အတိုင်းထက်အလွန် ဖြစ်နေတယ်။ ဒါကြောင့်ပဲ အဲဒီအဘိဓမ္မာဆရာကြီးတွေဟာ အနာဂတ်ကိုလည်း ပစ္စုပ္ပန်နှင့် ဆက်တွဲထားချင်ကြတယ်။ ဟေရာကလိတုဟာ ဗုဒ္ဓလိုပဲ လောကကြီးကို 'အရာဝတ္ထုတစ်ခုတည်းက ခဏ ၂ ခု ထပ်ဖြစ်တယ်။'လို့ မယုံကြည်ဘူး။ ဒါပေမယ့် ဟေရာကလိတုရဲ့ဝါဒမှာ သူ့ရဲ့ကိုယ်ကျိုး ပါနေတယ်။''

''အဘိဓမ္မာကြွစည်စရာမှာ ပုဂ္ဂလိကအကျိုး ပါနေတယ်။''

''ဗိုက် ဆိုတာ လူတိုင်းမှာ ရှိတာပဲ လုလင်။ ဟိုစဉ်အခါ အေသင်မြို့မှာ ဂဏာပြည်သူပြည်သားအုပ်ချုပ်ရေး ရှိခဲ့တယ်။ ပြည်သူအုပ်ချုပ်ရေးမတိုင်မီက ဟေရာကလိတုရဲ့မိသားစုလို ကြီးကျယ်တဲ့ ပဒေသရာဇ်တွေက ပြည်သူအုပ်ချုပ်ရေးကို ကြိုးကိုင်ခဲ့ကြတယ်။ နောက်တော့ ပဒေသရာဇ်တွေကို ဖြုတ် ချပြီး ကုန်သည်, သူဌေးများက အုပ်ချုပ်ရေးကို ကြိုးကိုင်လာကြတယ်။ အဲဒီအခြေအနေကို ဟေရာကလိတုက မကျေမနပ်ဖြစ်ခဲ့တယ်။ သူဟာ ပြောင်းလဲမှုကို လိုလားတယ်။ ဒါပေမယ့် ရှေ့တိုးဖို့ မဟုတ်ဘူး။ နောက်ပြန်ဆုတ်ဖို့ပဲ။''

''ငါတို့ ပြောင်းလဲမှုကို လိုလားအပ်တယ်။ ဒါပေမယ့် ရှေ့တိုးဖို့ပဲ။ နောက်ဆုတ်ဖို့ မဟုတ်ဘူး။ 'အတိတ်'ဆိုတာ အသေကောင်လိုဟာမျိုးလို့ ငါတော့ထင်တယ် အရှင်။''

''သင်ပြောတာ လုံးဝမှန်တယ် လုလင်။ ဗုဒ္ဓဟာ ပြောင်းလဲမှုကို အလိုရှိတယ်။ ဝိုမိုကောင်းမွန်တဲ့ဘက်ကို ရောက်အောင်လည်း ဆောင်ကြဉ်းလိုတယ်။ ဗုဒ္ဓဟာ တိုးတက်တဲ့ အနာဂတ်လူ့လောက အတွက် 'ဘိက္ခုသံဃ'ကို နမူနာတစ်ရပ်အနေနှင့် စုစည်းခဲ့တယ်။''

''အတန်းအစား မခွဲခြားတဲ့နေရာမှာ အနိမ့်,အမြင့်လည်း မရှိဘူးပေါ့။''

''အဲဒီနေရာမျိုးမှာ အားလုံးအတွက် ဝမ်းမြောက်ပျော်ရွှင်တာ အပင်ပန်းခံရတာ တန်းတူဖြစ်မှာ ပေါ့။ ငါတို့မဟာထေရ် ဓမ္မသေန အပြင်ဘက်မှာ တံမြက်လှဲခတ်နေတာကို သင်တို့ မြင်ကြမှာပေါ့''

''အသားသိပ်မည်းတဲ့ကိုယ်တော်ကြီး မဟုတ်လား။''

''ဟုတ်တယ်။ အဲဒီမဟာထေရ်ဟာ ငါတို့အထဲမှာ အမြတ်ဆုံးပဲ။ ငါတို့ နေ့တိုင်း ထိခြင်း ၅ ပါးနှင့် အဲဒီပုဂ္ဂိုလ်ကြီးကို ရှိခိုးကြတယ်။ ကောသလတိုင်း တစ်တိုင်းလုံးမှာရှိတဲ့ 'ဘိက္ခုသံဃာအကြီး အချုပ်'ဟာ အဲဒီမဟာထေရ်ပဲ။''

''အဲဒီကိုယ်တော်ကြီးဟာ စဏ္ဍာလအမျိုးထဲကလို့ ကြားရတယ်။ ဟုတ်ပါသလား။''

'''ဘိက္ခုသံဃ'ဟာ အမျိုးအနွယ်ကို မကြည့်ဘူး လုလင်။ ဂုဏ်အရည်အချင်းကိုသာ ကြည့်တယ်။ အဲဒီမဟာထေရ်ဟာ သူ့ရဲ့အတတ်ပညာနှင့် ဂုဏ်များကြောင့် ငါတို့ရဲ့အကြီးအချုပ်၊ ငါတို့ရဲ့အဖ ဖြစ်တာပဲ။ သူ့ရဲ့ သပိတ်ထဲမှာ သပိတ်စွတ်ရုံလောက်ကလေးပဲ တစ်ခုခု ရဦးတော့၊ အဖော်ရဟန်းများကို မပေးဘဲ စားလေ့မရှိဘူး။ ဒါဟာ ဗုဒ္ဓရဲ့ အဆုံးအမတော်ပဲ။ ဝတ်ဖို့ သင်္ကန်း ၃ ထည်, မြေသပိတ်, အပ်, ရေစစ်, သင်ခုန်းနှင့် ခါးပန်းကြိုးကလွဲရင် ငါတို့ရဲ့ပစ္စည်းအားလုံး 'သံဃပိုင်ပစ္စည်းများ'ဖြစ်တယ်။ ဒီကျောင်းမြေ, ညောင်စောင်း, အင်းပျဉ်လိုပစ္စည်းအားလုံး 'သံဃပိုင်'ချည်းပဲ။ ငါတို့ ရဟန်းတော်များရဲ့ တချို့တချို့ကျောင်းတွေမှာ လယ်တွေယာတွေ ရှိကြတယ်။ ဒါတွေလည်း သံဃပိုင်ပဲ။ 'သံဃ'ဟာ စစ်ဆေးပြီးတော့ လူတစ်ယောက်ယောက်ကို ရဟန်းပြုပေးတယ်။ ဒါပေမယ့် သံဃအထဲ ရောက်လာရင် အဲဒီရဟန်းဟာ အားလုံးရဟန်းတွေနှင့် တန်းတူပဲ။''

''အဲဒီလိုသံဃမျိုး တစ်တိုင်းတစ်ပြည်လုံးအတွက် မလုပ်ဘူးလား။''

''ဒါကတော့ ဘယ်ဖြစ်နိုင်မလဲ လုလင်။ မင်းစိုးရာဇာတွေနှင့် ဓနရှင်တွေဟာ တခြားသူတွေကို တန်းတူအခွင့်အရေး ဘယ်တော့ ပေးမှာလဲ။ ရဟန်းတော်များက ကျွန်တစ်ယောက်ကို သံဃထဲ သွင်းပေးလိုက်ရင် အဲဒီကျွန်ဟာ 'ကျွန်'မဟုတ်တော့ဘူး။ အားလုံးရဟန်းနှင့် တန်းတူ ဖြစ်သွားတာပဲ။ ဒါပေမယ့် အဲဒီကျွန်ကိုပိုင်တဲ့သူက အော်ဟစ်ဆူပူက်လာတယ်။ တခြားကျေးပိုင်ကျွန်ပိုင်တွေကလည်း သူနှင့် အပေါင်းပါ ဖြစ်ကုန်ကြတယ်။ ဘုရင်ကိုယ်တိုင် ထောင်ပေါင်းများစွာကျွန်တွေကို ပိုင်နေတဲ့ ကျေးပိုင်ကျွန်ပိုင်ကြီးတွေ ဖြစ်နေတယ်။ အဲဒီဘုရင်ကလည်း သူ့'ပိုင်ထိုက်'ကို အဲဒီနည်းမျိုးနှင့် ထိခိုက်လာတော့ ဘယ်မှာ သည်းခံနိုင်တော့မလဲ။''

''ဒီတော့ ဗုဒ္ဓ ဘာလုပ်ရသလဲ။ 'သံဃဟာ နောက် ဆက်လက်ပြီး ကျွန်များကို သံဃထဲ မသွင်းရ တော့ဘူး။'လို့ ဗုဒ္ဓက တားမြစ်ထားရတော့တယ်။ ငါတို့ရဲ့သံဃဟာ မညီမျှမှု တင်းကျမ်းပြည့်နေတဲ့ သမုဒ္ဒရာထဲက ကျွန်းကလေးတစ်ခုပါလား။ ဒါကြောင့် ကမ္ဘာလောကြီးမှာ ဒီလိုဆင်းရဲမှုတွေ, ကျေးစနစ် ကျွန်စနစ်တွေ ရှိနေသမျှကာလပတ်လုံး သံဃမှာ လုံခြုံစိတ်ချရမှု မရှိဘူးပေါ့။''

၈

သရဒ မိုးနှောင်းရာသီ၏ လပြည့်နေ့တစ်နေ့ ဖြစ်သည်။

နေဝင်လျှင်ပင် လဝန်း လင်ပန်းဖြူကြီးသည် မိုးကုပ်စက်ဝိုင်းအထက်သို့ ကြွတက်လာလေသည်။ မိုးကုပ်စက်ဝိုင်းပေါ်တွင် ဖြန့်ကြက်နေသော နေမင်း၏ နောက်ဆုံးဝိတ်အနီရောင်များ မိုးကောင်းကင်ကို စွန့်ခွာသွားလေလေ လမင်း၏ အေးမြသောအဖြူရောင်များ ဖြန့်ကြက်လေလေ ဖြစ်လေသည်။

အဿယောသသည် ယခုအခါ ပဘာ၏အိမ်တွင်သာ အနေများလေသည်။ ၂ ဦးသား အိမ်မိုးပြန့်ပေါ်တွင် ထိုင်နေကြသည်။

''အချစ်ဆုံးရယ်။ ငါ့ကို သရဃူမြစ်လှိုင်းတွေက ခေါ်နေကြတယ်။ အဲဒီလှိုင်းတွေဟာ ပထမဆုံး သင်နှင့်စပ်မိအောင် လုပ်ပေးလိုက်တဲ့ လှိုင်းတွေပဲ။ အဲဒီလှိုင်းတွေ ငါတို့ ၂ ဦးကို ချစ်နှောင်ကြိုး တည်းပေးလိုက်ကြတယ်။ အခုဆို ၂ နှစ် ရှိသွားပြီနော်။ ဒါပေမယ့် 'မနေ့ကလိုပဲ' စိတ်ထဲမှာ ထင်တယ်။ ငါတို့ဟာ လသာတဲ့ညပေါင်း အတော်များများ သရဃူမြစ်ကမ်း သဲသောင်ပြင်ပေါ်မှာ အချိန်ကုန်လွန်ခဲ့ကြတယ်။ အဲဒီညဉ့်တွေဟာ ဘယ်လောက်များ ကြည်နူးစရာကောင်းသလဲ။ ကနေ့လည်း ကြည်နူးစရာကောင်းတဲ့ လဝန်းကြီး ရွှန်းသစ်လာပြန်ပြီ။ သရဃူမြစ်ကမ်းကို သွားကြစို့လား အချစ်ရယ်။''

သူတို့ ၂ ဦး အတူ ထွက်ခွာသွားကြသည်။

မြစ်ရေယဉ်သည် မြို့နှင့် အတန်ငယ် လှမ်းနေသောနေရာ၌ စီးဆင်းနေသည်။ လသာသာတွင် တော့ကပဖြူဖွေးနေသော သဲသောင်ပြင်ပေါ်၌ ၂ ယောက်သား လျှောက်သွားကြသည်။ ပဘာသည် သူ၏ ဖိနပ်ကို ကိုင်သွားသည်။ ခြေထောက်အောက်တွင် နို့မှန့်မှန့်သွားသောသဲများကို နင်းသွားရသည်မှာ 'အရသာ ရှိသည်။' ဟု ပဘာ ထင်လေသည်။ ပဘာသည် အဿယောသ၏ခါးကို သူ့လက် ၂ ဖက်နှင့် ပတ်ရစ်၍ ပြောရှာသည်။

''အချစ်ရယ်။ ဒီသရယူမြစ်ကမ်း သဲကလေးတွေနှင့် ထိရတာ သိပ် စိတ်မချမ်းသာတာပဲ။''

''ခြေထောက်အောက်က တကျိကျိနှင့်။''

''အဲဒါကြောင့်ပေါ့။ အပျော်ကြီးပျော်ပြီး ကြက်သီးများတောင် ထထသွားတယ်။ အို-ချစ်စရာ ကောင်းလိုက်တဲ့ သရယူမြစ်။''

''တို့ ၂ ယောက် 'ထွက်ပြေးကြရင် ကောင်းမှာပဲ။' လို့ ငါ မကြာမကြာ တွေးမိတယ် အချစ်ရယ်။ တို့အချစ်ကို မနာလိုမယ့်လူ မရှိတဲ့နေရာကို သွားရရင် ကောင်းမှာပဲ။ သင်က အားပေး။ ငါက သီချင်း ရေး။ ပြီးတော့ တို့ ၂ ယောက် စောင်းနှင့်တွဲပြီး သီချင်းဆိုကြ။ အဲဒီလို လွတ်လပ်တဲ့နေရာကို သွားရရင် ကောင်းမှာပဲ။ ဒီအရပ်မှာတော့ ဒီည သဲသောင်ပေါ်ကို ငါ့စောင်းကလေး ငါ မယူလာနိုင်ခဲ့ဘူး။ လူတွေကလည်း လာကြဦးမှာပဲ။ အဲဒီအထဲမှာ တချို့က မနာလိုတဲ့မျက်လုံးတွေနှင့် ကြည့်ကြဦးမယ်။''

''အဆိုးဘက်က မကြည့်ပါနှင့်အချစ်ရယ်။ ဒါပေမယ့် တစ်ခါတစ်ခါ စဉ်းစားမိတယ်။ ငါ သေသွားရင်''

အဿယောသသည် လက်မောင်းကြီးများဖြင့် ပွေ့ယူ၍ ပဘာကို ရင်ခွင်တွင် ဖက်ထားပြီးနောက် ပြောလေသည်။

''ဒီလို မပြောပါနှင့်အချစ်ရယ်။ ဘယ်တော့မှ ဒီလို မပြောပါနှင့်။ ငါတို့ ဒီအတိုင်းပဲ နေသွားကြမယ်နော်။''

''ငါက ရည်ရွယ်ချက်တစ်မျိုးနှင့် ပြောနေတာပါ အချစ်ရယ်။ စဉ်းစားကြည့်စမ်းပါ။ သင် 'မရှိတော့ဘူး' ဆိုပါတော့။ ငါ တစ်ယောက်တည်း ကျန်ရစ်မှာပဲ။ ကမ္ဘာမှာ ဒီအတိုင်း ဖြစ်မလား,မဖြစ်ဘူးလား။''

''ဖြစ်ရမှာပဲ။''

''သင် သေသွားတဲ့ဘက်က လှည့်စဉ်းစားတော့ ပျာပျာသလဲ မဖြစ်တော့ဘူးပေါ့ အဿယောသ။ သင်မရှိတဲ့ နောက်ကျရင် သောကတောင်ကြီး ငါ့တစ်ဦးတည်းအပေါ် လဲကျတော့မှာပဲ။ ဒါကြောင့် မဟုတ်လား။''

''သင် ငါ့အပေါ်မှာ သိပ်ရက်စက်တာပဲ ပဘာ။''

ပဘာသည် အဿယောသ၏နှုတ်ခမ်းများကို စုပ်၍ ပြုံးရွှင်လာအောင်ချော့လျက် ပြောလေသည်။

''ဘဝတစ်ခုမှာ မျက်နှာပြင်တွေ အမြောက်အမြားရှိတယ်။ အမြဲတမ်း လပြည့်ချည်း ဖြစ်နေမှာ မဟုတ်ဘူး။ လကွယ်လည်း ဖြစ်ဦးမှာပဲ။ တစ်ယောက်မရှိရင် ကျန်တစ်ယောက်ဟာ ဘာလုပ်သင့်သလဲ။ သိတဲ့အတိုင်းပဲ 'သင် မရှိတော့ဘူး။' ဆိုပါတော့။ ငါ ဘာလုပ်ရမလဲ။ ဒါတွေရည်ရွယ်ပြီး ငါက ပြောတာ။''

''ဆိုပါဦး''

အဿယောသသည် မျက်နှာအောက်ချ၍ သက်ပြင်းရှည်ရှည်ကြီးရှူကာ ပြောလေသည်။

''ငါဟာ ကိုယ့်ဘဝကို ဘယ်တော့မှ အစတုံးလုပ်သွားမှာ မဟုတ်ဘူး။ ရှင်တော်ဗုဒ္ဓက 'ကိုယ့်ကို သတ်တာကို မိုက်မဲမှုအပြည့် ကဲ့ရဲ့ရှုတ်ချအပ်တဲ့အလုပ်။' လို့ ဆိုထားခဲ့တယ်။ သင်အမြင်သား မဟုတ်လား။ ငါ စောင်းတီးတဲ့အတတ်မှာ သိပ်တော်လာပြီ။''

''သိပ်တော်တာပေါ့ ပဘာ။ သင့်ကို စောင်းပေးပြီးတော့ ငါ ဘာမှ သတိမရတော့ဘဲ အကြိမ်ကြိမ် သီချင်းဆိုခဲ့တယ်။''

''ကဲ-ဒီအတိုင်းဆိုရင် အဲဒီအချိန်မှာ ငါ့ရဲ့ ယာယီအသယောသဟာ ငါနှင့် အဝေးကြီးရောက်နေမှာပဲ။ ဒါပေမယ့် ငါကတော့ ထာဝရအသယောသ, ခေတ်မတိမ်တဲ့စာဆိုတော်ကြီးကို ပျော်တော်ဆက်နေမယ်။ သင့်စောင်းကို တီးပြီး သင့်သီချင်းကို ဆိုနေမယ်။ ဓမ္မဒိပ်တစ်ကျန်းလုံးနှင့် အပြင်ဘက်မှာရောပေါ့။ ငါတို့ရဲ့ဘဝအလျဉ်ဟာ တခြားဒေသ, ကာလတစ်ခုမှာ အကောင်အထည်ပေါ်ပြီး ပြန် မပေါင်းမိသေးသမျှ တစ်သက်လုံးပဲ။ ဒါထက် အချစ်ဆုံး- ငါမရှိရင် သင် ဘာလုပ်မလဲ။''

ထိုစကားလုံးများကို ကြားလိုက်ရသောအခါ အသယောသ၏တစ်ကိုယ်လုံး အတွင်းထဲမှ လှိုက်၍ တုန်လှုပ်သွားလေသည်။ ပဘာသည် အသယောသ၏ကိုယ် တုန်လှုပ်သွားသည်ကို သိလိုက်သည်။

အသယောသသည် စကားပြောရန် ကြိုးစားပါ၏။ သို့သော်လည်း သူ၏ လည်ချောင်းမှာ ခြောက်ကပ်၍ နေလေပြီ။ သူ၏ မျက်လုံးမှ မျက်ရည်များ ဖြိုင်ဖြိုင်ကျနေကြတော့သည်။ အတန်ငယ် ကြိုးစားအားယူပြီးနောက် အသယောသသည် ခြောက်ကပ်သောအသံဖြင့် ပြောလေသည်။

''သိပ်ရက်စက်တဲ့ အချိန်နာရီတစ်ခုတော့ တွေ့ဦးမှာပဲ။ ဒါပေမယ့် ငါလည်း ကိုယ့်ကိုယ်ကို မသတ်ပါဘူး။ သင့်ရဲ့အချစ်က အားပေးလို့ ပေါ်ပေါက်လာရတဲ့ သီချင်းကလေးကိုပဲ အသက်ထက်ဆုံး ဆိုနေတော့မယ်။ ငါဟာ သင့်ရဲ့ ထာဝရအသယောသပါပဲ။''

အသယောသ၏လည်ချောင်းမှာ ဆို့နှင့်၍ သွားလေသည်။

''သရဃူမြစ်ရေယဉ် အိပ်ပျော်သွားပြီ အချစ်ရယ်။ တို့လည်း ပြန်ကြစို့လား။''

၉

နွေဥတု ဖြစ်သည်။

အမိသုဝဏ္ဏာကို မကျန်းမမာဖြစ်နေသည်။ အသယောသသည် နေ့ရောညပါ အမိ၏အနီးတွင် နေရသည်။ ပဘာလည်း နေ့ရောညပါ ထိုနေရာမှာပင် နေရသည်။ ဆေးဝါးကုသပါသော်လည်း အကျိုးမထင်ခဲ့။ သုဝဏ္ဏာကို၏အခြေအနေမှာ ပိုမိုဆိုးဝါး၍သာ လာလေတော့သည်။

လ ပြည့်ခဲ့ပြီ။

နို့ရောင်အသွေး လဝန်းမှာ ဖြူဖွေးနေသည်။ ယနေ့ သုဝဏ္ဏာကိုက 'အိမ်မိုးပေါ်ထပ် လရောင်ရှိရာသို့ ပို့ပေးရန်' ပြောသည်။ အိမ်မိုးပေါ်သို့ အမိ၏ ကြိုးခက်ကုတင်ကို တင်ပေးရသည်။ အမိ၏ကိုယ်မှာ အရိုးစုသက်သက်မျှ ကျန်တော့သည်။ အမိ၏ဘေးတွင် ထိုင်နေစဉ် အသယောသ၏ နှလုံးကို မီးခဲုးထားသကဲ့သို့ ဖြစ်နေသည်။ အမိသည် လေးတွဲ့သော်လည်း ပြတ်သားသောအသံဖြင့် ပြောလေသည်။

''လူကလေး။ လရောင်က သိပ်သာယာတာပဲနော်။''

ထိုအခိုက် အသယောသ၏နားတွင် ပဘာ၏အသံကို ကြားယောင်လာသည်။

''ငါ့ကို သရဃူမြစ်လှိုင်းတွေက ခေါ်နေကြတယ်။''

အသယောသ၏ အသည်းနှလုံးမှာ ဒိတ်ခနဲ ဖြစ်သွားသည်။ အမိက ဆက်၍မေးသည်။

''ပဘာ ဘယ်မှာလဲလူကလေး။''

''သူ့အဖအိမ်ကို သွားတယ်အမိ။ သူ ညချမ်းအချိန်ထိ ဒီအိမ်မှာပဲ။''

''ပဘာ ငါ့သမီး။ သားရယ်-သူကလေးကို ဘယ်တော့မှ မခွဲနှင့်နော်။''

စကားမပြတ်ခင်ပင် ချောင်းတစ်ချက် ဖောက်လာလေသည်။ ထိုနောက် ၂ ချက်မျှ အကြောခွဲပြီး သုဝဏ္ဏာကို၏ကိုယ်မှာ ငြိမ်သက်သွားလေတော့သည်။

သုဝဏ္ဏာကို၏သားမှာ အသည်းကွဲမတတ် ဖြစ်ရှာလေသည်။

အဿယောသသည် တစ်ညလုံး ငိုကြွေးရှိသာ နေရှာသည်။

နောက်တစ်နေ့ မွန်းတည့်အချိန်အထိ အမိ၏ဈာပနကိစ္စတွင် လုံးပန်းနေရသည်။ ထို့နောက် အဿယောသသည် ပဘာကို သတိရလာလေသည်။ သူသည် ဒတ္တမိတ္တာ၏အိမ်သို့ သွားသည်။ အမိအဖများက 'ပဘာ အဿယောသဆီမှာပင် ရှိသည်။' ဟု ထင်နေကြသည်။ အဿယောသ၏အသည်းနှလုံးမှာ တစ်ညလုံး ပူဆွေးရသောဒဏ်ကြောင့် ကြေပြုန်းနေလေပြီ။ ယခုအခါ နောက်ထပ် စိတ်ပူစရာတစ်ခု ပေါ်လာပြန်သည်။

အဿယောသ ပဘာ၏အိပ်ခန်းသို့ သွားသည်။ အိပ်ခန်းတွင် ပစ္စည်းအားလုံး နေသားတကျပင် ရှိသည်။ သူသည် ကုတင်ပေါ်တွင်ဖြန့်ခင်းထားသော အိပ်ရာခင်းကို လှန်လှောလိုက်သည်။ အိပ်ရာခင်းအောက်တွင် သူ၏ရုပ်ပုံကို တွေ့ရသည်။ ထိုပုံမှာ ဧည့်သည် ယွန်းလူမျိုးပန်းချီဆရာတစ်ယောက်အား ပဘာက အဆွဲခိုင်းထားသောပုံ ဖြစ်သည်။ ထိုပုံရေးဆွဲရန်အတွက် အလိုမတူဘဲ နာရီအတော်ကြာ အဿယောသ ထိုင်နေခဲ့ရဖူးသည်။ ရုပ်ပုံပေါ်တွင် နွမ်းနေသော ဇနပထဲကုံးတစ်ကုံး တင်နေသည်။ ရုပ်ပုံ ၏အောက်တွင် ပဘာ၏လက်ရေးနှင့် ပေရွက်ပေါ်တွင် ရေးထားသောစာခွေ ရှိသည်။

အဿယောသသည် ၄င်းစာခွေကို ကောက်ယူလိုက်သည်။ ချည်နှောင်ထားသောကြိုးပေါ်တွင် တံဆိပ်ခတ်ထားသော ရွှံစေးနက်နက်ကလေးမှာ ယခုအထိ မခြောက်သေးပေ။ အဿယောသသည် ကြိုးကို ဖြတ်၍ တံဆိပ်ခတ်ထားသောမြေစေးကို ခွာချလိုက်သည်။ ရှည်လျားသောပေရွက်ကို ဖြန့်လိုက်သောအခါ၊ ပဘာ၏ လက်ရေးလှလှကလေးနှင့် ရေးထားသော စာ ၅ ကြောင်းကို တွေ့ရသည်။

'အချစ်ဆုံး။ သင့်ကို ပဘာ ခွဲရတော့မယ်။ ငါ့ကို သရဖူမြစ်လှိုင်းတွေက ခေါ်နေကြတယ်။ ငါ သွားတော့မယ်။

သင် ငါ့အချစ်အတွက် စကားကတိတစ်ခု ပေးခဲ့တယ်။ မှတ်မိတယ်နော်။ ငါဟာ ငါ့ရဲ့ ထာဝရနုပျိုမှု၊ အမြဲတမ်းမပြောင်းမလဲတဲ့အလှတွေကို သင့်ဆီမှာ ထားခဲ့ပြီး သွားတော့မယ်။ သင့်မျက်စိထဲမှာ ဆံဖြူသွားကျိုး၊ ခါးကိုင်းနေတဲ့ ပဘာကို ဘယ်တော့မှ မြင်ရမှာ မဟုတ်တော့ဘူး။

ငါ့ရဲ့ ထာဝရအချစ်, ထာဝရနုပျိုမှုက သင့်ကို အားပေးနေရစ်မှာပဲ။ သင် အဲဒီ အားပေးမှုကို ဂရုမမူ မလုပ်ပါလေနှင့်။

အချစ်ဆုံး။

သင်တို့မိသားတစ်စု စိတ်ဝမ်းကွဲတာကို အကြောင်းပြုပြီး၊ 'ကိုယ့်ကိုယ်ကို သတ်သေတယ်။' လို့ မထင်ပါနှင့်။ သင့်ရဲ့ကဗျာတွေကို အသက်သွင်းဖို့ ရည်ရွယ်ပြီးတော့ ငါ့ရဲ့ မပျက်စီးနိုင်တဲ့ နုပျိုမှုကို ပေးသွားခြင်းသာ ဖြစ်ပါတယ်။

အချစ်ဆုံး။

ပဘာက သင့်ကို နောက်ဆုံးဝိတ် စိတ်ထဲကပဲ ဖက်ပွေ့နမ်းစုပ်ခဲ့ပါတယ်။'

ပဘာဟာ သူကိုယ်သူ
သတ်သွားတာ မဟုတ်ဘူး။
သူကိုယ်ကို အပ်နှင်း သွားတာပဲ။
တစ်ခုတော့ ရှိတယ်။
သူရဲ့ 'ဘဝအလှူ'ကို
'ဘဝအဖြုန်း'ဖြစ်အောင်
ပြောင်းလဲချင်ရင် ငါ့လက်ထဲမှာပဲ ရှိတယ်။
ဒါပေမယ့် ငါဟာ ဒီလောက်
ကျေးဇူးကန်းတဲ့လူတစ်ယောက်
အဖြစ်မခံနိုင်ဘူး။''

အဿယောသသည် မျက်လုံးများမှ ယိုစီးကျဆင်းလာသောမျက်ရည်များကို အကြိမ်ကြိမ်သုတ်၍ စာကို အဆုံးသတ်လိုက်သည်။ ထို့နောက် သူ၏လက်ထဲမှ စာခွေ လွတ်ကျသွားလေသည်။

သူသည် တစ်ကိုယ်တည်း ကုတင်ပေါ်တွင် ထိုင်လေသည်။ သူ၏အသည်းနှလုံးမှာ လှုပ်ရှားခြင်း မရှိတော့ပေ။ အဿယောသသည် ငိုင်ကာ အသည်းနှလုံး ရပ်တန့်သွားဖို့ကိုသာ စောင့်မျှော်နေရုံ ပေါ်လေသည်။ သူသည် မြေသားရုပ်ကဲ့သို့ မျက်လုံးအကြောင်သား ဖြစ်နေသည်။

အတန်ငယ်ကြာအောင် စောင့်မျှော်နေခဲ့ပြီးနောက် ပဘာ၏မိဘများ ရောက်လာကြလေသည်။ အဿယောသ၏အခြေအနေကို မြင်သောအခါ ပဘာ၏မိဘများ အတော်ပင် စိုးရိမ်ကြောင့်ကြသွားလေသည်။

ထို့နောက် အနီးတွင်ကျနေသောစာခွေကို မိဘများ ဖတ်ကြည့်ကြလေသည်။ အမိသည် ကျယ်လောင်စူးရှစွာအော်ဟစ်၍ ကြမ်းပြင်သို့ လဲကျသွားလေသည်။

ဒတ္တမိတ္တသည် အသံမထွက်ဘဲ မျက်ရည်တွေတွေ ကျနေသည်။

အဿယောသကား အကြောင်သား စိုက်ကြည့်နေတုန်းပင် ရှိသေးသည်။ ပဘာ၏ အမိအဖများသည် အတန်ငယ်ကြာသည့်တိုင်အောင် အဿယောသ၏အခြေအနေကိုကြည့်၍ တိတ်ဆိတ်စွာပင် ထွက်ခွာသွားကြလေသည်။

ညနေစောင်း၍ မိုးချုပ်သွားလေပြီ။ သို့သော်လည်း အဿယောသမှာ ထိုင်မြဲထိုင်နေတုန်း ရှိသေးသည်။ သူ၏မျက်ရည်များကား ခြောက်ခန်းခဲ့လေပြီ။ အသည်းနှလုံးကား 'ခဲတွေ မာကျောသွားပြီ။'ဟု ထင်ရလေသည်။ ညဉ့် နက်ခဲ့လေပြီ။ အဿယောသသည် ထိုင်ရာမှာပင် အိပ်ငိုက်ကာ ခွေကျသွားလေသည်။

နံနက်လင်း၍ ပဘာ၏အမိ ရောက်လာသောအခါ အဿယောသ ပကတိအတိုင်းဖြစ်၍ တစ်စုံတစ်ခု ကိုတွေးကာ ထိုင်နေသည်ကို တွေ့ရလေ၏။ အမိက မေးသည်။

''စိတ်ထဲမှာ ဘယ့်နယ်နေသေးသလဲ။''

''အမိလား။ အခု ငါ လုံးဝ ကောင်းသွားပြီ။ ပဘာပေးအပ်သွားတဲ့ တာဝန်ကိုပဲ ဆောင်ရွက်တော့မယ်။ ငါ နားမလည်ခဲ့ဘူး။ ဒါပေမယ့် ပဘာကတော့ နားလည်သွားတယ်။ ပဘာဟာ ငါဆောင်ရွက်ရမယ့်တာဝန်ကို ပြောသွားတာပဲ။ ပဘာဟာ သူကိုယ်သူ သတ်သွားတာ မဟုတ်ဘူး။ သူကိုယ်ကို အပ်နှင်း

သွားတာပဲ။ တစ်ခုတော့ ရှိတယ်။ သူ့ရဲ့ 'ဘဝအလှူ'ကို 'ဘဝအဖြုန်း'ဖြစ်အောင် ပြောင်းလဲချင်ရင် ငါ့လက်ထဲမှာပဲ ရှိတယ်။ ဒါပေမယ့် ငါဟာ ဒီလောက် ကျေးဇူးကန်းတဲ့လူတစ်ယောက် အဖြစ်မခံနိုင်ဘူး။''

အမိသည် အဿယောသ၏ဆိုလိုရင်းကို သိသည်။

အဿယောသ မတ်တပ်ရပ်လိုက်သည်။

အမိက ကြည့်၍မေးသည်။

''ဘယ်သွားမလဲ ငါ့သား။''

''အရှင်ဓမ္မရက္ခိတနှင့် တွေ့ချင်တယ်။ ပြီးတော့ သရဃူမြစ်ကိုလည်း ကြည့်ချင်သေးတယ်။''

''အရှင်ဓမ္မရက္ခိတ အောက်မှာထိုင်ပြီး သင့်ကို စောင့်နေတယ်။ သရဃူမြစ်ကို ကြည့်ရအောင် ငါလည်း လိုက်မယ်။''

ပြောရင်းပြောရင်း အမိ၏လည်ချောင်းတွင် ဆို့တစ်လာလေသည်။

အဿယောသသည် အောက်သို့ဆင်းသွား၍၊ ဓမ္မရက္ခိတထေရ်အား ထိခြင်း ၅ ပါးဖြင့်ရှိခိုး၍ လျှောက်ထားသည်။

''အရှင်။ ငါ့ကို သံဃာဘောင် သွတ်သွင်းပေးပါ။''

''ချစ်သား။ သင့်သောက ပြင်းထန်လှတယ်။''

''ပြင်းထန်ပါတယ်။ ဒါပေမယ့် သောကကိုအကြောင်းပြုပြီး ဒီစကားကိုပြောတာ မဟုတ်ပါဘူး။ ပဘာဟာ ငါ့ကို သံဃာဘောင်ဝင်ဖို့ ပြင်ဆင်ပေးသွားခဲ့တယ်။ ငါ အဆောတလျင်လုပ်တာ မဟုတ်ဘူး။''

''ဒါပေမယ့် သင် ရက်အနည်းငယ် စောင့်ရလိမ့်ဦးမယ်။ သံဃာဟာ ဒီလောက်မြန်မြန် ဆောင်ရွက်ပေးမှာ မဟုတ်ဘူး။''

''အရှင်။ ငါ စောင့်ပါမယ်။ ဒါပေမယ့် သံဃာ့အရိပ်မှာ ခိုလှုံပါရစေ။''

''ပထမ သင့်အဖထံမှာ သင် ခွင့်တောင်းရလိမ့်မယ်။ အမိအဖခွင့်မပြုဘဲ သံဃာက ဘယ်သူ့ကိုမှ ရဟန်း ပြုမပေးဘူး။''

''ဒီလိုဆိုရင် ငါ အခွင့် တောင်းလာခဲ့ပါ့မယ်။''

အဿယောသ အိမ်မှ ထွက်သွားသည်။

အမိသည် အဿယောသ၏ ဦးနှောက်ကောင်းကောင်းနှင့် ပြောသာစကားကဲ့သို့သော စကားကို ကြားရသော်လည်း စိတ်တထင့်ထင့်ဖြစ်နေသည်။ ထို့ကြောင့် အမိလည်း သူ့နောက်မှ လိုက်ပါသွားသည်။

သရဃူမြစ်တွင် လှေနှင့် ၂ ဦးသား တစ်နေ့လုံး အောက်သို့စုန်ကာ ရှာဖွေကြသည်။ သို့သော် အစအန တစ်စုံတစ်ရာ မတွေ့ရပေ။ နောက်တစ်နေ့တွင် ဆက်လက်စုန်ဆင်းသွားကြသည်။ သို့သော် ဘယ်နေရာမှ အစအန မတွေ့ရတော့ပေ။

အဿယောသသည် အိမ်သို့သွား၍ အဖထံမှ ရဟန်းပြုခွင့် တောင်းသည်။ သို့သော် တစ်ဦးတည်း သောသားအား အဘယ်မှာ အဖက ခွင့်ပေးပါအုံ့နည်း။

''ငါ အမိ အပူ, ပဘာအပူဒဏ်ကို ခံပြီး ဒီတိုင်းတော့ မနေနိုင်ဘူးအဖ။ ငါဟာ ငါ့အသက် ချမ်းသာရာရဖို့အတွက် ရွေးလို့ရတာ ဒီတစ်လမ်းပဲ ရှိတော့တယ်။ ငါ့ရဲ့ အဖ။ ငါ့ရဲ့အပြုအမူမှာ စိတ် ချောက်ချားတဲ့လက္ခဏာ မပေါ်ဘူးဆိုတာ သင် မြင်နိုင်တယ်။ ငါ ပြောဖို့တာဝန် ဒီလောက်ပဲ ရှိတယ်။ အသက်ရှင်နေတာ မြင်ချင်ရင် အခွင့်ပေးပါအဖ။''

''ဖြစ်နိုင်ရင် မနက်ဖြန်ညနေအထိ စဉ်းစားခွင့် ပေးဦး။''
''ငါ ၇ ရက်အထိ စောင့်နိုင်ပါတယ် အဖ။''

နောက်တစ်နေ့ ညနေချမ်းအချိန်တွင် အဖသည် မျက်လုံးများတွင် မျက်ရည်အပြည့်နှင့် 'ရဟန်းပြုခွင့်' ပေးလိုက်လေသည်။

သာကေတမြို့ရှိ အရိယသင္ဃတိဝါဒ သံဃာတော်များက အဿဇောသကို ရဟန်းပြုပေးလေသည်။

မဟာထေရ်ဓမ္မသေနသည် အဿဇောသ၏ ဥပဇ္ဈာယ်ဖြစ်၍၊ အရှင်ဓမ္မကိတ္တိကား ဆရာရင်း ဖြစ်လေသည်။

ထိုအချိန်တွင် အရှင်ဓမ္မရက္ခိတသည် လေ့ဖြင့် ပါဋလိပုတ်သို့ ထွက်ခွာသွားခါနီးဖြစ်၍ အရှင်ဓမ္မရက္ခိတနှင့်အတူပင် အဿဇောသလည်း သာကေတကို စွန့်ခွာသွားလေသည်။

၁၀

ရဟန်းတော်အဿဇောသ ပါဋလိပုတ် အသောကာရုံကျောင်းတော်တွင် သီတင်းသုံးသည်မှာ ၁၀ ဝါ ရှိသွားလေပြီ။ သူသည် ဗုဒ္ဓဘာသာနှင့်အတူတွဲ၍ ဗုဒ္ဓအဘိဓမ္မာများ, ယွန်း (ဂရိုက်) အဘိဓမ္မာများကို နက်နက်နဲနဲ လေ့လာလေသည်။ မဂဓတိုင်းရှိ 'မဟာသံဃ' ပညာရှိများအနက် အဿဇောသ ထိပ်တန်းကျလှပေသည်။

ထိုစဉ်အခါက သကဒေရာဇ် ကနိက္ခ (ကနိသ္ကက) အရှေ့ပိုင်းနယ်များကို အောင်မြင်၍ ပါဋလိပုတ်သို့တိုင် ရောက်ခဲ့လေသည်။ ထိုအခါက ပါဋလိပုတ်နှင့် မဂဓတိုင်းသည် ဗုဒ္ဓဘာသာ၏ အချုပ်အချာဗဟိုဌာနတစ်ခု ဖြစ်ခဲ့လေသည်။

ကနိက္ခဘုရင်သည် ဗုဒ္ဓဘာသာတွင် အလွန် ကြည်ညိုသဒ္ဓါ ရှိလေသည်။ ကနိက္ခဘုရင်သည် ဘိက္ခု သံဃာမှ ဂန္ဓာရသို့ပင့်ဆောင်ရန် အရည်အချင်းပြည့်ဝသော ပညာရှိရဟန်းတော်တစ်ပါးကို တောင်းလေသည်။ သံဃာသည် အဿဇောသကို သာသနာပြုအတွက် ရွေးချယ်လိုက်လေသည်။

မင်းနေပြည်တော် ပုရသပုရ် (ပေရှာဝ၇်)သို့ ရောက်သောအခါ၊ အဿဇောသသည် သူ့ကိုယ်သူ သက (သက္က), ယဝန (ဂရိုက်), တရုက္ခ (တူရကီ), ပါရသီ (ပါရှန်း), ဘာရတ (အိန္ဒိယ) လူမျိုးများ၏'ယဉ်ကျေးမှုစုဆုံရာ အရပ်တစ်ခုသို့ ရောက်နေကြောင်း' တွေ့ရလေသည်။

အဿဇောသသည် ပထမဆုံး ယွန်းပြဇာတ်အတတ်ကို အိန္ဒိယစာပေသို့ သွတ်သွင်းခဲ့ဖူးသူ ဖြစ်လေသည်။ ယွန်းအဘိဓမ္မာများကို နက်နဲစွာလေ့လာပြီးနောက် ယွန်းအဘိဓမ္မာ၏ ထူးခြားချက်များ, ခွဲခြမ်းစိတ်ဖြာနည်းများ, မျိုးတူတရားကိုယ်များကို ယူ၍ အိန္ဒိယအဘိဓမ္မာ၊ အထူးအားဖြင့် ဗုဒ္ဓဆိုင်ရာအဘိဓမ္မာကို ယွန်းအဘိဓမ္မာ၏အထောက်အပံ့ဖြင့် ပိုမိုကြွယ်ဝအောင် ပြုခဲ့လေသည်။ အဿဇောသကား ဗုဒ္ဓဘာသာဝင်များ ယွန်းအဘိဓမ္မာဆီသို့လမ်းပေါက်အောင် လမ်းသစ်တစ်ခု ဖွင့်လှစ်ခဲ့သူ ဖြစ်လေသည်။

ထို့နောက် အခြားအိန္ဒိယပြည်သား အတွေးအခေါ်သမားများလည်း ယွန်းအဘိဓမ္မာနောက်သို့ မလိုက်ဘဲ မနေနိုင်တော့ပေ။

'ဝိသေသိက'နှင့် 'နျာယ' ဂိုဏ်းသားများသည် အဆိုပါလမ်းတွင် ရှေ့ဆုံးသို့ရောက်အောင် တိုး၍ ပရမာဏု, သာမည, ဒဗ္ဗ, ဂုဏ, အဝယဝီ အစရှိသောတရားများကို ဂရိုတ်အဘိဓမ္မာမှ ချေးငှားယူငင်ကြလေသည်။

ပဘာသည် အဿဃောသ၏စိတ်ထားကို ကျယ်ပြန့်အောင် ပြုခဲ့ပေသည်။ ထို့ကြောင့် အရှင်အဿဃောသတွင် 'ငါ့ဟာ, သူ့ဟာ' ဟူသောအစွဲ ကင်းပျောက်ခဲ့လေပြီ။ သူသည် ပဘာ၏ လှုံ့ဆော်ချက်အရ ကဗျာ, ပြဇာတ်, ဝတ္ထု အမြောက်အမြားရေးခဲ့သည်။ ၄င်းတို့အနက် အချို့မှာ ပျောက်ပျက်ကုန်ကြလေပြီ။ သို့သော်လည်း သဘာဝသည် အဿဃောသမထေရ်အား ကြည်ညိုဟန် ရှိလေသည်။ နှစ်ပေါင်း ၁၇၀၀ လွန်ပြီးမှပင် အာရှတိုက်အလယ်ပိုင်း သဲပုံကြီး ဂိုဗီသဲကန္တာရကြီးက သူ၏ 'သာရိပုတ္တ ပကရဏ' ကဗျာများသည် မသေနိုင်သောကဗျာများ ဖြစ်သည်။ သူသည် ပဘာအား ဝန်ခံလိုက်သောကတိကို ကောင်းမွန်စွာ စောင့်ရှောက်လေသည်။ ပဘာ၏ မန္တမ်းနိုင်သောအလှသည် သူ၏ကဗျာများကို အလှဆုံး ဖြစ်အောင် ဆောင်ရွက်နေလေသည်။

သူသည် ဇာတိဌာနဖြစ်သော 'သာကေတ'နှင့် 'အမိသုဝဏ္ဏကို'ကို ဘယ်သောအခါမှ မေ့မျောက်မပစ်ခဲ့ပေ။ အဿဃောသသည် သူ၏လက်ရာများတွင် အမြဲတမ်း 'သာကေတမြို့လျှင် ဖွားရာဇာတိရှိသော သုဝဏ္ဏကို၏သား အဿဃောသ'ဟု ရေးမှတ်လေ့ ရှိပေသတည်း။ ။

၁၂

သုပဏ္ဏ ယောဝေယ

အချိန်- ခရစ်နှစ် ၄၂၀။

၁

ငါ့ရဲ့ ကံကြမ္မာစက်ဝန်းက ဘယ်လိုများ လှည့်ပတ်နေသလဲ။ ဘယ်တော့မှ တစ်နေရာတည်း မြဲမြဲခြေချထားလို့ကို မရဘူး။ လောကခံက ငါ့ကို အမြဲတမ်း တုန်လှုပ်အောင်, တထိတ်ထိတ်နေအောင် လုပ်နေတယ်။ ငါဘဝမှာ ချိုမြိန်တဲ့ရက်တွေလည်း ရောက်လာပါရဲ့။ ဒါပေမယ့် ခါးစပ်တဲ့ရက်တွေလောက်တော့ မများဘူး။ ပြောင်းလဲမှုကတော့ မိုးရာသီအဆုံးက မိုးသားများလို တစ်နေရာမှာ မိုးရွာ, တစ်နေရာမှာနေပူ ကွက်ကျားဖြစ်နေတယ်။ 'ဘာကြောင့် ဒီပြောင်းလဲမှုစက်ဝန်းကြီး လည်ပတ်နေရဲတယ်။' လို့ မထင်တတ်တော့ပါဘူး။

အနောက်ပိုင်း ဥတ္တရာပထမှာ အခုထက်ထိ မခုပဏ္ဏပွဲတော်[၁]မှာ အမဲသား ကျွေးကြတုန်းပဲ။ ဒါပေမယ့် အလယ်ပိုင်းယူပီနယ် ဗီဟာရ်ဒေသတော့ 'နွားသား' ဆိုတဲ့စကားလောက် ပြောတာတောင် အပြစ်ကြီးတစ်ခု ဖြစ်နေတယ်။ အဲဒီအရက်များမှာတော့ နွားနှင့် ဗြာဟ္မဏကို စောင့်ရှောက်တာဟာ အမြတ်ဆုံး ဘာသာရေးကြီးတစ်ခု ဖြစ်နေတယ်။

'ဘာသာရေးမှာ ဒီလောက် ဆန့်ကျင်ဘက်ကွက်ကျား ဘာ့ကြောင့် ဖြစ်နေရသလဲ။' ဆိုတာ ငါ နားမလည်ဘူး။ တစ်နေရာက 'အခမ္မဟာ' တစ်နေရာကျတော့ 'ဓမ္မ' ဖြစ်သွားရောလား။ တစ်မျိုးဆိုရင် တစ်နေရာမှာ အရင်ပြောင်းလဲပြီး တစ်နေရာမှာတော့ အဲဒီပြောင်းလဲမှုကို နောက်ယောင်ခံပြီး လိုက်ရသလား။

ငါဟာ ခိပ္ပာမြစ်ကမ်းပေါ်မှာရှိတဲ့ အဝန္တိ (မာလဗာ)နယ် ရွာတစ်ရွာမှာ ဖွားမြင်ခဲ့တယ်။ ငါ့အမျိုးအနွယ်များဟာ သူတို့ကိုယ်ကို 'ခရီးသည်တွေ' လို့ မှတ်သားထားကြတယ်။ ဒါပေမယ့် သူတို့မှာ လယ်တွေ, ယာတွေ, အိုးတွေ, အိမ်တွေတော့ ရှိကြပါရဲ့။ အဲဒီပစ္စည်းတွေကို သူတို့ပခုံးပေါ် ထမ်းသွားနိုင်မှာ မဟုတ်ကြဘူး။ ငါ့အမျိုးအနွယ်ကလူတွေဟာ အလုံးအရပ်ရော, အရောင်အသွေးရော တခြားရပ်သူရပ်သားတွေနှင့် နည်းနည်း ခြားနားကွဲပြားနေတယ်။ သူတို့အလုံးအရပ်ဟာ ပိုမိုကြီးထွားပြီး ထောင်ထောင်မောင်းမောင်းရှိတယ်။ ပိုလည်း အရောင်အသွေး တောက်ပြောင်တယ်။ တခြားသူများရဲ့ အတင်စီးကိုလည်း ငုံ့ခံလေ့ မရှိကြဘူး။

၁။ မခုပဏ္ဏပွဲတော်-ဗလိနတ်စာတင်သောအခါ ဖြစ်စေ, ထူးမြတ်သောဥည့်သည် ရောက်သောအခါဖြစ်စေ၊ ဒိန်, ထောပတ်, ဟူးရည်, သကြား, ရေများကို ရောနှောကျိုမျက်၍ တင်သ ကျွေးမွေးကြသည်။ ထိုကဲ့သို့ တင်သကျွေးမွေးရာဝယ် တတ်အားသမျှ အခမ်းအနားကျင်းပသည်။ ၄င်းကို 'မခုပဏ္ဍပဲတော်' ဟု ခေါ်သည်။- မြန်မာပြန်သူ၏ မှတ်ချက်

ငါ့အမိဟာ ရွာမှာ အလှဆုံးမိန်းမတစ်ဦးပဲ။ သူ့ရဲ့ ဖြူစင်သန့်ရှင်းတဲ့ မျက်နှာဝိုင်းဝိုင်းအပေါ်မှာ အညိုရောင်ဆံပင်များဟာ အတော်ကို ကြည့်လို့ ကောင်းနေတယ်။ ငါ့မိသားစုကလူတွေဟာလည်း သူတို့ကိုယ်သူတို့ 'ပုဏ္ဏား'လို့ အမည်ခံနေကြတယ်။ ဒါပေမယ့် ရပ်သူရွာသားတွေက ဒီကိစ္စနှင့်ပတ်သက်ပြီး သူတို့အပေါ်မှာ သံသယဖြစ်နေတာ ငါ တွေ့ရတယ်။ 'သံသယဖြစ်မယ်။'ဆိုလည်း ဖြစ်စရာပဲ။ အဲဒီအရပ်က ပုဏ္ဏားတွေဟာ အရက်သောက်တာကို 'အပြစ်ကြီးတစ်ခု'လို့ အသိအမှတ် ပြုထားကြတယ်။ ဒါပေမယ့် ငါ့အိမ်မှာတော့ အရက်ချက်တယ်၊ သောက်တယ်ဆိုတာ နေ့စဉ် အလုပ်ပဲ။

အထက်တန်းစားမိသားစုတွေမှာ မိန်းမနှင့် ယောကျ်ားး ရောနှောပြီး ကလားခုန်လား လုပ်တယ်ဆိုတာ မကြားဖူးဘူး။ ဒါပေမယ့် ငါ့အမျိုးထဲမှာ တစ်နွယ်တည်းက ဆင်းသက်လာတဲ့ မိသားစု ၇ စုက တော့ မိုးချုပ်တယ်ဆိုရင် လွှင့်ပြင်မှာ စုံတွဲကရအောင် ထွက်သွားကြတော့တာပဲ။

ငါ အတော်ငယ်ငယ်တုန်းကတော့ 'အရပ်တိုင်းမှာ ဒီလိုချည်းပဲဖြစ်မယ်။' ထင်ခဲ့တယ်။ ဒါပေမယ့် အရပ်ထဲက တခြားကလေးအဖော်တွေနှင့် ကစားတဲ့အခါ သူတို့ စောင်းချိတ်ပြောတဲ့စကားကို နားလည်လာတော့မှ သူတို့တွေက တို့ကို 'လူထူးလူဆန်းတွေ'လို့ သဘောထားကြောင်း သိရတော့တယ်။ ပြီးတော့ ငါတို့အမျိုးမြတ်တာကို ယုံကြည်ပေမယ့် ငါတို့ 'ပုဏ္ဏားဖြစ်တယ်'ဆိုတာတော့ သံသယ ရှိနေကြတယ်။

ငါတို့ရွာဟာ ရွာကြီးတစ်ရွာပဲ။ ရွာမှာ ဆိုင်တွေ, ကုန်သည်များရဲ့အိမ်တွေ ရှိကြတယ်။ အဲဒီရွာမှာ 'နဂရ'လူမျိုး မိသားစုများလည်း ရှိကြတယ်။ သူတို့ကို အားလုံးက 'ကုန်သည်တွေ'လို့ ခေါ်ကြတယ်။ ဒါပေမယ့် သူတို့ကလည်း ငါတို့လိုပဲ သူတို့ကိုယ်သူတို့ 'ပုဏ္ဏား'လို့ အမည်ခံကြတယ်။

နဂရလူမျိုး သတို့သမီးအများအပြား ငါတို့အမျိုးအနွယ်ထဲ ရောက်လာတာဟာလည်း ရွာသားတွေက ငါတို့ကို 'ပုဏ္ဏား'လို့ ဝန်မခံနိုင်ဖို့ အကြောင်းတစ်ကြောင်းပဲ။ သူတို့အယူအဆနှင့်ဆိုရင် ငါတို့ဟာ ပုဏ္ဏားများရဲ့ အစားအသောက်, ထိမ်းမြားလက်ထပ်တဲ့ စည်းကမ်းဥပဒေတွေကို အရေးမှ မလုပ်ဘဲ။ မလုပ်ဘဲ ဘယ်လိုနည်းနှင့် ပုဏ္ဏား ဖြစ်နိုင်မှာလဲ။

ငါ့အဖော်ကလေးတွေက စိတ်ဆိုးလာပြီဆိုရင် ငါ့ကို 'တိုက်ကြက် လူကျယ်'ဆိုပြီး မခံချင်အောင် ပြောင်လှောင်ကြတယ်။ ငါ အမိကို မကြာမကြာ မေးလေ့ရှိတယ်။ ဒါပေမယ့် အမိက အမေးမခံဘူး။

အခု ငါ အရွယ်ရောက်လာပြီ။ ၁၀ နှစ်အရွယ် ရှိပြီ။ ရွာထဲက ပုဏ္ဏားဆရာတစ်ဦးရဲ့ စာသင်ကျောင်းမှာ စာသင်နတယ်။ ငါ့စာသင်ဖက်တွေဟာ အားလုံးလိုလို ပုဏ္ဏားတွေချည်းပဲ။ ငါနှင့်အတူ နဂရလူမျိုး ကျောင်းသား ၂ ဦး ရှိတယ်။ အဲဒီ နဂရလူမျိုး ကျောင်းသား ၂ ဦးကို ငါ့အဖော်တွေက 'ပုဏ္ဏားတစ်ဝိုင်း'လို့ ခေါ်ကြတယ်။

ငါဟာ ဆရာကြီးရဲ့ ထက်မြက်တဲ့တပည့်တစ်ယောက် ဖြစ်တယ်။ ဆရာကြီးဟာ ငါ့အပေါ်မှာ အထူး မေတ္တာထားတယ်။ ငါတို့အမျိုးများရဲ့ သဘာဝဟာ ငါ့မှာလည်း ပါလာတယ်။ ဘယ်သူကိုမှ ငဲ့မခံဘဲ ရန်ဖြစ်လေ့ ရှိတယ်။ တစ်နေ့ကျတော့ ငါ့အဖော်တစ်ယောက်က ရန်စလာတယ်။

"သင် ပုဏ္ဏားလုပ်ပြီး တိုက်ကြက်တစ်ကောက်ပဲ။"

ငါ့ဘကြီးရဲ့ယောက်ဖသားက ငါ့ဘက်က နေတယ်။ သူကိုလည်း ပြောကြတယ်။

"ဒီယွန်းနဂရလူမျိုး ပုဏ္ဏား ဖြစ်သွားပြီ။"

၁။ 'ပုဏ္ဏား'နှင့် 'ဗြဟ္မဏ'ကို အနက်တူ အမှတ်အသားပြု၍ ဖတ်ပါရန် မျစ်စွာသောစာဖတ်သူအား အထူး သိစေလိုပါသည်။ -မြန်မာပြန်သူ၏ မှတ်ချက်

ငယ်ငယ်ကတည်းက ကလေးတွေရဲ့ရန်စသံတွေကို ကြားခဲ့ရတယ်။ ဒါပေမယ့် ဒီတုန်းကတော့ အဲဒီအသံဟာ ဒီလောက် မစူးရှဘူး။ အဲဒီစကားရဲ့အတွင်းဘက်မှာ အနက်အဓိပ္ပာယ် ဒီလောက် မထင်ခဲ့ဘူး။ ကျောင်းမှာ အဲဒီ ၃ ယောက်ကလွဲရင် ကျန်တဲ့ ကျောင်းသား ၃၀ ရှိတယ်။ မိန်းကလေး ၄ ယောက်လည်း ပါတယ်။ သူတို့ရဲ့အရောင်အသွေးဟာ သန့်ရှင်းဖြူစင်ကြတယ်။ အရပ်ကတော့ ငါတို့လို ထောင်ထောင်မောင်းမောင်း မဟုတ်ကြဘူး။ ဒါပေမယ့် သူတို့ရှေ့မှာ တစ်လောကလုံး ဦးညွှတ်နေတာကို တွေ့ရတယ်။

ဟိုနေ့က အိမ်ကိုပြန်လာတော့ ငါ့မျက်နှာဟာ အင်မတန် ညှိုးမှိန်နေတယ်။ အမိဟာ ငါ့ရဲ့ ခြောက်ကပ်နေတဲ့နှုတ်ခမ်းကို မြင်တော့ နမ်းစုပ်ပြီး မေးတယ်။

"လူကလေး။ ဘာကြောင့် ကနေ့ ဒီလောက်မှိုင်နေတာလဲ။"

ငါ ပထမတော့ အပြောရခက်နေရသေးတယ်။ ဒါပေမယ့် မပြော မနေရအောင် မေးတော့ ပြောလိုက်တယ်။

"အမိ။ ငါတို့အမျိုးအနွယ်မှာ အကြောင်းတစ်ကြောင်း ရှိနေတယ်။ အဲဒီအကြောင်းကြောင့် လူတွေဟာ ငါတို့ကို 'ပုဏ္ဏား'လို့ အသိအမှတ် မပြုချင်ကြဘူး။"

"လူကလေး။ ငါတို့ဟာ တစ်ရပ်တစ်နယ်က ပုဏ္ဏားတွေ ဖြစ်ကြတယ်။ ဒါကြောင့် သူတို့က ဒီလိုထင်ကြတာ။"

"ပုဏ္ဏားတွေသာ မဟုတ်ဘူး။ ပုဏ္ဏား မဟုတ်တဲ့သူတွေကလည်း ငါတို့ 'ပုဏ္ဏားဖြစ်တယ်' ဆိုတာကို သံသယရှိနေကြတယ် အမိ။"

"အဲဒီပုဏ္ဏားတွေက ပြောလို့ပေါ့။"

"ငါတို့ဟာ ယဇ်လည်း မပူဇော်ကြဘူး။ တခြားပုဏ္ဏားတွေကတော့ ပုရောဟိတ်အလုပ်ကို လုပ်ကြတယ်။ ပုဏ္ဏားတွေကို ပေးလှူတဲ့အလှူပွဲများကိုလည်း တက်ရောက်ကြတယ်။ ငါတို့အမျိုးအနွယ်မှာတော့ အဲဒီလို အလုပ်တွေကိုလည်း မတွေ့ရဘူး။ ပြီးတော့ တခြားပုဏ္ဏားတွေကလည်း ငါတို့ကို သူတို့နှင့် တစ်တန်းတည်း စားသောက်ခွင့်တောင် မပေးကြဘူး။ အမိသိရင် ပြောစမ်းပါ။"

အမိက အကြာကြီး ချောမော့ပါတယ်။ ဒါပေမယ့် ငါ မကျေနပ်ခဲ့ဘူး။

ငါ့ရဲ့စိတ်ဟာ အဲဒီလိုပဲ လူပ်ရှားနေတဲ့အခါ နာဂရလူမျိုး ငါ့ရဲ့စာသင်ဖက်များနှင့် ငါ့သွေးသားဆွေမျိုးများက ငါဘက်က နာကြတယ်။ တစ်နည်းပြောရရင် ငါတို့အားလုံး အချင်းချင်း တစ်ယောက်အတွက် တစ်ယောက်က နာနေကြတယ်။

J

အချိန်တွေ ကုန်လွန်ခဲ့ပြီ။ ငါ့အသက် ၁၃ နှစ် ရှိပြီ။ စာသင်ကျောင်းမှာ သင်စရာ, ကြားစရာတွေလည်း သင်ကြားပြီးဆုံးလို့ သွားပြီ။ ငါဟာ ကိုယ့်ဆိုင်ရာဓေဒများဖြစ်တဲ့ ရိုဂ်ဝေဒနှင့် ဇာတရေယ ဗြာဟ္မဏတွေ, ဗျာကရဏ်း (သဒ္ဒါကျမ်း), နိရုတ္တ (အနက်နည်းကျမ်း) တွေနှင့် ကဗျာအချို့ကို ဖတ်ရှု သင်ယူခဲ့တယ်။

ဆရာကြီးဟာ ငါ့အပေါ်မှာ အချစ်တိုးတုန်းပဲ ရှိသေးတယ်။ ဆရာကြီးရဲ့သမီး 'ဝိဇ္ဇာ'ဟာ ငါ့အောက် ၄ နှစ် ငယ်တယ်။ စာသင်တဲ့အခါမှာ သူ့ကို ငါက အကူအညီပေးတယ်။ ဆရာကြီးနှင့် ဆရာကတော်ရဲ့အမူအရာကိုမြင်ရတော့ ဝိဇ္ဇာဟာ ငါ့အပေါ် အတော်မြတ်နိုးတနာ ရှိတယ်။ ငါ့ကို 'အစ်ကိုသုပဏ္ဏ'လို့ ခေါ်တယ်။ ငါဟာ ဆရာကြီးမိသားစုရဲ့ ဆိုးတဲ့အချက်ကို တစ်ခုမျှ ရှာမတွေ့ဘူး။ ဆရာကတော်က ငါ့အပေါ်မှာ အမိလိုပဲ ချစ်တယ်။

ဒီလိုနေတဲ့ အတောအတွင်း စာသင်ဖက်တစ်ယောက် ငါ့ကို 'တိုက်ကြက်'ဆိုတဲ့အသုံးနှင့် ရန်စတယ်။ ပြီးတော့ ရန်စစရာအကြောင်းလည်း ရှိတာ မဟုတ်ဘူး။ ဒီရက်အတောအတွင်း အဖက်ဖက်က သိပ်သိပ်သည်းသည်း နေခဲ့တယ်။ စာရေး စာဖတ်လုပ်တဲ့နေရာမှာ ဉာဏ်ထက်လို့ ငါနှင့် စာသင်ဖက်များက မနာလိုကြတဲ့ အကြောင်းအပြင် အခြားအကြောင်း ဘာမျှမရှိဘူး။ စိတ်မထွက်လို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ငါ တဖြည်းဖြည်း ကိုယ့်ကိုယ်ကို အကျင့်လုပ်ပြီး ချုပ်တည်းလာခဲ့တယ်။

ငါ့အဘိုးဟာ အသက် ၇၀ ကျော်ပြီ။ သူတို့ဆီက အရပ်အမျိုးမျိုးအကြောင်း စစ်မက်ရေးရာ ကာလ ဖျက်အကြောင်းများကို ကြားခဲ့ရတယ်။ 'ဒီရွာမှာ သူအစ်ကိုများနှင့် သူသာ ပထမဆုံး ရောက်လာတယ်။' ဆိုတဲ့အကြောင်းတွေကိုလည်း ကြားရဖူးတယ်။

ငါဟာ 'တစ်နေ့တော့ အဘိုးဆီက ငါ့ဆွေမျိုးများနှင့် ပတ်သက်ပြီး အတိအကျအကြောင်းအရာတွေ သိရတော့မယ်။'လို့ ဆုံးဖြတ်ချက် ချလိုက်တယ်။

ရွာအရှေ့ဘက်မှာ ငါတို့ရဲ့ သရက်ဥယျာဉ်တစ်ခု ရှိတယ်။ သရက်သီးများ အတော်ပဲ သီးနေကြတယ်။ ဒါပေမယ့် မှည့်ဖို့တော့ အချိန် လိုပါသေးတယ်။ ဒါပေမယ့် အဲဒီအချိန်လောက်ကတည်းက 'သောနှာ' ဆိုတဲ့ ကျွန်မဟာ သရက်ဥယျာဉ်ထဲမှာ သရက်သီးစောင့်ဖို့ သူတဲကလေးကို ထိုးထားတယ်။

ငါ ကြားနေရတာကတော့ အဖို့း ရွာရောက်စကတည်းက ငွေပြား ၄၀ပေးပြီး တောင်ပိုင်းကုန်သည်တစ်ယောက်ဆီက ဝယ်ထားလိုက်သတဲ့။ အဲဒီအခါတုန်းက တောင်ပိုင်းက ကျွန်ယောကျ်ား, ကျွန်မိန်းမတွေကို ရောင်းဖို့ ကုန်သည်အမြောက်အမြား လာတတ်ကြသတဲ့။ အဲဒီတုန်းက 'သောနှာ'ဟာ အပျိုကလေး ဖြစ်ရမယ်။ အပျိုမဟုတ်ရင် ကျွန်မတစ်ယောက်ဟာ ဒီလောက် အဖိုးမတန်ဘူး။ သောနှာရဲ့ မည်းနေတဲ့အရေဟာ အခု တွန့်လိပ်ကုန်ပြီ။ မျက်နှာမှာလည်း အကြောင်းအကြောင်းတွေ ရှုပ်ယှက်ခတ် ဖြစ်နေပြီ။ ဒါပေမယ့် 'ငယ်ငယ်တုန်းကတော့ အချောအလှကလေး'လို့ ပြောကြတယ်။

သောနှာဟာ အဘိုးရဲ့အရေးပေးခြင်းကို အတော်ခံခဲ့ရတယ်။ အထူးအားဖြင့် သူတို့ ၂ ယောက် တည်းနေကြတုန်းက ဝိုင်ပြီး အရေးပေးခဲ့တယ်။ လူတွေက ရင်းနှီးတဲ့အဓိပ္ပာယ်ကို တစ်မျိုးတစ်မည်လည်း ကောက်ကြသေးတယ်။ ကျွန်းကျွန်းမာမာအရွယ်ကောင်းတုန်း မယားမရှိတဲ့ သူတစ်ယောက်အပေါ်မှာ ဒီလို သံသယဖြစ်ကြတာဟာလည်း သဘာဝပါပဲ။

ညနေချမ်းကျရင် အဘိုးဟာ သရက်ဥယျာဉ်ကို သွားလေ့ရှိတယ်။ တစ်နေ့တော့ ငါလည်း အဘိုးနှင့် အတူ ပါသွားတယ်။ အဘိုးဟာ သူ့ရဲ့ ဉာဏ်ထက်တဲ့မြေးကလေးကို အင်မတန် ချစ်တယ်။ စကားတပြော ပြောနှင့်သွားရင်း ငါက ပြောတယ်။

''အဘိုး။ ငါဟာ ငါ့အမျိုးအနွယ်အကြောင်းကို သင့်ဆီက သိချင်တယ်။ ဘာကြောင့် လူတွေဟာ ငါတို့ကို တကယ်ခြာဟ္မဏတွေလို့ မမှတ်ဘဲ 'တိုက်ကြက်'ဆိုတဲ့အခေါ်နှင့် လှောင် သရော်နေကြတာလဲ။ အဖိုကို ငါ အကြိမ်ကြိမ် မေးတယ်။ ဒါပေမယ့် အဖိုက ငါ့ကို မှန်မှန်မပြောချင်ဘူး။''

''ဒီအကြောင်းကို ဘာကြောင့်မေးနေရတာလဲ လူကလေး။''

''အရေးကြီးပါသော်ကော အဘိုး။ အကြောင်းမှန်ကို အတိအကျသိရရင် ငါ့အမျိုးအနွယ်အပေါ်မှာ စွပ်စွဲထားတဲ့ စွပ်စွဲချက်တွေကို ပြန်လှန်ချေပနိုင်မှာပေါ့။ ငါ အခု ခြာဟ္မဏတွေနှင့် ပတ်သက်တဲ့အကြောင်း အရာတွေကို အပြည့်အစုံ သင်ကြားလေ့လာပြီးပြီ။ ကိုယ်အမျိုးရဲ့ဂုဏ်သရေကို ဆယ်နိုင်အောင် ငါ့မှာ ပညာအင်အား ရှိပါတယ်အဘိုး။''

''ဒါကို ငါ ယုံကြည်ပါတယ်။ ဒါပေမယ့် လူကလေး- သနားစရာကောင်းတဲ့ သင့်အဖိကိုယ်တိုင်ကကို ငါတို့အမျိုးအကြောင်း မသိရှာဘူး။ ဒါကြောင့် 'မပြောချင်လို့ မပြောတာ'လို့ သူ့ကို မထင်လေနှင့်။

သူတို့လူမျိုးမှာ
တစ်ယောက်မှ ဘုရင် မဟုတ်ဘူး။
သူတို့အုပ်ချုပ်ရေးကို
'ဂဏာရဇ္ဇ ပြည်သူ့အုပ်ချုပ်ရေး'လို့ ခေါ်တယ်။
ပြည်သူ သို့မဟုတ် လွှတ်တော်က
အုပ်ချုပ်ရေးကို စီမံခန့်ခွဲတယ်။
ယောဓေယလူမျိုးများဟာ
အသက်ဦးဆံပိုင်တစ်ဦးတည်းက
အုပ်ချုပ်တဲ့ဘုရင်စနစ်ကို
အင်မတန် ရွံရှာကြတယ်။''

ကမ္ဘာပေါ်မှာ ငါတို့အမျိုးရဲ့ အခြေအနေနှင့်ပတ်သက်လို့ ခုအခါ နဂရလူမျိုးများနှင့် ငါတို့ရဲ့ဆက်ဆံမှုက ဆုံးဖြတ်နေတယ်။ ငါတို့ဟာ နဂရလူမျိုးများနှင့် ထိမ်းမြားလက်ထပ်နေကြတယ်။ အဝန္တနှင့် လာဋ္ဌ(ဂုဇ္ဇရာတ်) နယ်များမှာ နဂရလူမျိုး အမြောက်အမြား ရှိတယ်။ ဒါကြောင့် ငါတို့ဟာ သူတို့နှင့်မြို့ပြလည်းအတူ ပေါ်လည်းအတူ ဖြစ်နေရတယ်။ သင့်ရဲ့အဆက်အနွယ်ဟာ ယောဓေယလူမျိုးထက် နဂရလူမျိုးဘက် ပိုနီးတယ်။''

''ယောဓေယ'ဆိုတာ ဘာလဲ အဘိုး။''

''ငါတို့အမျိုးရဲ့ အမည်ပဲ လူကလေး။ 'ယောဓေယ'ကို အစွဲပြုပြီး လူတွေက ငါတို့ကို 'တိုက်ကြက်မျိုး'လို့ ခေါ်ကြတာ။''

''ယောဓေယလူမျိုးဟာ ခြာဟ္မဏလား အဘိုး။''

''ခြာဟ္မဏတွေထက် ပိုပြီးစင်ကြယ်တဲ့ အရိယလူမျိုးစစ်စစ်တွေပဲ။''

''ဒါဖြင့် ဘာကြောင့် ခြဟ္မဏ မဖြစ်တာလဲ။''

''ဒါကို 'ဖြစ်တယ်, မဖြစ်ဘူး'ဆိုတဲ့ စကားတစ်လုံးတည်း ဖြေမယ့်အစား ယောဓေယလူမျိုးအကြောင်းပြောပြတာက ပိုကောင်းမယ်။ ယောဓေယလူမျိုးတွေဟာ သတဒ္ဒု(ဆတလဂျ်)နှင့် ယမုန်နာမြစ်-၂ ခု အကြားမှာ ဟိမဝန္တာက သဲကန္တာရအထိ နေထိုင်ကြတဲ့ သခင်လူမျိုးတွေပဲ။ ယောဓေယလူမျိုးအားလုံးဟာ သခင်ချည်းပဲ။''

''ယောဓေယလူမျိုး အားလုံး။''

''ဟုတ်တယ်။ သူတို့လူမျိုးမှာ တစ်ယောက်မှ ဘုရင် မဟုတ်ဘူး။ သူတို့အုပ်ချုပ်ရေးကို 'ဂဏာရဇ္ဇ ပြည်သူ့အုပ်ချုပ်ရေး'လို့ ခေါ်တယ်။ ပြည်သူ သို့မဟုတ် လွှတ်တော်က အုပ်ချုပ်ရေးကို စီမံခန့်ခွဲတယ်။ ယောဓေယလူမျိုးများဟာ အသက်ဦးဆံပိုင်တစ်ဦးတည်းက အုပ်ချုပ်တဲ့ဘုရင်စနစ်ကို အင်မတန် ရွံရှာကြတယ်။''

''ဒီလိုအုပ်ချုပ်တာမျိုးကို ငါဖြင့် ကြားတောင်မကြားဖူးဘူး အဘိုး။''

''ဒါပေမယ့် အဘိုးပြောတဲ့အတိုင်းပဲ လူကလေး။''

''ငါ့ဆီမှာ ငါ့အဖဆီက ရထားတဲ့ ယောဓေယလူမျိုး ပြည်သူအစိုးရရဲ့ ဌေဒင်္ဂါး ၃ ပြား ရှိတယ်။ ငါတို့အရပ်က ပြေးလာကြတုန်းက ငါ့အဖဆီမှာပါလာတဲ့ ဌေဒင်္ဂါးတွေထဲက တချို့တစ်ဝက်ကျန်တဲ့ ဒင်္ဂါးတွေပဲ။''

''ဒီလိုဆိုရင် အဘိုးကတော့ ယောဓေယတွေရဲ့အရပ်မှာ မွေးတာ မဟုတ်လား။''

''ငါ့ရဲ့ အမိအဖများ အရပ်ကထွက်ပြေးလာကြတုန်းက ငါ့အသက် ၁၀ နှစ်သားပဲ ရှိသေးတယ်။ ငါ့မှာ အစ်ကို ၂ ယောက် ရှိသေးတယ်။ သူတို့ရဲ့အစဉ်အဆက်တွေကို ဒီအရပ်မှာ သင် မြင်မှာပေါ့။''

''ဘာကြောင့် အရပ်က ထွက်ပြေးကြရတာလဲ။''

''ရှေးအခါကစပြီး အဲဒီအရပ်ဟာ ယောဓေယလူမျိုးတွေရဲ့ ဇာတိအရပ်ပဲ။ မောရိယ, ယွန်း, သကလူမျိုး ဘုန်းတန်ခိုးအာဏာကြီးမားတဲ့ စကြဝတေးဘုရင်တွေဟာ ဘာရတနိုင်ငံမှာ ပေါက်ဖွားကြတယ်။ ဒါပေမယ့် အနည်းငယ် အခွန်အတုတ်ကောက်တာက လွဲလို့ ဘယ်ဘုရင်ကမှ ငါတို့ပြည်သူပြည်သားများကို မထိပါးခဲ့ကြဘူး။''

''ဒါပေမယ့် သူ့ကိုယ်သူ 'ဝိက္ကံမာဒိစ္စ' ဘွဲ့ကြီးတပ်ပြီး တစ်ခါတစ်ခါ ဥဒ္ဒေနီမှာ ရုံးလာလာစိုက်တဲ့ စန္ဒဂုတ္တရဲ့မင်းဆက်ထဲက ဘုရင်တစ်ပါး စကြဝတေးလုပ်ပြီးတော့ ယောဓေယလူမျိုးတွေကို မျိုးဖြုတ်ပစ်လိုက်တယ်။ ဂုတ္တမင်းဆက်ထဲကပေါ့။ ယောဓေယလူမျိုးများက အားကြီးတဲ့စကြဝတေးဘုရင်ကို အခွန်အတုတ်အနည်းအပါး ပေးဆက်ခဲ့ကြတယ်။ ဒါပေမယ့် ဂုတ္တဘုရင်က ကျေနပ်တော် မမူဘူး။ ဘုရင် ၈ 'သူတို့ငြင်းပြည်တစ်ခုလုံးမှာ အုပ်ချုပ်တဲ့အတိုင်း ယောဓေယတွေနေရာမှာလည်း ဥပရိက(ဘုရင်ခံ), ကုမာရာမစ္စ (မင်းကြီး)တွေထားပြီး အုပ်ချုပ်ရမယ်။' လို့ အမိန့်တော်မှတ်လိုက်တယ်။

''ငါတို့ ပြည်သူ့အုပ်ချုပ်ရေး ခေါင်းဆောင်များက 'ယောဓေယလူမျိုးများဟာ ကမ္ဘာတည်ဦးကတည်းက ပြည်သူ့အုပ်ချုပ်ရေးကလွဲရင် ဘယ်အုပ်ချုပ်ရေးကိုမှ နားမလည်တဲ့အကြောင်း။' အကြိမ်ကြိမ် နားဝင်အောင် ပြောကြပါသေးတယ်။ ဒါပေမယ့် မင်းမာန်ယစ်နေတဲ့ အဲဒီဘုရင်ဟာ ယောဓေယတွေရဲ့အကြောင်းပြချက်ကို ဘယ်မှာ လက်ခံမှာလဲ။ နောက်ဆုံး ယောဓေယတွေက သူတို့ကိုးကွယ်တဲ့ ပြည်သူ့နတ်မဂဏဒေဝီရှေ့မှာ ကျမ်းကျိန်ပြီး ဓားလွယ်များကို ဝင့်ကြတော့တာပဲ။ ယောဓေယတွေဟာ ဂုတ္တစစ်သားတွေကို အကြိမ်ကြိမ် တွန်းလှန်တိုက်ခိုက်ကြတယ်။ တကယ်လို့သာ ဂုတ္တစစ်သားက ၄ ဆ- ၅ ဆလောက်သာ ဆိုရင် သူတို့တစ်တွေ့ ယောဓေယကို ကြံ့ကြံ့ခံနိုင်ကြမှာ မဟုတ်ဘူး။ ဒါပေမယ့် လောဟိစ္စ (ဗြဟ္မပုတ္တ) မြစ်က ရာဇပုတ္တန သဲကန္တာရအထိ ဖြန့်ထားတဲ့ ဂုတ္တနိုင်ငံတော်ကြီးရဲ့ စစ်သားတွေအားလုံးနှင့် ရင်ဆိုင်ရတော့ ယောဓေယတွေဟာ ဘယ်မှာ ခံနိုင်တော့မှာလဲ။ ယောဓေယတွေဟာ နိုင်လျက်နှင့် ရှုံးရှုံးသွားတာပဲ။ လူအသေအကျေဟာ ဒီလောက်ပဲ များတယ်။ ဂုတ္တတွေဟာ ငါတို့မြို့တွေ, ရွာတွေအားလုံးကို ဖျက်ဆီးပြီးတော့၊ ယောကျ်ား, မိန်းမ အားလုံးကို ကြောက်စရာကောင်းလောက်အောင် ချေမှုန်းသတ်ဖြတ်ပစ်ကြတယ်။

''ငါတို့လူမျိုးတွေဟာ အနှစ် ၃၀ တိုင်အောင် တိုက်လက်စ မလျော့သေးဘူး။ ယောဓေယတွေဟာ အခွန်အတုတ်ပိုပေးဖို့ ဝန်မလေးပါဘူး။ ဒါပေမယ့် သူတို့နယ်ပယ်မှာရှိနေတဲ့ ပြည်သူ့အုပ်ချုပ်ရေးစနစ် အပျက်အစီးမခံနိုင်ကြလို့ပဲ တိုက်နေတာ။''

''အဲဒီ 'ပြည်သူ့အုပ်ချုပ်ရေးစနစ်'ဆိုတာ ဘယ်လိုလဲ အဘိုး။''

''ပြည်သူ့အုပ်ချုပ်ရေးမှာ ယောဓေယလူမျိုးတိုင်း ခေါင်းမော့သွားကြတယ်။ ဘယ်သူ့ရှေ့မှာမှ ညှိုးငယ်တဲ့အမူအရာကို ပြဖို့ နားမလည်ကြဘူး။ 'စစ်'ဆိုတာ သူတို့အတွက် ကစားတာတစ်ခုပဲ။ ဒါကြောင့် သူတို့အမျိုးအနွယ်ဟာ 'ယောဓေယ (စစ်သမား)'ဆိုတဲ့အမည်ကို ရတယ်။''

''ဒီလိုဆိုရင် ငါတို့လို တခြားယောဓေယလူမျိုးတွေလည်း ရှိဦးမှာပေါ့ အဘိုး။''

''ရှိမှာပေါ့လူကလေး။ ဒါပေမယ့် ယောဓေယတွေဟာ သစ်ရွက်ခြောက်တွေ လေထဲလွင့်သလို လွင့်ကုန်ကြပြီ။''

''ငါတို့လိုပဲ နဂရလူမျိုး အဆက်အနွယ်တစ်ခုခုထဲ ရောသွေး ပြီး သူတို့အကြောင်းသူတို့ မေ့ပစ်လိုက်ကြပြီလား။ ငါတို့ ကိုယ့်ကိုယ်ကို ဘာကြောင့် 'ဗြာဟ္မဏ'အမည် ခံနေကြသလဲ အဘိုး။''

''ဒီဇာတ်လမ်းကလည်း အရှည်ကြီးပဲ လူကလေး။''

''ရှေးတုန်းက နေရာတိုင်းမှာ 'ဘုရင်'ရယ်လို့ မရှိဘူး။ ပြည်သူပြည်သားများရဲ့အုပ်ချုပ်ရေးသာ ရှိခဲ့တယ်။ အဲဒီတုန်းက 'ဗြာဟ္မဏ', 'ခတ္တိယ'ရယ်လို့ အထူးမရှိသေးဘူး။''

''အားလုံး တစ်မျိုးတည်းပေါ့ အဘိုး။''

''ဟုတ်တယ်။ လူတွေဟာ ရွှတ်ဖတ်ပူဇော်မှုပြုဖို့ လိုအပ်လာတဲ့အခါ တချို့က ရွှတ်ဖတ်ပူဇော်မှုပြုကြတယ်။ ဓားလွယ်ဆွဲကိုင်ဖို့ လိုတဲ့အခါ တချို့က ဓားလွယ်ကို ဆွဲကိုင်ကြတယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ ဝိဿာမိတ္တ, ဝသိဋ္ဌတို့ ရောက်လာပြီး 'အမျိုး'တွေ စပြီး ခွဲခြမ်းတော့တာပဲ။''

''ဒါကြောင့်ကိုး။ ဖခင်တစ်ဦးတည်းမှာ သား ၂ယောက်ရှိရင် တစ်ယောက်က 'ရန္တိဒေဒ'လို ခတ္တိယဖြစ်ပြီး၊ တစ်ယောက်က 'ဂေါရိဝိတိ'လို ဗြာဟ္မဏရသေ့ ဖြစ်လာခဲ့တာပဲ။''

''ဒီလိုပဲ စာထဲမှာပါသလား လူကလေး။''

''ဟုတ်တယ်အဘိုး။ ဝေဒနှင့် ဣတိဟာသ (စဉ်လာသမိုင်း)တွေမှာ ဒီအတိုင်းပဲ တွေ့ရတယ်။ သင်္ကိတိရသေ့မှာ သား ၂ ယောက် ရှိခဲ့တယ်။ ဒါတင် မကသေးဘူး။ တခြား ဆန်းဆန်းကြယ်ကြယ် အကြောင်းတွေလည်း ရှေးဟောင်းကျမ်းတွေမှာ အများကြီး တွေ့ရသေးတယ်။ အဲဒီအကြောင်းတွေကို ခုကာလ လူတွေက ယုံကြမှာမဟုတ်ဘူး။ ဓမ္မဝတီ (ကျမ္မလ်) မြစ်ကမ်းက ဒသပုရ်မြို့ကို မြင်ဖူးတယ် မဟုတ်လား အဘိုး။''

''မြင်ဖူးတာပေါ့ လူကလေး။ အကြိမ်ကြိမ် အဝန္တိနယ်ထဲမှာပဲ မြင်ဖူးတယ်။ ငါဟာ ထိမ်းမြားလက်ထပ်ပွဲတက်ဖို့ အဲဒီအရပ်ကို အကြိမ်ကြိမ်ရောက်ဖူးတယ်။ အဲဒီအရပ်မှာ နဂရလူမျိုးအိမ်ထောင်တွေ အများကြီးရှိတယ်။ သူတို့အထဲမှာ အရောင်းအဝယ် အကြီးအကျယ်လုပ်ကြတဲ့ ကုန်သည်ကြီးတွေလည်း အများအပြားပဲ ရှိတယ်။''

''ရန္တိဒေဝဘုရင်ရဲ့နေပြည်တော်က အဲဒီ ဒသပုရ်ပဲ။ 'ဓမ္မဝတီ'ဆိုတဲ့အမည်ကို ဘာကြောင့်ရသလဲ။ အဲဒါက ပိုပြီး အံ့အားသင့်စရာအကြောင်းပဲ။''

''ဘယ်လိုလဲ လူကလေး။''

''ဗြာဟ္မဏ သံကတိရဲ့သားပဲ။ ဒါပေမယ့် ခတ္တိယလူမျိုးဘုရင်အဖြစ် ခံယူလိုက်တဲ့ ရန္တိဒေဝဟာ သူ့ရဲ့ဇနည်ဝတ်ကျေပွန်မှုအတွက် အင်မတန်ကျော်စောထင်ရှားတယ်။ အဲဒီဘုရင်ဟာ သစ္စယုဂ် အမှန်ခေတ်က ဘုရင်မင်းမြတ် ၁၆ ပါးမှာ ၁ ပါး အပါအဝင် ဖြစ်တယ်။ ရန္တိဒေဝဘုရင်ရဲ့ စားတော်ဆောင် မှာ နေ့တိုင်း နွားအကောင် ၂၀၀၀ သတ်တယ်။ အဲဒီနွားတွေရဲ့ သားရေအစိုတွေကို စားဖိုဆောင်မှာ ထားတယ်။ အဲဒီ သားရေအစိုတွေက တစ်စက်တစ်စက်ကျတဲ့ အရေတွေကဘဲ မြစ်ကြီးတစ်ခု ဖြစ်လာသတဲ့။ အဲဒီလို သားရေက ထွက်ကျစီးဆင်းလာခဲ့တဲ့အတွက်ကြောင့် 'ဓမ္မဝတီ'လို့ အမည်တွင်သတဲ့။

''ရှေးကျမ်းဟောင်းတွေမှာ ဒီအတိုင်းရေးတာ အမှန်ပဲလား လူကလေး။''

''ဟုတ်တယ်။ မဟာဘာရတမှာ အတိအလင်းရေးထားတယ်။''

''မဟာဘာရတမှာ, ပဋ္ဌမဝေဒမှာ လား။ နွားသားစားတဲ့အကြောင်း။''

''ရန္တိဒေဝဘုရင်ရဲ့ နန်းတော်မှာ ဧည့်သည်တွေစားဖို့အတွက် နွားသားချက်တဲ့ စားဖိုသည် ၂၀၀၀ ရှိတယ် အဘိုး။ ဒီလောက် များနေတာတောင် ဗြာဟ္မဏဧည့်သည်တွေ ဘယ်လောက် တိုးလာသလဲဆိုရင်

အသားမလောက်လို့ 'သားပြုတ်ရည် များများသောက်ဖို့' စားဖိုသည်တွေက တောင်းပန်ယူရသည်အထိ ဖြစ်ခဲ့ တယ်။''

''ဗြာဟ္မဏတွေ နွားသားစားကြတယ်။ ဘယ်လိုပြောတာလဲ လူကလေး။''

''''ပဌမ ဝေဒ'ခေါ်တဲ့ မဟာဘာရတဟာ မဟုတ်တာပြောနိုင်သလား အဘိုး။''

''ကမ္ဘာကြီးဟာ ဒီလောက်ပဲ ပြောင်းပြီပြောင်းပြန် ဖြစ်သွားသလား။''

''ပြောင်းပြီပြောင်းပြန်ဖြစ်တယ် အဘိုး။ ဒါနှင့်တောင် သူတို့ကိုယ်ကို သူတို့ 'တကယ့်ဗြာဟ္မဏ ကြီးတွေ' အခေါ်ခံကြတဲ့ လူဇီးကွက်တွေက လူတွေအားလုံးမျက်စိထဲ သဲပက်ချင်ကြသေးတယ်။ ငါတို့ရဲ့ လူကြီးသူမ ယောဓေယလူမျိုးတွေဟာ ဗြာဟ္မဏတွေရဲ့ ကောက်ကျစ်စဉ်းလဲမှုတွေမပြန့်ပွားခင်က ရှိခဲ့တဲ့ ဓလေ့ထုံးစံတွေ, ဘာသာရေးကျင့်ဝတ်တွေကို လိုက်နာခဲ့တာ ဖြစ်ရမယ်လို့ ငါ ယုံကြည်တယ်။''

''ဟုတ်တယ်။ ယောဓေယတွေဟာ 'ပုဏ္ဏားတွေကို သူတို့ထက် သာတယ်။'လို့ ဘယ်တော့မှ အမှတ်အသား မထားကြဘူး။''

''အဘိုး။ အဘိုး ဒီအရပ်ကိုရောက်လာတော့ ကိုယ့်သားတွေ,တူတွေကို မာလာဗနယ်သား ပုဏ္ဏား တွေနှင့် အိမ်ထောင်မချဘဲ နာဂရလူမျိုးတွေနှင့်သာ ဘာကြောင့် အိမ်ထောင်ချတာလဲ။''

''အကြောင်း ၂ ခု ရှိတယ်။ အကြောင်းတစ်ခုကတော့ ဒီပုဏ္ဏားတွေဟာ တို့လူမျိုးတွေအပေါ်မှာ သံသယရှိကြတယ်။ ဒါပေမယ့် ဒါကတော့ အကြောင်းမဟုတ်ပါဘူး။ ငါတို့အလိုရှိရင် ပုဏ္ဏားသမီးတွေနှင့် လက်ထပ်ထိမ်းမြားရတဲ့ အကြောင်းကတော့ နဂရအမျိုးသမီးတွေဟာ အရောင်အသွေး ဖြူစင်သန့်ရှင်းကြတယ်။ ပြီးတော့ ငါတို့ကို ပုဏ္ဏားတွေက အမှတ်အသားမပြုကြပေမယ့် သူတို့ကိုယ်ကို သူတို့ 'ပုဏ္ဏား'လို့ အမှတ်အသားပြုကြတယ်။''

''နဂရလူမျိုး ဆိုတာ ဘယ်သူတွေလဲ အဘိုး။''

''ဗြာဟ္မဏ ဆိုရုံနှင့် မယုံကြသေးဘူး။ သူတို့က 'ဘယ်အရပ်က ဗြာဟ္မဏလဲ။ ဘာလူမျိုးလဲ။' လို့ မေးတတ်ကြတယ်။ ငါတို့နှင့် ဆက်ဆံနေကြတဲ့သူတွေဟာ မြို့များမှာ နေထိုင်ကြတယ်။ ဒါကြောင့် သူတို့ကို 'နာဂရ-နဂရလူမျိုး'လို့ ခေါ်ကြတယ်။ ဒါကြောင့် သူတို့က သူတို့ကိုယ်သူတို့ 'နာဂရဗြာဟ္မဏ' လို့ ခေါ်ကြတယ်။ ငါတို့ဟာ ငါတို့ကိုယ် ငါတို့ 'ယောဓေယဗြာဟ္မဏ' ခေါ်သလိုပေါ့။''

''အန္တိ- စင်စစ်တော့ သူတို့က ဘာတွေလဲ အဖိုး''

''သမုဒ္ဒရာကမ်းပါးက ယွန်းဂရိက်လူမျိုးတွေပဲ လူကလေး။ အဲဒီလူမျိုးတွေထဲက ဗြာဟ္မဏ အများစုဟာ ဗုဒ္ဓဘာသာကို မယုံကြည်ကြဘူး။ ဥဒ္ဓေနီကိုရောက်သွားရင် သိမှာပေါ့။ ခုခေတ်မှာကိုပဲ ကိုယ့်ကိုယ်ကို 'ယွန်းစစ်စစ်'လို့ အမည်ခံနေတဲ့သူတွေ အမြောက်အမြားရှိတယ်။ ဗြာဟ္မဏတွေက သူတို့ကို 'ခတ္တိယ အမည်ခံပါ။'လို့ အကြိမ်ကြိမ် တိုက်တွန်းနေကြတယ်။''

''ဒီလိုဆိုရင် အမျိုးတို့, ဇာတ်တို့ဟာ လက်ခံမှု, တိုက်တွန်းမှုအရ ဖြစ်နေတာပေါ့ အဘိုး။''

''မြင်နေရတာတော့ ဒီအတိုင်းပဲလူကလေး။''

၃

ငါဟာ အသက် ၂၀ အရွယ်ရှိ တောင့်တင်းသန်မာတဲ့ လုလင်ပျိုအချောအလှတစ်ယောက် ဖြစ်ခဲ့ တယ်။ ငါ့ရွာမှာ စာသင်ကိစ္စ ပြီးဆုံးလို့ ဥဒ္ဓေနီပညာရှိများဆီမှာ စာသင်သားတစ်ယောက် ဖြစ်ခဲ့တယ်။ ငါ့အမိဘက်က အဖွားတို့မိသားစုဟာ ဥဒ္ဓေနီမှာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့ နဂရလူမျိုးများ ဖြစ်ကြတယ်။ သူတို့က အတင်းအကြပ် သူတို့ဆီမှာ ငါ့ကို ထားတယ်။ ငါ့လို တောရွာက စာသင်သားတွေအတွက်

ဥဇ္ဇေနီဟာ ကျယ်ပြန့်တဲ့လောကကြီးကို ကြည့်ဖို့ ပြူတင်းပေါက် တစ်ခုလိုပါပဲ။ ကာလိဒါသရဲ့ အမည်ကို ကြားဖူးတယ်။ သူရဲ့ ကဗျာလင်္ကာအချို့ကိုလည်း ဖတ်ဖူးတယ်။ အခုတော့ အဲဒီအရပ်မှာ ရက်ပေါင်းအတော်ကြာ ကာလိဒါသဆရာကြီးဆီ ပညာဆည်းပူးခွင့် ရခဲ့တယ်။ စာဆိုတော်ကြီးကာလိ ဒါသဟာ စန္ဒဂုတ္တ ဝိက္ကမာဒိစ္စမင်းရဲ့ မင်းပွဲသဘင်မှာ အင်မတန်အရေးပါတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်တယ်။ ဒါကြောင့် စာဆိုတော်ကြီးဟာ ဥဇ္ဇေနီပြည်ကမခွာဘဲ ကာလတောင်တာ အတော်ကြာ နေထိုင်ခဲ့တယ်။ ငါဟာ စာဆိုတော်ဆရာကြီးကို အင်မတန် ရိုသေလေးစားပါတယ်။

ဒါပေမယ့် ဘုရင့်ဆီမှာ ကျေးတော်မျိုးကျွန်တော်မျိုးခံချင်တဲ့ ကာလိဒါသရဲ့စိတ်ထားကို အားကြီး စက်ဆုပ်မိတယ်။ အဲဒီစဉ်အခါတုန်းက စာဆိုတော်ကြီးဟာ 'ကုမာရသမ္ဘဝ' ကို ရေးနေတယ်။ အရေးပါတဲ့ စာဆိုတော်ကြီးက ငါ့ကို ပြောဖူးတယ်။ အဲဒီကျမ်းမှာ ဝိက္ကမာဒိစ္စရဲ့သား ကုမာရဂုတ္တကကိုပဲ သင်္ကီရရဲ့သား 'ကုမာရကတ္တိကေယ'အမည်နှင့် ဥဒါန်းမော်ကွန်းတင်ဖို့ ဆန္ဒရှိတယ်။-တဲ့။ ငါက အားမနာဘဲ ရှုတ်ချပြောဆိုတဲ့အတွက် အခံတော့ ခက်မှာပဲ။ ဒါပေမယ့် စာဆိုတော်ဟာ စိတ်တော့ မဆိုးဘူး။ တစ်နေ့ ကျတော့ ငါက ပြောတယ်။

''ဆရာကြီး။ ဆရာကြီးရဲ့ ကဗျာအလင်းရောင်နိုင်ငံတော်ဟာ အဆုံးအဝိုင်းခြားမရှိ ချဲ့ဖြန့်သွားနိုင်တယ်။ ဒါပေမယ့် စန္ဒဂုတ္တ, ကုမာရဂုတ္တတို့ရဲ့ နိုင်ငံတော်ကတော့ သူတို့ အသက်ထင်ရှား ရှိတုန်းလောက်ပဲ။ ဒါနှင့်များတောင် ဘာကြောင့် ဘုရင်တွေရှေ့မှာ ဒီလောက် အောက်ကျနောက်ကျလူတစ်ယောက် လုပ်နေရတာလဲ။''

''ဝိက္ကမာဒိစ္စဘုရင်ဟာ တကယ်တမ်း ငါတို့ဘာသာတရားကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ကြီးပဲ။ သုပဏ္ဏ ကြည့်ပါလား။ ဘုရင်ကြီးဟာ ဟူဏ်လူမျိုးတွေလက်ထဲက ဘာရတနိုင်ငံတော်ကို လွတ်မြောက် အောင် လုပ်ခဲ့တယ်။''

''ဒါပေမယ့် ဥတ္တရာပတ (ပဲဂျပ်)နှင့် ကသ္မီရမှာ ခုအထိ 'ဟူဏ်' လူမျိုးတွေ ရှိသေးတယ်။''

''နေရာအတော်များများတော့ ဟူဏ်တွေကို မောင်းထုတ်လိုက်ပါပြီ။''

''ဒီအတိုင်းပါပဲ။ ဘုရင်တွေဟာ တစ်ယောက်ကိုတစ်ယောက် မောင်းထုတ်နေကြတာပဲ။ တခြား ဘုရင်တစ်ဦးရဲ့နေရာမှာ ကိုယ့်တိုင်းပြည် တည်ထောင်ကြတာပဲ။''

''ဒါပေမယ့် ဂုပ္တဘုရင်တွေက နွားနှင့် ပုဏ္ဏားတွေကို စောင့်ရှောက်ကြတယ်။''

''ဆရာကြီး။ လူညံ့တွေကို မျက်စိလည်သွားစေနိုင်တဲ့ ဒီလိုစကားမျိုးကို ဆရာကြီးဆီက ကြားရ လိမ့်မယ်လို့ ငါ မမျှော်လင့်ခဲ့မိဘူး။ ငါတို့ ရှေးဟောင်းရသေ့ကြီးတွေဟာ နွားကို စောင့်ရှောက်ကြတယ်။ ဒါပေမယ့် စားဖို့ စောင့်ရှောက်ကြတယ်ဆိုတာ ဆရာကြီး အသိသားမဟုတ်လား။ 'မေဃဒူတ' ရန္တိဒေဝ ဘုရင်ချီးကျူးခန်းမှာ 'နွားတွေကိုသတ်လို့ ဓမ္မဝတီမြစ် ပေါ်လာတဲ့အကြောင်း။' ဆရာကြီးကိုယ်တိုင် ရေး ခဲ့တယ် မဟုတ်လား။''

''ငါ့တပည့်ချစ် သုပဏ္ဏ။ သင်က တယ် စိတ်ကြီးဝင်တာကိုး။''

''ဒီစကားမျိုး နားထောင်ဖို့ အသင့်ပါပဲ။ ဒါပေမယ့် ကမ္ဘာစဉ်ရှည် ဥဒါန်းတည်မယ့် ငါ့ဆရာ စကြဝဠာတစ်ယောက်က ဘာသာကိုဖျက်နေတဲ့ ဒီဂုတ္တဘုရင်တွေ ရှေ့မှောက်မှာ ဒူးထောက်နေတာကိုတော့ သည်းခံမှာ မဟုတ်ဘူး။''

''ဒီဘုရင်တွေကို 'ဘာသာဖျက်တွေ'လို့ သင် ဆိုသလား။ သုပဏ္ဏ။''

''ဆိုတယ်။ တကယ်ကို ဆိုတယ်။ နန္ဒ, မောရိယ, ယဝန, သကနှင့် ဟူဏ် မင်းဆက်များတောင် မလုပ်တဲ့ ယုတ်မာမှုများကို ဂုတ္တဘုရင်တွေက လုပ်ခဲ့ကြတယ်။ ဒီဘုရင်တွေဟာ ဘာရတမြေပေါ်က ပြည်သူအုပ်ချုပ်ရေးစနစ်ကို ချေဖျောက်ပစ်ကြတယ်။''

ငါဟာ ရဃုဝံသရေးဖို့ ရမယ်ရှာပြီး၊
ဂုတ္တဘုရင်တွေကို 'ရဃုအဆက်အနွယ်' လုပ်ပြီး
ချီးကျူးထောမနာ ပြုခဲ့တယ်။
ဒီလို ထောမနာပြုတဲ့အတွက်
ကျေနပ်တော်မူလို့ ဝိက္ကမာဒိစ္စဘုရင်က
ဒီပြာသာဒ်ကို ပေးသနားတော်မူတယ်။
'ကဠနမာလာ' လို ယွန်းသူမ
အချောအလှကလေးကိုပဲ ပေးသနားတော်မူတယ်။
သူကလေးဟာ ၁၅ နှစ်အရွယ်က
ငါ့လက်ထဲ ရောက်ခဲ့တာတောင်

''ဒီခေတ်နှင့် ပြည်သူ့အုပ်ချုပ်ရေးနှင့် မတော်တော့ဘူး သုပဏ္ဏ။ တကယ်လို့ သမုဒ္ဒဂုတ္တမင်းဟာ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ထိန်းသိမ်းထားခဲ့ရင် အဲဒီဘုရင်ဟာ 'ဟူဏ်'တွေနှင့် အခြား အင်အားကောင်းတဲ့ရန်သူတွေကို ချေမှုန်းတိုက်ခိုက်ရာမှာ အောင်မြင်မှုရနိုင်မှာ မဟုတ်ဘူး။''

''အောင်မြင်မှု။ ကိုယ့်တိုင်းပြည် တည်ထောင်ဖို့အတွက် အောင်မြင်မှုပေါ့။ တခြား မောရိယမင်းဆက် စန္ဒဂုတ်တစ်ယောက် ဖြစ်လာဖို့ အောင်မြင်မှုပေါ့။ ဒါပေမယ့် စာဏက္ကရဲ့ ထူးခြားတဲ့ ဉာဏ်ရည်ဉာဏ်သွေး အကူအညီနှင့် တည်ထောင်အုပ်ချုပ်ထားတဲ့ နိုင်ငံတော်ဟာလည်း ကြာကြာမခံပါဘူး။ ဝိက္ကမာဒိစ္စနှင့် ကုမာရဂုတ္တတို့ရဲ့ မင်းစဉ်မင်းဆက်များဟာလည်း ကမ္ဘာချင်းအောင် မအုပ်စိုးနိုင်ပါဘူး။ ပြီးတော့ အဲဒီ ဘုရင်တွေဟာ ပြည်သူ့အုပ်ချုပ်ရေးကို အစတုံးအောင် လုပ်ပစ်လိုက်ကြတာဟာ ဘာသာရေးလုပ်ငန်းတစ်ခု အတွက်ပဲ။ ကမ္ဘာဦးက စလာတဲ့ ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ဖျက်ဆီးပစ်တဲ့အလုပ်ဟာ ကြီးကျယ်တဲ့ အဓမ္မမှုကြီး မဟုတ်လား။''

''ဒါပေမယ့် ဘုရင်ဟာ ဗိသျဏုရဲ့အစိတ်အပိုင်း ဖြစ်တယ်။''

''ကုမာရဂုတ္တကလည်း သူ့ပုံနှင့် ဒေါင်းရုပ် တွဲပြီး တံဆိပ်ခပ်ဦးမှာပဲ။ မနက်ဖြန်ခါကျတော့ စာဆိုတော်တစ်ဦးက အဲဒီဘုရင်ကို ကုမာရ (စစ်နတ်)ဝင်စားတာလို့ ချီးကျူးဦးမှာပဲ။ ဒီလိမ်တာညာတာတွေဟာ ဘာအတွက်လဲ။ ဆန်မွှေးထမင်းနှင့် သားပြုတ်ရေချိုချိုကလေးအတွက်၊ နိုင်ငံမှာရှိတဲ့ အချောအလှ မကလေးအားလုံး မိဖုရားဆောင်ထဲ သွင်းဖို့အတွက်၊ လယ်သမားနှင့် အလုပ်သမားတွေ သက်စွန့်ကြိုးကမ်း လုပ်ထားတဲ့ လုပ်စာတွေကို ရေလိုသုံးဖို့ အတွက်ပဲ။ ဒီအတွက်ပဲ ဆရာကြီးက ဂုတ္တဘုရင်တွေကို 'ဘာသာသာသနာပြုမင်းတွေ'လို့ အမည်တပ်ပေးတာ။ ဗိသျဏု။ ဟုတ်တယ်။ 'ဗိသျဏုဝင်စားတဲ့ ဂုတ္တတွေ'လို့ အမည်ရအောင် အကြီးအကျယ် လိမ်ညာနေကြတယ်။ ပုဏ္ဏားတွေက ဘုရင်တွေကို ဒဂံါးတွေမှာ လက်ရှိမိနတ်သမီးအရုပ် ခပ်နိုပ်ထားကြတယ်။ ဗိသျဏုအရုပ်တွေနှင့် သူနတ်ကွန်းပေါ်ကနေပြီး ပြည်သူပြည်သားတွေကို အငတ်ထား၊ လုယက်တိုက်ခိုက်ပြီး ငွေတွေ ဖြုန်းပစ်နေကြတယ်။ သူတို့ရည်ရွယ်ချက်က ဂုတ္တမင်းဆက်တွေရဲ့နိုင်ငံတော်ကြီး ကမ္ဘာပျက်အောင် တည်မြဲဖို့ပဲ။''

''သင် ဘာတွေပြောနေတယ်ဆိုတာ သိရဲ့လား သုပဏ္ဏ။ ဒီစကားတွေဟာ ဘုရင်ကိုဆန့်ကျင်တဲ့ စကားတွေပဲ။''

''ဆရာကြီး။ အခုပြောတာက ဆရာကြီးရှေ့တင် ရှိသေးတယ်။ နောက်တစ်ချိန်ကျရင် ဘုန်းတော်အလွန်တရာကြီးမြတ်တဲ့ မဟာရာဇာဓိရာဇာ ကုမာရဂုတ္တရှေ့မှာကို ပြောရဦးမှာပဲ။ ငါ အသက်ရှင်နေတုန်းတော့ ဒီကောက်ကျစ်စဉ်းလဲမှုတွေကို အပြုတ်ဖြုတ်ဖို့ ခဲယဉ်းမှာပဲ။''

''ဒီကိစ္စဟာ အနာဂတ်အရေးအရာပဲ။ ပိုပြီးဝေးတဲ့ အနာဂတ်နှင့်ဆိုင်တဲ့ အရေးအရာလည်း ဖြစ်ကောင်းဖြစ်မယ်။ ငါ့ဆန္ဒကတော့ ဆရာကြီးလည်း အဿယောသရဲ့ခြေရာကို နင်းစေချင်တယ်။''

''နင်းစေချင်ပေမယ့် ငါက စာဆိုတော်သက်သက်ပဲ တပည့်ချစ်။ အဿယောသကတော့ ယောကျ်ားထူး ယောကျ်ားမြတ်, စာဆိုတော်။ ၂ မျိုး ၂ စား ဖြစ်တယ်။ သူ့အတွက်က လောကစည်းစိမ်တွေ ဟာဘာမှ တန်ဖိုးမရှိဘူး။ ငါ့အတွက်ကတော့ ဝိက္ကမာဒိစ္စဘုရင်ရဲ့ နန်းတွင်းသူတွေလို အချောအလှမကလေးတွေလည်း လိုအပ်နေတယ်။ သဖန်းသီးမှည့် (အနီ)ရောင်ထနေတဲ့ စပျစ်သီးအရက်လည်း လိုအပ်တယ်။ ပြာသာဒ်နှင့် အလုပ်အကျွေးလည်း လိုအပ်နေတယ်။ ငါဟာ ဘယ်နည်းနှင့် အဿယောသ ဖြစ်နိုင်ပါ့မလဲ။ ငါဟာ ရဃုဝံသရေးဖို့ ရမယ်ရှာပြီး၊ ဂုတ္တဘုရင်တွေကို 'ရဃုအဆက်အနွယ်'လုပ်ပြီး ချီးကျူးထောမနာပြုခဲ့တယ်။ ဒီလို ထောမနာပြုတဲ့အတွက် ကျေနပ်တော်မူလို့ ဝိက္ကမာဒိစ္စဘုရင်က ဒီပြာသာဒ်ကို ပေးသနားတော်မူတယ်။ 'ကဠုနမာလာ' လို ယွန်းသူမ အချောအလှကလေးကိုပဲ ပေးသနားတော်မူတယ်။ သူကလေးဟာ ၁၅ နှစ်အရွယ်က ငါ့လက်ထဲ ရောက်ခဲ့တာတောင် ခုအထိ သူ့ရွှေဝါရောင်ဆံပင်ကလေးတွေနှင့် ငါ့ကို တုပ်နှောင်ထားနိုင်တုန်း ရှိသေးတယ်။ အခု ငါ 'ကုမာရသမ္ဘဝ' ရေးဖို့ စီစဉ်နေတယ်။ အဲဒီကုမာရသမ္ဘဝက ငါ့ဆီကို ဆုတော်လာဘ်တော်တွေ ဘယ်လောက် ဆောင်ကြဉ်းလာဦးမယ်ဆိုတာ သင် မြင်ရမှာပေါ့။''

''ဆရာကြီး။ ဆရာကြီးဟာ တကယ်လို့ 'ဗုဒ္ဓစရိတ'နှင့် 'သုန္ဒရာနန္ဒ'လိုကဗျာမျိုးကို အဿယောသရေးသလို ရေးရင် ထမင်းငတ်သေမယ်။ ဒါမှမဟုတ် ပစ္စည်းအသုံးအဆောင်တွေအားလုံး လက်လွတ်မယ်လို့ ငါ မထင်မိဘူး။ ဒါပေမယ့် ဆရာကြီးက ရှင်ဘုရင်တွေကို မြှောက်မပေးရင် ဆရာကြီးတစ်သက်တာမှာ 'လုံးဝ ခြောက်ကပ်သွားတော့မယ်။'လို့ အထင်မှားနေတယ်။ ဆရာကြီးဟာ နောင်လာမယ့် စာဆိုတော်များအတွက် ဆိုးဝါးတဲ့ ဥဒါဟရဏ်ကြီးတစ်ခု ဖြစ်နေတော့တယ်။ အားလုံးစာဆိုတော်တွေက 'ကာလီဒါသနောက် လိုက်ရက်ပဲ။' ဆိုတဲ့အသံနှင့် သူတို့အပြစ်တွေကို ဖုံးအုပ်ကြတော့မှာပဲ။''

''ငါ တခြားကဗျာမျိုးတွေလည်း ရေးပါဦးမယ်။''

''ဒါပေမယ့် ဂုတ္တဘုရင်တွေရဲ့ အကုသိုလ်အိုးကြီးကို ထိခိုက်မယ့်ကဗျာမျိုးတော့ ရေးမှာ မဟုတ်ပါဘူး''

''ဒီအလုပ်မျိုးတော့ လုပ်လို့မဖြစ်ဘူး သုပဏ္ဏ။ ငါတို့က အင်မတန်ပျော့ပါတယ်။''

''ပြီးတော့ ဘုရင်တွေရဲ့ အပြစ်ရှိသမျှအတွက် 'ဘာသာရေးအကာအကွယ်တွေ' ပေးနေဦးမှာပေါ့။''

''ဘာသာရေးအကာအကွယ်ကတော့ ဇကန္ဓ ပေးရမှာပဲ။ ဘာသာရေးအကာအကွယ် မပါဘဲ ဘုရင့်အာဏာတော်သက်သက်နှင့်ချည်း အခိုင်အမာမဖြစ်နိုင်ဘူး။ ဝသိဋ္ဌနှင့် ဝိဿာမိတ္တတို့ကလည်း အဲဒီနည်းမျိုးသုံးဖို့ အရေးကြီးကြောင်း နားလည်ကြတယ်။''

''ဝသိဋ္ဌနှင့် ဝိဿာမိတ္တတို့လည်း စာဆိုတော်ကာလိဒါသလိုပဲ ပြာသာဒ်နှင့် အချောအလှမကလေးအတွက် ယုတ်မာမှုမှန်သမျှလုပ်ဖို့ စိတ်ပါကြတာပေါ့။''

''သုပဏ္ဏ။ သင်ဟာ စာပေအတတ်ပညာအပြင် စစ်အတတ်ကိုလည်း သင်နေတယ်လို့ ကြားပါလား။ သင် သဘောတူမယ်ဆိုရင် ဘုန်းတော်ကြီးဘုရားဆီမှာ ပြောပေးမယ်။ သင် ကုမရာမစ္စ(မင်းကြီး)ရာထူးဖြစ်ဖြစ်, သေနာနာယက (စစ်ဗိုလ်ချုပ်) ရာထူးဖြစ်ဖြစ် ရနေတာ မြင်ရရင် ငါ သိပ်ဝမ်းသာမှာပဲ။ ဘုရင်မင်းမြတ်ကလည်း ကျေနပ်တော်မူမှာပဲ။''

''ဆရာကြီး။ ငါဟာ ဘယ်သူ့ဆီမှာမှ ကိုယ့်ကိုယ်ကို ရောင်းမစားဘူး။''
''ကောင်းပြီ။ ဒါဖြင့် မင်း ပုရောဟိတ်ထဲက တစ်နေရာရာဆိုရင် ဘယ်နှယ်နေမလဲ။''
''ဗြာဟ္မဏတွေရဲ့ ကိုယ်ကျိုးရှာမှုကို ငါ အင်မတန်စက်ဆုပ်တယ်။''
''ဒါဖြင့် ဘာလုပ်မလဲ။''
''အခု သင်နေတဲ့ပညာကို ဆက်သင်မှာပေါ့။''

၄

ဥဇ္ဇေနီမှာနေရတာ ပညသင်ကြားရေးနှင့် ပတ်သက်ပြီး ငါ့ရဲ့ တောင့်တမွတ်သိပ်မှုကို တင်းတိမ်အောင် ဖြေဖျောက်ခွင့်ကို မရဘူး။ ဒါပေမယ့် ငါပြောခဲ့ဖူးတဲ့အတိုင်း ငါ့အဖို့ ကျယ်ပြန့်တဲ့ကမ္ဘာလောကကြီးကို သိခွင့်တော့ ရတယ်။ ဗြာဟ္မဏတွေဟာ သူတို့ကိုယ်သူတို့ ဘုရင့်လက်ထဲ 'ဘယ်ပုံ အပြီးအပိုင်ရောင်းလိုက်တယ်။' ဆိုတာ အဲဒီအရပ်မှာ နီးနီးကပ်ကပ်နေပြီး ငါ တွေ့ရတယ်။

တစ်ချို့နံတုန်းက တခြားသူတွေက ဝန်မခံပေမယ့် ကိုယ့်ဟာကိုယ် 'ဗြာဟ္မဏ' ဆိုပြီး တော်တော် စိတ်ကြီးဝင်ခဲ့မိသေးတယ်။ ဒီမာနကတော့ ရွာက မထွက်ခင်ကတည်းက ပျောက်လွင့်စ ပြုလာခဲ့တယ်။ ယုံကနေ မြို့ရောက်လာတော့ ယွန်းလူမျိုး အစစ်တွေကို တွေ့ရတယ်။ သူတို့တစ်တွေဟာ ဘရုကစ္ဆ(ဘရိုချ်)က ဥဇ္ဇေနီကို မပြတ်လာတတ်ကြတယ်။ ဥဇ္ဇေနီမှာ သူတို့ဆိုင်ကြီးတွေ အမြောက်အမြားရှိတယ်။ သပလူမျိုး, ဘာဘိရလူမျိုးမိသားစု တော်တော်များများနှင့် ဝင်ထွက်ဆုံဖူးတယ်။ သူတို့ရဲ့ ရှေးဟောင်းပုဂ္ဂိုလ်ကြီးတွေဟာ လွန်ခဲ့တဲ့ အနှစ် ၁၀၀ လောက်က ဥဇ္ဇေနီ, လာဋ်(ဂုဇ္ဇရာတ်)နှင့် သောရဋ္ဌ (ကာဋိယာဝါရ်)ကို အုပ်ချုပ်တဲ့ ဘုရင်ခံတွေ ဖြစ်ခဲ့တယ်။ 'ဟူဏ်' လူမျိုးတွေကိုလည်း ငါ မြင်ဖူးတယ်။ သူတို့ရဲ့ပါးများဟာ လိမ္မော်သီး မှည့်အရောင်နှင့် နင်းလားငါလား ပြိုင်နေကြတယ်။ မျက်နှာမှာ အမွေးအမှင် မရှိဘူး။ မျက်လုံးကတော့ ဝိုင်းစက်နေတာပဲ။ စစ်ဘက်မှာ 'ဟူဏ်'တွေဟာ ကျွမ်းကျင်နိုင်တယ်။ ဒါပေမယ့် အလားအလာရှိသလောက် အသိဉာဏ်ရှိတဲ့သူကို မတွေ့ရဘူး။

အဲဒီလို လူအမျိုးမျိုး လေ့လာကြည့်ရှုဖို့အတွက် အကောင်းဆုံးဌာနဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ ရဟန်းကျောင်းများ ဖြစ်တယ်။ ရဟန်းကျောင်းများကို ဥဇ္ဇေနီအပြင်ဘက်မှာ အမြောက်အမြားတွေ့ရတယ်။ ငါ့ဦးလေးဘက်က အမျိုးတွေဟာ ဗုဒ္ဓဘာသာဝင်တွေပဲ။ နဂရလူမျိုး ရဟန်းတော် အမြောက်အမြားလည်း အဲဒီကျောင်းတွေမှာ နေထိုင်ကြတယ်။ ဒါကြောင့် ငါ အဲဒီကျောင်းများကို မပြတ်လိုလို သွားလေ့ရှိတယ်။ တစ်ခါတုန်းက ဘရုကစ္ဆကိုလည်း ရောက်ဖူးတယ်။

စာသင်ကိစ္စပြီးတော့ အရပ်တကာလှည့်ပတ်ပြီး အသိဉာဏ်တိုးတက်အောင် သင်ချင်နေတယ်။ အဲဒီအချိန်မှာ ကြားသိရတဲ့ သတင်းတစ်ခုကတော့ ဝိဒင်္ဘမှာ 'အစ်ခ်္ဆိယ (အဂ္ဂန္ဓာ) ကျောင်းတော်ကြီး'ဆိုတဲ့အမည်နှင့် ကျော်ကြားတဲ့ ကျောင်းကြီးတစ်ကျောင်း ရှိလေရဲ့။ အဲဒီကျောင်းမှာ 'ကမ္ဘာအရပ်ရပ်က ဗုဒ္ဓဘာသာရဟန်းတော်တွေ နေထိုင်ကြတယ်။'-ဆိုတဲ့ သတင်းပဲ။ ငါ အဲဒီအဂ္ဂန္ဓာကျောင်းတော်ကို ကြည့်ဖို့ သွားခဲ့တယ်။

အဲဒီအခေါက်မတိုင်မီက ဘယ်နေရာကိုပဲ သွားသွား၊ ရိက္ခာအပြည့်အစုံ, အပေါင်းအဖော်များနှင့် သာ သွားလေ့ရှိခဲ့တယ်။ ဒီအခေါက်တော့ အဖော်မပါ, ရိက္ခာမပါဘဲထွက်လာတဲ့ ပထမဆုံးအကြိမ်ပဲ။ လမ်းမှာ သူခိုးတွေကို ကြောက်စရာမလိုပါဘူး။ ဂုတ္တဘုရင်တွေကို အဲဒီအစီအစဉ်တွေနှင့် ပတ်သက်ပြီး ဘယ်သူမဆို ချီးကျူးရမှာပဲ။ ဒါပေမယ့် ဂုတ္တဘုရင်တွေရဲ့ အုပ်ချုပ်ရေးက 'ဒီတစ်နိုင်ငံလုံးရှိတဲ့ အိမ်ထောင်စု ဒီလောက်ချမ်းသာကြွယ်ဝသွားအောင် လုပ်ပေးထားသလား။ ချမ်းသာကြလို့ သူခိုးဓားပြတောင် မထတော့ဘူးလား။'-လို့ မေးစရာ ရှိတယ်။ မဟုတ်ပါဘူး။

မြို့ရွာတွေမှာရှိကြတဲ့
မြေတံတိုင်း၊ မြေနံရံကြီးတွေကြောင့်
အနားမှာရှိနေတဲ့ ကျင်းကြီးတွေ၊ ချိုင့်ကြီးတွေ
ဖြစ်လာတာလို၊ 'ဒီရွာသိမ်၊ရွာငယ်ကလေးတွေက
ဆင်းရဲသားတွေရဲ့ ဆင်းရဲမှုဟာလည်း
အဲဒီနန်းတော်ကြီးတွေက ပြာသာဒ်ကြီးတွေကြောင့်ပဲ။' လို့
ငါ့စိတ်ထဲမှာ ထိခိုက်လာတယ်။

ဂုတ္တဘုရင်တွေဟာ အခွန်အတုတ်ကောက်တဲ့နေရာမှာ သူတို့အရင်က အုပ်ချုပ်သွားတဲ့သူတွေထက် အပြတ်အသတ် သာလွန်တယ်။ နန်းပြာသာဒ်ဆောက်တဲ့ နေရာမှာလည်း ဘယ်တုန်းကမှ ဒီလောက် ငွေကုန်ကြေးကျများခဲ့မယ် မဟုတ်ဘူး။ နန်းပြာသာဒ်တွေကို မွမ်းမံတဲ့နေရာမှာလည်း အတိုင်းထက် အလွန်ပါပဲ။ တောင်ကုန်း၊ မြစ်ချောင်း၊ ရေကန်၊ အင်းအိုင်၊ သမုဒ္ဒရာ၊ ပင်လယ်များကို ချိုမရွှေ့ပြောင်းပြီး ကြော့နေတဲ့ရွှေနန်းတွေအများမှာ ထားဖို့ ကြိုးစားနေကြတယ်။ သူတို့အပျော်ဥယျာဉ်ဟာ တကယ့်တော နှင့်ကို တူနေတယ်။ အပြင်ဘက်မှာတော့ သမင်များ၊ နွားနောက်များ လှည့်ပတ်နေကြတယ်။ အပျော်ကစား စရာတောင်ကုန်းတွေမှာ သဘာဝကျကျ တောင်ပေါ်မှာပေါက်တဲ့သစ်ပင်တွေ စိုက်ထားကြတယ်။ ရေတံခွန် များလည်း လုပ်ထားကြတယ်။ ရေအိုင်တွေကိုလည်း မြောင်းကလေးတွေနှင့် ဆက်ထားပြီး တံတားထိုးထား ကြတယ်။ လှေတွေလည်း သွင်းထားကြတယ်။

နန်းတွင်းပစ္စည်းတွေကတော့ ဆင်စွယ်၊ ရွှေ၊ ငွေ၊ ရတနာအမျိုးမျိုး၊ ဝိုးထည်၊ အဖိုးတန် ကော်ဇော ကြီးတွေနှင့် တခြားပစ္စည်း အမြောက်အမြားပဲ။ နန်းပြာသာဒ်များကို ခြယ်မှုန်းတဲ့နေရာမှာ ပန်းချီဆရာများ ဟာ သူတို့စုတ်တန်ခိုးကို အစွမ်းကုန်ပြကြတယ်။ ရုပ်ထုဆရာတွေကလည်း ကျောက်ကိုဖြစ်ဖြစ်၊ သတ္တုကို ဖြစ်ဖြစ် အလှအပထုလုပ်ထား'ကဲ့ အရုပ်တွေကို သူ့နေရာနှင့်သူ စနစ်တကျ ထားကြတယ်။ နိုင်ငံခြားသား ခရီးသည်များနှင့် သံကြိုးတမန်ကြိုးများပါးစပ်က ဖွင့်ပြီး အဲဒီပန်းချီကားတွေ, အရုပ်တွေကို အကြီးအကျယ် ချီးကျူးကြတဲ့အသံ ကြားရတယ်။ ဒီလိုအသံတွေကို ကြားရတော့ ငါ့ခေါင်းဟာ တက်ကြွ မြင့်မောက်တဲ့စိတ်နှင့် ထောင်လာတာ အမှန်ပဲ။ ဒါပေမယ့် ရွာသိမ်ရွာငယ်ကလေးတွေက ဆင်းရဲရှာကြတဲ့ မိသားစုတွေ မြင်ရတော့၊ ဥဇ္ဇနီက အဲဒီနန်းပြာသာဒ်တွေအပေါ် မနာလိုတဲ့စိတ်တွေ ပေါက်လာတယ်။ မြို့ရွာတွေမှာရှိကြတဲ့ မြေတံတိုင်း, မြေနံရံကြီးတွေကြောင့် အနားမှာရှိနေတဲ့ ကျင်းကြီးတွေ, ချိုင့်ကြီးတွေ ဖြစ်လာတာလို၊ 'ဒီရွာသိမ်,ရွာငယ် ကလေးတွေက ဆင်းရဲသားတွေရဲ့ ဆင်းရဲမှုဟာလည်း အဲဒီနန်းတော်ကြီးတွေက ပြာသာဒ်ကြီးတွေ ကြောင့်ပဲ။' လို့ ငါ့စိတ်ထဲမှာ ထိခိုက်လာတယ်။

မြို့တွေ, နိဂုံးတွေမှာသာ မဟုတ်ဘူး။ ရွာများမှာလည်း လက်မြောက်တဲ့ လက်မှုပညာသည်တွေက ပစ္စည်းဝတ္ထုတွေ အမျိုးမျိုးအစားစား လုပ်ကြတယ်။ ချည်ငင်တဲ့လူတွေက နူးညံ့တဲ့ချည်တွေ ရအောင် လုပ်ပေးကြတယ်။ ရက်ကန်းသည်တွေက နူးညံ့တဲ့အဝတ်တွေ ရအောင် ရက်လုပ်ပေးကြတယ်။ ပန်းထိမ်, ပန်းပဲ, သားရေနယ်သမားတွေကလည်း သူတို့လက်စွမ်းကို အသီးသီးပြကြတယ်။

နန်းပြာသာဒ်တွေထဲက သုခုမပညာအပြည့်ပါနေတဲ့ ပစ္စည်းဝတ္ထုတွေကို လုပ်ဆောင်ကြတဲ့လက်တွေ ဟာ အဲဒီလက်မှုပညာသည်တွေရဲ့ လက်တွေနှင့် ဆက်စပ်နေကြတာပဲ။ ဒါပေမယ့် သူတို့ရဲ့ကိုယ်ခန္ဓာ,

သူတို့ရဲ့အိမ်များကို ငါ ကြည့်လိုက်တဲ့အခါ၊ သူတို့လက်တွေနှင့် ဖန်ဆင်းထားတဲ့ပစ္စည်းတွေ အားလုံးဟာ သူတို့အတွက်' 'အိပ်မက်ထဲက မျက်လှည့်ဖြစ်နေကြောင်း' သိရတယ်။

ဒီပစ္စည်းတွေဟာ တစ်ဆင့်တစ်ဆင့် မြို့တွေ, နိဂုံးတွေက အဆောက်အဦကြီးတွေ, ပြာသာဒ်တွေ, ဈေးကြီးတွေထဲ ရောက်သွားကြတယ်။ အဲဒီနေရာတွေက တစ်ဆင့် ပစ္စည်းအမြောက်အမြား အနောက်တိုင်း သမုဒ္ဒရာကမ်းပါး ဘရကစ္ဆဆိပ်ကမ်းနှင့် တခြားဆိပ်ကမ်းတွေက ပါရသ (ဤရာန်), အီဂျစ်နိုင်ငံများကို ရောက်သွားကြတယ်။ အရှေ့ပိုင်းသမုဒ္ဒရာ (တမ္မမ္မ), လိတ္တ (တမလုက်), တိပ်ကမ်းကယဝဒ္ဒီပ(ဂျာဗာ), သုဝဏ္ဏဒ္ဒီပ (ဆုမတြာ) ကျွန်းများကို ရောက်ကြတယ်။

ဘာရတနိုင်ငံမှာ ပင်လယ်ကြောင်းခရီး ကုန်ကူးသန်းရောင်းဝယ်မှုဟာ ဘယ်တုန်းကမှ ဒီလောက် အားမကောင်းခဲ့ဖူးဘူး။ ငါတို့ ရောင်းကုန်ပစ္စည်းများအတွက် နိုင်ငံခြားပစ္စည်းတွေ ဒီလောက်များများ ဘာရတနိုင်ငံကို ဘယ်တုန်းကမှ ရောက်လာဖူးမယ် မဟုတ်ဘူး။ ဒါပေမယ့် အဲဒီ ရလာတဲ့အကျိုးအမြတ်တွေကို ဘယ်သူတွေ ရသလဲ။ အများဆုံး အကျိုးခံစားခွင့်ရှိတာ ဂုတ္တဘုရင်တွေပဲ။ အဲဒီဘုရင်တွေဟာ ရောင်းကုန်ပစ္စည်းတွေအပေါ်မှာ အခွန်အတုတ်အများကြီး ကောက်ကြတယ်။ ဒီနောက် ပဒေသရာဇ်တွေ အကျိုးရှိတယ်။ ပဒေသရာဇ်တွေဟာ ကြီးမြတ်တဲ့မင်းစိုးရာထူးတွေကို အပိုင်စီးထားကြတယ်။ နယ်ရှင်၊ ပယ်ရှင်သခင်ကြီးတွေ ဖြစ်ကြတယ်။ လက်မှုပညာသည်တွေနှင့် ကုန်သည်-၂မျိုးစလုံးဆီက သူတို့ အမြတ်ထုတ်ကြတယ်။ ကုန်သည်ကြီး, ကုန်သည်ကလေးတွေလည်း နောက်ပိတ်ဆုံး ကျနေပေမယ့် အဲဒီလုယက်ယူငင်ထားတဲ့ ပစ္စည်းတွေထဲမှာ သူတို့ဝေစုလည်း မနည်းဘူး။ ဒီလိုလုပ်ပုံတွေကို မြင်နေရတော့၊ 'တောရွာတွေက လယ်သမားတွေနှင့် လက်မှုပညာသည်တွေ ဘာကြောင့် ဒီလောက်ဆင်းရဲရတယ်။' ဆိုတာ ကွက်ကွက်ကွင်းကွင်းပေါ်လာတယ်။

တောရွာတွေမှာ ဆင်းရဲမှုရှိတာ မှန်တယ်။ ဒါပေမယ့် စိတ်ဆင်းရဲစရာ ရှုမျှော်ခင်းကတော့ အတွေ့ရ နည်းပါတယ်။ တောရွာတွေမှာ ကျွန်ယောကျ်ား, ကျွန်မိန်းမတွေကို တိရစ္ဆာန်တွေလို ရောင်းချနေတာ မတွေ့ရဘူး။ ကျွန်တွေရဲ့ ကိုယ်တုံးလုံးကျောပြင်မှာ ကြိမ်နှင့်ချထားတဲ့အရိုးတွေ မတွေ့ရဘူး။ ငါ့ဆရာ ကာလဒါသဟာ စကားစပ်လို့ တစ်ခါက ပြောဖူးတယ်။ 'ရှေးဘဝက်ကြောင့် ကျွန်ယောကျ်ား, ကျွန်မိန်းမ ဖြစ်ကြတာ။' တဲ့။ ဆရာကြီးကာလဒါသကပြောတဲ့ အဲဒီစကားကို ကြားရတဲ့နေ့ကစပြီး 'ရှေးဘဝယုံကြည်မှု' ပျောက်သွားတော့တာပဲ။ ဂုတ္တဘုရင်တွေက သူတို့ အာဏာခိုင်ခံ့အောင် ဘာသာရေးကို နည်းအမျိုးမျိုးနှင့် အသုံးချပြီး ပျာပျာသလဲဖြစ်နေတာကို မြင်ရရင်၊ ဒီသဘောမျိုး အသိဉာဏ်ရှိတဲ့လူတိုင်းမှာ ပေါ်လာရမှာ သဘာဝအတိုင်းပါပဲ။ ဒါပေမယ့် သာမန်ပြည်သူပြည်သားတွေကို ကြည့်လိုက်တော့ တွေးခေါ်စဉ်းစားဖို့ ဘက်က လုံးဝ စိတ်မဝင်စားဖြစ်နေတာကို တွေ့ရတယ်။ ဒါ ဘာကြောင့်လဲ။ ပြည်သူပြည်သားတွေဟာ သူတို့ကိုယ်သူတို့ 'လွတ်လပ်ခွင့်'ရှိတယ် မထင်ကြလို့ပဲ ဖြစ်မယ်။

ကျေးလက်တောရွာက လူတွေဟာ သူတို့ရွာကို 'ကမ္ဘာ'မှတ်ပြီး တခြား ဘာအကြောင်းအရာကိုမှ မသိရှာကြဘူး။ ရွာမှာရှိတဲ့ မြေကလေး ၁ လက်သစ်လောက်အတွက်လည်း တိုက်ခိုက်နေကြတယ်။ အဲဒီ တိုက်နည်းမျိုးကို သူပိုင်နက် နယ်ပယ်တစ်ခုခုအတွက် ကုမာရဂုတ္တဘုရင်တောင် မတိုက်နိုင်ဘူး။ ဒါပေမယ့် ရွာအပြင်ဘက်မှာ ဘာပဲဖြစ်နေနေ၊ အဲဒါကျတော့ အရေးတောင် မစိုက်ဘူး။

ရွာတစ်ရွာက အဖြစ်အပျက်ကလေးတစ်ခု သတိရသေးတယ်။ အဲဒီရွာမှာ အိမ်ခြေ ၄၀ လောက် ရှိတယ်။ အားလုံး သက်ငယ်မိုးအိမ်ချည်းပါပဲ။ နွေရာသီကျတော့ အိမ်တစ်အိမ်မှာ မီးဖိုကစပြီး မီးလောင်ပါရော။ တစ်ရွာလုံးကလူတွေ ရေကိုခပ်ပြီး အဲဒီအိမ်ဘက်ကို အပြေးသွားကြတယ်။ ဒါပေမယ့် အိမ်တစ်အိမ်က လင်မယား ၂ ယောက်ကတော့ အိုးတွေထဲမှာ ရေထည့်ပြီး သူတို့အိမ်နားမှာပဲ ထိုင်နေကြတယ်။

ကဲ့ကောင်းထောက်မလို့ အဲဒီရွာမှာ အဲဒီအိမ်မျိုး တစ်အိမ်ပဲ ရှိတယ်။ တစ်အိမ်တည်းသာမဟုတ်ရင် တစ်ရွာလုံး တစ်အိမ်မှကျန်မှာ မဟုတ်တော့ဘူး။ အဲဒီအချိန်မှာ ယောဓေယလူမျိုးတွေ သွားသတိရမိသေးတယ်။ ယောဓေယလူမျိုးတွေဟာ တစ်နိုင်ငံလုံးအိမ်တိုင်းစေ့ ကိုယ့်နိုင်ငံအတွက် အသေ,အရှင် ဖြစ်ချင်သလိုဖြစ်ဖို့ အသင့်ရှိကြတယ်။

သမုဒ္ဒဂုတ, စန္ဒဂုတ္တ, ကုမာရဂုတ္တတို့ နိုင်ငံတော်ခဲ့ဖို့အတွက်လည်း သိန်းပေါင်းများစွာ အသက်တွေကို အလားတူ ပေးခဲ့ကြတာ မှန်တယ်။ ဒါပေမယ့် ကျွန်တွေလို သူများအကျိုးရှိဖို့အတွက်ပဲ ဖြစ်နေတယ်။ လွတ်လပ်တဲ့လူစားပီပီ ကိုယ့်အတွက်, ကိုယ့်မိသားစုအကျိုးအတွက် အသက်ပေးရတာမှ မဟုတ်ဘဲ။ အနှစ် ၁၀၀ ပဲ ဂုတ္တဘုရင်များ ပြည်သူပြည်သားတွေအပေါ် လွမ်းမိုးနေပုံ စဉ်းစားကြည့်လိုက်တဲ့အခါ ကြက်သီးမွေးညှင်းများ ထမိသေးတယ်။

ငါ စဉ်းစားမိတယ်။ တကယ်လို့များ ဒီလိုအုပ်ချုပ်နည်းမျိုးနှင့် အနှစ် ၁၀၀ လောက်အထိ အုပ်ချုပ်သွားနေမယ်ဆိုရင် ဒီတိုင်းပြည်ဟာ ကျွန်တိုင်းပြည်သက်သက် ဖြစ်သွားတော့မှာပဲ။ တစ်တိုင်းပြည်လုံးဟာ ကိုယ့်ဘုရင်တွေအတွက် တိုက်ရင်းခိုက်ရင်း သေကုန်ကြတော့မှာပဲ။ လူသားအခွင့်အရေး ဆိုတာ ရှိပါသေးသလား။' လို့တောင် မှတ်မိတော့မှာ မဟုတ်ဘူး။-လို့။

အစိန္ဒိယကျောင်းတော်ကြီးဟာ အတော့်ကို မွေ့လျော်စရာကောင်းတဲ့ ကျောင်းကြီးတစ်ခုပဲ။ စိမ်းမြမြလွင်နေတဲ့ တောင်ကုန်းတစ်ခုကို လခြမ်းပုံစီးဆင်းနေတဲ့ မြစ်တစ်ခုက ဖြတ်သန်းနေတယ်။ သေးငယ်ပေမယ့် ရေမပြတ်တဲ့ အဲဒီမြစ်ရဲ့လက်ဝဲဘက်ကမ်းက ကျောက်သားကိုထွင်းထုပြီး လက်မှုပညာသည် တွေက လှပတဲ့ ဂူလိုဏ်ဘုရားကျောင်းများကို ဖန်တီးထားကြတယ်။ နေရာစရာ အခန်း, စည်းဝေးခန်းတွေကို လုပ်ထားကြတယ်။ အဲဒီဂူပြာသာဒ်များကို အရုပ်ကားတွေ, ရုပ်လုံးတွေနှင့် မွမ်းမံပြင်ဆင်ထားကြတယ်။ ဒါပေမယ့် ဂူတွေလို လူအဆက်ဆက် တည်ဆောက်ထားကြရတာ ဖြစ်တယ်။ လူအဆက်ပေါင်း ၁၀၀ လောက်တောင် ကြာကောင်းကြာမယ်။

အစိန္ဒိယကျောင်းတော်နံရံက ဆေးရေးပန်းချီတွေ လှသလို ကျောက်သားရုပ်များဟာလည်း လှပါတယ်။ ဒါပေမယ့် ဂုတ္တဘုရင်နန်းပြာသာဒ်တွေကိုတော့ မပြိုင်နိုင်ကြဘူး။ ဒါကြောင့် အစိန္ဒိယကျောင်းတော်ကလက်ရာတွေဟာ ငါ့အတွက်တော့ စိတ်ဝင်စားစရာ မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီကျောင်းတော်က ရဟန်းတော်တစ်စုတဝေးကြီးဟာတော့ ငါ့အတွက် စိတ်ဝင်စားစရာကြီးပဲ။ အဲဒီရဟန်းအစုအဝေး ကြီးမှာ ပြည်တွင်းပြည်ပ အရပ်ရပ်ကပုဂ္ဂိုလ်တွေဟာ ချစ်ချစ်ခင်ခင် တပေါင်းတည်းစုဝေးပြီး တစ်မိသား လို နေကြတယ်။ အဲဒီအထဲမှာ အဝေးကြီးက စိန(တရုတ်) ရဟန်းတော်, ပါရသိက (ပါရှန်း) ရဟန်းတော်, ယဝန(ဂရိက်)ရဟန်းတော်များကိုလည်း တွေ့ရတယ်။ သီဟဗလ(သီဟို)၊ ယဝ(ဂျာဗာ)၊ သုဝဏ္ဏဒ္ဒီပ(ဆုမတြာ) ကျွန်းသားတွေလည်း ရှိကြတယ်။ စမ္မာကျွန်း, ကမ္ဗောဇကျွန်းအကြောင်းကိုလည်း အဲဒီကျောင်းတော်မှာ ကြားရတယ်။ ကျွန်းကလူတွေကိုလည်း မြင်ရတယ်။ ကပိသာ, ဥယျာန, တုသာရ, ကူစာအရပ်များက လူဝါတွေ ရဟန်းတော်များရဲ့အဝတ်ဝါဝါတွေကို ဝတ်ထားကြတာ အဲဒီကျောင်းမှာပဲ တွေ့ရတယ်။

ငါဟာ နိုင်ငံခြားအကြောင်းကို အင်မတန်သိချင်နေတယ်။ တကယ်လို့သာ နိုင်ငံခြားရဟန်းတွေကို တစ်ဦးစီ-တစ်ဦးစီသာ တွေ့ရမယ်ဆိုရင် တစ်ဦးတစ်ဦးဆီမှာ ၁ နှစ်ဆီ နေသွားမှာပဲ။ ဒါပေမယ့် အစိန္ဒိယကျောင်းတော်ကြီးမှာပဲ စုပြီးပေါင်းပြီး ဒီလောက်များများ ရဟန်းတော်တွေကို တွေ့ရတဲ့အတွက် လူဆင်းရဲ ရွေအိုးတွေ့သလို ကိုယ့်ကိုယ်ကို ထိန်းထားလို့တောင်မရတော့ဘူး။

'ဒိန္နာဂ'ဆိုတဲ့အမည်ကို ငါ့ဆရာဆီက ငါ ကြားဖူးတယ်။ ကာလီဒါသဟာ ဂုတ္တဘုရင်တွေနှင့် ဘုရင်စနစ်အပြင် ဘုရင်စနစ်ကို တကယ့်တကယ်အကူအညီပေးနေတဲ့ ဗြာဟ္မဏဘာသာကို အပြင်းအထန် ထောက်ခံတဲ့သူပဲ။ ကာလီဒါသအကြောင်းကို ငါ ပထမကတည်းက ပြောခဲ့ဖူးပြီ။

ကာလီဒါသဟာ ဒိန္နာဂကို 'သူ့အလုပ်မှာ အနှောင့်အယှက် အတားအဆီးတစ်ခု။'လို့ အမှတ်အသား ပြုတယ်။ သူ ပြောလေ့ရှိတာကတော့ 'ဒမိ(ဝိ)ဠလူမျိုး ဒိတနတ္ထိကတိတ္ထိတွေမှာ ဗိသျဏတင်မက ဥဉ္ဇေသေနတ်တွေရဲ့ သီဟာသနပလ္လင်တွေ တုန်လှုပ်နေတယ်။ 'ဘာသာရေး'အမည်ခံပြီး ဘုရင်တွေနှင့် ဗြာဟ္မဏတွေရဲ့ ကိုယ်ကျိုးကိုယ်စီးပွားအတွက် ငါတို့ လှို့ဝှက်တိုင်ပင်ထားတဲ့ လှို့ဝှက်ချက်တွေကို သူ့ဆီမှာ ဖုံးလို့ ရတော့မှာ မဟုတ်တော့ဘူး။ ဝသုဗန္ဓုလို အိုမင်းရင့်ရော်တဲ့ ဆရာကြီးတစ်ယောက်ကို ဒိန္နာဂ ရနေတာလည်း အခက်ပဲ။'တဲ့။

ဝသုဗန္ဓုကို ကာလီဒါလက 'ဉာဏ်သမုဒ္ဒရာ'လို့ ခေါ်လေ့ရှိတယ်။ အရှင်ဝသုဗန္ဓုဟာ ဒုတိယ စန္ဒဂုတ္တဝိက္ကမာဒိစ္စဘုရင်ရဲ့ နေပြည်တော် အယိုဇ္ဈာမှာ မင်းပွဲသဘင်ဝင်တစ်ယောက်သာမက လွတ်လွတ်လပ်လပ် အလေးအမြတ်ပြုခံရတဲ့ ဆရာတော်တစ်ပါးအဖြစ်နှင့် နှစ်ပေါင်းများစွာ နေထိုင်ခဲ့တယ်။ နောက်တော့ ဂုတ္တဘုရင်တွေရဲ့ နှိမ့်ကျတဲ့စိတ်ထားကြောင့် စိတ်ပျက်ပြီး သူဇာတိဒေသ ပုရိသပုရ် (ပေသျှာဝရ်)က ထွက်ခွာသွားတဲ့ ဒိန္နာဂဟာ သံမြား, သံဓားလွယ်လောက်မက ပိုထက်တဲ့ ဉာဏ်လက်နက်, အတွေးအကြံလက်နက်တွေ ခွဲဝေပေးဖို့ အဓိဋ္ဌာန်ပြုထားတယ်။

ဒိန္နာဂနှင့် နာရီဝက်လောက် စကားပြောလိုက်ရရင် ဗြာဟ္မဏတွေရဲ့ မာယာကွန်ရက်တွေဟာ ဖရိုဖရဲ ပြတ်စုတ်ကုန်တော့တာပဲ။ ငါ ဖလတိုင်တိုင် အစိန္တိယကျောင်းတော်ကြီးမှာ နေခဲ့တယ်။ နေ့တိုင်း ဒိန္နာဂရဲ့ နှုတ်က ထက်ဝန်းကျင်အလင်းရောင်ဖြန့်တဲ့ အဆုံးအမတွေကို နားထောင်ခဲ့ရတယ်။ ဒိန္နာဂလို ဆရာကို 'ဆရာ'တော်ရခဲ့လို့ ငါ့စိတ်ဟာ အတော် တက်ကြွမိတယ်။ သူဉာဏ်ဟာ အင်မတန်လေးနက်တယ်။ သူ့စကားများဟာလည်း ရဲရဲညီးနေတဲ့ မီးခဲလိုပဲ။ ငါလိုပဲ ဒိန္နာဂထေရ်ဟာ ကမ္ဘာကြီးရဲ့ ယုတ်မာကောက်ကျစ်တဲ့ မာယာပိုက်ကွန်ကြီးကိုမြင်ပြီး အပြင်းအထန် ဒေါသထွက်နေတယ်။ တစ်နေ့တော့ ဒိန္နာဂက ငါ့ကို ပြောတယ်။

''သုပဏ္ဏ ပြည်သူပြည်သားတွေရဲ့ အင်အားနှင့်သာ တစ်ခုခုလုပ်လို့ ရနိုင်မယ်။ ဒါပေမယ့် ပြည်သူပြည်သားတွေကလည်း အဝေးကြီးရောက်အောင် မျောပါနေကြတယ်။ ဒီလို ကြိုးစားတဲ့နေရာမှာ တထာဂတ(ဗုဒ္ဓ)ဟာ မျိုးဇာတ်ခြားမှုကို ပပျောက်အောင် အပြင်းအထန်ကြိုးစားခဲ့တယ်။ ဒီလို ကြိုးစားတဲ့နေရာမှာ ဗုဒ္ဓဟာ တချို့တစ်ဝက် အောင်မြင်ခဲ့တယ်။ ဘာရတနိုင်ငံအပြင်ဘက်က ယဝန, သက, ဂုဇ္ဇရ, အာဘီရ လူမျိုးတွေ ဝင်လာကြတယ်။ အဲဒီလူမျိုးတွေကို ဗြာဟ္မဏတွေက 'မိလက္ခ (လူရိုင်း)'ဆိုပြီး ရွှတ်ချကဲ့ရဲ့ကြတယ်။ ဒါပေမယ့် တထာဂတ (ဗုဒ္ဓ)ရဲ့ သံဃာတော်များက အဲဒီလူမျိုးတွေကို လူ့အခွင့်အရေးတန်းတူပေးခဲ့တယ်။ .

''ရာစုနှစ်ပေါင်း အတော်ကြာကြာကပဲ ဇာတ်နိမ့်,ဇာတ်မြင့် ခွဲခြားမှုအားလုံး 'ဘာရတနိုင်ငံက ပျောက်ကွယ်သွားလိမ့်မယ်။'-လို့ ထင်ခဲ့တယ်။ ဒါပေမယ့် ခုအချိန်မှာ ဘာရတနိုင်ငံရဲ့ ဆိုးဝါးတဲ့ကံကြမ္မာကြောင့် ဗြာဟ္မဏတွေလက်ထဲ ဂုတ္တဘုရင်များရဲ့အာဏာ ရောက်သွားတယ်။ ဂုတ္တဘုရင်အမျိုးအနွယ်များ ကိုယ်တိုင်ကိုပဲ ပထမဆုံး စရောက်တဲ့အချိန်မှာ ဗြာဟ္မဏတွေက 'မိလက္ခ'လို့ ခေါ်ကြသေးတာပဲ။ ဒါပေမယ့် ဂုတ္တတွေရဲ့ ဂုဏ်ကျက်သရေတိုးတက်အောင် ကာလီဒါသက 'ရဃုဝံသ'နှင့် 'ကုမာရသမ္ဘဝ'ကို ရေးခဲ့တယ်။ ဂုတ္တဘုရင်တွေဟာ သူတို့မင်းစဉ်မင်းဆက်ကို ကမ္ဘာပျက်အောင် တည်သွားစေချင်တဲ့အတွက် စိတ်ကူးနှင့် ရူးနေကြတယ်။ ဗြာဟ္မဏများက ဂုတ္တတွေ ဒီအတိုင်း ယုံကြည်အောင် အားပေးနေကြတယ်။

၁၃

ဒုတ္ထာ

အချိန်- ခရစ်နှစ် ၆၃၀။

၁

ငါနာမည်က ဟဿဝဒ္ဓန။ ငါဘွဲ့ကတော့ သီလဘိက္ခု။ တစ်နည်းဆိုရင် 'သီလနေမင်း'။

ဒုတိယ စန္ဒဂုတ္တဘုရင်က သူ့အတွက် 'ဝိက္ကမာဒိစ္စ (စွမ်းပကားနေမင်း)ဆိုတဲ့ ဘွဲ့ကို နှစ်သက်တယ်။ ငါကတော့ ဒီနှုးညံ့တဲ့ဘွဲ့ကို ခံယူခဲ့တယ်။

စွမ်းပကားသတ္တိမှာ သူတစ်ပါးကို နှိမ်နင်းဖို့, သူတစ်ပါးကိုညဉ်းဆဲဖို့ သဘောထားများ ပါဝင်နေတယ်။ ဒါပေမယ့် 'သီလ'ဆိုတာမှာတော့ သူတစ်ပါးကို နှိမ်နင်းဖို့, ပူလောင်အောင်လုပ်ဖို့ သဘောမထား ပါဘူး။ ဂုတ္တဘုရင်တွေဟာ သူတို့ကိုယ်သူတို့ 'ဗိသ္ဏုဏာ့ဝင်စားသူအစစ်များ' လို့ အမည်ခံကြတယ်။ ငါ့အစ်ကိုကြီးက ရဇ္ဇဝဒ္ဓန။ သူ့ကို 'ဂေါဋ္ဌသင်္ခ'က အယုံသွင်းပြီး ပို့ရွယ်စဉ်က သတ်ပစ်လိုက်တယ်။

ဒီအကြောင်းကို ပြန်တွေးလိုက်မိရင် အခုအထိ ငါစိတ်ထဲမှာ ကြေကွဲနေမိတယ်။ သူဟာ တကယ့် ဗုဒ္ဓဘာသာဝင်တစ်ယောက်ပဲ။ ဗုဒ္ဓလိုပဲ ခန္တီတုံးကြီးတစ်ယောက်ပေါ့။ ငါဟာ အမြဲတမ်း သူ့ရဲ့တပည့်ခံ ပေမယ့် ကိုယ့်အတွက်တော့ မဟိဿရသိဝ (ထာရဘရား)ဂိုဏ်းသား တစ်ဦးအဖြစ်ကို ကျေကျေနပ်နပ် ခံယူခဲ့တယ်။ 'သိဝဂိုဏ်း ဖြစ်ပေမယ့် ငါစိတ်ထဲက ဗုဒ္ဓကို ဘယ်လောက် လေးစားဆည်းကပ်သလဲဆိုတာ ဘာရတနိုင်ငံတွင်မက အပြင်အပနိုင်ငံတွေကတောင် သိပါတယ်။ ငါဟာ ငါနိုင်ငံတော်မှာရှိတဲ့ ဘာသာတွေ အားလုံးကို လေးစားပါတယ်။ တိုင်းသူပြည်သားတွေ ကျေနပ်ရုံတင်မကဘူး။ ကိုယ့်ကိုယ်ကျင့် လုံခြုံရေး အတွက်ပါ လေးစားပါတယ်။

၅ နှစ်-၁ ကြိမ် ဘဏ္ဍာတော်တိုက်မှာကျွန်နေတဲ့ ပစ္စည်းတွေကို ပယာဂအရပ် တြိဝေဏီ (မြစ်သုံးသွယ်ရာ) ကမ်းပါးမှာ ဗြာဟ္မဏတွေနှင့် သမဏ (ဗုဒ္ဓဘာသာ ရဟန်းတော်များ)ကို ဝေခြမ်းလှူဒါန်းလေ့ ရှိခဲ့တယ်။ ဒီအချက်ကို ထောက်ထားရင်လည်း 'ဘာသာအားလုံး တန်းတူ တိုးတက်ကြီးပွားမှုကို လိုလား ကြောင်း' ထင်ရှားပါတယ်။

ငါဟာ သမုဒ္ဒဂုတ္တမင်းလိုပဲ နိုင်ငံချဲ့ဖို့အတွက် စစ်ထွက်ခဲ့တာတော့ မှန်တယ်။ ဒါပေမယ့် 'သီလာဒိစ္စ'ဘွဲ့ကို မခံယူခင်ကပါ။ ဒက္ခိဏာပထာဘုရင် ပုလကေသီနှင့် စစ်ပြိုင်တုန်းက မရှုံးခဲ့ရင် ဝိက္ကမာဒိစ္စလို ဘွဲ့တစ်ခုခု ခံယူမှာပဲလို့ ငါ့အပေါ်မှာ မထင်ကြပါနှင့်။ ငါဟာ ဘာရတနိုင်ငံတော်ကြီး တစ်ခုလုံးရဲ့ စကြဝတေး ဖြစ်ဦးတော့၊ စန္ဒဂုတ္တဘုရင်လိုတော့ လုပ်မှာ မဟုတ်ပါဘူး။ အသောကဘုရင် ကလိင်္ဂတိုင်းကို အောင်မြင်ပြီးတော့ နောင်တရလာတာလို နောင်တရလို့၊ ကိုယ်ကျင့်သီလနှင့်ပဲ လူတွေအပေါ်မှာ အနိုင် ယူတော့မှာပဲ။' ငါ့သဘောဟာ ဒီအတိုင်းပဲ နှုးညံ့ပါတယ်။

အားလုံး ကိုယ့်ဘာသာကို ကိုယ် အသီးသီး
ယုံယုံကြည်ကြည်စောင့်ရှောက်သွားစေချင်တာပဲ။
ကိုယ့်ဘာသာကို ကိုယ်စောင့်ရှောက်ခြင်းသာ အမှန်ပဲ။
ကိုယ့်ဘာသာ ကိုယ်စောင့်ရှောက်သွားမှ
ကမ္ဘာမှာ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာမှုများ ရနိုင်မယ်။
ကောင်းကင်ဘုံကိုလည်း ရောက်နိုင်မယ်။
အားလုံးလူမျိုးတွေဟာ ကိုယ့်လူမျိုးဆိုင်ရာဘာသာကို
စောင့်ရှောက်သွားစေချင်တယ်။

မင်းအဖြစ် လက်ခံဖို့ ငါ အကြာကြီး ငြင်းဆိုနေခဲ့သေးတယ်။ ဘာကြောင့်လဲ။ ငါဟာ ဌာနိသရနယ်ရှင် မဟာရာဇာ ပဘာကရဝဒ္ဓနရဲ့ သားတစ်ယောက်လည်း ဖြစ်ပြန်၊ ကညကုဇ္ဇနယ်ရဲ့ အဓိပတိ ဘုန်းတော်အလွန်ကြီးမြတ်တဲ့ မဟာရာဇာမိရာဇာ ရဇ္ဇဝဒ္ဓနရဲ့ ညီတော်လည်း ဖြစ်ပြန်တော့ မင်းစည်းစိမ်ကို မျက်မြင်တင် မဟုတ်ဘူး။ လက်တွေ့ခံစားတော့ 'အနှစ်သာရ မရှိဘူး။' ဆိုတာ သိလာခဲ့တယ်။ နောင်တော် လုပ်ကြံခံရပြီးတဲ့နောက် အချိန် တော်တော်ကြာကြာ နန်းတက်ဖို့ရာ ငါ ငြင်းဆိုနေခဲ့သေးတယ်။ တကယ်လို့ နောင်တော်ကို သတ်တဲ့လူအပေါ် လက်စားချေဖို့ ခတ္တိယပီပီ အကြံမပေါ်ခဲ့ရင် ကညကုဇ္ဇထီးနန်းကို စိုးစံကောင်းမှ စိုးစံဖြစ်မယ်။ အဲဒီအကြံဟာ ငါ့နမ 'ရဇ္ဇသီရိ'ရဲ့ လင်ယောကျ်ားတော်တဲ့ မောခရ်လူမျိုးဘက် ပြောင်းကူးသွားတော့မှာပဲ။ အမှန်ကတော့ မောခရ်လူမျိုးဟာ ငါ့နောင်တော် မအုပ်စိုးခင် ဂုတ္တ တွေ ဒီအရပ်က ထွက်သွားပြီးတဲ့နောက် အာဏာသိမ်းခဲ့တဲ့အမျိုး ဖြစ်တယ်။ ငါ ဒီအကြောင်းတွေကို အားလုံးပြောနေရတာကတော့ ငါ့နောက်လာမယ့် လူတွေက 'ဟဿဟာ ကိုယ့်ကျိုးကြည့်ပြီး သူခေါင်းပေါ် မကိုင် မတင်တာပဲ။' လို့ ထင်မှာစိုးလို့ပဲ။

ငါ စိတ်မကောင်းတာကတော့ ငါ့မင်းပွဲသဘင်က အမြောက်အပင့်သမားတွေက ငါ့ကိုလည်း သမုဒ္ဒဂုတ္တနှင့် စန္ဒဂုတ္တလိုဖြစ်အောင် အရောင်ဆိုးချင်နေကြတယ်။ ဘုရင်တွေကလည်း အမြောက်သမားတွေစက်ကွင်းကို လွတ်အောင် မရှုန်းနိုင်ကြဘူး။ အဲဒါကလည်း အခက်ကြီးတစ်ခုပဲ။ အမြောက်သမားတွေ မြောက်ပေးလေသမျှ ငါ 'တရားသဖြင့် ဖြစ်အောင်' မဟုတ်ဘူး။ မတရားဖြစ်အောင် ချည်းပဲ။

တရားမှန်ကန်မှုနှင့် ဘာသာရေးကို ကာကွယ်နိုင်ဖို့ အားလုံးသတ္တဝါတွေ အကျိုးစီးပွားအတွက်ပဲ ငါ ထီးနန်းကို လက်ခံခဲ့တယ်။ ငါဟာ 'ပညာဒါနကို အကြီးဆုံးဒါန'လို့ အမှတ်အသားထားတယ်။ ဒါကြောင့် ဂုတ္တဘုရင်များလက်ထက်ကတည်းက တိုးတက်လာခဲ့တဲ့ နာလန္ဒာကျောင်းတော်ကြီး ပိုပြီးပြည့်စုံအောင် ဆောင်ရွက်ခဲ့တယ်။ ဒီလိုဆောင်ရွက်လိုက်တဲ့အတွက် နာလန္ဒာကျောင်းတော်ကြီးမှာ ကမ္ဘာအရပ်ရပ်က ပညာရှိကြီးများနှင့် စာသင်သားပေါင်း ၁ သောင်းဟာ ချမ်းချမ်းသာသာနှင့် ပညာများ လေ့လာဆည်းပူးနိုင်သွားကြတယ်။ ပညာရှိတွေကို လေးစားမြတ်နိုးရတာ ငါ့အတွက် ဝမ်းအသာဆုံး အလုပ်တစ်ခုပဲ။ ဒါကြောင့် ငါဟာ စိန(တရုတ်)ပညာရှိ ရဟန်းတော် 'ဝေန် ချိုင်'ကို အတော် လိုက်လိုက်လဲလဲ ကြည်ညိုတဲ့အမူအရာပြခဲ့တယ်။

'ဝါဏ'ရဲ့ ထူးခြားတဲ့ ကဗျာဉာဏ်ကို တွေ့ရတော့ သူ့ကို 'ယုတ်ညံ့တဲ့လမ်းစဉ်က လမ်းကောင်းဘက်ရောက်အောင် ဆောင်ကြဉ်းလိုတဲ့စိတ်' ပေါ်လာတယ်။ ဒါပေမယ့် ဝါဏဟာ များများ မတိုးတက်ဘူး။ ကာလိဒါသရဲ့ခြေရာ နင်းပြီး မြောက်စားပင့်စားစာဆိုတော်တစ်ဦးပဲ လုပ်နေတယ်။ ဘာပဲဖြစ်ဖြစ် မဂဓ

နယ်ရွာကလေးတစ်ရွာက ထုတ်ဆောင်ပြီး ဝါဏာကို ကမ္ဘာ့ရှေ့မှောက်ရောက်အောင် ကြိုးစားလိုက်တာ ဟာတော့ ငါ့ရဲ့ပညာကို လေးစားကြည်ညိုမှု အမှတ်အသားကြီးတစ်ခုပါပဲ။

. . . . ငါလိုချင်တာကတော့ အားလုံး ကိုယ့်ဘာသာကို ကိုယ် အသီးသီး ယုံယုံကြည်ကြည်စောင့်ရှောက်သွားစေချင်တာပဲ။ ကိုယ့်ဘာသာကို ကိုယ်စောင့်ရှောက်ခြင်းသာ အမှန်ပဲ။ ကိုယ့်ဘာသာ ကိုယ်စောင့်ရှောက်သွားမှ ကမ္ဘာမှာ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာမှုများ ရနိုင်မယ်။ ကောင်းကင်ဘုံကိုလည်း ရောက်နိုင်မယ်။ အားလုံးလူမျိုးတွေဟာ ကိုယ့်လူမျိုးဆိုင်ရာဘာသာကို စောင့်ရှောက်သွားစေချင်တယ်။ ရဟန်းတော် အမျိုးမျိုးဟာ ကိုယ့်ဆိုင်ရာကျောင်းတွေကို စောင့်ရှောက်သွားစေချင်တယ်။ ဘာသာဝင်အသီးသီးဟာ ကိုယ်ယုံကြည်ရာ ကိုယ် ကိုးကွယ်ပူဇော်သွားစေချင်တယ်။ ဒီလိုဖြစ်အောင် ငါဟာ အမြဲ ကြိုးစားနေတယ်။

ကာမရူပ (အာသာမ်)က သောရဋ္ဌ(ကာဋ္ဌိယာဝရ်)နှင့် (ဗိန္ဓ)တောင်အထိ ငါ့ရဲ့ ကျယ်ပြန့်တဲ့နိုင်ငံတော်ကြီးမှာ 'ဓမ္မနိုင်ငံတော်ကြီး' ငါ တည်ထောင်ထားခဲ့တယ်။ ငါ့ရဲ့အရာရှိများဟာ မတရားမှုများ မပြုနိုင်အောင် တစ်ခါတစ်ခါ ငါကိုယ်တိုင် တိုင်းခန်းလှည့်လည်ခဲ့တယ်။ တစ်ခါတုန်းက အဲဒီလို တိုင်းခန်းလှည့်လည်သွားတဲ့အခါ ဗြာဟ္မဏလူမျိုး ဝါဏဟာ ငါဆင့်ခေါ်လို့ ငါ့ဆီကို ရောက်လာတယ်။ ငါ့ကို ချီးကျူးချင်တဲ့ သူသဘောကို သူ ဖုံးမထားနိုင်ဘူး။ ဒါပေမယ့် ငါ့အထင်ကတော့ သူရေးထားတဲ့အဖွဲ့အနွဲ့များဟာ စစ်ထွက်တဲ့အခန်းမှာတောင် မင်းသုံးမင်းဆောင်တွေနှင့်ပတ်သက်ရင် ငါ့မင်းပွဲသဘင်နှင့် မဆိုင်ဘူး။ ဝိဂ္ဂမာဒိစ္စဘုရင်တစ်ဦးဦးရဲ့ မင်းပွဲသဘင်နှင့်ပဲ ဆိုင်မယ်။

ဝါဏဟာ ငါ့ရဲ့အတ္ထုပ္ပတ္တိ (ဟဿစရိတ)ကို တိတ်တိတ်ရေးနေတယ်။ တစ်နေ့တော့ ငါသိလို့ သူ့ကို မေးတယ်။ သူက ရေးပြီးသား တစ်ပိုင်းတစ်စ ငါ့ကို ပြတယ်။ ငါက ဒီလိုရေးတာ အတော်မကျေမနပ်ဖြစ်တယ်။ ကြိမ်းမောင်းလည်း ပစ်လိုက်တယ်။ ဒီလို ကြိမ်းမောင်းလိုက်တဲ့အတွက် ဝါဏဟာ နောက်တော့ ဒီလောက်ကြိုးကြိုးစားစား မရေးနိုင်တဲ့အကျိုးတော့ မုချရတာပဲ။

သူရေးတဲ့ 'ကာဒမ္ဘရီ'ကို ငါ အတော်သဘောကျတယ်။ ဒါပေမယ့် ကာဒမ္ဘရီမှာ မင်းပွဲသဘင်၊ နှုန်းတွင်းဆောင်၊ အလုပ်အကျွေးယောကျ်ား, မိန်းမ၊ နှုန်းပြာသာဒ်၊ စည်းစိမ်ခံပစ္စည်းနှင့် အလားတူအကြောင်းအရာတွေကို ဖွဲ့ဆိုချီးကျူးထားပုံက ငါ့နှုန်းတော်ထဲမှာ 'ဒီအတိုင်းပဲ ရှိနေကြတယ်။'-လို့ လူတွေအထင်အမြင်မှားလောက်အောင် ဖြစ်နေတယ်။ ငါဟာ ပါရှားသူမိဖုရားကို များစွာ ချစ်ခင်နှစ်သက်တော်မူတယ်။ သူမဟာ 'နောက်သျှေရ်ဝန်'ရဲ့သမီး ဖြစ်ရုံသာ မဟုတ်ဘူး။ သူ့အချင်းနှင့် အဆင်းကလည်း ဘယ်ယောကျ်ားကိုမဆို မိန်းမော တွေဝေသွားစေနိုင်တယ်။ ဝါဏက သူမကို 'မဟာသေတာ' ဆိုတဲ့ အမည်နှင့် ဖွဲ့ဆိုခဲ့တယ်။

ငါ့ရဲ့ သောရဋ္ဌသူ မိဖုရားကတော့ အရွယ် နည်းနည်းလွန်ပြီးမှ ရောက်လာတယ်။ သူမ စိတ်ကျေနပ်အောင် သူမရဲ့အဆောင်တော် မွမ်းမံပြင်ဆင်ဖို့ အထူးတလည် ကြိုးစားဆောင်ရွက်ပေးခဲ့တယ်။ ဝါဏဟာ သူမကို အကြောင်းပြုပြီး ကာဒမ္ဘရီနှင့် ကာဒမ္ဘရီရဲ့အဆောင်တော်အကြောင်းကို ဖွဲ့ဆိုရေးသားခဲ့တယ်။

ဝါဏ ရေးသားဖွဲ့ဆိုချက်များထဲက အဲဒီအကြောင်း ၂ ခုကို ချန်ထားလိုက်ရင် ကျန်တဲ့ ဘယ်အဖွဲ့မှ ငါနှင့် 'ဆိုင်တယ်'လို့ မမှတ်သင့်ဘူး။ တစ်နည်းပြောရရင် 'အပြောကြီးလွန်းတဲ့ အပြစ်တွေ အပြည့်'လို့ မှတ်သားထားတယ်။

ငါ့ရဲ့ နောက်ပိုင်းရက်တွေကျတော့ 'ဝါဏဟာ ငါ့အကျိုးကို ဆောင်ရွက်တဲ့သူတစ်ယောက် မဟုတ်ဘူး။'ဆိုတာ ပေါ်လာပြီး ကြောက်လာတယ်။ ဝါဏရဲ့ 'ဟဿ-စရိတ'မှာသာ မကဘူး။ 'ကာဒမ္ဘရီ'မှာလည်း ဘုရင့်အာဏာအကြောင်း ဖွဲ့ဆိုရေးသားလေသမျှ လူတွေက 'ငါ့အကြောင်း ရေးထားတာ'လို့ပဲ ပြောကြလိမ့်မယ်။ ပြီးတော့ 'နာဂါနန္ဒ', 'ဂတနာဂလိ'နှင့် 'ဝိယဒဿိကာ' ပြဇာတ်တွေကိုလည်း ငါ့

နာမည်နှင့် သူရေးပြီး ပိုအကျိုးယုတ်အောင် လုပ်ခဲ့တယ်။ လူတွေက ပြောကြလိမ့်မယ်။ 'ဟဿဟာ ဂုဏ်သတင်း ငတ်လွန်းလို့ သူများရေးတဲ့ကျမ်းတွေကို ကိုယ့်နာမည်တပ်ပြီး ငွေပေး ဝယ်ယူတယ်။'-လို့။ ငါ အမှန်ပြောရမယ်ဆိုရင် ဒီအကြောင်းကိုသိရတာ အတော်ပဲ အချိန်နှောင်းသွားခဲ့တယ်။ ငါသိရတဲ့ အချိန်ကျတော့ ထောင်ပေါင်းများစွာ စာသင်သားတွေဟာ ငါ့နာမည်ကြီးနှင့် အဲဒီပြဇာတ်တွေကို ဖတ်ပြီး ကုန်ကြပြီ။ အကြိမ် အတော်များများကလည်း ကပြီးကြပြီ။

ငါဟာ ငါ့တိုင်းသူပြည်သားတွေ ချမ်းသာတာကို မြင်ချင်တယ်။ ချမ်းသာတာကို ငါ မြင်ရတယ်။ ငါဟာ ငါ့တိုင်းပြည် ငြိမ်းချမ်းတာနှင့် ဘေးဥပါဒ်အန္တရာယ် မရှိတာကို မြင်ချင်တယ်။ နောက်ဆုံးမှာ အဲဒီ ရည်ရွယ်ချက်ဟာလည်း အောင်မြင် ထမြောက်ခဲ့တယ်။ တိုင်းသူပြည်သား်းများဟာ ရွှေကိုတောင် တစ်နေရာ ကတစ်နေရာ အထင်ခံ ယူဆောင်သွားနိုင်ကြတယ်။

ငါ့အမျိုးနှင့်ပတ်သက်ပြီးတော့ နောက်ကွယ်ကလူတွေ ခုကတည်းက ပြောနေကြတယ်။ 'ဟဿဟာ ကုန်သည်မျိုး'တဲ့။ ဒီအတင်းစကားဟာ လုံးဝ အမှားပဲ။ ငါတို့ဟာ ဝေဿခတ္တိယလူမျိုး ဖြစ်တယ်။ ဝေဿဗနိယလူမျိုး မဟုတ်ဘူး။ တစ်ချိန်က ဘာရတနိုင်ငံကြီးတစ်ခုလုံးဟာ သာတဝဟနလူမျိုးများရဲ့ လက်ထဲ ရောက်ခဲ့ဖူးသေးတယ်။ သာတဝါဟနနိုင်ငံတော်ကြီး ပျက်စီး တိမ်းယိမ်းသွားပြီးတဲ့နောက် ငါတို့ရဲ့ ရှေးသူဟောင်းတွေဟာ ဂေါဒါဝတီမြစ်ကမ်း ပတိဋ္ဌာနပုရ (ပိုက်ဋ္ဌာန်)ကို စွန့်ခွာပြီး ဋ္ဌာနိဿရဘက် ထွက်ခွာလာခဲ့ကြတယ်။ သာတဝါဟန (သာလိဝါဟန) အနွယ်အဆက်ဟာလည်း ဘယ်တော့မှ ဗနိသ (ကုန်သည်)မျိုး မဟုတ်ခဲ့ဘူး။ ဒီအကြောင်းကို တစ်ကမ္ဘာလုံး သိပါတယ်။ ဒါပေမယ့် သာတဝါဟနတွေဟာ 'သက'တွေနှင့် လက်ထပ်ထိမ်းမြားမှု ပြုကြတယ်။ ဒီလို ဘုရင့်သွေးချင်း ရောနှောဆက်ဆံ တာဟာ ဘုရင်များအတွင် သင့်လျော်တဲ့ ကိစ္စတစ်ခုပါပဲ။ ငါ့ရဲ့အချစ်တော် မဟာသေကာဟာလည်း ပါရှား မင်းရိုးထဲကပါပဲ။

အပြင်ပန်းအားဖြင့် သူတို့ကိုယ်သူတို့
ယောဂီကြီး, တရားရှင်ကြီး, ဥပသကာကြီး,
သူတော်ကောင်းကြီးလုပ်ကာ ဟန်ပြနေခြင်းကို
'အလွန်ဆိုးဝါးယုတ်မာသော ကောက်ကျစ်စဉ်းလဲမှုကြီး'ဟု
ငါ ထင်သည်။ ဤကဲ့သို့ ပြုမူပုံမျိုးကို တစ်သက်ပတ်လုံး
ငါ ဘယ်တော့မှ မကျေနပ်ခဲ့။
ဘယ်အလုပ်ကိုမဆို ပြောင်ပြောင်လုပ်ခဲ့သည်။

J

ငါ့နာမည်က ဝါဏ။

ငါဟာ ကဗျာ, ပြဇာတ် အမြောက်အမြား ရေးခဲ့သည်။ လူတွေက ငါ ရေးတဲ့ ကဗျာ, ပြဇာတ်တွေနှင့်သာ ငါ့ကို အကဲဖြတ်ချင်ကြသည်။ ဒါကြောင့် ဒီစာကိုလည်း ရေးပြီး ထားပစ်ခဲ့ချင်သည်။ လက်ရှိ မင်းဆွေမင်းမျိုးများ နန်းတက်နေသရွေ့ ဒီစာဟာ ပေါ်လွင်ထင်ရှားလာမယ် မဟုတ်ဘူး။-ဆိုတာ ငါ ဆုံးဖြတ်ပြီးသားပဲ။ ငါဟာ ဒီစာကို လျှို့ဝှက်ထားခဲ့ဖို့ စီစဉ်ပြီးပြီ။ ငါ့ရဲ့ ကျော်ကြားတဲ့ကျမ်းစာတွေကို

မဖတ်ခင် ဒီစာကို ဖတ်ကြည့်လိုက်ရင် နောင်လာနောင်သားများဟာ ငါ့အကြောင်း 'မကောင်း' ထင်တော့မယ် မဟုတ်ပါဘူး။

ဟဿဘုရင်သည် လူအများအလယ်တွင် ငါ့အား 'ကြာသမား' ဟု ခေါ်သည်။ သူပြောသော စကားကြောင့် ငါ့အပေါ်တွင် လူအများ အထင်မှားနိုင်သည်။ ငါသည် ကြွယ်ဝသောအဖတစ်ဦး၏ အလိုလိုက်ခြင်းခံရသော သား ဖြစ်သည်။

'ဘာသ'နှင့် 'ကာလိဒသ' တို့ ရေးသောစာများကို ဖတ်ကာဖတ်ကာ ငါ့တွင် ကဗျာဓာတ်များ ဝင်လာသည်မှာ ယုံမှားဖွယ်ရာ မရှိချေ။ ငါသည် ရုပ်ချော ပို့ရွယ်သောသူတစ်ဦး ဖြစ်သည်။ ခရီးသွား ဝါသနာပါသည်။ ပို့ရွယ်မှုကို သာယာ၍သာ နေလိုသည်။ အကယ်၍ ငါ အလိုရှိလျှင် ငါ့အဖကဲ့သို့ပင် အိမ်မှာပင် စည်းစိမ်ခံ နေနိုင်သည်။ သို့သော်လည်း အတွင်းရေးအားဖြင့် ကိလေသာများ လွှမ်ခြုံသောင်းကျန်းနေသည်ဖြစ်ပါလျက်၊ အပြင်ပန်းအားဖြင့် သူတို့ကိုယ်သူတို့ ယောဂီကြီး၊ တရားရှင်ကြီး၊ ဥပသကာကြီး၊ သူတော်ကောင်းကြီးလုပ်ကာ ဟန်ပြနေခြင်းကို 'အလွန် ဆိုးဝါးယုတ်မာသော ကောက်ကျစ်စဉ်းလဲမှုကြီး'ဟု ငါ ထင်သည်။ ဤကဲ့သို့ ပြုမူပုံမျိုးကို တစ်သက်ပတ်လုံး ငါ ဘယ်တော့မှ မကျေနပ်ခဲ့။ ဘယ်အလုပ်ကိုမဆို ပြောင်ပြောင်လုပ်ခဲ့သည်။

ငါ့အဖသည် ဓာတ်မတူသောအမိမှ မွေးဖွားသောသားတစ်ယောက်ကို 'သူ၏သား'ဟု တစ်ကြိမ် တစ်ခါမျှသာ ရဲရဲတင်းတင်း ထုတ်ဖော်ဝန်ခံဖူးလေသည်။ သို့သော်လည်း ထိုကိစ္စကို 'ပို့ရွယ်မှု၏ပြစ်မှုတစ်ခု'ဟု ရေတွက်မှတ်သားနိုင်သည်။ ပို့ရွယ်မှုကို ပျော်ပျော်ကြီးအသုံးပြုရန် အလိုရှိလျှင် ထိုပျော်ရွှင်မှုကို မိမိ၏ဓာတိဒေသတွင် ငါ ရနိုင်မည် မဟုတ်ပေ။ ဓာတိဒေသတွင်ကား ငါ၏ဆွေမျိုးတော်စပ်သည့် ဓာတ်တူမျိုးတူများက ဖျက်ဆီးကြလိမ့်မည်။ ထို့နောက် ငွေကိုလည်း ရေကဲ့သို့ သုံးစွဲရလိမ့်မည်။-ဟု ငါ အမှန်သိသည်။ နည်းကောင်းတစ်ခုကို ငါ စဉ်းစားမိသည်။

ငါသည် ပြဇာတ်အဖွဲ့တစ်ခုကို ဖွဲ့စည်းသည်။ သို့ရာတွင် မဂဓနယ်အပြင်ဘက်သို့ သွား၍ ဖွဲ့စည်းသည်။ ငါ့မိတ်ဆွေများလည်း အရည်အချင်းရှိသူ အနုပညာသမားများချည်း ဖြစ်သည်။ စည်းကမ်းဖျက်သူ၊ အမြွောက်အပင့်ဝါသနာပါသူ၊ လူအလူည့်များကို ငါ ဘယ်တော့မှ သဘောမကျ။ ငါသည် ငါ၏ပြဇာတ်အဖွဲ့တွင် အလှမကလေးအမြောက်အမြားကို ထည့်သွင်းထားသည်။ ၄င်းတို့တွင် အားလုံး ပြည့်တန်ဆာမချည်း မဟုတ်ပေ။

ဤအကြိမ် ခရီးထွက်ရာတွင် ကပြရန်အတွက် ရတနာဝလီ၊ ဝိယဒဿိကာ အစရှိသော ပြဇာတ်အရှည်,အတိုများကို ရေးသားသည်။ ငါ့အတွက် အနုပညာသည် ပို့ရွယ်ပျော်ရွှင်မှု၏ အစိတ်အပိုင်း ဖြစ်သည်။ အနုပညာကို 'အားပေးသည့်အတွက် အနုပညာကို သဘောကျသောသူများက ငါ့အား ချီးမွမ်း ထောမနာ ပြုကြလိမ့်မည်။

ငါကမူကား ဘဝအရသာကိုလည်း ခံစားသည်။ သင်တို့အားလည်း ရတနာဝလီ၊ ဝိယဒဿိကာ အစရှိသော ပြဇာတ်များကိုလည်း ပေးအပ်ခဲ့သည်။ အခြားသူများကား ကိုယ်ပျော်ဖို့ တစ်ခုတည်းကိုသာ သိကြသော စည်းစိမ်သမား ဖြစ်ကြသည်။

ဝါဏသည် ဟဿဘုရင် ကျေနပ်တော်မူအောင် သူ၏ပြဇာတ်များကို ဟဿဘုရင်၏အမည်ဖြင့် ရေးသားဖြန့်ချိခဲ့သည်။-ဟု လူအမျိုးက ပြောကြလိမ့်မည်။

• မြန်မာပြန်သူသည် အပိုင်း ၂ ကို စကားပြောဟန်နှင့် မရေးထားပါ။ အပိုင်း ၃ ၌ စကားပြောဟန်ပြန်ရေးထားသည်ကို တွေ့ရပါသည်။ စတုတ္ထအကြိမ် ထုတ်ဝေသူမှတ်ချက်။

အိမ်မှထွက်ခွာလာပြီးနောက် ပြဇာတ်များကို ရေးသောအချိန်က ဟဿဘုရင်၏ အမည်မှတစ်ပါး သူ့အကြောင်းကို ငါ ဘာမှ မသိရသေး။-ဟု သူတို့ သတိထားမိကြမည် မဟုတ်ပေ။

'ထိုစဉ်အခါက ငါ့အား ဟဿဘုရင်က ခေါ်တော်မူ၍ မင်းပွဲသဘင်ကို စာဆိုတော်တစ်ဦးအဖြစ် မြှောက်စားလိမ့်မည်။-ဟု ငါ မသိခဲ့။ ငါသည် ငါ့ကို လူမသိစေရုံမျှ ရည်ရွယ်၍ အဆိုပါပြဇာတ်ရေးသူကို 'ဟဿဘုရင်'ဟု အမည်တပ်လိုက်ခြင်း ဖြစ်သည်။ အဆိုပါပြဇာတ်များကို ဖတ်ရသောသူများသည် ပြဇာတ်တန်ဖိုးကို သိကြသည်။ ပြဇာတ်များကား လုံးဝအသစ်စက်စက် မူရင်းတိုင်း ဖြစ်ကြသည်။ ပြဇာတ်များကို ကြည့်ရှုကြသောသူများတွင် ဂုဏ်သရေရှိပုဂ္ဂိုလ် အများအပြား ပါဝင်သည်။ ပညာရှိများ, မင်းစိုးရာဇာများ၊ အထူးသဖြင့် အနုပညာသည်များ ၄င်းပြဇာတ်များကို လာရောက်ကြည့်ရှုကြသည်။ အဆိုပါပုဂ္ဂိုလ်များ ငါ့ကို သိသွားကြလျှင် ပြဇာတ်အဖွဲ့ကို ငါအုပ်ချုပ်ထားခွင့် ရတော့မည် မဟုတ်ပေ။ လူအများပင် စာဆိုတော်ကြီး ဝါဏနောက်သို့ လိုက်ကြတော့မည်။ ငါသည် ဟဿမှလွဲ၍ ကာမရူပ (အာသာမ်)မှ သိန္ဓုမြစ်အထိ၊ ဟိမဝန္တာတောင်မှ သီဟိုဠ်ကျွန်း အနုရာဓမြို့တော်အထိ မင်းပွဲသဘင်များတွင် ငါ၏ ပြဇာတ်များကို ကပြခဲ့ဖူးလေပြီ။

သင်တို့ စဉ်းစားကြည့်စေချင်သည်။ ကာမရူပဘုရင်, သီဟိုဠ်ဘုရင်, ကုန္တလဘုရင်တို့က 'ပြဇာတ်များကိုရေးသားသူ စာဆိုတော်ကြီးကား ဤ ဝါဏပင်တည်း။'ဟု သိသွားပါမူ နောက်ထပ် လှည့်ပတ်သွားလာရခြင်းများ, ပျော်ပျော်ကြီးနေရခြင်းများကို အဘယ်မှာ ရပါတော့အံ့နည်း။ ငါသည် မင်းပွဲဝင် စာဆိုတော်တစ်ဦး မဖြစ်ချင်။ ငါသည် ဟဿဘုရင်၏ ဝိုင်နက်တွင် နေထိုင်ရသူတစ်ယောက် မဟုတ်ပါမူကား ဟဿဘုရင်၏ စာဆိုတော်တစ်ဦးလည်း လုပ်မည် မဟုတ်ပေ။ ငါအလိုရှိသောအခါ ငါ့အဖထံမှ ပစ္စည်းဥစ္စာအလုံအလောက် ရသည်။

ဟဿဘုရင် ပြောချက်အရဆိုလျှင် ငါ့ကို 'ကြာသမားတစ်ဦးသက်သက်'ဟု ထင်နိုင်ပေသည်။ ငါ၏ ပြဇာတ်အဖွဲ့တွင် ပြည့်တန်ဆာမများ အရောက် အလွန် နည်းပါးပါသည်။ ရောက်လာသမျှကိုလည်း အက, အဆို, ဟန်အမူအရာ, အနုပညာအရည်အချင်းအရ ရွေးကောက် ယူငင်ထားပါသည်။ ငါ၏ အနုပညာ မိုးကောင်းကင်တွင်ရှိသော ကြယ်တာရာများကား 'မူတစ်မျိုး'အားဖြင့်သာ ငါ့ထံသို့ ရောက်လာကြခြင်း ဖြစ်သည်။ နောင်သောအခါ ဘာဖြစ်မည်ကိုကား မသိ။

သို့သော် ထိုစဉ်အခါက တစ်တိုင်းပြည်လုံးရှိ မိန်းမပျိုကလေးများသည် ဘုရင်နှင့် ဘုရင့်လက်အောက်ခံ ပဒေသရာဇ်များပိုင် ပစ္စည်းများသာ ဖြစ်နေတော့သည်။ ဗြဟ္မဏအမျိုးသမီးများပင် ဖြစ်စေ, ခတ္တိယအမျိုးသမီးများပင် ဖြစ်စေ၊ ဘုရင်နှင့် ပဒေသရာဇ်များပိုင်ပစ္စည်းများသာ ဖြစ်ရလေသည်။

ငါ၏အဒေါ်ကို မဂဓနယ် မောခရ်လူမျိုး ပဒေသရာဇ်တစ်ဦးက အတင်းဗလက္ကာရဆောင်ကြဉ်းသွားလေသည်။ ထိုပဒေသရာဇ်ကား ကွယ်လွန်ခဲ့လေပြီ။ အဒေါ် အသက်အရွယ်ကြီးသောအခါ ငါတို့ အိမ်သို့ ပြန်လာ၍ နေထိုင်သည်။ အဒေါ်သည် ငါ့အား အလွန်ချစ်ခင်လေသည်။ ငါသည် အဒေါ် ပဒေသရာဇ် နှင့်ဆက်ဆံခဲ့ခြင်းကို ဘယ်အခါမှ ထည့်၍မစဉ်းစားပေ။ နောက်ဆုံး အားမဲ့ရှာသောမိန်းမသားတွင် အဘယ်မှာ အပြစ်ရှိပါအံ့နည်း။ 'ချောမောလှပသော မိန်းမပျိုများ နည်းပါးသည်'မှာ မှန်သည်။ သို့သော်လည်း အခွင့်အရေးရစ ပဒေသရာဇ်ပေါက်စကလေး တစ်ယောက်မှာပင် မိန်းမချောမိန်းမလှကလေးများ အဘယ်မျှများပြားနေသည်ကို လူတိုင်းပင် သိကြသည်။ ပဒေသရာဇ်များသည် မိန်းမချော, မိန်းမလှကလေးများရအောင် နည်းအမျိုးမျိုး ရှာကြံကြသည်။

အချို့အချို့သော ပဒေသရာဇ်များကား 'လင့်အိမ်သို့ မသွားမီ ပထမညတွင် မိန်းမပျိုကလေးများကို သူတို့ ဝိုင်ဆိုင်သည်။'ဟု သတ်မှတ်ထားကြလေသည်။ ထိုသတ်မှတ်ချက်ကိုပင် 'ဘာသာရေးကျင့်ဝတ်

တစ်ခု'ဟု လူများက ထင်မှတ်လာကြလေသည်။ သူတို့၏သမီးများ, မယားများ,နှမများကို ထမ်းစင်ပေါ်တွင် တင်၍ နန်းတွင်းဆောင်သို့ တစ်ညအတွက် ပို့ဆောင်ကြရလေသည်။ ထမ်းစင်တွင်တင်၍ မပို့လျှင် တစ်မြို့လုံး ပြုတ်ပြုတ်ပြုန်းရမည်သာ ဖြစ်လေသည်။ ကျေနပ်တော်မူလျှင် နန်းတွင်းဆောင်တွင်းသို့ သွင်းထားလေတော့သည်။ သို့သော် မိဖုရားအနေနှင့် မဟုတ်။ အစေအပါးအနေနှင့်သာ ထားသည်။ မိဖုရားဖြစ်ဖို့ အခွင့်အရေးကိုကား ဘုရင့်သမီးတော်များနှင့် ပဒေသရာဇ်သမီးတော်များသာ ရနိုင်လေသည်။

နန်းတွင်းဆောင်တွင် ရှိနေကြသော ထောင်ပေါင်းများစွာ မိန်းမပျိုများတွင် ဘုရင်၊ သို့ ပဒေသရာဇ်များနှင့် တစ်ညထက် ပို၍မတွေ့ရဖူးသော မိန်းမသာ များလေသည်။ သူတို့၏ပျိုရွယ်မှုက သူတို့ထံမှ ဘာများ တောင်းဆိုနေကြမည်ကို စဉ်းစားကြည့်ပါလေ။

ငါ၏ ပြဇာတ်အဖွဲ့တွင် ပြဇာတ်မင်းသမီးများသည် များသောအားဖြင့် နန်းတွင်းဆောင်များမှ လာကြသူကလေးများ ဖြစ်သည်။ တိတ်တိတ်ခိုး ထွက်ပြေးလာကြခြင်း မဟုတ်ပေ။ 'အကောင်း' ထင်လိုကလည်း ထင်နိုင်သည်။ 'အဆိုး' ထင်လိုကလည်း ထင်နိုင်သည်။ ငါသည် ဘုရင်နှင့် ပဒေသရာဇ်များကို ကိုယ်ဘက်သို့ ချက်ချင်းပါလာအောင် ဆွဲဆောင်ရာတွင် သွက်လက်ချက်ချာလှပေသည်။ နိုင်ငံရေးသဘောနှင့် မဟုဝ်ပါ။ နိုင်ငံရေးလုပ်ဖို့လည်း ငါ့တွင် ရည်ရွယ်ချက် မရှိပါ။ ဘုရင်နှင့် ပဒေသရာဇ်များက ငါ့အား ချီးကျူးထောမနာပြုထားသော ထောက်ခံစာ ရာပေါင်းများစွာကပင် ငါ့စွမ်းရည်ကို သက်သေခံနေကြပေသည်။ ဘုရင်, ပဒေသရာဇ်များက အနုပညာကို ချီးမွမ်းထောမနာ ပြုကြသောအခါ ငါက အနုပညာသည်တစ်ယောက်၏ ငိုချင်မျိုးဖြင့် ငိုချင်းချပြသည်။

''အရှင်မင်းကြီး။ မိန်းမပျိုတွေရှိပါလျက် အနုပညာသည်များမှာကား ရကို မရကြပါ။ ဘယ်ပုံကြံရပါမည်နည်း အရှင်မင်းကြီး။''

''ဘာကြောင့် မရတာသနည်း။''

''တစ်ရက် နမ်း, တစ်ရက် ပွေ့, တစ်ရက် အတူအိပ်ပြီးနောက် သိန်းပေါင်းများစွာ မိန်းမပျိုများကို နန်းတွင်းဆောင်တွင်းသို့ချည်း သွင်းပိတ်ထည့်ထားခဲ့ပါ၍ အနုပညာသည်များ အဘယ်မှာ မယား ရပါတော့အံ့နည်း အရှင်မင်းကြီး။''

''ဆရာကြီးပြောချက် မှန်ပေသည်။ ငါလည်း စဉ်းစားမိသည်။ သို့သော် တစ်ကြိမ် နန်းတွင်းဆောင်သို့ ဆောင်ယူပြီးနောက် သူတို့အား ဘယ်နည်းနှင့် ပြန်သွားခွင့် ငါတို့ ပြုနိုင်အံ့နည်း။''

ထိုအခါ ငါသည် ဇကရာဇ်, ပဒေသရာဇ်များအား နည်းလမ်း ညွှန်ပြလေသည်။ ထိုရက်များတွင် ကခြင်း, သီခြင်း, သင်ကြားရန်မှာ ဘုရင့်သမီးတော်, ပဒေသရာဇ်သမီးတော်များနှင့် နန်းတွင်းသူများအတွက် မလွဲမရှောင်သာသော ကိစ္စတစ်ရပ်ကဲ့သို့ ဖြစ်လေသည်။ သူတို့အတွက် အစာနှင့် ရေ အရေးကြီးသကဲ့သို့ အရေးကြီးလာလေသည်။ ငါသည် မိမိ၏ လိမ္မာကျွမ်းကျင်ပြီးသား မိန်းမများကို ပို့လေသည်။ ဘုရင်က သူ၏ နန်းတွင်းသူများကို အဆို,အကသင်ရန် ထိုမိန်းမများထံသို့ သွားရန် ပြောသည်။ ငါတို့သဘောကျသော မိန်းမကို တွေ့သောအခါ နန်းတွင်းသူ၏ ဒုက္ခရောက်ပုံ, အနုပညာသည်ဘဝ၏ သုခရှိပုံများကို ထင်မြင်လာအောင် ပြောပေးသည်။

'ဘုရင်သည် ငါတို့အဖွဲ့မှ ကျွမ်းကျင်လိမ္မာသော ကချေသည်မတစ်ဦးကို နန်းတွင်းဆောင်တွင် အဆင့်အတန်း မြှင့်ပေးလိုက်သကဲ့သို့ သင့်ကိုလည်း အလားတူ မြှင့်ပေးနိုင်ကြောင်း၊ နောင် ဆက်လက်၍ အခွင့်အရေး ရမည်ဖြစ်ကြောင်းများ'ကိုလည်း သူ့အား ပြောပေးသည်။ ဤမျှလောက် ပြောပြလိုက်လျှင်ပင် မိန်းမပျိုကလေးပေါင်းများစွာ သဘောကျသွားသည်မှာ သဘာဝအတိုင်းပင် ဖြစ်သည်။ သို့သော်လည်း

ဗြာဟ္မဏများ, ပဒေသရာဇ်များက
အမျိုး သန့်သန့်ရှင်းရှင်းဖြစ်ရန်
နည်းသစ်တစ်ခု ရှာဖွေထုတ်ဖော်ကြသည်။
ထိုနည်းကား မုဆိုးမများကို
အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်း ဖြစ်သည်။
မိန်းမများကို ဤကဲ့သို့ အရှင်လတ်လတ်
မီးရှို့သတ်ဖြတ်ခြင်းကို 'မကောင်းမှုကြီးတစ်ခု' ဟု
မယူဆဘဲ၊ 'ကောင်းမှုကုသိုလ်ကြီးတစ်ခု' ဟု

ငှင်းတို့အထဲမှာ အရည်အချင်းအရှိဆုံးကိုသာ ငါတို့က ယူကြသည်။ ဘုရင်များသည် တစ်ဘဝတာတွင် တစ်ခါမျှ ပေါင်းဖော်ရန်အတွက် ထောင်ပေါင်းများစွာသော မိန်းမပျိုများအား နန်းတွင်းဆောင်တွင် ဧလှောင်ထားခဲ့လျှင်၊ နန်းတွင်းဆောင်သို့ ယောကျ်ားသားများ မဝင်ရအောင် ကျပ်တည်းစွာ မည်မျှပင် ပိတ်ပင်တားမြစ်ထားစေကာမူ တစ်စုံတစ်ရာ ထူးခြားမည်မဟုတ်ပေ။ မိန်းမစိုး ဗြာဟ္မဏအိုကြီးက မိန်းမပျိုကလေးများ၏ အပျိုစိတ်ကို ဝိတ်ဆို့ ဆီးထားတားနိုင်မည် မဟုတ်ပေ။

လင်သေသောမိန်းမများ လင်နှင့်အတူ လိုက်၍သေရသော သတီစနစ်ကို ငါက ဆန့်ကျင်သော အခါ လူယုတ်မာများ (ကမ္ဘာပေါ်တွင် ဗြာဟ္မဏများနှင့် ဘုရင်များထက်ယုတ်မာသော လူယုတ်မာ) တစ်ယောက်မျှ မရှိနိုင်။ အကြီးအကျယ် အော်ဟစ်ဆူညံလာကြသည်။

'ကိုယ်ဝန်ဖျက်ချမှု, မုဆိုးမအိမ်ထောင်ဆက်မှုများ ပြန့်ပွားအောင် ကြိုးစားနေသည်။' ဟု ငါ့ကို သူတို့က စွပ်စွဲလာကြသည်။

ကိုယ်ဝန်ဖျက်ချမှုကို လုံးဝ ငါ မကြိုက်။ သို့သော် မုဆိုးမအိမ်ထောင်ဆက်မှုကိုကား ခြွင်းချက်မရှိ လက်ခံသည်။ ဂုတ္တဘုရင်များ လက်ထက်မှစ၍ ငါတို့ ရှေးဟောင်းဘာသာများသည် တစ်မျိုးပြီးတစ်မျိုး ဖြစ်လာခဲ့သည်။ ငါတို့၏ ရှေးဟောင်းဝေဒဆောင် ပုဂ္ဂိုလ်များသည် နွားသားမပါဘဲ မည်သည့်ဧည့်သည်ကိုမှ ဧည့်မခံကြပေ။ ယနေ့သော်ကား 'နွားသားစားခြင်းကို ဘာသာရေးနှင့် ဆန့်ကျင်ဘက်ကြီး' ဟု အမှတ်အသား ပြုနေကြသည်။

ငါတို့၏ ရဿေကြီးများက 'မတ် (ဒေဝရ-တိယဝရ-ဒုတိယလင်) များနှင့် မုဆိုးမများ အိမ်ထောင်ဆက်ခြင်းကို လုံးဝ လျောက်ပတ်သင့်မြတ်လှပေသည်။' ဟု အသိအမှတ် ပြုထားခဲ့ကြသည်။ ဗြာဟ္မဏ အမျိုးသမီးဖြစ်စေ, ခတ္တိယ အမျိုးသမီးဖြစ်စေ၊ 'ပို့ရွယ်နုနယ်သေးသော မုဆိုးမတစ်ယောက်သည် ၆ လ - ၁ နှစ်ထက်ပို၍ လင်နှင့် ကင်းကွာမနေနိုင်။' - ဟုလည်း ယုံကြည်သည်။

ယနေ့သော်ကား 'မုဆိုးမအိမ်ထောင်ဆက်ခြင်းကို ဘာသာနှင့် ဆန့်ကျင်သည်။' -ဟု အယူရှိကြသည်။ အဆိုပါ 'ကောက်ကရ' ဖြစ်သော ဟိန္ဒူ ဘာသာသစ်ကိုယ်တိုင်၏ အရင်းမူလ ဂုတ္တဘုရင်ဆွေစဉ် မျိုးဆက်များတွင်ကား- စန္ဒဂုတ္တ ဝိက္ကမာဒိစ္စ ဘုရင်သည် ရာမဂုတ္တ၏မယားကို လင်သေမုဆိုးမ မဟုတ်။ လင်ကြီးငုတ်တုတ်နှင့်ပင် ကြင်ဖက်တော် မြှောက်ခဲ့သည်။

ပို့ရွယ်နုနယ်သေးသော မိန်းမကို မုဆိုးမအဖြစ်နှင့် နေရန် ဗြာဟ္မ-ဇီသျှဏူ မဟေသရများလည်း ဝိတ်ဆို့ဆီးတား မထားနိုင်ပေ။ မိမိတို့ကိုယ်တိုင် ကိုယ်စီကိုယ်ငှ အသီးသီး မယားလက်ရှိနှင့် ဖြစ်ပါလျက်၊

သူများမယားနောက်သို့ တကောက်ကောက်လိုက်နေသည့် လူများအကြားတွင် ဘယ်ပါးစပ်နှင့် ကန့်ကွက်မည်နည်း။ ပျိုပျိုရွယ်ရွယ်မိန်းမတစ်ဦးကို မုဆိုးမအဖြစ် ထားရှိခြင်းကြောင့် ဖြစ်ပေါ်လာသောအကျိုးကား ကိုယ်ဝန်ကို ဖျက်ချရခြင်းမျှသာ ဖြစ်သည်။ အကြောင်းမူကား ကလေးမွေးလာ၍ စောင့်ရှောက်နေရလျှင် 'မုဆိုးမအိမ်ထောင်ဆက်ခြင်း'ကို ဝန်ခံရာ ကျပေမည်။ ထိုကဲ့သို့ အဖြစ်မခံချင်။

ဤကဲ့သို့ ဖြစ်လာမည်ကို ကြောက်သဖြင့် ယခုအခါ ဗြာဟ္မဏများ, ပဒေသရာဇ်များက အမျိုးသန့်သန့်ရှင်းရှင်းဖြစ်ရန် နည်းသစ်တစ်ခု ရှာဖွေထုတ်ဖော်ကြသည်။ ထိုနည်းကား မုဆိုးမများကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်း ဖြစ်သည်။ မိန်းမများကို ဤကဲ့သို့ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်းကို 'မကောင်းမှုကြီးတစ်ခု'ဟု မယူဆဘဲ၊ 'ကောင်းမှုကုသိုလ်ကြီးတစ်ခု'ဟု ယူဆကြလေသည်။ နှစ်စဉ်နှစ်တိုင်း သိန်းပေါင်းများစွာသော မိန်းမပျိုပျိုရွယ်ရွယ်ကလေးများကို အတင်း ဗလက္ကာရ မီးစာကျွေးနေသည်ကို မြင်ပါလျက် နတ်များ၏နှလုံးသားသည် တစ်စုံတစ်ရာကြေကွဲထိခိုက်မှု မရှိခဲ့။ ထိုနတ်များ၏ အသည်းနှလုံးများသည် ကျောက်ခဲများသော်လည်း ဖြစ်ရမည်။ လုံးဝ အသည်းနှလုံး မရှိခြင်းသော်လည်း ဖြစ်ရမည်။

'မိန်းမများကိုယ်တိုင် သူတို့စိတ်နှင့် သူတို့ မီးထဲသို့ ဝင်ကြသည်။'-ဟု ဆိုကြလေသည်။

လူညစ်, လူပွေ, လူယုတ်မာ။ အဘယ်ကြောင့် ဤမျှ မဟုတ်မမှန်သောစကားကို ဆိုရလေသနည်း။

အဆိုပါဘုရင်များ၏ နန်းတွင်းဆောင်မှ တစ်ညမျှ ထိဖူး,တွေ့ဖူးရှိလိုက်သော ကုပေါင်းများစွာ မိန်းမများအနက် သင်မီးဖုတ်လိုက်ရသော မိန်းမ ဘယ်နှဦး ရှိသနည်း။ ထိုမိန်းမများသည် လူတိရစ္ဆာန်များအပေါ် 'အချစ်'ဆို၍ အနှည်းအကျဉ်းသာ ရှိသည်။ ထိုလူတိရစ္ဆာန်ကလည်း မိန်းမများကို တစ်သက်လုံး သုံ့ပန်းသဖွယ် ချုပ်နှောင်ထားသည်။ တစ်ဦးတစ်ယောက်သော မိန်းမသည် အချစ်ရူး, လင်တရူး ရူးသွား၍ မီးပုံတွင်းသို့ ခုန်ဆင်းသည်ကို အနှည်းအကျဉ်း တွေ့ရမည်။ ထိုမိန်းမပျို၏ ရူးသွပ်ခြင်းကိုလည်း ၂ ရက်-၃ ရက်အတွင်း အေးသွားအောင် လုပ်ပေးနိုင်သည်။

ကိုယ့်ကိုယ်ကို သတ်ခြင်းသည် ဘာသာတရားတစ်ခုလေလော။

ယုတ်မာကောက်ကျစ်သော ပရောဟိတ်နှင့် ဘုရင်ဘက်တော်သားဖြစ်သော သင်တို့သာ 'အဖျက်သမားများ' ဖြစ်နေကြသည်။ ပယာဂမြစ်ဆိပ်တွင်ရှိသော ပညောင်ပင်ပေါ်မှ ယမုန်နာမြစ်တွင်းသို့ ခုန်ဆင်း၍သေခြင်းကို 'ဘာသာတရား'ဟု လူယုတ်မာများက ပြောနေကြသည်။ ထိုစကားကို အကြောင်းပြု၍ နှစ်စဉ်နှစ်တိုင်း ထောင်ပေါင်းများစွာသောအရူးများ သေ၍ ကောင်းကင်ဘုံသို့ ရောက်နေကြသည်။

ကေဒါရခဏ္ဍ (ကေဒါရတောင်)ပေါ်ရှိ သပ္ပထအမှန်လမ်းသို့ သွား၍ နှင်းခဲထဲတွင် အအေးခံသည်ကို လူယုတ်မာများက 'ဘာသာတရား' ဟု ပြောနေကြသည်။ ထိုစကားကို အကြောင်းပြု၍ နှစ်စဉ်နှစ်တိုင်း သပ္ပထလမ်းအတိုင်း ရာပေါင်းများစွာသောဝိညာဉ်များ ကောင်းကင်ဘုံသို့ ကြွမြန်းကြသည်။

ငါသည် ကိုယ့်ကိုယ်ကိုသတ်ကြသော အဆိုပါနည်းအားလုံးကို ဆန့်ကျင်သောအသံများ မထုတ်ဖော်နိုင်အောင် ဖြစ်နေသည်။ အကြောင်းကား အခြား မဟုတ်။ ငါသည် ဗြာဟ္မဏများအကြားတွင် ဘုရင်ကို မှီတင်းနေထိုင်ရသောကြောင့် ဖြစ်လေသည်။

ငါသည် ဘုရင်ကို မှီတင်းနေရတုန်း ရှိသေး၏။ သို့သော် စိတ်ပါ၍နေခြင်း မဟုတ်။ ငါ့တွင် သိပ်သိပ်သည်းသည်းနှင့် စားသုံးသွားပါက တစ်သက်တာ ချမ်းချမ်းသာသာစားသုံးသွားရန် ပစ္စည်းဥစ္စာ အလုံအလောက် ရှိသည်။ ငါသည် ငါ၏ခေတ်တွင်ရှိကြသော ဘာသာရေးတံခွန်ထူသည့် ဘုရင်များ, ဗြာဟ္မဏများထက် အများကြီး ပို၍ စောင့်စည်းနိုင်ပါသည်။ ဟာသဘုရင်နှင့် အခြားသောရသေ့မင်းများ

ကဲ့သို့ 'ပန်းပေါင်းစုပ်' လာခရုမွှေ အသိန်းသောမိန်းမချောကလေးများကို သုံးဆောင်စုပ်ယူသူလုပ်ရန် မနေနိုင် မထိုင်နိုင် ဖြစ်မနေပါ။ အများဆုံး ငါ့တွင် မိန်းမချောမိန်းမလှ ၁၀၀ မျှလောက်သာ ရှိသည်။ ထို ၁၀၀ မျှသောမိန်းမများနှင့် ဘယ်အချိန်မဆို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနေသည်။

သို့သော် ငါ့အိမ်, ငါ့ပစ္စည်းအလုံးစုံ ဟဿဘုရင်၏ဝိုင်နက်တွင် ရှိနေ၍ ဘုရင့်တမန်တော်တစ်ယောက်ပြီးတစ်ယောက် နေကြသောအခါတွင်ကား ငါသည် အဘယ်မှာ 'မင်းပွဲသဘင်ကို မဝင်လို'ဟု ငြင်းဆိုနိုင်ပါတော့အံ့နည်း။ အကယ်၍ ငါသည်လည်း အဿဃောသတစ်ဦး, အိုးအိမ်စည်းစိမ်နှင့် မပတ်သက်သူတစ်ဦး ဖြစ်ခဲ့ပါမူကား ဟဿဘုရင်ကို အရေးလုပ်လိမ့်မည် မဟုတ်ပေ။

ဟဿဘုရင်နှင့်ပတ်သက်၍ သင်တို့က ငါ၏ လျှို့ဝှက်သောထင်မြင်ချက်ကို မေးမြန်းကြလျှင် 'သူခေတ်သူအခါတွင် ဟဿဘုရင်သည် လူဆိုးတစ်ယောက်၊ ဘုရင်ဆိုးတစ်ပါး မဟုတ်။'ဟု ငါ ဖြေဆိုမည်။ ဟဿဘုရင်နှင့် သူနောင်တော်ရဖွဝဒ္ဒနတို့ တစ်ယောက်တစ်ယောက် အလွန်ပင် ချစ်ကြည်ကြသည်။ အကယ်၍ ငါတို့၏ဘာသာရေးဆရာများက 'နောင်တော်နှင့် အတူလိုက်၍ မီးသင်္ဂြိုဟ်ခံရန်' တာဝန်ပေးခဲ့ကြလျှင်၊ သို့မဟုတ် အကြံဉာဏ် ပေးခဲ့ကြလျှင် ဟဿဘုရင်က အသင့် လိုက်နာပေလိမ့်မည်။

သို့သော် သူတွင် အပြစ်များလည်း ရှိသည်။ အကြီးဆုံးအပြစ်ကား အချီးမွမ်းခံချင်ပါလျက် 'ချီးမွမ်းခံ'ကို မသာယာသူတစ်ယောက်ကဲ့သို့ ဟန်ဆောင်ခြင်း။ မိန်းမချောကလေးများကို ကြိုက်ပါလျက် သူကိုယ်သူ 'ကာမဂုဏ်ဘက်တွင် ဝါသနာကင်းသူ'ဟု အမည်ကောင်း ခံခြင်း။ ထင်ပေါ်ကျော်စောမှုကို တောင့်တလိုလားပါလျက် 'ထင်ပေါ်မှုကို အဝေးကြီးမှ ရှောင်ကွင်းသည်။'ဟု ထင်အောင် ကြိုးစားဟန်လုပ်ခြင်းများ ဖြစ်သည်။

ငါသည် ဟဿကို မမေးမစမ်းဘဲ ငါ၏ပြဇာတ်များကို 'ဟဿနိပုဏ္ဏကဝိ' (ကျမ်းကျင်လိမ္မာသော စာဆိုဟဿ)၏အမည်နှင့် ထုတ်ဖော်ရခြင်းအကြောင်းကို ငါ ပြောခဲ့ဖူးပြီ။ သို့သော်လည်း ထို အကြောင်းကို သိပြီးနောက် နေ့နေ့ည‌ည တွေ့ဆုံနေရပါလျက်လည်း ''ဝါဏ။ ယခုအခါ ဤပြဇာတ်များကို သင့်အမည်နှင့် ထင်ရှားအောင်လုပ်လေ။'' ဟု ဟဿဘုရင် တစ်ခါမှ မပြောဖူးပါ။ ဤကိစ္စမှာ အလွန်လွယ်ကူသောကိစ္စ ဖြစ်သည်။ သူနှင့်စပ်ဆိုင်ရာ ပဒေသရာဇ် မင်းပွဲသဘင်ဝင်များရှေ့တွင် သိရီဟဿ နိပုဏ္ဏောကဝိနေရာတွင် 'သီရိဝါဏော နိပုဏ္ဏောကဝိ'ဟု တပ်၍ (သူ့အမည်အစား ငါ့အမည် တပ်၍) ပြဇာတ် တစ်ကြိမ်မျှ ကပြလိုက်ဖို့သာ အရေးကြီးသည်။

ကမ္ဘာကြီးကို သူတည်နေပုံ အမှန်အတိုင်းသာ သရုပ်ဖော်လိုသောဆန္ဒ ငါ့မှာ ပြင်းပြစွာရှိနေသည်။ အကယ်၍ ငါသည် ခရီးသွားလာလှည့်ပတ်နေသော နှစ်ပေါင်း ၁၂ နှစ် မကြာခဲ့လျှင် ထိုဆန္ဒမျိုး ပေါ်ကောင်းမှ ပေါ်မည်။ ပေါ်လာသည် ထားဘိဦး။ ထိုဆန္ဒကို ဖြည့်တင်းနိုင်မည် မဟုတ်ပေ။

အဏ္ဏောဒ (ရေကြည်)အိုင်ကို ဖွဲ့ဆိုရေးသားသောအခါ ဟိမဝန္တာတောင်ခြေရှိ လှပသောမြေပြင်သည် ငါ့ရှေ့တွင် ထင်နေသည်။ ကာဒမ္ဗရီအဆောင်တော်ကို ဖွဲ့ဆိုရာ၌ ဟိမဝန္တာ၏ရှုခင်းတစ်ခုသည် ငါ့ရှေ့တွင် ထင်နေသည်။ ငါ၏ ဗိန္ဓာဋဝီတွင် ငါကိုယ်တိုင် တစ်ခါကမြင်ဖူးသော နေရာတစ်နေရာမှာ ဒဓိဋ္ဌရဟန်းအို တစ်ပါးကို ထည့်သွင်းထားသည်။ သို့သော် ဤမျှလောက် သရုပ်ဖော်ရသဖြင့် ကလောင်ကို ငါ အနားမပေးလိုပေ။ ငါသည် ဟဿဘုရင်နှင့် အခြား ကျမ်းဝင်သတိရှိထားသော ဘုရင်များ၏ ပြာသာဒ်များ, နန်းတွင်းဆောင်များနှင့် သူတို့၏စည်းစိမ်ဥစ္စာများကို ငါ့ကျမ်းစာများတွင် သရုပ်ဖော်ထားသည်။ သို့သော်လည်း ပြာသာဒ်များနှင့် နန်းတွင်းဆောင်များ ဖြစ်လာအောင် အကြောင်းပြုလိုက်သော တဲကုပ်များနှင့် ထိုတဲကုပ်

ကလေးများအတွင် ဆင်းရဲလွန်းသောဘဝကိုကား သရုပ်ဖော်ခွင့် မရပေ။ အကယ်၍ ၄င်းတို့ကို သရုပ်ဖော်လိုက်ရလျှင် ၅နှစ် ၁ကြိမ် ပယာဂတွင် ဘုရင့်ဘဏ္ဍာတော်-(မှားသွားပါသည်) ခေါင်းပုံဖြတ်ဘဏ္ဍာများကို စွန့်ကြမူလေ့ရှိသော ဟဿဘုရင်သည် ငါ့အား 'ကြာသမား' ဟူသောဘွဲ့ ပေးရုံနှင့် ကျေနပ်တော်မမူနိုင် လောက်အောင်၊ ထီးတော်, နန်းတော်, စည်းစိမ်တော်များ အားလုံးအပေါ်တွင် အမည်းကွက်များ နာနာကြီး စွဲထင်သွားပေရာသည်။

၃

လူတွေက ငါ့ကို ဒုမ္မုခ (နှုတ်ဆိုးအကျည်းတန်)လို့ ခေါ်ကြတယ်။ 'ကြမ်းကြမ်းနှင့် အမှန်ပြောတတ်' လို့ ငါ့ကို ဒီနာမည် ပေးထားကြတာပဲ။ ငါတို့လက်ထက်မှာ တခြား ကြမ်းကြမ်းနှင့် အမှန်ပြောတတ်တဲ့ လူတွေ တစ်ခါတစ်ခါ တွေ့တတ်တယ်။ ဒါပေမယ့် သူတို့ဟာ ရူးသလိုပေါသလို လုပ်လုပ်ပြီး ပြောတတ်ကြတယ်။ ဒါကြောင့် သူတို့ကို တချို့က 'တကယ့်အရူးအပေါတွေ'လို့ ထင်ကြတယ်။ တချို့ကတော့ 'သိရိပဗ္ဘတကကြွလာတဲ့ အံ့ဩစရာသိဒ္ဓိပေါက်'လို့ ထင်ကြတယ်။ ငါလည်း အဲဒီ သိရိပဗ္ဘတခေတ်က ထူးထူးခြားခြား အကောင်းစား သိဒ္ဓိပေါက်တစ်ယောက် ဖြစ်နိုင်တာပေါ့။ အဲဒီအခါ ငါ့နာမည်လည်း 'ဒုမ္မုခ' ဖြစ်တော့မှာ မဟုတ်တော့ဘူး။ ဒါပေမယ့် ဒီလိုလူတွေကို လှည့်ပတ်ညာဝါးတာ ငါ မကြိုက်ဘူး။ လူတွေကို 'လှည့်ပတ် ညာဝါးတယ်' ထင်လို့ပဲ နာလန္ဒာကို စွန့်ခွာလာခဲ့တာ။ ဒီလို မစွန့်ခွာရင် ငါလည်း နာလန္ဒာက ပဏ္ဍိတ်, မဟာပဏ္ဍိတွေမှာ အပါအဝင် ဖြစ်နေမှာပေါ့။

နာလန္ဒာမှာ ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရတယ်။ သူဟာ အမှောင်ထဲမှာ မီးခဲတွေ ပစ်ခတ်နေတယ်။ ဒါပေမယ့် လိုလားသူရော, မလိုလားသူရော သူ့နောက်မှာ ဘယ်ပုံရောက်နေတယ် ဆိုတာကိုလည်း မြင်ရတယ်။

အဲဒီ ပုဂ္ဂိုလ်အကြောင်း သိချင်ကြမှာပေါ့။ သူဟာ တခြားသူ မဟုတ်ဘူး။ တက်ကျမ်းဆရာတွေထဲမှာ အထွတ်ဆုံး၊ ထောင်ပေါင်းများစွာ လူသိုးတွေထဲမှာ လူခြင်္သေ့တစ်ယောက်ဖြစ်တဲ့ ဓမ္မကိတ္တိပေါ့။

နာလန္ဒာမှာနေတုန်း ပျားတုပ်သလို သူပြောလိုက်တဲ့ စကားက[၁]

၁- အသိဉာဏ်ထက် စာအုပ်ကို အခိုင်အမာပြုခြင်း။

၂- ကမ္ဘာပြုဂ္ဂဿရ (ထာဝရ)ကို ယုံကြည်ခြင်း။

၃- ရေချိုးခြင်းကို ဘာသာရေးတစ်ခု လုပ်လိုခြင်း။

၄- မွေးကတည်းက ဇာတ်မြင့်လာသည်။-ဟု မာန်မူခြင်း။

၅- မကောင်းမှုပျောက်အောင် ကိုယ်ကို ပူပန်စေခြင်း။

ဤ ၅ ပါးတို့ကား ဉာဏ်ပညာ ပျက်စီးနေသောသူတို့၏ မိုက်မဲမှု အမှတ်လက္ခဏာတို့ပေတည်း။-တဲ့။

ငါက ဓမ္မကိတ္တိကို ပြောတယ်။

"ဆရာကြီး။ ဆရာကြီးရဲ့ လက်နက်တွေဟာ ထက်ပါတယ်။ ဒါပေမယ့် အဲဒီလူတွေ မမြင်နိုင်လောက်အောင် သိမ်မွေ့နေတယ်။"

ဓမ္မကိတ္တိက ပြန်ပြောတယ်။

"ငါလည်း ငါ့လက်နက် 'မထိ' ဖြစ်နေတာကို သိတယ်။ ငါ ဖျက်ဆီးပစ်ချင်တာကို ဖျက်ဆီးပစ်ဖို့ အကာအကွယ်မပါဘဲ အကုန်လုံးမြင်နိုင်လောက်တဲ့ လက်နက်ကြမ်းကြမ်းကို ကိုင်မှ ဖြစ်မယ်။ နာလန္ဒာက ထေရ်ကြီး,ထေရ်ငယ်များဟာ အခုကတည်းက ငါ့ကို စိတ်ခုနေကြတယ်။

၁။ 'စဝဒွာမည်၊ ကဿစိကတ္တု ဝါဒေါ။ နာနေ ဓမ္မိဋ္ဌာ၊ စာတိဝါဒါဝ လေပေါ။ သန္တာပါရမ္ဘော ပါပဟာနာယစေတိ။ ဓဋ္ဌမ္ဘညာနံ ပဋ္ဌလာဂိနီ စာဘျော။' -ပမာဏဝတ္ထိက

ထိုင်နေရတာ လောကကြီးကို
ညာနေတာထက်တော့ တော်တယ်။
လမ်းပြခေါင်းဆောင် ဖြစ်သင့်တဲ့သူတွေကိုက
လောကကြီးကို လှည့်ပတ်ညာဝါးနေကြတာ
ဘယ်လောက်များသလဲ။
သင် အမြင်သား မဟုတ်လား။
ဒီအခြေအနေမျိုး တစ်တိုင်းတစ်ပြည်တည်းမှာသာ မဟုတ်ဘူး။
တစ်ကမ္ဘာလုံးမှာပဲ ဖြစ်နေပုံရတယ်။

''နာလန္ဒာဟာ ပြပွဲတစ်ခုပဲ။ နာလန္ဒာကို ရောက်လာတဲ့ စာသင်သားတွေဟာ ဘယ်တော့မှ ကျယ်ပြန့်တဲ့လောကကို မကြည့်နိုင်တဲ့ လူတွေပဲ။ နာလန္ဒာက စာသင်သားတွေဟာ သူတို့ရဲ့ အတတ်ပညာတန်ခိုးနှင့် ပညာမဲ့၊ ပညာနန့်တဲ့သူတွေကို 'မြင်းတိုက်နေကြတယ်'လို့ ငါ တကယ်များ ပြောမိရင်၊ 'တပည့်တစ်ယောက်တည်းနှင့် ထွက်သွားရမယ်။'ဆိုတာ သင် အသိပဲ။ သီလာဒိစ္စဘုရင်လှူထားတဲ့ ရွာတွေက ဆန်မွေး၊ မဆလာ၊ ထောပတ်, စွန်ပလွံသီးနှင့် အခြားလှူဖွယ်ဝတ္ထုတွေ ရနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ သီလာဒိစ္စဘုရင်ရဲ့ အပျော်ကစားစံရာ သားကောင်တွေ ဖြစ်နေကြတဲ့ ပြည်သူပြည်သား လူဆင်းရဲတွေကို တော်လှန်ရေးဒေသနာ ဘယ်မှာ ဟောတော်မူနိုင်ကြမှာလဲ။''

''ဒါဖြင့် ဆရာကြီး။ ဆရာကြီး ဒီအမှောင်ထုထဲက ထွက်ပြေးဖို့ လမ်းစများ မြင်ပါပြီလား။''

''လမ်းစလား။ ရောဂါရှိရင် ဆေး ရှိတာပေါ့။ အဆိုးတိုင်းက ထွက်ပြေးဖို့ လမ်းစတစ်ခုဟာတော့ ရှိတာပဲ။ ဒါပေမယ့် ဒီအမှောင်ထုကြီးက ထွက်ပြေးဖို့လမ်းစဟာ၊ သို့မဟုတ် ဒီဝေတ္တရဏီကြီးမိုဂ်ချောင်းကို တံတားထိုးဖို့ လူတစ်ဆက်နှင့် မဖြစ်နိုင်သေးဘူး အဆွေ။ 'ဘာကြောင့်လဲ'ဆိုတော့ အမှောင်ထုက အပြင်းအထန်အားကောင်းသလောက် တံတားဆောက်မယ့်လက်က နည်းနေတယ်။''

''ဒီလိုဆိုရင် စိတ်ပျက်ပြီး ထိုင်နေရတော့မှာလား။''

''ထိုင်နေရတာ လောကကြီးကို ညာနေတာထက်တော့ တော်တယ်။ လမ်းပြခေါင်းဆောင် ဖြစ်သင့်တဲ့သူတွေကိုက လောကကြီးကို လှည့်ပတ်ညာဝါးနေကြတာ ဘယ်လောက်များသလဲ။ သင် အမြင်သား မဟုတ်လား။ ဒီအခြေအနေမျိုး တစ်တိုင်းတစ်ပြည်တည်းမှာသာ မဟုတ်ဘူး။ တစ်ကမ္ဘာလုံးမှာပဲ ဖြစ်နေပုံရတယ်။ သီဟို, သုဝဏ္ဏဒီပ, ယဝဒီပ, ကမ္ဗောဇဒီပ, ဓမ္မာဒီပ, စီန, တုသာရ, ပါရဿ-ဘယ်အရပ်က ပညာရှိစာသင်သားများ ငါတို့နာလန္ဒာ မရောက်တာ ရှိသလဲ။ သူတို့တွေနှင့် စကားစမြည်ပြောကြည့်လိုက်ရင် သိရလာပဲ။ 'တလောကလုံးဖြင့် အမှောင်ဖုံးပြီ။'ဆိုတာ။

''ဓိဗျာပက်တမော'' (ထို- တစ်ကမ္ဘာလုံး ဖုံးလေတဲ့အမှောင်)

ဓမ္မကိတ္တိဟာ အနှစ် ၁၀၀၀ လောက်အထိ တောက်ပြောင်သွားမယ့် စကားလုံးမီးခဲတွေကို ပစ်ခတ်ပြီး ညဉ့်မှောင်အမိုက်ကို ဖြိုခွင်းဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် ခုချက်ချင်းတော့ ထိရောက်အောင်မြင်နေတာကို ငါ မတွေ့ရဘူး။ တောက်လောင်နေတဲ့ မီးတုတ်တွေကို ငါကိုယ်တိုင် ကိုင်ဆောင်ပစ်ခတ်ဖို့လည်း ဆုံးဖြတ်လိုက်တယ်။ ငါ့နာမည် 'ဒုမ္မုခ' ဖြစ်လာရတာ အဲဒီလို ဆုံးဖြတ်လိုက်တာရဲ့ အကျိုးတစ်ခုပဲ။ ဒီနေရာမှာ ရှင်းပြလိုတာကတော့ 'ကိုယ့်လျှာ ကိုယ်သုံးတယ်။' ဆိုပေမယ့် ဘုရင့်အာဏာတော်ကို တည့်တည့်ကြီး သွားမထိပါးမိဖို့ သတိပြုနေရသေးတယ်။'ဆိုတဲ့ အချက်ပါပဲ။ သတိမပြုရင် ဒုမ္မုခရဲ့ မုခ (ပါးစပ်)ဟာ

၁၀ ရက်အတွင်း ပိတ်သွားမှာပေါ့။ တစ်ခါတစ်ခါ အကာအကွယ်ယူပြီး ဝေးလံတဲ့နေရာအထိ ထွက်ထွက် သွားရတတ်သေးတယ်။

သင်တို့ဟာ 'သေပြီးတဲ့နောက်မှ မုတ္တိန့်ဉ် နိဗ္ဗာန ပေးဖို့' စကားကို ပြောနေကြတယ်။ တိရစ္ဆာန်တွေလို တုပ်နှောင်ပြီး ရောင်းချခြင်းခံနေရတဲ့ သိန်းပေါင်းများစွာကျွန်တွေကိုတော့ လွတ်မြောက်သွားအောင် ဘာကြောင့် မကြိုးစားကြတာလဲ။ နောက်ဆုံးကျတော့ ဒါ ဘာအဓိပ္ပာယ် ရှိသလဲ။

တစ်ခါက ဂယာဂပွဲတော်မှာ သီလာဒိစ္စဘုရင်ကို မေးခွန်းတစ်ခု မေးဖူးတယ်။

"မင်းကြီး။ အရှင်သည် ကြွယ်ဝချမ်းသာပြီးသား ကျောင်းကြီး, ကန်ကြီးများ, ဗြာဟ္မဏများအား ၅နှစ် ၁ကြိမ် ဤမျှများများစားစား လှူဒါန်းနိုင်ပါလျက် ၄င်းဝတ္ထုပစ္စည်းများကို ကျွန်ယောကျ်ား, ကျွန်မိန်းမများ လွတ်မြောက်ရေးတွင် အသုံးချပါက ကုသိုလ်အရှည်းအဲ့လော အရှင်မင်းကြီး။"

သီလာဒိစ္စဘုရင်ဟာ "တစ်ချိန်ကျတော့ ဖြေတော်မူမယ်။" ဆိုပြီး အချိန်ရွေ့ပစ်တယ်။ ဒါပေမယ့် ငါက နောက်တစ်ကြိမ်မေးခွန်းကို အရယူခဲ့တယ်။

အခွင့်ရအောင် ဘုရင့်နှမတော် ဘိကျွနီ 'ရဇ္ဇသီရီ'က အတင်းအကျပ်လုပ်ပေးတယ်။ ငါဟာ ရဇ္ဇသီရီရဲ့ရှေ့မှာ ကျွန်ယောကျ်ား, ကျွန်မိန်းမတွေရဲ့ ငရဲဒုက္ခမျိုးခံနေရပုံ ကွက်ကွက်ကွင်းကွင်းပေါ်အောင် ပုံဆွဲပြတယ်။ ဘိကျွနီမရဲ့စိတ်ဟာ အတော်ကို ပျော့ပျောင်းနူးညံ့သွားခဲ့တယ်။ ပြီးတော့

"အစဉ်အဆက် အကျည်းကျနေကြရတဲ့ကျွန်တွေကို ငွေနှင့်ရွေးပြီး လွတ်မြောက်ရေးရအောင် လုပ်တာဟာ အကြီးဆုံးကုသိုလ်။" လို့ ပြောပြတယ်။

ဒီစကားဟာ ဘိကျွနီမရဲ့စိတ်ထဲ စွဲသွားတယ်။ သနားစရာ စိတ်ထားဖြောင့်တဲ့မိန်းမသားတစ်ဦးဟာ ကျွန်စနစ်ရဲ့အတွင်းပိုင်းမှာ ကိုယ်ကျိုးကိုယ့်စီးပွားတွေ အကြီးအကျယ် ပုန်းအောင်းနေကြောင်းကို ဘယ်မှာ သိရှာပါ့မလဲ။ ပကတိမြေပြင်ကို နတ်ဘုံ လုပ်ပစ်လိုက်ဖို့ငတဲ့ နေ့တစ်နေ့ရောက်ရင်၊ မိုးကောင်းကင်ထဲက နတ်ဘုံ ပြုတ်ကျသွားမယ်။-ဆိုတာ ဘိကျွနီမက ဘယ်မှာ သိရှာမလဲ။

မိုးကောင်းကင်ထဲက နတ်ဘုံနှင့် မြေကြီးအောက်က ငရဲဘုံ တည်ဆောက်ရအောင်၊ 'နတ်ဘုံ, ငရဲဘုံ'ဆိုတဲ့ အမည်တပ်ပြီး အမြတ်ထုတ်ရအောင် အရေးကြီးတာ ဘာလဲ။ မြေကြီးပေါ်မှာလည်း နတ်ဘုံ, ငရဲဘုံ, ဘုရင်, အလှူခံ, ကျွန်, သခင် ရှိနေဖို့ပဲ။

ဘုရင်ဟာ ငါနှင့် ကိုယ်ချင်းဆွေးနွေးတဲ့အခါ ပထမတော့ ဒီလိုပြောတယ်။

"ငါသည် တစ်ကြိမ်မျှ ဘဏ္ဍာတော်မြောက်မြားစွာ အကုန်ခံ၍ လွတ်မြောက်အောင် လုပ်ပေးတော်မူနိုင်၏။ သို့သော် နောက်ထပ် ဆင်းရဲခြင်းကြောင့် သူတို့ကိုယ်သူတို့ မရောင်းမဖြစ် ရောင်းကြရပေဦးမယ်။"

"နောင်အခါ 'လူရောင်းဝယ်မှုဟာ ဒဏ်ထိုက်တယ်။'လို့ အမိန့်မှတ်ပေးပေါ့။"

ဒီအခါ ဘုရင်ဟာ ဘာမျှမပြောဘဲ တွေးနေတယ်။

ငါဟာ သူ့ရှေ့မှာ နာဂါနန္ဒထဲက နဂါးကြီးကို နမူနာပြတယ်။ အဲဒီနဂါးကြီးဟာ တခြား သူ့အသက်ကိုကယ်ဆယ်ဖို့ ကိုယ့်အသက်ပေးဖို့ ကြိုးစားခဲ့တယ်။ နာဂါနန္ဒကို 'ဟဿဘုရင်ရေးတဲ့ပြဇာတ်'လို့ ပြောစမှတ်ပြုကြတယ်။ ဘာအဖြေ ပေးမလဲ။ နောက်ဆုံးတော့ ဟဿဘုရင်ဟာ ရဟန်း, ပုဏ္ဏားတွေရဲ့ အိတ်ကြီးတွေ ဖောင်းအောင်သိပ်လို့ ကျောင်းကြီး,ကန်ကြီး, ဘုရားကျောင်းကြီးတွေ ဆောက်လို့ရတဲ့ ကျော်စောမှုကို မျှော်လင့်သလောက်၊ ကျွန်ယောကျ်ား, ကျွန်မိန်းမတွေ လွတ်မြောက်အောင် လုပ်ပေးလို့ရတဲ့ ကျော်စောမှုကို မမျှော်လင့်ဘူး။-ဆိုတာ သိရတော့တယ်။

မင်းကြီးနိုင်ငံတော်မှာ
စက္ကာလတွေ ဘယ်လောက်များသလဲဆိုရင်
မြို့ထဲ သူတို့ဝင်လာတဲ့အခါ
လူတွေ သတိဝီရိယထားပြီး ရှောင်ရှားနိုင်အောင်၊
သူတို့နှင့်ထိမိလို့ လူတွေဟာ
မသန့်မရှင်း ဖြစ်မသွားအောင်
တုတ်များကိုင်ပြီး မြေကြီးကို ခေါက်လာရတယ်။
သူတို့ရဲ့ မသန့်ရှင်းတဲ့တံတွေးများ မြို့တွင်းက
စင်ကြယ်တဲ့မြေကြီးပေါ် မကျအောင်
ခွက်များ လက်စွဲပြီး လာကြရတယ်။

ငါ အဲဒီနေ့ကမှ ဒီဘုရင်ဟာ သီလဒီဗွ (သီလနေရောင်) မဟုတ်ဘဲ သီလန္ဓကာရ (သီလအမှောင်) ဖြစ်မှန်း သိတော့တယ်။

သနားစရာကောင်းတဲ့ သီလာဒိစ္စဘုရင်ကိုသာ ကွက်ပြီး ဘယ်မှာ အပြစ်တင်သင့်ပါမလဲ။ ခုကာလ မျိုးကြီးဆွေကြီး, မြို့ကြီးပြကြီးသားလက္ခဏာ ညီဖို့ဟာ အားလုံး တစ်ယောက်ကို တစ်ယောက် လှည့်ပတ် ညာဝါးနေကြရမှာပဲ။

'ဗုဒ္ဓခေတ်က ဓလေ့ထုံးစံအကြောင်း'- ရှေးဟောင်းဗုဒ္ဓဘာသာ ကျမ်းစာတွေထဲမှာ ဖတ်ကြည့်လို့ သိရတယ်။ ရှေးတုန်းက အရက်သောက်တာများ 'ရေသောက်တာလိုပဲ'တဲ့။ အရက်သောက်တာကို ဟိုခေတ်က 'ဥပုသ်စောင့်ခြင်းတစ်မျိုး'လို့ အမှတ်အသား ပြုကြတယ်။ ခုကာလမှာ ဗြာဟ္မဏတွေက အရက်သောက်တာကို တားမြစ်နေကြတယ်။ ဗြောင်သောက်တာကို 'ပျက်စီးရာပျက်စီးကြောင်း'လို့ အသိအမှတ်ပြုကြတယ်။ ဒါပေမယ့် ဒီလိုပိတ်ပင်လိုက်လို့ ပေါ်လာတဲ့အကျိုးကတော့၊ 'ဘာသာရေးအရ, ယောဂလုပ်ငန်းအရ သောက်ရတာ'လို့ အမည်ခံပြီး၊ 'ဘေရဝီစက္က' ခေါ် တိတ်တိတ်ပုန်း အရက်သောက်တဲ့ဂိုဏ်းတွေ ပေါ်လာတာပဲ။

'ဗြာဟ္မစရိယ (မေထုန် မမှီဝဲခြင်း) ကျင့်ဝတ်'ဆိုတဲ့ အသံဟာ မြည်ဟိန်းထွက်လာတယ်။ ဒါပေမယ့် ဖြစ်နေတာကတော့၊ ဘေရဝီစက္ကဂိုဏ်းမှာ ကိုယ့်မယား, သူမယား မရွေး၊ 'အားလုံးမိန်းမတွေ မခါးပါဘူး။' ဆိုတဲ့အထဲ ရောက်နေကြတယ်။ ဒါတင်မကသေးဘူး။ 'ဘာသာရေးဝတ်ပြုတယ်လို့ ရမယ်ရှာပြီး အမိ, နှမ, သမီးများကိုတောင် 'မခါးပါဘူး' ဆိုပြီး ပေါင်းသင်းကြတယ်။ ပရိဇိုဖ်များ, ရဟန်းများ စုမိတဲ့ နေရာမှာတော့ သဘာဝမဟုတ်တဲ့ ပေါင်းဖော်မှုများတောင် ဖြစ်နေရတယ်။ တကယ်လို့များ ဒီကမ္ဘာလောက ကြီးကို အမှန်အတိုင်း မြင်တဲ့ကြားတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သာရှိခဲ့ရင် ဒီကောက်ကျစ်မှု, ဒီမိုက်မဲမှု တွေကို ခဏကလေးတောင် သည်းခံနေမှာ မဟုတ်တော့ဘူး။

တစ်ခါတုန်းက ကာမရူပ (အာသာမ်)ကို ငါ သွားခဲ့တယ်။ ကာမရူပဘုရင်ဟာ နာလန္ဒာကို လိုလားပြီး မဟာယာနဂိုဏ်းကိုလည်း အင်မတန်ကြည်ညိုတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တယ်။ ငါက ပြောတယ်။

''မဟာယာနဂိုဏ်းသားတွေဟာ ဗောဓိသတ္တ ကျင့်ဝတ်ကို ယုံကြည်တယ် သင် မင်းကြီး။ ဗောဓိသတ္တကျင့်ဝတ်အကြောင်းကို ကြားဖူးမှာပေါ့။ 'သက်ရှိသတ္တဝါ တစ်ယောက်မျှပင်ဖြစ်စေ အကြင်မျှလောက် နောင်ဖွဲ့ခြင်းမှ မလွတ်မြောက်သေး။ ထိုမျှလောက် ငါသည် နိဗ္ဗာန်ကို မရထိုက်သေး။'လို့ ဆိုကြတယ်

မဟုတ်လား မင်းကြီး။ မင်းကြီးနိုင်ငံတော်မှာ စဏ္ဍာလတွေ ဘယ်လောက်များသလဲ ဆိုရင် မြို့ထဲ သူတို့ ဝင်လာတဲ့အခါ လူတွေ သတိဝိရိယထားပြီး ရှောင်ရှားနိုင်အောင်၊ သူတို့နှင့်ထိမိလို့ လူတွေဟာ မသန့်မရှင်း ဖြစ်မသွားအောင် တုတ်များကိုင်ပြီး မြေကြီးကို ခေါက်လာရတယ်။ သူတို့ရဲ့ မသန့်ရှင်းတဲ့တံတွေးများ မြို့တွင်းက စင်ကြယ်တဲ့မြေကြီးပေါ် မကျအောင် ခွက်များ လက်စွဲပြီး လာကြရတယ်။ ခွေးနှင့် ထိရင်တော့ လူဟာ မသန့်မရှင်း ဖြစ်မသွားဘူးပေါ့။ ခွေးချေးများဟာလည်း မြို့ကြီးကို အမြဲတမ်း ညစ်ပတ်ပျက်စီးအောင် မလုပ်ဘူးပေါ့။ စဏ္ဍာလဟာ ခွေးထက်ပဲ ပိုညစ်ပတ် ယုတ်ညံ့သေးသလား။''

''ခွေးထက်ကား ပို၍ မညစ်ပတ်။ စဏ္ဍာလတွင်လည်း တစ်ချို့နှုန်း ဗုဒ္ဓဖြစ်နိုင်သော အညွှန့်အညောက် ဘဝအလျှင် ရှိပေသည်သာ။''

''ဒီလိုဆိုရင် သင်မင်းကြီးနိုင်ငံတော်မှာ 'ကနေ့ကစပြီး ဘယ်စဏ္ဍာလမှ မြို့ထဲမှာ တုတ်ကိုင်လာဖို့, တံတွေးခွက်ယူလာဖို့ မလိုတော့ဘူး။'လို့ ဘာကြောင့် မောင်းကြေးနင်း မခတ်သေးတာလဲ။''

''ဤအရာသည် ငါ မစွမ်းနိုင်သောအရာ ဖြစ်သည်။''

''မစွမ်းနိုင်။''

''ဟုတ်သည်။ ဘာသာရေးစည်းကမ်းက ဤအတိုင်း တုပ်နှောင်ထားသည်။''

''ဗောဓိသတ္တဘုတွေရဲ့ ဘာသာ, မဟာယာနဘာသာရဲ့စည်းကမ်းဟာ ဒီအတိုင်းပဲလား။''

''သို့သော် ဤအရပ်ရှိ တိုင်းသားပြည်သူအားလုံး မဟာယာနလမ်းစဉ်အတိုင်း သွားကြသူချည်း မဟုတ်။''

''တောရောမြို့ပါ နေရာတိုင်းမှာ 'တြိရတန'က အောင်စည်တီးနေတာကိုသာ ငါတော့ မြင်နေ တာပဲ။''

''အားလုံးပင် ဟုတ်မှန်သည်။ သို့သော် တစ်နေ့နေ့ ပွင့်ပွင့်လင်းလင်း ငါ ကြေညာလိုက်ဦးမယ်။ ထိုနေ့တွင် ငါ့ရန်သူများ ငါ့အား ခြိမ်းခြောက်၍ 'ဤမင်းကား စဉ်လာထုံးထမ်းကို ချိုးဖောက်ဖျက်ဆီးသူ ပေတကား။'ဟု လေမုန်တိုင်း ဆင်ကြလိမ့်မည်။''

''ဗောဓိသတ္တဘဝဟာ အင်မတန် မြင့်မြတ်ကြောင်း နေ့ရောညပါ ဟောညွှန်ထားတဲ့ တရားဒေသနာ တွေဟာ ဘယ်သူ့အပေါ်မှ တန်ခိုးအစွမ်း မကျရောက်တော့ဘူးလား။ တချို့ပုဂ္ဂိုလ်များအပေါ်တော့ မုချ တန်ခိုးသက်ရောက်လိမ့်မယ် ငါထင်တယ် မင်းကြီး။ ဗောဓိသတ္တများလို သင်မင်းကြီးပိုင်သမျှ အကုန် စွန့်ဖို့ 'အသင့်ရှိမယ်'ဆိုရင် သင်မင်းကြီးနောက်က လိုက်မယ့်သူတွေ အများကြီး ရမှာပေါ့။''

''ငါ့နိုင်ငံတွင်းနှင့်သာ ဆိုင်သောပြဿနာတစ်ရပ် မဟုတ်။ ငါတို့၏ ဘုန်းတော်အလွန်ကြီးမြတ် တော်မူသော ဘုရင်မင်းမြတ်ကြီးလည်း မျက်တော်မူအံ့သည်တကား။''

''နာဂါနန္ဒပြဇာတ်မှာ ဗောဓိသတ္တဘဝကို အလှအပဆေးခြယ်ပြတဲ့ သီလာဒိစ္စဟာသ။''

''ဟုတ်သည်။ 'စဉ်လာထုံးထမ်းကို ဖျက်ဆီးခြင်း' ဟူသည်မှာ မည်သူတစ်စုံတစ်ယောက်မှ မစွမ်း နိုင်သောကိစ္စ ဖြစ်သည်။''

''ဗုဒ္ဓယုံကြည်တာ ဒီအတိုင်းပဲလား။ အရှင်အဿယောသယုံကြည်တာ ဒီအတိုင်းပဲလား။ အရှင် နာဂဇုန ယုံကြည်တာ ဒီအတိုင်းပဲလား။''

''ထိုပုဂ္ဂိုလ်များကား စွန့်စားကြသည်။ စွန့်စားသော်လည်း စဉ်လာထုံးတမ်းကို ချိုးဖျက်ရာတွင် ထိုပုဂ္ဂိုလ်ကြီးများပင် အခွန့်ရှည်ကြာအောင် မစွမ်းနိုင်ကြပေ။''

''အလှမ်းဝေးဝေးအထိ မတတ်နိုင်ရင် အနီးအနားအထိဖြစ်ဖြစ် ထိုးစမ်းကြည့်သင့်ပါတယ်။ အရှင် မင်းကြီး နည်းနည်းတိုးချဲ့ထားရင် နောင်လာမယ့်သူကလည်း နည်းနည်း တိုးချဲ့ဦးမှာပေါ့ အရှင်မင်းကြီး။''

''သင်သည် ငါ့အား မိမိနှတ်မှထုတ်၍ 'လူကြောက်'ဖြစ်ကြောင်း ဝန်ခံခိုင်းနေသည် မဟုတ်လော။''

'' 'လူကြောက်'လို့ မဆိုပါ။ ဒါပေမယ့် ဘာသာရေးဟာ ငါတို့အတွက် ထောင်ချောက်ကြီးတစ်ခု ဖြစ်တာတော့ အမှန်ပဲ။''

''ငါ့နှလုံးသားဖြင့် ဖြေရသော် 'ဟုတ်စ့ဲ' ဟု ဖြေမည်။ သို့သော် လျှာဖြင့်ဖြေရသော်ကား 'မဟုတ်' ဟု ပြတ်ပြတ်သော်လည်း ဖြေမည်။ သို့မဟုတ် နှုတ်ဆိတ်သော်လည်း နေမည်။''

''ဗြာဟ္မဏဘာသာကို ငါ မုန်းတယ်။ ကာမရူပဘုရင်လို ရိုးရိုးသားသားစိတ်ထားရှိကြတဲ့ လူပေါင်းများစွာကို 'လူကြောင်-သူရဲဘောကြောင်သူ ဖြစ်အောင် လုပ်ပစ်တဲ့အပြစ်' ဗြာဟ္မဏဘာသာမှာ ရှိတာ အမှန်ပဲ။ ဗြာဟ္မဏဘာသာ ဒီနိုင်ငံကထွက်သွားတဲ့ နေ့တစ်နေ့ရောက်ရင် ကမ္ဘာပထဝီမြေကြီးမှာ စွဲကပ်နေတဲ့ အမည်းစွန်းကြီးဟာ ပျောက်ပျက်သွားမှာပဲ။ နာလန္ဒာကို ရောက်လာကြတဲ့ နိုင်ငံခြားသား ရဟန်းတွေဆီက ကြားသိရတာကတော့ 'သူတို့တိုင်းပြည်များမှာ ဗြဟ္မဏတွေလို တန်ခိုးတော်အနန္တနှင့် လွှမ်းမိုးအုပ်ချုပ်ထားတဲ့ ဘာသာရေးခေါင်းဆောင်လူမျိုးရယ်လို့ မရှိဘူး။'-တဲ့။ ဒီစကားကို ကြားသိရတော့မှ တုတ်နှင့်တံတွေးခွက်ကို ကိုင်ဆောင်သွားလာနေတဲ့ စင်္ကာလတွေ သူတို့တိုင်းပြည်များမှာ မရှိတဲ့အကြောင်းကို သဘောပေါက်သွားတော့တယ်။ ဗြာဟ္မဏတွေဟာ တစ်ယောက်သောသူက ကိုယ့်အောက် နိမ့်ကျတဲ့လူနှင့် မတွေ့ချင်လောက်အောင်ကို ဇာတ်နိမ့်,ဇာတ်မြင့် ခွဲခြားပစ်ကြတယ်။ သူတို့ရဲ့ဘာသာနှင့် အသိဉာဏ်ဟာ လင်ပုပ်ဖမ်းတာလို အမှောင်ရိပ်ကျတာ သက်သက်ပဲ။''

''နာလန္ဒာမှာ အပြည်ပြည်က ဆန်းဆန်းကြယ်ကြယ်သတင်းတွေကို အင်မတန်ကြားရတယ်။ ဒါကြောင့် ၁နှစ်-၂နှစ် ခရီးထွက်ပြီးတဲ့နောက် ၆ လတာ နာလန္ဒာမှာ သွားနေခဲ့တယ်။ တစ်ခါတော့ ပါရှန်းရဟန်းတော်တစ်ပါးက ပြောဖူးတယ်။ ပါရှားပြည်မှာ 'မဇဒက်' အမည်ရှိတဲ့ ပညာရှိရဟန်းတော်တစ်ပါး ပေါ်ပေါက်သွားဖူးသတဲ့။ အဲဒီရဟန်းတော်များဟာ 'သံဃဝါဒ' တစ်မျိုးကို ပြန့်ပွားအောင် ဆောင်ရွက်တော်မူသတဲ့။ 'ဗုဒ္ဓဟာလည်း ဘိက္ခုနှင့် ဘိက္ခုနီများအတွက် သံဃဝါဒတစ်မျိုးကို ညွှန်ကြားတော်မူခဲ့တယ်။ ဗုဒ္ဓညွှန်ကြားတဲ့ သံဃဝါဒဟာ ခုခေတ်ကျတော့ ဝိနယပိဋကထဲမှာ ဖတ်ဖို့ ရွတ်ဖို့လောက်ပဲ ဖြစ်နေတယ်။ ကနေ့ရဟန်းတော်တွေဟာ ပုဂ္ဂလိကပစ္စည်းတွေ အစွဲလမ်းအမြဲထားကြတယ်။

ဆရာ မဇဒက်ဟာ 'ဗြာဟ္မစရိယအကျင့်ဝတ်နှင့် ဘိက္ခုဝါဒကို မယုံကြည်ဘူး။'-တဲ့။ လူသားတွေရဲ့ 'ပကတိဘဝ'လို့ခေါ်ရတဲ့ အိမ်ထောင်သားမွေးမှုကိုသာ ယုံကြည်ကြသတဲ့။ ဒါပေမယ့် သူ တစ်ခုပြောတာကတော့ မကောင်းမှုအားလုံးရဲ့အရင်းအမြစ်ဟာ 'ငါစွဲ'နှင့် 'ငါ့ဟာစွဲ' ပဲတဲ့။ သူပြောပုံက 'ပစ္စည်းဥစ္စာဆိုတာ တသီးတခြားစီ မဖြစ်သင့်ဘူး။ အားလုံး စုပေါင်းလုပ်၊ အားလုံး စုပေါင်းစား၊ အပိုင်လင်ရယ်, မယားရယ် တသီးတသန့်စီ မဖြစ်သင့်ဘူး။ အချစ်မှာ လွတ်လပ်ခွင့် ရှိရမယ်။ သားသမီးများကို 'အားလုံးဆိုင်'လို့ အသိအမှတ်ပြုရမယ်။-တဲ့။ လူဟာ အားလုံးသတ္တဝါတွေအပေါ်မှာ သနားကြင်နာဖို့, စိတ်ကို ချုပ်ဖို့လည်း ဆုံးမသွန်သင်လေ့ ရှိသတဲ့။

သူ့အယူအဆတွေ အတော်ကောင်းတယ်လို့ ငါ ထင်တယ်။ မဇဒက်နှင့် သူ့ရဲ့ သိန်းပေါင်းများစွာ နောက်လိုက်တွေကိုသတ်ပြီး ပါရှားဘုရင်တစ်ဦး 'နောက်သျှေရ်ဗာန်'ဟာ ခေါင်းပုံဖြတ်ပစ္စည်းအင်အားနှင့် ဓမ္မပါလဘွဲ့ကို ခံယူတယ်။-ဆိုတဲ့သတင်းကို ကြားလိုက်ရတော့၊ ဘုရင်တွေရှိနေသမျှ ဘာသာနှင့်အလှူတော်ကို မှီပြီး အသက်မွေးနေတဲ့ ရဟန်း, ပုဏ္ဏားတွေ ရှိနေကြမှာပဲ။ အဲဒီလို ဘုရင်, ဘာသာ, ရဟန်း, ပုဏ္ဏားတွေရှိနေသမျှ ကမ္ဘာပထဝီမြေကြီးကို နတ်ဘုံလုပ်လို့ ရမှာ မဟုတ်သေးဘူး။-ဆိုတာ ငါ သဘောအပေါက်ကြီး ပေါက်သွားတော့တာပဲ။ ။

മണ്ഡപിന്ധീ

၁၄

စက္ကပါဏိ

အချိန်- ခရစ်နှစ် ၁၂၀၀။

ထိုစဉ်အခါက 'ကနောက်ဂျ်'သည် ဘာရတအိန္ဒိယနိုင်ငံတွင် အကြီးကျယ်ဆုံးနှင့် အကြွယ်ဝဆုံး ဖြစ်သည်။ ၄င်းနယ်ရှိ ဈေးရုံများ, လမ်းကြီးလမ်းငယ်များသည် အလွန်ပင် သာယာစည်ကားလှပသည်။ မုန့်ချိုများ, ရေမွှေးများ, ဆီများ, အရက်စည်များ, လက်ဝတ်လက်စားများနှင့် အခြားပစ္စည်း အမြောက် အမြားထွက်ခြင်းကြောင့် အိန္ဒိယတစ်နိုင်ငံလုံးတွင် ကျော်စောထင်ရှားသည်။

လွန်ခဲ့သော နှစ်ပေါင်း ၆၀၀ မှစ၍ မောကွရိ, ဒိုက်ဆ, ပြတိဟာရ, ဂဟဋဝာရ ကဲ့သို့သော အိန္ဒိယပြည်၏ သူခေတ်နှင့်သူ အကြီးကျယ်ဆုံးမင်းဆက်များ၏ နေပြည်တော် ဖြစ်ခဲ့ခြင်းကြောင့် အခြား မင်းဆက်များ၏ မြို့တော်ကဲ့သို့ လူအများ၏ လေးစားယုံကြည်ခြင်းကိုလည်း ခံရလေသည်။

ထိုမျှသာ မကသေး။ ဓာတိဝါဒသမားများသည် သူတို့၏လက်ခွဲများကို ထိုမြို့အမည်ဖြင့်ပင် ခေါ်ဝေါ်ကြလေသည်။ ထို့ကြောင့် ယခုအခါ ဗြဟ္မဏ, အဟိရ, ကန္ဒ အစရှိသော ဓာတ်အများမှာပင် 'ကညကုဇ္ဇ ဗြာဟ္မဏ', 'ကညကုဇ္ဇ အဟိရ' အစရှိသောအမည်များ တွင်နေသည်။ 'ဟိန္ဒူဘာသာ' ဟူသော အမည်ကို လူအများ အသိအမှတ်ပြုကြလေသည်။

ဟဿဝဒ္ဒနမင်းလက်ထက်မှစ၍ ယနေ့အထိ ကမ္ဘာပေါ်တွင် အကြီးအကျယ် ပြောင်းလဲလာခဲ့သည်။ သို့သော် ထိုအချိန်မှ အစပြု၍ အိန္ဒိယသားတို့ဦးနှောက်တွင် ရေတွင်းထဲရှိ ဖားတစ်ကောင်ကဲ့သို့ အလွန် ကျဉ်းမြောင်းသောစိတ်ထားများ ရောက်ရှိလာခဲ့လေသည်။

ဟဿဝဒ္ဒနမင်းလက်ထက်တွင် အရဗ်နိုင်ငံ၌ ဘာသာသစ် (ဣဆလာမ်ဘာသာ) တစ်ခု ပေါ်လာ လေသည်။ ထိုခေတ်က အမြင်အားဖြင့် ၄င်းဘာသာကို တည်ထောင်သူ ကွယ်လွန် (၆၂၂ ခရစ်နှစ်)ပြီးနောက် အနှစ် ၁၀၀ အတွင်း 'သိန္ဓ' မှ စပိန်အထိ ပျံ့နှံ့သွားလိမ့်မည်။-ဟု မည်သူ ပြောနိုင်ပါအံ့နည်း။ ထိုအချိန် အခါအထိ 'ဓာတ်' ဟူသော အမည်ဖြင့်သာ အောင်ပွဲဆင်သောသတင်းများ ကြားရသေးသည်။ ယခုအခါ သော်ကား 'ဘာသာ'အမည်နှင့်ပင် အနိုင်တိုက်သောသတင်းကို ပထမဆုံး ကြားရလေသည်။ ၄င်း ဘာသာရေး အမဲလိုက်ပွဲသည် သူ၏သားကောင်များအား ခုခံကာကွယ်ရန် အခွင့်မပေးဘဲ၊ တစ်ပြိုင်နက် သုတ်သင် ချေမှုန်းပစ်လိုက်လေသည်။

ဆာဆာနီ, ဤရာန် လူမျိုးများ၏ အင်အားကောင်းသော နိုင်ငံတော်ကြီးသည် အရဗီလူမျိုးများနှင့် ထိလိုက်သည်နှင့်တစ်ပြိုင်နက် စက္ကူသင်္ဘောကလေးကဲ့သို့ တဖြည်းဖြည်း နှစ်မြှုပ်ပျက်စီးလေတော့သည်။ ဣဆလာမ်ဘာသာပြု တမန်တော် ကွယ်လွန်ပြီးနောက် အနှစ် ၂၀၀ လွန်လျှင်ပင် ဣဆလာမ်ဘာသာ နိုင်ငံတော်၏အလံသည် ပါမိရနယ်ပေါ်တွင် တလူလူလွင့်နေလေသည်။

---

* ဤဝတ္ထုတစ်ပုဒ်လုံးကို စာဟန်ဖြင့် ရေးထားသည်။ ဓာတ်ဆောင်များ စကားပြောသည်ကအစ စာဟန်ကို သုံးထားသည်။
- စတုတ္ထအကြိမ်ထုတ်ဝေသူမှတ်ချက်။

ဣဆလမ်ဘာသာသည် ပထမသော် ကမ္ဘာတစ်ဝှမ်းလုံးကို အရဗီလူမျိုးစုများ၏ စံနမူနာအတိုင်း ကျယ်ပြန့်စွာစည်းရုံးရန် ကြိုးစားခဲ့၏။ ၄င်းပြင် အဆိုပါလူမျိုးစုများ၏ ရိုးသားမှု, တန်းတူကျင့်သုံးမှု, ညီရင်းအစ်ကိုစိတ် ထားမှုများကို ၄င်းဘာသာနောက်သို့ လိုက်သူများအား သွတ်သွင်းပေးဖို့ လိုလားထက်သန်ခဲ့၏။ ဝေဒခေတ် အရိယလူမျိုး ရှေးဟောင်းပုဂ္ဂိုလ်ကြီးများသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀အခါက ဤကဲ့သို့ တိုးတက်သောအခြေအနေမျိုးကို ဖြတ်ကျော်ခဲ့ဖူး၏။ ကျော်လွန်ခဲ့ဖူးသောခေတ်သို့ တစ်ဖန် ပြန်လှည့်ရန်မှာ မဖြစ်နိုင်ပေ။" ထို့ကြောင့် အရဗီလူမျိုးစုများအထက်မှနေသော ပဒေသရာဇ်များ စုပေါင်းမိသည်နှင့်အမျှ ဣဆလာမ်ဘာသာ၏ ဓားလွယ်ရှေ့တွင် အရဗီလူမျိုးစုတို့၏ နိုင်ငံရေးလွတ်လပ်မှုများလည်း ကွယ်ပျောက်ရလေသည်။ အလားတူပင် ပဒေသရာဇ်များ စည်းရုံးမိသည်နှင့်တစ်ပြိုင်နက် ဣဆလာမ်အဖွဲ့အစည်းကြီး၏ လူမျိုးစုအဆောက်အဦများလည်း အဆုံးသတ် ပြိုကျရလေတော့သည်။

အချို့နိုင်ငံတော်ကြီး ဣဆလာမ်ဘာသာခေါင်းဆောင်များကို 'တမန်တော်၏ အရိုက်အရာ ဆက်ခံသူများ (ခလီဖာ)' ဟု ပြောစမှတ် ပြုနေကြသည်။ အမှန်အားဖြင့် ဘုလတာန် (အသက်ဦးဆံပိုင်ဘုရင်) ပင် ဖြစ်စေကာမူ 'ခလီဖာ' ဟု အသိအမှတ်ပြုကြသည်။ သို့သော် ယခုအခါကား အမည်ခံ ဆုလတာန်များ အမြောက်အမြား ပေါ်လာလေပြီ။ ဣဆလာမ်ဘာသာ၏ ဖြူစင်သောအရဗီလူမျိုးစု, ၄င်းတို့၏ရိုးသားမှု, တန်းတူကျင့်သုံးမှု, ညီရင်းအစ်ကို စိတ်ထားမှုများနှင့် အဆိုပါဆုလတာန်များမှာ တစ်စုံတစ်ရာ ဆက်စပ်၍ မရတော့ပေ။

သို့သော် တိုင်းပြည်အသစ်များကို အောင်မြင်ရေးတွင် ဓားလွယ်ဝင့်နိုင်သောစစ်သားများ လိုအပ်ပေသည်။ ၄င်းဓားလွယ်များသည် ထိုစဉ်အခါက အရဗ်ပြည်ဖြစ် မဟုတ်။ အရဗ်ပြည်အပြင်ဘက်မှာသာ ဖြစ်သည်။ အဆိုပါစစ်သားများကို ဆုလတာန်ဘုရင်အမည်နှင့် စစ်တိုက်ရန် ထက်ထက်သန်သန်ကြီး စိတ်ပါအောင် တိုက်တွန်းမရနိုင်ပေ။ ထို့ကြောင့် နတ်စည်းစိမ်နှင့် ဖြားယောင်းရံသာမက လူစည်းစိမ်ကို ဝေစု အယူခိုင်းလေသည်။

စစ်သားသည် လုယူ၍ရသော ပစ္စည်းများနှင့် သုံ့ပန်းများကို ပိုင်ဆိုင်ခွင့် ရှိလေသည်။ စစ်နိုင်ပြီးစီ တိုင်းပြည်များအပေါ်တွင် သူတို့ပိုင်မြို့ပြ တည်ဆောက်နိုင်ခွင့် ရှိသည်။ မိမိတို့အား ညှဉ်းဆဲဖူးသောသူများ, ပိုင်ဆိုင်ခဲ့ဖူးသောသူများလက်မှ လွတ်မြောက်ခွင့်၊ ၄င်းတို့အား အစတုံးချေမှုန်းခွင့်အထိ ရကြလေသည်။ အောင်နိုင်သောသူများ၏ အလဲကို မိမိတို့အလဲဟု သဘောထား၍ ဆက်လက်တိုက်ခိုက်သွားနိုင်သော စစ်သား ကို ရှုံးနိမ့်သွားသောသူများအတွင်းမှ ဤမျှလောက်များများ မည်သူတစ်စုံတစ်ယောက်မျှ မရခဲ့ဖူးပေ။ 'ကိုယ့်အတွက် ကိုယ်တိုက်ရသည်။' ဟု စိတ်ပါလာအောင် စွမ်းဆောင်နိုင်သောစစ်တပ်နှင့် ရင်ဆိုင်ရန်မှာ လွယ်ကူသောအလုပ်တစ်ခု မဟုတ်ပေ။

ဟဿဘုရင် နတ်ရွာလား၍ အနှစ် ၁၀၀ ပင် မလွန်သေးမီ သိန္ဓနယ်သည် ဣဆလာမ်ဘာသာ နိုင်ငံတော်အောက်သို့ ကျရောက်ခဲ့လေသည်။ ဗနာရဆ်နှင့် သောမနာထ် (ဂုဇ္ဇရာဂ်) တိုင်အောင်သော အိန္ဒိယနိုင်ငံတော်သည် ဣဆလာမ်ဘာသာ၏ ဓားလွယ်နှင့် တွေ့လေတော့သည်။ ဤကဲ့သို့သော အန္တရာယ်အသစ်ကို ကာကွယ်ရန် နည်းအသစ် လိုအပ်ပေသည်။ သို့သော်လည်း ဟိန္ဒူများသည် သူတို့၏ ရှေးဟောင်းရိုးရာနည်းများကို စွန့်လွှတ်ရန် အသင့် မရှိကြပေ။ တစ်တိုင်းပြည်လုံးပင် ခုခံတိုက်ခိုက်ရန် အသင့်ရှိကြရမည့်အစား လက်တွင်းတစ်ဆုပ်မျှသော ရာဇပုဒ်စစ်သားများသာ အိန္ဒိယစစ်သား ဖြစ်နေတော့သည်။

'ရာဇပုဒ်' ဟူသည်မှာ ရှေးခတ္တိယလူမျိုးအပြင်၊ ၄င်းတို့နှင့် လက်ထပ်ထိမ်းမြား၍ ခတ္တိယတွင်းသွင်းထားသော သက, ယဝန, ဂုဇ္ဇရ စသောလူမျိုးများ ဖြစ်သည်။ ၄င်းစစ်သားများကား ပြည်တွင်းရန်များကိုပင် ခုခံနိုင်မည် မဟုတ်ပေ။ မင်းမျိုးမင်းနွယ်များ၏ အဟောင်းအသစ်နှင့် ရန်ငြိုးရန်စများကြောင့် နောက်ဆုံးအချိန်အထိ ၄င်းတို့အချင်းချင်း စည်းလုံးမှုလည်း မရနိုင်ကြတော့ပေ။

မင်းကြီးနှင့် မိဖုရားများ မတ်တပ်ရပ် လက်အုပ်ချီကြလေသည်။ ယခုအခါ အဆောင်တော်သည် 'မိန်းမအတိုပြည့်သော လောက (မ,လောက)' ဖြစ်လာတော့သည်။

ဇယစန္ဒမင်းကြီးကား အိုလှပါပြီ။ သို့သော် သူ၏ ကြောင်ကျားရှည်လျားသော ဆံပင်များကို ဟိုဘက်သည်ဘက် အလယ်ကောင်မှခွဲ၍ နောက်တွဲ ထုံးထားပုံ၊ မုတ်ဆိတ်ဖွားဖွားကြီးကို သားနားသပ်ရပ်စွာ သထားပုံ၊ သူ့ကိုယ်တွင် လက်ဝတ်လက်စားများနှင့် အဝတ်အထည်များ အလှအပ ဆင်ယင်ထားပုံကို ကြည့်ခြင်းအားဖြင့် 'မင်းအိုသက်ကြားတွင် မင်းပျိုမင်းလွင်စိတ် မကုန်သေးကြောင်း။' သိနိုင်လေသည်။

မင်းအို အရိပ်ပြလိုက်လျှင်ပင် အစေအပါးတစ်ယောက် ညွှတ်ကိုင်းကာ မင်းကြီးရှေ့မှောက်သို့ အရက်ခွက်ကို ဆောင်ယူလာသည်။ မင်းကြီးသည် အရက်ခွက်ကို မိဖုရား၏နှုတ်ခမ်းနှင့် တို့၍ ဆိုလေသည်။

``မိဖုရားမြတ် တာရာနတ်။ သင် မမြည်းရသေးတဲ့ ဤအရက်ကို ငါ အာဃယ်မှာ သောက်နိုင်ပါအံ့နည်း။''

မိဖုရားသည် နှုတ်ခမ်းနှင့်ထိတို့၍ လျှာဖျားကို ဆွတ်လိုက်သည်။ မင်းကြီးသည် ပွဲတော်ကျအရက်ကို သောက်ချလိုက်သည်။ ထို့နောက် သူ့အချစ်တော်မများ တစ်ယောက်ပြီးတစ်ယောက် တို့ကာတို့ကာ မင်းကြီးအား ပွဲတော် ချချပေးကြလေသည်။

မင်းကြီးမျက်လုံး နီလာလေပြီ။ တူရကီများကိုကြောက်သော မျက်နှာအမူအရာပျောက်၍ ပြုံးပြုံးကြီး ဖြစ်လာလေသည်။ မင်းကြီး၏ ဆူဖြိုးသောကိုယ်ကာယကြီးသည် မှီအုံးကြီးတွင်မှေး၍ လေးလေးလံလံကြီး ဖြစ်နေသည်။ မင်းကြီးသည် တစ်ဖက်တွင် မိဖုရားတစ်ယောက်ကျစီ ချိုင်းကြားနှင့် ညှပ်ထားသည်။ မိဖုရားတစ်ယောက်၏ရင်ခွင်တွင် ခေါင်းတင်၍ မှေးနေသည်။ မိဖုရားတစ်ယောက်၏ ရင်ပတ်ပေါ်တွင် လက်မောင်းများကို တင်ထားသည်။ အရက်ခွက်များလည်း ဆူလှယ် ရောက်လာနေကြသည်။ မိဖုရားများနှင့် ကာမကြွအောင် ပြောင်လှောင်ကျီစယ်နေကြသည်။

ထိုအချိန်မှာပင် မင်းကြီးသည် က,ကြရန် အမိန့်ပေးလေသည်။ ဃာဃရာဝတ်ထား၍ ခြေချင်းဝတ်တွင် ခြူဆွဲထားသော မိန်းမပျိုအလှကလေးများ က,ရန် ထလိုက်ကြသည်။ သားမြတ်များမှာ ဥသျှစ်သီးပမာ လုံးဝန်းဖြိုးကြွေ၍ ခါးသေးသေးနှင့် တင်ကားကားမိန်းကလေးများ ဖြစ်သည်။

စောင်းသံ, မုဒိန်းစည်သံများ ထွက်ပေါ်စပြုလာလေပြီ။ ငြိမ့်ညောင်းသောသီချင်းသံနှင့်အတူ ကပွဲစလေပြီ။

သီချင်းတစ်ပုဒ် ပြီးဆုံးသွားသောအခါ မင်းကြီး မကျေနပ် အားမရတော်မူသော အမူအရာ ပေါ်ပေါက်လာလေသည်။ မင်းကြီးသည် အလှမကလေးများအား 'ကိုယ်တုံးလုံးချွတ်၍ က,ကြရန်' အမိန့်ပေးလေသည်။

ကချေသည်များတွင် အဝတ်အားလုံး, လက်ဝတ်လက်စားအားလုံးကို ချွတ်လိုက်ကြ၍ ခြေဆွဲခြူကလေးများလောက်သာ ကျန်လေတော့သည်။ နံဘေးတွင်ထိုင်နေကြသော မိဖုရားများ, မိန်းမငယ်အစေအပါးများနှင့် ဖက်ယမ်းနမ်းစုပ် ပြောင်လှောင်ကျီစယ်နေကြတုန်းပင် ရှိသေးသည်။ အလယ်ကောင်တွင် ကိုယ်တုံးလုံးကျွတ်ကပွဲကလည်း ကတုန်း ရှိသေးသည်။ ကိုယ်တုံးလုံးကျွတ်များအနက် မင်းကြီးသဘောကျသော ကိုယ်တုံးလုံးမသည် မင်းကြီးအနားသို့ လာ၍၊ နောက်တစ်ယောက် ကိုယ်တုံးလုံးချွတ်ကာ ၄င်းနေရာတွင် အစားဝင်ရသည်။

မင်းကြီး၏မျက်လုံးများ ပို၍ နီလာလေပြီ။ သူ့လည်ချောင်းနှင့် အသံမှာ အရက်တန်ခိုး လွှမ်းမိုးခြင်းခံနေရသည်။

''ထွိ- နင်တို့ တူရကီတွေ ငါ့နန်းတော်ထဲ ဘယ်အကောင် ခြေချနိုင်မှာလဲ။ အကုန်လုံး ကိုယ်တုံးလုံး ချွတ် ကကြစေ။''

(အရက်သံနှင့် ထစ်ထစ်ငေါ့ငေါ့ ဆိုသည်။)

အဆောင်တွင်းရှိ မိန်းမများအားလုံး ကိုယ်စီကိုယ်င အဝတ်များ, လက်ဝတ်လက်စားများကို ချွတ်ကြလေသည်။ သူတို့၏ နုနယ်လှပ ဖြူဖွေးသောကိုယ်ကာယအပေါ်တွင် ကြီးမားထူထဲလှသော ဆံထုံးကြီးများဖြင့် လေးလံနေသောဦးခေါင်းကို မင်းကြီး ကြည့်၍မရပေ။ မင်းကြီးသည် 'ဆံထုံးများကို ဖြေချ၍' အမိန့်ပေးလေသည်။ အားလုံးပင် နဂါးနက်မကလေးများအလား ရှည်လျားကော့သွယ်သော ဆံနွယ်များကို တင်ပါးပေါ်သို့ ဖြေချလိုက်ကြလေသည်။

မင်းကြီးကိုယ်တိုင် အင်္ကျီချွတ်နေသည်ကို မြင်၍ မိန်းမပျိုများက မင်းကြီး၏အဝတ်အစားများ, လက်ဝတ်လက်စားများကို ကူညီ၍ ချွတ်ပေးကြလေသည်။

မင်းကြီး၏ အသားပျော့အိတွဲကျနေသော မေးစေ့, ဖောင်းပွနေသော ပါးစောင်, ထူထပ်သော မုတ်ဆိတ်မွေး, သားဖွားပြီးစမိန်းမကဲ့သို့ နို့ပျဉ်းကျကြီး, အိုးစရည်းကြီးကဲ့သို့သော ဝမ်းဗိုက်, အဆီအသားပြည့်ပြည့် ပျော့အိဆူဖြိုးသော ပေါင်များနှင့် အမွေးထူထူ ဖြိုးဖြိုးဆူသော လက်မောင်းကြီးများ မြင်ရသောအခါ၊ အညတရမိန်းမပျိုတစ်ယောက်ပင်သော်လည်း အထင်မသေးဘဲ မနေနိုင်တော့ပေ။ သို့သော် သူတို့၏ အသက်နှင့် ကိုယ်မှာ ထိုသက်ကျားအိုကြီး၏လက်ထဲတွင် ရှိနေသည်။

မိန်းကလေးတစ်ဦးသည် မင်းအိုသက်ကျားကြီး၏ သွားမရှိသောနှုတ်ခမ်းဆီသို့ သူ၏နှုတ်ခမ်းကို သွားကပ်ပေးနေရသည်။ အခြားမိန်းကလေးတစ်ယောက်ကား မင်းကြီး၏နံဘေးကို ရင်သားဖြင့် ဖိကပ်ထားရသည်။ တခြားမိန်းကလေးတစ်ယောက်ကား မင်းကြီး၏ အမွေးထူသောလက်မောင်းများကို သူ၏ပခုံးနှင့် ပါးကြားတွင် ညှပ်ထားရသည်။

နောက်ထပ် ကာမဓာတ်နှိုးဆွသော သီချင်းတစ်ပုဒ်ဆို၍ ကပွဲ စပြန်သည်။

၂

''ကြွပါ စာဆိုဘုရင်။''

မင်းကြီးသည် လူကြီးတစ်ယောက်အတွက် နေရာတစ်ခုကို ညွှန်ပြလျက် ခေါ်ငင်လေသည်။

ထိုင်လိုက်သောအခါ ကွမ်း ၂ ယာကို လေးစားမြတ်နိုးစွာ ကမ်းလိုက်သည်။

စာဆိုဘုရင်၏အသက်မှာ ၅၀ ကျော်လေပြီ။ သို့သော်လည်း သူ၏မျက်နှာမှာ ဖြူစင်သန့်ရှင်း၍ ငယ်ရုပ်ငယ်ရည် မပျောက်လှသေးပေ။ သူ၏မုတ်ဆိတ်များမှာ မည်းနက်နေတုန်း ရှိသေး၏။ ဒိုတီအဖြူကို ဝတ်၍ ခြံစောင်အဖြူကို လောဘက်ထိုးကာ၊ လည်ပင်းကို ပုတီးဆွဲလျက် နဖူးတွင် လရေးအဟန် ပြာဖြင့် အကြောင်း ၃ ကြောင်း ဆွဲသားထားသည်။

စာဆိုတော်သည် ရွှေပြားဖြင့်ပတ်ထားသော ကွမ်းမွှေးကို ပါးစပ်တွင်းသို့သွင်းလျက် ပြောလေသည်။

''မင်းကြီး။ ခရီးလမ်းပန်း သာယာပါ၏လော။ ကိုယ်လက် ကျန်းခံ့ပါ၏လော။ ညဉ့်အချိန်များတွင် ချမ်းသာစွာ အိပ်ပျော်ပါ၏လော။''

''ယခုအခါ ယောကျ်ားစွမ်းရည်များ ကုန်ခမ်းမောဟိုက်နေသည် စာဆိုပုဂံဝ။''

''မင်းကြီး။ အရှင်ကိုယ်တိုင်က အရှင့်စာဆိုတော် သီရိဟသကို အလွန် ပြက်ရယ်ပြုနေသည်။''

''ပုဂံဝ ဟူသည်မှာ 'နွားလား'ကို ခေါ်သောအမည်ဖြစ်သည် မင်းကြီး။''

''သိပါသည်။ သို့သော် မြင့်မြတ်သောပုဂ္ဂိုလ်အတွက်လည်း အသုံးဖြုနိုင်သည်။''

''အသက် ၆၀။ ငယ်မူပြန်တုန်းပင်
ရှိရမည် စာဆိုတော်။''
''အာဘယ်သူနည်း။ နွားမတမ်းမ
သောင်းခြောက်ထောင်နှင့် ကြာမြင့်စွာ အပျော်ကြီး
ပျော်မြူးလာခဲ့သော နွားလားဥသဘကြီးလော။''

''ငါကား 'နွားလား' ဟူသော အနက်ကိုသာ ယူထားသည်။''

''ငါတစ်မူကား မြင့်မြတ်သောပုဂ္ဂိုလ်အနက်ကို ယူထားသည်။ ကောင်းပြီ စာဆိုအဆွေ။ သင်ကဲ့သို့သော မိတ်ဟောင်းဆွေဟောင်း ပုဂ္ဂိုလ်တစ်ယောက်ကိုမှ ပြက်ရယ်မပြုရလျှင် ဘယ်သူ့အား ပြုရမည်နည်း။''

''သို့သော် မင်းပွဲသဘင်တွင် ပြက်ရယ်မပြုသင့်ပါ။''

စာဆိုတော် ဟဿသည် အသံကိုနှိမ့်၍ ပြောသည်။

ဖယစန္ဒမင်းကြီးသည် စာဆိုတော်၏လက်ကို ဆွဲငင်၍ မင်းပွဲသဘင်ဆောင်မှ ဥယျာဉ်တော်သို့ ထွက်ခဲ့သည်။

အချိန်ကား နွေဥတုဝင်စသာ ရှိသေးသည်။

စိမ်းမြမြလွင်နေသော သစ်ပင်များကို လေပြည်လေအေးကလေးများက တိုက်ခတ်နေပုံမှာ သာယောင့်သာယာ ရှိလှပေသည်။ မင်းကြီးသည် ရေကန်စောင်းတန်းဦးတွင် ချထားသော 'ကျောက်ဖြူခုံပေါ်တွင်ထိုင်ရန်' စာဆိုတော်အား ပြောသည်။ ထို့နောက် စကားစလေသည်။

''သင့်က ငါ၏ ဉာဉ်များနှင့်ပတ်သက်၍ ငဲ့အား မေးသည်။ ယခုအခါ ငါသည် 'အဟုတ်တကယ် အိုမင်းခဲ့ပြီ။' ဟု ထင်စပြုလာသည် စာဆို။''

''အကြောင်း အသို့ရှိသနည်း။''

''ကိုယ်လုံးတီးအလှမကလေးများပင် ငါ၏အလိုဆန္ဒကို နိုးကြားထကြွအောင် မနှိုးနိုင် ဖြစ်နေသည်။''

''သို့ဖြစ်လျှင် ယောဂီပုဂ္ဂိုလ်ကြီးလုံးလုံး ဖြစ်ခဲ့ပြီ မင်းကြီး။''

''ဤကဲ့သို့သော ယောဂီပုဂ္ဂိုလ်ကြီးအတွက် ၁ သောင်း ၆ ထောင်သော အလှမကလေးများ အဘယ်မှာ အသုံးကျပါအံ့နည်း။''

''ဝေခြမ်းပေးလိုက်ပါ မင်းကြီး။ အလှမကလေးများကိုရလျှင် အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလိမ့်မည်။ သို့မဟုတ် ဂင်္ဂါမြစ်ကမ်းတွင် ရေနှင့် သမန်းမြက်ကို ယူ၍ ဗြာဟ္မဏများအား အလှမများကို ပေးလှူလိုက်ပါလော့။ အလှူတကာတွင် မယားအလှူသည် အမြတ်ဆုံး ဖြစ်၏။ (သဗ္ဗေသ မေဝ ဒါနာနံ အရိယာဒါနံ ဝိသိဿတေ)''

''သည်အတိုင်းပင် ပြုရပေလိမ့်မည်။ သမားတော်ကြီးစက္ကပါဏိ၏ ကာမအားတိုးဆေးလည်း အရာမထင် ဖြစ်ခဲ့ပြီ။ ယခုအခါ သင်၏ ကဗျာအရသာတစ်မျိုးသာ မျှော်လင့်ချက် ရှိတော့သည်။''

''ကိုယ်လုံးတီးအလှ အရသာပင် မတိုးနိုင် ဖြစ်နေပါက ကဗျာအရသာ ဘယ်မှာ တိုးနိုင်ပါအံ့နည်း။ နောက်ဆုံးအသက်အရွယ်ကလည်း ၆၀ ကျော်ခဲ့ပြီ မင်းကြီး။''

''အသက် ၆၀။ ငယ်မူပြန်တုန်းပင် ရှိရမည် စာဆိုတော်။''

''အဘယ်သူနည်း။ နွားမတမ်းမ သောင်းခြောက်ထောင်နှင့် ကြာမြင့်စွာ အပျော်ကြီး ပျော်မြူးလာခဲ့သော နွားလားဥသဘ်ကြီးလော။''

''စကားမစပ် ကာသီ (ဗာရာဏသီ) မှာ သင့်ကို ငါမတွေ့ရ။ ကနွေကာလမှ ငါ ပြန်လာသည်မှာပင် ၂ လ ရှိပြီ။''

''မင်းကြီး။ ငါ တန်ခူးလပွဲတော်ရက် ၉ ရက်အတွင်း ဗိန္ဓဝါသိနီ မယ်တော်နတသမီး၏ခြေတော်ရင်းသို့ သွားခဲ့သည်။''

''ဘယ့်နယ်- ငါ၏လှေတော်သည် ပွဲတော်ကျင်းပနေသော လမ်းကပင် ဖြတ်လာခဲ့သည်။ သီလျှင် ခေါ်ယူခဲ့မည် ဖြစ်သည်။''

''သို့မဟုတ်လျှင် သင်မင်းကြီး ထိုပွဲတော်မှာပင် ဆင်း၍ အရပ်ရပ်အပျိုပေါင်းစုံပူဇော်ပွဲ (ကုမာရီပူဇာ)တွင် ပါဝင်ဆင်နွှဲနိုင်ပေမည်။''

''သင် ထိုအရပ်သို့ သွားသည်မှာကား ကုမာရီပူဇာအတွက် သက်သက်ပင် ဖြစ်လေသလော။''

''မင်းကြီး။ ငါကား ဘဂဝတီမယ်တော်နတ်သမီးကို ဆည်းကပ် ကိုးကွယ်သူတည်း။''

''သို့သော် သင်သည် တကယ့်ဗိသျုကာ ဂိုဏ်းဝင်တစ်ဦးနှင့် မခြား ရာမနှင့် သီတာကို ချီးကျူးရေးသားသည် မဟုတ်လော။''

''ဟုတ်ပါသည်။ 'မနောတွင် သတ္တိ၊ ပါးစပ်တွင် သီဝ၊ ပွဲလယ်တွင် ဗိသျုကာကိုးကွယ်သူ' ဟူသောစကားကို သင်မင်းကြီး သိသည်မဟုတ်လော။''

''ထို့ကြောင့် ပွဲလယ်တွင် ဗိသျုကာကိုးကွယ်သူတစ်ယောက် သင် ဖြစ်ခြင်းပါတကား။''

''ဖြစ်ရမည်သာ မင်းကြီး။ ငါတို့သည် သင်မင်းကြီးစွမ်းသကဲ့သို့ ငါတို့အား ဝေဖန်သောလျှာများကို အနည်းငယ်မျှ ဆွဲထုတ်ပစ်နိုင်စွမ်း မရှိကြ။''

''အမျိုးမျိုးရုပ်ဆောင်နိုင်သော သင့်အား ကောင်းချီးပေးပါ၏။''

''ဤမျှပင် မကသေး မင်းကြီး။ ငါသည် သုဂတ (ဗုဒ္ဓ)ကိုလည်း ငါ၏ ကိုးကွယ်ပူဇော်ရာများတွင် သွင်းထားသည်။''

''သုဂတ, ဘဂဝါ တထာဂတကိုပါ။''

''မှန်သည်။''

''ထားပါဘိ။ စကားအဖြစ် ပြောရသည်ကိုပင် ရှက်ရှက်လာသည်။''

''သတ္တိကို ကိုးကွယ်သော ငါတို့အကျိုးအတွက် ဗုဒ္ဓဘာသာကိုးကွယ်ပူဇော်မှုကို 'ဝဇီရ ယာန ဗုဒ္ဓဘာသာ'က လွယ်ကူအောင် လုပ်ပေးထားသည်။''

''အမှန်ပင် ဖြစ်သည်အဆွေ။ ထို့ကြောင့် ၄င်းဗုဒ္ဓဘာသာကို 'သဟဇယာန' (အလွယ်လမ်း) ဟု ခေါ်ကြသည်။''

''အဆိုပါ သဟဇယာဥ်ဂိုဏ်းသား သိဒ္ဓိပေါက်ပုဂ္ဂိုလ်ကြီးများ၏ ဒိုဟာ (ဒွေးချိုး), ဂီတ (သီချင်း)များတွင် ကဗျာအရသာကို မတွေ့ရပေ။ သို့သော် 'မ' ၅ လုံး အဖြစ်သော-

၁- မဒ္ဒ (သေရည်အရက်)

၂- မံသ (အသား)

၃- မိန (ငါး)

၄- မေထုန (မေထုန်)

၅- မုဒ္ဒါ (ရွှေ,ငွေ) များကို ရှောင်ကြဉ်ရန် တွင်တွင်ကျယ်ကျယ် ကြိုးစားခြင်းအားဖြင့် လောက ကောင်းကျိုး ဆောင်ရွက်ခဲ့ကြသည်ကိုကား ငါ အလွန်ပင် ကျေးဇူးတင်မိသည်။''

''သို့သော် ငါ့အတွက် ပြောရလျှင် 'မ' ၅ လုံးကို မကျိုးမပေါက်စောင့်ရှောက်ရန် လွယ်ကူမည် မဟုတ်'ဟု ထင်သည်။''

''ဝဇီရယာနှင့် နာဂဇုန္နဒ၏ မဇ္ဈိမကအဘိဓမ္မာကို တွဲစပ်လိုက်လျှင် အမွေးနဲ့ထွက်နေသော ရွှေကဲ့သို့ပင် ဖြစ်ပေလိမ့်မည်။''

''သင်၏ကဗျာများကို ငါ အရသာတွေ့၏။ သို့သော် တစ်ခါတစ်ခါ အရသာတွေ့နေသည်အထဲမှာပင် ခေါင်း မူးမူးလာသေးသည်။ မဇ္ဈိမကအဘိဓမ္မာသော်ကား ငါ့ဦးခေါင်းပေါ်တွင် ကျောက်ခဲတင်ထားဘိသကဲ့သို့ လေးလံလှပေသည်။''

''သို့ပင် လေးလံစေကာ နာဂဇုန္နဒ၏အဘိဓမ္မာသည် အလွန် အသုံးဝင်၏။ မှားယွင်းသောအယူအဆများစွာကို ပယ်ဖျက်ပစ်တတ်၏။''

''သို့ရာတွင် သင်ကား 'ဓေဒန္ဓိ (ဓေဒန္ဓဝါဒီ)တစ်ယောက်'ဟု ကျော်ကြားထင်ရှားနေသည် မဟုတ်သော စာဆိုတော်။''

''ငါသည် ငါ၏ကျမ်းကို 'ဓေဒန္ဓာ'ဟု အမည်ခံ၍ ပေါ်လွင်ထင်ရှားအောင် လုပ်ခဲ့၏။ သို့သော်လည်း 'ခဏ္ဍာန ခဏ္ဍာ ခဇ္ဇ' ၌ နာဂဇုန္နဒ၏ ခြေမှန်များကိုသာ နေရာတကာ ဖြန့်ကြဲထားခြင်း ဖြစ်သည်။''

''မှတ်ကား မှတ်မိမည် မဟုတ်။ သို့သော် ပြောပါဦး။ နာဂဇုန္နနှင့်ပတ်သက်၍ ထူးထူးခြားခြား မှတ်သားစရာ အဘယ်အချက်များ ရှိပါသနည်း။''

''သိဒ္ဓိပေါက်ဆရာတော်ကြီး မိတ္တပါဒသည် နာဂဇုန္နဒ၏အဘိဓမ္မာကို ယုံကြည်လက်ခံသည်။''

''ငါ့ဆရာရင်း မဟုတ်လား။''

''ဟုတ်ပါသည်။ နာဂဇုန္နက ပြောသည်မှာ 'ကုသိုလ်-အကုသိုလ်, သုစရိုက်-ဒုစရိုက်'ဆိုသော အရာအားလုံးပင် စိတ်ကူးထားချက် သက်သက်မျှသာ ဖြစ်သည်။ ကမ္ဘာလောကကြီး ရှိ,မရှိကိုပင် အခိုင်အမာ သက်သေ မပေးနိုင်ပေ။

''နတ်ပြည်- ငရဲပြည်, နှောင်ဖွဲ့ခြင်း- လွတ်မြောက်ခြင်း ဆိုသည်များမှာ အမတ်အိုကြီးများ ပြောသော ပုံဝတ္ထုမျှ ဖြစ်သည်။ လူမိုက်များ၏ မျက်စိလည်ခြင်း ဖြစ်သည်။

''ပူဇော်ဆည်းကပ်မှု ဟူသည် လူညံ့များအား လှည့်ဖြားကောက်ကျစ်ရန်အတွက် ဖြစ်သည်။

''လူလောကအပြင်ဘက်က နတ်သမီး,နတ်သား ဟူသည်များမှာ အမှားသာတည်း။-ဟူသတတ်။''

''ငါ တစ်သက်ပတ်လုံး နာဂဇုန္နဒ၏အဘိဓမ္မာနှင့်သာ အချိန်ကုန်ခဲ့သည် စာဆိုတော်။''

''လူတိုင်းပင် အလားတူ အချိန်ကုန်ခဲ့ကြသည် မင်းကြီး။ လက်ငင်းကိုစွန့်၍ အကြွေးနောက်သို့ လူအ, လူမိုက်များသာ ပြေးလိုက်နေကြသည်။''

''ငါ့မှာကား ယခုအခါ လက်ငင်းပစ္စည်းများကို ရှေ့တွင်ထား၍ ထိုင်ကြည့်နေရုံပင် ရှိသည်။ အဆွေ။ သင်တစ်မူကား ယခုအချိန်အထိ အရွယ်ကုန်သေးဟန် မရှိပေ။''

''မင်းကြီး။ ငါကား မင်းကြီးအောက် ၈ နှစ် ငယ်သည်။ သို့စင်လျက် ငါသည် ဗြာဟ္မဏမတစ်ယောက်ထက် ပို၍ လက်မထပ်ခဲ့။''

ငါ နှားလည်ထားသောအချက်ကား
'ဒါနပုည-ဘုရားတည် ကျောင်းဆောက်
စသည်အားလုံးကို ဘာသာရေး ဘာသာမှု'ဟု
ဆိုချင်ဆို လုပ်ချင်လုပ်။
သို့သော် 'လက်ငင်းဘဝကိုကား
လက်မလွတ်စေနှင့်။'ဟူသော အချက်သာ ဖြစ်သည်။''

''လက်ထပ်သဖြင့် ဘာဖြစ်သနည်း။ ဤမျှများများ လက်ထပ်ခဲ့သူကား အမောဆို့ သေဖို့သာ ရှိသည်။''

''ငါ့အိမ်တွင်ကား ဗြာဟ္မဏမ တစ်ယောက်သာရှိသည် မင်းကြီး။''

''သို့ဖြစ်လျှင် 'စာဆိုတော်ကြီးသီရိဟဿသည် သွားကျိုးအမယ်အိုကြီးနှင့်သာ တစ်သက်ပတ်လုံး မဖောက်မပြား နေသွားသည်။'ဟု ကမ္ဘာကို သင် အယုံသွင်းခြင်း ဖြစ်သည်။''

''ကမ္ဘာကလည်း ယုံလိမ့်မည်။ ယုံအောင်လည်း လုပ်နေကြသည် မင်းကြီး။ ငါသည် 'ငါ၏ ကျမ်းဂန်များတွင် သမာဓိဆောက်တည်၍ ဗြဟ္မ(ထာဝရဘုရား)ကို မျက်မှောက်ပြုရကြောင်း။'ကိုပင် ရေးသားခဲ့သည်။''

''သင်ပြောသော မဇ္ဈိမကအဘိဓမ္မာတွင် 'ဗြဟ္မ'နှင့် 'ဗြဟ္မကိုမျက်မှောက်ပြုမှု'အကြောင်း ပါသလော စာဆိုတော်။''

''မဇ္ဈိမကအဘိဓမ္မာတွင် မပါသောအကြောင်းအရာ အဘယ်မှာ ရှိအံ့နည်း မင်းကြီး။''

''တိုတိုဆိုသော် ငါတို့ မျက်မှောက်အပြုခိုင်းသမျှ မျက်မှောက်ပြုနိုင်အောင် အခြားသူများကို ကန်းအောင် လုပ်ထားရမည်။''

''သို့ဆိုလျှင် သင်မင်းကြီး ဘာသာတရားအပေါ် အယုံအကြည် ကင်းသွားလေပြီလော မင်းကြီး။''

''ငါ နားမလည်။ ဘယ်အချိန်တွင် 'အယုံတရား' ဝင်လာ၍ ဘယ်အချိန်တွင် 'အယုံတရား' ပျောက်ကွယ်သွားသည်။- ဟူသောအချက်ကိုပင် အမှတ်မထားမိ။ သင့်ဘာသာရေးဆရာ ဗြာဟ္မဏများ၏ အဆုံးအမ အပြုအမူကို ကြားရမြင်ရ၍ ငါ့စိတ်နှင့် တွေ့ရန် ခဲယဉ်းလှသည်။ ငါ နားလည်ထားသောအချက်ကား 'ဒါနပုည-ဘုရားတည် ကျောင်းဆောက် စသည်အားလုံးကို ဘာသာရေး ဘာသာမှု'ဟု ဆိုချင်ဆို လုပ်ချင်လုပ်။ သို့သော် 'လက်ငင်းဘဝကိုကား လက်မလွတ်စေနှင့်။'ဟူသောအချက်သာ ဖြစ်သည်။''

အချစ်ရေးနှင့် ဘာသာရေးစကားများကို ဖြတ်၍ နိုင်ငံရေးဘက်သို့ ရောက်လာကြသည်။

''မင်းကြီးက 'ပထဝီရာဇအား အကူအညီပေးဖို့ ငြင်းဆိုလိုက်သည်။'-ဟူသောသတင်း မှန်ပါသလော။''

သီရိဟဿက ထောက်လှမ်းလေသည်။

''သူ့အားကူညီရန် ဘာများ လိုအပ်ပါသနည်း။ သူ့ကိုယ်တိုင် လေမုန်တိုင်းနှင့် စစ်ဆင်ခဲ့သည်။ သူ့ကိုယ်တိုင် ခံရလိမ့်မည်။''

''ငါလည်း ဤအတိုင်းပင်ထင်သည် မင်းကြီး။ စက္ကပါဏိသည် အလကားသက်သက် အကြောက်လွန်နေသည်။''

"သူ့အလုပ်ကား ဆေးဝါးဖော်စပ်ဖို့သာ ရှိသည်။ ဆေးဝါးဖော်စပ်ရာတွင်လည်း တစ်စုံတစ်ရာ မထိရောက်။ ၃ ကြိမ်တိုင်တိုင် ကာမအားတိုးဆေး ဖော်စပ်ခဲ့၏။ သို့သော် အားလုံးပင် အကျိုးမထင်။ ယခု သူ နိုင်ငံရေးတွင် ဝင်စွက်ချင်လာပြန်သည်။"

"မဖြစ်ပါဘူး မင်းကြီး။ သူ လူအတစ်ယောက်ပါ။ အိမ်ရှေ့မင်းက အလကားသက်သက် သူ့ကို ခေါင်းပေါ် တင်ရွက်ထားသည်။"

၃

"မှန်လှပေသည် သမားတော်။ သိရီဟဿသည် ဂဟရ်(၃)ဗာရ် မင်းမျိုးမင်းနွယ်များ၏အမြစ်တွင် ဝင်စားနေသော ပိုးကောင်ဖြစ်သည်။ သူသည် ခမည်းတော်ကြီးအား တဏှာရူးကြီးဖြစ်အောင် လုပ်ပေးနေသည်။"

"မင်းသား။ ငါသည် အသက် ၂၀ အရွယ်ကပင် ကညကုဇ္ဇာဘုရင်၏ သမားတော်ကြီး ဖြစ်ခဲ့သည်။ ငါ၏ဆေးဝါး များစွာစွမ်းပါသည်။"

"ဆေးစွမ်းကြောင်း တစ်ကမ္ဘာလုံးကပင် သိပါသည် သမားတော်။"

"သို့သော် ကာမအားတိုးဆေးနှင့်ပတ်သက်၍ မင်းကြီးက မျက်တော်မူနေသည်။ ကာမကြူးသော သူသည် ယောကျ်ားပီသသောနုပျိုမှုကို အဘယ်မျှကြာအောင် ပွားစေနိုင်ပါအံ့နည်း မင်းသား။ ထို့ကြောင့်ပင် 'အစားအသောက် အနေအထိုင် ခြိုးခြံရန်' ကျမ်းဂန်များတွင် ရေးသားထားခဲ့ကြခြင်း ဖြစ်သည်။ ငါ့အား မလွဂါမ (မလာန်စ်)တွင် သွားရောက်နေထိုင်ခွင့်ပေးရန် ပြောပါသည်။ သို့သော် တောင်းဆိုချက်ကိုလည်း မင်းကြီးက လက်မခံ။"

"ခမည်းတော်ကြီးအပြစ်ကြောင့် ငါတို့အား ခွဲခွာမသွားပါနှင့် သမားတော်။ ဂဟရ်ဗာရ်မင်းမျိုးမှာ မျော်လင့်စရာ အသင်တစ်ဦးသာ ကျန်ပါတော့သည်။"

"မျော်လင့်စရာ ငါ မဟုတ်။ ဟရီစန္ဒမင်းသား ဖြစ်သည်။ ဂဟရ်ဗာရ်မင်းမျိုးတွင် 'ဇယစန္ဒ' အစား ဟရီစန္ဒဖြစ်ခဲ့လျှင် အဘယ်မျှ ကောင်းလေမည်နည်း။ စန္ဒဒေဝ၏ရာဇပလ္လင်သည် ဟရီစန္ဒနှင့်သာ ထိုက်တန်သည်။"

"သို့မဟုတ် သိရီဟဿအစား သမားတော် စက္ကပါဏိသာဇယစန္ဒ၏ မိတ်ဆွေရင်းချာဖြစ်ခဲ့လျှင် အဘယ်မျှ ကောင်းလေမည်နည်း။ သို့သော် သမားတော်ကြီး ဆရာကြီးသည် ဂဟရ်ဗာရ်မင်းဆက် နေဝင်သည့်တိုင်အောင် ငါတို့နှင့် မကွာမကွဲ အတူ တွဲနေသင့်ပါသည်။"

"နေဝင်လျှင် နေဝင်ချင်း အတူတကွဖြစ်ရန် အသင့်ရှိသည် မင်းသား။ သို့သော် ဂဟရ်ဗာရ်မင်းဆက် နေဝင်မည် မဟုတ်။ ဟိန္ဒူများ နေဝင်သွားလိမ့်မည်။ ငါတို့ မလွဂါမရှိ ဗြာဟ္မဏများတွင် ယဇ်မွေဖွန်းနှင့် ယဇ်ကောင်ဖျန်းသော ရေခွက်များသာ ရှိသည် မဟုတ်။ (ဘာသာရေးသက်သက်သာ မဟုတ်။) ဓားလွယ်ကိုင်လည်း နိုင်နင်းကြသည်။ ထို့ကြောင့် ငါတို့သည် တူရကီများနှင့် စစ်တိုက်လိုကြသည် မင်းသား။"

"ခမည်းတော်ကလည်း သူ့သမက်တော်အား အကူအညီပေးရန် အသင့်မရှိ။ ပထဝီရာဇသည် ငါ၏ယောက်ဖတော် ဖြစ်သည် သမားတော်။ နှမတော် သံယုတ္တာသည် ပထဝီရာဇနှင့်ချစ်ကြိုက်၍ သူသဘောအတိုင်း လိုက်သွားသည်။ ခမည်းတော်သည် ထိုကိစ္စနှင့် ပတ်သက်၍ မကျေနပ်စရာ ဘာအကြောင်းရှိသနည်း။"

"ပထဝီရာဇသည် လူစွမ်းကောင်းတစ်ယောက်ဖြစ်သည် မင်းသား။"

"ရဲရင့်ကြောင်းမှာကား တစ်စုံတစ်ရာ ယုံမှားဖွယ်ရာ မရှိပါ သမားတော်။ ရဲရင့်သောကြောင့်ပင် သူသည် တူရကီဘုရင်နှင့် စစ်တိုက်နေခြင်း ဖြစ်သည်။ သူနိုင်ငံသည် ငါတို့ ကညကုဇ္ဇနိုင်ငံနှင့်စာလျှင်

ဘာမျှမပြောပလောက်။ အကယ်၍ တူရကီဘုရင်အား လမ်းဖွင့်ပေးရဲ့ ပေးလိုက်ပါက တူရကီဘုရင်သည် သူ့အား များစွာ အခွင့်အရေးပေးပေရာသည်။ ဆုလတန်သည် ဒိလ္လီကိုသာမက 'ကညကုဇ္ဇ'ကိုပါ မျက်စိကျနေသည်။ လွန်ခဲ့သော အနှစ် ၆၀၀ မှစ၍ ကန္နောက်ဂ်သည် ဘာရတ အိန္ဒိယပြည်တွင် အကြီးဆုံး နိုင်ငံတော်ကို အုပ်စိုးခဲ့သည်။ သို့သော် ခမည်းတော်ကြီးအား အာဃာတသူက သိအောင် လုပ်ပေးပါခဲ့နည်း။ ခမည်းတော်ကား အသိဉာဏ်အင်အား လျော့ပါးကုန်ခမ်း နေခဲ့လေပြီ။''

''ယခုအချိန်တွင် မင်းကြီးသည် အုပ်ချုပ်ရေးတာဝန်ကို အိမ်ရှေ့မင်းလက်တွင်းသို့ အပ်နှံလိုက်လျှင် ကောင်းလေမည်။''

''တစ်ခါက 'ခမည်းတော်အား နန်းချပစ်ရလျှင် ကောင်းမည်။'-ဟုပင် စဉ်းစားမိသည် သမားတော်။ သို့သော်လည်း ဆရာကြီး ဆုံးမသည်ကို သတိရလာသည်။ အနှစ် ၂၀ အတွင်း ဆရာကြီး ဆုံးမလိုက်သော အဆုံးအမများ ကျေးဇူးများလှပေသည်။ ထို့ကြောင့် ခမည်းတော်အား ငါ မဆန့်ကျင်နိုင်အောင် ဖြစ်နေသည်။''

''ကညကုဇ္ဇထီးနန်းကား ဆွေးမြည့်ယိုယွင်းခဲ့ပြီ မင်းသား။ အနည်းငယ် ခြေလှမ်းမှားခဲ့လျှင် အားလုံး အဆောက်အဦ မီးထတောက်လိမ့်မည်။ ဤအချိန်ကား အဖနှင့် သား ခိုက်ရန်ပွားနေဖို့ အချိန်မဟုတ်ပေ။''

''အသိပြုအံ့နည်း သမားတော်။ ငါတို့ စစ်သေနာပတိနှင့် စစ်ခေါင်းဆောင်များကလည်း သူရဲဘောကြောင်သူ၊ အရည်အချင်းမရှိသူများ ဖြစ်သည်။ လူငယ်စစ်ခေါင်းဆောင်များအနက် အချို့ အရည်အချင်းရှိကြသည်။ ရဲစွမ်းသတ္တိ ရှိကြသည်။ သို့သော် သူတို့၏လမ်းကို လူအများက ဆီးဆို့ပိတ်ကာ ထားကြသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာလည်း မြောက်ပင့်မှကိုသာ သူတို့၏ တကယ့်တာဝန်တစ်ရပ်အနေ မှတ်ထင်နေကြသော အမတ်များကြောင့် ဖြစ်သည်။''

''နန်းတွင်းဆောင်သို့ သူတို့နှမ၊ သမီးများ ပို့ဆက်၍ ရာထူးရနေကြသော အမတ်များ၏အခြေအနေကား ဤအတိုင်းသာ ဖြစ်ရပေမည်။ သို့သော် လွန်ခဲ့ပြီးအချိန်အတွက် အရေးမကြီး။ နောင်ရေးအတွက် ငါတို့ စိုးရိမ်ပူပန်သင့်သည်။''

''ယခုအခါ ငါ့လက်ထဲတွင် အာဏာရှိပါက ဟိန္နူလူငယ်များအားလုံး လက်နက်ကိုင်ချည်းဖြစ်အောင် လုပ်ပေးမည်။''

''သို့သော် ဤကဲ့သို့ဖြစ်ရခြင်းမှာ အစဉ်အလာ လူအဆက်ပေါင်းများစွာ၏ မှားယွင်းသောအလေ့အထ ဖြစ်သည် မင်းသား။ အစဉ်အလာကပင် မင်းသားများကိုသာ စစ်မှုရေးရာ တာဝန်ခံအနေ သတ်မှတ်ထားခဲ့ကြသည်။ မဟာဘာရတွင်ပါသော 'ဒေါဏ'နှင့် 'ကပ'ကဲ့သို့သော ဗြာဟ္မဏများ စစ်တိုက်ကြသည်။ သို့သော် နောင်သောအခါ လူမျိုးတစ်မျိုးတည်းကိုသာ။''

''ဤဓာတ်စနစ်သည်လည်း ငါတို့၏လမ်းတွင် ကြီးစွာသောအဆို့အပိတ်ကြီးတစ်ခု ဖြစ်နေသည်။''

''အဆို့အပိတ်။ ဤဓာတ်စနစ်သည် အကြီးဆုံး အဆို့အပိတ်ဖြစ်သည် မင်းသား။ ရှေးဟောင်းပုဂ္ဂိုလ်ကြီးများ၏ အထက်တန်းကျသော လုပ်ငန်းများအတွက် စိတ်ကြိုးဝင်မှကား တစ်မျိုးသာ ဖြစ်သည်။ သို့သော် ဟိန္နူများကို အစိတ်အစိတ် ထောင်ပေါင်းများစွာ အစဉ်အမြဲဖြစ်သွားအောင် လုပ်မှကား ကြီးစွာသော မကောင်းမှုကြီး ဖြစ်သည်။''

''ယနေ့ ထိုမကောင်းမှုကြီး၏အကျိုးကို ခံစားနေရသည်။ 'ကာဗုလ်' သည် ယခုအခါ ဟိန္နူတို့လက်ထဲတွင် မရှိတော့။ 'လာဟိုရ်'လည်း လက်လွတ်ပြီ။ ယခုအခါ 'ဒိလ္လီ' အလှည့် ကျရောက်နေလေပြီ။''

"ငါတို့လောသည် ကြမ္မာဆိုးများ၏
လေးလံသောဝန်ဖြင့် နစ်မြုပ်နေသည်။
သို့သော် ငါတို့ကား
မိုက်မဲမှုဖိစီးခြင်း ခံနေရ၍
အာဘယ်ရာဝတ္ထုတစ်ခု၊ ကိုမျှ စွန့်ပစ်၍
လောကို ပေါ့အောင်မလုပ်လိုကြပေ။"

"သို့သော် ယခုအချိန်အထိပင် ငါတို့သည် ပိတောက်ရာ (ပထဝီရာဇ)နှင့် အတူတွဲ၍ တိုက်နိုင်ပေလိမ့်ဦးမည်။"

"အို-ကြမ္မာဆိုးငင်လိုက်လေ သမားတော်။"

"ကြမ္မာဆိုး။ ငါတို့လောသည် ကြမ္မာဆိုးများ၏ လေးလံသောဝန်ဖြင့် နစ်မြုပ်နေသည်။ သို့သော် ငါတို့ကား မိုက်မဲမှုဖိစီးခြင်း ခံနေရ၍ အာဘယ်ရာဝတ္ထုတစ်ခုကိုမျှ စွန့်ပစ်၍ လောကို ပေါ့အောင်မလုပ်လိုကြပေ။"

"ဘာသာရေးအစာမကြေမှုပင် ဖြစ်သည် သမားတော်။"

"ဘာသာရေးကား အဆုတ်နာပင် ဖြစ်သည်။ ငါတို့သည် အာဘယ်မျှ မတရားမှုကို ပြုခဲ့လေသနည်း။ နှစ်စဉ်နှစ်တိုင်းပင် ကုဋေကုဋာမုဆိုးမများကို မီးရှို့ခဲ့ကြသည်။ မိန်းမများသည် သားတိရစ္ဆာန်အလား ယောကျ်ား၏ အရောင်းအဝယ်ကို ခံနေရသည်။ နတ်ကွန်းများ, ကျောင်းများတွင် ရွှေ, ငွေ, စိန်ကျောက်များကို မွမ်းမံစီခြယ်၍ လူရိုင်းဓားပြများကို ဖိတ်ခေါ်နေသည်။ ရန်သူနှင့်တွေ့၍ ရင်ဆိုင် အကြိတ်အနယ် တိုက်ရသောအခါ ပြိုကွဲပျက်စီးကြသည်။ မိမိတို့ ကမြင်းကြောထရန်အတွက် ပြည်သူပြည်သားများ၏ ချွေးနဲစာကို အကြင်နာမဖက် ရက်စက်စွာ ဖြုန်းတီးနေကြသည်။"

"ကမြင်းကြောထခြင်း မဟုတ် သမားတော်။ 'အရူးထခြင်း' ဖြစ်သည်။ မိမိ၏အလိုဆန္ဒ ဖြည့်တင်းရန် ကိုယ်ကြိုက်မယားတစ်ယောက်နှင့် လုံလောက်သည်။ အကြောတော် အရူးထရန်အတွက်ကား မိန်းမ ၅ သောင်းလည်း လုံလောက်မည် မဟုတ်။ ထိုကဲ့သို့ အရူးတော်ထခြင်းတွင် ဘယ်အခါမှ 'အချစ်' ဟူသည် မပေါ်လာနိုင်။ ငါ့ခမည်းတော် လွန်ခဲ့သောသင်္ကြန်ရက်များက သူ့နန်းတွင်းသူအမြောက်အမြားကို ဗြာဟ္မဏများအား ပေးလှူခဲ့သည်။ ထိုအခါ နန်းတွင်းသူများ မငိုကြပါ။ စိတ်ထဲမှာ လှိုက်လှိုက်လဲလဲ ဝမ်းသာကြသည်။'-ဟု ကျွန်ုပ်၏မယား (ဘာမာ)က ပြောပါသည်။"

"အလှူခံ ဗြာဟ္မဏများ၏အိမ်တွင်ကား အများဆုံး လင်တူမယား ၁ ဦး-၂ ဦး ရှိမည် မင်းသား။ နန်းတွင်းဆောင်ကဲ့သို့ မိန်းမ သောင်းခြောက်ထောင် တင်းကျမ်းပြည့်ဖြစ်နေမည် မဟုတ်ပေ။ နန်းတွင်းသူဘဝကား ကျွန်နှင့် မခြားလှပေ။ သူတို့အား လှူပစ်နိုင်အောင် 'မယား'ဟူသည် အာဘယ်ပစ္စည်းမျိုးစား ဖြစ်လေဘိသနည်း။"

"မည်သို့ပင် ဖြစ်စေ၊ ငါတို့ စုပေါင်း၍ တူရကီများကိုတိုက်ခိုက်ရန် ကြိုးစားကြရပေမည်။"

"ဤကိစ္စကား မင်းကြီးလက်ဝက် တည်သည်။ လူယုတ်မာ သီရိဟဿကလည်း မင်းကြီးကို ခြယ်လှယ်နေသည်။"

၄

၈ ရက်နေ့။ ညဉ့် ဖြစ်သည်။

.. လသည် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းပေါ်သို့ တက်လာစပင် ရှိသေးသည်။ သို့သော် မြေတစ်ပြင်လုံးပေါ်သို့ လရောင်ရောက်ရန် လိုသေးသည်။ ထက်ဝန်းကျင်တွင် တိတ်ဆိတ်ခြင်းက လွှမ်းဖုံးနေသည်။ သို့သော် တိတ်ဆိတ်ခြင်းအကြားတွင် အတော်ဝေးသောနေရာမှာ ခင်ပုပ် (ဒီးကွက်)တစ်ကောင်၏ ကြောက်မက်ဖွယ်အသံကိုကား ကြားနေရသည်။

ဤကဲ့သို့သော တိတ်ဆိတ်ခြင်းအကြားဝယ် လူ ၂ ယောက် ကမ်းပါးပေါ်မှ ယမုန်နာမြစ်ကမ်းစပ်သို့ သုတ်သုတ်ဆင်းလာကြသည်။ သူတို့ ၂ ယောက် လက်ချောင်းများကို ပါးစပ်တွင်းသို့သွင်း၍ ၃ ကြိမ်တိုင်တိုင် လက်ခေါက် မှုတ်လိုက်လေသည်။

ယမုန်နာမြစ်တစ်ဖက်ကမ်းမှ လှေတစ်စင်း ကမ်းပါးသို့ ဆိုက်ကပ်လာသည်။ ၂ ယောက်သား လှေပေါ်သို့ ဖြည်းဖြည်း ခုန်တက်လိုက်ကြသည်။ အတွင်းဘက်မှ တစ်စုံတစ်ယောက်က မေးသည်။

''ဗိုလ်မှူးမာဓဝ လော။''

''ဟုတ်ပါသည် ဆရာကြီး။ အာလဟဏ် (အာလဏ)လည်း ငါနှင့် အတူပါလာသည်။ မင်းသား ဘယ်ပုံ ဖြစ်နေသနည်း။''

''အေး- ယခုအချိန်အထိ သတိမရသေး။ သို့သော် မင်းသားအတွက် ဆေးဝါးအနည်းငယ် ပေးခဲ့သေးသည်။ မင်းသား စစ်ပွဲသို့ပြန်သွားလျှင် အသိုပြုမည်နည်း။''

''သို့သော် ဆရာကြီး။ မင်းသားကား ဆရာကြီး၏အမိန့်ကို မလွန်ဆန်နိုင်ပါ။''

''သို့ဖြစ်၍ပင် ငါ ယုံကြည်စိတ်ချ၏။ သို့သော် ဤနည်းသည် ကောင်းသည်သာ ဖြစ်သည်။ ဤကဲ့သို့လုပ်မှ ဒဏ်ရာအနာ သက်သာသွားလိမ့်မည်။''

''ဒဏ်ရာမဆိုးပါဘူး ဆရာကြီး။''

''မဆိုးပါဘူး ဗိုလ်မှူး။ ဒဏ်ရာကို ငါ ချုပ်ထားခဲ့သည်။ သွေးလည်း မထွက်တော့။ တိတ်သွားပါပြီ။ အားနည်းမည်ကား အမှန်ပင် ဖြစ်သည်။ သို့သော် ကြောက်စရာ မလိုတော့ပါ။ ကောင်းပြီ ပြောပါဦး။ သင် ဘာလုပ်လာသနည်း။ မင်းကြီးအလောင်းကို နန်းတွင်းဆောင်ထဲ ပို့ပစ်ခဲ့သလော။''

''ပို့ခဲ့သည်။''

''သို့ဖြစ်လျှင် ယခုအခါ နန်းတွင်းသူများ မင်းကြီးအလောင်းကို ဆောင်ကြဉ်း၍ မီးပုံတွင်း ဆင်းကာ 'သတီ'များ ဖြစ်ကြလေမည်လော။''

''ဖြစ်စရာရှိသောမိန်းမများ ဖြစ်ကြလိမ့်မည်။''

''စစ်သူကြီးကား အသို့နည်း။''

''စစ်သူကြီးအိုကား သေခါနီးတွင် နိုးရုံ နိုးသွားသည်။ အရာရှိ, အရာခံအများပင် ရုန်းရင်းခတ် ဖြစ်နေသည်ကို မြင်၍ ထွက်ပြေးကြသည်။ သို့သော် သူတို့လည်း အပြေး မကျင်လည်ကြပေ။ သူတို့အထဲမှ တစ်စုံတစ်ယောက်သောသူပင် ချမ်းသာလိမ့်မည် ငါမထင်။''

''ဤကိစ္စ လွန်ခဲ့သော ၃နှစ်ခန့်က ဖြစ်ခဲ့လျှင် ဟရီစန္ဒသည် ငါတို့အရှင်မင်းကြီး ဖြစ်၍၊ သင် မာဓဝသည် ကညကုဇ္ဇ၏စစ်သူကြီး ဖြစ်ခဲ့ပေရာသည်။''

အသက်ကို ရှည်ရှည်ရှူ၍ မာဓဝက ပြောလေသည်။

''ဆရာကြီး။ ဆရာကြီး၏ သတိပေးစကားလုံးတိုင်း ကြေးမုံကဲ့သို့ တောက်ပပေသည်။ ဆရာကြီးသည် ပထဝီရာဇနှင့်ပူးပေါင်း၍ တူရကီများအား တိုက်ခိုက်ရန် အကြိမ်ကြိမ် ပြောဖူးသည်။ သို့သော် အားလုံး အကြံပေးစကားများသည် 'တောတွင်းငိုချင်း' မျှလောက်သာ ဖြစ်နေသည်။''

"ယခုအခါမှ ဝမ်းနည်းနေသဖြင့် တစ်စုံတစ်ရာ အကျိုးမထင်တော့ပေ။ ဆိုစမ်းပါဦး။ နောက်ထပ် ဘာများ စီစဉ်ထားသနည်း။"

"လှေကြီးအစင်း ၅၀၀၊ ၅၀-၁တပ် ဖွဲ့ထားသော စစ်သားများ အပြည့်တင်၍ လာနေပြီ။ ဂါဂါ, မိုဂါနှင့် ဆလခူတို့ကို ခေါင်းဆောင်တင်၍ ငါ ခန့်ခွဲစီစဉ်ခဲ့သော အစီအစဉ်ကား၊ စန္ဒာဝရ (ငွာဝါ) အရှေ့ဘက်သို့ ဆုတ်ခွာ၍ 'တူရကီများနှင့်တိုက်ရန်' ဖြစ်သည်။ တိုက်သောအခါ ရင်ဆိုင်နည်းနည်းနှင့် ပြောက်ကျားများများ တိုက်ရန်ဖြစ်သည်။ အခြေအနေမလှလျှင် အရှေ့ဘက်သို့ ဆုတ်ပေးရန်လည်း စီစဉ်ထားသည်။"

"ကန္တော်ကျဲ နန်းတော်ကော။"

"ထိုနန်းတော်မှ ရွှေပြောင်းနိုင်သမျှပစ္စည်းများကို ရွှေပြောင်းပေးခဲ့သည်။ ဂုဂ်ါမြစ်ရိုးတွင် လှေပေါင်းများစွာ လွှန်ခဲ့သော ၂ ရက်-၃ ရက်ကပင် ထွက်ခွာ စုန်ဆင်းလာကြလေပြီ။"

"မာဓဝ။ ထို့ကြောင့် ငါသည် သင်တို့အား စစ်သူကြီးစက်ရိပ်မှ လွတ်အောင် စောင့်ရှောက်ထားခဲ့သည်။ စစ်သူကြီးသည် သူ မသေမီကပင် သင်တို့အား သတ်ပစ်လိမ့်မည်။ သင်နှင့် မင်းသား လွတ်မြောက်သွား၍ ငါ ဝမ်းမြောက်ကျေနပ်လှသည်။ ယခုအခါ ဟိန္နူများအတွက် မျှော်လင့်ချက် အနည်းငယ် ရှိသာသည်။ မည်သို့ဖြစ်စေ- နောက်ဆုံးအချိန်အထိ အင်အားကို အသေးစိတ်အသုံးပြု၍ တိုက်ရပေလိမ့်မည်။"

"အခြားလှေများလည်း လာနေဟန်ရှိသည် ဆရာကြီး။"

"ဇိုလ်မှူးအာလဟဏ်။ ထိုလှေများ ရောက်လျှင်ရောက်ချင်း လှေအားလုံး ဤအရပ်မှ ထွက်ခွာရန် အမိန့်ပေးလော့။"

"ကောင်းလှပါပြီ ဆရာကြီး။"

အာလဟဏ်က ရိုသေကျိုးနွံသောအသံဖြင့် ပြောလေသည်။

"ကောင်းပြီ မာဓဝ။ အောက်ခန်းတွင်းသို့ ဆင်းကြစို့။ သို့သော် အောက်ခန်းတွင် မှောင်နေမည် မဟုတ်လော။ ထိုသို့ဖြစ်မည်ကို သိ၍ မီးခွက်ကို မှုတ်လိုက်ခြင်း ဖြစ်သည်။"

အတန်ငယ် ရှေ့သို့ တိုးသွားပြီးနောက် "ရာဓာ။ ခဏ နေပါဦး။" ဟု စက္ကပါဏိက ဆက်ဆိုလိုက်လေသည်။

"ဘိုးဘိုး"

မိန်းမပျိုတစ်ဦးက လေသံနှင့် ထူးလေသည်။

"မီးခတ်၍ မီးခွက်ကို ထွန်းပါ။ သံခဲကို ကောင်းကောင်းသိမ်းထားသည် မဟုတ်လော။"

"ဟုတ်ကဲ့"

ထို့နောက် မာဓဝဘက်သို့ လှည့်၍ သူက ပြောလေသည်။

"အစ်ကို။ အချို့သူများက 'သမားတော်'ဟု ခေါ်ကြသည်။ အချို့က 'ဆရာကြီး'။ အချို့က 'ဘိုးဘိုး'ဟု ခေါ်ကြသည်။ ခေါ်ပုံအားလုံးကို မှတ်ထားရန် ငါ့အတွက် ခက်လှသည်။"

"သင်တို့အားလုံး ငါ့အား ငါ့နာမည်အတိုင်း 'ကျက္ကူ' ဟု ခေါ်ကြ။"

"မခေါ်ချင်ပါ။ မိန်းမများသည် ဝါသနာကို ဖျောက်နိုင်ခဲလှသည်။ ထို့ကြောင့် ငါတို့အားလုံး ဆရာကြီးအား ဗာဗာ စက္ကပါဏိပဏ္ဍောယအစား 'ဗာဗာ (ဘိုးဘိုး)'ဟု ခေါ်ကြမည်။"

"ကောင်းပြီ။ သွားကြစို့။ မီးထွန်းပြီးပြီ။"

၂ ဦးသား လှေကားမှ ဆင်းသွားကြသည်။

လှေ၏ ၃ ပုံ ၂ ပုံမှာ ကြမ်းပျဉ် ခင်းထားသည်။ ၄င်းအောက်တွင် တစ်ခုနှင့်တစ်ခု ဆက်၍ အခန်းငယ် ၂ ခု ရှိသည်။ လှေ၏တစ်ဘက်တွင်ကား ဗလာဟင်းလင်းဖြစ်သည်။ ၂ ဦးသား အခန်းတစ်ခု အတွင်းသို့ ဝင်သွားကြသည်။ ထိုအခန်းတွင်း၌ မီးခွက်၏အရောင်ထဲတွင် ခုတင် ၁ ခုကို တွေ့ရလေသည်။ ခုတင်ပေါ်တွင် လည်ပင်းတိုင်အောင် စောင်ဖြူခြုံထားသောလူတစ်ယောက် အိပ်နေသည်ကို တွေ့ရလေ၏။

ခုတင်ဘေးတွင်ချထားသော ခုံတစ်ခုမှ မိန်းကလေးတစ်ဦး ထလိုက်သည်။ စက္ကပါဏီက ပြောသည်။

"ဘာမာ။ မင်းသား လူပ်လူပ်ရှားရှား လုပ်သေးသလော။"

"မလှုပ်ပါ ဘိုးဘိုး။ သူ မှန်မှန် အသက်ရှူလျက်ပင် ဖြစ်ပါသည်။"

"မကြောက်မလန့်ဘူး မဟုတ်လား သမီး။"

"စက္ကပါဏီ၏အရိပ်ကို ခိုလှုံ၍ ကြောက်စရာဘယ်မှာ ရှိပါအုံနည်း။ ဂဟရ်ဗာရ်မင်းမျိုးမင်းနွယ်များ စောစောကပင် ဆရာကြီးအား 'မင်းဆရာ ဒေါက်'အဖြစ် အသိအမှတ်ပြုထားလျှင် ကောင်းလေစ။"

"သည်မှာ ငါတို့စစ်သူကြီး, ငါတို့ခေါင်းဆောင်ကြီး, ငါတို့အားထားရာ မဟာရာဇာဓိရာဇာ ဟရီစန္ဒ၏စစ်သူကြီး မာဓဝ ရောက်လာပြီ။"

"မဟာဒေဝီဘာမာ။ အရှင်မ၏ကျွန်တော်မျိုး မာဓဝ အဆည်းကပ်အခစား ရောက်လာပါပြီ။"

မာဓဝသည် ဤသို့ဆို၍ လက်အုပ်ချီလေသည်။

"ငါ မာဓဝကို သိပြီးပင် ဖြစ်သည်။ ကလေးအဖြစ် အတူကစားနေကြသော မာဓဝနှင့် မင်းသားကို ငါ ဘယ်တော့ မေ့သွားနိုင်မှာနည်း။"

"ဘာမာ။ မာဓဝ၏လက်ရုံးသည် ဂဟရ်ဗာရ် မင်းမျိုးမင်းနွယ်များ၏ မြို့မှုန်ထဲတွင်ကျနေသော အသရေကို ပြန်လည်ကောက်ယူနိုင်မည့် အင်အား ရှိသည်။"

"ဘိုးဘိုး။ ဘိုးဘိုးပါးစပ်မှ 'ဘာမာ'ဟုခေါ်သံမှာ အလွန် ချစ်စရာကောင်းသည်။"

"ခမည်းတော်ကို သတိရနေအုံ့ ထင်သည် သမီး။"

"သတိမရပါ ဘိုးဘိုး။ ငါတို့ မင်းမျိုးမင်းနွယ်များတွင် နောက်ထပ် လေအသစ်တစ်မျိုး တိုက်ခတ်ပစ်ရမည်။ အို- နန်းတော်ထဲတွင် အဖယ်မျှ အတုအယောင် အကောက်အကျစ်တွေ များလေသနည်း။ ငါတို့ လူလူချင်း ရိုးသားစည်းလုံးစွာ ဆက်ဆံမှုကို တည်ဆောက်သင့်သည်။ မင်းမျိုးမင်းနွယ်အဟောင်းများကို ခမည်းတော် (ယောကျ်မတော်)နှင့်အတူ တိမ်ကောသွားစေသင့်သည်။"

"တိမ်ကောသွားပါပြီ သမီး။ အတော်ကြာကပင် တိမ်ကောသွားခဲ့ပါပြီ။ သင်သည် မင်းသား၏ နန်းတွင်းဆောင်ကို မြင်ခဲ့သည်မဟုတ်လော။"

ဘာမာသည် စီးဆင်းလာသောမျက်ရည်များကို သုတ်ကာ ပြောလေသည်။

"ဘိုးဘိုး။ ဘိုးဘိုးသည် ငါတို့အား တစ်ဖန်လူပြန်ဖြစ်အောင် လုပ်ပေးခဲ့သည်။"

"မဟုတ်ဘူး သမီး။ အကယ်၍ ဟရီစန္ဒမင်းသားနေရာတွင် အခြားတစ်ယောက် ရောက်နေခဲ့လျှင် ငါသည် သက်သက် ကောင်းကင်လက်တွေ့သတ် လုပ်နေရမည်။ ဤကိစ္စအားလုံး ဟရီစန္ဒမင်းသား"

"ဗာဗာ (အဖ)"

အားလုံးပင် မင်းသား၏ တစ်ဝက်မျှပွင့်လာသောမျက်လုံးများကို စိုက်ကြည့်လိုက်ကြသည်။

ဘာမာသည် မင်းသား၏အနီးသို့ ပြေးသွား၍ ပြောလေသည်။

"အို- အချစ်ဆုံးစန္ဒ။ ရာဟုလာခံတွင်းမှ လွတ်ကင်းပြီ စန္ဒ။"

"အို-အချစ်ဆုံးဘာမာ။ ငါ အခုပင် အဖေ၏အသံကို ကြားလိုက်ရသည်။

''ဗာဗာ (အဖ)''

''ဂဟရိဗာရိမင်းဆက်ကို နေဝင်အောင်လုပ်သည့် ငါဗာဗာအစစ် မဟုတ်။ လူများက 'ဗာဗာ' ခေါ်ကြသော သင့်ကို ငါလည်း 'ဗာဗာ'ဟု ခေါ်တော့မည်။''

စက္ကပါဏီသည် မီးခွက်ဖြင့် မင်းသား၏ ဝါဖျော့သောမျက်နှာကို ကြည့်၍ နဖူးပေါ်သို့ လက်တင် စမ်းသပ်ကာ ပြောလေသည်။

''မင်းသား။ နေထိုင်ကောင်း၏လော။''

''မထူးခြားလှပါ။ စစ်မြေပြင်မှ ဒဏ်ရာနှင့် ပြန်လာခဲ့စဉ်ကကဲ့သို့ပင် ရှိပါသည်။''

''ဒဏ်ရာ ပြင်းထန်လှသည် မင်းသား။''

''ဟုတ်ပါလိမ့်မည်။ သို့သော် ငါ့အား စောင့်ရှောက်မည့်ဗာဗာ အနားတွင် ရှိသည်။''

''စကား အတန်ငယ်လျှော့ပြောပါမင်းသား။''

''ငါ့အတွက် ဗာဗာ၏နှုတ်မှ ထွက်သောစကားလုံးတိုင်း ဗာဒိတ် (ဗြဟ္မဝါဂျ) တော်များ ဖြစ်ပါသည်။''

''သို့သော် ဤကဲ့သို့သော ဟရီစန္ဒသည် စက္ကပါဏိအတွက် တစ်ခုတစ်ရာ အသုံးကျမည် မဟုတ်ပေ။''

''ဗာဗာ။ ဤစကားကား ကြည်ညိုသဒ္ဓါ၍ ပြောသောစကား ဖြစ်သည်။ ပညာစကား ပြောရလျှင် ဟရီစန္ဒသည် ဗျာဒိတ်တော်ကိုပင်သော်လည်း မှတ်ကျောက်မတင်ဘဲ လက်ခံယုံကြည်နိုင်မည် မဟုတ်ပါ။''

''မင်းသား သင့်ကိုရရှိခြင်းကြောင့် ဂဟရိဗာရိမင်းမျိုးမင်းနွယ်သာမက ဟိန္နူစတန်တစ်ခုလုံး ကံကောင်းလှသည်။''

''ဗာဗာ စက္ကပါဏီကို ရ၍၊ ရေကလေး နည်းနည်း''

ဘာမာသည် လျင်မြန်စွာ ဖန်ခွက်ထဲသို့ ရေထည့်၍ ပေးလေသည်။ ဗာဗာသည် လှေလှုပ်နေပုံပေါ်၍ ပြောလေသည်။

''မင်းသား ငါတို့ဗာရာဏသီကို သွားနေကြသည်။ ဒုတိယမင်းနေပြည်တော်ကို။ စစ်သူကြီးမာဓဝသည် စစ်တပ်များကို အမိန့်ပေးနေသည်။ စစ်တပ်သည် ဤအရပ်မှ နေ၍ တူရကီများကို ခုခံကြလိမ့်မည်။ ဗာရာဏသီမှနေ၍ ငါတို့က ဂဟရိဗာရိမင်းမျိုး၏ အသရေဆောင်ရန် စစ်တပ်များ အသင့်ပြင်ဆင်ကြမည်။''

''မဟုတ်ဘူး ဗာဗာ။ ဗာဗာ မကြာမကြာ ပြောခဲ့ဖူးသောအတိုင်း ဟိန္နူလူမျိုးများ၏ အသရေကို ပြန်ဆည်ရန် ပြင်ဆင်ကြပါစို့။ ဤကဲ့သို့ ပြန်လည်ရရှိသော လူမျိုးအသရေသာလျှင် 'ဟိန္နူလူမျိုး၏အသရေ' ဖြစ်မည်။ ဤအသရေကို ဟိန္နူလူမျိုးများ၏လက်ရုံးအားဖြင့် အနိုင်တိုက်၍ ပြန်ယူရမည်။''

''စဏ္ဍာလ ဗြာဟ္မဏကွဲပြားမှုကို ငါတို့ ဖျောက်ကြမည်။''

''ဟုတ်ပါသည် ဆရာကြီး။''

တတ နုရ်ဒိန်

၁၅

ဟာဟာ နှုမ်းဒိန်

အချိန်- ခရစ်နှစ် ၁၃၀၀။

၁

"ငါတို့ဟာ ဣန္ဒိယကို နို့ကောင်းတဲ့နွားမထက် ပို သဘောမထား။ လက်မှုပညာသည်, ကုန်သည်နှင့် မင်းသားတွေဆီက ရနိုင်သမျှ သိမ်းကြုံးစုဆောင်းပြီး 'ဂိုရ်'ဆီ ပို့လိုပို့၊ ကိုယ်တိုင် သုံးဖြုန်းပစ်လိုပစ် လုပ်ခဲ့တဲ့အချိန်တွေ ကုန်လွန်ခဲ့ပြီ။ အခု ငါတို့ ဂိုရ်ရဲ့ကျွန်တွေ မဟုတ်တော့ဘူး။ ဣန္ဒိယပြည်က လွတ်လပ်တဲ့ 'ခလရီ' အာဏာပိုင်များ ဖြစ်ကြတယ်။"

မျက်နှာတင်းတင်းနှင့် လူငယ်တစ်ဦးသည် သူ၏ မည်းနက်သော မုတ်ဆိတ်မွေးများအပေါ်ရှိ သပ်ရပ်သောနှုတ်ခမ်းမွေးများကို လက်ချောင်းများဖြင့် သရဲ့ပြောလေသည်။

သူ၏ရှေ့၌ ဖြူဖွေးရှည်လျားသော မုတ်ဆိတ်, ကြီးမားသော ခေါင်းပေါင်း, ဖြူဖွေးသော အင်္ကျီရှည်များနှင့် ငြိမ်သက်တည်ကြည်သော မျက်နှာအနေအထားနှင့် အသရေရှိလှသော လူတစ်ယောက် ဒူးတုပ်၍ ထိုင်နေသည်။

လူအိုက ပြောသည်။

"မှန်ပါတယ်။ တကယ်လို့ ခေါင်းဆောင်များ, ရွာသူကြီးများ, နယ်ရှင်ပယ်ရှင်များအကျိုးကို ဝင်ရောက် အနှောင့်အယှက်ပေးရင် သူတို့ မကျေနပ်မှုတွေ များလာကြမှာပဲ။ နိုင်ငံတော်ထဲက ရွာတိုင်းစော့အခွန်ဘဏ္ဍာတော်တွေသိမ်းဖို့ စစ်သားတွေ ငါတို့ ပို့နိုင်တော့မှာမဟုတ်ဘူး ဘဝရှင်။"

"ပထမဆုံး ဒီကိစ္စကို သင် ဆုံးဖြတ်ရမယ်။ သင် ဘယ်လို သဘောကျသလဲ။ ဟိန္နူလုပ်ပြီး ဟိန္နူဘုရင် လုပ်စေချင်သလား။ ဒါမှမဟုတ် 'ဂဇနီ'နှင့် ဂိုရ်က ဒီကိုရောက်လာပြီး စိန်တွေ, ပုလဲတွေကို ကုလားအုတ်တို့, လားတို့နှင့် အပြည့်တင်သွားတဲ့ ဓားပြတွေ လုပ်စေချင်သလား။"

"အခု ငါတို့ ဣန္ဒိယမှာ နေဖို့ဖြစ်နေပြီ မဟုတ်လား ဘဝရှင်။"

"ဟုတ်တယ်။ ငါတို့ဟာ ကျွန်မင်းဆက်များလို ဂိုရ်မှာ အခြေအမြစ်စိုက်ကြမှာ မဟုတ်ဘူး။ ဒီလွှိမှာ အခြေစိုက်ရမှာ။ တကယ်လို့ တစ်စုံတစ်ယောက်က တော်လှန်ပုန်ကန်ခဲ့ရင်၊ မငြိမ်သက်မှု တစ်ခုခု ဖြစ်လာရင် အရပ်, အာဖဂါနိစတာန်ကစစ်ကူ ငါတို့ ရမှာမဟုတ်ဘူး။ အဲဒီအရပ်တွေကို ထွက်ပြေးပြီး တော့ခုခံစရာနေရာလည်း ရှိမှာမဟုတ်ဘူး။"

"မှန်ပါတယ် ဘဝရှင်။"

"အခု ငါတို့ ဒီအိမ်မှာပဲ နေရတော့မယ်။ ဒါကြောင့် ကိုယ်နေတဲ့အိမ်ကို ကောင်းမွန်အောင် လုပ်ပေးရမယ်။ ဒီလိုလုပ်ပေးမှ ဒီအရပ်မှာနေတဲ့လူတွေ ချမ်းချမ်းသာသာ ငြိမ်ငြိမ်သက်သက်ရှိကြမှာ။ ဒီ

ကျန်ဖြစ်ယမှာရှိတဲ့ လူတွေထဲက မုဆလမာန် ဘယ်နယောက်များ ရှိလို့လဲ။ အနှစ် ၁၀၀ အတွင်းမှာ ဒီလိုရဲ့ အနီးအနားတစ်ဝိုက်ကိုတောင် မုဆလမာန်တွေဖြစ်အောင် ငါတို့ လုပ်နိုင်ကြမှာ မဟုတ်သေးဘူး။ ပြောစမ်းပါ မုလ္လာ။ အဗျမုဟမ္မဒ် ဘယ်လောက်ကြာမှ ဒီလိုတစ်မြို့လုံးနှင့် အနီးအနားတစ်ဝိုက်မှာ မုဆလမာန်များဖြစ်သွားတာ မြင်ရမယ်ထင်သလဲ။''

သွားကျိုးပဲ့၍ နှုတ်ခမ်းများချိုင့်ဝင်နေသော အခြားအဘိုးအိုတစ်ယောက်က ချက်တိုင်အောင် တွဲကျနေသောမုတ်ဆိတ်ဖြူများကို ပွတ်သပ်ရင်း ပြောလေသည်။

''ငါတော့ စိတ်မပျက်ပါဘူး အရှင်။ ဒါပေမယ့် အသက် ၈၀ အတွင်း အတွေ့အကြုံအရ ပြောရရင်တော့ တကယ်လို့ ငါတို့က အတင်းအကျပ် မုဆလမာန်ဖြစ်အောင် လုပ်ချင်ရင်တော့ ငါတို့ ပြည့်ပြည့်စုံစုံအောင်မြင်မယ်လို့ ဘယ်တော့မှ မမျှော်လင့်ဘူး။''

''ဒါကြောင့် ကျန်ဖြစ်ယမှာနေထိုင်ကြတဲ့ မုဆလမာန်တွေဟာ ကျန်ဖြစ်ယပြည်တစ်ပြည်လုံး အကုန် မုဆလမာန်ဖြစ်ကုန်ကြတဲ့ နေ့တစ်နေ့ကို စောင့်စားမျှော်လင့်နေနိုင်ကြမယ် မဟုတ်ဘူး။ ငါတို့ဟာ အနှစ် ၁၀၀ လုံး ဒီအတိုင်းနှင့် အချိန်တွေ ကုန်ဆုံးကြရတယ်။ ကိုယ့်တိုင်းသူပြည်သားတွေကိုတော့ ဘာတစ်ခုမျှ ဂရုမစိုက်ဘဲ မြေခွန်၊ သွင်းကုန်ပစ္စည်းနှင့် အခြားအခွန်အတုတ်တွေကို အတောမသတ် ကောက်ချင်နေကြတယ်။''

''အကျိုးကို မြင်ပြီမဟုတ်လား။ ဘဏ္ဍာတော်အတွက်နှင့် ငွေ ၁ ကျပ် ဝင်တိုင်းဝင်တိုင်း ငွေ ၅ ကျပ်ဟာ အခွန်တော်ကောက်ခံတဲ့ လူတွေရဲ့ဗိုက်ထဲ ရောက်ရောက်သွားတယ်။ ရွာသူကြီးတွေ၊ ရွာခေါင်းတွေက မြင်းစီး၊ ဝိုးထည်တွေဝတ်၊ ကျရာန်ကလုပ်တဲ့ လေးနှင့်မြားတွေ ကိုင်ပြီး တလှပ်လှပ် လုပ်နေတာကမ္ဘာပေါ်က ဘယ်တိုင်းပြည်မှာ မြင်ဖူးသလဲ။''

''မမြင်ဖူးပါဘူး ဝဇီရ (အမတ်ကြီး)။ ငါ့နိုင်ငံတော်မှာ ဒီလိုလုယက်မှုမျိုးကို ရပ်တန့်သွားအောင် ဝိတ်ပစ်ရမယ်။''

''ဒါပေမယ့် အရှင်မင်းကြီး။ ဒီလို လောဘတိုက်တွန်းလို့ပဲ ဟိန္နူတွေ မုဆလမာန် ဖြစ်ကြတာမနည်းဘူး။ အခုတော့ ဒီနည်းမျိုး ရပ်တန့်သွားတော့မှာပါပဲ။''

မုလ္လာက ပြောလေသည်။

''ကျဆလာမ်ဘာသာဟာ ဒီလိုသာ လုယက်မှု၊ တံစိုးထိုးမှုတွေကို လက်ခံလိုက်နာနေရင် အစိုးရဘဏ္ဍာတော်နှင့် အစိုးရပစ္စည်းများတောင် လုံလုံခြုံခြုံဖြစ်နိုင်မယ် မဟုတ်တော့ဘူး။ ဒီလိုအမှုထမ်းတွေနှင့် စခန်းသွားနေတဲ့အစိုးရဟာ ဘယ်တော့ မျှော်လင့်ချက် ရှိနိုင်တော့မှာလဲ။''

''ဒီနည်းမျိုးနှင့် ချဲ့ထားတဲ့နိုင်ငံဟာ တည့်တဲ့ခိုင်မြဲနိုင်မယ် မဟုတ်ဘူး ဘဝရှင်။ ဒီအချက်ကိုပဲ လက်ခံယုံကြည်ရမှာပဲ။ တော်လှန်ပုန်ကန်မှု ဖြစ်လာမယ်လို့ပဲ ထင်တယ်။''

ဝဇီရက လျှောက်တင်လေသည်။

''ကျေးလက်တောရွာတွေမှာရှိကြတဲ့ အရာရှိတွေဟာ သူတို့ အခွင့်အာဏာမရရင် ပုန်ကန်ကြမှာပဲ။ ဒါပေမယ့် ရွာတွေမှာ အရာရှိတွေက များသလား။ လယ်သမားတွေက များသလား။''

''လယ်သမားတွေလား။ လယ်သမား ၁၀၀ ရှိမှ အရာရှိ ၁ ယောက် ရှိမှာပေါ့။''

''အဲဒီလယ်သမားတွေရဲ့ သွေးကိုစုပ်ပြီး အရာရှိတစ်ယောက်ဟာ မြင်းစီး၊ ဝိုးထည်တွေဝတ်၊ ဤရာန်ကလာတဲ့လေး၊မြားတွေကို ပစ် လုပ်နေကြတာပဲ။ ဒီလိုသွေးစုပ်မှုတွေကို ဝိတ်ပင်ပြီး လယ်သမားတွေ အခြေအနေပိုကောင်းလာအောင် ငါတို့ လုပ်ပေးကြရမယ်။ လယ်သမားတွေကို သစ္စာစောင့်သိတဲ့ လူတွေ

ဖြစ်အောင် လုပ်ပေးရမယ်။ ၁ ယောက် မကျေနပ်ပေမယ့် ၁၀၀ ကျေနပ်အောင် လုပ်ပေးတာ။ ချမ်းချမ်းသာသာ ကျေကျေနပ်နပ်အခြေအနေကို မြင်ရတာက ပိုကောင်းမယ်မဟုတ်လား။''

''မှန်လှပါ ဘဝရှင်။ ကျွန်တော်လည်း ခုအခါ ယုံမှား မရှိတော့ပါ။ အရှင်ဟာ ဟိန္နူစတာန်နိုင်ငံမှာ မုဆလမာန်ဘုရင်ထဲမှာ ဒီလိုပထမဆုံး အသစ်အဆန်းထွင်လိုက်ပေမယ့် အောင်မြင်ထမြောက်လာမှာပါပဲ။ ဒီလိုလုပ်လိုက်တဲ့အတွက် ကျေးလက်တောရွာမှာ ရှိနေကြတဲ့ အထက်တန်းစား အရာရှိတချို့ကတော့ ကျွန်တော်တို့ကို မကျေမနပ် ဖြစ်ကြမှာပဲ။''

''ကျေးရွာနှင့် မြို့ပြတွေမှာရှိကြတဲ့ အထက်တန်းစားလူတချို့ မကျေနပ်တာ ဘာမှ အရေးမကြီးဘူး။ ယာယီတဲကလေးနေရာမှာ ခိုင်ခံ့တဲ့ အုပ်ချုပ်ရေးအခြေခံအုတ်မြစ်ကို ချကြရမှာပဲ။''

မုလ္လာသည် အနည်းငယ်စဉ်းစား၍ နေလေသည်။ သူသည် မုတ်ဆိတ်ကို လက်နှင့်သပ်လျက် ဆက်ပြောပြန်သည်။

''အရှင်။ ရွာတွေမှာရှိတဲ့ အရာရှိတွေကို အခွင့်အရေးပေးမယ့်အစား ရွာတွေအားလုံးက လယ်သမားတွေကို အခွင့်အရေးပေးတာက နိုင်ငံတော်အတွက် ပိုပြီး အကျိုးဖြစ်ထွန်းလာလိမ့်မယ်လို့ ငါလည်း အခုမှ နားလည်လာတယ်။ ငါတို့ ကျေးရွာတွေ, မြို့ပြတွေက အဝတ်ရက်လုပ်တဲ့ လူတွေဘက်ကို ကြည့်ရှုတယ်။ သူတို့ရဲ့ ဦးစီးအဖွဲ့အစည်းတွေကို ခိုင်ခံ့အောင် အကူအညီပေးကြတယ်။ ဒီလို အကူအညီပေးတဲ့အတွက် ကုန်သည်တွေ, ငွေချေးငှားစားတဲ့လူတွေရဲ့ လုယက်ခြင်းခံရတဲ့ဘေးက လွတ်ကင်းနိုင်တယ်။ အရာရှိတိုင်းဟာ အဖိုးအခမပေးဘဲ ရက်ကန်းသမားတွေကို အဝတ်ရက်ခိုင်းကြတယ်။ ချည်တွေကို အထုတ်ခိုင်းကြတယ်။ ဒီလိုလုပ်တာတွေကိုလည်း တားဆီးကြတယ်။ တားဆီးပေးလို့ ကန့်ပေါ်လာတဲ့အကျိုးက ချည်ချတဲ့လူတွေ, အဝတ်ရက်တဲ့လူတွေ, ချုပ်လုပ်တဲ့လူတွေထဲက ဣဆလာမ်ဘာသာအရိပ်ကို မခိုလှုံတဲ့သူတစ်ယောက်တလေရှိဖို့ ခဲယဉ်းလိမ့်မယ်။''

''တိုင်းပြည်အတွက် ကောင်းတာမှန်သမျှ ဣဆလာမ်ဘာသာအတွက်လည်း ကောင်းလာတယ်ဆိုတာ မြင်ပြီမဟုတ်လား မုလ္လာ။''

''ဒါပေမယ့် ဘဝရှင်။ တစ်ခုတော့ တောင်းပန်ချင်ပါတယ်။ အရှင်ဟာ မုဆလမာန်(ယုံကြည်သူ)များရဲ့ခေါင်းဆောင် ဖြစ်ပါတယ်။''

''ပြီးတော့ ငါဟာ ဟိန္နူများရဲ့ဘုရင်လည်း ဖြစ်တယ်။ ဟိန္နူစတာန်မှာ မုဆလမာန်တွေရဲ့ အရေအတွက်ဟာ အင်မတန်နည်းတယ်။ ဟိန္နူ ၁၀၀၀ မှ မုဆလမာန် ၁ ယောက်လောက် ရှိကောင်းရှိမယ်။''

''ဟိန္နူတွေဟာ ဣဆလာမ်ဘာသာကို မရိမသေ အမြဲလုပ်နေကြတယ်။ နောက်ဆိုရင် ပိုပြီး ရဲတင်းလာလိမ့်မယ်။ မရိမသေမလုပ်နိုင်အောင် ကွပ်ညှပ်ပေးရမယ်။''

''မရိမသေ လုပ်ကြတယ်လား။ 'ကုရာန်ကျမ်းမြတ်'ကို ခြေထောက်နှင့် နင်းကြသလား။''

''ဒီလောက်တော့ ရဲရဲတင်းတင်း ဘယ်လုပ်ဝံ့ကြမှာလဲ။''

''ကောင်းပြီ။ ဒါဖြင့် ပလီတွေကို ညစ်ပတ်အောင် လုပ်ကြသလား။''

''ဒီလိုလည်း မလုပ်ဝံ့ပါဘူး။''

''တမန်တော်အရှင်မြတ်ကို လမ်းတကာမှာ ဆဲဆိုနေကြသလား။''

''ဒီလိုလည်း မဟုတ်ပါဘဝရှင်။ ဒါပေမယ့် ငါတို့ 'ဆူဖီ' ဂိုဏ်းသားတွေထဲ ရောက်လာတဲ့ ဟိန္နူတွေဟာ တမန်တော်အရှင်မြတ်ကို ဣသိတစ်ဦးအနေ အသိအမှတ်ပြုကြတယ်။ ငါဆိုလိုတာက သူတို့ဟာ ငါတို့ရှေ့မှာ ကာဖိရ်(မိစ္ဆာဝါဒီ)တွေရဲ့ အယူအဆ အကျင့်အကြံတွေကို ကျင့်ကြံနေကြတယ်လို့ ဆိုလိုတယ်။''

''သူတို့ကို 'ကာဖိရ်'လို့ အသိအမှတ်ပြုရင် ကာဖိရ်အကျင့်အကြံအတွက် ဘာရှုတ်ချစရာ ရှိသေးသလဲ။ ငါရဲ့ဘကြီးဆုလတာန် 'ဂျလာလီ ဥဒ် ဒိန်' ဟာ သူကိုယ့်ကိုသူ ဟိန္ဒူထာဝရဘုရင်ဖြစ်ဖို့၊ တစ်မျိုးဆိုရင် 'ဟိန္ဒူစတာန်တစ်ခုလုံး မုဆလမာန်ချည်း ဖြစ်မကုန်သမျှ ယာယီဘုရင်ပဲ ဖြစ်မယ်။'လို့ ငါ ဆုံးဖြတ်သလို မဆုံးဖြတ်ခဲ့ဘူး။ ဒါပေမယ့် သူဟာ တစ်ခါတုန်းက သင်မေးတဲ့မေးခွန်းမျိုး မေးတဲ့သူတစ်ယောက်ကို ဘယ်လိုအဖြေပေးတယ် ထင်တယ်သလဲ။''

''မသိပါ အရှင်။''

''သူပြောပုံက 'လူမိုက်။ နင် မမြင်ဘူးလား။ ဟိန္ဒူတွေဟာ နေ့တိုင်း ငါ့နန်းတော်ရဲ့ရှေ့က ဖြတ်ပြီး ခရုသင်းတွေမှုတ်, စည်တွေတီးပြီး ယမုန်နာမြစ်ကမ်းမှာရှိတဲ့ သူတို့ရုပ်ထုတွေကို ပူဇော်ရအောင် သွားနေကြတယ်။ သူတို့ဟာ ငါ့ရှေ့မှောက်မှာ သူတို့ရဲ့မိစ္ဆာအလုပ်တွေကို လိုက်နာ လုပ်ကိုင်နေကြတယ်။ သူတို့ငါနှင့် ငါ့မင်းမျိုးမင်းနွယ်တွေကို မရိုမသေလုပ်နေကြတယ်။ သူတို့ဟာ ငါ့ဘာသာရဲ့ ရန်သူတွေပဲ။ သူတို့ဟာ ငါ့နေပြည်တော် မျက်စိအောက်မှာ ချမ်းချမ်းသာသာ ကြွယ်ကြွယ်ဝဝ အသက် ရှည်နေကြတယ်။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတာအကြောင်းပြုပြီး မုဆလမာန်တွေထဲမှာ သူတို့ ကြွားဝါမောက်မာတဲ့အမူအရာတွေကို ပြနေကြတယ်။ ငါ့အတွက် ရှက်စရာကောင်းလိုက်တာ။ ငါဟာ သူတို့ကို ကြွားဝါမောက်မာနိုင်အောင် ဇုပ်ပေးထားခဲ့တယ်။ ပြီးတော့ သူတို့က 'ဒါန'အနေနှင့်ပေးတဲ့ အကျအနကလေးတွေကို ကျေနပ်ခဲ့မိတယ်။ '-တဲ့။ ငါတို့ ဒီထက်ကောင်းတဲ့အဖြေကို ပေးနိုင်မယ်လို့ မထင်ဘူး။''

''ဒါပေမယ့် 'ဘုရင်'ဆိုတာ ဣဆလာမ်ဘာသာအတွက်လည်း တာဝန်ယူရသေးတယ်။ သက်တော်ရာကျော်ရှည်မယ့် အရှင်ဘုရား။''

''သေဒဏ်အပြစ်ပေးခံရမယ့် သူတစ်ယောက် ဣဆလာမ်ဘာသာထဲ ဝင်လာရင် သူ့ကို အသက်ချမ်းသာခွင့် ငါပေးနိုင်တယ်။ ကျွန်တစ်ယောက် ဣဆလာမ်ဘာသာကို ယူမယ်ဆိုရင် သူ့ကို ကျွန်အဖြစ်က လွတ်မြောက်အောင် လုပ်ပေးနိုင်တယ်။ ဒါပေမယ့် ဝယ်ယူရမယ့်အဖိုးဟာ မနည်းဘူး။ ဘုရင့်ဘဏ္ဍာတော်ပေးပြီး ထုတ်နုတ်ရမှာပဲ။ ဘာကြောင့်လဲဆိုတော့ ဒီနိုင်ငံမှာ ကျွန်တွေဟာ ငွေပေါင်း ကုဋေကုဋာ တန်ဖိုးထိုက်နေကြတယ်။ အားလုံးကျွန်တွေ လွတ်မြောက်အောင်တော့ သင့်စိတ်ကူးထဲမှာတောင် ထည့်စဉ်းစားလို့ မရနိုင်ဘူး။''

''မလိုပါဘူး။ ကျွန်ပိုင်တို့ကို အလ္လာဟ်ကိုယ်တိုင်ကလည်း အမိန့်တော် မှတ်ခဲ့တာပဲ။''

''ကောင်းပြီ။ ဒီလိုဆိုရင် မုဆလမာန်ရော, မုဆလမာန် မဟုတ်တဲ့သူရော အားလုံး ကျွန်ယောကျ်ား, ကျွန်မိန်းမတွေကို လွတ်လပ်ရေးပေးဖို့ ငါ အမိန့်ထုတ်ဖို့ အသင့်ပဲ။''

''မသင့်လျော်ပါ။ ဣဆလာမ်ဘာသာစည်းကမ်းနှင့် ဆန့်ကျင်ပါလိမ့်မယ်။''

'' 'ဘာသာနှင့် ဆန့်ကျင်တယ်။'ဆိုတဲ့အကြောင်းကို အသာထားလိုက်ပါ မုလ္လာရယ်။ ကိုယ့်အချစ်တော် အမီနာလို ကျွန်မတစ်ယောက်ကို မြင်ပြီး သင် ပြောနေတာပါ။ မုဆလမာန်တွေရဲ့ အိမ်မှာ ကျွန်တွေ အများဆုံးတွေ့ရမှာပဲ။''

''အလ္လာဟ်ဟာ မိုမိန်(မုဆလမာန်)များအတွက် ကျွန်ပိုင်ဖို့ ခွင့်ပြုခဲ့တယ်။''

''ဒါပေမယ့် တကယ်လို့ ကျွန်ယောကျ်ား, ကျွန်မိန်းမတွေကလည်း မိုမိန် (မွတ်စလင်)တွေ ဖြစ်နေရင်ကော။ သင့်အလိုအတိုင်းဆိုရင် ကျွန်တွေကို ဒီကမ္ဘာမြေကြီးပေါ်မှာ အသက်တောင် လွတ်လွတ်လပ်လပ် ရှူရှိုက်ခွင့် ပေးချင်မယ်မဟုတ်ဘူး။ ကောင်းကင်ဘုံမှာသာ မျှော်လင့်ချက် ထားနေစေချင်တယ်ပေါ့။''

''နောက်ထပ် ပြောစရာ မလိုတော့ပါဘူး။ ဣဆလာမ်နိုင်ငံတော်မှာ ဣဆလာမ်ဥပဒေအတိုင်း အုပ်ချုပ်သင့်တာပဲ။ တော်ပါပြီ။ ဒီလောက်ပဲ ပြောလိုပါတယ်။''

''ဒါပေမယ့် ဒီလိုဆန္ဒကလည်း သေးငယ်တာ မဟုတ်သေးဘူး။ ဒီအလိုဆန္ဒ ပြည့်ဖို့အတွက် ပထမ နိုင်ငံမှာ ပြည်သူပြည်သားအများစုက မုဆလမာန်ဖြစ်ဖို့ လိုတယ်။''

''သင်တို့ရှေ့မှာ ဝဇီရ။ သင်လည်း နားထောင်ပေါ့။ ငါ့ထင်မြင်ချက်တွေကို ရှင်းရှင်းလင်းလင်း ပြောပြချင်တယ်။ ဆုလတန် မတ်မုဒ်လို နိုင်ငံခြားသားဘုရင်တစ်ပါးက အနိုင်အထက်ရက်စက်တဲ့ သူ့စစ်သားတွေခေါ်လာပြီး အေးချမ်းနေတဲ့မြို့တွေကို လုယက်ဖျက်ဆီးဖို့၊ လုယက်လို့ရတဲ့ ပစ္စည်းတွေကို ကုလားအုတ်တို့, လားတို့ပေါ်တင်ပြီး အေးအေးဆေးဆေး ယူသွားနိုင်တယ်။ ဒါပေမယ့် ကလေး သားမြေးတွေနှင့် ဒီလွှိမ့်မာနေရတဲ့ ငါ့လိုဘုရင်အတွက် ဒီလိုလုပ်နည်းမျိုး လုပ်နိုင်မယ်မဟုတ်ဘူး။ ငါ့ရဲ့ အစိုးရဟာ ဟိန္နူလူမျိုးတွေပေးထားတဲ့ အခွန်တော်အပေါ်မှာ မှီတင်းနေရတယ်။ ပြီးတော့ ဟိန္နူစစ်သားတွေ, စစ်ဗိုလ်တွေအပေါ်မှာ မှီတင်းနေရတယ်။ ငါ့ရဲ့စစ်သားကြီးကိုယ်တိုင်ကလည်း ဟိန္နူတစ်ယာက် ဖြစ်နေတယ်။ ကျိတောက်ရာဘုရင်ဟာ ငါ့အတွက် ၅ သောင်းတပ် ဗိုလ်မှူးအဖြစ်နှင့် စစ်ပွဲမှာ ပါဝင်ခဲ့တယ်။''

''ကျွန်ုပ်ဘုရင်များတောင်မှ ဒီလွှိမ့်မာပဲ နေကြပါတယ် ဘဝရှင်။''

''ဟုတ်ပါတယ်။ ပွင့်ပွင့်လင်းလင်းသာ ပြောပါ။ သူတို့က ငါ့ကို 'လျှပ်ပေါ်တဲ့လူ၊ စိတ်တိုတဲ့လူ' လို့ ပြောကြတယ်။ ဒါပေမယ့် ဝေဖန်ရှုတ်ချတာတွေကို ငါ မကြားရအောင် တားဆီး မထားနိုင်ကြပါဘူး။ ကျွန်အစိုးရဟာ တစ်ညတာအိပ်တဲ့ ငှက်သိုက်လို ဟာမျိုးပဲ။ ဣန္ဒိယမှာ မုဆလမာန်အုပ်စိုးတာဟာ မံဂိုလ်လူမျိုးများရဲ့ ဘေးအန္တရာယ်က အကာအကွယ်ပေးခြင်းပဲ။ မုဆလမာန်များဟာ မံဂိုလ်လူမျိုးလို ရန်သူများနှင့် ဘယ်တော့မှ ရင်မဆိုင်ဖူးဘူးဆိုတာ ဟိန္နူတွေ သိကြမှာ မဟုတ်ဘူး။ သိများသိလို့ ဟိန္နူတွေက မံဂိုလ်လူမျိုးတွေကို နှည်းနည်းကလေးပဲ ဖြစ်ဖြစ် အခွင့်အရေးပေးလိုက်ရင် ဟိန္နူစတာန်မြေပေါ်မှာ အသစ်ကျရောက်လာတဲ့ ဣဆလာမ်ဘာသာ အပင်ပေါက်ကလေးဟာ ကြာရှည်လေးမြင့် တည်တံ့နိုင်မှာ မဟုတ်တော့ဘူး။ တရုတ်ပြည်ကြီးကို လွှမ်းမိုးအုပ်စိုးတဲ့ ကျဲဂေဖ်မင်းဆက်ဟာ ကမ္ဘာမှာ အကြီးဆုံးမင်းဆက်ဖြစ်တယ်ဆိုတာ သင်အသိသား မဟုတ်လား။''

''သိပါတယ် ဘဝရှင်။''

မုလ္လာက ပြောလေသည်။

''ပြီးတော့ အဲဒီမင်းဆက်ဟာ ဗုဒ္ဓဘာသာကို ယုံကြည်လက်ခံတယ်။''

''ဗုဒ္ဓဘာသာ။ အဲဒီဘာသာဆိုင်ရာ ကျောင်းတွေ, တန်ဆောင်းတွေကို မီးနှင့်တိုက် ဖြိုချ လုပ်ပစ်တာတောင် ကနေ့အထိ ဗုဒ္ဓဘာသာမိစ္ဆာဝါဒရဲ့ အနှစ်သာရဟာ ဟိန္နူစတာန်မြေကြီးပေါ်က ပျောက်ကွယ်မသွားသေးဘူး။''

''ဗုဒ္ဓဘာသာကို 'မိစ္ဆာဝါဒရဲ့ အနှစ်သာရ' လို့ ဘာကြောင့်ခေါ်တာလဲ။''

''ဟိန္နူ-ဗြာဟ္မဏတွေရဲ့ဘာသာကမှ ကမ္ဘာပြုအလ္လာဟ် (ထာဝရဘုရား)ကို အသိအမှတ် ပြုသေးတယ်။ ဗုဒ္ဓဘာသာကျတော့ အလ္လာဟ်ကို လုံးဝလက်မခံဘူး ဘဝရှင်။''

''ကျဲဂေဖ်မင်းဆက်ဟာ ကနေ့မှ မဟုတ်ဘူး။ သူ့မြေးတော် ကုဗလေခန်ရဲ့ လက်ထက်ကတည်းက ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်လာတယ်။ ဒါတင် မကသေးဘူး။ မံဂိုလ်လူမျိုးတွေအထဲမှာ ကျဲဂေဖ် စစ်တပ်တွေက စစ်သားနှင့် စစ်ဗိုလ် အမြောက်အမြားကိုက ဗုဒ္ဓဘာသာဝင်တွေက ဖြစ်နေတယ်။ ဗုခါရာ, ဆမရိကန်ဒ်, ဗလ(ခ) နှင့် ကမ္ဘာပေါ်က တခြား ဣဆလာမ်ဘာသာဆိုင်ရာ မြို့တွေက မုဆလမာန် ယဉ်ကျေးမှု အချက်အချာတွေတိုင်းကို အဲဒီဗုဒ္ဓဘာသာဝင် မံဂိုလ်စစ်သားတွေက မှုန်မှုန်ညက်ညက် ချေမှုန်းဖျက်ဆီးပစ်ကြတယ်။ သူတို့ဟာ တို့အမျိုးသမီးတွေကို ဇာတ်နိမ့်,ဇာတ်မြင့်မရွေးချယ်ဘဲ အကုန်လုံး ကျွန်လုပ်ပစ်ကြတယ်။ ကလေးများကိုလည်း မကြင်မနာ ရက်ရက်စက်စက် သတ်ဖြတ်ပစ်ကြတယ်။ အဲဒီ

အာဏာပိုင်တွေက သူတို့ကိုယ် သူတို့
ဓားပြတွေလို သဘောထားကြရင်၊
သူတို့ရဲ့အရာရှိတွေကိုလည်း
ဓားပြတွေ ခန့်ထားကြတာပဲ။
နေရာတကာမှာ အချိန်ရှိသရွေ့
ဒီအတိုင်းပဲ ဖြစ်နေတယ်။
ရှေးတုန်းကတော့ ရွာတိုင်းမှာ
လူ ၅ ယောက်ပါတဲ့ အဖွဲ့တွေ ရှိခဲ့ကြတယ်။
အဲဒီအဖွဲ့က ရွာတွေအားလုံးရဲ့
ဆည်မြောင်းဖောက်သွယ်မှု၊ ခိုက်ရန်ဖြစ်ပွားမှုနှင့်
အစိုးရ အခွန်တော်ကောက်ခံမှုအထိ အားလုံးကိစ္စတွေကို
စီမံအုပ်ချုပ်တယ်။

လို ယုတ်မာမှုအားလုံးကို လှုံ့ဆော်ပေးတဲ့သူတွေဟာ မံဂိုလ်လူမျိုး ဗုဒ္ဓဘာသာဝင်တွေပဲ။ သူတို့က ပြောကြတယ်။ 'အရဗီလူမျိုးတွေဟာ သူတို့ရဲ့ရဟန်းကျောင်းတွေကို ဖျက်ဆီးပစ်ကြတယ်။ သူတို့မြို့တွေကို မီးရှို့ပစ်ကြတယ်။ သူတို့ကလေးတွေကို သတ်ဖြတ်ပစ်ကြတယ်။' ပြီးတော့ 'လက်စားလည်း ချေကြရမယ်။' တဲ့။ စဉ်းစားကြည့်စမ်း။ တကယ်လို့ ဟိန္နူစတာန်မှာ မံဂိုလ်လူမျိုးများ ဗုဒ္ဓဘာသာဝင်တွေနှင့်၊ လက်တွဲသွားခဲ့ရင် ဟိန္နူတွေအပေါ် ဆက်လက် လွှမ်းမိုးသွားခဲ့ရင် ဣဆလာမ်ဘာသာ ဘာဖြစ်သွားမလဲ။''

''ဖျက်ဆီးပစ်မှာပေါ့ ဘဝရှင်။''

''ဒါကြောင့် ငါတို့နိုင်ငံကို သဲပေါ်တည်ဆောက်ထားလို့ မဖြစ်နိုင်ဘူး။ ငါတို့ ကျွန်တွေရဲ့အတုကို ယူလို့မဖြစ်ဘူး။''

ဝဓီရသည် ဆိတ်ဆိတ်နေတုန်းပင် ရှိသေး၏။ ယခုမှ သူနှုတ်မှ ဖွင့်ထုတ်လာသည်။

''ဒါပေမယ့် အရှင်မင်းကြီး။ ကျေးရွာအရာရှိတွေကို သြဇာအာဏာညှဉ်သွားအောင် လုပ်ပေးလိုက်ရင် ငါတို့အာဏာကို ကျေးရွာတွေမှာ ဘယ်လိုရောက်အောင် လုပ်မလဲ။''

''ကျေးရွာအရာရှိတွေဟာ ပိုးထည်တွေ မဝတ်၊ မြင်း မစီးကြရင် အလုပ် ဘယ်တွင်ကျယ်နိုင်တော့မလဲ။ အရှင်လည်း အသိသားနှင့်။''

''ငါ ဒီပြဿနာကိုဆွေးနွေးနေတာ မဟုတ်ပါဘူး။''

''ငါတော့ ဒီပြဿနာကိုပဲ စိတ်ဝင်စားနေတယ်။ အာဏာပိုင်တွေက သူတို့ကိုယ် သူတို့ ဓားပြတွေလို သဘောထားကြရင်၊ သူတို့ရဲ့အရာရှိတွေကိုလည်း ဓားပြတွေ ခန့်ထားကြတာပဲ။ နေရာတကာမှာ အချိန်ရှိသရွေ့ ဒီအတိုင်းပဲ ဖြစ်နေတယ်။ ရှေးတုန်းကတော့ ရွာတိုင်းမှာ လူ ၅ ယောက်ပါတဲ့ အဖွဲ့တွေ ရှိခဲ့ကြတယ်။ အဲဒီအဖွဲ့က ရွာတွေအားလုံးရဲ့ ဆည်မြောင်းဖောက်သွယ်မှု၊ ခိုက်ရန်ဖြစ်ပွားမှုနှင့် အစိုးရ အခွန်တော် ကောက်ခံမှုအထိ အားလုံးကိစ္စတွေကို စီမံအုပ်ချုပ်တယ်။ ဘုရင်ဟာ ရွာတွေက အရာရှိတစ်ယောက်နှင့် မပတ်သက်တော့ဘူး။ ဘုရင်ဟာ အဖွဲ့နှင့်သာ ပတ်သက်တော့တယ်။ အခွန်တော်ထမ်းတဲ့ လယ်သမားတွေနှင့် သူကြားမှာ 'အဖွဲ့တစ်ခုရှိတယ်'ဆိုတာ ဘုရင်က အသိအမှတ်ပြုထားတယ်။''

"ဒီလိုဆိုရင် အနှစ် ၁၀၀ လောက်က ကွယ်ပျောက်သွားခဲ့ပဲ့ ကျေးရွာအဖွဲ့ကို ပြန်ဖွဲ့စည်းတည်ထောင်ကြရအောင်။"

"ဒီလမ်းပဲ ရှိတော့တယ်။ တကယ်လို့ ဣဆလာမ်နိုင်ငံတော်ကို နေရာတကာမှာ အင်အားတောင့်တင်းအောင်လုပ်ချင်ရင် တိုင်းသူပြည်သားများ ချမ်းချမ်းသာသာ ကျေကျေနပ်နပ် အဖက်ဖက်ကဖြစ်ဖို့ ကြိုးစားပေးရမယ်။ အဲဒီကိစ္စအတွက် ငါတို့ဟာ ဟိန္နူများရဲ့ ဓလေ့ထုံးစံ စည်းကမ်းဥပဒေကို လေးစားကြရမယ်။ ဒီလိုမှာ ဘုရင့်ဥပဒေကို အသုံးပြုမယ်။ ဣဆလာမ်ဥပဒေကို အသုံးမပြုရဘူး။ ဣဆလာမ်ဘာသာ ပြန့်ပွားဖို့ရာကတော့ မုလ္လာ(မော်လဒီ)တွေရဲ့ အလုပ်ပဲ။ သူတို့ကို တို့က လခရိက္ခာ ပေးနိုင်တယ်။ ဆူဖီများရဲ့အလုပ်လည်း ဖြစ်တယ်။ သူတို့ဟာ ကောင်းကောင်းမွန်မွန် ကျင့်ကြံနေကြတယ်။ သူတို့ရဲ့ အဆောက်အဦများကို ငွေတို့, ဘုရင့်ရိက္ခာတော်တို့ ပေးထားနိုင်တယ်။"

J

မိုးရာသီ ကုန်ဆုံးခဲ့လေပြီ။

သို့သော် အင်းအိုင် ရေကန်များတွင် မိုးရေများ မောက်လျှံနေတုန်း ရှိသေး၏။ ကြီးမားသော လယ်ကန်သင်းကြီးများဖြင့် ဝန်းရံထားသော လယ်ကွက်များတွင် ရေများ ပြည့်လျှံနေသည်။ လယ်ကွက်များတွင် စပါးပင်များ လှိုင်းထနေသည်။

ထက်ဝန်းကျင် တမျှော်တခေါ်ကျယ်ပြန့်သော မဂဓနယ်၏ စိမ်းစိုသော ကုန်းမြေပတ်ချာအလယ်တွင် ဟိလ်ဆာ (ပဋ္ဌနာ) ကား ရွာကြီးတစ်ရွာ ဖြစ်သည်။ ၄င်းရွာကြီးတွင် ကုန်သည်အချို့၏ အုတ်တိုက်ကြီးများ ရှိသည်။ ကြွင်းကျန်သောအိမ်များကား လယ်သမားနှင့် လက်မှုပညာသည်များ၏ သက်ငယ်မိုးအိမ်များ၊ သို့မဟုတ် တဲအိမ်များ ဖြစ်လေသည်။ ၄င်းပြင် ဗြာဟ္မဏများ၏အိမ်များလည်း ရှိသေးသည်။ ၄င်းအိမ်များကား အတော်အတန် ပို၍ကောင်းမွန်၏။

ဟိလ်ဆာရှိဘုရားကျောင်းများကို လွန်ခဲ့သော အနှစ် ၁၀၀ က (မုဟမ္မဒ်ဗင်န်) ဗခ်တိယာရ် ခိလ်ဂျိ စစ်သားများက ဖျက်ဆီးပစ်ခဲ့ကြလေသည်။ ထို့နောက် အဆောက်အဦ အကျိုးအပဲ့များကိုပင် ဟိုတစ်နေရာသည်တစ်နေရာ ဟိန္နူများက ပူဇော်ကြလေသည်။

ရွာကြီး၏ အနောက်ဘက်အစွန်းတွင် ဗုဒ္ဓဘာသာဝင်များ၏ကျောင်းကြီးရှိ ဘုရားတန်ဆောင်းကြီးမှာ ကျိုးပဲ့ပျက်စီးကုန်လေသည်။ သို့သော် လူနေအိမ်ခြေများ ယခုထက်ထိပင် ရှိသေးသည်။ ရဟန်းကျောင်းအတွင်းသို့ ထိုအရပ်သားများ ဝင်ရောက်နေထိုင်သည်ကို တွေ့ရသော်လည်း တစ်စုံတစ်ယောက်ကမျှ ပြောနိုင်ခွင့် မရှိတော့ပေ။ အကြောင်းမူကား ဗုဒ္ဓဘာသာရဟန်းတော်များသည် ထိုအရပ်ကို စွန့်ခွာထွက်သွားကြပြီ ဖြစ်သောကြောင့်တည်း။

တစ်ခုသော ညနေချမ်းအချိန်တွင် အသက်အရွယ်အလယ်အလတ်ရှိသော လူတစ်ယောက်သည် ကျောင်းအပြင်ဘက် ကျောက်ခုံကလေးတစ်ခုအပေါ်တွင် ထိုင်နေလေသည်။ သူ၏ကိုယ်၌ အဝါရောင် ဖန်ရည်ဆိုးအဝတ်တစ်ခုကို ဝတ်ထားသည်။ သူ၏ဆံပင်နှင့် မျက်ခုံးမွေးများကို ရိတ်ပယ်ထားလေသည်။ နှုတ်ခမ်းမွေး, မုတ်ဆိတ်မွေးများကား သီတင်းတစ်ပတ်ကြာမျှ ရှိသေး၍ အလွန်တိုလှသေးသည်။ သူ၏လက်ထဲတွင် သစ်သားပုတီးတစ်ခု ရှိသည်။

သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည်။ ရွာရှိ ယောကျ်ား,မိန်းမများ စားဖွယ်သောက်ဖွယ်, အဝတ်အထည်များနှင့် အခြားဝတ္ထုပစ္စည်းကို ဆောင်ယူ၍၊ ဖန်ရည်ဆိုးအဝတ်ကို ဝတ်ထားသောပုဂ္ဂိုလ်၏ရှေ့တွင် ထား၍ လက်အုပ်ချီနေကြသည်။ ထိုပုဂ္ဂိုလ်သည် လက်ကိုမြှောက်၍ ပြုံးရွှင်သောမျက်နှာဖြင့် ယောကျ်ား, မိန်းမများအား ကောင်းချီးဆုပေးနေလေသည်။

ဤအခြင်းအရာကား အသို့နည်း။

ဟိလ်ဆာ၏ ရှေးဟောင်းဗုဒ္ဓဘာသာကျောင်း ပျက်စီးခဲ့ပြီ မဟုတ်လော။

ဟုတ်ပါသည်။ သို့သော် 'သစ္စာတရား'ဟူသည်မှာ ကျောင်းအပြင်ရှိ ယုံကြည်ကိုးကွယ်ကြသော သူများ၏ နှလုံးသားတွင် ဖြစ်ပွားပေါ်ပေါက်နေလေသည်။ ယခုအခါ ဟိလ်ဆာတွင် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ထားသောပုဂ္ဂိုလ်ကို မြင်၍ ဗုဒ္ဓဘာသာဝင်ရဟန်းတော်မှ တစ်ပါး အခြားဆိုဖွယ် အဘယ်မှာ ရှိအံ့နည်း။ သူကား အိမ်ဟောင်မပြုသူတစ်ယောက် ဖြစ်သည်။ သူ၏ အရင်ဆရာ ၄ ဦးမှာလည်း အိမ်ထောင် မပြုသောပုဂ္ဂိုလ်များ ဖြစ်သည်။ ဟိန္နူ သို့မဟုတ် ဗုဒ္ဓဘာသာဝင်များမှ မုဆလမာန်ဖြစ်လာကြသော လက်မှု ပညာသည် အနည်းငယ်က ထိုကျောင်းနေရာကို 'ဘုန်းကြီးသံချိုင်း'ဟု အသိအမှတ် ပြုကြ၏။ ဗြာဟ္မဏများနှင့် အချို့သောကုန်သည်များမှအပ ကျန်သော ရပ်သူရွာသားများက ယခုတိုင် ၄င်းကို 'ရဟန်းကျောင်း'ဟု အသိအမှတ် ပြုကြလေသည်။

ထိုရဟန်းတော်၏ အထက်ပုဂ္ဂိုလ်များမှာလည်း ဇာတ်နိမ့်, ဇာတ်မြင့် ခွဲခြားခြင်း မရှိကြပေ။ ထို ရဟန်းတော်အသစ်များမှာလည်း ဇာတ် မရှိပေ။ အိမ်ထောင်ပြုခြင်းလည်း မရှိကြ။ ဖန်ရည်စွန်းသော အဝတ်ကိုသာ ဝတ်ကြသည်။ လူများ နာဖျားမကျန်းရှိသောအခါ 'ဘုတ်' (မကောင်းဆိုးဝါး)ကို သူတို့က နှင်ထုတ်ကြသည်။

သေခါနီး ဆိုက်ရောက်သောအခါ, ပူဆွေးဒုက္ခရောက်သောအခါများတွင် မြင်လည်းမမြင်ရ ပုံပန်း လည်းမရှိသော 'နိဗ္ဗာန်'တရားကို ဟော၍ သူတို့ပင် စိတ်သက်သာရာရအောင် လုပ်ပေးကြသည်။

ထို့ကြောင့် တန်ဆောင်မုန်းလပြည့် ပဝါရဏာနေ့၌လည်း လူအများပင် ရှေးဟောင်းရဟန်းတော် များကဲ့သို့ မုဆလမာန်ရဟန်းတော်များအား ပူဇော်လှူဒါန်းဖွယ်များ တင်ဆက်ပူဇော်နေကြသည်။ လက်မှု ပညာသည် မုဆလမာန်များသည် ပထမ ဗုဒ္ဓဘာသာရဟန်းတော်များအား သူတို့၏ပူဇော်ကိုးကွယ်ရာ ဆရာအဖြစ် အသိအမှတ် ပြုသကဲ့သို့၊ အလားတူပင် ယခုအခါ သူတို့၏ ဆရာဘုန်းကြီးနှင့် ၄င်း၏သင်္ကန်း ဝတ်တပည့်များကိုလည်း မြတ်နိုးလေးစားကြသည်။

သံချိုင်းတော်ရှိ ရှေးဟောင်းရဟန်းတော်များ၏ အုတ်ဂူများကို ရှိခိုးဝတ်ချ၍ ရွာသားများ ထွက်ခွာ သွားကြလေသည်။ ညဉ့်အချိန်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် နို့ရောင်အသွေး ဖြူဖွေးသောလဝန်းသည် ထက်ဝန်းကျင် လင်းထိန်၍လာလေသည်။

ထိုအချိန်တွင် လက်မှုပညာသည်များနေထိုင်ရာ ရပ်ကွက်ဆီမှ လူ ၂ ယောက်နှင့်တွဲ၍ တစ်စုံ တစ်ယောက် ,ကွင်းပြင်ဘက်ဆီသို့ လာနေသည်ကို မြင်ရလေ၏။ အနီးသို့ ရောက်သောအခါကျမှ ဗာဗာ (ရဟန်းတော်)သည် 'မော်လဗီ-အဗုလ်-အလာဏ်' ဖြစ်ကြောင်း သိရလေ၏။

သူ၏ဦးခေါင်း၌ ခေါင်းထုပ်အဖြူ ပေါင်းထုပ်ထား၍ အင်္ကျီရှည်ကြီးကိုဝတ်ကာ ဖိနပ်ပေါ်တွင်ကား 'ပိုက်ဂျာမာ' ခေါ် ဘောင်းဘီပွကြီး ရှိလေသည်။ သူ၏ မည်းနက်သောမုတ်ဆိတ်မွေးများမှာ လေလှိုင်း တွင် လှုပ်ရှားနေလေသည်။ ဗာဗာသည် မတ်တတ်ရပ်လျက် လက် ၂ ဖက်ကို ဆန့်တန်းကာ ချီးသာသော အသံဖြင့် ပြောလေသည်။

''ကြွပါ။ မော်လနာ-အဗီလ်-အလာဏ်၊ ဆလာမ် အာလေကုမ်။''

ဗာဗာသည် မော်လနာ၏ ယို့ထားသောလက်များကို သူလက်နှင့်ဆွဲကိုင်၍ ပွေ့ဖက်လိုက်သည်။ မော်လနာကလည်း စိတ်မပါဘဲ 'ပါလေကုမ် ဆလာမ်' လုပ်လိုက်လေသည်။ ဗာဗာသည် အခင်းမရှိသော ထိုင်ခုံတစ်ခုအနီးသို့ ခေါ်ဆောင်သွား၍ ပြောလေသည်။

''ဒီ အခင်းမရှိတဲ့ကျောက်ထိုင်ခုံကလေးဟာ ငါ့လွင်ပါပဲ။ ကျေးဇူးပြုပြီး ထိုင်စမ်းပါဦး။''

မော်လနာ ထိုင်လိုက်သောအခါ ဗာဗာလည်း ထိုင်လိုက်လေသည်။ မော်လနာကပင် ပထမစကား စလေသည်။

''တစ်နေရာမှာ တိတ္တိတွေစုနေတဲ့ ပွဲတစ်ခုကြည့်ရအောင် ရပ်နေမိတယ် မိတ်ဆွေ။''

'' 'ပွဲ'ခေါ်တာတော့ ကိစ္စမရှိပါဘူး။ မော်လနာ။ 'တိတ္တိတွေ'လို့တော့ မခေါ်ပါနှင့်။ ဒီလို ခေါ်လိုက်တာ ငါ့အသည်းမှာ ထိလွန်းလို့ပါ။''

''ဒီ ဟိန္နူတွေဟာ တိတ္တိတွေ မဟုတ်ရင် ဘာတွေလဲ။''

''အလင်းရောင်ဆိုတာ လူအားလုံးမှာ သက်ဝင်စုဝေးတာပါပဲ။ သမ္မာနှင့် မိစ္ဆာဟာ အလင်းနှင့် အမှောင်လို တစ်နေရာတည်းမှာ အတူမနေနိုင်ပါဘူး။''

''သင်တို့ရဲ့ တဆင့်ဖြစ်(ဝေဒန္တ)တွေဟာ ဣဆလာမ် မဟုတ်ပါဘူး။ အလိမ်အညာတွေပါ။''

''ငါတို့ကတော့ သင်တို့ရဲ့အယူအဆတွေကို 'အလိမ်အညာတွေ'လို့ မပြောပါဘူး။ ငါတို့ဟာ 'မြစ်တစ်ကြောင်း ဆိပ်ပေါင်းအများ' ဆိုတဲ့သဘောကို ယုံကြည်လက်ခံတဲ့ သူတွေပဲ။ 'သတ္တဝါအားလုံး ဘုရားသခင်ရဲ့ သားတော်, သမီးတော်များ ဖြစ်တယ်။'ဆိုတာ သင် လက်ခံသလား, မခံဘူးလား။''

''လက်ခံတာပေါ့။''

''ပြီးတော့ ဘုရားသခင်ဟာ 'အနန္တတန်ခိုးတော်ရှင်'ဆိုတာကိုလည်း ယုံကြည်တယ် မဟုတ်လား။''

''ယုံကြည်တာပေါ့။''

''မော်လနာ။ အနန္တတန်ခိုးတော်ရှင်ဖြစ်တော်မူတဲ့ ဘုရားသခင်အမိန့်တော်မြတ်ကို မနာခံရရင် သစ္စာရှက်တောင် မလှုပ်နိုင်ဘူး။ ဒီလိုဆိုရင် အလ္လာဟ်ရဲ့ သားတော်, သမီးတော်တွေအားလုံးကို ငါတို့ရဲ့ အထဲက ဘယ်သူတစ်ယောက်ယောက်က 'မိစ္ဆာတွေ'လို့ ခေါ်နိုင်မလဲ။ အလ္လာဟ်အရှင် အလိုတော်ရှိရင် တစ်ခုတည်းသောလမ်းကို ရောက်အောင် ပို့ဆောင်ပေးနိုင်တယ်။ ဒါပေမယ့် အရှင်မြတ်က ဒီလို အလိုမရှိဘူး။ သူ့လမ်းနှင့်သူ သွားတာကိုပဲ အရှင်မြတ်က အလိုရှိတော်မူတယ်။''

''ငါ့ကို တဆင့်ဖြံ့ (ဝေဒန္တ)ရဲ့ အလိမ်အညာတွေ ပြောမနေပါနှင့် အဆွေ။''

''ဒါပေမယ့် မော်လနာ။ ဒီစကားကို ဣဆလာမ်ဘာသာအမြင်နှင့် ကြည့်ပြောနေတာပါ။ ငါတို့ ဆူဖီတွေဟာ အလ္လာဟ်နှင့် ဒါယကို ဘယ်တော့မှ ခွဲခြားပြီး အသိအမှတ် မပြုကြဘူး။ ငါတို့ရဲ့ ဆောင်ပုဒ်က အနှ-လိဟက် (ငါသည် ထာဝရအစစ် ဖြစ်၏။) နှင့် ဟမ်-အိ-စ်က (အားလုံး ထာဝရဘုရား ဖြစ်၏။)''

''ဒါ မိစ္ဆာဝါဒပဲ။''

''သင်လည်း ဒီအတိုင်း ယူဆသင့်တယ်။ သင့်ရှေ့နားက လူတွေကလည်း ဒီအတိုင်းပဲ ယူဆကြတယ်။ ဒါပေမယ့် ငါတို့ ဆူဖီတွေကတော့ ငါတို့သွေးနှင့် အဲဒီအမှုန်ကို တည်ဆောက်နေကြတယ်။ နောက်ထပ် လိုအပ်ရင်လည်း ဒီနည်းအတိုင်း လုပ်ရဦးမှာပဲ။''

''သင်တို့လို လူတွေကြောင့် ဣဆလာမ်ဘာသာကို ဒီအရပ်မှာ ဖြန့်လို့မရတာ။''

''သင်တို့ မီးနှင့် ဓားလွယ်ကို အားကိုးပြီး ဣဆလာမ်ဘာသာဖြန့်တာကို ငါတို့ မကျေနပ်ဘူး ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် လက်ထိလက်ရောက် မပိတ်ပင်ပါဘူး။ ဒီလိုဖြန့်တော့ သင်တို့ ဘယ် လောက်များ အောင်မြင်ပါသလဲ။''

''သင်တို့က ဒီအရပ်မှာရှိတဲ့ လူတွေရဲ့ဘာသာကို 'ဘာသာမှန်'လို့ ပြောနေကြတယ်။''

''ပြောပါတယ်။ ပြောတဲ့အကြောင်းကတော့ တကယ့် အမှန်သစ္စာတရားကြီးကို မြေခွက်ထဲ ထည့်ပိတ်ထားနိုင်အောင် ငါတို့မှာ အင်အားမရှိဘူး။''

''ဣဆလာမ်ဘာသာဟာ ဘာသာရေးအသေခံသမားများကြောင့် အမှန်တရား ဖြစ်ခဲ့ရင်၊ ဆူဖီဝါဒဟာ အဲဒီဝါဒဆိုင်ရာ အသေခံသမားများအတွက် အမှန်တရားဖြစ်ခဲ့ရင်၊ ဟိန္ဒူများကလည်း သင်တို့ ဓားလွယ်အောက်က ပြိုးကာရယ်ကာ သူတို့လည်ပင်း စင်းခံရင်း ဟိန္ဒူဝါဒလမ်းစဉ်မှန်ကြောင်း ပြကြမှာပဲ။''

''ဟိန္ဒူဝါဒလမ်းစဉ် အမှန်။ ဟိန္ဒူလမ်းစဉ်က အရှေ့။ ငါတို့လမ်းစဉ်က အနောက်။ လုံးဝ ဆန့်ကျင်ဘက်ပဲ။''

''ဒီလောက်ဆန့်ကျင်နေရက်နဲ့ ဘာကြောင့် ကနေညနေခင်းအချိန်တုန်းက ရွာတွေမှာရှိကြတဲ့ လယ်သမားတွေဟာ မုဆလမာန်ကျောင်းတွေကို သွားပြီး ပူဇော်လှူဒါန်းနေကြတာလဲ။ သင်တို့ မုဆလမာန်တွေမှာ ဟိန္ဒူအနဲ့အသက်လောက် ကပ်နေတာတောင် မကြည့်ချင်ဘူးလား မော်လာနာ။''

''မကြည့်ချင်ဘူး။ အနဲ့ပျောက်သွားအောင် လုပ်ရမယ်။''

''ဒီလိုဆိုရင် မုဆလမာန်လင်ရှိမိန်းမတွေမှာရှိတဲ့ နာဖူးက ဆုန်းမွန့်အပြောက်ကလေးတွေ ပျက်သွားအောင် ရေနှင့် သွားဆေးပစ်မလား။''

''ဆေးပစ်ရမှာပဲ။''

ဗာဗာက ရယ်၍ ပြောလေသည်။

''သင့်တစ်သက်လုံး ဆေးနေရမှာပေါ့ ဂျူမွန်။ ပြောပါဦးလူကလေး။ သင့်ဆလီမာက သင့်စည်းမျဉ်းကို လိုက်နာပါ့မလား။''

''ဘယ်လိုက်နာမလဲ ဗာဗာ။ မော်လဝီကြီးက မသိလို့ပါ။ ဆုန်းမွန့်အပြောက်ကလေးကို မုဆိုးမဖြစ်မှ ဖျက်ပစ်ရတာပဲ။''

အနီးတွင်ရပ်နေသော ဂျူမွန်က ဖြေဆိုလေသည်။

ဗာဗာသည် သူ့စကားကို ဆက်ပြန်သည်။

''သည်းခံပါ မော်လနာ အဗုလ်အလာဂျ်။ ငါတို့ ဆူဖီများဟာ ဒီအရပ်မှာ ဘယ်ဘုရင် ဘယ်သူဌေးတစ်ယောက်ရဲ့အလှူပွဲကိုမှ ခံယူပြီးနေကြတာ မဟုတ်ပါဘူး။ ငါတို့ဟာ ရေသနိုပ်[3] ဝိုင်းနှင့် လဲဂိုဋ္ဌ်ကို ဝတ်ပြီး ဒီအရပ် ရောက်လာကြတာပဲ။ ဘယ်ဟိန္ဒူတစ်ယောက်မှ တို့ကို ဓားလွယ်နှင့် မမိုးရှာပါဘူး။ ဒီသခ်ီရိုင်းတော်ကိုပဲ ကြည့်စမ်းပါဦး။ ဒီသခ်ီရိုင်းတော်ဟာ ရှေးတုန်းက ဗုဒ္ဓဘာသာဝင်တွေရဲ့ကျောင်းပဲ။ ငါ့ရဲ့ ၅ ဆက်မြောက် အဘိုးဆရာဟာ ဗုဒ္ဓဘာသာဝင် ရဟန်းတော်တစ်ပါးရဲ့တပည့် ဖြစ်တယ်။ သူဟာ အယောင်ဆောင် မဟုတ်ဘူး။ ဗုခါရာက လာတာ။ အဲဒီဆရာရဲ့ အဆုံးအမအယူဝါဒက ဆွဲဆောင်လို့ တပည့်ခံလိုက်တာပဲ။ ဆရာ့အဆုံးအမ အယူဝါဒဟာ နေရာတိုင်းမှာ တစ်မျိုးတည်းပါပဲ။ တပည့်လုပ်တဲ့သူက ဗုဒ္ဓဘာသာဝင်ပဲ ဖြစ်ဖြစ်, ဟိန္ဒူပဲဖြစ်ဖြစ်, မူဆလမာန်ပဲ ဖြစ်ဖြစ် ဆရာက အပြင်အပတပည့်တွေနှင့် အငြင်းအခုံ ဖြစ်ပွားနေမယ် မဟုတ်ဘူး။ ငါတို့ရဲ့ဆရာများ ကွယ်လွန်ပြီးနောက် ဒီသခ်ီရိုင်းဟာ မူဆလမ်ာန် နာမည် မှည့်ထားတဲ့ ဖကီရ်တွေရဲ့လက်ထဲ ရောက်သွားတယ်။ အဝတ်အဆင် ပြောင်းလဲတာနှင့် ပတ်သက်ပြီး ငါတို့က ဘာမှ အရေးမဆိုပါဘူး။ ငါတို့ဟာ မေတ္တာတရားကို သင်ကြားပေးခဲ့ကြတယ်။ 'ဘယ်လို အကျိုးရှိတယ်။' ဆိုတာ သင်မြင်ရပြီ မဟုတ်လား။ ရွာတိုင်း ရွာတိုင်းမှာ ငါတို့ကို မကျေနပ်တဲ့လူတွေ အတော်ပဲ နည်းသွားပါပြီ။ ဟိန္ဒူပဏ္ဍိတ်တွေကသာ မိုက်ကန်းကန်းလုပ်နေကြတာ။ သူတို့ဟာ မေတ္တာလမ်းစဉ်ကို သင်တို့ အသိအမှတ်မပြုနိုင်သလို အသိအမှတ် မပြုနိုင်ကြဘူး။ ဒီလိုလုပ်တဲ့အတွက် ဂျူမွန်ရဲ့အဖနှင့် အဘိုးဟာ ဟိန္ဒူနာမည် ခံမယ့်အစား မုဆလမာန်နာမည် ခံလိုက်ကြတဲ့အထိ ဖြစ်ရတယ်။ ပြီးတော့ သူတို့တစ်တွေအထဲမှာ သင်ဟာ ဧည့်သည်ကောင်းတစ်ယောက် ဖြစ်နေရတယ်။''

၃

တန်ခူးလ ကုန်လွန်ခဲ့လေပြီ။

ရွက်သစ်လောင်းရန် စောင့်မျှော်နေကြသော သစ်ပင်များမှာလည်း ရွက်သစ်များ ဝေနေကြလေပြီ။ ယခုနှစ် သရက်များ ကောင်းသောကြောင့် ရွက်ဟောင်းများပင် မကြွေသေးပေ။ သရက်ပင်များအောက် တလင်းတစ်ခု လုပ်ထားသည်။ မွန်းတည့်ရှိန်ရှိန် နေပူ, လေပူထဲ၌ပင် လယ်သမား ၂ ဦး ထိုနေရာတွင် တလင်း နယ်နေကြသည်။

ထိုအခိုက် ခရီးသည်တစ်ယောက် မောမောပန်းပန်းနှင့် နေပူလွန်းသဖြင့် ချွေးတဖြိုက်ဖြိုက်ကျကာ ထိုတလင်းနား၌ သစ်ပင်တစ်ပင်အောက်သို့ လာ၍ထိုင်လေသည်။

ကျောက်ဓရီ (ရွာလူကြီး) မင်္ဂလသည် တစ်ရပ်သားဧည့်သည်မှန်း သိ၍၊ အနီးသို့ သွား၍ စကားစ ပြောလေသည်။

''ရာမ်-ရာမ်အဆွေ။ ဒီလောက် နေပူကြီးထဲမှာ ခရီးထွက်တာဟာ အင်မတန်စွန့်စားတဲ့ အလုပ် တစ်ခုပဲ။''

''ရာမ်-ရာမ် အဆွေ။ ဒါတော့ မသွားမဖြစ်တဲ့လူ ဆိုတော့ အအေး,အပူ သိပ်မကြည့်နိုင်တော့ဘူး ပေါ့။''

''ရေသောက်ပါဦး အဆွေ။ ပါးစပ်တွေ ခြောက်နေတယ်ထင်တယ်။ အိုးထဲမှာ ရေအေးအေး ရှိ ပါတယ်။''

''ဘယ်အမျိုးအနွယ်ကပါပဲ။''

''အဟီရ အမျိုးအနွယ်ထဲကပါ။ နာမည်ကတော့ 'မင်္ဂလကျောက်ဓရီ' ခေါ်ပါတယ်။''

''ကျောက်ဓရီ။ လိုင္ဂ (ရေသောက်အိုး)နှင့် ကြိုး ငါ့ဆီမှာ ပါတယ်။ ငါက ဗြာဟ္မဏတစ်ယောက် ဖြစ်တယ်။ ရေတွင်းသာ ပြပါ။''

''ပဏ္ဍိတ်ကြီး အလိုရှိရင် ငါ့ကလေးကို လွှတ်လိုက်ပါမယ်။''

''ကလေးကို လွှတ်လိုက်ပါ ကျောက်ဓရီ။ ငါတော့ မောနေပြီ။''

''လူကလေး ဃီဆာ။ ဒီ လာပါဦး။''

မင်္ဂလကျောက်ဓရီသည် တလင်းနယ်ရပ်၍၊ သားကလေးအား 'ထန်းလျက်ခဲနှင့် တွင်းရေသန့်သန့် ထည်ယူလာရန်' ခေါ်၍ ပြောလေသည်။

'ဒိလ္လီနှင့် မည်မျှလှမ်းသေးကြောင်း' ခရီးသည်က မေးရာ၊ 'မိုင် ၅၀မျှ လှမ်းသေးကြောင်း' သိရ လေသည်။ ထို့ကြောင့် ယနေ့ ရောက်နိုင်တော့မည် မဟုတ်ပေ။

မင်္ဂလကျောက်ဓရီကား ပျော်ပျော်ပါးပါး ပြောင်ကာလှောင်ကာနေတတ်သူ ဖြစ်သည်။ တိတ်တိတ် နေရခြင်းသည် သူ့အတွက် အခက်ခဲဆုံးသောအလုပ်တစ်ခု ဖြစ်သည်။

ကျောက်ဓရီက ပြောလေသည်။

''ငါတို့ဆီမှာ ဒီနှစ် ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ကောက်ပဲသီးနှံများ အင်မတန် ဖြစ်ထွန်း ပါတယ်။ ငါတို့ဟာ ကဆုန်လအတွင်းတောင် တလင်းသိမ်းဖို့ မလွယ်သေးဘူးပဏ္ဍိတ်ကြီး။ သင်တို့ဆီမှာ ကောက်ပဲသီးနှံ ဘယ်လိုနေသလဲ။''

၁။ 'ရေသန့်ပဝ်'. - ယခုသတ်ပုံ။

၂။ 'လန်ကွတ်တီ' - ယခုသတ်ပုံ။

သင်ဟာ ကလောင်ကိုင်နည်းကိုတောင် မသိဘူး။
ဒါပေမယ့် ကျေးရွာ အဖွဲ့ထဲမှာ ပါနေတယ်။
ဘယ်လိုလုပ်ပြီး ကိစ္စကြီးငယ်ကို ဆောင်ရွက်ခဲ့မှာလဲ။
အရာရှိအရာခံတွေကို ဘာပြောစရာရှိသလဲ။
သင့်ကုန်သည်တွေဟာလည်း ငွေ ၁ ကျပ်ပေးပြီး
၂ ကျပ်ဖိုးတန်တဲ့ စပါးတွေကို ယူဆောင်သွားကြတယ်။

"ကောက်ပဲသီးနှံ မဆိုးပါဘူး ကျောက်ခရီ။"

"မင်း ကောင်းရင် နတ်တွေက ဝမ်းမြောက်ပျော်ရွှင်ကြတယ် ပဏ္ဍိတ်ကြီး။ ဘုရင်အသစ် နန်းတက်ကတည်းက တိုင်းသူပြည်သားတွေ အင်မတန် ချမ်းသာဝပြောကြတယ်။"

"ဒီအတိုင်း တွေ့နေရသလား ကျောက်ခရီ။"

"ကဲ-ဒီတလင်းထဲက ကောက်လိုင်းတစ်လိုင်းကို သင် ကြည့်ပေါ့။ လွန်ခဲ့တဲ့ ၂ နှစ်က သင် ဒီအရပ်ကိုရောက်လို့ ကြည့်ရင် ဒီစပါးထွက်ရဲ့ ၄ ပုံ ၁ ပုံတောင် မြင်ရမှာ မဟုတ်ဘူး။"

"ဒါဖြင့် အားလုံးပစ္စည်းတွေ တိုးတက်တယ်ပေါ့။ ကျောက်ခရီ။"

"တိုးတက်တာပေါ့။ ဒါပေမယ့် ဒီလို ကောင်းချီးပေးခြင်းခံရတာတွေဟာ ဘုရင့်ကျေးဇူးတော်တွေပဲ ပဏ္ဍိတ်ကြီး။ ရှေးတုန်းက ငါတို့လယ်သမားတွေဟာ ငတ်ငတ်မွတ်မွတ်နှင့် အဝတ်အထည် မကပ်ခဲ့ကြဘူး။ ရွံစရာလူယုတ်မာတွေကျတော့ ပိုးထည်တွေဝတ်, မြင်းတွေစီး လုပ်နေကြတယ်။ ဂျူပင်တွေပေါက်လို့ ၁ ထွာ ၁ မိုက်လောက်မှ မရှိသေးခင် သူတို့မြင်းတွေက တို့ယာတွေထဲ လာစုနေကြတော့တာပဲ။ ဘယ်သူက ပြောမလဲ။ ရွာသိမ်ရွာငယ်ကလေးတွေမှာ သူတို့က ဘုရင်တစ်ဆူ ဖြစ်နေကြတဲ့ဟာ။"

ထိုအခိုက် မင်္ဂလကျောက်ခရီကဲ့သို့ပင် ဒူးဆစ်အထိ ဓိတီ၊ ကိုယ်ပေါ်တွင် နွမ်းညစ်သော ကိုယ်ကျပ်အင်္ကျီဝတ်ထား၍ ဦးခေါင်းပေါ်တွင် ဦးထုပ်ဖြူအပျော့ကလေး ဆောင်းထားသော အခြားကျောက်ခရီတစ်ယောက် ရောက်လာပြန်သည်။ သူက စကားဖြတ်၍ ပြောလိုက်သည်။

"အို-ကျောက်ခရီ။ အခု အားလုံး အဆောင်အယောင်တွေ ဘယ်ရောက်သွားကုန်ပြီဆိုတာ မြင်တယ် မဟုတ်လား။ အခု သူတို့သားများ အလှူတကာ လိုက်တောင်းနေကြတယ်။ ငါ့ကိုပြောပြောနေတဲ့ ဗြာဟ္မဏတစ်ယောက်ဟာ နာမည် ဘယ်သူတဲ့ ကျောက်ခရီ။"

"ဆိဗ္ဗာ"

"အခုတော့ 'ဆိဗ္ဗာ'တောင် မခေါ်ပါနှင့်တော့။ ဒါပေမယ့် ဟိုတုန်းကတော့ 'ပဏ္ဍိတ်သျှီဗရာမ်' ပေါ့။ သူက ငါ့ကို 'ကျောက်ခရီခေဒါရမ်။ ဂျူ ၂ မောင်း(မန်)ပေး။ လက်ထဲမှာ ဝိုက်ဆံရှိလာတဲ့အခါ အဘိုး ပေးမယ်။'လို့ ပြောတယ်။ 'မပေးဘူး'လို့ ပါးစပ်က ထွက်လိုက်ဖို့ ခဲယဉ်းလိုက်တာ။ ဒါပေမယ့် ဗြာဟ္မဏပါးစပ်က 'ပြေပြေပြစ်ပြစ်ထွက်လာတဲ့ စကားရယ်လို့ မရှိဘူး။' ဆိုတာတော့ စဉ်းစားမိပါတယ်။ 'ဟောချိဒ်ဒေ' ဆိုတာကလွဲလို့ သူပါးစပ်က တခြား ဘာစကားမှ မကြားရဘူး။"

"အင်း-ခုတော့ သင်က 'ကျောက်ခရီခေဒါ', ငါက 'ကျောက်ခရီ မင်္ဂလရာမ်'။ မဲဂေနှင့် ချိဒ်ဒေဟာ ၂ နှစ်ခွဲအတွင်း ခရီး အတော်ရောက်လာခဲ့ပြီ။"

"ငါ ပြောမယ် ကျောက်ခရီ။ အစစအရာရာ ဘုရင့်ကျေးဇူးတော်ပဲ။ ဘုရင့်ကျေးဇူးတော်ကို မခံယူရရင် ငါတို့ဟာ ချိဒ်ဒေမဲဂေပဲ ရှိကြဦးမှာပဲ။"

''ဒီပဏ္ဍိတ်ကို ငါပြောနေတာလည်း ဒီအကြောင်းပါပဲ။''

''ဒီဘုရင်ဟာ ကျေးဇူးမဖြုရင် ပဋ္ဌယတ်(ကျေးဇူးအဖွဲ့)တွေကိုလည်း ရမှာမဟုတ်ဘူး။ ပြီးတော့ ငါတို့ရဲ့ နေ့ကောင်းရက်သာတွေကိုလည်း ပြန်ရကြမှာ မဟုတ်ဘူး။''

''ကျောက်ခရီမင်္ဂလာမ်။ သင်ဟာ ကလောင်ကိုင်နည်းကိုတောင် မသိဘူး။ ဒါပေမယ့် ကျေးဇူးအဖွဲ့ထဲမှာ ပါနေတယ်။ ဘယ်လိုလုပ်ပြီး ကိစ္စကြီးငယ်ကို ဆောင်ရွက်ခဲ့မှာလဲ။ အရာရှိအရာခံတွေကို ဘာပြောစရာ ရှိသလဲ။ သင့်ကုန်သည်တွေဟာလည်း ငွေ ၁ ကျပ်ပေးပြီး ၂ ကျပ်ဖိုးတန်တဲ့ စပါးတွေကို ယူဆောင်သွားကြတယ်။ နယုန်လတောင် မကုန်သေးဘူး။ အိမ်တွေမှာ ကြွက်သိုက်တွေ ဖြစ်ကုန်ပြီ။''

ဗြာဟ္မဏက ပြောလေသည်။

''ငါတို့ပြောတာလည်း ဒါပါပဲ။ ငါတို့ဘုရင် သက်တော် ၁ သိန်း(၁၀၀၀)ကျော် ရှည်ပါစေ။''

ခရီးသည်ဗြာဟ္မဏသည် မိုက်မဲသောအဟီရများ၏ ပြောသောစကားများကို နားထောင်ကာ ထောင်ကာ စက်ဆုပ်မုန်းနေလေသည်။ စကားအနည်းငယ် ပြောခွင့်ကိုလည်း စောင့်နေလေသည်။ ထန်းလျက် စား, ရေသောက်ပြီးနောက် ဗြာဟ္မဏသည် ပို၍လှုပ်ရှားလာလေသည်။ သူသည် ကျောက်ခရီများ စကားမပြော်နိုင်သဖြင့် ကြားဖြတ်၍ ပြောလိုက်သည်။

''ဆုလ်တန်အလာ ဥဒ်-ဒီန်က သင်တို့ကို 'ပဋ္ဌာယတ်' ပြန်လုပ်ပေးတယ်။''

''ဟုတ်တယ်ပဏ္ဍိတ်။ ဒီစကားထက် မှန်တာ, ကောင်းတာ မရှိတော့ဘူး။ ဒါပေမယ့် ပဏ္ဍိတ်-ငါတို့ ဆုလတန်ရဲ့အမည်တော်ကို ဘယ်သူကများ 'အလာက်ဒိန်'လို့ နာမည်ပေးထားမှန်း မသိဘူး။ ငါတို့ကတော့ တို့ရွာမှာ ဆုလတန်ကို 'လာတ်ဒိန်'လို့ ခေါ်ကြတယ်။''

''ကျောက်ခရီ။ သင်တို့ကြိုက်ရာ နာမည်ကို မှည့်ခေါ်ကြ။ ဒါပေမယ့် ဆူလတန်ဟာ ဟိန္နူတွေ အပေါ် 'ဘယ်လောက် စော်ကားတယ်'ဆိုတာ သင် မသိဘူး။''

''ငါတို့ အဟီရအမျိုးသမီးတွေဟာ အပေါ်ခြုံတောင် မပါဘူး။ ရင်ဘတ်ကို အဝိုင်းသား ဖြန့်ကားပြီး လယ်တော, စားကျက်တွေမှာ နေ့,ညမရွောင် သွားနေကြတာပဲ။ ဘယ်သူမှ သူတို့ကို ဆွဲမသွားပါဘူး။''

''ဂုဏ်သရေနှင့်နေကြတဲ့ ငါတို့ရဲ့မိသားစုတွေမှာ ဂုဏ်သရေထိခိုက်ခြင်း ခံရတယ်။''

''ကောင်းပြီ ပဏ္ဍိတ်။ ငါတို့ဟာ ဂုဏ်ရှိသရေရှိ မဟုတ်ရင် ဘယ်သူတွေက စောက်ဂုဏ်ရှိသရေရှိတွေလဲ။''

''သင်က ဆဲတာပေါ့ မင်္ဂလာမ်။''

''ဒီမှာ ပဏ္ဍိတ်။ ငါတို့ပဋ္ဌယတ် ပြန်ပေါ်လာကတည်းက ငါတို့ဂုဏ်အသရေဟာလည်း 'ပြန်ရောက်လာတာပဲ'ဆိုတာ သင်သိဖို့ ကောင်းတယ်။ အရာရှိအရာခံတွေနှင့် လူကြီးလူကောင်းတွေဟာ ဘယ်လောက် ဂုဏ်သရေရှိနေကြသလဲဆိုတာ ငါတို့ သိကြတယ်။ 'ဟိန္နူ-ဟိန္နူ, မုဆလမာန်-မုဆလမာန်' နှင့် လူတွေခေါ်ကြတယ်။ ဒါပေမယ့် လူကြီးလူကောင်းတွေအားလုံးဟာ တစ်မျိုးတစ်သားတည်းပါပဲ။ အဲဒီအထဲမှာ တကယ့်တကယ်ဆိုတော့ ဟိန္နူတွေက ဝိုများပါတယ်။''

ကျောက်ခရီခေဒါရာမ်သည် စကားဝင်စရာ တစ်ချက်ကျန်၍ ဆက်လက်ပြောဆိုလေသည်။

''ပြီးတော့ သူတို့က ငါတို့ကို ပြောကြတယ်။ 'ဟိန္နူနှင့် မုဆလမာန် လုံးဝ တခြားစီဖြစ်တယ်။'-တဲ့။ ဒါပေမယ့် သူတို့ကိုယ်သူတို့ 'ဟိန္နူဗြာဟ္မဏ' အမည်ခံနေတဲ့သူတွေဟာ သူတို့မိန်းမတွေကို ခြုံလွှာ ၇ ထပ်နှင့် 'ဗေဂမ်'တွေ လုပ်ထားကြတယ်။''

''ဟုတ်တယ် ကျောက်ခရီ။ ငါ့အဘိုး ပြောဖူးတယ်။ ကန္တောက်ဂျုန့် ဒီလိုမှာရှိတဲ့ မင်းသမီးများ မျက်နှာဖွင့်ပြီးမြင်းစီးတာ သူမြင်ဖူးသတဲ့။''

ဗြာဟ္မဏက ပြောဖူးတယ်။

''အဲဒီစဉ်အခါတုန်းက ငါတို့ရဲ့ဂုဏ်အသရေကို လုယူမယ့် ဘယ်မုဆလမာန်တစ်ယောက်မှ မရှိသေးဘူး''

''ကန္တေလည်း ငါတို့မိန်းမများဟာ စားကျက် လယ်တောတစ်ဝိုက်မှာ လှည့်ပတ်သွားလာ နေကြပါတယ်။ သူတို့ကို ဘယ်သူမှ ဆွဲမသွားကြပါဘူး။''

''ဆွဲသွားကြတယ် ဆိုရင်လည်း ဗြာဟ္မဏဆီဌမှရှိတဲ့ အခါကျမှ ဖြစ်မှာ မင်္ဂလာရာမ်။''

''အလုပ်မလုပ်ဘဲ စားသောက်နေတဲ့လူတွေဟာ တစ်ယောက်တစ်ယောက် လုယက်တာက လွဲလို့ ဘာများလုပ်ဦးမှာလဲ။ ဒါကတော့ ဟိန္နူ မုဆလာန်ပြဿနာ မဟုတ်တော့ဘူးပဏ္ဍိတ်။ အလုပ်မလုပ်ဘဲ စားသောက်နေကြတဲ့သူတွေရဲ့ အလုပ်ပဲ။ ငါတို့ဟာ တကယ့်ဟိန္နူတွေပဲ ပဏ္ဍိတ်။ ဒါပေမယ့် ငါတို့မိန်းမတွေကို ခြုံလွှာ ၇ ထပ်ထဲမှာ ထည့်မထားကြပါဘူး။''

ဗြာဟ္မဏသည် နောက်ထပ် တလောကြိုးစား၍ ရေပြာပြန်သည်။

''ဟေ့-ကျောက်ခရီ။ ဆုလတာန်ရဲ့သေနာပတိ မာလိက်ကာဖူရ်ဟာ တောင်ဘက်ကို ချီတက်ပြီး တို့ဘုရားကျောင်းတွေကို ဖြိုချ၊ နတ်ရုပ်တွေကို ခြေထောက်နှင့်ချနင်း လုပ်တာတွေ မင်း မသိပါဘူး။''

''ငါ အများကြီး ကြားဖူးတာပေါ့။ တစ်ကြိမ် မဟုတ်ဘူး။ အကြိမ် ၁၀၀၀လောက် ကြားဖူးတယ်။ 'မုဆလမာန်အုပ်စိုးမှုအောက်မှာ ဟိန္နူဘာသာ မရှိနိုင်ဘူး။-တဲ့။ ဒါပေမယ့် ပဏ္ဍိတ်- ငါတို့ဟာ ဒီလိုနှင့် အတော်ကိုနီးတဲ့နေရာမှာ နေကြတယ်။ ဒီလိုသာမဟုတ်ရင် ယုံမှာပဲ။ ငါတို့နေတဲ့ နေရာရဲ့ မိုင် ၄၀ ပတ်လည်မှာတော့ ဘုရားကျောင်းတစ်ခုမှ မချိုးပါဘူး။ နတ်ရုပ်တွေကိုလည်း ခြေထောက်နှင့် ချမနင်းပါဘူး။''

''ကျောက်ခရီ မင်္ဂလာရာမ်။ ဒီစကားတွေ လုံးဝ အမှားတွေပဲ။ မင်းက ငါ့ထက် ဒီလိုကို ရောက်ပေါက်သေးသလား။ ဒသျုဟရာပွဲတော်ကို ကြည့်ဖို့ ဒီလိုကို အခေါက်ခေါက် ငါရောက်ဖူးတယ်။ ဘယ်လောက်ကြီးကျယ်တဲ့ ပွဲတော်လဲလို့။ တစ်ဝက်ကျော်ကျော်က မိန်းမတွေ ဖြစ်တယ်။ ဟိန္နူပွဲတော်ပဲ။ ပွဲလာတွေကလည်း ဟိန္နူတွေပဲ များတယ်။ နတ်ရုပ်တွေကို မွမ်းမံခြယ်လှယ်ပြီး ဆုလတာန်ရဲ့ လေသာပြူတင်းအောက်က ဖြတ်ပြီး ဆောင်ယူသွားကြတယ်။ အားလုံး ခရုသင်း, စည်,တံပိုးများ တီးမှုတ်ကြတယ်။''

မင်္ဂလာရာမ်က ဝန်ခံလေသည်။

''ဟုတ်တယ်။ ဒါတွေအားလုံး အမှားချည်းပဲ။ သူ့ဌေး နိဂ္ဂာမလဟာ အိမ်ကြီးနားက ကိုက် ၁၀၀ ကျယ်တဲ့မြေပေါ်မှာ ဘုရားရှိခိုးကျောင်းကြီးတစ်ခု တည်နေတယ်။ သိန်းပေါင်း 'ဘယ်လောက်ကုန်မယ်' ဆိုတာ မသိဘူး။ နောက်ဆုံးအကြိမ် ကျောက်တုံးတွေပြိုကျတော့ ငါတွေ့ရသေးတယ်။ ခုတော့ နံရံကို ခါးလောက်ပဲမြင့်အောင် တည်ထားသော တွေ့ရတယ်။ ဆုလတာန်က ဖြိုချပစ်မှဖြင့် ဘာကြောင့် သူမျက်စိရှေ့မှာ ဘုရားရှိခိုးကျောင်းကြီး ထီးထီးမားမားဖြစ်အောင် ဆောက်နေရသေးသလဲ။''

''ဟုတ်တယ် ကျောက်ခရီ။ ဘုရင်အချင်းချင်း စစ်ခင်းကြသည်။ စစ်ပွဲမှာ ဘာမဆို ဖြစ်နိုင်တယ်။ တစ်ခုခုတော့ ဖြစ်ကုန်မှာပဲ။ ဒါကို အကြောင်းပြုပြီး ဆူပူနေကြတယ်။ လွန်ခဲ့တဲ့အနှစ် ၁၀၀ က ငါတို့အိန်းအနှားတစ်ဝိုက်မှာ အဲဒီအဖြစ်အပျက်မျိုးတွေ ဖြစ်ပျက်ခဲ့ဖူးတယ်။ ဒါပေမယ့် ခုတော့ ဘာသံများကြားရသေးသလဲ။''

မင်္ဂလာမင်က ဆက်လေသည်။

''ငါ မှတ်မိတယ်။ ဘုရင်ခံလာတုန်းက ငါတို့အနီးအနားရွာတွေက လူတွေ သူ့တဲစခန်းကို သွားကြတယ်။ ဒီတော့ သူက ပြောတယ်။ 'ရှေးတုန်းက ဆုလတာန်တွေဟာ တစ်ညတာ အသိုက်ထဲမှာ အိပ်တဲ့ငှက်တွေလိုပဲ။ ငါတို့ ဆုလတာန် 'လာတ်ဒီန်' ကတော့ ငါတို့အိမ်မှာ ငါတို့နှင့် ဆင်းရဲအတူ ချမ်းသာအမျှနေမယ့် ဆုလတာန် ဖြစ်တယ်။ ဒါကြောင့် ဒီဆုလတာန်က တိုင်းသူပြည်သားတွေကို လုယက်ဖျက်ဆီးမှာ မဟုတ်ဘူး။ ချမ်းချမ်းသာသာရှိတာကိုသာ တောင့်တတယ်။'-တဲ့။''

''အခုတော့ တောင့်တနေစရာတောင် မဟုတ်တော့ဘူး။ တိုင်းသူပြည်သားတွေ နေရာတိုင်းမှာ ချမ်းချမ်းသာသာ သွားလာလှုပ်ပတ်နေကြတာပဲ။''

၄

ဒီလွှိ၏အပြင်ဘက်တွင် တိတ်ဆိတ်ခြောက်သွေ့သော သဲချိုင်းတစ်ခု ရှိသည်။ ၄င်း၏အနီးတွင် တမာပင်နှင့် မန်ကျည်းပင်အချို့ ပေါက်နေသည်။

နတ်တော်လ၏ ညများကား အေးမြလှပေသည်။

ထင်းမီးဖိုအနီးတွင် ဖကိရ် (ဘုန်းကြီး) ၂ ပါး ထိုင်နေကြသည်။ ၂ ပါးအနက် ၁ ပါးကား ကျွန်ုပ်တို့ သိပြီး ဗာဗာနူရဒီန် ဖြစ်လေသည်။ အခြား ဖကိရ်တစ်ဦးက သူ၏ ဖြူဖွေးသောမုတ်ဆိတ်မွေး, နှုတ်ခမ်းမွေးများကို ပွတ်သပ်ရင်း ပြောလေသည်။

''ဗာဗာ။ ၅ နှစ်အတွင်း ဟရိယာနာမှာ နို့တွေ ချောင်းစီးလာပြန်ပြီ။''

''ဟုတ်တာပေါ့ ဗာဗာ ဉာဏဒီန်။ အခု လယ်သမားတွေမျက်နှာ တယ်စိုစိုပြည်ပြည် ရှိတာပေါ့။''

''အရာရှိတွေ အရာခံတွေတော့ သွားကုန်ပြီ။ ဒီကုန်သည် 'လူကြီးလူကောင်း'အမည်ခံ ငွေချေးစားတဲ့လူတွေ နောက်ထပ်သေကုန်ရင်တော့ ငြိမ်းချမ်းရေး ကျယ်ပြန့်ရတော့မှာပဲ။''

''သူတို့တွေဟာ သူခိုးကြီး,ဓားပြကြီးတွေပဲ။ ပြီးတော့ ဆောက်ထားတဲ့ကျောင်းကြီးတွေ, တန်ဆောင်းကြီးတွေ, နိစ္စပတ်အလှူတွေဟာ နိုးရာပါတိုက်ရာပါပစ္စည်းတွေနှင့် ဆက်လက်တည်တဲ့ နေကြတာပဲ။''

''သူတို့က ပြောကြသေးတယ်။ 'ဓနရှင်တွေမရှိရင် ဘာသာ(ဓမ္မ)ပျောက်ကွယ်မယ်။'-တဲ့။ ငါကတော့ 'ဓနရှင်တွေရှိနေသမျှ ကာလပတ်လုံး အဓမ္မဘက်ကို ချိန်ခွင်ခွက် လေးကျနေမယ်လို့။-ပဲ ပြောတယ်။'-လို့။''

''ဉာဏ်ရှင်, ဈာန်ရှင် တမန်တော်သခင် ဣသိမုနိတွေထက် ဘာသာရေးလေးစားတာ ဘယ်သူရှိသေးသလဲ။ ဒါပေမယ့် သူတို့ဆီမှာ ခါးဝတ်တစ်ထည်, စောင်ကလေးတစ်ထည်အပြင် ဘာပစ္စည်းများရှိသေးသလဲ။''

''ဆင်းရဲသားတွေရဲ့ ချွေးနဲစာကို အမြိုင့်သားထိုင်စားနေတဲ့ ဓနရှင်တွေ ရှိနေသမျှ လူသတ္တဝါတွေဟာ ညီရင်းအစ်ကိုလို ဘယ်တော့မှ ဖြစ်နိုင်ကြမှာ မဟုတ်ဘူး။ 'ဘုရင်တွေ'ဆိုတာဟာလည်း လူနှင့်လူချင်းကွဲပြားအောင်လုပ်ပြီး အတူပေါင်းသွားအောင် လောင်းထည့်ဖြစ်တဲ့ ပဉ္စလက်ပုံစံခွက်တွေပဲ အဆွေဉာဏဒီန်။''

''ဒါပေမယ့် အလုပ်သမားများလုပ်ကိုင်ထားတဲ့ လုပ်စာတွေကို ခေါင်းပုံမဖြတ်ရရင် ဘုရင့်အဆောင်အယောင်တွေလည်း ပျောက်ကွယ်သွားမှာပေါ့။''

''ဒီ ကောင်းမှုအရှုပ်အထွေးကြီး ပျောက်ကွယ်သွားပြီး မြေပြင်ပေါ်မှာ မေတ္တာနိုင်ငံ တည်ဆောက်နိုင်မယ့်အချိန်ကိုသာ စောင့်မျှော်ကြပါစို့ အဆွေ။''

ဆုတောင်း

၁၆

ဆုရေယာ

အချိန်- ခရစ်နှစ် ၁၆၀၀ ပြည့်။

၁

မိုးရာသီတွင် ရွှံ့ညွန့်များ ရောနှောနေသော မိုးရေယဉ်များသည် နေရာတကာပျံ့နှံ့နေသည်ကို တွေ့ရ၏။ မိုးရေသည် ညီညာသောမြေမျက်နှာပြင်ပေါ်တွင် ဖြည်းဖြည်းပျံ့နေသည်။ ဆင်ခြေလျှောမြေတွင်ကား အပြေးစီးဆင်းနေသည်။ ထို့နောက် ချောင်းများ, မြစ်များတွင် စီးဆင်းသွား၍ တောင်ကုန်း မြစ်ချောင်းများ၏ ကျယ်ပြန့်သောရေပြင်ကြီးအသွင်ကို ဆောင်သွားကြလေသည်။

သစ်ပင်များကား ထိုအချိန်တိုင်အောင် မိုးများကို ဆွဲထားဘိသကဲ့သို့ ရှိလေသည်၊ သစ်ပင်များမှာ ရေပေါက်ကြီးများ တတောက်တောက် ယခုအထိ ကျနေတုန်း ရှိသေးသည်။ မိုးရွာသကဲ့သို့ပင် မိုးပေါက်မိုးဖွဲများဖြစ်၍ ကျဆင်းလေသည်။

အလေ့ကျပေါက်နေသော သျှမ်ပင်တစ်ပင်နှင့် အတန်ငယ်လှမ်းသောနေရာတွင် အဝတ်ဖြူဖြူဝတ်ဆင်ထားသော မိန်းမပျိုတစ်ဦး ရပ်နေသည်။ သူမခေါင်းပေါ်တွင် အပေါ်ခြုံဖြူဖြူကလေးမှာ နောက်ဘက်လျှောကျနေသည်။ ဝိတုန်းရောင်အလား မည်းနက်သောဆံပင်များကို ဟိုဘက်သည်ဘက်ခွဲထားသည့် အလယ်ကောင်အရေးအကြောင်းမှာ ဟိမဝန္တာတောကြီးတွင် စီးဆင်းနေသော ငွေရောင်ရေယဉ်ကြောနှင့်ပင် တူလေသည်။ သူမ၏နားရွက်အနီး မည်းနက်ကောက်ကွေ့သော ဆံတောက်မှာ မိုးရေပေါက်များ ကျဆင်းနေတုန်း ရှိသေး၏။ သူမ၏ ဖြူဖွေးစ်ပတည်ကြည်သော မျက်နှာတွင် မည်းနက်သောမျက်လုံးကြီးများသည် အဝေးကိုလှမ်း၍ စိတ်မှန်းနှင့်ကြည့်နေပုံ ရလေသည်။ သူမ၏ ဒူးဆစ်အထိ ကျနေသော ပိုးအင်္ကျီမှာ စွတ်စိုး၍ ရင်ဘတ်တွင် ကပ်နေသည်။ ကိုယ်ကျပ်အင်္ကျီအနီအောက်မှ သူမ၏သားမြတ်အစုံမှာ လိမ္မော်သီးအလား ကြွရွဖောင်းမို့နေရာ အလွန် လှပတင့်တယ်ပေသည်။ အင်္ကျီအတွင်း ခါးအောက်တွင် ဘောင်းဘီအပွကို ဝတ်ထားသည်။ ဘောင်းဘီ၏ ကျဉ်းကျပ်သောအောက်ပိုင်းသည် မိန်းမပျိုဓ၏ ခြေသလုံးသား တက်ပုံဆင်းပုံကို လှစ်ဖော်နေသကဲ့သို့ ထင်ရလေသည်။ သူမသည် မြေဖြူဆိုးထားသော မော်ဇာအဖြူကိုဝတ်၍ ဖိနပ်စီးထားသည်။ မော်ဇာနှင့် ဖိနပ်မှာ စွတ်စိုနူးပျော့နေသဖြင့်၊ ခရီးဆက်လက်သွား၍ ဖြစ်ချင်မှ ဖြစ်တော့မည်။' -ကဲ့သို့ ရှိလေသည်။

မိန်းမပျိုအနီးသို့ ယောကျ်ားပျိုတစ်ယောက် ရောက်လာ၏။

ယောကျ်ားပျိုဓ၏ မြင့်ထောင်နေသော ခေါင်းထုပ်, အင်္ကျီရှည်, ဘောင်းဘီပွများလည်း အဖြူရောင်များသာဖြစ်၍၊ ၄င်းတို့လည်း စိုရွှဲ၍ နေလေသည်။ အနီးသို့ရောက်လာသည့်တိုင်အောင် မိန်းမပျိုက သူ့ဘက်သို့ လှည့်မကြည့်ဘဲ နေသည်ကို ယောကျ်ားပျိုဓ တွေ့ရလေသည်။ ယောကျ်ားပျိုသည် ခြေသံမကြားအောင် သွား၍၊ မိန်းမပျိုဓ၏ဘေး ၂ တောင်ခန့်ကွာသောနေရာသို့ သွား၍ ရပ်လေသည်။

မိန်းမပျိုသည် အတန်ငယ် လှမ်းသောနေရာတွင် စီးဆင်းနေသော မြောင်းထဲရှိ ရွှံ့ရေများကို ဇူးစိုက် ကြည့်ရှုနေလေသည်။

'သူ့အဖော်မကလေး ယခု သူ့ဘက် လှည့်ကြည့်တော့မည်။' ဟု ယောကျ်ားပျိုက တွေးထင်မိသည်။ သို့သော် ကမ္ဘာနှင့်ညီမျှသော မိနစ်ပေါင်းများစွာ ကြာသွားလေပြီ။ မိန်းမပျိုး၏ ကိုယ်အင်္ဂါ, မျက်လုံးသည် ယခုအထိ မတုန်မလှုပ် ရှိသေး၏။ မိုးမှုန်များကျသဖြင့် စွတ်စိုနေသောနဖူးပေါ်ရှိ ရေပေါက်များကိုပင် သုတ်ပစ်ဖို့ မိန်းမပျို သတိမရသေးပေ။

ယောကျ်ားပျိုသည် နောက်ထပ် စောင့်နေရန် 'စွမ်းနိုင်တော့မည်' မဟုတ်သဖြင့် မိန်းမပျို၏ပခုံးပေါ်သို့ ဖြည်းညင်းစွာ လက်ကို တင်လိုက်လေသည်။ မိန်းမပျိုက မျက်နှာကို လှည့်လိုက်သည်။ သူမ၏ အဝေးသို့လှမ်းကြည့်နေသော မျက်လုံးမှာ ပြန်လှည့်လာခဲ့လေပြီ။ ထိုနောက် မည်းနက်သောမျက်လုံးကြီးများမှ အရောင်များ တောက်လာသည်။ သူမ၏ ပင်ကိုနီမြန်းသော နှုတ်ခမ်းတွင် ပြုံးယောင်ယောင်အမူ ပေါ်လာသည်။ အတွင်းဘက်မှ သွားကလေးများ အတန်းလိုက် တောက်ပစွာ ပေါ်လာသည်။ မိန်းမပျိုသည် ယောကျ်ားပျို၏လက်ကိုကိုင်၍ ပြောလေသည်။

''ကမလ။ နင်ရပ်နေတာ ကြာလှပြီလား။''

''ကမ္ဘာကမ္ဘေ ကြာလှလေပြီလို့ ထင်တာပဲ။ ဘုရား့သခင် ကမ္ဘာပြုမိုးကြီး ရွာသွန်းပြီးကတည်းက ဒီလောက်ကြီးတဲ့မိုးဟာ ဒီတစ်ခါပဲ ရွာသေးတယ်။ ဒါပေမယ့် အဲဒီမိုးရေဟာ တောင်တွေ, သစ်ပင်တွေ, သက်ရှိသတ္တဝါတွေရဲ့ အလေးဝန်ကို ထမ်းဆောင်ထားနိုင်လောက်အောင် အားမကောင်းသေးဘူး။''

''အို-တော်ပါကမလ။ နင်ဖြင့် အမြဲတမ်း ကဗျာဆန်နေတာပဲ။''

''ကာသ္ပီ (ဘုရား-ဘုရား)-ဆုရေယာ။ နင်ပြောတာ မှန်လိုက်တာ။ ဒါပေမယ့် ကဗျာက ငါ့ကံကြမ္မာကို ပြောင်းလဲအောင်လုပ်ပေးမယ်လို့ ငါမထင်မိဘူး။''

''ဆုရေယာက တခြားမိန်းကလေးတစ်ယောက်နှင့် သူနှင့် တန်းတူထားတာကို ကျေနပ်မှာ မဟုတ်ဘူး။''

''စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောလိုက်တာပဲ။ အနို့-ဒါဖြင့် ဘာများ ဇူးစိုးစိုက်စိုက် စဉ်းစားနေတာလဲ ဆုရေဟာ။''

''စဉ်းစားတယ်လေ ဟိုအဝေးကြီး- ဟိုအဝေးကြီး။ ပင်လယ်ဟာ ဘယ်လောက်များ ဝေးသလဲ။''

''ပင်လယ်နှင့် အနီးဆုံးအရပ်ကတော့ 'ဆုရက်'ပေါ့။ တစ်လခရီးပဲ ဝေးတယ်။''

''ဒါထက် အဲဒီရေတွေဟာ ဘယ်ကို သွားကြသလဲ။''

''ဘင်္ဂလားဘက်မှာဆိုရင် ဘယ်ကို သွားကြသလဲ။''

''ဘင်္ဂလားဘက်မှာဆိုရင် ပင်လယ်ဟာ ပိုတောင်ဝေးသေးတယ်။ ၂ လခရီးလောက် ဝေးကောင်းဝေးမယ်။''

''ဒီ သနားစရာကောင်းတဲ့ ရွှံ့ရေကလေးတွေဟာ ဒီလောက်ဝေးတဲ့ခရီးကြီး သွားကြရမှာပေါ့နော်။ နှင် ပင်လယ်ကို မြင်ဖူးသလား ကမလ။''

''အဖနှင့်အတူ ဥရီဆာကို သွားတယ်။ အဲဒီတုန်းက မြင်ဖူးတာပေါ့ အချစ်ရဲ့။''

''ဘယ်လိုနေသလဲ။''

''ရှေ့တမျှော်ကြီးမှာ မိုးထိအောင်လွှမ်းတက်နေတဲ့ လှိုင်းလုံးနက်နက်ကြီးတွေလို မိုးသားတွေ ရှိတယ်။''

''ဒီမိုးရေတွေရဲ့ကံကြမ္မာဟာ သမုဒ္ဒရာပဲ။ သမုဒ္ဒရာထဲမှာ ရေတွေဟာ ရွှံ့ရောင်နောက်နေသလား။''

နှင့် ဒီဆယ်ဉီလှလှကလေးတွေကို ဘယ်လောက်များ သန့်ရှင်းတောက်ပြောင်အောင် လုပ်ပေး ထားသလဲလို့။ လရောင် (နှင်းခဲ)လို ဖွေးဖွေးဖြူနေတဲ့ နှင့်ပါးကလေးတွေကို ဒီမိုးရေက ဘယ်လောက် လှပအောင် လုပ်ပေးထားသလဲ။ မိုးပေါ်က ဖြောင့်ဖြောင့်တန်းတန်းဆင်းလာပြီး ကျရာအရပ်တိုင်းမှာ နင်တို့တွေရဲ့အလှကို မိုးရေက တောက်ပြောင်သန့်ရှင်းအောင် လုပ်ပေးရှာတယ်။''

''မဟုတ်ဘူး အချစ်ရဲ့။ သမုဒ္ဒရာမှာ အရောင်တစ်မျိုးတည်း ရှိတယ်။ အပြာရင့်ရောင်၊ ဒါမှမဟုတ် အနက်ရောင်။''

''နင် ပြမယ်ဆိုရင်တော့ တစ်နေ့နေ့ သမုဒ္ဒရာကို ငါလည်း ကြည့်ရဦးမှာပဲ။''

''နင်ကသာ အမိန့်ပေးပါ။ ဒီရေနှင့်အတူ မျှောလိုက်သွားဖို့ အသင့်ပါပဲ အချစ်ဆုရေယာရယ်။''

ဆုရေယာသည် ကမလ၏လည်ပင်းကိုဖက်၍ သူ၏ မျက်ရည်စီးကျနေသောပါးကို ကမလ၏ ပါးနှင့် ကပ်လိုက်လေသည်။ ထို့နောက် ကမလ၏ တောက်ပနေသောမျက်လုံးများကို စိုက်ကြည့်၍ ပြောလေသည်။

''တို့ ၂ ယောက် သမုဒ္ဒရာကို သွားကြရမှာပဲ။ ဒါပေမယ့် ဒီရေနှင့်အတူ မဟုတ်ဘူး။''

''ဒီရွှံနှစ်ရေနှင့်အတူ မဟုတ်ဘူးနော်အချစ်။ ဟုတ်လား။''

''ရွှံနှစ်ရေ လို့ မခေါ်ပါနှင့်ကမလ။ ဒီရေဟာ ရွှံနှစ်ရေ မဟုတ်ပါဘူး။ မိုးပေါ်က ကျလာတုန်းက ဒီရေဟာ ရွှံနှစ်ရေလား။''

''မဟုတ်ပါဘူး။ အဲဒီတုန်းက ဒီရေရဲ့သန့်ရှင်းမှုဟာ နေနှင့် လေထက်တောင် သာသေးတယ်။ ကြည့်စမ်း။ နှင့် ဒီဆယ်ဉီလှလှကလေးတွေကို ဘယ်လောက်များ သန့်ရှင်းတောက်ပြောင်အောင် လုပ်ပေး ထားသလဲလို့။ လရောင် (နှင်းခဲ)လို ဖွေးဖွေးဖြူနေတဲ့ နှင့်ပါးကလေးတွေကို ဒီမိုးရေက ဘယ်လောက် လှပအောင် လုပ်ပေးထားသလဲ။ မိုးပေါ်က ဖြောင့်ဖြောင့်တန်းတန်းဆင်းလာပြီး ကျရာအရပ်တိုင်းမှာ နင်တို့တွေရဲ့အလှကို မိုးရေက တောက်ပြောင်သန့်ရှင်းအောင် လုပ်ပေးရှာတယ်။''

''အဲဒါကြောင့် ရွှံရောင်ထနေတာဟာ မိုးရေရဲ့ ပင်ကိုသဘောရင်း မဟုတ်ဘူး။ မိုးရေကို ပင်လယ်နှင့် မတွေ့ရအောင် တားဆီးထားတဲ့ ရွှံတွေနှင့် တိုက်ခိုက်နေရလို့ မိုးရေ နောက်ရတာပဲ။ ပင်လယ်ထဲကို ဖြောင့်ဖြောင့်တန်းတန်းကျဆင်းလာတဲ့ မိုးရေပေါက်များဟာ ဒီလို နောက်ကျရဲ့လား ကမလ။''

''မနောက်ဘူးပေါ့ အချစ်ရဲ့။''

''ဒါကြောင့် ငါက မိုးရေနောက်တာကို 'အပြစ်တစ်ခု' လို့ မထင်ဘူး။ 'အဆင်တန်ဆာတစ်မျိုး' လို့ပဲ ထင်တယ်။ နှင့်အယူအဆကတော့ ဘယ်လိုလဲ ကမလ။''

''ဆုရေဟာ။ နှင့်နှုတ်ခမ်းကလေးတွေဟာ ငါ့နလုံးသားထဲက စကားလုံးတွေကို ဖော်ထုတ်နေ ကြတာပဲ။''

၂

မိုးကောင်းကင်၏ ညိုပြာသောအရိပ်သည် စောက်နက်သောကန်ရေကို ပို၍နက်ပြာအောင် အရောင်ဟပ်နေသည်။ ထို ညိုပြာသောရေကန်ကို ပတ်ချာလှည့်၍ထားသော အစွန်းအကွက်မထင် ဖြူစင်သောကျောက်သားရေဆိပ်များကား ပို၍ဖြူနေဟန် ရှိလေသည်။ ရေကန်ပတ်ဝန်းကျင် စိမ်းလွင်နေသော သမန်းမြက်ခင်းအလယ်တွင် စိမ်းညိုသောဆရိပင်မှာ လှပတင့်တယ် ရှုချင့်စဖွယ် ရှိလှပေသည်။ အထူးအား ဖြင့် ဤကဲ့သို့သော နွေဦးရာသီမွန်းတည့်ချိန်တွင် ပို၍လှပနေသည်။

မျက်စိတစ်သတ်ကြီး ကြည့်ရသော ပင်စဉ်ပင်တန်းများ, နွယ်ချုံမကင်းပ်များနှင့် ပန်းထွက်နေသော ရေတံခွန်များဖြင့် ဥယျာဉ်များကို ဆင်ယင် ခြယ်လှယ်ထားလေသည်။

ယနေ့ နွေဦးရာသီပွဲတော်နေ့ ဖြစ်သောကြောင့် ဥယျာဉ်တော်များကို လူလင်,လုံမများအတွက် ဖွင့်လှစ်ထားလေသည်။ ဤ လွတ်လပ်သော ဥယျာဉ်တော်ကမ္ဘာတွင် လူလင်လုံမတို့သည် နတ်သမီး,နတ်သားများအလား လှည့်ပတ်သွားလာနေကြလေသည်။

ဥယျာဉ်တော်၏ အစွန်အဖျားကျ၍ ရေကန်နှင့် ဝေးကွာသောနေရာတွင် အနီရောင်ကျောက်သားအဆောက်အဦတစ်ခု၏ အပြင်ဘက်၌ လူ ၄ ယောက် ရပ်နေကြသည်။ ၄ ယောက်စလုံး၏ ဦးခေါင်းပေါ်တွင် ရှေ့ဘက်သို့ အနည်းငယ်ထွက်သော ခေါင်းထုပ်တစ်မျိုးတစ်စားတည်း ပေါင်းထုပ်ထားကြသည်။ ဒူးဆစ်အထိကျသော လည်စေ့အင်္ကျီကိုလည်း မျိုးတူ ဝတ်ထားကြသည်။ ခါးပတ်ဖြူများကိုလည်း တစ်ဆင်တည်း ပတ်ထားကြသည်။ အားလုံးပင် မျိုးတူမုတ်ဆိတ်မွေးမှာ အဖြူပင်တွေက များကုန်ပါပြီ။ သူတို့ ဥယျာဉ်ကို အတန်ကြာအောင် ကြည့်ရှုပြီးနောက် ထက်ဝန်းကျင်အကာအကွယ်မရှိသော မဏ္ဍပ်ထဲတွင် ခင်းထားသော ဖုံများပေါ်သို့ သွား၍ ထိုင်ကြလေသည်။ ထိုနေရာတစ်ဝိုက်တွင် အသံ တိတ်ဆိတ်နေသည်။ အဆိုပါ အဘိုးအို ၄ ယောက်အပြင် အခြား မည်သူတစ်ယောက်မျှ မရှိပေ။ တိတ်ဆိတ်ခြင်းကို ချိုးဖောက်ကာ တစ်ယောက်သောအဘိုးအိုက စကားစလေသည်။

"အရှင်မင်းတရား။"

"ဘာတုံး ဖဇလ်။ ခုအချိန်မှာတောင် ညီလာခံအဆောင်တော်ထဲမှာ ထိုင်နေကြတုန်းပဲလား။ လူဟာ လူလို ရိုးရိုးနေလို့ ဖြစ်တဲ့နေရာ မရှိတော့ဘူးလား။"

"မေ့သွားလို့ပါ။"

"ဇလာလ်'လို့ ခေါ်ချင်ခေါ်။ 'အကဗရ်'လို့ ခေါ်ချင်ခေါ်။ ဒါမှမဟုတ် 'အဆွေ'လို့ပဲ ရိုးရိုးခေါ်။"

"သိပ်ခက်တာပဲ အဆွေဇလာလ်။ တို့ဟာ တို့ဘဝကို ၂ လွှာ လွှာပြီး ထားရတယ်။"

"၂ လွှာ ဘယ်ကမလဲ။ ၄ လွှာပေါ့ အဆွေဖဇလ်။"

"အစ်ကိုဗီရ်။ ငါတို့ သင့်ကို ချီးမွမ်းပါတယ်။ ဘယ်အချိန်မဆို အကြောင်းတစ်ခုပေါ်လာရင် အဆင်သင့် ဖြစ်နေတော့တာပဲ။ တို့တော့ လောကတစ်ခုက တခြားလောကတစ်ခု ပြောင်းလိုက်တယ်ဆိုရင် ပြန်သတိရဖို့ အတော်ကြိုးစားနေရတယ်။ ဟုတ်တယ် မဟုတ်လားဦးဥာဂ။"

"ဟုတ်တယ်။ ငါလည်း 'ဗီရ် ဘယ်လို လုပ်လိုက်ပါလိမ့်။'လို့ အံ့မိတယ်ဖဇလ်။ သူဦးနှောက်က တယ်ကြီးတာကိုး။"

"ဗီရ်ဗလကိုပဲ အားလုံးလူတွေက ဟိန္နူစတန်ရဲ့ နေရာတိုင်းမှာ ကြိုးကိုင်နေတဲ့ လူတစ်ယောက်လို့ အမှတ်အသားပြုကြတယ် မဟုတ်လား။"

"ဒါပေမယ့် အစ်ကိုဗီရ်၊ ဦးဥရ်မလ်ကလည်း အရပ်တိုင်းမှာ အသိဉာဏ်အမြော်အမြင် ရှိအောင် လုပ်ပေးပါတယ်။"

ဗိရိဗလ- ''အသိဉာဏ်ရှိအောင်လုပ်ပေးတာ, မပေးတာ ဘယထား။ လူတွေကတော့ 'ဗိရိဗလ ကြိုးကိုင်တယ်။' လို့ ထင်ကြတာပဲ။ ပြီးတော့ ငါ့ဦးနှောက်နှင့်ပတ်သက်လို့ ဂျီလာလ်က ထောက်ခံချက် ပေးဦးမှာပဲ။''

အကဗရ်- ''ဟုတ်တာပေါ့။ ဒီလို ချီးကျူးတာဟာလည်း ဇလာလ် ဥဒ်-ဒီန် အကဗရ်ကေရာခ် ရုပ်ဖျက်ပြီး ရွာတကာလှည့်တာနှင့် ပတ်သက်တဲ့ နာမည်ကျော် ပုံတွေကြောင့် မဟုတ်ဘူး။''

ဗိရိဗလ- ''ဒီအချက်ကို အစ်ကိုဂျလအာ ပြန်ဖော်ပေးလိုက်တာ အင်မတန်ကောင်းတယ်။ ဒီပုံတွေနှင့်ပတ်သက်လို့ အစ်ကိုနှင့်အတူ ငါလည်း ထိခိုက်နေတယ်။ 'ဗိရိဗလ'နှင့် 'အကဗရ်' နာမည်တပ်ပြီး ထွက်လာတဲ့ ပုံတွေကိုပြောကြတာ ထုံးစံလို ဖြစ်နေပြီ။ ငါဟာ အဲဒီပုံတွေကို အများကြီး စုထားတာပေါ့။ ပုံတစ်ခုကို ရွှေဒင်္ဂါး တစ်ပြားကျ ဆုပေးခဲ့တယ်။''

အကဗရ်- ''အို-သင့်ရွှေတွေကြောင့်ချည်းပဲ ပုံဝတ္ထုတွေ ဦးနှောက်က ထုတ်လိုက်ကြတာ မဟုတ်ဘူးလို့ ငါ ထင်တယ်။''

ဗိရိဗလ- ''ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် သိပ်မထူးပါဘူး။ ဒါတောင်မှ ကောက်ကရုပုံအမျိုးမျိုးကို သင်နှင့် ငါ ၂ ယောက်တွဲနာမည်နှင့် ရေးနေကြတာ ငါတို့ မြင်နိုင်ကြတာပဲ။ ဟော့-ဖဇလ် တော်ပါစေတော့။ ငါက သူဌေးချဒါမီမလ်လို နှမြောတွန့်တိုတဲ့လူတစ်ယောက် မဟုတ်ဘူး။''

အဗုလ် ဖဇလ်- ''မဟုတ်ပါဘူး ဗိရိ။ အကြောင်းမရှိ အကြောင်းရှာပြီး စိတ်မဆိုးပါနှင့်။ သင့်ပုံတွေနှင့် ပတ်သက်လို့ ငါ အင်မတန်ကြောက်ပါတယ်။''

ဗိရိဗလ- ''ဟုတ်တယ်။ ငါက 'အာဏ္ဍနေ အကဗရီ' လို စာအုပ်မျိုး ရေးမထားခဲ့ပါဘူး။''

အဗုလ်ဖဇလ်- ''အံမာ ဦးဥာ။ 'အာဏ္ဍနေအကဗရီ'ကိုသတ်တဲ့ လူတွေအများကြီး တွေ့ရမယ်။ ကဲ-သင် ရိုးရိုးသားသားထင်မြင်ချက်ကို ပြောစမ်းပါ။ ဗိရိဗလရဲ့ပုံတွေကို ထပ်ပြောနေမယ့် လူတွေ ဘယ်လောက်များဦးမလဲလို့။''

ဦဥရိမလ်- ''ဒါတော့ ဗိရိလည်း သိပါတယ်။''

အဗုလ်ဖဇလ်- ''ဗိရိ။ ရွှေဒင်္ဂါးပေးပြီး စုထားရတဲ့ ပုံဝတ္ထုတစ်ခုလောက် ပြောစမ်းပါဦး။''

ဗိရိဗလ- ''ဒါပေမယ့် ငါ ပုံဝတ္ထုတစ်ခုပြောရင် အဲဒီပုံဝတ္ထုကို 'ငါ့ခေါင်းထဲက ထွက်တာ။ ရွှေပေးလို့ရတာ မဟုတ်ဘူး။' လို့ သင်တို့ ထင်ကြမှာပဲ။''

''မစိုးရိမ်ပါနှင့်။ 'ဒင်္ဂါးအကောင်း, ဒင်္ဂါးအဆ' ဆိုတာ မပြောဘဲ ငါတို့ ခွဲခြားသိနိုင်တယ်။''

''ငါ့ပုံဝတ္ထုတွေအပေါ် တံဆိပ်ခတ်ပေးတာ လိုနေတာ။ သင် ကြိုက်မယ်ဆိုရင် သိပ်ကောင်းတာပဲ။ ပုံတော့ ပြောရမှာပဲ။ ဒါပေမယ့် အကျဉ်းချုပ် လိုရင်းလောက်ပဲ ပြောမယ်။

* * *

တစ်ရံရောအခါ အကဗရ်ဘုရင်ဟာ ဟိန္နူထဲဝင်ဖို့ သိပ် စိတ်ပါနေတယ်။ သူက ဗိရိဗလကို ပြောတယ်။ ဗိရိဗလဟာ အများကြီး အခက်အခဲတွေ့နေတယ်။ ဘုရင့်ကိုလည်း 'မကူညီနိုင်ဘူး။' လို့ မပြောသာဘူး။ ပြီးတော့ ဗိရိဗလကလည်း သူကို ဟိန္နူဖြစ်သွားအောင် ဘယ်လိုလုပ် တတ်နိုင်မှာလဲ။ ဒီလိုနှင့် ရက်တွေကုန်လွန်ခဲ့တယ်။

တစ်နေ့သဘ္ဘ ညနေချမ်းအချိန်မှာ ဘုရင့်နန်းတော် လေသာတံခါးနားမှာ 'ရိချို့ ရိချို့' ဆိုတဲ့ အသံကို ကျယ်ကျယ်လောင်လောင်ကြီး ကြားရတယ်။ ဘုရင်ဟာ ဒီနေရာ, ဒီအချိန်မှာ ဘယ်တော့မှ ခဝါဖွပ်သံကို မကြားဖူးဘူး။ ဘုရင်ဟာ သိပ် သိချင်စိတ် ပြင်းထန်လာတယ်။ ဒါနဲ့ဘဲ ဘုရင်ကြီးဟာ အလုပ်သမား တစ်ယောက်ရဲ့အဝတ်ကို ဝတ်ပြီး ယမုန်နာမြစ်ကမ်းကို ဆင်းသွားတယ်။ ဘုရင်ဟာ ရုပ်ကို ဘယ်လိုပဲဖျက်ဖျက် ဗီရံဗလ မျက်စိမှောက်သွားအောင်တော့ မတတ်နိုင်ဘူး။

မြစ်ဆိပ်ကိုရောက်တဲ့အခါ အဝတ်ဖွပ်တဲ့ပျဉ်ပြားပေါ်မှာ အဝတ်ဖွပ်နေတာ မတွေ့ရဘူး။ ဝဝလွှလွှ မြည်းတစ်ကောင်ကို အားရှိပါးရှိ သဲဆပ်ပြာ, ကင်ပွန်းရည်နှင့် တိုက်ပွတ်ဆေးကြောနေတာကို တွေ့ရတယ်။ ဘုရင်ဟာ မပြုံးမိအောင် ကြန္ဒြေဆောင်ပြီးတော့ အသံဖျက် မေးတယ်။

''ဘာလုပ်နေတာလဲ ကျောက်ခရီ။''

''ကိုယ့်အလုပ် ကိုယ်လုပ်တာပေါ့။ မင်းက ဘယ်လိုထင်လို့လဲ။''

''အချိန်မတော် အအေးကြီးထဲမှာ တောင့်နေပြီကျောက်ခရီ။''

''သေတန် သေရမယ်။ မနက်ဖြန် ဒီမြည်းကို မြင်းဖြစ်အောင်လုပ်ပြီး ဘုရင်မင်းမြတ်ကြီးကို ဆက်သရမှာကွ။''

''မြည်းကို မြင်းလုပ်ပြီးတော့။''

''ဘာတတ်နိုင်မှာလဲ။ ဘုရင်မင်းမြတ်ကြီးက ဒီအတိုင်း အမိန့်ချမှတ်ထားတယ်။''

ဘုရင်မင်းမြတ်ကြီးက ပြုံးရယ်ပြီး သူ့နဂို အသံအတိုင်း ပြောတယ်။

''လာခဲ့ ဗီရံဗလ။ ငါ နားလည်ပြီ။ မုဆလမာန်ကို ဟိန္နူဖြစ်အောင်လုပ်တာနှင့် မြည်းကို မြင်းဖြစ်အောင် လုပ်တာ အတူတူပဲ။''

''အစ်ကိုဖဇလ်။ ဒီပုံကိုကြားရတော့ မြွေကိုက်ခံရသလို နာကြည်းမိတယ်။''

အကဗရ်- ''ဒီပုံကို ငါတို့ဘဝ နေစွယ်ကျိုးတဲ့ခုအချိန်မှ ကြားရပေတယ်။ ငါတို့တစ်သက်လုံး ကြိုးပမ်းမှုရဲ့အကျိုးတရားများ ဖြစ်နေရော့သလား။''

အဗုလ်ဖဇလ်- ''ဂျလာလ်တို့က တို့တစ်သက်တာ တာဝန်ခံနိုင်တယ်။ တို့ ကြိုးပမ်းထားတာတွေ အောင်မြင်မယ်, မအောင်မြင်ဘူး'ဆိုတာ ဥယျာဉ်ထဲမှာ နွေဦးရာသီပွဲတော်ကို ပျော်နေကြတဲ့ အဲဒီလူတွေရဲ့လက်ထဲမှာ ရှိတယ်။''

ဦဍုရ်မလ်- ''ဒါပေမယ့် တို့ကတော့ မုဆလမာန်ကို ဟိန္နူဖြစ်အောင် မကြိုးစားဘူး။''

အဗုလ်ဖဇလ်- ''ငါတို့ကတော့ မုဆလာမာန်, ဟိန္နူ တပေါင်းတည်းဖြစ်သွားတာကို ကြည့်ချင်တာပဲ။''

ဗီရံဗလ- ''ဒါပေမယ့် မုလ္လာတွေနှင့် ပဏ္ဍိတ်တွေကတော့ တို့စဉ်းစားသလို မစဉ်းစားကြဘူး။ တို့ကတော့ ဟိန္နူစတာန် တောင့်တင်းတာကို မြင်ရဖို့ပဲ ကြိုးစားတယ်။ ဟိန္နူစတာန်၏ ဦးနှောက်ဟာ လူပ်ရှားမှု ရှိတယ်။ ဟိန္နူစတာန်ရဲ့ လူငယ်တွဟာ ရဲရင့်တယ်။ ဒါပေမယ့် ဟိန္နူစတာန်ရဲ့ အပြစ်ကတော့ အားနည်းမှု, အစိတ်စိတ်အမြွာမြွာ ကွဲပြားမှုတွေပဲ။ ဟိန္နူ စတာန်ရဲ့ ဓားလွယ်တွေ တပေါင်းတစည်းတည်း ဖြစ်သွားရင် ဘယ်လောက်များ ကောင်းမလဲလို့။''

''အို-ချစ်စွာသော ရဲဘော်များ။ ယခုအချိန်အထိ ငါ၏ တစ်ခုတည်းသော လိုလားချက်ကား စည်းလုံးမှုသာ ဖြစ်သည်။ စည်းလုံးမှုအတွက်ပင် ငါတို့ ဤရွှေဤမြို့ အချိန်ကြာအောင် တိုက်ပွဲဝင်ခဲ့ကြသည်။ ငါတို့အလုပ် စတင်လုပ်ဆောင်ချိန်တွင် ထက်ဝန်းကျင် အမှောင်လွှမ်းနေသည်။ သို့သော် ယခုအခါကား ဤကဲ့သို့ 'အမှောင်လွှမ်းနေသည်။'ဟု မဆိုနိုင်တော့ပေ။ လူတစ်သက်တွင် ဆောင်ရွက်နိုင်သမျှ ငါတို့

ဆင်ပေါ်က နေပြီး သေနတ်နှင့်
ခြင်္သေ့ကို ပစ်တာဟာ
လူစွမ်းကောင်းတစ်ယောက်အလုပ် မဟုတ်ပါဘူး။
ဒါကို ငါ ဝန်ခံပါတယ်။ လူမှာ ခြင်္သေ့လို
လက်သည်းချွန်နှင့် ပါးစောင်များ မရှိကြဘူး။
ဒါကြောင့် ဒိုင်းနှင့် ဓားလွယ်ကို စွဲကိုင်ပြီး
ခြင်္သေ့နှင့် ရင်ဆိုင်ရမှာပဲ။
ဒါပေမယ့် ဒီထက်ပိုပြီး လက်နက်အသုံးပြုတာကတော့
ရဲစွမ်းသတ္တိကြောင်ရာ ကျတယ်။

ဆောင်ရွက်ခဲ့ပြီ။ သို့သော် မြည်းကို မြင်းလုပ်သောကိစ္စကြီးကား ငါ့အသည်းနှလုံးတွင် ကျောက်ခဲတင်ထားသကဲ့သို့ လေးလံနေပါသည်။''

ဗီရ်ဗလက ကြွေးကြော်လေသည်။

အဗုလ်ဖဇလ်-

''အစ်ကို ဇလာလ်။ တို့ စိတ်ပျက်စရာ မရှိပါဘူး။ ခါခါနာရဲ့လက်ထက်နှင့် နှိုင်းစာကြည့်ပေါ့။ အဲဒီတုန်းကဆိုရင် 'ဂျိုဇေဖိုင်'ဟာ အရှင်နှင့် ထိမ်းမြားလက်ထပ်ပြီး နန်းတွင်းဆောင်မှာ ဗီသျဏုရဲ့ရုပ်တုတော်ကို ကိုးကွယ်ပူဇော်နိုင်ပါ့မလား။''

အကဗရ်-

''ဟုတ်တယ်။ ဒါ ထူးခြားချက်ပေါ့ ဖဇလ်။ ဒါပေမယ့် ငါတို့ရည်ရွယ်ချက်တော့ ရောက်ဖို့ အဝေးကြီး လိုသေးတာပေါ့။ ငါ တစ်ခါတုန်းက ဥရောပ သာသနာပြုဘုန်းကြီးတွေဆီက ကြားဖူးတယ်။ သူတို့နိုင်ငံများမှာ 'ဘုရင်ဇကရာဇ်ပေမယ့် မိဖုရားတစ်ဦးထက် ပိုပြီး မထိမ်းမြားနိုင်ဘူး။'-တဲ့။ ဒီစနစ်ကို သိပ်သဘောကျတဲ့အကြောင်း ငါ ပြောဖူးတဲ့စကား သင် မှတ်မိမှာပေါ့ ဦးဥရ်။ ဒီစနစ်ကို ငါ တစ်ယောက်ပဲ လိုက်လုပ်ကောင်း လုပ်နိုင်မယ်။ ဒါပေမယ့် ဘုရင်ဇကရာဇ်ဟာ မကောင်းတာတွေ လွတ်လွတ်လပ်လပ် လုပ်နိုင်သလောက် အကောင်းဘက်ကျတော့ ဒီလောက် မလုပ်နိုင်ဘူး။ ဒါ ဘယ်လောက်များ ရယ်စရာကောင်းသလဲလို့။ ဖြစ်နိုင်မယ်ဆိုရင် ငါ့နန်းဆောင်ထဲမှာ 'ဆလိမ်'ရဲ့အမေအပြင် တခြား ဘယ်မိဖုရားမှ မထားပါဘူး။ ကနေ့ ဆလိမ်အတွက်လည်း ဤဒီနည်းမျိုး အလုပ်လုပ်ခွင့်ရရင် ကောင်းမှာပဲ။''

ဗီရ်ဗလ-

''အချစ်စစ်ဟာ တစ်ယောက်တည်းအပေါ်မှာသာ ဖြစ်နိုင်တယ်။ ပျော်မြူးတဲ့ ဟသ်ာမောင်နှံကို မြင်ရတော့ 'သြော်- သူတို့ဘဝဟာ သိပ်လှတာပဲ။'လို့ ငါ့စိတ်ထဲမှာ အောက်မေ့မိတယ်။ သူတို့မောင်နှံ စုံတွဲဟာ ဆိုးတူကောင်းဖက် ဖြစ်ကြတယ်။''

အကဗရ်-

''တစ်ခါက မျက်ရည်ကျဖူးတယ် ဗီရ်။ ဂုဂျာတ်နယ်ကို ခြင်္သေ့လိုက် သွားတုန်းကပေါ့။ ဆင်ပေါ်က နေပြီး သေနတ်နှင့် ခြင်္သေ့ကို ပစ်တာဟာ လူစွမ်းကောင်းတစ်ယောက်အလုပ် မဟုတ်ပါဘူး။ ဒါကို ငါ ဝန်ခံပါတယ်။ လူမှာ ခြင်္သေ့လို လက်သည်းချွန်နှင့် ပါးစောင်များ မရှိကြဘူး။ ဒါကြောင့် ဒိုင်းနှင့်

ဓားလွယ်ကို စွဲကိုင်ပြီး ခြင်္သေ့နှင့် ရင်ဆိုင်ရမှာပဲ။ ဒါပေမယ့် ဒီထက်ပိုပြီး လက်နက်အသုံးပြုတာကတော့ ရဲစွမ်းသတ္တိကြောင်ရာ ကျတယ်။ ငါဟာ ခြင်္သေ့ကို သေနတ် (မီးပေါက်)နှင့် ပစ်တယ်။ ကျည်ဆန်ဟာ ခြင်္သေ့ခေါင်းကို သွားမှန်တယ်။ ခြင်္သေ့ဟာ ခုန်ပြန်ပြီးတော့ အဲဒီနေရာမှာပဲ ပြန်ကျသွားတယ်။ အဲဒီအချိန်မှာ ချုပုတ်ထဲက အပြေးထွက်လာတဲ့ ခြင်္သေ့မဟာ တစ်ချက် ငဲ့ဘက် အခဲမကြေတဲ့အကြည့်နှင့် ကြည့်လိုက်တာကို ငါမြင်ရတယ်။ ပြီးတော့ ငဲ့ကိုကျောပေးပြီး ခြင်္သေ့ထီးရဲ့ပါးကို လျှာနှင့် လျက်ပေးနေတယ်။ ငါ ချက်ချင်း အမဲလိုက်သမားတွေကို 'ဟစ်နှင့်တော့'လို့ အမိန့်ပေးပြီး၊ အဲဒီနေရာက ဆင်ကို ပြန်လှည့်လာခဲ့တယ်။ အဲဒီအချိန်မှာ ''ခြင်္သေ့မကများ ငဲ့ကို ရန်မူမယ်ဆိုရင် ငါ ခုခံနိုင်မှာ မဟုတ်တော့ဘူး။'လို့ တွေးပြီး စိမ့်သွားတယ်။ ဒီနောက် ရက်ပေါင်းအတော်ကြာ စိတ်မကောင်း ဖြစ်နေမိတယ်။ အဲဒီတုန်းက အတွေးပေါ်လာတာက 'တကယ်လို့ ခြင်္သေ့ထီးမှာ ခြင်္သေ့မ ၁၅၀၀ လောက်များ ရှိမယ်ဆိုရင် ဒီလိုအခါမျိုးမှာ ခြင်္သေ့ထီးရဲ့ပါးကို လျက်ပေးကြမယ် မဟုတ်ဘူး။'-လို့''

အဗုလ်ဖဇလ်-

''ငါတို့နိုင်ငံ သွားရမယ့်လမ်းမကြီးကလည်း အရေးကြီး။ သွားနေပုံကလည်း နှေးကွေး။ ပြီးတော့ ငါတို့မှာ ရှေ့ဆက်လက်သွားဖို့ ခြေထောက် မရှိတော့ဘူး။'ဆိုရင် ငါတို့တာဝန်ကို ထမ်းဆောင်မယ့်သူ တစ်ယောက် ပေါ်ပေါက်လာလိမ့်မယ် ဆိုတာကိုမှ သဘောမပေါက်ကြဘူး။''

အကဗရ်-

''ဓားလွယ်ချင်း ယှဉ်ခုတ်နေကြတဲ့ ဟိန္နူနှင့် မုဆလမာန်-လူမျိုး ၂ မျိုး သွေးစပ်သွား စေချင်တယ်။ အဲဒီရည်ရွယ်ချက်နှင့်ပဲ ငါဟာ ပါယာဂတြိဝေဏီဆိပ်ကမ်းမှာ ခံတပ်ကြီး ဆောက်ထား ခဲ့တယ်။ ဂင်္ဂါနှင့် ယမုန်နာမြစ်ကြောင်း ၂ ခုအဆုံးက ငဲ့စိတ်ထဲမှာ တစ်ကမ္ဘာလုံး ပေါင်းဆုံမှုသဘော တရားကြီးပေါ်လာအောင် ပေါက်ဖွားပေးခဲ့တယ်။ ဒါပေမယ့် ဒီကိစ္စမှာ အောင်မြင်မှု သိပ်မရသေးတာကို ငါတွေ့နေရတယ်။ အမှန်ကတော့ လူအဆက်ဆက်လုပ်ဆောင်မှ ရနိုင်မယ့်ကိစ္စကြီးကို တစ်ဆက်တည်းနှင့် လုပ်ဆောင်လို့ မရဘူးပေါ့။ ဒါပေမယ့် ငါရတဲ့ ရဲဖော်မျိုးကိုရတဲ့ ကံကြမ္မာမျိုးဟာ လူဦးရေ များများမှာ 'မရှိနိုင်ဘူး'ဆိုတာကို တွေးပြီး အမြဲတမ်း ငဲ့စိတ်ထဲမှာ တက်ကြွဂုဏ်ယူနေမိတော့မှာပဲ။ ငါ မြင်ချင်တာကတော့ အိမ်တိုင်းမှာ အကဗရ်နှင့် ဂျီဓာဗိုင်လို ဇနီးမောင်နံတွေပါပဲ။ ဒါပေမယ့် ဒီကိစ္စနှင့် ပတ်သက်လို့ ငါတောင်မှ မတတ်နိုင်တာ ဘယ်သူက တတ်နိုင်မှာလဲ။''

ဋ္ဌိုဒ္ဒရိမလ-

''ဒီကိစ္စမှာ ဟိန္နူတွေက ပိုပြီးစွမ်းနိုင်ကြောင်း ထင်ရှားနေတယ်။''

ဗိရ်ဗလ်-

''အခု သူတို့က မြည်းကို ချုတ်ပြီး မြင်းလုပ်တဲ့ပုံဝတ္ထုတွေ စီရင်နေကြတယ်။ ဒါပေမယ့် ဟိန္နူနှင့် မုဆလမာန်တောင် ဒီလောက်ကွဲပြားနေရင် မြည်းက မြင်း ဘယ်လိုလုပ် ဖြစ်သွားမှာလဲ။ ထောင်ပေါင်းများစွာဟိန္နူတွေ မုဆလမာန်ဖြစ်ကုန်တာ ငါတို့ မမြင်ရဘူးလား။''

အကဗရ်-

''ဟိန္နူလူငယ်တွေနှင့် မုဆလိမ်မကလေးတွေနှင့် နာမည်မပြောင်း၊ ဘာသာမပြောင်းဘဲ ထိမ်းမြားတာ မြင်ချင်လွန်းလို့ ငဲ့မျက်စိများဖြင့် ကျွတ်ထွက်မတတ် ပြူးနေတယ်။''

အဗုလ်ဖဇလ်-

"ဒါထဲက်ဝမ်းမြောက်စရာ သတင်းကောင်းတစ်ခု ပြောပါရစေ အစ်ကိုဂျလာလ်။ ငါ့သမီး ဆုရေယာဟာ ငါတို့မတတ်နိုင်တဲ့ ကိစ္စတစ်ခုကို ဆောင်ရွက်လိုက်တယ်။"

အားလုံးပင် စိတ်အားထက်သန်စွာ အဗုလ်ဖဇလ်ဘက်သို့ လှည့်ကြည့်ကြလေသည်။

"သင်တို့အားလုံး ရှေ့ဆက် နားထောင်ဖို့ စိတ်အားထက်သန်နေကြတယ်ပေါ့။ ဧဇာကလေး အပြင် ထွက်ပါရစေဦး။" - ဟု ပြောဆိုကာ အဗုလ်ဖဇလ်သည် အပြင်ဘက်သို့ထွက်သွား၍၊ မျှင်းတားတွင် မှီ၍ ရပ်သည်။ ထို့နောက် ပြန်လာ၍ ပြောလေသည်။

"ကြည့်တာက နားထောင်တာထက် ပိုကောင်းပါတယ်။ ငါနှင့်အတူ လိုက်ခဲ့ကြပေတော့။"

အားလုံးပင် အဆိုပါမျှင်းတားအနီးသို့ ရောက်ကြလေ၏။ အဗုလ်ဖဇလ်သည် စိမ်းစိုနေသော အသောက ပင်အောက် ကျောက်သားထိုင်ခုံပေါ်တွင်ထိုင်ကာ လူငယ် ၂ ဦး၏အသွင်ဘက်သို့ လက်ညှိုးထိုးကာ ပြောလေသည်။

"ကြည့်စမ်း။ ဟိုမှာ ငါ့သမီး ဆုရေယာ။"

ဒိုဂျရ်မလ်က အော်၍ ပြောလိုက်သည်။

"ဟာ- ငါ့သား ကမလပါလား။ အို-အစ်ကိုဖဇလ်၊ ကမ္ဘာကြီးဟာ ငါတို့အတွက် အမှောင်တိုက်ကြီး မဟုတ်တော့ပါဘူး။"

ထို့နောက် ဒိုဂျရ်မလ်သည် အဗုလ်ဖဇလ်ကို လက် ၂ ဖက်နှင့်ပွေ့၍ လည်ချင်းယှက်လိုက်လေ သည်။ ၂ ယောက်သား ဖက်ထား၍ ခွဲခွာလိုက်ကြသောအခါ သူတို့ မျက်လုံး ၄ လုံးတွင် မျက်ရည်များ စွတ်စိုစီး၍ နေလေသည်။

အကဗရ်က တိတ်ဆိတ်ခြင်းကို ထွင်းဖောက်၍ ပြောလိုက်သည်။

"ငါဟာ လူငယ်များနှင့်ဆိုင်တဲ့ နွေဦးရာသီပွဲတော်ကို နှစ်ပေါင်းများစွာက စတင်ကျင်းပပေးခဲ့ တယ်။ ဒါပေမယ့် အချိန်ကာလ ကြာညောင်းပြီးတဲ့ နောက်တစ်နေ့မှာပဲ တကယ့်နွေဦးရာသီ ဖြစ်ပေတော့ တယ်။ သူတို့ ၂ ယောက်ကိုခေါ်ပြီးတော့ နှုတ်ဆက်ပွဲကို နှုံးစုပ်ပေးချင်တဲ့စိတ်တောင် ပေါ်လာမိတယ်။ သူတို့ ခုလို ဂင်္ဂါ,ယမုန်နာ ဆုံစည်းနေပုံကို အူထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲ ငါတို့ ကျေနပ်နေတာများကို သိလိုက်ကြရင် ဘယ်လောက်များ ကောင်းမလဲလို့။"

အဗုလ်ဖဇလ်-

"သူ့အမိအဖ ၂ ပါး သူတို့ချစ်ခြင်းကို ဘယ်လောက် ကျေနပ်ကြတယ်ဆိုတာ ဆုရေယာက သိရှာမှာ မဟုတ်ဘူး။"

ဒိုဂျရ်မလ်-

"ကမလကလည်း သိရှာမှာ မဟုတ်ဘူး။ ဆုရေယာရဲ့အမိက သင်နှင့် တစ်သဘောတည်း ဖြစ်တဲ့အတွက် သင်တော့ သိပ်ကံကောင်းတာပဲ ဖဇလ်။ ကမလအမိနှင့် ဆုရေယာရဲ့အမိ- သူတို့ ၂ယောက် ဟာ ရင်းနှီးတဲ့မိတ်ဆွေတွေပဲ။ ဒါပေမယ့် ကမလရဲ့အမိက ရှေးဟောင်းအယူအစွဲ နည်းနည်း ရှိသေးတယ်။ စိုးရိမ်စရာ မရှိပါဘူး။ ကမလနှင့် ဆုရေယာကို ငါက ကောင်းချီးသြဘာ ပေးရမှာပဲ။"

အကဗရ်-

"ပထမဆုံး ကောင်းချီးပေးခွင့်ကို ငါ ရသင့်တာပဲ။"

ဗီရ်ဗလ-

"သင့်ဘေးက ငါရှိတယ်ပေါ့ ဂျလာလ်။"

အကဗရ်-

''အို-စိတ်ချ။ သင့်ထက်တော်တဲ့ ဓိဗိ[၁]မျိုး ဘယ်ရှာလို့ ရမလဲ။''

ဗိရ်ဗုလ-

''သင့်လို မြင်းဖြစ်သွားနိုင်တဲ့ မြည်းမျိုးလည်း ဘယ်ရှာလို့ ရမလဲ။''

အကဗရ်-

''ကနေ့ တို့အဖွဲ့ဟာ ဘယ်လောက် ပျော်စရာကောင်းသလဲလို့။ တစ်လ တစ်လအတောအတွင်း ဒီလိုပျော်ရတဲ့နေ့ တစ်နေ့ တစ်နေ့ ဘယ်ရနိုင်မှာလဲ။''

၃

ခေါင်မိုးပေါ်တွင် တံခါးလေးတပ်ထားသော သပ်ရပ်သားနားသည့် အခန်းတစ်ခု ရှိသည်။ ၄င်းအိမ်မှ အနီ, အစိမ်း, အဖြူ ပဒေသာမီးခုံများ ဆွဲချိတ်ထားသည်။ တံခါးများကို တင်းထိမ် ၂ ထပ် ရံထားသည်။ တင်းထိမ် ၂ ထပ်အနက် အတွင်းတင်းထိမ်ကား နှင်းဆီရောင်ပန်းပြောက်ပိုးထည် ဖြစ်သည်။ ကြမ်းပြင်ပေါ်တွင် လှပသော ပါရှားဖြစ်ကော်ဇောကြီးများ ခင်းထားသည်။ အာခန်း၏အလယ်ကောင်တွင် ဖြူဖွေးသော ဖုံကြီး တစ်ခုပေါ်၌ မှိအုံးကြီးများကို တင်ထားသည်။

ဖုံပေါ်တွင် မိန်းမပျိုများ ထိုင်၍ စစ်တုရင် (ဆတရဉ်) ကစားနေကြသည်။ ၄င်းတို့အနက် တစ်ယောက်မှာ ကျွန်ုပ်တို့သိပြီးဖြစ်သော ဆုရေယာပင် ဖြစ်သည်။ ယာဃရာနီ ကိုယ်ကျပ်အင်္ကျီအစိမ်းနှင့် အဝါရောင် ခြုံထည်ကို ခြုံထားသော အခြားမိန်းမပျိုတစ်ယောက်ကား ဗိရ်ဗုလ၏သမီး ၁၃ နှစ်ရွယ် 'ဖူလ်မတီ' ဖြစ်သည်။

သူတို့ ၂ ဦး စစ်တုရင်ကွက်တွင် 'အဘယ်မျှ စိတ်ဝင်စားနေသနည်း။' ဆိုသော် ဖုံဘက်သို့ လှမ်းလာသောခြေသံကိုပင် သတိမထားမိကြချေ။

'ဆုရေယာ' ဟူသော အသံကြားရာဘက်သို့ သူတို့ ၂ဦး မော်ကြည့်လိုက်ပြီးနောက် ရပ်လိုက်ကြလေသည်။

ဆုရေယာက 'အဒေါ်'ဟု ခေါ်လိုက်လေသည်။ ထို့နောက် ကမလ၏ အမိသည် ပွေ့ဖက်၍ နမ်းစုပ်လိုက်လေသည်။ ထိုအချိန်တွင် ဆုရေယာ၏အမိက ပြောလိုက်သည်။

''သမီး- သွား။ ဟဲ့- ကမလ။ နင့်ဖို့ ငါးတွေ ယူလာတယ်။ 'ရေကန်ထဲမှာ လွှတ်ထားဖို့'တဲ့။ နင် ပြန်မလာခင် ငါ မုန့်နှင့် စစ်တုရင် ကစားနေမယ်။''

''မုန့်က သိပ်လည်တာအမေ။ ကျွန်မတောင် ၂ ပွဲ အနိုင်ယူပြီးပြီ။ သူ့ကို ကလေးလေး ထင်မနေနှင့်။''

ဆုရေယာသည် အပေါ်ခြုံထည်ကိုပြင်၍၊ အခန်းပြင်ဘက်သို့ ခပ်သုတ်သုတ် ထွက်သွားလေသည်။

အိမ်ကြီးနောက်ဖေး ဥယျာဉ်တွင်းရှိ ရေကန်အနီးတွင် ကမလ ရပ်နေသည်။ သူ့ဘေးတွင် မြေအိုးအသစ် တစ်လုံး ချထားသည်။

ဆုရေယာသည် အနားသို့ သွား၍ ကမလ၏လက်ကို ဆုပ်ကိုင်လျက် ပြောသည်။

''ငါး နီနီဝါဝါကလေးတွေ ငါ့ဖို့ နင်ယူလာတယ်နော် အစ်ကိုကမလ။''

''အေး-ပြီးတော့ ရွှေရောင်ငါးကလေးတွေလည်း ပါသေးတယ်။''

''ကြည့်ရအောင်နော်။'' ဆိုကာ ဆုရေယာသည် အိုးထဲသို့ စိုက်၍ကြည့်လေသည်။

၁။ ဓိဗိ = အဝတ်လျှော်သမား။

"ငါ ဒီငါးကလေးတွေ ရေကန်ထဲ လွှတ်လိုက်မယ်။ ငါးကလေးတွေ သိပ်လှတာပဲဟာ။ စိမ်းလဲ့နေတဲ့ရေကန်ထဲက လက်နေတဲ့ရေပြင်မှာ ငါးကလေးတွေကို ကြည့်လိုက်စမ်း ဆုရေယာ။"

ဆုရေယာသည် နှုတ်ခမ်းနှင့် မျက်လုံးတွင် ပြုံးပန်းကလေး ပွင့်အောင်လုပ်ကာ ရေကန်နားတွင် ရပ်နေသည်။

ကမလသည် အိုးထဲတွင်ရှိသော ငါးများကို ရေကန်ထဲသို့ သွန်ချလိုက်လေသည်။ စိမ့်လဲ့ကြည်လင်နေသော ရေကန်တွင် ငါးကလေးများသည် အနီရောင်, နှင်းဆီရောင်, ရွှေရောင် တောက်၍ တကယ်ကို လှပတင့်တယ်ပေသည်။ ကမလက လေးနက်သော အသံနှင့် ပြောလေသည်။

"အခု ငယ်သေးတယ် ဆုရေယာ။ ဒါပေမယ့် ကြီးလာလည်း ဒီ လက်မ ထက်တော့ ပိုမကြီးဘူး။"

"ခုလည်း လှပါတယ်ကမလ။"

"ဒီကောင်လေး ကြည့်စမ်း ဆုရေယာ။ အဲဒါ ဘာရောင် ခေါ်မလဲ။"

"နှင်းဆီရောင်ပေါ့။"

"နှင့်ပါးကလေးလိုပဲ ဆုရေယာ။"

"အစ်ကို ကမလ။ နင် ငယ်ငယ်တုန်းကလည်း ဒီလိုပဲ ပြောပြောနေတာပဲ။"

"သြော်-ဆုရေယာနဲ့ယ်။ ငယ်ငယ်တုန်းကလည်း ဒီအတိုင်းပဲဟာကို။"

"အစ်ကိုဟာ ငယ်ငယ်ကလေးတည်းက ဒီလိုပဲ ပြေပြေပြစ်ပြစ်ရှိတယ်နော်။ အင်ကိုကမလ။"

"နို့- အခုတော့ကော။"

"အို-အခုတော့ ပိုပြေပြစ်တာပေါ့။"

"ဘာဖြစ်လို့ ခု ပိုပြေပြစ်လာတာလဲ။"

"ဘာဖြစ်လို့ ဆိုတာ ငါ မသိဘူး။ နင့်အသံတွေ ပြောင်းပြီး နှုတ်ခမ်းမွေးရေးရေးကလေး စီတန်းပေါက်လာတဲ့ အချိန်ကစပြီး 'ငါ့အသည်းစွဲအောင် ချစ်လာမိတယ်။'လို့ ထင်တာပဲ။"

"အဲဒီအချိန်ကစပြီး ကမလ ငါ့ကို ခပ်ဆွာဆွာလုပ်ခဲ့တယ်ပေါ့။"

"ခပ်ဆွာဆွာ"

"ဟုတ်တယ်။ ရှေးတုန်းကဆိုရင် နင် ငါ့ပခုံးပေါ်ခုန်တက်ပြီး တွဲလောင်းခိုတယ်။ ပြီးတော့ လက်ကို အတင်းဆွဲတယ်။"

"မကျေနပ်တာတွေ စာရင်းလုပ်ပြီး တင်ပြမနေပါနဲ့ကမလ။ ပြောပါဦး။ အသစ်အဆန်းသတင်းကလေးများရှိရင်"

"အသစ်အဆန်းရယ်လို့ မရှိတော့ပါဘူး ဆုရေယာ။ 'တို့ ၂ ယောက် ချစ်နေကြောင်း' ဘွားဘွားကြီးပေါ်နေမှပဲ။"

"ဘယ်မှာလဲ။"

"တို့ ၂ ဖက်မိဘတွေနှင့် ဘုရင်မင်းတရားကြီးဆီအထိ ပေါက်ကြားနေတယ်။"

"ဘုရင်မင်းတရားဆီအထိ ပေါက်ကြားနေတယ်။"

"ဆုရေယာ။ နင် မကြောက်ဘူးလား။"

"မကြောက်ပေါင်။ 'အချစ်'ဆိုတာ တစ်ခါတစ်ခါတော့ ပေါ်ရမယ့်ဟာပဲ။ ဒါထက် ခု ဘယ်လို ဖြစ်နေသလဲ။"

''ဒီလောက် ပွင့်ပွင့်လင်းလင်းကြီး ဖြစ်နေတာတော့ ငါလည်း မသိဘူး။ ဒါပေမယ့် ပထမဆုံး ကျေကျေနပ်နပ် သဘောတူလိုက်ကြတာကတော့ ဦးလေးနှင့် အဒေါ်၊ နောက် အဖရဲ့ဘုရင်မင်းမြတ်။ နောက်ဆုံး အမိ။''

''နှင့်အမိလား။''

''လူတွေက အမိကို လန့်နေကြတယ်။ 'အမိဟာ ရှေးအယူအဆရှိတဲ့ မိန်းမတစ်ဦးဖြစ်တယ်။'- ဆိုတာ နင်အသိသား မဟုတ်လား။''

''ဒါပေမယ့် အဒေါ် နမ်းစုပ်လိုက်တဲ့အရာတောင် ငါ့ပါးပေါ်မှာ ခုအထိ ပျောက်မယ်မဟုတ်သေးဘူး။''

''အေး-တို့က အထင်မှားနေတာပဲ။ အဖက သူ့ကို ပြောတယ်ဆိုရင် သူ သိပ်ဝမ်းသာသွားတယ်။''

''ဒါနှင့် တို့ချစ်ခြင်းကို ကျေကျေနပ်နပ် လက်ခံလိုက်ရောလား။''

''တို့နှင့် စပ်ဆိုင်ရာတွေကတော့ အားလုံး ကျေနပ်ကြပါတယ်။ ဒါပေမယ့် အပြင်လောကကတော့ ဒီကိစ္စကို လက်မခံကြဘူး။''

''အဲဒီအပြင်လောကကို နှင် အရေးစိုက်သလား ကမလ။''

''လုံးလုံးကို အရေးမစိုက်ပါဘူး ဆုရေဟာ။ ငါ ဂရုစိုက်တာကတော့ အနာဂတ်လောကပဲ။ အဲဒီ အနာဂတ်လောကအတွက် ငါ လမ်းပြနေတာပဲ။''

''ငါ့ယောင်းမတော်ကလည်း သိနေပြီ ကမလ။။ ငါ သေသေချာချာ သိပါတယ်။ ညတုန်းက သူ့အခန်း ရောက်သွားတယ်။ သူက ပြောင်သလိုပြက်သလိုနှင့် ပြောတယ်။ 'ယောင်းမ။ ငါ ယောင်းမ ဆာနေတာ ကြာလှပြီ။ ခုတော့ ငါ့အလိုဆန္ဒ ပြည့်တော့မှာပေါ့နော်။ ယောင်းမကြီး ဆုရေယာ။'- တဲ့။ သူက နှင့်နာမည်ကိုတော့ ထည့်မပြောဘူး။''

''နှင့်အစ်ကိုက သူ့ကိုပြောတာ ဖြစ်ရမယ်။ သူတို့ ၂ ယောက်စလုံးက တို့ချစ်ခြင်းကို ကျေနပ်တဲ့ အမိပ္ပာယ်ပေါ့နော်။''

''ဒါဖြင့် တို့အိမ်သားတွေအားလုံးက နှင့်ကို အခွင့်အရေး ဝိုင်းပေးကြတာပေါ့နော် ကမလ။''

''နင်က ငါ့အမိကို နှင့်ဘက်ပါအောင် ဆွဲနိုင်တာကိုး။''

''ကမလ။ နှင်တို့တွေက အဒေါ်ရဲ့ ဘာသာရေးအယူအဆတွေကိုသာ ထည့်စဉ်းစားနေကြတာကို။ အဒေါ် ငါ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ နှင်တို့ သိကြမယ်ဆိုရင် အဒေါ့်အပေါ်မှာ ဒီလို သံသယ ဖြစ်ချင်မှ ဖြစ်မယ်။''

''ဒါကြောင့်ပေါ့။ အဖက အမိကို အနိုင်ရအောင် နောက်ဆုံးဝိတ်လက်နက်အနေနှင့် နှင့်ကို အသုံးချဖို့ စီစဉ်ထားတာပေါ့။ ဒါပေမယ့် ဒီလက်နက်ကို မသုံးခင်ကတည်းက တိုက်ပွဲကို အနိုင်ရနေပါ ပြီ။ အခုတော့ ငါတို့ လက်ထပ်ထိမ်းမြားဖို့ပဲ ကျန်တော့တယ်။''

''ဘယ်မှာလဲ။''

''ပဏ္ဍိတ်တွေဆီမှာလည်း မဟုတ်ဘူး။ မုလ္လာ (မော်လဝီ) တွေဆီမှာလည်း မဟုတ်ဘူး။''

''ဟိန္နူစတန်မှာ။ တြိဝေဏီက ခံတပ်အသစ်ကိုဆောက်နေတဲ့ ငါတို့ရဲ့ တမန်တော်ဆီမှာ။''

''တမန်တော်ဟာ အင်း, အိုင်, မြစ်, ချောင်းတွေကို စင်ကြယ်တဲ့သမုဒ္ဒရာ ဖြစ်သွားအောင် ကြိုးစားနေတယ်။''

''ဒါထက် ဘယ်နေ့လဲ ကမလ။''

''သန်ဘက်ခါ။ တနင်္ဂနွေနေ့မှာပဲ။''

"သန်ဘက်ခါ။ သိပ်မြန်တာပဲ။"

ပြောရင်းဆိုရင်း ဆရေယာ၏ မျက်လုံးများတွင် နာဂစ်ယန်း၌ စို့နေသောနှင်းရည်အလား မျက်ရည်များ ပြည့်လျှံလာလေသည်။ ကမလတွင်လည်း အလားတူ မျက်ရည်ပြည့်လာက၊ ဆရေယာ၏မျက်ရည်များကို မျက်နှာချင်းအပ်ကာ သုတ်ပေးလေသည်။

တစ်နေရာတွင် ချောင်းနေသော မျက်လုံး ၄ လုံးတွင်လည်း သူတို့ကဲ့သို့ပင် ဝမ်းသာသောမျက်ရည်များ စီးဆင်းနေသည်ကို သူတို့ ၂ ယောက် မသိရှာကြပေ။

၄

ဝသန္တ နွေဦးရာသီ ညနေချမ်းအချိန်။

အေးမြ၍ နှင်းဆီရောင်တောက်နေသော မိုးကောင်းကင်အောက်တွင် မြုပ်နစ်သွားသော နေဝန်း၏ လျှောသက်နေသော နီရောင်များဖြင့် မီးခွဲသကဲ့သို့ဖြစ်နေသော ပင်လယ်ပြင်သည် ရှုချစ်စဖွယ် တင့်တယ်လှသော ရှုခင်းတစ်ခု ဖြစ်နေသည်။

ပင်လယ်ကမ်းခြေ သဲပြင်ပေါ်တွင်ထိုင်နေကြသော လူငယ် ၂ ဦး၏ နှလုံးသားများမှာ ရှုခင်းများကို ကြည်နူးနေကြလေသည်။ အနီရောင်၏ နောက်ဆုံးပိတ်အချိန်သို့ ရောက်သောအခါ တစ်ဦးက စကားစလိုက်သည်။

"သြော်-ပင်လယ်။ တို့ဘုရားပဲ။ ဘယ်လောက်များ လှလိုက်သလဲလို့။"

"ငါတို့ဟာ ပင်လယ်ရဲ့ သားစဉ်မြေးဆက်များ ဖြစ်ကြတယ်။ အခု ငါပြောတဲ့စကားကို နည်းနည်းပါးပါး သဲသယဖြစ်တာများ ရှိသေးသလားဟင် အချစ်။"

"မရှိပါဘူး။ ကြာလိုလှတဲ့ ကမလရယ်။ 'ပင်လယ်သမုဒ္ဒရာ'ဆိုတာ သူဝမ်းစိုက်ထဲမှာ အဲဒီနှတ်ပြည်မျိုးကို ပိုက်ငုံထားလိမ့်မယ်လို့ တစ်ခါတုန်းကတောင် တို့ စဉ်းစားခဲ့ဖူးသေးတာပဲ။"

"အပြည့်အဝနှတ်ပြည်တော့ မဟုတ်ဘူး။ ဒါပေမယ့် ဗေနိဆိ ဗင်းနစ်မြို့ကို လူသားတွေက နှတ်ဘုံဖြစ်အောင် ဖန်ဆင်းထား်ကြတယ်။ ဘာမှ သဲသယဖြစ်နေစရာမလိုဘူး အချစ်ရဲ့။"

"တို့အရပ်မှာ အအို, အပျို ဘယ်အမျိုးကောင်းသမီးမဆို ယောကျ်ားများလိုပဲ လွတ်လွတ်လပ်လပ် 'အခြုံအလွှမ်းမရှိဘဲ လာနိုင်ကြတယ်။' လို့ သီလရှင်တစ်ဦးက ပြောလေ့ရှိတယ်။ အဲဒီတုန်းက သီလရှင်ပြောတဲ့စကားကို ငါ မယုံခဲ့ဘူး။ ဒါထက် ဒီနှတ်ပြည်မှာ တို့နေလာတာ ကနေ့ဆို ၂ နှစ် ပြည့်သွားပြီနော်။ ဗင်းနစ်နှင့် ဒီလို့ကို ယှဉ်ကြည့်စမ်းပါဦး အချစ်ရယ်။"

"ဘုရင်က မအုပ်ချုပ်တဲ့ 'ဖလိုရင့်ဆ်' လို အင်အားကောင်းတဲ့နိုင်ငံတစ်ခု တည်ရှိနိုင်တယ်လို့ တစ်ယောက်ယောက်ကသာပြောရင် တို့ ယုံနိုင်ကြမှာမဟုတ်ဘူး ဆရေယာ။"

"ဗြီးတော့ ဗင်းနစ်လိုမြို့ကြီးတွေကို ဘုရင်မတစ်ဦးက အုပ်ချုပ်နိုင်တယ် ဆိုရင်ကော။"

"ဒီလို့မှာ ငါတို့ ဒီလို လွတ်လွတ်လပ်လပ်လမ်းလျှောက်နိုင်ရဲ့လား ဆရေယာ။"

"အခြုံအလွှမ်း မရှိဘဲလား။ ဘယ်လျှောက်ရမှာလဲ။ ထမ်းစင်ယာဉ်သာထဲမှာ မျက်စိပိတ်ဗြီးသွားရတာပေါ့ အချစ်ကမလရဲ့။ ဒီလို့မှာဆိုရင် တို့ ၂ ယောက် လက်တွဲလျှောက်သွားတာ တစ်ခါမြင်လိုက်ရင် လူတွေက နောက်ထပ် မော်တောင်ကြည့်တော့မှာ မဟုတ်တော့ဘူး။"

"ဒါပေမယ့် ဂုဏ်ရာတ်နယ်မှာတော့ မျက်နှာမအုပ်ဘဲထားတဲ့ အမျိုးကောင်းသမီးတွေ အမြင်ရဖူးသားပဲ။ တောင်ပိုင်းမှာလည်း 'ခေါင်းမြီး မခြုံရဘူး။' လို့ ကြားဖူးတယ်။"

''ဒီလိုဆိုရင် တစ်ချိန်တုန်းက ဟိန္နူစတန်သူမိန်းမတွေလည်း ခေါင်းမြီးမခြုံရဘဲ လွတ်လွတ်လပ်လပ် ရှိခဲ့ကြတယ်ဆိုတာ သိရတာပေါ့။ နောက်ထပ် ဘယ်တော့များ တို့တိုင်းပြည်မှာ နဂိုအတိုင်း ပြန်ဖြစ်နိုင်ဦးမှာလဲ ကမလ။''

''တို့အဖများ သူတို့တစ်သက်လုံး တိုက်ပွဲဆင်သွားကြရတယ်။ ၃ ရက်အတွင်း ဟိုဘက်အစွန်းကနေ ဒီဘက်အစွန်းအထိ ထုတ်ချင်းပေါက် လျှောက်နိုင်လောက်အောင်သေးငယ်တဲ့ ဒီဖလိုရင်ဆိုနိုင်ငံကလေးကို ကြည့်စမ်းပါဦး။ ဒီနိုင်ငံသားတွေဟာ ဘယ်လောက်များ စိတ်ထားမြင့်မောက်ပြီး ခေါင်းတထောင်ထောင်လျှောက်နေကြသလဲ။ သူတို့တွေဟာ ဘယ်သူ့ရှေ့မှ ဦးညွတ်ရမှန်း, ပြားပြားဝပ်ရမှန်းတောင် မသိကြဘူး။ 'ဘုရင်'ဆိုတဲ့ နာမည် ကြားလိုက်ရင် 'ထို'ခနဲ တံတွေး ထွေးလိုက်ကြတယ်။ သူတို့အတွက် 'ဘုရင်'ဆိုတာ မကောင်းဆိုးဝါးလို, မီးတောက်မီးလျှံလွတ်နေတဲ့ နဂါးလို ဟာမျိုးပဲ။''

''အန့်- သူတို့ထင်မြင်ချက် မမှန်ဘူးလား ကမလ။ ဖလိုရင်ဆိုမှာရှိတဲ့ လယ်သမားတွေနှင့် ဟိန္နူစတန်မှာရှိတဲ့ လယ်သမားတွေ နှိုင်းယှဉ်ကြည့်စမ်းပါဦး။ ဒီအရပ်မှာရှိကြတဲ့ လယ်သမားတွေကို နံရိုးပြိုင်းပြိုင်း ခြောက်ခြောက်ကပ်ကပ် ဘယ်မှာများ တွေ့ရသလဲ။''

''မတွေ့ဖူးပါဘူး အချစ်ရယ်။''

''ဒါ တခြားကြောင့် မဟုတ်ဘူး။ ဒီအရပ်မှာ မင်းသုံးမင်းဆောင်တွေအတွက် ကုန်ကျငွေချေပြီး မဖြုန်းကြရလို့ပဲ။ ဗင်းနစ်မြို့မှာ သူဌေးကြီးတွေ အမြောက်အမြားရှိတယ်။ တချို့သူဌေးကြီးတွေဟာ တို့ဆီက 'ကမ္ဘာသူဌေးဘွဲ့'ကို ခံနေတဲ့ ကုန်သည်ကြီးတွေကို ခြေထောက်နှင့်တောင် ကန်ထုတ်နိုင်သေးတယ်။ တို့ဆီက ကမ္ဘာသူဌေးကြီးဘွဲ့ခံတွေဟာ သူတို့မြို့ပိုင်ထားတဲ့ ဇွေ ၁ သိန်း-၁ သိန်းမှာ အလံနီ ၁ ခု-၁ ခု စိုက်ထားကြတယ်။ ကျင်းကြီးတွေထဲက ရွှေပြားငွေပြားတွေဟာ မှောင်ထဲ ရောက်ရောက်နေရတော့ 'ဘာလုပ်ရမှာလဲ'လို့ မကြာမကြာ တွေးမိတယ်။ အဲဒီရွှေ,ငွေတွေကို လေသလပ်အောင် လုပ်ပေးဖို့ ကောင်းတယ်။ တစ်လက်က တစ်လက် ပြောင်းပေးသင့်တယ်။ ဒီလို လုပ်မပေးရင် မုန့်ချိုတွေ နေရာမှာပဲ ခြောက်ကုန်မှာပေါ့။ သစ်သီးတွေလည်း ထားတဲ့နေရာမှာပဲ ပုပ်ကုန်မှာပေါ့။ အဝတ်အထည်တွေလည်း ဂိုဒေါင်ထဲမှာ ပိုးကိုက်ကုန်မှာပေါ့။ ရွှေစေ့,ငွေတွေကို မြှုပ်ထားပြီး တို့အရပ်ကသူဌေးတွေဟာ အလံနီတွေကို စိုက်ထားတတ်ကြတယ်။ အလံနီ ၁၀၀ ရှိတာကို မြင်ရရင် လူတွေက အဲဒီသူဌေးကို 'ကုဋေပိုင်သူဌေး'လို့ ခေါကြတယ်။''

နေမင်း၏ နှိမ့်ချသောအရောင် ပျောက်ကွယ်ပြီဖြစ်၍ ယခုအခါ ထက်ဝန်းကျင် အမှောင်ဖုံးလာခဲ့လေပြီ။ ပင်လယ်လှိုင်းတံပိုးများ ကမ်းပါးကျောက်ဆောင်တွင် ရိုက်ခတ်နေသောအသံမှာ မှန်မှန်ပင် လာနေလေသည်။

ထိုအချိန်တိုင်အောင်ပင် လူငယ် ၂ ဦးသည် သဲသောင်ပြင်ပေါ်မှ ထချင်စိတ် မရှိကြသေးပေ။ သူတို့သည် ပင်လယ်ကို သူတို့၏ 'ချစ်စရာကောင်းသောဆွေမျိုးသားချင်း'ဟု မှတ်ထင်နေကြလေသည်။ သူတို့ကိုယ်တိုင် ကုန်းလမ်းခရီး သွားလာနေရသော်လည်း၊ 'သူတို့ရှေ့တွင်ရှိသော သမုဒ္ဒရာ၏ တစ်ဖက်ကမ်းသည် ဟိန္နူစတန်နှင့် စပ်နေကြောင်း' သိကြလေသည်။ ထို့ကြောင့် 'ဤမှာဖက်ကမ်းနှင့် ဟိုမှာဖက်ကမ်းကို ဆက်စပ်၍ ရနိုင်အံ့လော။'ဟု မကြာမကြာ တွေးတောမိကြလေသည်။

ညဉ့်အတော်နက်သောအခါ ၂ ယောက်သား ပြန်လာကြလေသည်။ မှောင်မိုက်သောညဉ့်နှင့် သူနှလုံးသားအတွင်းသို့ သက်ဝင်ကာ ဆုရေယာက ဇာတ်ကြောင်းပြန်လေသည်။

''တို့ဘုရင်မင်းတရားကြီးဟာ သူနိုင်ငံတော်မှာ ငြိမ်းချမ်းရေးရအောင် အပြင်းအထန် ကြိုးပမ်းခဲ့တယ်။ အောင်မြင်မှု ရသလောက်လည်း ရခဲ့တယ်။ ဒါပေမယ့် ငါတို့ အခု စိတ်ချလက်ချ လျှောက်သွားနိုင်တာလို ဟိုနိုင်ငံမှာ မလျှောက်နိုင်ကြဘူး။ အဒါ ဘာကြောင့်လဲ။''

"ဗင်းနစ်မြို့ဟာ ပင်လယ်အောင်ပွဲနှင့်
အသက်ရှင်နေတဲ့ မြို့တစ်မြို့ပဲ ဆုရေယာ။
ဗင်းနစ်မြို့က ဟောဒီ တူးမြောင်းတွေ,
ဟောဒီ မြင့်မှေ့ဆိုတဲ့ ပြာသာဒ်တွေဟာ
အဲဒီ ပင်လယ်အောင်ပွဲကြောင့် ရထားတာတွေပဲ။
ကနေ့ ဗင်းနစ်မြို့ဟာ ပင်လယ်အောင်ပွဲရတဲ့နေရာမှာ
သူတစ်မြို့တည်း သက်သက် မဟုတ်တော့ဘူး။
သူနှင့်အပြိုင် တခြားမြို့တွေလည်း
အမြောက်အမြား ရှိနေကြပြီ။

"ဒီအရပ်က အားလုံး ချမ်းချမ်းသာသာရှိကြတယ်။ လယ်သမား, ယာသမားတွေရဲ့ လယ်တွေ ယာတွေ, စပျစ်, သစ်သော့, ဂျူပင်တွေနှင့် ပြည့်ကျပ်နေကြတယ် မဟုတ်လား။"

"တို့ဆီက လယ်တွေလည်း ရွှေမိုးငွေမိုးရွာနေတာပဲ မဟုတ်လား။"

"ဒါပေမယ့် တို့ဆီမှာတော့ ရွှေမိုးငွေမိုးကို လုကောက်တဲ့လူတွေက များတယ် ဆုရေယာ။"

"ဒါထက် ကမလ။ နင် သတိထားမိတယ် မဟုတ်လား။ ဘယ်သူမဆို အိမ်တစ်အိမ်ရောက်သွား ရင် ထုံးစံအတိုင်း ဖန်ခွက်နှင့် ပုလင်း စားပွဲပေါ် ရောက်လာတာပဲ။"

"ဟိန္နူစတန်မှာတော့ အဖဟာ ဘုရင်မင်းတရားကြီးနှင့် တွဲပြီး ရေ အတူသောက်ရုံကလေးနှင့်တောင် နာမည်ပျက်ခဲ့တယ်။"

"ငါ့အထိန်းတွေက ငါ့ကို မကြာမကြာပြောတယ်။ ရာဇပုတ်-မိန်းမတွေဟာ သိပ်ညစ်ပတ်တယ်။ သူတို့အိမ်မှာ ဝက်သားကို ချက်ကြသတဲ့။ ဘုရား, သိကြားမလို့ပေါ့။ ဟိုအရပ်က အကန်းတွေ ဒီအရပ် ရောက်လာပြီး မျက်စိအလင်း ရကြတယ်။ ဒီအရပ်မှာတော့ ဇာတ်နိမ့်, ဇာတ်မြင့်ရယ်လို့ မရှိဘူး။"

"ဒီအရပ်မှာတော့ 'ဘာမစားရ ဘာမသောက်ရ' ဆိုတာတွေလည်း ကြောက်နေဖို့ မလိုပါဘူး။"

"ဖလိုရင့်ဆ်ဟာ တစ်လုံးတစ်စည်းတည်းပဲ။ တစ်နေ့ကျရင်တော့ ဟိန္နူစတန်ဟာလည်း ဒီနိုင်ငံ လို တစ်လုံးတစ်စည်းတည်း ဖြစ်ရမှာပဲ ကမလ။"

"ငါတို့ ပင်လယ်ကို ကိုးကွယ်ဆည်းကပ် (အုပ်စိုး)တဲ့အချိန်, ပင်လယ်အောင်ပွဲ ရတဲ့အချိန်ကျမှ တစ်လုံးတစ်စည်းတည်း ဖြစ်သွားမှာပဲ။"

"ပင်လယ်အောင်ပွဲ။"

"ဗင်းနစ်မြို့ဟာ ပင်လယ်အောင်ပွဲနှင့် အသက်ရှင်နေတဲ့ မြို့တစ်မြို့ပဲ ဆုရေယာ။ ဗင်းနစ်မြို့က ဟောဒီ တူးမြောင်းတွေ, ဟောဒီ မြင့်မှေ့ဆိုတဲ့ ပြာသာဒ်တွေဟာ အဲဒီ ပင်လယ်အောင်ပွဲကြောင့် ရထားတာ တွေပဲ။ ကနေ့ ဗင်းနစ်မြို့ဟာ ပင်လယ်အောင်ပွဲရတဲ့နေရာမှာ သူတစ်မြို့တည်း သက်သက် မဟုတ်တော့ ဘူး။ သူနှင့်အပြိုင် တခြားမြို့တွေလည်း အမြောက်အမြား ရှိနေကြပြီ။ ဒါပေမယ့် ငါ သေသေချာချာ သိ ထားတာကတော့ 'ပင်လယ်အောင်ပွဲရတဲ့ နိုင်ငံဟာ ကမ္ဘာကို အုပ်စိုးလိမ့်မယ်။' ဆိုတဲ့ အချက်ပဲ။ ပင်လယ် အောင်ပွဲဘက်ကို စိတ်ပါနေတဲ့အတွက် ငါ့ကိုယ်ငါ 'ကံကောင်းတဲ့ လူတစ်ယောက်'လို့ အသိအမှတ်ပြုမိ တယ်။"

''စာအုပ်အမျိုးမျိုး ထားပြီး နင် ညတိုင်းဖတ်နေရတယ် မဟုတ်လားအချစ်။ ဒီအရပ်မှာ စာအုပ်တွေ ဘယ်လောက်များ ရလွယ်သလဲ။''

''တို့အရပ်မှာလည်း ခဲရှိတာပဲ။ ပြီးတော့ စက္ကူရော, ဓာတ်သတ္တုဆိုင်ရာ ကျွမ်းကျင်တဲ့ပညာသည်တွေရော ရှိတာပဲ။ ဒါနှင့်တောင် ကနေ့အထိ တို့တစ်တွေ ပုံနှိပ်လုပ်ငန်းကို နားမလည်ကြသေးဘူး။ တို့အရပ်မှာ ပုံနှိပ်တိုက်တွေများ ဖွင့်လိုက်မယ်ဆိုရင် အသိဉာဏ်တွေ ဘယ်လောက်များ ရလွယ်မလဲ။ ငါဖတ်နေတဲ့ စာအုပ်တွေ၊ သီတင်းပတ်ပေါင်းများစွာ သဘော်သားတွေနှင့်အတူ အချိန်ကုန်ခဲ့ရတာတွေကြောင့် 'ပင်လယ်ကိုအုပ်စိုးနိုင်မှ ကမ္ဘာကိုအုပ်စိုးနိုင်မယ်။' ဆိုတဲ့အချက်ကို သဘောပေါက်လာခဲ့တယ်။ တို့အရပ်သားတွေက အဲဒီဥရောပတိုက်သားတွေလို ရေချိုးဆေးကြောမှုကို ဂရုမစိုက်တဲ့အတွက် 'ညစ်ပတ်တဲ့လူရိုင်းတွေ'လို့ ခေါ်ကြတယ်။ ဒါပေမယ့် သူတို့ရဲ့ စူးစမ်းရှာဖွေတတ်တဲ့သဘောကို စိတ်ထဲက မချီးကျူးဘဲ နေနိုင်မှာ မဟုတ်ဘူး။ ဥရောပတိုက်သားတွေဟာ ကမ္ဘာလုံးကြီးနှင့်ပတ်သက်ပြီး ပုံပြင်တွေ လုပ်မနေချင်ကြဘူး။ အရောက်သွားပြီး နေရာတိုင်းကို သိအောင်လေ့လာကြတယ်။ သူတို့ဆွဲထားတဲ့ မြေပုံတစ်ချို့နှင့်ကို ငါ ပြဖူးတယ်နော် ဆုရေယာ။''

''ငါတော့ ပင်လယ်ကို ဘယ်လိုများ ချစ်မှန်းမသိဘူး ကမလ။''

''ချစ်တယ်။ အို-ဒီတင်ဘယ်ကမလဲ။ လူအမျိုးမျိုးရဲ့အသက်ဟာ ပင်လယ်လက်ထဲမှာ ရှိတာပဲ။''

''နင် မြင်မှာပေါ့။ သစ်သားသင်္ဘောကြီးတွေပေါ်မှာ တင်ထားတဲ့ အမြောက်တွေကို။ အဲဒီအမြောက်တွေဟာ လှည့်လို့ပတ်လို့ရတဲ့ ခံတပ်အရှင်တွေပဲ။ မွန်ဂိုလ်လူမျိုးတွေ အနိုင်ရတာဟာ သူတို့ရဲ့ မြင်းနှင့် သေနတ်ကျည်ဆန် ယမ်းတွေရဲ့ ကျေးဇူးပဲ။ ကနေ့ကမ္ဘာမှာ စစ်သင်္ဘောရှိတဲ့သူဟာ အနိုင်ရမှာပဲ။ ဒါကြောင့် ငါတော့ သင်္ဘောသားအတတ်ပညာကို သင်ဖို့ ဆုံးဖြတ်ထားလိုက်ပြီ ဆုရေယာ။''

ကမလနှင့် ဆုရေယာ၏ မျှော်လင့်ချက်မှာ မပြည့်စုံရှာပေ။

သူတို့ ဟိန္နူစတာန်ဘက်သို့ ထွက်လာခဲ့ကြသည်။ သို့သော် ထိုအချိန်ကား ပင်လယ်ဓားပြများ သောင်းကျန်းနေသောခေတ် ဖြစ်သည်။ 'ဆူရတ်' သို့ရောက်ရန် ၂ ရက်ခရီးမျှ လိုတော့သောအချိန်၌ သူတို့သင်္ဘောကို ထိုပင်လယ်ဓားပြများ တိုက်ခိုက်ကြလေတော့သည်။ ကမလသည် အခြားအပေါင်းအဖော်များနှင့်ပူးပေါင်း၍ အမြောက်များ, သေနတ်များဖြင့် တရကြမ်းပစ်ခတ်ပါသေး၏။ သို့သော် ဓားပြများက လူဦးရေ များနေသည်။ ကမလတို့သင်္ဘောသည် အမြောက်ဆန်မှန်၍ ကြေမွကာ နစ်မြုပ်စ ပြုလေတော့သည်။

ဆုရေယာကား ကမလအနီးတွင် ရှိလေသည်။ ဆုရေယာ၏ ပြုးနေသောနှုတ်ခမ်းများမှ နောက်ဆုံးအသံတစ်သံ ထွက်လာသည်။

''ပင်လယ်အောင်ပွဲ''

ရခါဘဂတ်

၁၇

ရေခါဘဂတ်

အချိန်- ခရစ်နှစ် ၁၈၀၀ ပြည့်။

၁

တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်သည်။

ဂဏ္ဍာက် (နာရာယဏီ) ရေချိုးပွဲနှင့် ဟရိဟရ်နာထ် ပူဇော်ပွဲမှာ ကျိတ်ကျိတ်တိုးမျှ စည်ကားလှသည်။ ဝေးလံလှစွာသော အရပ်များမှ ကျေးလက်တောရွာသား ယောကျ်ားရောမိန်းမပါ ကြိုးကြိုးစားစား စုဆောင်းရှာဖွေသော ငွေစများနှင့် ဆတ္တူးများ, ဆန်များကို ဆောင်ယူကာ ဟရိဟရခေတ္တသို့ ရောက်လာကြလေ့သည်။

ထိုအချိန်တွင် ဥယျာဉ်ကလေးထဲ၌ ချည်နှောင်ထားသော နွား, မြင်းနှင့် ဆင်အချို့ကို မြင်ရခြင်းအားဖြင့်၊ 'မကြာမီ ကမ္ဘာပေါ်တွင် အကြီးဆုံးသောပွဲတော်ကြီးတစ်ခု ကျင်းပတော့မည်။'ဟု မည်သူမှ မျှော်လင့်နိုင်မည် မဟုတ်ပေ။

ရေခါဘဂတ်နှင့် အဖော် ၄ ဦးတို့သည် အဝတ်ကြမ်းကလေးတွင် ဆားငန်ငန်ဆတ္တူးကို ငရုတ်သီးစိမ်း, မုန်လာဥများနှင့် မြိန်ရေယှက်ရေစားသောက်ကာ၊ သရက်ပင်အောက်တွင် စောင်တစ်ထည်ခင်း၍ ထိုင်နေကြသည်။

ရေခါသည် သူ၏ကျွဲမကို ရောင်းပြီးခဲ့လေပြီ။ ရေခါသည် သူ့ဓိုတီစတွင် လိမ်ကျစ်ထားသော ငွေ ၂၀ ကို မကြာမကြာ ကြည့်နေတတ်လေသည်။ 'မျက်လှည့်ပြသကဲ့သို့ ခိုးယူနိုင်သောသူခိုးများ ယခုအတောအတွင်း အများအပြားရောက်လာကြသည်။'ဟု ပွဲတော်တွင် ဟိုးလေးတကျော် ဖြစ်နေသည်။ ရေခါ၏လက်သည် နောက်တစ်ကြိမ် ဓိုတီစ ငွေထုပ်ဆီသို့ ရောက်သွားလေသည်။ ထို့နောက် စိတ်ချလက်ချ ရေခါက စကားစလိုက်လေသည်။

''တို့ ကျွဲမကို ရောင်းလိုက်ပြီ။ လွန်ခဲ့တဲ့ ၃ လကတည်းက ကောင်းကောင်းမွန်မွန်ကျွေးမွေးပြီး ထားခဲ့တယ်။ ဒီလိုကျွဲမဆိုရင် ငွေ ၂၀ ကျပ်ဆိုတာ ဈေး မနည်းပါဘူးနော် မော်လာ။''

''ဒါပေမယ့် ခုအတောအတွင်း လက်ချမိနတ်သမီး (ငွေ)ဟာ ကြည့်နေတဲ့အတောအတွင်း မြင့်တက်နေတယ်။''

မော်လာ-

''ဟုတ်တယ်။ မြင့်တက်နေတာပဲ။ နေရာတကာ ဝိုက်ဆဲကြေးငွေ ရှားနေတယ်။ ဒီ ကုမ္ပဏီအုပ်စိုးတဲ့ နိုင်ငံမှာ ဘယ်ပစ္စည်းမှ ပေါတယ်လို့ မရှိဘူး။ ငါတို့တော့ မြေကြီးတူးရင်းတူးရင်း သေကြရမှာပဲ။ တစ်ည နေမှလည်း ကလေးတွေ ဗိုက်ပြည့်အောင် မစားကြရရှာဘူး။''

''ဒါ ဘာသာရေးနှင့် ဆန့်ကျင်တာပေါ့။
အဓမ္မမူကြိုးပဲ။ ဒီကုမ္ပဏီဟာ
ရာဝဏခေါင်း ၁၀ လုံး ဘီလူးနှင့်
ကံသထက်တောင် ပိုပြီး ဆိုးဆိုးဝါးဝါး
နှိပ်စက်ညှဉ်းပန်းနေသေးတယ်။
ရှေးတုန်းက ဓမ္မသတ်ကျမ်းတွေအဆိုက
'ဘုရင်ဟာ လယ်သမားတွေဆီက
၁၀ ခိုင် ၁ ခိုင် လယ်ခွန်ကောက်ရမယ်။-တဲ့''

ရေခါ-

''ငါတို့တစ်တွေဟာ ခုအထိတော့ လက်ဆောင်တွေ, ပဏ္ဏာတွေကသတ်တာ ခံနေရပြီး၊ ဘုရင်ခံအတွက် မလုပ်မနေရအလုပ်တွေ လုပ်ပေးနေရတယ်။ အရာရှိကြီးတွေကို တံစိုးလက်ဆောင် ပေးနေရဘာနှင့်ပဲ ပျက်စီးနေကြတယ်။ ဒါပေမယ့် အနည်းဆုံး မြေလောက်တော့ ငါတို့ ပိုင်ပါသေးရဲ့။''

''ငါတို့ဟာ ဆွေ ၇ ဆက်က တောတွေရှင်းပြီး လယ်များကို တီထွင်လာခဲ့ကြရတာပဲ။''

ဆိုဗရန်-

'ကျားရဲတွင်း'ဆိုတဲ့အရပ်ကို သိမှာပေါ့ မော်လာ။ အဲဒီအရပ်ဟာ တောကြီးမျက်မည်းတဲ့။ တို့ဗာဗာမူရီဆီယနာဗာန်ကို ကျားဆွဲသွားတာ အဲဒီနေရာပေါ့။ အဲဒီအချိန်ကစပြီး အဲဒီနေရာကို 'ကျားရဲတွင်း'လို့ ခေါ်ကြတာပဲ။ ဟုတ်တယ်။ တို့ အသက်ပေးပြီး ဒီလယ်တွေကို ရှင်းလာခဲ့ကြတာပဲ။''

ထိုအတောအတွင်း မည်းနက်သောကိုယ်တစ်ပိုင်းကို ဗလာကျင်းထား၍ အဝတ်ဖြူပါးပါးကို ခေါင်းပေါင်းနေသော ဘိုလာပဏ္ဍိတ်အား ကြည့်လျက် ရေခါက ပြောလေသည်။

''ဘိုလာပဏ္ဍိတ်။ သင်ကတော့ သစ္စယုဂ်က အကြောင်းတွေကိုတောင် သိတယ်။ တိုင်းသူပြည်သားတွေ ဒီလို ကျပ်တည်းကျဉ်းမြောင်းတာများ ရှေးခေတ်က တွေ့ဖူးပါရဲ့လား။''

မော်လာ-

''လယ်တွေ တီထွင်ခဲ့တာက ငါတို့။ ထွန်တာယက်တာ, စိုက်တာပျိုးတာ ငါတို့။ ဒါနှင့်တောင် အခု ငါတို့ ရွာပိုင်ရှင်ကြီးဟာ ရာမပုရ်က မှူဿိကို ဖြစ်နေတယ်။ ပဏ္ဍိတ်။''

''ဒါ ဘာသာရေးနှင့် ဆန့်ကျင်တာပေါ့။ အဓမ္မမူကြိုးပဲ။ ဒီကုမ္ပဏီဟာ ရာဝဏ ခေါင်း ၁၀ လုံး ဘီလူးနှင့် ကံသထက်တောင် ပိုပြီး ဆိုးဆိုးဝါးဝါး နှိပ်စက်ညှဉ်းပန်းနေသေးတယ်။ ရှေးတုန်းက ဓမ္မသတ်ကျမ်းတွေအဆိုက 'ဘုရင်ဟာ လယ်သမားတွေဆီက ၁၀ ခိုင် ၁ ခိုင် လယ်ခွန် ကောက်ရမယ်။-တဲ့''

မော်လာ-

''ဒီရာမပုရ်က 'မှူဿိကို' ကို ဘာကြောင့် တို့မြေရှင်ကြီးအဖြစ် ကုမ္ပဏီကခန့်သလဲ ဆိုတာ ငါဖြင့် လုံးဝ နားမလည်ဘူး။''

ဘိုလာပဏ္ဍိတ်-

''အားလုံး စောက်ထိုးမိုးမျှော်ချည်းပဲ မော်လာ။ ရှေးတုန်းက တိုင်းသူပြည်သားတွေအပေါ်မှာ ဘုရင်တစ်ပါးတည်း ရှိတယ်။ လယ်သမားတွေဟာ ဘုရင်တစ်ပါးကိုပဲ သိထားကြတယ်။ ဘုရင်ကလည်း ဝေးတဲ့ မင်းနေပြည်တော်မှာ နေတယ်။ ဘုရင်ကို ၁၀ခိုင် ၁ခိုင် ပေးဆက်လိုက်ရင် ပြီးတာပဲ။ ဒါလည်း

စပါးပေါ်, ကောက်ပေါ်တဲ့အချိန်ကျမှ ပေးဆက်ရတာ။ ခုတော့ဖြင့် စပါးပေါ်ပေါ် မပေါ်ပေါ် သူတို့တစ်တွေ ဟာ တို့အသားတွေ အသွေးတွေ ရောင်းလို့ပဲဖြစ်ဖြစ်၊ တို့သမီးတွေ, ၄ ာတွ ရောင်းလို့ပဲ ဖြစ်ဖြစ် မြေရှင်ကြီးကို မြေခ ပေးဆပ်ရတော့တာပဲ။''

ရေခါ-

''နောက်ပြီး မြေခကလည်း အသေ မထားဘူး။ မြေခဟာ ၁ နှစ်ထက် ၁ နှစ် တက်နေတော့တာပဲ။ 'ဘာဖြစ်လို့ ဒီလို နွားသိုးကြိုးပြတ် မိုက်ကြေးခွဲတာတွေ ရှိနေတာလဲ။'-လို့ မေးမယ့်လူ တစ်ယောက်မှ မရှိဘူး။''

ကျေးရွာစာရင်းကိုင်၊ သို့မဟုတ် 'ပဋ္ဌဝါရီ' ဖြစ်သူ သဒါသုခလာလ်သည် ဟရိဟရခေတ္တသို့ ရေချိုးရန်နှင့် စျေးပေါပေါရလျှင် နွားမတစ်ကောင်ဝယ်ရန် လာလေ၏။ သို့ရာတွင် ဤနှစ်တွင် စျေးများ မည်မျှတက်နေသည်ကို တွေ့ရသောအခါ သူသည် တကယ့်ကို တုန်သွားလေသည်။

သူသည် ဦးထုပ်ကိုဆောင်း၍ လက်ပွပွအင်္ကျီညစ်ညစ်ကို ဝတ်ထားပြီးလျှင် ဤအရပ်မှာပင် စာရင်း ရေးမှတ်ရန် ရှိဘိသကဲ့သို့ ကျူရိုးကလောင်တံကို သူနားနောက်တွင် ညှပ်ထားလေသည်။ သူသည် မဆရခ်က မြေရှင်တစ်ယောက်၏စာရင်းကိုင် ဖြစ်နေသဖြင့်၊ 'ဤစကားဝိုင်းတွင် သူ ပါသင့်, မပါသင့်'ကို ချင့်ချိန် တွေးတောနေလေသည်။ သို့ရာတွင် ရပ်ရေးရွာရေး ပြောဆိုနေကြသည့်အခါ ပါးစပ်တစ်ပေါက် နားတစ်စုံ ရှိသောသူ မည်သူမဆို မိမိပါးစပ်ကိုပိတ်ထားရန် ခက်ခဲလှပေသည်။

ထို့ပြင် ဒယာလ်ပုရ်သည် သူအလုပ်ရှင်နှင့်ပတ်သက်သော ရွာတစ်ရွာ မဟုတ်ပေ။ ထို့ကြောင့် 'ဤ ဒယာလ်ပုရ်လယ်သမားများ၏ စကားဝိုင်းထဲသို့ မိမိပါခြင်းသည် အန္တရာယ်မရှိနိုင်။'-ဟု သူ ထင်၏။ သူသည် သူ၏ကလောင်တံကို လက်ချောင်းများနှင့် ဆုပ်ကိုင်၍ စကားဝင်ပြောလေသည်။

''မေးမယ့်လူ တစ်ယောက်မှ မရှိဘူး။-လို့ သင်က ပြောတယ်မဟုတ်လား ပဏ္ဍိတ်။ ဘယ်သူက (ကို) မေးမှာလဲ။ လူတိုင်း ဓားပြချည်းဟာပဲ။ ကဗီရ် (ကဗျာဆရာကြီးတစ်ဦး)က ပြောတဲ့စကားအတိုင်း ပေါ့။ 'လူတိုင်း၏ပစ္စည်းဥစ္စာသည် ခိုးယူခြင်း ခံနေရ၏။ ခိုးနိုင်သူ မည်သူဖြစ်ဖြစ် ခိုးပါစေ။'- တဲ့။ ရှင်ဘုရင် မရှိတော့ဘူး။ ဘုရင်ခံမင်းကြီး ရုံးတော်မှာ ငါ့ရဲ့ ဝမ်းကွဲနှမတော်တစ်ယောက်ရဲ့ သမက်တစ် ယောက် ရှိတယ်။ သူက လျှို့ဝှက်ချက်တွေ အများကြီးသိတယ်။ ရှင်ဘုရင်ရယ်လို့ တစ်ယောက်မှ ရှိတာ မဟုတ်ဘူး။ ဥရောပတိုက်သား ဓားပြ ၂၀၀ လောက်စု ဂိုဏ်းဖွဲ့ပြီး အဲဒီဓားပြဂိုဏ်းကြီးကို သူတို့ 'ကုမ္ပဏီ' လို့ သမုတ်ထားကြတာပဲ။''

ရေခါ-

''ဒါ အမှန်ပဲ။ ငါတို့ဟာ 'ကုမ္ပဏီသခင်', 'ကုမ္ပဏီသခင်' လို့ ကြားကြားနေရတော့ 'ဒါ ရှင်ဘုရင်တစ်ပါးရဲ့ဘွဲ့ပဲ။'-လို့ ထင်နေခဲ့ကြတယ်။ ဒါပေမယ့် အကြောင်းမှန်တော့ ကနေ့မှာပဲ သိတော့ တယ်။''

မော်လာ-

''ဒါကြောင့်ပေါ့။ ဘယ်နေရာကြည့်ကြည့် ဓားပြတိုက်နေကြတာ တွေ့ရမှာပဲ။ 'တရားတယ်, မတရား ဘူး'ဆိုတာ အရေးယူမယ့်သူ တစ်ယောက်တလေများ ရှိရဲ့လား။ ဒီရာမပုရ်က စာရေးကြီးရဲ့ ဆွေ ဂုဆက် မျိုး ဂုဆက်တောင်မှ ဒီဒယာလ်ပုရ်နှင့် အဆက်အသွယ်များ ရှိဖူးရဲ့လား။''

ဆိုဗရန်-

''ဒီလူဟာ တို့ရွာမှာ ဘယ်လို သခင်ဖြစ်လာတယ်ဆိုတာ ငါဖြင့် စဉ်းစားလို့ကို မရဘူး။ ကုမ္ပဏီ ဟာ ဒိလ္လီက ဘုရင်ကေရာဇ်ကို ဝင်တိုက်တာ''

ပဋ္ဌာဝါရိက ကြားဝင်၍ ဖြတ်ပြောလေသည်။

''မဟုတ်ဘူး-မဟုတ်ဘူး။ ကုမ္မဏီတိုက်တာက 'နာဝါဒ'ကို။ ကေရာဇ်ကို မဟုတ်ဘူး။ ဒီလို အစိုးရလက်ထဲက တို့ပြည်နယ်ကို ခွဲထုတ်ပစ်လိုက်တဲ့ မုရ်သျှိဒါဗာဒ်က နာဝါဒ်ကို တိုက်တာ။''

ဆိုဗရန်-

''တို့တစ်တွေက သိပ်မမှတ်မိတော့ဘူး။ တို့ကတော့ ဒီလိုအကြောင်းလောက်ပဲ သိပါတယ်။ ထားပါတော့။ မုသျှိဒါဗာဒ်က နာဝါဒ် ဒီမှာ အာဏာရသွားတော့ အစိုးရတစ်ခုတည်းပဲ ရှိသေးတယ် မဟုတ်လား။ ထို့ ကုတ်ကုတ်ကပ်ကပ်ရှာထားသမျှ အခွန်တော် ပေးဆက်နေရတာပဲ။ ဒါပေမယ့် ခုတော့ 'သီးခြားအုပ်စိုးတဲ့ ဘုရင် ၂ ပါး'လို့ မခေါ်ရင် ဘယ်လိုခေါ်ရမလဲ။''

ရေခါ-

''ဟုတ်တာပေါ့ ဆိုဗရန်။ ကုမ္မဏီက ဘုရင်တစ်ပါး, ရာမမုသျှိက ဘုရင်တစ်ပါး၊ တို့ဟာ ကျောက်ပြားတစ်ခုပေါ် တင်ကြိတ်တာကမှ အသက်မသေဘဲ လွတ်ဖို့ မျှော်လင့်ချက် ရှိသေးတယ်။ ဒါပေမယ့် ကျောက်ပြား ၂ ခုကြားမှာ အကြိတ်ခံရရင် အသက်ချမ်းသာရာ ရဖို့ မျှော်လင့်ချက် မရှိတော့ဘူး။ တို့တော့ ဒီအတိုင်း မြင်နေတာပဲ။ ပြောစမ်းပါ ပဋ္ဌဝါရိကြီးရယ်။ ပဋ္ဌဝါရိကြီးကပဲဖြစ်ဖြစ်, ဘိုလာပဏ္ဍိတ်ကပဲ ဖြစ်ဖြစ် ပြောစမ်းပါ။ တို့ကတော့ တောသား အဖျင်းအအတွေ။ နားမလည်ကြပါဘူး။''

ပဋ္ဌဝါရိ-

''သင်ပြောတာ သိပ်မှန်တယ်။ မြေရှင်ဟာ ကျောက်ကြိတ်ဆုံရဲ့အထက်က ကျောက်ပြားပဲ။ သူဟာ ရှင်ဘုရင်တစ်ပါးလောက် တန်ခိုးကြီးတယ်။''

ရေခါ-

''ရှင်ဘုရင်တစ်ပါးလောက် ဘယ်ကမလဲ။ ပိုပြီး တန်ခိုးကြီးတာပေါ့။ ခု ငါတို့ ပဋ္ဌာယတ် (ကျေးရွာဦးစီးအဖွဲ့)ကို ဘယ်သူကလာပြီး မေးဖော်ရသေးသလဲ။ တို့က ထုံးစံအတိုင်း လုပ်တယ်။ တို့ လူကြီး ၅ ယောက်- ၅ယောက် ရွေးချယ်ထားကြတယ်။ ဒါပေမယ့် အဲဒီလူကြီး ၅ ယောက်ပါဝင်တဲ့ ကျေးရွာဦးစီးအဖွဲ့မှာ တစ်စုံတစ်ခု ဆောင်ရွက်စရာကိစ္စ ဘာများ ရှိတော့သလဲလို့။ အားလုံးကိစ္စတွေ မြေ ရှင်နှင့် သူအရာရှိတွေပဲ ဆောင်ရွက်ကြတော့တာပဲ။ ခိုက်ရန်ဖြစ်ပွားရင် တရားလိုနှင့် တရားခံ-၂ ဘက်စလုံးဆီက ငွေညစ်ယူတယ်။ ပဋ္ဌာယတ် ဟုက်သွားတာ ၁၅ နှစ်လောက်ရှိပြီ ဆိုဗရန်။ အဲဒီအရင်တုန်းကများ အိမ်ထောင်တစ်ခုဟာ လင်မယား ရန်ဖြစ်တာနှင့် ကျွဲ,နွား လေလံ (နီလာမ်)တင်ပြီး ရောင်းပစ်တာရယ်လို့ တွေ့ဖူးပါရဲ့လား။''

ဆိုဗရန်-

''ရွေးရွေးတုန်းကများ ပဋ္ဌာယတ်က အိမ်ထောင်တစ်ခုကို ဘယ်တော့မှ အပျက်အစီးမခံဘူး။ လူသတ်မှုတွေမှာတောင် သဘောတူညီ သင့်မြတ်ချက်ရအောင် လုပ်တာပဲ ရေခါ။ ကဲ-ပြီးတော့ တို့ရေ ကာတာတွေ, ဆည်မြောင်းတွေရဲ့ အခြေအနေလည်း မြင်တယ် မဟုတ်လား။ ခုများ ဒါတွေကို ဂရုစိုက်ဖို့ လူတစ်ယောက်မှ မရှိသလို ကျနေတာပဲ။ ပဋ္ဌာယတ်သာ ဆက်လက်တည်ရှိနေသေးရင် ဒီလို ဘယ်တော့မှ ဖြစ်မှာလဲ။''

ရေခါ-

''ဟင့်အင်း-မဖြစ်နိုင်ဘူး။ ကိုယ့်သားသမီးတွေပါးစပ်ထဲ ဘယ်သူက မြက်ကို ခွံ့ချင်ပါ့မလဲ။ မိုးသိပ်များတဲ့အခါ ရေသွယ်ချပစ်ဖို့ မြောင်းတွေကို ဖွင့်မထားဘူး။ ပြီးတော့ မိုးသိပ်နည်းတဲ့အခါ ကောက်ပင်တွေ ခြောက်မကုန်အောင်လုပ်ဖို့ ဆည် မရှိဘူး။''

ပဋ္ဌာဝါရီ-

"ကုမ္ဗဏီက ပဋ္ဌာယတ်ကိုဖျက်ပစ်ပြီး ပဋ္ဌာယတ်ရဲ့အလုပ်ကို မြေရှင်ဆီ လက်လွှဲပေးလိုက်တယ်။"

ရေခါ-

"မြေရှင်က 'ဘာတွေလုပ်နေတယ်'ဆိုတာ အမြင်နိုင်သားပဲ။"

ပဋ္ဌာဝါရီ-

"ငါကိုယ်တိုင် မြေရှင်တစ်ယောက်ရဲ့ ဆန်, ဆားကို စားနေတာပဲ။ သင် အသိသားပဲ။ ငါဟာ မဆရခ်က မြေရှင်တစ်ယောက်ဆီမှာ ပဋ္ဌာဝါရီ လုပ်နေတယ်။ ဒါပေမယ့် ဒီပစ္စည်းတွေ မတရားလုပ်မှုအတွက် ရတဲ့ပစ္စည်းတွေပဲ။ မတရားရတဲ့ပစ္စည်း စားတဲ့လူဟာ ဖြုတ်ဖြုတ်ပြုန်းအောင် ပျက်စီး တတ်တယ်။ ငါ့ကို ကြည့်ပါလား။ ကြောင်းကြောင်းပြေး သန်စွမ်းတဲ့ ကလေး ၇ ယောက် ရှိခဲ့တယ်။ အားလုံး သေကုန်တယ်။"

ပဋ္ဌာဝါရီ၏မျက်လုံးများတွင် မျက်ရည်များ စို့လာသည်ကိုမြင်၍ အားလုံးကပင် သနားကြင်နာမိကြလေသည်။ ပဋ္ဌာဝါရီက ဆက်လက်၍ ပြောပြန်သည်။

"ဟုတ်တယ်။ အကုန်လုံး သေကုန်တယ်။ ခု ငါ့အိမ်မှာ ငါ့ကို ရေကလေးတစ်ကျိုက် သောက်ဖို့ ခပ်ပေးမယ့် မိန်းကလေးတစ်ယောက်တောင် မရှိဘူး။ ငါ့သခင်တော့ ချုပရာနယ်က မိန်းမပေါ့နှင့် တွေ့ကတည်းက သူ 'ဘာဖြစ်နေတယ်'ဆိုတာ သင်အသိသားပဲ။ သူ ခု လူဖြစ်ရှုံးနေပြီ ရေခါဘဂတ်ရဲ့။ လူဖြစ်ရှုံးနေပြီ။ သူ့အိမ်က ကောင်ကလေး ၂ ယောက်ရဲ့အဖေအစစ်ဟာ ခေါင်းရိတ်သမားပေါ့။"

ရေခါ-

"ဒီအဖြစ်အပျက်မျိုးတွေဟာ ခုကာလ လူရည်တတ်တွေထဲမှာ အများကြီးဖြစ်တတ်တာပဲ။"

ဆိုဗရန်-

"ငါတို့မှာ မြေလည်း မရှိတော့ဘူး။ ရွာလည်း အစိတ်စိတ်အမြွှာမြွှာ ကွဲသွားပြီ။ သမုဒ္ဒရာ ၇စင်းကိုဖြတ်လာတဲ့ ဓားပြတွေကလည်း ငါတို့အထဲမှာ သူခိုးတွေကို သွင်းထားပြီ။ ပဋ္ဌာယတ်လည်း မရှိတော့ဘူး။ ငါတို့စိုက်ပျိုးနိုင်တဲ့ ကောက်ပဲသီးနှံ နည်းနည်းပါးပါးကလေးကိုလည်း အသိမ်းအယူ ခံရ တယ်။ ငါတို့မှာ မိုးလေဝသကောင်းလို့ လက်ထဲမှာ ကောက်ပဲသီးနှံကလေး ရှိလာရင်လည်း မြေရှင်နှင့် သူရဲ့ အစောင့်အရှောက်, စာရေး, ကိုယ်စားလှယ်တွေ အလုပခံရအောင် ထားလို့ကို မရနိုင်ဘူး။"

သဒါသုခလာလ်-

"ပဋ္ဌာဝါရီ တစ်ယောက်ဟာ ပိုက်ဆံ မတရားယူတယ်ဆိုတာကို ငါ ဝန်ခံတယ်။ ဒါပေမယ့် သင်တို့ သိတဲ့အတိုင်းပဲ။ မြေရှင်က သူ့ကို တစ်လ ၈ ပဲသာ ပေးတာ။ အဲဒီတော့ ပြောကြစမ်းပါ။ တစ်လ ၈ ပဲနှင့် ငါတို့ လျှာစွတ်ပါ့မလားလို့။ မြေရှင်ဟာ ဒီအကြောင်း ကောင်းကောင်းကြီးသိပါတယ်။"

ရေခါ-

"အို-မြေရှင်က သိတာပေါ့။ သူတို့ ဒါတွေ အကုန်လုံး မြင်တာပေါ့။ သူတို့ အကန်းတွေမှ မဟုတ် ဘဲ။ ကုမ္ဗဏီသခင်ဘုရင်ဟာ ဓားပြပဲ။ သူက မြေရှင်ကို ငါတို့ကျောပေါ်မှာ နောက်ထပ် ဓားပြတစ်ယောက် အနေနှင့် တင်ထားတယ်။ မြေရှင်ကတော့ ၁ တင်း, ၁ တောင်းစီ လီတိုက်တဲ့ ဓားပြ အသေးစားကလေးတွေ ငါတို့ခေါင်းပေါ် တင်ထားတယ်။ သူတို့တွေအားလုံးအောက်မှာ ငါတို့ ဘယ်လိုလုပ် အသက်ရှည်နိုင်မှာလဲ။"

ဆိုဗရန်-

"အသက်ရှည်ဖို့ နေနေသာသာ ဒယာလ်ပုရိမှာ ဝမ်းဝ ခါးလှတဲ့လူတောင် တစ်ယောက်တလေ မြင်ရရဲ့လား။"

လယ်သမားတွေဆီမှာ မီးပေါက် (သေနတ်)
နှည်းနှည်းပါးပါး ရှိတယ်။
ကုမ္ပဏီကလူတွေမှာတော့ အမြောက် ရှိတယ်။
ဟိုကဒီက လူဖြူရော လူမည်းရော ပါတဲ့
ကုမ္ပဏီစစ်သားတွေဟာ
တစ်ခရိုင်လုံး ဖြန့်ဆင်းလာကြတယ်။
စစ်သားတွေဟာ မိန်းမရော, ကလေးပါ မချန်ဘဲ
တစ်ရွာပြီးတစ်ရွာ မီးရှို့ပစ်ကြတယ်။
ဆင်းရဲသားတွေ ဘာတတ်နိုင်သေးသလဲ။''

ပဋ္ဌာဝါရီ-

''ကုမ္ပဏီက ဒါတွေ ဘာအရေးလဲ။ ကုမ္ပဏီက အခွန်တော်တွေ ရပြီးပြီ။ စာရင်းရှင်းတဲ့နေ့မှာ မြေရှင်ဟာ ချပရာကိုသွားပြီးတော့ ငွေသွင်းတယ်။ ဒယာလ်ပုရ်က လယ်သမားတွေ သေလို သေရှင်လိုရှင်။ ကုမ္ပဏီကတော့ တစ်ပြားတစ်ချပ်မျှမကျန် တောင်းယူတယ်။ မြေရှင်ကလည်း သူ့လယ်ခ အပြည့်မပေးရင် သင့်ကို အညိုအမည်းစွဲအောင် ရိုက်မှာပဲ။ မြေရှင်က သင်တို့ဆီမှာ ၅ ကျပ် ယူပြီးတော့ ကုမ္ပဏီကို ၁ ကျပ် ပေးတယ်။ ကျန်တဲ့ ၄ ကျပ်ကိုတော့ သူ့ဗိုက်ထဲထည့်ဖို့ ဖြစ်သွားတာပဲ။''

ရေခါ-

''အို-ဘုရားသခင်။ အရှင်ဘုရား စက်တော်ပဲ ခေါ်နေသလား။ သေပဲ သေနေသလား။ အရှင်ဘုရား တရားသဖြင့်ဖြစ်အောင် ဘာကြောင့် မလုပ်တာလဲ။ ငါတို့အားလုံး ပျက်စီးကုန်ပြီ။''

ဆိုဗရန်-

''ဟုတ်တယ်။ ပျက်စီးကုန်ပြီ။ ပရိဂနာ ၁၂ ခရိုင်က လူတွေစုပြီး မြေရှင်ကို သူတို့သခင်အဖြစ် လက်မခံဘဲ ဖီဆန်ကြပုံကို သင်တို့ ကြားပြီးကြပြီလား။ သူတို့တွေ ချာပရာကိုသွားပြီး ကုမ္ပဏီကလူကို 'ငါတို့ရဲ့ ပဋ္ဌာယတ်က သင့်အခွန်တော်ကို ပေးလိမ့်မယ်။ ငါတို့ မြေရှင်နှင့် ဘာတစ်ခုမှ ပတ်သက်မှာ မဟုတ်ဘူး။'လို့ ပြောတယ်။

''ဆာဟေဗ်(သခင်)က 'ဘာပြန်ပြောတယ်'ဆိုတာ သင်တို့ သိရဲ့လား။ 'မိုးခေါင်ခေါင် ရေကြီးကြီး မောင်မင်းတို့ အခွန်တော် ပေးမလား။' တဲ့။ မိုးခေါင်တဲ့အခါ, ရေကြီးတဲ့အခါ ကိုယ့်သားသမီးတွေ မသေအောင် ကျွေးဖို့တောင် သိပ်ကြပ်တာပဲ။ ဒီဥရောပတိုက်သားဟာ ဘုရားသခင်ကို ကြောက်ပုံ မပေါ်ပါဘူး။ ပြီးတော့ ဒီစကားတွေကို ဘာမှမဖြုန်တဲ့အနေနှင့် ပြောတယ်။ ဒီလိုမေးပြီးတော့ သူက ပြောသေးတယ် ရေခါရဲ့။ 'နင်တို့ လူဆင်းရဲတွေပဲ။ နင်တို့ အခွန်တော်မပေးရင် ကုမ္ပဏီကသိမ်းယူစရာ နင်တို့မှာ ဘာရှိသလဲ။ တို့က ပိုက်ဆံရှိတဲ့ ဂုဏ်သရေရှိလူတွေကိုသာ မြေရှင် ခန့်တယ်။ သူတို့တွေမှာ တို့ပစ္စည်း ကျန်နေရင် အိမ်ထောင်ပစ္စည်း လေလံတင် အရောင်းခံရ။ ဂုဏ်သရေထိခိုက်မှာကို ကြောက်တာတဲ့။''

ရေခါ-

''ဒါကြောင့်မို့ ဒီဥရောပတိုက်သားတွေဟာ သူတို့ကိုယ်မှာ နူနာစွဲနေတာပဲ။ မစွဲဘဲ နေပါ့မလား။ ဒီအကောင်တွေဟာ တပ် ကရုဏာကင်းမဲ့တဲ့ အကောင်တွေပဲ။''

ဆိုဗရန်-

'ပရင်ဂနာ ၁၂ ခရိုင်က လူတွေဟာ ဘာတစ်ခုမှ သက်သာရာ အကူအညီမရဘူး။ ဒီတော့ သူတို့ အသက် ဘဲ့တို့ စွန့်လိုက်ကြဖို့ပဲ ရှိတော့တာပေါ့။ ကုမ္ပဏီဟာ တကယ်ကို 'ဂုဏ်သရေရှိ'ဆိုရင် ဂုဏ်သရေရှိပီပီ တိုက်ရမှာပဲ။ ပြန်တိုက်နိုင်တဲ့လူကိုမှ တိုက်ရမှာပဲ။ လယ်သမားတွေဆီမှာ မီးပေါက် (သေနတ်) နည်းနည်းပါးပါး ရှိတယ်။ ကုမ္ပဏီကလူတွေမှာတော့ အမြောက် ရှိတယ်။ ဟိုကဒီက လူဖြူ့ခရော လူမည်းရော ပါတဲ့ ကုမ္ပဏီစစ်သားတွေဟာ တစ်ခရိုင်လုံး ဖြန့်ဆင်းလာကြတယ်။ စစ်သားတွေဟာ မိန်းမရော, ကလေးပါ မချန်ဘဲ တစ်ရွာပြီးတစ်ရွာ မီးရှို့ပစ်ကြတယ်။ ဆင်းရဲသားတွေ ဘာတတ်နိုင်သေးသလဲ။''

မော်လာ-

''ဒါပေါ့ ဆိုဗရန်။ ဒါဟာ စိုက်ပျိုးမှုပျက်စီးခြင်း အကြောင်းပဲ။ ငါတို့ ရက်ကန်းသမားတွေလည်း ငတ်စပြုနေပြီ။ ကုမ္ပဏီသခင်က ခု ဗိလတ် (အင်္ဂလန်)က အထည်တွေ ရောင်းဖို့ယူလာနေပြီ။''

ပဋ္ဌာဝါရီ-

''ဟုတ်တယ်။ စက်နှင့် ရစ်၊ စက်နှင့်ရက်တဲ့ အထည်တွေ ကြည့်။ ငါ့အင်္ကျီဟာ အဲဒီအထည်ကဲ့ ချုပ်ထားတာပေါ့။ ဒီလို ဈေးသက်သာတဲ့ အထည်ကို လက်ရက်ကန်းတွေနှင့် ရက်လို့ မရနိုင်ဘူး။ အဲဒီတော့ သပ်သပ်ရပ်ရပ် ဝတ်ဖို့စားဖို့အတွက် ဒါပဲ ဝတ်ရတာပဲ။ ဒါက လူလေးစားမှုရှိတဲ့ ကိစ္စပဲ ရေခါဘဂတ်။ သင် ဘာကြောင့် ပြုံးနေတာလဲ။ သင် အရာရှိအိမ်တွေသွားပြီး ဧည့်ခံကော်ဖီတွေပေါ် ထိုင်ရတဲ့အခါ သိမှာပဲ။''

ရေခါ-

''ငါက သင့်ရဲ့ 'လူလေးစားမှုရှိရေး'ကို ရယ်နေတာမဟုတ်ပါဘူး ပဋ္ဌာဝါရီ။ ငါက တွေးမိနေလို့ပါ။ ဒီကုမ္ပဏီသခင်ဟာ တစ်ချိန်တည်းမှာကိုပဲ အစိုးရလည်း ဖြစ်၊ ကုန်သည်လည်း ဖြစ်နေတယ်။ ဘယ်လို အစိုးရပါလိမ့်နော်။'-လို့''

ဘိုလာ-

''သစ္စယုဂ် (ရွှေခေါ်), တြေတာယုဂ်(ငွေခေတ်), ဒွါပရယုဂ် (တတိယခေတ်)နှင့် ကလိယုဂ် (သံခေတ်) တောင် အနှစ် ၅၀၀၀ ကုန်လွန်သွားပြီ။ အဲဒီခေတ်တွေအတွင်းမှာ ဒီလိုအစိုးရမျိုး အရင်တုန်းက တစ်ခါမှ မကြားဖူးခဲ့ပါဘူး။''

ပဋ္ဌာဝါရီ-

''နဝါဒ် နန်းတော်ထဲက အရာရှိတစ်ယောက်က 'ကုမ္ပဏီဟာ ဥရောပတိုက်သား စားပြတွေပဲ။' လို့ ပြောတယ်။ တခြားလူတစ်ယောက်ကတော့ 'ကုမ္ပဏီဟာ ကုန်သွယ်ဖို့အတွက် ကိုယ့်တိုင်းပြည်က ထွက်လာကြတဲ့ ဥရောပတိုက်သားကုန်သည်တွေရဲ့ အသင်းပဲ။'တဲ့။ လက်ဦးပထမတုန်းက သူတို့ဟာ ကုန်တွေကို ဒီကဝယ်ပြီးတော့ ဟိုမှာ ရောင်းတယ်။ ဒါပေမယ့် ခုတော့ သူတို့ဟာ ဗိလတ်မှာ အလုပ်ရုံကြီးတွေ တည်ပြီးပြီ။ အဲဒီအလုပ်ကြီးတွေမှာ သူတို့ဖို့ ကုန်တွေ လုပ်တယ်။ ပြီးတော့ ဒီလာပြီး ရောင်းတယ်။''

မော်တာ-

''အဲဒါဖြင့် ခု ငါတို့ ရက်ကန်းသမားတွေလည်း ကောင်းစားဖို့ မရှိတော့ဘူး။''

ဤလယ်မြေကွက်ကား
ဆာဟေဗ်တစ်ယောက်၏ ကျေးဇူးပြုချက် ဖြစ်သည်။
သို့ရာတွင် ၄င်းလယ်မြေကွက်ကိုရရန်
တင်ကော်ရီဒေးသည် သူ့အထင်အားဖြင့်
'ဘဝအဆက်ဆက် လွတ်ဖို့ မျှော်လင့်ချက်မရှိသော
အပြစ်ကြီးတစ်ခု'ကို ပြုခဲ့ရလေသည်။

J

ဂင်္ဂါမြစ်သည် အေးမြသောရာသီတွင် စိမ်းလွင်နေသည်။

၄င်း၏ အေးဆေးလေးကန်စွာ စီးဆင်းနေကျဖြစ်သော ရေအယဉ်သည် ပို၍ အရှိန်ကင်းမဲ့စွာ လေးကန်လာပေ၏။ ထိုအချိန်တွင် လှေသင်္ဘောများအဖို့ အန္တရာယ် အလွန်နည်းပါးလှ၏။ ထို့ကြောင့် ကုန်သည်များက 'ကုန်ကူးသန်း ရောင်းဝယ်မှုအတွက် အကောင်းဆုံးအချိန်'ဟု အမှတ်အသား ထားကြ၏။

ထိုရာသီတွင် ဂင်္ဂါမြစ်ပေါ်မှ ၄ နာရီခန့် ထိုင်ကြည့်နေပါလျှင် ကြီးမားသောလှေသင်္ဘောများ ရာပေါင်းများစွာ ဖြတ်သန်းသွားလာသည်ကို တွေ့မြင်ရပေလိမ့်မည်။ လှေသင်္ဘောအမြောက်အမြားပင် ကုမ္ပဏီ၏ ကုန်များကို တင်ဆောင်လာကြသည်။ များသောအားဖြင့် ဗိလတ်မှကုန်များကို မြစ်အထက်ဘက်သို့ သယ်ယူပို့ဆောင်ကြ၏။ ပဋ္ဌနှာ, ဂါဂျီပုရ်, မိရဇာပုရ်ကဲ့သို့သော သင်္ဘောဆိပ်မြို့များရှိ တံတားဆိပ်များမှ မျှော်ကြည့်လိုက်လျှင် ဂင်္ဂါမြစ်တစ်ပြင်လုံးသည် လှေသင်္ဘောကြီးများ ဖုံးလွှမ်းနေသည်ကို မြင်ရပေလိမ့်မည်။

ထိုကဲ့သို့သော သင်္ဘောကြီးတစ်စင်းသည် ယမ်းစိမ်းများ, ကော်ဇောများနှင့် အခြားကုန်ပစ္စည်းများကို ဗိလတ်သို့တင်ဆောင်ရန် ပဋ္ဌနာမြို့မှ မြစ်အောက်ဘက်သို့ စုန်ဆင်းလာနေလေသည်။ ပဋ္ဌနာမှ ကလကတ္တားသို့ ရက်သတ္တပတ်ကျော်ကျော် စုန်ရလေသည်။

ထို့ကြောင့် 'တင်ကော်ရီဒေး'နှင့် 'ကိုလ်မင်း'တို့သည် တဖြည်းဖြည်း တစ်ဦးကိုတစ်ဦး ကောင်းစွာ ကျွမ်းဝင် သိရှိလာကြလေ၏။ သို့ရာတွင် လက်ဦးပထမ သူတို့ ၂ ယောက်စလုံး တစ်ယောက် တစ်ယောက် ဆက်ဆံဖို့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေကြသေးသည်။

တင်ကော်ရီဒေးအဖို့ ကိုလ်မင်း၏ ဖိုးရိုးဖားရားနိုင်လှသော ခေါင်းစွပ်ဆံဝင်, ကျဉ်းကျပ်၍ အသားကပ်နေသော ဘောင်းဘီရှည်, အပ်ချည်ဖြင့်တွဲကျနေသော ကြယ်သီးများ, မည်းသောကုတ်အင်္ကျီနှင့် ဖြူသောမျက်နှာတို့မှာ အလွန် စိတ်ထိခိုက်စရာ, ကြောက်စရာများ ဖြစ်လေသည်။ သို့ရာတွင် ကိုလ်မင်းက စကား စတင်ပြောခြင်းဖြင့် လမ်းခင်းလေရာ တင်ကော်ရီဒေးက တဖြည်းဖြည်း အယုံအကြည်ရှိလာလေသည်။ သူတို့ ပြောကြရင်းပင် 'ကိုလ်မင်းကား ကုမ္ပဏီ၏ ကျိုန်စာဆိုထားသော ရန်သူတစ်ယောက် ဖြစ်ကြောင်း၊ ကုမ္ပဏီ၏ ကိုယ်စားလှယ်ဖြစ်က အယုတ်,အမြတ်မရွေး ဘုရင်ခံပါမကျန် ပုတ်ခတ်ဆဲဆိုဖို့ ဝန်မလေးသူ ဖြစ်ကြောင်းများ'ကို တင်ကော်ရီဒေး သိရှိလာလေ၏။

တင်ကော်ရီဒေးလည်း ကိုလ်မင်းအလားတူပင် ကုမ္ပဏီ၏ ကိုယ်စားလှယ်များကို ရွံရှာမုန်းတီး၏။ သူသည် ကုမ္ပဏီ၏အလုပ်ခွင်များတွင် စာရေးအဖြစ်ဖြင့် အလုပ်လုပ်ရင်း အနှစ် ၂၀ ကြာခဲ့၏။ သူသည် ဆင်းရဲသောအိမ်ထောင်မှ မွေးလာသူဖြစ်၏။ သို့သော်လည်း လောဘကို သတ်နိုင်သောသူ, မိမိကိုယ် မိမိ လေးစားမှုက ထိန်းချုပ်ထားနိုင်သူများအနက် တစ်ယောက်အပါအဝင် ဖြစ်သည်။ တင်ကော်ရီဒေးသည် သူ့တစ်သက် စားသွားရန် လုံလုံလောက်လောက် ရှာဖွေရရှိခဲ့လေသည်။

ကုမ္ပဏီလူဟောင်းတချို့၏ ကျေးဇူးကြောင့် အကန့်အသတ်မရှိ အလုအယက် လက်ပြကာလအတွင်း ပရဂနာ ၂၄ ခရိုင်က ရွာ ၄ ရွာပါသော နယ်မြေကွက်ကြီးကို ရခဲ့၏။ ၄င်းနယ်မြေမှ ရသောမြေခနှင့် စာလျှင် အစိုးရစည်းကြပ်သောအခွန်တော်မှာ အလွန်နည်းလှပေသည်။

ဟုတ်သည်။ ဤလယ်မြေကွက်ကား ဆာဟေဗ်တစ်ယောက်၏ ကျေးဇူးပြုချက် ဖြစ်သည်။ သို့ရာတွင် ၄င်းလယ်မြေကွက်ကိုရရန် တင်ကော်ရီဒေးသည် သူ့အထင်အားဖြင့် 'ဘဝအဆက်ဆက် လွတ်ဖို့ မျှောလင့်ချက်မရှိသော အပြစ်ကြီးတစ်ခု'ကို ပြုခဲ့ရလေသည်။ ဆာဟေဗ် သဘောတော်ကျစေရန် သူသည် သူ့ရှာမှ ချောမောငယ်ရွယ်သော ပုဏ္ဏားမပျိုကလေး တစ်ယောက် ဆာဟေဗ်၏လက်ထဲ ထည့်ခဲ့ရလေသည်။

ထိုစဉ်အခါက အနည်းအပါးဆာဟေဗ်များသာ သူတို့၏မိန်းမများကို ခေါ်ဆောင်လာတတ်လေသည်။ အကြောင်းသော်ကား အန္တရာယ်မျိုးစုံလှ၍ ၆ လတာ ကြာညောင်းသော ပင်လယ်ခရီးကို သွားဖို့ရန် လွယ်လင့်တကူမရှိသောကြောင့်ပင် ဖြစ်လေသည်။

တင်ကော်ရီဒေးသည် အသက် ၄၅ နှစ် ရှိပြီးလျှင်၊ သူ၏ မည်းနက်၍ ထွားကျိုင်းသောကိုယ်ခန္ဓာသည် လုံးဝ ကျန်းမာစွာရှိလေ၏။ သို့သော်လည်း နံနက်တိုင်း အိပ်ရာမှထသောအခါ သူသည် သူ့မျက်ဝန်းကို မှန်ထဲမှာ စူးစူးစိုက်စိုက်ကြည့်ပြီးလျှင် သူ၏ လက်ချောင်းများကို ကြည့်ရှုစစ်ဆေးလေသည်။ သူသည် ဗြာဟ္မဏအမျိုးသမီးတစ်ယောက်၏ ကိုယ်ကျင့်သိက္ခာကို၊ ဖျက်ဆီးမိခြင်းအတွက် အပြစ်ဒဏ်အနေအား ဖြင့် 'နူနာရောဂါစွဲ၍ သူ့အသားများ ကွဲအက် ပဲ့ကျလာတော့မည်။'ဟု နေ့စဉ်ရက်ဆက် စိတ်တထင့်ထင့် မျှော်လင့်နေရပေသည်။

သူသည် ဆာဟေဗ်များနှင့် သူတို့၏ ငြူစူကြိမ်းမောင်းခြင်း, စော်ကားတိုင်းထွာခြင်း, ကန်ကျောက်ခြင်းများကို အောင့်ခံရလွန်း၍ ငိုးငွေ့လာလေတော့သည်။ အကြောင်းကလည်း သူ၏ အိမ်ထောင်သားချင်းများအားလုံးလည်း သေဆုံးကုန်ကြပြီ။ ထို့ကြောင့် အလုပ်လုပ် အမူထမ်းရန်အတွက် သူသည် အသက်ငယ်ရွယ်သေးသော်လည်း အလုပ်မှထွက်ကာ သူ၏ရွာသို့ ပြန်သွား၍ နေထိုင်လေသည်။ အနှစ် ၂၀ လုံးလုံး အောက်ကျနောက်ကျ ကြိတ်မှိတ်၍ ခံလာခဲ့ရသောကြောင့် အခဲမကြေနိုင်အောင် မခံချင်စိတ် တောက်လောင်၍ နေလေသည်။

တင်ကော်ရီဒေးသည် 'ကိုလ်မင်းမှာ သူ့ထက်ပင် ကဲ၍ ကုမ္ပဏီနှင့် ကုမ္ပဏီဘက်သား အလုပ်သမားများ၏ ရန်သူတစ်ယောက်ဖြစ်နေကြောင်း။' သိရသောအခါ သူတို့ ၂ ဦး တစ်ယောက်နှင့်တစ်ယောက် စိတ်ရင်းသဘောထားများကို တစ်စတစ်စ ဖွင့်လာကြလေ၏။

တစ်နေ့သ၌ ကိုလ်မင်းက ပြောပြလေသည်။

"အရှေ့အိန္ဒိယကုမ္ပဏီဟာ ကုန်သွယ်ဖို့ တည်ထောင်ခဲ့တယ်။ ဒါပေမယ့် တည်ထောင်ပြီးကတည်းက ကုမ္ပဏီဟာ ဓားပြအလုပ် လှည့်လုပ်နေခဲ့တာပဲ။ ဒီရောက်လာတဲ့ ဆာဟေဗ်တွေဟာ အမြန်ဆုံး သူ့ငွေးကြီးတွေဖြစ်ပြီး သူတို့အရပ် ပြန်သွားဖို့လောက်ပဲ ရည်ရွယ်ခဲ့ကြတာပဲ။ သူတို့အားလုံး ထိပ်ဆုံးက အောက်ဆုံးအထိ ဒီနည်းချည်းပဲ။ ကလိုက်ဗ်လည်း ဒါမျိုး လုပ်တာပဲ။ သူတို့ကို တားမြစ်ဖို့ လူတစ်ယောက်မှ မရှိဘူး။ ဝါရင်ဟင်စတင်ဟာ 'ဘယ်လောက်များ လုတတ်ယက်တတ်သလဲ။'ဆိုရင် သူဟာ စေတသီဟာ (ကျေတ်ဆီဟိ)ရဲ့ မိဖုရားတွေ ငတ်သေကုန်တာတောင် သတိမရဘူး။ အောက်နေယ်က ဗောမ်(မုဆလမာန်) မိဖုရားတွေ ဆင်းရဲစုတ်ပြတ်ကုန်အောင်လည်း သူပဲ လုပ်တာပဲ။ ဒါပေမယ့် တို့တိုင်းပြည်သားတွေက ဝါရင်ဟက်စတင်ကို ကွင်းလုံးကျွတ် မလွတ်လိုက်ဘူး။ အပြစ်ဒဏ်ကတော့ လွတ်သွားပါတယ်။ ဒါပေမယ့် နှစ်ရှည်လများ တရားဆိုင်နေရတဲ့အတွက် စုထားသမျှပစ္စည်းဥစ္စာတွေ ကုန်သွားတယ်။"

''သူကို ဘယ်သူက တရားစွဲတာလဲ ဆာဗ်။''

''ပါလီမန်ကပေါ့။ တို့တိုင်းပြည်မှာ ရှင်ဘုရင်ဟာ သူစိတ်ထင်တိုင်း မလုပ်နိုင်ဘူး။ စိတ်ထင်တိုင်း လုပ်ချင်တဲ့အတွက် တစ်ခါက ဘုရင်တစ်ပါးကို တို့တစ်တွေ ပုဆိန်နှင့် ဓက်ဖြတ်ပစ်လိုက်ကြဖူးတယ်။ တို့ အဲဒီပုဆိန်ကို ခုအထိ သိမ်းထားခဲ့တယ်။ 'ပါလီမန်'ဆိုတာ ဦးစီးအဖွဲ့တစ်ခုပဲ ဒေး။ ပဋ္ဌာယတ် တစ်ခုပေါ့။ ပါလီမန်အမတ်များကို တိုင်းပြည်ရဲ့လူချမ်းသာတွေက ရွေးချယ်ကြတယ်။ မြေရှင်တချို့မှာ ပါလီမန်ထဲပါဖို့ သားစဉ်မြေးဆက် အခွင့်အရေး ရှိကြတယ်။''

''အဲဒီမြေရှင်ကြီးတွေ ဟိုမှာရှိနေကြတာ ဘယ်လောက်ကြာပြီလဲ ဆာဗ်။''

''အိန္ဒိယပြည်က လယ်မြေကွက်ကြီးတွေ (မြေရှင်စနစ်)ဟာ တို့ဆီက လယ်မြေကွက်ကြီးတွေ (မြေရှင်စနစ်)ကို တုပြီး လုပ်ထားတာပဲ။ တို့ဆီမှာတော့ မြေရှင်စနစ်ကို အနှစ် ၁၀၀ ကျော် (ရာပေါင်းများစွာ) လောက် ချထွင်လာခဲ့တာပဲ။ ဟိုမှာလည်း မြေရှင်စနစ်ကြောင့် လယ်သမားတွေဟာ သူတို့ရဲ့ လယ်မြေပိုင်ဆိုင်ခွင့်ကို အတင်းအကျပ် အသိမ်းအပိုက် ခံကြရတယ်။ မြေရှင်စနစ်ကိုထူထောင်တဲ့ ဘုရင်ခံရဲ့နာမည်ကို သင် သိသလား။''

''ဟုတ်ကဲ့။ ကွန်ဝေါလ်ဆ်။''

''အင်း-ဟုတ်ပြီ။ သူဟာ ဗိလတ်မှာ ပထမတန်းစားသူရဂ်စက် မြေရှင်ကြီးတစ်ယောက် ဖြစ်တယ်။ သူ ဒီအရပ်ကို ရောက်လာတဲ့အခါ လယ်တွေကို လယ်သမားတွေကပိုင်နေသမျှ မိုးခေါင်တဲ့အခါ, မြစ်ရေလျှံတဲ့အခါ၊ ဒါမှမဟုတ် မိုးများလွန်းတဲ့အခါတွေမှာ 'အခွန်တော်ကို အပြည့်အစုံတောင်းယူဖို့ မဖြစ်နိုင်ဘူး။'ဆိုတာကို သူ တွေ့ရတယ်။ ပင်လယ်တွေကို ဖြတ်ပြီး တစိမ်းတိုင်းပြည်တစ်ပြည်ကို လာနေတဲ့ အင်္ဂလိပ်တွေဟာ 'ဒီတိုင်းပြည်မှာ အင်္ဂလိပ်နှင့် အကျိုးချင်းစပ်နေတဲ့ မိတ်ဆွေတချို့ ရှိထားရမယ်။'ဆိုတာကိုလည်း စဉ်းစားမိတယ်။ မြေရှင်တွေဟာ အင်္ဂလိပ်တွေရဲ့ ဖန်ဆင်းချက်ပဲ။ လယ်သမားတွေက အတိုက်အခံလုပ်လို့ အင်္ဂလိပ်တွေရဲ့ တန်ခိုးအာဏာကို ထိခိုက်တာနှင့်အမျှ၊ မြေရှင်တွေရဲ့ လယ်မြေတွေ, စီးပွားဥစ္စာနှင့် ရာထူးဂုဏ်ထူးတွေကို ထိခိုက်လာတာပဲ။ ဒါကြောင့် စိုက်ပျိုးရေးသမားကလေးတွေကို ပိုင်ရှင်အနေနှင့် အသိအမှတ် မပြုဘဲ၊ ရွာ ၅၀ ကို ၁ စု-၁ စု မြေရှင်ကြီးတွေ လုပ်ပေးထားတဲ့အတွက် ခေတ်ဆိုး, ခေတ်ကောင်း ၂ ခုစလုံးမှာ အသုံးကျတယ်။ ဒါကြောင့်မို့ ဒီ ဘာမှ ထောက်ထားညှာတာမှုမရှိတဲ့ ကွန်ဝေါလ်ဆ်ဟာ ဗိလတ်ကလာပြီး အိန္ဒိယရဲ့လယ်သမားတွေကို မုန့်မုန့်ညက်ညက်ကြေကုန်အောင် ချေပစ်နေတာပဲ။''

''သူဟာ လယ်သမားတွေကို ကျကျနနကြီးချေပစ်တာပဲ။''

တင်ကော်ရီဒေးသည် သူပိုင်မြေကွက်ပေါ်ရှိ လယ်သမားများကို တွေးလျက် ပြောလေ၏။

''တစ်ကမ္ဘာလုံးမှာ လူတွေကို ဒီလို ပဒေသရာဇ်မြေရှင်တွေက ခြယ်လှယ်နေခဲ့တာပဲ။ ဒါပေမယ့် ခုတော့ သူတို့ခေတ် ကုန်လာပါပြီ။''

''ဘယ်လိုပါလဲ ဆာဗ်။''

''နှစ် သိပ်မကြာခင်က ပြင်သစ်ပြည်မှာ ပြည်သူတွေဟာ သူတို့ရဲ့ရှင်ဘုရင်နှင့် မိဖုရားကို သတ်ပစ်လိုက်ကြပြီ။ ပဒေသရာဇ်မြေရှင် အများအပြားကိုလည်း အဲဒီတော်လှန်ရေးက သုတ်သင်ရှင်းလင်း ပစ်လိုက်တယ်။ မြေရှင်စနစ်ကို အပြုတ်တိုက်ပစ်ကြတယ်။ ပြည်သူပြည်သားတွေက လူတိုင်းကို သာမန်လူသားသတ္တဝါတစ်ယောက်အနေနှင့် ဆက်ဆံထားရှိပြီး၊ 'လွတ်လပ်မှု, တန်းတူမှု, ယုံကြည်မှု'ဆိုတဲ့ အရင်းခံတရားတွေကို ကြေညာလိုက်ကြတယ်။ အဲဒီတုန်းက ငါ ပြင်သစ်ပြည်မှာ ရှိတယ် ဒေး။ ပြင်သစ်ပြည်သူတွေဟာ ၃ ရောင်ခြယ်အလံကို ဘုရင့်နန်းတော်တွေပေါ်မှာ တင်လွှတ်တာကို ငါ့မျက်စိနှင့် တပ်အပ်မြင်

ခဲ့ရတယ်။ ခု ဗိလတ်က ရှင်ဘုရင်, မြေရှင်, မှူးမတ်တွေဟာ ကြောက်ဒူးတုန်နေကြတယ်။ ဗိလတ်မှာလည်း ပြင်သစ်ပြည်ကအဖြစ်အပျက်မျိုး ဖြစ်ပေါ်ခဲ့သေးတယ်။ ဒါပေမယ့် အကြောင်းတစ်ခုကြောင့် သက်သာရာရသွားကြတယ်။ အဲဒီအတွက် ငါ သိပ်ဝမ်းနည်းမိတယ် ဒေး။''

''ဘယ်အကြောင်းပါလဲ ဆာဗ်။''

''သင်သိတဲ့အတိုင်းပဲ။ ဗိလတ်အလုပ်ရုံတွေက ထွက်တဲ့ ကုန်ပစ္စည်းတွေဟာ အစုလိုက်အပြုံလိုက် အိန္ဒိယစျေးကွက်တွေထဲ သွန်ပြီး ဝင်လာနေတယ်။ သင်တို့ရဲ့ ရက်ကန်းသမားတွေ, ဝါရစ်သမားတွေ အလုပ်မရှိ ဖြစ်လာတယ်။ ဒါပေမယ့် တို့တိုင်းပြည်မှာတော့ တို့ကုန်သည်တွေဟာ မြေရှင်တွေရဲ့ရက်စက်မှုကြောင့် ငတ်နေကြတဲ့လူတွေကို အလုပ်ရုံသစ်တွေမှာ အလုပ် ပေးထားကြတယ်။ သူတို့ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေဟာ ဒီအရပ်ကို လာနေတယ်။ အရင်တုန်းက ငါတို့တိုင်းပြည်မှ အလုပ်အားလုံးကို လက်နှင့် လုပ်ခဲ့တယ်။ ဒါပေမယ့် ခုတော့ ရေနွေးငွေ့နှင့်မောင်းတဲ့ စက်တွေက လုပ်နေကြတယ်။ အဲဒီစက်တွေနှင့်ရက်တဲ့ ရက်ကန်းကထွက်တဲ့အထည်ဟာ ဈေး ပေါပေါလာတယ်။ ဒီတိုင်းပြည်က ပညာသည်တွေဟာ ပျက်စီးကုန်တာပဲ။ အင်္ဂလန်ပြည်က လက်မှုပညာသည်တွေလည်း ဒီလိုပဲ။ ဒါပေမယ့် သူတို့မှာတော့ အလုပ်ရုံတွေမှာ အလုပ်လုပ်ပြီး စားဖို့သောက်ဖို့ နည်းနည်းပါးရကြတယ်။ အဲဒီ အလုပ်ရုံတွေသာ မဖွင့်ခဲ့ရင် လူတစ်ယောက်ဟာ လူတစ်ယောက်လိုသာ နေသင့်တယ် ဒေး။ ကိုယ်လိုလူချင်းကို တိရစ္ဆာန်လောက် မှတ်တဲ့သူ- ဘယ်သူဖြစ်ဖြစ် သူကိုယ်တိုင်ရော သူ့မိသားစုပါ တိရစ္ဆာန်တွေ ဖြစ်ကြရမှာပဲ။''

''ဒါ မှန်ပါတယ် ဆာဗ်။ အကျွန်ုပ်ဟာ အကျွန်ုပ်ရဲ့ကျွန်တွေနှင့် အစေခံတွေကို ဘယ်တော့မှ လူလို သဘောထားလေ့ မရှိပါဘူး။ ဒါပေမယ့် ဆာဗ်တွေက အကျွန်ုပ်ကို အဲဒီနည်းအတိုင်းဆက်ဆံတော့ ကိုယ့်လိုလူချင်းကို နှိမ့်ချထားတာဟာ 'ဘယ်လောက် ရိုင်းစိုင်းမှုဖြစ်တယ်။' ဆိုတာ အကျွန် နားလည်လာပါတယ်။''

''ဗိလတ်မှာ ကျွန်စနစ်ကိုဖျက်ပစ်ဖို့ အကြီးအကျယ် ကြိုးစားနေကြတယ်။''

''ဗိလတ်မှာ ကျွန်စနစ်ကို ခွင့်ပြုထားပါသလား။''

''ကမ္ဘာတစ်ဝှမ်းလုံးမှာ သနားစရာကောင်းတဲ့ ယောကျ်ား, မိန်းမတွေကို အရောင်းအဝယ်လုပ်နေကြတယ်။ ဒါပေမယ့် မကြာခင် ဗိလတ်မှာ အဲဒီစနစ်ကိုတိုက်ဖျက်တဲ့ ဥပဒေတစ်ခု လုပ်လိမ့်မယ်။''

''ဒီတော့ ကျွန်တွေပိုင်တဲ့ လူချမ်းသာတွေက ဘာလုပ်ကြမလဲ။''

''လူချမ်းသာတွေကတော့ မကြိုက်ဘူးပေါ့။ ပြီးတော့ ငါတို့ပါလီမန်ထဲမှာလည်း သူတို့တွေ အများကြီး ရှိနေတယ်။ ဒါပေမယ့် သူတို့အထဲကကိုပဲ အချို့က 'ကျွန်စနစ်ဟာ ယုတ်မာတယ်။' လို့ တွေးစ ပြုလာကြပြီ။ ဒီလို လူသားကို အရောင်းအဝယ်လုပ်တာဟာ ဘယ်လောက် ရိုင်းစိုင်းတဲ့အလုပ်လဲ။ သင်ကိုယ်တိုင် စဉ်းစားကြည့်နိုင်ပါတယ် ဒေးရယ်။ ဒါပေမယ့် 'ကျွန်စနစ်ကို ဖျက်သိမ်းရေး' ထောက်ခံတဲ့ လူတွေဟာ 'ကောင်းတယ်, ဆိုးတယ်' ဆိုတဲ့အမြင်နှင့် ထောက်ခံကြတာ မဟုတ်ဘူး။ တကယ်ကတော့ ခုကာလ စက်ရုံတွေမှာ သံထည်စက်ကိရိယာတွေ အသုံးပြုထားတယ်။ အဲဒီသံထည်တွေလည်း အင်မတန် အဖိုးတန်တယ်။ ဒါတွေကို ကျွန်မတွေက ဂရုစိုက်မှာ မဟုတ်ဘူး။ အမြင်သား မဟုတ်လား။ နုတဲ့လုပ်ငန်းတွေကို ကျွန်တွေလက်ထဲ ထည့်လို့လား။ တကယ်လို့ သင်ဟာ 'လူတစ်ယောက်ရဲ့ သေရေးရှင်ရေးကို ကစားသလို လုပ်နေတယ်။' ဆိုပါတော့။ အဲဒီလို အလုပ်ခံရတဲ့လူလက်ထဲ အခွင့်အရေးရောက်တာနှင့် တစ်ပြိုင်နက် အကြီးအကျယ် ဆုံးရှုံးနစ်နာအောင်လုပ်ပြီး သင့်ကို လက်စားချေဖို့ ကြိုးစားကြလိမ့်မယ်။''

''နွားကလေးနှင့် သူ့အမေကို တစ်ကွဲစီရောင်းသလို ကျွန်သား(သပေါက်)ကလေးနှင့် သူ့အမေ ကျွန်မကို တခြားစီရောင်းတာ မြင်ရတော့ အကျွန်ုစိတ်ထဲမှာ သည်းမခံနိုင်သလို ဖြစ်လာမိတယ်။''

''ဒါကို 'သည်းမခံနိုင်စရာ'လို့ မထင်တဲ့လူ ဘယ်သူဖြစ်ဖြစ်၊ ဒေးရာ 'လူ' မဟုတ်ပါဘူး။''

''ဘုရင်မရှိတဲ့ ပြင်သစ်ပြည်အကြောင်းကို အကျွန် စဉ်းစားနေတယ်။ အဲဒီအစိုးရမျိုးကို ဘယ်လို ခေါ်သလဲ။''

''ပြည်သူ့အစိုးရ (သမ္မတအစိုးရ)။''

''ပြည်သူ့အစိုးရဟာ ဘုရင်အစိုးရထက် ကောင်းသလား။''

''ပြည်သူ့အစိုးရကော အစိုးရအားလုံးထဲမှာ အကောင်းဆုံးပဲ။ ရှင်ဘုရင်တွေနှင့် မင်းသားတွေ, မင်းသမီးတွေနှင့် ကတော်တွေဟာ တိုင်းသူပြည်သားများရဲ့ဝင်ငွေကို အများကြီး စားသောက်ဖြုန်းတီးပစ်ကြတယ်။ ကိုယ်စားလှယ်နှင့်အုပ်ချုပ်တဲ့ အစိုးရဟာ ဘယ်ရှင်ဘုရင်ထက်မဆို ပိုပြီး တရားမျှတလိမ့်မယ်။ ပိုပြီး တော်တည့်မှန်ကန်လိမ့်မယ်။ ပိုပြီး သာတူညီမျှသဘော ရှိလိမ့်မယ်။''

''ဟုတ်တယ်။ ခပ်စောစောတုန်းက အကျွန်တို့ရွာ ပဋ္ဌာယတ်ဆောင်ရွက်ပုံကို အကျွန် မြင်ခဲ့ဖူးတယ်။ ပဋ္ဌာယတ်ဟာ အသေအချာကို ပိုပြီးတရားတယ်။ ဘယ်သူမှ တရားတဘောင်စရိတ်ကြောင့် ပြုတ်ပြုတ်ပြုန်း မသွားဘူး။ ကွန်ဝေါလ်ဆ်ရဲ့ မြေရှင်တွေပေါ်လာပြီး ပဋ္ဌာယတ်ကို ဖိနှိပ်ပစ်လိုက်ကတည်းက လူတွေ ပျက်စီးဆုံးပါးကုန်ကြတာပဲ။''

''သိပ်မှန်တယ် ဒေး။ ဒါပေမယ့် ပြင်သစ်ပြည်သူတွေဟာ ပြည်သူ့(သမ္မတ) အစိုးရဝါဒထက် ပိုပြီးမြင့်မားတဲ့ ရည်ရွယ်ချက်ကို ထားကြတယ်။ သူတို့က လူတိုင်းစေ့ လွတ်လပ်မှု, တန်းတူမှုနှင့် ချစ်ကြည်မှုများပါဝင်တဲ့ အုပ်ချုပ်ရေးကို တည်ထောင်ဖို့ ကြိုးစားကြတယ်။''

''ဒီတိုင်းပြည်အတွက်ကော။''

''သင်တို့ တိုင်းသူပြည်သားတွေကော 'လူ' မဟုတ်ဘူးလား။''

''ဆာဗင်တွေမျက်စိထဲမှာတော့ အကျွန်တို့ဟာ လူဖြစ်ဖို့မွေးလာကြတာ မဟုတ်ဘူးပေါ့။''

''ကမ္ဘာတစ်ဝှမ်းလုံး ဖြူဖြူ,မည်းမည်း လူတွေအားလုံးထဲမှာ လွတ်လပ်မှု, တန်းတူမှုနှင့် ချစ်ကြည်မှု ပါဝင်တဲ့ အုပ်ချုပ်ရေးကို မတည်ထောင်ရသေးသမျှ လူတွေဟာ 'လူ'မဖြစ်နိုင်ဘူး။ လူ ရက်စက်ကြီးကွန်ဝေါလ်ဆ်ဟာ သူ့ရဲ့ လူဖြူလယ်သမားတွေကို 'လူတွေအဖြစ်'နှင့် ဘယ်တော့မှ မတွေးဘူး။ ပြင်သစ်ပြည်မှာ ရှင်ဘုရင်နှင့် မြေရှင်ကြီးတွေတော့ ပြုတ်ကုန်ပြီ။ ဒါပေမယ့် အဲဒီနောက် ကုန်သည်တွေ (အရှေ့အိန္ဒိယကုမ္ပဏီနှင့် အလားတူများ)ရဲ့လက်ထဲ အာဏာ ရောက်သွားတယ်။ ဒါကြောင့် 'လွတ်လပ်မှု, တန်းတူမှုနှင့် ချစ်ကြည်မှု'ဆိုတဲ့ ၃ ရောင်ခြယ် အလံဟောင်းဟာ လွတ်လွတ်လပ်လပ် လွင့်မနေနိုင်တော့ဘူး။''

''ဒါဖြင့် ပြင်သစ်ပြည်မှာ ရှင်ဘုရင်နှင့် ဆွေတော်မျိုးတော်တွေနေရာမှာ ကုန်သည်တွေရဲ့အစိုးရက တက်နေတာပေါ့။''

''ဟုတ်တယ်။ အင်္ဂလန်ပြည်ကကုန်သည်တွေဟာလည်း အော်ဟစ်လှုပ်ရှားနေကြတယ်။ ကုန်သည်တွေက 'သူတို့ဟာ သမုဒ္ဒရာဖြတ်ကျော်ပြီး အိန္ဒိယကိုတောင် အုပ်စိုးနိုင်ရင် ကိုယ့်ပြည်မှာရော ဘာကြောင့် မအုပ်စိုးနိုင်ရမှာလဲ။'လို့ ပြောနေကြတယ်။ အဲဒီတော့ ကုန်သည်တွေဟာ ရှင်ဘုရင်ကို သုတ်သင်ရှင်းလင်းမပစ်ပေမယ့် နိုင်ငံရေးအာဏာကို သူတို့လက်ထဲ ရောက်အောင်တော့ ကြိုးစားနေကြတာပဲ။''

''အင်္ဂလန်မှာ ဘုရင်က သူဌေးတွေနှင့် အာဏာခွဲယူရတယ်လို့ ဆာဗင်က ဆိုတာလား။''

''ဟုတ်တယ်။ ဒီမှာ လူဖြူကုန်သည်တွေရဲ့ လှည့်စားချက်တွေကို ငါ တွေ့ပြီးပါပြီ။ ငါက တိုင်းပြည်ကို လေ့လာချင်တယ်။ လေ့လာနိုင်တဲ့ အခွင့်အရေးရဖို့ ငါ ကုမ္ပဏီထဲ ဝင်တာပဲ။ ငါ သူတို့အလုပ်ထဲ

မဝင်ရင် ဒီ ဌေမက်မောတဲ့သတ္တဝါတွေဟာ ငါ့ကိုမသက်ာဖြစ်ပြီး သားလာရေးမှာ အခက်အခဲရှိနေတော့ မှာပေါ့။ ဒါကြောင့် ငါ သူတို့အလုပ်ထဲ ၂ နှစ် ဝင်လုပ်တာပဲ။ ငရဲပြည်ရောက်တာနှင့် အတူတူပါပဲ။''

''လူကောင်းတစ်ယောက်အဖို့ကတော့ ငရဲပါပဲ ဆာဒ်။ ပစ္စည်းဥစ္စာ စုမိဖို့အတွက် ဘယ်ရာဇဝတ် မှုမျိုးကိုမဆို ကျူးလွန်ဖို့နှင့် ဘယ်စော်ကားမှုမျိုးကိုမဆို ငုံ့ခံဖို့ အသင့်ရှိတဲ့လူများသာ ဒီငရဲဒဏ် ခံနိုင်ကြမှာပဲ။ အကျွန် လုပ်ပေးတဲ့မကောင်းမှုတွေအတွက် ဆုအဖြစ်နှင့် ကွန်ဝေါလ်ဆ်ရဲ့ အရာရှိတစ်ယောက်က မစလို့ အကျွန်ဟာ ရွာ ၄ရွာပါတဲ့ လယ်မြေကွက်တစ်ခုကို ရခဲ့တယ်။ ဒါပေမယ့် အကျွန်ဟာ အကျွန်ထိုက်တဲ့ဆုကို ရပြီးပြီ။ အကျွန်မိန်းမနှင့် ကလေးတွေဟာ ဝမ်းရောဂါနှင့် သေကုန်ကြပြီ။ လယ်မြေကွက်အကြောင်း စဉ်းစားတာနှင့်တောင် အကျွန် နှလုံးတုန်သွားတယ်။ လွတ်လပ်မှု, တန်းတူမှုနှင့် ချစ်ကြည်မှုရှိတဲ့ အုပ်ချုပ်ရေးအောက်မှာ ကမ္ဘာကြီးဟာ နတ်ပြည် ဖြစ်လာနိုင်ပြီး၊ လူတွေ အောက်မကျရအောင် ကယ်ဆယ်နိုင်မယ်လို့ အကျွန်လည်း ဆာဒ်လိုပဲ သဘောရပါတယ်။''

''ဒါပေမယ့် ဒီအုပ်ချုပ်ရေးကို သဘောတူကြရဲ့၊ ဒါမှမဟုတ် မျှော်လင့်ကြရဲ့နှင့် အဲဒီအုပ်ချုပ်ရေးက တို့ဆီ ရောက်လာမှာ မဟုတ်ဘူး ဒေး။ ထောင်ပေါင်းများစွာရှိတဲ့ သူတွေဟာ ပြင်သစ်ပြည်မှာလို သူတို့ကိုယ်သူတို့ အနစ်နာခံပြီး စွန့်လွှတ်ကြရလိမ့်မယ်။ ငြိမ်ငြိမ်ကလေး အနစ်နာခံတဲ့နည်းနှင့် အဲဒီအုပ်ချုပ်ရေးမျိုးကို ရမှာမဟုတ်ဘူး။ ဟိန္နူစတာန်က ဆိပါဟီ(စစ်ဗာရီ)ထောင်ပေါင်းများစွာဟာ အင်္ဂလိပ်ကောင်းစားရေးအတွက် သူတို့ကိုယ်သူတို့ အနစ်နာခံပြီး စွန့်လွှတ်နေကြတယ်။ ဒီလိုလုပ်မယ့်အစား သူတို့ဟာ သူတို့ နား, မျက်စိတွေဖွင့်ပြီး အနစ်နာခံကြရမယ်။ စွန့်လွှတ်ကြရမယ်။''

''ဆာဒ်က ဘယ်လို ဆိုလိုပါသလဲ။''

''အိန္ဒိယတိုင်းသားတွေဟာ ကမ္ဘာ့အကြောင်းကို သင်ယူတတ်မြောက်ရမယ်။ ဝိဇ္ဇာပညာရပ်များဟာ လူသတ္တဝါတွေရဲ့လက်ထဲ တန်ခိုးအာဏာတွေ ပေးအပ်နေတယ်။ ဝိဇ္ဇာပညာရပ်အသိနှင့် လူဟာ ယမ်းမှုန့်နှင့် သေနတ်ကို လုပ်ပြီး သူ့ကိုယ်သူ တောင့်တင်းသန်မာအောင် လုပ်ခဲ့တယ်။ ဒီဝိဇ္ဇာပညာရပ်ကပဲ သင်တို့ မြို့တော်ကြီးတွေကို ပျက်စီးစေခဲ့တယ်။ ဒါပေမယ့် အင်္ဂလန်ပြည်မှာတော့ ဒီဝိဇ္ဇာပညာကပဲ မြို့တော်သစ်တွေ, စက်ရုံအလုပ်ရုံသစ်ကြီးတွေကို တည်ဆောက်နေတယ်။ သင်တို့လည်း အဲဒီဝိဇ္ဇာပညာရဲ့ အကျိုးကျေးဇူးကို ခံစားဖို့ လေ့လာတတ်မြောက်ရမယ်။''

''ပြီးတော့ကော''

''ပြီးတော့ အိန္ဒိယမှာရှိတဲ့ 'မထိမတို့ရ'ဆိုတဲ့ စနစ်, ဇာတ်စနစ်နှင့် ဟိန္နူ-မုဆလိမ်ကွဲပြားမှုတွေကို ဖျောက်ဖျက်ရှင်းလင်းပစ်ပေါ့။ ငါတို့ဟာ တခြားလူတစ်ယောက်ဆီက အစားအစာ လက်ခံတာနှင့် 'ညစ်ညမ်းယုတ်မာသွားတယ်'လို့ မယူဆဘူး။ ငါတို့ ယူဆသလား။''

''မယူဆပါဘူး။''

''ငါတို့ အင်္ဂလိပ်တွေထဲမှာ လူဆင်းရဲ, လူချမ်းသာကလွဲပြီး ဇာတ်နိမ့်,ဇာတ်မြင့် ခွဲခြားခြင်းသဘောရှိရဲ့လား။''

''မရှိပါဘူး။ အကျွန်တို့ ဒီပြင်ကော ဘာလုပ်ရဦးမလဲ။''

''မုဆိုးမတွေ မီးရှို့သတ်ပစ်တာတွေ ဖျက်သိမ်းပစ်။ နှစ်စဉ်နှစ်တိုင်း သိန်းပေါင်းများစွာ မိန်းမတွေ မီးရှို့သတ်ဖြတ်နေတာကို 'ဘုရားသခင်က ခွင့်လွှတ်လိမ့်မယ်။'လို့ သင် ထင်သလား။''

တင်ကော်ရီဒေးနှင့် ကိုလ်မင်းတို့ ကလကတ္တားမြို့၌ လူချင်းခွဲရာ ၂ ယောက်စလုံး ခွဲခွာလိုက်ရသည့် အတွက် စိတ်မကောင်းဖြစ်ကြလေသည်။

ကိုလ်မင်း၏ နောက်ဆုံးစကားမှာ အောက်ပါအတိုင်း ဖြစ်၏။

''မိတ်ဆွေ။ ငါတို့ဟာ ၁၉ ရာစုထဲရောက်နေကြပြီ။ ကမ္ဘာကြီးလည်း ကမောက်ကမ ဖြစ်နေပြီ။ ငါတို့ဟာ အဲဒီအုံကြွမှုကြီးထဲမှာ ပါရမှာပဲ။ အဲဒီလိုပါဖို့ ပထမဆုံးလုပ်ငန်းကတော့ 'ကျယ်ပြန့်တဲ့ ကမ္ဘာကြီးထဲမှာ အကြီးအကျယ် ပြောင်းလဲမှုဖြစ်နေတယ်။' ဆိုတာကို ပုံနှိပ်စက်တွေနှင့် သတင်းစာတွေ တည်ထောင်ပြီး လူအများသိအောင် လုပ်ပေးမှပဲ။''

ကုမ္ပဏီလက်အောက်တွင်
မြေရှင်များ၏ ဗလကြွာရ အစိုးရ ရှိ၏။
၄င်းအစိုးရ၏လက်စွဲများ, ဟာဒါများ
ညှဉ်းသဖြင့် သက်ကယ်ခေါင်မိုးပေါ်မှ
ဗူးသီးပင် ချမ်းသာခွင့် မရရှာပေ။

၃

ဤနှစ်တွင် မိုးမရွာပေ။

ရေအိုင်များသည် မေလတုန်းကကဲ့သို့ပင် ခြောက်ခန်းနေသေး၏။ ကောက်လျှင်, ကောက်ကြီးနှင့် မုရင်းများ လက်တစ်ဆုပ်မျှ မထွက်သေး။ တစ်အိမ်ထောင်ပြီး တစ်အိမ်ထောင် သေကျေ ပျက်စီးကုန်ကြ၏။ ဆင်းရဲတော်ပြတ်သောဘေးကြောင့် ထွက်ပြေးကုန်ကြ၏။ ခုရဒေဟ်ရေကန်ကြီး ခန်းသောအခါ မိုင် ၅၀ ပတ်လည်မှ လူများအလောင်းကို ၄င်းရေကန်ကြီး၏ ခြောက်ခန်းနေသောဝမ်းပြင်တွင် တွေ့ရ၏။ သူတို့သည် ကြာရိုးကြာစွယ်များတူးရန် လာရောက်ခဲ့ကြပြီးလျှင် သူတို့ချင်း မကြာခဏ ရန်ပွဲများ ဖြစ်ခဲ့ကြလေ၏။

နောက်နှစ် မိုးရွာ၍ 'နတ်ကောက်' စပါးဦးများကို ရေခါ ရိတ်သိမ်းနေစဉ်၊ သူအနားသို့ မင်္ဂရီ ရောက်လာသောအခါ သူမအား အံ့သြစွာ စိုက်ကြည့်ခဲ့လေ၏။

ဤ လွန်ခဲ့သောနှစ်တွင် ကမ္ဘာကြီးသည် ကမောက်ကမဖြစ်သွားဟန် ရှိလေ၏။ အိမ်တိုင်းစေ့ လူပေါင်းများစွာ သေဆုံးကြသည်။ အိမ်တိုင်းစေ့လူပေါင်းများစွာ တစ်ကွဲတပြားစီ ရပ်ဝေးသို့ လွင့်စဉ်ကုန်ကြ၏။ သူတို့သတ္တဝါ ၂ ဦး ကိုယ်နှင့် အသက် ဘယ်နည်းနှင့် အိုးစား ကွဲမသွားရသနည်း။ အချင်းချင်း ပြန်ပေါင်းမိရသနည်း။'-ဟု တွေးမိသောကြောင့် ရေခါက အံ့သြမိလေသည်။ ရေခါသည် ခုရဒေဟ် ရေကန်ကြီးကို အလွန်ပင် ကျေးဇူးတင်မိလေသည်။

မိုးခေါင်သောကြောင့် အခြားနှစ်များတွင်လည်း ငတ်မွတ်ခေါင်းပါးသောဘေးဒုက္ခများ ဆိုက်ရောက်ဖူးပါ၏။ သို့သော်လည်း ရေခါ၏ အရင့်အရင်လက်ထက်က လယ်သမားများ ဤမျှ ဒုက္ခရောက်ဖူးကောင်းမှ ရောက်ဖူးကြပေမည်။ ထိုစဉ်အခါက အစိုးရတစ်မျိုးတည်းသာ ရှိ၏။ ၄င်းအစိုးရကိုလည်း အခွန်အခ အနှည်းအကျဉ်းမျှသာ ပေးရ၏။ ယခုသော်ကား ကုမ္ပဏီလက်အောက်တွင် မြေရှင်များ၏ ဗလကြွာရ အစိုးရ ရှိ၏။ ၄င်းအစိုးရ၏လက်စွဲများ, ဟာဒါများ ညှဉ်းသဖြင့် သက်ကယ်ခေါင်မိုးပေါ်မှ ဗူးသီးပင် ချမ်းသာခွင့် မရရှာပေ။

စပါးတသီးတသီးကို တစ်လခွဲမျှကြာအောင်ပင် သိမ်းဆည်းမထားနိုင်ရှာပေ။ ထိုကဲ့သို့ ဖြစ်နေပါလျှင် သရောကြီးခိုင်းသောအခါ 'စားဖို့'ဟူ၍ အဘယ်စားစရာကို လယ်သမားခမျာ သိမ်းဆည်းထားနိုင်ပါအုံးနည်း။

နတ်တော်လတွင် မင်္ဂလာကြီးတစ်ယောက် မွေးဖွားလိုက်သောအခါ ရေခါ ပို၍ အံ့သြမိလေသည်။ အံ့သြရခြင်းမှာ သူ့အသက် ၅၀ ရှိ၍ မင်္ဂလာ၏အသက် ၃၀ မျှသာရှိခြင်း၊ မွေးသမျှ အဖတ်မတင်ခြင်းကို အကြောင်းပြု၍ မဟုတ်။ စင်စစ်သော်ကား 'အရိုးပေါ်အရေတင်ရုံမျှ အခြေအနေကျန်ဖို့ပင် ခဲယဉ်းလှသော ငတ်မွတ်ခေါင်းပါးနေချိန်တွင် မင်္ဂလာသည် အဘယ်ပုံ သတ္တဝါကလေးတစ်ဦးကို အသက်သွင်းလိုက်သနည်း။' ဟု တွေးမိသောကြောင့် ဖြစ်လေသည်။ ငတ်မွတ်ခေါင်းပါးနေချိန်တွင် မွေးဖွားလာခဲ့သောကြောင့် ကလေးအား 'ဆုခါရီ' ဟု ရေခါက မှည့်ခေါ်ထားလေသည်။

တပို့တွဲလတွင် ရာမပုရ်ရှိ မြေရှင်ကြီးသည် သူ၏ မြင်းများ, ဆင်များ, ကိုယ်ရံတော်များ, ပျာဒါများနှင့်အတူ ဒယာလ်ပုရ်သို့ ရောက်ရှိလာလေသည်။ မြေရှင်ကြီးအိမ်တွင် ပိန်ပိန်ညောင်ညောင်ကလေးတစ်ယောက်ပင် မပေါက်ဖွား။

သရောကြီးခိုင်းနေစဉ်ကပင် လွန်ခဲ့သော ၇ နှစ်က ဆန်ဟောင်းများကို စားသောက်နေနိုင်ကြသည်။ -ဟု ရေခါ ကြားဖူးထား၏။

ဒယာလ်ပုရ်တွင် မြေရှင်ကြီး၏အလုပ်ဌာနသည် ရွာစွန်တွင် ရှိ၏။ ၄င်းရှေ့တွင် ၂၅ ကေ ကျယ်ဝန်းသော သရက်ဥယျာဉ်ကြီးတစ်ခု ချထား၏။ ၄င်းသရက်ဥယျာဉ်တွင် ရေလောင်းခြင်း, တူးဆွခြင်း အလုပ်ကို ဒယာလ်ပုရ်ရွာသားများ 'မလုပ်မနေရ' အနေဖြင့် လုပ်ကြရ၏။ မြေရှင်ကြီးသည် တစ်အိမ်လျှင် သရက်ပင်ပေါက်ကလေး ၅၀ကျစီ တာဝန်ပေးထားလေ သည်။ သရက်ပင်ကလေးတစ်ပင် ခြောက်သွားလျှင် ၅ မတ် ဒဏ်တပ်ခံရ၏။

ရေခါနောက် ဆက်လက်မည့်လူငယ်များသည် 'မြေရှင်များနှင့် သူတို့၏ အဆောင်အယောင်များကို နိစ္စထာဝရ တည်တံ့မည့်အရာ။' -ဟု ရေခါ အမှတ်အသားပြုသည်ထက် ပို၍ အမှတ်အသားပြုကြမည် ဖြစ်၏။

ထို့ကြောင့် ဆိုဗရန်နှင့် ရေခါပြောသော မြေရှင်ခေတ်မတိုင်မီက ခေတ်အကြောင်း၊ ကျေးရွာများ ၌ ပဋ္ဌာယတ် ထားရှိကြောင်းများမှာ ဒဏ္ဍာရီသက်သက်မျှသဘော သက်ရောက်ရမည် ဖြစ်၏။

ငတ်မွတ်ခေါင်းပါးဘေး ဆိုက်ရောက်ပြီးနောက် မြေရှင်ကြီး၏ပျာဒါများသည် ပို၍ ဆိုးဝါးလာကြ၏။ သူတို့က ငတ်မွတ်ခေါင်းပါးခြင်းကို 'လယ်သမားများ စိတ်ကျဖို့, မြေရှင်များ တန်ခိုးကြွဖို့ အကြောင်း ဖြစ်သည်။' ဟု ထင်မြင်ယူဆလာကြသည်။

နတ်တော်လတွင် ရေခါ၏ သက်ကယ်ခေါင်မိုးပေါ်၌ ဗူးနွယ်များတွင် အကင်းကလေးများ ကင်းလာခဲ့ပြီ ဖြစ်၏။ ထိုအခါမှအစပြု၍ မြေရှင်၏ပျာဒါများ တရစ်တဝဲဝဲ ဖြစ်လာကြလေတော့၏။

'သရောကြီးခိုင်းပြီးမှ ရေခါ စိတ်တိုလာသည်။' ဟု လူများက ပြောကြ၏။ ထိုကဲ့သို့ ပြောကြခြင်းကို ရေခါက 'အဆန်း' ဟု ထင်၏။ သို့သော်လည်း အမှန်ပင် ဖြစ်၏။ အမှန်အားဖြင့် သရောကြီးခိုင်းပြီးနောက် ကျန်သောရွာသားများ နိမ့်ကျသွားသည်နှင့်အမျှ၊ ရေခါမှာ ၄င်းတို့နှင့်စာလျှင် အလွန် မြင့်တက်လာခဲ့လေသည်။ ထို့ကြောင့် ရေခါ၏ ဆက်ဆံပေါင်းသင်းပုံကို 'ကြွပ်ဆတ်ဆတ်နိုင်သည်။' ဟု ထင်ရလေသည်။ ရေခါသည် လက်စွဲများ, ပျာဒါများ တဲတစ်ဝိုက် ရစ်ဝဲရစ်သီလုပ်နေသည်ကို မြင်ရသောအခါ အလွန် ဒေါသထွက်လျက် ရှိလေ၏။ သို့သော်လည်း ထိုကဲ့သို့ ဒေါသထွက်နေခြင်းကို ရေခါက နှုတ်မှ ထုတ်ဖော်၍ မပြ။

တစ်နေ့သ၌ လက်စွဲတစ်ယောက်သည် ပဋ္ဌာဝါရိအတွက် ဗူးသီးခူးရန် ခေါင်မိုးပေါ်သို့ တက်လေသည်။ ထိုအချိန်တွင် ရေခါသည် အိမ်ထဲ၌ ဆုခါရိကို ရင်ခွင်တွင်ပွေ့၍ နမ်းစုပ်ချော့မြူနေလေသည်။ ခေါင်မိုးနှိမ့်ကျလာ၍ 'ရှုပ်ရှုပ်'သံကို ကြားရသည်နှင့်တစ်ပြိုင်နက် ရေခါသည် ဆုခါရိကို ဗျာပေါ်တွင် ချထားခဲ့၍ အပြင်ဘက်ထွက်လာသည်။ ရေခါသည် ခေါင်မိုးပေါ်တက်၍ ဗူးသီးခူးနေသော လက်စွဲကို မြင်ရလေသည်။ ၃လုံး ခူးပြီးခဲ့လေပြီ။ ၄လုံးမြောက် ခူးရန် လက်လှမ်းနေသည်။ ရေခါ၏ကိုယ်တွင် မီးတောက်လောင်သကဲ့သို့ ဖြစ်သွားလေသည်။ ရေခါသည် ရွာလယ်ဗိုင်းကပင် ကြားလောက်သော အသံကြီးဖြင့် ကြိမ်းမောင်းဟစ်အော်လိုက်သည်။

''ဟေ့-ဘယ်သူလဲကွ။''

''ဒိဝါနံ့ဂျိ(ပဋ္ဌာဝါရိ)အတွက် ဗူးသီးခူးနေတာ မမြင်ဘူးလား။''

လက်စွဲက ခေါင်းမလှည့်ဘဲ ပြန်ပြောလိုက်သည်။

''နင့်တစ်ကိုယ်လုံးက အရေပြား စုတ်မကုန်စေချင်ရင် မြန်မြန်ဆင်း ကြားရဲ့လား။''

ရေခါက ကြိမ်းမောင်းဟစ်အော်ကာ ပြောလိုက်သည်။

''မြေရှင်ကြီးရဲ့လက်စွဲ (ကျေးရွာကျပရာဆီ) မှန်း မသိဘူးလား။''

''သိပ် သိတယ်။ ဗူးသီးကို အဲဒီအပေါ်မှာ ထားခဲ့ငြင်း အောက်ဆင်းလာရင် ကောင်းလိမ့်မယ်။''

လက်စွဲသည် ဘာမှမပြောဘဲ အောက်ဆင်းလာခဲ့သည်။

ဒိဝါနံ့ဂျိသည် အကြောင်းစုံကို ကြား၍ ထိုအချိန်၌ မျိုသိပ်သည်းခံလိုက်၏။ သူတို့သည် မြေရှင်ကြီးလာမည့် တပို့တွဲလအထိ အမှုကို ဆိုင်းထားလိုက်ကြ၏။

မြေရှင်ကြီး ရောက်လာသောအခါ ထိုလက်စွဲပင်လျှင် ညနေချမ်းတွင် ရေခါဘဂတ်၏အိမ်သို့ လာ၍ ပြောလေသည်။

''မနက်ဖြန် မနက်စောစော မြေရှင်ကြီးဖို့ နို့တစ်ပိဿာ လာပို့ရမယ်။''

''တို့ဆီမှာ ကျဲရော, နွားရော ဘာမှမရှိဘူး။ နို့ ဘယ်ကရလို့ လာပို့ရမှာလဲ။''

''ရရာက ပို့။ မြေရှင်ကြီး အမိန့်။''

ရေခါထံတွင် 'နွား, ကျဲ မရှိကြောင်း ဒိဝါန် သိပြီးဖြစ်၏။ သို့သော်လည်း ယခုအကြိမ် ရေခါအကြောင်း အတိအကျသိရန်လုပ်ခြင်း ဖြစ်သည်။

ထို့နေ့ ညနေချမ်းအချိန်မှာပင် မြေရှင်ကြီးရှေ့တွင် ရေခါ၏ မောက်မာနေပုံများကို ဖွင့်ဟပြောဆိုလေသည်။ ထို့နောက် 'တစ်ရပ်လုံး ပျက်စီးနေကြောင်း'ကိုလည်း ဆက်လက်ပြောဆိုလေသည်။ မြေရှင်ကြီးသည် ညတွင်းချင်းပင် ဆုံးဖြတ်ချက် ချလိုက်လေသည်။

မနက်မိုးလင်းသောအခါ ရေခါထံမှ နို့ မရောက်လာပေ။

ဗျာဒါရောက်လာသောအခါ ရေခါက 'နွားနှင့် ကျဲများ မရှိတော့ကြောင်း'ကို ပြောပြသည်။ မြေရှင်သည် နောက်ထပ် ဗျာဒါလူကြမ်း ၅ ယောက်ကို အမိန့်ပေးလိုက်သည်။

''သွားကြ။ ကမြင်းမသားရဲ့မိန်းမနို့ ညစ်ယူခဲ့ကြ။''

ရွာရှိလူပေါင်းများစွာ ထိုနေရာတွင် ရှိနေကြ၏။ ရွာသားများက 'ရေခါကိုဖမ်း၍ ခေါ်ဆောင်လာလိမ့်မည်။'ဟုသာ ထင်ကြ၏။

ရေခါကို ဘာမှပြောမနေတော့ဘဲ ဗျာဒါများက ဖမ်းဆီးတုပ်နှောင်ကာ လက်ပြန်ကြိုး တုပ်လေသည်။ ထို့နောက် ဗျာဒါ ၂ ယောက်က အိမ်ထဲသို့ ဝင်သွား၍ မင်္ဂီရိကို ဖမ်းဆီးကြလေသည်။ ကုကယ်မည့်

သူမရှိသော ရေခါသည် သွေးရောင်သန်းနေသော မျက်လုံးများဖြင့် ကြည့်နေရှာသည်။ ထိုအချိန်မှာပင် ဗျာဒါ ၂ ယောက်တို့သည် အော်ဟစ်နေသော မင်္ဂီရီ၏နို့ကို ဆွဲကိုင်ကာ ဖန်ခွက်ထဲသို့ အကြိမ်ကြိမ် နို့ရည်များကို အတင်းညှစ်ထည့်ကြလေသည်။ ဗျာဒါများသည် ရေခါအား ထား၍ ထွက်သွားကြလေသည်။

မင်္ဂီရီသည် ရှက်လွန်း၍ မျက်နှာမဖော်တော့ဘဲ ထိုင်နေရှာသည်။ ရေခါကား မေ့မျောက်သွား သောစကားလုံးများ ပြန်ပေါ်လာ၍ ပြောလေသည်။

''မရှက်ပါနှင့် မင်္ဂီရီရယ်။ ခုလိုအခါမျိုးမှာ တို့ရွာက ပဋ္ဌာယတ်သာ အသက်ရှင်နေသေးရင် ဇကရဇ် တောင် ဒီလို မလုပ်နိုင်ပါဘူး။ အေး-ဒီလိုစော်ကားတဲ့အတွက် ဒင်းတို့တော့ တွေ့ကြသေးတာပေါ့။ ငါ့ သွေးကြောထဲမှာ အဟိရိလူမျိုးသွေး အစစ်ပါရင် ဒီဝါနဲ့နှင့် ရာမပုရိကမြေရှင်ကြီး ဆွေမျိုးတွေထဲက ငိုမယ့်သူ တစ်ယောက်တောင်မှ ကျန်တော့မယ် မဟုတ်ဘူးပေါ့ကွယ်။ ဒီစော်ကားမှုကို ငါ့လက်နှင့် လက်စားချေ တော့မယ် မင်္ဂီရီ။ ကဲ-လာ။ ငါ့လက်ကို ဖြုတ်စမ်း။''

မင်္ဂီရီသည် ပြိုင်ဖြိုင်ကျသောမျက်ရည်များဖြင့် ရေခါ၏ လက်ပြန်ကြိုးများကို ဖြုတ်ပေးရှာသည်။ ရေခါသည် အိမ်တွင်းသို့ဝင်သွား၍ ဆုခါရိုကို ရင်ခွင်တွင်ပွေ့ချီကာ နှုတ်ခမ်းများကို နမ်းစုပ်လေသည်။ ထို့နောက် မင်္ဂီရီအား ပြောလေသည်။

''ဒီအိမ်ထဲက ထုတ်စရာရှိတာတွေ ထုတ်ပြီး နင့်အမေ (အဖေ)အိမ်ကို မြန်မြန်သွား။ ငါ ဒီအိမ်ကို မီးတိုက်ပစ်တော့မယ်။''

မင်္ဂီရီသည် ရေခါပြောသောစကားသံကို နားလည်၏။ သူမသည် ကလေးနှင့် အဝတ် ၂ ထည်-၃ ထည်ကို ယူပြီးနောက် ရေခါ၏ခြေစုံကို ဖက်သည်။ ရေခါသည် အသံကို ပျော့နိုင်သမျှ ပျော့ပျော့ ထား၍ ပြောလေသည်။

''နင့်ဂုဏ်အသရေကို ဆယ်တာ မဟုတ်ပါဘူး။ တစ်ရွာလုံးရဲ့ဂုဏ်အသရေကို ဆယ်ဖို့ရာအတွက် လက်စားချေရတော့မယ်။ သွားပေတော့။ ပြီးတော့ ဆုခါရိုကို ပြောရစ်ပါတော့နော်။ သူ့အဖေဟာဖြင့် 'ဘယ်လိုလူစား' ဆိုတာ။ ၊ဲ-ခပ်သုတ်သုတ်။ ငါ မီးဖိုထဲ မီးသွားရှို့လိုက်ဦးမယ်။''

မင်္ဂီရီသည် ဝေးနေသောနေရာသို့ ထွက်သွား၍ သူတဲ့ခေါင်မိုးမှ မီးတောက်မီးလျှံ ထွက်မလာမချင်း အိမ်ဘက် တမျှော်မျှော် စောင့်ကြည့်နေရှာသည်။

ရွာသားများသည် ရွာစပ်တွင်ရှိသော ရေခါ၏အိမ်ဘက်သို့ ပြေးသွား၍၊ ဓားလွတ်ကိုင်ထားသော ရေခါက မြေရှင်ကြီးများ၏ အလုပ်ဌာနဘက်သို့ ပြေးသွားလေသည်။ သေမင်းကိုမြင်၍ ဗျာဒါများ, လက်စွဲ များ သုတ်ခြေတင်ကြလေသည်။ ရေခါသည် မြေရှင်ကြီးနှင့် ပဋ္ဌာဝါရီ (ကျေးရွာစာရင်းကိုင်)ကို ခုတ်သတ် သောအခါ ရေခါက ကြိမ်းဝါးလိုက်သေးသည်။

''ဟေ့-လူယုတ်မာတွေ။ နင်တို့ သေပြီးတဲ့နောက် ငိုမယ့်လူလည်း တစ်ယောက်မှ မချန်ဘူးဟ။''

ရေခါသည် သူ့စကားအတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်သည်။ ပဋိညာဉ်ခံထားသည်ထက်ပင် သာသာထိုးထိုးဆောင်ရွက်လိုက်သည်။

လူရက်စက်ကြီး ကွန်ဝေါလ်ဆိသည် ရေခါပေါင်း ဘယ်နယောက် ပေါက်ဖွားပေးခဲ့လေသနည်း။


မင်္ဂလာသီဟ

၁၈

မင်္ဂလသီဟ

အချိန်- ခရစ်နှစ် ၁၈၇၅။

၁

သူတို့ ၂ ယောက် ရဲတိုက်ကြီး (လန်ဒန်) သွားကြည့်ကြလေသည်။ သူတို့သည် ရွှေနန်းတော်ကြီး၏ ရန်သူတော်များ အသက်ထက်ဆုံး အကျဉ်းခံသွားရသည့် အချုပ်ခန်းများကို တွေ့မြင်ရလေ၏။

ရှင်ဘုရင်များသည် သေရေးရှင်ရေး-၂ခုစလုံး၏ 'အရေးရှင်များ' ဖြစ်၍ အမှန်စင်စစ်အားဖြင့် 'ကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏ဘုရင်ခံ (အိမ်ရှေ့စံ)များ၊ သို့မဟုတ် အာဏာသား(ယမမင်း)ဖြစ်သည်။' ဟူသောအချက်ကို အခိုင်အမာ သက်သေပြနေသော ကားစင်, ပုဆိန်များနှင့် အခြားလက်နက်များ ကို သူတို့ တွေ့မြင်ရလေ၏။ သို့ရာတွင် သူတို့အားလုံးထက် စိတ်ဝင်စားစရာအကောင်းဆုံးမှာ အင်္ဂလန် ပြည် ဘုရင်တစ်ပါးနှင့် ဘုရင်မများစွာတို့၏ ဦးခေါင်းများကို အဖြတ်ခံ၍ မြေမှုန့်များအလိမ်းလိမ်း ဖြစ်ခဲ့ သော နေရာပင် ဖြစ်၏။

ခါတိုင်းကဲ့သို့ပင် ဓနိရဆလ်(အင်နီရပ်ဆဲလ်)၏ ပျော့ပျောင်းနူးညံ့သော လက်သည် သူ၏လက်ထဲ ရောက်နေ၏။ သို့ရာတွင် ယနေ့သော်ကား အင်နီရပ်ဆဲ၏ လက်တွင်ရှိသော နူးညံ့ပျော့ပျောင်းမှုမှာ သတ္တိ တစ်မျိုး တိုးဝင်နေဟန် ရှိလေ၏။ သူမ၏လက်မှ လွန်ခဲ့သော ၁၀ နှစ်-၁၈၄၅ ခုက ဝိန္ဒာပညာရပ်ဆရာ ဖာရာဒေတွေ့ရှိခဲ့သည့် လျှပ်စစ်ဓာတ်အားကဲ့သို့သော ဓာတ်အားတစ်ခုသည် သူ့တစ်ကိုယ်လုံး လျှောက် သွားနေသည်။-ဟု ထင်ရလေ၏။

''အင်နီ။ မင်းဟာ လျှပ်စစ်ဓာတ်အားပေးအိုး (ဗက်ထရီ) လား။''

မင်္ဂလသီဟက ပြော၏။

''ရှင်ဘာဖြစ်လို့ ဒီလိုမေးဝံ့ာလဲ မင်္ဂလ။''

''ကျုပ် ဒီလိုခံစားရလို့ပဲ။ လွန်ခဲ့တဲ့ ၁၆ နှစ်လောက်က ကျုပ် အင်္ဂလန်ပြည်ရဲ့မြေကို ပထမဆုံး နင်းတဲ့အခါမှာ ကျုပ်ဟာ မှောင်ထဲကထွက်ပြီး တောက်ပတဲ့နေရောင်အောက် ရောက်လာရသလို ဖြစ်ခဲ့ တယ်။ ကျုပ်ရှေ့မှာ ကြီးကျယ်ဆန်းသစ်တဲ့ ကမ္ဘာကြီးကို တွေ့ရတယ်။ စတုရန်းမိုင် အကျယ်အဝန်းနှင့် ကြီးကျယ်တာကို ကျုပ် မဆိုလိုပါဘူး။ ဝေးလံတဲ့ အနာဂတ်ကာလထဲမှာ ကျယ်ပြန့်သွားတဲ့ မြက်ခင်းကို ဆိုလိုတယ်။ ထူးဆန်းပြီး အံ့သြစရာတွေလည်း အများကြီး ရှိတယ်။ ကန့်လန့်ဒူထုတ်သကြား-အေဒီ ၁၈၀၈၊ မီးသင်္ဘော-၁၈၁၉၊ မီးရထား-၁၈၂၅၊ ကြေးနန်း-၁၈၃၃၊ မီးခြစ်-၁၈၃၈၊ ဓာတ်ပုံပညာ-၁၈၃၉၊ လျှပ်စစ် ဓာတ်မီး-၁၈၄၄ တို့ပေါ့လေ။ ဒါပေမယ့် ကျုပ် ကင်းဘရစ်ကို ရောက်သွားပြီး ဒါတွေကို လေ့လာနိုင်တဲ့ အပြင် ဓာတ်ခွဲစမ်းသပ်ရုံမှာ လက်တွေ့လုပ်ငန်းတွေ တွေ့မြင်ရတော့၊ 'ကမ္ဘာမှာ ကြီးကျယ်တဲ့အနာဂတ် အလားအလာကြီးတစ်ရပ် ရှိနေတာ'ကို ကျုပ် သိစ ပြုလာတော့တာပဲ။''

ကျွန်မတို့က ဒီမြစ်ကို
'အဖ တိမ်းမြစ်'လို့ ခေါ်တယ်။
ဟုတ်တယ် မဟုတ်လား။''
''ကျုပ်တို့ကတော့ 'အမိဂင်္ဂါမြစ်'လို့ ခေါ်ကြတယ်။''
''ရှင်တို့စိတ်ကူးက ဝိုင်းသိမ်မွေ့တယ် မင်္ဂလ။

''အင်္ဂလန်ပြည်လာရတာ အမှောင်ထဲက အလင်း ရောက်သလို ရှင် တကယ်ပဲဖြစ်သလား။''

''ကျုပ်ပြောပြနေတဲ့ အဓိပ္ပာယ်မျိုးနှင့် ဖြစ်တယ်။ ဒါမှမဟုတ်ရင် ကျုပ် အိန္ဒိယပြည်ကို ခွဲခွာ လာတာဟာ စိတ်ကူး ၂ ခုပဲ ရှိတယ်။ ကျုပ်ကိုးကွယ်တဲ့ အရှင် 'ဂျီဇပ်'ကို ကိုးကွယ်ကြတဲ့သူတွေရဲ့ တိုင်းပြည်ကို ကြည့်ဖို့နှင့် ကျုပ်ဆွေမျိုးသားချင်းတွေ အသိမ်းခံရတဲ့ နှန်းစဉ်ရတနာပစ္စည်းတွေ ပြန်ရအောင် ကြိုးစားဖို့ပဲ ဖြစ်တယ်။''

''ကျွန်မ ရှင့်အကြောင်းမေးချင်တာ ခဏခဏပဲ။ ဒါပေမယ့်လည်း ကျွန်မ အမြဲပဲ မေ့မေ့သွား တယ်ရှင့်။ ခု ရှင့်အတ္ထုပ္ပတ္တိ ပြောပြစမ်းပါ မင်္ဂလ။''

''ကျုပ်ရဲ့ဘဝလမ်းစဉ်ကို ပြောင်းလဲပေးတဲ့လူတစ်ယောက်ကို ကျုပ်အတ္ထုပ္ပတ္တိကို ပြောပြဖို့ မငြင်းနိုင်ပါဘူး။ လာကွယ်-အင်နီ။ အေးအေးဆေးဆေး တိမ်း(သိမ်း)မြစ်ကမ်းပါး သွားကြစို့လား အချစ် ရယ်။ တိမ်းမြစ်ဟာ ကျုပ်တို့ဂင်္ဂါမြစ်လောက် ကြီးလည်းမကြီး လှလည်းမလှဘူးနော်။ ဒါပေမယ့် တိမ်း မြစ်ကိုကြည့်နေရင်း ဂင်္ဂါမြစ်ရဲ့ ကြည်နူးစရာတွေကို သတိပြန်ရတယ်။ မင်းသိတဲ့အတိုင်း ခရစ်ယာန် ဘာသာဝင်တွေဟာ တခြားဘာသာတရားတွေကို 'မိစ္ဆာဒိဋ္ဌိ ဘာသာတရားတွေ'လို့ မှတ်ပြီး အထင်သေးကြ တယ်။ ဒါပေမယ့် ဒီတိမ်းမြစ်ဟာ ကျုပ်ကို ခရစ်ယာန်မဖြစ်စေဘဲ မိစ္ဆာဒိဋ္ဌိတစ်ယောက် ပြန်ဖြစ်သွား စေတယ်။ တိမ်းမြစ်ဟာ ဂင်္ဂါမြစ်ကို သဒ္ဓါတရားထက်ထက်သန်သန်နှင့် ပန်းပူဇော်နေတဲ့ ကျုပ်အမေ မိစ္ဆာဒိဋ္ဌိဟိန္ဒူဘာသာဝင်မကြီးကို ပြန်တွေးမိအောင် လုပ်နေတယ်။''

သူတို့ မြစ်ကမ်းပါးရောက်သွားလေရာ မြစ်ရေပြင်နှင့် မျက်နှာချင်းဆိုင်နေသော ကျောက်တန်းပေါ် ထိုင်ကြလေ၏။

အင်နီ၏ ရွှေရောင်တောက်နေသော ဆံခက်ကလေးများမှာ သူမ၏ဦးထုပ်ဖြူထဲမှ ထွက်ကာ ပါးအိုများပေါ်မှာ ကျဆင်း၍ လေညင်းဆော့လေတိုင်း လှုပ်ရှားနေပေ၏။ မင်္ဂလသည် စကားစလိုက်ကာ ဆံခက်ကလေးများကို နမ်းစုပ်လိုက်လေသည်။

''ကျုပ် တိမ်းမြစ်ရဲ့ ဒီကမ်းနဖူးပေါ်မှာ ရပ်ရပ်ပြီး ကျုပ်တို့ရဲ့ဂင်္ဂါမြစ်ကို ပန်းပူဇော်တာ ခဏခဏ ပဲ။''

''ရှင့်အမေဟာ ဂင်္ဂါမြစ်ကို ပန်းပူဇော်လေ့ ရှိသလား။''

''ပူဇော်တယ်။ ဂျီဇပ်ဘုရားသခင်ကို ဆုတောင်းကြတဲ့ ခရစ်ယာန်ဘာသာဝင်တွေ စွဲလမ်းထက်သန် သလိုပဲ စွဲစွဲလမ်းလမ်း ထက်ထက်သန်သန် ပူဇော်တယ်။ ပထမ ကျုပ် ခရစ်ယာန်ဘာသာဝင်တစ်ယောက် ဖြစ်လာတဲ့အချိန်မှာ 'ဒါဟာ ရွှံ့စရာမုန်းစရာ ထုံးစံတစ်ခုပဲ။'လို့ စိတ်ထဲမှာ ထင်ခဲ့တယ်။ ဒါပေမယ့် အဲဒီနောက်မှာ ကျုပ်တို့ဂင်္ဂါမြစ်ကို မရိုမသေလုပ်မိတဲ့အတွက် ကျုပ်စိတ်ထဲမှာ ကြောက်ပြီး နောင်တ ရမိ တယ်။''

"ခရစ်ယာန်ဘာသာက ဖိနှိပ်ပစ်ဖို့ ကြိုးစားခဲ့တဲ့စိတ်ဓာတ်တွေကို ကျွန်မတို့ရဲ့ စာဆိုကြီးတွေက အသက်ပြန်သွင်းပေးတယ်။ ကျွန်မတို့က ဒီမြစ်ကို 'အဖ တိမ်းမြစ်' လို့ ခေါ်တယ်။ ဟုတ်တယ် မဟုတ်လား။"

"ကျုပ်တို့ကတော့ 'အဓိဂဂါမြစ်' လို့ ခေါ်ကြတယ်။"

"ရှင်တို့စိတ်ကူးက ဝိုင်းသိမ်မွေ့တယ် မင်္ဂလ။ ဒါထက် ရှင့်အကြောင်း ပြောစမ်းပါဦး။"

"အင်း-ဗာရာဏသီနှင့် ရာမနဂိုရ်ဟာ နည်းနည်းသာဝေးတဲ့ မြို့ ၂ မြို့ ဖြစ်တယ်။ ဂင်္ဂါမြစ်ရဲ့ ဟိုဘက်သည်ဘက် တစ်ဖက်ကမ်းစီပေါ်မှာ တည်ရှိတယ်။ ကျုပ် ၁၆နှစ်လုံးလုံး ဂင်္ဂါမြစ်ကို တွေ့မြင်နေခဲ့ရတယ်။ ဗာရာဏသီမြို့က ကျုပ်တို့အိမ်ဟာ ကမ်းနဖူးပေါ်မှာ ရှိတယ်။ အိမ်အောက်ဘက်မှာ အထစ် ၆၀ ရှိတဲ့လှေကားဟာ ရေပြင်နှင့် သွားထိနေတယ်။ ကျုပ်မွေးလာပြီး မျက်စိ စဖွင့်တဲ့အချိန်မှာ ကျုပ် အမေဟာ ကျုပ်ကို ရင်ခွင်ပိုက်ပြီး ဂင်္ဂါမြစ်ကို ပြချင်ပြမှာပဲ။ ဘာပဲဖြစ်ဖြစ်လေ-ထူးဆန်းတဲ့နည်းတစ်နည်းနှင့် ဂင်္ဂါမြစ်ဟာ ကျုပ်ရဲ့အသွေးအသားထဲ ရောက်နေပုံရတယ်။ ရာမနဂိုရ်မှာ ကျုပ်အဘိုးရဲ့ ရဲတိုက်ကြီး ရှိတယ်။ ဒါပေမယ့် ကျုပ် အဲဒီရဲတိုက်ကြီးကို မြစ်ထဲ လှေပေါ်ကနေပြီး ၂ ခါ-၃ ခါသာ မြင်ရဖူးတယ်။ ကျုပ်ကလည်း ခဏခဏ ကြည့်ချင်မြင်တဲ့စိတ် မရှိပါဘူး။ နေချင်စိတ်လည်း မရှိပါဘူး။ ကျုပ် အနေကလည်း ရဲတိုက်ကြီးကို သွားချင်စိတ် မရှိဘူး။ မင်း စဉ်းစားကြည့်လေ အင်နီ။ အဲဒီရဲတိုက်ကြီးထဲမှာ မင်းသမီးအဖြစ်နှင့် နေလာခဲ့ပြီး၊ ခုတော့ အင်္ဂလိပ်ကြောက်ရလို့ နာမည်ဝှက်နှင့် ဗာရာဏသီမြို့မှာနေရတဲ့ မိန်းမတစ်ယောက်ဟာ ဒီရဲတိုက်ကြီးကို ထပ်ပြီးကြည့်နိုင်ဖို့ ခက်ပါတယ်။ ကျုပ်ရဲ့အဘိုးဟာ ဘုရင်ခံဘေးပြကြီး 'ဝါရင်ဟက်စတင်' က မတရားသဖြင့် ပစ္စည်းတွေ အတင်းအလုခံရတဲ့ 'စေတသီဟ' ပါပဲ။

"အင်္ဂလန်ပြည်မှာ ဝါရင်ဟက်စတင်ကို သူ့ရဲ့မတရားမှုအတွက် တစ်စိတ်တစ်ဒေသ အပြစ်ပေးလိုက်တယ်။ ဒါပေမယ့် ကျုပ်အဘိုးကိုတော့ ဘယ်တော့မှ တရားအတိုင်း လုပ်မပေးဘူး။ ခိုးယူထားတဲ့ ထီးနန်း ပြန်ပေးဖို့ဆိုတာ စရိတ်ကြီးလေးတဲ့တရားမျှတမှုမျိုး ဖြစ်မှာပေါ့နော် အင်နီရယ်။"

"ရှင့်အမေ ရှိသေးသလား။"

"ကျုပ်တို့ ဗာရာဏသီမှာနေတဲ့ ခရစ်ယာန်ဘုန်းတော်ကြီးဆီက စာ ခဏခဏရတယ်။ ကျုပ် အမေဆီကို ဘုန်းကြီးကတစ်ဆင့် ကျုပ် စာရေးတယ်။ လွန်ခဲ့တဲ့ ၅ လ လောက်ကအထိတော့ ရှိသေးတာပဲ။"

"ဒါဖြင့် ရှင့်အမေက ခရစ်ယာန် မဟုတ်ဘူးပေါ့။"

"မဟုတ်ဘူး။ အမေကတော့ ခုအထိ ဟိန္ဒူပဲ။ ကျုပ်အမေကို ဘာသာပြောင်းပေးချင်တဲ့စိတ် ရှိခဲ့ဖူးတယ်။ ဒါပေမယ့် ခုတော့"

"ခုတော့ ရှင့်အမေဘေးက ဂင်္ဂါမြစ်ကို ပန်းပူဇော်ချင်တယ် မဟုတ်လား။"

"ကျုပ် ဒီလိုလုပ်လိုက်ရင် သာသနာပြုဆရာတွေက ကျုပ်ကို 'ခရစ်ယာန်ဘာသာ စွန့်လိုက်ပြီ။' လို့ ပြောကြမှာပဲ။"

"ရှင် ခရစ်ယာန်ဘာသာဝင် ဘယ်လိုဖြစ်လာသလဲ။"

"စေတနာနှင့် ဖြစ်လာတဲ့ကိစ္စ မဟုတ်ပါဘူး။ တခြားမှာလိုပဲ ဗာရာဏသီမှာလည်း ခရစ်ယာန်ဘာသာတရားဟောဆရာတွေ ရှိကြတယ်။ ယောကျ်ားရော, မိန်းမရောပေါ့။ ဒါပေမယ့် ဗာရာဏသီက ဟိန္ဒူမြို့တော်ကြီး ဖြစ်တယ်။ ဒါကြောင့် သူတို့ဟာ သိပ်ပြီး အောင်အောင်မြင်မြင် မဖြစ်နိုင်ကြဘူး။ တစ်ခါတော့ သာသနာပြု ဆေးဆရာတစ်ယောက် ကျုပ်အမေကို ဆေးလာကုတယ်။ အဲဒီနောက်ကျတော့ သူ့မိန်းမဟာ ကျုပ်တို့အိမ်ကို လာလည်တာပဲ။ အဲဒီ သာသနာပြုဆရာမိန်းမနှင့် ကျုပ်အမေဟာ အတော်ပဲ

ရင်းရင်း နှီးနှီး ခင်ခင်မင်မင် ဖြစ်လာတယ်။ ကျုပ်ကလည်း ကလေးပဲ ရှိသေးတယ်။ အဲဒီမိန်းမဟာ ကျုပ်ကို သူ့ပေါင်ပေါ်တင်ပြီး ထိုင်ခိုင်းလေ့ ရှိတယ်။''

''ရှင်ဟာ ကလေးတုန်းကတောင် သိပ်ကြည့်ကောင်းမှာပဲနော် မင်္ဂလာ။ ရှင့်ကို မချီချင်တဲ့လူ ဘယ်သူ ရှိမလဲ။''

''ဒါနှင့် ကျုပ်ကို အင်္ဂလိပ်စာသင်ဖို့ အဲဒီမိန်းမက ကျုပ်အမေကို ပြောတယ်။ ကျုပ် ၅နှစ်-၆ နှစ်သားကျတော့ သူ့ယောကျ်ားက အင်္ဂလိပ်စာ စသင်ပေးတာပဲ။ ကျုပ်အမေကတော့ သူ့ဆွေတော်မျိုးတော်များရဲ့ ဆုံးရှုံးသွားခဲ့တဲ့အခြေအနေ အရိုက်အရာကို အမြဲတွေးနေတယ်။ 'သူသား ကျုပ်ဟာ အင်္ဂလိပ်စာ တတ်လာရင် ဆွေတော်မျိုးတော်များရဲ့ ပစ္စည်းရတနာတွေကို ပြန်ရအောင် တစ်ခုခုလုပ်နိုင်မှာပဲ။' လို့ မျှော်လင့်ချက် ထားတယ်။ ကျုပ်အဖေကတော့ ကျုပ် ၃ နှစ်သားလောက်မှာ ဆုံးရှာတယ်။ ဒါကြောင့် အစစအရာရာကို ကျုပ်အမေပဲ စီမံလုပ်ခဲ့ရတယ်။ ကျုပ်တို့ရဲ့ ထီးမွေနှန်းမွေနှင့်အတူ ကျုပ်တို့ရဲ့ ဥစ္စာ များလည်း ပျောက်ကွယ်ခဲ့တယ်။ ဒါပေမယ့် ကျုပ်အမေမှာ ယောကျ္ဃမကပေးခဲ့တဲ့ လက်ဝတ်လက်စားတွေ တော်တော် များများ ရှိတဲ့အပြင် သူ့အစ်ကိုကလည်း ဂရစိုက်တယ်။ ကျုပ် ၈ နှစ်သားရှိတော့ အဲဒီသာသနာပြု ဆရာအိမ်မှာ အချိန်တစ်ဝက် ကုန်ရတယ်။ ကျုပ် ဟိန္ဒူဘာသာတရားကို များများလေ့လာဖို့ အခွင့်အခါ ကြုံကြိုက်ခဲ့ဘူး။ ကျုပ်တတ်သမျှ နားလည်သမျှ ဟိန္ဒူဘာသာအကြောင်းဟာလည်း အဲဒီသာသနာပြု ဆရာမိန်းမဆီကပဲ ဖြစ်တယ်။

''အဲဒီဆရာမိန်းမက 'ကျုပ်အမေ အသက်ချမ်းသာရာရတာ ကျုပ် 'သိပ်ကံကောင်းတယ်' လို့ ပြောလေ့ ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အဖေဆုံးသွားတော့ လူတွေက ကျုပ်အမေကို အရှင်လတ်လတ် မီးရှို့ပြီး ကိုယ့်ကိုယ်ကို သတ်သေစေကြတယ်။ ဒီတော့ 'ဟိန္ဒူဘာသာတရား' ဆိုတာ ကျုပ်အမေ အရှင်လတ် လတ် မီးရှို့ခံရတာနှင့် အတူတူပဲ အဓိပ္ပာယ်ရှိတယ်။' လို့ ကျုပ် ထင်ခဲ့တယ်။ အဲဒီတော့ ကျုပ်ဟာ ဒီလို ဘာသာတရားတစ်ခုအပေါ်မှာ ခါးခါးသီးသီးမုန်းတာကလွဲလို့ ဘယ်လိုများ ဖြစ်နိုင်ဦးမှာလဲ။-ဆိုတာ မင်း တွေးကြည့်နိုင်တယ် အင်္ဂနီရယ်။ အဲဒီအဖြစ်အပျက်ဟာ 'ဆတီ' စနစ်ကို နှိပ်ကွပ်တဲ့ ၁၈၂၉ ခုနှစ် မတိုင်မီ ၂ နှစ်အလိုမှာ ဖြစ်တယ်။

''ကျုပ်ရဲ့ ကောင်းစားရေးကိုစဉ်းစားပြီး ကျုပ်အမေက အဲဒီသာသနာပြု ဆရာမိန်းမရဲ့ သြဝါဒ အရ ကျုပ်ကို ကာလကတ္တားမှာ ကျောင်းထားတယ်။ သာသနာပြုဆရာနှင့် သူ့မိန်းမဟာ ကျုပ်အတွက် အစစအရာရာ ဆောင်ရွက်ပေးကြတာ ကျုပ်ကို 'ခရစ်ယာန်ထဲ သွင်းဖို့များ ဖြစ်ရော့သလား။' လို့ ကျုပ် အမေက မသက်ာ ဖြစ်လာတယ်။ မသက်ာ စောစောက မဖြစ်တာပဲ တော်သေးရဲ့။ ဒီလိုမဟုတ်ရင် ကျုပ် မျက်စိပွင့်ဖို့ အခွင့်ကောင်း ကြုံတော့မှာမဟုတ်တော့ဘူး။''

''အိန္ဒိယပြည်မှာ ကလေးတွေကို ပညာသင်ပေးဖို့ စိတ်မကူးကြဘူးလား။''

''ကျုပ်ကို ပညာတစ်ရပ်ရပ်တော့ သင်ပေးမှာပေါ့။ ဒါပေမယ့် နှစ်ပေါင်း ၁၃၀၀ လောက်တုန်းက အသုံးကျတဲ့ဟာမျိုးသာ ဖြစ်မှာပေါ့။''

''အင်္ဂလန်လာဖို့ ရှင့်အမေ ခွင့်ပြုချက်ရအောင် ရှင် ဘယ်လိုလုပ်ခဲ့ရသလဲ။''

''အမေ့ခွင့်ပြုချက်လား။ ကျုပ် ခွင့်မတောင်းဘဲ လာတာ။ သာသနာပြုဆရာက ကူတယ်။ သူက ကျုပ်အတွက် ကင်းဘရစ်ဂျ်မှာ ပညာသင်ဖို့ စီစဉ်ပေးတယ်။ ကျုပ် ဒီကနေပြီး၊ 'ကျုပ် မာကြောင်း, ပျော်ကြောင်း' ကျုပ်အမေဆီ သတင်းပေးလိုက်တော့ ကျုပ်အမေက မေတ္တာပို့ ဆုတောင်းရှာတယ်။ ခု ကျုပ် အမေ ၅၅ နှစ် ကျော်ပြီ။ စာရေးတိုင်း ကျုပ် ပြန်လာဖို့ မှာရှာတယ်။''

''အဲဒီတော့ ရှင်က ဘယ်လို ပြန်လိုက်သလဲ။''

''ကျုပ်က အကြောင်းအမျိုးမျိုး ပြနေရတာပေါ့။ 'ဒီရွှေမြို့တော်ကြီးမှာ ကျုပ်ဟာ အင်္ဂလန်ပြည်ဘုရင်မကြီးနှင့် တွေ့ဆုံနေတယ်။ တစ်နေ့ကျ စေတသီဟရဲ့နန်း ပြန်တက်သို့ ကျုပ်ပြန်လာလိမ့်မယ်။' လို့ ကျုပ်အမေက ထင်နေရှာတယ်။''

''ဂင်္ဂါမြစ်ကိုးကွယ်တဲ့ သနားစရာ အမယ်ကြီးပေါ့နော်။ ရှင်ဟာ ဝိတိုရိယဘုရင်မကြီးနှင့် မဟုတ်ဘဲ ကမ္ဘာ့သရဖူဆောင်းအားလုံးရဲ့ ကြောက်စရာကောင်းတဲ့ရန်သူ ကာလမာ့က်စ်၊ ဖရက်ဒရစ်အင်ဂဲလ်စ်တို့နှင့် တွေ့နေတယ်လို့ ရှင့်အမေက နည်းနည်းမှ တွေးမှာ မဟုတ်ဘူးနော်။''

''အိန္ဒိယပြည်ဟာ အရင်းရှင်ကမ္ဘာနှင့် အဲဒီကမ္ဘာရဲ့တန်ခိုးသတ္တိကို မသိသေးဘဲနှင့် မာ့က်စ်ရဲ့ ကော်မျူနစ်ဝါဒ (သမ္မဝါဒ)ကို ဘယ်လိုလုပ် နားလည်မှာလဲ။''

''မာ့က်စ်က ရှင့်ကို အိန္ဒိယပြည်အကြောင်း ပြောဖူးရဲ့လား။''

''အကြိမ်ပေါင်းများစွာ ပြောဖူးတယ်။ ဒီမှာနေရင်း မာ့က်စ်ဟာ အိန္ဒိယပြည်ရဲ့ဘဝဖြစ်စဉ်ကို ဒီလောက်အများကြီး သိနေနိုင်တာကို တွေ့ရတော့ ကျုပ် အံ့သြမိတယ်။ ဒါပေမယ့် အဲဒါဟာ မျက်လှည့်ဆရာ မျက်လှည့်ပြတာတော့ မဟုတ်ဘူး။ ဒီလန်ဒန်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၀ အတွင်း အိန္ဒိယပြည့် အကြောင်း အင်္ဂလိပ်တွေ စုဆောင်းရေးသားထားတာတွေကို အကုန်လုံးတွေ့နိုင်တယ်။ မာ့က်စ်ဟာ အဲဒီဖုန်တက်နေတဲ့စာအုပ်ကြီးတွေ ဂရုစိုက်ဖတ်ပြီးတဲ့အပြင်၊ လန်ဒန်မှာ အိန္ဒိယလူမျိုးတွေနှင့် တွေ့တိုင်းမေးမေးကြည့်ပြီး သူ့ဆုံးဖြတ်ချက်ကို စမ်းသပ်စစ်ဆေးကြည့်တယ်။''

''အိန္ဒိယရဲ့ အနာဂတ်နှင့်ပတ်သက်လို့ မာ့က်စ်က ဘယ်လိုထင်သလဲ။''

''သူက အိန္ဒိယစစ်သားတွေရဲ့ ရဲစွမ်းသတ္တိကို အားကြီး လေးစားတယ်။ ကျုပ်တို့ရဲ့ ပညာဉာဏ်ကိုလည်း ချီးမွမ်းပါတယ်။ ဒါပေမယ့် ကျုပ်တို့ရဲ့ 'အသက်ကြီးတဲ့ ဖောက်ပြန်ရေးသမားတွေဟာ အိန္ဒိယပြည်ရဲ့ အကြီးဆုံးရန်သူတွေပဲ။' လို့ မာ့က်စ် ထင်တယ်။ ကျုပ်တို့ရဲ့ကျေးရွာတွေကို 'ကိုယ်ပိုင်ပြည့်ဝတဲ့ ဒေသတနိုင်ငံကလေးတွေ' လို့ မာ့က်စ်က ယူဆတယ်။''

'''သမ္မတနိုင်ငံတွေ' တဲ့လား။''

''ဟုတ်တယ်။ တစ်တိုင်းပြည်လုံးကို ဆိုတာ မဟုတ်ဘူး။ နယ်တစ်နယ်တည်းက ပေါင်းထားတဲ့ ရွာ ၂ ရွာကိုတောင် ဆိုတာ မဟုတ်ဘူး။ 'တစ်ရွာစီ တစ်ရွာစီ' ဆိုတာ နေရာတကာမှာ မဟုတ်ပါဘူး။ လော့ဒ်ကွန်ဝေါဆက အင်္ဂလိပ် နယ်မှုနာအတိုင်း မြေပိုင်ရှင်စနစ်ကို တည်ထောင်လိုက်တဲ့နေရာတွေမှာ ကျေးရွာကိုယ်ပိုင်အစိုးရဟာ ပျောက်သွားပြီ။ အဲဒီ ကျေးရွာကိုယ်ပိုင်အစိုးရ နည်းအရ လူတွေဟာ သူတို့ကိစ္စတွေ စိမံဖို့ ၅ ယောက်-၅ ယောက်အထက် အလွန် ကျေးရွာခေါင်းဆောင်များကို ရွေးကောက်တင်မြှောက်ကြတယ်။ ကျေးရွာခေါင်းဆောင်တွေဟာ ကာကွယ်စောင့်ရှောက်ရေး၊ တရားစီရင်ရေး၊ ဆည်မြောင်းဖောက်လုပ်ရေး၊ ပညာရေး၊ ဘာသာကိုးကွယ်ရေးနှင့် အခြားအလုပ်တွေကို စီမံအုပ်ချုပ်ကြတယ်။

''သူတို့မှာ ဉာဏ်အမြော်အမြင် ရှိတယ်။ ပါးနပ်လိမ္မာတယ်။ တရားတယ်။ အဂတိ မလိုက်စားဘူး။ ရွာထဲက လူတိုင်းဟာ ကြီးကြီးငယ်ငယ် ရွာပိုင် ဘယ်မြေကွက်ကိုမဆို ကာကွယ်ဖို့၊ ဒါမှမဟုတ် ရွာထဲက အဆင်းရဲဆုံးလူရဲ့ အသရေကို ကာကွယ်ဖို့၊ ပဋ္ဌာယတ် (ကျေးရွာဦးစီးအဖွဲ့)က နှိုးဆော်လိုက်တဲ့အခါမှာ အသက် အသေခံဖို့ အဆင်သင့်ရှိကြတယ်။ မုဆလိမ်ဘုရင်တွေဟာ အစပထမ ဒေလီအနီးအနားတစ်ဝိုက်ကိုပဲ အုပ်စိုးနေရပြီး၊ သူတို့ကိုယ်သူတို့ 'ယာယီနေရတဲ့လူတွေ' လို့ မှတ်ယူတုန်းက ပဋ္ဌာယတ်စနစ်ကို ဖြိုဖျက်ပစ်ဖို့ အားထုတ်ခဲ့တယ်။ ဒါပေမယ့် နောက်တော့ သူတို့တွေက ပဋ္ဌာယတ်တွေကို ကိုယ်ပိုင်အစိုးရအဖွဲ့တွေအဖြစ် အသိအမှတ်ပြုကြတယ်။ ဒါပေမယ့် အင်္ဂလိပ်အစိုးရနှင့် အထူးအားဖြင့် အင်္ဂလိပ်မြေရှင်ကြီးကွန်ဝေါလ်ဆ်ဟာ ကျေးရွာကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ကို ဖျက်ဆီးပစ်နေကြတယ်။

အိန္ဒိယလူမျိုးရေး မျိုးချစ်စိတ်ဓာတ်ဟာ
ကျေးရွာသမ္မတနိုင်ငံကလေးတွေ အတွင်းမှာသာ
သတ်မှတ်ပြီး ထားရှိနေသမျှ ကာလပတ်လုံး
ပိုပြီးကျယ်ဝန်းတဲ့ မျိုးချစ်စိတ် ရှိနိုင်တော့မှာ
မဟုတ တော့ဘူး။ အိန္ဒိယတစ်ပြည်လုံးကို
သစ္စာစောင့်ထိန်းလုပ်ကျွေးမှု, အသက်စွန့်မှုရှိနိုင်တော့မှာ
မဟုတ်တော့ဘူး။

''တော်တော်ပဲ အထမြောက်နေကြပြီ။ ဘာမှမလုပ်ဘဲ ထားလိုက်ရင် စနစ်ဟောင်းဟာ ဒါလောက် မြန်မြန် ပြိုကျမှာ မဟုတ်ဘူး။ ရွာရဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် စီးပွားရေး ကိုယ်ပိုင်လုံလောက်မှုကို အထိ ခိုက်ဆုံးဒဏ်ချက်ကတော့ လန်ကက်ရှိုင်းယားအထည်, ရုက်ဖီးသံထည်ပစ္စည်း စတဲ့ အင်္ဂလိပ်ကုန်ပစ္စည်း ဘွေ့ လိမ့်ဝင်လာတာပဲ။ ၁၈၂၂ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့မှာ ပထမဆုံးမီးသင်္ဘောကို ကာလကတ္တားမြို့မှာ ရေချတယ်။

''အကျိုးကတော့ ကျေးရွာပိုင် လုံလောက်မှုစနစ်က ကြံ့လေသမျှ အဖျက်အဆီး ခံရတာပဲ။ အိန္ဒိယရဲ့ ပဒုမ္မာချော အရောင်းအဝယ်ဌာနကြီးဖြစ်တဲ့ ဃကာ (ဒက္ကာ)မှာ အခုဆို လူဦးရေ ၃ပုံ ၂ပုံ မရှိတော့ဘူး အင်္ဂနိ။ အနို့-ပြီးတော့ တိုင်းရင်းသားအထည် ရက်သမားတွေဟာ ဆိုးဝါးတဲ့အခြေအနေ ရောက်နေတယ်။ အိန္ဒိယရွာတွေမှာ သံပစ္စည်းလုပ်ငန်း, အိုးလုပ်ငန်း, အထည်ရက်တဲ့လုပ်ငန်းတွေကို လွတ်လွတ်ကင်းကင်း လုပ်နိုင်ခဲ့တယ်။ ဒါပေမယ့် အခုတော့ အဲဒီပညာသည်တွေဟာ လက်ပိုက်ထိုင်လို့ ငတ်ပြီး အသေခံနေရတယ်။ ပစ္စည်းတွေက မန်ချက်စတာ, ဗာမက်ဃမ်နှင့် ရှဖီးက ရောက်လာကြတယ်။

''အထည်တစ်ခုကိုပဲ ကြည့်စမ်းပါဦး။ ၁၈၁၄ ခုနှစ်မှာ အထည်စပေါင်း ၂ သန်းနီးပါး (၈၆၆၆၀၈) အိန္ဒိယပြည် ဗြိတိန်ပြည်ကို ရောက်လာတယ်။ ၁၈၃၅ ခုနှစ်ကျတော့ အထည်စပေါင်း ၂ ဆနီးပါး ၃၃၇၆၀၈၆ ရောက်လာတယ်။ ဒါပေမယ့် အဲဒီနှစ်တွေအတောအတွင်းမှာ အင်္ဂလိပ်အထည် ဧရာမအရေအတွက် ၈၁၂၀၈၅၀၇၇၂၇၇ ကိုက်ပေါင်း အိန္ဒိယပြည်ထဲကို သွန်ပြီး ဝင်ခဲ့တယ်။ ခုတော့ ဒက္ကာပဒုမ္မာချော လုပ်နိုင်ခဲ့တဲ့ အိန္ဒိယပြည်ဟာ အင်္ဂလန်ပြည်ကို ဝါရိုင်းတွေပို့ပြီးတော့ အင်္ဂလန်ပြည်မှာ လုပ်တဲ့အထည်ကို သုံးနေတယ်။ နောက်ဆုံးစာရင်းကိုပဲ စဉ်စားကြည့်စမ်း။ ၁၈၄၆ ခုနှစ်မှာ ပေါင် ၁ သန်း (၁၀၇၅၃၀၉) တန်တဲ့ဝါဂွမ်းတွေ အင်္ဂလန်ပြည်ကို ရောက်လာတယ်။''

''သိပ်ရက်စက်တာပဲ။ သိပ်စော်ကားတယ်ပဲ။''

''ဒါပေမယ့် ကျုပ်တို့ဆရာ ပြောသလို နိုင်ငံခြားသားတွေ ဒီလိုစော်ကားတဲ့အတွက် မျက်ရည်ကျနိုင်တယ်။ ဒါပေမယ့် အကျိုးသင့်အကြောင်းသင့် လိုက်တတ်တဲ့လူတွေအနေနှင့် ရှေးရိုးဝါဒရဲ့ခံတပ်ကြီးတွေ ပြိုကျတဲ့အတွက်တော့ ကျုပ်တို့ ဝမ်းသာရမယ်။''

''ဒါဖြင့် ဒီဟာကို ကြည့်နည်း ၂ မျိုး ရှိတာပေါ့။''

''အမှန်ပဲ အင်္ဂနိ။ အမေဟာ ကလေးမွေးရတဲ့အခါ ဘယ်လောက်များ နာကျင်ရသလဲ။ ဒါပေမယ့် ကလေးရတဲ့အတွက် ဝမ်းသာအားရလည်း ဖြစ်တာပဲ။ ဖြိုမချဘဲ ဆောက်လို့ မရဘူး။ သမ္မတနိုင်ငံ ငယ်ငယ် ကလေးတွေကို ဖျက်ဆီးမပစ်ဘဲ တန်ခိုးအင်အားကောင်းတဲ့ သမ္မတနိုင်ငံကြီးတစ်ခုရဲ့ အုတ်မြစ်ကို

ချနိုင်မှာမဟုတ်ဘူး။ အိန္ဒိယလူမျိုးရေး မျိုးချစ်စိတ်ဓာတ်ဟာ ကေ၊ဂုသမ္မတနိုင်ငံကလေးတွေ အတွင်းမှာသာ သတ်မှတ်ပြီး ထားရှိနေသမျှ ကာလပတ်လုံး၊ ပိုပြီးကျယ်ဝန်းတဲ့ မျိုးချစ်စိတ် ရှိနိုင်တော့မှာ မဟုတ်တော့ဘူး။ အိန္ဒိယတစ်ပြည်လုံးကို သစ္စာစောင့်ထိန်း လုပ်ကျွေးမှု၊ အသက်စွန့်မှု ရှိနိုင်တော့မှာ မဟုတ်တော့ဘူး။ အခုတော့ အင်္ဂလိပ်ဟာ သူတို့ ကူးသန်းရောင်းဝယ်ရေးကို အထောက်အပံ့ပြုမယ့် သဘော်တို့၊ မိုးရထားတို့၊ ကြေးနန်းတို့လို စက်ယန္တရားကိုသာ သွင်းပေးနေကြတယ်။ ဒါပေမယ့် မှာက်စ်ပြောတာ တယ်မှန်တယ်။ အင်္ဂလိပ်အရင်းရှင်တွေဟာ သူတို့ရဲ့မိုးရထားတွေ တည်ဆောက်ရာ၊ ပြင်ဆင်ရာမှာ အိန္ဒိယရဲ့ ကျောက်မီးသွေးနှင့် သံကို မသုံးဘဲမနေနိုင် ဖြစ်လာတဲ့အခါမှာ သူတို့ဟာ အဲဒီပစ္စည်းတွေ ဈေးပေါမူကြောင့် ရှောင်နိုင်ဦးမှာလားတဲ့။ နောက်ပြီးတော့ အိန္ဒိယလူမျိုးတွေရဲ့ အသိဟာလည်း ဝိဇ္ဇာပညာရဲ့ အုံ့ဩစရာတွေကို တွေ့ကြုံနေရတဲ့အခါမှာ ဘယ်လောက်ကြာအောင် အိပ်မောကျနေနိုင်တော့မှာလဲ။''

''ဆိုလိုတာက ကုန်ထုတ်လုပ်ငန်းနှင့် အရင်းရှင်စနစ်ဟာလည်း အိန္ဒိယပြည်မှာ ပြန့်ပွားပေါ်ပေါက်လာရမှာပဲပေါ့။''

''ဒါပေါ့။ အခု အင်္ဂလန်ပြည်မှာ အာဏာဟာ မြေပိုင်ရှင်ပဒေသရာဇ်လူတန်းစား လက်ထဲက လွတ်ထွက်သွားပြီ မဟုတ်လား။''

''၁၈၃၂ ခုနှစ် ပြုပြင်ရေးဥပဒေကြမ်းက အာဏာကို အရင်းရှင်တွေလက်ထဲရောက်အောင် လုပ်လိုက်ပြီ။''

''ဒီဥပဒေကြမ်းဟာ တစ်မျိုးအားဖြင့် 'အရင်းရှင်တွေ အာဏာယူနေပြီ။' ဆိုတဲ့ အမှတ်အသားလည်း ဖြစ်တာပေါ့။''

''ဟုတ်လိုက်တာ။ ချာတစ်တွေရဲ့ အစည်းအဝေးတွေနှင့် သတင်းစာတွေဟာ မင်းစိတ်ကို မထိခိုက်ဘူးလား အင်နီ။''

''ချာတစ်တွေ ထတဲ့အချိန်တုန်းက ကျွန်မအသိဟာ နီးနီးကြားကြား မရှိသေးပါဘူး။ ကျွန်မ ဒါတွေကို ဝေတေတဲပဲ မှတ်မိတော့တယ်။ ကျွန်မရဲ့ဦးလေး ရပ်ဆဲလ်ဟာ အစိုးရအဖွဲ့ထဲမှာ ချာတစ်တွေရဲ့ 'အမုန်းဆုံးရန်သူ' ဆိုတာ ရှင်သိမှာပေါ့။ ဦးလေးက ချာတစ်လှုပ်ရှားမှုကို 'အန္တရာယ်ရှိတဲ့ဆူပူမှုတစ်ခု ဖြစ်တယ်။' - လို့ပြောတာ ခဏခဏ ကျွန်မ ကြားရဖူးတယ်။''

''သူဟာ လက်မှတ်ပေါင်း ၁ သန်း ၂ သိန်းကျော်ထိုးပြီး တင်သွင်းကြတဲ့ အလုပ်သမားတွေရဲ့ ရိုးရိုးသားသားအယူခံလွှာတွေကို ပယ်ချစဉ်တုန်းက ရဲရဲဝံ့ဝံ့ပြောရဲတဲ့လူ ဟုတ်သေးရဲ့လား။''

''မဟုတ်ဘူးပေါ့ အချစ်ရယ်။ ခရစ်နှစ် ၁၈၅၆ခုနှစ်မှာ ချာတစ်တွေနှင့်ပတ်သက်ပြီး ဘာမှ မတွေ့ရတော့ဘူး။' လို့ မဆိုနိုင်ပေမယ့်၊ ခုတောင် ဦးလေးဟာ ကြောက်ကြောက်လန့်လန့်ဖြစ်နေသေးတယ်။''

''မလန့်ဘဲ ဘယ်နေမလဲ အင်နီရယ်။ အရင်းရှင်တွေဟာ မှူးမတ်တွေရဲ့အာဏာကို ချိုးဖျက်ပစ်ပြီး သူတို့အာဏာကို ထူထောင်ခဲ့သလို၊ အလုပ်သမားတွေဟာ သူတို့အလှည့်ကျတော့ ရွှေ့ငွေရဲ့ ကြီးစိုးမှုကို တွန်းလှန်ပစ်ပြီး လူသတ္တဝါတွေကို အာဏာရအောင် လုပ်ပေးကြမှာပဲ။ အလုပ်သမားတွေဟာ လူချမ်းသာ, လူဆင်းရဲ, ဂုဏ်မြင့်သူ, ဂုဏ်နိမ့်သူ, လူဖြူ, လူမည်း' ဆိုတဲ့ ခြားနားချက်တွေ ဖျက်ပစ်မှာပဲ။''

''ယောကျ်ားနှင့် မိန်းမ ခြားနားချက်လည်း ပါတယ်နော် မင်္ဂလ။''

''ဟုတ်တယ်။ မိန်းမတွေဟာ ယောကျ်ားတွေညှဉ်းပိုင်း ခံနေရတဲ့ တန်ဆာခံတွေ ဖြစ်နေကြရတယ်။ ကျွပ်တို့ရဲ့ ပဒေသရာဇ်အုပ်စိုးရေးသမားတွေဟာ ကျွပ်တို့ခေတ်အထိ 'ဆတီ' ထုံးစံ နာမည်တပ်ပြီး နှစ်တိုင်းထောင်ပေါင်းများစွာမိန်းမတွေကို အရှင်လတ်လတ် မီးရှို့သတ်ပစ်ကြတယ်။ နောက်ပြီး မိန်းမတွေကို

ကျွန်မတို့မှာ ပါလီမန် လွတ်တော်ရွေးကောက်ပွဲမှာ
မဲပေးနိုင်ခွင့်တောင် မရှိဘူး။
ကျွန်မတို့ကို တက္ကသိုလ်တံခါးဝတောင်
ကျော်ခွင့်မပြုဘူး။ ကျွန်မတို့ဟာ
ကျွန်မတို့ ခါးတွေကို လက်နှင့်ဆုပ်လို့ရအောင်
သေးပစ်ရတယ်။ ပြီးတော့ ကျွန်မတို့ကိုယ်ကို
ယောကျ်ားတွေက ကစားစရာအရုပ်လိပ်ပြာကလေးလို လုပ်ဖို့
ကိုက် ၆၀ ရှိတဲ့အဝတ်ကို ဂါဝန်လုပ်ဝတ်ပြီး
လျှောက်သွားနေရတယ်။

'ပရဒါ' ဆိုတဲ့ ခေါင်းမြီးခြုံထဲမှာ ထည့်ပိတ်ထားတယ်။ ပစ္စည်းကို မထိန်းသိမ်းရအောင် လှည့်စားထားပြီး ယောကျ်ားတွေနှိပ်စက်တိုင်း ခံရအောင် လုပ်ထားပုံဟာ လူလောကကြီးတစ်ရုပ်လုံးရဲ့ အပြစ်အနာအဆာကြီးတစ်ခု ဖြစ်နေတယ်''

''ရှင်က ကျွန်မတို့တစ်တွေ ခေါင်းမြီးခြုံထဲ ထည့်ပိတ်ထားတာ မခံရလို့၊ 'ဒီတိုင်းပြည်က မိန်းမတွေဟာ လွတ်လပ်တယ်။' လို့ ထင်မှာပဲ။''

''မင်းတို့ 'လွတ်လပ်တယ်' လို့ ကျုပ်မဆိုပါဘူး အင်နီ။ မင်းတို့တွေဟာ အိန္ဒိယပြည်က မင်းတို့ ညီအစ်မတော်တွေထက် 'တော်သေးတယ်' လို့သာ ကျုပ်က ပြောပါတယ်။''

''ကျွန်ဘဝမှာ 'တော်သေးတယ်' ရယ်လို့ ဘယ်မှာ ရှိနိုင်ပါ့မလဲ မင်္ဂလ။ ကျွန်မတို့မှာ ပါလီမန် လွတ်တော် ရွေးကောက်ပွဲမှာ မဲပေးနိုင်ခွင့်တောင် မရှိဘူး။ ကျွန်မတို့ကို တက္ကသိုလ်တံခါးဝတောင် ကျော်ခွင့်မပြုဘူး။ ကျွန်မတို့ဟာ ကျွန်မတို့ ခါးတွေကို လက်နှင့်ဆုပ်လို့ရအောင် သေးပစ်ရတယ်။ ပြီးတော့ ကျွန်မတို့ကိုယ်ကို ယောကျ်ားတွေက ကစားစရာအရုပ်လိပ်ပြာကလေးလို လုပ်ဖို့ ကိုက် ၆၀ ရှိတဲ့အဝတ်ကို ဂါဝန်လုပ်ဝတ်ပြီး လျှောက်သွားနေရတယ်။

''ဒါထက် မာ့က်ဆ် ပြထားတဲ့ အလားအလာကတော့ အိန္ဒိယပြည်မှာ ကုန်ထုတ်လုပ်ရေးလုပ်ငန်းနှင့် အရင်းရှင်စနစ် ပေါ်လာရေးတဲ့။ အဲဒါဟာ လူတွေကို စွမ်းအား ရှိလာစေမယ်။ နောက်ပြီးတော့ အခွန်ရွာတွေမှာ တစ်ကွဲတပြားစီဖြစ်နေကြတဲ့ လယ်သမားတွေနှင့် ပညာသည်တွေကို အလုပ်ရုံတွေထဲမှာ စုပေးမှာပဲ။ အဲဒီအခါမှာ သူတို့တွေဟာ အလုပ်သမားသမဂ္ဂတွေ တည်ထောင်ဖို့ နားလည်လာပြီး တိုက်ပွဲဝင်မှာပဲ။ နောက်ပြီးတော့ ဆိုရှယ်လစ်ဝါဒအလံကို လွှင့်၊ အင်္ဂလိပ်အလုပ်သမားတွေနှင့် ပခုံးချင်းယှဉ်ပြီးတော့ လွတ်လပ်မှု၊ ချစ်ကြည်မှုနှင့် တန်းတူမှုများကို တည်ထောင်ပြီးတဲ့အထိ လူလောက လွတ်မြောက်ရေးအတွက် ချီတက်ကြမှာပဲ။ ဒါပေမယ့် ဒီအခြေအနေဟာ နှစ်ပေါင်း အများကြီးကြာမှဖြစ်မယ် မင်္ဂလ။''

''အင်္ဂလန်ပြည်ဟာ အိန္ဒိယပြည်ကို လောကဓာတ် (ဝိဇ္ဇာပညာ)ကပေးတဲ့ စက်တွေကို မပေးဘဲ နှိမ်ထားပေမယ့်၊ ဝိဇ္ဇာပညာကပေးတဲ့ တခြား စစ်သုံးလက်နက်သစ်တွေကိုတော့ အိန္ဒိယစစ်သားတွေလက်ထဲ ထည့်ပေးထားရတယ်။ အိန္ဒိယစစ်တပ်ဟာ အိန္ဒိယလွတ်လပ်ရေး ပြန်လည်ရရှိမှုမှာ ထိရောက်တဲ့ အကူအညီ ပေးမှာပဲ။' လို့ မာ့က်ဆ်က ပြောသေးတယ်။''

''ဒါဟာ မကြာခင်မှာ ဖြစ်နိုင်ပါ့မလား။''

''မကြာမကြာ မေးနေဖို့ မလိုတော့ဘူး။ အချိန်ကျနေပြီ အင်နီ။ ဖေဖော်ဝါရီလ ၇ ရက်နေ့က အောက်နေယ်ကို ဗြိတိသျှဝင်တိုက်ပြီး သိမ်းလိုက်တာကို သတင်းစာတွေထဲမှာ မင်း မဖတ်ရဘူးလား။''

''အဖတ်ရသားပဲ။ အဲဒါများ မတရားပါဘူးရှင်။''

''ကျုပ်တို့ဟာ တရားတာ, မတရားတာတွေ ပြောနေကြတာ မဟုတ်ဘူး။ အင်္ဂလိပ်ကုန်သည်တွေဟာ အမြဲ သူတို့ကိုယ်သူတို့ ကိုယ်ကျိုးအတွက် လုပ်ခဲ့တာပဲ။ ဒါပေမယ့် မသိရှာလို့ ကျုပ်တို့အကျိုး လုပ်ပေးမိတာတွေလည်း ရှိတယ်။ ကျေးရွာသမ္မတနိုင်ငံကလေးတွေကို ဖျက်ဆီးပစ်လိုက်ပြီးတော့ ကျယ်ပြန့်တဲ့ အမိအိန္ဒိယပြည်ကြီးကို ကျုပ်တို့ရှေ့ တင်ပြပေးတယ်။ မီးရထား, သင်္ဘော, ကြေးနန်းကိရိယာတွေနဲ့၊ ကျုပ်တို့ရဲ့ ကျွဲခြေရာကွက်ထဲက ဖားသူငယ် (ရေတွင်းဖား) စိတ်ထားကို ဖျောက်ပေးပြီးတော့ ကမ္ဘာကြီးနဲ့ဆက်မိအောင် လုပ်ပေးတယ်။ ဒီအောက်ခ (အဝခ)နယ်ကို တိုက်ယူတာဟာ အပြောင်းအလဲတစ်မျိုးတစ်ဖုံ ဖြစ်ပေါ်စေဦးမှာပဲ။ ကျုပ်ကလည်း ဒါပဲ စောင့်နေတာပဲ။''

''မှက်ဆ် တပည့်တစ်ယောက်ဆီက တခြား ဘာများမျှော်လင့်ဖို့ ရှိသေးသလဲ။''

J

အေးချမ်းစွာရှိနေသော ဂင်္ဂါမြစ်ကမ်းသည် တစ်ဖန် မငြိမ်မသက် ဖြစ်ချင်လာလေသည်။

ဗိဋ္ဌူရ်မြို့ကြီးကျယ်ခမ်းနားသော နန်းတော်ထဲ၌ ထီးနန်းရိုက်ရာသာမက အငြိမ်းစားရိက္ခာတော်ပင် ဆုံးရှုံးသွားခဲ့ရသော ပေသျှဝါနန်းမွေခံ နာနာဆာဟိဗ်သည် အောက်ခနယ်ကို အင်္ဂလိပ်များ သိမ်းယူသွားပြီးကတည်းက လူပ်လူပ်ရှားရှားဖြစ်လာလေ၏။ သူ၏သူလျှိုများသည် သူကဲ့သို့ပင် မြင့်မြတ်ကြီးကဲသော အခြေအနေမှ သက်ဆင်းခဲ့ရသည့် အခြားပဒေသရာဇ်အကြီးအကဲများနှင့် ဆက်သွယ်ရင်း နေ့ချေ့ည့်ပါ အလုပ်များ နေကြလေသည်။

သူ ကဲကောင်းလာသည့်အတွက် အင်္ဂလိပ်တို့သည် နောက်ထပ် အမှားတစ်ခုကို ပြုမိလေ၏။ ၄င်းမှာ အမှားထက်ပင် ပိုဆိုးသောအမှုတစ်ခု ဖြစ်၏။ အကြောင်းသော်ကား ထိုကဲ့သို့ အစဉ်မပြတ် ပြောင်းလဲနေသည့်အခြေအနေတွင် ၄င်းအမှုသည် အသက်အန္တရာယ်ကိုပင် ဖြစ်စေနိုင်၏။ အင်္ဂလိပ်တို့သည် သူတို့၏ စစ်သားများအား ခဲလုံးသွင်းသေနတ်ဟောင်းများအစား ပို၍ပြင်းထန်သော ယမ်းတောင့်ထည့် သေနတ်မျိုးကို ထုတ်ပေးခဲ့၏။ ထိုယမ်းတောင့်များကို သေနတ်ထဲထည့်သောအခါ ထိပ်အုပ်များကို ကိုက်၍ ဖြုတ်ပစ်ရ၏။ အင်္ဂလိပ်တို့၏ အမြင်သန်သောရန်သူများက ဤအချက်ကို မိမိတို့အကျိုးအတွက် 'မည်ကဲ့သို့ လှည့်သုံးရမည်။'ကို မြင်၏။ အင်္ဂလိပ်တို့သည် 'ယမ်းတောင့်များကို နွားဆီ, ဝက်ဆီများ သုတ်ထားသည်။' ဟူ၍ သော်လည်းကောင်း၊ အိန္ဒိယပြည်တွင် ဟိန္ဒူနှင့် မုဆလိမ်ဘာသာများကို ဖျက်ဆီး၍ လူတိုင်း ကို ခရစ်ယာန်ဝင်လုပ်ပစ်ရန် စစ်သားများအား 'ယမ်းတောင့်များကို မကိုက်မနေသာအောင် တမင်တကာ လုပ်နေသည်။' ဟူ၍သော်လည်းကောင်း အင်္ဂလိပ်ရန်သူများက အသံ ဟစ်ပေးလိုက်၏။

မင်္ဂလသီဟသည် 'ဗာရာဏသီဘုရင်ဟောင်း စေတသီဟ၏မြေးတော်အဖြစ်ဖြင့် မိမိ၏နာမည် မှာ စစ်သားများအထဲ၌ 'တောမီးကဲ့သို့ ပုံ့နှံ့သွားမည်။'ကို ကောင်းစွာ သိရှိ၏။ သို့ရာတွင် သူသည် မိမိ 'မည်သူမည်ဝါ ဖြစ်သည်။'ဟု မည်သည်အခါမှ လူသိများရန် ထုတ်ဖော်ခြင်း မပြုပေ။

နာနာနှင့် အခြား သူပုန်ခေါင်းဆောင်များက သူ့အား 'နိုင်ငံခြားအုပ်စိုးမှုကို ပြင်းပြင်းထန်ထန်ဆန့်ကျင်သူ' ဟုသော်လည်းကောင်း၊ 'အင်္ဂလန်ပြည်ရောက်ဖူးသဖြင့် ဥရောပတိုက် ဝိဇ္ဇာရပ်များနှင့် နိုင်ငံရေးကို ကောင်းကောင်းနား လည်သူ'ဟု သော်လည်းကောင်း၊ ယခုအခါ ခရစ်ယာန်ဘာသာဝင်တစ်ယောက် မဟုတ်တော့သော်လည်း အင်္ဂလန်ပြည်တွင် သွားနေခဲ့ခြင်းကြောင့် 'ဘာသာတရားကွယ်သွားခဲ့သူ'ဟု သော်လည်းကောင်း။ ဤမျှလောက်သာ သူ့အကြောင်း သိရှိကြ၏။

မကြာမီပင် မင်္ဂလသီဟသည် သူပုန်ခေါင်းဆောင်များ၏အကြိုက်ကို စမ်းဝါးမိလေ၏။

ကျဆုံးပြီးသောပဒေသရာဇ်တိုင်း သူတို့အာဏာ ပြန်လည်ရရှိရန်အတွက် မျှော်လင့်ချက် ကြီးစွာထား၍ ထိုကိစ္စထမြောက်ရန် ညီညွတ်ရေးနှင့် သူတို့၏ တစ်ခုတည်းသောရန်သူ အင်္ဂလိပ်မောင်းထုတ်ရေးကို လိုလား ရည်ရွယ်ကြ၏။ သူတို့အဖို့ သူတို့၏အသေခံစစ်သားများသည် စစ်တုရင်ခုံပေါ်က အရုပ်များထက် ပို၍ အရေးမကြီးပေ။

စစ်သားများနှင့် ပတ်သက်၍ဆိုရသော် သူတို့အား လှုံ့ဆော်ပေးနေသောအချက်မှာ သူတို့ဘာသာတရား ဆုံးရှုံးရမည်ကို စိုးရိမ်မှုဖြစ်၏။ သူတို့အား ဆီသုတ်ထားသောယမ်းတောင့်များကို ကိုက်ရခြင်းမှ ခွင့်လွှတ်ပါလျှင် အရှင်ကုမ္ပဏီကို အသက်ထက်ဆုံး ဆက်လက်၍ ဩဘာပေးချီးကျူးကာ ၄င်းကုမ္ပဏီအတွက် အသက်အသေခံကြဦးမည်ပင် ဖြစ်၏။

ဟိန္နူနှင့် မုဆလိမ်ကလည်း အနည်းငယ်မျှ ရင်ကြားမစေ့ဘဲ ရှိနေသေး၏။ ပုန်ကန်မှု အောင်မြင်ထမြောက်သွားစေကာမူ၊ သူတို့၏ အသီးသီး ဘုရားသခင်များအမအစကို ခံယူရန် ဘာသာရေးသွေးကြွနေသော ပညာမဲ့စစ်သားများသည် တစ်ဦးနှင့်တစ်ဦး ပို၍ပင် အကြင်နာကင်းမဲ့သော သွေးရူးသွေးနှမ်းများဖြင့် သူတို့ကိုယ်သူတို့ 'ဘာသာထိ မချိအောင်နာသူများ ဖြစ်ကြောင်း' ပီပီသသ အခိုင်အမာ ပြချင်နေကြသည်။

သူတို့စိတ်ထဲတွင် အခြားစေ့ဆော်ချက်တစ်ခု ရှိသေးလျှင်၊ ၄င်းမှာ 'သူတို့သဘောရှိ မြို့ရွာများကို လုယက်တိုက်ဖျက်ရန်' ဆန္ဒပင် ဖြစ်၏။ ဤကဲ့သို့ လောဘဇောတိုက်နေသော စစ်သားအရေအတွက် နည်းကောင်း နည်းပေမည်။ သူတို့ အဖျက်အဆီးခံရသောအရပ်များ နည်းကောင်းနည်းပေမည်။ သို့သော် 'အဘယ်မျှ ပဲ့တင်ထပ်သွားသနည်း။' ဆိုသော် အရပ်သူအရပ်သားများက 'စစ်သား'ဆိုလျှင် ဓားပြကြောက်သကဲ့သို့ပင် ကြောက်ရွံ့လာကြလေ၏။

ဤကဲ့သို့ အထင်ခံရခြင်းသည် နယ်ပယ်လွတ်မြောက်ရေးအတွက် တိုက်ပွဲဆင်နွှဲနေသော စစ်သားများအတွက် ဆိုးဝါးလှပေသည်။ ပထမသော် ထိုကဲ့သို့သောအဖြစ်အပျက်များကို ကြားသိရ၍ မင်္ဂလသီဟ စိတ်ဖျက် အားလျော့သွားလေသည်။ သူသည် သူ့အဘိုး၏ထီးနန်းအတွက် တိုက်ခိုက်ရန်လှုံ့ဆော်ခြင်း မဟုတ်ဘဲ၊ လွတ်လပ်မှု၊ ချစ်ကြည်မှုနှင့် တန်းတူမှုများ မုချဇာနတ် ပေါ်ပေါက်လာအောင် ဆောင်ရွက်ရန်၊ ဇာတ်ကွဲမှု၊ ဘာသာရေး ကွဲပြားရန်မှုမှုများနှင့် တကွ၊ အင်္ဂလိပ်အရင်းရှင်များ ကြီးစိုးမှုကို တိုက်ဖျက်ရန်သာ လာခြင်းဖြစ်၏။ သူသည် အလယ်ခေတ်၏အမှောင်ထု (ရေတွင်းဖား သဘောထား) ဆီသို့ ပြန်ပို့ပေးရန် မဟုတ်ဘဲ အိန္ဒိယပြည်တွင် ကာလကြာမြင့်စွာကရှိနေသော အဆီးအတားများကို ဖြိုဖျက်ချပြီးလျှင် အိန္ဒိယပြည်အား လူမျိုးပေါင်းစုံယဉ်ကျေးမှုတွင်းသို့ သွတ်သွင်းပေးရန် လာခဲ့ခြင်းဖြစ်၏။ သူ့အဖို့ အင်္ဂလိပ်အရင်းရှင် ခြယ်လှယ်မှုကို ဖယ်ရှားသုတ်သင်ပစ်ရေးသည် လွတ်လပ်သော အိန္ဒိယပြည်သူများနှင့် အခြားတိုင်းပြည်ရှိ ပြည်သူများ၏ မိတ်ဆွေရင်းချာ ချစ်ကြည်စွာဆက်ဆံမှု တိုးပွားရေး၊ ပိုမိုကောင်းမွန်သောကမ္ဘာကြီး တည်ဆောက်ရေးများအတွက် လက်ဦးခြေတစ်လှမ်းမျှသာ ဖြစ်၏။

သူသည် 'ယမ်းတောင့်များကို ဝက်ဆီသုတ်ထားသည်။'ဟု လိမ်လည်၍ သတင်းလွှင့်ထားခြင်းကို လည်းကောင်း။ ထိုလိမ်လည်ချက်ကို 'အဟုတ်' မှတ်ထင်စွဲလမ်းနေမှ အိန္ဒိယပြည်ကို ပြန်လည်စိုးအုပ်နိုင်မည့်အခွင့်အရေး ပေါ်ပေါက်လာရမည်။-ဆိုသည်ကို လည်းကောင်း။ သဘောမတူနိုင်ဘဲ ရှိလေ၏။

နာနာနှင့် အခြား သူပုန်ခေါင်းဆောင်များသည် အဖိုကြီးသော ဥရောပတိုက်ထွက်အရက်များကို တမော့တည်း မော့နေကြ၏။ သူတို့သည် အခွင့်ရလျှင် အရက်သောက်, ဝက်သားစား၍ ရောက်လာသော အသားဖြူမအလှကလေးများ၏ သစ္စာမဲ့သောနှုတ်ခမ်းကို စုပ်နမ်းရန် အဆင်သင့်ရှိကြ၏။ သို့ရာတွင်

ယခုအခါ၌ကား သူတို့၏ပရိယာယ်မှာ စစ်သားများရှေ့၌ ဘာသာကာကွယ်ရေးအတွက် သစ္စာစောင့်သည့် ခေါင်းဆောင်များထင်အောင် ဟန်ပြခြင်းမျှ ဖြစ်၏။

သို့ရာတွင် ဤ အရေးအရာဆိုင်ရာ အပြစ်များနှင့်တကွ အရေးတစ်ခု ကြဲကြိုက်လာသောအခါ သူ ဆောင်ရွက်ရမည့်လုပ်ငန်းကို ဆုံးဖြတ်ချက်ချရာ၌ မင်္ဂလသီဟသည် နှောင့်နှေးကြန့်ကြာခြင်း မရှိပေ။ အကြောင်းသော်ကား အိန္ဒိယပြည်အား အင်္ဂလိပ်အရင်းရှင်များနှင့် အိန္ဒိယပဒေသရာဇ်များ၏ ၂ ထပ်ကျော ရက်စက်ကြမ်းကြုတ်မှုက ဖိထောင်းနေသည်။ 'အင်္ဂလိပ်အရှင်များက ပို၍ အင်အားကြီးမားပြီးလျှင်၊ ပို၍ ကောက်ကျစ်စဉ်းလဲသည်။'-ဟူ၍ သူ သိမြင်ထားသောကြောင့် ဖြစ်လေသည်။ နိုင်ငံခြားသားများကို မောင်းထုတ်ပြီးသောအခါ ရှင်းလင်းပစ်ရန် 'တိုင်းရင်းသားပဒေသရာဇ်များသာ ကျန်ရှိတော့မည်။'ဖြစ်ရာ၊ အိန္ဒိယ ပြည်သားတို့သည် အလုပ်လုပ်ရာတွင် လွယ်ကူပေလိမ့်မည် ဖြစ်၏။

ဓနံနဝါရီလ ဖြစ်၏။

ညများတွင် အေးမြလှ၏။ သို့ရာတွင် လန်ဒန်မှာထက် များစွာသက်သာသေး၏။ ဗိဋ္ဌရိတွင် လုံးဝ တိတ်ဆိတ်နေသည်။ သို့ရာတွင် ပေသျှဝါနှန်းတော်က အစောင့်အရှောက်များသည် သူတို့၏နေရာများတွင် အသင့်ရှိနေကြလေ၏။ လူစိမ်းတစ်ယောက်, သူတို့သခင် ယုံကြည်စိတ်ချရသော သူလျှိုတစ်ဦးနှင့် တိတ်တဆိတ် နန်းတော်ထဲ ဝင်လာသည်ကို သူတို့ မြင်ရလေ၏။ သို့ရာတွင် ဤကဲ့သို့လူ?မ်းများ နန်းတော်ထဲသို့ ဝင်လာသည်ကို ယခုအတောအတွင်း ညစဉ် မြင်ရလေသည်။

ဤအကြိမ် တွေ့ဆုံခြင်းသည် မင်္ဂလသီဟ၏ နာနာနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခြင်း မဟုတ်ပေ။ သူတို့ ၂ ယောက် တစ်ယောက်ကိုတစ်ယောက် ကောင်းစွာသိနေကြပေပြီ။

မင်္ဂလသီဟသည် မိမိအပြင် ဒေလီရုပ်သေးဘုရင်၏ သူလျှိုများ, အောက်ခေတ် နာဝါဗစော်ဘွားများ, ဂျဂဒိသျှပုရိက ကုံအရှင်သီဟနှင့် အခြားစော်ဘွားများစွာ စုရုံးရောက်ရှိနေသည်ကို တွေ့ရှိရလေ၏။ ကာလကတ္တား, ဒါနပူရ်, လခ်နဉီး (လက္ခနော်း), အာဂရာ, မေရဋ္ဌ အစရှိသော စစ်တပ်ရှိရာဒေသများ၌ စစ်သားများတွင် တော်လှန်ရေးစိတ်ဓာတ် မည်မျှပျံ့နှံ့နေသည်ကို အစီရင်ခံကြလေ၏။ အံ့ဖွယ်ကောင်း ပုံမှာ ဤစော်ဘွားများ, ခေါင်းဆောင်များသည် သူတို့ကိုယ်ပိုင် အင်အားစုတပ်များ မရှိဘဲ၊ အလွန် အင်အား ကောင်း၍ ကြောက်မက်ဖွယ်ရာဖြစ်သော ရန်သူများနှင့် ယှဉ်ပြိုင်ရာတွင် စစ်သားသူပုန်များ၏အင်အား အပေါ်တွင် လုံးဝပုံ၍ အားကိုးထားခြင်း ဖြစ်၏။

စစ်ပညာနှင့်ပတ်သက်၍ ခေါင်းဆောင်အားလုံးလိုလိုပင် လုံးဝ နားမလည်ပေ။ သို့သော်လည်း သူတို့သည် စစ်ဗိုလ်ချုပ်များအဖြစ် ဆောင်ရွက်ကြရန် လုံးဝ စိတ်ပါလက်ပါ ဖြစ်နေကြ၏။

''အိန္ဒိယပြည်မှာ အင်္ဂလိပ်အုပ်စိုးမှုဟာ အိန္ဒိယစစ်တပ်တွေပေါ်မှာ တည်နေတာပဲ။ ခုတော့ စစ်တပ်တွေက ကျွန်ုပ်တို့ဘက် ပါလာနေပြီ။''

မျှော်လင့်ခြင်းကြီးစွာ နာနာက ဆိုလေ၏။

''ဒါပေမယ့် စစ်တပ်အကုန်လုံး ကျွန်ုပ်တို့ဘက်ပါတာ မဟုတ်သေးဘူး နာနာဆာဟေဗ်။ ခုထက်ထိ ပန်ဂျဗီ ဆိခ်စစ်သားတွေ ကွဲထွက်တဲ့သတင်း မရသေးဘူး။ အမှန်ကတော့ ကျန်တဲ့ 'အိန္ဒိယစစ်သားတွေဟာ အင်္ဂလိပ်ဘက်က ကူပြီးတိုက်လို့ ပန်ဂျပ်ပြည်ဆုံးရှုံးရတယ်။'- ဆိုတာကို သတိရပြီး ပန်ဂျာဗီတွေက လက်စားချေကြမှာပဲ။ အင်္ဂလိပ်က ပါးတယ် နာနာဆာဟေဗ်။ အင်္ဂလိပ်တွေဟာ 'ဒလီပသီဟ'ကို ပေသျှဝါတို့ အောက်ခေတ် နဝါဗစော်ဘွားတို့နှင့်အတူတူ အိန္ဒိယပြည် တစ်နေရာရာမှာ အကျဉ်းထားရင် ဆိခ် စစ်တပ်တွေကို အခုအခါမှာ ကျွန်ုပ်တို့ဘက်ပါအောင် လုပ်ဖို့ သိပ်လွယ်မှာပဲ။ ဘာပဲဖြစ်ဖြစ် ဆိခ်ဂေါ်ရခါး

(နေပါလီ)နှင့် စော်ဘွားနယ်စစ်သားတွေဟာ 'ကျုပ်တို့ဘက်မှာ မရှိဘူး။'ဆိုတာ ကျုပ်တို့ သတိထားရမယ်။ ခုလို တစ်မျိုးလုံးဆိုင်တဲ့ စစ်ပွဲမှာ ကျုပ်တို့ဘက်က မနေတဲ့လူ ဘယ်သူကိုဖြစ်ဖြစ်၊ 'ကျုပ်တို့ရဲ့ဆန့်ကျင်ဘက်'လို့ ယူဆရမယ်။''

''ခင်ဗျားပြောတာ မှန်တယ်။ ကျုပ်တို့ ပွဲဦးထွက်မှာ အရေးသာရင် တိုင်းပြည်ထဲက ဘယ်ရန်သူမှ ကျုပ်တို့ကို ဆန့်ကျင်ရဲမယ် မဟုတ်တော့ဘူး။''

''ကျုပ်တို့သုံးသင့်တဲ့ လက်နက်တစ်ခု ရှိတယ်။ ကျုပ်တို့ တိုက်ပွဲစတဲ့အခါမှာ အဲဒီလက်နက်ကို သုံးရမယ်။ ဒါပေမယ့် ဒီကိစ္စအတွက် လူတွေကို စပြီး လေ့ကျင့်ပေးသင့်တယ်။ ကျုပ်တို့က ပြည်သူတွေကို ကျုပ်တို့ဟာ တစ်မျိုးလုံး လွတ်မြောက်ရေးအတွက် တိုက်နေတယ်။'ဆိုတာကို ရှင်းပြရမယ်။''

အရှေ့ဘက်ကိုယ်စားလှယ်တစ်ဦးက ဝင်မေးသည်။

''ကျုပ်တို့ အင်္ဂလိပ်ကို အနှံတုပြီး တိုက်မှာပဲ။ ဒါနှင့်မှ မပြီးဘူးလား။''

မင်္ဂဟသီဟ-

''ကျုပ်တို့ဟာ နေရာတိုင်းမှာ အချိန်တိုင်း တိုက်နေမှာ မဟုတ်ဘူး။ 'အင်္ဂလိပ်ကိုတိုက်လို့ နိုင်မှာ မဟုတ်ဘူး။'-ထင်နေတဲ့ လူကြောက် ကိုယ်ကျိုးရှာသမားကွေ အများကြီးရှိတယ်။ ကျုပ်သဘောအရဆိုရင် 'အရှေ့ပိုင်း, အနောက်ပိုင်း, အလယ်ပိုင်း'ရယ်လို့ ခုပိုင်း ငုံင်းပြီး ဟိန္ဒီ, ဥရဒူဘာသာ နှင့် သတင်းစာတစ်စောင်စီ ထုတ်သင့်တယ်။''

နာနာ-

''ခင်ဗျားက အင်္ဂလိပ်နည်းကို တယ်ကြိုက်တာကိုး။ ဘယ်သတင်းစာရဲ့ အကူအညီမှ မပါဘဲ ကျုပ်တို့ ယမ်းတောင့်အကြောင်း သတင်းဖြန့်တာနှင့်ကိုပဲ လူတွေအပေါ် ဘယ်လောက် ခရီးရောက်နေပြီလဲ။ အဲဒါ ခင်ဗျား အသိသားပဲ။''

မင်္ဂလ-

''ဒါပေမယ့် ကျုပ်တို့ တိုက်ပွဲပြင်းထန်တဲ့အခါ အင်္ဂလိပ်နောက်လိုက်တွေက ကျုပ်တို့ကို ဆန့်ကျင်ပြီးဖြန့်မယ့် သတင်းတွေကို ကျုပ်တို့ ရှင်းနိုင်မှာမဟုတ်ဘူး။ သူတို့ရဲ့ အုပ်ချုပ်ရေးယန္တရားကြီးကို အကုန်လုံးတစ်နေ့တည်း သိမ်းယူဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဆိုပါစို့။ သူတို့က 'သူပုန်စစ်သားတွေဟာ (ကျုပ်တို့ကို ဒီနာမည်တပ်ထားမယ်ဆိုတာ ခင်ဗျား သတိပြုလိုက်ပါ။) ရွာတွေ, မြို့တွေ ဝင်လုတယ်။ ကလေးတွေ သတ်ပစ်တယ်။'-ဆိုတဲ့ ကောလာဟလသတင်း လွှင့်ရင်ကော။''

နာနာ-

''ဒီသတင်းကို လူတွေက ယုံပါ့မလား။''

မင်္ဂလ-

''ဘာသတင်းဖြစ်ဖြစ် ခဏခဏလွှင့်ပေးပြီး အဲဒီသတင်းကို ပြန်လည်ချေပတဲ့အသံ မထွက်ရင် လူတွေ ယုံကြည်စ ပြုလာမှာပဲ။''

နာနာ-

''ကျုပ်တို့ဟာ ယမ်းတောင့်ကို အကြောင်းပြုပြီး 'ဘာသာသူပုန်'လို့ နာမည်တပ်ကာတပ်ကာ အင်္ဂလိပ်တွေကို နာမည်ဖျက်ထားလိုက်တာ၊ 'သူတို့ ဘာမှလုပ်လို့ မရနိုင်တော့ဘူး။'လို့ ကျုပ်ထင်တယ်။''

ကျုပ်တို့ဟာ တိုက်ပွဲကို
ဥရောပတိုက်သားအားလုံးကို တိုက်တဲ့
တိုက်ပွဲဖြစ်သွားအောင် မလုပ်ရဘူး။
တိုက်တဲ့အခါ အင်္ဂလိပ်မတွေ, ကလေးတွေနှင့်
အိုမင်းမစွမ်းရှိတဲ့လူကြီးတွေကို
ကျုပ်တို့ မထိခိုက်စေရဘူး။
ဒီလိုလုပ်လို့ ကျုပ်တို့တိုက်ပွဲမှာ အကျိုးဖြစ်ထွန်းလာမှာ
မဟုတ်ဘူး။ အကူအညီ မပေးတဲ့အပြင်၊
ကမ္ဘာမှာ အိန္ဒိယ နာမည်ပျက်သွားမှာ ကျိန်းသေတယ်။''

မင်္ဂလ-

''ဒီအချက်ကို ကျုပ်တို့အစဉ်သဖြင့် အားကိုးနိုင်မှာ မဟုတ်ဘူး။ နောက်ပြီးတော့ တစ်ခု ရှိသေးတယ်။ အင်္ဂလိပ်က ဒီ ကျုပ်တို့ရဲ့တိုက်ပွဲကို 'သူပုန်ထမှုတစ်ခုသာ ဖြစ်တယ်။'လို့ ဆိုပြီး တစ်ကမ္ဘာလုံးကို ဒီနာမည် လွှင့်မှာပဲ။ ဒါပေမယ့် ကမ္ဘာမှာ ကျုပ်တို့မိတ်ဆွေတွေ အများကြီးရှိတယ်။ အင်္ဂလိပ်မှာလည်း ကျုပ်တို့လွတ်လပ်တာကို မြင်ချင်တဲ့ သူတို့ရန်သူတွေ၊ အထူးသဖြင့် ဥရောပတိုက်လူမျိုးထဲက ရန်သူတွေ ရှိတယ်။ ဒါကြောင့် ကျုပ်တို့ဟာ တိုက်ပွဲကို ဥရောပတိုက်သားအားလုံးကို တိုက်တဲ့ တိုက်ပွဲဖြစ်သွားအောင် မလုပ်ရဘူး။ 'တိုက်တဲ့အခါ အင်္ဂလိပ်မတွေ, ကလေးတွေနှင့် အိုမင်းမစွမ်းရှိတဲ့လူကြီးတွေကို ကျုပ်တို့ မထိခိုက်စေရဘူး။ ဒီလိုလုပ်လို့ ကျုပ်တို့တိုက်ပွဲမှာ အကျိုးဖြစ်ထွန်းလာမှာ မဟုတ်ဘူး။ အကူအညီ မပေးတဲ့အပြင်၊ ကမ္ဘာမှာ အိန္ဒိယ နာမည်ပျက်သွားမှာ ကျိန်းသေတယ်။''

နာနာ-

''ဒါကိုစဉ်းစားဖို့က ကျုပ်တို့ရဲ့ စစ်ဗိုလ်တွေအလုပ်ပဲ။ သူတို့တွေဟာ 'ဘယ်အခါမှာ ဘာလုပ်သင့်တယ်။'-ဆိုတာ ဆုံးဖြတ်နိုင်ကြမယ်လို့ ကျုပ်ထင်တယ်။''

မင်္ဂလ-

''နောက်ဆုံး ကျုပ်ပြောဖို့ရှိတာက ကျုပ်တို့စစ်သားတွေဟာ အသက်စွန့်ဖို့၊ ပြည်သူပြည်သားတိုင်းထောက်ခံမှုရဖို့ ရည်မှန်းထားကြရမယ်။ အဲဒီအခြေမျိုးဖြစ်အောင် ယမ်းတောင့် ဆီသုတ်ထားတဲ့အကြောင်းလောက်အပေါ်မှာ အမှီသဟဲ မပြုစေချင်ဘူး။ ပြီးတော့ ကျုပ်တို့ ရှင်းပြထားရမှာက 'အင်္ဂလိပ်တွေကို မောင်းထုတ်ပြီးရင် ဘယ်လိုအစိုးရမျိုး တည်ထောင်ချင်တယ်။ အဲဒီအစိုးရလက်ထက်မှာ တိုက်ပွဲဝင် စစ်သားတွေနှင့် စစ်သားတွေကို ပေါက်ဖွားပေးလိုက်တဲ့ လယ်သမားတွေဟာ ဘယ်လို အကျိုးရှိစေရမယ်။'-ဆိုတဲ့ အချက်အလက်တွေပဲ။''

နာနာ-

''သူတို့ရဲ့ ဘာသာတရားကိုအန္တရာယ်ပေးမယ့် အစိုးရကို ဖြုတ်ချလိုက်ရတဲ့အတွက် သူတို့ကျေနပ်မှာတော့ အသေအချာပဲ။''

မင်္ဂလ-

''ခင်ဗျားကို ဒီမေးခွန်းတစ်ယောက်ယောက်က မေးလာရင် ခင်ဗျား ဘယ်အဖြေ ပေးမလဲ။ ပေသျှဝါရဲ့ နေ့ပြည်တော် ပူနာကို ပြန်ချင်တဲ့စိတ် ခင်ဗျားရင်ထဲမှာ ပြည့်ကျပ်မနေဘူးလား။ လက္ခနောင်းထီးနန်းဟာ

ကျွပ်တို့ နဝါဗီတွေအတွက် မက်မောစရာ မဟုတ်ဘူးလား။ ခင်ဗျားတို့ခေါင်းဆောင်တွေဟာ ယမ်းတောင့်နှင့် အင်္ဂလိပ်အုပ်စိုးမှုအောက်က အပူတပြင်း လွတ်မြောက်ချင်နေကြတယ်။ အဲဒီလွတ်မြောက်မှုအတွက် ခင်ဗျားတို့ အသက်ကိုစွန့်ဖို့ တကဲကဲဖြစ်နေတယ်။ အဲဒီလိုဆိုရင် သာမန်ပြည်သူပြည်သားတွေကိုလည်း သူတို့အဖို့ အကျိုးရှိဖို့၊ အလားအလာတစ်ခုခုတော့ သိခွင့်ပြုပေးဖို့ ကောင်းလိမ့်မယ်။-လို့ ကျွပ် ထင်တယ်။''

''ဘယ်လိုလဲ''

''ကျွပ်တို့ဟာ ပြည်သူတွေမှာ စရိတ်မကြီးတဲ့ တရားမျှတမှုရအောင် ရွာတိုင်းမှာ ပဋ္ဌာယတ် (ကျေးရွာဦးစီးအဖွဲ့) တစ်ခုစီ ဖွဲ့ပေးရမယ်။ ကျွပ်တို့ဟာ တစ်မျိုးလုံးရဲ့ပဋ္ဌာယတ် (ဗဟိုဦးစီးအဖွဲ့) တစ်ခုကို ဖွဲ့ရမယ်။ အဲဒီအဖွဲ့ကို ပြည်သူအားလုံးက ရွေးချယ်ရမယ်။ ပြီးတော့ ရှင်ဘုရင်အပေါ်မှာတောင် အာဏာရှိရမယ်။ ကျွပ်တို့ဟာ မြေပိုင်ရှင်စနစ်ကို ဖျက်သိမ်းပစ်ရမယ်။ လယ်သမားနှင့် အစိုးရအကြားမှာ ဘယ်အရှင်သခင်မှ ရှိခွင့် မပြုရဘူး။ အစိုးရအမှုတော် ထမ်းတဲ့အတွက် လူတစ်ယောက်ယောက်ကို လယ်မြေကွက်ကြီး လွဲအပ်ထားတဲ့အခါမှာ အဲဒီလူဟာ အဲဒီမြေကွက်ရဲ့ မြေခွန်တော်သာ စားသုံးခွင့်ရှိစေရမယ်။

''ကျွပ်တို့ဟာ အလုပ်ရုံတွေတိုးမှားလာအောင် လုပ်ပေးရမယ်။ ပြီးတော့ အဲဒီအလုပ်ရုံတွေမှာ ကျွပ်တို့ရဲ့ အလုပ်သမားအားလုံးကို တစ်ယောက်မှ အလကားမထားဘဲ အလုပ်ရှာပေးရမယ်။ ကျွပ်တို့ဟာ ဆည်တွေ, မြောင်းတွေ, တာတွေ တူးဖောက်ဆည်ဖို့ပေးပြီး ရေသွင်းလုပ်ငန်းကို ပိုကောင်းလာအောင် လုပ်ပေးရမယ်။ ဒီလိုလုပ်ပေးလိုက်ရင် ကုဋေကုဋ္ဌာအလုပ်သမားတွေအတွက် အလုပ် ပေါ်လာလိမ့်မယ်။ ပြီးတော့ တောင်သူလယ်သမားတွေအတွက် ယာသစ်လယ်သစ်တွေ ရလာနိုင်တယ်။''

မင်္ဂလသီဟ၏ အကြံပေးတင်ပြချက်များကို မည်သူမှ လေးလေးနက်နက် မစဉ်းစားလိုကြပေ။ သူတို့အားလုံးက 'ဤအကြံပေးချက်များကို အာဏာသိမ်းပိုက်ပြီးနောက် စဉ်းစားနိုင်သည်။' ဟုဆိုကာ အကြံပေးချက်များကို ဖယ်ချထားလိုက်ကြလေ၏။

မင်္ဂလသီဟသည် ခုတင်ပေါ်တွင် လဲလျောင်းကာ တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ရှိလေ၏။

'ဤခေတ်ကား ဝိဇ္ဇာပညာ ထွန်းကားသောခေတ် ဖြစ်သည်။' ဟု သူ စဉ်းစားနေ၏။

ဤသူများသည် သူတို့ကိုယ်တိုင် မီးရထား, ကြေးနန်း, မီးသင်္ဘောများ၏ အံ့သြဖွယ်ရာများကို မြင်နေကြရ၏။ မီးခြစ်များ, ဓာတ်ပုံကိရိယာများ, လျှပ်စစ်ဓာတ်မီးများ ထွန်းလင်းနေသောခေတ်တွင်းသို့ ငါတို့ ဝင်ခဲ့ရပြီ။ သို့ပါလျက် ဤသူများသည် လွန်လေပြီးသောခေတ်က အတွေးအမြင်မက်များ မက်နေကြတုန်း ရှိသေး၏။ တစ်ခုတော့ ရှိသည်။ ဤမည်းမှောင်သော အရိပ်များအောက် သူတို့အတွက် အချက်တစ်ချက်သည် ပြတ်သားစွာ ပေါ်လွင်နေ၏။ ဤစစ်ပွဲကို ပြည်သူတို့၏ အင်အားဖြင့်သာလျှင် အနိုင် ရရှိနိုင်ပေသည်။ ဤစစ်ပွဲအားဖြင့်သာလျှင် ပြည်သူတို့သည် ၄င်းတို့၏အင်အားကို မုချဧကန် ရရှိကြမည် ဖြစ်သည်။

အင်္ဂလိပ်အရင်းရှင်များသည် အင်္ဂလိပ်အလုပ်သမားများ၏ စွမ်းအားအကူအညီနှင့် သူတို့၏ပြိုင်ဖက်များကို အနိုင်ရရှိခဲ့ကြသည်။ ၄င်းနောက် အလုပ်သမားများကို ဖိစီးသကဲ့သို့ အိန္ဒိယစော်ဘွားပဒေသရာဇ်များလည်း အိန္ဒိယပြည်သူ-စစ်သားနှင့် လယ်သမားများ၏ အကူအညီဖြင့် အောင်မြင်သွားကြလျှင် ပြည်သူများကို သစ္စာဖောက်ကြလိမ့်မည် ဖြစ်သည်။

သို့ရာတွင် သူတို့သည် ပြည်သူပြည်သားများထံမှ ကိုယ့်အား ကိုယ် ယုံကြည်မှုကို လုပ်နိုင်လိမ့်မည် မဟုတ်ပေ။ သူတို့သည် နိုင်ငံခြားရန်သူများ၏ ဘေးမှ သူတို့ကိုယ် သူတို့ ကာကွယ်ရန်အလို့ငှာ ဝိဇ္ဇာပညာ၏ အသစ်အသစ်တွေ့ရှိချက်များကို လက်ခံသုံးစွဲခြင်း မပြုဘဲလည်း နေနိုင်မည် မဟုတ်ပေ။ မီးရထားလမ်းများ, ကြေးနန်းကြိုးများ, ကာလကတ္တားမြို့၌တည်ဆောက်သော မီးသင်္ဘောများသည် ယခုအခါ အိန္ဒိယပြည်မှ ပျောက်ကွယ်မသွားနိုင်တော့ပေ။

မင်္ဂလာသီဟသည် သူ၏ ယုံကြည်အားထားမှုကို ဤ ခေတ်မီ ကာ့သော ပဒေသရာဇ်များအပေါ်မှာ မထားဘဲ လူသတ္တဝါတို့၏ တော်လှန်ရေးအင်အားနှင့် ပြည်သူများအပေါ်မှာသာ ထားလေသည်။

၃

၁၈၅၇ ခု မေလ ၁၀ ရက်နေ့တွင် မေရဋ္ဌအနီးအပါးတွင် မင်္ဂလာသီဟ ရှိနေ၏။

ထိုနေ့တွင် ဆိပါဟီ(စစ်ဗာရီ)များသည် မေရဋ္ဌမြို့တွင် ပုန်ကန်သောအလံကို လွှင့်ထူလိုက်ကြလေသည်။ သူသည် 'ဗဟာဒုရ်ရှာဟ်' ဟူသောအမည်နှင့် တပ်ခွဲတစ်တပ်ကို ဦးစီးရန် တာဝန်ကျရောက်ခဲ့၏။

ပဒေသရာဇ်စော်ဘွားကြီးများသည် သူ၏စွမ်းရည်ကို ယုံမှားခြင်း မရှိပေ။ သို့ရာတွင် မင်္ဂလာသီဟ၏ ပန်းတိုင်သည် သူတို့၏ပန်းတိုင်နှင့် လွန်စွာကွာခြင်းသည်ကိုလည်း ပဒေသရာဇ်များက သိကြ၏။ သို့ဖြစ်၍ သူတို့သည် မင်္ဂလာသီဟအား ဒေလီဘက်သို့မလွတ်ဘဲ အရှေ့ဘက်သို့ချီတက်ရန် ခိုင်းလိုက်ကြလေသည်။ အိန္ဒိယ ပြည်လွတ်လပ်ရေးတိုက်ပွဲတွင် မေရဋ္ဌမှ အရှေ့ဘက်, အနောက်ဘက်သွားသောလမ်းများ တန်းတူပင် ပျက်စီးဆုံးရှုံးခြင်းကို ရောက်နိုင်သည်။-ဟု မတွေးတောမိကြပေ။

ဒေလီကြောင်းချီသော စစ်တပ်တွင် မင်္ဂလာသီဟကဲ့သို့သော ခေါင်းဆောင်ကောင်းကို လိုအပ်သည်။ မင်္ဂလာသီဟကဲ့သို့သော ခေါင်းဆောင်မှ ဒေလီ၏ ဂုဏ်သရေကို အပြည့်အဝံုအောင်ပွဲဆင်၍ ရယူနိုင်ရန် လုပ်ရည်ကိုင်ရည်ရှိရမည် ဖြစ်လေသည်။

မင်္ဂလာသီဟ၏တပ်ခွဲတွင် တပ်သား ၁၀၀၀ ရှိ၏။ ပုန်ကန်မှု စကတည်းကပင်လျှင် တပ်သားအားလုံး သူတို့ကိုယ်ကို သူတို့ 'ဗိုလ်ချုပ်များ'ဟု အထင်ရောက်ခဲ့ကြလေသည်။ 'ဗိုလ်ချုပ်ချည်းသက်သက် ပါဝင်နေသော စစ်တပ်တစ်တပ်သည် ဘယ်သောအခါမှ စစ်အောင်နိုင်မည် မဟုတ်ကြောင်း။ ရက်သတ္တတစ်ပတ်မျှကြာအောင် မင်္ဂလာသီဟက ရှင်းလင်းပြောပြလေသည်။ စစ်တပ်တွင် မင်္ဂလာသီဟမှတစ်ပါး စစ်မှုဝင်ဖူးကို တတ်သိနားလည်သောသူ တစ်ယောက်မျှ မပါပေ။ သူပုန်တပ်အားလုံးမှာပင် ထိုနည်းအတိုင်းသာ ဖြစ်၏။ သူကလည်း အချိန်ယူ၍ သူ၏တပ်သားများကို လေ့ကျင့် မပေးနိုင်ပေ။ လောလောဆယ် အရေးကြီးသော အလုပ်တာဝန်မှာ အင်္ဂလိပ်အစိုးရ၏ ဩဇာအာဏာကို ခရိုင်ပေါင်းများစွာတွင် တွန်းလှန်ပစ်ရန် ဖြစ်လေသည်။

မင်္ဂလာသီဟသည် ဂင်္ဂါမြစ်ကို ဖြတ်ကူး၍ ရူဟေလ်ခဏ္ဍထဲသို့ ဝင်ရောက်မိကတည်းက ညစဉ် သူ၏တပ်သားများအား သူ၏ နိုင်ငံရေးရည်ရွယ်ချက်များကို မှန်မှန် ရှင်းလင်းပြောပြလေသည်။ စစ်သားများမှာ တော်တော်နှင့် နားမလည်ကြပေ။

သူတို့၏ စိတ်ထဲတွင် မေးခွန်းပေါင်းများစွာ ပေါ်ပေါက်လာရာ မင်္ဂလာသီဟက ရှင်းပြလေသည်။ ထိုနောက် မင်္ဂလာသီဟသည် ၁၇၈၉ ခုနှစ်နှင့် ၁၈၄၈ ခုနှစ် ပြင်သစ်တော်လှန်ရေး ၂ ရပ်အကြောင်းကို ပြောပြ၏။ အိန္ဒိယပြည်တွင်အုပ်စိုးနေသော ဤအင်္ဂလိပ်ကုန်သည်ကြီးများနှင့် ဆန့်ကျင်၍ ဝေလနယ်သား အလုပ်သမားများက မည်ကဲ့သို့ တိုက်ပွဲဆင်နွှဲရပုံ၊ ထူးထူးခြားခြား သတ္တိပြခဲ့ရပုံ အကြောင်းများကိုလည်း ပြောပြ၏။ ကုန်သည်များသည် သူတို့၏ လူဦးရေအင်အားဖြင့် အလုပ်သမားများကို ဖိနှိပ်နိုင်ကြလေသည်။ သို့သော် အလုပ်သမားများ အသက်ရှင်နေသရွေ့ ကာလပတ်လုံး သူတို့၏အခွင့်အရေးကို ကုန်သည်များက လုယက် မယူနိုင်ကြပေ။

တပ်သားများသည် အဆိုပါအကြောင်းအရာများကို ကြားရသောအခါ သူတို့၏အပြုအမူများ လုံးဝ ပင် ပြောင်းလဲသွားလေ၏။ စစ်သားတိုင်း 'လွတ်မြောက်ရေးတာဝန်ခံများ' ဖြစ်လာကြလေ၏။

ရွာများ, မြို့များ, မြို့ကြီးများသို့ ဝင်ရောက်သွားသောအခါ သူတို့၏အပြောနှင့် အပြုအမူများက ပြည်သူပြည်သားများ၏စိတ်ထဲတွင် ယုံကြည်မှု, လေးစားမှုများကို ဖြစ်ပွားစေလေသည်။ အစိုးရဌေတိုက်တွင် တွေ့ရှိသောဌေများကို မှန်ကန်စွာစာရင်းတင်၍ သုံးစွဲသည်။ လိုအပ်သောအခါကျမှ ပြည်သူပြည်သားများထံမှ အခွန် ကောက်သည်။ သို့ ကောက်ယူရာတွင်လည်း ဆိုင်ရာ ကျေးရွာပဋ္ဌာယတ်များ ဖွဲ့စည်း၍ အခြေအနေကို ရှင်းပြပြီးနောက်မှ၊ ပြည်သူတို့ဆန္ဒအရ၊ ပြည်သူတို့ ခွင့်ပြုသဘောတူညီချက်အရ အခွန်တော်ငွေများကို ကောက်ခံသည်။ 'မည်သည့်ပစ္စည်းကိုမှ တန်ဖိုးမပေးဘဲ မယူ' ဟူသော အချက်များအပြင်၊ မင်္ဂလသီဟကလည်း ထောင်ပေါင်းများစွာသော ပရိသတ်များရှေ့တွင် ပြည်သူလူထုအား နားရှင်းထားခြင်းများကြောင့် အတော်ပင် ခရီးရောက် တွင်ကျယ်လျက်ရှိလေ၏။ လူငယ်များ အစုလိုက်အပြုံလိုက် လွတ်လပ်ရေးတပ်မတော်ထဲသို့ သူတို့ဘာသာ သူတို့ စားရင်းသွင်းစ ပြုကြလေ၏။

မင်္ဂလသီဟသည် စစ်ရေးလေ့ကျင့်မှုများ, ရှောင်တခင်တိုက်ပွဲဆင်နည်းများ, (သူလျှိုလုပ်ငန်းများ), ရိက္ခာပေးသွင်းနည်း စသော အတတ်ပညာများကိုပါ သင်ကြားစည်းရုံးထားလေသည်။ မင်္ဂလသီဟ သည် သူနှင့်အတူ မုဆလမန်နှင့် ဟိန္နူဆရာဝန်တစ်စုကိုလည်း ခေါ်ဆောင်သွားလေ၏။

ပဒေသရာဇ် လက်ဆောင်ပဏ္ဏာ, မိုက်ကြေးခွဲယူခြင်း, အဂတိလိုက်စားခြင်း ဟူသော အညစ်အကြေးများကို ဆေးကြောသုတ်သင်ပစ်ရန် ပညာတတ် လူတန်းစားများကဲ့သို့ ကိုယ်ကျိုးမပါသော မျိုးချစ်စိတ်ဓာတ် ထက်သန်စွာ ဝင်သွားဖို့ လိုအပ်ပေသည်။ သို့ရာတွင် ဤကဲ့သို့သောအချိန်တွင် ဤလိုစိတ်ဓာတ်မျိုး ပေါ်ပေါက်အောင် နှိုးဆွပေးရန် မလွယ်ကူလှပေ။ သို့သော် 'မင်္ဂလသီဟနှင့် ၂ ရက် အတူနေရလျှင် သူ၏လွမ်းမိုးမှု မခံရသောသူ' ဟူ၍ မရှိနိုင်ပေ။ သူ၏ စစ်သားများနှင့် သူ ရယ်မောပြောဆိုနေပုံကို မြင်ရလျှင်၊ နောက်ဆုံးတစ်နေ့တွင် စစ်သား ၂၀၀၀အထိ တိုးတက်လာမည့် စစ်တပ်တစ်တပ်၏ ဦးစီးဗိုလ် ဖြစ်သည်။- ဟု မင်္ဂလသီဟအား မည်သူမှ မခန့်မှန်းနိုင်ပေ။ သို့သော်လည်း တပ်သားတိုင်း ဦးစီးဗိုလ်၏အမိန့်ကို အသက်စွန့်၍လိုက်နာရန် အသင့် ရှိကြလေသည်။ သူသည် အမြဲတမ်းစစ်သားများနှင့် အတူတူပင် မာကျစ်သောမုန့်ကို ဝေပုံကျ စား၏။ စစ်သားများကဲ့သို့ပင် စောင်တစ်ထည်ပတ်၍ အိပ်၏။ သူသည် အန္တရာယ်ရှိသောနေရာတွင် ရှေ့ဆုံးက နေ၏။ သူသည် ဖမ်းမိသော အင်္ဂလိပ်များကို သက်ညှာထောက်ထားစွာ ပြုစုထား၏။ အင်္ဂလိပ်များသည် သူ၏သက်ညှာမှုကို အံ့အားသင့်ကြ၏။ အကြောင်းသော်ကား ဥရောပတိုက်မှာပင်လျှင် ထိုအချိန်က သံ့ပန်းအကျဉ်းသားများအား ထိုကဲ့သို့ ပြုစုထားရှိမှုကို မကြားဖူးသေးသောကြောင့်ပေတည်း။ သူသည် ရုဟေလ်ခဏ္ဍပြည်နယ်၏ ၄ ခရိုင်ထဲသို့ ဝင်ရောက်၍ ၄ ခရိုင်သားအားလုံးအား ကောင်းမွန်စွာ စည်းရုံးပေးလေ၏။

နာနာဆာဟေဗ်သည် ၁၈၅၇ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် အင်္ဂလိပ်တို့အား တိုက်လေ၏။ သို့ရာတွင် တစ်လခွဲမတိုင်မီ ဇူလိုင်လ ၁၈ ရက်နေ့တွင် အရေး ရှုံးနိမ့်သွားလေ၏။ ခေတ်ကား ပြောင်းခဲ့ပြီ။ သို့သော်လည်း အသက်ရှင်နေသမျှ ကာလပတ်လုံး သူ ဘယ်တော့မှ 'လွတ်လပ်ရေးအလံကို လွှင့်ရတော့မည် မဟုတ်တော့။' ဟု မင်္ဂလသီဟ သဘောပေါက်ခြင်းမှာ နောက်မကျပေ။

အင်္ဂလိပ်များသည် အောက်ဓ (အဝဓ) နယ် လက်နက်မဲ့ပြည်သူပြည်သားများအား သိမ်းကျုံး၍ ပြန်လည်လက်စားချေမှုများ စတင်ပြုလုပ်ခဲ့ကြလေ၏။ မိန်းမများမှာ အရှက် (အသရေ)နှင့် အသက်ကို လုယက်ဖျက်ဆီးခြင်း ခံရလေသည်။ ဤသတင်းများအားလုံး ကြားရသည်တိုင်အောင်ပင် မင်္ဂလသီဟနှင့် သူ့ရဲဘော်များသည် တစ်စုံတစ်ယောက်သော အင်္ဂလိပ်သုံ့ပန်းမျှ ညှဉ်းဆဲခြင်း မပြုကြပေ။

မိုးကုန်သောအခါတွင် စစ်သားသူပုန်များ၏ ပြန်လှန်တိုက်ခိုက်မှုသည် နေရာတကာတွင် ချေမှုန်းခြင်း ခံရလေ၏။ သို့ရာတွင် မင်္ဂလာသီဟသည် အဖက်ဖက်မှ အင်္ဂလိပ်၊ ဂေါရခါးနှင့် ပန်ဂျာဗီစစ်တပ်များ ဝိုင်း၍တိုက်ခိုက်ခြင်း ခံရလျက်ပင် ရှမ်းလယ်ခရာနယ်နှင့် အနောက်ပိုင်းအောက်ခနယ်တွင် လက်နက်စွဲကိုင်လျက် တိုက်နေတုန်း ရှိသေး၏။ တစ်နေ့ထက်တစ်နေ့ လွတ်လပ်ရေးစစ်သားများ ဦးရေလည်း ယုတ်လျော့လာလေ၏။

မင်္ဂလာသီဟသည် နောင်ရေးတွေးတောလျက် စစ်သားများကို သူတို့အရပ်သို့ ပြန်လွှတ်၏။ သို့ရာတွင် မေရင်္ဂမြို့မှ သူနှင့်အတူချီတက်ခဲ့သော တပ်သား ၁၀၀၀ထဲက တစ်ယောက်မျှ 'သူကို စွန့်ခွာသွားရန်' သဘောမတူပေ။ ဆုံးခန်းတိုင် ရောက်ခါနီးသောအခါ၊ 'သေခြင်းသည်သာလျှင် သူ၏ ဝမ်းမြောက်ဖော်ရွှင်ဖွယ် ကိစ္စတစ်ခုဖြစ်ကြောင်း' မင်္ဂလာသီဟ တွေ့ရ၏။ 'ဗြာဟ္မဏ၊ ရာဇပုတ်၊ ဂူဂျ်ရ်၊ ဟိန္ဒူ၊ မုဆလိမ်' ဟူသော လူမျိုး၊ ဇာတ် ကွဲပြားမှုသည် ကြမ္မာငင်သောလူစုကလေးတွင် ပျောက်ကွယ်လျက် ရှိကြလေသည်။ သူတို့၏အစာကို အတူတူစားကြလေသည်။ ဤနည်းအားဖြင့် ညီညွတ်သော အိန္ဒိယလူမျိုးများ၏ စံနမူနာတစ်ရပ်ကို ပြသွားကြလေသည်။

'ဓိန္ဓာသီဟ၊ ဒေဝရာမ၊ သဒါဖလပဏ္ဍော၊ ရဟိမခါန်နှင့် ဂုလာမ်ဟုဆိန်'မည်သော မေရင်္ဂမြို့မှ စစ်သား ၅ ဦးတို့သည် မင်္ဂလာသီဟနှင့် အတူတကွရှိနေကြ၏။ ထိုအချိန်တွင် နောက်ဆုံးပိတ်အကြိမ် ဂင်္ဂါမြစ်တွင် လှေနှင့်သွားရာ ၂ ဘက်ညပ် အိုင်းခံရလေသည်။

မင်္ဂလာသီဟ၏ အကျဉ်းသမားများ ဖြစ်ခဲ့ဖူးသော အင်္ဂလိပ်လူမျိုး ယောကျ်ား၊ မိန်းမများ၏ တောင်းပန်ချက်အရ အင်္ဂလိပ်စစ်ဦးစီးဗိုလ်သည် သူအား အပြစ်လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သဖြင့်၊ 'လက်နက်ချဝင်ရောက်လိမ့်မည်။'ဟု များစွာမျှော်လင့်ခဲ့ဖူး၏။ သို့သော် သူက အမြဲပင် ငြင်းဆိုခဲ့လေသည်။

ယခုတစ်ကြိမ်လည်း လွတ်ငြိမ်းချမ်းသာခွင့်ကို ထပ်၍ ပေးပြန်၏။ သူသည် သူ၏အဖြေကို ကျည်ဆန်တစ်ဆန်နှင့် ပေးလိုက်လေ၏။ နောက်ဆုံး၌ အလောင်း ၆ လောင်းပါလာသော လှေတစ်စင်း ဂင်္ဂါမြစ်ကြော မျောလာသောအခါမှ သူကို ဖမ်းမိလေတော့သည်။

အင်္ဂလိပ်သည် အိန္ဒိယ၏ရဲစွမ်းသတ္တိကို အလေး ပြုရလေတော့သတည်း။ ။


ဆစ်ဒရ်

၁၉

ဆစ်ဒရဲ

အချိန်- ခရစ်နှစ် ၁၉၂၂

၁

ငယ်ပင်ငယ်သော်လည်း လှပသော တစ်ထပ်အိမ်တစ်ဆောင် ဖြစ်လေသည်။ ကျယ်ပြန့်သောအိမ်ဝင်း၏ တစ်ဖက်၌ နှင်းဆီပန်းခင်းတစ်ခု ရှိလေရာ၊ ကြက်သွေးရောင်, ပန်းနုရောင်ပန်းပွင့်များနှင့် တောက်ပနေ၏။ တခြားတစ်ဖက်တွင်ကား ဗက်ဒ်မင်တန်ကစားကွင်းရှိ စိမ်းလွင်နေသောမြက်များပေါ်လှည့်ပတ်သွားရခြင်းမှာ တစ်ကိုယ်တည်းပင် ပျော်စရာကောင်းသော အလုပ်ဖြစ်လေသည်။ အခြားတစ်ဖက်တွင်ကား နွယ်ချုံမဏ္ဍပ်တစ်ခု ရှိသည်။ အိမ်၏ နောက်ဘက်တွင်ကား အမိုးမရှိသော ဗာရန္တာတစ်ခု ရှိ၏။ ထိုနေရာ၌ ဝတ်လုံတော်ရ 'ဆဖ်ဒရ်ဂျုန်ဂ်သည် ညနေဘက်များတွင် ထိုင်နေလေ့ရှိပေ၏။

စိမ်းလန်းသော တိုက်ကပ်နွယ်ပင်များသည် နံရံကို တွယ်ကပ်၍တက်နေ၏။ ဤကဲ့သို့ နွယ်ပင်များ တွယ်တက်နေသည့် ဒံမ်တစ်ဆောင်ကို ဆဖ်ဒရ်သည် အောက်စ်ဖို့ဒ်၌ တွေ့မြင်ခဲ့ဖူး၍၊ သည်မှာလည်း တိုက်ကပ်နွယ်များကို ကြိုးကြိုးစားစားစိုက်လေသည်။

အိမ်ဝင်းထဲတွင် ကား ၂ စီး ထားရန်အတွက် ကားရုံတစ်ရုံ ရှိ၏။ ဆဖ်ဒရ်ဂျုန်ဂ်၏ နေ့ပုံထိုင်ပုံနှင့် သူ့အိမ်၏ ရာသီဥတုအခြေအနေ ပတ်ဝန်းကျင်သည် အင်္ဂလိပ်နမူနာအတိုင်း တိတိကျကျ လိုက်၍အတုယူထားချက် ဖြစ်၏။ သူ၏ ဒါဇင်ဝက်ခန့်ရှိသော အစေခံများကိုလည်း အင်္ဂလိပ်အရာရှိတစ်ဦးက ခိုင်းစေထားဘိသကဲ့သို့ပင် တိတိကျကျ သွန်သင်ထား၏။ ကျစ်ကျစ်လစ်လစ်ပေါင်းထားသော ခေါင်းပေါင်းကိုလည်း သူတို့သခင်၏ အမည်အက္ခရာစာလုံးများပါသော သတ္တုတံဆိပ်တပ်၍ ပေါင်းထားကြ၏။ ဆဖ်ဒရ်သည် ဥရောပတိုက်သားတို့၏ အစားအစာကို အခြားအစားအစာထက် ပို၍ ကြိုက်နှစ်သက်လေရာ၊ သူ့အားငှင်းအစားအစာမျိုး စီမံချက်ပြုတ်ပေးရန် ထမင်းချက် ၃ ဦး ထား၏။

ဆဖ်ဒရ်သည် ဆာဗ် တစ်ယောက်, အင်္ဂလိပ်လူကြီးလူကောင်း တစ်ယောက်ကဲ့သို့ နေထိုင်လေရာ သူ၏ ဇနီးဆကီနာကို အစေခံများက 'မိမ်းဆာဗ်-သခင်မ'ဟု ခေါ်ကြ၏။

မလိုအပ်သောအပင်များကို နုတ်ထားသော ဆကနာ၏ မျက်ခုံးမွေးသည် ခဲဆွဲထားသဖြင့် သေးသွယ်ကွေးညွတ်နေသော မျှဉ်းကြောင်းအမည်းကလေးမျှသာ ဖြစ်၏။ သူမသည် ၁၅မိနစ် ၁၀၊ နှုတ်ခမ်းဆိုးဆေးကို ဆိုးလေ့ရှိ၏။ သို့ရာတွင် ဥရောပတိုက်သူ အဝတ်ကိုဝတ်ရန်ကား ဘယ်တော့မှ စိတ်မကူးခဲ့ပေ။

မနှစ်က ၁၉၂၀ ပြည့်နှစ်-ဆဖ်ဒရ်သည် သူ၏ဇနီးနှင့်အတူ ပထမဆုံးအကြိမ် အင်္ဂလန်ပြည်သို့ သွားရောက်လည်ပတ်သောအခါ ဆကီနာအား ဂါဝန် ဝတ်စေချင်၏။ သို့ရာတွင် ဆကီနာက သဘောမတူ ဘဲ ငြင်းဆို၏။ သို့သော်လည်း သူတို့နှင့် အင်္ဂလန်ပြည်မှာတွေ့ကြသော ယောကျ်ားရော မိန်းမပါ ဆကီနာ ၏ အဝတ်အစား (ဆာရီ)နှင့် ရုပ်ရည်ရူပကာယကို အံ့ဩချီးမွမ်းကြသည့်အတွက် ဆကီနာ ဂါဝန်ဝတ်ဖို့ ငြင်းဆိုခြင်းကို ဆဖ်ဒရ်က ဝမ်းမနည်းတော့ပေ။ သူတို့စုံတွဲမှာ အသားဖြူစင်လှသဖြင့် ဥရောပတိုက်တွင် သူတို့အား 'အီတာလီယန်းများ'ဟု မှတ်ကြရလေသည်။

၁၉၂၁-ခု။ ဆောင်းရာသီ ဖြစ်၏။

အိန္ဒိယပြည်အထက်ပိုင်း အခြားမြို့များကဲ့သို့ပင် လက္ခနောင်းမြို့ ရာသီဥတုသည် ၁ နှစ်လုံးတွင် အသာယာဆုံးသောရာသီဥတု ဖြစ်လေ၏။ ယနေ့ ဆဖ်ဒရ်သည် ရုံးကပြန်လာပြီးနောက် အိမ်၏နောက်ဘက် ဗာရန္ဒာပေါ်တွင် ကြိမ်ကုလားထိုင်တစ်လုံးနှင့် ထိုင်နေ၏။ သူ၏မျက်နှာထားမှာ ထူးထူးခြားခြားကို တင်းမာ နေ၏။ သူ၏ရှေ့တွင် စာအုပ် ၂ အုပ်-၃ အုပ်နှင့် မှတ်စု စာအုပ် ၁ အုပ် တင်ထားသော စားပွဲငယ် တစ်လုံး ရှိ၏။ အခြား ကုလားထိုင် ၃ လုံးသည် သူ၏အနား၌ အလွတ်သား ရှိနေ၏။ သူသည် ခေါက်ရိုး မကြေသော အင်္ဂလိပ်ဝတ်စုံအကောင်းဆုံးကို ဝတ်ထား၏။ သူ၏နှုတ်ခမ်းမွေး, မုတ်ဆိတ်မွေးများ စင်ကြယ်စွာ ရိတ်ထားသောမျက်နှာထားက 'ယနေ့ ကြီးလေးသောစိတ်ကူးများ ကူးနေကြောင်း' ထင်ရှားစေ၏။ ထိုကဲ့သို့သောအခါများတွင် သူ၏ အစေခံများသည် သူ့အနား မလာမိစေရန် သတိထားကြလေ၏။ သူသည် စိတ်ဆိုးခဲ့၏။ သို့ရာတွင် ထိုကဲ့သို့သောအခါများတွင် သူတစ်ယောက်တည်းနေရန် လိုလားကြောင်းကို သူ့အစေခံများအား နားလည်အောင် လုပ်ထား၏။

မိုးချုပ်လာလေပြီ။ သို့ရာတွင် ဆဖ်ဒရ်သည် ထိုင်လျက်ပင် ရှိသေး၏ အစေခံတစ်ယောက်သည် ဓာတ်ကြိုးရှည်တစ်ချောင်းနှင့် စားပွဲတင်မီးတိုင်ကို ယူလာပြီး သူ့ဘေးမှာ တင်ထားလေ၏။ သူသည် အိမ်ဘက်မှ အသံတစ်သံ ကြားရ၏။ ဆဖ်ဒရ်က မေးသည့်အခါ အစေခံက 'သင်္ဂရသီဟ လာလည်ကြောင်း၊ သို့ရာတွင် ပြန်တော့မည့်အကြောင်း'ကို ပြောပြ၏။ ဆဖ်ဒရ်က ချက်ချင်းပင် ဧည့်သည်ကို အပြေးလိုက်၍ ခေါ်ရန် အစေခံအား အမိန့်ပေးလိုက်၏။

သင်္ဂရသီဟမှာ အသက်အရွယ် ၃၀-၃၂ နှစ်လောက်သာ ရှိသေးသော်လည်း သူမျက်နှာမှာ အိုပုံ ရလေသည်။ သူသည် လည်စေ့ကုတ်အင်္ကျီအနက်နှင့် ဘောင်းဘီအနက်ကို ဝတ်၍ ဦးထုပ်ဖား ဝိုင်းဝိုင်းကြီး ဆောင်းထားသည်။ နှုတ်ခမ်းပေါ်တွင် အောက်ဘက်သို့ တွဲကျနေသော ထူထပ်သည့်မုတ်ဆိတ်မွေးနက်နက် ကြီးများ ရှိသည်။ ထိုကဲ့သို့သော အသွင်အပြင်ပေါ်တွင် နုပျိုမှုအရိပ်အရောင် အဘယ်မှာ တွေ့နိုင်ပါအံ့ နည်း။ သို့သော်လည်း သူ၏မျက်လုံးများကို ကြည့်လိုက်လျှင် မျက်လုံးများမှ ထွင်းဖောက်ထွက်လာသော အရောင်များက သူ့အတွင်းဓာတ် တောက်ပနေကြောင်း ထုတ်ဖော်ပြောဆိုနေကြလေသည်။

ဧည့်သည်ရောက်လာသည်နှင့် တစ်ပြိုင်နက်၊ ဆဖ်ဒရ်သည် လက်ဆွဲနှုတ်ဆက်ရန် ထိုင်ရာမှ ထလေ ၏။ နောက် ကုလားထိုင်တစ်လုံး ထိုးပေးရင်း "သင်္ဂရ။ မင်း ငါနှင့်မတွေ့ဘဲ ပြန်သွားရသလားကွာ။" ဟု ပြောလေ၏။

"ခွင့်လွှတ်ပါ သူငယ်ချင်းရယ်။ မင်းအလုပ်များနေလို့ တစ်ယောက်တည်းထိုင်နေတာ ဖြစ်ရမယ် ငါ ထင်လို့ပါပဲ။"

"ငါဟာ အမှုတွဲတွေထဲမှာ မြုပ်နေတာတောင် မင်းနှင့်တွေ့ဖို့ အချိန် နည်းနည်းပါးပါးရအောင် လုပ်နိုင်သေးတာပဲကွာ။ ခုဆိုရင် ငါ့ရှေ့မှာ အမှုတွဲမရှိတာ မင်းမြင်တယ် မဟုတ်လားကွ။"

ကြွယ်ဝချမ်းသာ၍
'ဆာ'ဘွဲ့ရ ပုဂ္ဂိုလ်ကြီးတစ်ယောက်၏
အထက်တန်းပညာတတ်သမီးဖြစ်သူ
ဆကီနာသည် သူမ၏ခင်ပွန်းနှင့်
ဤ တောသားရုပ်ပေါက်နေသော
ကျောင်းဆရာတို့ မိတ်ဆွေဖြစ်နေခြင်းကို
တစ်ခါတုန်းက မကျေမနပ် ဖြစ်ခဲ့ဖူး၏။

ဆဖ်ဒရ်သည် သင်္ကရသီဟအပေါ် အလွန်ခင်မင်၏။ သူထက် ဝိုင်္ဂရင်းနှီးသောသူ တစ်ယောက်မျှ မရှိပေ။ ဆိုက်ဒ်ပုရိမြို့ကျောင်းတွင် စတုတ္ထတန်းကို သူတို့ ၂ ယောက် အတူဝင်ရောက် သင်သည့်နေ့က စ၍ လက္ခနောင်းမြို့တွင် ဘီအေ အောင်သည်အထိ သူတို့ ၂ ယောက် ကျောင်းနေဖက်များ ဖြစ်ကြ၏။ ၂ ယောက်စလုံး စာတော်သောကျောင်းသားများ ဖြစ်ကြလေ၏။ စာမေးပွဲတွင် တစ်ခါတစ်ရံ အခြားတစ်ယောက်က အမှတ်ပိုရ၏။ သို့ရာတွင် ဤကဲ့သို့ အပြိုင်ဖြစ်ခြင်းကြောင့် မည်သည့်အခါမျှ သူတို့ ၂ ယောက် တစ်ယောက်ကိုတစ်ယောက် စိတ်ဖျက်ခြင်း, မနာလိုခြင်း မဖြစ်ခဲ့ဖူးပေ။ သူတို့၏ မိဘဆွေမျိုးများသည် တစ်ဦးက ဟိန္နူဘာသာဝင်အဖြစ် ရှိနေ၍၊ တစ်ဦးက မုဆလိမ်ဘာသာဝင်အဖြစ် ပြောင်းသွားသော်လည်း ၂ ဦးလုံးပင် 'ဂေါတမ်ရာဇပုတ် လူမျိုးချင်း ဖြစ်ကြသည်။' ဟူသောအစွဲက သူတို့၏ မိတ်ဆွေအဖြစ် ထောက်ကူအားပေးနေပေ၏။ လွန်ခဲ့သော မျိုးဆက် ၁၀ ဆက်ခန့်က ၂ ဦးစလုံးသည် ဟိန္နူများသာ ဖြစ်ကြသည့်အပြင် တစ်မျိုးတစ်နွယ်တည်း ဖြစ်ကြ၏။ သူတို့၏ မိဘဆွေမျိုးများသည် အခါထူး ကာလထူးများတွင် ကျင်းပသော ဓာတ်တူလူစုများ၏ ပြန်ပေါင်းထုပ်ပွဲများကို တက်ရောက်ကြသေး၏။

ဆဖ်ဒရ်သည် သူမိဘ၏ တစ်ဦးတည်းသောသား ဖြစ်၏။ သို့ရာတွင် သင်္ကရရှိနေသဖြင့် ညီအစ်ကို သားချင်းမရှိသည်ကို မေ့ပျောက်နေ၏။ သင်္ကရက ၆ လခန့် ငယ်၏။

ဆိုခဲ့ပြီးသောအကြောင်းအရာများကား အပြင်အပအကြောင်းအရာများသာ ဖြစ်ကြသည်။

ရိုးရိုးနှင့် မှန်မှန်နေတတ်သော သင်္ကရတွင် ဆဖ်ဒရ်ကဲ့သို့ တကယ့်လူကြီးလူကောင်းတစ်ယောက်က လေးစားရလောက်သော အရည်အချင်းများလည်း ရှိသေး၏။ သင်္ကရသည် စိတ်သဘော ကောင်း၏ သို့ရာ တွင် မမြော်က်ပင့်တတ်ပေ။ သို့ဖြစ်ရာ သူသည် 'အမ်-အေ'ကို ပထမတန်းနှင့် အောင်မြင်ခဲ့သော်လည်း အစိုးရကျောင်း တစ်ကျောင်း၌ လက်ထောက်ဆရာသာ ဖြစ်လာလေ၏။ သူကသာ အနည်းငယ် စပေးလိုက်လျှင် အခြားသူများက သူ့အတွက် ဝိုင်းဝန်းဆွဲတင်ပေးကြမည် ဖြစ်ရာ၊ ယခုလောက်ဆိုလျှင် သူသည် အထက်တန်းကျောင်းက ကျောင်းဆရာကြီးတစ်ယောက် ဖြစ်နေပေတော့မည်။ သို့သော်လည်း သူသည် တစ်သက်ပတ်လုံး လက်ထောက်ဆရာတစ်ယောက် လုပ်နေဖို့သာ လိုလားနေဘိသကဲ့သို့ ရှိလေ၏။

သူသည် သူမိတ်ဆွေများ၏ အကူအညီကို တစ်ခါသာ ယူဖူး၏။ ထိုအခါကား 'လက္ခနောင်းမြို့မှ သူ့အား ရွှေ့ပြောင်းပစ်မည်။' လုပ်သောအချိန် ဖြစ်၏။

သူသည် သိမ်မွေ့သည်နှင့်အမျှ မိမိကိုယ်ကို လေးစားမှုလည်း ရှိ၏။ ဤအချက်ကို ဆဖ်ဒရ်က တန်ဖိုးထား၏။ ၁၀ နှစ်သားအရွယ်က စ၍ခင်ခဲ့သော သူတို့ ၂ ယောက်၏ ခင်မင်ရင်းနှီးမှုသည် အနှစ် ၂၀ ကြာခဲ့ပြီဖြစ်သော ယခုအချိန်မှာလည်း အစကအတိုင်းပင် ခိုင်မြဲစွာရှိနေ၏။

သူတို့ဆီသို့ ဆကီနာ ရောက်လာသည့်အချိန်တွင် သူတို့သည် သာမန်အကြောင်းအရာ အနည်းငယ်ကို ဆွေးနွေးပြီးကြလေပြီ။ ဆကီနာသည် အနီရောင်ဇော်ဒီ, အစိမ်းနုရောင်ဆာရီကို ဝတ်ဆင်ထား၏။

သင်္ကန်းသည် ထိုင်ရမှထ၍ 'ဘာဘီ ဆလာမ်'ဟု နှုတ်ခွန်းဆက်လေသည်။

ဘာဘီ(မရီး)သည် ပြုံး၍ 'ဆလာမ်'ဟု တုံ့ပြန်နှုတ်ဆက်လေသည်။

ကြွယ်ဝချမ်းသာ၍ 'ဆာ'ဘွဲ့ရ ပုဂ္ဂိုလ်ကြီးတစ်ယောက်၏ အထက်တန်းပညာတတ်သမီးဖြစ်သူ ဆကီနာသည် သူမ၏ခင်ပွန်းနှင့် ဤ တောသားရုပ်ပေါက်နေသော ကျောင်းဆရာတို့ မိတ်ဆွေဖြစ်နေခြင်းကို တစ်ခါတုန်းက မကျေမနပ် ဖြစ်ခဲ့ဖူး၏။ ဆကီနာသည် သူမ၏အဖေ့အိမ်တွင် နေစဉ်ကတည်းက ခေါင်းမြီးမခြုံခဲ့။ ထို့ကြောင့် သူမသည် သဃ်ရန့်တွေ့ဆုံရာဝယ် တစ်စုံတစ်ရာ အနှောင့်အယှက်မရှိခဲ့ပေ။

သို့ရာတွင် ဆကီနာသည် ပထမ ၆ လခန့်က သင်္ကန်းကို မြင်သောအခါ မျက်မှောင်ကုပ်မိ၏။ သို့ရာတွင် သင်္ကန်းသည် ဆဖ်ဒရ်နှင့် ယှဉ်ထိုင်အလုပ်လုပ်ကာ မည်သို့မျှမဖြုန်းဘဲ ရှိလေ၏။

နောက်ဆုံး၌ ဆကီနာက သူမခင်ပွန်းအား 'သင်္ကန်းသည် မိမိတို့၏ ချစ်ခြင်း,လေးစားခြင်း ခံထိုက်ပါပေသည်။'ဟု ထုတ်ဖော်ဝန်ခံရလေသည်။

ယခုသော်ကား ဆကီနာသည် သင်္ကန်းအပေါ်တွင် တကယ့်မရီးတစ်ယောက်ကဲ့သို့ ဖြစ်ခဲ့လေပြီ။ သူမသည် သားသမီးမရအောင် လုပ်ထား၏။ သို့ရာတွင် မကြာခဏပင် သင်္ကန်း၏ကလေးများကို သူမနှင့်အတူ ခေါ်ခေါ်ထားတတ်၏။ သင်္ကန်းအဖို့သော်ကား သင်္ကန်းနှုတ်မင်း၏အမအစကို ခံယူရသဖြင့် သူ့အိမ်တွင် ၂ ခါလည်သားအောက် ကလေးငယ် တစ်ယောက်ပြီးတစ်ယောက် ရှိနေလေသည်။

ဆကီနာသည် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း သူ့ခင်ပွန်း စိတ်ကူးကြီးနေခြင်းကို တွေ့ရ၍ စိုးရိမ်နေခဲ့လေသည်။ သို့ဖြစ်ရာ သင်္ကန်း လာလည်သည်ကိုတွေ့ရ၍ အလွန် ဝမ်းသာအားရဖြစ်မိလေသည်။ အကြောင်းသော်ကား 'ဆဖ်ဒရ်အား စိတ်ပြေလက်ပျောက် ရွင်လန်းအောင်လုပ်နိုင်သူမှာ သင်္ကန်လျှင်ဖြစ်သည်။'ကို သူမ သိ၏။

ဆကီနာသည် သင်္ကန်ဘက်သို့ စိုက်ကြည့်၍-

''ဒီကနေ့ညတော့ ရှင် အလျင်စလို ဖြစ်မနေနှင့်နော်။ ကျွန်မကိုယ်တိုင်ဖုတ်တဲ့ ချောကလက်ပူတင်းစားကြည့်မယ် မဟုတ်လား။''

''မေးနေစရာ မလိုပါဘူး။''

''ပထမဆုံး ရှင် 'နေဦးမယ်။'ဆိုတာကို ကျွန်မသိမှ ဖြစ်မယ်။ ရှင်က သိနိုင်တာ မဟုတ်ဘူး။ ပျောက်ချင်ပျောက်သွားတာ။''

''ဟာ-မဟုတ်တာဗျာ။ ခင်ဗျားအမိန့်ကို မနာခံဘဲ ဖီဆန်တဲ့အခါများ ရှိလို့လား။''

''ကျွန်မက မနာခံတာ, ဖီဆန်တာကို ပြောနေတာ မဟုတ်ပါဘူး။ ဒါပေမယ့် အမိန့်ပေးသံ မကြားရအောင် ရှောင်နေတာလည်း အပြစ်ရှိတာပဲရှင့်။''

''ကဲ-ကဲ ကျွန်တော် အမိန့်ပေးသံနာခံရရုံ အဆင်သင့်ရှိနေပါတယ်။''

''ဒါဖြင့် ကောင်းပြီ။ ကျွန်မ သွားဦးမယ်။ ရှင် ညစာနှင့် ပူတင်းစားဖို့ နေရဦးမယ်နော်။''

ဆကီနာ လျင်မြန်စွာထွက်ခွာသွားလေ၏။

ဆဖ်ဒရ်နှင့် သင်္ကန်တို့ ၂ ယောက်သား လေးလေးနက်နက်စကား ဆွေးနွေးနေကြလေသည်။

ဆဖဒရ်-

''သင်္ဂြိုဟ်။ ငါတို့ဟာ တော်လှန်ရေးခေတ်သစ်တစ်ခုထဲကို အသေအချာရောက်နေပြီ။ အိန္ဒိယပြည်အောက်ခြေကစပြီး တုန်လှုပ်တာဟာ ၁၈၅၇ ခုနှစ်ကတည်းကဆိုရင် ဒီအကြိမ်ဟာ ပထမဆုံး အကြိမ်ပဲလို့ ငါ ထင်တယ်။''

''မင်းက အခုနိုင်ငံရေးလှုပ်ရှားမှုကို ဆိုလိုတာလား။''

'''နိုင်ငံရေးလှုပ်ရှားမှု'ဆိုတာက အင်မတန်ရိုးတဲ့ စကားလုံးပါကွာ သင်္ဂြိုဟ်။ ၁၈၅၅ ခုနှစ်မှာ ကွန်ဂရက်ကို တည်ထောင်လိုက်တဲ့အခါ ကွန်ဂရက်ဟာ အင်္ဂလိပ်အိုင်စီအက်စ် အငြိမ်းစားတွေ ကစားစရာ အရုပ်ကလေးသာ ဖြစ်နေတဲ့အခါ၊ အဲဒီအခါမှာတောင် ကွန်ဂရက်ရဲ့ ခရစ္စမတ်ဟောပြောပွဲတွေ၊ ပုလင်းထောင်ပွဲတွေကို 'လှုပ်ရှားမှု'လို့ သမုတ်သေးတာပဲကွ။ ဒါမျိုးကို 'လှုပ်ရှားမှု'လို့ မင်းခေါ်ချင်ရင် ငါတို့ဟာ 'အခုလှုပ်ရှားမှုက တော်လှန်ရေးကို ကူးနေကြတယ်။'လို့ ငါ ပြောမယ်။''

''ဘာဖြစ်လို့လဲ။ ဂန္ဒီကျိက တိလက် လွတ်လပ်ရေးရန်ပုံငွေ ၁၈ သန်းကောက်ပြီး လွတ်လပ်ရေးသံကျယ်ကျယ်လောင်လောင်ကြီး အော်နေလို့လား။''

''ဘယ်ပုဂ္ဂိုလ်တစ်ယောက်တည်းကမှ တော်လှန်ရေးတစ်ရပ်ကို၊ ဒါမှမဟုတ် တော်လှန်ရေးလှုပ်ရှားမှုတစ်ရပ်ကို မဖန်ဆင်းနိုင်ဘူး။ ဒီလို ကြီးကျယ်တဲ့ အုံကြွတော်လှန်မှုဟာ ပုဂ္ဂိုလ်ထူးတစ်ယောက်တည်းရဲ့ စွမ်းရည်နှင့် ဖြစ်မလာနိုင်ဘူး။ ထူးကဲတဲ့ပုဂ္ဂိုလ် ဒါဇင်ဝက်လောက်က နှိုးဆွပေးလို့လည်း မရနိုင်ဘူး။ ခု ငါတို့တွေ့ရတဲ့ လှုပ်ရှားမှုရဲ့မူလအစကို စဉ်းစားကြည့်အခါ ငါတော့ ဒီလို နိဂုံးချုပ်မိတယ်။ 'ဘယ်လိုလဲ'ဆိုတော့ မင်းသိတဲ့အတိုင်း ၁၈၅၇ ခုနှစ် ပုန်ကန်မှုခေါင်းဆောင်တွေဟာ ပြိုကျနေတဲ့ ပဒေသရာဇ်နယ်ရှင်တွေ ဖြစ်တယ်။

''ဒါနှင့်စကားမစပ် ပြောရဦးမယ်။ ငါတို့ လက္ခနောင်းမြို့ဟာ အဲဒီပုန်ကန်မှုရဲ့ ဗဟိုဌာနတစ်ခု ဖြစ်ခဲ့တယ်။ စင်စစ်ဆိုရင် လက္ခနောင်းမြို့ကို အင်္ဂလိပ်သိမ်းယူတာဟာ ပုန်ကန်မှုရဲ့ လောလောဆယ် အကြောင်းတွေမှာ တစ်ကြောင်း ဖြစ်တယ်။ ဒါပေမယ့် တိုက်ပွဲမှာ သာမန်ပြည်သူပြည်သားတွေက အသက်ဆုံးရှုံးခံပြီး ဆင်နွှဲခဲ့ရတယ်။ အဲဒီပုန်ကန်မှု ဟာ ငါတို့ဘက်က ချွတ်ယွင်းချက်တချို့ကြောင့် အရေးနိမ့်ခဲ့ရတယ်။ အဲဒီပုန်ကန်မှုကို နှိမ်နင်းပြီးတဲ့အခါ အင်္ဂလိပ်တွေဟာ ပြင်းပြင်းထန်ထန် လက်စားချေကြတယ်။ ကဲ-ငါဆိုလိုရင်းက ၁၈၅၇ ခုနှစ်ကတည်းက လွတ်လပ်ရေးအတွက် တိုက်ပွဲကို ပြည်သူပြည်သားတွေ ဝင်နွှဲတာဟာ ဒီတစ်ခါ ပထမဆုံးပဲ။ မင်းလည်း အိန္ဒိယရာဇဝင် နားလည်သားပဲ။ မင်း ငါလိုပြန်ရင် ပြစမ်း။ ဒီတစ်ခါလို ပြည်သူတွေ ဝင်နွှဲတဲ့ တခြားလှုပ်ရှားမှုများ ရှိရဲ့လား လို့။''

''ငါတို့ဟာ နဂပုရှ် ကွန်ဂရက်အစည်းအဝေး၊ ကာလကတ္တား ကွန်ဂရက် အစည်းအဝေးကို တက်ခဲ့ဖူးတယ်။ ရွာတွေ မင်း တရားသွားဟောလို့ စိတ်ထက်သန်နေကြပုံကို ငါကိုယ်တိုင် မျက်မြင် ဖြစ်ခဲ့တယ်။ 'အုံကြွလောက်ပါပေတယ်။' ဆိုတာကို ငါ ဝန်ခံပါတယ်။ ဒါပေမယ့် လက္ခနောင်းမြို့မှာ နိုင်ငံခြားအဝတ်အထည်တွေကို မီးရှို့ပစ်တဲ့ ပွဲကြီးတွေနှင့် လေမုန်တိုင်းထနေတဲ့ အတောအတွင်းက မင်း တုပ်တုပ်မျှ မလှုပ်ဘဲ ခုတော့မှ မင်းက တော်လှန်ရေးပွဲတော်ကြီးအလယ် ရောက်တဲ့လူလို စကားပြောနေတယ်။''

''မင်းပြောတာ မှန်တယ်သူငယ်ချင်း။ တကယ်ဆိုတော့ တော်လှန်ရေးရေလုံးကြီးဟာ ငါခြေထောက်ကို ဝင်ဆောင့်နေတယ်။ ဒီကိစ္စကို ငါတော့ သေးငယ်တဲ့ရပ်ကွက်ကိစ္စလို့ မယူဆဘူး။ ဒီကိစ္စ ဟာ အထင်အရှားကို အနှံ့အပြားဖြစ်နေတဲ့ အုံကြွမှုကြီးရဲ့ ဆက်စပ်နေတယ်။ ဘယ်ခေတ်မှာမဆို အပြင်း အထန်ဆုံးဖြစ်တဲ့ တော်လှန်ရေးအင်အားက ပြည်သူတွေကို သိမ်းပြီးဆွဲသွားတာပဲ။''

''မင်း ၁၈၅၇ ခုနှစ်ကတည်းက စခဲ့တာပေါ့ဆဖဒရဲ။ မင်း ဒီကိစ္စကို ကျကျနနကြီးကို စဉ်းစားနေတာပေါ့။''

''ငါ ဆဲကဲ့ပြောရဦးမှာလား။''

''ငါလည်း နားထောင်ချင်တယ်။ ပူတင်းက ဖုတ်ပြီးနေပြီ။ မနက်ဖြန်ခါလည်း တနင်္ဂနွေနေ့။ ကောင်းပြီကွာ။ ငါ့အိမ်ကို တစ်ယောက်ယောက်လွှတ်ပြီး၊ 'ငါ ဒီလက္ခနောင်းမှာ ဆင်္ကာဖုတ်တဲ့ပူတင်းစားပြီး အိပ်တော့မယ်။' လို့ ပြောခိုင်းလိုက်ပါကွာ။ ကဲ-အခု ငါ မင်းသဘောအတိုင်းပဲ။ ငါ တစ်ညလုံး မင်းပြောတာ ထိုင်နားထောင်နိုင်တယ်။''

''သင်္ကရာ။ မင်းပါ ပါမယ်ဆိုရင် အောက်စ်ဖို့ဒ်ဟာ ငါ့အဖို့ ၂ ဆပိုပြီး ပျော်စရာကောင်းမှာပဲ။ အင်း- ငါသာ မဟုတ်ဘူးကွ။ နိုင်ငံခြားမှာရှိတဲ့ နိုင်ငံရေးလေ့လာတဲ့ ကျောင်းသားတိုင်းကလည်း ဒီရာစုနှစ်နှင့် လွန်ခဲ့တဲ့ ရာစုနှစ်အတွင်းမှာ အင်္ဂလိပ်ရဲ့ နိုင်ငံရေးပြောင်းလဲမှုအားလုံးဟာ 'နိုင်ငံတကာအခြေအနေကြောင့် ဖြစ်ရတယ်။' လို့ ယူဆကြတယ်ကွ။

''နောက်ပြီးတော့ အဲဒီ ကမ္ဘာ့အခြေအနေရဲ့ အကြောင်းတွေ ကြည့်လိုက်တဲ့အခါ၊ 'အရင်းခံအကြောင်းဟာ စီးပွားရေးပဲ။' ဆိုတာကို တွေ့ရမယ်။ ၁၈၅၇ ခုနှစ်မှာ အထုအနှက်ခံရပြီးတဲ့နောက် ငါတို့တိုင်းပြည်ဟာ အိပ်နေခဲ့ကြတယ်။ ဒါမှမဟုတ်ရင်လည်း ငါတို့တိုင်းပြည်ရဲ့ တိုးတက်မှု၊ ထွန်းကားမှုအရှိန်ဟာ နှေးကွေးလေးလွန်းလို့ အိပ်နေသလို ဖြစ်ခဲ့တယ်။ ဒါပေမယ့် တခြားလူမျိုးတွေ၊ တခြားတိုင်းပြည်တွေမှာ ကြီးကျယ်တဲ့ပြောင်းလဲမှုကြီးတွေ ဖြစ်နေခဲ့တယ်။ ရောမအင်ပိုင်ယာကြီး ပြိုကွဲသွားကတည်းက အပိုင်းပိုင်းအစစကွဲနေခဲ့ရာက အီတလီပြည်ဟာ ၁၈၆၀ ပြည့်နှစ် ဧပြီလ ၂ ရက်နေ့မှာ တစ်မျိုးလုံး ညီညွတ်မှုကို ရရှိခဲ့တယ်။''

''အီတလီပြည်ဟာ ငါတို့လူငယ်တွေအတွက် မက်ဖီနီနှင့် ဂါရီဗာလ်ဒီကို စံနမူနာ ပြခဲ့တယ်။ ရောမအင်ပိုင်ယာကြီးကို ဖြိုဖျက်နိုင်ပေမယ့် သူတို့ချင်း မညီညွတ်နိုင်တဲ့ ဂျာမန်တွေဟာ ပရပ်ရှားပြည်ရဲ့ ခေါင်းဆောင်မှုအရ ပြည်ထောင်စုနိုင်ငံတစ်ခု တည်ထောင်နိုင်ခဲ့တယ်။ ၁၈၆၆ ခုနှစ်မှာ တစ်ပိုင်းတစ်စပေါ့ကွာ။ ဒါပေမယ့် ၁၈၇၁ခုနှစ် ပြင်သစ်ကို နိုင်ပြီးတဲ့အခါမှာ လုံးဝအပြည့်အစုံ ဆိုရမလောက် ဖြစ်လာတယ်။ ၁၈၆၆ ခုနှစ် အဖြစ်အပျက်တွေဟာ ကမ္ဘာမှာ အရေးကြီးဆုံးအဖြစ်အပျက်တွေ ဖြစ်တယ်။ ဂျာမန်ပြည်က ပြင်သစ်လို အင်အားကောင်းတဲ့ တန်ခိုးကြီးနိုင်ငံတစ်ခုကို ဖြိုလဲပြီး၊ ပဲရစ်နှင့် ဗာဆိုင်းမြို့မှာ ဂျာမနီအလံ တင်ထားလိုက်တဲ့အခါ အင်္ဂလန်နှင့် ရုရှားဟာ ဗာလင်ကို ထိတ်ထိတ်လန့်လန့် စောင့်ကြည့်နေရတယ်။ အဲဒါဟာ တစ်ခုတည်းသော နိုင်ငံတကာပြဿနာပဲ။ ပဲရစ်မြို့ကအလုပ်သမားတွေ တည်ထောင်လိုက်တဲ့ ပဲရစ်ကွန်မျူနန်းကို ထိတ်ထိတ်လန့်လန့်ဖြစ်ကြတယ်။ အဲဒီ ကွန်မြူနစ်ဟာ ၆ ပတ်ကျော်ကျော်ကလေးပဲ။ 'မှူးမတ်တွေ၊ ကုန်သည်တွေလိုပဲ အစိုးရ တည်ထောင်နိုင်တယ်။' ဆိုတာကို သက်သေခံတာပဲ။''

''ဒီဟာတွေအားလုံး အိန္ဒိယပြည်က နိုင်ငံရေးအဖြစ်အပျက်တွေနှင့် ဆက်စပ်တယ်လို့ မင်း ယူဆသလား။''

''အင်း-ယူဆတယ်။ ဒါတင် မကသေးဘူး။ ငါတို့ရဲ့ အင်္ဂလိပ်မင်းတွေ အိန္ဒိယပြည်အပေါ် ကျင့်သုံးတဲ့ ဝါဒစည်းမျဉ်းတွေအပေါ် သိသိသာသာထိခိုက်တယ်။ ဥရောပတိုက်မှာ ဂျာမနီလို ကြောက်စရာကောင်းတဲ့နိုင်ငံတစ်ခု ပေါ်လာတဲ့အခါ၊ ပြင်သစ်ဟာ အင်္ဂလန်နှင့် အပြိုင်အဆိုင်မလုပ်တော့ဘူး။ 'ဘာဖြစ်လို့လဲ။' ဆိုတော့ ပြင်သစ်ဟာ ဂျာမနီအန္တရာယ်နှင့် နီးနေတယ်။

''ငါတို့ရဲ့ အရင်းရှင်အုပ်စိုးရေးသမားတွေဟာ ပဲရစ်ကွန်မြူနာစ် ချက်ချင်းကျဆုံးသွားပေမယ့် အကြီးအကျယ် ထိတ်လန့်သွားကြတယ်။ နောက်ပြီးတော့ ဩစထရီယားကလွဲလို့ တခြားဂျာမန်ပြည်နယ် အားလုံးဟာ ကျဆုံးသွားဖို့ဝေးတဲ့ လူမျိုးတစ်ရပ်အဖြစ် စုရုံးလာတာကိုလည်း အကြီးအကျယ် ထိတ်လန့် ကြတယ်။ ဒီပြင် တခြားပြောင်းလဲမှုတွေကလည်း ဖြစ်လာနေတယ်။

''အင်္ဂလိပ်တွေဟာ ၁၆၇၀ ပြည့်နှစ် နောက်ကျတော့ ကုန်သည်တွေဘဝက ကြီးကျယ်တဲ့အရင်းရှင်တွေဘဝ ရောက်လာကြတယ်။ ပြီးတော့ ကုန်ရိုင်းတွေ ဝယ်တာကစပြီး ကုန်ချော လုပ်၊ ပြန်ရောင်းတာအထိ နေရာတကာ အမြတ်ယူဖို့ အခွင့်ကောင်းစောင့်ဖမ်းပြီး ယှဉ်ပြိုင်ကုန်သွယ်ရေးကို လက်ဝါးကြီး အုပ်ကြတော့တယ်။ ကုန်သည်အရင်းဟာ ကုန်ချောတွေကို တစ်နေရာကဝယ်ပြီး တခြားတစ်နေရာမှာ ရောင်းလို့ အမြတ်တစ်မျိုးတည်းသာ ရနိုင်တယ်။ ဒါပေမယ့် စက်ရုံအရင်းကတော့ နေရာတိုင်း၊ အဆင့်တိုင်းမှာ အမြတ်ရတယ်။ ဝါဝယ်ရာမှာလည်း မြတ်၊ ဝါဖတ်ပြီး အထုပ် ထုပ်ရာမှာလည်း မြတ်၊ မန်ချက်စတာစက်ရုံတွေမှာ ဝါတွေ ချည်ကျစ် အထည်ရက်ရာမှာလည်း မြတ်၊ အထည်ကို ပြန်ဖိုရာမှာလည်း မြတ်။ အဲဒီအမြတ်တွေကို လယ်လုပ်ပစ္စည်းတွေရောင်းနေရတဲ့ ကုန်သည်တစ်ယောက်ရဲ့အမြတ်နှင့် နှိုင်းယှဉ်ကြည့်စမ်း။''

''ဝိမျှားတာ အသေအချာပေါ့။''

''၁၈၇၁ ခုနှစ် ဗာဆိုင်းမြို့မှာ စစ်အောင်ပွဲရတဲ့ ဂျာမနီပြည်က ပရပ်ရှားပြည်ဘုရင် ပထမဆုံး ဝိလျံဘုရင်ကို ဂျာမန်ဧကရာဇ်အဖြစ် ကြေညာလိုက်ကြတယ်။ နောက်နှစ်ကျတော့ မျှော်ကောင်အင်္ဂလိပ် အရင်းရှင် တိုရီဂိုဏ်းသားတွေက သူတို့ရဲ့နယ်ချဲ့စနစ်ကို ရဟူဒီနန်းရင်းဝန် ဒစ္စရေလီကတစ်ဆင့် ကြေညာလိုက်တယ်။ နှုတ်နှင့်ကြေညာတဲ့ ကြေညာချက်ကလေးသာ မဟုတ်ဘူး။ တကယ့်ဧကန္တ ကြေညာချက်တစ်ရပ် ဖြစ်တယ်။

''အလုပ်ရုံတွေ ကြီးကျယ်တိုးတက်လာတဲ့အတွက် အဲဒီအလုပ်ရုံတွေကို ကာကွယ်ပေးနိုင်တဲ့ ဈေးတွေ၊ ပြင်သစ်ကုန်, ဂျာမန်ကုန်တွေ ပြိုင်ရောင်းမှာကို မကြောက်ရတဲ့ ဈေးတွေ လိုလာတယ်။ ဆိုလိုတာကတော့ အဲဒီ ပြင်သစ်, ဂျာမနီမှာရှိနေတဲ့ ဈေးကွက်ကုန်ပစ္စည်းတွေကိုလည်း သူတို့ လက်ဝါးကြီးအုပ်ဖို့ပဲ။ ပြီးတော့ အရင်းတွေကလည်း ဘယ်လောက်များ စုပေါင်းမိသွားသလဲဆိုရင် လုံခြုံစိတ်ချရတဲ့ သိုလှောင်စရာ နေရာတစ်ခုကို လိုအပ်လာတယ်။ ဒီကိစ္စတွေအားလုံးကြောင့် အင်္ဂလန်ဟာ 'တခြားနိုင်ငံတွေကို တင်းတင်းကျပ်ကျပ် အုပ်ထားရမယ်။' ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်နေတယ်။ ဒါဟာ ဒစ္စရေလီရဲ့ 'နယ်ချဲ့စနစ်' ဆိုတဲ့ စကားလုံးရဲ့ တကယ့်ဧကန္တဖြစ်တဲ့ အဓိပ္ပာယ်ပဲ။ အိန္ဒိယပြည်က အဲဒီ လိုအပ်ချက် ၂ ချက်စလုံးကို ဖြည့်တင်းပေးတယ်။

''ဥရောပတိုက်က အိန္ဒိယပြည်ကိုသွားတဲ့ စရိတ်အနည်းဆုံးနှင့် အတိုဆုံးလမ်းဟာ ၁၈၆၉ ခုမှာ ဖွင့်တဲ့ စူးအက်တူးမြောင်းပဲ။ ၁၈၇၅ ခုနှစ်မှာ ဒစ္စရေလီဟာ အီဂျစ်ပြည် ခဒီဗ်(ခေဒစ်)-ဘုရင် ကင်ဆီက ပေါင် ၄ သန်းတန်တဲ့ စူးအက်တူးမြောင်းအစု ၁၇၇၀၀၀ ကို သံကြိုးရိုက်ပြီး ဝယ်လိုက်တယ်။ ဒါဟာ နယ်ချဲ့စနစ်ရဲ့ ဝါဒစည်းမျဉ်းမှာ ဒုတိယခြေလှမ်း ဖြစ်တယ်။ နောက် ၁၈၇၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ဒါဗာ(ဒရ်ဗရ်) ပွဲတစ်ပွဲကို ဒေလီမြို့မှာ ကျင်းပလိုက်ပြီး ဝိတိုရိယဘုရင်မကြီးကို ဧကရီမကြီးအဖြစ် ကြေညာလိုက်တယ်။ အဲဒီလိုနှင့် ဒစ္စရေလီအစိုးရဟာ နယ်ချဲ့စနစ်ကို ပေါက်ပေါက်ရောက်ရောက် ကြီးလုပ်သွားလိုက်တာ၊ လစ်ဗရယ်ပါတီရဲ့အဖြစ်တဲ့ ဂလက်စတုန်း ရာထူးဆက်ခံတဲ့အခါ ဒစ္စဓရလီ ချပေးတဲ့လမ်းစဉ်ကို မပြင်နိုင်တော့ဘူး။''

''ငါတို့တော့ ငါတို့ကျောင်းသားတွေကို 'ဝိတိုရိယဘုရင်မကြီးသည် 'ကိုင်ဇာရိဟိန္ဒ' (အိန္ဒိယဧကရီ) ဘွဲ့ကို ခံယူတော်မူ၍ အိန္ဒိယပြည်ကို ချီးမြှောက်တော်မူပါပေသည်။' လို့ သင်ပေးနေတုန်းပဲကွ။''

''၆ နှစ်လောက်တုန်းက ပရပ်ရှားပြည်ဘုရင် ခံယူခဲ့တာလည်း အဲဒီ 'ကိုင်ဇာ'ဆိုတာ ဘွဲ့ပဲ ဖြစ်တယ် မဟုတ်လား။ 'ကိုင်ဇာ'ဆိုတဲ့အမည်ဟာ တော်တော် တွင်ကျယ်လာတယ်။ ရောမမြို့ကြီး ကျဆုံးသွားကတည်းက တန်ဖိုးဆုံးသွားတဲ့ နာမည်ကွ။ ခုတော့ ဒီနာမည်ဟာ ချက်ချင်းပဲ 'တန်ဖိုးပြန် တက်လာတယ်။'တဲ့။''

''လက်တင် (ရိုမန်)စကား 'ကိုင်ဇာ'ကို အိန္ဒိယပြည်အတွက်သာ သုံးပြီး၊ 'ဇကရီ'ဆိုတဲ့စကားကို အစားထိုးတာမှာ တစ်စုံတစ်ခုရည်ရွယ်ချက်များ ရှိသလားလို့ ငါ စဉ်းစားမိတယ်။''

''ရှိချင် ရှိမှာပဲ။ အဲဒီ ကိုင်ဇာဆိုတဲ့ စကားလုံးနှင့် ငါတို့ဟာ ၁၈၇၀ ခုနှစ်မှာ နယ်ချဲ့စနစ် ခေတ်ထဲ ရောက်လာကြတယ်။ အင်္ဂလန်က ပထမလက်ဦးဆုံး ရောက်တယ်။ နောက် အရေးနိမ့်သွားတဲ့ ပြင်သစ်ဟာ သမ္မတနိုင်ငံဖြစ်လာပြီး နာလန်ထူစ ပြုလာတယ်။ ၁၈၁၁ ခုနှစ်ကျတော့ ကျူးနစ်ကို ဝင်သိမ်းပြီး အင်ပိုင်ယာနိုင်ငံ ထူထောင်ရေးအလုပ်ကို စလုပ်တာပဲ။ ဂျာမနီကလည်း ၁၈၈၄ ခုနှစ်မှာ အလုပ်ရုံသစ်အရင်းရှင်သစ်တွေ အစုံအလင်နှင့် ကိုလိုနီကျွန်နိုင်ငံသစ် တောင်းပြီး အင်ပိုင်ယာနိုင်ငံတစ်ရပ် ထောင်ဖို့ ကြိုးစားတော့တာပဲ။''

''အိန္ဒိယပြည်မှာ ဗြိတိသျှဝါဒ စည်းမျဉ်းဖြစ်လာမှုနှင့် ဒါဟာ ဘယ်လို ဆက်စပ်နေသလဲ။''

''စက်ယန္တရားတွေကို ပိုပြီး ကောင်းမွန်အောင် လုပ်၊ အလုပ်ရုံတွေကို တိုးချဲ့၊ အရင်းသစ်တွေကို ဖန်တီးကြတဲ့အခါမှာ အဲဒါတွေရဲ့ အမြတ်ရဖို့ လုပ်ပေးနိုင်တဲ့ ခေါင်းဆောင်မှု ရှိရတယ်။ ၁၈၇၄ ခုနှစ်နှင့် ၁၈၈၀ ခုနှစ်အကြားမှာ ဒစ္စရေလီဝန်ကြီးအဖွဲ့က အဲဒီခေါင်းဆောင်မှုကို ပေးခဲ့တယ်။ ၁၈၈၀ ပြည့်နှစ်က ၁၈၉၂ ခုနှစ်အထိတော့ ဒစ္စရေလီ ချပေးသွားတဲ့လမ်းကို မလိုက်ဘဲမနေနိုင်တဲ့ ဂလက်စတုန်ရဲ့ လစ်ဗရယ်အစိုးရအဖွဲ့က ပေးခဲ့တယ်။ ဟုတ်တာပေါ့။ အရင်းရှင်စနစ်ဘီလူးရဲ့ ပြောင်ရက်စက်မှုကို ဖုံးကွယ်ဖို့ အယောင်ဆောင်မင်းသား မျက်နှာဖုံးတပ်ပေးဖို့တော့ လိုတာပေါ့။ ဒါမှပဲ ပြည်သူပြည်သားတွေက ထိန် လန့်မသွားမှာကိုး။

''ဒါကြောင့် ဒစ္စရေလီက 'အိန္ဒိယပြည်ဇကရီ'လို့ လုပ်ဇာတ်ခင်းပြီး က,ပြလိုက်တော့ လစ်ဗရယ်တွေဟာလည်း သူထက်ပိုပြီး ရက်ရက်ရောရောလုပ်ကြရတော့တာပဲ။ လစ်ဗရယ်တွေက 'အိုင်းရစ် ဟုမ္မရူးလ် ဥပဒေကြမ်း' နှင့် လုပ်ပြတယ်။ ဒါပေမယ့် အိုင်းရစ်ပြဿနာဟာ ဒီကနေ့အထိ ဒီလိုပဲ နေတာပဲ။ အဲဒီ လစ်ဗရယ်ဝါဒ (ရက်ရောမှု)ကို အမြတ်ထုတ်ပြီး ငါတို့ အိန္ဒိယလူမျိုးလူကြီးလူကောင်းတွေ ဟာ ၁၈၈၅ ခုနှစ်မှာ ကွန်ဂရက်လူပ်ရှားမှုကို စတင်တည်ထောင်လိုက်ကြတယ်။ စင်စစ်မှာ ကွန်ဂရက်ဟာ လစ်ဗရယ်ပါတီရဲ့ နှလုံးရည် အမွေခံကလေးအဖြစ်နှင့် ပေါက်ဖွားလာတာပဲ။ ကွန်ဂရက်ကလည်း တစ်ခေတ်လုံးလုံး ဒီယုံကြည်ချက်ကို ထားရှိခဲ့တာပဲ။ ဒါပေမယ့် ၁၈၉၅ ခုနှစ်နှင့် ၁၉၀၅ ခုနှစ်ကြားမှာ အင်္ဂလန်ပြည် တိုရီဂိုဏ်းသားတွေဟာ ၁၀ နှစ်လုံးလုံး အာဏာရကြပြီး၊ အယ်လ်ဂျင်တို့, ကာဇင်တို့လို တိုရီဝါဒရဲ့ သားကောင်းရတနာတွေကို အိန္ဒိယပြည် လွှတ်လိုက်ကြတယ်။ သူတို့တွေဟာ နယ်ချဲ့စနစ်ရဲ့ နှောင်ကြိုးတွေကို ပိုခိုင်မာအောင် တုပ်နှောင်ကြတယ်။ ဒါပေမယ့် သူတို့ ဆောင်တိုင်းမမြောက်ဘဲ ကမောက်ကမ ဖြစ်လာခဲ့တယ်။''

''မင်းက လာလ် (လာဂျ်ပတ်ရာယ), ဗာလ် (ဗာလ်ဂင်္ဂါခရိုဟိလက်), ပါခ်(ဝိပိန်စန္ဒရ်ပါလ်)တို့ ခေါင်းဆောင်တဲ့လူပ်ရှားမှုကို ပြောနေတာပေါ့။''

''သူတို့တွေနှင့် သူတို့တွေရဲ့ လူပ်ရှားမှုတွေဟာ လက်ရှိကမ္ဘာ့အခြေအနေရဲ့ အရိပ်ထင်ချက်တွေသာ ဖြစ်တယ်။ ၁၉၀၅ ခုနှစ်မှာ ဂျပန်က ရုရှားကိုနိုင်လိုက်တဲ့အခါ၊ ဂျပန်ဟာ တန်ခိုးကြီးတဲ့နိုင်ငံများ ကလေးမှာ အပါအဝင်ဖြစ်လာပြီး အာရှတိုက်မှာ နိုးကြားမှုအသစ်တစ်ခုကို ဖြစ်လာစေတယ်။ ကာဇင်ရဲ့

ဘင်္ဂလားနယ်ကို ခွဲလိုက်တာနှင့် ဂျပန်အောင်ပွဲတွေဟာ ပူးပေါင်း[၈]၊ အိန္ဒိယလူငယ်တွေကို ကွန်ဂရက် စင်မြင့်ပေါ်မှာ မပြတ်သားတဲ့စကားတွေ ဟောကြပြောကြလုပ်နေတဲ့ အခြေအနေက ရှေ့တစ်ဆင့်တိုးသွား အောင် စေ့ဆော်ပေးလိုက်တယ်။ နှစ်ပေါင်း ၅၀ ကြာပြီးနောက်မှာ တစ်ခါထပ်ပြီး အိန္ဒိယအမျိုးသားတွေ ဟာ 'အိန္ဒိယပြည်အတွက် ဘယ်လိုသေရမယ်။' ဆိုတာကို နားလည်ကြတယ်။ အဲဒီအထဲမှာ အိုင်ယာလန်နှင့် ရုရှားက အသေပုဂ္ဂိုလ်တွေဆီက ငါတို့ နမူနာအများကြီး ရကြတယ်။ ဒါကြောင့် လက်ရှိကမ္ဘာ့အခြေအနေ ရဲ့ အကြောင်းရင်းကို အိန္ဒိယပြည်ထဲမှာသာ ရှိနေမယ်ဆိုရင် မှားလိမ့်မယ်။"

"ဟုတ်တယ်။ အမှန်ပဲ။ ကမ္ဘာ့ရဲ့အစိတ်အပိုင်း အားလုံးဟာ အပြန်အလှန်ဆက်စပ်နေတယ်။"

"မှန်တယ်သင်္ခ။ တော်လှန်ရေးလှုပ်ရှားမှုတစ်ခုရဲ့ အင်အားဟာ အကြောင်း ၂ ရပ်အပေါ်မှာ တည်ရှိနေတယ်။ 'နိုင်ငံတကာ့အခြေအနေနှင့် အစဉ်အလာတွေက လမ်းညွှန်မှု ဘယ်လောက်ပေးသလဲ။' ဆိုတဲ့အချက်နှင့် 'တိုင်းပြည်မှာရှိတဲ့ တော်လှန်ရေးအကျဆုံး လူတန်းစားက ဒီတော်လှန်ရေးလှုပ်ရှားမှုထဲကို ဘယ်လောက် ပါလာကြသလဲ။' ဆိုတဲ့အချက်များ ဖြစ်ကြတယ်။

"အဲဒီလှုပ်ရှားတက်ကြွတဲ့ အကြောင်းရင်း ၂ ခုထဲက ပထမအကြောင်းရင်းနှင့် ပတ်သက်ပြီး ငါ နည်းနည်းပြောပြီးပြီ။ နောက်အကြောင်းရင်းကတော့ အလုပ်သမားနှင့် လယ်သမားတွေကို ပူးပေါင်းပေး ရေးလည်း ဖြစ်တယ်။ အရှုံးဒဏ်အနစ်နာကို မျက်နှာချင်းဆိုင်ဖို့ အသင့်ရှိတဲ့လူတွေသာ တော်လှန်ရေး တိုက်ပွဲ ဝင်နိုင်တယ်။ ဆင်္ကာနှင့် ဆင်္ကာရဲ့နွှတ်ခမ်းဆိုးဆေးတို့, ဒီအိမ်လို အိမ်နှင့် အမာခံလယ်ယာ တွေ ဆုံးရှုံးမှာကြောက်နေတဲ့ လူတစ်ယောက်ဟာ တော်လှန်ရေးရဲတပ်သားတစ်ယောက် မဖြစ်နိုင်ဘူး။ ဒါကြောင့် 'တော်လှန်ရေးကို လုပ်ဆောင်နိုင်တာဟာ သာမန်ပြည်သူပြည်သားတွေသာ ဖြစ်တယ်။' လို့ ငါ ပြောတာပဲ။"

"ငါ သဘောတူတယ်။"

"ဒီ သာမန်ပြည်သူပြည်သားထဲမှာ ဘယ်လို စေ့ဆော်ချက်တစ်ရပ် ဝင်တယ်ဆိုတာ မင်းသိမှာပေါ့။ နိုင်ငံတကာ့အခြေအနေကလည်း သူတို့ကို ဘယ်ဘက် တွန်းပို့နေတယ်ဆိုတာတွေ ကြည့်စမ်း။ ပြီးခဲ့တဲ့ ကမ္ဘာစစ်ကြီးက ကမ္ဘာမှာ ရောမမီးတောက်ကြီးကို မွေးပေးလိုက်တယ်။ အဲဒီစစ်ဟာ နယ်ချဲ့စနစ်က ထွက်လာချက် ဖြစ်တယ်။ အရင်းနှင့် ကုန်ချောတွေအတွက် သီးသန့်ထားတဲ့ဈေးကို ကိုင်ထားမှု, သိမ်း ယူမှုတွေကြောင့် ပေါ်လာတာပဲ။

"ဂျာမနီက ကိုလိုနီကျွန်နိုင်ငံတွေ လိုချင်တယ်။ ဒါပေမယ့် ကမ္ဘာကြီးကို ဝေစုခွဲယူပြီးသား ဖြစ်နေ တယ်။ ဒါကြောင့် ဂျာမနီဟာ ကိုလိုနီကျွန်နိုင်ငံ ပိုင်ရှင်ကြီးတွေဖြစ်တဲ့ အင်္ဂလိပ်, ပြင်သစ်တို့နှင့် အတိုက်အခံ ဖြစ်လာတယ်။ ပြီးတော့ ဂျာမနီ ရှုံးသွားတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာ နယ်ချဲ့စနစ်ရဲ့ စိတ်ကူးတွေ ကို ဖျက်ဖို့ ရန်သူသစ်တစ်ဦး ပေါ်လာတယ်။ အဲဒီရန်သူဟာ လူ့လောကကို ကောင်းကျိုးပေးပြီး ဝိုမိုကြွယ်ဝ အောင်လုပ်ဖို့ ကုန်ပစ္စည်းတွေထုတ်လုပ်ရေး အယူအဆဖြစ်တယ်။

"စက်တွေကို ဝိုပြီးကောင်းအောင် လုပ်ကြတယ်။ အလုပ်ရုံတွေကို ချဲ့ထွင်ကြတယ်။ ကုန်တွေကို ပုပြီးထုတ်လုပ်ကြတယ်။ ဝိုကျယ်ဝန်းတဲ့ ဈေးတွေ လိုလာတယ်။ ဒီတော့ ပြည်သူတွေဟာ ဒီကုန်ပစ္စည်း တွေကိုဝယ်ဖို့ သူတို့ရဲ့အိတ်ထဲမှာ ပိုက်ဆံရှိရမယ်။ ဒါဟာ 'အလုပ်လုပ်သူအားလုံး လုပ်ခ မှန်မှန်ရကြ ရမယ်။' လို့ အဓိပ္ပာယ်ရှိတယ်။ သူတို့ရဲ့ အိတ်ထဲမှာ ပိုက်ဆံသိပ်နည်းနေရင် ကုန်ပစ္စည်းတချို့ ရောင်းမရ နိုင်ဘူး။ အဲဒီကုန်ပစ္စည်းကွေဟာ ဆိုင်တွေ, ကုန်လှောင်ရုံတွေထဲမှာ ပုံနေတယ်။ ဈေး ထိုင်းသွားတယ်။ အဲဒီတော့ ကုန်ထုတ်လုပ်ရေးကို လျှော့ပစ်ရတယ်။ အလုပ်ရုံတွေ ပိတ်ပစ်ရတယ်။ အလုပ်သမားတွေ အလုပ် ထုတ်ပစ်ခံရတယ်။ ကုန်ပစ္စည်းတွေဝယ်ဖို့ ငွေရ နည်းသွားတယ်။ အဲဒီအခါမှာ ပြည်သူတွေဟာ ဘာကို ဝယ်နိုင်မလဲ။ အလုပ်ရုံတွေ ဘယ်လို ဆက် အလုပ်လုပ်မလဲ။

''ကွန်မြူနစ်ဝါဒက 'အမြတ်ထုတ်မယ့် စိတ်ကူး'ကို စွန့်ဖို့နှင့် တစ်တိုင်းပြည်လုံး၊ တစ်ကမ္ဘာလုံး ဆွေမျိုးတစ်စုတည်းလို စုပေါင်းပြီးတော့ လိုအပ်သမျှကို ထုတ်လုပ်ဖို့ ဆုံးမတယ်။ လူတိုင်းကို သူ့အင်အားနှင့် အချိုးကျအလုပ်လုပ်ခိုင်းပြီး၊ 'သူ့လိုအပ်မှုအတိုင်း အသက်မွေးဝမ်းကျောင်းပစ္စည်းတွေ ပေးရမယ်။'လို့ ဆုံးမတယ်။ ဒါပေမယ့် လိုချင်သလောက်ဖြည့်တင်းပေးဖို့ စက်ရုံတွေနှင့် ကျွမ်းကျင်တဲ့အလုပ်သမား တွေ လုံလုံလောက်လောက်မရှိသေးခင် 'အလုပ်လုပ်သလောက် လုပ်ခပေးရမယ်။'လို့လည်း ဆုံးမတယ်။ မြေတွေ, အလုပ်ရုံတွေကို ပုဂ္ဂလိကဂိုဏ်ဆိုင်ခြင်း ရပ်စဲသွားပြီး၊ ကုန်ထုတ်လုပ်ရေးဆိုင်ရာ ပစ္စည်းတွေကို ပြည်သူတွေ အားလုံးက ဆွေမျိုးကြီးတစ်စုလို ပိုင်ဆိုင်တော့မှ ဒီအစီအစဉ်တွေကို လုပ်လို့ဖြစ်နိုင်မယ်။''

''သိပ်ကောင်းတဲ့ သဘောတရားပဲ။''

''သဘောတရားသာ မဟုတ်တော့ဘူး သင်္ခ်ရ။ ၁၉၁၇ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့မှာ ကမ္ဘာ ရဲ့ ၆ပုံ ၁ပုံရှိတဲ့ ရုရှားပြည်မှာ ကွန်မြူနစ်အစိုးရ တည်ထောင်ပြီးပြီ။ အရင်းရှင်ကမ္ဘာဟာ အဲဒီလူလောကကြီးရဲ့ တစ်ခုတည်းသောမျှော်လင့်ချက်ကို ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားနေတုန်းပဲ။ ဒါပေမယ့် ဆိုဗီ ယက် အုပ်စိုးမှုဟာ ၆ လ ကြာပြီးတဲ့နောက် (၁၉၁၉ မတ် ဩဂုတ်) ပြင်သစ်, အမေရိကန် အရင်း ရှင်များရဲ့ အကူအညီနှင့် တွန်းလှန်ခြင်း ခံသွားရတယ်။ ဒါပေမယ့် ရုရှားပြည်က အလုပ်သမားအစိုးရဟာ ခုအခါမှာ ကမ္ဘာကို အကြီးအကျယ် လမ်းပြရှေ့ဆောင်နေတယ်။ ပြီးတော့ အဲဒီအစိုးရကို ဖန်ဆီးပေးခဲ့တဲ့ အင်အားစုတွေဟာလည်း တိုင်းပြည်မှာ လူပ်ရှားဖေ့ဆော်နေတယ်။

''စစ်ပြီးတာနှင့်တစ်ပြိုင်နက် ဘာဖြစ်လို့ ဗြိတိသျှတွေဟာ 'ရောက်လတ်အက်' ကို ပြဋ္ဌာန်းဖို့ ဒီလောက် အလျင်စလို ဖြစ်ခဲ့ရသလဲ။ သူတို့ဟာ ကမ္ဘာမှာတက်ကြွလာတဲ့ တော်လှန်ရေးအင်အားကို ပျော့ညံ့ ထိုင်းမှိုင်းသွားအောင် လုပ်ချင်လို့ပဲ။ စဉ်းစားကြည့်စမ်း။ ဒီစွမ်းအားဟာ နေရာတကာ လှိမ့်ဝင်ပြီး ကမ္ဘာကို ပြောင်းပစ်ဖို့ ခြိမ်းခြောက်မနေခဲ့ရင်၊ ဗြိတိသျှတွေဟာ ရောက်လက်အက်ဥပဒေကို ပြဋ္ဌာန်းမှာ မဟုတ်ဘူး။ ဒီဥပဒေ မရှိခဲ့ရင် ဂန္ဒီဟာ ပြည်သူတွေကို ဒီဥပဒေနှင့်ဆန့်ကျင်ပြီး ထဖို့ လှုံ့ဆော်မှာ မဟုတ်ဘူး။ လှုံ့ဆော်မှု မရှိရင် ၁၈၅၇ ခုနှစ်ကတည်းက ပြာဖုံးသွားရတဲ့မီးခဲဟာ ခုအခါ ပြန်ပြီးထတောက်မှာ မဟုတ်ဘူး။ ဒါကြောင့် ငါတို့ဟာ တကယ်ကို တော်လှန်ရေးခေတ်သစ်တစ်ခုထဲ ရောက်နေတယ်လို့ ငါ ပြောခဲ့တာပဲ။''

''ဒါဖြင့် မင်းက ဂန္ဒီကို 'တော်လှန်ရေးခေါင်းဆောင်တစ်ယောက်'လို့ ယူဆတာပေါ့။ ဂိုခလေတို့လို စိတ်ဓာတ်ခေါင်းဆောင်တွေရဲ့ခြေရာ လိုက်နင်းတဲ့လူတစ်ယောက်ကို ဘယ့်နယ်ကြောင့် မင်းက ဒီလို ယူဆနိုင်သလဲ။''

''ငါဟာ ဂန္ဒီရဲ့အလုပ်တိုင်းကို 'တော်လှန်ရေးကျတယ်။'လို့ မဆိုပါဘူး။ တကယ့်ထက်မြက်တဲ့ တော်လှန်ရေးအင်အားစု သာမန်ပြည်သူတွေကို နှိုးဆွပေးဖို့ ကြိုးစားသလောက်အထိ သူ့အလုပ်ကို 'တော် လှန်ရေးကျတယ်။'လို့ ငါဆိုတယ်။ သူ့ရဲ့ ဘာသာရေးဆန်တဲ့၊ အထူးသဖြင့် 'ခိလာဖ' လှုပ်ရှားမှုနှင့် ပတ်သက်ပြီး ဟာဝါးပန်းချက်တွေကို 'တန်ပြန်တော်လှန်ရေး ညာလုံးတွေ'လို့ပဲ ငါ ယူဆတယ်။ စက်တွေ ကို စွန့်ပြီး 'ရှေးဟောင်းစနစ် ပြန်လည်ဆန်းသစ်ရေး'ဆိုတဲ့ သူ့ထင်မြင်ချက်ကိုလည်း 'နာရီလက်တံ နောက်ပြန်လှည့်ဖို့ အားထုတ်နေတာမျိုး။'လို့ပဲ ငါ ယူဆတယ်။ နောက်ပြီးတော့ 'စာသင်ကျောင်းတွေ, ကောလိပ်တွေ ပိတ်ပင်ရေး'ဆိုတဲ့ သူ့စကားဟာလည်း ဒီအတိုင်းပဲ။''

''မင်းကို ဘုရား မတယ် ဆဖဒရ်။ မင်း ဂန္ဒီကိုချီးကျူးနေတော့ ငါ အသက်တောင် မှန်မှန်မရှူ ဝံ့ဘူး။ မင်းလည်းပဲ 'စာသင်ကျောင်းတွေနှင့် ကောလိပ်တွေဟာ မာရ်နှတ်ရဲ့အလုပ်ရုံတွေ။'လို့ ပြော လေမလား။-လို့ ငါ တထိတ်ထိတ် ဖြစ်နေခဲ့တယ်။''

"ငါတို့ရဲ့ ပညာသင်ကြားနည်းတွေမှာ အမှားတွေ အများကြီးရှိနိုင်တယ်။ ဒါပေမယ့် ငါတို့ခေတ် စာသင်ကျောင်းတွေနဲ့ ကောလိပ်တွေက ငါတို့ကို ဝိဇ္ဇာပညာနဲ့ လက်ပွန်းတတီး ရှိစေတယ်။ ဝိဇ္ဇာပညာ မရှိဘဲ ခုခေတ်မှာ လူ မဖြစ်နိုင်ဘူး။ ငါတို့ရဲ့လွတ်လပ်ရေး ဘယ်တော့ရရ ရတဲ့အချိန်မှာ ဝိဇ္ဇာပညာဟာ အရေးတကြီး ပါလာရမှာပဲ။ လူဦးရေကလည်း နေ့စဉ်နေ့တိုင်း တိုးတက်များပြားလာနေတယ်။ အဲဒီ တိုးတက်နေတဲ့ လူသားတွေရဲ့ အနာဂတ် ကောင်းကျိုးချမ်းသာဟာ ဝိဇ္ဇာပညာရပ် အပေါ်မှာ မီတင်းနေရလိမ့်မည်။ ဒါကြောင့် ဝိဇ္ဇာပညာကို စွန့်ဖို့နှင့် နောက်ကြောင်းပြန်ဖို့ ဆိုတာဟာ ကိုယ့်ကိုယ်ကို သတ်သေတာပဲ။ ငါတို့ စာသင်ကျောင်းတွေနဲ့ ကောလိပ်တွေ ပိတ်ပိတ်ပစ်ပြီး၊ ချည်ရစ်ဌာန၊ အထည်ရက်ဌာန အစား ဖွင့်ဖို့လုပ်ရင် ငါတို့ဟာ အမှောင်ခေတ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပြန်ရောက်သွားကြမှာပဲ။ ကျောင်းသားတွေကို တော်လှန်ရေးတပ်သားဖြစ်အောင် ဆွဲဆောင်ခေါ်ငင်တာဟာ ဆိုးဝါးတဲ့အလုပ်တစ်ခု မဟုတ်ဘူး။ ဒီတစ်ချက်ကို မင်းလည်း ဝန်ခံရမှာပဲ သက်ရ။"

"ဟာ-ဟုတ်တာပေါ့။ နောက်ပြီး သပိတ်မှောက်တာကော။"

"တရားရုံးတွေကို သပိတ်မှောက်တာလား။ မှန်တာပေါ့။ ဒါဟာ ငါတို့အပေါ်ကနေတဲ့ နိုင်ငံခြားသားအုပ်စိုးရေးသမားတွေကို ငါတို့အင်အားနဲ့ 'မကျေနပ်ကြောင်း' ပြတဲ့ နည်းတစ်နည်းပဲ။ ဗြိတိသျှကုန်တွေကို သပိတ်မှောက်တာက ဗြိတိသျှအရင်းရှင်တွေကို ပါး ဝိုင်းရိုက်တာပဲ။ ဒီလိုလုပ်လိုက်တဲ့အတွက် တိုင်းရင်းသားလုပ်ငန်းတွေမှာ အထောက်အပံ့ရသွားတာပေါ့။"

"ဆဖဒရ်။ မင်း အတော်ကို ခရီးရောက်နေမှကိုး။"

"ခရီး မရောက်သေးပါဘူးကွာ။ ငါက ခရီး ရောက်ချင်နေတယ်။"

"ရောက်ချင်တယ်လား။"

"ပထမဆုံး ငါ့ကိုပြောစမ်း။ ငါတို့ဟာ တော်လှန်ရေးခေတ်တစ်ခေတ်ကို ရောက်နေသလား။ မနေဘူးလား။"

"သူငယ်ချင်း-ဆဖဒရ်။ ငါ မင်းကို မေးခွန်းတွေမေးနေတာဟာ တမင်ကို ဆွပေးချင်လို့ပဲ။ ငါဟာ ရုရှားတော်လှန်ရေးအကြောင်း ကြားကတည်းက တစ်ခါတည်း ကွန်မြူနစ်ဝါဒစာပေကို မရရအောင် နေရာတကာလိုက်ရှာပြီး ဖတ်လာစပြုခဲ့တယ်။ ငါ့ရဲ့ ကိုယ်ပိုင်ပြဿနာတွေကို ကွန်မြူနစ်အမြင်နှင့် စဉ်းစားဖို့လည်း အစပြုခဲ့တယ်။ 'အဲဒီဝါဒဟာ အိန္ဒိယပြည်နှင့် ကမ္ဘာအတွက် ချမ်းသာသုခ ရရာရကြောင်း လမ်းဖြစ်တယ်။' လို့ ငါ ယုံကြည်တယ်။ ဂန္ဓီရဲ့ အာဏာဖီဆန်ရေးဟာ အဲဒီ မြင့်မြတ်တဲ့ရည်ရွယ်ချက်ကြီးမှာ အနှောင့်အယှက်များ ဖြစ်နေမလား။ 'ဆိုတာ ခုအထိ ငါ ဝေခွဲလို့ မရသေးဘူး။ ဒါပေမယ့် ခုတင်က မင်းက ငါ့ကို 'ပြည်သူတွေဟာ တော်လှန်ရေးရဲ့ကျောရိုး ဖြစ်တယ်။' လို့ စဉ်းစားမိအောင် လုပ်လိုက်တော့ ငါ့ရဲ့တွေဝေမှုဟာ ပျောက်သွားတယ်။

"ဂန္ဓီဟာ တော်လှန်ရေးတစ်ရပ်ကို 'စည်းရုံးစီစဉ်နိုင်စွမ်း ရှိပေလိမ့်မယ်။' လို့ ငါ မယုံကြည်ဘူး။ ဒါ ပွင့်ပွင့်လင်းလင်းပြောတာပဲ ဆဖဒရ်။ ဒါပေမယ့် 'ပြည်သူတွေက လုပ်နိုင်တယ်။' ဆိုတာကို ငါ ယုံကြည်တယ်။ ၁၈၅၇ ခုနှစ်တုန်းက ကျဆုံးပြီးသား ပဒေသရာဇ်တွေဟာ ဝက်ဆီသုတ်ထားတဲ့ယမ်းတောင့်တို့၊ 'ဘာသာရေးဘေးအန္တရာယ် ကျရောက်နေပြီ။' ဆိုတဲ့ မဟုတ်မဟပ်လုပ်ဇာတ်တို့နှင့် ငါတို့ရဲ့ ပြည်သူပြည်သားအများကြီးကို သူတို့နောက် အလိုက်ခိုင်းခဲ့ကြတယ်။ ဒါပေမယ့် ခုအခါမှာ ပြည်သူတွေဟာ ထမင်းနှင့် ဟင်း (ဆန်နှင့်ဆား) ပြဿနာတွေကို ပိုပြီး စိတ်ဝင်စားနေတယ်။ လူပ်ရှားမှု၊ တော်လှန်မှုကို မှန်တယ်လို့ ငါတော့ ထင်တယ်။ ဂန္ဓီဟာ သူ့ရဲ့ ပင်ကိုမူလနေရာ ပြန်ဆုတ် သွားပေမယ့် သူဟာ တော်လှန်ရေးစက်ဘီးကို ပြန်တွန်းလှဲနိုင်မှာ မဟုတ်ပါဘူး။"

"ဒါကြောင့်ကိုပဲ ငါက တိုက်ပွဲထဲဝင်ပြီး အာဏာဖီဆန်ရေးသမားလုပ်ဖို့ ဆုံးဖြတ်လိုက်တာပဲ။"

''မင်းဟာက အရင်လိုလှချည်လား။''

''အရင်စလိုလုပ်ရင် ငါ ခုံပစ်ဝင်တာကြာလှရော့မယ်။ ငါ အတော်ကြာကြာကြီးကို စဉ်းစားပြီး၊ ခု မင်းရဲ့သဘောထားကို တီးခေါက်စမ်းကြည့်ပြီးမှ ဆုံးဖြတ်ချက် ချလိုက်တာပဲ။''

ဆဖ်ဒရ် တည်ငြိမ်ဝင်စားစွာပြောနေခိုက် သင်္ကရသည် အခြားဘက်သို့ လှမ်း၍ကြည့်နေလေသည်။

သင်္ကရ စကားမပြန်၍၊ ဆဖ်ဒရ်က ဆက်လက်ပြောဆိုလေသည်။

''သူငယ်ချင်း။ မင်းဟာ မင်းရဲ့မရီးနှင့် နှုတ်ခမ်းဆိုးဆေး၊ ပိုးထည်အဝတ်တွေ၊ ကတ္တီပါဖိနပ်တွေ ဒါမှမဟုတ် ဒီအိမ်နှင့် အစေခံတွေအကြောင်း စဉ်းစားနေရမယ်ကွာ။ ဆကီနာကို ငါ ဘယ်လိုမှ အကျပ်မကိုင်ပါဘူးကွာ။ ဆကီနာ ကြိုက်တဲ့ဘဝကို ဆကီနာ ရွေးရမယ်။ ဆကီနာမှာ သူ့ကိုယ်ပိုင်ပစ္စည်းတွေ၊ ဒီအိမ်, လယ်တွေနှင့် ငွေတွေ ရှိတယ်။ ဒါတွေဟာ ငါ့အဖို့ သာယာစရာ မရှိတော့ဘူး။ ဆကီနာ စိတ်သန်ရာနောက်ကို လိုက်ပါစေကွာ။''

''ဆကီနာအကြောင်းကိုရော မင်းအကြောင်းကိုရော ငါ မစဉ်းစားဘူး။ ငါ့အကြောင်းကို ငါ စဉ်းစားနေတာပဲ။ ငါ့စိတ်ထဲမှာရှိတဲ့ အတားအဆီးကြီးဟာလည်း ပျောက်သွားပြီဟ။ ငါတို့ဟာ ညီအစ်ကို ၂ ယောက်လို တော်လှန်ရေးလမ်းစဉ်ကို လိုက်ကြမယ်။''

ဆဖ်ဒရ် တောက်ပြောင်သော မျက်လုံးများဖြင့် ကြည့်၍ ပြောလေသည်။

''သင်္ကရ။ အောက်စ်ဖို့မှာတုန်းက ငါ မင်းကို မကြာမကြာ သတိရ လွမ်းဆွတ်မိတယ်။ ခုတော့ ကြိုးစင်တက်ရတောင် ငါဟာ လုံးဝ စိတ်ချမ်းသာတော့မှာပဲ။''

ဆကီနာ ညစာစားရန် သူတို့အား လာခေါ်သောအခါ သူတို့အစည်းအဝေးပွဲ ပြီးဆုံးသွားလေ၏။

၂

ထိုညမှစ၍ မိမိခင်ပွန်း ပို၍ ရွှင်ရွှင်လန်းလန်း ဖြစ်လာသည်ကို ဆကီနာ တွေ့ရလေ၏။ သို့သော် 'ဤကဲ့သို့ ရွှင်လန်းလာခြင်းမှာ သင်္ကရနှင့် စကားဆွေးနွေးရခြင်းကြောင့်ပင် ဖြစ်ရမည်။' ဟု တွေးထင်မိလေသည်။

ဆဖ်ဒရ်အဖို့၌ အခက်ခဲအလုပ်မှာ ဆကီနာအား သူ၏ဆုံးဖြတ်ချက်ကို ပြောပြရန်ဖြစ်၏။ သူကိုယ်တိုင်မှာပင် လောင်းရိပ်အောက်ကအိမ်မှာ ကြီးပြင်းလာရ၏။ သို့ရာတွင် သူသည် တောရွာများ၌ နေဖူး၍ ဗလာကျင်းနေသောဆင်းရဲမှုကို ကြင်ကြင်နာနာ သိရှိခဲ့ဖူးလေသည်။ ဆဖ်ဒရ်သည် သူ့ကိုယ်သူ 'ကျရာဒုက္ခကို ခံစား ကျော်လွန်နိုင်မည်။' ဟု စိတ်ချယုံကြည်၏။

ဆကီနာသော်ကား တစ်မျိုး ဖြစ်၏။ ဆကီနာသည် မြို့ကြီးထဲက ချမ်းသာကြွယ်ဝသောအိမ်မှာ ကြီးပြင်းလာခဲ့၏။ စာဆိုတော်က သီတာဒေဝီနှင့်ပတ်သက်၍ 'ခက်မာသောမြေသားကို ခြေဖျားနှင့်ပင် မထိပါဘူး။' ဟု ဖွဲ့ဆိုသကဲ့သို့ပင် ဆကီနာနှင့်ပတ်သက်၍လည်း ဆိုနိုင်ပေသည်။

တနင်္ဂနွေနေ့တွင် ဆဖ်ဒရ်သည် မပြောရဲဘဲ ဖြစ်နေ၏။

နောက်တစ်နေ့တွင် ဟိုက်ကုတ်ရုံး၌ သူသည် ရင်းနှီးသောမိတ်ဆွေအချို့အား သူ့အကြံကို ပြောပြ၏။ ထို့နောက် ဆကီနာအား ရှင်းလင်းပြောပြရန် မရှောင်သာ ဖြစ်ခဲ့လေ၏။

ညနေဘက်တွင် ဆဖ်ဒရ်သည် လက္ခနောင်းမြို့တွင်ရှိနိုင်သည့်အထဲက အကောင်းဆုံး ရှန်ပိန်အရက်ကို လူလွှတ် ဝယ်ခိုင်းလေ၏။ ဆကီနာက 'တခြားမိတ်ဆွေတစ်ဦးဦး လာမည်။' ထင်မိ၏။

အစေခံအား ရှိန်ပိန်ပုလင်း ဖွင့်ခိုင်းသောအခါ ဆကီနာသည် အတော်ပင် မစဉ်းစားတတ် ဖြစ်သွားလေ၏။

''ဒီကနေ့ကစပြီး
မင်းဟာ ငါ့အရက် ဖြစ်လိမ့်မယ်။
မင်းရဲ့ လှတဲ့မျက်နှာကလေးကို
တွေးနေရတာဟာ ငါရဲ့ တစ်ခုတည်းသော
မူးယစ်ခြင်း ဖြမ်လိမ့်မယ်။''

ဆဖဒရဲသည် အရက်ခွက်ကို ဆကီနာ၏နှုတ်ခမ်းနား တေ့ပေးပြီးလျှင် ပြောလေ၏။

''ဆကီနာ အချစ်ရယ်။ ဒါဟာ မင်း ကျုပ်အပေါ် လိုက်လျောမှုထဲမှာ နောက်ဆုံးလိုက်လျောမှု ပဲနော်။''

''ရှင်. 'အရက်ဖြတ်တော့မယ်။' လို့ ဆိုလိုသလား။''

''အင်း-အရက်နှင့် တခြားဟာတွေပါပေါ့။ ဒါပေမယ့် မင်းတော့ မပါပါဘူး။ ဒီကနေ့က စပြီး မင်းဟာ ငါ့အရက် ဖြစ်လိမ့်မယ်။ မင်းရဲ့ လှတဲ့မျက်နှာကလေးကို တွေးနေရတာဟာ ငါရဲ့ တစ်ခုတည်း သောမူးယစ်ခြင်း ဖြစ်လိမ့်မယ်။''

ဆကီနာ၏မျက်နှာတွင် နီးရိမ်ကြောင့်ကြမှု ပေါ်လာသည်ကို ဆဖဒရဲ တွေ့ရသောအခါ ဆက်၍ ပြောလေသည်။

''အချစ်ရယ်။ ဒီရှုန့်ပိန်ကို အတူတူသောက်ကြရအောင်။ ကျုပ်တို့ စကားပြောစရာ ရှိသေးတယ်။''

ဆဖဒရဲက 'ဥမရ် ခယျာမ်' (ပါသျှစာဆိုတော်ကြီး) လေးချိုးများကို ရွတ်ရွတ်ပြသော်လည်း ဆကီနာမှာ အရက်အရသာမတွေ့ဘဲ ရှိလေ၏။

အစေခံများကား ဝေးရာသို့ သွားနေကြလေသည်။ ဆကီနာသည် ဆဖဒရဲ့အနား လာ၍ ကြမ်းပေါ်မှာ ထိုင်လေ၏။ ကြမ္မာဆိုးတစ်ခု တွေးခေါ်စိတ်ထင့်ခြင်းဖြင့် ကြောက်လန့်တုန်လှုပ်နေရှာသည်။

ဆဖဒရဲက စကားစလေသည်။

''ဆကီနာ။ ကျုပ် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို ချပြီးပြီ။ ကျုပ်ဟာ မင်းရဲ့သဘောထားကို လက်ဦးမမေးတာဟာ ကျုပ်အပြစ်ပဲဆိုတာ ဝန်ခံပါတယ်။ ကျုပ် 'ဘာကြောင့် ဒီအပြစ်ကို ကျူးလွန်ရသလဲ။' ဆိုတာတော့ ကျုပ် ဆက်ပြောမယ့်စကားကို ကြားရရင် သဘောပေါက်သွားမှာပါပဲ။ အတိုချုပ်ကတော့ ကျုပ် အမျိုးသားတိုက်ပွဲထဲ ဝင်တော့မယ်။''

စကားလုံးများသည် ဆကီနာ၏ နှာ(နှလုံးသား)ထဲသို့ မိုးကြိုးသွားတစ်ခု ကျလာသကဲ့သို့ ဖြစ်သွားလေ၏။ ဤအချက်တွက် ယုံမှားသံသယ ဖြစ်နေစရာ မလိုတော့ပါ။ ထို့ကြောင့်ပင် သူမသည် အဖြေပေးရန် သူမ၏ပါးစပ်ကို မဖွင့်နိုင်တော့ပေ။

ဆကီနာ စကားမပြန်တော့သောအခါ ဆဖဒရဲက ဆက်လက်ပြောလေသည်။

''မင်းဟာ ပုခက်တွင်းဘဝကစပြီး သုခရိပ်ငြိမ်အောက်မှာ နေခဲ့ရတယ်။ ကျုပ် မင်းကို ဒုက္ခတွင်းထဲ ဆွဲမချချင်ဘူး။''

သူမသည် အသည်းကို ဓားမြှောင်နှင့် ထပ်၍အထိုးခံရသကဲ့သို့ ခံစားလိုက်ရပြီးနောက် ပထမတုန်လှုပ်ကြောက်ရွံ့နေခြင်းကို မေ့သွားလေ၏။ သူမ၏ နီးကြားလာသော 'မိမိကိုယ် မိမိ လေးစားမှု'က သူမအား စကား ဆိုမိစေလေသည်။

''အချစ်ဆုံးရယ်။ ကျွန်မဟာ ဆိုဖာပေါ်ကထိုင်ပြီး ရှင်ဒုက္ခခံနေတာကို ကြည့်နိုင်လောက်အောင် ကိုပဲ အသက်သာခိုပြီး ဖိမ်ခံနေချင်တဲ့အစားထဲကလို့ ရှင် တကယ်ထင်သလား ဆဖ်ဒရ်။ ကျွန်မဟာ ရှင့်ကို တကယ်ချစ်ရိုးမှန်ရင် ရှင်နှင့် ဘယ်လိုဖြစ်ဖြစ် လိုက်ဖို့ ကျွန်မရဲ့အချစ်က ကျွန်မကို အားပေးကူညီမှာပေါ့။ ကျွန်မဟာ နှုတ်ခမ်းဆိုးဆေးတွေ အများကြီးသုံးခဲ့တယ်။ အဝတ်ဝတ်ရာ၊ ပေါင်ဒါရိုက်ရာမှာ အချိန်တွေ အများကြီးဖြုန်းခဲ့တယ်။ နောက်ပြီး ဘဝရဲ့ ခက်ခဲဆင်းရဲမှုကိုသိအောင် ဘယ်တော့မှ မကြိုးစားခဲ့ဘူး။ ဒါပေမယ့် ဆဖ်ဒရ်၊ ကျွန်မဟာ ရှင်တစ်ခုပါပဲ။ ကျွန်မဟာ ရှင့်အပေါ်မှာ ဝန်ထုပ်ကြီးတစ်ခုလို စီးပိုးနေချင်လို့ မဟုတ်ပါဘူး။ ကျွန်မဟာ ရှင်နှင့် အတူတူနေချင်လို့သာ ဒီစကားကို ပြောတာပါ။ ရှင်ဟာ ကျွန်မရဲ့ လက်ရှိဘဝဟောင်းမှာ ကျွန်မရဲ့လမ်းပြ ဖြစ်ခဲ့သလို ကျွန်မတို့ရဲ့ဘဝသစ်မှာလည်း လမ်းပြ ဖြစ်ရမှာပေါ့ရှင်။''

'ဆကီနာ စိတ်ဓာတ် အလွန်ကြံ့ခိုင်ကြောင်း'ကို ဆဖ်ဒရ် သိထားသော်လည်း ဤကဲ့သို့သောစကားမျိုး ထွက်လာမည်ကိုကား မမျှော်လင့်ခဲ့မိပေ။

ဆဖ်ဒရ်က ဆက်ပြောသည်။

''ကောင်းပြီ။ ကျုပ် အမှုသစ်တွေ ထပ်ပြီးလက်မခံတော့ဘူး။ လက်ရှိ တချို့အမှုတွေလည်း တခြားရှေ့နေတွေကို လွှဲပေးလိုက်တော့မယ်။ ဒီတစ်ပတ်အဘွင်းမှာ ရုံးနှင့် လွတ်သွားဖို့ ကျုပ် မျှော်လင့်တယ်။ မင်းကို ကျုပ် ပြောစရာတစ်ခု ကျန်သေးတယ်။ သင်္ကရလည်း ကျုပ်နှင့် အတူလိုက်မယ်။''

''သင်္ကရ''

သူမက အံ့သြစွာ သံထပ် ဆိုလိုက်၏။

''သူက ကျောက်မျက်ရတနာပဲ ဆကီနာ။ သူက ကျုပ်နှင့် ကမ္ဘာ့အစွန်အဖျားအထိ လိုက်မှာပဲ။ အောက်စ်ဖို့မှာနေတုန်းက ကျုပ် သူ့ကို အမြဲအောက်မေ့နေမိတယ်။''

''ဒါပေမယ့် သူက ရှင့်ထက်ပိုပြီး ကြီးကျယ်တဲ့စွန့်လွှတ်မှုကို လုပ်တာ ဆဖ်ဒရ်။''

''သူဟာ ကိုယ်ကျိုးစွန့်တဲ့ဘဝကို ခံယူလိုက်တာပဲ။ သူဟာ သိရက်သားနှင့် အဲဒီဘဝကို ခံယူဖို့ တစ်ဆိတ်မျှ မတွန့်ဆုတ်ခဲ့ဘူး။ ဒီလိုသာမဟုတ်ရင် သူလည်း ဝတ်လုံကောင်းတစ်ယောက် ဖြစ်နိုင်တာပေါ့။ ဒါမှမဟုတ် သူဌာနမှာ ပိုကောင်းတဲ့ရာထူးတစ်ခု ရနိုင်တာပေါ့။''

''သူကလေး ၂ ယောက်သေတော့ ကျွန်မ သိပ် စိတ်မကောင်းဖြစ်ဖြစ်တာပဲ။ ဒါပေမယ့် သူမှာ 'ကလေး ၄ ယောက်က ၂ ယောက်တာဝန်အထိ ပေါ့သွားတာ ကောင်းတောင်းတောင်း။'-လို့ပဲ အောက်မေ့မိတယ်။''

''ကြမ္မာ ဒီသတင်းကိုကြားရရင် ဘယ့်နယ်နေမလဲ ဆကီနာ။''

''ကြမ္မာက စုံမှိတ်ပြီး သဘောတူမှာပါပဲ။ ရှင့်ကိုချစ်ဖို့ ကျွန်မကိုလမ်းညွှန်တာ သူပေါ့ ဆဖ်ဒရ်။''

''ကျုပ်တို့ ဘဝသစ်အတွက် အစီအစဉ်တွေ လုပ်ကြရလိမ့်မယ်။''

''ကျုပ်တို့ရွာက အထိန်းတော် သျှရီဖန်နှင့် မင်္ဂရီကလွဲလို့ ကျုပ်တို့ရဲ့ အစေခံအားလုံးကို ဆုအဖြစ်နှင့် ၂ လခပေးပြီး လွှတ်ရမှာပဲ။''

''ဟုတ်ကဲ့။ ကောင်းပါတယ်။''

''ကျုပ်တို့ ကား ၂ စီးစလုံး ရောင်းပစ်ရမယ်။''

''ဟုတ်တယ်။''

''ကျုပ်တို့ လာဠုသျှလမ်းက ကျုပ်တို့အဒေါ်အိမ်မှာ သွားနေမယ်။ ဒီအိမ်ကို ငှားမယ်။''

''ဟုတ်ပြီ။''

''ကျွပ် တခြားတော့ စဉ်းစားလို့မရဘူး။''

''ကျွန်မ အဝတ်အစားတွေနှင့် ရှင့်အင်္ကလိပ်ဝတ်စုံတွေရော။''

''ကျွပ် ဂန္ဓီရဲ့ အာဏာဖီဆန်ရေးအတွက် လုပ်တော့မယ်။ မင်းတွေးတာ ဒါလား။ ကျွပ်က ဒါတွေ မီးရှို့ပစ်ဖို့ကို မလိုလားဘူး။ အထူးသဖြင့် အင်္ကလိပ်အဝတ်အစားကို ဒီလောက် မီးရှို့ပစ်ပြီးတဲ့အခါမှာ မလိုလားပါဘူး။ ဒါပေမယ့် ကျွပ် လက်ရုက်ထည်နှင့်ချုပ်တဲ့ ရှပ်အင်္ကျီတစ်ထည်, ဘောင်းဘီတစ်ထည် ရှိဖို့ ချုပ်ခိုင်းထားပြီ။ သန်ဘက်ခါကို ရမယ်။''

''ကျွန်မအတွက်ကော။ ရှင်က တစ်ကိုယ်ကောင်းလုပ်လာပြီ။''

''လက်ရုက်ထည်နှင့်ချုပ်တဲ့ ဆာရီလေးလေးကြီးတွေ မင်း ဝတ်နိုင်ပါ့မလား။''

''ကျွန်မ ရှင်နှင့် ကမ္ဘာတစ်ဘက်အစွန်းအထိ လိုက်မယ်။''

''မင်း ဒီအဝတ်အစားတွေကို ဘာလုပ်ပစ်မလဲ။''

''ကျွန်မ မသိဘူး။''

''မင်း ဒါတွေကို လေလံတင်ပစ်ရင် ဆင်းရဲသားတွေအတွက် အဝတ်ဝယ်ဖို့ ပိုက်ဆံရမယ်။ ဒါတွေကိုဝေပေးဖို့ ကျွပ် မင်းအတွက် ကြိုးစားမယ်။''

၃

'သင်္ကရာလျှင် မိမိထက် ပို၍ချီးကျူးထိုက်သည်။' ဟု ဆဖဒရ်ကိုယ်တိုင်က သိသော်လည်း လူများ သည် ကြီးပွားတိုးတက်နေသော ဝတ်လုံတော်ရ ဆဖဒရ်နှင့် သူပြုလိုက်သော ကြီးကျယ်သည့်စွန့်လွှတ်မှု အကြောင်းကို ပြောနေကြ၏။

အောက်တိုဘာနှင့် နိုဝင်ဘာ ၂ လလုံး ဆဖဒရ်သည် ပြည်သူများကို စေ့ဆော်ပေးကာ လှည့်လည် ခွင့် ရခဲ့၏။ မကြာခဏ သူနှင့်အတူ ဆင်္ကန်နာ၊ သို့မဟုတ် သင်္ကရ ပါ၏။ ဆဖဒရ်သည် တောနယ်ဘက်သို့ အဓိကအားဖြင့် စိတ်ဝင်စား၏။ အကြောင်းသော်ကား သူသည် စာတတ် မြို့သားများထက် လယ်သမားများနှင့် ကျေးရွာအလုပ်များကို ပို၍ ယုံကြည်မှုရှိ၏။ သို့ရာတွင် ရက်သတ္တ ပတ်အတွင်းမှာပင် တောသားများသည် သူ၏ အထက်တန်း ဥရဒ္ဓဘာသာနှင့် ဟောပြောချက်များ၏ ၄၀ုံ ၁ဝုံကို နားမလည်နိုင်ကြကြောင်း။' သူ သိရလေ၏။

သင်္ကရကား စကတည်းကပင် သူတို့အရပ်သုံး စကားလုံးများနှင့် ဟောပြောလေ၏။ ထိုကဲ့သို့ ဟောပြောမှ ထိရောက်ကြောင်းကို ဆဖဒရ် သိမြင်ရသောအခါ အောက်ဓ(အဝဓ) ဘာသာစကားကို နိုင်နိုင်နှင်းနှင်းဖြစ်ရန် ကြိုးစားလေ၏။ လက်ဦးပထမ၌ စာသံပေသံပါသော စကားလုံးများ သူ့စကားထဲတွင် ပါပါလာသေး၏။ သို့ရာတွင် ပြင်းပြင်းထန်ထန် ကြိုးစားခြင်း၊ သင်္ကရ၏အကူအညီ ရခြင်းတို့ကြောင့် ၂ လအတွင်းမှာပင် စကားလုံးများ အသားကျသွားလေသည်။ သူမေ့နေသော စကားလုံးများကိုလည်း ပြန် သတိရ၍ စကားလုံးအသစ်များကိုလည်း နားလည်တတ်မြောက်လာလေ၏။ ထို့နောက် ရွာသူရွာသားများ သည် သူပြောသမျှ စိတ်ခွဲလမ်းစွာနားထောင်ရန် စုရုံးလာကြလေ၏။

၁၉၂၀ ခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် ဆဖဒရ်နှင့် သင်္ကရတို့သည် အခြား နိုင်ငံရေးအကျဉ်း သမားများနှင့်အတူ ထောင် ၁ နှစ် အကျခံရလေရာ ဖိုက်ဇာဗာဒ်ထောင်ထဲ ရောက်သွားကြလေ၏။ ကြမ္မာနှင့် ဆင်္ကန်နာကား ဆက်လက်လုပ်ကိုင်ကြလေသည်။ သို့သော် သူတို့ကား အဖမ်းမခံရသေးပေ။

ထောင်ထဲတွင် ဆဖဒရ်သည် နေ့တိုင်း ၁ နာရီ ဗိုင်းငင်ရေးဥပဒေကို လိုက်နာ၏။ သူ၏ နိုင်ငံရေး ထင်မြင်ချက်များတွင် ဂန္ဒီနှင့်ပတ်သက်၍ ဘယ်မျှ ဝေဖန်ပြစ်တင်ချက်များပါသည်ကို သိကြသောသူများက သူနှင့် သူ၏ရစ်ဘီး(ကျရခါ)ကို ကြည့်၍ ရယ်ကြ၏။

ဆဖဒရ် ဖြေဆိုလေသည်။

"ဗြိတိသျှအထည်အလိပ်တွေကို သပိတ်မှောက်ထားဟာ 'နိုင်ငံရေးလက်နက်တစ်ခု' ဆိုတာ ကျွပ် သိပါတယ်။ ခုအခါမှာ ကျွပ်တို့တိုင်းပြည်ဟာ လုံလုံလောက်လောက် အထည်အလိပ် မထုတ်လုပ်နိုင်ဘူး။ ဒါကြောင့် ပိုပြီးထုတ်လုပ်ရေးမှာ 'ကျွပ်တို့တစ်တွေ ကူညီပိုင်းဝန်းကြရမယ်။' ဆိုတာကိုလည်း ကျွပ် သိပါတယ်။ ဒါပေမယ့် ကျွပ်တို့ စက်ရုံတွေ, အထည်အလိပ်တွေ လုံလုံလောက်လောက် ထုတ်လုပ်နိုင်တာနှင့်တစ်ပြိုင်နက် ရစ်ဘီးနှင့် ဆက်လုပ်နေဖို့ကို ကျွပ် ထောက်ခံအားပေးမယ် မဟုတ်ဘူး။"

အလုပ်မရှိဘဲထိုင်နေသော အကျဉ်းသမားက များလွန်းလှပေသည်။ သူတို့သည် '၁ နှစ်အတွင်း ဟိုမရွှေ့[၁] ရစေမည်။' ဟူသော ဂန္ဒီ၏ကတိကို ယုံကြည်၍ ထိုင်နေကြလေသည်။ 'ထောင်ကျခံခြင်းအားဖြင့် သူတို့ဝတ္တရား ကုန်ပြီ။' ဟုလည်း ထင်ကြလေသည်။

ထိုအချိန်အထိ ဂန္ဒီဝါဒမှာ အလွန်အမင်းလုပ်ခြင်း, တခမ်းတနားလီဆယ်ခြင်း၊ ညာဝါးခြင်းများဖြင့် မပျက်စီးသေးပေ။ ထို့ကြောင့် အာဏာဖီဆန်မှု အကျဉ်းသမားအများစုသည် 'တော်တည့်မှန်ကန်သော မျိုးချစ်ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။' ဟု ဆိုနိုင်၏။ သို့သော်လည်း ဆဖဒရ်နှင့် သင်္ကရတို့ သူငယ်ချင်း ၂ ယောက်မှာ အကျဉ်းသမားများထဲက မည်သူမျှ နိုင်ငံရေးအသိဉာဏ်တိုးရန် မကြိုးစားဘဲနေကြသည်ကို တွေ့ရ၍ အံ့သြကြလေသည်။ များစွာသောအကျဉ်းသမားတို့သည် ရာမာယဏ, ဂီတာနှင့် ကုရန်များကို ရွတ်ဖတ်ရင်း အချိန်ကုန်ကြလေသည်။ ပုတီးလည်း စိတ်ကြရ၏။ ဘုရားရှိခိုး ဆုတောင်းဂါထာများကို ရွတ်ဖတ်ကြ၏။ အချို့ကား ဖဲချ၊ အချို့ကား စစ်တုရင်ထိုးခြင်းဖြင့် အချိန်ဖြုန်းကြ၏။

တစ်နေ့သ၌ ဆဖဒရ်သည် သြဇာရှိသည့် ဂန္ဒီဂိုဏ်းသားပညာတတ် ဝိနာယက်ပရဆာဒ်ကို တွေ့လေ၏။ သင်္ကရလည်း ရှိ၏။

ဝိနာယက်က ပြောလေသည်။

"နိုင်ငံရေးမှာ အဟိသာဝါဒ (အကြမ်းမဖက်ရေး) ကို သုံးစွဲခြင်းဟာ ဂန္ဒီရဲ့ ထူးခြားကြီးကျယ်တဲ့ ထုတ်ဖော်မှုတစ်ခု ဖြစ်တယ်။ အဲဒီဝါဒဟာ အသုံးအဝင်ဆုံး လက်နက်တစ်ခုလည်း ဖြစ်တယ်။"

ဆဖဒရ်-

"ဒီဝါဒဟာ ခုလက်ရှိအခြေအနေမှာတော့ အသုံးကျနိုင်ပါတယ်။ ဒါပေမယ့် အကြမ်းမဖက်မှုဟာ သူ့ချည်းသက်သက် အောင်မြင်ရေးလမ်းတစ်ခု မဟုတ်ပါဘူး။ ဒီကမ္ဘာကြီးမှာ မတိုက်ဖျက်နိုင်တဲ့ တိရစ္ဆာန်တွေဟာ တခြားတိရစ္ဆာန်တွေရဲ့စားစရာ ဖြစ်ကုန်တာ များတာပဲ။"

"တိရစ္ဆာန်တွေမှာတော့ ဟုတ်တာပေါ့။ လူတွေမှာတော့ အကြမ်းမဖက်မှုဟာ အံ့သြထူးခြားတဲ့ တန်ခိုးကို ဖန်တီးပေးတယ်။"

"နိုင်ငံရေးနယ်ပယ်မှာ ဒီလိုလုပ်နည်းမျိုးကို ကျွပ်တော့ မတွေ့ဖူးပါဘူး။"

"အသစ်အဆန်း ထုတ်ဖော်ထားရတဲ့နည်း ဆိုတော့ ဘယ်မှာ ဥဒါဟရဏ် ရှိနိုင်ပါ့မလဲ။"

သင်္ကရ-

"အသစ်အဆန်းလည်း မဟုတ်ပါဘူး။ ဗုဒ္ဓ, မဟာဝီရ (နိဂဏ္ဌနာဋပုတ္တ) တို့နှင့် တခြားဘာသာရေးခေါင်းဆောင်အများအပြားက ဟောခဲ့တာပဲ။"

၁။ ဟုမ္မရူး (Home Rule)

''နိုင်ငံရေးမှာ သဘောတရားအနေနှင့်တော့ မဟုတ်ပါဘူး။''

ဆဖဒရ်-

''နိုင်ငံရေးမှာ အကြမ်းမဖက်မှု အတော်အတန်ခေတ်စားလာတာဟာ ခုခေတ်မှာ လူသားတွေ အတော်အတန် ယဉ်ကျေးမှု တိုးတက်လာတာလည်း တစ်ကြောင်း၊ သတင်းစားတွေထဲမှာ လက်နက်မပါတဲ့ လူတွေကို သေနတ်နှင့်ပစ်တဲ့သတင်းကို ဖတ်ကြရတဲ့အခါ ပြည်သူပြည်သားတွေက 'အားကြီးဆိုးပါတယ်။' လို့ ယူဆကြတာလည်း တစ်ကြောင်း။ အဲဒီအကြောင်းတွေကြောင့်ပါပဲ။ အင်္ဂလိပ်တွေက ဂျလီယာန် ဝါလာမှာ သေနတ်နှင့်ပစ်လို့ ဘယ်လို သူတို့ထိခိုက်သွားတယ်ဆိုတာ သိနေကြပြီဗျာ။''

''ခင်ဗျားက ကျူပ်တို့ရဲ့ အကြမ်းမဖက်တဲ့ အာဏာဖီဆန်မှုဟာ 'ကျူပ်တို့ လွတ်လပ်ရေးရဖို့အတွက် မလုံလောက်ဘူး။'လို့ ထင်သလား။''

''ပထမဆုံး 'လွတ်လပ်ရေး'ဆိုတာ ဘာကိုဆိုလိုတယ် ခင်ဗျားပြောပါ။''

''ခင်ဗျားကိုယ်တိုင်ကို လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့တယ်။ ခင်ဗျား ဘယ်လိုနားလည်ထားသလဲ။''

''ကျူပ် အယူအဆကတော့ 'လွတ်လပ်ရေး'ဆိုတာ အလုပ်သမားတွေရဲ့ အုပ်စိုးရေးပဲဗျ။ တကယ့်ကို အလုပ်သမားတွေရဲ့အုပ်စိုးရေးပဲ။''

''ဒီလိုဆိုရင် ခင်ဗျား လွတ်လပ်ရေးမှာ စိတ်ရောကိုယ်ပါ ဥစ္စာကြေးငွေအကုန်အကျခံပြီး ကူညီခဲ့ရတဲ့၊ ဒုက္ခအမျိုးမျိုးခံပြီး ထောင်ထဲရောက်လာရတဲ့ ပညာတတ်တွေ, သူဌေးတွေ, မြေရှင်တွေအတွက် အခွင့်အရေး တစ်ခုမှ မရှိတော့ဘူးပေါ့။''

''ပထမဆုံးအချက်က ခင်ဗျားမြင်တဲ့အတိုင်း သူဌေးတွေ, မြေရှင်တွေမှာ စေ့စပ်ရေးအစည်းအဝေးခေါ်နေရတာနှင့် အချိန်ကုန်တာပဲ။ ဒီသနားစရာကောင်းတဲ့ သတ္တဝါတွေဟာ ဘယ်လိုလုပ်ပြီး ထောင်ကျခံနိုင်မှာလဲ။ နောက်ပြီးတော့ သူတို့အထဲက တချို့တလေရောက်လာရင်လည်း သူတို့ဟာ သူတို့ကိုယ်ရေးကိုယ်တာအကျိုးစီးပွားတွေကို အလုပ်သမားတွေရဲ့အကျိုးစီးပွားနှင့် တခြားစီလို့ မမှတ်သင့်ဘူး။''

သင်္ကန်းနှင့် ဆဖဒရ်သည် စာအုပ်များကို အထူးလေ့လာပြီးလျှင် တိုင်းပြည်၏စီးပွားရေးနှင့် လူဆက်ဆံရေးပြဿနာများကို မကြာမကြာ ဆွေးနွေးလေ့ရှိ၏။ သို့ရာတွင် ၁၉၂၁ခု ဒီဇင်ဘာလ ၃၁ ရက်နေ့ သန်းခေါင်အချိန် ကျော်လွန်သည့်တိုင်အောင် ထောင်တံခါးများ ပိတ်မြဲပိတ်နေသောအခါ အကျဉ်းသမားများ စိတ်ပျက် အားလျော့ကြလေတော့၏။ ၄င်းပြင် ဂန္ဓီသည် ကျောက်ရိုကျောက်ရာ၌ အငြိုးကြီးစွာအမျက်ထွက်နေသောလူစုက ပုလိပ်အချို့ကို မီးရှို့သတ်ဖြတ်ပစ်ကြောင်း။' သတင်းကိုကြား၍ လူပ်ရှားမှု (သစ္စာဂြဟ) ကို ရပ်စဲ တပ်ခေါက်ပစ်လိုက်သောအခါ၊ လူပေါင်းများစွာ မစဉ်းစားဘဲ မနေနိုင်အောင် ဖြစ်လာလေ၏။

၄င်းတို့အထဲမှ ရှေ့တစ်ဆင့်တက်၍ အချို့က

''တကယ့်တော်လှန်ရေးအင်အားစုသည် ပြည်သူလူထုမှာသာ ရှိသည်။ ဂန္ဓီ၏ဦးနှောက်ထဲမှာ မရှိ။ ဂန္ဓီသည် ပြည်သူ့အင်အားအပေါ်တွင် ယုံကြည်မှု မရှိကြောင်းကို ပြခြင်းအားဖြင့် တော်လှန်ရေး၏ အနှောင့်အယှက်ဖြစ်ကြောင်း သူကိုယ်တိုင် သက်သေခံနေသည်။'' ဟု ယူဆထားကြသော ဆဖဒရ်နှင့် သင်္ကန်း၏ ထင်မြင်ယူဆချက်ကို လက်ခံကြလေသတည်း။ ။

၂၀

ဆုမေရှိ

အချိန်- ခရစ်နှစ် ၁၉၄၂

၁

၁၉၄၁ ခုနှစ် သြဂုတ်လ ဖြစ်သည်။

ယခုနှစ် မိုးတွင်း မိုးသည်းထန်စွာ ရွာသွန်းနေသည်။ ရက်ပေါင်းများစွာ နေကို မမြင်ရဘဲ ဖြစ်နေသည်မှာလည်း မကြာမကြာပင် ဖြစ်တော့သည်။

ပဋ္ဌနာတွင် ဂင်္ဂါမြစ်ရေ အကြီးအကျယ်တိုးနေသည်။ ရေကာတာကျိုးပေါက်၍ မြို့တွင်းသို့ ရေဝင်လာမည်ကို နေ့ရော ညပါ စိုးရိမ်နေရလေသည်။ ထိုအခါမျိုးတွင် ရေကာတာအစောင့်အရှောက်များ အရေးတကြီး လိုအပ်နေပေသည်။ ကျောင်းသားအမြောက်အမြားပါဝင်သော လူငယ်များသည် ရေကာတာ စောင့်ရှောက်ဖို့ တာဝန်ယူကြလေသည်။

ဆုမေရီသည် ပဋ္ဌနာကောလိပ်မှ အမ်အေ-ပထမနှစ် ကျောင်းသားတစ်ယောက် ဖြစ်၏။ သူသည် ဒီယာဃာဋ္ဌအနီးတွင် တာဝန်ကျနေ၏။ ထိုနေ့သည် သန်းခေါင်အချိန် ဂင်္ဂါမြစ်ရေ တိုးပုံရသည်။ နံနက်လင်းသည်တိုင်အောင် ရေအတိုး မလျော့သေးပေ။

ရေကာတာစောင့်လှည့် တစ်ကြိမ် ပြီးသွားသော်လည်း ရေ မလျော့သေးပေ။ လူများမှာပင် အလွန်တရာ စိုးရိမ်ပူပန်သောအမူအရာများ ပေါ်နေသည်။ ထောင်ပေါင်းများစွာသောလူများ ပေါက်တူး, ခြင်းတောင်းများကို ကိုင်ဆောင်ကာ နေရာအနှံ့အပြား ရပ်နေကြရသည်။ သို့သော်လည်း 'အုတ်ရေကာတာကိုပင် ၁ လက်မခန့် ကျော်တက်လာနိုင်မည်လော။' ဟု တွေးတောပူပင်နေကြလေသည်။

ဆုမေရီလည်း နံနက်စောစောကပင် စိုးရိမ်တကြီးဖြစ်ကာ ရေကာတာပေါ်တွင် လူးလားတွဲခေါက်လျှောက်နေခဲ့သည်။ မွန်းတည့်ချိန်ရောက်သောအခါ ရေ တဖြည်းဖြည်း လျော့သွားစ ပြုလေ၏။ စိုးရိမ်တကြီးဖြစ်နေရှာသော ဆုမေရီ အနည်းငယ် စိတ်သက်သာရာ ရလေသည်။

ဆုမေရီသည် သူ့အနီးတွင် ရှိနေကြသော ရေကာတာအစောင့်များအား 'ဘေးကင်းမှတ်တိုင်' အနေ မကြာမကြာ ကြည့်ကြည့်နေမိလေသည်။ ခဏခဏပင် သူတို့နှင့် စကားစပ်လိုစိတ် ပေါက်ပေါက်လာသည်။ သို့သော်လည်း ရေတိုးနေသည်ကို စိုးရိမ်ပူပန်နေရသဖြင့် စကားပင် မစပ်ရဲအောင် ဖြစ်နေရရှာပေသည်။

ယနေ့သော်ကား ရေလည်းကျ၊ ကောင်းကင်တွင် မိုးသားများ ကင်းစဉ်လွင့်ပါးစ ပြုလာပြီဖြစ်၍ ဆုမေရီသည် သူ့အနီးတွင်ရှိနေသော ရေကာတာစောင့်ကိုကြည့်ကာ စကားစပ်လိုစိတ် ပေါ်လာလေတော့သည်။

၂ ယောက်အနက် ၁ ယောက်မှာ အဖြူရောင် (ဂျူရောင်)ဖြစ်၍၊ ကျန်တစ်ယောက်မှာကား အမည်းရောင် ဖြစ်လေသည်။ သို့သော် အလုံးအရပ်မှာကား တစ်မျိုးတည်းဖြစ်၍ မနိမ့်မမြင့် အလောတော် ဖြစ်လေသည်။ အသက်အရွယ်အားဖြင့် တစ်ယောက်သော သူ ၂၁ နှစ်အရွယ်မျှဖြစ်၍ သွက်လက်ဖျက်လတ်သော လူငယ်တစ်ဦး ဖြစ်သည်။ အခြားတစ်ယောက်မှာကား အသက် ၄၀ အရွယ်ရှိ လေးထိုင်း၍ အတန်ငယ် ဝဖြိုးသော လူရွယ်တစ်ဦး ဖြစ်သည်။

ဆုမေရ်သည် ခါကီဘောင်းဘီတို့၊ ကော်လာတပ်ထားသော ခါကီရုပ်လက်တိုဝတ်၍ ပခုံးတွင် မိုးကာအင်္ကျီကိုတင်ကာ ရာဘာဖိနပ်အနက်ကို စီးထားသည်။ သူ့အဖော်ကား ဖျင်ကြမ်းမိုတီအဖြူနှင့် ဖျင်ကြမ်းအင်္ကျီအဖြူဝတ်ကာ ဂန္ဓဦးထုပ်ကို ဆောင်း၍ စောင်တစ်ထည်ခြုံထားသည်။ ခြေထောက်မှာ ကားဖိနပ် မပါပေ။

ဆုမေရ်သည် ရှေ့သို့တိုးသွား၍ ခပ်ပြုံးပြုံးလုပ်ကာ စကား စလေသည်။

''ကောင်းပါလေ့ဗျာ။ ကနေ့တော့ ရေကျသွားပါပြီ။''

''ဟုတ်ပါ့။ ကျွန်ုပ်တို့တစ်တွေ စိုးရိမ်လိုက်ရတာ။''

''ကျွန်တော် တစ်ခါက စာထဲမှာ တွေ့ဖူးတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ လောက်က ပါဋလိပုတ် (ပဋနာ) မှာ သီတင်းသုံးတော်မူနေတဲ့အခိုက် အကြောင်းကစ်ခုနှင့်ပတ်သက်ပြီး ဂေါတမဗုဒ္ဓက 'ဒီပဋနာမြို့ကို ကြွယ်ဝချမ်းသာတဲ့မြို့တစ်မြို့ ဖြစ်ကြောင်း။ ဒါပေမယ့် ပါဋလိပုတ်မှာ 'မီး, ရေ အချင်းချင်း စိတ်ဝမ်းကွဲပြားတာ (မိထုဘေဒ)ရယ်'လို့ ရန်သူ ၃ မျိုး ရှိကြောင်း။'- ဟောတော်မူခဲ့တယ်။''

''မောင်က ရာဇဝင် (သမိုင်း)ယူတဲ့ ကျောင်းသားပေါ့နော်။''

''ကျွန်တော်က နိုင်ငံရေးယူတဲ့ ကျောင်းသားပါပဲ။ ဒါပေမယ့် ကျွန်တော်က ရာဇဝင်ကိုလည်း ဝါသနာပါတယ်။ အထူးသဖြင့် ကျွန်တော်ဝါသနာပါတာကတော့ မူရင်းကဘာသာပြန်တဲ့ စာတွေကို ဖတ်တဲ့အလုပ်ပဲဗျာ။''

''အင်း- 'ရေ'ဆိုတဲ့ ရန်သူမျိုးနှင့် တွေ့ရလိမ့်မယ်လို့ ရက်တော်တော်ကြာကပဲ ကျွန်ုပ်တို့ မြင်ယောင်နေကြတယ်။''

''ပါဋလိပုတ်မှာ သစ်သားအိမ်တွေ များများဆောက်ထားတဲ့အခါ မီးဘေးရန်သူလည်း ရှိနေမှာပေါ့။ အင်ကြင်းတောကြီးတွေ ရှိနေပြန်တော့လည်း သစ်သားအိမ်တွေ ဆောက်ကြပေမှာပေါ့ဗျာ။''

''ပြီးတော့ 'အချင်းချင်း စိတ်ဝမ်းကွဲပြားမှု'ဆိုတာက အိန္ဒိယပြည်ရဲ့အသရေကို ပြုတ်ပြုတ်ပြုန်းအောင် ဖျက်ဆီးပစ်လိုက်တာပေါ့မောင်။ ဒါထက် မောင့်နာမည် တစ်ဆိတ် မသိရဘူးလား။''

''ကျွန်တော့်နာမည် 'ဆုမေရ်'လို့ ခေါ်ပါတယ်။ ကျွန်တော်က ပဋနာကောလိပ်မှာ ပဌမနှစ် ကျောင်းသားတစ်ယောက်ပါပဲ ခင်ဗျာ။''

''ကျွန်ုပ်နာမည်ကတော့ 'ရာမ်ဗာလ က-အိုဂျာ' ခေါ်ပါတယ်။ ကျွန်ုပ်လည်း တစ်ချိန်က ပဋနာကောလိပ်မှာ ကျောင်းသားဘဝနှင့် နေခဲ့ဖူးသေးတာပေါ့။ ဒါပေမယ့် အနှစ် ၂၀ တောင် ကျော်သွားပါပြီ။ မိတ်ဆွေတစ်ယောက်ကသာ အတင်းမဖျက်ရင် အမ်အေမအောင်ခင် အာဏာဖီဆန်တဲ့လုပ်ငန်းထဲမှာ ပါသွားမှာပဲ။ အမ်အေ မအောင်လည်း ကျွန်ုပ်ကတော့ ဝမ်းနည်းပါဘူး။ ဒီလောက်ကြာညောင်းတဲ့ နှစ်တွေ အတောအတွင်းမှာ 'ဒီစာသင်ကျောင်းတွေနှင့် ကောလိပ်တွေက သင်ပေးတဲ့ပညာတွေဟာ အသုံးကို မတည့်ဘူး။' ဆိုတာ ကျွန်ုပ် သေသေချာချာသိခဲ့ရတယ်။''

''ဒါဖြင့် ခင်ဗျား ကျောင်းက သင်လာတဲ့ပညာတွေ မေ့ပစ်လိုက်ကုန်ပြီပေါ့။''

''ဆိုပါတော့။ နည်းနည်းပါးပါးပဲ ကျွန်ုပ်လိမ့်မယ်။ လုံးလုံးမေ့သွားရင် စာလုံးမထွင်းရသေးတဲ့ ကျောက်တုံးတစ်တုံးဖြစ်ရင် ဘယ်လောက်ကောင်းလိုက်မလဲ။ အဲဒီအခါကျမှ အမှန်တရားကို ကျုပ် ကောင်း ကောင်းလက်ခံနိုင်မယ်။''

''ပညာလမ်းမဟုတ်တဲ့ သဒ္ဓါလမ်းကို 'မျက်စိစုံမှိတ်ပြီး လိုက်နိုင်မယ်။'-လို့ ဆိုလိုပါသလား။''

''မောင်က သဒ္ဓါလမ်းကို 'မကောင်းဘူး'လို့ ထင်သလား ဆုမေရဲ့ ဘာဘူ။''

''ကျွန်တော်က 'ဘာဘူ' မဟုတ်ပါဘူး အိုဂျာကြီးခင်ဗျား။ ကျွန်တော်က သာမန်သားရေနယ် ဇာတ်ဝင်တစ်ယောက်ရဲ့သား ဖြစ်ပါတယ်။ ကျွန်တော်တို့အိမ်မှာ 'ကိုယ်ပိုင်မြေ'ဆိုလို့ တစ်မှုန့်မျှ မရှိပါ ဘူး။ ဒါပေမယ့် မြေရှင်တစ်ယောက်က အတင်းအချခိုင်းလို့ ခြံကလေးတစ်ခုတော့ ချထားတာ ရှိပါတယ်။ အမေကတော့ ခုအထိ ဆန့်ဖွပ်မောင်းထောင်း လုပ်ကိုင်စားသောက်ပါတယ်။ ပထမ သူတော်ကောင်းကြီး တစ်ယောက်ရဲ့ ကျေးဇူး၊ နောက် စကောလားရှစ်ရတာနှင့် ကျွန်တော် ဒီအခြေအနေထိ ရောက်ခဲ့ရတာပါ ပဲ ခင်ဗျာ။ ဒီလောက်ပြောရင် ကျွန်တော်ဟာ 'ဘာဘူ' ဆိုတဲ့စကားလုံးနှင့် မတန်တဲ့လူတစ်ယောက် ဆိုတာ ခင်ဗျား သဘောပေါက်ကရောပေါ့ဗျာ။''

''ခေါ်ရိုးခေါ်စဉ်ပေါ့ မောင်ရင်ရယ်။ မောင်ရင်နှင့် ခုမှတွေ့ရပေမယ့် ကျုပ် သိပ်ဝမ်းသာတာပဲ။ ဂန္ဓီကြီးရဲ့ တပည့်တစ်ယောက်ယောက်သာ ဟရိဂျန်-ဟရိဇန လူငယ်တစ်ယောက် ခုလို ချက်ချက်ချာချာ အရေးပါနေတာကို တွေ့လိုက်ရရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲလို့။''

''အိုဂျာ ခင်ဗျာ။ ကျွန်တော် ခင်ဗျားနှင့် တခြားအကြောင်းတွေ ပြောချင်ပါတယ်။ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးပေါ့ခင်ဗျာ။ ဒါကြောင့် ခင်ဗျား ကျွန်တော်ရဲ့အယူအဆကို စောစောစီးစီးသိထားရင် ကောင်း မယ်ထင်တယ်။ ကျွန်တော်က 'ဟရိဂျန်' ဆိုတဲ့နာမည်ကို အကြီးအကျယ်မုန်းတဲ့လူ ခင်ဗျာ။ 'ဟရိဂျန်' ဆိုတဲ့သတင်းစာကို လုံးဝ 'ရွေးရိုးအိန္ဒိယကို အမှောင်ခေတ်ထဲ ပြန်ဆွဲနေတဲ့သတင်းစာ'လို့ ကျွန်တော်က ထင်တယ်။ ပြီးတော့ ဂန္ဓီကြီးကိုတော့ 'အိန္ဒိယလူမျိုးတစ်မျိုးရဲ့ အကြီးဆုံးရန်သူ'လို့ ထင်တယ်ဗျာ။''

''မောင်ရင်ဟာ 'ကိုယ့်အမျိုးသားတွေအပေါ်မှာ ဂန္ဓီကပြုဖူးတဲ့ ကျေးဇူးဥပကာရ တစ်စုံတစ်ခုရှိ တယ်။'ဆိုတာ မယုံကြည်ဘူးလား။''

''အလုပ်သမားက စက်ရုံရှင်ကို 'ကျေးဇူးရှိပေတယ်'လို့ ယုံကြည်တာမျိုးလောက်တော့ ယုံကြည်တာ ပေါ့ဗျာ။''

''ဂန္ဓီကြီးက အရှင်သခင်လုပ်နေဖို့ မပြောပါဘူး မောင်ရင်ရဲ့။''

''မြေရှင်တွေ, အရင်းရှင်တွေ, ရာဇာတွေကို 'လောကပါလ' လို့ ပြောတာဟာ 'အရှင်သခင်ဖြစ် တယ်။'ဆိုတဲ့ အဓိပ္ပာယ်အပြင် အခြား ဘယ်အဓိပ္ပာယ်များ ရှိသေးသလဲ ခင်ဗျာ။ ဂန္ဓီကြီးအပေါ် ကျွန်တော် တို့ မေတ္တာရှိနေတဲ့ အခြားအကြောင်းက ကျွန်တော်တို့ကို ဟိန္ဒူတွေထဲက ခွဲထွက်သွားရအောင် လုပ်ပေးတဲ့ အချက်ပါပဲ။ ပူနာမြို့မှာ သေချင်သေ အစာငတ်ခံခဲ့တာဟာ ကျွန်တော်တို့ကို ဟိန္ဒူတွေနှင့် တသီးတခြား ကိုယ်ပိုင်ဘဝမျိုး ထူထောင်စေချင်တဲ့အတွက် လုပ်တာပဲ။ ဟိန္ဒူတွေဟာ လွန်ခဲ့တဲ့ နှစ် ထောင်ပေါင်းများ စွာက ဈေးပေါတဲ့ကျွန်တွေရဖို့ လိုအပ်ခဲ့ကြတယ်။ အဲဒီအခါမှာ ကျွန်တော်တို့လူမျိုးတွေက အဲဒီလိုအပ်ချက် ကို ဖြည့်စွက်ပေးခဲ့ကြတယ်။ ရှေးတုန်းက ကျွန်တော်တို့ကို 'ဒါသ'လို့ ခေါ်ကြတယ်။ ခုခေတ်ကျတော့ 'ဟရိဂျန်' ဆိုတဲ့နာမည် တပ်ပေးပြီး၊ ကျွန်တော်တို့ရဲ့ လွတ်မြောက်ရေးစကားကို ပြောနေပါတယ်။ ဟိန္ဒူ တွေပြီးရင် ကျွန်တော်တို့ရဲ့အကြီးဆုံးရန်သူဟာ ဟရိဘုရားသခင်ပဲ ရှိတော့မယ်။ ခင်ဗျားကိုယ်တိုင် စဉ်းစားကြည့်နိုင်ပါတယ်ဗျာ။ ဒီလို ဟရိရဲ့ 'ဂျန်'(ဇန)လုပ်ဖို့ ကျွန်တော်တို့က ဘယ်တော့ သဘောတူမှာ လဲ။''

''ဒီလိုဆိုရင် မောင်က ဘဂဝါန် (ဘုရားသခင်) ကိုတောင် အယုံအကြည်မရှိဘူးပေါ့။''

''ဘယ်လိုကျေးဇူးရှိလို့ ယုံကြည်ရမှာလဲဗျ။ လွန်ခဲ့တဲ့နှစ် ထောင်ပေါင်းများစွာက ကျွန်တော်တို့ လူမျိုးတွေဟာ 'ကျွဲ, နွား တိရစ္ဆာန်တွေထက်တောင် ပိုပြီးရှဲစရာ အောက်တန်းကျတဲ့သတ္တဝါတွေ။' လို့ အမှတ်အသားပြုခြင်း ခံခဲ့ရတယ်။ ဟိန္နူဇာတ်မြင့်ကြီးတွေရဲ့ မဆိုစလောက် အနည်းအကျဉ်းအရေးကိစ္စ ကြုံတဲ့အခါမှာသာ ဘုရားသခင်နာမည်နှင့် ခန္ဓာဆောင်မှု (ဝင်စားမှု)များ ဖြစ်ခဲ့တယ်။ ဒါပေမယ့် အဆက်ဆက်က ကျွန်တော်တို့ရဲ့အမျိုးသမီးတွေမှာ ကာယဖြေပျက် အရှက်ရခြင်း ခံခဲ့ရကြပါတယ်။ ကျွန်တော်တို့လူမျိုးတွေဆို နာပုရိပ္ပဲတော်က ကျွဲ,နွား တိရစ္ဆာန်တွေလို ရောင်းချခြင်း ခံခဲ့ကြရတယ်။ ကနေ့လည်း သေနတ်ကျည်ဆန်သင့်တာနှင့် အစာတစ် သေရတာသာ ကျွန်တော်တို့အတွက် 'ဘုရားသခင်ရဲ့ကျေးဇူးတော်' လို့ ဆိုရမလို ဖြစ်နေတယ်။ ဒီလောက်ဖြစ်နေတာတောင်မှ သိုးသိုးသန့်သန့်မကြားတဲ့ ဘုရားသခင်ကို ကျွန်တော်တို့ ယုံကြည်နေရင် ဒုက္ခပေါ့ဗျာ။''

''မောင်က ဒေါက်တာအမွေဥကရ်လမ်းစဉ်ကို နှစ်သက်မှာပေါ့နော်။''

''လွဲလေဗျာ။ ဒေါက်တာအမွေဥကရ်က စည်းစိမ်ရှင်ကြီးပဲ။ ကျွန်တော့်ကိုတောင် ပထမနှစ်, ဒုတိယနှစ်တုန်းက ဟိန္နူလူငယ်တွေက ဟိုစတယ်ကျောင်းသားဆောင်မှာ နေခွင့်မပေးဘဲ ထားခဲ့သေးတယ်။ တကယ်တော့ အမမွေဥကရ်လမ်းစဉ်နှင့် ဇာတ်နိမ့်ခေါင်းဆောင်တွေရဲ့လမ်းစဉ်မှာ တစ်စုံတစ်ရာထူးခြား ချက် ကျွန်တော်တော့ မမြင်ပါဘူး။ ကျွန်တော့်အထင် သူတို့တွေလမ်းစဉ်ဟာ ဂန္ဓီ, ဗိလာရ, ဗဂျာဂျီတို့ လမ်းစဉ်နှင့် သွားပေါင်းမိတာပဲ။ အဓိပ္ပာယ်ကတော့ 'ဇာတ်နိမ့်တွေထဲမှာလည်း လခ ၅၀၀၀-၆၀၀၀ ရတဲ့ လူ' ဖြစ်ရမယ်ပေါ့။ ဇာတ်နိမ့်တွေမှာလည်း သူဌေးကြီးတွေမဟုတ်ရင် စစ်ဗိုလ်ကြီးတွေ ဖြစ်ရမယ်။ ဇာတ်နိမ့်တွေဆီမှာ အပိုင်နယ်ပယ် ၁ခု-၂ခုမရှိရင် မြေကွက်ကြီး ၁ခု-၂ခုတော့ ရှိရမယ်။ ဒါပေမယ့် ဒီလိုနည်းနှင့် လုပ်နေလို့ ဇာတ်နိမ့် ၁၀ ကုဋေရဲ့ သနားစရာကောင်းတဲ့အခြေအနေက ဘယ်လိုလုပ် လွတ်မြောက်မှာလဲ။''

''ဒီလိုဆိုရင် မောင်ရင့်အလိုက သွေးစုပ်မှုကို ရပ်ဆိုင်းပစ်ရမယ်ပေါ့။''

''ဟုတ်ပါတယ်။ ဆင်းရဲသားများရဲ့ ချွေးနဲ့စာအပေါ်မှာမှီပြီး ဝဖြိုးနေကြတဲ့လူကြီးတွေ အိန္ဒိယ မြေပေါ်မှာ အစအနမရှိအောင် ပျောက်သွားမှ ကျွန်တော်တို့ပြဿနာ ပြေလည်ရှင်းလင်းသွားနိုင်မှာပဲ။''

''ဒါကြောင့်မို့ပေါ့ မောင်ရင်။ ဂန္ဓီကြီးက လက်ရက်အထည်တွေ, လက်လုပ်ထန်းလျက်တွေ, လက်ကြိတ်ဆန်တွေ အားလုံးလက်ဖြစ်ပစ္စည်းတွေကိုသာ သုံးစွဲကြဖို့ ဆော်သြတိုက်တွန်းနေတာပေါ့။''

''ဟုတ်ပါတယ်။ ဗိရလာနှင့် ဂျာဂျီတို့ရဲ့ ငွေအားကြေးအားပေါ်မှာမှီပြီး ဆော်သြနေတာပေါ့။ ခါဒီသံဃ လက်ရက်ထည်အသင်းမှာ ငွေ ၁ သိန်း-၂ သိန်း လိုတယ်ဆိုရင် သူဌေးတစ်ယောက်က ထပြီး 'ချက်'ကို ဖြတ်ပေးလိုက်တာပဲ။ 'ဂန္ဓီကြီးရဲ့ရစ်ဘီးတွေ, ရက်ကန်းတွေကြောင့် သူတို့ရဲ့စက်ရုံကြီးတွေ ပိတ်ပစ်ရလိမ့်မယ်။ ပုလဲပုတီးနှင့် ပိုးဆာရီတွေ အိပ်မက်ရုံမက်နေရတော့မယ်။' လို့များ ယုံကြည်ရင်၊ အိုဂျာကြီး သတိပြုစေချင်ပါတယ်။ ဘယ်သူဌေးနှင့် သူဌေးကတော်ကမှ ဂန္ဓီကြီးရဲ့ ဘုရားမီးပူဇော်သောအခါမီးတိုင်ကိုင် လာလုပ်မှာမဟုတ်ဘူး။''

''ဒီလိုဆို မောင်ရင်က ဂန္ဓီဝါဒသမားတွေကို အရင်းရှင်တွေရဲ့ ဒလန်(ဒလာလ်)လို့ ယူဆတယ်ပေါ့။''

''ကျွန်တော်ကတော့ ဒီကိစ္စမှာ နည်းနည်းမှ သံသယမရှိပါဘူး။ အပြစ်တစ်ခုရှိလာရင် အဲဒီအပြစ်ကို ဂန္ဓီကြီးဟာ စေတနာဝန်ထမ်း စရိတ်ကျဉ်းကျဉ်းနှင့် ဟိန္နူစတာန်သူဌေးတွေရဲ့ ခွေးအ အူသလို အသံကဲသွားရောပြီး ဖာထေးပေးခဲ့တယ်။''

သူဌေးတွေမှာ
'တိုင်းပြည်ပိုင်ပစ္စည်း'ဆိုတဲ့
အမှတ်အသား မရှိပါဘူး။
'သူတို့ပိုင်ပစ္စည်း'ဆိုတဲ့
အမှတ်အသားသာ ရှိပါတယ်။
သူတို့တွေကြောင့်
တိုင်းပြည်ကြီး ပြာကျနေရတာဗျာ။
သူတို့လိုချင်နေတာက
အမြတ် ပိုရဖို့ပါပဲ ခင်ဗျာ။

''ဒါဖြင့် မောင် ဂျပန်တွေရောက်လာပြီး ရောက်ရာအရပ်ကစက်ရုံတွေကို မီးရှို့ပြာချပစ်စေချင်တယ်ပေါ့။ အိန္ဒိယသားတွေ ဘယ်လောက် အဆင်းရဲအပင်ပန်းခံပြီး စက်ရုံကြီးတွေ တည်ဆောက်ထားရသလဲ။ အဲဒါကိုများ နည်းနည်းစဉ်းစားကြည့်စမ်းပါဦး မောင်ရင်ရယ်။''

''ကျွန်တော်ကလည်း အဆင်းရဲခံရမှု၊ အပင်ပန်းခံရမှုနှင့်ပတ်သက်ပြီး စဉ်းစားတာပဲ။ ပြီးတော့ 'ဂန္ဓီဝါဒသမားတွေဟာ စက်တွေရှိတာကို တစ်ခဏလေးတောင် သည်းမခံနိုင်ဘူး။'လို့ ပြောနေတာကိုလည်း စဉ်းစားတယ်။ ပြီးတော့ သူဌေးတွေကတော့ သူတို့စက်ရုံတွေ မဖျက်စီးဘဲ ဂျပန်လက်ထဲ ရောက်သွားစေချင်ကြတယ်။ ဂျပန်တွေဟာ အရင်းရှင်ဝါဒကို အကြီးအကျယ်ထောက်ခံခဲ့တဲ့ သူတွေပဲ။ ဂျပန်ရေဒီယိုတွေကို နားထောင်ပြီး သူတို့က 'ဂျပန်အုပ်စိုးတဲ့လက်ထက်မှာလည်း စက်ရုံရှင်တွေဟာ သူတို့ပဲ ဖြစ်မယ်။' ဆိုတာ ယုံကြည်နေကြတယ်။ အဲဒီအကြောင်း ထားပါဦးတော့။ သူတို့ရဲ့စိတ်ထဲမှာ တခြားဘယ်လို အထက်တန်းစားစံနမူနာအတွက် စွန့်လွှတ်မှုများ အယောင်ဆောင်ပေါ်လာကြဦးမလဲ။''

''တိုင်းပြည်က စုထားတဲ့ပစ္စည်းတွေကို စောင့်ရှောက်ချင်စိတ် သူတို့မှာရှိတာပေါ့။''

''အိုဂျာကြီး။ အပိုတွေ မပြောပါနှင့်ဗျာ။ သူဌေးတွေမှာ 'တိုင်းပြည်ပိုင်ပစ္စည်း'ဆိုတဲ့ အမှတ်အသား မရှိပါဘူး။ 'သူတို့ပိုင်ပစ္စည်း'ဆိုတဲ့အမှတ်အသားသာ ရှိပါတယ်။ သူတို့တွေကြောင့် တိုင်းပြည်ကြီး ပြာကျနေရတာဗျာ။ သူတို့လိုချင်နေတာက အမြတ် ပိုရဖို့ပါပဲ ခင်ဗျာ။ အလုပ်သမားတွေ လုပ်ခပိုက်ဆံ ၁ ပဲ တိုးပေးမယ့်အစား သပိတ်သမားတွေကို မော်တော်ကားနှင့် နင်းကြိတ်ပစ်တယ်ဗျာ။ အဲဒီလိုလူတွေအတွက် 'တိုင်းပြည်ပစ္စည်းကို စောင့်ရှောက်တယ်။'ဆိုတဲ့စကား မပြောပါနှင့်ဗျာ။

''သူတို့နှင့် ပတ်သက်လို့ ဝန်ခံသင့် ဝန်ခံရမှာပဲ။ ဒါပေမယ့် ဂန္ဓီကြီးကို 'နို့စို့ကလေးတစ်ယောက်'လို့ မထင်ပါဘူး။ အင်ဒရူးဖရန့်ပုံငွေအတွက် ဂန္ဓီကြီး ငွေ ၅ သိန်းလိုနေတယ်။ ၅ ရက်အတွင်း ဘုံဘိုင်မြို့မှာ သူဌေးတွေက ဂန္ဓီကြီးခြေထောက်ပေါ်မှာ ၇ သိန်း ပုံအပ်ခဲ့တယ်။ သူဌေးတွေအတွက် သူ လုပ်ပေးနေတဲ့ ပုံအတိုင်းဆိုရင် သူအတွက် အင်္ဂလန်, အမေရိကားမှာရှိနေကြတဲ့ သူဌေးတွေ ငွေ ၇ကုဋေအိတ်ကြီး ပို့ပေးနိုင်တာပေါ့ဗျာ။ ဒီဥစ္စာ အင်မတန်ပေါ့ပါးတဲ့ ကုန်ရောင်းကုန်ဝယ်ပဲခင်ဗျာ။''

''တံစိုးထိုးတယ်။-လို့ ဆိုလိုတာပေါ့။''

''သူဌေးတွေဟာ ဘုရားသခင်ကို တစ်စုံတစ်ခုပူဇော်ရာမှာတောင် အဲဒီရည်ရွယ်ချက်နှင့် တင်လှူပူဇော်ကြတာပဲ။ သူတို့အိမ်တံခါးပေါက်တွေမှာ ရေးထားတာ ကြည့်ပါလား။ 'လာဘသုဘ'တဲ့ဗျာ။''

''ဒါထက် မောင်ရင်က ရစ်ဘီးနှင့် ရက်ကန်းကို 'သွေးစုပ်မှုရဲ့ရန်သူ'လို့ မယူဆဘူးလား။''

''ရန်သူ ယူဆဖို့ နေနေသာသာ၊ အဲဒါတွေကို သွေးစုပ်မှုမှာ အကြီးအကျယ်အားပေးနေတာတွေလို့ ကျွန်တော်က ယူဆတယ်။''

''ဒီလိုဆိုရင် မောင်က စက်ရုံကို 'သွေးစုပ်မှုရဲ့ ရန်သူ'လို့ ယူဆမှာပေါ့။''

''ကျွန်တော်က ဘာကြောင့် သူ့ကို 'သွေးစုပ်သမား'လို့ ယူဆရတဲ့အကြောင်းကို နားထောင်ပါဦး။ ကမ္ဘာကြီးဟာ ကျောက်သားလက်နက်တွေကို ထားပစ်ခဲ့ပြီး ရှေ့ဘက်ကိုတိုးလာတာကို ရစ်ဘီး၊ ရက်ကန်းတွေရဲ့ရှေ့ကို အများကြီး ကိုးတက်လာခဲ့ပြီ။ ကျွန်တော် ပဋ္ဌနာမျူဇီယမ်မှာ လွန်ခဲ့တဲ့ အနှစ် ၁၀၀၀ လောက်က ပေရွက်ပေါ်မှာရေးထားတဲ့ ပေစာတွေကို မြင်ဖူးတယ်။ အဲဒီစဉ်အခါတုန်းက သူဌေးမင်းများရဲ့ စာအုပ် စာတမ်း၊ စာချုပ်ပေတည်းတွေနှင့် နလန္ဒတက္ကသိုလ်က ကျောင်းသားတွေရဲ့ စာအုပ်၊ စာတမ်း၊ မှတ်စု စာအုပ်တွေကို အဲဒီပေရွက်ပေါ်မှာ ရေးသားခဲ့ကြရတယ်။

''ဂန္ဓီကြီးက 'ဂု ဘဝ ဆက်ပြီး ပေရွက်ခေတ်ကို ပြန်သွား။'လို့ ဆော်ဩပေမယ့် ကမ္ဘာကြီးဟာ စက္ကူပါးကလေးတွေ၊ မိုနိုတိုက်ပ်တွေ၊ ရိုတရီပုံနှိပ်စက်တွေကို သုံးနေတဲ့ခေတ်က ပေရွက်ခေတ်ကို ပြန်သွားမှာ မဟုတ်တော့ဘူး။ ဒီလို ပြန်မသွားမှလည်း ဂန္ဓီအတွက် ကောင်းမှာပဲ။ အကြောင်းကတော့ အဲဒီခေတ်ပေါ်စက္ကူတွေ၊ ပုံနှိပ်စက်တွေရှိမှ 'ဆဂရာမ်' ဆုတောင်းပွဲသတင်းတွေ ဖြန့်ချိရာမှာ လွယ်ကူမှုရှိနိုင်မှာမို့ပဲ။ ဒါပေမယ့် လူစေ့တက်စေ့ ပညာတတ်ချည်းပဲလို့၊ 'ပညာတတ်'ဆိုတာ ကနေ့အထိ စုဆောင်းဆည်းပူးလို့ရလာခဲ့တဲ့ ဝိဇ္ဇာပညာရပ်နှင့် ပတ်သက်ပါတယ်။ မှတ်ဖို့ရာတော့ မဖြစ်နိုင်ဘူးပေါ့။ ဖက်ဆစ်ဓားပြတွေရဲ့ တင့်ကားတွေ၊ လေယာဉ်ပျံတွေ၊ ရေငုပ်သင်္ဘောတွေ၊ ဓာတ်ငွေ့ဗုံးတွေနှင့် ပြိုင်ဆိုင်ရမယ့် နေရာမှာ၊ ဂန္ဓီကြီးက ကျောက်သားလက်နက်တွေဆီ ပြန်သွားဖို့မျှားပြောခဲ့ရင် အသိဉာဏ် ၁ ရွေးသားလောက်ရှိတဲ့လူတန်းစားကတောင် လက်ခံယုံကြည်နိုင်မှာ မဟုတ်ဘူး။ ဘာကြောင့်လဲ။ အဲဒီ ခေတ်နောက်ပြန်သွားတာဟာ 'မုချ ကိုယ့်ကိုယ်ကို သတ်သေသည်။'မည်မှာမို့ပဲ။''

''ဒါဖြင့် မောင်က 'အဟိံသာ' ဆိုတဲ့ သဘောတရားကြီးကိုတောင် မယုံကြည်ဘူးပေါ့။''

''ဂန္ဓီကြီးရဲ့ အဟိံသာကို ပြောတာလား။ ဘုရား-ဘုရား။ လယ်သမားတွေနှင့် အလုပ်သမားတွေအပေါ်မှာ ကွန်ဂရက်အစိုးရကပစ်လွှတ်တဲ့ ကျည်ဆန်တွေကို ထောက်ခံနေတဲ့အပြင်၊ ဖက်ဆစ်ဓားပြတွေရှေ့မှာ 'လက်နက်မဲ့နေရမယ်။'လို့ပြောနေတဲ့ ဂန္ဓီရဲ့အဟိံသာကို သဘောပေါက်ဖို့ ကျွန်တော့်အတွက်တော့ မဖြစ်နိုင်ဘူးခင်ဗျာ။ ကျွန်တော် ခင်ဗျားမေးထားတဲ့ ပထမအမေးကို အဆုံးသတ်ပေးပါဦးမယ်။ သူဌေးတွေက နားလည်ပြီးသားပါ ခင်ဗျာ။ 'ရစ်ဘီးနှင့် ရက်ကန်းတွေဟာ သူတို့စက်ရုံတွေကို နည်းနည်းကလေးမျှ မထိခိုက်ဘူး။'ဆိုတာ။ ရစ်ဘီးနှင့် ရက်ကန်းတွေဟာ စက်ရုံထွက်ပစ္စည်းတွေထက် ဈေးပေါပေါ အထည်ချောချောတွေ ဈေးထဲမသွင်းနိုင်သရွေ့ အဲဒီရစ်ဘီးနှင့် ရက်ကန်းတွေရဲ့ တည်တံ့မှုဟာ သူဌေးတွေရဲ့ 'ဒါန' အပေါ်မှာ မှီတင်းနေရမှာပဲ။ ရစ်ဘီး၊ ရက်ကန်းဝါဒဟာ သွေးစုပ်မှုရောဂါရဲ့ တကယ့်ဆေးကောင်းဝါးကောင်းဖြစ်တဲ့ ကွန်မြူနစ်ဝါဒလမ်းစဉ်မှာ အကြီးအကျယ် ဝင်ရှုပ်နေတာပဲ။ လူဖျင်းလူညံ့တချို့က သွေးစုပ်မှုကို တားဆီးဖို့အတွက် ကွန်မြူနစ်ဝါဒစက်ရုံတွေကို ပြည်သူပိုင်ဆိုင်မှုထက် ရစ်ဘီး၊ ရက်ကန်းဝါဒက ပိုကောင်းတဲ့ဆေးဝါးလို့ မှတ်ထင်နေကြတယ်။ ကဲ-ထားပါတော့။ အဲဒီရည်ရွယ်ချက်နှင့် ကမ္ဘာကို စက်ရက်အထည်တွေအဝတ်တွေ အဝတ်ခိုင်းနေတဲ့ သူဌေးတွေက ရစ်ဘီးကို ကိုးကွယ်ပူဇော်နေကြတာပဲ။ အဲဒီအကြောင်း ဂန္ဓီ ကောင်းကောင်းသိပါတယ်။''

''ဂန္ဓီကြီးဟာ သူဌေးတွေရဲ့ရည်ရွယ်ချက်မျိုးနှင့် တိုက်နေတာလား။''

''ဂန္ဓီကြီးလုပ်သမျှ ကျွန်တော်တို့ သွေးစုပ်ခံလူတန်းစားတွေအတွက် အန္တရာယ်ကြီးတစ်ခုပါပဲ။ ပြီးတော့ ကျွန်တော်တို့လူမျိုးဟာ အဲဒီအထဲမှာ အများဆုံးသွေးစုပ်ခံရတဲ့ လူမျိုးပါပဲ။ ဦးနောက်ထဲက

ဗော်လဂါနှင့် ဂင်္ဂါမြစ်ကမ်းက
သွေးတွေ ရောယှက်သွားကြပြီ။
ကနေ့ ဝဏ္ဏ(အရောင်)ကို
အကြောင်းပြုပြီး မငြင်းခုံကြတော့ဘူး။
ခင်ဗျားကို ဘယ်ဗြဟ္မဏဓာတ်ကမှ
ထုတ်ပစ်မှာ မဟုတ်တော့ဘူး။
'ဘာသာ ရေး, ဘုရားသခင်, ရှေးရိုးလမ်းစဉ်'ဆိုတဲ့
ကျွန်တော်တို့ရဲ့ အလုံးကြီးကို ခွဲချေပစ်လိုက်ရင်
အားလုံး ပြဿနာတွေ ဖြေရှင်းသွားမှာပဲ။

ကျေးစိတ်ကျွန်စိတ်တွေ အနှံ့ဖြစ်နေတဲ့တိုက်ပွဲမှာ သွေးစုပ်တဲ့လူတွေကို အကြီးအကျယ်ထောက်ခံနေတဲ့ ဂန္ဓီကြီးကို ကျွန်တော်တို့က ပုရောဟိတ်တွေရဲ့ ဆိုင်တွေ၊ ဆိုလိုတာက ဘုရားရှိခိုးကျောင်းတွေထဲ ထည့် ပိတ်ပြီး သော့ခတ်ထားဖို့ ကောင်းတယ်ဗျ။ ဒါပေမယ့် ပြောင်းပြန်ကျနေလိုက်တာ။ ဂန္ဓီကြီးက ကျွန်တော် တို့ဖမ်းဖို့ ဘုရားရှိခိုးကျောင်းတွေ ဖွင့်ချင်နေတယ်။ ရှေးစာအုပ်ဟောင်းကြီးတွေ, သူဌေးတွေ, တစ်ပိုင်းတစ်စ အတိုအထွာ ဆောင်ကြဉ်းမှတ်သားလာတဲ့ 'သူတော်သူမြတ်'ဆိုတဲ့ လူတွေရဲ့ဆုံးမစာတွေကို ကျွန်တော် တို့က မီးရှို့မပစ်ရရင် သော့ ၇ ချောင်းခတ်ပြီး ပိတ်ထားကြမှ ဖြစ်တော့မယ်ဗျ။

''ဒီလိုမဟုတ်ရင် ဂန္ဓီကြီးဟာ အဲဒီစာတွေနှင့် အသံကောင်းဟစ်ပြီး ကျွန်တော်တို့ကို မျက်စိလည် လမ်းမှားအောင် လုပ်ဖို့ ကြိုးစားနေတော့မှာပဲ။ အိန္ဒိယပြည်မှာ ဓာတ်ပြဿနာ၊ အလားတူ (ထမင်းငတ်လို့ သေရတဲ့) မသာပြဿနလည်း မရှိသင့်ဘူး။ ဂန္ဓီကတော့ သူ့ အနာသတ္တိယောဂ (အာသဝေါကင်းဟန်)နှင့် လက်ချာတွေ နင်းပေးနေတာပဲ။ အဲဒီအချက်တွေ အကုန်လုံး ရှိပြီးတဲ့နောက်မှ 'ဟရိဂျန် လွတ်မြောက် ရေး'ဆိုတာ အလိမ်အညာသက်သက်အပြင် ဘာများ ဖြစ်နိုင်သေးသလဲ ခင်ဗျာ။ သူ ဒီလိုလုပ်နေတဲ့အတွက် ဓာတ်မြင့်တွေထဲက ဟရိဂျန်လွတ်မြောက်ရေးဆရာတချို့ အသက်မွေးဝမ်းကျောင်းအလုပ် ရတာပဲ ရှိတယ်။ ဒါပေမယ့် 'လွတ်မြောက်လိမ့်မယ်။'လို့တော့ လူအနှစ်တွေကသာ မျှော်လင့်နိုင်ကြမှာပဲ။''

''ဒါဖြင့် မောင်က ဓာတ်နိမ့်, ဓာတ်မြင့်အကုန်လုံး ပူးပေါင်းရေးကို သဘောမကျဘူးပေါ့။''

''အချိန်ကာလက ကျွန်တော်တို့ကို ပူးပေါင်းပေးခဲ့တာပဲဗျာ။ ဂန္ဓီကြီးချစ်တဲ့ 'ဘာသာရေး, ဘုရား သခင်, ရှေးရိုးလမ်းစဉ်'ဆိုတာတွေက အဲဒီအချက်ကို ကျွန်တော်တို့သိအောင် လုပ်မပေးဘူးခင်ဗျာ။ ကျွန်တော့်ကို ကြည့်ပါ အိုဂျာကြီး။ ကျွန်တော့်အရောင်ဟာ ဂျံရောင်, နှာတံပေါပေါ ချွန်ချွန်။ ခင်ဗျား အရောင်ကျတော့ မည်းမည်း, လုံးဝ နှာခေါင်းပိပြားပြား ဖြစ်နေတယ်။ အဲဒါ ဘယ်လို အဓိပ္ပာယ်ရှိသလဲ။ 'ကျွန်တော့်ကိုယ်ထဲမှာ အရိယသွေး များနေတယ်။ ခင်ဗျားကိုယ်ထဲမှာတော့ ကျွန်တော်တို့ရဲ့ ရှေးလူကြီးများ သွေးတွေ များနေ တယ်။' လို့ အဓိပ္ပာယ်ရှိတာပေါ့ဗျာ။ ခင်ဗျားရဲ့ရှေးလူကြီးတွေဟာ 'ဓာတ်စနစ်'ဆိုတဲ့ သံတိုင်ကြီးတွေ ကာဆီးပြီး သွေးမရောရအောင် ဆောင်ရွက်ခဲ့ကြတယ်။ ဒါပေမယ့် သူတို့လိုလားချက် မပြည့်စုံရှာဘူး။ 'မပြည့်စုံကြောင်း' သက်သေခံအခိုင်အမာကတော့ ကျွန်တော်တို့, ခင်ဗျားတို့ အထင်အရှားပါပဲ။ ဗော်လဂါနှင့် ဂင်္ဂါမြစ်ကမ်းက သွေးတွေ ရောယှက်သွားကြပြီ။ ကနေ့ ဝဏ္ဏ(အရောင်)ကို အကြောင်းပြုပြီး မငြင်းခုံကြတော့ ဘူး။ ခင်ဗျားကို ဘယ်ဗြဟ္မဏဓာတ်ကမှ ထုတ်ပစ်မှာ မဟုတ်တော့ဘူး။ 'ဘာသာရေး, ဘုရားသခင်,

ရှေးရိုးလမ်းစဉ်'ဆိုတဲ့ ကျွန်တော်တို့ရဲ့ အလုံးကြီးကို ခွဲချေပစ်လိုက်ရင် အားလုံးပြဿနာတွေ ဖြေရှင်းသွားမှာပဲ။ အဲဒီ အဖြေကလည်း သွေးစုတ်တွေနှင့် ဂန္ဓိလို သွေးစုပ်တွေကို အားပေးနေတဲ့လူတွေ ရှိနေသေးသမျှ ဘယ်တော့မှ ထွက်လာမှာမဟုတ်ဘူးဗျာ။''

''ကျုပ် မောင်ရင်ရဲ့ တောက်တောက်ခါးခါးစကားတွေ ကြားရတဲ့အတွက် စိတ်မဆိုးမိဘူးမောင်။''

''အိုဂျာကြီးခင်ဗျာ။ ကျွန်တော်ကတော့ အသည်းထဲမှာ မီးလောင်ပြီးမှ ဒီစကားလုံးတွေကို ထုတ်လိုက်တာပါပဲ။ ဒါကြောင့် ကျွန်တော့်စကားက ခင်ဗျားစိတ်ကို ထိခိုက်စေတယ်ဆိုရင် သည်းခံပါခင်ဗျာ။''

''ကျုပ်က အဆိုးအနေနှင့် မယူဆပါဘူး။ ဒါပေမယ့် တကယ်လို့ 'ရစ်ဘီး, ရက်ကန်းလို အိန္ဒိယဖြစ်ပစ္စည်းတွေကို ပြန်လည်ထူထောင်ဖို့ မဖြစ်နိုင်ဘူး။'လို့ မောင် ယူဆရင် နိုင်ငံခြားကလာတဲ့ ကွန်မြူနစ်ဝါဒအတွက်တော့ အိန္ဒိယမြေကို 'သြဇာကောင်းတဲ့မြေ'လို့ ယူဆသလား။''

''သွေးစုပ်သမားတွေက သူတို့သဘောမကျတာဆိုရင် 'နိုင်ငံခြားကလာတာ, မဖြစ်နိုင်တာ'ချည်းပဲ။ သကြားစက်ကြီးတွေကျေးဇူးကြောင့် ကုဋေကုဋ္ဌာပိုင်တဲ့သူဌေးကြီးတွေ ဖြစ်ခဲ့ရတဲ့အတွက် အဲဒီစက်တွေတော့ နိုင်ငံခြားကလာတာ မဟုတ်တော့ဘူး။ အဝတ်အထည်, ဂုန်လျှော်, စက္ကူ, ဆီမင့် (ဘီလပ်မြေ), သံ, ဆိုင်ကယ်, သင်္ဘော, လေယာဉ်ပျံ, မော်တော်ကား, ဖန်ဂူး, ဖန်ခွက်, ဖောင်တိန်ပင်, ဖိနပ်လုပ်တဲ့စက်တွေ, လျှပ်စစ်ဓာတ်အားနှင့် ဖြစ်စေ ရေနွေးငွေ့အားနှင့်ဖြစ်စေ မောင်းတဲ့ ကုဋေကုဋ္ဌာအလုပ်ရုံတွေတော့ နိုင်ငံခြားကလာတာ မဟုတ်တော့ဘူး။ ရေဒီယို, တယ်လီဗီးရှင်း, ဖလင်, တင့်ကား အစရှိတဲ့ပစ္စည်းတွေဟာ သူဌေးတွေရဲ့အိတ်ထဲကို အလုပ်သမားတွေလုပ်စာငွေ ကုဋေကုဋ္ဌာချီပြီး တိုးတိုးတိတ်တိတ် ဝင်လာမစဲဖြစ်နေတာနှင့်အမျှ၊ နိုင်ငံခြားဇာတိဟာလည်း ပျောက်ပျောက်သွားတော့တာပဲ။ သွေးစုပ်တဲ့နေရာမှာ အကူအညီပေးနေတဲ့ စက်ယန္တရားတွေဟာ သွေးစုပ်သမားတွေအတွက် ကိုယ့်နိုင်ငံပစ္စည်းတွေ ဖြစ်ကုန်တော့တာပေါ့ဗျာ။ အမှန်ကတော့ သွေးစုပ်လုပ်ငန်းကြီးကို ဖျက်ဆီးတတ်တဲ့ နည်းဥပါယ် ကွန်မြူနစ်ဝါဒဟာ အမြဲတမ်း 'နိုင်ငံတွင်းပစ္စည်း'ဖြစ်နေမှာပဲဗျာ။ 'ဂုဏ်သရေရှိ တော်တည့်မှန်ကန်မှု'ဆိုတာ ကွန်မြူနစ်ဝါဒကို ခေါ်တာပါပဲ အိုဂျာကြီးခင်ဗျာ။''

''ကွန်မြူနစ်ဝါဒက ဘာသာရေးနှင့် ဆန့်ကျင်တယ် မောင်ရဲ့။ ပြီးတော့ 'အိန္ဒိယပြည်'ဆိုတာကလည်း ဘာသာနှင့်ပတ်သက်ပြီး အသက်အသေခံတဲ့ တိုင်းပြည် ဖြစ်နေတယ်။ အဲဒီအန္တရာယ်ကိုလည်း စဉ်းစားဦးမှပေါ့ မောင်။''

''ခင်ဗျားက 'ကောလိပ်မှာသင်ခဲ့တဲ့ ပညာတွေအကုန်လုံး မေ့ကုန်ပြီ။' ပြောထားတော့ ကျွန်တော် ဘာပြောရမလဲခင်ဗျာ။ 'ဘာသာ'ဆိုတဲ့အသံ ကြားရင် ခင်ဗျားတို့က ခင်ဗျားတို့ရှေ့နားမှာ ရှိတဲ့ ဟိန္ဒူဘာသာတစ်ခုတည်း ကွက်ယူကြတာကိုး ခင်ဗျ။ ဂန္ဓီကြီးဟာ ပူဂျာဂျိသူဌေးကြီးရဲ့ ကျွဲ,နွား ဆည်းကပ်ရေးအဖွဲ့ (ဂေါသေဝါမဏ္ဍာလ) ကို ကောင်းချီးသြဘာ ပေးခဲ့တယ်။ ပြီးတော့ 'အဲဒီ ကျွဲ,နွားကအသားကို ချုန်ထားပြီး ကျွန်တဲ့ နွားကောင်လုံးရှိ ပစ္စည်းတွေ စားပါမယ်။'လို့ ပဋိညာဉ်ခံရတာပဲ။ ကုန်ကုန်ပြောရရင် နွားသေးနှင့် နွားချေးတောင် မကျွန်ပါဘူးဗျာ။ တကယ်လို့ 'နွားသားစားတဲ့လူ'နှင့် 'နွားသားမစားတဲ့လူ'- ၂ ပိုင်းခွဲလိုက်ရင် အိန္ဒိယမှာ နွားသားစားတဲ့လူက တစ်ဝက်ကျော် ပိုများလိမ့်မယ်။ ကျွန်တော်တို့လူမျိုးတွေဟာလည်း နွားသားစားတဲ့လူမျိုးတွေပဲ ခင်ဗျာ။ ဒါတော့ ခင်ဗျားသိပြီး ဖြစ်မှာပေါ့။ အဲဒီအတိုင်းပဲ အိန္ဒိယမှာ လူဦးရေ ၄ ပုံ ၁ ပုံလောက်က မုဆလမာန်။ ၁ ကုဋေလောက်က ခရစ်ယာန်။ ပြီးတော့ ဗုဒ္ဓ ဘာသာဝင်ကလည်း သန်းချီပြီး ရှိနေတယ်။ တကယ်လို့ အဲဒီဘာသာတွေကိုလည်း ခင်ဗျားတို့က ဘာသာတွေပဲလို့ ရေတွက်ရင် ကမ္ဘာမြေကြီးပေါ်မှာ ဘာသာကို တကယ့်တကယ် မလေးစားတဲ့အရပ် ဘယ်မှာ ရှိတော့မှာလဲ။

''ဂန္ဓီကြီးရဲ့မိတ်ဆွေ သွားလေသူ လော့ဒ်အောဝင်းနှင့် လက်ရှိ လော့ဒ်ဟယ်လီဖက်က်ဆ်တို့ဟာ တကယ့် ခရစ်ယာန်သူတော်သူမြတ်ကြီးတွေပေါ့။ ကနေ့အထိ ဘာသာရေးသံပေးပြီး ဘာသာထိ မချိအောင် နာတဲ့ 'အင်္ဂလိပ်တွေကို 'ကွန်မြူနစ်ဝါဒက ဝေးစွာရှောင်ကြဉ်ကြဖို့' အဲဒီသူတော်သူမြတ်ကြီးတွေက ဝါဒ ဖြန့်နေကြတယ် ခင်ဗျာ။ အရစ်, တူရကီ, အီရန်, အာဖဂါနိစတန်မှာရှိတဲ့ မုဆလမာန်တွေဟာ အိန္ဒိယ မှာရှိတဲ့ မုဆလမာန်တွေအောက် ဘာသာအတွက် အသက်အသေခံဝံ့တဲ့သတ္တိ မလျော့ကြပါဘူး။ သိန်းပေါင်း များစွာ အလှအချောမကလေးတွေက သူတို့သဘောအတိုင်း ဖြတ်လှုပ်တဲ့ ဆံပင်တွေကို ကြိုးကျစ်ပြီး ဘုရား ရှိခိုးကျောင်းဆောက်ဖို့ သစ်တွေကိုတောင်ဆွဲခဲ့ကြတဲ့ ဂျပန်ကို 'ဘာသာရေးဘက်က အားပျော့တယ်။' လို့ မဆိုနိုင်ဘူးပေါ့။ သွေးစုပ်သမားအားလုံး ဘာသာထိရင် အကြီးအကျယ် မချိအောင်နာတဲ့လူ ချည်းပါပဲ အိုဂျာကြီး။ 'သွေးစုပ်မှုရဲ့ရန်သူတိုင်း ဘာသာရေးရဲ့ရန်သူ' လို့ ကြွေးကြော်ခြင်း ခံရတာချည်းပဲ။ ကွန်မြူနစ် ဝါဒကို 'နိုင်ငံခြားကလာတဲ့ဝါဒ' လို့ ယူဆပေမယ့်၊ ခရစ်ယာန်ဘာသာ, ဣဆလာမ်လို နိုင်ငံခြားဘာသာ တွေ, မီးရထား, ကြေးနန်း, လေယာဉ်ပျံ, စက်ရုံတွေလို နိုင်ငံခြားပစ္စည်းတွေ ကျွန်တော်တို့မျက်မှောက်မှာပဲ 'တိုင်းရင်းဖြစ်ပစ္စည်း' ဖြစ်လာတာမျိုးလို ကွန်မြူနစ်ဝါဒလည်း တိုင်းရင်းဖြစ်ပစ္စည်းဖြစ်လာမှာပေါ့။ တကယ်ဆိုရင်တော့ ဖြစ်နေပါပြီခင်ဗျာ။''

၂

ပဋ္ဌနာတွင် ညနေချမ်းအချိန် လမ်းလျှောက်ရန် 'လောန်'နှင့် 'ဟော်ဒင်ပါက်'-ဟူ၍ နေရာ ၂ ခု သာ ရှိသည်။ ထိုနေရာ ၂ခုလုံးပင် တစ်စုံတစ်ခု ဆွဲဆောင်နိုင်သောသတ္တိ မရှိလောက်အောင်ပင် မင်္ဂလာ ကင်းမဲ့နေသောအခြေအနေသို့ ဆိုက်ရောက်နေခဲ့ရလေသည်။ သို့သော်လည်း စိတ်ပြေလက်ပျောက် လမ်းလျှောက် လိုသူများ၊ မိတ်ဆွေသင်္ဂဟများနှင့် တွေ့လိုသူများကား အဆိုပါနေရာများသို့ ဆိုက်ရောက်ကြသေး၏။

အမှောင်လွှမ်းလာကြပြီဖြစ်သော်လည်း လုလင် ၃ ဦး စကားမပြတ်နိုင် ဖြစ်နေကြသည်။ သူတို့ ၃ ဦး ဗာန်ကိုင့် (ပဋ္ဌနာ) ရှိ လောန်(မြက်ခင်းပြင်)တွင် ရပ်နေကြသည်။ တစ်ဦးက ပြောနေသည်။

''ရဲဘော်ဆုမေရ်။ ကျွန်တော် ထပ်ပြောနေပါဦးမယ်။ ခင်ဗျား တစ်ကြိမ် ထပ်စဉ်းစားပါဦး။ ခင်ဗျားဟာ ရှေ့ လောသိပ်ကြီးနေတယ်။''

''သေမင်းနှင့် ရင်ဆိုင်တာထက် ပိုပြီး ဘာကိုများ 'ရှေ့လောကြီးတယ်'လို့ ဆိုနိုင်ပါသေးသလဲ။ ပြီးတော့ ကိုရူပ။ ဒီအချက်ကို လေးလေးနက်နက် စဉ်းစားစမ်းပါ။ ကျွန်တော်က အလောဆော်နေတာ မဟုတ်ပါဘူး။ အလောဆော်လို့လည်း မဖြစ်နိုင်ပါဘူး။''

''ကောင်းကင် ပျံရမှာပေါ့မိတ်ဆွေ။ ကျွန်တော်တော့ တိုက်ခေါင်မိုးပေါ် တက်ရပ်ရတာတောင် ကြောက်သေးတယ်ဗျာ။''

''ဆိုင်ကယ်စီးတာတောင် ကြောက်တဲ့လူတွေ အများကြီးပေါ့ဗျ။ ဒါပေမယ့် ခင်ဗျားကျတော့ လက် ၂ ဖက်စလုံး လွတ်ပြီးတော့တောင် အပြေးစီးသေးတာပဲ။''

''ကဲ-ထားပါတော့။ ဒါပေမယ့် အလုပ်သမားမိခင်တစ်ယောက်ရဲ့ သားဖြစ်တဲ့ ဆုမေရ်ဟာ ဒီနယ်ချဲ့ စစ်ပွဲမှာ အသက်စွန့်ဖို့ 'ဘာကြောင့် စိတ်ပါနေတယ်'ဆိုတာကို ကျွန်တော်တော့ နားမလည်ဘူးဗျာ။''

''အကြောင်းကတော့ လုပ်သားမတွေရဲ့သားတွေနှင့် သူတို့ရဲ့ တစ်မျိုးလုံးတစ်ဆွေလုံးရဲ့ အနာဂတ် ဟာ အဲဒီနယ်ချဲ့စစ်ပွဲနှင့် တစ်ဆက်တည်း နှောင်ကြိုးတည်းထားတဲ့ အတွက်ကြောင့်ပဲဗျ။ ပြီးတော့ ဒီ စစ်ပွဲဟာ နယ်ချဲ့ရဲ့ကံကြမ္မာကိုသာ စီရင်ချက်ချမှာ မဟုတ်ဘူး။ သွေးစုပ်တွေရဲ့ကံကြမ္မာကိုလည်း စီရင် ချက် ချမှာပဲဗျ။''

''ဒါဖြင့် ဒီစစ်ပွဲအတွက် 'အပြစ်အရှိဆုံးဟာ အင်္ဂလိပ်အရင်းရှင်တွေပဲ' ဆိုတဲ့အချက်ကို ခင်ဗျား ဝန်ခံရဲလား။''

''ဟုတ်ပါတယ်။ ကျွန်တော် ဝန်ခံပါတယ်။ အင်္ဂလိပ်အရင်းရှင်တွေရဲ့ အကျိုးဆောင်ကိုယ်စားလှယ် တွေဟာ ဗော်လဒွင်နှင့် ချိမ်ဗာလိန်တို့ မဟုတ်လား။ သူတို့တွေပဲ မုဆိုလီနီ, ဟစ်တလာတို့ကို မွေးပြီး ကြီးထွားသန်မာအောင် လုပ်ပေးခဲ့ကြတယ်။ သူတို့ရည်ရွယ်ချက်ဟာ ကွန်မြူနစ်အန္တရာယ်ကနေ သွေးစုပ် သူလူတန်းစား အကာအကွယ်ရဖို့ပါပဲ။ ဒါပေမယ့် ပထမတော့ သူရဲက သူရဲမွေးတဲ့ အောက်လမ်းဆရာ ကိုပဲ စားဖို့ပြင်တယ်။ ဒီတုန်းကတော့ ပွဲကြည့်ရသလိုပါပဲ။ အဲဒီအချိန်အထိ ကျွန်တော်လည်း အကြီး အကျယ် ခြေလှမ်းပြင်ဖို့ ဆုံးဖြတ်ချက် မချခဲ့ပါဘူး။ အခုတော့ သူရဲဟာ အရပ်ထဲကကျွန်တော်တို့ကို 'စားမယ်' လို့ လုပ်နေပြီဗျာ။''

''ကျွန်တော်တို့ကို စားမယ်လို့။ ကျွန်တော့်အတွက်တော့ ရှေးတုန်းကနှင့် ဘာမှ မထူးခြားပါကလားဗျာ။''

''ခင်ဗျားမှာ မထူးခြားတာကတော့ ခင်ဗျားတို့လူတန်းစား, သူဌေးလူတန်းစာက ဖက်ဆစ်တွေ ကြိုးစိုးတဲ့အခါမှာလည်း ပေါင်မုန့်ထောပတ်သုတ်ကလေးဘာလေး မျှော်လင့်ချက် ရှိတယ်ဗျာ။ အဲဒီ စစ်ပွဲကြောင့် တရုတ်, မိတ်ဆွေတို့တော့ ဒိန်ပေါ့ဗျာ။ ဒါပေမယ့် ဆိုဗီယက်ရုရှားသာ ရှုံးသွားရင် သွေး စုပ်ခံ အလုပ်သမား, လယ်သမားတွေ မျှော်လင့်ချက် ဘာတစ်ခုမှ မရှိတော့ဘူး။ ရက်စက်တဲ့ ဟစ်တလာ နှင့် တိုက်ရိုက် အုပ်စိုးတဲ့ခေတ်မှာ လယ်သမား, အလုပ်သမားတွေဟာ ဘယ်လိုမကျေနပ်မှုရှိရှိ ဘာမှမလုပ် နိုင်တော့ဘူးပေါ့ဗျာ။ ဖက်ဆစ်ဝါဒဟာ အလုပ်သမား, လယ်သမားတွေကို ဖိဖိစီးစီးကျွန်လုပ်ဖို့ ကြိုးစား နေတဲ့ ဝါဒဗျ။ ဆိုဗီယက်ရုရှားဟာ ကျွန်တော်တို့အတွက် နိုင်ငံတွေအများကြီးထဲက နိုင်ငံတစ်ခု မဟုတ်ဘူး ဗျ။ စင်စစ်တော့ အဲဒီရုရှားတစ်နိုင်ငံတည်းပဲ ရှိတာပဲ။ ရုရှားနိုင်ငံကိုပဲ 'ကမ္ဘာ့အလုပ်သမား, လယ်သမား တွေရဲ့ မျှော်လင့်အားထားရာ ကိုယ်ပိုင်နိုင်ငံ' လို့ ခေါ်နိုင်တယ်ဗျ။ နှစ်ပေါင်း ၁၅၀ အတွင်း သိန်းပေါင်း, ကုဋေပေါင်းများစွာ လူတွေ အစတေးခံရပြီးတဲ့နောက် လူသားဇာတိအတွက်, အမြဲတမ်း သွေးစုပ်ခံရတဲ့ လူတွေအတွက် ဒီကွန်မြူနစ်ဝါဒ မီးရှူးတန်ဆောင်ဟာ ကမ္ဘာမှာ ထွန်းပြောင်လာခဲ့တယ်။ တစ်ကြိမ် ဒီမီးရှူးတန်ဆောင်ကို 'ငြိမ်းချင်ငြိမ်း' ဆိုပြီး ကြည့်နေစမ်း။ နောက်ထပ် ဘယ်လောက်ကြာအောင် ကမ္ဘာ ကြီးဟာ အမှောင်ထဲ ရောက်သွားမလဲ။ ကျွန်တော်တို့ဟာ ဒီကြောက်မက်ဖွယ်ကောင်းတဲ့ နယ်ချဲ့စစ်ဘေး အန္တရာယ်ကြီးကို ရင်ဆိုင်နေရရက်နှင့်တော့ နှုတ်ပိတ်ရေငုံ ကြည့်မနေနိုင်ဘူးဗျာ။''

''ဟုတ်ပါရဲ့။ ဒါပေမယ့် အိန္ဒိယပြည်မှာ တခြားဆိုရှယ်လစ်တွေ ရှိသေးတာပဲဗျ။ သူတို့လည်း ကမ္ဘာပေါ်က သွေးစုပ်မှုပျောက်သွားအောင် ကြိုးစားနေကြတာပဲ။''

''ဆေဝရာမ်က ဖြန့်လိုက်တဲ့ 'အမှောင်တိုက်ကိုပဲ အလင်းရောင်' လို့ ထင်နေကြတဲ့ ဆိုရှယ်လစ် တွေကိုတော့ ကြောက်ပါဗျာ။ ဒီလိုတော့ ဟစ်တလာလည်း သူ့ကိုယ်သူ 'ဆိုရှယ်လစ်တစ်ဦး' လို့ ပြောတာ ပေါ့ဗျာ။ ဂန္ဓီကြီးရဲ့တပည့်တွေကလည်း ဂန္ဓီကြီးကို 'ဆိုရှယ်လစ်' လို့ ပြောကြတာပဲဗျ။ ဘယ်သူမှ 'ဆိုရှယ်လစ်' ပြောတာနှင့် ဆိုရှယ်လစ်တစ်ယောက် မဖြစ်နိုင်ဘူး။ သိကြမှာပေါ့ဗျာ။ ဟစ်တလာနှင့် တိုက်ဖို့ စစ်နိုင်ရင် အိန္ဒိယပြည်က အရင်းရှင်ဝါဒနှင့် အရင်းရှင်လူတန်းစား ပျက်စီးမသွားတဲ့အပြင် ပိုပြီးတော့ တောင် အင်အား တောင့်တင်းလာဦးမယ်။ ဒါပေမယ့် အလုပ်သမား, လယ်သမားတွေကိုတော့ ဖက်ဆစ်ဘးပြ တွေက အသက်တောင် ရှူခွင့်ပေးမှာ မဟုတ်ဘူး။ ပြီးတော့ ကွန်မြူနစ်တွေရဲ့ အခြေအနေကကော ဘယ်လို ဖြစ်လာမလဲ။ အဲဒါအတွက်ကတော့ အီတလီနှင့် ဂျာမနီမှာ ဖြစ်ပျက်နေတဲ့သမိုင်းကြောင်းကို ကြည့်ပေါ့ ဗျာ။

"ဒီတင် ဘယ်ကဦးမလဲ။ ပြင်သစ်ပြည်တစ်ခုတည်းမှာကို နေ့စဉ်နေ့တိုင်း သေနတ်ကျည်ဆန်နှင့် အသက် ထွက်နေရတဲ့ ကွန်မြူနစ်တွေကို ကြည့်ဦးပေါ့။ ကိုယ့်ဟိုယ်ကို 'မာ့က်ဆ်ဝါဒသမားတစ်ဦး' အမည်ခံပြီး ဒီစစ်ပွဲကြီးထဲကို ရှောင်ထွက်နေချင်တဲ့သူတွေဟာ ကိုယ့်ကိုယ်ကို လိမ်နေတဲ့လူရင်လည်း ဖြစ်ရမယ်ဗျာ။ ဒါမှမဟုတ် သူတစ်ပါးကိုလိမ်နေတဲ့လူ ဖြစ်ရင်လည်း ဖြစ်ရမယ်ဗျာ။ ဟစ်တလာနှင့် တိုကျိတို့ ကြီးစိုးတဲ့ မာ့က်ဆ်ဝါဒသမား ဆိုရှယ်လစ်တွေရဲ့ အသက်တန်ဖိုးဟာ ကျည်ဆန်တစ်ဆန် တန်ဖိုး လောက်ပဲ ရှိတယ်။ အဲဒီအကြောင်း ကျွန်တော်တို့အားလုံး ကောင်းကောင်းကြီး သိကြမှာပေါ့ဗျာ။ ပြီးတော့ ဆိုရှယ်လစ်တစ်ဦးဟာ တကယ်လို့ 'ကြားနေရေးသမား' လို့ ပြောနိုင်ရင်၊ အဲဒီလူဟာ လင်းနို့ခွန်တောင်း ကြွက်၊ ကြွက်ခွန်တောင်း လင်းနို့' လုပ်တဲ့ လင်းနို့ပေါ်လစီအရသာ ပြောနိုင်မယ်ဗျာ။ ဆိုဗီယက်နိုင်ငံတော်ကြီး ပျက်စီးပြီးတဲ့နောက်မှ ဆိုရှယ်ဝါဒအလံ လွှင့်ထူမယ်လို့ အော်ဟစ်ကြွေးကြော်နေတဲ့သူကို ကျွန်တော် တို့က 'အရူး' လို့လည်း ခေါ်ချင်ခေါ်။ ဒါမှမဟုတ် 'လူလိမ် လူညာ' လို့လည်း ခေါ်နိုင်ကြတယ်ဗျ။"

"ဒါဖြင့် ခင်ဗျာ့အလိုအရ ဒီစစ်ပွဲမှာ ဘယ်သူမှ ကြားနေရေးသမား လုပ်မနေနိုင်ဘူးပေါ့။"

"ဦးနှောက် မပျက်သေးတဲ့သူမှန်သမျှ တစ်ဘက်ဘက်ကို ချဉ်းကပ်ရမှာပဲဆိုတာ ကျွန်တော်က လေးလေးနက်နက် ယူဆထားပါတယ်။ 'ဘာဖြစ်လို့လဲ' ဆိုတော့ ဒီစစ်ကြီးရဲ့အကျိုးဆက်ဟာ သွေးခုပ် ဆန့်ကျင်ရေးအင်အားစုတွေကို အစတုံး မျိုးဖြုတ်ပစ်ချင်ပစ်လိမ့်မယ်။ ဒါမှမဟုတ် အဲဒီအင်အားစုတွေကို 'ဘယ်လောက် တိုးတက်အားကောင်းလာအောင် လုပ်မလဲ။' ဆိုရင် မုဆိုလီနီ၊ ဟစ်တလာ၊ တိုကျို၊ ဒါမှမဟုတ် သူတို့ရဲ့ ခမည်းတော်များဖြစ်ကြတဲ့ ဗော်လ်ရှေဗစ်၊ ချိန်ဗာလိန်၊ ဟယ်လီဖက်က်ဆ်တို့အတွက် ကမ္ဘာမှာ နေစရာမရှိအောင်ကို လုပ်လာလိမ့်မယ်။ အိန္ဒိယပြည်မှာ ဆုတာသျှဲကျန္ဒရနှင့် သူ့နောက်လိုက်တွေကတော့ သူတို့နေရာ သူတို့ ရွေးလိုက်ကြပြီ။ ခင်ဗျားက 'ကြားနေရေးသမား' ထင်ထားတဲ့လူတွေလည်း နေရာယူဖို့ အသင့်ဖြစ်ကုန်ကြပြီ။ သူတို့ရဲ့ 'ကြားနေရေးသမား' ဆိုတာ အပေါ်ယံ ဗန်းပြသက်သက်ပါပဲဗျာ။ 'ဘာကြောင့်လဲ' ဆိုတော့ ဖက်ဆစ်တွေ လုပ်ပုံကိုင်ပုံကို သူတို့လည်း မသိတာမှ မဟုတ်ဘဲ။ အသိသားပဲကိုးဗျာ။"

"ဒါထက် ကျွန်တော်တို့ဆီက အင်္ဂလိပ်အုပ်စိုးရေးသမားတွေရဲ့ စိတ်ထားကိုတော့ မြင်နေရပြီ မဟုတ်လား။"

"ခုအချိန်အထိ လွန်ခဲ့တဲ့ အနှစ် ၃၀ တုန်းက အခြေအနေမျိုးမှာ ကိုယ့်ကိုယ်ကိုတားဖို့ ကြိုးဝိုင်းနေတဲ့လူတွေဟာ 'လူအနှစ်တွေ' ပဲဗျ။ ဒါပေမယ့် စစ်ပြီးတဲ့နောက်မှာ ကမ္ဘာကြီးဟာ အဲဒီ ရှေးဟောင်းမြေလွှာ ဆွေးတွေအတွက် 'ဆက်လက် တည်တံ့နေဦးမယ်' လို့များ ခင်ဗျား ထင်သလား။ ကျွန်တော်တို့ သိကြမှာ ပေါ့ဗျာ။ အဲဒီလူတွေဟာ ကျွန်တော်တို့ စစ်ပြင်ဆင်မှုမှာ ခြေလှမ်းတိုင်း လိုက်ပြီး အနှောင့်အယှက်ပေးနေ မှာပဲ။ 'ဘာကြောင့်လဲ' ဆိုတော့ သူတို့တွေက ဘယ်ကိစ္စကိုမဆို အတိတ်ကာလက အမြင်တွေနှင့် ချည်းကြည့်နေကြတယ်ဗျ။"

"ဟုတ်ပါတယ်။ ဒါပေမယ့် မြင်တော့ မြင်မယ်မဟုတ်ပါဘူး။ ဩမ်ဝပ်ပိပြားရေး အစည်းအဝေး တွေမှာသာ တင့်တောင်တင့်တယ်ရှိနိုင်တဲ့ လူတွေကပဲ အခုအချိန်မှာ အမျိုးသားရေးတိုက်ပွဲ ခေါင်းဆောင် ကြီးတွေအဖြစ် ပြည်သူလူထုရှေ့မှောက်မှာ ဟစ်အော် ကြုံးဝါးနေတယ်။ ကျွန်တော်တို့ ဘုရင်ခံ၊ ဘုရင်ခံချုပ် တွေက ပြည်သူပြည်သားတွေကို အသက်စွန့်ဖို့ လမ်းကြောင်းပေးနေကြတယ်။ အဲဒီအချိန်မှာ သူတို့ရဲ့ အသုံးစရိတ်တွေကို သိနေရလို့ ကျွန်တော်တို့ ခေါင်းမူးနေကြရတယ်။ ကျွန်တော်တို့ဆီမှာ အနည်းဆုံး လုပ်ခ တစ်နေ့ ၁ ပဲ။ အဲဒီဂဏန်းနှင့်တွက်ရင် ၁ နှစ်ဝင်ငွေ ၂၅ ကျပ်။ အဲဒီ ဘုရင်ခံ၊ ဘုရင်ခံချုပ်တွေရဲ့ ဝင်ငွေကတော့ ဘယ်လောက်လဲ။

ဘုရင်ခံချုပ် ၂ သိန်း ၅ သောင်းကျပ်
(အလုပ်ကြမ်းသမား ဝင်ငွေ၏အဆ ၁ သောင်း)
ဘင်္ဂလားဘုရင်ခံ ၁ သိန်း ၂ သောင်းကျပ်
(အလုပ်ကြမ်းသမား ဝင်ငွေ၏အဆ ၄၀၀၀)
ယူပီနယ်ဘုရင်ခံ ၁ သိန်း ၂ သောင်းကျပ်
(အလုပ်ကြမ်းသမား ဝင်ငွေ၏အဆ ၄၀၀၀)
ဗီဟာရ်နယ်ဘုရင်ခံ ၁ သိန်းကျပ်
(အလုပ်ကြမ်းသမား ဝင်ငွေ၏အဆ ၄၀၀၀)

''ဒါတောင်ကျွန်သေးတဲ့ ကုန်ကျစရိတ်တွေ မပါသေးဘူး။ တခြား အသုံးစရိတ်တွေကိုပါ တွက်ရင် လမ်းစရိတ်နှင့် ခွင့်လစာတွေ မပါဘဲနှင့်တောင် ဘင်္ဂလားဘုရင်ခံရဲ့ ၁ နှစ်ဝင်ငွေဟာ ၆၀၇၂၀၀ ကျပ် ရှိတယ်။ အလုပ်ကြမ်းသမားတစ်ယောက်ရဲ့ ဝင်ငွေနှင့်စာရင် အဆပေါင်း ၄၂၂၉၀ ဆ ရှိတယ်။ အင်္ဂလန်က အလုပ်သမားတစ်ယောက်ရဲ့ ဝင်ငွေနှင့် နှိုင်းယှဉ်ကြည့်စမ်းပါဦး။ ကျောက်မီးသွေးတွင်းမှာ လုပ်တဲ့ အလုပ်သမားတစ်ယောက် သီတင်းတစ်ပတ်ကို အနည်းဆုံးရတဲ့ ဝင်ငွေဟာ ၈၅ သျှီလင် (၅၆ ကျပ် ၈ ပဲ ကျော်ကျော်)။ တစ်ခါတလေ ၇၈ သျှီလင် (၅၂ကျပ် ကျော်ကျော်) ရတယ်။ လယ်လုပ်သားများလည်း တစ်သီတင်း ၄၅ ကျပ်ကျော်ကျော် ရတယ်။ ဆိုလိုရင်းကတော့ ပေါင် ၂၀၀၊ သို့မဟုတ် ၁၂၀ ပေါင် ၁ နှစ်အတွက် အလုပ်သမားဝင်ငွေ ရှိတယ်။ အမတ်ချုပ်ကြီးတောင် အဲဒီဂဏန်းအရ အလုပ်သမားဝင်ငွေရဲ့ ၃၆ ဆပဲ ပိုရတယ်။ ဆိုဗီယက်နိုင်ငံမှာ အမတ်ချုပ်ကြီးဟာ ၁ နှစ်ကို ရူပီလ် ၁၂၀၀၀ (၁ ရူပီလ်=၇ ပဲ) ရတယ်။ အလုပ်သမားတွေ တင်းကျမ်းဖြစ်နေတာတောင် သူတို့ရတဲ့ လစာဝင်ငွေဟာ အမတ်ချုပ်ကြီးရတဲ့ လစာရဲ့ ၆ ပုံ ၁ ပုံအောက် မလျော့ဘူး။ နှိုင်းယှဉ် ကြည့်စမ်းပါ။

''အိန္ဒိယမှာ ဘင်္ဂလားဘုရင်ခံရဲ့ဝင်ငွေဟာ အလုပ်ကြမ်းသမားရဲ့ ဝင်ငွေအဆပေါင်း ၄၂၂၉၂။

''အင်္ဂလန်မှာ အမတ်ချုပ်ကြီးရဲ့ ဝင်ငွေဟာ အလုပ်ကြမ်းသမားရဲ့ ဝင်ငွေ ၆ ဆ။ အသီးသီး ရှိကြတယ်ဗျာ။''

''သူဌေးတွေရဲ့ ဝင်ငွေနှင့် စာလိုက်ရင်တော့ အသည်းကွဲစရာပဲဗျာ။''

''ဒါကတော့ ဗြောင်လှယ်တာပဲ ဆုမေရ်။''

''အဲဒါကြောင့် ကျွန်တော်က ပြောနေတာပေါ့။ အိန္ဒိယပြည်မှာ လခစားအစေခံ လုပ်နေကြတဲ့ အင်္ဂလိပ်တွေဟာ ကိုယ်ကျိုးစီးပွားလောက်သာ ကြည့်တတ်ပြီး သူရဲဘောကလည်း ကြောင်ပါဘိနှင့်။ အရှည် မမြော်မြင်တတ်ကြဘူးဗျာ။ ကျွန်တော်တို့ အဲဒီအင်္ဂလိပ်တွေဆီက ဘာတစ်ခုမျှ မမျှော်လင့်နိုင်ဘူး။ ကျွန်တော်တို့ဟာ သူတို့အတွက် ဒီစစ်ပွဲကြီးမှာ ပါဝင်ဆင်နွှဲဖို့, အောင်ပွဲဆင်ဖို့ လုပ်နေကြတာ မဟုတ်ပါဘူး။ ဖက်ဆစ်တွေက ချေမှုန်းပစ်ဖို့လုပ်နေတဲ့ ကမ္ဘာ့ ၆ ပုံ ၁ ပုံအတွက် ကျွန်တော်တို့အသက် အသေခံကြရမှာပဲ။ ကျွန်တော်တို့ အနာဂတ်ကမ္ဘာအတွက် အသက်အသေခံသွားကြရမှာပဲ။ အဲဒီအနာဂတ်ကမ္ဘာကျမှ လူသားလွတ်မြောက်ရေးနှင့် ကြွယ်ဝကုံလုံမှုတွေ ရှိနိုင်မှာပဲ။''

ဆမဒ်သည် ယခုအချိန်အထိ စကားမပြောသေး။ ယခုအခါ သူလည်း တစ်စုံတစ်ရာ မေးမြန်းလိုသဖြင့် စကားစလေသည်။

''ရဲဘော်ဆုမေရ်။ ခင်ဗျားနှင့် ကျွန်တော် သဘောချင်း တိုက်ဆိုင်တဲ့အချက်တွေလည်း တော်တော်များတယ်။ သဘောချင်း မတိုက်ဆိုင်တဲ့အချက်တွေလည်း တော်တော်များတယ်။ ဒါပေမယ့် ခင်ဗျား

အယူအဆတွေကို ကျွန်တော် အများကြီးလေးစားပါတယ်။ ခင်ဗျားလည်း ရိပ်မိမှာပါပဲ။ ကျွန်တော့် အထင်ကလည်း ကမ္ဘာအနှံ့ဖြစ်နေတဲ့ တိုက်ပွဲကြီးထဲမှာ ကျွန်တော်တို့တစ်တွေ 'ကြားနေရေး' လုပ်နေလို့ ဖြစ်နိုင်မယ် မဟုတ်ဘူးဗျ။ ဒါပေမယ့် ကိုယ့်လူ။ ခင်ဗျား လူရွေးတာတွေဘာတွေ အကုန်ပြီးလို့ အလုပ်ထဲဝင်ပြီးတဲ့နောက်မှ ကျွန်တော်တို့ကို အသိပေးတော့တာပဲဗျာ။ ခပ်စောစောက ကြိုတင်ပြီး အသိပေးသင့်တယ် မဟုတ်လားဗျာ။''

''စောစော အသိပေးဖို့ပါပဲဗျာ။ လူရွေးပွဲမှာ ကလိမ်ကျနေကြသေးတယ်ဗျ။ ဒါကြောင့် အလုပ်ဝင်၊ ၂၄ နာရီမောင်းပြီးမှ မိတ်ဆွေများကို ကျွန်တော် ပြောရတော့တာပဲ။ အခုတော့ ဘာပဲပြောပြော ကိစ္စ မရှိတော့ပါဘူး။ အကြောင်းကတော့ ကျွန်တော် သန်ဘက်ခါပဲ အမွာလာ လေယာဉ်ပျံအတတ်သင်ကျောင်းကို သွားတော့မှာမို့ပဲ။''

''ဒါထက် မယ်တော်ကြီးကို အသိပေးပြီးပြီလား။''

''အမေ့အတွက်ကတော့ ပဋ္ဌနာနှင့် အမွာလာ မထူးပါဘူး။ 'စစ်ပွဲမှာ သေမင်းပါးစပ်ထဲဝင်ရအောင် သွားမလို့' လို့ ကျွန်တော်က ဖွင့်ပြီး စာမရေးသမျှ ကျွန်တော့်မိခင်ကြီးအဖို့ ဘာမျှ ထူးခြားမှာမဟုတ်ပါဘူး။ ဖွင့်ရေးလိုက်ရင်လည်း အမေ့ကို အကြီးအကျယ်ဒုက္ခပေးလိုက်တာနှင့် အတူတူပါပဲဗျာ။ ကျွန်တော်တော့ ဆုံးဖြတ်ချက် ချထားတာပါပဲ။ အသက်ရှင်နေသရွေ့တော့ စာ ရေးပို့နေမှာပဲ။ အဲဒီလိုဆိုရင် အမေ ကျေနပ်မှာပါပဲ။''

''ကျွန်တော်တော့ ခင်ဗျားရဲ့စွန့်စားမှုကို မကြာမကြာ သတိရနေတော့မှာပဲ။ ဟုတ်လားဗျာ။''

''ဒီမှာ ကိုယ့်လူ ဆမဒ်။ ကျွန်တော်တို့ဟာ လူသားတစ်ယောက် ဖြစ်လာရတဲ့ ဘဝကြွေးကျေအောင် အချိန်မရွေး ဆပ်ဖို့ အဆင်သင့်ရှိရမယ်ဗျ။ ပြီးတော့ စံပြလူသားတစ်ယောက်ဖြစ်ခဲ့ရင် ကျွန်တော်တို့ ဆောင်ရွက်ရမယ့်တာဝန်တွေဟာလည်း ဝိုင်ပြီး တိုးတက်ကျယ်ပြန့်လာရမယ် မဟုတ်ဘူးလားဗျ။''

''ဒါဖြင့် ဒီစစ်ကိုပြောင်းပြီး ပြောင်းပြန်ဖြစ်သွားမယ်လို့ ယုံကြည်နေတာပဲ။''

''နောက်ဆုံးပိတ်တိုက်ပွဲဟာ ပေါ့ပေါ့မဟုတ်ဘူး။ ကမ္ဘာမြောက်ဝိုင်းတစ်ဝိုင်းမှာ အခွင့်ထူးနိုင်ငံ ဖြစ်တဲ့ ဆိုဗီယက်ရုရှားကြီး ရှိနေတာဟာ 'နည်းနည်းနောနောအား မဟုတ်ဘူး။ တကယ်ဆိုတော့ ဒီစစ်ပွဲကြီးနှင့်အတူ ပြောင်းလဲသွားမယ့်အရာဝတ္ထုတွေဟာ မိုးသစ်၊ မြေသစ်၊ ဘဝသစ်တွေ ဖြစ်ရမှာပဲ ကိုယ့်လူ။ ဆိုဗီယက်နိုင်ငံတော်၊ တပ်မီတော်တို့ နေတဲ့ဘက်၊ ကနေ့ တရုတ်၊ အင်္ဂလန်၊ အမေရိကန်ပြည်သူလူထုကြီးက အားလုံးပုံပြီး တိုက်ပွဲဝင်နေကြတဲ့ဘက်။ 'အဲဒီဘက်က နိုင်မယ်။' ဆိုတာကို ကျွန်တော်တော့ နည်းနည်းမှ သံသယ မရှိပါဘူးဗျာ။''

ဆမဒ်နှင့် ရူပကိသို့ရှ်တို့ကား ပါကစ္စတန်ဘက်သို့ အတော်ပင် စိတ်ဝင်စားနေကြလေသည်။ ယနေ့ ရူပက အဆိုပါပြဿနာကို ဆက်ပြန်သည်။

'' 'ဂန္ဓိဝါဒသမားက လွတ်လပ်ရေး ရမယ်။ ဒါမှမဟုတ် ကွန်မြူနစ်က လွတ်လပ်ရေးရမယ်။' - ဆိုတဲ့အချက်မှာ ခင်ဗျားနှင့် ကျွန်တော် အယူအဆကွဲနိုင်တယ်။ ဒါပေမယ့် 'လွတ်လပ်ရေးဟာ အိန္ဒိယအတွက် ဖြစ်ရမယ်။' ဆိုတဲ့ အချက်မှာတော့ သံသယဖြစ်စရာမလိုဘူး မဟုတ်လားဗျာ ဆုမေရ်။''

''အိန္ဒိယ(ဘာရတ်) ဆိုတာဟာလည်း ဟန်အကောင်အထည် မရှိတဲ့ စကားလုံးတစ်လုံးပဲ။ အဲဒီနာမည်ကလေး အကြောင်းပြပြီး မျက်စိလည်စရာတွေ အများကြီး ပေါပေါက်လာနိုင်တယ်။ လွတ်လပ်ရေးဟာ အိန္ဒိယသားများအတွက် ဖြစ်သင့်တယ်။ အဲဒီလွတ်လပ်ရေးမှာ အိန္ဒိယသားတွေဟာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့် ရှိရမယ်။ အဲဒီလို ဖန်တီးတဲ့နေရာမှာ မိုးပေါ်ကျလွတ်လပ်ရေးကို လူကြီးလူကျယ် နည်းနည်းကလေးတင် သတ်မှတ်မထားသင့်ဘူး။''

ရူပ-

''ကဲလေ။ ဘာပဲဖြစ်ဖြစ် လွတ်လပ်ရေးရလို့ အသက်ဝင်လာတဲ့အိန္ဒိယကိုတော့ အပိုင်းပိုင်း ခုတ်ဖြတ်မပစ်သင့်ပေဘူးဗျာ။''

ဆုမေရ်-

''ခင်ဗျားက မျက်စိလည်တဲ့စကားလုံး ထပ်သုံးနေပြန်မှကိုး။ 'အိန္ဒိယကို ပိုင်းဖြတ်ပြီး နေချင်တယ်။ တစ်လုံးတည်း နေချင်တယ်။'-ဆိုတဲ့ကိစ္စဟာ ဆိုင်ရာနယ်မြေပေါ်ကလူတွေမှာ မှီနေတယ်။ မောရိယမင်းဆက်တွေလက်ထက်က ဟိန္ဒူကုသ္ဍအလွန် အာမဒရယာမြစ်ဟာ အိန္ဒိယရဲ့ နယ်စပ်ပဲဗျာ။ ပြီးတော့ ဘာသာစကား ဓလေ့ထုံးစံ သမိုင်းကြောင်းအမြင်နှင့် ကြည့်လိုက်ရင် အဖာဂန်လူမျိုး (ပဋ္ဌာန်) တွေဟာ အိန္ဒိယထဲမှာ ပါဝင်နေတယ်။ အေဒီ ၁၀ ရာစုအထိ ကာဗုလ်ဟာ ဟိန္ဒူပိုင် ဖြစ်ခဲ့တယ်။ အဲဒီလို ဆိုတော့ ဟိန္ဒူစတန်ရဲ့နယ်စစ်ဟာ ဟိန္ဒူကုသ္ဍတောင်ပဲ။ 'မခွဲခြမ်းတဲ့ဟိန္ဒူစတန်'ဆရာတွေ ဟိန္ဒူကုသ္ဍအထိ အရေးဆိုဖို့ မြင်ပြီးကြပြီလား။''

''အဖာဂန်လူမျိုးတွေရဲ့ အလိုဆန္ဒနှင့် မဆန့်ကျင်ဘဲပြောရရင် သိန္ဓုမြစ်အနောက်ဘက်မှာ နေကြတဲ့ နယ်ခြား အဖာဝဂန်(ပဋ္ဌာန်)များ သူတို့အလိုဆန္ဒနှင့် ဆန့်ကျင်ပြီး 'မခွဲခြမ်းတဲ့ဟိန္ဒူစတန်'မှာ ထားလို့ မဖြစ်နိုင်ဘူး။ ပြီးတော့ သိန္ဓု, ပဲကျာပ်, ကသ္မီရ, အရ္ဓေဘဂံလားနယ်များမှာလည်း ဒီအတိုင်းပဲ ဖြစ်ရမှာ မဟုတ်လား။''

ရူပ-

''အဲဒီနယ်တွေကို အိန္ဒိယထဲက 'ခွဲထုတ်ပေးသင့်တယ်'လို့ ဆိုလိုတာပေါ့။''

ဆုမေရ်-

''ဟုတ်ပါတယ်။ သူတို့တွေက ခွဲထုတ်ပေးဖို့ဘက် ချိန်ခွင်လျှာ ထွက်နေတယ်။ ကျွန်တော်တို့ တစ်တွေ ပြည်သူ့စစ်ပွဲ ဆင်နွှဲနေကြတယ်။ အဲဒီပြည်သူ့စစ်ပွဲရဲ့အဓိပ္ပာယ်က ဘယ်နယ်က နယ်သူနယ်သားကိုမဆို သူတို့လိုအင်ဆန္ဒနှင့် ဆန့်ကျင်ပြီး နိုင်ငံရေးအရ ချုပ်ချယ်မှု လုပ်မထားနိုင်ဘူး။ ပါကိစတန်ရဲ့ကံကြမ္မာကို ဟိန္ဒူတွေက ဆုံးဖြတ်ပိုင်ခွင့် မရှိရဘူး။ ပါကိစတန်ရဲ့ကံကြမ္မာကို ဆုံးဖြတ်ချက်ပေးတဲ့သူဟာ မုဆလိမ်လူများစု နယ်ပယ်များမှာရှိတဲ့ လူထုပဲ ဖြစ်ရမယ်။ ကျွန်တော်တို့ဟာ အိန္ဒိယပြည်မှာ ပြည်သူ့အုပ်ချုပ်ရေး မဟုတ်ဘဲ သွေးစုပ်အုပ်ချုပ်ရေး ဆက်လက်ထားရှိချင်သေးရင် 'ပါကစ္စတန်'ဆိုတာ ရှိနေရမှာပဲ။ ဦးနှောက်ပန်း, ကိုယ်ပန်း ခံပြီး အလုပ်လုပ်နေကြရတဲ့ ပြည်သူပြည်သားတွေရဲ့ အုပ်ချုပ်ရေးကို တည်ဆောက်ချင်ရင် အိန္ဒိယဟာ လွတ်လပ်တဲ့ လူမျိုးပေါင်းများစွာပါဝင်တဲ့ တစ်စည်းတစ်လုံးတည်း နယ်ပယ်ကြီးတစ်ခုဖြစ်လာမှာပဲ။ လူမျိုးတစ်မျိုးတည်း မျိုးတူတဲ့အတွက် စကားတစ်မျိုးတည်း, အစားအသောက်တစ်မျိုးတည်း, ထိမ်းမြားလက်ထပ်ခြင်းတစ်မျိုးတည်း ဖြစ်ဖို့အတွက် လိုအပ်ချက်ရှိရင်၊ အဲဒီလိုအပ်ချက်ကို ကွန်မြူနစ်ဝါဒကဒဿ လုပ်ဆောင်ပေးနိုင်တယ်။ အဲဒီလို လုပ်ဆောင်ပေးတဲ့နေရာမှာလည်း စကားအရ လွတ်လပ်တဲ့ လူမျိုးပေါင်း ၈၀ ကျော် ကျွန်တော်တို့ အသိအမှတ် ပြုကြရမှာပဲ။''

''၈၀ ကျော်။ ခင်ဗျားကတော့ ပါကိစတန်ကိုလည်း နတ်ရူးဗုံမြွောက်* ပေးတာပဲ။''

''ဘာသာစကားတွေကို ကျွန်တော်က ဖန်တီးတာမှ မဟုတ်ဘဲဗျာ။ ပြည်သူ့အုပ်ချုပ်ရေးမှာ ဆိုင်ရာသူတို့ရဲ့အဓိဘာသာကိုပဲ သင်ခန်းစာရဲ့ 'ကြားဘာသာ' လုပ်ရမှာပေါ့။ 'အဓိဘာသာ'ဆိုတာကလည်း အဲဒီဘာသာရဲ့သဒ္ဒါနည်းမှာ ကလေးများတောင် မမှားတဲ့ ဘာသာပါပဲ။ ဆိုဗီယက်ပြည်ထောင်စုဟာ လူမျိုးပေါင်း ၇၀ ရှိတဲ့ လူမျိုးစုံနိုင်ငံတော်တစ်ခုပဲ။ အဲဒီဆိုဗီယက်ထက် လူဦးရေ ၂ဆရှိတဲ့ အိန္ဒိယဟာ လူမျိုး ၈၀ရှိတဲ့ လူမျိုးစုံနိုင်ငံတော်တစ်ခုဖြစ်ရင် ဘာများ အံ့စရာလိုသလဲ။''

---

* 'အရူးဘုံမြွောက်'-ဟု

''ဒီလိုဆို ခင်ဗျားက ပါကစ္စတန် ဘက်တော်သားပေါ့။''

''ပါကိစတန်အတွက် မုဆလိမ်လူထုက တောင်းဆိုနေကြသေးသရွေ့ပေါ့ဗျ။ ကနေ့ ဆင်ခြင်တုံရှိတဲ့ မုဆလိမ်ခေါင်းဆောင်တွေကလည်း 'ပါကိစတန်ရဲ့ လိုလားတောင်းဆိုချက်ကို အသိအမှတ် ပြုသင့်တယ်။' လို့ တညီတညွတ်တည်း ယူဆနေကြတယ်။ ကျွန်တော့် သဘော- မုဆလိမ်မဟုတ်တဲ့လူတွေမှာ ဒီတရားဝင်တဲ့ တောင်းဆိုချက်ကို မထီလေးစားလုပ်ဖို့ အခွင့်အရေးတစ်စုံတစ်ရာ မရှိဘူးဗျာ။ မုဆလမာန် လူများစုနယ်က ပြည်သူလူဦးရေ အမြောက်အမြားက အိန္ဒိယထဲက ခွဲထွက်ချင်နေကြတယ်။ မုဆလမာန် လူထုမှာ အဲဒီအခွင့်အရေး ရှိသင့်တာပေါ့ဗျာ။''

၃

အောက်ဘက်တွင် မည်းနက်သောသမုဒ္ဒရာ ရှိသည်။ သမုဒ္ဒရာ၏ ငြိမ်သက်နေသောရေပြင်တွင် ဘယ်နေရာမှာမှ သက်ရှိအမှတ်အသား ရှိဟန်မတူချေ။ ရှေ့ဘက် ဝေးလံစွာသောနေရာတွင် ဖြူဖွေးသော မိုးတိမ်ပြင်ကျယ် နယ်ပယ်ကြီးတစ်ခု ရှိ၏။

အဆိုပါကောင်းကင်၌ ဆုမေရ်ရှေ့တွင်တပ်ထားသော အပြေးချိန်ကိရိယာမှအပ၊ မိမိတို့ ဘယ်မျှ ပြေးနေသည်ကို တိုင်းတာမှတ်သားစရာ ကိရိယာတစ်စုံတစ်ခုမျှ မရှိချေ။ ၁ နာရီ မိုင် ၃၀၀နှုန်းဖြင့် လေယာဉ်ပျံ ပျံသန်းနေသည်။

တစ်ကြိမ်တွင် ဆုမေရ်သည် ခေတ်တစ်ခေတ်ကို စဉ်းစားမိလေသည်။ ထိုခေတ်တွင် လူများသည် သယံဇာတ ကျောက်သားလက်နက်များကိုသာ သူတို့၏ 'အကြီးဆုံးသော ရှာဖွေတွေ့ရှိမှု အားအကောင်းဆုံးလက်နက်'ဟု မှတ်ထင်ခဲ့ကြဖူးလေသည်။ သို့သော် ယနေ့ ထိုလူသားသတ္တဝါသည် မိုးဘုရင် ဖြစ်လာ၏။ လူသားဇာတိ၏ တိုးတက်မှုကား ကြီးမားမြားမြောင်လှပေသည်။ သို့သော် ထိုအချိန်မှာပင် ဆုမေရ်၏ အတွေးသည် လူသားဇာတိ၏ ရန်သူများဖြစ်ကြသော ဖက်ဆစ်များဘက်သို့ ရောက်သွားလေသည်။ ဖက်ဆစ်များကား လူသားဦးနှောက်မှ အံ့ဖွယ်သရဲ ထူးကဲစွာထွက်လာသောပစ္စည်းများကို လူသား၏ခြေထောက်ကို ကျေးစိတ်ကျွန်စိတ် သံခြေနှောင်းများခတ်ရာတွင် အသုံးပြုနေကြလေသည်။ 'ဖက်ဆစ်ဂျပန်များ အိန္ဒိယအနီးမြန်မာပြည်သို့ ရောက်နေကြပြီ။' ဖြစ်ကြောင်း တွေးလိုက်မိသောအခါ ဆုမေရ်တစ်ကိုယ်လုံး တုန်လှုပ်သွားလေသည်။

ထိုအခိုက် ဆုမေရ်မျက်မှောက်တွင် ကဒမ်ကုအန်အရပ်ရှိ အိုးအိမ်များ၊ ထိုအိုးအိမ်များတွင် နေထိုင်ကြသောအမျိုးသမီးများ၊ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာလေသည်။ ထိုအမျိုးသမီးများအနက် တစ်ယောက်သောအမျိုးသမီးကား သူ၏ချစ်သူကလေး ဖြစ်လေသည်။ ဇာတ်နိမ့်မိခင်တစ်ဦး၏ ပညာတော်သော စံပြသမား သားတစ်ယောက်ကို သားအမှတ်, မောင်အမှတ် လက်သင့်ခံရကြသော အမိအရွယ်, နှမအရွယ်, အခြားအမျိုးသမီး အမြောက်အမြားလည်း ရှိသေးသည်။ ဖက်ဆစ်များကို အတိုင်းမသိ ရွံတ်ချခြင်းဖြင့် သူ၏နှလုံးသားမှာ ပူရှိန်၍ လာလေသည်။

ထိုအခိုက် နေတံဆိပ်ပါလာသော လေယာဉ်ပျံ ၃ စင်း ရှေ့တွင် ပျံသန်းသွားသည်ကို ဆုမေရ် မြင်ရလေသည်။ ဆုမေရ်သည် စက်သေနတ်ပစ်သမားအား ဖုန်းနှင့် ပြောလိုက်လေသည်။ ထို့နောက် ၂ မိနစ်အတွင်း ဖက်ဆစ်လေယာဉ်ပျံများအကြားသို့ ရောက်သွားလေသည်။

စကားနှင့်ပြောလျှင် ကြာဦးမည်။ စာနှင့်ရေးလျှင်ကား ပို၍ ကြာဦးမည်။ ဆုမေရ်၏ စက်သေနတ်ပစ်သမား သျှရိဖ် အဘယ်ပုံ စက်သေနတ်ကို 'ထရ ထရ ထရ' လုပ်ပစ်လိုက်သည်။ ဆုမေရ်က သူလေယာဉ်ပျံကို အဘယ်ပုံ ဘေးကင်းသောနေရာသို့ ရောက်အောင် မောင်းလိုက်သည်။ ၁၀ မိနစ်အတွင်းမှာပင်

အဘယ်ပုံ ဖက်ဆစ်လေယာဉ်ပျံ ၃ စင်း အတောင်ပြတ်သော စွန့်ပစ မသုဒ္ဒရာထဲသို့ ကျသွားသည် ကိုကား မသိနိုင်တော့ပေ။

ဆုမေရ်သည် သူ့လက်စွမ်းကို ဤအကြိမ်တွင် ပထမဆုံး ပြခွင့်ရလေသည်။ သို့သော် ဤအောင်မြင်မှုကို အကြောင်းပြု၍ ဆုမေရ် အကျေနပ်ကြီးကျေနပ်လေသည်။

သူသည် လေယာဉ်ပျံကို ပြန်မောင်းလာစဉ် သျှရိဖ်အား ပြောလေသည်။

''ရဲဘော် သျှရိဖ်။ ကျွန်တော်တို့တော့ ကျွန်တော်တို့တန်ဖိုးကို ကာကွယ်စောင့်ရှောက်လိုက်ကြရပြီ။ (ကျွန်တော်တို့ တာဝန်ကျေပြီ)။ ကျွန်တော်တို့အထဲကလူတိုင်း တစ်ယောက်ကို ဖက်ဆစ် ၃ ကောင်စီ အဆုံးသတ် စီရင်သွားကြမယ်ဆိုရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့။''

''ကျွန်တော့်စိတ်ထဲ အခုမှ အတော့်ကို ပေါ့သွားသလို ထင်ရတယ်။ အခုနေ သေရရင် 'အချည်းနှီး သေရခြင်း'လို့ ဆိုစရာ မဖြစ်တော့ဘူးဗျာ။''

''ခုအတောအတွင်း ကျွန်တော်တို့ အသက်ရှင်နေရက်နှင့်အမျှ ဂျပန်တွေကို သတ်သတ်ပြီး တစ်ရက် ထက်တစ်ရက် အမြတ်ထွက်နေကြမှာပဲဗျ။''

ဆုမေရ်သည် ရက်ပေါင်း ၂၀၀ အသက်ရှင်နေစဉ် ဂျပန်လေယာဉ်ပျံ အစင်း ၁၀၀ ဖျက်ဆီးခဲ့လေသည်။

နောက်ဆုံးနေ့တွင် ဘင်္ဂလားပင်လယ်အော်ထဲ၌ ဆုမေရ် တာဝန်ကျလေသည်။ အဏ္ဏမန်ကျွန်း အနောက်ဘက်တွင် ဂျပန်စစ်သင်္ဘောများ သွားလာလျက် ရှိကြ၏။ ဆုမေရ်သည် တန် ၄ သောင်းရှိသော စစ်သင်္ဘောကြီးတစ်စင်းကို မြင်ရလေ၏။ စစ်သင်္ဘောများအနီးအပါးတွင် ကင်းလေယာဉ်ပျံများ ပျံဝဲနေကြသည်။ သို့သော် ဝေးကွာသောမိုးသားထဲမှ ချောင်းကြည့်နေသည့် ဆုမေရ်၏မျက်လုံးများကို ကင်းလေယာဉ်ပျံများက မမြင်ကြပေ။

ဆုမေရ်သည် သူ၏ သေနတ်ပစ်သမားအား 'တိုပီဒို အသင့်ပြင်ထားရန်' အမိန့်ပေးလေသည်။ မိုးသားသည် ထိုနေရာရှိ စစ်သင်္ဘောများအပေါ်သို့တိုင်အောင် ရွှေ့လျားသွားလေသည်။ ဆုမေရ်သည် သူ့လေယာဉ်ပျံကို အားကုန်မောင်းလေသည်။

ရန်သူ့လေယာဉ်ပျံများကား ဘယ်အချိန်တွင် လေယာဉ်ပျံတစ်စင်း စစ်သင်္ဘောပေါ်သို့ ရောက်လာသည်။ ဘယ်အချိန်တွင် အိန္ဒိယလေယာဉ်ပျံမောင်းသမားက တိုပီဒို့နှင့်အတူ သူ့လေယာဉ်ပျံကို သင်္ဘောကြီးပေါ်သို့ ထိုးချလိုက်သည်များကို မသိနိုင်ကြပေ။

ဆုမေရ်နှင့် သူ၏ သေနတ်ပစ်သမားက သိလိုက်ကြတော့မည် မဟုတ်။ သို့သော် သူတို့ ၂ ယောက်ကား စစ်သင်္ဘောကြီးကိုပါ သူတို့နှင့်အတူ ဆောင်ယူသွားကြလေတော့သတည်း။ ။

မြန်မာပြန်သူ - ဆန်းထွန်း(မန်းတက္ကသိုလ်)
- ပါရဂူ
မူရင်းရေးသူ - ရာဟုလာသံကိစ္စည်း

ပေါ်လာရိုမှ ဂင်္ဂါသို့

ဆန်းထွန်း (ဝန်းကဏ္ဍသိုလ်) နှင့် ပါရဂူ

ပြန်ပြင်ပြီး